ညောင်လွန့် အရှင်သောဘိတာစာရ

ညောင်လွန့်

# တရားအဘိဓာန်ချုပ်

ကျေးဇူးရှင်
ညောင်လွန့်တောရ ဆရာတော်၏ တပည့်ရင်း
မမ္ဗာစရိယ
ညောင်လွန့် အရှင်သောဘိတာစာရ
(ဦးရိပ်သာဆရာတော်)
၏

# ညောင်လွန့်
# တရားအဘိဓာန်ချုပ်

●

[ သုတ္တန်, အဘိဓမ္မာ, ဝိပဿနာ တရားမျိုးအဖြာဖြာဖြင့် တရားစာတို့ ဂုဏ်အင်္ဂါ စုံလင်စွာ စံတင်လောက်အောင် ပြုစုထားပါသည်။ ]

★

စာပြင်မှူး - ဦးဘုန်းကျော် (မမ္ဗာစရိယ)


ပညာရောင်ခြည် ပုံနှိပ်တိုက်
ကိုးထပ်ကြီးဘုရားဈေး၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။

၁၃၃၃-ခုနှစ်၊ သီတင်းကျွတ်လ၊ [illegible]

" မှုမိုင် "

ဦးတင်အောင်–ဒေါ်ခင်ရုံ

★



ညောင်လွန့် တရားအဘိဓာန်ချုပ်
ကျွမ်းပြုံ့ ဆရာတော်
ညောင်လွန့် အရှင်သောဘိတာစာရ
(ဦးရိပ်သာ ဆရာတော်)
★ ၁၂၇၅-ခုနှစ် ဖွားမြင်တော်မူသည်။ ★

# ညောင်လွန့်

# တရားအဘိဓာန်ချုပ်

★


- ဘာသာရေးဆိုင်ရာ စာမူပုံနှိပ်ထုတ်ဝေခွင့်အမှတ် (၉၁)
- မျက်နှာဖုံး ခွင့်ပြုချက်အမှတ်(၂၁၂)
- ထုတ်ဝေသူ — မောင်အေးမင်းလွင်(မြ-၀၁၃၂၈)
  အေးညွန့်ဆွေ စာပေတိုက်၊
  အမှတ်-၅၇၊ ၄၄-လမ်း၊ ရန်ကုန်။
- ပုံနှိပ်သူ — ဒေါ်အေးမြိုင်(မြ-၀၂၂၇၆)
  ခေတ်-စာပုံနှိပ်လုပ်ငန်း၊
  အမှတ်-၉၀၊ ကွမ်းရွဲတန်း၊
  ကြည့်မြင်တိုင်၊ ရန်ကုန်။
- မျက်နှာဖုံး — 'ခေတ်'စာပုံနှိပ်လုပ်ငန်း။
- အကြိမ် — ဒုတိယအကြိမ်။
- ထုတ်ဝေသည့်လ — ၁၉၈၁-ခု၊ အောက်တိုဘာလ။
- စာအုပ်ရေ — ၂၀၀၀-အုပ်။
- ရောင်းဈေး — တအုပ် ၂၅-ကျပ်။
- စာအုပ်ချုပ် — မဟောသဓာ၊ ၃၂-လမ်း၊ ရန်ကုန်။
- ဖြန့်ချိရေး — ပညာရောင်ခြည်စာပေဌာန၊
  ကိုးထပ်ကြီးဘုရားဈေး၊
  စမ်းချောင်းစာတိုက်၊ ရန်ကုန်။

●

# မာတိကာ

●

အကြောင်းအရာ　　　　　　　　　　စာမျက်နှာနံပါတ်

## အကြောင်းကိစ္စအားလျော်စွာ ဟောပြောရန် အခန်း

### (က) ဒါနနှင့်စပ်သော တရားတော်များ


| | | |
|---|---|---|
| တရားချီး ဂါထာ | .... | ၁ |
| (၁) ဆွမ်းဒါန တရားတော် | .... | ၃ |
| (၎င်းတွင် သံဃိကဒါနနှင့် ဓမ္မဒါနများပါဝင်သည်) | .... | ၃ |
| ဝိသာခါဝတ္ထု ကောက်နုတ်ချက် | .... | ၈ |
| သိကြားမင်းနှင့် သူဇာဒေဝီတို့ ဆွမ်းအလှူပွဲ | .... | ၁၃ |
| သံဃိက လှူရခြင်းအကျိုး | .... | ၁၇ |
| ဓမ္မဒါနအတွက် | .... | ၁၉ |
| ဗုဒ္ဓပူဇာခေါ် အမျိုးသားတဦး၏ ဆွမ်းအလှူ | .... | ၂၁ |
| (၂) သင်္ကန်းဒါန တရားတော် | .... | ၂၂ |
| မယ်ဥမ္မာ ဝတ္ထု | .... | ၂၅ |
| ပဒေသာပင်ပေါက်တဲ့ နန္ဒရာဇ်မင်း ဝတ္ထု | .... | ၂၆ |
| အဘိဓမ္မာတပ်ရန် | .... | ၃၀ |
| (၃) ကျောင်းဒါန တရားတော်နှင့် တရားချီး | .... | ၃၁ |
| (ယာဉ်ဒါန, ဆီမီးဒါနနှင့်ဝေယျာဝစ္စအကျိုးပါဝင်သည်) | | |
| ဝိသာခါ ကျောင်းအလှူပွဲ | .... | ၄၃ |
| ကျောင်းတကာတဦး ဝတ္ထု | .... | ၄၉ |
| ဆွမ်းစားကျောင်းအမ ရောဟိနီ | .... | ၅၁ |
| အခင်းအရုံ သေယျဒါန | .... | ၅၃ |
| ဝေယျာဝစ္စအကျိုး | .... | ၅၅ |
| (၄) ဆေးဒါန တရားတော် | .... | ၅၆ |
| အရှင်ဗာကုလ ဝတ္ထု | .... | ၅၉ |
| (၅) ကထိန်ဒါန တရားတော် | .... | ၆၃ |
| ကထိန်အကျိုး ဇောတိကသဌေးဝတ္ထု | .... | ၇၈ |
| ဇောတိက ပြာသာဒ်ကိုကြည့်ကြပုံ | .... | ၈၁ |

# မာတိကာ

| အကြောင်းအရာ | | စာမျက်နှာနံပါတ် |
|---|---|---|
| ဇောတိကစည်းစိမ်ကို မည်သူမှ လုမယူနိုင် | .... | ၈၃ |
| တနည်း-ကထိနဒါန တရားတော် | .... | ၈၆ |
| စိတ်ထိန်းမှုတရား | .... | ၉၅ |
| (၆) ဘုရား အနေကဇာတင် တရားတော် | .... | ၁၀၀ |
| မာရ်နတ်အောင်ပွဲ | .... | ၁၀၇ |
| တနည်း-အနေကဇာတင် တရားတော် | .... | ၁၁၆ |
| (၇) ရှင်ပြု,ရဟန်းခံ သာသနဒါယာဒ တရားတော် (သိမ်ဆင်းတရား ပါဝင်သည်) | .... | ၁၂၆ |
| ဧဟိဘိက္ခု အရှင်ယသဝတ္ထု | .... | ၁၃၉ |
| သိမ်ဆင်း ကပ်လှူသူများအတွက် | .... | ၁၄၃ |
| တနည်း-ရဟန်းခံ, ရှင်ပြုတရား | .... | ၁၄၅ |
| တနည်း-ရှင်ပြု, ရဟန်းခံ တရား | .... | ၁၄၉ |
| (၈) အသုဘနှင့်သက်ဆိုင်တဲ့ ဆွမ်းသွတ်တရားတော် | .... | ၁၅၅ |
| (၉) ထိမ်းမြားမင်္ဂလာ၌ဟောရန် မင်္ဂလာတရားတော် | .... | ၁၆၄ |
| (၁၀) ရေဒါန တရားတော် | .... | ၁၇၁ |
| (၁၁) သရဏဂုံနှင့် သီလတရားတော် | .... | ၁၇၂ |
| ငါးပါးသီလမြဲသော အမျိုးသားဝတ္ထု | .... | ၁၇၄ |
| (၁၂) ဆုပေးနှင့် ရေစက်ချများ | .... | ၁၇၅ |
| ဒါနရေစက်ချ မြန်မာလို (ဒါနနှင့်စပ်၍ အလုံးစုံဆက်ဆံသည်၊ ကွင်းအတွင်း၌ ဆိုင်ရာဒါန ထည့်ဆိုရန် ဖြစ်သည်။) | .... | ၁၇၅ |
| အသုဘရေစက်ချ ပါဠိ-အနက် | .... | ၁၇၆ |
| သုသာန်တွင်ရေစက်ချရန် အသုဘ ရေစက်ချ | .... | ၁၇၈ |

## တခမ်းတနား ဟောပြောရန် အခန်း

| | | |
|---|---|---|
| သစ္စာလေးခိုင်-သုံးပွင့်ဆိုင် ဇာတ်ဆန်းယဉ်တရားတော် | .... | ၁၈၁ |
| (က) ရွှေပိုင်းဟောစဉ် ပတ္ထနာ သီသဂါထာ ရစနာ | .... | ၁၈၁ |
| သစ္စာလေးပါးတရား | .... | ၁၈၁ |
| ဆောင်ပုဒ်လင်္ကာ | .... | ၁၈၂ |
| ဒုက္ခသစ္စာ အကျယ် | .... | ၁၈၃ |
| သောက, ပရိဒေဝ, ဥပါယာသ (အထူး) | .... | ၁၈၆ |

| အကြောင်းအရာ | | စာမျက်နှာနံပါတ် |
|---|---|---|
| သမုဒယသစ္စာ အကျယ် | .... | ၁၈၇ |
| တဏှာ့သတ္တိ | .... | ၁၉၀ |
| တဏှာအစွမ်းပြကဗျာ | .... | ၁၉၀ |
| ကွမ်းထမ်းသမားဝတ္ထု | .... | ၁၉၁ |
| မဂ္ဂသစ္စာအကျယ်နှင့်တကွ မဂ္ဂင်ရှစ်ပါး | | |
| ဝိပဿနာအလုပ်များ | .... | ၁၉၂ |
| ဤခေတ်ကြီးအကြောင်း ကဗျာ | .... | ၁၉၆ |
| ဝိပဿနာရှုပုံနှင့် ရုပ်-နာမ်မြင်ပုံ | .... | ၁၉၆ |
| နိရောဓသစ္စာ | .... | ၂၀၀ |
| သစ္စာလေးပါး အကြောင်း-အကျိုးစပ်ပုံ | .... | ၂၀၁ |
| (ခ) နောက်ပိုင်းဟောစဉ်-သုံးပွင့်ဆိုင်ဇာတ်တော်ကြီး | .... | ၂၀၂ |
| သမုဒယ အရင်းခံကြပုံ | .... | ၂၀၃ |
| မယ်ဒုက္ခာရဲ့ ဖြစ်ထွေ | .... | ၂၀၅ |
| ရိုက်ပုတ်၍ နှင်ထုတ်နေပြီ | .... | ၂၀၆ |
| ပယ်ဒုက္ခာ အိမ်ကထွက်ရှာပြီ | .... | ၂၀၇ |
| မယ်ဒုက္ခာ အလွမ်းဘွဲ့ကဗျာ | .... | ၂၀၈ |
| သားယောကျ်ားကလေး ဖွားမြင်ပြီ | .... | ၂၀၉ |
| ခြေဦးတော်ရာ လှည့်သွားရှာပြီ | .... | ၂၁၀ |
| တောမြိုင်ထဲက သမီးလု | .... | ၂၁၃ |
| သုံးပွင့်ဆိုင်သရုပ် ပေါ်လာပြီ | .... | ၂၁၄ |
| သုံးပွင့်ဆိုင်အမှားဇာတ်ဟာ လုံးလုံးပေါ်ပြီ | .... | ၂၁၅ |
| ဒုက္ခဇာတ်သိမ်း၍ အပူငြိမ်းကြပြီ | .... | ၂၁၆ |
| တဏှာကိုအသဲနာ၍ တရားအားထုတ်ကြလေပြီ | .... | ၂၁၆ |
| ဇာတ်သိမ်း ကဗျာ | .... | ၂၂၀ |
| **ပထမနေ့ (က) ရှေ့ပိုင်းဟောစဉ်** | | |
| ခဲယဉ်းစွာလှ ဒုလ္လဘလေးပါး | .... | ၂၂၁ |
| (၁) လူဖြစ်ဖို့ရာ ခဲယဉ်းတယ် | .... | ၂၂၂ |
| **(ခ) နောက်ပိုင်းဟောစဉ်** | | |
| ဒုစရိုက်တရားဆယ်ပါး | .... | ၂၂၆ |
| ဥပရိ အမျိုးသမီး ဝတ္ထု | .... | ၂၂၈ |

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာနံပါတ် |
|---|---|---|
| **ဒုတိယနေ့ (က) ရှေ့ပိုင်း ဟောစဉ်** | | |
| (၂) အသက်ရှည်ဖို့ရာ ခံယဉ်းတယ် | .... | ၂၃၂ |
| **(ခ) နောက်ပိုင်း ဟောစဉ်** | | |
| ပုညကြိယာဝတ္ထု ဆယ်ပါး | .... | ၂၃၅ |
| ဝိသုဒ္ဓါခါအမျိုးသမီး ဝတ္ထု | .... | ၂၃၆ |
| ဝိသုဒ္ဓါခါအမျိုးသမီးဘွဲ့ ဂါထာ | .... | ၂၃၇ |
| **တတိယနေ့ (က) ရှေ့ပိုင်း ဟောစဉ်** | | |
| (၃) တရားနာဖို့ရာ ခံယဉ်းတယ် | .... | ၂၃၀ |
| **(ခ) နောက်ပိုင်း ဟောစဉ်** | | |
| သမထ-ဝိပဿနာ ခွဲပြချက် | .... | ၂၄၁ |
| ခေမာထေရီ ဝတ္ထု | .... | ၂၄၂ |
| ဝေဠုဝန်ဥယျာဉ်ဘွဲ့ ကဗျာများ | .... | ၂၄၂ |
| **စတုတ္ထနေ့ (က) ရှေ့ပိုင်း ဟောစဉ်** | | |
| (၄) ဘုရားဖြစ်ဖို့ရာ ခံယဉ်းတယ် | .... | ၂၄၅ |
| **(ခ) နောက်ပိုင်း ဟောစဉ်** | | |
| ဝိပဿနာကမ္မဋ္ဌာန်းအားထုတ်ပုံ | .... | ၂၉၀ |
| သွားခိုက်ဦရှုပုံ | .... | ၂၅၀ |
| ဝိပဿနာဉာဏ်ပေါ်ပုံ | .... | ၂၅၄ |
| တရားပွဲအစ မေတ္တာပို့ပုံများကို ပြခြင်း | .... | ၂၅၅ |
| တရားတောင်းပုံ | .... | ၂၅၆ |
| တရားပွဲသိမ်း မေတ္တာပို့ | .... | ၂၅၇ |
| ဆုပေးပုံ | .... | ၂၅၇ |
| ရှစ်ပါးသီလပေးပုံ | .... | ၂၅၇ |
| ရေစက်ချရန် (အလုံးစုံ ဆက်ဆံသည်) | .... | ၂၅၉ |
| **ဦးရိပ်သာ ရှစ်ရက် ဟောစဉ်** | | |
| **ပထမနေ့-ရှေ့ပိုင်း** | | |
| ဒေဝပုတ္တ အောင်ခြင်း | .... | ၂၆၀ |
| နောက်ပိုင်း သမထ-ဝိပဿနာ ခွဲပြချက် | .... | ၂၆၃ |
| ရဟန်းနတ်သားဝတ္ထု (ချဲ့ဟောပါ) | .... | ၂၆၃ |

| အကြောင်းအရာ | | စာမျက်နှာနံပါတ် |
|---|---|---|


### ဒုတိယနေ့-ရှေ့ပိုင်း

ဒဘာဠဝက အောင်ခြင်း .... ၂၆၄
နောက်ပိုင်း ပညတ်-ပရမတ် ခွဲပြချက် .... ၂၆၇
ကေသကာရိဝတ္ထု .... ၂၆၇

### တတိယနေ့-ရှေ့ပိုင်း

နာဠာဂိရိအောင်ခြင်း .... ၂၆၈
နောက်ပိုင်းရုပ်-နာမ်နှစ်ပါးနှင့် ခန္ဓာ,အာယတနဓာတ် .... ၂၆၉
သာဓက ပါဠိများ .... ၂၇၀
ဇောတိကဝတ္ထု .... ၂၇၁

### စတုတ္ထနေ့-ရှေ့ပိုင်း

အင်္ဂုလိမာလအောင်ခြင်း .... ၂၇၂
နောက်ပိုင်း မူလကမ္မဋ္ဌာန်းကို အားထုတ်ပုံ .... ၂၇၅

### ပဉ္စမနေ့-ရှေ့ပိုင်း

စိဉ္စမာဏဝိကာ အောင်ခြင်း .... ၂၇၅
နောတ်ပိုင်း ဝေဒနာကမ္မဋ္ဌာန်း အားထုတ်ပုံ .... ၂၇၇
ရဟန်းတပါးဝတ္ထု .... ၂၇၇

### ဆဋ္ဌမနေ့-ရှေ့ပိုင်း

သစ္စက အောင်ခြင်း .... ၂၇၈
နောက်ပိုင်းခြောက်ဒွါရ၌ထင်ရှားသော
ခြောက်အာရုံကို မှတ်ရှုပုံ .... ၂၇၉
ခြောက်ဒွါရ,ခြောက်အာရုံနှင့် မီးငြိမ်းပုံ .... ၂၈၀
နိရောဓသစ္စာပါဠိ .... ၂၈၀
ခြောက်ဒွါရ, ခြောက်အာရုံနှင့် မီးလောင်ပုံ .... ၂၈၀
သမုဒယသစ္စာ ပါဠိ .... ၂၈၁
တက္ကသိုလ်ဘုရင်ဝတ္ထု .... ၂၈၂

### သတ္တမနေ့-ရှေ့ပိုင်း

နန္ဒောပနန္ဒ အောင်ခြင်း .... ၂၈၄
နောက်ပိုင်း သွားခိုက်စသည်တို့၌ အားထုတ်ပုံ .... ၂၈၅
မာတိကာ ဒါယိကာမကြီးဝတ္ထု ... ၂၈၆

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာနံပါတ် |
|---|---|---|
| **အဋ္ဌမနေ့-ရှေ့ပိုင်း** | | |
| ဗကဗြဟ္မာကြီး အောင်ခြင်း | .... | ၂၈၇ |
| နောက်ပိုင်း ဒိဋ္ဌိဝိသုဒ္ဓိစခန်း ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ပုံ | .... | ၂၈၈ |
| ကင်္ခါဝိတရဏဝိသုဒ္ဓိဖြစ်ပုံ | .... | ၂၉၀ |
| ဝိပဿနာအကျိုးမှန် စူဠသောတာပန် | .... | ၂၉၀ |
| ဝိသာခါ ကျောင်းအမ ဝတ္ထု | .... | ၂၉၀ |
| တရားပွဲသိမ်း မေတ္တာပို့ | .... | ၂၉၁ |
| ၁။ နောက်ဆက်တွဲ ကမ္မဋ္ဌာန်းပေးပုံအစဉ် | .... | ၂၉၂ |
| ၂။ ဒုနောက်ဆက်တွဲ သမထ-ဝိပဿနာ ကမ္မဋ္ဌာန်း အားထုတ်နည်း | .... | ၂၉၅ |
| ပုတီးစိပ်၍ စည်းချထားရန် | .... | ၂၉၅ |
| ဝိပဿနာရှုရန် | .... | ၂၉၅ |
| ခန္ဓာငါးပါးနှင့် တဆင့်ပွားယူပုံ | .... | ၂၉၆ |
| ခန္ဓာလမ်းစဉ် လည်ပုံ-ပြတ်ပုံ | .... | ၂၉၆ |
| ဆောင်ပုဒ်များ | .... | ၂၉၆ |
| ဆောင်ပုဒ်များ ရှင်းလင်းချက် | .... | ၂၉၇ |
| ပညာဦးစီးပုံ | .... | ၂၉၉ |
| အသိပညာနှင့်ပြီတာ မဂ္ဂသစ္စာ | .... | ၃၀၀ |
| မှတ်သားရန် ဆောင်ပုဒ်များ | .... | ၃၀၂ |
| အကျယ်ချဲ့ပြီး ဟောပြောချက် | .... | ၃၀၃ |
| သံသရာ လည်,မလည် အကြောင်း | .... | ၃၀၅ |
| ဝဋ်ကို မှီ, မမှီ | .... | ၃၀၅ |
| ဝိဝဋ္ဋနိဿိတကုသိုလ် သံသရာ၌ မလည်ဘူးလား | .... | ၃၀၆ |
| အထွတ်အထိပ်ဆုံး ဝိပဿနာကုသိုလ်ပင် သံသရာ၌ လည်ရသေးပုံ | .... | ၃၀၇ |
| သံသရာဝယ် ခက်တယ်-ခက်တယ် | .... | ၃၀၈ |
| သောတာပန်ပုဂ္ဂိုလ်သော်မှပင် သံသရာ၌လည်ရပုံ | .... | ၃၀၉ |
| ဝိဝဋ္ဋနိဿိတကုသိုလ် မဂ္ဂင်ကံဖြစ်ပုံ | .... | ၃၁၀ |
| ညွှန်ကြားချက် | .... | ၃၁၁ |
| ဒါနဟာ သံသရာရှည်စေသလား | .... | ၃၁၁ |
| ဒါနကန်ခိုး အမျိုးမျိုးကွာခြားပုံ | .... | ၃၁၃ |

| အကြောင်းအရာ | | စာမျက်နှာနံပါတ် |
|---|---|---|
| နည်းနည်းအလှူနှင့် များများအလှူ | .... | ၃၁၃ |
| ဒါန၏ အယုတ်-အလတ်,အမြတ် ခွဲခြားပုံ | .... | ၃၁၄ |
| တိဟိတ်,ဒွိဟိတ်ကုသိုလ်နှင့် ဥက္ကဋ္ဌ-ဩမကအခွဲ | .... | ၃၁၅ |
| အလှူရှင်များ သတိပြုရန် | .... | ၃၁၅ |
| ဝိပဿနာအလုပ်ပြုဆောင်ပုံ ခုနစ်ရက်ဟောစဉ် | .... | ၃၁၆ |
| ခုနစ်ရက်ဟောစဉ်နှင့်လုပ်ငန်းစဉ်အခန်းနှင့်ဆိုင်ရာပါဠိ | .... | ၃၁၆ |
| ဝိပဿနာရှုပုံ | .... | ၃၁၇ |
| ဤရုပ်ကိုယ်၌ နေရာဖြန့်၍ မှတ်ရှုပုံ | .... | ၃၁၈ |
| (၁) မြင်မှု၌ ဝိပဿနာရှုပုံ | .... | ၃၁၉ |
| ပစ္စယပရိဂ္ဂဟဉာဏ်နှင့်ဆိုင်ရာ ပါဠိများ | .... | ၃၁၉ |
| (၂) ကြားမှု၌ ဝိပဿနာရှုပုံ | .... | ၃၁၉ |
| ပစ္စယပရိဂ္ဂဟဉာဏ်နှင့်ဆိုင်ရာ ပါဠိများ | .... | ၃၁၉ |
| (၃) နံမှု၌ ဝိပဿနာရှုပုံ | .... | ၃၂၀ |
| ပစ္စယပရိဂ္ဂဟဉာဏ်နှင့်ဆိုင်ရာ ပါဠိများ | .... | ၃၂၀ |
| (၄) စားမှု၌ ဝိပဿနာရှုပုံ | .... | ၃၂၀ |
| ပစ္စယပရိဂ္ဂဟဉာဏ်နှင့်ဆိုင်ရာ ပါဠိများ | .... | ၃၂၀ |
| (၅) ထိမှု၌ ဝိပဿနာရှုပုံ | .... | ၃၂၁ |
| ပစ္စယပရိဂ္ဂဟဉာဏ်နှင့်ဆိုင်ရာ ပါဠိများ | .... | ၃၂၁ |
| (၆) ကြံမှု၌ ဝိပဿနာရှုပုံ | .... | ၃၂၁ |
| ပစ္စယပရိဂ္ဂဟဉာဏ်နှင့်ဆိုင်ရာ ပါဠိများ | .... | ၃၂၂ |
| အမြင်မှန် ရကြပုံ | .... | ၃၂၂ |
| စာတွေ့နှင့် ကိုယ်တွေ့ | .... | ၃၂၂ |
| ဝိသုဒ္ဓိ ခုနစ်ပါးနှင့် ဉာဏ်စဉ်အခန်း | .... | ၃၂၃ |
| ပစ္စဝေက္ခဏာဉာဏ် | ... | ၃၂၅ |
| ဖလသမာပတ် ဝင်စားပုံ | .... | ၃၂၅ |
| အထက် မဂ်ဖိုလ်များသို့ တက်ကြပုံ | .... | ၃၂၅ |
| အရိယာစစ်တမ်း | .... | ၃၂၅ |
| ယခုအချိန် ရဟန္တာဖြစ်နိုင်သေးပုံ အကောက် | .... | ၃၂၆ |
| သတိပေးချက် | .... | ၃၂၇ |
| နိဂုံးနှင့် ဆုတောင်း | .... | ၃၂၇ |

အကြောင်းအရာ စာမျက်နှာနံပါတ်

## (က) ရှေ့ပိုင်း ဟောရန်

ဘာသာ-သာသနာပြု လမ်းညွှန် .... ၃၂၈
တရားချီး အာသီသ ဂါထာ .... ၃၃၀
ဒါနခန်း .... ၃၃၀
ဗုဒ္ဓရှင်တော်မြတ်ကြီး ပေါ်ပေါက်လာပုံအခန်း .... ၃၃၃
ဓမ္မစကြာတရား ဟောတော်မူခန်း .... ၃၄၀
ဓမ္မစကြာရှင်းတမ်းနှင့် သံဃာရတနာခေါ် သံဃာတော်များ
ပေါ်လာပုံအခန်း .... ၃၄၅
သံဃာအစ အရှင်အညာသိကောဏ္ဍညက .... ၃၄၆
ယနေ့အထိ သာသနာပြုစု ချီးမြှောက်လာကြပုံ .... ၃၄၉
သံဝေဂဖြစ်ရန် ဟောကြားပုံ တရားအခန်း .... ၃၅၀
အဘိဓမ္မာတပ်ပုံအခန်း .... ၃၅၄
ရတနာရှင်းတမ်းတရားနှင့် ချီးကျူးထောက်ခံစာ .... ၃၅၆
တရားချီး အာဏာတောင်း အာသီသ ဂါထာ .... ၃၅၇

### ရတနာအကြောင်း .... ၃၅၈

(၁) ဘုရားရတနာ ရှင်းတမ်း .... ၃၅၉
သက်ဘော်သင်ရှား ဘုရားအကြောင်း .... ၃၅၉
ကိုယ်တော်စား စေတီတော်များအကြောင်း .... ၃၆၁
ဘုရားတုဟု မသုံးနှုန်းသင့်ကြောင်း .... ၃၆၂
စေတီ့ ရုပ်ပွားတော်များကို မပြစ်မှားသင့်ကြောင်း .... ၃၆၆
စေတီ့ ရုပ်ပွားတော်များကို လှူဒါန်းပူဇော်လျှင်
အကျိုးရှိကြောင်း .... ၃၆၈
ပညတ်ဘုရား, ပရမတ်ဘုရားဟု မခွဲသင့်ကြောင်း .... ၃၆၉
တနည်း-ပရမတ်ဘုရားဟု ခေါ်ပုံ .... ၃၇၁
(၂) တရားရတနာရှင်းတမ်း .... ၃၇၃
တရားစစ်-တရားတုဟု မခွဲခြားသင့်ကြောင်း .... ၃၇၃
လောကီ-လောကုတ် ခွဲနိုင်ပုံ .... ၃၇၄
တရားရတနာကို လှူဒါန်းပူဇော်နည်း .... ၃၇၅
(၃) သံဃာရတနာရှင်းတမ်း .... ၃၇၇
သံဃာစစ်-သံဃာတု မခွဲခြားသင့်ကြောင်း .... ၃၇၇
ပုထုဇဉ်သံဃာ သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်ထဲပါဝင်ပုံ.... ၃၇၉

| အကြောင်းအရာ | | စာမျက်နှာနံပါတ် |
|---|---|---|
| ပရမတ္ထသံဃာ-သမ္မုတိသံဃာဟု ခွဲခြားနိုင်ပုံ | .... | ၃၀၀ |
| သံဃာရတနာကို လှူဒါန်းပူဇော်နည်း | .... | ၃၀၀ |
| ရတနတ္တယပူဇာအကျိုး | .... | ၃၀၁ |
| ဗုဒ္ဓဝါဒတရား | .... | ၃၀၁ |
| **ငါးပါးသီလ ပေးခန်း** | | |
| ရတနာသုံးပါး ထင်ရှားစွာ ပေါ်လာပုံ | .... | ၃၀၁ |
| ရတနာသုံးပါး အမြတ်ဆုံးဖြစ်ပုံ | .... | ၃၀၄ |
| လက်အုပ်ချီမိုး ရှိခိုးပုံ | .... | ၃၀၄ |
| ကန်တော့ပုံ | .... | ၃၀၄ |
| ရတနတ္တယပူဇာအကျိုးနှင့် ဆုပေးပုံ | .... | ၃၀၅ |
| သရဏဂုံသုံးပါးနှင့်ငါးပါးသီလ ခံယူဆောက်တည်ပုံ | .... | ၃၀၆ |
| သရဏဂုံသုံးပါး | .... | ၃၀၇ |
| ငါးပါးသီလ | .... | ၃၀၈ |
| ဆုတောင်းပုံ | .... | ၃၀၈ |
| အထိန်းနှင့်တူငြား ဘာသာတရား | .... | ၃၀၉ |
| တိုင်းပြည်အေးချမ်းသာယာနိုင်သောဗုဒ္ဓဝါဒ | | |
| ငါးပါးသီလ | .... | ၃၉၁ |
| ငါးပါးသီလ အကျိုးပြု ကဗျာများ | .... | ၃၉၃ |
| ဒါနခြောက်မျိုးကို ဟောပြောခန်း | .... | ၃၉၅ |
| အာသီသဂါထာ | .... | ၃၉၅ |
| သစ္စာလေးပါးအဆုံးသတ် | .... | ၃၉၁ |
| တရားတော် သုံးမျိုး | .... | ၃၉၉ |
| **သာသနာသုံးရပ် တရားတော်** | | |
| ဦးရွှေတိုးဆွမ်းသွတ် ဝိပဿနာတရားတော် | .... | ၄၀၇ |
| (နာမူ-အသုဘ ဆွမ်းသွတ်တို့၌ ဟောနိုင်သည်) | | |
| အသုဘရေစက်ချ | .... | ၄၂၄ |
| ရုပ်-နာမ်ကိုမြင် ဒိဋ္ဌိစင် တရားတော် | .... | ၄၂၆ |
| **ဝိပဿနာဓာသနာ ခြောက်ရက်သင်တန်း ဟောစဉ်များ** | | |
| တရားချီး အာသီသ ဂါထာ | .... | ၄၄၀ |
| ဝိပဿနာဆိုတာ ဘာလဲ | .... | ၄၄၉ |
| ဝိညာဏ်ခြောက်ပါး | .... | ၄၄၉ |

# မာတိကာ


အကြောင်းအရာ ... စာမျက်နှာနံပါတ်

**(၁) စက္ခုဝိညာဏ် တည-တနာရီ** .... ၄၅၀
မြင်စိတ်ကို ဝိပဿနာရှုပုံ .... ၄၅၁
မြင်စိတ်ကိုရှုလို့ တဏှာမဖြစ်ပဲ ပဋိစ္စသမုပ္ပါဒ်ပြတ်ပုံ .... ၄၅၂
အရှင်နန္ဒကနှင့် ဘိက္ခုနီမငါးရာ ဝတ္ထု .... ၄၅၃
အမေးအဖြေပြု၍ ဟောပုံ .... ၄၅၈
ပဋိစ္စသမုပ္ပါဒ်လည်ပုံ .... ၄၅၉
**(၂) သောတဝိညာဏ် တည-တနာရီ** .... ၄၆၁
ကြားစိတ်ကို ဝိပဿနာရှုပုံ
ပဋိစ္စသမုပ္ပါဒ်လည်ပုံ
**(၃) ဃာနဝိညာဏ် တည-တနာရီ** .... ၄၆၂
နံစိတ်ကို ဝိပဿနာရှုပုံ
ပဋိစ္စသမုပ္ပါဒ်လည်ပုံ
**(၄) ဇိဝှာဝိညာဏ် တည-တနာရီ** .... ၄၆၃
စားစိတ် ဝိပဿနာရှုပုံ
ပဋိစ္စသမုပ္ပါဒ်လည်ပုံ
**(၅) ကာယဝိညာဏ် တည-တနာရီ** .... ၄၆၄
ထိစိတ်ကို ဝိပဿနာရှုပုံ
ပဋိစ္စသမုပ္ပါဒ်လည်ပုံ
**(၆) မနောဝိညာဏ် တည-တနာရီ** .... ၄၆၆
ကြံစိတ်ကို ဝိပဿနာရှုပုံ
ပဋိစ္စသမုပ္ပါဒ်လည်ပုံ
နိဂုံးအုပ်ပြပုံ .... ၄၆၇
ဝီထိပုံနှင့်ပြ၍ ဟောရန် .... ၄၆၇
ဝီထိပုံအတွက် မှတ်ချက် .... ၄၆၈
စက္ခုဝိညာဏဝီထိ .... ၄၆၈
ဝိပဿနာရှုပုံ .... ၄၆၉
မနောဒွါရဝီထိ .... ၄၆၉
စူဠသောတာပန်နယ် .... ၄၇၀
တနည်း-ဝိပဿနာဒေသနာ ခြောက်ရက်သင်တန်းနှင့်
ဆောင်ပုဒ်များ .... ၄၇၀
ခြောက်ရက်လုံးသုံးရမည့် ဆောင်ပုဒ်များ .... ၄၇၂

## မာတိကာ

အကြောင်းအရာ — စာမျက်နှာနံပါတ်

### ပထမ-ည

(၁) ထိဆဲ ဝိပဿနာရှုပုံ တရားတော်
မျက်စိ စသည်နှင့်ဆိုင်ရာ ဝိပဿနာခြောက်မျိုး .... ၄၇၄
ခြောက်ဒွါရနိုင် ဝိဇ္ဇာပိုင် ဆောင်ပုဒ် .... ၄၀၀
ဆုတောင်း .... ၄၀၀
ဓမ္မကထိကတိုင်းနှင့်ဆက်ဆံသော တရားတောင်း
ရှစ်လုံးဘွဲ့ ကဗျာများ .... ၄၀၀
တရားပွဲသိမ်း မေတ္တာပို့ .... ၄၀၁

### တရားတော် ခြောက်မျိုးအခန်း

အောင်တော်မူ ဘုရားပင့် .... ၄၀၁
၆-ဌာနသဘောရပ်ကိုယ့်ဉာဏ်ကပ်တရားတော် ၆ မျိုး.... ၄၀၂
(၁) မျက်စိဌာနအတွက် .... ၄၀၃
နဂို ရုပ်-နာမ်ကို အပိုမသုပ်နဲ့တဲ့
မြင်ဆဲအခိုက် ကိုယ့်ဉာဏ်မကပ်လျှင် .... ၄၀၆
မြင်တာက မီးလောင်ပုံ ဝတ္ထုများ .... ၄၀၀
ဒေါသ မီးလောင်ပုံ
ကြားတာက မီးလောင်ပုံဝတ္ထု .... ၄၉၁
မြင်ဆဲအခိုက် ကိုယ့်ဉာဏ်ကပ်လျှင် .... ၄၉၀
(၂) နားဌာနအတွက် .... ၄၉၂
(၃) နှာခေါင်းဌာနအတွက် .... ၄၉၃
(၄) လျှာဌာနအတွက် .... ၄၉၃
(၅) ကိုယ်ဌာနအတွက် .... ၄၉၄
(၆) စိတ်ဌာနအတွက် .... ၄၉၄

### နိပုဏဓမ္မဒေသနာအခန်း

တရားချီး အာသီသဂါထာ .... ၄၉၅
(၁) ဝိပဿနာအလုပ်ပေးတရားတော် .... ၄၉၆
ဆောင်ပုဒ်များ
(၂) ဝိပဿနာဉာဏ်စဉ်တရားတော် .... ၅၀၁
ဖလသမာပတ် ဝင်စားပုံ
အသက်မပ်ပိုလ်ဘက်ပုံ

## မာတိကာ


| အကြောင်းအရာ | | စာမျက်နှာနံပါတ် |
|---|---|---|
| (၃) အရိယာစစ်တမ်း တရားတော် | .... | ၅၁၂ |
| သောတာပန်အတွက် စစ်ချက် | | |
| သကဒါဂါမ်အတွက် စစ်ချက် | | |
| အနာဂါမ်အတွက် စစ်ချက် | | |
| ရဟန္တာအတွက် စစ်ချက် | | |
| ပရိနိဗ္ဗာန်ဝင်စံရသော ရဟန္တာပုဂ္ဂိုလ် | | |
| ဝေဒယိတသုခမရှိခြင်းသည်ပင် နိဗ္ဗာန်သုခဖြစ်ပုံ | | |
| (၄) သေနေါနီးမှာအားကိုးစရာ တရားတော် | .... | ၅၁၇ |
| (၅) သံသရာခရီးမှာ အားကိုးစရာ တရားတော် | .... | ၅၁၉ |
| (၆) သံသရာနယ်ချဲ့တော်လှန်ရေးတရားတော် | .... | ၅၂၂ |
| သံသရာနယ်ချဲ့သမားတွေ | | |
| သံသရာနယ်ချဲ့ကို တော်လှန်တိုက်ခိုက်ရန်လက်နက် | | |
| ဝိပဿနာရှုပုံ ဆောင်ပုဒ်များ | | |
| အောင်ဆုတောင်းဂါထာ | | |
| (၇) ဤကိုယ်ကြည့်လျှင်သဘောမြင်ကနိဗ္ဗာန်ရ တရားတော် | .... | ၅၂၆ |
| (၈) ခြောက်ဌာနမှဖြစ်ပေါ်လာ ခန္ဓာငါးရပ် အသိကပ် တရားတော် | .... | ၅၃၀ |
| (၉) သတိပဋ္ဌာန်လေးပါး တရားတော် | .... | ၅၃၃ |
| ကာယာနုပဿနာ သတိပဋ္ဌာန်ရှုပုံ | | |
| ဝေဒနာနုပဿနာ သတိပဋ္ဌာန်ရှုပုံ | | |
| စိတ္တာနုပဿနာ သတိပဋ္ဌာန်ရှုပုံ | | |
| ဓမ္မာနုပဿနာ သတိပဋ္ဌာန်ရှုပုံ | | |
| (၁၀) ပဋိစ္စသမုပ္ပါဒ် တရားတော် | .... | ၅၃၇ |
| (၁၁) ပဋိစ္စသမုပ္ပါဒ် စက်လည်ရခြင်းနှင့် ပြတ်ရခြင်း အကြောင်း | .... | ၅၄၆ |
| ပဋိစ္စသမုပ္ပါဒ်အင်္ဂါဆယ့်နှစ်ပါး | | |
| အခြင်းအရာနှစ်ဆယ် | | |
| ဝဋ်သုံးပါး | | |
| ဝဋ်၏ အမြစ်နှစ်ပါး | | |
| အကြောင်းနှင့် အကျိုး | | |
| ပဋိစ္စသမုပ္ပါဒ် စက်လည်ရခြင်းအကြောင်း | | |

| အကြောင်းအရာ | | စာမျက်နှာနံပါတ် |
|---|---|---|
| (၁၂) ပဋိစ္စသမုပ္ပါဒ် စက်ပြတ်ရေးသို့ ချိတက်ရန် တရားတော် | .... | ၅၅၄ |
| **ရှေ့ပိုင်းဟော သုတ္တန္တဒေသနာအခန်း** | .... | ၅၆၀ |
| တရားချီး အာသီသကို ပြဆိုချက် | | |
| (၁) သာမန်ကုသိုလ်နှင့် ပါရမီကုသိုလ်တရားတော် | ... | ၅၆၀ |
| သာမန်ကုသိုလ်အတွက် | | |
| ပါရမီကုသိုလ်အတွက် | | |
| ညွှန်ကြားချက် | | |
| (၅) ကံကပ္ပပြင် အကျိုးထင် တရားတော် | .... | ၅၆၈ |
| သဘော်သူကြီးကတော်ဝတ္ထု | | |
| (၆) ခု-ချမ်းသာရေးနှင့် နောင်-ချမ်းသာရေး | | |
| ဗုဒ္ဓညွှန်ကြားချက်ကို ခံယူခြင်း | | |
| ခု-ချမ်းသာရေး ကြွေးကြော်သံ | | |
| **နောက်ပိုင်းဟော ဝိပဿနာ ဒေသနာအခန်း** | .... | ၅၇၅ |
| တရားချီး အာသီသ ဂါထာ | | |
| ရှုဆင်ခြင်လျှင်-ရုပ်-နာမ်မြင် တရားတော် | .... | ၅၇၆ |
| (၁) ရှုဆင်ခြင်လျှင်-ရုပ်-နာမ်မြင် တရားတော် | .... | ၅၇၆ |
| (၂) ရှုဆင်ခြင်သော်-ကြောင်းကျိုးပေါ် | .... | ၅၇၈ |
| (၃) ရှုဆင်ခြင်လျှင်-အနိစ္စမြင် တရားတော် | .... | ၅၇၉ |
| (၄) ရှုဆင်ခြင်ရာ-ဃနကွာ တရားတော် | .... | ၅၈၁ |
| (၅) ရှုဆင်ခြင်လျက်-ဉာဏ်စဉ်တက် တရားတော် | .... | ၅၈၃ |
| (၆) ရှုဆင်ခြင်လျှင်-နိဗ္ဗာန်မြင် တရားတော် | .... | ၅၈၅ |
| မဟာနိဂုံးကို ပြဆိုခြင်း | — | ၅၈၇ |

# နိဒါန်း

●

နမော ဓမ္မ ဒေသကဿ သမ္မာသမ္ဗုဒ္ဓဿ။

ဦ　　နယ-က္ကသုကာရိတံ၊
ရိပ်　　မုစ္စကံ သုခာရေန္တံ။
သာ　　ရိကေ-ဝံ ယထိ-စ္ဆံ-ဒံ၊
ပြု　　ဒ္ဓါရဏံ ရစီတိ-မံ။

(ဝဏ္ဏ ဂါထာ)

ဦ-အို.... "ဓမ္မကထိက" ခေါ် ပုဂ္ဂိုလ်ကျော်အပေါင်းတို့နှင့်တကွ ရဟန်း, ရှင်, လူ နိုင်ငံသူ-နိုင်ငံသား အပေါင်းတို့။ (ဦ-ကို သက္ကဋ ဘာသာ၌ "အာလုပ်အနက်" ဟု ဖွင့်ပြထားသည်။ သက္ကဋဟူသည် အနောက်နိုင်ငံ ဣန္ဒိယတိုင်းတို့၌ အသုံးထွက်အားဖြင့် 'စန်စကရိဋ်' ခေါ် ဘင်္ဂါလီဘာသာ, နာဂရိဘာသာတို့နှင့် ရေးသားထားသော ကျမ်းများကို ဆိုလိုသည်။)

ဝေံ၊ ဤဆိုအပ်လတ္တံ့သည့်အတိုင်း။ (မဇ္ဈာ၊ ညောင်လွန့်သောဘိတ နာမ သမုတ် အကျွန်ုပ်သည်။) ရစိတံ၊ အဆန်းတကြယ် ချယ်လှယ်မွမ်းမံ၍ ရေးသား စီရင်အပ်ပေထသော။ နယ-က္ကသုကာရိတံ-နယက္ကသုကာရိတံ၊ ဟောပြောပုံ နည်း အဖြာဖြာတို့ဖြင့် တန်ဆာဆင်၍ ကောင်းမွန်စွာပြုပြင်အပ်ပေထသော။ ရိပ်မုဥ္စကံ-ရိ ပမုစ္စကံ၊ တရားဟောပြောနည်းကိုမသိတဲ့ မောဟတည်းဟူသော ရန်သူကြီးမှ လွှတ်ကင်းစေနိုင်ထသော။ သာရိကံ၊ မွမ်းမံထားတဲ့ တရားအနှစ် တို့ဖြင့်လည်း ပြည့်စုံလှပေထသော။ ယထိစ္ဆံဒံ၊ အကြင်အကြင် အလိုရှိအပ်သော တရားမျိုးစုံ ဟူသမျှကိုလည်းပေးစွမ်းနိုင်သသော။ ပြုဒ္ဓါရဏံ-ပဥဒ္ဓါရဏံ၊ အထူးထူးအပြားပြား အသက်ဘန်းစားဖြစ်ဘဲ့ တကဲ့နိုင်ငံကျော် ဓမ္မကထိက ပုဂ္ဂိုလ်ကြီး အဖြစ်ကိုလည်း ဆောင်စွမ်းနိုင်သသော။ ဣမံဂန္ထံ၊ "နိပုဏဓမ္မဒေသာ" ခေါ် ဤ "ညောင်လွန် တရားအဘိခံချုပ်ကျမ်း" ကို။ (သာဓဝေါ၊ ဓမ္မကထိကခေါ် ပုဂ္ဂိုလ်ကျော် တို့နှင့်တကွ ရဟန်း, ရှင်, လူ နိုင်ငံသူ-နိုင်ငံသားအပေါင်း သူတော်ကောင်းတို့ သည်။) သုခာရေန္တံ-သုခာရေန္တု၊ ကိုယ်စီကိုယ်ငအားဖြင့် ကောင်းမွန်စွာဆောင် ထားနိုင်ကြပါစေသတည်း။

## တရားဟောပုံများ ပေါ်ပေါက်လာပုံ

တရားဟောပုံများ ပေါ်ပေါက်လာပုံကို ဤ စာရေးသူ မှတ်သားမိသလောက်ပြဆိုရသော် မောင်းထောင်သာသနာပိုင် ဆရာတော်လက်ထက်မတိုင်မီတုန်းက ဘရားဟောပုံ (တရားစာ)များ မပေါ်ပေါက်ခဲ့သေးပေ။ မောင်းထောင်သာသနာပိုင်ဆရာတော်လက်ထက်ကစ၍ "ယပ်ထောင်တရား"ဟု ပေါ်ပေါက်လာလေသည်။ တရားဟောပုဂ္ဂိုလ်ရှေ့က ယပ်ကြီးကိုထောင်ထားပြီးလျှင် တရားဟောပုဂ္ဂိုလ်က အသံမှန်မှန်ဖြင့် စာရွတ်သလိုရွတ်ဆိုပြီး ဟောသွားသော တရား ဖြစ်လေသည်။

ထို့နောက် မင်းတုန်း မင်းတရားကြီးလက်ထက် ရောက်လာသောအခါ "ယပ်လှဲတရား"ဟု ပေါ်ပေါက်လာပြန်သည်။ ယပ်ကြီးကို ရှေ့ကမထောင်တော့ပဲ အသံနေအသံထားနှင့် ဖွဲ့နွဲ၍ ဟောပြောလေ့ရှိကြသည်။

ယခုအခါ "ယပ်ထောင်တရား" ဟောပုံမှာ ကွယ်ပျောက် သလောက် ဖြစ်နေပြီ။ "ယပ်လှဲတရား"ဟောပုံကိုကား အများအပြားပင် ဟောပြောလျက် ရှိကြသေးသည်။ သို့သော် ရှေးကလောက်တော့ ခေတ်မစားတော့ချေ။

ထို့နောက် နိုင်ငံကျော် လယ်တီဆရာတော် လက်ထက်မှာ "အဘိဓမ္မာတရား"ဟု ပေါ်လာပြန်၏။ ထို့အပြင် ဂန္ဓာရုံဆရာတော်၊ မိုးညှင်းဆရာတော်၊ မင်းကွန်းဆရာတော်တို့က "ကမ္မဋ္ဌာန်းတရား – ဝိပဿနာတရား"ဟု ဇဟာကြားတော်မူကြပြန်လေသည်။ ယခုအခါ ဝိပဿနာတရား ခေတ်စားလျက်ရှိနေသည်။

### စကားပြော တရား

သုတ်တရား, အဘိဓမ္မာတရား, ကမ္မဋ္ဌာန်းတရား, ဩဝါဒတရားများကို စာချပုဂ္ဂိုလ်များ စာအဓိပ္ပါယ် ရှင်းလင်း ပြောပြသလို "စကားပြော တရား" အားဖြင့် သံနေသံထား အထူးမလုပ်ပဲ အသံမှန်ဖြင့်ပင် အကြောင်းတိုက်ဆိုင်ရာ ဖြစ်သော သာဓကပါဠိနှင့် အနက်များကို လိုရင်းမျှ ထုတ်နုတ် ရွတ်ဆို၍ရင်း၊ သာဓကဝတ္ထုများကိုလည်း လိုရင်းမျှထည့်သွင်း၍ရင်း၊တချို့နေရာ၌ ဆောင်ပုဒ်များကိုထည့်သွင်း၍ရင်း လူပြိန်းများပင် နားလည်အောင် ရှင်းရှင်းလင်းလင်း ဟောပြောပုံ ပြသပုံများကိုကား ကျေးဇူးရှင် ညောင်လွန့်တောရ ဆရာတော်၊ မဟာစည်ဆရာတော်တို့ ဟောပြောလေ့ရှိတော်မူကြသည်၊

ဤစာရေးသူလည်း ထိုကျေးဇူးရှင် ဆရာတော်ဘုရားတို့၏ ဟောပြောပုံနည်းများကိုရရှိသည်အားလျော်စွာဤ "နိပုဏဓမ္မဒေသာ" ခေါ် "ညောင်လွန့်တရားပေါင်းချုပ်ကျမ်း"ကို ရေးသားစီရင်ရာ၌ ထိုကျေးဇူးရှင်ဆရာတော်ဘုရားတို့၏ ဟောပြောပုံ-ဟောပြောနည်းများကို နည်းယူ၍ "စကားပြော တရား" အားဖြင့် ရေးသား စီရင်ထားခြင်း ဖြစ်ပါသည်။

## နိဒါန်း (ဝ)

## ရေးသားပုံ အစီအစဉ်

ဤကျမ်းကို ရေးသားရာ၌....

(က) အကြောင်းကိစ္စအားလျော်စွာ ဟောပြောရန် အခန်း၊

(ခ) တခမ်းတနား(တရားပွဲကျင်းပ၍)ဟောပြောရန် အခန်း
ဟူ၍ ခွဲခြား၍ ရေးသားထားပါသည်။

အကြောင်းကိစ္စအားလျော်စွာ ဟောပြောရန်အခန်း၌....

(၁) ဒါနနှင့်စပ်သော တရားအမျိုးမျိုး၊

(၂) သရဏဂုံနှင့် သီလတရားတော်များ၊

(၃) ဆုပေးနှင့် ရေစက်ချများ-
အားဖြင့် အခန်းငယ်များစွာ ပါဝင်လေသည်။

တခမ်းတနား(တရားပွဲကျင်းပ၍)ဟောပြောရန်အခန်း၌လည်း....

(၁) သစ္စာလေးခိုင် သုံးပွင့်ဆိုင် ဇာတ်ဆန်းယဉ်တရားတော်၊

(၂) ဦးရိပ်သာ လေးရက်ဟောစဉ် တရားတော်များ၊

(၃) ဦးရိပ်သာ ရှစ်ရက်ဟောစဉ် တရားတော်များ၊

(၄) ခန္ဓာ့လမ်းစဉ် လည်ပုံ, ပြတ်ပုံ တရားတော်များ-
စသည်အားဖြင့် အခန်းငယ်များစွာ ပါဝင်လေသည်။

ရေးသားပုံမှာလည်း ကျမ်းရေးပုံ ရေးနည်းမျိုးအားဖြင့် ကျမ်း သွား ရေးသားခြင်းမျိုးမဟုတ်ပဲ စကားပြောသည့်အတိုင်း အရပ်သုံးစကားဖြင့်သာ အများအပြား ရေးသားထားပါသည်။

ဤကျမ်းစာသည် ဓမ္မကထိကပုဂ္ဂိုလ်များနှင့် နိုင်ငံသူ-နိုင်ငံသား ရဟန်းရှင်-လူ အပေါင်းတို့အား အထူးအားဖြင့် ကျေးဇူးများပါစေသတည်း။

ညောင်လွန့် အရှင်သောဘိတာစာရ
(ဦးရိပ်သာ ဆရာတော်)

# ညောင်လွန့် တရားအဘိဓာန်ချုပ်

## ကျွန်ုပ် အမြင်

●

ကျမ်းပြု **အရှင်သောဘိတာစာရ**။ ။သူကား သာသန စာပေစင်တွင် ထင်ပေါ်သော ကျမ်းပြုတပါး ဖြစ်ပေသည်။ ဝိပဿနာ ဓမ္မကထိက ဖြစ်သော်လည်း ဆရာနည်းကျ လက်ထပ်ရ၍ ဟောပြတတ်ရုံမျှ ဉာဏပြန့်ကွန့် ဆန့်လွန့်တတ်သော ဓမ္မကထိကမျိုးသာ မဟုတ်ပေ။

စံကျောင်း ဝါကျသွားနည်း, ပခုက္ကူဝါကျသွားနည်းအသီးသီးတို့၌၎င်း, သဒ္ဒါရေးရာ အဖြာဖြာတို့၌၎င်း ကျွမ်းကျင်လိမ္မာ အချိန်အဝါမြင့်သော ပုဂ္ဂိုလ်တဦးဖြစ်ပေသည်။

တချိန်က ဝါကျသွားနည်း စည်းမျဉ်း တကျ ပိဋ္ဋကကျမ်း စာများ၌ သွားလာတတ်ရေး မေတ္တာဓာတ်ရှေ့ပြေးဖြင့် ကျမ်းသေးတစောင် ပြုစုခဲ့သည်၊ စံကျောင်းဝါကျသွားနည်းကို အဓိကထား၍ ပြဆိုခဲ့ရာ စာသင်သားများ၊စာချဆရာတော်များ အားထားနှစ်သက် စုံမက်မြတ်နိုးခံခဲ့ရလေသည်။ ထို့ပြင် မျက်မှောက်တွင် ရောက်လာသော ယောဂီတို့အား သဘောမနသီအလိုက် နှစ်ခြိုက်အောင်ဟောပြ ခုနစ်ရက်စ, ရှစ်ရက်စ လက်တွေ့လုပ်နည်းပါသော တရားတော်အချုပ် စာအုပ်ငယ်တွေကား မြောက်မြားစွာ ရှိခဲ့ပေသည်။ ဦးရိပ်သာ ဆရာတော်အနေနဲ့ မြန်မာပြည်တဝှန်းမှာ ပြန့်ပြန့်ကျယ်ကျယ် ဒေသနာပန်းချီ ခြယ်ခဲ့ဘူး၍ ယောဂီနယ်ပယ်မှာ ဦးရိပ်သာ ဆရာတော်ဆိုရင် မသိသူမရှိသလောက် ဖြစ်ပေသည်။ သူ၏အဟောအပြောတွင်မဟုတ်၊အရေးအသားကိုလည်း အများက လက်ခံနေကြပေသည်။

ကျွန်ုပ်သည် ဤညောင်လွန့် တရား အဘိ ဓာန် ချုပ်တွင် တာဝန်တရပ်အနေဖြင့် အထွေထွေကိစ္စမှာ ကျနအောင်ကြည့်ရှု စီစဉ်ပေးရသည်ဖြစ်ရာ သူ၏လက်ပွေ့တရားကွက် ပြင်ဆင်ပုံမှာ ပေါ်လွင်ထင်ရှား၍ လူပြိန်းများပင် သိနားလည်နိုင်ပေသည်။

ဤ တရားအဘိဓာန်ချုပ် တအုပ်လုံးတွင် ဝိပဿနာကျင့်ထုံးကျင့်နည်းမှာ သူ့ပရိသတ်နှင့်သူ, သူ့မူနှင့် သူ့အယူအဆ ဘယ်ကျမ်းက ဘယ်လို-ဘယ် ဆရာ အဆိုက ဘယ်သို့နှင့် ဆင့်ပွိုကိုက်ဘိ၍ မတိုက်ညီရပါပေ။

**ထူးခြားချက်ကား** – ကထိန်တရား၊ ဤတရား၌ကား-အခြားဟောကြားချက်များနှင့် ခြားနားလျက် ရှိသည်ကို တွေ့ရပေသည်။ ဗုဒ္ဓစာပေလောက၌ အရေးကြီးသော အချက်တခုဖြစ်ရာ ရဟန်းတော်များအတွက် စာပေနှင့်ဖက်၍ ဟောကွက်ကို သတိပြုသင့်ပေသည်။

ဤသို့ပြောသည်ကား ဝါဒပိုင်းအရ အယူအဆမတူမျှကြသည်ကိုနားနှင့်ဆတ်ဆတ် ကြားနေရသောကြောင့် ဖြစ်ပေသည်။ဝိနည်းဒေသနာအရ ဟောပြသောအရာဖြစ်၍ တင်းမှုလျော့မှုနှင့်ဗုဒ္ဓဦးတည်မှုကိုရှေ့ရှုကာ စာပေနှင့်ရှာဖွေ၍ ကိုက်ညှိရပေမည်။ သာသနာရှိနေသရွေ့ ကထိန်ကိစ္စရှိနေပေဦးမည်။ဤကျမ်းပြုဆရာ၏ တင်ပြမှုသည် လေးနက်၏၊ ပိုင်နိုင်၏၊ အယူအဆများကို အကိုးသာကေများဖြင့် ဖော်ပြထား၏။

ဤနေရာ၌ကျွန်ုပ်ကြည့်ရှုရသည်မှာ ကထိန်အဆုံးအဖြတ်တခုကိုမှတ်သားရသကဲ့သို့ ဖြစ်ပေသည်။ဤအဆုံးအဖြတ်မျိုးကို တညီတည်းဆုံးဖြတ်သော ဆရာတော်သုံးပါး တွေ့ရပေသည်။ ဤကျမ်း၌ ဤတရားသည်ကား ထူးခြားမှုတခုဖြစ်ပေသည်။ အခြားတရားတွေကား အများနှင့်သက်ဆိုင်သည်ဖြစ်၍ ကျင့်ထုံးကျင့်စဉ်ကို သိလို၍ ဖြစ်စေ၊ ဟောစဉ်တရပ် အနေဖြင့် ဟောလိုသည် ဖြစ်စေ လေ့လာကြည့်ရှုရန် အထူးသင့်လျော်ပေသည်။

စာပေစင်သို့တင်ပြလာသော ဦးရိပ်သာဆရာတော်၏ ညောင်လွန့်တရားအဘိဓာန်ချုပ်သည် တိုစိတိုစိနှင့် လိုရင်းကို ထိထိမိမိဟောလိုသော ပုဂ္ဂိုလ်များ တရားပြဆရာမရှိပဲ ကျင့်ထုံးကျင့်နည်း အသီးသီးကို သိလိုသောသူများ ဖတ်ရှုသင့်သော စာအုပ်ကောင်းတခု ဖြစ်သည်ဟု မြင်မိပေသည်။

မှန်ပေသည်၊ ယခုခေတ်မှာ အင်းနှင့် အိုင်နှင့် ကျင်းခတ်လျက် ဝတ္ထုကြောင်း သာဓကတို့ဖြင့် ကျယ်ကျယ် ဝန်းဝန်း အလွမ်းရော, အဆွေးရော, အသောရော,အပြောကြော ရှည်မျှောသောတရားမျိုးကို ပရိသတ်က လက်မခံလိုတော့ပေ၊ လက်ခံလိုသော စိတ်ဓာတ်ရှိသော ပရိသတ် အနည်းငယ် မှာလည်း တကယ်အချိန်မရသောခေတ် ဖြစ်ပေသည်။ ဝတ်ရေး,စားရေးဖြင့် ခန္ဓာကိုယ်ကို အနားမပေးနိုင်ပဲ တအားပြေး ရှာဖွေနေကြရသည်၊ တယောက်ရှာဖြင့် တအိမ်ထောင်မှာ မလောက်တာ အမှန်ဖြစ်ပေသည်။

သို့ဖြစ်၍ အိမ်ထောင်ဦးစီးများသည် ပညာရေးထက် ဝမ်းရေးကို ရှေ့တန်းတင်၍ ပညာသင် ဆယ်နှစ်, ဆယ့်တနှစ်အရွယ် ကလေးငယ်များကိုပင် ဈေးဘမ်းခေါင်းတင်၍ ရပ်စဉ်ကိုလှည့်ပတ် ရောင်းချစေရလေသည်။

## ကျန်ုပ်အမြင်

ဤကဲ့သို့သော ဖြစ်ရပ်မျိုးဖြင့် ကြုံတိုးနေရသောမိသားစုသည် ကြေးရေတတ် မိသားစုထက် ပိုမိုများပြားသည်ကို မျက်မြင်ဖြစ်၍ အထူး ချဲ့ထွင်လျက် ပြောနေစရာ မလိုချေ၊ တရားနာပရိသတ်ကို ကြည့်ရှုပြန်လျှင်လည်း မည်သည့် ပရိသတ်အလွှာကများသည်ကို ဓမ္မကထိကအရှင်ကလည်း သိပေသည်၊တရားနာပရိသတ်အချင်းချင်းလည်းသိနေသည်၊ထို့ကြောင့်အများတတွေကတရားရှည်ကို လက်မခံနိုင်တော့၊ တိုစိ-တိုစိကိုသာ အလိုရှိလာကြသည်။ သို့အလျောက်လည်း တိုစိပေါင်းချုပ်စာအုပ်များ တွင်ကျယ်ခေတ်စား၍ သစ်ထွားလာပေသည်။

ခေတ်သမိုင်းတွင် တဆစ်တပိုင်းဝင်လာသော တိုစိ-တိုစိအပိုမရှိလိုရင်းကို သိရုံမျှ-မိရုံပြ တရားပေါင်းချုပ်များ မြူးကွန့်၍ လူးလွန့်လာရာတွင် စာပေသမားစာရေးဆရာများ၏ လက်စွမ်းလက်စ, ဉာဏ်စွမ်းဉာဏ်စအားဖြင့် အရေးအသားကွာခြားသည်ကို တွေ့မြင်ရပေသည်၊ သို့တစေ သူ့ပရိသတ်နှင့်သူ့မို့ ကြည်ဖြူစွာ လက်ခံလျက် လက်ကျန်မရှိအောင် တွင်ကျယ်နေသည်ကိုလည်း တွေ့ရပေသည်။

အရိုးကို အရွက်မဖုံးနိုင် ဆိုသကဲ့သို့ တကယ့် ပင်ကိုယ်ဉာဏ်ရှင် ပုဂ္ဂိုလ်တို့မှာကား - အရေးအသားတွင်၎င်း၊ တရားအိမ်ဖွဲ့ ချဲ့ထွင်ရာတွင်၎င်း၊ အခိပ္ပါယ်ကောက်ယူပုံတွင်၎င်း ထူးခြားကွဲလွဲမှုကလေးများရှိသည်ကို တွေ့ရပေသည်။

တိုစိ-တိုစိ အပိုမရှိသောတရားပေါင်းချုပ်များ တအုပ်မှနှစ်အုပ်, သုံးအုပ် ဆက်ထုတ် ပေါ်လာရာတွင် စာပေပါသနာရှင်များ ခေတ်အမြင်ဖြင့် သင့်လျှော်သော အသုံးအနှုန်း ရှိ,မရှိ၊ တရားလုံး သရုပ်ဖော်မှာ ပေါ်ပြူလာ ဖြစ်, မဖြစ် စိစစ်ဝေဖန်လျက် အခြေခံသုံးသပ်ပြီး ဆုံးဖြတ်တော်မူနိုင်စေတမ့်....။

ဦးထွန်းသိန်း (ဓမ္မာစရိယ)

# ညောင်လွန့်တရားအဘိဓာန်ချုပ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁။ အကြောင်းကိစ္စအားလျော်စွာ ဟောပြောရန် အခန်း

### (က) ဒါနနှင့်စပ်သော တရားတော်များ

### တရားချီး ဂါထာ

အာဏာရဟော ဒယာဉာဏော၊ ဝေနေယျာနံ ဝိနာယကော။
ပဏောတု ဟဒယေ အာဏံ၊ အညာဏဋ္ဌံ ဝိနာသယံ။

ဒယာဉာဏော၊ သတ္တဝါနိုဝ်ဝ္စာ မတုသာအောင်ကရုဏာဓာတ် ဉာဏ်တော်မြတ်လည်းရှိတော်မူပေထသော။ အာဏာရဟော၊ မတိမ်းမစောင်းကောင်းထက်ကောင်းသည့် ငြိမ့်ညောင်းသာလှင် အာဏာရှင်လည်း ဖြစ်တော်မူပေထသော။ ဝေနေယျာနံ၊ အာဏာတော်ရှင် ဘုရားရှင်မှသွန်သင်ထိုက်စွာ ဝေနေယျာတို့၏။ ဝိနာယကော၊ ရှေ့သွားခေါင်းဆောင် အခေါင်ထွတ်ထား ရှင်တော်မြတ်ဘုရားသည်။ (မမစ၊ အရှင်ဟောထား တရားများကို ဟောကြားမည်ဟု စိတ်ကရည်သည့် ဘုရားတပည့်တော်၏ရင်း။ သာဓုနုဋ္ဌ၊ ညီညာဖြဖြ ရောက်လာကြညောင်း တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့၏ရင်း)။ ဟဒယေ၊ ဘုရားအာရုံကောင်းစွာထုံလျက် တလုံလဲလဲမှိုဝဲစွဲသုံး စိတ်နှလုံး၌။ အညာဏဋ္ဌံ၊ မသိမိုက်မှောင်သိဟန်ဆောင်၍ ဉာဏ်ရောင်ကင်းလျက် ချွတ်ယွင်းချက်ကိုလည်း။ ဝိနာသယံ-ဝိနာသယန္တော၊ အာဏာတော်နှင့် လျော်ကန်သင့်အောင် နိုင်းချင့်လွယ်ကူပယ်ဖျောက်တော်မူလျက်။ အာဏံ၊ ကရုဏာဉာဏ် အရင်းခံ၍ အမှန်ငြိမ့်ညောင်းအမိန့်ကောင်းကို။ ပဏေတု၊ အမြဲကပ်ချဉ်း မပြတ်သွင်း၍ အပ်နှင်းတော်မူပါ အာဏာတော်ရှင် မဟာကရုဏာသခင် အရှင်မြတ်ကြီးဘုရား။

ခေတ် -၁၊ (ဒုတိယအကြိမ်)

အဲ-ယခုရွတ်ဆိုဟောပြောလိုက်တဲ့ဂါထာကိုတရားချီးဂါထာလို့မှတ်ကြရမယ်။ အဲဒီ ဂါထာရဲ့ အဓိပ္ပါယ်ကတော့ မဟာကရုဏာသခင် အာဏာရှင်ဖြစ်တော်မူသော မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသည် တပည့်တော်နှင့်တကွ တရားနာပရိသတ်တို့အား အမိန့်အာဏာများကို ပေးသနားတော်မူပါ ဘုရား၊ အရှင်ဘုရား၏ အမိန့်အာဏာတော်အတိုင်း လိုက်နာ တည်နေပါမယ်ဘုရားလို့ ဆိုလိုရင်းဖြစ်ပေတယ်။

ဒါ့ကြောင့်- ယခုအလှူရှင်ဖြစ်ကြတဲ့သူများလဲ အာဏာတော်ရှင်ဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ အမိန့်အာဏာတော်အတိုင်း လိုက်နာတည်နေကြပြီး သကာလ....

''အနုတ္တရံ ပုညက္ခေတ္တံ လောကဿ''သာသနာတော် သံဃာတော်အရှင်မြတ်တို့သည်ကား အတုမရှိမြတ်တော်မူသည်ဖြစ်၍ ဒါနစသောကုသိုလ်မျိုးစေ့များ စိုက်ပျိုးရာ လယ်မြေကောင်းသဖွယ်ဖြစ်ပေတယ်လို့ အသင့်အားဖြင့် နှလုံးသွင်းကြပြီးလျှင် သာသနာတော်-သံဃာတော် အရှင်မြတ်များတည်းဟူသော လယ်မြေကောင်းများဝယ် ဒါနတည်းဟူသော မျိုးစေ့ ကောင်းများကို စိုက်ပျိုးကြပေတယ်။

အဲသလို ဒါန အလုပ်များကို ကြိုးစား ပြုလုပ်ကြခြင်းသည်လည်း ရှေးသူတော်ကောင်းတို့၏ လုပ်ငန်းကြီး တရပ်ပင် ဖြစ်ပေတယ်။ ဒါကြောင့် ရှေးသူတော်ကောင်းတို့သည်ဒါနစသောပါရမီများကိုဖြည့်ကျင့်ကြပြီးသကာလ ကျွတ်တမ်းဝင်သွားကြပေတယ်။ အဲသလို ရှေးသူတော်ကောင်းတို့လုပ်ငန်းကြီး ဖြစ်တဲ့ ဒါနအလုပ်များကိုလည်း ကြိုးစားပြုလုပ်ကြပါလို့ တိုက်တွန်းလိုက်ပါတယ်။

ဒါကြောင့် ကျမ်းပြုအကျော် ဆရာတော်ကြီးတပါး ရေးသားတော်မူသည်မှာ....

ဒါနအစွမ်း၊ လက်ရုံးတန်းဖို၊ ဆုံးခန်းရောက်ဖွယ်၊ ဤကျမ်းငယ်က၊ အဘယ်ထုတ်ချောက်၊ ရေးသားလောက်လိမ့်၊ နိုင်းထောက်ကြံချယ်၊ ဉာဏ်မမယ်တို့၊ စိတ်ဝယ်ဝိုးဝါး၊ မထင်မှားနှင့်-တဲ့။

အဲဒါကြောင့် ဉာဏ်မမယ်တဲ့လူတသွယ်တို့က ဒါနဟာသံသရာရှည်တယ်လို့ အထင်မမှားကြနဲ့၊ ဒါနကိုမပစ်ပယ်ကြနဲ့တဲ့၊ သံသရာအရှည်-အတိုဝယ် ဒါနကို ရိုးမယ်မဖွဲ့ရဘူးတဲ့၊ ဒါနကိုပြုတဲ့အခါ လူ့နတ်ချမ်းသာကို လိုချင်တဲ့တဏှာဇောကသာ သံသရာကြောမှာ မျောစေတတ်သောကြောင့် ''လူတွင်မ၍-နွားကျားကိုက်''ဆိုတာမျိုးလို မှတ်ကြရမယ်။ ဒါကြောင့်-

နိုင်းထောက်ကြံချယ်၊ ဉာဏ်မမယ်တို့၊ စိတ်ဝယ်ဝိုးဝါး၊ မထင်မှားနှင့်၊ ဘုရားဆူဆူ၊ ဒါနကူမှ၊ သုံးလူသင်းကျစ်၊ ကေန်ဖြစ်၍၊ အသစ်တရား၊ ဟောဖော်ထားလျက်၊ အများဝေနေ၊ ကျွတ်လွတ်စေ၏-တဲ့။

ဒါနကူမှ ဘုရား အဆူဆူပွင့်၍ တရားများကို ဟော ကြား ရတယ်တဲ့၊ ဒါကြောင့် ဒါနကို ကြိုးစားပြုလုပ်ကြ။

အမှန်တရား၊ ဟောဖော်ထားလျက်၊ အများဝေနေ၊ ကျွတ်လွတ်စေ၏၊ ထွေထွေမြားမြောင်၊ ဒါနဆောင်သော်၊ ပြောင်တလက်လက်၊အရောင်ထွက်သို့-တဲ့။

သံသရာဝယ် ဒါနပါမှ တင့်တယ်တယ်တဲ့၊ဒါနဆောင်မှ ပြောင်တယ်တဲ့၊ ဒါနမပါလျှင် စုတ်စုတ်ချာချာ ဆင်းရဲစွာ နေရတတ်တယ်၊ဒါနမပါလျှင် မွဲတတ်တယ်လို့ မှတ်ကြရမယ်။ အဲဒါကြောင့်-

ဒါနဆောင်သော်၊ ပြောင်တလက်လက်၊ အရောင်ထွက်သို့၊ ခေါင်ထက်ခေါင်နင်း၊ ဖြစ်ကြခြင်းနှင့်၊ ယင်းသည့်ဒါန၊ မပါကြသည့်၊ဒုက္ခသည်စု၊ တွေ့တိုင်းရှု၍၊ လူမှုအားကိုး၊ ဒါနမျိုးကို၊ ကြိုးစားမယုတ်၊ အားထုတ်ကြကုန်ရာသတည်း-တဲ့။

(ဟောလိုရာ ဒါနတရားကို ဆက်ဟောပါလေ။)

## ၁။ ဆွမ်းဒါန တရားတော်

ယခုကုသိုလ်မင်္ဂလာပွဲက ဆွမ်းဒါနကုသိုလ်မင်္ဂလာပွဲဖြစ်တယ်၊ဆွမ်းဒါနကုသိုလ်ရှင်ကတော့၊ ဦးစိန်နှင့် ဒေါ်ငွေတို့ဆိုမဟုတ်လား။(မှန်ပါဘုရား) အဲဒီဦးစိန်နှင့် ဒေါ်ငွေတို့၏ဆွမ်းဒါနကုသိုလ်ပွဲမှာ(ဘုန်းကြီးက) တရားဟောပြောရတာကိုး၊ဒီတော့ သူတို့ပြုတဲ့ကုသိုလ်နှင့်သက်ဆိုင်တဲ့ ဆွမ်းဒါနတရားကိုအဓိကထား၍ ဟောပြောရလိမ့်မယ်။ သို့အတွက် ယခုဟောမဲ့တရားကို စဉ်ကြစို့ရဲ့။

၁။ မမေ့ကြနဲ့ဆိုတဲ့ တရားကို အစထားပါလိမ့်မယ်။

၂။ ဆွမ်းဒါနတရားကို တရားသားထုတ်၍ အဆုံးသတ်ပါလိမ့်မယ်။

အဲဒီ ၂ ချက်ကိုအစဉ်အတိုင်းမှတ်သား၍ ရိုရိုသေသေနာကြားကြရမယ်။

ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊
ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ။

(သုတ်မဟာဝါ-ပရိနိဗ္ဗာနသုတ်)

ဟောဒါက (၁) အချက်ဖြစ်တဲ့ မမေ့ကြနဲ့ဆိုတဲ့ တရားပါပဲ။ ဒါကိုမြန်မာပြန်ကြအုံးစို့။

ဘိက္ခဝေ၊ ငါ၏ချစ်သား ရဟန်းများတို့။ ဟန္ဒဒါနိ၊ ယခုငါဘုရား ပရိနိဗ္ဗာန်စံကာနီးအခါကြီးမှာ။ ဝေါတုမှေ၊သင်ချစ်သားတို့ကို။အာမန္တယာမိ၊ နောက်ဆုံးပိတ်စကား ငါဘုရား မှာကြားတော်မူခဲ့မယ်။ သင်္ခါရာ၊ ရုပ်နာမ်ဓမ္မ သင်္ခါရတို့သည်။ ဝယဓမ္မာ၊ ပျက်စီးခြင်းသဘောရှိပါပေကုန်၏။ တုမှေ၊သင်ချစ် သားတို့သည်။ အပ္ပမာဒေန၊မမေ့မလျော့သော သတိတရားနှင့်။ ဝါ၊မမေ့ကြနဲ့ ဆိုတဲ့တရားနှင့်။ သမ္ပာဒေထ၊ ပြည့်စုံရစ်ကြကုန်လော-တဲ့။

ဟောဒီ မမေ့ကြနဲ့ဆိုတဲ့စကားဟာအလွန်ခရီးရောက်တဲ့စကားဖြစ်တယ်၊ လောကီ-လောကုတ္တရာနှစ်ဖြာလုံးနှင့်သက်ဆိုင်တဲ့စကားဖြစ်တယ်၊ဒီ"မမေ့ကြနဲ့" ဆိုတဲ့စကားကို ပိဋကတ်သုံးပုံ အကျဉ်းချုံးထားတဲ့ စကားလို့လဲ ဆိုနိုင်ပါတယ်။ ဒါကြောင့်ဘုရားကိုယ်တော်မြတ်ကြီးကလဲ ပရိနိဗ္ဗာန်စံကာနီးမှာနောက်ဆုံးပိတ် အားဖြင့် ဟောဒီ"မမေ့ကြနဲ့"ဆိုတဲ့စကားကိုသာအမွေပေးအပ်တော်မူခဲ့တယ်။

နောက်ဆုံးစကားဆိုတာ အရေးအကြီးဆုံးကို ရွေးချယ်၍ မှာတတ်ပါ တယ်၊ လောက၌ မိဘတို့သည် ကွယ်လွန်ကာနီးမှာ အရေးကြီးတဲ့အချက်ကလေး များကို သားသမီးများအား မှာကြား ခဲ့တတ်ပါတယ်။ သားသမီးများကလဲ သေကာနီးမှာကြားခဲ့တဲ့ စကားများကို အရေးတကြီးလိုက်နာတတ်ကြပါတယ်။ အဲဒီလိုပဲ ဘုရားကိုယ်တော်မြတ်ကြီးကလဲသားတွေ-သမီးတွေ-တပည့်တပန်းတွေ လူတွေ-နတ်တွေကို ပရိနိဗ္ဗာန် စံကာနီးမှာ ဟောဒီအရေးအကြီးတဲ့"မမေ့ကြနဲ့" ဆိုတဲ့စကားကိုနောက်ဆုံးအားဖြင့် မှာကြားတော်မူခဲ့ပါတယ်။ဘုရားကိုယ်တော် မြတ်ကြီး၏ တပည့်-တပန်းများကလဲ ထိုနောက်ဆုံး မှာကြားတော် မူခဲ့တဲ့ "မမေ့ကြနဲ့"ဆိုတဲ့စကားကို အရေးတကြီး လိုက်နာသင့်ကြပါတယ်၊

ဘုရားကိုယ်တော်မြတ်ကြီးသည် ဘယ်အတွက်ကြောင့်ဒီ"မမေ့ကြနဲ့"ဆိုတဲ့ စကားကို အရေးကြီးသောအားဖြင့်နောက်ဆုံးပိတ်မှာကြားတော်မူခဲ့ရပါသလဲ အမွေပေးတော်မူခဲ့ရပါသလဲဆိုရင် မေ့မေ့လျော့လျော့ နေတဲ့သူများမှာ သူတို့ သန္တာန်ဝယ် ကုသိုလ်တရား အားနည်း၍ အကုသိုလ်တရားများ ကိန်း၍နေနိုင် ပါတယ်။ ဒီလို အကုသိုလ်တရားတွေ ကိန်းနိုင်တဲ့အတွက်ကြောင့်လဲ မေ့နေတဲ့သူ ဟာ ငရဲ-တိရစ္ဆာန်-ပြိတ္တာ-အသုရကာယ်ဆိုတဲ့အပါယ်လေးဘုံများကိုယ့်နေအိမ် နှင့်တူသည်၏အဖြစ်ကို မိန့်ဆိုထားပါတယ်၊ ဒါကြောင့် ဓမ္မပဒအဋ္ဌကထာ၌-

ပမတ္တဿ နာမ စတ္တာရော အပါယာ သကဂေဟသဒိသာ-တဲ့။

ပမတ္တဿ နာမ၊ မေ့လျော့သောသူအား။ စတ္တာရော အပါယာ၊ ငရဲ- တိရစ္ဆာန်-ပြိတ္တာ အသုရကာယ်လို့ဆိုတဲ့ အပါယ်လေးဘုံတို့သည်။ သကဂေဟ သဒိသာ၊ ကိုယ့်နေအိမ်နှင့် တူကုန်လေတော့သတည်း-တဲ့၊ ကြားလား။

မှန်ပါ့ဘုရား။

အဲဒါကြောင့် မမေ့မလျော့ကြဖို့ရန် ဒီ-မမေ့ကြနဲ့ဆိုတဲ့ ဘုရားကိုယ်တော်မြတ်ကြီး၏ အမွေဖြစ်တဲ့စကားကို စွဲစွဲမြဲမြဲ မှတ်ထားကြရမယ်။

အဲဒီ မမေ့ကြနဲ့ဆိုတဲ့ စကားအရ မမေ့ကြပြီလား ဆိုမှဖြင့် ဒါနတည်းဟူသော ကုသိုလ်၊ သီလတည်းဟူသောကုသိုလ်၊ ဘာဝနာတည်းဟူသောကုသိုလ်တရား များများကြီး ဖြစ်စေနိုင်ကြလိမ့်မယ်။ အခု ဆွမ်းဒါနကုသိုလ်ရှင်ဦးစိန်နှင့် ဒေါ်ငွေတို့လဲ ဒီ မမေ့ကြနဲ့ဆိုတဲ့ စကားအတိုင်း မမေ့မလျော့ကြသောကြောင့်သာ စေတနာပေါက်လာကြတဲ့အတိုင်း ယခုမွန်မြတ်တဲ့ ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်များကို သံဃာတော်အရှင်မြတ်တို့အား ဆက်ကပ်လှူဒါန်းကြရသဖြင့် ဆွမ်းဒါနကုသိုလ်မြောက်သွားပေပြီ။ အဲဒီ ဆွမ်းဒါနရဲ့အကြောင်းကို အခု ဟောပြောတော့မယ်၊ အာရုံစူးစိုက်၍ သေသေချာချာ မှတ်သားပြီး နာကြနော်။

ဘောဇနံ ဘိက္ခဝေ ဒဒမာနော ဒါယကော ပဋိဂ္ဂါဟကာနံ ပဉ္စ ဌာနာနိ ဒေတိ၊ ကတမာနိ ပဉ္စ၊ အာယုံ ဒေတိ၊ ဝဏ္ဏံ ဒေတိ၊ သုခံ ဒေတိ၊ ဗလံ ဒေတိ၊ ပဋိဘာနံ ဒေတိ-တဲ့။ (ပဉ္စင်္ဂုတ္တိုရ် ပါဠိတော်)

ဟောဒါက (၂)အချက်ဖြစ်တဲ့ ဆွမ်းဒါန တရားပါပဲတဲ့။ အဲဒီ ပါဠိကို ဘာသာနက် ပြန်ကြအုံးစို့။

ဘိက္ခဝေ၊ သံသရာဝဋ်ဘေး လွတ်ဖို့အရေးကို မျှော်တွေး ထောက်ရှုကုသိုလ်ပြုညောင်း အို-သူတော်ကောင်းအပေါင်းတို့။ ဘောဇနံ၊ ဆွမ်းဘောဇဉ်ကို။ ဒဒမာနော၊ ပေးလှူသော။ ဒါယကော၊ ဆွမ်းဒါန ကုသိုလ်ရှင်အပေါင်းသည်။ ပဋိဂ္ဂါဟကာနံ၊ အလှူခံပုဂ္ဂိုလ်တို့အား။ ပဉ္စ ဌာနာနိ၊ ငါးပါးသော အရာတွေကို။ ဒေတိ၊ ပေးလှူသည်မည်ပါပေ၏။ ကတမာနိ ပဉ္စ ဒေတိ၊ အဘယ်ငါးပါးသောအရာတို့ကို ပေးလှူသည်မည်ပါသလဲဆိုတော့။ အာယုံဒေတိ၊ အသက်ကိုလဲ ပေးလှူသည်မည်သတဲ့။ ဝဏ္ဏံဒေတိ၊ အဆင်းကိုလဲ ပေးလှူသည် မည်သတဲ့။ သုခံ ဒေတိ၊ ချမ်းသာကိုလဲ ပေးလှူသည်မည်သတဲ့။ ဗလံဒေတိ၊ ခွန်အားကိုလဲပေးလှူသည် မည်သတဲ့။ ပဋိဘာနံဒေတိ၊ ဉာဏ်ပဋိဘာန်ကိုလဲ ပေးလှူသည် မည်တယ်တဲ့၊ ကြားလား။

မှန်ပါ့ ဘုရား။

အဲ-ဆွမ်းဒါနရှင် ဒါယကာ-ဒါယိကာမများမှာ အခုဟောခဲ့တဲ့အတိုင်း အလှူခံပုဂ္ဂိုလ်တို့အား-

၁။ အသက်ကိုလဲ လှူတာမည်သတဲ့။

၂။ အဆင်းကိုလဲ လှူတာ မည်သတဲ့။ ပီးတော့ ချမ်းသာတဲ့၊ ခွန်အားတို့ ဉာဏ်ပဋိဘာန်တို့ကိုလဲ လှူတာမည်သတဲ့။

အဲဒါကြောင့် ဆွမ်းဒါနကုသိုလ်ရှင်များမှာ တချက်ခုတ် ငါးချက်ပြတ် ဖြစ်သွားတော့တာပေါ့။

ဘယ်အတွက်ကြောင့် အသက်လှူတာ မည်သလဲဆိုရင် ဆွမ်း၊ ဘောဇဉ် အစရှိတဲ့ အာဟာရများဟာ အသက်သခင် အစစ်ကြီးတွေ ဖြစ်ပေတယ်၊ ဒီ-အစာ အာဟာရသည်သာ သတ္တဝါတို့၏ တည်ရာ-မှီရာ ဖြစ်ပေတယ်-တဲ့။ ဒါကြောင့် ကျမ်းဂန်များမှာလဲ-

သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ-....တဲ့။

သဗ္ဗေသတ္တာ၊ အလုံးစုံသောသတ္တဝါတို့သည်။အာဟာရဋ္ဌိတိကာ၊အစာ အာဟာရသာလျှင် တည်ရာ-မှီရာရှိကုန်လေသတည်း၊တဲ့၊ ကြားလား။

မှန်ပါ့ဘုရား။

အဲဒါကြောင့်-ဒီ ကာမဘုံသား သတ္တဝါ အများတို့မှာ – ကဗဠီကာရ အာဟာရလို့ ခေါ်တဲ့ အစားအစာများနဲ့ကင်းလို့ အသက် မရှင်နိုင်ကြဘူးတဲ့။ ဗြဟ္မာ့ဘုံများမှာတော့ကဗဠီကာရအာဟာရမရှိဘူးလို့ဆိုသော်လဲနာမ်အာဟာရ များနှင့်တော့ မကင်းနိုင်ကြဘူး၊ ထို့ပြင်လဲ ဗြဟ္မာများမှာ ဈာန်၊ ပီတိ၊ အရသာ လို့ခေါ်တဲ့ အာဟာရတမျိုး ရှိသေးတယ်၊ အဲဒီ အာဟာရမျိုးများကို မှီခိုအား ထားနေကြတဲ့အတွက် ဗြဟ္မာများမှာလဲ တည်တံ့နိုင်ကြပေတယ်တဲ့။

အဲဒါကြောင့် ဆွမ်းဘောဇဉ် အစာ အာဟာရများဟာ အသက်သခင် အစစ်ကြီးဖြစ်ပေတယ်။အရေးအကြီးဆုံး ဖြစ်ပေတယ်။ဒီ အစာအာဟာရများကို မစားမသောက်ကြရလို့ရှိလျှင် အသက်ရှင်နိုင်မှာ မဟုတ်ဘူး၊ ပီးတော့-အဆင်း တွေရော၊ အားအင်တွေလဲ ယုတ်လျော့ကုန်တော့ဒါပါပဲတဲ့။

သို့အတွက် ရဟန်းတော်များမှာ ဒီဆွမ်းဘောဇဉ် အစာအာဟာရများကို ဘုဉ်းပေးတော်မူရမှသာ အသက်ရှည်ခြင်း၊ အားအင်ပြည့်ခြင်း၊ အရေ အဆင်း ကြည်လင်ခြင်း၊ ဆာလောင်မှု ကင်းပျောက်၍ ချမ်းသာခြင်းသို့ ရောက်ပြီးလျှင် ပရိယတ် ပဋိပတ်ဆိုတဲ့ သာသနာအလုပ်များကို အားထုတ်နိုင်၍ ဉာဏ်ပညာကို တိုးပွားစေခြင်း တည်းဟူသော အကျိုးတွေ ဖြစ်မယ် မဟုတ်လား။

မှန်ပါ့ဘုရား။

ဒီဆွမ်းဘောဇဉ်စသော အစာအာဟာရတွေကို တကယ်လို့ မဘုဉ်းပေး ရဘူးဆိုလျှင် ဒီအကျိုးတွေ ဖြစ်နိုင်ပါ့မလား၊ဖြစ်နိုင်တော့မှာ မဟုတ်ဘူးနော်။

မှန်ပါ့ဘုရား။

အဲဒါကြောင့် ဘုရားကိုယ်တော်မြတ်ကြီးက ဆွမ်းလှူလျှင် အရာငါးမျိုး လှူခြင်းကိစ္စပြီးစီးတယ်လို့ ဟောတော်မူထားတာပေါ့။အဲဒီလို အကျိုး ၅-မျိုးကို လှူဒါန်းတဲ့အတွက် ဆွမ်းဒါနကုသိုလ်ရှင်များမှာ မိမိတို့ပြုတဲ့ကုသိုလ်ကံနှင့်တူစွာ အကျိုး ၅-ပါးကို ရရှိကြပြန်သတဲ့။ ဒါကြောင့်....

အာယုံ ခေါပန ဒတွာ အာယုဿ ဘာဂီ ဟောတိ၊ ဒိဗ္ဗဿ ဝါ မနုဿဿ ဝါ။ ဝဏ္ဏံ ဒတွာ ဝဏ္ဏဿ ဘာဂီ ဟောတိ၊ ဒိဗ္ဗဿ ဝါ မနုဿဿ ဝါ။ သုခံ ဒတွာ သုခဿ ဘာဂီ ဟောတိ၊ ဒိဗ္ဗဿ ဝါ မနုဿဿ ဝါ။ ဗလံ ဒတွာ ဗလဿ ဘာဂီ ဟောတိ၊ ဒိဗ္ဗဿ ဝါ မနုဿဿ ဝါ။ ပဋိဘာနံ ဒတွာ ပဋိဘာနဿ ဘာဂီ ဟောတိ၊ ဒိဗ္ဗဿ ဝါ မနုဿဿ ဝါ-တဲ့။ (ပဉ္စင်္ဂုတ္တိုရ် ပါဠိတော်)

ဘိက္ခဝေ၊ တရားနာပရိသတ်အပေါင်း အို-သူတော်ကောင်းတို့။ ခေါပန၊ စင်စစ်။ အာယုံဒတွာ၊ အသက်ကိုပေးလှူရသောကြောင့်။ ဒိဗ္ဗဿဝါ၊ နတ်၌ဖြစ်သော်ငင်း။ မနုဿဿဝါ၊ လူ၌ဖြစ်သော်ငင်း၊ (ငင်း ၂-ပုဒ်နောက်အပိုဒ်၌ ထပ်တူဖြစ်၍ချန်ထားခဲ့မည်။) အာယုဿဘာဂီ၊ အသက်ရှည်ခြင်းအကျိုးနှင့်ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏တဲ့။ (ပီးတော့) ဝဏ္ဏံဒတွာ၊ အဆင်းကိုပေးလှူရသောကြောင့်။ ဝဏ္ဏဿ ဘာဂီ၊ အဆင်းလှခြင်းအကျိုးနှင့် ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏တဲ့။ သုခံဒတွာ၊ ချမ်းသာကို ပေးလှူရသောကြောင့်။ သုခဿ ဘာဂီ၊ ချမ်းသာခြင်း အကျိုးရှိသည်။ ဟောတိ၊ ဖြစ်၏။ ဗလံဒတွာ၊ ခွန်အားကိုပေးလှူရသောကြောင့်။ ဗလဿ ဘာဂီ၊ ခွန်အားကြီးခြင်း အကျိုးနှင့် ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။ ပဋိဘာနံ ဒတွာ၊ ဉာဏ်ပဋိဘာန်ကိုပေးလှူရသောကြောင့်။ ပဋိဘာနဿ ဘာဂီ၊ ဉာဏ်ပဋိဘာန်ရှိခြင်းအကျိုးနှင့်ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏တဲ့။ ကြားလား။

မှန်ပါ့ဘုရား။

အဲဒီပါဠိတော်နှင့်အညီ ဆွမ်းဒါနကုသိုလ်ရှင်များမှာ....

(၁) အသက်ရှည်ခြင်း၊

(၂) အဆင်းလှခြင်း၊

(၃) ချမ်းသာကြီးခြင်း၊

(၄) ခွန်အားကြီးခြင်း၊

(၅) ဉာဏ်ပညာကြီးခြင်း-ဆိုတဲ့ အကျိုး ၅-ပါးကို ရရှိနိုင်ပါတယ်တဲ့။

ဒီအကျိုး ၅-ပါးနှင့်ပြည့်စုံပြီးသကာလ လူဘဝနတ်ဘဝတို့မှာ အောက်တန်းမကျပဲ အထက်တန်းစားထဲကသာ နေနိုင်ပါတယ်တဲ့။ ယခုဆွမ်းဒါယကာ ဒါယိကာမများဖြစ်ကြတဲ့ ဦးစိန်နှင့် ဒေါ်ငွေတို့မှာ မွန်မြတ်တဲ့ဆွမ်းဘောဇဉ်တို့ကို လှူဒါန်းဆက်ကပ်လိုက်ရသဖြင့် "တချက်ခုတ် ၅-ချက်ပြတ်"အနေမျိုးအားဖြင့် အလှူခံပုဂ္ဂိုလ်တို့အား ၅-ပါးသောအရာဌာနတို့ကို လှူလိုက်တာမည်သွားပေပြီ။ အဲဒီလို ၅-ပါးသောအရာဌာနတို့ကို လှူဒါန်းလိုက်ရခြင်းကြောင့်လဲ အသက်ရှည်ခြင်းစသောအကျိုး ၅-ပါးကိုလဲပဲ နိဗ္ဗာန်မရောက်ခင်စပ်ကြားဘဝများ၌ အထက်တန်းစားလဲကဖြစ်ပြီးလျှင် အမှန်ရတော့မှာပဲဆိုဟာ ဝမ်းမြောက်ကြရမယ်။

ကဲ....ကဲ ဆွမ်းအကျိုး ၅-ပါးကို မှတ်မိအောင် ဆောင်ပုဒ်ကလေးလုပ်၍ ချပေးအုံးမယ်၊ လိုက်ဆိုကြ-လိုက်ဆိုကြ။

၁။ သက်ရှည်,ဆင်းလှ၊ ချမ်းသာရ၊ ဗလ,ဉာဏ်ပညာ။

၂။ ဆွမ်းလှူအကျိုး၊ ဤ ၅-မျိုး၊ တန်ခိုးကြီးလှစွာ-တဲ့။

## ဝိသာခါဝတ္ထု ကောက်နုတ်ချက်

ဟောဒီအကျိုး ၅-ပါးကို စုံလင်အောင်ရရှိတာကဘုရားကိုယ်တော်မြတ်လက်ထက်ကစ၍အခုဘိုင်အောင်ပင် ထင်ရှားကျော်ကြားလျက်ရှိနေတဲ့ဝိသာခါကျောင်းအမကြီး ဖြစ်ပေတယ်တဲ့။

ဝိသာခါကျောင်းအမကြီးဆိုတာက မေဏ္ဍကသဌေးကြီးရဲ့ မြေးဖြစ်၍ ဓနဉ္စယသဌေးကြီးရဲ့သမီးဖြစ်တယ်တဲ့၊သူသည် ၇-နှစ်သမီးအရွယ်ကပင် မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး၏တရားကို နာကြားရင်း သောတာပန်အဖြစ်ကိုရရှိတဲ့ အရိယာအမျိုးသမီးတဦးဖြစ်တယ်တဲ့။ သူသည် သာဝတ္ထိမြို့မှာနေ၍ မြို့၏အရှေ့မျက်နှာ၌''ပုဗ္ဗာရုံ''ခေါ်တဲ့ ကျောင်းတိုက်ကြီးကို ပစ္စည်းပေါင်း ကုဋေမြောက်မြားစွာ အကုန်အကျခံ၍ ဆောက်လုပ်လှူဒါန်းတဲ့အတွက်''ဝိသာခါ''ကျောင်းအမကြီးရယ်လို့ထင်ရှားရတယ်။ဒီနေရာမှာဝိသာခါကျောင်းအမကြီးဂုဏ်တွေကို ထုတ်ဖော်ဟောပြောမယ်ဆိုလျှင် အများကြီးရှိတယ်၊ ဒါပေမယ်လို့ အကုန်လုံးတော့ ထုတ်မဟောနိုင်တော့ဘူး၊ သူ၏ဂုဏ်တွေကို အမြွက်မျှဟောပြရလျှင်....

(၁) ကောင်းခြင်း ၅-ပါးနှင့် ပြည့်စုံတာ ဘယ်မိန်းမလဲလို့ ဆိုရင် ဒီ-ဝိသာခါ ကျောင်းအမကြီးပါပဲတဲ့။

(၂) ပီးတော့ ၇-နှစ်သမီးအရွယ်ကအပါယ်တံခါးပိတ်၍ သောတာပန်အဖြစ်ကိုရတာ ဘယ်မိန်းမလဲဆိုရင် ဒီ-ဝိသာခါကျောင်းအမကြီးပါပဲတဲ့။

(၃) ပီးတော့-ဆင်ပြောင် ၅-စီးအားကို ဆောင်နိုင်တာကော ဘယ်မိန်းမလဲဆိုရင် ဒီ-ဝိသာခါကျောင်းအမပါပဲတဲ့။

(၄) ပီးတော့ - အလွန် ကြီးကျယ်တဲ့ လက်ထပ် မင်္ဂလာပွဲကြီးဖြင့် ချီးမြှောက်ခံရတာကော ဘယ်မိန်းမလဲဆိုရင် အခုဟော တဲ့ဝိသာခါ ကျောင်းအမပါပဲတဲ့။

(၅) အလွန်ထူးမြတ်တဲ့''မဟာလ္လတာ''ခေါ်တဲ့တန်ဆာကြီးကို ဆင်မြန်းရတာ ဘယ်မိန်းမလဲဆိုရင် ဒီ-ဝိသာခါကျောင်းအမကြီးပါပဲတဲ့။

(၆) သား သမီး ၂-ကျိပ်၊ မြေး ၄-ရာ၊ မြစ်ရှစ်ထောင်တို့နှင့်အတူပျော်ပျော်ကြီးစံရတာ ဘယ်မိန်းမလဲဆိုရင် ဒီ-ဝိသာခါ ကျောင်းအမပဲတဲ့။

(၇) အသက် တရာ့နှစ်ဆယ်ရှည်၍ အရွယ်နုနယ် ၁၆-နှစ်အရွယ်တမျှ ချောမောလှပတာကကော ဘယ်မိန်းမလဲဆိုရင် ဒီ-ဝိသာခါ ကျောင်းအမတဲ့။

(၈) ဘုရား ကိုယ်တော်မြတ်ကြီး နှင့်ရင်း, သံဃာတော်တွေနှင့်ရင်း အကျွမ်းဝင်တာ ဘယ်မိန်းမလဲဆိုရင် ဒီ-ဝိသာခါ ကျောင်းအမ ပါတဲ့။

(၉) ဘုရားကိုယ်တော်မြတ်ကြီးထံမှ ဆုကြီးရှစ်ပါး ရတာကကော ဘယ် မိန်းမလဲဆိုရင် ဒီ-ဝိသာခါကျောင်းအမကြီးပဲ။

(၁၀) ပြီးတော့ အခု ဘုံစဉ် စံနေရတာကကော ဘယ်မိန်းမလဲ ဆိုရင် ဒီ-ဝိသာခါကျောင်းအမကြီးပါပဲတဲ့၊ ကြားလား။

မှန်ပါ့ဘုရား။

ဒီ-ဂုဏ်ထူးမြောက်များစွာရှိတဲ့ "ဝိသာခါကျောင်းအမကြီး" ဟာအသက် ရှည်ခြင်းစသောအကျိုး ၅-ပါးလုံးသူမှာရရှိထားတယ်တဲ့၊ထိုဝိသာခါကျောင်း အမကြီးမှာ အသက်အားဖြင့် တရာ့နှစ်ဆယ်ကျအောင် ရှည်သတဲ့၊ ပီးတော့ အဆင်းလှပုံမှာ အသက်တရာ့နှစ်ဆယ်ပင် ရှိသော်လဲ အမြဲ ၁၆-နှစ်အရွယ်လိုပဲ နေတယ်၊ ဆံတပင်မျှ ဖြူခြင်းမရှိဘူးတဲ့၊ သမီးတွေ, မြေးတွေ, မြစ်တွေခြံရံလျက် ဘုရား ကျောင်းတော် သွားတဲ့ အခါ ဘယ်ဟာ ဝိသာခါပဲလို့ မခွဲနိုင်ဘူးတဲ့၊ ဒီလောက်အဆင်းအားဖြင့်လဲ လှတယ်။ ဒါကြောင့် ဓမ္မပဒအဋ္ဌကထာ၌....

တံ ပုတ္တနတ္တပနတ္တပရိဝါရာ ဝိဟာရံ ဂစ္ဆန္တိံ ဒိသွာ ကတမာ ဧတ္ထ ဝိသာခါတိ ပဋိပုစ္ဆိတာရော ဟောန္တိ။

ပုတ္တနတ္တပနတ္တပရိဝါရာ၊သား,မြေး,မြစ်တွေခြံရံကုန်သည်ဖြစ်၍။ဝိဟာရံ ဂစ္ဆန္တိံ၊ ဘုရားကျောင်းတော်သို့သွားသော။ တံ၊ ထိုဝိသာခါကျောင်းအမကြီး ကို။ ဒိသွာ၊ မြင်ကုန်သည်ရှိသော်။ ဧတ္ထ၊ ဤအထဲတွင်။ ကတမာ၊အဘယ်သူဟာ။ ဝိသာခါ၊ ဝိသာခါကျောင်းအမကြီးပါနည်း။ ဣတိ၊ဤသို့။ ပဋိပုစ္ဆိတာရော၊ တဖန်ထပ်၍မေးမြန်းရကုန်သည်။ ဟောန္တိ၊ ဖြစ်ကြလေကုန်၏၊ ကြားလား။

မှန်ပါ့ဘုရား။

ထိုပြင် ချမ်းသာကြီးပုံကတော့ သူ့ဘကြီးကလဲ သဌေးပဲ၊ သူ့ဘကြီးက "မေဏ္ဍကသဌေး" ဖြစ်တယ်၊ မေဏ္ဍကသဌေးဆိုတာက သူဟာ ယခုကာလဆိတ် သဌေးတွေလို ဆိတ်အများအပြား ရှိလို့လားလို့ မေးစရာရှိတယ်။ ယခုကာလ ဆိတ်တွေပေါများတဲ့ ဆိတ်သဌေးတွေလိုမဟုတ်ဘူးနော်။ သူ့ကိုပေဏ္ဍကသဌေး

လို့ ခေါ်ရတာကတော့ ဒီလိုတဲ့။ ထိုသဌေးကြီးမှာ လိုတဲ့ပစ္စည်းကို ပစပ်ကထုတ်ယူလျှင်အလိုရှိတာရနိုင်တဲ့ ဆိတ်ရုပ်ကြီးတွေမြောက်မြားစွာ ပေါ်လာတယ်တဲ့။ သို့အတွက် မေဏ္ဍကသဌေးလို့ ခေါ်သတဲ့၊ သူ့ကို အကျယ်ပြောနေလျှင် ရှည်သွားလိမ့်မယ်။ ဒီမေဏ္ဍကသဌေးကြီးရဲ့ သားကတော့ "ဓနဉ္စယသဌေး" တဲ့၊ ၎င်းဓနဉ္စယ သဌေး၏သမီးက အခုဟောတဲ့"ဝိသာခါကျောင်းအမ"ဖြစ်တယ်။ သူ၏အမေကတော့"သုမနဒေဝီ"တဲ့၊ သူတို့သည် အင်္ဂတိုင်းအဝင်အပါ ဘဒ္ဒိယမြို့၌ နေကြတယ်။

ဝိသာခါမှာတော့ အရွယ်ရောက်၍ ၁၆-နှစ် သမီးလောက် ရှိတဲ့အခါ သာဝတ္ထိမြို့နေ ကုဋေ ၄၀-ကြွယ်ဝသော မိဂါရသဌေး၏သား "ပုဏ္ဏဝဍ္ဍန" နှင့် ကြီးကျယ်ခမ်းနားစွာ လက်ထပ်၍ သာဝတ္ထိမြို့သို့လိုက်ပါရသတဲ့။ ဒါကြောင့် သာဝတ္ထိမြို့၏ အရှေ့ဘက်မှာ ကြီးကျယ်ခမ်းနားတဲ့ "ပုဗ္ဗာရုံကျောင်းကြီး" ကို ဆောက်လုပ်လှူဒါန်းထားတာပေါ့။ အဲဒီလို အချမ်းသာမှာတော့ ပြောစရာမရှိဘူးပေါ့၊ မိမိဘက်ကလည်း ဘိုး, ဘွားကစပြီးတော့ သဌေးမျိုးဖြစ်တယ်၊ လင်ဘက်က ကြည့်လိုက်ပြန်တော့လဲ သာဝတ္ထိမြို့တွင် ကုဋေ ၄၀-ချမ်းသာတဲ့ သဌေးတဲ့၊ ကြားလား။

မှန်ပါ့ဘုရား။

ပီးတော့-ခွန်အားဗလကြီးပုံကလဲပဲ "ဝိသာခါကျောင်းအမကြီး" ဟာ ဆင်ပြောင် ၅ စီးအားကို ဆောင်နိုင်သတဲ့၊ ထိုအခါက ရှင်ဘုရင်ကလဲ ဝိသာခါကျောင်းအမဟာ ဆင်ပြောင် ၅-စီးအားကို ဆောင်နိုင်သတဲ့လို့ ကြားသဖြင့် စုံစမ်းလိုတဲ့အတွက် ဝိသာခါကျောင်းကပြန်လာချိန်တွင် ဆင်ကိုလွှတ်စေသတဲ့၊ ဆင်သည် နှာမောင်းကို ထောင်၍ ဝိသာခါထံ အတင်း ပြေးသွားတာ ပဲတဲ့၊ ဝိသာခါနှင့်ပါလာတဲ့ အခြံအရံ မိန်းမငါးရာ အချို့မှာ ထွက်ပြေးကြတာပေါ့၊ ဝိသာခါကျောင်းအမကြီးကတော့ ဆင်ပြေးလာသည်ကိုမြင်တဲ့အခါ ဒီဆင်ကို အကြမ်းကိုင်ဆောင့်လိုက်လျှင် အမှန်ပျက်စီးသွားမှာပဲ၊ သို့အတွက် သာသာကလေးတွန်းမှပဲလို့ နှလုံးသွင်းပြီးလျှင် ပြေးလာတဲ့ဆင်ကို လက်ချောင်းကလေး ၂-ခုနဲ့ အသာ နှာမောင်းကို ကိုင်၍ တွန်းလိုက်သတဲ့၊ ဆင်ကြီးမှာ သူ့အားသူ မထိန်းနိုင်တော့ပဲ မင်းယင်ပြင်တွင် ဆောင့်ကြောင့်ကြီး လဲသွားတော့တာပဲတဲ့။ ဒါကြောင့် ဓမ္မပဒအဋ္ဌကထာ-၌....

ဟတ္ထိ အတ္တာနံ သန္ဓာရေတုံ့ အသက္ကောန္တော ရာဇင်္ဂဏေ ဥက္ကုဋိကော ဟုတွာ ပတိတော။

လို့မိန့်ဆိုပါတယ်။

ဟတ္ထိ၊အတင်းပြေးလာတဲ့ ဆင်ပြောင်ကြီးသည်။အတ္တာနံ သန္တာရေတွာ၊ ကိုယ့်ကိုယ်ကိုဆောင်၍။ ဌာတုံ၊ ရပ်တည်ခြင်းငှာ။နာသက္ခိ၊ မစွမ်းနိုင်တော့ဘူး။ ရာဇဂ်ဏော၊ မင်းယင်ပြင်၌။ ဥက္ကုဋိကောဟုဘွာပတိတော၊ ဆောင့်ကြောင့်ကြီး လဲကျသွားလေတော့သတည်း၊ ကြားလား။

မှန်ပါ့ဘုရား။

ဉာဏ်ပညာကြီးကျယ်ပုံကိုတော့-အထူး ဟောစရာ မလိုတော့ပါဘူး၊ ၇–နှစ်သမီးကလေး အရွယ်ကပင် သောတာပန်ဖြစ်၍ လောကုတ္တရာပညာ သူ့သန္တာန်တည်နေပြီးဖြစ်ပေတယ်၊အနိုပ်းတော့-မြတ်စွာဘုရားထံဆုကြီးရစ်ပါး ကိုတောင်းတာ ထောက်သဖြင့်လဲ သူ၏ဉာဏ်ဟာ ဘယ်မျှလောက် ကြီးကျယ် တယ်ဆိုတာ သိနိုင်ပါတယ်။

အဲဒီလို အသက်ရှည်ခြင်းအစရှိသော ၅-ပါးသော အကျိုးတွေရလျက် သားတကျိပ်-သမီးတကျိပ်မွေး၍ မြေးပေါင်း ၄-ရာ၊ မြစ်ပေါင်း ရှစ်ထောင် တို့နှင့် အတူတူ-လူလောကဝယ် လူ၏စည်းစိမ်ကို ကျနစွာ ခံစားရလျက် ဇမ္ဗူဒိပ်ဝယ် အလွန်ထင်ရှားတဲ့ အမျိုးသမီးတဦး ဖြစ်ခဲ့ပါတယ်၊ ထို့ကြောင့် ဓမ္မပဒအဋ္ဌကထာ-၌.... ·

ဝိသာခါ ဝိသတိပုတ္တာ၊ နတ္တာစ စတုရော သတာ။

ပနတ္တာ အဋ္ဌသဟဿာ၊ ဇမ္ဗုဒီပေ သုပါကဋ္ဌာ။

လို့ မိန့်ဆိုထားပါတယ်။

ဝိသာခါ၊ "ဘုရားကျောင်းအမ"လို့ ယနေ့ကျအောင်ကျော်ကြားလျက် ရှိသော "ဝိသာခါကျောင်းအမ"ကြီးသည်။ ဝိသတိပုတ္တာ၊ သားသမီးပေါင်း နှစ်ကျိပ်ရှိကုန်သတဲ့။ ပီးတော့-နတ္တာစ၊ မြေးတို့သည်ကား။ စတုရောသတာ၊ လေးရာရှိကုန်သတဲ့။ ပနတ္တာ၊ မြစ်တို့သည်။ အဋ္ဌသဟဿာ၊ ရှစ်ထောင်ရှိကုန်၏။ ဣတိ၊ ဤသို့။ဇမ္ဗုဒီပေ၊ ဇမ္ဗူဒိပ်မြေအပြင်ဝယ်။သုပါကဋ္ဌာ၊ဝိသာခါ-ဝိသာခါ ဟု ယနေ့တိုင်အောင် လွန်စွာကျော်ကြား၍ ထင်ရှားခဲ့ပေသတည်း၊ ကြားသား။

မှန်ပါ့ဘုရား။

ဟောဒီ ဝိသာခါကျောင်းအမကြီးဟာ ဒီအကျိုး ၅-ပါးကိုဘယ်အတွက် ရပါသလဲဆိုလျှင် ယခု-ဆွမ်းဒါယကာ ဦးစိန်နှင့် ဒေါ်ငွေတို့လိုပေါ့၊ သူသည် ပဒုမုတ္တရဘုရားလက်ထက်တုန်းကပဒုမုတ္တိုရ်မြတ်စွာဘုရားနှင့် ရဟန်းတော်တသိန်းကို ၇-ရက်တိုင်တိုင် ဆွမ်း, သင်္ကန်း-စသော ဒါနဝတ္ထုတွေကို လှူဒါန်း၍ ဆုတောင်း ခဲ့တဲ့အတွက် ဒီအကျိုးထူးတွေကို ရတယ်ဆိုတာ ဓမ္မပဒအဋ္ဌကထာ၌ ဆိုထား ပါတယ်။

ထိုဝိသာခါကျောင်းအမကြီးသည် ယခုအခါ ဟိုနိမ္မာနရတိနတ်ပြည်မှာ သုနိမ္မိတနတ်မင်းကြီး၏ မိဖုရားဖြစ်၍ နတ်စည်းစိမ်တွေကို ခံစားရလျက် ရှိနေကြောင်း ဝိမာနဝတ္ထုအဋ္ဌကထာ၌ မိန့်ဆိုထားပါတယ်။ သူသည် ဘုံစဉ်စံအမျိုးသမီးဖြစ်တဲ့အတိုင်း ထိုနတ်ပြည်မှာ နတ်စည်းစိမ်များကို ခံစားပြီးတဲ့နောက် အထက်သို့သာတက်၍ ဟိုအကနိဋ္ဌဗြဟ္မာပြည်ကျမှ ရဟန္တာဖြစ်ပြီးလျှင် နိဗ္ဗာန်သို့ ဝင်စံရပေလိမ့်မယ်ဟဲ့။

အဲဒီ-ဝိသာခါအမျိုးသမီးကြီးလိုပဲ အကျိုးထူးတွေကိုရပြီးလျှင် နိဗ္ဗာန်တိုင်အောင် ဤဆွမ်းဒါနက မို့ဆောင်ပါလိမ့်မယ်၊ လှူဒါန်းသောအခါ လောကီစည်းစိမ်မျှသာ မရည်စူးပဲနဲ့ ဤကောင်းမှုသည် နိဗ္ဗာန်တိုင်အောင် ရှက်ဆောင်နိုင်ပါစေသတည်း။ ''ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု'' လို့ဆုတောင်းပြီး လှူဒါန်းရမယ်၊ ဆုတောင်းတဲ့အတိုင်းလဲ အမှန်ရရှိနိုင်တယ်ဆိုတာ ယုံကြည်သောစိတ်ကို ဖြစ်စေရမယ်။ ဒါကြောင့် ခုဒ္ဒကနိကာယ်၊ ခုဒ္ဒကပါဌ ပါဠိတော် နိဓိကဏ္ဍသုတ်-၌....

မာနုဿိကာစ သမ္ပတ္တိ၊ ဒေဝလောကေစ ယာ ရတိ။
ယာစ နိဗ္ဗာနသမ္ပတ္တိ၊ သဗ္ဗမေတေန လဗ္ဘတိ။

လို့ ဟောတော်မူထားပါတယ်။

ဘိက္ခဝေ၊ ကုသိုလ်ပြုညောင်း အိုသူတော်ကောင်းအပေါင်းတို့။ မာနုဿိကာ၊ လူတို့ခိုလှုံ လူ့ပြည်ဘုံ၌ဖြစ်သော။ ယာစသမ္ပတ္တိ၊ အကြင်လူ၏စည်းစိမ်ချမ်းသာအပေါင်းသည်ရှင်း။ ဒေဝလောကေ၊ နတ်တို့ခိုလှုံနတ်ပြည်ဘုံ၌ဖြစ်သော။ ယာစရတိ၊ အကြင်နတ်သား-နတ်သမီး စည်းစိမ်ချမ်းသာတို့၌ မွေ့လျော်ရခြင်းသည်ရှင်း။ ယာစနိဗ္ဗာနသမ္ပတ္တိ၊ အကြင်နိဗ္ဗာန်ချမ်းသာမြတ်သည်ရှင်း။ အတ္ထိသန္တိ၊ စင်စစ်မသေ့ ရှိကြပေကုန်၏၊ တံသဗ္ဗံ၊ ထိုအလုံးစုံသော လူ့,နတ်,နိဗ္ဗာန်သုံးတန်သော ချမ်းသာအပေါင်းကို၊ ဧတေန၊ ယခုဆက်ကပ် လှူဒါန်းရတဲ့ ဆွမ်းဒါနကုသိုလ်ကြောင့်။ လဗ္ဘတိ၊ မုချမသွေ ရနိုင်တော့လေသတည်း။

(ဤတွင် တခန်းရပ်၍ အဘိဓမ္မာသတ်နိုင်သည်)

အမှာ။ ။ဤဆွမ်းဒါနတရားကား မိမိသည်သာမဏေဘဝ အသက် ၁၈-နှစ်အရွယ်တုန်းက အင်ပင်ရွာ ဆွမ်းကျွေးတခု၌ ညောင်လွန့်ဂိုဏ်းထောက် ကမ်းနားဆရာတော်၏ တိုက်တွန်း-ချက် အရဟောပြောသည့်တရားဖြစ်သည်။

## သိကြားမင်းနှင့် သုဇာဒေဝီတို့ ဆွမ်းအလှူပွဲ

အဟော ဒါနံ ပရမဒါနံ၊ ကဿပေ သုပ္ပတိဋ္ဌိတံ။

အဟော ဒါနံ ပရမဒါနံ၊ ကဿပေ သုပ္ပတိဋ္ဌိတံ။

ဟောဒါက ဆွမ်းဒါနကုသိုလ်ရှင် မိုးကောင်းကင်က သိကြားမင်းနှင့် သုဇာဒေဝီတို့သည် သူတို့ဆွမ်းလှူခဲ့ပြီးနောက် ဝမ်းသာလွန်းလို့ သံပြိုင်တဲ့ကာ ၃-ကြိမ်တိုင်တိုင် သီဆိုကြတဲ့ ဥဒါန်းစကားတဲ့၊ ကြားလား။

မှန်ပါ့ဘုရား။

အဟော ဒါနံ ပရမဒါနံ၊ ကဿပေ သုပ္ပတိဋ္ဌိတံ။

ဘောဂန္တောမနုဿာ၊ အို-လူအပေါင်း သူတော်ကောင်းတို့။ဒါနံ၊ငါတို့ရဲ့ ဆွမ်းဒါနအလှူတော်ကြီးသည်။အဟော၊အံ့သြ-ဝမ်းအမြောက်ကြီး ဝမ်းမြောက် ဖွယ်ပါတကား။ ပရမဒါနံ၊ ဘယ်အလှူကပြိုင်ပြိုင် တူနိုင်မယ်မထင်ကြနဲ့ အမှန်ပ ရှုံးရမည့် အမြတ်ဆုံး ဒါနကြီးပေတကား။ အမှေဟိ၊ ငါတို့သည်။ ကဿပေ၊ "ကဿပ"မည်တွင် ဓုတင်ဆောင်လတ် ကိုယ်တော် အရှင်မြတ်ကြီး၌။ သုပ္ပတိ ဋ္ဌိတံ၊ ဆွမ်းဒါန ကုသိုလ်မျိုးကို စိုက်ပျိုးတည်ထောင် ခဲ့ရပေပြီတကား။ (ဘောန္တော မနုဿာ....အတူပင်ထပ်ရွတ်)။

အဲ-အလွန်အလွန် ဝမ်းမြောက်လှလို့ ဒီလိုဥဒါန်းကျူးရင့်လိုက်တာတဲ့။ ကြားလား။

မှန်ပါ့ဘုရား။

အဲဒီလို သိကြားမင်း သုဇာဒေဝီတို့ ဟို ကောင်းကင်က နေပြီးတော့ ဥဒါန်းကျူးရင့်တဲ့အသံကို ဘုရားကိုယ်တော်မြတ်ကြီးက ဟို ကျောင်းတော်က နေ၍ ကြားတော်မူသတဲ့၊ ဒီတော့ ရဟန်းများကို ခေါ်ပြီးလျှင် သိကြားနှင့် သုဇာဒေဝီတို့ ဆွမ်းလှူခဲ့ပုံနှင့် ဥဒါန်းကျူးရင့်ပုံများကို ဟောကြားတော်မူ တယ်၊ ဘယ်လိုလဲလို့ဆိုတော့....

ဘုရားကိုယ်တော်မြတ်ကြီးသည် ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူတဲ့အခါ အရှင်မဟာကဿပ ကိုယ်တော်ကြီးသည် "ပိပ္ပလိ ဂူဟာ"လို့ခေါ်တဲ့ လိုဏ်ဂူကြီး၌ သီတင်းသုံးတော်မူသတဲ့၊ထိုအရှင်မြတ်ကြီးဟာ ဒီလိုဏ်ဂူထဲမှာ ၇-ရက်တိုင်တိုင် နိရောဓသမာပတ်ကိုဝင်းစားတော်မူပြီးသကာလ ၎င်းမှ ထတော်မူတဲ့အခါ ဆင်းရဲတဲ့သူများကို ချီးမြှောက်ရန် ဆွမ်းခံကြွလေ့ ရှိသတဲ့။အဲဒီလို နိရောဓသမာပတ်မှထတဲ့ ပုဂ္ဂိုလ်များကို လှူဒါန်းရလျှင် အခုဘဝ မှာပင် ဒိဋ္ဌမျက်မှောက် အကျိုးထူး ဆိုက်ရောက်နိုင်တယ်။

အဲဒီ အရှင်မြတ်ကြီး နိရောဓသမာပတ်က ထ၍ ဆွမ်းခံတော်မူတဲ့အခါ ဘယ်သူတွေက သိပါသလဲလို့ဆိုတော့ ဟို-တာဝတိံသာသနင်း သိကြားမင်း၊ ကြီး၏ မိဖုရားငယ်ကလေးတွေဖြစ်ကြတဲ့ နတ်သမီးငါးရာက သိကြသတဲ့၊ သိမှာပေါ့လေ၊ သူတို့က ရာဝတ္ထုတက်ချင် ဂုဏ်မြင့်ချင်ကြတာကို၊ ဒီတော့ ဒီ-ကိုယ်တော်မြတ်ကြီး ဆွမ်းခံကြွမှာကိုပင် ချောင်းကြည့်နေကြတာပဲ၊ အဲဒီလို သိကြတဲ့အခါ ဖြိုးဆို နတ်သြဇာ ဆွမ်းဘောဇဉ်တွေကိုယူ၍ နတ်တို့၏တန်ခိုးဖြင့် လူ့ပြည်သို့ ဆွမ်းလောင်းရန် ဆင်းလာကြသတဲ့၊ ကြည့်စမ်း၊ နတ်သမီးတွေဟာ ဆွမ်းလောင်းချင်တော့ လူ့ပြည်လာရသတဲ့၊ ဒါကြောင့် နတ်ပြည်မှာ ဆွမ်းခံတဲ့ ကိုယ်တော်တွေလဲ မရှိဘူး၊ ဆွမ်းလဲမလောင်းဘူးဆိုတာ သိရပါတယ်၊ ကြားလား။

မှန်ပါ့ဘုရား။

အဲဒီလို ဆွမ်းလောင်း ဆင်းလာကြပြီးတော့ ဆွမ်းခွက် ကလေးများကို ကိုင်၍ အရှင်မြတ်ကြီးအား ဆွမ်းလောင်းဖို့ရန်လျှောက်တော့၊ ကိုယ်တော်အရှင်မြတ်ကြီးကလဲ တောရကိုယ်တော်ကြီးဖြစ်လေတော့ ပိယဝါစာ ချိုသာသောစကားကို တခွန်းမျှ မိန့်တော်မမူပဲ "ဟဲ့-နတ်သမီးတွေ ငါဟာ လူဆင်းရဲများကိုသာ ချီးမြှောက်လေ့ရှိတယ်၊ နင်တို့မှာ နတ်စည်းစိမ်တွေကို ခံစားနေကြရတယ် မဟုတ်လား၊ နင်တို့လို စည်းစိမ်ရှင်ဖြစ်တဲ့ နတ်သမီးတွေကို ငါမချီးမြှောက်နိုင်ဘူး သွားကြလို့" ခပ်ထက်ထက် ငေါက်ငမ်းလွှတ်လိုက်တော့ တာဝတိံသာသို့ အတင်းထွက်ပြေးကြရောတဲ့၊ ကြားလား။

မှန်ပါ့ဘုရား။

ဒီတော့မှ သိကြားမင်းက သူ၏ချစ်ဇနီးကြီး "သုဇာဒေဝီ"ကို အသာခေါ်၍ ၂-ယောက်သား လူ့ပြည်ဆင်းလာပြီး အဘိုးအို-အမယ်အို လူဆင်းရဲလင်မယားယောင် ဖန်ဆင်း၍ တဲကုပ်ကလေးတခုနဲ့ ယက္ကန်းသယ် အလုပ်ကို လုပ်ကိုင် စားသောက်နေလေဟန် ဖန်ဆင်းထားလိုက်သတဲ့၊ မြင်လိုက်ရင် သနားစရာကောင်းလောက်အောင်ပေါ့၊ ဒီတော့ ကိုယ်တော်ကြီးကလဲ တဲကုပ်ကလေး အနီးရောက်တဲ့အခါ ဩော် - ဒီအဘိုးအို - အမယ်အို လင်မယားကိုဖြင့် ငါ ချီးမြှောက်လေမှတော်မယ်လို့ တွေးတောပြီးလျှင် ဆွမ်းဝင်၍ ရပ်တော်မူသတဲ့၊ သိကြား လင်မယားမှာ ကော်သွား တော့တာပေါ့။ ကိုယ်တော်ကြီး က ဖြင့် သိကြားလင်မယားဆိုတာ မသိရှာပေဘူးတဲ့၊ သိရင်လဲ ဒီလို ဘယ်ဆွမ်းဝင်ရပ်မလဲ၊ ဟောဒီနေရာမှာ သိနိုင်တယ်ဆိုတာ သာမန်အနေအားဖြင့် သိနိုင်တာ မဟုတ်ဘူး၊ ဒိဗ္ဗစက္ခု အဘိညာဏ်နှင့်ကြည့်မှ သိနိုင်တယ်၊ ထိုအရှင်မဟာကဿပ ကိုယ်တော်ကြီးမှာလဲ အဲသလို ဒိဗ္ဗစက္ခု အဘိညာဏ်နှင့် ကြည့်တာဂလဲ မဟုတ်တော့ သိကြားပဲဆိုတာ ဘယ်သိနိုင်ပါမလဲ။

အဲဒီလို အရှင်မဟာကဿပ ကိုယ်တော်ကြီးက ဆွမ်းဝင်၍ ရပ်လိုက်လျှင် အရေခွံ အဘိုးကြီး-အမယ်ကြီး လင်မယား'မှာ အလွန်ဝမ်းမြောက်စွာ အရှင်မြတ်ကြီး၏သပိတ်ကို အသာယူပြီးလျှင် တဲကုပ်ကလေးအတွင်းသို့သွား၍ နတ်သြဇာ နတ်ဆွမ်းဘောဇဉ်တွေ သပိတ်နှင့်အပြည့်သိပ်၍ အရှင်မဟာကဿပကိုယ်တော်ကြီးအား ဆွမ်းကပ် လှူဒါန်းလိုက်သတဲ့၊ ဒီတော့ အကြံပိုင်တဲ့ သိကြားလင်မယားရဲ့ဆွမ်းအလှူကြီးဟာကပ်လိုက်သည်နှင့်တပြိုင်နက် အထမြောက်သွားတော့တာပေါ့၊ အဲဒါကြောင့် အဘိဓမ္မာ၌-

ပဋိဂ္ဂဟေတွာ အပရိဘုတ္တမ္ပိ ဒါနံနာမ ဟောတိ။

ပဋိဂ္ဂဟေတွာ၊ အလှူခံပုဂ္ဂိုလ်က အကပ်ခံပြီးလို့ရှိလျှင်။ (ဝါ)အလှူပေးပုဂ္ဂိုလ်က ကပ်လိုက်ပြီးလို့ရှိလျှင်။ အပရိဘုတ္တမ္ပိ၊ မသုံးဆောင်သော်လည်းပဲ။ ဒါနံနာမ၊ အလှူဒါန မြောက်တော့သည်မည်သည်။ ဟောတိ၊ ဖြစ်၏။

အဲဒါကြောင့် မုဉ္စစေတနာမြောက် ကပ်လိုက်ပြီးလျှင် အလှူဒါနမြောက်သွားတယ်ဆိုတာ သိရပါတယ်။ ယခု သိကြား လင်မယားလဲ သပိတ်ကိုကပ်ပြီးသည်နှင့်တပြိုင်နက် သူတို့ရဲ့ဆွမ်းအလှူဟာ အထမြောက်သွားသဖြင့် သာသနာတွင်း ဒါနရဲ့အကျိုးကို ဒိဋ္ဌမျက်မှောက် ရရှိသွားတော့တာပေါ့လေ။

အဲဒီလို သပိတ်ကို အကပ်ခံပြီးလိုက်လျှင်ပဲ ဟိုသပိတ်ထဲက နတ်ဆွမ်းဘောဇဉ်ရဲ့အနံ့က အရှင်မြတ်ကြီးရဲ့ နှာခေါင်းသို့ ရောက်လာတော့ တာပေါ့၊ ဒီတော့ အရှင်မြတ်က အဘိညာဏ်နှင့်ကြည့်တော်မူတဲ့အခါ သိကြားလင်မယားရဲ့ဆွမ်းဆိုတာ သိလေတော့ တောရကိုယ်တော်ကြီး ဖြစ်တဲ့အတိုင်း ပီယဝါစာ ချိုချိုသာသာပရှိပဲ "ဟဲ့-သူခိုးလင်မယား-နင်တို့လို စည်းစိမ်ရှင်တွေကို ချီးမြှောက်ရန် ငါဆွမ်းခံကြွလာတာ မဟုတ်ဘူး၊ မရှိနွမ်းပါး ဆင်းရဲတဲ့သူများကို ချီးမြှောက်ရန် ငါ ဆွမ်းခံကြွလာတာဖြစ်တယ်၊ နင်တို့ ဘယ်အတွက် ဆင်းရဲသူများရဲ့ချမ်းသာကို ခိုးယူရတာလဲ"လို့ ခပ်ထက်ထက် ကြိမ်းဝါးတော်မူသတဲ့။

ဒီတော့ သိကြားလင်မယားလဲ ကြောက်လှတဲ့အမူအရာနဲ့ အရှင်ဘုရား-တပည့်တော်များလဲ အလွန်ဆင်းရဲတဲ့ သိကြားလင်မယား ဖြစ်ပါတယ် ဘုရား။ ချမ်းသာကို ရအောင်ဆိုပြီး အရှင်ဘုရားကြီးအား ဒီလို ကြံဖန်၍ လှူရခြင်းဖြစ်ပါတယ်ဘုရား- လို့ လျှောက်သတဲ့။

ဒီတော့ အရှင်မြတ်ကြီးက "သယ်-ဒင်းတို့က ကိုတာဝတိံသာမှာ စံချင်တိုင်း စံနေရလျက်ကယ်နှင့် ဆင်းရဲတယ်ဆိုတာ ဘယ်လိုဟာလဲ၊ အခု ပြောကြစမ်း"လို့ ထပ်ပြီးမေးတော်မူတဲ့အခါ၊ ဒီလိုပြန်လျှောက်သတဲ့၊ မှတ်ထားကြနော်။ သာသနာပဒါနနဲ့ သာသနာတွင်းဒါန ကွာခြားပုံတွေကို။

မှန်ပါဘုရား။

အရှင်ဘုရား-တပည့်တော်ဟာ သာသနာပအခါက ဒါန-စတဲ့ ကုသိုလ်များကိုပြု၍ ယခုလို သိကြားအဖြစ်ကို ရတာပါဘုရား၊ တပည့်တော်များရဲ့ တာဝတိံသာမှာရောက်လာကြတဲ့ "စူဠရထ, မဟာရထ, အနေကဝဏ္ဏ" ဆိုတဲ့ နတ်သားများဟာ တပည့်တော်များထက် တန်ခိုးဣဒ္ဓိပါဒ် စည်းစိမ်ချမ်းသာ အခြံအရံ အရောင်အဝါ သာလွန်ပါတယ်၊ သူတို့ဟာ တပည့်တော်တို့ရဲ့ လက်အောက်ကပင်ဖြစ်သော်လဲ သူတို့ထွက်လာပြီဆိုမှဖြင့် တပည့်တော်မှာ အရောင်အဝါတွေ ညှိုးမှိန်သွားတော့ တာပါပဲ ဘုရား။ သို့အတွက် တပည့်တော်ဟာ ဝတိံပိုင်နင်း သိကြားမင်းပင် ဖြစ်သော်လဲ အလွန်ဆင်းရဲတဲ့ သိကြားဆင်းရဲ သိကြားမွဲ ကလေးပါဘုရား၊ အရှင်မြတ်ကြီးက ကယ်မ သနားတော်မူပါမှသာ ချမ်းသာရမှာပါဘုရား-လို့ လျှောက်ပြန်သတဲ့။

ဒါကြောင့် ဓမ္မပဒအဋ္ဌကထာ၌ "ကော မယာ ဒုဂ္ဂတတရော ဘန္တေ"။ ဘန္တေ၊ မုတင်တေရသ် ပဋိပတ်ကို ကျင့်အပ်လေပြီး အို-အရှင်မြတ်ကြီးဘုရား။ မယာ၊ တပည့်တော် သိကြားမွဲ့ သိကြားဆင်းရဲကလေးအောက်။ ဒုဂ္ဂတတရော၊ သာလွန်၍ဆင်းရဲသူသည်။ကော အတ္ထိ၊အဘယ်မှာရှိတော့ပါအံ့နည်း။ နတ္ထေဝ၊ တပည့်တော် သိကြားဆင်းရဲကလေးအောက် သာလွန်၍ ဆင်းရဲသူ မရှိတော့ပါဘူးဘုရား။ အဟံဝ ဒုဂ္ဂတတရမှိ၊တပည့်တော်သာလျှင် သာလွန်၍ဆင်းရဲညှိုးမှိန်ရှာတဲ့ သိကြားမင်း ဆင်းရဲကလေးသာ ဖြစ်ပါတော့သည် ဘုရား၊ ကြားလား။

မှန်ပါ့ဘုရား။

ကိုယ့်ဘက်ကို အလွန်ယက်တဲ့ သိကြားပေါ့နော်၊အခုကာလ ပြောသလို ပြောရလျှင် "ငို့ဘသမား သိကြားလို့" ပြောရမှာပေါ့။ ကြည့်ပါလား၊ သူဟာ ဆင်းရဲနေတဲ့အတွက် သူချမ်းသာအောင်လို့ ဒီလိုကြံဖန် လျှောက်ရသတဲ့၊ ကြားလား။

မှန်ပါ့ဘုရား။

ဒီတော့ အရှင်မဟာကဿပကိုယ်တော်ကြီးကလဲ သနားသလိုလိုဖြစ်လာမှာပေါ့လေ၊ ဖြစ်မှာပေါ့၊ ကရုဏာသခင် ကိုယ်တော်မြတ်ကြီးပေကိုး။

ထိုအခါကျမှ အရှင်မဟာကဿပ ကိုယ်တော်မြတ်ကြီးက ပြီးတာ ပြီးပါစေတော့၊ နောက်နောင် ကိုတော့ဖြင့် ဒီလို လှည့်ပတ်၍ မလှူနဲ့လို့ မိန့်တော်မူလိုက်သတဲ့။ ဒါနဲ့ ဖိုးသိကြားက မနေသေးဘူး၊သူ့စိတ်ထဲမှာ သံသယဖြစ်နေတဲ့ အတွက် အတင်း လျှောက်ပြန်သတဲ့။

"အရှင်ဘုရား-ဒီလို လှည့်ပတ် လှူတဲ့အလှူဟာ အကျိုး ရနိုင်ပါ့မလား ဘုရား" လို့ ပြန်လျှောက်ပြန်တော့၊ ကိုယ်တော်ကြီးက "ဟဲ့-အကျိုးမရလို့ ငါ ပြောတာ မဟုတ်ဘူး၊ အကျိုးရတာပေါ့၊ ကုသိုလ် ဖြစ်တာပေါ့၊ ကိုင်း-သွား၊ စကားများမနေနဲ့" လို့ ခပ်တိုတို ပြောလိုက်တော့ ဖိုးသိကြား လင်မယားလဲ

ကိုယ်တော်ကြီးကို ဦးချ၍ ကောင်းကင်သို့ တက်သွားပြီးလျှင် အလွန့်အလွန် ဝမ်းသာလှန်းလို့ အစကရွတ်ခဲ့တဲ့ ဥဒါန်းကလေးကို သံပြိုင်တွဲပြီးသကာလ၊–

“အဟော ဒါနံ ပရမဒါနံ၊ ကဿပေ သုပ္ပတိဋ္ဌိတံ”လို့ ၃-ကြိမ် တိုင်တိုင် ရွတ်ဆိုလိုက်တယ်တဲ့။ (ရှေးကအတိုင်းပင်)။

(ဤ၌လည်း တခန်းရပ်၍ အဘိဓမ္မာတပ်နိုင်သည်။)

## သံဃိကလှူရခြင်း အကျိုး

သံဃာ ပူဇံ မဟာဘောဂဝဍ္ဎော။

သံဃာ၊ သံဃာတော်အရှင်မြတ်အပေါင်းအား။ ပူဇံ၊ ဆွမ်းစတဲ့ဒါန ဝတ္ထုတို့ဖြင့် လှူဒါန်းပူဇော်ရခြင်းသည်။ မဟာဘောဂဝဍ္ဎော၊ များမြတ်သော စည်းစိမ်ဥစ္စာတို့နှင့် ပြည့်စုံသည်။ ဘဝေ၊ ဖြစ်၏။

အဲဒီဒေသနာတော်နှင့် အညီ “သံဃာဖက်တော့ အခက်ဝေ” ဆိုတဲ့ အတိုင်း သံဃာရတနာကို လှူဒါန်းရ ပူဇော်ရတဲ့ သူတို့မှာ စည်းစိမ်ဥစ္စာ တိုးနိုင်တယ်တဲ့၊ သိကြားမင်းနှင့် သူဇာဒေဝီတို့ အရှင်မဟာကဿပ ကိုယ်တော် ကြီး ဆွမ်းလှူလိုက်ရတဲ့အတွက် သူတို့မှာ အရင်ကထက်ပိုမို၍ နတ်စည်းစိမ်တွေ တိုးတက်လာတော့တာပေါ့။

ဟောဒီနေရာမှာ သံဃာရတနာကို လှူဒါန်းပူဇော်ရာ၌လဲ ရည်ရွယ်၍ လှူဒါန်းပုံက ၂–မျိုးရှိတယ်၊ ဘယ်လိုလဲဆိုတော့ သံဃာတော်အထဲမှ မည်သည့် ကိုယ်တော်ဟု ပုဂ္ဂိုလ်ကိုရည်၍ လှူပုံက တမျိုးတဲ့၊ ဒါကို ပုဂ္ဂလိကဒါနလို့ ခေါ် တယ်၊ သာသနာတော် ၅–ထောင်အတွင်းရှိတဲ့ သံဃာတော်တွေကိုရည်၍ လှူပုံက တမျိုးတဲ့၊ဒါကို သံဃိကဒါနလို့ခေါ်တယ်။

သိကြားမင်းနှင့် သူဇာတို့ လှူတဲ့ဆွမ်းဒါနဟာ အရှင်မဟာကဿပ ကိုယ်တော်ကြီးကိုရည်၍ လှူတာဖြစ်တယ်နော်။

မှန်ပါဘုရား။

အဲ-ပုဂ္ဂလိကဒါန,သံဃိကဒါန ၂-မျိုးဟိုတွင် သံဃိကဒါနက သာလွန်၍ အကျိုးကြီးကြောင်းကို ဒက္ခိဏာဝိဘင်္ဂသုတ်မှာ ဘုရားကိုယ်တော်မြတ်ကြီးက အရှင်အာနန္ဒာအား ဟောပြထားတာ ရှိပါတယ်။ ဒါကြောင့်-

> နတ္တေဝါဟံ အာနန္ဒ-ကေနစိပရိယာယေန သံဃဂတာယ ဒက္ခိဏာယ ပါဋိပုဂ္ဂလိကဒါနံ မဟပ္ဖလတရံ ဝဒါမိ။
>
> (ဥပရိပဏ္ဏာသ-ဒက္ခိဏာဝိဘင်္ဂသုတ်)

အာနန္ဒာ၊ အာနန္ဒာ။ အဟံ၊ ငါဘုရားသည်။ ကေနစိပရိယာယေန၊ တစုံတခုသော အကြောင်းပရိယာယ်ဖြင့်။ သံဃဂတာယ ဒက္ခိဏာယ၊ သံဃာ အားရောက်သော အလှူထက်။ ပါဋိပုဂ္ဂလိကဒါနံ၊ ပုဂ္ဂိုလ်အသီးထား၍

ခွဲခြားလှူတဲ့အလှူဒါနကို။ မဟပ္ဖလတရံ၊ သာလွန်ပြီးတော့ အကျိုးကြီးတယ်ဟူ၍။ နတွေ၀ ၀ဒါမိ၊ ဘယ်အခါတုန်းကမှ ငါဘုရားမဟောခဲ့ဘူးကွဲ-အာနန္ဒာရဲ့-တဲ့၊ ကြားလား။

မှန်ပါ့ဘုရား။

အဲဒီလို သံဃာကို ရည်မှန်း၍ လှူဒါန်းပြီလားဆိုရင် နောင် သာသနာ ကွယ်ကာနီးမှာ သင်္ကန်းကိုလည်ပင်း၌ ပဏ်ဖားတဲ့ ဒုဿီလပုဂ္ဂိုလ်များကို လှူရ တာတောင်မှ အသင်္ချေယျ-အပ္ပမေယျအကျိုးကို ရနိုင်သေးတာပဲတဲ့။ ဒါကြောင့် ရှင်းသုတ်၌ပင်-

ဘဝိဿန္တိ ခေါ ပနာနန္ဒ အနာဂတမဒ္ဓါနံ ဂေါတြဘုနော ကာသာ၀ ကဏ္ဌာ ဒုဿီလာ ပါပဓမ္မာ၊ တေသု ဒုဿီလေသု သံဃံ ဥဒ္ဒိဿ ဒါနံ ဒဒိဿန္တိ။ တဒါပါဟံ အာနန္ဒ သံဃဂတံ ဒက္ခိဏံ အသင်္ချေယျံ အပ္ပမေယျန္တိ ၀ဒါမိ။

အာနန္ဒ၊ အာနန္ဒာ။ အနာဂတမဒ္ဓါနံ၊ နောင်အစွန်ရှည်သောအခါ၌။ ဂေါတြဘုနော၊ ရဟန်း၏အနွယ်ဖြစ်ကုန်သော။ ကာသာ၀ကဏ္ဌာ၊ လည်ပင်း၌ သင်္ကန်းပတ်ထားကုန်သော။ ပါပဓမ္မာ၊ ယုတ်မာသော အကျင့်ရှိကုန်သော။ ဒုဿီလာ၊ ဒုဿီလပုဂ္ဂိုလ်တို့သည်။ ခေါပန၊ အမှန်အားဖြင့်။ ဘဝိဿန္တိ၊ ဖြစ်ကြ လိမ့်ဦးမည်။ တေသုဒုဿီလေသု၊ ထိုဒုဿီလပုဂ္ဂိုလ်တို့အား။ သံဃံဥဒ္ဒိဿ၊ သံဃာ ကိုရည်မှန်းပြီးလျှင်။ ဒါနံ ဒဒိဿန္တိ၊ အလှူဒါနကို ပေးလှူကြရလိမ့်ဦးမည်။ အာနန္ဒ၊ အာနန္ဒာ။ တဒါပိ၊ ထိုကဲ့သို့ပေးလှူကြရတဲ့ အခါ၌လဲ။ အဟံ၊ ငါဘုရား သည်။ သံဃဂတံ ဒက္ခိဏံ၊ သံဃာရည်မှန်း၍ လှူဒါန်းတဲ့ အလှူဒါနကို။ အသင်္ချေယျံ အပ္ပမေယျန္တိ၊ မရေတွက်နိုင်-မနှိုင်းယှဉ်နိုင်အောင် အကျိုးများတယ်လို့ ဆိုတာ။ ၀ဒါမိ၊ ဟောကြားတော်မူခဲ့ပေတယ်။

အဲဒီလိုသံဃာကိုရည်မှန်း၍ လှူဒါန်းတော့ ဒီသံဃာတွေအထဲမှာ အရှင် သာရိပုတ္တရာ, အရှင်မဟာမောဂ္ဂလာန်စသော ရဟန္တာအရိယာသံဃာတော်တွေ ပါ-ပါသွားတယ်၊ ဒီတော့ အဲဒီ အရိယာသံဃာတော်တွေနှင့်တကွ ကလျာဏ ပုထုဇဉ် သံဃာတော်တွေက ဒီအလှူဒါနကို သုတ်သင်သွားကြတယ်။

အဲဒါကြောင့် ဒုဿီလပုဂ္ဂိုလ်ကိုပင် လှူဒါန်းရငြားသော်လဲ အသင်္ချေယျ အပ္ပမေယျအကျိုးကို ရတယ်လို့ ဟောတာပေါ့။

(ဘုန်းကြီးများ၏)ကျေးဇူးရှင် ဩောင်လွန်းတောရဆရာတော် ဘုရား များကတော့၊ များသောအားဖြင့် သံဃိကအဖြစ်ကိုသာ အလှူခိုင်း၍ သံဃိက လှူဖို့ရန်ကိုသာ ဟောပြောတော်မူလေ့ရှိကြတယ်၊ ဆွမ်းလောင်းတဲ့အခါမှာလဲ သံဃိကဖြစ်အောင် သံဃာကို ရည်မှန်း၍ "သံဃဿ ဒေမ"လို့ဆိုပြီး လောင်းကြ

ဆိုတာ ဂေါစရဂါမ်-ဆွမ်းခံရွာက ဒကာ-ဒကာမတွေကိုလဲ မကြာမကြာ ဟောပြောဆုံးမလေ့ရှိပါတယ်။

ဒါကြောင့် (ဘုန်းကြီးများ) ညောင်လွန့်တောရမှာ စသင်နေစဉ်က ဆွမ်းခံသွားတဲ့အခါ ''သံဃာ ဒေမ''လို့ဆိုပြီးတော့ ဆွမ်းလောင်းတဲ့ ဒကာမ ကြီးတွေကို တွေ့ခဲ့ရဘူးပါတယ်။

အဲဒီလိုဆွမ်းစတဲ့ဒါနဝတ္ထုများကို လှူဒါန်းကြတဲ့အခါ သံဃာကိုရည်စူး၍ လှူဒါန်းကြရမယ်။ ဒကာဒကာ-သံဃာကိုရည်စူး၍လှူသော်လဲ သုံးဆောင်တဲ့အခါ ဝိနည်းတော်အတိုင်း အရုံတွင်းဆိုလျှင် အရုံတွင်း သံဃာသာ ဝေဖန် သုံးဆောင်ရတယ်၊ အရုံပမှာ ဆိုလျှင်တော့ ၁၂-တောင်အတွင်းပေါ့သေ။

ဒီနေရာမှာ အလှူရှင်က သံဃာကို ရည်စူး၍လှူလျှင် သံဃာတပါးထဲပင် ဖြစ်သော်လဲ သံဃိကဒါနဖြစ်ကြောင်း၊ ပုဂ္ဂိုလ်ကိုရည်စူးလျှင် ၄-ပါး-၅-ပါး ဖြစ်သော်လဲ ပုဂ္ဂလိကဒါန သာဖြစ်ကြောင်းကို ကျမ်းဂန်တို့၌ ဆိုထားပါတယ်။ ဒါကြောင့်....

တေန ခေါ ပန သမယေန အညတရော ဘိက္ခု ဂေကော ဝဿံ ဝသိ၊ တတ္ထ မနုဿာ သံဃဿ ဒေမာတိ စီဝရာနိ အဒံသု။

(ဝိနည်း-မဟာဝါ စီဝရက္ခန္ဓက)

ဒါက တပါးထဲပင် ဖြစ်သော်လဲ သံဃာရည်စူးလျှင် သံဃိကဖြစ်ပုံကို ပြထားတာပါပဲ။ ပြီးတော့....

ဘဏ္ဍေ တုမှာကံ ပတ္တံ ဒေသ၊ တုမှေ ထေောတိဝုတ္တေ ပန သာမု ဥပါသကာ တိ ဂဏ္ဍင်္ဂ။ (ဝိနည်း နိမန္တနဘတ်အဖွင့်-အဋ္ဌကထာ)

ဒါက သံဃာအများပင်ဖြစ်သော်လဲပုဂ္ဂိုလ်ကိုရည်စူးတဲ့အတွက် သံဃိက မဖြစ်ပုံကို ပြထားတဲ့စကားဖြစ်ပါတယ်။

အဲဒါကြောင့် လိုရင်းမှာ တပါးထဲပဲဖြစ်ဖြစ်, အများပဲဖြစ်ဖြစ် သံဃာ ကိုရည်စူး၍လှူလျှင် သံဃိကဒါနဖြစ်တယ်လို့ မှတ်ထားကြရမယ်။

## ဓမ္မဒါနအတွက်

ဓမ္မဒါနဆိုတာ တရားရတနာကို ရည်စူးလှူတဲ့ အလှူပါပဲ။ ဒီ-ဓမ္မဒါန အလှူအတွက်ကို ဘုရားကိုယ်တော်မြတ်ကြီး လက်ထက်တော်တုန်းက ပဏ္ဍားတယောက်က ဘုရားထံ လာ၍ ''အရှင်ဂေါတမ - ရတနာ - ၃-ပါးတို့တွင် ဘုရားရတနာကိုလဲ လှူတတ်ပါတယ်ဘုရား၊ သံဃာရတနာကိုလဲ လှူတတ်ပါတယ် ဘုရား၊ တရားရတနာကို ဘယ်လိုလှူရပါ့မလဲဘုရား''လို့လျှောက်ထားတယ်၊

ဒီတော့ဘုရားကိုယ်တော်မြတ်ကြီးက သံဃာတော်များထံ မေးလျှောက်ချေလို့ လွှဲချတော်မူလိုက်သတဲ့၊ လွှဲချမှာပေါ့လေ။ အဲဒီအခါက တရားရတနာကို လှူဖို့ရန်ညွှန်ကြားရလျှင်လဲ ဘုရားရှင်၏ညီတော် အရှင်အာနန္ဒာကိုလှူချေလို့ ညွှန်ကြားရမှာကိုး။

အဲဒါလို ဘုရားကလွှဲလိုက်တော့ သံဃာတော်များထံ သွား၍ မေးပါတယ်၊ အဲဒီအခါ သံဃာတော်များက "ပုဏ္ဏားကြီး–ဒီလိုဆိုလျှင် ဓမ္မဘဏ္ဍာဂါရိကဖြစ်တဲ့ အရှင်အာနန္ဒာ သွားလှူချေ"လို့ ခိုင်းလိုက်ကြသတဲ့။

အဲဒါကြောင့်တရားရတနာကိုလှူဒါန်းလိုကြတဲ့ ဒကာ-ဒကာမအပေါင်းတို့သည် တရားကိုရည်စူး၍ စာသင်သားတွေ စာချပုဂ္ဂိုလ်တွေ တရားဟောဓမ္မကထိကပုဂ္ဂိုလ်တွေကို ဆွမ်းစတဲ့ လှူဖွယ်ဝတ္ထုတို့ဖြင့် လှူဒါန်းပူဇော်ရမယ်၊ ဒီလိုမှမဟုတ်လျှင် စာပေ,ပိဋကတ်ကို ရေးသား၍လှူခြင်း, ပိဋကတ်စာအုပ်များကိုဝယ်၍လှူခြင်း စသည်များလဲ ဓမ္မဒါနပင်ဖြစ်တယ်လို့ မှတ်ရမယ်၊ အဲဒီလို ဓမ္မဒါနကို ပြုရတဲ့သူအပေါင်းတို့မှာ နိဗ္ဗာန်မရောက်ခင်ဘဝများ၌ ပညာထက်သန်ခြင်း,ပညာကြီးခြင်းဆိုတဲ့ အကျိုးများကို ရနိုင်ပါတယ်။ ဒါကြောင့်....

ဓမ္မဿ ပူဇံ မဟာပညဝန္တော။

ဓမ္မဿ၊ တရားရတနာအား။ ပူဇံ၊ဆွမ်းစသော လှူဒါန်းဖွယ်ရာ အဖြာဖြာတို့ဖြင့် လှူဒါန်းပူဇော်ရခြင်းသည်။ မဟာပညဝန္တော၊ ပညာကြီးခြင်းဆိုတဲ့ အကျိုးနှင့်ပြည့်စုံလေတော့သတည်း၊ ကြားလား။

မှန်ပါ့ဘုရား။

ထို့ပြင်လဲ ဟောဒီ ဓမ္မဒါနဟာ ဒါနတကာတို့ထက် သာလွန်တဲ့ဒါနလို့ဆိုတာ ဘုရားကိုယ်တော်မြတ်ကြီးက နတ်သားတယောက်လာ၍မေးလျှောက်တဲ့အတွက် ဟောကြားတော်မူထားတာ ရှိသေးတယ်။ ဒါကြောင့်....

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊ သဗ္ဗရသံ ဓမ္မရသော ဇိနာတိ။
သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ။ ဓမ္မပဒ ပါဠိတော်)

သဗ္ဗဒါနံ၊ အလုံးစုံသောဒါနဟူသမျှကို။ ဓမ္မဒါနံ၊ တရားတည်းဟူသော အလှူဒါနကသာလျှင်၊ ဇိနာတိ၊ အောင်မြင်နိုင်ပါပေသတည်း။ သဗ္ဗရသံ၊ အလုံးစုံသော အရသာဟူသမျှကို။ ဓမ္မရသော၊ တရားတည်းဟူသော အရသာကသာလျှင်။ ဇိနာတိ၊ အအောင်ယူ၍ လွှမ်းမိုးနိုင်ပါပေသတည်း။ သဗ္ဗရတိံ၊ အလုံးစုံသောမွေ့လျော်ခြင်းဟူသမျှကို။ ဓမ္မရတိ၊ တရားတည်းဟူသောမွေ့လျော်ခြင်းကသာလျှင်။ ဇိနာတိ၊အောင်မြင်လွှမ်းမိုးနိုင်ပါပေသတည်း။ အဲဒီဒေသနာတော်နှင့်အညီ ဓမ္မဒါနဆိုတာ အမြတ်ဆုံးပဲလို့ မှတ်ကြရမယ်။

ထို့ပြင် ဒီ ဓမ္မဒါနကို နိဗ္ဗာန်လှူတဲ့ဒါနလို့လဲ ဟောကြားတော်မူထားပြန်တယ်တဲ့။

**အမတံ ဒဒေါ စ သော ဟောတိ၊ ယော ဓမ္မ မနုသာသတိ။**

(ဒေဝတာ သံယုတ်)

ယော၊ အကြင်သူသည်။ ဓမ္မံ၊ တရားကို။ အနုသာသတိ၊ ဟောပြော ပြသ၏။ ဝါ၊ ပိဋကတ်ဓမ္မက္ခန္ဓာ စာအုပ်များကို လှူဒါန်း၏။ ဝါ၊ တရားကိုရည်မှန်း၍ ဆွမ်းစတဲ့ ဒါနဝတ္ထုတို့ဖြင့် လှူဒါန်းပူဇော်၏။ သော၊ ထိုသူသည်။ အမတံ၊ သေခြင်းကင်းလတ် နိဗ္ဗာန်မြတ်ကို။ ဒဒေါ စ၊ ပေးလှူသည် မည်သည်လည်း။ ဟောတိ၊ ဖြစ်လေတော့သတည်း၊ ကြားလား။

မှန်ပါ့ဘုရား။

အဲဒီ ဒေသနာကို ထောက်ထားသဖြင့် ဓမ္မဒါန ဆိုတာ နိဗ္ဗာန်ကြီးကို လှူဒါန်းတာလဲ မည်တယ်လို့ မှတ်ရမယ်။

ဟောဒီနေရာမှာ မေးစရာရှိတယ်၊ ဘယ့်နှယ်လဲ ပိဋက စာအုပ်တွေက တခြား နိဗ္ဗာန်ကတခြားပဲ။ ပိဋကစာအုပ်သွှဒါန်းတာနဲ့ ဘယ်လိုများ နိဗ္ဗာန်ကို လှူဒါန်းတာ ဖြစ်မါသလဲလို့ မေးစရာရှိတယ်။

ဒါကတော့ ဒီလိုပါ၊ ဟောဒီ မွေဒါနဖြစ်တဲ့ ပိဋကစာအုပ်တွေကိုလှူလိုက်ရော၊ ဒီတော့ ထိုစာအုပ်ထဲပါတဲ့ ကိုယ်ကျင့်တရားတွေကို ကျင့်ပြီးသကာလ ထိုပုဂ္ဂိုလ်ဟာ နိဗ္ဗာန်အထိ မျက်မှောက်ပြုသွားရတယ်ဆိုပါတော့၊ ဒါဘယ်သူက လှူလိုက်တဲ့နိဗ္ဗာန်လဲ၊ အခု ပိဋကစာအုပ်ကို လှူဒါန်းတဲ့ အလှူရှင်တို့ကလှူလိုက်တဲ့ နိဗ္ဗာန်ပဲ မဟုတ်လား။

မှန်ပါ့ဘုရား။

အဲဒါကြောင့် နိဗ္ဗာန်ကို လှူဒါန်းတာမည်တယ်လို့ ဟောတော် မူထားတာပေါ့။

အဲဒီလို ထူးထူးဆန်းဆန်း နိဗ္ဗာန်ဒါန အမြတ်ဆုံးဒါနဖြစ်တဲ့ ဓမ္မဒါနကိုလည်း ကြိုးစား၍ လှူဒါန်း နိုင်ကြပါစေဆိုတာ နိဂုံးချုပ်အနေနှင့် ဆုတောင်းလိုက်ပါသတည်း။

---

## ဗုဒ္ဓပူဇာခေါ် အပျိုးသားတဦး၏ ဆွမ်းအလှူ

ဗုဒ္ဓဿ ပူဇံ မဟာတေဇဝန္တော။

ဗုဒ္ဓဿ၊ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးအား။ ပူဇံ၊ သဒ္ဒါလှမ်း၍ ဆွမ်းစတဲ့ ဒါနဝတ္ထုတို့ဖြင့် လှူဒါန်းပူဇော်ခြင်းသည်။ မဟာတေဇဝန္တော၊ ကြီးမြတ်သော တန်ခိုးနှင့်ပြည့်စုံလေတော့သတည်း

၁၅၅၇၃

အဲဒီဒေသနာတော်အတိုင်း ဘုရားကိုယ်တော်မြတ်ကြီးအား ဆွမ်းစသော လှူဒါန်းဖွယ်ရာ အဖြာဖြာတို့ကို သဒ္ဓါထက်စွာ လှူဒါန်းပူဇော်ကြရတဲ့ ဒကာ-ဒကာမအပေါင်းကိုမှာ ဘုရားလက်ထက်တော်က တန်ခိုးအရာတွင် ဧတဒဂ်ဘွဲ့ထူးကို ရရှိတော်မူကြတဲ့ အရှင်မဟာမောဂ္ဂလာန်နှင့် ဥပ္ပလဝဏ် ထေရီမတို့လို တန်ခိုးကြီးခြင်းအကျိုးနှင့်လဲ ပြည့်စုံနိုင်တယ်။

ဟောဒီနေရာမှာ အပဒါန်ပါဠိတော် သုဘူတိဝဂ်၌လာတဲ့ ဆွမ်းဒါန ကုသိုလ်ရှင် အမျိုးသားတဦးကို ထုတ်ဖော်၍ ဟောပါဦးမည်။

ဒီကမ္ဘာက နောက်ကိုပြန်၍ ရေတွက်လျှင် ၉၄-ကမ္ဘာ ထက်တုန်းက ''သိဒ္ဓတ္ထ''အမည်တော်ရှိတဲ့ ဘုရားကိုယ်တော်မြတ်ကြီး ပွင့်တော်မူသတဲ့၊ တနေ့ သဠ် ရွှေအဆင်းကဲ့သို့ ဝါဝင်းသောအဆင်းတော်ဖြင့် တင့်တယ်စွာ ဆွမ်းခံကြွတော်မူလာသတဲ့၊ အဲဒီ ''သိဒ္ဓတ္ထ''ဘုရားကိုယ်တော်မြတ်ကြီး ကို ''အညတရ''လို့ ခေါ်ရတဲ့ အမျိုးသားတဦးက အလွန် ကြည်ညိုလှသဖြင့် အိမ်သို့ ပင့်ပြီးလျှင် ဆွမ်းတော်များကို ကပ်လှူလိုက်တယ်တဲ့၊ ထို အညတရ ခေါ်တဲ့ အမျိုးသားဟာ အဲဒီတုန်းက ဘုရားကိုယ်တော်မြတ်ကြီးကို ဆွမ်းလှူခဲ့ရတဲ့ ကောင်းမှုကြောင့် သေလွန်တဲ့အခါ နတ်ပြည်၌ နတ်စည်းစိမ်များကို ခံစားခဲ့ပြီးလျှင် အခု (ဘုန်းကြီးတို့) ဘုရားကိုယ်တော်မြတ်ကြီး လက်ထက်မှာ အမျိုးကောင်းသား ဖြစ်ပြီးသကာလ အရွယ်ရောက်တဲ့အခါ ရဟန်းပြု၍ ရဟန္တာဖြစ်ရသတဲ့၊ အခု နိဗ္ဗာန်သို့ ဝင်စံသွားလေပြီ။

ယခု ဆွမ်းဒါနကုသိုလ်ရှင်များလဲ ထို''အညတရ''ခေါ်တဲ့ အမျိုးသားကဲ့သို့ပင် လူ့နတ်စည်းစိမ်တို့ကိုခံစားကြရပြီးလျှင် နိဗ္ဗာန်တိုင်အောင်အထောက်အပံ့ဖြစ်တယ်ဆိုတာ ယုံကြည်စွာ မှတ်သားကြကုန်ရာသတည်း။

(မာနုဿိကာ စ သမ္ပတ္တိ ဆိုတဲ့ ဂါထာကို ရွတ်နိုင်သည်။)

ဆွမ်းဒါနတရား အပြီးသတ်ပြီ။

---

## ● သင်္ကန်းဒါန တရားတော်

ယခုပြုလုပ်တဲ့ကုသိုလ်က သင်္ကန်းဒါန(သင်္ကန်းကိုလှူတဲ့)ကုသိုလ်ဖြစ်တယ်၊ သင်္ကန်းဒါယကာများကတော့ ဦးဝိုင်းနှင့် ဒေါ်ငွေသောင်-တဲ့၊ ဒီတော့ သင်္ကန်းဒါနနှင့်စပ်၍ အားလုံး မှတ်သားကြရအောင်ဟာ-၊

(၁) အချက်၊ ဥစ္စာစစ် ဥစ္စာတုနှင့် ဥစ္စာလေးမျိုးကိုဟောပြလိမ့်မယ်။

(၂) အချက်၊ သင်္ကန်းဒါနရဲ့အကြောင်းကို ဟောပြီးလျှင် အဆုံးသတ်လိမ့်မယ်။

အဲဒီအစီအစဉ်အတိုင်း ရိုသေစွာမှတ်သားပြီးတော့ နာကြနော်။

မှန်ပါဘုရား။

စတ္တာရိမာနိ ဘိက္ခဝေ ဓာနာနိ လောကသ္မိံ သန္တော သံဝိဇ္ဇမာနာနိ၊
ကတမာနိ စတ္တာရိ၊ ထာဝရော ဇင်္ဂမော အင်္ဂသမော အနုဂါမိကော။

ဟောဒါက (၁)အချက်အရ ဥစ္စာလေးမျိုးနှင့်တကွ ဥစ္စာစစ် ဥစ္စာတုကို ခွဲခြား၍ပြတဲ့ ဒေသနာတော်ဖြစ်တယ်။ ဒါကို ဘာသာနက်ပြန်လို့ရှိရင်၊-

ဘိက္ခဝေ၊ ဥစ္စာစစ်ဖြစ်ဖို့အရေး မျှော်တွေး ရှုညောင်း အို-သူတော်ကောင်းတို့။ လောကသ္မိံ၊ လောက၌။ စတ္တာရိ၊ လေးမျိုးကုန်သော။ ဓာနာနိ ဓနာနိ၊ ဤဥစ္စာတု ဥစ္စာစစ်တို့သည်။ သန္တော သံဝိဇ္ဇမာနာနိ၊ ထင်ရှားရှိကြလေကုန်၏။ ကတမာနိ စတ္တာရိ၊ အဘယ်လေးမျိုးတို့လဲဆိုလျှင်။ (၁) ထာဝရော၊ လယ်ယာကိုင်းကျွန်းစသော ထာဝရဥစ္စာဒင်း။ (၂) ဇင်္ဂမော၊ ရွှေ, ငွေ, စပါး, ဆင်,မြင်း,ကျွဲ,နွား စသော ဇင်္ဂမဥစ္စာဒင်း။ (၃) အင်္ဂသမော၊ အတတ်ပညာတည်းဟူသော အင်္ဂသမ ဥစ္စာဒင်း။ (၄) အနုဂါမိကော၊ ဘဝသံသရာ အစဉ်လျှောက်ကာ လိုက်ပါနိုင်တဲ့ အနုဂါမိကဥစ္စာဒင်း။ဣမာနိ စတ္တာရိ၊ဤလေးမျိုးတို့ ပေတည်း။

ယခုဟောလိုက်တဲ့ ဥစ္စာလေးမျိုးအနက် ထာဝရ, ဇင်္ဂမ, အင်္ဂသမ ဆိုတဲ့ ရှေး ဥစ္စာသုံးမျိုးကို ဥစ္စာတု-လို့ ခေါ်ဆိုနိုင်ပါတယ်၊ ဘာ့ကြောင့်လဲလို့ဆိုလျှင် ထာဝရဥစ္စာဆိုတာကလဲ အမြဲတည်နေတဲ့ လယ်ယာကိုင်းကျွန်းစတဲ့ ဥစ္စာတွေဖြစ်တယ်၊ပြီးတော့ ဇင်္ဂမဥစ္စာဆိုတာက ရွှေပြောင်းလို့ဖြစ်တဲ့ ဆင်,မြင်း,ကျွဲ,နွား, ရွှေ,ငွေ,စပါး စသော ဥစ္စာများကို ဆိုတယ်၊ အင်္ဂသမဥစ္စာဆိုတာကတော့ တတ်ထားတဲ့ ပညာတွေပဲတဲ့၊ ဒီပညာတွေဟာ ခြေ,လက်စသော အင်္ဂါနှင့်တူတယ်တဲ့၊ ဒါတွေဟာ မိမိတို့မှာ ဘယ်မျှလောက်ပင် ရှိနေသော်လဲ ထိုပစ္စည်း ဥစ္စာတွေကို ဒီအတိုင်းသာထားလျှင် ဒီတဘဝ ဒီတသက်သာ ထိုဥစ္စာရှင်များခံစားနိုင်တယ်။ နောက်ဘဝမှာ ကိုယ့်ဥစ္စာ မဟုတ်တော့ဘူးတဲ့။ ဒါလဲ အတိတ်က ကုသိုလ်ကံကောင်းပါမှ ဒီတသက်ခံစားနိုင်တယ်၊ရန်သူမျိုးငါးပါးနှိပ်စက်ဖျက်ဆီးပြန်လျှင်လဲ ဒီတသက်တောင်မှ တသက်လုံး မခံစားရဘူး၊ ချက်ချင်း ပျက်စီး သွားနိုင်တာပဲ၊ ဒါတွေဟာ လွန်ခဲ့တဲ့ စစ်ကြီးအတောအတွင်းက မျက်မြင်တွေပဲ ဖြစ်ကြပါလိမ့်မယ်၊ဒါကြောင့် ဒီ ဥစ္စာသုံးမျိုးကို ကိုယ့်ဥစ္စာအစစ်မဟုတ်သဖြင့် ဥစ္စာတုလို့ ခေါ်ဆိုရပါတယ်။

အနုဂါမိကဥစ္စာဆိုတဲ့ နောက်ဆုံးဥစ္စာကိုတော့ ဥစ္စာစစ်လို့ ခေါ်ဆိုနိုင်ပါတယ်၊ ဘာ့ကြောင့်လဲဆိုလျှင် ထိုအနုဂါမိကဥစ္စာဆိုတာက ရှေးဥစ္စာတုထဲက ထုတ်နုတ်ခွဲခြမ်း၍ လှူဒါန်း ပေးကမ်းတာကို ဆိုတယ်။ ဒီလိုလှူဒါန်း ပေးကမ်း

လိုက်တဲ့ အနုဂါမိက ဥစ္စာခေါ် ကုသိုလ်ကောင်းမှုသည်ကား ဆိုလျှင် နိဗ္ဗာန် ရောက်သည့်ဘိုင်အောင် ဘဝသံသရာမှာ ကိုယ့်နောက်သို့ အစဉ်လိုက်ပါလျက် နေတယ်တဲ့။ ဒါကြောင့်-

ဒါနမယံဝါ သီလမယံဝါ ဘာဝနာမယံဝါ ယံပုညံ အတ္ထိ၊ တံ တတ္ထ တတ္ထ ဘဝေ အနုဂန္တာ ဝိယ ဟောတီတိ အနုဂါမိကော။

(ခုဒ္ဒကပါဌ အဋ္ဌကထာ)

ဒါနမယံဝါ၊ ဒါနဖြင့်ပြီးသည်လည်းဖြစ်သော။ သီလမယံဝါ၊ သီလဖြင့် ပြီးသည်လည်း ဖြစ်သော။ ဘာဝနာမယံဝါ၊ ဘာဝနာဖြင့် ပြီးသည်လည်း ဖြစ် သော။ ယံပုညံ၊အကြင်ကောင်းမှုသည်။ အတ္ထိ၊ရှိ၏။ တံပုညံ၊ ထိုကောင်းမှုသည်။ တတ္ထတတ္ထဘဝေ၊ ထိုထိုဘဝ၌။ အနုဂန္တာဝိယ ဟောတိ၊ အစဉ်လိုက်သကဲ့သို့ ဖြစ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ အနုဂါမိကော၊ အနုဂါမိက မည်၏။

ထို့ပြင် ဓမ္မပဒ၌လဲ ကိုယ့်နောက် အမြဲလိုက်ပါတဲ့ အရိပ်နှင့် တူတယ်လို့ ဟောတော်မူထားပါတယ်။

အဲဒီလို ဘဝသံသရာမှာ ကိုယ့်နောက်သို့လိုက်ပါနေတဲ့အတွက် နောက် ဆုံးဖြစ်တဲ့ အနုဂါမိကဥစ္စာကို''ဥစ္စာစစ်''လို့ ခေါ်ဆိုရပါတယ်။

ဒါဖြင့် တရားဟော ဓမ္မကထိကပုဂ္ဂိုလ်က ''ဥစ္စာစစ်''ချည်း ဖြစ်အောင် လုပ်ရမယ်လို့ ဟောပါသလားဆိုလျှင် ဒီလိုလဲ မဟုတ်ပါဘူး၊ ဘုရားကလဲ ဥစ္စာ စစ်ချည်းဖြစ်အောင် လုပ်ပစ်ရမယ်လို့ ဟောလိုတဲ့အာဘော် မရှိပါဘူး။

ဒါကြောင့် ဥစ္စာတု၊ ဥစ္စာစစ် နှစ်မျိုးနှင့်တကွ ဥစ္စာလေးမျိုးကို ဟော ထားတော်မူခဲ့တာပေါ့၊ အကယ်၍ တရားဟောဓမ္မကထိက က ဥစ္စာစစ်ချည်း လုပ်ပစ်ရမယ်လို့ ဟောသော်လဲ လုပ်ကြမှာမဟုတ်ပါဘူး၊အဲဒါကြောင့် ဒီနေရာ မှာ ဟောလိုရင်းကတော့ ဥစ္စာတု၊ ဥစ္စာစစ် နှစ်မျိုးရှိသည်အနက် ဥစ္စာတုချည်း မထားပဲနှင့် တချို့ကို ဥစ္စာစစ်ဖြစ်အောင် ကိုယ့်နောက် အရိပ်ကဲ့သို့ လိုက်ပါ အောင်လဲ ပြုလုပ်ကြရမယ်လို့ ဟောလိုရင်းဖြစ်ပါတယ်၊ ကြားလား။

မှန်ပါ့ဘုရား။

အဲဒါကြောင့် ယခုဟောခဲ့တဲ့အတိုင်း ဥစ္စာတု၊ ဥစ္စာစစ် နှစ်မျိုးကို သိရှိ ကြရသဖြင့် ဥစ္စာစစ်ဖြစ်အောင်လဲ ကြိုးစား အားထုတ် နိုင်ကြပါစေ ဆိုတာ နိဂုံးချုပ်အနေနှင့် ဆုတောင်းလိုက်ရပါသတည်း။

ကဲ....ကဲ ( ၂ ) အချက်ဖြစ်တဲ့ သက်န်းတရား ရောက်လာပြီ၊ မှတ်သား၍ နာကြားကြနော်။

မှန်ပါ့ဘုရား။

ဝတ္ထဒေါ ဟောတိ ဝဏ္ဏဒေါ။ (သံယုတ်)

ဘိက္ခဝေ၊ အိုး-တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့။ ဝတ္ထဒေါ၊ အဝတ်သက်န်းကို လှူဒါန်းတဲ့သူသည်။ ဝဏ္ဏဒေါ၊ အဆင်းကို ပေးလှူတာမည်သည်။ ဟောတိ၊ ဖြစ်၏။

အဲဒီဒေသနာတော်နှင့်အညီ ယခုလိုသက်န်းကိုလှူဒါန်းရတဲ့ သူအပေါင်းတို့မှာ အဆင်းကိုပေးလှူတာ မည်တဲ့အတွက် ဘဝသံသရာမှာ အဆင်းလှခြင်းအကျိုးကို ရနိုင်ပေတယ်။

## သက်န်းအကျိုး အဆင်းလှပုံ မယ်ဥမ္မာဒန္တီ ဝတ္ထု ကောက်နုတ်ချက်

"ဥမ္မာဒန္တီ" ဆိုတဲ့အမျိုးသမီးကလေးဟာ တော်တော်လဲနာမည်ကြီးပါတယ်၊ လူတိုင်းလိုလိုပင် သိရှိကြပြီးလဲဖြစ်ပါလိမ့်မယ်၊ သူက-အခုလိုသက်န်းဒါနအလှူကို ပြုလုပ်ခဲ့ဘူးတဲ့အတွက် ဒီလို ရုပ်အချောမှာ နာမည်ကြီးခဲ့ရခြင်းဖြစ်သတဲ့၊ သူက ဘယ်လိုလှူခဲ့ဘူးသလဲဆိုရင် ရှေးဘဝက ဝတ်ပန်းထမီကလေးကို သက်န်းအမှတ်ဖြင့် လှူခဲ့သတဲ့၊ အဲဒီကောင်းမှုကြောင့် အခုလို "မယ်ဥမ္မာဒန္တီ" ဘဝသို့ရောက်လာတဲ့အခါ ရုပ်ရေအဆင်းမှာ ပြောလို့မကုန်နိုင်လောက်အောင် ပင် လှပသတဲ့၊ အဲသလို ဥမ္မာဒန္တီဟာ ရုပ်ရေလှပတဲ့အတွက် "သိဝိ" မင်းကြီး ရထားစီး၍ မြို့တော်လှည့်လည်တဲ့အခါ မယ်ဥမ္မာဒန္တီကလဲ ပြတင်းပေါက်က ကိုယ်တပိုင်းပေါ်ထွက်ကာ မျက်နှာကလေး ခပ်ပြုံးပြုံးနှင့်ကြည့်လိုက်တော့၊ သိဝိမင်းကြီးမှာ သတိမေ့ပြီး ရထားပေါ်က ဂွမ်းပြန်ကျတော့မလို ဖြစ်သွားသတဲ့။ ကဲ-ဘယ်လောက်များလှတယ်ဆိုတာ ကြည့်တော့လေ။ ဝတ္ထုအကျယ်ကိုတော့ လူတိုင်းလိုသိကြပြီးဖြစ်ပါတယ်။ ယခုကာလ လှချင်ကြတဲ့ အပျိုးသမီးကလေးတွေလဲ မယ်ဥမ္မာဒန္တီလို လှကြအောင်ဟာ သက်န်းကိုသာ ကြိုးစား၍လှူဒါန်းကြပေတော့လို့ နိဂုံးချုပ်အနေနှင့် တိုက်တွန်းလိုက်ပါတယ်။

ထို့ပြင်လဲပဲ ဒီလိုသက်န်းကို လှူဒါန်းကြရတဲ့ သက်န်း ဒကာ-ဒကာမတို့မှာ နိဗ္ဗာန်မရောက်ခင်အကြား ဘဝများ၌ အဝတ်တန်သာနှင့် ပြည့်စုံခြင်း, ပဒေသာပင်ပေါက်ခြင်းစသောအကျိုးများနှင့်လဲ ပြည့်စုံနိုင်သတဲ့၊ ဘယ်အတွက်ကြောင့်လဲဆိုရင် မိမိလှူဒါန်းခဲ့တာက အဝတ်သက်န်းကိုး။ ဒီလိုအဝတ်သက်န်းတည်းဟူသော အလှူဒါန ကုသိုလ်မျိုးစေ့ကိုစိုက်ပျိုးခဲ့တော့ ဘဝသံသရာမှာ ထိုစိုက်ပျိုးခဲ့သော ကုသိုလ်မျိုးစေ့နှင့်တူတဲ့ အကျိုးကို ရနိုင်တာကိုး။ ဒါကြောင့် မြတ်စွာဘုရားက-

ယာဒိသံ ဝပ္ပတေ ဗီဇံ၊ တာဒိသံ ဟရတေ ဖလံ။
(ပဉ္စကနိပါတ် ဝေနသာခဇာတ်)

ယာဒိသံ၊ အကြင်သို့သဘောရှိသော။ ဗီဇံ၊ မျိုးစေ့ကို။ ဝပ္ပတေ၊စိုက်ပျိုး၏။ တာဒိသံ၊ ထိုသို့သဘောရှိသော။ ဖလံ၊ အသီးကို။ ဟရတေယထာ၊ဆောင်သကဲ့သို့။ ဟရတေ၊ အချိန်ရောက်က ပေါ်ပေါက်အောင် ရွက်ဆောင်လာလေတော့သတည်း။

ထိုပြင် အဘိဓမ္မာ အဋ္ဌကထာကြီးများက "ကမ္မသရိက္ခက ဝိပါက" အားဖြင့်လဲ ပြုခဲ့တဲ့အကြောင်းနှင့်တူစွာ အကျိုးဝိပါက်များ ရရှိတယ်ဆိုတာကိုလဲ မိန့်ဆိုထားပါတယ်။

ဒါကြောင့်၊

အပရောပိ ကမ္မသရိက္ခက ဝိပါက ဝသေန ကမ္မနိယမော ဟောတိ။
(အဘိဓမ္မာ အဋ္ဌကထာ)

ကမ္မသရိက္ခကဝိပါက ဝသေန၊ မိမိတို့ပြုခဲ့တဲ့အကြောင်းကံနှင့် တူသော အကျိုးဝိပါက်၏အစွမ်းအားဖြင့်။ အပရောပိ၊ တပါးလည်းဖြစ်သော။ကမ္မနိယမော၊ ကမ္မနိယမသည်။ ဟောတိ၊ဖြစ်၏-တဲ့၊ ကြားလား။

မှန်ပါ့ဘုရား။

---

## သက်နိုးအကျိုး ပဒေသာပင်ပေါက်တဲ့ နန္ဒရာဇ်မင်းဝတ္ထု၊ ကောက်နုတ်ချက်

ဗာရာဏသီပြည့်ရှင် ဘုရင်နန္ဒရာဇ်မင်းကား သက်နိုးလှူဘူးတဲ့ ကောင်းမှုရှိသူဖြစ်ပေတယ်။ သို့အတွက် သူသည် မင်းဖြစ်စအခါတုန်းက ဗာရာဏသီပြည်၌ ရှေးမင်းအစဉ်အဆက် ဝတ်ဆင်ရမြဲဖြစ်တဲ့ အဝတ်များကို ကြမ်းတန်းလှတယ်ဆိုပြီးတော့ မသုံးဆောင်နိုင်တဲ့အတွက် ရွှေကရားနှင့်ရေကိုထည့်ပြီးလျှင် "ငါသည် သက်နိုးဒါန ပြုခဲ့ဘူးသူမှန်လျှင် ပဒေသာပင်တွေ ပေါက်လာပါစေသတည်း"လို့အဓိဋ္ဌာန်၍ရွှေကရားမှ ရေကိုသွန်းလောင်းလိုက်လျှင်ရေပေါက်မြေကြီးသို့ကျရောက်သည်နှင့် တပြိုင်နက် အရှေ့အရပ်မှ ပဒေသာပင်ရှစ်ပင် တခါထဲပေါက်လာတာပဲတဲ့၊ ထို့အတူ တောင်အရပ်, အနောက်အရပ်,မြောက်အရပ်တို့၌လဲ အဓိဋ္ဌာန်၍ ရေသွန်းလောင်းချတဲ့အခါ ထို့အတူပင် ပဒေသာပင်တွေ ရှစ်ပင်စီပေါက်လာတာပဲတဲ့။

အဲဒီလို ပဒေသာပင်တွေ ၃၂-ပင် တခါတဲပေါက်လာကြသတဲ့။ ၎င်းပဒေသာပင်တို့၏ အထက်ဆုံးအပိုင်းက မင်းနှင့်ထိုက်တန်တဲ့ အသုံးအဆောင်

တွေ့သီးလာ,ပါလာသတဲ့၊ အလယ်ပိုင်းကတော့ မှူး-မတ်တွေ, စစ်သူကြီးတွေ ဖို့တဲ့၊ အောက်အပိုင်းကတော့ ပြည်သူ လူထုတွေဖို့ သီးလာ, ပါလာသတဲ့၊ ကြားလား။

မှန်ပါ့ဘုရား။

အဲဒီလို အကျိုးတွေကို ရတာဟာ ဘယ်ကောင်းမှုကြောင့်လဲ ဆိုလျှင် သက်န်းလှူဘူးတဲ့ ကောင်းမှုကြောင့်တဲ့၊ ကြားလား။ အားကျစရာပဲနော်။

မှန်ပါ့ဘုရား။

ထိုနန္ဒရာဇ်မင်းသည်ဤကမ္ဘာ၌ပင်လျှင်လူတို့ရဲ့အသက် အနှစ်နှစ်သောင်း တမ်းတုန်းက ဗာရာဏသီပြည်၏အနီး ရွာငယ်တခု၌ ပစ္စည်းဥစ္စာ ချမ်းသာတဲ့ ပုဏ္ဏားမျိုး၌ဖြစ်၍ တောထဲ၌ ကျောင်းတကျောင်းမှာ သင်္ကန်း ချုပ် နေတဲ့ ရှင်ပစ္စေကဗုဒ္ဓါကိုယ်တော်တပါးကို တွေ့မြင်ရာ၊ထိုအရှင်ပစ္စေကဗုဒ္ဓါကိုယ်တော် မှာ အနားပတ်တပ်ရန် လိုနေတဲ့အတွက် သဒ္ဓါတရားထက်ခါ မိမိမှာပါလာတဲ့ အပေါ်ရုံအဝတ်ကို တပိုင်းဖြတ်၍ သက်န်းအနားပတ်တပ်ရန် လှူလိုက်သတဲ့။ အဲဒီကောင်းမှုကြောင့် တာဝတိံသာနတ်ပြည်၌ ဖြစ်ပြီးလျှင် ယခု နန္ဒရာဇ်မင်း ဘဝသို့ရောက်လာ၍ ဟောခဲ့တဲ့အကျိုးတွေကို ရရှိခဲ့ပေတယ်။

ထိုနန္ဒရာဇ်မင်းဟာ အခုငါတို့ဘုရားလက်ထက်မှာ ငယ်နာမည်"ပိပ္ပလိ" ဟု တွင်လျက် နောင်အခါဘုရားထံသို့သွား၍ ရဟန်းပြုလေသော်"အရှင်မဟာ ကဿပ"ဟု ထင်ရှားတဲ့ ဓုတင် ၁၃-ပါးကိုဆောင်နိုင်သော သာသနာပြုရဟန္တာ ကြီးတပါးဖြစ်လာသတဲ့။ ယခုအခါ နိဗ္ဗာန်သို့ဝင်စံတော်မူသွားလေပြီ။

ထိုအပြင် ဤကဲ့သို့ သက်န်းအလှူဒါနမျိုးဟာ မိန်းမဖြစ်လို့ရှိလျှင် အဖိုး များ ဥာထိုက်တဲ့ မဟာလတာ တန်ဆာကို ဝတ်ဆင်ရခြင်းအကျိုး ရှိပေတယ်။ ယောကျ်ားဖြစ်လျှင် တန်ခိုးဖြင့်ပြီးတဲ့ သပိတ်,သက်န်းကိုရခြင်းအကျိုးရှိပေတယ် တဲ့၊ ဒါကြောင့် အဋ္ဌကထာကြီးများ၌....

> ဣတ္ထီနံ ဟိ စီဝရဒါနံ မဟာလတာ ပသာဓနေဘဏ္ဍေန မတ္ထကံ ပပ္ပောတိ၊
> ပုရိသာနံ ဣဒ္ဓိမယပတ္တ စီဝရေနာတိ။

(ဓမ္မပဒ အဋ္ဌကထာ-ဝိသာခါဝတ္ထု)

ဟိ၊ သက်န်းဒါန၏အကျိုးကို ပြဆိုပါဦးအံ့။ ဣတ္ထီနံ၊ မိန်းမတို့၏။ စီဝရ ဒါနံ၊ သက်န်းဒါနသည်။ မဟာလတာပသာဓန ဘဏ္ဍေန၊ မဟာလတာတန်ဆာ ကြီးကို ဝတ်ဆင်ရခြင်းဖြင့်။ မတ္ထကံ၊ အထွတ်အထိပ်သို့။ ပပ္ပောတိ၊ ရောက်၏။ ပုရိသာနံ၊ ယောကျ်ားတို့၏။ ဝါ၊ ယောကျ်ားတို့အား။ စီဝရဒါနံ၊ သက်န်းဒါန သည်။ ဣဒ္ဓိမယပတ္တစီဝရေန၊ တန်ခိုးဖြင့်ပြီးတဲ့ သပိတ်,သက်န်းကို ရခြင်းဖြင့်။ မတ္ထကံ၊ အထွတ်အထိပ်သို့။ ပပ္ပောတိ၊ ရောက်၏-တဲ့။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သက်န်းအကျိုးများကိုမိန်းမ-ယောကျ်ားခွဲခြား၍သာသိအပ်ပေတော့သတည်း။

ဟောဒီနေရာမှာ သက်န်းဒါနကြောင့် -"မဟာလတာ" တန်ဆာကြီး ဝတ်ဆင်ရပုံကိုလဲ ဝိသာခါကျောင်းအမကြီးကိုပင် ထုတ်ပြနိုင်ပါတယ်။ အဲဒီ ဝိသာခါကျောင်းအမကြီးဟာ ဟိုကဿပဘုရင်တော်ဘုရား လက်ထက်တော်တုန်းက ရဟန်းတော်နှစ်သောင်းအား သင်္ကန်းပိတ်နှင့် အပ်ချည်, အပ်,ဆိုးရေများကို လှူဒါန်းခဲ့သတဲ့၊ အဲဒီသင်္ကန်းဒါန၏ အကျိုးဆက်ကြောင့် မဟာလတာ တန်ဆာကြီးကို ဝတ်ဆင်ရကြောင်း ဓမ္မပဒအဋ္ဌကထာကြီး၌ ပြဆိုထားပါတယ်။

ဟောဒီနေရာမှာ မဟာလတာတန်ဆာအကြောင်းကိုဟောပြပါဦးမယ်၊ ဒီ မဟာလတာ တန်ဆာဆိုတာ-သာမန်မိန်းမများမဝတ်ဆင်နိုင်ဘူး၊ဆင်ပြောင်ငါးစီးအားကို ဆောင်နိုင်တဲ့ မိန်းမမှသာ ဝတ်ဆင်နိုင်တယ်။ ဝိသာခါမှာတော့ ဆင်ပြောင်ငါးစီးအားကို ဆောင်နိုင်ဘဲ့အတွက် ဒီတန်ဆာကြီးကို ဝတ်ဆင်နိုင်တယ်၊ဒီ မဟာလတာ တန်ဆာကို သိမ်းဆည်းရတဲ့ကျွန်မကလဲ ဆင်ပြောင်ငါးစီးအားကို ဆောင်နိုင်သတဲ့။ ဒါကြောင့်လဲပဲ ဒီတန်ဆာကြီးကို သိမ်းဆည်းနိုင်တာပေါ့။ ဒီမဟာလတာ တန်ဆာကြီးဟာ လှည်း ၉-စီးမျှလောက် တိုက်ရသတဲ့၊ အဖိုးမှာ ၉-ကုဋေထိုက်၍ လက္ခမှာ တသိန်း ပေးရသတဲ့။ ဒါကြောင့်-

ပသာဓနံ နဝကောဋိအဂ္ဃနကံ အဟောသိ၊ သတသဟဿံ ဟတ္ထကမ္မမူလံ ဒိယျံ။ (ဓမ္မပဒ အဋ္ဌကထာ)

ပသာဓနံ၊ မဟာလတာ တန်ဆာကြီးသည်။ နဝကောဋိအဂ္ဃနကံ၊ ၉-ကုဋေ အဖိုးထိုက်သည်။ အဟောသိ၊ ဖြစ်ပြီ။ ဟတ္ထကမ္မမူလံ၊ ဟတ္ထကမ်အဖိုးကိုကား။ ဝါ၊ လက္ခကိုကား။ သတသဟဿံ၊ တသိန်း။ ဒိယျံ၊ ပေးအပ်လေသတည်း၊ ကြားလား။

မှန်ပါ့ဘုရား။

ပီးတော့ ဒီတန်ဆာကြီးကို ရွှေပန်းထိမ်သည် ငါးရာတို့သည် ၄-လကြာ အောင်ပြုလုပ်မှ ပြီးဆုံးခြင်းသို့ရောက်သတဲ့၊ ပီးတော့ ဒီ မဟာလတာ တန်ဆာကို ဝတ်ဆင်ထားတဲ့အခါမှာ က,နေတဲ့ ဥဒေါင်းကဲ့သို့ ထင်ရသတဲ့၊ သင်္ကန်းဒါန ပြုခဲ့တဲ့အတွက် ဒီဘူးဆန်းတဲ့ မဟာလတာကန်ဆာကို ဝိသာခါကျောင်းအမကြီးမှာ ဝတ်ဆင်ရသကဲ့၊ ကြားလား။

မှန်ပါ့ဘုရား။

အဲဒီလို "မဟာလတာ"တန်ဆာကို ဝတ်ဆင်ရတဲ့ မိန်းမများမှာ ဤမြေ အပြင်ဝယ် သုံးယောက်သာရှိခဲ့တဲ့အကြောင်း အဋ္ဌကထာကြီးများ၌ ပြဆိုထားပါတယ်။ ဒါကြောင့်-

တဠိ ပသာဓနံ ပသာဓေတုံ အနုစ္ဆဝိကာ ဣတ္ထိယော နာမ ဒုလ္လဘာ။ ပထဝီမဏ္ဍလသ္မိံ ဟိ တိဿောဝ ဣတ္ထိယော မဟာလတာ ပသာဓနံ လဘိံသု။ (ဓမ္မပဒ)

တံပသာဓနံ၊ထိုမဟာလတာ တန်ဆာကို။ပသာဓေတုံ၊ဆင်မြန်းခြင်းငှာ။ အနုစ္ဆဝိကာ၊ လျောက်ပတ်ကုန်သော။ ဣတ္ထိယော နာမ၊ မိန်းမတို့ မည်သည်။ ဒုလ္လဘာ၊ ရနိုင်ခဲကုန်လေတော့သတည်း။ ဟိသစ္စံ၊ မှန်၏။ ပထဝီမဏ္ဍလသ္မိံ၊ မြေအပြင်၌။တိဿောဝ ဣတ္ထိယော၊သုံးယောက်သော မိန်းမတို့သည်သာလျှင်။ မဟာလတာ ပသာဓနံ၊ မဟာလတာ တန်ဆာကို။ လဘိံသု၊ ရကြလေကုန်ပြီ။ ကြားလား။

မှန်ပါ့ဘုရား။

အဘယ် မိန်းမသုံးယောက်တို့ပါလဲဆိုလျှင်-

(၁) အခုဟောခဲ့တဲ့ ဝိသာခါ ကျောင်းအမကြီး။

(၂) ဗန္ဓုလစစ်ဗိုလ်ချုပ်ကြီး၏ဇနီးဖြစ်တဲ့ မလ္လိကာအမျိုးသမီးကြီး။

(၃) ဗာရာဏသီသဌေးကြီး၏သမီးဖြစ်တဲ့ အမျိုးသမီးဘဲ။

အဲဒီ မိန်းမသုံးယောက်သာလျှင် မဟာလတာ တန်ဆာကို ဆင်မြန်းခဲ့ရဘူးတယ်။

တန်ခိုးဖြင့်ပြီးတဲ့ သပိတ်,သင်္ကန်း,ပရိက္ခရာများကိုရတဲ့ ယောကျာ်း များကတော့ များပြားပါတယ်၊ ဒါက ဟေိဘိက္ခုဟောန်းများကိုဆိုတာကို။ ဒီ-ဟေိဘိက္ခုဟောန်းများကတော့ ဘုရားလက်ထက်က အများကြီးပဲရှိပါတယ်၊ထင်ရှားလဲ ထင်ရှားပါပြီ။

ယခု ဟောခဲ့ဒီ ဒုကုဋ္ဌခေါ် ၂-ထပ် သင်္ကန်းကြီးကို အသပြာငွေကြေးအဖိုးငါးရာပေး၍ ဝယ်ယူပြီး လှူဒါန်းကြရတဲ့ ဒုကုဋ်သင်္ကန်းကြီး ဒါယကာ-ဒါယိကာမဖြစ်ကြကုန်သော ဦးဝိုင်းနှင့်ဒေါ်ငွေသောင်တို့လဲ နိဗ္ဗာန်မရသေးခင် ဘဝများ၌ နန္ဒရာဇ်မင်းကြီးကဲ့သို့ ပဒေသာပင်ပေါက်ခြင်းစသော အကျိုးများကို ရရှိပြီးလျှင် အဆုံးစွန်သောဘဝ၌ ယောကျာ်းဖြစ်လျှင် အရှင်ယသ စသည်တို့ ကဲ့သို့ ဟေိဘိက္ခုရဟန်းဖြစ်၍ တန်ခိုးဖြင့်ပြီးတဲ့ သပိတ်,သင်္ကန်းများကိုရလိုလျှင် လဲ ရနိုင်ပါလိမ့်မယ်။ မိန်းမဖြစ်လျှင် အခုဟောခဲ့တဲ့ ဝိသာခါ, မလ္လိကာတို့လို "မဟာလတာ တန်ဆာ"ကို ရနိုင်ခြင်းဆိုတဲ့ အကျိုးတို့နှင့်လဲ ပြည့်စုံလိမ့်မယ် ဆိုတာ ယုံကြည်သောသဒ္ဓါတရားကို ဖြစ်စေကြရမယ်၊ ကြားလား။

မှန်ပါ့ဘုရား။ ပြီးတော့-

ဒါန် သဗ္ဗတ္ထသာဓကံ။

ဒါန်၊ နည်းများမဟူ ပေးလှူဒါန ဟူသမျှသည်။ သဗ္ဗတ္ထသာဓကံ၊ အလုံးစုံသောအရာ၌ ပြီးစေနိုင်တော့လေသတည်း။

အဲဒီအတိုင်း အလုံးစုံ အလိုရှိအပ်သော အကျိုးတွေကိုလဲ ရရှိနိုင်တယ် ဆိုတာ ယုံကြည်ကြကုန်ရာသတည်း။

**အဘိဓမ္မာတစ်ရန်**

ယခုဟောပြီးခဲ့တဲ့ ဒေသနာတော်မြတ်သည်ကား-သုတ္တန်ဒေသနာတော် ဖြစ်သည်။ ထိုမှတပါး အလွန်တရာ ကြားနာရခဲ့တဲ့ အဘိဓမ္မာပဋ္ဌာန်း ဒေသနာ တော်မြတ်သည်ကား....

ပုရိမာပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဥပနိဿယ ပစ္စယေန ပစ္စယော-စသည်တည်း။

ဤသို့လျှင် သုတ္တန် အဘိဓမ္မာတရားများကို ရိုသေစွာကြားနာရတဲ့ ဓမ္မသဝန ကုသိုလ်စေတနာ၊ သရဏဂုံ ၃-ပါးနှင့်ဟက္ခ ငါးပါး (ရှစ်ပါး)သီလကို ဆောက်တည် စောင့်ထိန်းကြရတဲ့ သီလကုသိုလ်စေတနာ၊ ယခုလို သက်န်း စတဲ့ ဒါနဝတ္ထုတို့ဖြင့် လှူဒါန်းကြရတဲ့ ကုသိုလ်စေတနာ၊ သမထဝိပဿနာတရားများ ကို တတ်အားသမျှ ပွားများ ရှုမှတ်ကြရတဲ့ ဘာဝနာ ကုသိုလ်စေတနာ။ ဤသို့ ပေါင်းအပ်များမြတ်သော ကုသိုလ်စေတနာ၏အစွမ်းကြောင့် နိဗ္ဗာန်မရသေး ခင် ဘဝများ၌ လူကောင်း,နတ်ကောင်းများဖြစ်ကြပြီးလျှင် သူတော်ကောင်းတို့ နှင့်တွေ့ရ၍ သူတော်ကောင်းတို့ ဟောကြားဆုံးမသောတရားစကားကိုလိုက်နာ မှတ်သားနိုင်ကြပြီးလျှင် သူတော်ကောင်းတရား ဒါန,သီလ,ဘာဝနာ ခေါ်တဲ့ ကုသိုလ်များကို ကြိုးစား အားထုတ်နိုင်ကြပြီး သကာလ မဂ်ဉာဏ်, ဖိုလ်ဉာဏ် ပေါက်၍ နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုရပါလို၏-ဟူ၍ ဆုတောင်းကြ ကုန်ရာသတည်း။

(သာဓု ၃-ကြိမ်ခေါ်စေ)

အမှာ။ ။ဤသက်န်းဒါန တရားကား-ဘုန်းကြီး ရဟန်းဖြစ်ကာစ တဝါမှ မရသေးခင်တုန်းက ရဟန်းဒါယိကာမကြီး၏သားကြီး ဦးဝိုင်း နှင့် ဇနီး ဒေါ်ငွေသောင်တို့၏ အိုး ၄ ရာတန် ဒုကုဋ် ၂-ထပ် သက်န်းကြီးကို လှူသောအခါ ဟောကြားအပ်သော သက်န်း တရား ဖြစ်ပါသည်။ ၎င်းသက်န်းကြီးကိုကား ဘုန်းကြီး ရဟန်း ၁၁-ဝါရတွင် တပည့်ကြီး စချပုဂ္ဂိုလ် ရှင်မာလာသာမိအား ဓမ္မပူဇာအဖြစ်ဖြင့် ရည်၍ လှူဒါန်းလိုက်ပြီးဖြစ်သည်။

**သက်န်းဒါနတရား အပြီးသတ်ပြီ။**

## ၃။ ကျောင်းဒါန တရားတော်

ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊ ဟိတာယ သဗ္ဗပါဏိနံ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

လောကေ၊ မဟာသဟဿီ သိန်းကောဋိစက္ကဝါ ဝိသယာနန္တ များလှဘိခြင်း လောကကြီးအတွင်း၌။ သဗ္ဗပါဏိနံ၊ သက်တမ်းဂုဏ်ရည် တိုရှည်နိမ့်မြင့် အဆင့်ဆင့်ခြားနား သတ္တဝါအစားစားတို့၏။ ဟိတာယ၊ မျှော်လင့်မှန်းထား စခန်းသွားအလိုက် ထိုက်ရာထိုက်ရာ ချမ်းသာနှစ်တန် ဝေဖန်ပိုင်းခြားပရိုင်းသားသကဲ့သို့ ကြီးပွားမချိစီးပွားအလို့ငှာ။ဗုဒ္ဓေါ၊နေတဆူ-လ တစင်းကဲ့သို့ပြိုင်ဘက်ကင်း ဖြစ်တော်မူသော မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသည်။ သမုပ္ပန္နော၊ အကြောင်းပါရမီ အစစစုံညီသဖြင့် မြေမဟီဟစ်ကြွေး လောကကို အသိပေး၍ ပျံ့မွှေးလှိုင်ကြူ ရဲရဲကြီးတံခွန်ထူလျက် ပွင့်ထွန်းပေါ်ပေါက်တော်မူလေသတည်း။

ဧတေန သစ္စဝဇ္ဇေန၊ ဤသို့ထုတ်ပြန် ဟုတ်မှန်စွာ ဆိုခဲ့ရတဲ့ သစ္စာစကားကြောင့်။ တေ-တုမှာကံ၊ သင်-တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့အား။သဗ္ဗဒါ၊အခါခပ်သိမ်း။သောတ္ထိ၊ကိုယ်စိတ်နှစ်ဖြာချမ်းသာခြင်းရှိသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ (သာဓဝေါ၊ တရားနာ ပရိတ်သတ်အပေါင်း သူတော်ကောင်းတို့သည်။ဒေသိယမာနံ၊ယခုဟောပြောလတ့ံသော တရားတော်မြတ်ကို။ သက္ကစ္စံ၊ ရိုရိုသေသေ။ သုဏန္တု၊ ကြားနာကြပါစေကုန်သတည်း။)

ဟောဒါက ရှင်တော်မြတ်ဘုရားကြီး ဖြစ်ထွန်းပေါ်ပေါက်တော်မူလာပုံကို ဖွဲ့စီ၍ ချီးကျူးလိုက်တာဖြစ်တယ်တဲ့။

အဲဒီလို ချီးကျူးလိုက်တဲ့အတိုင်း မိမိရော-သူတပါးရော နှစ်ဦးသောသူတို့ရဲ့ ထူးခြားသော ချမ်းသာရေးကို မျှော်တွေး တောက်ထားကာ ထမြောက်အောင်ကြိုးစားရာ၌ ယောကျ်ားကောင်းစင်စစ် ဖြုပ်ကြီး ဖြစ်တော်မူသည်နှင့်အညီ၊ ဇမ္ဗူဒီပါမြေအလုံးကို ချေမှုန်းပစ်နိုင်တဲ့ ဝီရိယစွမ်းအား၊ ထို့ပြင် အဇ္ဈတ္တကိုယ်တွင်းရှိ လိုရင်းဖြစ်တဲ့ အသဲနှလုံးတို့ကိုပင် အဆုံးတိုင်ဖောက်ခွဲ၍ စွန့်ကြဲပေးကမ်းနိုင်သော သနားခြင်းခေါ်တဲ့ မဟာကရုဏာစွမ်းအား၊ ထို့ပြင် မြေပြင်,ရေပြင်,ဝေဟင် ဆို့ပိတ် ကြောင်းနိမိတ်တို့ကို ကောင်းဟိတ်ဖွေရှာတော်မူပြီးလျှင် သေအချာသိစွမ်းနိုင်တဲ့ ပညာစွမ်းအား။ အဲဒီအားအစွမ်းတို့ဖြင့် တဘက်ကမ်းရောက် စခန်းပေါက်အောင် ထုန်းဖောက်ကြိုးစားတော်မူတဲ့အတွက် တရားမင်းဓမ္မရာဇ် ဘုရားအဖြစ်သို့ရောက်ကော်မူသော ငါတို့၏ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသည်-

(လိုရာတရားကို ဆက်ပြီး ဟောနိုင်သည်။)

အတ္တဒတ္ထံ ပရတ္ထေန၊ ဗဟုနာပိ န ဟာပယေ။
အတ္တဒတ္ထ မဘိညာယ၊ သကတ္ထပသုတော သိယာ။
ဟောဒါက သူများအလုပ်နဲ့ ကိုယ်ကျိုးမယုတ်ဖို့ရာ ရှင်တော်ဘုရားက ဟောကြားဆုံးမတော်မူခဲ့တဲ့ အချက်ပါပါ။

အဲဒါကြောင့် ယခုတရားပွဲမှာ-

(၁) အချက် သူများအလုပ်ကြောင့် ကိုယ်ကျိုးမယုတ်စေရပဲ သူ့ကျိုး ကိုယ့်ကျိုး နှစ်မျိုးလုံး လုပ်ရမဲ့တရားကို ဟောပြရလိမ့်မယ်။

(၂) အချက် ကျောင်းဒါနအတွက်ကိုဟောပြော၍ အဘိဓမ္မာတပ်ကာ အဆုံးသတ်ရလိမ့်မယ်။

ဘိက္ခဝေ၊ သူကျိုး-ကိုယ်ကျိုး ၂-မျိုးရှုညောင်း အို-သူတော်ကောင်း အပေါင်းတို့။ ဗဟုနာပိ၊ များစွာလည်းဖြစ်သော။ ပရတ္ထေန၊ သူတပါးတို့၏ အကျိုးကြောင့်။ အတ္တဒတ္ထံ၊ ကိုယ့်အကျိုးကို။ နဟာပယေ၊ မဆုတ်ယုတ်စေရာ။ အတ္တဒတ္ထံ၊ ကိုယ့်အကျိုးကို။ အဘိညာယ၊ သိပြီးလျှင်။ သကတ္ထပသုတော၊ကိုယ့် အကျိုး၌လေ့ကျက်သည်။ သိယာ၊ ဖြစ်ရာ၏၊ ကြားလား။

မှန်ပါ့ဘုရား။

ဟောဒီနေရာမှာ သူများအကျိုး သူများအတွက်အလုပ်တွေနဲ့ ကိုယ်ကျိုး ကိုယ့်အတွက် အလုပ်များကို ခွဲခြား၍ သိထားကြရမယ်တဲ့။ သူများအကျိုး, သူများအလုပ်တွေမှာ လယ်လုပ်ခြင်း, ကုန်သွယ်ခြင်း စတဲ့ အလုပ်တွေပဲတဲ့၊ ဒီအလုပ်တွေဟာ ကိုယ့်နောက် ဘဝသံသရာမှာ မပါသောကြောင့် သူများ အတွက် သား-သမီး, သား-မယားအတွက် အလုပ်တွေလို့ ဆိုရပါတယ်။ ဒါဖြင့် ကိုယ့်အတွက် ကိုယ့်အကျိုးမဟုတ်၍ ဒီအလုပ်တွေကို မလုပ်ရဘူးလားလို့ဆိုလျှင် ဒီလိုလဲမဟုတ်ဘူးတဲ့၊ဒီအလုပ်တွေကို မလုပ်ပဲနေလျှင်လဲ ဒီဘဝအတွက် စားစရာ မရှိတော့ ဘယ်သူကမှ ပေးမှာမဟုတ်ဘူး၊ အဲဒါကြောင့် ဒီသူ့အကျိုးဖြစ်တဲ့ အလုပ်တွေကိုလဲ လုပ်ကြရမှာပဲတဲ့၊ ဒီသူ့အကျိုး အလုပ်တွေနဲ့သာ အချိန်မကုန် စေပဲ ဒီအထဲက ကိုယ်ကျိုး, ကိုယ့်အတွက်လဲ လုပ်ကြရမယ်။

ကိုယ်ကျိုး, ကိုယ့်အတွက် အလုပ်များကတော့ အလှူပေးခြင်း, သီလ စောင့်ထိန်းခြင်း, ကမ္မဋ္ဌာန်းတရား အားထုတ်ခြင်း စတဲ့ အလုပ်တွေ ပါပဲတဲ့၊ ဒီအလုပ်တွေကတော့ ဘဝသံသရာမှာ ကိုယ့်နောက် ပါတဲ့အတွက် ကိုယ်ကျိုး, ကိုယ့်အလုပ်တွေပဲတဲ့။အဲဒီ ကိုယ်ကျိုး,ကိုယ့်အလုပ်တွေကတော့ သူများအတွက် အလုပ်တွေ ဘယ်လောက်ပင် များနေသော်လဲ မယုတ်စေရဘူး၊ ကိုယ့်အတွက် အလုပ်တွေတော့ လုပ်ရမှာပဲတဲ့၊ ဒါကြောင့် "သကတ္ထပသုတော သိယာ" လို့ ဟောတော်မူထားတာပေါ့။

ကိုယ့်အတွက် မလုပ်ပဲနှင့် သူများအတွက်နှင့်သာ အချိန်ကုန်နေမယ် ဆိုလျှင်တော့ ကဿပဘုရားရှင်လက်ထက်က လယ်လုပ်ယောကျ်ားတယောက်လို ဖြစ်မှာစိုးရတယ်တဲ့။ ဘယ်လိုလဲဆိုတော့ ကဿပဘုရားရှင် လက်ထက်တော်အခါ တုန်းက ရတနာသုံးပါးကို အလွန်ကြည်ညိုကြတဲ့ သူအပေါင်းတို့သည် လှူဒါန်း ဖွယ်ရာ အဖြာဖြာတို့ကို လက်စွဲလျက် ဘုရားထံ တရားနာ သွားကြတဲ့အခါ ထိုလယ်လုပ်ယောကျ်ားကိုလဲ တရားနာလိုက်ဖို့ရာ ခေါ်ကြသတဲ့။

ဒီတော့ သူမှာ လယ်အလုပ်ကလဲအရေးကြီး, သဒ္ဓါတရားကလဲနည်းပါး တော့ သို့ကလို ပြောလိုက်သတဲ့။ "ဟေ့....မင်းတို့ ကဿပဘုရား ငါ တရားနာ သွားပေမဲ့ ငါ့အား သူမကယ်နိုင်ဘူး၊ ငါ့လယ်ကို သူမထွန်၊ ငါထွန်မှ ငါရမယ်၊ မိုးကာလအချိန်ကုန်မှဖြင့် သမန်းတွေ အခြေမလှတော့ကာ နောက်နှစ်ကို နလံ မထနိုင်ပဲ လူလုံးပါပျောက်ကရော့မယ်၊ စီးပွားမှောက်မဲ့တရားနာ ငါ မလိုက် သာနိုင်သေးဘူး"လို့ ဆိုလိုက်သတဲ့၊ ကြားလား။

မှန်ပါ့ဘုရား။

ဒါဟာ သူမှာတော့ သာမန်ကလေးပဲ ထင်လိုက်တယ်၊ သာမန်မဟုတ် ဘူးနော်၊အဲဒီလိုဆိုလိုက်တဲ့ ဝစီကံအချက်နှင့် ဘုရားကို ခုခံလိုက်တဲ့အတွက်ဟာ သူမှာ မကောင်းတဲ့အကျိုးကိုခံရရှာတော့မယ်။အဲဒီလယ်လုပ်သမားယောကျ်ား ဟာ ၎င်းဘဝသေလွန်တဲ့အခါဒီဝစီကံအချက်နဲ့ဘုရားကိုခုခံပြောဆိုမိတဲ့အတွက် ကြောင့် ဟို တောကြီးနက်ချောင် တောင်ကမ်းပါးရံစပ်ကြားမှာ "သံထွန်တုံး, သံထွန်သွား, သံကြိမ်လုံး နာနာရှပ်နွားတရှဉ်းနဲ့ လယ်ထွန်လို့မပြီးနိုင်တဲ့ ပြိတ္တာ ကြီး" သွား၍ဖြစ်ရသတဲ့၊ ကြားလား။ ဘယ်လောက်များ ဝစီကံဟာ ကြောက် စရာကောင်းတုံး။

မှန်ပါ့ဘုရား။

သူမှာ ကိုယ်ကျိုးအတွက်မလုပ်ရတဲ့အပြင် ဝစီကံကထပ်ပိုးလာပြန်တော့ ဒီလို မကောင်းတဲ့ဘုံဘဝ ပြိတ္တာအဖြစ်ကို ရသွားတော့တာပေါ့။ ဒါကြောင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက....

ကလျာဏကာရီ ကလျာဏံ၊ ပါပကာရီစ ပါပကံ။
ယာဒိသံ ဝပ္ပတေ ဗီဇံ၊ တာဒိသံ ဟရတေ ဖလံ။

(နိပါတ်တော် ဝေနသာခဇာတ်)

ဘိက္ခဝေ၊ ကံအကျိုးပေး မျှော်တွေးရှုညှောင်း အို-တရားနာပရိသတ် အပေါင်း သူတော်ကောင်းတို့။ ယာဒိသံ ဗီဇံ၊ အကြင်သို့သော မျိုးစေ့ကို။ ဝပ္ပတေ၊ စိုက်ပျိုး၏။ တာဒိသံဖလံ၊ ထိုမျိုးစေ့နှင့်တူတဲ့ အသီးအနှံကို။ ဟရတေ ယထာ၊ အချိန်ရောက်ကပေါ်ပေါက်ရွက်ဆောင်လေသကဲ့သို့။တသာ၊ထို့အတူ။

ခေတ် ၅၊ (ဒုတိယအကြိမ်)

ကလျာဏကာရီ၊ အဆိုးကိုကြဉ်ဖယ်၍ တင့်တယ်ကောင်းမြတ်တဲ့ကံကို ပြုလုပ်တတ်တဲ့သူသည်။ ကလျာဏ၊ ကောင်းတဲ့အကျိုးကို။ ဟရတေ၊ အချိန်ရောက်က ပေါ်ပေါက်အောင် ရွက်ဆောင်လေတော့၏။ ပါပကာရီစ၊ မကောင်းကံ အားထုတ် ပြုလုပ်လေ့ရှိတဲ့သူသည်။ ပါပကံ၊ ယုတ်မာဆိုးရွား မကောင်းတဲ့ အကျိုးများကို။ ဟရတေ၊အချိန်ရောက်က ပေါ်ပေါက် ဆောင်ရွက်လေတော့ သတည်း။

အဲဒါကြောင့် မကောင်းတဲ့ကံဆိုတာ အလွန်ကြောက်စရာကောင်းတယ်နော်။ (မှန်ပါ့ဘုရား)။ ဒီ လယ်ထွန်လို့မပြီးနိုင်တဲ့ ပြိတ္တာကြီးဟာ ဘယ်လောက်များ ကြာပါသလဲဆိုရင် ကဿပမြတ်စွာဘုရား သာသနာ ကုန်တဲ့နောက်၊ အခု ဘုန်းကြီးတို့ဘုရားလက်ထက်ကျအောင် လယ်ထွန်လို့ မပြီးနိုင်ပဲရှိနေရသတဲ့။ အခု (ဘုန်းကြီးတို့)ဘုရားရှင်လက်ထက်ရောက်တဲ့အခါ ဘုရားဖူးသွားတဲ့ရဟန်းတော်များကလဲ ထိုပြိတ္တာကြီး လယ်ထွန်နေရတဲ့ နေရာအနီးသို့ ရောက်သွားကြသတဲ့။ ဒီတော့ လယ်ထွန်နေတဲ့ ပြိတ္တာကြီးကို လူသာထင်မှတ်၍ အကျိုးအကြောင်း မေးကြတဲ့အခါ ပြိတ္တာကြီးက "တပည့်တော် လူသားမဟုတ်ပါ၊ လယ်ထွန်လို့ မပြီးနိုင်သေးတဲ့ ပြိတ္တာကြီးဖြစ်ပါကြောင်း၊ တပည့်တော်မှာ ဟို-ကဿပဘုရား လက်ထက်တုန်းကထဲက ဒီလိုပြိတ္တာဖြစ်လာ၍ လယ်ထွန်နေရပါကြောင်း၊နောင်လဲ တပည့်တော်မှာ ဘယ်မျှလောက်ကြာအောင် လယ်ထွန်လို့မပြီးနိုင်တဲ့ ပြိတ္တာကြီးအဖြစ်နဲ့ နေရဦးမယ်ဆိုတာ မသိရသေးပါဘုရား" လို့ လျှောက်လိုက်သတဲ့။ အလွန်သနားစရာ ကောင်းတာပေါ့နော်၊ (မှန်ပါ့ဘုရား)။ ဒါဟာ ဘယ်သူမပြု ကိုယ့်အမှု ဆိုတဲ့အတိုင်း ဘယ်သူမှ ပြုတာမဟုတ်ဘူး၊ သူ့ဟာသူပြုတဲ့ အမှုပဲ၊ ကြားလား။

မှန်ပါ့ဘုရား။

သူဟာ ဟို လူ့ပြည်တုန်းက သူ့အတွက် ကုသိုလ်ရေးကိုမလုပ်ပဲ သူများအတွက် လုပ်ငန်း တွေနဲ့ အချိန်ကုန်ခဲ့တဲ့အပြင် ဝစီကံကထပ်၍ ကြွေးတင်လိုက်ပြန်တော့ ဒီလိုဆင်းရဲဒုက္ခကို ခံစားနေရရှာတယ်။ ကိုင်း-ဟောဒီ ကဗျာကလေး ကို လိုက်ဆိုကြ။

ကိုယ်ကျိုး,သူကျိုး-နှစ်မျိုးလုံးသာ၊
လုံ့လကြိုးကုတ်-အားထုတ်မှန်စွာ။
ကုသိုလ်ဓလေ့-မမေ့ခါခါ၊
အားထားကြ-ပြုရ ကိုယ့်တွက်တာ။
(ဤနေရာ၌လည်း လိုရာဆက်နိုင်သည်။)

ကဲ-(၂) အချက် ကျောင်းဒါနအတွက်ကို ဟောကြဦးစို့။

ဝိဟာရဒါနံ သံဃဿ၊ အဂ္ဂံ ဗုဒ္ဓေန ဝဏ္ဏိတံ။

(စူဠဝါပါဠိတော် သေနာသနက္ခန္ဓက)

သံဃဿ၊ သံဃာတော်အား၊၊ ဝိဟာရဒါနံ၊ နေထိုင်ရန် ကျောင်းကို လှူဒါန်းခြင်းကို။ အဂ္ဂံ၊ မြတ်၏ဟူ၍။ ဗုဒ္ဓေန၊ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသည်။ ဝဏ္ဏိတံ၊ ချီးမွမ်းတော်မူအပ်ပါပေသတည်း။

အဲဒီ ဒေသနာတော်နှင့်အညီ ကျောင်းကို လှူဒါန်းတဲ့ဒါနဟာ ဘုရားကိုယ်တော်မြတ်ကြီးများ ချီးမွမ်းတော်မူတဲ့ ဒါန ဖြစ်တယ်တဲ့။

ပီးတော့လဲ ဒီလိုကျောင်းကို လှူဒါန်းတဲ့ ဒါနဟာ သာသနာတော်မှာ လွန်စွာအရေးကြီးတဲ့ ဒါနကြီး ၆-မျိုးထဲတွင် တပါးအပါအဝင် ဖြစ်တယ်တဲ့။ သာသနာတော်မှာ လွန်စွာအရေးကြီးတဲ့ ဒါနကြီး ၆-မျိုးကို ဘုရားကိုယ်တော်မြတ်ကြီးက သဂါထာဝဂ္ဂသံယုတ်၌ အထူးထုတ်၍ ဟောထားတော်မူခဲ့တယ်။

ဒါကြောင့်-

၁။ အန္နဒေါ ဗလဒေါ ဟောတိ၊ ဝတ္ထဒေါ ဟောတိ ဝဏ္ဏဒေါ။
ယာနဒေါ သုခဒေါ ဟောတိ၊ ဒီပဒေါ ဟောတိ စက္ခုဒေါ။

၂။ သောစ သဗ္ဗဒဒေါ ဟောတိ၊ ယော ဒဒါတိ ဥပဿယံ။
အမတံ ဒဒေါစ သော ဟောတိ၊ ယော ဓမ္မမနုသာသတိ။

ဘိက္ခဝေ၊ ဒါနတန်ခိုး အကျိုးကြီးဟန် သိရန်လိုညောင်း အို-သူတော်ကောင်းအပေါင်းတို့။ အန္နဒေါ၊ ဆွမ်းဘောဇဉ်ကို ပေးလှူဘူးတဲ့သူဟာ။ ဗလဒေါ၊ ခွန်အားကို ပေးလှူသူ မည်သည်။ ဟောတိ၊ ဖြစ်၏။ ဝတ္ထဒေါ၊ အဝတ်သင်္ကန်းကိုပေးလှူတဲ့သူဟာ။ ဝဏ္ဏဒေါ၊ အဆင်းကိုပေးလှူသူမည်သည်။ ဟောတိ၊ ဖြစ်၏။ ယာနဒေါ၊ လှေ, လှည်း, ဝေါယာဉ်, ထမ်းစင်, ရထားမှစ၍ ယာဉ်အမျိုးမျိုးကို ပေးလှူတဲ့သူဟာ။ သုခဒေ ၊ ချမ်းသာကို ပေးလှူသူ မည်သည်။ ဟောတိ၊ ဖြစ်၏။ ဒီပဒေါ၊ ဆီမီးအလင်းရောင်, ဓာတ်မီးအလင်းရောင် မီးတန်ဆောင်ကို ပေးလှူခဲ့တဲ့သူဟာ။ စက္ခုဒေါ၊ မံသစက္ခု, ပသာဒစက္ခု, ဉာဏစက္ခု, ဒိဗ္ဗစက္ခု, သမန္တစက္ခု ဆိုတဲ့ မျက်လုံးအမျိုးမျိုးကို ပေးလှူသူ မည်သည်။ ဟောတိ၊ ဖြစ်၏၊ (သမန္တစက္ခုဟူသည် ဘုရားနှင့်သာ ဆိုင်၏။)

ယောစ၊ အကြင်သူသည်ကား။ ဥပဿယံ၊ ကျောင်းအဆောက်အဦကို။ ဒဒါတိ၊ ပေးလှူ၏။ သော၊ ထိုကျောင်းကိုပေးလှူတဲ့သူဟာ။ သဗ္ဗဒဒေါ၊ အလုံးစုံသော ပစ္စည်းတွေကို ပေးလှူသူ မည်သည်။ ဟောတိ၊ ဖြစ်၏။ (ပီးတော့) ယောစ၊ အကြင်ပုဂ္ဂိုလ်သည်ကား။ ပရေသံ၊ သူတပါးတို့အား။ ဓမ္မံ၊ တရားကို။

အနုသာသတိ၊ ဟောကြားဆုံးမ၏၊ (ဝါ) ပိဋကစာအုပ်ကို လှူဒါန်း၏။ သော၊ ထိုပုဂ္ဂိုလ်သည်။ အမတံ ဒဒေါ၊ နိဗ္ဗာန်အလှူကို ကြည်ဖြူစွာ ပေးလှူသူမည်သည်။ ဟောတိ၊ ဖြစ်ပေတော့သတည်း။

ဟောဒါက အရေးကြီးတဲ့ ဒါနကြီး ၆-မျိုးကိုအသီးထုတ်၍ ဟောထားခဲ့တာဖြစ်တယ်။ အဲဒီ ဒေသနာတော်နှင့်အညီ အရေးကြီးတဲ့ ဒါနကြီး ၆-မျိုး ဆိုတာက-(၁) ဆွမ်းအလှူတဲ့၊ (၂) သင်္ကန်းအလှူတဲ့၊ (၃) အခုလို ကျောင်းကို လှူတဲ့ ကျောင်းအလှူမျိုးတဲ့။ ပီးတော့ (၄) လှည်းယာဉ်,လှေယာဉ်,ဝေါယာဉ်, ရထားယာဉ်စသော ယာဉ်အလှူမျိုးတဲ့၊ ဒီနေရာမှာ ယာဉ်ဒါနကိုပြခဲ့တဲ့အတွက် အကျိုးရပုံများကို"စက္ကုပဇ္ဇောတမင်း"ဝတ္ထုဖြင့် သိနိုင်ပါတယ်။ ဒီ စက္ကုပဇ္ဇောတမင်းဟာ ယာဉ်ကိုလှူခဲ့တဲ့ကောင်းမှုကြောင့် ယာဉ်အမျိုးမျိုးကို ရရှိကြောင်းကို ကျမ်းဂန်တို့၌ ဆိုထားပါတယ်။ ပီးတော့- (၅)ဆီမီး, ဓာတ်မီး အလှူတဲ့။ ဒီလို ဆီမီးပူဇော်ရာ၌ ဖယောင်းတိုင် ပူဇော်တဲ့အခါမှာ စေတီပေါ်, ပလ္လင်ပေါ်၌ ဖယောင်းစက်တွေမကျအောင် အောက်က ခွက်ခံပြီးပူဇော်ရကြမယ်။ အိမ်ပေါ်မှာ ပူဇော်တဲ့အခါမှာလဲ ဘုရားမီးက ကူးစက်ပြီးဘော့ အိမ်ပါ မီးလောင်သွားတတ်တယ်၊ခွက်ထဲထည့်ပြီး ပူဇော်ရမယ်၊ဒါအလွန်အရေးကြီးတယ်၊သတိထား။ မကြာခင်ကလေးကပင် သတင်းစာထဲမှာ တွေ့လိုက်ရတယ်၊ မုံရွာမြို့၌ လယ်တီ တိုက်ကြီးဆိုတာ အလွန်ကြီးကျယ်တဲ့ကျောင်းတိုက်ကြီးပေါ့၊လယ်တီဆရာတော် ဘုရားကြီး၏ မွေးနေ့အထိမ်းအမှတ်ပွဲပြုပြီး ဆီမီးပူဇော်ကြရာတွင် ကျောင်းကြီး တကျောင်းဟာ ဆီမီးကကူးစက်၍ မီးလောင်သွားတဲ့ အကြောင်းကို တွေ့လိုက် ရတယ်။ ဒါကြောင့် အထူးသတိထားရမယ်။ ပီးတော့လဲ ဒီ ဆီမီးဆိုတာဟာ မှောင်တဲ့အခါမှာသာ လင်းအောင် ပူဇော်ရတာဖြစ်တယ်။သို့အတွက် နေ့လည် ကြောင်တောင်ကြီးမှာ ဆီမီးပူဇော်ရတာတော့ စည်းကမ်းစနစ် မကျတတ်ပေ ဘူးတဲ့၊မှောင်တဲ့အခါ မှောင်တဲ့နေရာမှာသာ ဆီမီးပူဇော်ကြရတယ်။ဒါကြောင့် ကျမ်းဂန်တို့မှာလဲ....

ယော အန္ဓကာရမှိ တိမိသိကာယံ ပဒီပကာလမှိ ဒဒါတိ ဒီပံ။

(ဇာတ္တိ-ဒီပဝိမာနဝတ္ထု)

အဲဒါကြောင့် ဒီဆီမီးကို မှောင်တဲ့နေရာမှာသာ ပူဇော်ကြရမယ်။ အဲဒီ ဆီမီးအလှူဟာ မျက်လုံး၄ါးမျိုးကို အကျိုးပေးနိုင်သတဲ့။ ဘုရားလက်ထက်က အရှင်အနုရုဒ္ဓါမထေရ်ကြီးဟာ ရှေးက ဟောဒီ ဆီမီးပူဇော်ခဲ့တဲ့အတွက် ဒိဗ္ဗစက္ခု အဘိညာဉ်မှာ အခြားသော ရဟန္တာတို့ထက် ထူး ချွန် လွန် က တဲ့ အ တွက် "ဧတဒဂ်"ဘွဲ့ထူးကို ရရှိတယ်ဆိုတာ ကျမ်းဂန်တို့၌ ဆိုထားပါတယ်။

ပြီးတော့ ပဒုမုတ္တိုရ်ဘုရားလက်ထက်တုန်းက အမျိုးသားတယောက်ဟာ ဗောဓိပင်ကိုဝိုင်း၍ ဆီမီး(ငါးပွင့်) ပူဇော်ခဲ့တဲ့အတွက် နတ်ပြည်, လူပြည်တို့၌ အကာအကွယ်ရှိတဲ့ နေရာများကိုတောင် ဖောက်၍ ယူဇနာ တရာလောက်ကျ အောင် မြင်နိုင်တဲ့မျက်စိကို ရရှိသတဲ့၊ ထိုအမျိုးသားဟာ (ဘုန်းကြီးတို့)ဘုရား လက်ထက်မှာ "ပဥ္စဒီပက မထေရ်"လို့ ထင်ရှားတဲ့ ရဟန္တာတပါး ဖြစ်လာရ ကြောင်း အပဒါန်ပါဠိတော် ပဥ္စဒီပထေရဝတ္ထု၌ ဆိုထားပါတယ်။

(၆) ဓမ္မဒါနလို့ခေါ်တဲ့ တရားအလှူတဲ့၊ ကြားလား။(မှန်ပါ့ဘုရား)။ ဟောဒီ အလှူကြီး ၆-မျိုးဟာ သာသနာတော်မှာ အလွန် အရေးကြီးတယ်တဲ့၊ ကြားလား။

မှန်ပါ့ဘုရား။

အဲဒါကြောင့် လိုက်ဆိုကြ။

ဆွမ်း, သင်္ကန်း, ကျောင်း-ယာဥ်ကောင်း ယာဥ်မွန်၊
တန်ဆောင် ဆီမီး-ထိန်ညီး အလွန်။
ဓမ္မဒါန-ဟောပြ လမ်းညွှန်၊
လှူခြောက်မျိုး-အကျိုးချွန်ထက်ချွန်။

အဲဒီ ယခု ဟောခဲ့တဲ့အတိုင်း ဟောဒီ ကျောင်းဒါနကြီး ဆိုတာဟာ အရေးကြီးတဲ့ ဒါနကြီး ၆-မျိုးထဲမှာ ပါဝင်တယ်ဆိုတာလဲ သိကြရပေပြီနော်။ (မှန်ပါ့ဘုရား)။ အဲဒီတော့ ကျောင်းဒါနကို ဟောပြရာ၌ အခု(ဘုန်းကြီးတို့) ဘုရားသာသနာတော်မှာ ကျောင်းစ၍ ပေါ်လာပုံကစ၍ ဟောမှ အကုန်လုံး သိရှိနိုင်တယ်။ ဒါကြောင့် ကျောင်း ဖြစ်ပေါ်လာပုံကစ၍ ဟောပြောမယ်။ သေသေချာချာ မှတ်သားကြနော်၊-

မှန်ပါ့ဘုရား။

အဲဒါကြောင့် ဒီနေရာမှာ....

၁။ ဘယ်အခါကစ၍ ကျောင်းပေါ်လာသလဲ။

၂။ ကျောင်းမရှိခင် ဘယ်လိုနေထိုင်ကြသလဲ။

၃။ အစစွာ ကျောင်းဒကာဟာ ဘယ်သူလဲ။

၄။ ထိုကျောင်းဒကာသည် ကျောင်းပေါင်း ဘယ်လောက် ဆောက် လုပ်လှူသလဲ။

ဆိုတာ အရင် သိထားသင့်တယ်။ သို့အတွက် ၎င်း ၄-ချက်ကို အရင် ဟောပြမယ်။ ပြီးတော့မှ ကျောင်းလှူရတဲ့အကျိုးကို ဟောမယ်။

မှန်ပါ့ဘုရား။

(ဘုန်းကြီးတို့) ဘုရားသာသနာမှာ ရှင်တော်ဘုရား တဝါလွန်မြောက်ပြီးတဲ့အခါ ကျောင်းစ၍ ဖြစ်ပေါ်လာရတယ်၊ ကျောင်းကို ခွင့်ပြုတော်မူတယ်လို့ မှတ်ရမယ်။ ကျောင်းစ၍ ဖြစ်ပေါ်ရတာက ဒီလိုတဲ့၊–

ဘုရား ကိုယ်တော်မြတ်ကြီးသည် ဘုရင် ဗိမ္ဗိသာရမင်းကြီး ပင့်ထားချက်အရ ဒုတိယမြောက် ဝါဆိုဖို့ရန် ရာဇဂြိုဟ်မြို့သို့ကြွ၍ ဝေဠုဝန်ဥယျာဉ်၌ ယာယီသီတင်းသုံးတော်မူခိုက်တွင် ကျောင်းကိုခွင့်မပြုသေး၊ ကျောင်းလဲမရှိသေးသောကြောင့် ရဟန်းတော်များမှာ တော, တောင်, သစ်ပင်ရင်း, ချောက်, တောင်ခေါင်း, သုသာန်, ကောက်ရိုးပုံ စတည့်တို့၌ နေကြရသတဲ့၊ ကြားလား။

မှန်ပါ့ဘုရား။

ဒါကြောင့် သာသနာဘောင်ဝင်တယ်ဆိုတာ လွယ်လွယ်ကလေးမထင်နဲ့ သက်သာလိမ့်မယ်မထင်နဲ့ အလွန်သည်းခံနိုင်၍ စိတ်ဓာတ်ခိုင်မာတဲ့ပါရမီရှင်များမှသာ ဝင်ရောက်နေထိုင်နိုင်တယ်။ အခုကာလတော့ တချို့က ပြောကြတယ်၊ အလုပ်လုပ်ရမှာပျင်းလျှင် ဘုန်းကြီးလုပ်ပါလား၊ဖျင်းတီး,ဖျင်းအနှင့် လူရာသူရာမဝင်လျှင်လဲ မင်းဟာ ရဟန်းခံပါကွာ–စသည်ဖြင့် ပြောတတ်ကြတယ် ဒ ဟာ ဘုရားသာသနာကို ချိုးနှိမ်တဲ့ အပြောမျိုး ဖြစ်တယ်၊ သာမန်ကလေးမထင်ကြနဲ့နော်။ သာသနာဘောင်, သာသနာတွင်းဆိုတာအလွန်စိတ်ဓာတ်ခိုင်မာ၍ သည်းခံနိုင်တဲ့ပါရမီရှင်များမှသာ ဝင်ရောက်နိုင်တယ်။ သာသနာကျိုးကို ရွက်ဆောင်နိုင်တယ်။ ဒါကြောင့် သာသနာ့ဘောင်ဆိုတာ အလုပ်ချောင်အောင်, အစားချောင်အောင်, အနေချောင်အောင်လို့ ဝင်ရတာမျိုး မဟုတ်ဘူး၊ သံသရာမှ ထွက်မြောက်လိုတဲ့စိတ်နှင့် ပရိယတ်, ပဋိပတ်သာသနာကို ပြုဖို့ရန်အတွက်သာ ဝင်ရောက်ကြရတယ်၊ ဒါကြောင့် ရဟန်းအဖြစ်ကို တောင်းတဲ့အခါတုန်းထဲကပင် "ဥလ္လုမ္ပတု မံ ဘန္တေ သံဃော အနုကမ္ပံ ဥပါဒါယ"လို့ ဆိုရတာပေါ့။

အဲဒီလိုမှမဟုတ်ပဲနှင့် အလုပ်ချောင်အောင်,အစားချောင်အောင်,အနေချောင်အောင် သာသနာ့ဘောင်ကို ဝင်ရောက်တာမျိုး မဟုတ်ဘူး၊ (ဘုန်းကြီးတို့တော့)အသက် ၆၄-ကျော်မှ သာသနာ့ဘောင် ဝင်ရောက်တာမျိုးနှင့်အလုပ်ချောင်အောင်,အစားချောင်အောင် ဝင်ရောက်တာမျို ကိုတော့အလွန်စက်ဆုပ်ပါတယ်၊ဘယ်တော့မှလဲ ဒါမျိုးကို သက်နီးဝတ်မပေးဘူး၊ ဘုန်းကြီးသာမဟုတ်ပါဘူး၊ ဘုန်းကြီးများ၏ ကျေးဇူးရှင်များလဲ ဒီအတိုင်းပါပဲ၊ (ဒါကြောင့် ဘုန်းကြီးများ စာသင်နေတုန်းက ဘုန်းကြီး၏ကျေးဇူးရှင် ညောင်လွန့်တောရဆရာတော်ဘုရားထံ အသက် ၆၀-ကျော် အဘိုးကြီးဘယောက် သက်နီးဝတ်လိုကြောင်း လျှောက်လာတယ်။ ဒီတော့ ကျေးဇူးရှင်က ဝိနည်းသိက္ခာပုဒ်တွေ

အမြောက်အမြား ရှောင်ကြဉ်ရပုံတွေကိုပြောပြလိုက်တဲ့အခါ အထူးဝတ်မပေးလိုတဲ့အကြောင်းကို ပြောမနေရတော့ပါဘူး၊ ဝိနည်းရှောင်ရမှာကြောက်တာနဲ့ တခါထဲလန့်သွားတာကို တွေ့ခဲ့ရဘူးပါတယ်၊ ဒါသာကြည့်တော့လေ၊ (တကယ်စိတ်ဓာတ် ထက်သန်မှု ရှိ,မရှိဆိုတာ)။

အဲသလို သာသနာတော်အတွက်စိတ်ဓာတ်ထက်သန်မှုမရှိပဲနှင့်အချောင်နေချင်လို့ ဝင်တာမျိုးကိုတော့ တကယ့် သဒ္ဓါပဗ္ဗဇိတ ဖြစ်ကြတဲ့ သာသနာပြုပုဂ္ဂိုလ်တွေနှင့် အတန်းအစားအတူ မပြောသင့်ကြောင်းနှင့် သာသနာကို ချိုးနှိမ်တဲ့ အသုံးမျိုးကို မသုံးကြဖို့ (ဘုန်းကြီးက) အထူး သတိပေးလိုက် ပါတယ်၊ ကြားလား။

မှန်ပါ့ဘုရား။

ကဲ-စကားတွေ ရှည်သွားပြီ၊ တရားသားကို ပြန်ဆက်ကြဦးစို့၊ အဲဒီလို ကျောင်းမရှိသေးတဲ့အတွက် ရဟန်းတော်တွေမှာ သစ်ပင်,ကောက်ရိုးပုံ,တောင်ခေါင်း စသည်တို့မှ နံနက်စောစောစီးစီး ဣန္ဒြေသိက္ခာရရနှင့် အသီးသီးထွက်ကြလာကြတာကိုး။

အဲဒီ ရာဇဂြိုဟ်မြို့ထဲမှာနေတဲ့ သဌေးကြီးတဦးက မြင်သွား ရတာကိုး၊ ကြားလား။ ကျောင်းဒကာ ပေါ်ခါနီးဘီနေ၁်။

မှန်ပါ့ဘုရား။

ဒါနဲ့ ကိုယ်တော်များအနီးသို့ကပ်ပြီးလျှင် အရှင်ဘုရားတို့၊ ဘုရားတပည့်တော် ကျောင်းများ ဆောက်၍ လှူဒါန်း လိုပါတယ်လို့ လျှောက်ထား သတဲ့၊ သဌေးကြီးကို "ရာဇဂြိုဟ် သဌေး"လို့ ခေါ်တယ်။ (ဘုန်းကြီးတို့ ကတော့) ထို ရာဇဂြိုဟ် သဌေးကြီးကို အထူး ကျေးဇူးတင်ဖို့ပဲ၊ ဘာ့ကြောင့်လဲ ဆိုလျှင် ထို သဌေးကြီးမလျှောက်၍ ဘုရားကိုယ်တော်မြတ်က ကျောင်းကို ခွင့်များမပြုခဲ့သည်ရှိသော် (ဘုန်းကြီးတို့လဲ) ရှေးက ကိုယ်တော်တွေလိုပဲ တောင်ခေါင်းထဲ, သစ်ပင်ရင်း, ကောက်ရိုးပုံ, ချောက်ကြားထဲမှာပင် ကျောင်းမရှိပဲ နေရမှာပဲ။ ဒီလိုသာ နေရလို့ရှိရင် ရှေးကကိုယ်တော်တွေလိုပဲ ပိဋကတ်ကို အကုန်လုံး နှုတ်ရမဆောင်နိုင်တော့ ပိဋကတ်ကျမ်းစာအုပ်တွေနှင့်သာနေရတယ်၊ ဒီ ပိဋကတ်ကျမ်းစာအုပ်တွေကို နေ, မိုး မစိုအောင် ထားနိုင်ဖို့ အခဲရင်းသားပဲ၊ ကျောင်းသာမရှိလျှင် ဒီ ပိဋကတ်စာအုပ်တွေနဲ့ ဖြစ်မှာမဟုတ်ဘူး၊ အခုတော့ ၎င်းသဌေးကြီး လျှောက်လိုက်တဲ့အတွက် ဘုရားကိုယ်တော်မြတ်ကြီးက ကျောင်းကို ခွင့်ပြုတော်မူလိုက်တယ်။

ဒီတော့ အသီးသီးအားဖြင့် ယခုအခါတိုင်အောင် ကျောင်းကို လှူဒါန်းကြတော့၊ သံဃာတော်များမှာ ချမ်းသာရပြီးလျှင် ပိဋကတ် ကျမ်းစာအုပ်တွေကိုလဲ မိုးလုံ-လေလုံ ထားရပေတယ်။ အဲဒါကြောင့် ဒီရာဇဂြိုဟ် သဌေးကြီးကို အထူးကျေးဇူးတင်ဖို့ ကောင်းတယ်။

မှန်ပါ့ဘုရား။

အဲဒီ ရာဇဂြိုဟ်သဌေးကြီး ကျောင်းဒကာလုပ်ရန် လျှောက်ထားတော့ ရဟန်းတော်များက သဌေးကြီးရဲ့ ဘုရားကိုယ်တော်မြတ်က ကျောင်းနှင့် နေဖို့ရန် ခွင့်မပြုသေးဘူးလို့ အမိန့်ရှိကြတယ်တဲ့၊ ဒီတော့ သဌေးကြီးက အရှင်ဘုရားများက ဘုရားကိုယ်တော်မြတ်ကြီးထံလျှောက်၍ တပည့်တော်အား အမိန့်ရှိကြပါဘုရားလို့ လျှောက်ထားတဲ့အခါ ရဟန်းတော်များက ဘုရားထံ လျှောက်ထားကြတယ်တဲ့၊ ဒီတော့ မြတ်စွာဘုရားက....

အနုဇာနာမိ ဘိက္ခဝေ ပဉ္စ လေဏာနိ၊ ဝိဟာရံ,အဍ္ဍယောဂံ,ပါသာဒံ,
ဟမ္မိယံ ဂုဟန္တိ။ (စူဠဝါ-သေနာသနက္ခန္ဓက ပါဠိတော်)

အဲဒီလို ကျောင်း ၅-မျိုးကိုခွင့်ပြုတော်မူလိုက်တယ်တဲ့၊ဟောဒီ ကျောင်းခွင့်ပြုချက်ကလေးဟာ ဘုရားကိုယ်တော်မြတ် တဝါရတော်မူပြီးနောက်၊နှစ်ဝါမြောက် ဝါကို မဆိုရသေးမီ အတောအတွင်းမှာ ခွင့်ပြုတဲ့ အချက်ကလေးလို့ မှတ်ထားကြရမယ်၊ ကြားလား။

မှန်ပါ့ဘုရား။

ဘိက္ခဝေ၊ ငါ၏ချစ်သား ရဟန်းများတို့။ ဝိဟာရံ၊ နှစ်ဘက်မိုးကျောင်းကိုငင်း။ အဍ္ဍယောဂံ၊ တဘက်မိုးကျောင်းကိုငင်း။ ပါသာဒံ၊ ပြာသာဒ်ရှည်ကိုငင်း။ ဟမ္မိယံ၊ ပြာသာဒ် ဦးပြီးကိုငင်း။ ဂုဟံ၊ လိုဏ်ဂူ အုတ်တိုက်ကိုငင်း။ ဣတိ၊ ဤသို့။ ပဉ္စလေဏာနိ၊ ရဟန်း-သံဃာများ ကိန်းအောင်း နေထိုင်ဖို့ရန် မှန်ငြား ၅-မျိုးသော ကျောင်းများကို။ အနုဇာနာမိ၊ ငါဘုရား ခွင့်ပြုတော် မူတယ်၊ ကြားလား။

မှန်ပါ့ဘုရား။

အဲဒီလို ဘုရားကိုယ်တော်မြတ်ကြီးက ကျောင်းကို ခွင့်ပြုတော်မူလိုက်တဲ့ အကြောင်းကို ရာဇဂြိုဟ်သဌေးကြီး သိရတဲ့အခါ ကျောင်းပေါင်း ၆၀-ကျော်ကို နေ့ချင်းပြီး ဆောက်လုပ်စေတယ်တဲ့။ အဲဒီလို ကျောင်းများ ဆောက်လုပ်၍ ပြီးစီးတဲ့အခါ ဘုရားအမှူးရှိသော သံဃာတော်များအား ဆွမ်းစသော ဒါနဝတ္ထုများကို ဆက်ကပ်လှူဒါန်းပြီးလျှင် ကျောင်း ရေစက်ချရန်အတွက် ပင့်လျှောက်သောကြောင့် နံနက်မိုးလင်းတဲ့အခါ ဘုရားကိုယ်တော်မြတ်ကြီးသည် နောက်ပါ သံဃာတော်များနှင့်တကွ သဌေးကြီး၏နေအိမ်သို့ ကြွတော်မူတယ်တဲ့။

သင်္ဘေးကြီးသည် ဘုရား အမှူးရှိသော သံဃာတော် များအား ဆွမ်းလှူဒါန်း ဆက်ကပ်ပြီးတဲ့နောက်၊ ဘုရား ကိုယ်တော်မြတ်ကြီးအား ကျောင်းပေါင်း-၆၀ ဆောက်လုပ်ပြီးတဲ့အကြောင်းနှင့် ကျောင်းများကို ဘယ်ပုံလှူဒါန်းရမည်ဆိုတာ အမိန့်ရှိတော်မူပါဘုရား-လို့ လျှောက်ထားတယ်တဲ့။ ဒီတော့ ဘုရားကိုယ်တော်မြတ်ကြီးက....

တေနဟိ တွံ့ ဂဟပတိ တေ သဋ္ဌိဝိဟာရေ အာဂတာနာဂတဿ စာတုဒ္ဒိသဿ သံဃဿ ပတိဋ္ဌာပေဟိတိ။

လို့ မိန့်တော်မူလိုက်တယ်။

(စူဠဝါပါဠိတော်-သေနာသနက္ခန္ဓကမှ)

တွံ့၊ သင်သည်။ တေနဟိ၊ ထိုသို့ ကျောင်းများကို လှူဒါန်း လိုတာဖြင့်။ တေ၊ သင်၏။ သဋ္ဌိဝိဟာရေ၊ ကျောင်းပေါင်း ၆၀-တို့ကို။ အာဂတာနာဂတဿ စာတုဒ္ဒိသဿ သံဃဿ၊ ရောက်ပြီး, ရောက်ဆဲ, ရောက်လတ္တံ့ဖြစ်တဲ့ စတုဒိသာ သံဃာတော်မြတ်အပေါင်းအား။ ပတိဋ္ဌာပေဟိ၊ တည်ထားလိုက်ပါလော။ ဝါ၊ လှူဒါန်းလိုက်ပါလော့။ ဣတိ၊ ဤသို့။ အဝေါစ၊ မိန့်ဆိုဟောကြားတော်မူလိုက်လေသတည်း။

ကြားလား ကျောင်းဒကာ-ကျောင်းအမများ။

မှန်ပါ့ဘုရား။

ကျောင်းဆိုတာ ဒကာများကလဲ သံဃိကလှူလျှင် သာ၍ ကောင်းတယ်၊ ကြည့်ပါလား၊ ဘုရားကိုယ်တော်မြတ်ကြီးကလဲ သံဃိကလှူဒါန်းဖို့ အမိန့်ထားရှိတာ၊ အဲဒါကြောင့် ကျောင်းကို သံဃိကလှူ၍ သံဃိကအဖြစ် အလှူခံဖို့ အရေးကြီးတယ်၊ ဒီလို သံဃိကအဖြစ်လှူ၍ သံဃိကအဖြစ် အလှူခံထားလျှင် လှူတဲ့ဒကာများမှာလဲ သံဃိကအကျိုးကို ရနိုင်တယ်၊ ကျောင်းနေတဲ့ကိုယ်တော်များမှာလဲ ငါ့ကျောင်းဟူသော စွဲလမ်းမှု ကင်းနိုင်တယ်၊ ပီးတော့ ကျောင်းကို သုတ်သင် စောင့်ရှောက်ရာ၌လဲ သံဃပစ္စည်းကို သုတ်သင် စောင့်ရှောက် ရသောကြောင့် နေထိုင်တဲ့ပုဂ္ဂိုလ်များမှာလဲ အကျိုးများနိုင်တယ်၊ ပီးတော့လဲ သံဃိကကျောင်းဆိုတော့ နေထိုင် စောင့်ရှောက်သူသာလျှင် ဆိုင်သောကြောင့် ကျောင်းလုမှု စသည်များလဲ မဖြစ်နိုင်တော့ဘူးနော်၊ ဒါကြောင့် ဘုရားကလဲ သံဃိကလှူလို့ မိန့်တော်မူတာထင်ပါရဲ့၊ ကြားလား။

မှန်ပါ့ဘုရား။

ဒါကတော့ (ဘုန်းကြီးတို့က) ထုံးစံရှိလို့ ပြောရတာပါ၊ ကိုယ့်ဆရာနှင့် ကိုယ့်ဒကာ သဘောအတိုင်း ရေစက်ချဖို့ပဲ ရှိတာပေါ့။ ဘယ်လိုလှူလှူ ကျောင်း ဒါနဖြစ်တာချည်းပါပဲ။ ဘုန်းကြီးတို့ညောင်လွန့်ဂိုဏ်းကတော့ ရှေးဆရာတော် ဘုရားကြီးများ အစဉ်အဆက်ကပင် အခုနက ပြောခဲ့တဲ့ ဘုရားကိုယ်တော်မြတ် ကြီးက ကျောင်းဒကာ သဋ္ဌေးကြီးကို စေခိုင်းသလိုပဲ၊ သံဃိက လှူရန် ခိုင်း၍ သံဃိကအဖြစ်သာ အလှူခံတော်မူလေ့ရှိကြပါတယ်။ ဘုန်းကြီးတို့လဲပဲ ကျေးဇူး ရှင် ဆရာတော်ဘုရားကြီးများနည်းတူ အခု ရိပ်သာကို တည်ထောင်တဲ့အခါမှာ ကျောင်းများကို ကိုယ်ပိုင်ပုဂ္ဂလိက အလှူမခံဘူး၊ သံဃိကချည်းသာ အလှူခံပါ တယ်၊ အများအပြားအားဖြင့်လဲ သံဃိက လှူဒါန်းဖို့ကိုသာ အဓိကထား၍ ပြောကြားပါတယ်။

ကိုင်း–ကိုင်း....စ ကား ကြော ရှည် သွား လိမ့် မယ်၊ ပြန်ဆက်ကြဦးစို့။ အဲသလို ရာဇဂြိုဟ်သဋ္ဌေးကြီးကို အကြောင်းပြု၍ ဘုရားကိုယ်တော်မြတ် တဝါ ရပြီးနောက်၊တန္နစ်ကျော်လောက်အတွင်းမှာ ဒီလိုကျောင်းကိုခွင့်ပြုတော်မူလိုက် တဲ့အခါကစပြီးတော့ ဗိမ္ဗိသာရမင်းစသော မင်းပိုင်း, စိုးပိုင်းကလူတွေ၊ အနာ ထပိဏ်, ဝိသာခါ စသော သဋ္ဌေးပိုင်းကလူတွေ၊ ကုန်သည်–ပွဲစား,ဆင်းရဲသား ပိုင်းကလူတွေ၊ အဲဒီလို မြောက်မြား စွာသော လူတွေက အသီးသီး ကျောင်း ဆောက် လှူဒါန်းကြကာ ဒကာနှင့် ဆရာ၊ ရေနှင့်ကြာပမာ သာသနာ ပြုလာ တာဟာ ယနေ့တိုင်အောင်ပင် ဘုရားကိုယ်တော်မြတ် သာသနာတော်ကြီးမှာ ရောင်ဝါပဝင်း၍ ထွန်းလင်းလျက် ရှိပါပေတယ်။

ကိုင်း–သာသနာ့အုတ်မြစ်ချဂါထာကိုရွတ်ပြီးတော့ ဒီနေရာတွင် တရား တခန်း အဆုံးသတ်လိုက်ကြစို့။ ဂါထာရဲ့အနက်ကို ရွတ်ပြီးတဲ့ အခါမှာ သာဓု (၃)ကြိမ် ခေါ်လိုက်ကြ။

သာဂါရ အနာဂါရစ၊ ဥဘော အညောည နိဿိတာ။
အာရာဓယန္တိ သဒ္ဓမ္မံ၊ ယောဂက္ခေမံ အနုတ္တရံ။

(ဣတိဝုတ် ပါဠိတော်)

သာဂါရစ၊ အိမ်ရာတည်ထောင် လူဘောင်နေငြား လူအများတို့သည် ၎င်း။ အနာဂါရစ၊အိမ်ရာမထောင်သာသနာ့ဘောင်နေညောင်း သာသနာ့ဝင် အရှင်ကောင်းတို့သည်၎င်း။ ဥဘော၊ ဒကာနှင့်ဆရာ ရေနှင့်ကြာပမာလို နှစ်ဖြာ သော သူတို့သည်။ ဘညောည နိဿိတာ၊ ကိုင်းကို ကျွန်းမှီ–ကျွန်းကို ကိုင်းမှီ ဆိုသလို သူကိုလဲငါမှီ–ငါ့ကိုလဲ သူမှီ နှစ်လီနှစ်ဝ အချင်းချင်း မှီခိုအားထားကြ ကုန်သည်ဖြစ်၍။ ဝါ၊ မှီခိုအားထားကြပြီးလျှင်။ ယောဂက္ခေမံ၊ ယောဂတရား လေးပါးအမှန် ကေန်ကုန်ကြောင်းလဲဖြစ်ထသော။ အနုတ္တရံ၊ တုဘက်ကင်းကွာ အလွန်တရာလဲ မြတ်လှစွာထသော။ သဒ္ဓမ္မံ၊ မဂ်,ဖိုလ်,နိဗ္ဗာန် ရောက်ရန်မှန်ငြား

သူတော်ကောင်းတရားကို။ ဝါ၊ ပစ္စည်းလေးပါးတို့ဖြင့် ချီးမြှောက်၍ သာသနာပြုခြင်း, ပရိယတ်, ပဋိပတ်အလုပ်တို့ဖြင့် သာသနာပြုခြင်းလို့ဆိုငြား သူတော်ကောင်းတရားကို။ အာရုဓယန္တိ၊ ပြည့်တော်လည်းသာ, သာသနာလည်းထိန်ပြောင်ညီးအောင် အနည်းနည်းတို့ဖြင့် ချီးမြှောက် အားထုတ်နိုင်ကြလေကုန်တော့သတည်း။

(ဤတွင်းလည်း အဘိဓမ္မာတပ်၍ တခန်းရပ်နိုင်သည်။)

**အမှာ။** ။ကျောင်းဒါနတရားကား မိမိကိုယ်တိုင် ရိပ်သာတိုက် တည်ထောင်ပြီးနောက်၊ရဟန်း ၉-ဝါရတွင် ဤကျမ်းစာ ရေးသားရာဖြစ်တဲ့ စံကျောင်းကို ရေစက်ချစဉ် ဟောတဲ့တရားဖြစ်သည်။

---

## ဝိသာခါကျောင်းအမကြီး၏ ကျောင်းအလှူပွဲ

ရာဇဂြိုဟ် သဌေးကြီးရဲ့ ကျောင်းအလှူကိုတော့ သိသာလောက်ပါပြီ။ ဝိသာခါကျောင်းအမကြီးရဲ့ကျောင်းအလှူ, လှူဒါန်းပုံကို ဟောကြဦးစို့၊ဝိသာခါကျောင်းအမဆိုတာက ဟောဒီလို ဂုဏ်ထူးတွေနှင့်ပြည့်စုံတဲ့ ကျောင်းအမကြီးဖြစ်တယ်တဲ့၊ ဒါကြောင့်၊-

ဝိသာခါ ဝိသကိပုတ္တာ၊ နတ္တာစ စတုရော သတာ။
ပနတ္တာ အဋ္ဌသဟဿာ၊ ဇမ္ဗုဒီပေ သုပါကဋာ။

(ဓမ္မပဒ အဋ္ဌကထာ ဝိသာခါဝတ္ထု)

အဲသလို သား-သမီးပေါင်း နှစ်ကျိပ်၊ မြေးလေးရာ၊မြစ်ရှစ်ထောင်တို့နှင့် အတူနေရ၍ အသက်တရာ့နှစ်ဆယ်ရှည်ပြီးလျှင် "သက်ရှည်ဆင်းလှ၊ချမ်းသာရ၊ ဗလဉာဏ်ပညာ" ဆိုတဲ့အတိုင်း အသက်ရှည်ခြင်း, အဆင်းလှခြင်း စတဲ့ အကျိုး ၅-ပါးကို အစုံအလင်ရတဲ့ အမျိုးသမီးကြီးတဦးဖြစ်တယ်တဲ့။

သူဟာ ၇-နှစ်သမီး အရွယ်ထဲက ဘုရားတရားကိုနာရ၍ သောတာပန်ဖြစ်လေတော့ သဒ္ဓါတရားမှာ ပြောစရာမရှိဘူးပေါ့။ထိုဝိသာခါအမျိုးသမီးကြီးသည် အဖိုးထိုက်လှသော သူဝတ်ဆင်နေကျဖြစ်တဲ့ မဟာလတာတန်ဆာကြီးကို တန်ဖိုးအတိုင်း ၉-ကုဋေနှင့်ရောင်းသောအနေထား၍ မိမိဟာ မိမိငွေ ၉-ကုဋေထုတ်ကာ မိမိနေထိုင်ရာ သာဝတ္ထိမြို့၏ အရှေ့မျက်နှာ၌ ကျောင်း ဆောက်ဖို့ရာ မြေကွက်ကို ၎င်းမဟာလတာ တန်ဆာ၏ အဖိုး ၉-ကုဋေဖြင့်ဝယ်ယူရတယ်တဲ့။ နောက်ထပ်တဖန် ၉-ကုဋေထုတ်၍ ကျောင်းဆောက်လုပ်စေတယ်တဲ့။ဝိသာခါ ဆောက်လုပ်စေတဲ့ ကျောင်းကြီးမှာ အရှင်မဟာမောဂ္ဂလာန်မထေရ်က တန်ခိုးတော်နှင့်ကူညီပြီး ဆောက်လုပ်စေရာ ၉-လ ရှိတဲ့အခါ ပြီးစီးခြင်းသို့ ရောက်သတဲ့။

ထိုကျောင်းကြီးမှာ မြေအောက်၌တထပ်၊ မြေအထက်၌တထပ် အထပ်နှစ်ထပ်ရှိသတဲ့။ အထက်ထပ်မှာလဲ အခန်းပေါင်း ၅-ရာ၊ အောက်ထပ်မှာလဲ အခန်းပေါင်း ၅-ရာ အားလုံးအခန်းပေါင်းတထောင်တို့ဖြင့်တန်ဆာဆင်ထားတဲ့ ပြာသာဒ်ကျောင်းကြီး ဖြစ်တယ်တဲ့။

အဲသလို ပြာသာဒ်ကျောင်းကြီးနှစ်ထပ်ကို ဆောက်လုပ်စေပြီးတဲ့နောက် ထကျောင်းထဲဆိုလျှင် မတင့်တယ်သေးဘူးလို့ ဆိုပြီးသကာလ ဘေး က အရံပြာသာဒ်ငယ် ၅-ရာ စသည်တို့ကိုလဲ ဆောက်လုပ်စေတယ်တဲ့။ ၎င်းကျောင်းတိုက်ကြီးကို မြို့၏အရှေ့မျက်နှာမှာ တည်ထောင် ဆောက် လုပ် ထား လော ကြောင့် "ပုဗ္ဗာရုံ ကျောင်းတိုက်ကြီး" လို့ ခေါ်သတဲ့၊ ကြားလား။

မှန်ပါ့ဘုရား။

အဲဒီလို ကြီးကျယ်ခမ်းနားတဲ့ကျောင်းကြီးကို ငွေ ၉-ကုဋေအကုန်အကျခံ၍ ဆောက်လုပ်စေပြီးတဲ့နောက်မှာလဲ အထက်ထပ် အောက်ထပ်အခန်းပေါင်း တထောင်လုံး အပြည့်အနှက် အဖိုး အသိန်းမက ထိုက်တန်တဲ့ အခင်းတွေကို ခင်းကျင်း၍ ထားတယ်တဲ့။

ဒါကြောင့် စေတနာရှင်တဦး၏ (ဝါ) ဝိသာခါ၏ အဖော်သူငယ်ချင်းမတဦး၏ တသိန်းထိုက်တန်တဲ့ အခင်းတခုမှာ ၎င်းကျောင်းအမကြီး၏အခန်းတို့၌ ဘယ်နေရာမှခင်းစရာမရှိတဲ့အတွက် အရှင်အာနန္ဒာညွှန်ကြားချက်အရ ခြေဆေးတဲ့နေရာ၌ ခြေသုတ်အဖြစ် ခင်းထားရကြောင်းကို ဓမ္မပဒ အဋ္ဌကထာကြီး၌ ဆိုထားပါတယ်။

အဲသလို ကျောင်းကြီးနှင့်တကွ ကျောင်းအခင်းအကျင်းအသုံးအဆောင်တို့ပါ ပြည့်စုံအောင် အကုန် လှူထားတယ်တဲ့၊ ကြားလား။ ကျောင်းဒကာ-ကျောင်းအမများဆိုတာ နည်းခိုးကြရတယ်နော်။

မှန်ပါ့ဘုရား။

ယခုကာလတော့ တချို့မှာ ကိုယ် ဆောက် ထားတဲ့ ကျောင်းကို မိုးလုံမလုံတောင်မှ ပြန်မကြည့်ချင်ကြတော့ဘူး၊ ဒါကြောင့်လဲ အကျိုးပေးကွာကြတာနော်။

## ကျောင်းပူဇော်ပွဲကြီး

အဲဒီလိုကျောင်းကြီးကိုဆောက်ပြီးတဲ့အခါ ဘုရားအမှူးရှိတဲ့သံဃာတော်များကိုပင့်၍ ၄-လဘိုင်တိုင် ကျောင်းပူဇော်ပွဲကြီးကို ပြုလုပ်သတဲ့၊ ကြားလား။

မှန်ပါ့ဘုရား။

နောက်ဆုံး ကျောင်းရေစက်ချနေ့ကျတော့ ရဟန်း, သံဃာတော်များကို သက်နှီး၊ တို့, ဆေးတို့ ပြည့်စုံအောင် လှူတယ်တဲ့၊ အဲဒီအခါတုန်းက အငယ်ဆုံး ကိုယ်တော်လေးရတဲ့ သင်္ကန်းတောင်မှ ထောင်တန်တယ်တဲ့၊ ကြားလား။ နည်းနိုး စရာ အလွန်ကောင်းတယ်နော်။

မှန်ပါ့ဘုရား။

အဲဒီ ဝိသာခါကျောင်းအမကြီးဟာ ကျောင်းရာမြေဖိုးက ၉-ကုဋေတဲ့၊ ကျောင်းဆောက်ထာက ၉-ကုဋေတဲ့၊ ကျောင်းပူဇော် ရေစက်ချပွဲလုပ်ထာက ၉-ကုဋေတဲ့၊ အားလုံး ၂၇-ကုဋေ ကုန်ကျသွားတယ်ဆိုပဲ၊ ဘယ်လောက်များ အံ့သြစရာကောင်းတုံး၊ ဒါကြောင့်....

> ဣတိ ဝိဟာရဿ ဘူမိဂဟဏေန နဝကောဋိယော၊ ဝိဟာရဿ ကာရာပနေန နဝ။ ဝိဟာရမဟေန နဝါတိ သဗ္ဗာပိ သတ္တဝီသတိ ကောဋိယော သာ ဗုဒ္ဓသာသနေ ပရိစ္စဇိ။

(ဓမ္မပဒ အဋ္ဌကထာ)

ဣတိ၊ ဤသို့။ ဝိဟာရဿ ဘူမိဂဟဏေန၊ ကျောင်းရာမြေကို ဝယ်ယူရခြင်း ဖြင့်။ နဝကောဋိယော၊ ၉-ကုဋေတို့ကိုလည်း။ ဝိဟာရဿ ကာရာပနေန၊ ကျောင်းကို ဆောက်လုပ်စေခြင်းဖြင့်။ နဝ၊ ၉-ကုဋေတို့ကိုလည်း။ ဝိဟာရမဟေန၊ ကျောင်း ပူဇော် ရေစက်ချပွဲဖြင့်။ နဝ၊ ၉-ကုဋေတို့ကိုလည်း။ ဣတိ၊ ဤသို့။ သဗ္ဗာပိ သတ္တ ဝီသတိ ကောဋိယော၊ အလုံးစုံသော ၂၇-ကုဋေသော ငွေအသပြာတို့ကို။ သာ၊ ထိုဝိသာခါအမျိုးသမီးသည်။ ဗုဒ္ဓသာသနေ၊ မြတ်စွာဘုရား သာသနာတော်၌။ ပရိစ္စဇိ၊ စွန့်လွှတ် လှူဒါန်းခဲ့လေပြီ၊ ကြားလား။

မှန်ပါ့ဘုရား။

အဲဒီလို မိန်းမဖြစ်လျက်နှင့် မိစ္ဆာဒိဋ္ဌိ (ဘုရားကို, ရတနာ ၃-ပါးကို မကြည်ညိုတဲ့)အိမ်ကို လိုက်သွားရပြီးလျှင် မိစ္ဆာဒိဋ္ဌိ လင်ယောကျ်ားရဲ့အိမ်က နေ၍ သို့ကလို ကြီးစွာသော အလှူဒါနကို စွန့်ကြဲလှူဒါန်းနိုင်တယ်ဆိုတာ အလွန် အံ့သြစရာပဲနော်။ အခြားမိန်းမများမှာ ရှိနိုင်မှာမဟုတ်ဘူး။ ဒါကြောင့်....

> ဣတ္ထိဘာဝေ ဌတွာ မိစ္ဆာဒိဋ္ဌိကဿ ဂေဟေ ဝသမာနာယ ဧဝရူပေါ မဟာပရိစ္စာဂေါ နာမ အညဿာ နတ္ထိ။

(ဓမ္မပဒ အဋ္ဌကထာ)

ဣတ္ထိဘာဝေဌတွာ၊ မိန်းမအဖြစ်၌တည်ပြီးလျှင်။ မိစ္ဆာဒိဋ္ဌိကဿဂေဟေ၊ မိစ္ဆာဒိဋ္ဌိ၏အိမ်၌။ ဝသမာနာယ၊ နေလျက်။ ဧဝရူပေါ၊ ဤသို့သဘောရှိသော။ မဟာပရိစ္စာဂေါ နာမ၊ ကြီးစွာစွန့်ကြဲခြင်းမည်သည်။ အညဿာ၊ တခြားတပါး သော မိန်းမအား။ နတ္ထိ၊ မရှိဘူး၊ ကြားလား။

မှန်ပါ့ဘုရား။

အဲ-ဝိသာခါ ကျောင်းအမကြီးဟာ ကျောင်းရေစက်ချပွဲ ပြီးတဲ့နေ့တွင် သား,သမီး,မြေး,မြစ်တွေခြံရံလျက် ငါ့ဆုတောင်း ပြည့်ပြီ၊ငါ့အကြံ ပြည့်စုံပြီဟု နှလုံးသွင်းလျက် သူဆောက်လှူတဲ့ ပြာသာဒ်ကျောင်းကြီးကိုအစဉ်လှည့်ပတ်သွားလာပြီးလျှင် အသံကောင်းကောင်းနဲ့ အောက်ပါအတိုင်း"ပါဠိဂါထာ ၅-ပုဒ်" ဖြင့် ဥဒါန်းကျူးရင့်ကာ သီဆိုသတဲ့၊ကြားလား။(မှန်ပါ့ဘုရား)။ကဲ(ဘုန်းကြီးက) ဝိသာခါဆိုတဲ့ ဂါထာ ၅-ပုဒ်ကိုရွတ်၍ အဓိပ္ပာယ်ပြောပြရဦးမှာပေါ့။

ကဒါဟံ ပါသာဒံ ရမ္မံ၊ သုဓာမတ္တိကလေပနံ။

ဝိဟာရဒါနံ ဒဿာမိ၊ သင်္ကပ္ပေါ မယှ ပူရိတော။

ဟောဒါ ဝိသာခါကျောင်းအမကြီးသီဆိုတဲ့ ပထမပါဠိ ဂါထာပါပဲ။ မြန်မာလို အဓိပ္ပာယ်ကတော့ "ငါ ကျောင်းလှူမယ်ဆိုတဲ့အကြံဟာ ပြည့်စုံသွားပေပြီ"လို့ ဆိုလိုပါတယ်။ ပီးတော့ ဒုတိယသီဆိုတဲ့ ပါဠိဂါထာက....

ကဒါဟံ မဉ္စပီဌဉ္စ၊ ဘိသိဗိမ္ဗောဟနာနိ စ။

သေနာသနဘဏ္ဍံ ဒဿာမိ၊ သင်္ကပ္ပေါ မယှ ပူရိတော။

မြန်မာလိုအဓိပ္ပာယ်ကတော့"ငါသည် ကျောင်းအသုံးအဆောင်ဘဏ္ဍာ ဖြစ်တဲ့ ခုတင်, ကုလားထိုင်, ဖုံ, ခေါင်းအုံး စသည်တို့ကို လှူမယ် ဆိုတာဟာ လှူပြီး၍ ပြည့်စုံသွားပေပြီ"လို့ ဆိုလိုပါတယ်။

ပီး-တတိယသီဆိုတဲ့ ဂါထာကတော့....

ကဒါဟံ သလာကဘတ္တံ၊ သုစိံ မံသူပသေစနံ။

ဘောဇနဒါနံ ဒဿာမိ၊ သင်္ကပ္ပေါ မယှ ပူရိတော။

အဓိပ္ပာယ်ကတော့ "ဆွမ်းဘောဇဉ် လှူမယ်လို့ ငါကြံခဲ့တာတွေ ပြည့်စုံပေပြီ"လို့ ဆိုလိုတယ်။

ပီး-စတုတ္ထအချက်ကတော့....

ကဒါဟံ ကာသိကံ ဝတ္ထံ၊ ခေါမကပ္ပါသိကာနိစ။

စီဝရဒါနံ ဒဿာမိ၊ သင်္ကပ္ပေါ မယှ ပူရိတော။

အဓိပ္ပာယ်ကတော့ "သင်္ကန်းအမျိုးမျိုးကို လှူမယ်လို့ ကြံစည်ခဲ့တဲ့အကြံအစည်တွေဟာ ပြည့်စုံသွားပေပြီ"လို့ ဆိုလိုပါတယ်။

ပီး-ပဉ္စမ သီဆိုလိုက်တဲ့ ဂါထာက....

ကဒါဟံ သပ္ပိန ဝနီတံ၊ မဓုတေလဉ္စ ဖာဏိတံ။

ဘေသဇ္ဇဒါနံ ဒဿာမိ၊ သင်္ကပ္ပေါ မယှ ပူရိတော။

ကြားလား၊ (မှန်ပါ့ဘုရား)။ အဓိပ္ပာယ်တော့ "ဆေးအမျိုးမျိုးကို လှူဒါန်းမယ်"လို့ကြံတဲ့ ငါ့ရဲ့အကြံဟာ ပြည့်စုံပေပြီ-လို့ ဆိုတယ်တဲ့၊ကြားလား။

မှန်ပါ့ဘုရား။

အဲဒီလို ဝိသာခါကျောင်းအမကြီး သား, သမီး,မြေး,မြစ်တွေ ခြံရံလျက် ဒီလို သီဆိုနေတဲ့အခါ ရဟန်းတော်များက ဘုရားထံသွား၍ ဝိသာခါကျောင်း အမဟာ ဒီလိုအရင်က မဆိုခဲ့ဘူးပါ၊ အခု သား,သမီး,မြေး,မြစ်တွေ ခြံရံလျက် သီချင်းဆိုနေပါတယ်၊ ဘယ့်နှဲ့လဲ ရူးများရူးနေပလား စသည်ဖြင့် လျှောက်ထား ကြသတဲ့။

ဒီတော့မှ ဘုရားက....

န ဘိက္ခဝေ မယှံ ဓီတာ ဂါယတိ၊ အတ္တနော ပနဿာ အဇ္ဈာသယော ပရိပုဏ္ဏော၊ သာ ပတ္ထိတပတ္ထနာ မေ မတ္ထကံ ပတ္တာတိ တုဋ္ဌမာနသာ ဥဒါနံ ဥဒါနေန္တီ ဝိစရတိ။

လို့ မိန့်ဆိုတော်မူတယ်။ "ချစ်သားတို့-ငါ၏သမီးဟာ သီချင်းဆိုတာ မဟုတ်ဘူးကွဲ့။ သူ့ဆုတောင်းဟာ အထွတ်အထိပ်သို့ ရောက်သွားသောကြောင့် ဝမ်းမြောက်ဝမ်းသာ ဥဒါန်းကျူးလိုက်တာကွဲ့" လို့မိန့်တော်မူတယ်၊ကြားလား။

မှန်ပါ့ဘုရား။

ဟောဒီ ဝိသာခါကျောင်းအမကြီးဟာ ဒါယိကာမတွေထဲတွင် ဘုရား ကိုယ်တော်မြတ်ကြီးကပေးထားတဲ့ တေဒဂ်ဘွဲ့ထူးကို ရရှိတဲ့အမျိုးသမီးတဦးလဲ ဖြစ်တယ်။ ဒါကြောင့်....

တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဒါယိကာနံ ယဒိဒံ ဝိသာခါ မိဂါရ မာတာ။

ဟောဒါက အင်္ဂုတ္တိုရ်ပါဠိတော် ဧကနိပါတ် တေဒဂ္ဂဝဂ်မှာ လာတယ်၊ ကြားလား။

မှန်ပါ့ဘုရား။

ဘိက္ခဝေ၊ ငါ၏ချစ်သား-ရဟန်းတို့။ မမ သာဝိကာနံ ဒါယိကာနံ၊ ငါဘုရား၏ သာဝိကာမဖြစ်တဲ့ဒါယိကာမတွေထဲတွင်။ ယဒိဒံ ဝိသာခါမိဂါရ မာတာ၊ အကြင် မိဂါရမာတာခေါ်တဲ့ ဝိသာခါ ဒါယိကာမသည်။ အတ္ထိ၊ ရှိ၏။ တာ-သော ဝိသာခါမိဂါရမာတာ၊ ဤ မိဂါရမာတာခေါ်တဲ့ ဝိသာခါ ဒါယိကာမသည်။ အဂ္ဂံ-အဂ္ဂါ၊ အမြတ်ဆုံးဖြစ်လေတော့သတည်း၊ ကြားလား။

မှန်ပါ့ဘုရား။

ကိုင်း-ကိုင်း....ကျောင်းလှူရခြင်း အကျိုးများကို ဆက် ဟောကြအုံးစို့၊ ကျောင်းလှူရခြင်း၏ အကျိုးကတော့ ၂-မျိုး ရှိတယ်။ ဘယ်လိုလဲ ဆိုတော့ (၁)ကျောင်းကို အသုံးခံရကဲ့ ရဟန်းတော်များ ရရှိတဲ့အကျိုးတဲ့။ (၂)ကျောင်း လှူတဲ့ဒကာများ ရရှိတဲ့အကျိုး။ ဒီအဲ နှစ်မျိုးတို့တွင် ရဟန်းတော်များ ရရှိတဲ့ အကျိုးကို အရင်ဟောပြမယ်၊ အာရုံစူးစိုက်၍ နာကြနော်။

သီတံ ဥဏှံ ပဋိဟနတိ၊ တတော ဝါဠမိဂါနိ စ။
သရီသပေ စ မကသေ၊ သိသိရေစာပိ ဝုဋ္ဌိတော။
အထ ဝါတာတပေ ဃောရေ၊ သဥ္စာတေ ပဋိဟညတိ။
လေဏတ္ထဉ္စ သုခတ္ထဉ္စ၊ ဈာယိတုံ စ ဝိပဿိတုံ။
(စူဠဝဂ္ဂပါဠိတော် သေနာသနက္ခန္ဓက)

အဲသလို ကျောင်းအလှူခံရတဲ့ရဟန်းတော်များ ရရှိတဲ့အကျိုးကိုပြဆိုထားပါတယ်။ ဒါကြောင့် ကျောင်းအလှူခံရတဲ့ ရဟန်းတော်များမှာ သီတပဋိဟနန ဆိုတဲ့ အအေးကိုပယ်ဖျောက်ခြင်းအကျိုးကို ရတယ်တဲ့။ ပီးတော့ ဥဏှပဋိဟနန ဆိုတဲ့ အပူကိုပယ်ဖျောက်ခြင်း၊ ဝါဠမိဂပဋိဟနန-ကြမ်းထမ်းတဲ့ သားရဲဘေးကို ပယ်ဖျောက်ခြင်း၊ သရီသပ ပဋိဟနန-မြွေ့ကင်း့သန်းဘေးကိုပယ်ဖျောက်ခြင်း၊ မကသ ပဋိဟနန-ခြင်, မှက်တို့ကို ပယ်ဖျောက်နိုင်ခြင်းစတဲ့ အကျိုးတွေကို ရနိုင်တယ်။

ကျောင်းလှူရတဲ့ ဒကာ-ဒကာမများမှာလဲပဲ ''ဒါနံ သဗ္ဗတ္ထ သာဓကံ'' ဆိုတဲ့အတိုင်းပေါ့လေ၊ အလုံးစုံသောအကျိုးတွေကို ပြီးစီးနိုင်တယ်တဲ့။

ဒါနံ၊ ယခုလို ကျောင်းကို လှူဒါန်းရတဲ့ ကျောင်းဒါနကုသိုလ် စေတနာသည်။ သဗ္ဗတ္ထသာဓကံ၊ အလုံးစုံး ကိစ္စအဝဝကို လှလှကြီး ပြီးစီးနိုင်လေတော့ သတည်း၊ ကြားလား။

မှန်ပါ့ဘုရား။

ပီးတော့- ''သဒ္ဓိသံ ပါကံ ဇနေတိ'' လို့ ဆိုတဲ့အတိုင်း သဒ္ဓိသဝိပါက ကမ္မသရိက္ခက ဝိပါကအားဖြင့် နိဗ္ဗာန်မရောက်သေးခင် ဘဝများ၌ ရဟန်းတော်များ ရရှိတဲ့အကျိုးနှင့်တူတဲ့ အကျိုးတွေကိုလဲ ရရှိနိုင်တယ်။

ထို့အပြင် အထူးအားဖြင့် ရရှိတဲ့အကျိုးကတော့ ဒီလိုကျောင်းဆောက်လှူဒါန်းရတဲ့ သူများဟာ ဂတိ မြဲနိုင်တယ်တဲ့၊ သောတာပန် အစစ်နဲ့တူတဲ့ စူဠသောတာပန်လဲ ဖြစ်တယ်။ ဒါကြောင့်-

ယေသံ ပန ကုလာနံ တီဏိ သရဏာနိ၊ ပဉ္စသီလာနိ ဧကံ သလာကဘတ္တံ ဧကံ ပက္ခိကဘတ္တံ ဧကံ ဝဿာဝါသိကံ ဧကော ပေါက္ခရဏီ ဧကော အာဝါသော၊ ဧဝရူပါနိ နိဗဒ္ဓပုညာနိ အတ္ထိ၊ တေသံပိ ဂတိ နိဗဒ္ဓါ၊ သောတာပန္န သဒိသာနေဝ တာနိ ကုလာနိ။
(နဝင်္ဂုတ္တိုရ်ရဲ့ အဋ္ဌကထာ၊ပထမပဏ္ဏာသ၊သီဟနာဒဝဂ်၊ဒုတိယသုတ်ဖွင့်)

ဘိက္ခဝေ၊ တရားနာပရိတ်အပေါင်း သူတော်ကောင်းတို့။ ယေသံ ပန ကုလာနံ၊ အကြင် အမျိုးသား-အမျိုးသမီးတို့ အားကား။ တီဏိ သရဏာနိ၊ သရဏဂုံ(၃)ပါးတို့သည်ရင်း။ ပဉ္စသီလာနိ၊ (၅)ပါး သီလတို့သည်ရင်း။ ဧကံ သလာကဘတ္တံ၊ စာရေးတံဆွမ်းဝတ်တခုသည်ရင်း။ ဧကံ ပက္ခိတဘတ္တံ၊ ပက္ခိက

ဘတ် ဆွမ်းဝတ်တခုသည်၎င်း။ ကော်ဝဿဝါသိကံ၊ တထည်သော ဝါဆိုသင်္ကန်းသည်၎င်း။ကောပေါက္ခရဏိ၊တခုသော ရေကန်သည်၎င်း။ကောအာဝါသော၊ တဆောင်သောကျောင်းသည်၎င်း။ ဧဝရူပါနိ၊ဤသို့သဘောရှိကုန်သော။ နိဗဒ္ဓပုညာနိ၊ အမြဲလှူအပ်သော ကောင်းမှုတို့သည်။ အတ္ထိ-သန္တိ၊ ရှိကုန်၏။ တေသံပိ၊ ထိုအမျိုးသား-အမျိုးသမီးတို့၏လည်း။ ဂတိ၊ လားရာဂတိသည်။ နိဗဒ္ဓါ၊မြဲ၏။ တာနိ ကုလာနိ၊ထိုအမျိုးသား-အမျိုးသမီးတို့သည်။သောတာပန္နသဒိသာနေဝ၊ သောတာပန်နှင့်တူတဲ့ စူဠသောတာပန်တို့သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကြလေကုန်တော့သတည်း။

---

## ကျောင်းဒကာတဦးဝတ္ထု ကောက်နုတ်ချက်

ကိုင်း-ကိုင်း....ကျောင်းဒကာများဘက်က ဝတ္ထုတပုဒ်ကို အတိုချုပ်နဲ့ ထုတ်ပြဦးမယ်၊ သေသေချာချာ မှတ်ထားကြနော်၊ ကျောင်းအကျိုး များ ဘယ်လောက် ကြီးမားတယ်ဆိုတာ သိရပါလိမ့်မယ်။

ငါတို့ဘုရားအလောင်းတော် "မဟာသုဒဿန စကြာမင်းကြီး" ဆိုတာ လူတိုင်းလိုလိုပဲ ကြားဘူးကြပါလိမ့်မယ်၊ သူသည် ကုသဝတီလို့ခေါ်တဲ့ နေပြည်တော်ကြီးဝယ် လေးကျွန်းသနင်း စကြာမင်းကြီးဖြစ်လာတယ်တဲ့၊အဲဒီ ကုသဝတီနေပြည်တော်ကြီးဆိုတာ အလျား ၁၂-ယူဇနာ၊ အနံ ၇-ယူဇနာ ကျယ်ပြန့်ပြီးတော့ ရွှေ,ငွေ,ကြောင်မျက်ရွဲ, ဖန်,မှန်,ပတ္တမြား,နီလာ,ပတ္တမြားပြောက်,သန္တာဆိုတဲ့ ရဓနာတို့ဖြင့် ပြီးဘဲ့ တံတိုင်းကြီး ၇-ထပ်၊ ပီးတော့ ရွှေ,ငွေ အတိပြီးတဲ့ ထန်းပင်အရံ ၇-ထပ် ရံလျက်၊ အဆံမျိုးစုံ ရောပြွမ်းပြီးနေတဲ့ နေပြည်တော်ကြီး ဖြစ်တယ်တဲ့။ ယခုအခါ ထင်ရှားတဲ့ ရန်ကုန်နေပြည်တော်ကြီးလိုပေါ့လေ။

အဲဒီ ကုသဝတီ နေပြည်တော်ကြီးမှာ သိကြားမင်း၏ အကူအညီဖြင့် ဝိသကြုံနတ်သား ဖန်ဆင်းပေးတဲ့ဘုံနန်းအဆောင်ဆောင်တို့ဖြင့် အလှုံတင့်တယ်တယ်တဲ့။ ဓမ္မပါသာဒခေါ် စံနန်းပြာသာဒ်တော်ကြီး၌ ခြေရံများစွာနှင့် မင်း၏ စည်းစိမ်ကို ခံစား, စံစားရတယ်တဲ့၊ ဒီတော့ စကြာရတနာ, ဆင်ရတနာ, မြင်းရတနာ, ပတ္တမြားရတနာ, မိဖုရား ရတနာ, သူကြွယ်ရတနာ, သားကြီးရတနာ ဆိုတဲ့ ရတနာ(၇)ပါးလဲ တပြိုင်နက် ဖြစ်ပေါ်လာတယ်။

အဲဒီလို နတ်၏ စည်းစိမ်နှင့်တူတဲ့ မင်း၏ စည်းစိမ်တွေကို ခံစားရခြင်း၊ ဝိသကြုံနတ်သားက နေစရာစံနန်းပြာသာဒ်ကြီးကိုဖန်ဆင်းပေးရခြင်းမှာ ဟောဒီလို ကျောင်းကို လှူဒါန်းခဲ့တဲ့အတွက်ကြောင့် ဖြစ်တယ်တဲ့။ ဘယ်လိုလဲလို့ဆိုလျှင် ထိုစကြာမင်းကြီးဟာ ဟို-ကဿပ ရှင်တော်ဘုရား လက်ထက်တော်တုန်းက သူကြွယ်တဦးဖြစ်ခဲ့သတဲ့။ ဘုရားအလောင်း သူကြွယ်လို့ မှတ်ထားဖို့ပေါ့။

ခေတ်—၇၊ (ဒုတိယအကြိမ်)

တနေ့သ၌ တောထဲသွားတဲ့အခါ တောရဆောက်တည်တဲ့ ရဟန်းတော် တပါးကိုတွေ့သဖြင့် ဣန္ဒြေသိက္ခာ ရှိရှိလှတဲ့အတွက် အလွန်ကြည်ညိုလှသော ကြောင့် ယခုကာလ အင်ဖက်, သက်ငယ်မိုးကျောင်းလို သစ်ခက်မိုးတဲ့ ကျောင်း တဆောင်ကို ဆောက်လုပ်၍ ကျောင်းဝိုင်း အရံစည်းရိုး အကာအရံနှင့်တကွ ပြုလုပ်၍ လှူဒါန်းခဲ့ဘူးတယ်တဲ့။ ဒီလိုကျောင်းမျှသာမကသေးဘူးတဲ့၊ ကျောင်း အသုံးအဆောင်ဖြစ်တဲ့ ခုတင်,ကုလားထိုင်, ခြင်ထောင်,အိပ်ရာခင်း,ခေါင်းအုံး, ရေတွင်း, ရေကန်, စကြံကျောင်း, သောက်ရေ, သုံးရေ, ပန်းကန်,ခွက်,သပိတ်, ရေအိုး, ရေချိုင့်, ရေမှုတ်, ဖလား, ထီး, ဖိနပ်, သင်္ကန်း, ဆွမ်းဝတ်, ဆေးဝတ် စတဲ့ ရဟန်းတို့နှင့်ဆိုင်တာမှန်သမျှ အကုန်ပြည့်စုံအောင် လှူဒါန်းထားတယ်တဲ့။ ဒီနေရာမှာ အဋ္ဌကထာဆရာကြီးများကတော့ ကျောင်းဒကာ ဘုရားအလောင်း သည် သူကိုးကွယ်ထားတဲ့ ရဟန်းတော်အား မလှူဘူးတာ မရှိဘူးလို့ ဆိုထား ပါတယ်၊ ဒါကြောင့်–

ထေရဿ ဗောဓိသတ္တေန အဒိန္နံ ပရိက္ခာရေနာမ နာဟောသိ။

ဗောဓိသတ္တေန၊ ဘုရားအလောင်းတော် ကျောင်းဒကာသည်။ထေရဿ၊ သူ ကျောင်းဆောက်၍ ကိုးကွယ်တဲ့ ဘောရမုတင်ဆောင် ရဟန်းတော် မထေရ် အား။ အဒိန္နပရိက္ခာရောနာမ၊ မလှူဘူးတဲ့ ရဟန်းအသုံးအဆောင် ပရိက္ခရာ မည်သည်။ နာဟောသိ၊ မရှိတော့ပြီတဲ့။

အဲဒီလိုကျောင်းနှင့်သက်ဆိုင်,ရဟန်းနှင့်သက်ဆိုင်တဲ့ခုတင်,ကုလားထိုင်, ဖျာ, ခေါင်းအုံး, အိပ်ရာခင်း,ခြင်ထောင်, ထီး, ဖိနပ်, ဆွမ်း, သင်္ကန်း စသည် တို့ကို လှူဒါန်းရတဲ့ အတွက်ကြောင့်လဲပဲ "သော သဗ္ဗဒဒေါ ဟောတိ၊ ယော ဒဒါတိ ဥပဿယံ"လို့ ဟောတော်မူထားတာပေါ့။

ယော၊ အကြင်သူသည်။ ဥပဿယံ၊ကျောင်းအဆောက်အဦကို။ ဒဒါတိ၊ ပေးလှူ၏။သောစ၊ထိုသူသည်ကား။ သဗ္ဗဒဒေါ၊ အလုံးစုံကို ပေးလှူသူမည်သည်။ ဟောတိ၊ ဖြစ်၏။

တချို့ ဒကာ–ဒကာမများကတော့ သူများနည်းတူ ကျောင်းကိုတော့ ဆောက်ကြပါရဲ့ ကျောင်းနေကိုယ်တော်ကို ပစ္စည်းလေးပါးလှူဖို့ရန်ဟာ ဝေးရော သူတို့ကျောင်းမှာ ဖျာတို့,ရေအိုး–ရေခွက်တို့တောင်မှ မလှူကြပေဘူး၊ ရှင်းရှင်း ပြောရလျှင် တချို့မှာ သူတို့ကျောင်းကို မိုးလုံအောင်တောင်မှ ပြန်မကြည့်ချင် ကြဘူး။ ဒါဟာ ကျောင်းဒကာများရဲ့ ချို့ယွင်းမှုပဲ၊ ကြားလား။

မှန်ပါ့ဘုရား။

ဒီလို ကိုယ်က ပြည့်ပြည့်ညှဉ့်စုံစုံ မလှူခဲ့တော့ ကိုယ့်မှာလဲ ဘဝသံသရာမှာ ဘယ်အကုန်လုံး ပြည့်စုံနိုင်ပါ့မလဲ၊ ကြည့်လေ။ဘုရားအလောင်း ကျောင်းဒကာဟာ ကျောင်းဝိုင်း အကာအရံ စည်းရိုးအတွက် ထန်းပင်များကိုစိုက်ခဲ့လို့ မဟာသုဒဿန စကြာမင်းကြီးဖြစ်တဲ့အခါ ရွှေ,ငွေအတိပြီးတဲ့ ထန်းပင်အရံ ၇-ထပ်ခြံရံနေတယ်ဆို မဟုတ်လား။ သို့အတွက် ကျောင်းဆောက်လျှင် ကျောင်းမျှသာမထားပဲနှင့် ကျောင်းနှင့်သက်ဆိုင်တဲ့ ပစ္စည်းများကိုလဲ လှူဒါန်း ရတယ်တဲ့၊ ကြားလား။

မှန်ပါ့ဘုရား။

ကဲ-ဝတ္ထုကို ပြန်ဆက်ဦးစို့ရဲ့။ ဒီ-မဟာ သုဒဿန စကြာမင်းကြီးဟာ အသက် နှစ်သိန်း ခြောက်သောင်း နှစ်ထောင်ရှိတဲ့အခါ၊ (၀ါ)အသက်ကြီးလာတဲ့အခါ လူ့ဝတ်ကြောင်နှင့်ပင် တရားကို အားထုတ် တော့မယ်လို့ ဆိုပြီး ဓမ္မပါသာဒခေါ်တဲ့ စံနန်းပြာသာဒ် လှေခါးရင်းမှာရပ်၍ "ဟဲ့....ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသဝိတက်တို့ မင်းတို့ ဒီနေရာမှာနေခဲ့ကြ" လို့ ကြိမ်းမောင်းခဲ့ပြီးလျှင် စံနန်းပြာသာဒ်ထက်၌ ပွဲတော်ဆက် တယောက်နှင့်သာ အတွေ့ခံပြီး ကမ္မဋ္ဌာန်းတရားကို အားထုတ်လေရာ လောကီဈာန်သမာပတ်များကိုရ၍ အနှစ်ပေါင်း ရှစ်သောင်းလေးထောင်တိုင်တိုင် ဈာန်ချမ်းသာကိုစံစားကာအောက်သို့ ဆင်းမလာတော့ပဲ အသက်တော် သုံးသိန်း သုံးသောင်း ခြောက်ထောင် ပြည့်၍ ကံတော်ကုန်တဲ့အခါ ဟို-ဗြဟ္မာ့ပြည်သို့သွားရတယ်တဲ့၊ ဒီစကြာမင်းကြီးနည်းကို အတုခိုးစရာ အလွန်ကောင်းတယ်နော်။

မှန်ပါ့ဘုရား။

---

## ဆွမ်းစားကျောင်းအမ ရောဟိနီမင်းသမီးဝတ္ထု အတိုချုပ်

ကဲ-ကျောင်းအမများဘက်ကလဲ မှတ်သားရအောင်ဟာ ဝတ္ထုတပုဒ် ထုတ်လိုက်အုံးမယ်၊ သေသေချာချာ မှတ်ထားကြနော်။ ဟောဒီ ဆွမ်းစားကျောင်းအမကတော့ ဓမ္မပဒမှာလာတဲ့ ရောဟိနီ မင်းသမီး ဖြစ်ပါတယ်။ အဲဒီရောဟိနီ မင်းသမီးဆိုတာ အရှင်အနုရုဒ္ဓါ ကိုယ်တော်မြတ်ကြီး၏ နှမအငယ် ဖြစ်သတဲ့။ အရှင်အနုရုဒ္ဓါ ကိုယ်တော်မြတ်ကြီး၏ တိုက်တွန်းချက်အရ သူဝတ်ဆင်ထားတဲ့ အသပြာငွေ တသောင်းထိုက်တန်တဲ့ တန်ဆာများကိုရောင်းချ၍ ဘုံ ၂-ဆင့်ရှိတဲ့ဆွမ်းစားကျောင်းကြီးကိုဆောက်လုပ်၍လှူဒါန်းတယ်တဲ့။ဒါကြောင့် ရောဟိနီ မင်းသမီးကို ဆွမ်းစားကျောင်းအမလို့ ခေါ်ရပါတယ်။ အဲဒီလို ကျောင်းကို ဆောက်လုပ် လှူဒါန်းပြီးတဲ့အခါ ၎င်းဆွမ်းစားကျောင်း၌ မပြတ် တံမြက်လှဲခြင်းတို့ကို ပြုလုပ်သတဲ့၊ အဲသလို တံမြက်လှဲစဉ်ပင်လျှင် သူ့ကိုယ်မှာ

ယားယံပေါက်ကွဲတဲ့ရောဂါများလဲ သက်သာမှုရလာတယ်တဲ့။ထိုနောက် ဘုရား အမှူးရှိတဲ့ သံဃာတော်တွေကို ဆွမ်းစားကျောင်းနှင့် အပြည့်ပင့်၍ မွန်မြတ်တဲ့ ဆွမ်း ခဲဘွယ်တို့ကိုလဲ ဆက်ကပ်လှူဒါန်းတယ်တဲ့။ သူသည် ဘုရားတရားကို နာယူရသည်၏အဆုံးမှာ သောတာပန်ဖြစ်၍ ယားယံတဲ့ရောဂါလဲပျောက်ကင်းသွားသတဲ့၊ ကြားလား။

မှန်ပါ့ဘုရား။

အဲဒီ ရောဟိနီမင်းသမီးဟာ ထိုဘဝကသေလွန်တဲ့အခါ၊ဟို-တာဝတိံသာ နတ်ပြည်ဝယ် နတ်သား လေးယောက်ပိုင်တဲ့ အကြားအရပ်မှာ အလွန်တရာ ချောမောလှပတဲ့ နတ်သမီးကလေး သွားဖြစ်ရတယ်တဲ့။ အဲဒီအခါမှာ နတ်သား လေးယောက်တို့ကငါပိုင်တာထဲမှာဖြစ်တယ်၊သူပိုင်တာထဲမှာဖြစ်တယ်စသည်ဖြင့် ထို နတ်သမီးကလေးကို လုမှုဖြစ်ကြတဲ့အတွက် သိကြားမင်း၏ရုံးတော်သို့ရောက် သွားကြသတဲ့။

ဒီတော့ သိကြားမင်းကြီးကလဲ ဒီနတ်သမီးကလေးကို အလွန်တရာချစ်လှ တဲ့အတွက် နတ်သားများကို ဒီလိုမေးလိုက်သတဲ့''အမောင် နတ်သားတို့၊မင်းတို့ ဟောဒီ နတ်သမီးကလေးကို မြင်တဲ့အခါကစ၍ စိတ်မှာ ဘယ်လိုများ ဖြစ်ကြ သတုံး''လို့ မေးသတဲ့။

ဒီတော့ နတ်သားတယောက်က ''အရှင်သိကြားမင်း-ဟောဒီ နတ်သမီး ကလေးကို မြင်ကထဲကစပြီးတော့ စိတ်ကိုဆုတ်နစ်ရပ်တန့်ခြင်းငှာ မစွမ်းနိုင်တော့ ပါဘူး''လို့ လျှောက်သတဲ့။ဒုတိယနတ်သားကလဲ ''အရှင်သိကြားမင်း-ဟောဒီ နတ်သမီးကလေးကို မြင်ရတဲ့အခါကစပြီးတော့ ကျွန်ုပ်ရဲ့စိတ်ဟာ ဒီနတ်သမီး ကလေးအပေါ် အဟုန်အရှိန်ပြင်းစွာဖြစ်နေပါတယ်''လို့လျှောက်သတဲ့။တတိယ နတ်သားကတော့''ဒီနတ်သမီးကလေးကိုမြင်ကကဲကစ၍ကျွန်ုပ်ရဲ့မျက်စိများဟာ ပြူးထွက်နေတာပါပဲ''လို့ လျှောက်သတဲ့။ စတုတ္ထ နတ်သားကတော့''အကျွန်ုပ်၏ စိတ်ဟာ မတုန်မလှုပ် တည်တံ့ခြင်းငှာ မစွမ်းနိုင်တော့ပါဘူး''လို့လျှောက်သတဲ့။

ဒီတော့ သိကြားမင်းကြီးက- ''အေ ဟေ....မင်းတို့က ဒီမျှလောက်သာ ဖြစ်သေးသဖြင့် မင်းတို့၏စိတ်ဟာ နှိပ်ကွပ်မယ်ဆိုလျှင် ရနိုင်တဲ့သဘော ရှိပါ သေးတယ်ကွဲ့၊ ငါမှာတော့ ဟောဒီ နတ်သမီးကလေးကိုမှ မရလျှင် အမှန်သေရ တော့မှာပဲ''လို့ ပြောဆိုလိုက်သတဲ့။

ဒီတော့ နတ်သားလေးယောက်က အရှင်သိကြားမင်းကြီးသေတာကိုဖြင့် ကျွန်ုပ်တို့မမြင်လိုပါဘူး၊ ဒီနတ်သမီးကလေးကိုပဲ ယူပါတော့-ဟု စွန့်ခဲ့ပြီးလျှင် ပြန်သွားကြသတဲ့၊ ကြားလား။

မှန်ပါ့ဘုရား။

သိကြားမင်းကြီးသည် ထိုရောဟိနီ နတ်မိဖုရားကလေးကို အလွန်ချစ်မြတ်နိုးတယ်တဲ့။ ထို နတ်မိဖုရားကလေး ပြောတဲ့စကားကို ပယ်ရှားခြင်းမရှိပဲ နတ်မိဖုရားကလေးအလိုတိုင်းသာ လိုက်လျောတယ်တဲ့၊ ကြားလား။

မှန်ပါ့ဘုရား။

အဲဒီလို အဆင်းလှရခြင်း,သိကြားမင်း၏ အချစ်ဆုံး နတ်မိဖုရားကလေး ဖြစ်ရခြင်းဟာ ဟို-လူ့ဘဝတုန်းက ဆွမ်းစားကျောင်း ဆောက်လုပ် လှူဒါန်း၍ တံမြက်လှဲခဲ့တဲ့ကောင်းမှုကြောင့် ဖြစ်တယ်တဲ့။

အဲဒါကြောင့် ဒါနဆိုတဲ့ရွှေအိုးကြီးဟာ အလိုရှိတာဟူသမျှ အကုန်ရနိုင်တယ်တဲ့။ ဒါကြောင့် ခုဒ္ဒကပါဌ ပါဠိတော်ကြီး၌....

သေ ဒေဝမနုဿာနံ၊ သဗ္ဗကာမ ဒဒေါ နိဓိ။

ယံ ယဒေဝါ ဘိပတ္ထေန္တိ၊ သဗ္ဗမေတေန လဗ္ဘတိ။

ဘိက္ခဝေ၊ ဒါနအကျိုး မျှော်ကိုးရှုညှော်း အို-တဆူးနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့။ ဒေဝမနုဿာနံ၊နတ်,လူတို့၏။သေ-သောနိဓိ၊ ဤကျောင်းဒါန ကုသိုလ်တည်းဟူသော ရွှေအိုးကြီးသည်။ သဗ္ဗကာမ ဒဒေါ၊ အလုံးစုံသော အလိုဆန္ဒဟူသမျှကို ပေးစွမ်းနိုင်ပါပေ၏။ ယံယဒေဝ၊ အကြင်အကြင် အလိုဆန္ဒ ဟူသမျှကို။ အဘိပတ္ထေန္တိ၊ တောင်းတကြလေကုန်၏။ တံသဗ္ဗံ၊ ထိုအလုံးစုံအလိုဆန္ဒဟူသမျှကို။ဧတေန၊ဤသို့ပြုရကျောင်းဒါနကုသိုလ်စေတနာကြောင့်။ လဗ္ဘတိ၊ မုချပိုင်ပိုင် ရနိုင်လေတော့သတည်း။

(ဤတွင်လည်း တခန်းရပ်၍ အဘိဓမ္မာတပ်နိုင်သည်။)

---

## အခင်း-အရုံခေါ်တဲ့ သေယျဒါန တရား

အန္နံ ပါနံ ဃရံ ဝတ္ထံ၊ ယာနံ မာလာ ဝိလေပနံ။

သေယျံ ဂန္ဓော ပဒီပေါ စ၊ ဒါနဝတ္ထု ဣမေ ဒသ။

(သုတဝဏ္ဏနာကျမ်း)

ဟောဒါက သုတ္တန်ကျမ်းဂန်မှာလာတဲ့ ဒါနဝတ္ထု (၁၀)မျိုးကို ပြတဲ့ဂါထာ။

ဒါနဝတ္ထု(၁၀)မျိုးဆိုတာကတော့-(၁)အန္နဒါန-ဆွမ်းအလှူ၊ပြီးတော့ (၂)ပါနဒါန-အဖျော်အလှူ၊ (၃) ဃရဒါန ကျောင်းအလှူ၊ (၄) ဝတ္ထဒါန-အဝတ်သင်္ကန်းအလှူ၊ (၅)ယာနဒါန-စီးစရာ ယာဉ်အလှူ၊(၆)မာလာဒါန-ပန်းအလှူ၊ (၇)ဝိလေပနဒါန-နံ့သာရေအလှူ၊ (၈) သေယျဒါန-အခုလို အခင်း-အရုံ အလှူ၊ (၉) ဂန္ဓဒါန-အမွှေးအကြိုင် နံ့သာအလှူ၊ (၁၀)ပဒီပဒါန ဆီမီး,ခတ်မီးအလှူ။

အဲဒီ (၁၀)မျိုးထဲက သေယျဒါနလို့ခေါ်တဲ့ အခင်း-အရံ့ အတွက်ကို အခု ဟောပြရလိမ့်မယ်၊ သေသေချာချာ မှတ်ကြနော်။

မှန်ပါဘုရား။

''သေယျဒါန''တဲ့ ပါဠိလိုနော်၊ မြန်မာလိုဆိုတော့ အခင်းအလှူတဲ့။ အဲဒီ အခင်းထဲမှာ အခြံပါထည့်ပြီးတော့ ရေတွက်ရပါတယ်။

အဲဒီ အခင်းအလှူရဲ့ အကျိုးကြီး ပုံကိုတော့ သောဏ သဌေးသားကို ထောက်၍ သိရပါတယ်။ သောဏ-ဆိုတာ ပါဠိလိုဖြစ်တယ်၊ မြန်မာလိုဆိုတော့ ကိုတင့်တယ်-လို့ဆိုလိုတာပေါ့။ ဒီ သောဏသဌေးသားဆိုတာ အခု (ဘုန်းကြီး) တို့ ဘုရားလက်ထက်မှာ စမ္ပာနဂိုရ်ပြည်က ဥပသေဋ္ဌိ-လို့ ခေါ်တဲ့ သဌေးကြီးရဲ့ သား လာဖြစ်သတဲ့။ သူ၏ ပတ္တမြားအသွင် နီမြန်းတဲ့ခြေဖဝါးအပြင်မှာဖြူစင်တဲ့ အမွေးကလေးတွေတောင် ပေါက်နေကြောင်းကို ''သောဏထေရ အပဒါန် ပါဠိတော်''မှာ ဆိုထားပါသေးတယ်၊ အလွန်နူးညံ့တဲ့ သဌေးသားပေါ့လေ။ သို့အတွက် အမွေးလက်ရှစ်သစ်ခန့်ရှိတဲ့ ကမ္ဗလာကော်ဇောနတွေကိုခင်းပြီးတော့ အဲဒီအပေါ်မှာ ကတ္တီပါဖိနပ်ကိုစီးပြီးတော့ သွားလေ့ရှိတယ်၊ ကိစ္စရှိ၍ ဘုံနန်း ပြာသာဒ်ကထွက်ပြီး သွားပြန်တော့လဲ လမ်းခရီးမှာ ကမ္ဗလာ ကော်ဇောကြီး တွေကို ခင်းပေးရသတဲ့၊ အခင်းမရှိလျှင် ဘယ်နေရာကိုမှ သွားလို့ မရဘူးတဲ့။ သူနေတဲ့ ဘုံဗိမာန်ကြီးတွေကတော့ ဆောင်းအခါ စံစားဖို့ ဥယျာဉ်ကြီးနှင့် ဗိမာန်ကြီးက တဆောင်တဲ့။ နွေအခါအတွက် ဥယျာဉ်နှင့် ဗိမာန်ကြီးကလဲ တဆောင်၊ မိုးအခါအတွက်ကလဲ တဆောင်၊ သူ့ဥတုနှင့်သင့်လျော်တဲ့ ဘုံဗိမာန် ကြီးတွေပေါ့လေ၊ အဲဒီ ဘုံဗိမာန်ကြီးတွေအပေါ်မှာ ခေါင်ဆိုတဲ့ သမီးကညာ တွေနှင့် ယောက်ျားမဝင်စေရပဲ အလိုရှိသလို စံစားနေရတယ်တဲ့။ တယ်လဲ ကြီးကျယ်တဲ့ အကျိုးပေးပေါ့လေ။

အဲဒီဘုံဗိမာန်ကြီးတွေပေါ်မှာ ခင်းထားလိုက်တဲ့လမ္ဗလာကော်ဇောကြီး တွေကလဲ တခမ်းတနားကြီးပဲတဲ့၊ ရတနာရှိရာ ရပ်နှာသာဆိုတဲ့အတိုင်း ကုသိုလ် တန်ခိုးကြောင့် အကျိုးပေးကြီးကျယ်တဲ့ သူများမှာတော့ နေရာတကာလိုက်၍ အံ့သြလောက်အောင် အကျိုးပေးနေတော့တာပဲ။

ဒီ သောဏသဌေးသားမှာ ဘုံဗိမာန်,ဥယျာဉ်,ရေကန်,ခြွေရံသမီးကညာ များနှင့် စံစားရတာမျှ မကသေးဘူးတဲ့၊ သူများလက်ထူးတဲ့အကျိုးပေးတခုလဲ ရှိသေးသတဲ့၊ ဘယ်လိုလဲဆိုတော့ သောဏ သဌေးသား အမြဲစားတဲ့ ထမင်း ဘောဇဉ်များဟာ သူများထမင်းနဲ့ မတူဘူးတဲ့၊ မွှေးကြိုင်စွာနှင့် အရသာရှိတဲ့ ထမင်း ဖြစ်သတဲ့၊ အဲဒီထမင်းကို နဝရတ် ၉-ပါး အနားရစ်မှာ စီခြယ်ထားတဲ့

ရွှေလင်ဗန်းထဲ ထည့်ပြီးတော့ သမီးကညာများက ဆက်ကြရသတဲ့၊ သောဏ သဌေးသားဟာ ဒီသမင်းကို ဟင်းမကူတော့ပဲ ထမင်းတမျိုးထဲသာ စားတယ်၊ ဟင်းပါလျှင် ထမင်းအရသာ ပျက်သွားမှာကိုး။

သောဏသဌေးသားမှာ အဲဒီလိုအကျိုးတွေကို ရရှိတာကတော့ ဒီ–ဘဒ္ဒကမ္ဘာမှာပင် အခု (ဘုန်းကြီးတို့)ဘုရားမပွင့်ခင်ကလေးမှာ ဗာရာဏသီပြည်တွင် သဌေးသားတဦးဖြစ်၍ ပစ္စေကဗုဒ္ဓါ အရှင်မြတ်အား ဝါဆိုကျောင်း တဆောင် ဆောက်လုပ် လှူဒါန်း၍ အဖိုးတသိန်း ထိုက်တဲ့ ကမ္ဗလာနီ အခြုံကြီးကိုလည်း ကျောင်းတံခါးဝမှာ ပစ္စေကဗုဒ္ဓါ အရှင်မြတ် ခြေများသုတ်ရန် ခင်းထားတယ်၊ ဒါဟာ အခင်းဒါနလို့ ခေါ်တယ်၊ ပီးတော့–စင်္ကြံလျှောက်ရန် စင်္ကြံကျောင်းက တဆောင်၊ နေ့အခါ သီတင်းသုံးဖို့ ကျောင်းကလေးက တဆောင်၊ ဤကဲ့သို့ ကျောင်းအပိုကလေးများကိုလဲ ဆောက်လုပ်၍ လှူဒါန်းခဲ့သတဲ့၊ အဲဒီ ကျောင်း ဒကာ, ကမ္ဗလာ အခင်းဒကာ ပြုလုပ်ခဲ့တဲ့ကောင်းမှုကြောင့် ယခုလို သောဏ သဌေးသားဘဝရောက်တဲ့အခါ ထူးကဲတဲ့အကျိုးတွေကို ရရှိတယ်။ ဒါကြောင့်–

သေ-သေနာနိမိ၊ထိုဒါနတည်းဟူသောရွှေအိုးကြီးသည်။သဗ္ဗကာမဒဒေါ၊ အလုံးစုံ အလိုဆန္ဒဟူသမျှကို ပေးစွမ်းနိုင်တယ်–လို့ ဟောတော်မူထားတာပေါ့။

အဲဒီ သောဏသဌေးသားဟာ နောင်အခါ ဤသို့သောစည်းစိမ်တွေကို စွန့်ပစ်ပြီးသကာလ ရဟန်းပြုလေသဖြင့် သောဏမထေရ်ရယ်လို့ ထင်ရှားကျော် စော လေတော့သတည်း။

---

## ဝေယျာဝစ္စအကျိုး

အခုလို ကျောင်းအလှူပွဲကြီးမှာ ဝိုင်းဝန်းကူညီပြီးတော့ ရှက်ဆောင်ကြ ရတဲ့ ဒကာ,ဒကာမများမှာလဲ ဝေယျာဝစ္စ၏အကျိုးကို ရနိုင်တယ်တဲ့၊ဒီနေရာမှာ ဝေယျာဝစ္စဆိုတာက သူတပါး၏ကုသိုလ်အလုပ်၌ အားထုတ်ကူညီမှုကိုဝေယျာ ဝစ္စကုသိုလ်လို့ ခေါ်တယ်၊ သို့အတွက် ဆွေမျိုးညာတိ မိတ်သင်္ဂဟများ အလှူ ဒါနပြုလုပ်တဲ့အခါ အလှူရှင်မှာ ကြောင့်ကြမများစေရအောင် ကိုယ်ကျွမ်းကျင် တဲ့ဘက်က စိတ်ပါလက်ပါ စေတနာထက်ထက်သန်သန်နဲ့ ကူညီဆောင် ရွက် ကြရမယ်။ ဒီလိုဆောင်ရွက်လျှင် ဝေယျာဝစ္စကုသိုလ်၏အကျိုးကို ရနိုင်တယ်။

(ဘုန်းကြီးတို့) ဘုရား လက်ထက်တော်တုန်းက ပါယာသိမင်း ဆိုတာ နေ့စဉ်မပြတ်အလှူဒါနပြုလုပ်သတဲ့၊သို့ရာတွင် ကိုယ်တိုင်ကား မပြု၊ဥတ္တရခေါ်တဲ့ လူငယ်တယောက်ကို ထိုဒါနအလှူအတွက် လွှဲထားသတဲ့ ၎င်းဥတ္တရဆိုတဲ့လူငယ် ဟာ ဝေယျာဝစ္စအမှုကို ဝမ်းမြောက်ဝမ်းသာနှင့် ကိုယ့်ပစ္စည်းကို လှူရသလို စိတ်ပါလက်ပါ ရှက်ဆောင်တယ်။

အဲဒီနေရာမှာ အလှူရှင်ပါယာသိမင်းဟာ စုတေတဲ့အခါကုသိုလ်ကောင်းမှုကို ကိုယ်တိုင်မပြုတဲ့အတွက် စတုမဟာရာဇ်နတ်ပြည်၌သာဖြစ်ရသတဲ့၊ စိတ်ပါလက်ပါနှင့် ဝေယျာဝစ္စ ဆောင်တဲ့ ဥတ္တရ လုလင်မှာတော့ ထိုထက်သာလွန်တဲ့ ဟို-ကာဝတိံသာကျအောင် သွား၍ဖြစ်တယ်တဲ့။

အဲဒီဝတ္ထုကို ထောက်သဖြင့် ဝေယျာဝစ္စကုသိုလ်ကိုလဲ အထူးဂရုစိုက်၍ ပြုသင့်ပါတယ်။

ကျောင်းဒါနတရား အပြီးသတ်ပြီ။

---

## ၄။ ဆေးဒါန တရားတော်

အခု ဟောမဲ့ တရားကတော့ ဆေးပစ္စည်းကို လှူဒါန်းတာနဲ့ ပတ်သက်၍ ဒါနတရားကိုပဲ ဟောရလိမ့်မယ်၊ သို့အတွက် (၁) အချက် ဝိနည်း ပိဋကတ်တော်၌လာတဲ့ ဒါနဝတ္ထုပစ္စည်း ၄-ပါးနှင့်တကွ ဒါနအကျိုးကို ဟောပြမယ်။ (၂)အချက် ဆေးဒါနအကျိုးကို ဟောပြမယ်၊ သေသေချာချာ မှတ်သားပြီးတော့ နာကြနော်။

မှန်ပါ့ဘုရား။

ဝိနည်းပိဋကတ်မှာလာတဲ့ ဒါနဝတ္ထု ၄-ပါးဆိုတာက-

(၁) ဆွမ်းအလှူ၊
(၂) သင်္ကန်းအလှူ၊
(၃) ကျောင်းအလှူ၊
(၄) ဆေးအလှူ၊

ဒါက ဝိနည်းတော်၌လာတဲ့ ဒါနဝတ္ထု ၄-မျိုးဖြစ်တယ်။ပီးတော့ အဘိဓမ္မာပိဋကတ်အလိုနှင့်သုတ္တန်အလိုကလဲ ရှိသေးတယ်နော်။ကိုင်း-ဆက်ပြီးတော့ပဲ ဟောလိုက်ရအုံးမှာပေါ့၊ အဘိဓမ္မာအလိုက-

(၁) ရူပါရုံဒါန-အဆင်းအလှူ၊
(၂) သဒ္ဒါရုံဒါန-အသံအလှူ၊
(၃) ဂန္ဓာရုံဒါန-အနံ့အလှူ၊
(၄) ရသာရုံဒါန-အရသာအလှူ၊
(၅) ဖောဋ္ဌဗ္ဗာရုံဒါန-အတွေ့အလှူ၊
(၆) ဓမ္မာရုံဒါန-လို့ခေါ်တဲ့ တရားနှင့်ဆိုင်တဲ့ အလှူပေါ့လေ။

ဒါက အဘိဓမ္မာအလိုဖြစ်တဲ့ အလှူဒါနခြောက်မျိုး။

(သုတ္တန်အလို ၁၀-မျိုးကိုတော့ ပြခဲ့ပြီ။)

အဲသလို အလှူဒါနဝတ္ထုများကို ပေးလှူလိုတဲ့စေတနာနှင့် အလှူခံပုဂ္ဂိုလ်အား ပေးလှူလိုက်လျှင် အလှူဒါန မြောက်သွားတော့တာပဲ။ အဲဒီ ဒါနအလှူဆိုတာ အလွန်အားထုတ်ဖို့ကောင်းတယ်၊ အားလဲထုတ်ကြတယ်၊ ဒီလိုဒါနအမှုကို အားထုတ်လို့ရှိရင် ကိုယ့်ကိုလဲ သူတပါးတို့က ညွတ်ကြရ, ချစ်ခင်ကြရတယ်၊ ကိုယ်ကလဲပဲ သူတပါးကို ချစ်ခင်တာပဲ၊ အဲဒါကြောင့် ဒါနဆိုတာ မိမိရော-သူတပါးရော နှစ်ဦးလုံး အချင်းချင်း ဝမ်းမြောက်စေတဲ့တရား, ညွတ်ကိုင်းစေတတ်တဲ့တရားလို့ မှတ်ရမယ်။ ဒါကြောင့်-

အဒန္တဒမနံ ဒါနံ၊ ဒါနံ သဗ္ဗတ္ထသာဓကံ။
ဒါနေန ပိယဝါစာယ၊ ဥန္နမန္တိ နမန္တိ စ။

(အင်္ဂုတ္တိုရ် ပါဠိတော်)

ဘိက္ခဝေ၊ဒါနအရေး မျှော်တွေးရှုညောင်း အို-သူတော်ကောင်းတို့။ ဒါနံ၊ ပေးလှူခြင်းဆိုတဲ့ ဒါနတရားသည်။ အဒန္တဒမနံ၊ မယဉ်ကျေးတဲ့သူကို ယဉ်ကျေးအောင် ဆုံးမပေတတ်၏။ဒါနံ၊ပေးလှူကြောင်းဖြစ်တဲ့ ဒါနစေတနာတရားသည်။ သဗ္ဗတ္ထသာဓကံ၊ လုံးစုံကိစ္စ ဟူသမျှကို လှလှကြီး ပြီးစေနိုင်ပါပေ၏။ ဒါနေန၊ ပေးလှူခြင်းဆိုတဲ့ ဒါနကြောင့်ရင်း။ ပိယဝါစာယ၊ ချစ်ဖွယ်,နှစ်သက်ဖွယ်ဖြစ်တဲ့ စကားကြောင့်ရင်း။ ဥန္နမန္တိစ၊ ကိုယ်ကလဲ သူတပါးအပေါ် ညွတ်ရလေကုန်၏။ နမန္တိ စ၊ သူတပါးတို့ကလဲ ကိုယ့်အပေါ် ညွတ်ကြရလေကုန်၏။ ကြားလား၊ ဒကာ အောင်။

မှန်ပါ့ဘုရား။

ကိုင်း-ကိုင်း ဆေးဒါနအတွက်ကို ဟောတော့မည်၊အာရုံစူးစိုက်ကြနော်။ အဲ ယခုနကဟောခဲ့တဲ့ ဒါနဝတ္ထုအမျိုးမျိုးတို့တွင် ယခု ေးလှူတဲ့ ဒါနဝတ္ထုက ဆေးကိုလှူဒါန်းတဲ့ ဒါနဝတ္ထုဖြစ်တာကိုး၊ဒီတော့ အဲဒီဆေးဒါနအတွက်ကို အခုဟောရလိမ့်အုံးမယ်။ဟော-အချိန်ကလဲနည်းသွားပြီ၊ခပ်တိုတိုပဲ ဟောရလိမ့်မယ်။

ဆေးပစ္စည်းကို ဝိနည်းတော်အရ ခွဲခြားလိုက်လို့ရှိရင် ၃-မျိုး ၃-စားထွက်လာတယ်၊ ယာဝကာလိက ဆေးပစ္စည်း၊ ပီးတော့ သတ္တာဟ ကာလိက ဆေးပစ္စည်း၊ ပီတော့ ယာဝဇီဝိက ဆေးပစ္စည်းတဲ့၊ ကြားလား။

မှန်ပါ့ဘုရား။

ယာဝကာလိက ဆေးပစ္စည်းဆိုတာက တခြားမဟုတ်ဘူး၊ ဘုရားကိုယ်တော်မြတ်ကြီးကပင် ဆေး-ဟူ၍ ချီးမွမ်းတော်မူထားတဲ့ အကျိုး ၁ဝ-ပါးရှိတဲ့ ယာဂုရည်ကို ဆိုပါတယ်။ ဒါကြောင့်....

ဘေသဇ္ဇ မေတံ သုဂတေန ဝဏ္ဏိတံ။

(ဝိနည်းမဟာဝါ ပါဠိတော် ဘေသဇ္ဇက္ခန္ဓက)

တော်၊ထိုအာယုဝဏ္ဏစသောအကျိုး ၁၀-ပါးရှိတဲ့ယာဂုရည်ကို။ဘေသဇ္ဇံ၊ ရောဂါအရပ်ရပ်ကို သတ်ဖြတ်နိုင်တဲ့ ဆေးမြတ်ကြီးဟူ၍။ သုဂတေန၊ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးသည်။ ဝဏ္ဏိတံ၊ ချီးမွမ်းတော်မူအပ်ပါပေသတည်း။

ယာဂုရည်၏အကျိုး(၁၀)ပါး ဆိုတာကတော့-

ဒသိမေ ဗြာဟ္မဏ အာနိသံသာ ယာဂုယာ။ကတမေ ဒသ၊ယာဂုံ ဒေန္တော အာယုံ ဒေတိ၊ ဝဏ္ဏံ ဒေတိ၊ သုခံ ဒေတိ၊ ဗလံ ဒေတိ၊ ပဋိဘာနံ ဒေတိ၊ ယာဂု ပီတာ ခုဒ္ဒံ ပဋိဟနတိ၊ ပိပါသံ ဝိနေတိ၊ ဝါတံ အနုလောမေတိ၊ ဝတ္ထိံ သောဓေတိ၊ အမာဝသေသံ ပါစေတိ၊ ဣမေခေါ ဗြာဟ္မဏ ဒသာနိသံသာ ယာဂုယာတိ။

မဟာဝါ ဘေသဇ္ဇက္ခန္ဓကမှာ ဘုရားဟောထားတဲ့အတိုင်းပေါ့။

ပြီးတော့-သတ္တာဟကာလိက ဆေးဆိုတာက-

အနုဇာနာမိ ဘိက္ခဝေ တာနိ ပဋိဂ္ဂဟေတွာ ကာလေပိ ဝိကာလေပိ ပရိဘုဉ္ဇိတုံ။

လို့ ဘေသဇ္ဇက္ခန္ဓကမှာ ဘုရားကိုယ်တော်မြတ်ကြီး ခွင့်ပြုတော်မူထားတဲ့ အတိုင်း၊ "ထောပတ်,ဆီဦး,ဆီ,ပျားရည်,တင်လဲ" လို့ ဆိုတဲ့ ဆေးများကို ဆိုပါတယ်။ ၎င်းဆေးများကိုတော့ (၇)ရက်အတွင်း အကပ်ခံ၍ သုံးဆောင်နိုင်တဲ့ အတွက် သတ္တာဟကာလိကဆေးလို့ ခေါ်ပါတယ်၊ ကြားလား။

မှန်ပါ့ဘုရား။

ယာဝဇီဝိက ဆေးဆိုတာကတော့ တသက်လုံး အကပ်ခံ၍ သုံးနိုင်တဲ့ ဆေးမျိုးတွေပေါ့လေ၊ အဲဒီဆေးတွေကတော့ ငန်းဆေး, သွေးဆေး, လျှာပွတ်ဆေး,ဝမ်းနုတ်ဆေး,လျှက်ဆားစသည်များနှင့် ပရုပ်ဆီ,နှာ စသောဆေးပစ္စည်းများကို ဆိုပါသည်။

အဲဒီဆေးများကို လှူဒါန်းရတဲ့ ဒကာ, ဒကာမများမှာ ကမ္မသရိက္ခက ဝိပါကအားဖြင့် ဆိုရလျှင် ရောဂါကိုပယ်ရှားနိုင်တဲ့ ဆေးများကို လှူဒ နဲ့ရတဲ့ အတွက် အရှင်ဗာကုလမထေရ်မြတ်တို့လို ရောဂါကင်းခြင်းဆိုတဲ့ အကျိုးများကို ရနိုင်တယ်တဲ့။ဒါကြောင့်"အပရောပိ ကမ္မသရိက္ခကဝိပါကဝသေန ကမ္မနိယမော ဟောတိ" လို့ အဘိဓမ္မာအဋ္ဌကထာကြီးများ၌ဆိုထားတာပေါ့။ပြီးတော့ ဟောဒီဆေးကို လှူဒါန်းရတဲ့အတွက် အသက်ရှည်ခြင်း, အားအင် ကြီးမားခြင်း, ပညာကြီးမားခြင်း, အဆင်းလှခြင်း, အခြံအရံများခြင်း, ချမ်းသာကြီးခြင်း, ရောဂါဥပဒ်ကင်းရှင်းခြင်း,ရန်ကင်းခြင်း,အရိုအသေခံရခြင်း, ချစ်သူနှင့်မကွဲရခြင်း စတဲ့ အကျိုးတွေကိုလဲ ရနိုင်တယ်။ ဒါကြောင့်....

ဘေသဇ္ဇေ သုဂတေ ဒတွာန၊ သံဃေ ဂဏေ ဝရုတ္တမေ။
ဒသာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကော မမ။

ဝရုတ္တမေ-ဝရုတ္တမသော၊ မြတ်သည်ထက် မြတ်တော်မူသော။ သုဂတေ-သုဂတသော၊ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးအားရင်း။ သံဃေ-သံဃာသော၊ သံဃာတော် အရှင်မြတ်အပေါင်းအားရင်း။ ဂဏေ-ဂဏသော၊ ဂိုဏ်းအားရင်း။ ဘေသဇ္ဇေ၊ ဆေးအမျိုးမျိုးတို့ကို။ ဒတွာန၊ သဒ္ဓါရှင်ပျပေးလှူကြရခြင်းကြောင့်။ မမ၊ ငါ့အား။ ကမ္မာနုစ္ဆဝိကော၊ဆေးလှူရတဲ့ကံအားလျော်စွာ။ ဒသာနိသံသေ၊ (၁၀)ပါးသောအကျိုးအာနိသင်တို့ကို။အနုဘောမိ၊ခံစားရပေတော့သတည်း။

## ဆေးအကျိုး အရှင်ဗာကုလမထေရ်

ဆေးအကျိုး ထင်ထင်ရှားရှားရတာ ဟောဒီ အရှင်ဗာကုလ မထေရ်တဲ့၊ ဗာကုလလို့ခေါ်ရတာကတော့ ထိုဗာကုလဆိုတဲ့ သူငယ်ကလေးဟာ ကောသမ္ဗီပြည်က သဌေးကြီးနှင့် သဌေးကတော်ကြီးတို့၏ သားအရင်းဖြစ်တယ်။ မွေးဖွားစက ယမုနာလို့ခေါ်တဲ့ မြစ်ကမ်းစဉ် ရေချိုးပေးစဉ် ငါးကြီးတကောင်က ဆွဲမျိုသွားသတဲ့၊ဒီငါးကြီးဟာ ဟို ဗာရာဏသီပြည်က တံငါတို့ရဲ့ပိုက်ကွန်တွင် မိသတဲ့၊ ဒီတော့ တံငါတို့က ဒီငါးကြီးကို ဗာရာဏသီမြို့ထဲသို့ လှည့်လည်၍ရောင်းတဲ့အခါ ဗာရာဏသီသဌေးကြီးနှင့် သဌေးကတော်ကြီးတို့က ဝယ်ယူလိုက်တယ်တဲ့၊ကံများဟာ အလွန်ဆန်းကြယ်တယ်နော်၊သေကံမရောက် သက်မပျောက် ဆိုတဲ့အတိုင်း သေကံ မရောက်သေးတော့၊ ငါးကြီးဝမ်းထဲမှာ ရောက်သွားသော်လဲ အသက်မသေဘူးတဲ့၊ ဒါနဲ့ ဗာရာဏသီ သဌေးကတော်ကြီးက ၎င်းငါးကြီးကို နောက်ကျောဘက်ကစပြီး ခွဲမိလိုက်ရာ အထဲမှ ရွှေအဆင်းကဲ့သို့ အလွန်လှတဲ့ ကလေးသူငယ်ကို ရတော့ ဝမ်းမြောက်ဝမ်းသာ မွေးမြူထားကြတယ်။

အဲသလို ကောသမ္ဗီ သဌေးကြီးရော ဗာရာဏသီ သဌေးကြီးရော သဌေးနှစ်ဦးလုံး နှစ်မျိုးလုံး ချမ်းသာအောင် ဆောင်စွမ်း စောင့်ရှောက် တဲ့အတွက် ဗာကုလလို့ ခေါ်ကြသတဲ့။

ဗာ-ဆိုတာက ဒွိ သင်္ချာသဒ္ဒါက လာတာကိုး၊ ဒီတော့ ကုလ-ဆိုတာက အမျိုးကို ဟောတယ်၊ ဒါကြောင့်....

"ဒွိဟိ ကုလေဟိ ရက္ခိတဗ္ဗောတိ ဗာကုလော"လို့ ဝိဂ္ဂြိုဟ် လုပ်ရမယ်၊ ဒါက တဒ္ဓိတ် ဝိဂ္ဂြိုဟ်တဲ့။

ယော ကုမာရော၊ အကြင် သတို့သားကို။ ဒွိဟိ ကုလေဟိ၊ သဒ္ဒေးအမျိုး ၂-ဦးတို့သည်။ ရက္ခိတဗ္ဗော၊ စောင့်ရှောက်အပ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သော ကုမာရော၊ထိုသတို့သားသည်။ဗာကုလော၊ဗာကုလမည်၏။ ကြားလား။

မှန်ပါ့ဘုရား။

(တနည်း) ဒွိဟိ ကုလေဟိ ဝဟိတဗ္ဗောတိ ဗာကုလော။

ယော ကုမာရော၊ ကို။ ဒွိဟိ ကုလေဟိ၊ သဒ္ဒေးအမျိုး ၂-ဦး တို့သည်။ ဝဟိတဗ္ဗော၊ ချမ်းသာအောင် ရွက်ဆောင်ပါပေ၏။ ဣတိတသ္မာ၊ ကြောင့်။ သော ကုမာရော၊ သည်။ ဗာကုလော၊ ဗာကုလ-မည်၏။

တနည်းကတော့-ကောသမ္ဗီသဒ္ဒေးဘက်ရော၊ဗာရာဏသီသဒ္ဒေးဘက်ရော ၂-မျိုးစလုံးကို ရွေးကထက်ပိုမို၍ချမ်းသာအောင်ဟာ ထိုသတို့သားက ဆောင်စွမ်းဘတ်တဲ့အတွက် ဗာကုလ-လို့လဲ ခေါ်သတဲ့၊ ကြားလား။

မှန်ပါ့ဘုရား။

ဒီနည်းအလို "ဒွေ ကုလာနိ ဝဟတီတိ ဗာကုလော" လို့ လုပ်ရမယ်။

ယော ကုမာရော၊သည်။ ဒွေကုလာနိ၊ ၂-ဦးသောအမျိုးတို့ကို။ ဝဟတိ၊ ချမ်းသာအောင် စွမ်းနိုင်ပါပေ၏။ ဣတိတသ္မာ၊ ကြောင့်။ သော ကုမာရော၊ သည်။ ဗာကုလော၊ ဗာကုလ-လို့ ခေါ်ဆိုရပေသတည်း။

အဲဒီ ဗာကုလ သတို့သားဟာ အရွယ်ရောက်တဲ့အခါ ကောသမ္ဗီပြည်မှာ ပြာသာဒ် ၃-ဆောင်၊ ဗာရာဏသီပြည်မှာ ပြာသာဒ် ၃-ဆောင်၊အဲဒီလိုပြာသာဒ် အမျိုးမျိုးတို့ဖြင့် အလွန်တရာ ချောမောလှပတဲ့ ကချေသည် မိန်းကလေးတွေနှင့် တမြို့လျှင် လေးလစီ-လေးလစီ အလှည့်ကျအားဖြင့် ပျော်ပျော်ကြီး စံစားရတယ်တဲ့။ အဲဒီလို စည်းစိမ်ကို စံစားနေတာဟာ နှစ်ပေါင်း ရှစ်ဆယ်လောက် ကြာတယ်တဲ့။

ထို့နောက် ဘုရားကိုယ်တော်မြတ်ကြီး ကောသမ္ဗီပြည်သို့ရောက်၍ ဘုရားတရားကို နာရတဲ့အခါ သာသနာတော်၌ ကြည်ညိုလှသဖြင့် ရဟန်းဘောင်သို့ တက်လေရာ ရှစ်ရက်မြောက်တွင်ရဟန္တာအဖြစ်သို့ရောက်၍အရှင်ဗာကုလမထေရ်ဟု ကျော်ကြားတော်မူတယ်၊အသက်တော် တရာ့ခြောက်ဆယ်ရှည်တော်မူတယ်တဲ့၊ ဘုန်းတန်ခိုးနှင့် လာဘ်လာဘပေါများ၍ အနာရောဂါကင်းရှင်းတဲ့အရာမှာ အလွန်ထင်ရှားတဲ့ ကိုယ်တော်ကြီး ဖြစ်တယ်တဲ့။ ဒါ့ကြောင့် ဘုရားကိုယ်တော်မြတ်ကြီးကလဲ အနာကင်းတဲ့ အရာမှာ ဧတဒဂ်ဘွဲ့ထူးကို ပေးတော်မူတယ်။ ဒါ့ကြောင့်....

> တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ အပ္ပါဗာဓာနံ ယဒိဒံ ဗာကုလထေရော။

အဲဒီလို အနာရောဂါကင်းရှင်းပြီးသကာလ အနာရောဂါကင်းတဲ့ဘက်က တေဒဂ်ဘွဲ့ထူးကိုရခြင်းမှာ၊ သူသည် ဟိုရှေးအခါတုန်းက ယခုလို ဆေးပစ္စည်းများကို လှူဒါန်းခဲ့တဲ့အတွက်ကြောင့်ပဲတဲ့၊ ဘယ်လိုလဲလို့ဆိုလျှင် ထိုအရှင်ဗာကုလမထေရ်ဟာ ဟိုကမ္ဘာတသိန်းအလွန်ရှိတဲ့ တသချေ်ထက်ကာလတုန်းက အနောမဒဿီမြတ်စွာဘုရားပွင့်တော်မူတယ်၊ အဲဒီအခါတုန်းက ပစ္စည်းဥစ္စာချမ်းသာတဲ့ ပုဏ္ဏားမျိုး၌ လာဖြစ်တယ်တဲ့၊ ထို့နောက် ဗေဒင်လေးပုံကို တတ်မြောက်ပြီးလျှင် တောထွက်၍ ရသေ့ပြုနေသတဲ့၊ နောက် အနောမဒဿီဘုရားရှင်ပွင့်တော်မူတဲ့ အကြောင်းကိုသိ၍ သွားရောက်ပြီးတော့ တရားတော်ကို နာကြား၍ သရဏဂုံ ၃-ပါး၌ တည်တယ်တဲ့။

တနေ့သ၌ ဘုရားကိုယ်တော်မြတ်ကြီး၌ လေနာရောဂါဖြစ်ကြောင်းကို သိရ၍ မိမိနေရာတောင်ခြေမှ ဆေးများကို စုဆောင်း ထုထောင်းကာ ဆက်ကပ်လှူဒါန်းတဲ့အတွက် ဘုရားရှင်၏ လေနာရောဂါ ပျောက်ကင်း သွား တယ် တဲ့။ ထို့နောက် ဘုရားထံသို့ကပ်၍ သို့ကလို ဆုတောင်းခဲ့တယ်တဲ့။

> ဘန္တေ ယဒိဒံ မမ ဘေသဇ္ဇေန တထာဂတဿ ဖာသုကံ ဇာတံ၊တဿမေ နိဿန္ဒေန နိဗ္ဗတ္တ-နိဗ္ဗတ္တဘဝေ ဂဒ္ဒုဟဏမတ္တမ္ပိ သရီရေ ဗျာဓိ နာမ မာ ဟောတု။

လို့ ဆုတောင်းခဲ့သတဲ့။

ဘန္တေ၊ ဘုန်းတော်သခင် အရှင်မြတ်စွာဘုရား။ မမ၊ တပည့်တော်၏။ ယဒိဒံ-ယံ ဣဒံ ယေန ဘေသဇ္ဇေန၊ အကြင်ဆေးကြောင့်။ တထာဂတဿ၊ မြတ်စွာဘုရားအား။ ဖာသုကံ၊ လေနာ ပျောက်ကင်း၍ ချမ်းသာခြင်းသည်။ ဇာတံ၊ ဖြစ်၏။ မေ၊ တပည့်တော်၏။ တဿ နိဿန္ဒေန၊ ထို ဆေးလှူရတဲ့အကျိုးဆက်ကြောင့်။ နိဗ္ဗတ္တ နိဗ္ဗတ္တဘဝေ၊ နိဗ္ဗာန်မရောက်သေးသမျှ ဖြစ်တိုင်း-ဖြစ်တိုင်းသော ဘဝ၌။ သရီရေ၊ တပည့်တော်၏ကိုယ်ဝယ်။ ဂဒ္ဒုဟဏမတ္တမ္ပိ၊ ချေခြင်း, သန်းခြင်းမျှလည်းဖြစ်သော။ ဗျာဓိ နာမ၊ အနာရောဂါမည်သည်။ မာ ဟောတု၊ မဖြစ်ပါစေသတည်း-မဖြစ်ပါစေသား-လို့ ဆုတောင်းခဲ့သတဲ့၊ ကြားလား။

မှန်ပါ့ဘုရား။

အဲသလို ဆေးကို လှူဒါန်းပြီးသကာလ ဆုတောင်း လာခဲ့တဲ့အတွက် အနာရောဂါကင်းရှင်းပြီးလျှင် အရှင်ဗာကုလမထေရ်လို့ ကျော်ကြားကာ ဟောအခု နိဗ္ဗာန်သို့ ဝင်စံသွားရပေပြီ၊ ကြားလား။

မှန်ပါ့ဘုရား။

အဲဒီလို ဆေးဒါနကုသိုလ်အစရှိတဲ့ ကုသိုလ်တည်းဟူသောရွှေအိုးကိုမြှုပ်နှံထားကြတဲ့ မိန်းမ-ယောကျ်ား ဒကာ, ဒကာမအပေါင်းတို့သည် အခု ပစ္စုပ္ပန်ကိုယ်ခန္ဓာကြီးကိုစွန့်၍ သွားလေရာ ဘဝတိုင်းတို့၌ ထိုကုသိုလ်တည်းယူသောရွှေအိုးကြီးကိုတော့ ယူဆောင်၍သာ သွားတာပေါ့ပဲ၊ ဒါကြောင့်....

ယဿ ဒါနေန သီလေန၊ သံယမေန ဒမေန စ။
နိဓိ သုနိဟိတော ဟောတိ၊ ဣတ္ထိယာ ပုရိသဿ ဝါ။
သော နိဓိ သုနိဟိတော၊ အဇေယျော အနုဂါမိကော။
ပဟာယ ဂမနီယေသု၊ ဧတံ အာဒါယ ဂစ္ဆတိ။

(ခုဒ္ဒကပါဌ ပါဠိတော်)

ယဿာဣတ္ထိယာဝါ၊အကြင်မိန်းမသည်ရင်း။ယဿပုရိသဿဝါ၊အကြင်ယောကျ်ားသည်ရင်း။ဒါနေနစ၊ပေးလှူခြင်းဆိုတဲ့ ဒါနတရားဖြင့်ရင်း။သီလေနစ၊စောင့်ထိန်းခြင်းဆိုတဲ့ သီလတရားဖြင့်ရင်း။သံယမေနစ၊ကိုယ်,နှုတ်,နှလုံး သုံးပါးလုံးကို စောင့်စည်းခြင်းဖြင့်ရင်း။ဒမေနစ၊စက္ခု စတဲ့ ဣန္ဒြေတို့ကို ဆုံးမထိန်းသိမ်းခြင်းဖြင့်ရင်း။နိဓိ၊ကုသိုလ်တည်းဟူသောရွှေအိုးကြီးကို။သုနိဟိတော၊ကောင်းစွာမြှုပ်နှံထားအပ်ပေ၏။ သော နိဓိ၊ ထို ဒါနကောင်း, သီလကောင်းစတဲ့ ကုသိုလ်တည်းဟူသော ရွှေအိုးကြီးသည်။ အဇေယျော၊ ဘယ်လိုရန်သူမျိုးမှလဲ မအောင်နိုင်ဘူးတဲ့။

ပြီးတော့-အနုဂါမိကော၊ အလှူရှင်, ကုသိုလ်ရှင် နောက်သို့သာ အစဉ်တစိုက် လိုက်ပါတော့တာပဲတဲ့။ သာဣတ္ထိဝါ၊ထိုကုသိုလ်တည်းဟူသော ရွှေအိုးကြီးကို မြှုပ်နှံထားတဲ့ မိန်းမသည်ရင်း။ သော ပုရိသောဝါ၊ ထို ရွှေအိုးကိုမြှုပ်နှံထားတဲ့ ယောကျ်ားသည်ရင်း။ ပဟာယ၊ ကိုယ့်ပစ္စုပ္ပန် အတ္တဘောကိုပယ်စွန့်၍။ ဂမနီယေသု၊ သွားလေရာ ဘဝဟူသမျှတို့၌။ ဧတံ၊ ထိုကုသိုလ်တည်းဟူသော ရွှေအိုးကြီးကို။ အာဒါယ အာဒါယဝေ၊ယူ၍သာလျှင်။ ဂစ္ဆတိ၊သွားလေတော့သတည်း။

ဆေးဒါနတရား အပြီးသတ်ပြီ။

## ၅။ ကထိနဒါန တရားတော်

ယခုပြုလုပ်တဲ့ကုသိုလ်မင်္ဂလာက ဟောဒီ(ရွှေစေတီတိုက်)၌ ကထိန်ခင်းဖို့ရန်အတွက် သံဃာတော်အရှင်မြတ်တို့အား ကထိန်သင်္ကန်းစတဲ့ ဒါနဝတ္ထုတို့ဖြင့် ဆက်ကပ်လှူဒါန်းတဲ့ ကထိနဒါန ကုသိုလ်မင်္ဂလာ ဖြစ်ပေတယ်၊ ကထိန်ဒကာများကတော့ ရေနီမြို့မှ ဒကာ-ဒကာမ အပေါင်းတို့က စုဆောင်းကာ လှူဒါန်းကြတာဖြစ်တယ်၊သို့အတွက်ယနေ့ကထိန်ဟာ ဒကာတဦးတည်းမဟုတ်တဲ့အတွက် ဘုံကထိန် ဖြစ်တာပေါ့။

ဒီတော့(ဘုန်းကြီး)ကလဲ ကထိနဒါနကုသိုလ်အားလျော်စွာ ကထိနဒါန တရားကို အဓိကထား၍ ဟောရမှာပေါ့။ဒါပေမယ်လို့ ဟောဒီတရားပွဲမှာရောက်လာကြတဲ့ ဒကာ-ဒကာတွေအတွက် ကိုယ်ကျင့်ဘက်လဲ တမျိုး ပါအောင် ကြည့်ဟောရမှာပေါ့၊အဲဒါကြောင့် ယခုဟောမဲ့တရားကို စီစဉ်တော့မယ်၊အာရုံစူးစိုက်ကြနော်။

မှန်ပါ့ဘုရား။

၁။ အချက် ကထိန်၏အကြောင်းနှင့် ကထိန်ခင်းတဲ့ ရဟန်းတော်များ ရရှိတဲ့အကျိုး၊ ကထိန် ဒကာများရရှိတဲ့ အကျိုးတွေကို ဟောပြလိမ့်မယ်။

၂။ အချက် စိတ်ထိန်းသိမ်းမှုနှင့် ဝိပဿနာအလုပ်ကို နိဂုံးချုပ်၍ အဘိဓမ္မာ တပ်ပါလိမ့်မယ်။

ကြားလား-ဒကာ ဘိုး။

မှန်ပါ့ဘုရား။

ကိုင်း-ကိုင်း....အာရုံစူးစိုက်ကြ၊ အာရုံစူးစိုက်ကြ။

ဘဂဝတော၊ဘုန်းတော်ခြောက်စုံဂုဏ်တော်တွေအနန္တတို့နှင့်ပြည့်စုံတော်မူသော။ဗုဒ္ဓဿ၊မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး၏။ အာနုဘာဝေန၊တန်ခိုးရှိန်တေဇော် အာနုဘော်အားဖြင့်ရှင်း။ တေန ဘဂဝတာ ထိုဘုန်းတော်ခြောက်စုံ ဂုဏ်တော်တွေအနန္တတို့နှင့် ပြည့်စုံတော်မူတဲ့ ဘုရားကိုယ်တော်မြတ်ကြီးသည်။ ဒေသိတဓမ္မဿ၊ ဟောင်းစွာ ဟောကြားတော်မူအပ်သော တရားတော်မြတ်၏။ အာနုဘာဝေနစ၊တန်ခိုးရှိန်တေဇော် အာနုဘော်တော်အားဖြင့်ရှင်း။တဿ ဘဂဝတော၊ ဘုန်းတော်ခြောက်စုံ ဂုဏ်တော်တွေအနန္တတို့နှင့် ပြည့်စုံတော်မူသော ဘုရားကိုယ်တော်မြတ်ကြီး၏။ သာဝကသံဃဿ၊ တပည့်သား သံဃာတော်မြတ် အပေါင်း၏။ အာနုဘာဝေန၊ တန်ခိုးရှိန်တေဇော် အာနုဘော်အားဖြင့်ရှင်း။ ဝေါ-တုမှာကံ၊ ညီညာဖြိုဖြ စည်းဝေး ရောက်လာကြကုန်သော သင်-တရားနာ

ပရိသတ်အပေါင်း သူတော်ကောင်းတို့အား။နိရောဂါ၊ရောဂါမထိ ဘေးမရှိကြကုန်သည်။ ဟောန္တု၊ဖြစ်ကြပါစေကုန်သတည်း။ နိရောဂါဟူတဲ့၊ ရောဂါမထိ ဘေးမရှိကြကုန်သည်ဖြစ်၍။ ဓမ္မံ၊ယခုဟောပြောမဲ့တရားတော်မြတ်ကို။သာဓုကံ၊ ကောင်းကောင်းမွန်မွန်။ သုဏန္တု၊ နာယူနိုင်ကြပါစေကုန်သတည်း။

(လိုရာ ဆက်ဟောနိုင်သည်။)

ကိုင်း-ကထိနဒါနဆိုတော့ ကထိန်ဆိုတဲ့အမည်ကို မေးလိုက်ရအုံးမယ်၊ ဒီလိုမေးပြီးသကာလ ဖြေရှင်းလို့ရှိလျှင် ပရိသတ်များမှာ သာ၍ပင် နားလည်နိုင်မယ်၊ ကြားလား။

မှန်ပါ့ဘုရား။

ဒကာဘိုး။

ဘုရား။

အခုပြုတဲ့ကုသိုလ်ကို ကထိန်လို့ ခေါ်သလား၊ သထိန်လို့ ခေါ်သလား။

ကထိန်လို့ ခေါ်ပါတယ်ဘုရား။

အေး-ဟုတ်ပြီ၊ ဒီနေရာ အချို့ အမယ်ကြီးတွေက "သထိန်-သထိန်" လို့ ခေါ်နေတာကို ကြားရဘူးတယ်။ဒီပရိသတ်ထဲမှာတော့ ဒီလိုခေါ်တဲ့အမယ်ကြီးတွေ ပါမှာမဟုတ်ပါဘူး။ဒီလို သထိန်လို့ခေါ်တာကိုတော့ အလွဲလို့ မှတ်ရမယ်၊ ကထိန်လို့သာ ခေါ်ရမယ်နော်၊ ကြားလား။

မှန်ပါ့ဘုရား။

အဲဒီ ကထိန်လို့ ခေါ်တဲ့စကားဟာ ပါဠိအစစ်လဲ မဟုတ်ဘူး၊ မြန်မာအစစ်လဲ မဟုတ်ဘူး၊ သို့အတွက် သူ့ကို စသုံးအားဖြင့် ပါဠိပျက်လို့ ခေါ်ပါတယ်၊ အရပ်သုံးအားဖြင့် ခေါ်လျှင် ပါဠိကဗျာလို့ ခေါ်ရမှာပေါ့၊ ဒီကထိန်ဆိုတဲ့စကားရဲ့ ပါဠိအစစ်ကတော့ "ကထိန"တဲ့၊ ကြားလား။

မှန်ပါ့ဘုရား။

ဋ္ဌင်းကိုမှ နည်း၍ အသတ်သတ်၍ ကထိန်လို့ ခေါ်ကြတယ်။

အဲဒီ-ကထိနဆိုတဲ့ ပါဠိအစစ်အဘိုင်း ကထိန်ဆိုတဲ့စကားအရ မြန်မာလို နားလည်အောင် စစ်ကြစို့။

ဗုဒ္ဓါဒီဟိ ကထိယတေ သီလာဿတေတိ ကထိန်-လို့ ဝိဂ္ဂြိုဟ်လုပ်ရမယ်၊ ဒီနည်းအရ ကထိနသဒ္ဒါ ချီးမွမ်းခြင်းအနက်ကို ဟောတယ်။

ဗုဒ္ဓါဒီဟိ၊ ဘုရား အစရှိသော သူတော်ကောင်းတို့သည်။ ကထိယတေ သီလာဿတော၊ချီးမွမ်းအပ်ပေ၏။ဣတိတသ္မာ၊ထို့ကြောင့်။ကထိနံ၊ကထိန်မည်၏။ ကြားလား။

ကထိန်ဆိုတာ ဘုရားအစရှိသော သူတော်ကောင်းတွေက ကောင်းတယ်၊ မြတ်တယ်လို့ ချီးမွမ်းအပ်သောကြောင့် ကထိန်လို့ဆိုတာကို သေသေချာချာမှတ်ထားနော်။ ဘယ်အတွက်ကြောင့် ချီးမွမ်းအပ်တယ်ဆိုတာ ပီးတော့ခွဲဟောမယ်။

(တနည်း) ကထိန်ဆိုတာ "သက်န်းကာလ၊ တလမျှ၊ ငါးလ ကထိန်ရှိ" လို့ ဆိုတဲ့အတိုင်း ကထိန် အာနိသင် ကာလသည် ငါးလ ဖြစ်တယ်၊ ဟောဒီ ငါးလ အတွင်းမှာ ငါးပါးသော အာနိသင်တို့ကို ကထိန်ခင်းတဲ့ ကျောင်း အတွင်း၌ ရခြင်းငှာ စွမ်းနိုင်သည်၏ အဖြစ်ဖြင့် မြဲမြံခိုင်ခံ့ တည်တံ့သော အနက်သဘော ရှိသောကြောင့် ကထိန်လို့ ခေါ်ရတယ်၊ ဒီနည်းအလိုက ကထိနသဒ္ဒါကို ဝိဂ္ဂိုဟ် မပြုရဘူး၊ အနိပ္ဖန္နပါဋိပဒိက ထိရတ္ထ ၁ ါစိရှင်ပုဒ်လို့မှတ်ရမယ်။ ဒါ့ကြောင့် ဝိနည်း ဋီကာကြီးများ၌....

ကထိနန္တိ ပဉ္စာနိသံသေ၊ အန္တောကရဏ သမတ္ထတာယ ထိရန္တိ အတ္ထော။
(သာရတ္ထနှင့် ဝိမတိဋီကာကြီး)

ကထိနန္တိ၊ ကထိန်ဟူသည်ကား။ ပဉ္စာနိသံသေ၊ ငါးပါးသော အကျိုး အာနိသင်တို့ကို။ အန္တောကရဏသမတ္ထတာယ၊ အတွင်းပြုခြင်းငှာစွမ်းနိုင်သည်၏ အဖြစ်ဖြင့်။ (ဝါ) ကြောင့်။ ထိရံ၊ မြဲမြံခိုင်ခံ့သည်တည်း။ ဣတိအယံ၊ ဤသည် ကား။ အဿ၊ ထိုကထိန်ဟူသောပုဒ်၏။ အတ္ထော၊ ဂုဏ်တ်ကိုဖော်ပြတဲ့အနက်တည်း။

ထို့ပြင် ကင်္ခါဋီကာ ဆရာကလဲ....

ကထိနန္တိ ပဉ္စာနိသံသေ အညတ္ထ ဂန္တုံ အဒတွာ သင်္ဂဟဏတ္ထေန ကထိနံ၊ ထိရန္တိ အတ္ထော။

လို့-ထိရ အနက်ကိုပင် ဆိုထားပါတယ်။ ဒါကြောင့် ကထိန်ဆိုတာမြဲမြံခိုင်ခံ့ တည်တံ့တဲ့အနက်ကိုလဲ ဟောတယ်လို့ မှတ်ရမယ်။ နှစ်နည်းပေါ့လေ။ ငါးလ အတွင်း အာနိသင် ငါးပါး ရမှုအတွက် ခိုင်မြဲပုံကို နောက်နား ရောက် တော့ ဟောပြမယ်။

ဟောဒီ နှစ်နည်းတို့တွင် ပထမနည်းအရ ဘုရားစသော သူတော်ကောင်း တွေက ကောင်း၏-ကောင်း၏လို့ ချီးမွမ်းအပ်တယ် ဆိုရာမှာ၊ ပို-ပဒုမုတ္တိုရ် ရှင်တော်ဘုရား လက်ထက်တော်တုန်းကလဲ ဟောဒီလို ကထိန်ဆိုတာ ဖြစ်ပေါ် လာဘူးတယ်တဲ့။

အဲဒီအခါတုန်းက ထို ပဒုမုတ္တိုရ်မြတ်စွာဘုရား၏တပည့်ကြီးဖြစ်တဲ့ အရှင် သုဇာတမထေရ်က ကထိန်ခံယူကြောင်းနှင့် ထိုပဒုမုတ္တိုရ်ဘုရားကိုယ်တော်မြတ်ကြီးကလဲ ကထိန်ရဲ့အကြောင်းကို ချီးမွမ်းပြောဆိုကာ ကထိန်ဝတ်ကို ကိုယ်တော် တိုင်ပြုတော်မူကြောင်း ဝိနည်းအဋ္ဌကထာကြီး၌ မိန့်ဆိုထားပါတယ်။
ခေတ် - ၉၊ (ဒုတိယအကြိမ်)

အဲဒီနေရာမှာ ဘုရားအစရှိတဲ့ သူတော်ကောင်းများဟာ ဒီကထိနဒါနကို ဘယ့်အတွက်ကြောင့် "မြတ်၏"ဟု ချီးမွမ်း ကြပါသလဲလို့ ကျမ်းဂန်များကို မွှေနှောက် ရှာဖွေ၍ စိစစ်သည်ရှိသော်-ဟောဒီလို အကြောင်း(၃)ချက် ထွက်လာပါတယ်၊ ဘယ်လိုလဲဆိုတော့....

(၁) သံဃိကဒါန ဖြစ်ခြင်း၊

(၂) ထူးခြားသော သံဃိကဒါနဖြစ်ခြင်း၊

(၃) အာပတ်ကို သုတ်သင်သော ဒါနဖြစ်ခြင်း၊

အဲဒီ အကြောင်း(၃)ချက်နှင့်ပြည့်စုံတဲ့အတွက် ဒီ ကထိန်အလှူကို ဘုရားစသော သူတော်ကောင်းများ ချီးမွမ်းကြတယ်တဲ့။

ကိုင်း-ဒီအကြောင်း(၃)ချက်ကို ခွဲပြီးတော့ ဟောပြအုံးမယ်၊ သေသေချာချာ မှတ်ထားကြနော်။

(၁) အချက်၊သံဃိကဒါန ဖြစ်တယ်ဆိုရာ၌ တချို့ပုဂ္ဂိုလ်များက ကထိန်သင်္ကန်းဟာ ကထိန်ခင်းတဲ့ကျောင်းတိုက်က သံဃာသာ ရသောကြောင့် အာရာမိက သံဃိကဟု ဆိုကြပါတယ်၊ဒါကတော့ ကထိန်ခွင့်ပြုချက် ဝိနည်းသဘောနှင့် သံဃိကသဘောကို နားမလည်လို့ ဆိုကြတာလို့ မှတ်ဖို့ပါပဲ၊ အာရာမိက သံဃိကဆိုတာ စင်စစ် သံဃိက မဟုတ်ပါဘူး၊ အ ရံ အ တွင်း သံ ဃာ တည်း ဟူ သော ဂဏိကသာဖြစ်ပါတယ်၊အကယ်၍ အာရာမိကသံဃိကလို့ လှူလိုက်လျှင် သံဃိကကို မဖြစ်တော့ဘူး။ ဂဏိကဒါန ဂိုဏ်းကိုသာ လှူတဲ့ဒါန ဖြစ်သွားပြီ၊ ပြီးတော့-ကထိန်သင်္ကန်းကို ကထိန်ခင်းတဲ့ ကျောင်းတိုက်က သံဃာသာ ရတယ်ဆိုတာက စင်စစ် ကထိန်သင်္ကန်း သံဃိကမဟုတ်လို့ ရတာမျိုး မဟုတ်ပါဘူး၊ ဘုရား ကိုယ်တော်မြတ်ကြီး၏ခွင့်ပြုချက်အတိုင်းသာ ရတာဖြစ်ပါတယ်။

သို့အတွက် ကထိန်သင်္ကန်းကို သံ့ဃိကဖြစ်အောင် လှူတာက ကထိနဒါန သဘော၊ တိုက်တွင်းသံဃာ့သာလျှင် ရတာက ဝိနည်းသဘောလို့ ခွဲခြား၍မှတ်သားရမယ်။ တချို့ကတော့ ကထိနဒါန ကထိန်သင်္ကန်းကို စတုဒိသာ သံဃိက လှူဒါန်းရတယ်ဆိုတဲ့ဝါဒဟာ "မိစ္ဆာဝါဒ"လို့တောင် ဟောကြ-ပြောကြသေးတယ်၊ ဒါကတော့ "သူခိုးက လူလူ"ဟု အော်တာနှင့် အတူတူပဲလို့သာ မှတ်ဖို့ပါပဲ။

အဲဒါကြောင့် ဒီ ကထိနဒါနကို(၁)အချက်အတိုင်း သံဃိကဒါနလို့သာ မှတ်ရမယ်၊ သံဃိကဆိုတာကလဲ စင်စစ်အားဖြင့် စတုဒိသာ သံဃိက တမျိုးသာ အစစ်ဖြစ်ပါတယ်။ သို့အတွက် ဟောဒီ ကထိနဒါနကို စတုဒိသာ သံဃိကလို့သာ ရှင်းရှင်းကလေး မှတ်ထားကြရမယ်။ စတုဒိသာ သံဃိကလို့ ဆိုနိုင်တာ

ကတော့၊ ဟောဒီ ကထိန်အာနိသင် သက်န်းများကို ဝေဖန်ဖို့ရန်ပြတဲ့ အခန်း၊ မဟာဝါအဋ္ဌကထာ ကထိနက္ခန္ဓကအဖွင့်၌ စတုဒိသာ သံဃိကသင်္ကန်းများ ဝေဖန်တဲ့နည်းအတိုင်း ပြဆိုထားတာကို ထောက်သဖြင့်လဲ စတုဒိသာ သံဃိက ဆိုတာ သိရပါတယ်။ ပြီးတော့-ဟောဒီ ကထိန်သင်္ကန်းကို ဥတ်ကမ္မဝါစာဖြင့် ပေးတဲ့ ကမ္မဝါစာအခန်း၌လဲပဲ "သံဃာအား ကထိန်သင်္ကန်း ဖြစ်တယ်" လို့ သံဃာကိုတပ်၍ ဟောထားဘာကိုထောက်သဖြင့် သံဃာအရမှာလဲ သံဃသာမန် သာ ဟောထားတာကို ထောက်သဖြင့်ငှင်း၊ စတုဒိသာ သံဃိကဆိုတာ သိသာ ပါတယ်၊ ဒါကြောင့် မဟာဝါပါဠိတော် ကထိနက္ခန္ဓက ဥတ်ပေးခန်းမှာ....

ဣဒံ သံဃဿ ကထိနဒုဿံ ဥပ္ပန္နံ။

သံဃဿ၊ သံဃာတော်အား။ ဣဒံ ကထိန ဒုဿံ၊ ဤကထိန်လျှာ ပုဆိုး သည်။ ဥပ္ပန္နံ၊ ဖြစ်လာလေတော့သတည်း-တဲ့၊ ကြားလား ဒကာဘိုး။

မှန်ပါ့ဘုရား။

သံဃာအား-လို့သာ ဆိုထားတယ် မဟုတ်လား။

မှန်ပါ့ဘုရား။

ပြီးတော့-ဝိနယာ လင်္ကာရ ဋီကာမှာလဲ....

"ဣမံ ကထိန စီဝရံ သံဃဿ ဒေမာတိ ဝတ္တဗ္ဗံ"လို့ သံဃဿ သဒ္ဒါနှင့် ဆိုထားပါတယ်၊ သို့အတွက် ကထိန်ဒါနကို စတုဒိသာသံဃိကလို့သာ မှတ်ထား ကြရမယ်။ အဲဒီလို စတုဒိသာ သံဃိက သို့ယူရတဲ့အတွက် ကထိန်ခံတဲ့ပုဂ္ဂိုလ်များ ဘက်ကလဲ ဘာမျှ အကျိုးမယုတ်တဲ့ပြင် ကထိန် ဒါယကာများမှာ စတုဒိသာ သံဃိကဒါနတောင် ဖြစ်သွားပါသေးတယ်၊ ကြားလား။

မှန်ပါ့ဘုရား။

အဲဒါကြောင့် ကျေးဇူးရှင် ညောင်လွန်တောရ ဆရာတော်ဘုရားများ ကတော့....

မယံ ဘန္တေ ဣမံ ကထိနစီဝရံ သံဃဿ ဒေမ၊ ဣမိနာ ကထိနံ အတ္ထရထ။

ဘန္တေ၊ အရှင်ဘုရား။ မယံ၊ တပည့်တော်တို့သည်။ ဣမံကထိနစီဝရံ၊ ဤကထိန်သင်္ကန်းကို။ သံဃဿ၊ အရှင် အညာသိကောဏ္ဍညမထေရ် အစရှိသော သာသနာတော် ငါးထောင်အတွင်း၌ တည်ရှိသော သံဃာတော်မြတ်အပေါင်း အား။ ဒေမ၊ လှူဒါန်းပါကုန်၏။ ဣမိနာ၊ ဤသင်္ကန်းဖြင့်။ ကထိနံ၊ ကထိန်ကို။ အတ္ထရထ၊ ခင်းတော်မူကြပါကုန်ဘုရား-လို့ လိုက်ဆိုစေ၍ သင်္ကန်းအကပ်ခံတော် မူလေ့ ရှိကြပါတယ်။

အဲဒီနေရာမှာ "ဇုမိနာ ကထိနံ အတ္ထရထ" ဆိုတာက ကခ်ါအဋ္ဌကထာနှင့်အညီ ထည့်ပေးခြင်းဖြစ်တယ်လို့ မှတ်ရမယ်။

အဲဒီလို သံဃိကဒါန ဖြစ်တဲ့အတွက် ကထိန်ဒကာများမှာလဲ သာလွန်၍ အကျိုးကြီးတယ်ဆိုတဲ့ သံဃိကဒါနအကျိုးကို ရသွားတော့တာပေါ့။

ဒါကြောင့်....

နတွေဝါဟံ အာနန္ဒ ကေနစိ ပရိယာယေန သံဃဂတာယ ဒက္ခိဏာယ ပါဋိပုဂ္ဂလိကဒါနံ မဟပ္ဖလတရံ ဝဒါမိ။ (အနက်ကိုရေးခဲ့ပြီ။)

အဲဒီလို သံဃိကဒါန ဖြစ်ပြီးလျှင် ဒါယကာများမှာလဲ သံဃိကဒါန အကျိုးကိုရတဲ့အတွက် ဟောဒီ ကထိနဒါနကို ချီးမွမ်းအပ်တယ်တဲ့။

(၂)အချက်၊ထူးခြားတဲ့သံဃိကဒါနဆိုတာ ဟောပြောရလျှင်–ထူးခြားပုံကတော့ အများကြီးပဲ၊ ကထိန်ဆိုတာ ဝိနည်းနှင့်ကလဲ စပ်နေလေတော့ ဝိနည်းကိုပင် ဟောရမှာပဲ၊ အဲဒီထူးခြားတဲ့ သံဃိကဒါန ဖြစ်ပုံတွေကို သေသေချာချာ မှတ်သားထားကြနော်။

မှန်ပါ့ဘုရား။

ကထိန် သံဃိကဒါန ထူးခြားပုံက ဒီလိုတဲ့–ကထိန်ခင်းဖို့ရန် မဟုတ်ပဲနှင့် သက်သက် သံဃိကသင်္ကန်းအဖြစ် လှူစေဖို့ဆိုတာကတော့ ပစ္စည်းလေးပါးဖိတ်ထားတဲ့ ဒကာများကိုဎင်း၊ ဆွေမျိုးဉာတိ မိဖများကိုဎင်း သံဃိကသင်္ကန်း လှူသင့်ကြောင်း။ ဒီလိုလှူလျှင် အကျိုးကြီးကြောင်း စသည်ဖြင့် ဟောကောင်း, ပြောကောင်း, အလှူခိုင်းကောင်းတယ်တဲ့။ အလှူခိုင်းတဲ့အတွက် အပြစ်မရှိဘူး၊ အပ်တယ်တဲ့၊ အခု ကထိန်သင်္ကန်းဆိုတာက ဒီလိုမဟုတ်ဘူးတဲ့၊ အမိကိုသော် တောင်းမှ မတောင်းရဘူး, မခိုင်းရဘူးတဲ့၊ ဝိညတ်ပရိကထာ ဩဘာသနိမိတ် အရိပ်အရောင် ဘာမျှ မလုပ်ရဘူးတဲ့၊ သူ့ဘာသာသူ အဇ္ဈာဝေဟာင် ကောင်းကင်ပြင်က ကျလာတာနှင့် တူမျှတဲ့–စင်ကြယ်တဲ့ သင်္ကန်းမှသာလျှင် အပ်တယ်တဲ့။

ဒါကြောင့်–ဝိနည်းမဟာဝါ အဋ္ဌကထာ ကထိနက္ခန္ဓကအဖွင့်မှာ....

ကထိန်နာမ အတိဥက္ကဋ္ဌံ ဝဋ္ဋတိ၊မာတရံပိ ဝိညာပေတုံ နဝဋ္ဋတိ၊ အာကာသတော ဩတိဏ္ဏသဒိသမေဝ ဝဋ္ဋတိ။

ကထိန်နာမ၊ ကထိန်သင်္ကန်းမည်သည်ကား။ အတိဥက္ကဋ္ဌံ၊ အလွန်မြတ်မှ သာလျှင်။ဝဋ္ဋတိ၊ အပ်၏။ မာတရံပိ၊ အမိကိုသော်လည်း။ ဝိညာပေတုံ၊တောင်းခြင်းငှာ။နဝဋ္ဋတိ၊ မအပ်ဘူးတဲ့။အာကာသတော၊ အဇ္ဈာဝေဟာင် ကောင်းကင်ပြင်မှ။ ဩတိဏ္ဏသဒိသမေဝ၊ သူ့ဘာသာသူ သက်ဆင်း၍ ကျလာတာနှင့်တူတဲ့ သင်္ကန်းသည်သာလျှင်။ ဝဋ္ဋတိ၊ အပ်၏။ ဒါကလဲ ထူးခြားပုံတခုပဲ။

ပီးတော့ ဒီမျှမကသေးဘူး၊ အခြားသံဃိကသက်န်းမှာဆိုလျှင် တနှစ် (၁၂-လ)အတွင်း မည်သည့်လ,မည်သည့်အချိန်အခါမဆို လှူနိုင်တယ်၊ဟောဒီ ကထိန်သက်န်းဆိုတာ ဒီလိုအချိန်မရွေး မလှူနိုင်ဘူးတဲ့၊ မိုးလ၏နောက်ဆုံးလ ဖြစ်တဲ့ သီတင်းကျွတ်လပြည့်ကျော် တရက်ကစ၍ တန်ဆောင်မုန်းလပြည့်အထိ ဒီတလအတွင်းသာ လှူနိုင်တယ်၊ဒီတလက လွန်သွားလျှင် ဘယ်လိုပင် လှူချင်နေသော်လဲ ကထိန်သံဃိကအဖြစ်ကိုဖြင့် မလှူနိုင်တော့ဘူး။ အဲဒါကြောင့်....

ကထိနဿ အတ္ထာရမာသော ဇာနိတဗ္ဗောတိ ဝဿာနဿ ပစ္ဆိမော မာသော ဇာနိတဗ္ဗော။

(ပရိဝါပါဠိတော်)

ကထိနဿ ။ပ။ ဗ္ဗောတိ၊ ဗ္ဗောဟူသည်ကား၊ ဝဿာနဿ၊မိုးဥတု မိုးလ၏။ပစ္ဆိမော မာသော၊နောက်ဆုံးတလကို။(ဝါ)သီတင်းကျွတ်လပြည့်ကျော် တရက်က တန်ဆောင်မုန်းလပြည့်အထိ တလကို။ ဇာနိတဗ္ဗော၊သိအပ်၏။ ဒါလဲ အထူးပဲ။

ဒီမျှမကသေးဘူး၊ မှတ်ထားကြနော်။

မှန်ပါ့ဘုရား။

အခြားသံဃိကသက်န်းမှာဆိုလျှင် ဒုတိယဝါကျွတ်တဲ့ ရဟန်း,ဝါကျိုးဝါပြတ်တဲ့ရဟန်း, မည်သည့်ရဟန်းမဆို အကုန်လုံး ပိုင်ဆိုင်ပြီးလျှင် အကုန်လုံး ရနိုင်တာချည်းပဲ၊ ဟောဒီ ကထိန်သံဃိကသက်န်းမှာတော့ ဒီလိုမဟုတ်ဘူး၊ ပုရိမဝါကျွတ်၍ သီတင်းကျွတ်လပြည့် ပထမပဝါရဏာနေ့၌ ပဝါရဏာပြုတဲ့ရဟန်းမှသာလျှင် ရနိုင်တယ်။ ဒါကြောင့်....

အနုဇာနာမိ ဘိက္ခဝေ ဝဿံဝုဋ္ဌာနံ ဘိက္ခူနံ ကထိနံ အတ္ထရိတုံ။

(မဟာဝါပါဠိတော်)

ဘိက္ခဝေ၊ ငါ၏ချစ်သား ရဟန်းများတို့။ ဝဿံဝုဋ္ဌာနံ ဘိက္ခူနံ၊ ပုရိမဝါကျွတ်ကြတဲ့ ရဟန်းတို့အား။ ကထိနံအတ္ထရိတုံ၊ကထိန်ခင်းဖို့ရန်။ အနုဇာနာမိ၊ ငါဘုရား ခွင့်ပြုတော်မူတယ်။ ကြားလား၊ ဒကာတို့။

မှန်ပါ့ဘုရား။

ပီးတော့ အဋ္ဌကထာကလဲ ဒီလို ဆိုထားတယ်။

ဝုဋ္ဌဝဿာ ဝသေန ပုရိမိကာယ ဝဿံဥပဂန္တွာ ပဌမပဝါရဏာယ ပဝါရိတာ လဘန္တိ၊ ဆိန္နဝဿာ ဝါ ပစ္ဆိမိကာယ ဥပဂတာဝါ န လဘန္တိ။

ဒါကိုလဲပဲ ထူးခြားတဲ့ သံဃိကလို့ပင် မှတ်ရမယ်၊ ကြားလား။

မှန်ပါ့ဘုရား။

ဒီမျှမကသေးဘူး၊ အခြားသံဃိကသက်နီးမှာ အလျှုခံပြီးလျှင် ထေရ်စဉ် အတိုင်း ဝေဖန်၍ သုံးဆောင်ရတော့တာပဲ၊ ဒီကထိန်သင်္ကန်းဆိုတာက ဒီလို မဟုတ်ဘူး၊ အလှူခံပြီးတဲ့နောက် ဝိနည်းတော်အရ ကထိန်ခံထိုက်တဲ့ ပုဂ္ဂိုလ်ကို စိစစ်ပြီးမှ သိမ်ထဲသွား၍ ဉတ်ကမ္မဝါစာတို့ကိုဖတ်၍ သင်္ကန်းကို ပေးရတယ်၊ ပီးတော့....

ဂဏဝသေန တာဝ ပစ္ဆိမကောဋိယာ ပဉ္စ ဇနာ လဘန္တိ။

လို့ အဋ္ဌကထာ၌လာတဲ့အတိုင်း ကထိန်ခံရတဲ့ရဟန်းပါ ရဟန်း ၅-ပါး အနည်းဆုံးရှိပြီးလျှင်“ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမိ”စသည် နှုတ်ဖြင့် ဆို၍ ခင်းရမယ်၊ပီတော့ ဤတိုက်တွင်းမှာ အခြားသံဃာရှိလျှင် အနုမောဒနာ တိုက်တွန်း၍ အနုမောဒနာပြုစေရတယ်၊ အဲဒီလို အလုံးစုံပြီးစီးမှ ဤကထိန် သင်္ကန်းကို သုံးဆောင်ရတယ်၊ ကြားလား။ ဒါတွေဟာ အထူးတွေပဲ မဟုတ်ပေ ဘူးလား ဒကာဘိုး၊(ဟုတ်ပါတယ်ဘုရား)။အဲဒါကြောင့်၊ ၂-အချက် ထူးသော သံဃိကဒါန ဖြစ်ခြင်းလို့ ဟောခဲ့တာပေါ့၊ သဘောကျလောက်ပြီနော်။

မှန်ပါ့ဘုရား။

ပီးတော့ ၃-အချက် အာပတ်ကို သုတ်သင်တဲ့ဒါနဖြစ်တယ်လို့ဆို မဟုတ် လား၊ (မှန်ပါ့ဘုရား)။ သာသနာတော်မှာ ဘယ်ဒါနမှ အာပတ်ကို မသုတ်သင် နိုင်ဘူး၊ ပညတ်တော်တွေကို မတားနိုင်ဘူး၊ ဟောဒီ ကထိန ဒါန ကတော့ အာပတ်ကို သုတ်သင်နိုင်တယ်၊ ၅-လအတွင်းမှာ တချို့အာပတ်များ၊(ဝါ) အာပတ် ၅-မျိုးကိုမသင့်အောင် တားမြစ်နိုင်တယ်၊ အာပတ် ၅-မျိုးကို မသင့် အောင် တားမြစ်နိုင်တယ် ဆိုတာကလဲ ၅-လအတွင်း ၅-ပါးသော အာနိသင် တွေကို ကထိန်ခင်းတဲ့ကျောင်းတိုက်က ရဟန်းတော်များ ရတာကိုပဲဆိုပါတယ်။ ဒါကြောင့်....

> အတ္ထတကထိနာနံ ဝေါ ဘိက္ခဝေ ပဉ္စ ကပ္ပိဿန္တိ၊ အနာမန္တစာရော အသမာဒါနစာရော ဂဏဘောဇနံ ယာဝဒတ္ထစီဝရံ ယော စ တတ္ထ စီဝရုပ္ပါဒေါ၊ သော နေသံ ဘဝိဿတီတိ။
>
> (မဟာဝါ ကထိနက္ခန္ဓက)

ဘိက္ခဝေ၊ငါ၏ချစ်သားရဟန်းများတို့။အတ္ထတကထိနာနံ၊ခင်းအပ်သော ကထိန်ရှိကုန်သော ရဟန်းတို့အား။ပဉ္စ၊ ၅-ပါးသော အာနိသင်တို့သည်။ ကပ္ပိ ဿန္တိ၊အပ်ကြကုန်လိမ့်မယ်။ အနာမန္တစာရော၊ ထင်ရှားရှိတဲ့ရဟန်းတို့ကို မပန် ကြားပဲ ဒါယကာအိမ်သို့ သွားခြင်းငှာ။ အသမာဒါနစာရော၊သင်္ကန်းသုံးထည် တို့တွင် တထည်ထည်ကိုမယူပဲသွားခြင်းငှာ။ဂဏဘောဇနံ၊ အဖိတ်မတတ်သော

ဒကာ၏ ဘောဇဉ်ကို ၄-ပါး, ၄-ပါးက ပို၍ သုံးဆောင်ခြင်းငှင်း။ ယာဝဒတ္ထ စီဝရံ၊ ရလာသောသင်္ကန်းတို့ကို တပေါင်းလပြည့်အထိ အလိုရှိတိုင်း အဓိဋ္ဌာန် ဝိကပ္ပနာမပြုပဲထားနိုင်ခြင်းငှင်း။တတ္ထ၊ထိုကထိန်ခင်းတဲ့ကျောင်းတိုက်အတွင်း၌။ ယောစ စီဝရုပ္ပါဒေါ၊အကြင်သံဃိက သင်္ကန်းဖြစ်ခြင်းသည်လည်း။အတ္တိ၊ရှိ၏။ သော၊ ထိုဖြစ်သော သံဃိကသင်္ကန်းသည်။ နေသံ-ငနေသံဝေ၊ ထိုကထိန်ခင်းတဲ့ ကျောင်းတိုက်က ရဟန်းတို့အားသာလျှင်။ ဘဝိဿတိ၊ ၅-လအတွင်းမှာဖြစ်ကြ လိမ့်မယ်။ ဣတိဣမာနိပဥ္စ၊ ဤ ၅-ပါးတို့သည်။ကပ္ပိဿန္တိ၊အပ်ကြကုန်လိမ့်မယ်။

အဲဒီလို ကထိန်ခင်းတဲ့ ရဟန်းများ ရရှိတဲ့အကျိုး ၅-ပါးကို အာနိသင် ၅-ပါးလို့ ခေါ်တယ်၊အဲဒီ ၅-ပါးကို ရှင်းရှင်းကလေး ရေတွက်ပြမယ်၊မှတ်ထား ကြနော်။

၁။ အနာမန္တစာရလို့ခေါ်တဲ့ အာနိသင်က တပါး၊

၂။ အသမာဒါနစာရ၊

၃။ ဂဏဘောဇန၊

၄။ ယာဝဒတ္ထစီဝရ၊

၅။ အရ "ယောစ တတ္ထ စီဝရုပ္ပါဒေါ၊ သော နေသံ ဘဝိဿတိ-လို့ ခေါ်တဲ့ အာနိသင်ကတပါး၊ အဲဒီ ၅-ပါး။

အဲဒီ (၅)ပါး ဖြစ်တယ်တဲ့၊ ကြားလား။

မှန်ပါ့ဘုရား။

အဲ ဒီမျှလောက် ဟောပြရုံနှင့်ကတော့ အရေအတွက် မျှလောက်ကိုသာ သိကြမှာပဲ၊ "အနာမန္တစာရ, အသမာဒါနစာရ" စသည်တွေဟာ ဘယ်လိုဟာ တွေလဲ ဆိုတာတွေကိုတော့ သိကြမှာ မဟုတ်သေးဘူးနော်။

မှန်ပါ့ မသိကြသေးပါဘုရား။

အေးလေ မသိကြသေးဘူးဆိုတာလဲ ဟုတ်တာပေါ့၊ အရေအတွက်ပါဠိ မျှသာ ပြဆိုလိုက်သေးတာကိုး။ဒီတော့ ကုလားစကားလိုဖြစ်ချင်လဲ ဖြစ်နေမှာ ပေါ့။ အဲဒါကြောင့် ဒီအာနိသင်(၅)ပါးကို ခွဲပြီးတော့ဟောအုံးမယ်၊ကထိန် အာနိသင်(၅)ပါးဆိုတာက ဝိနည်းနှင့်သာသက်ဆိုင်နေတဲ့အတွက် ဝိနည်းကိုပဲ ဟောရမှာပဲ၊ ကိုယ်နှင့်မဆိုင်ပေမယ်လို့ ဒီလိုအကျိုးတွေကို ငါတို့ လှူလို့သာ ရတယ်ဆိုတာ သဒ္ဓါတရားထက်အောင်ဟာ မှတ်သားပြီးတော့ နာကြနော်။

မှန်ပါ့ဘုရား။

(၁) အရ၊ "အနာမန္တစာရ"ဆိုတဲ့ အာနိသင်က ဒီလိုတဲ့။ရဟန်းတော် များမှာ-

ယော ပန ဘိက္ခု နိမန္တိတော သဘတ္တော သမာနော သန္တံ ဘိက္ခုံ အနာပုစ္ဆာ ပုရေဘတ္တံ ဝါ ပစ္ဆာဘတ္တံ ဝါ ကုလေသု စာရိတ္တံ အာပဇ္ဇေယျ အညတြ သမယာ ပါစိတ္တိယံ။

အဲဒီလို ဘုရား ကိုယ် တော် မြတ်ကြီး က ဘိက္ခုဝိဘင်း ပုဒ်မ ၉၅-အရ သိက္ခာပုဒ်ကို ပညတ်တော်မူထားတယ်၊ ဒီပုဒ်မ ၉၅-အရ သိက္ခာပုဒ်ကို စာရိတ္တ သိက္ခာပုဒ်လို့ ခေါ်တယ်။ ဒီသိက္ခာပုဒ်အရ ဆိုလိုတာကတော့ မသိ-မလိမ္မာတဲ့ ဒကာ-ဒကာမများက ဘောဇဉ် ၅-ပါး အမည်နှင့်''ထမင်းစားကြွပါ''ဟုပင့်တဲ့ ဆွမ်းကို လိုက်ဘုဉ်းပေးတဲ့ ရဟန်းသည် ရွာရောက်တဲ့အခါ အနီးရှိရဟန်းတပါး ပါးကို မပန်ကြားပဲ အခြားအိမ်သို့သွားလျှင် ဒီပုဒ်မ ၉၅-အရ ပါစိတ်အာပတ် သင့်တယ်တဲ့၊ ကြားလား။

မှန်ပါ့ဘုရား။

အခုလို ကထိန်ခင်းတဲ့ကျောင်းတိုက်က ရဟန်းများမှာတော့ ကထိန် ခင်းတဲ့ နေ့ကစ၍ တပေါင်းလပြည့်အထိ မပန်ကြားပဲ အခြားအိမ်သို့ သွားသော်လဲ ဒီပါစိတ်အာပတ် မသင့်ဘူးတဲ့။ ဒါဟာ ကထိနဒါနက မသင့်အောင် တားမြစ်လိုက်တာပဲတဲ့၊ အဲဒါကို အနာမန္တစာရ-အာနိသင်လို့ ခေါ်တယ်၊ မှတ်ထားနော်။

မှန်ပါ့ဘုရား။

(၂) အရ၊ ''အသမာဒါနစာရ''ဆိုတဲ့ အာနိသင်က ဒီလိုတဲ့။ ရဟန်း တော်များမှာ-

နိဋ္ဌိတစီဝရသ္မိံ ဘိက္ခုနာ ဥဗ္ဘတသ္မိံ ကထိနေ ဧကရတ္တမ္ပိ စေ ဘိက္ခု တိစီဝရေန ဝိပ္ပဝသေယျ၊ အညတြ ဘိက္ခုသမ္မုတိယာ၊ နိဿဂ္ဂိယံ ပါစိတ္တိယံ။

အဲဒီလို ဘုရားကိုယ်တော်မြတ်ကြီးက ဘိက္ခုဝိဘင်း ပုဒ်မ ၂၁-အရ ဥပဒေကို ထုတ်ထားတော်မူတယ်။ ဒါကို ဒုတိယ ကထိနသိက္ခာပုဒ်လို့လဲ ခေါ် တယ်၊ ဆိုလိုတာကတော့ တိစီဝရိတ် ဓုတင် ဆောင်တဲ့ ရဟန်းတော်များမှာ သင်္ကန်း ၃-ထည်၊ တထည်ထည်နှင့် တညဉ့်မျှ မကင်းရဘူး၊ အရုဏ်တက်ချိန် အတွင်းမှာ ၃-ထည်လုံး ကိုယ့်အနီး ဟတ္ထပါသ်အတွင်းမှာ ထားရတယ်တဲ့၊ ဒီလို မဟုတ်ပဲနှင့် သင်္ကန်း ၃-ထည် တထည်ထည်နှင့် အရုဏ်တက်ဆဲမှာ ကင်းသွား လို့ရှိလျှင် ဒီပုဒ်မ ၂၁-ဥပဒေတော်အရ နိဿဂ္ဂိပါစိတ်အာပတ် သင့်တတ်တယ် တဲ့၊ ကြားလား ဒကာဘိုး။

မှန်ပါ့ဘုရား။

အခုလို ကထိန်ခင်းတဲ့အခါမှာတော့ ကထိန်ခင်းတဲ့နေ့ကစ၍ တပေါင်းလပြည့်အထိမှာ သင်္ကန်း ၃-ထည် တထည်ထည်နှင့်ညဉ့်ကင်း၍ သွားလာနေထိုင်သော်လဲ ဒီ နိဿဂ္ဂိယပါစိတ်အာပတ် မသင့်တော့ဘူးတဲ့၊ ဒါကို အသမာဒါနစာရ အာနိသင်လို့ခေါ်တယ်၊ ကြားလား။

မှန်ပါ့ဘုရား။

ပီးတော့-(၃)အရ "ဂဏ ဘောဇန" ဆိုတာက ဒီလိုတဲ့၊ လိပ်ပတ်လည်အောင်, စုံစေ့အောင် ပြောဟောနေရလျှင်တော့ တရား ရှည်သွားတော့မှာပဲ၊ မပြောလျှင်လဲ တပိုင်းတစ ကျန်နေတော့မှာပဲ၊ အဲဒါကြောင့် စုံလဲစုံအောင်ဟာ ခပ်မြန်မြန်ပဲ ပြောကြပါစို့။

အဲဒီ (၃) အရက ရဟန်းတော်များမှာ....

ဂဏဘောဇနေ အညတြ သမယာ ပါစိတ္တိယံ။

အဲသလို ဘုရားကိုယ်တော်မြတ်ကြီးက ဘိက္ခုဝိဘင်း ပုဒ်မ ၈၁-အရ ဥပဒေကို ထုတ်ထားတော်မူတယ်၊အဓိပ္ပာယ်ကတော့ မလိမ္မာတဲ့ ဒကာ,ဒကာမများက"ထမင်းစားကြွပါ၊ ငါးစားကြွပါ"စသည်ဖြင့် ဘောဇဉ်(၅)ပါးအမည်နှင့် ပင့်သည်ကို လိုက်၍ စားတဲ့အခါမှာ ၂-ပါး,၃-ပါးဆိုလျှင် ဤသိက္ခာပုဒ်ဖြင့် အာပတ်မသင့်နိုင်ဘူး၊၄-ပါး,၄-ပါးကအထက် လိုက်စားလို့ရှိလျှင် ဒီ သိက္ခာပုဒ်အရ ပါစိတ်အာပတ် သင့်တယ်တဲ့။

အခုလို ကထိန်ခင်းတဲ့ အခါမှာတော့ ကထိန်ခင်းတဲ့ ရဟန်းများမှာ တပေါင်းလပြည့်အထိ အခုနကလို ပင့်တဲ့ဆွမ်းများကို ၄-ပါးသာ မကပါဘူး ၁၀၀-ပင် လိုက်စားသော်လဲ ပါစိတ်အာပတ် မသင့်တော့ဘူးတဲ့၊ ကြားလား။

မှန်ပါ့ဘုရား။

ဒါကို ဂဏဘောဇနလို့ခေါ်တဲ့ အာနိသင်ပဲတဲ့။

(၄) အရ၊ ယာဝဒတ္ထစီဝရ ဆိုတာကတော့ ရဟန်းတော်များမှာ....

နိဋ္ဌိတ စီဝရသ္မိံ ဘိက္ခုနာ ဥဗ္ဘတသ္မိံ ကထိနေ ဒသာဟပရမံ အတိရေကစီဝရံ ဓာရေတဗ္ဗံ၊ တံ အတိက္ကာမယတော နိဿဂ္ဂိယံ ပါစိတ္တိယံ။

အဲသလို ဘုရား ကိုယ်တော်မြတ်ကြီးက ဘိက္ခုဝိဘင်း ပုဒ်မ ၂၀-အရ ဥပဒေကို ထုတ်ထားတော်မူတယ်၊အဲဒီ ပုဒ်မ ၂၀-အရ ဥပဒေကို ပထမကထိန သိက္ခာပုဒ်လို့လဲ ခေါ်တယ်။ အဲဒီသိက္ခာပုဒ်ရဲ့ အဓိပ္ပာယ်ကတော့ ရဟန်းတော်များမှာ အဝတ်သင်္ကန်းတွေကိုရလျှင် လူတွေလို သေတ္တာထဲ,ဗာထဲတန်း၍သိမ်းထားရတာမဟုတ်ဘူး။အဝတ်သင်္ကန်းတွေရလာလျှင် ဒီအတိုင်း မဲ့ထားရဘူးတဲ့။

ဒီအတိုင်းသာ ကိုယ့်ပုဂ္ဂလိကသက်န်းတွေကို ထား လို့ရှိလျှင် ၁၀-ရက်လွန်တဲ့အခါ ထိုရဟန်းတော်များမှာ နိဿဂ္ဂိယ ပါစိတ်အာပတ် သင့်တယ်တဲ့။ အဲဒါကြောင့် ရလာတဲ့ ပုဂ္ဂလိကကိုယ်ပိုင် အဝတ်သက်န်းများကို ''ဣမာနိ စီဝရာနိ တုယှံ ဝိကပ္ပေမိ''လို့ တပါးပါးထံ၌ ၁၀-ရက်အတွင်းမှာ ဝိကပ္ပနာ ပြုထားရတယ်။ ဝိနည်းတိစီဝရိက် အဓိဋ္ဌာန်တင်ထားတဲ့ ရဟန်းများမှာလဲအပိုရလာလျှင် ထိုနည်း တူပင် ဝိကပ္ပနာပြုထားရတယ်။ ကြားလား ဒကာဘိုး။

ဒါကြောင့် ရဟန်းဆိုတာ လွယ်တဲ့အလုပ်မဟုတ်ဘူးနော်၊ ဒါနဲ့တောင်မှ တချို့က ပြောချင်သေးတယ်၊ ပျင်းရင် ဘုန်းကြီးလုပ်ပါလားလို့။ ဒါကတော့ သာသနာတော်ကို ချိုးဖဲ့တဲ့စကားမျိုးပါပဲ။ အခုလို ကထိန်ခင်းလိုက်တဲ့အခါမှာ တော့ ကထိန်ခင်းတဲ့ ရဟန်းတော်များမှာ တပေါင်းလပြည့်အထိ ရလာတဲ့ ကိုယ်ပိုင် အဝတ်သက်န်းများကို အဓိဋ္ဌာန်မတင် ဝိကပ္ပနာမပြုပဲ ထားနိုင်တယ်တဲ့၊ ၁၀-ရက်လွန်တဲ့ အတွက် နိဿဂ္ဂိယပါစိတ်အာပတ် မသင့်ဘူး၊ ကြားလား။

မှန်ပါ့ဘုရား။

အဲတာက ''ယာဝဒတ္ထစီဝရ''ဆိုတဲ့ အာနိသင်လို့ မှတ်ရမယ်။

တပါးသာကျန်တော့တယ်နော်၊ ဒါကြောင့် နောက်ဆုံးဖြစ်တဲ့ ၅-အရ ''ယော စ တတ္ထ စီဝရုပ္ပါဒေါ သော နေသံ ဘဝိဿတိ'' ဆိုတာကတော့ ပါရာဇိကအာပတ်, ထုလ္လစ္စည်းအာပတ်, ဒုက္ကဋ်အာပတ်ဆိုတဲ့ အာပတ် ၃-မျိုး အတွက် မသင့်ပုံကိုပြတဲ့စကားပါပဲ၊ ဒါကို ချဲ့ဟောအုံးမယ်၊ ရဟန်းတော်များမှာ သီတင်းကျွတ်လပြည့်ကျော်တရက်က တန်ဆောင်မုန်းလပြည့်အထိ စီဝရမာသ တလ-ဟု ဝိနည်းတော်အရခေါ် ဆိုပါတယ်၊ အဲဒီ စီဝရမာသကလွဲလျှင် မိမိတို့ ကျောင်းဘိုက် သံဃိကအဖြစ်အဝတ်သက်န်းများကိုလာလှူတဲ့အခါ တိုက်တွင်းရှိ သံဃာအားလုံးကုန် ထေရ်စဉ်အတိုင်း ဝေဖန်ပေးရတယ်၊ ခိုးလိုတဲ့စိတ်နဲ့မပေးပဲ တပါးပါးကို ချန်ထားလို့ရှိလျှင် ဝေဖန်၍ အစဉ်ကျတဲ့သက်န်း၏ တန်ဖိုးအတိုင်း ထိုမပေးတဲ့ရဟန်းမှာ အာပတ်သင့်တယ်တဲ့၊ သက်န်း၏ တန်ဖိုးက ရွှေတမတ် သား၏အဖိုးလောက်ကျအောင် ထိုက်တန်နေလျှင် ပါရာဇိကအာပတ် သင့်တယ် တဲ့၊ ပါရာဇိကအာပတ်ဆိုတာက ကုစားလို့မရတဲ့ အာပတ်ပေါ့လေ၊ သက်န်း၏ အဖိုးက တမတ်သား၏အောက် တပဲသား၏အထက်ဖြစ်တဲ့ ငွေရှစ်ရွှေကောင်း၏ အဖိုးလောက်ထိုက်တန်နေလျှင်တော့ ထုလ္လစ္စည်းအာပတ်သင့်တယ်တဲ့၊ ဒီအာပတ် ကတော့ ဒေသနာကြားလျှင် ပျောက်သွားနိုင်တယ်။ သက်န်း၏အဖိုးကတပဲသား တပဲသားကအောက်ဖြစ်တဲ့ ရွှေစင်ရွှေကောင်း၏တန်ဖိုးလောက် ထိုက်လျှင်တော့ ဒုက္ကဋ်အာပတ်မျှသာ သင့်တယ်တဲ့၊ အဲဒါကြောင့် ပါရာဇိကဏ်ပါဠိတော်ကြီး၌-

ဂရုကောစ ဟောတိ ပရိက္ခာရော ပဥ္စမာသကောဝါ အတိရေကပဥ္စမာသကောဝါ၊ ထေယျစိတ္တဥ္စ ပစ္စုပဋ္ဌိတံ ဟောတိ ။ပ။ ဌာနာ စာဝေတိ၊ အာပတ္တိ ပါရာဇိကဿ။

ပီးတော့-လဟုကောစ ဟောတိ ပရိက္ခာရော အတိရေကမာသကောဝါ ဦနပဥ္စမာသကောဝါ ။ပ။ ဌာနာ စာဝေတိ၊အာပတ္တိ ထုလ္လစ္စယဿ။

ပီးတော့-လဟုကော ဟောတိ ပရိက္ခာရော မာသကောဝါ ဦနမာသကောဝါ ။ပ။ ဌာနာ စာဝေတိ၊ အာပတ္တိ ဒုက္ကဋဿ။

ပီးတော့ ၅-ပဲကို တမတ်လို့ ခေါ်ပုံကိုလဲ....

တေနခေါပန သမယေန ရာဇဂဟေ ပဥ္စမာသကော ပါဒေါ ဟောတိ။ လို့ ပါရာဇိကဏ်ပါဠိတော်၌ လာပါတယ်။

အဲ-ယခုဟောခဲ့သလို ၅-အရ အာနိသင်ကတော့ ပါရာဇိက,ထုလ္လစဉ်း, ဒုက္ကဋ်ဆိုတဲ့ အာပတ် ၃-ချက်နှင့်သက်ဆိုင်ပေတယ်၊၃-ချက်လုံးတပြိုင်နက်တော့ မသင့်ဘူးပေါ့၊ တချက်သင့်လျှင် ကျန်အချက်များ မသင့်ဘူးလို့ မှတ်ရမယ်။

အခုလို ကထိန်ခင်းတဲ့အခါမှာတော့ တပေါင်းလပြည့်အတွင်းမှာ ဟောခဲ့တဲ့ သံဃိကသက်န်းမျိုးတွေကို ကထိန်အာနိသင်ရတဲ့ သံဃာများသာ ဝေဖန်ယူပြီးလျှင် အခြား ကထိန်အာနိသင်မရတဲ့ သံဃာများကို မဝေဖန်တဲ့အတွက် ဘာအာပတ်မျှ မသင့်ဘူးတဲ့၊ အဲဒါကြောင့် ဟောဒီ ၅-အရ အာနိသင်ကတော့ ပါရာဇိကအာပတ်ကြီးကိုတောင်မှ တားမြစ်နိုင်သတဲ့၊ ကြားလား။

မှန်ပါ့ဘုရား။

အဲသလို ရဟန်းတော်များရဲ့အာပတ်များကို သုတ်သင်နိုင်တဲ့ဒါနဖြစ်ခြင်း ကြောင့်လဲပဲ၊ အခုလို ကထိနဒါနကို လွန်ကဲတဲ့ ဒါနရယ်လို့ ချီးမွမ်းတော်မူအပ် တယ်တဲ့၊ ဒါကြောင့်....

ယသ္မာ စာပတ္တိံ နာသေတိ၊ ဘိက္ခူနံ ကထိနဒါနံ။
တသ္မာ တံ သဗ္ဗဒါနေဟိ၊ အတိဒါနံ ဝုတ္တံ မယာ။

တသ္မာ ဟိ ပဏ္ဍိတော ဇနော၊ သမ္မုခံ သုခမတ္တနော။
သမ္မတ္တော ကထိနခေတ္တေ၊ သံဃဿ ကထိနံ ဒဒေ။

ဘိက္ခဝေ၊ဒုက္ခတန်တန် ကင်းလွတ်ရန်ကို ရှာကြံလိုညောင်း အို-သူတော် ကောင်းတို့။ ကထိနဒါနံ၊ ယခုလှူဒါန်းတဲ့ ကထိန်ဥတ်သက်န်း အလှူဒါနသည်။ ဘိက္ခူနံ၊ရဟန်းတို့၏။အာပတ္တိံ၊အာပတ်ကို။ယသ္မာ၊အကြင်ကြောင့်။နာသေတိ၊ မသင့်အောင် ဖျက်ဆီးနိုင်ပါပေ၏။ တသ္မာ၊ ထိုကြောင့်။ တံ၊ ယခုလိုလှူဒါန်းတဲ့

ကထိန်ဥ တ်သက်န်းအလှူဒါနကို။သဗ္ဗဒါနေပဟိ၊ရှိရှိသမျှအဖုံဖုံ အလုံးစုံသောဒါန တကာတို့ထက်။ အတိဒါနံ၊ လွန်ကဲတဲ့ ဒါနကြီးပါ ဟူ၍။ မဃာ၊ သင်တို့ဆရာ ငါဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်ပါ၏။

တသ္မာဟိ-တသ္မာဧဝ၊ ထို့ကြောင့်သာလျှင်။ အတ္တနော၊မိမိ၏။သုခံ၊လူ့ နတ်,နိဗ္ဗာန် သုံးတန်သောချမ်းသာကို။သမ္ပဿံ-သမ္ပဿန္တော၊ကောင်းစွာသိမြင်သော။ ပဏ္ဍိတော ဇနော၊ ပညာရှိတဲ့လူအပေါင်းသည်။ ကထိနခေတ္တေ၊ တနှစ်မှ တလသာလှူရတဲ့ ကထိန်ခေတ်သည်။ သမ္ပတ္တေ၊ ရောက်ခဲ့သည်ရှိသော်။ သံဃဿ၊ သံဃာတော်အရှင်မြတ်အပေါင်းအား။ ကထိနံ၊ ယခုလိုလှူဒါန်းတဲ့ ကထိန်ဥ တ် သင်္ကန်းအလှူဒါနကို။ ဒဒေ-ဒဒေယျ၊ သဒ္ဓါလွှမ်းကာ လှူဒါန်းရာ၏။

ဒါက ကထိနဒါနကို အခြားဒါနတို့ထက်လွန်ကဲတဲ့ဒါနလို့ ချီးမွမ်းတော် မူကြရခြင်း၏ အကြောင်း ၃-ချက်နှင့်တကွ ကထိန်ခင်းတဲ့ ရဟန်းတော်များ ဘက်က ရရှိတဲ့အကျိုးတွေကို ပြတဲ့စကား ဖြစ်ပေတယ်။

အနို-ကထိန် ဒကာများကော အကျိုးမရဘူးလားဆိုလျှင် ဘယ်မရပဲ နေမတုံး၊ ပစ္စည်း, ဥစ္စာ အကုန်အကျခံ၍ လှူရတဲ့ ကထိန်ဒကာများမှာတော့ သာ၍ပင်အကျိုးရဖို့ ရှိပေတယ်။ဒါကြောင့် ကထိန်ဒကာ,ဒကာမများလဲ ရဟန်း တော်များရရှိတဲ့ အကျိုး ၅-ပါးနှင့် အလားတူစွာပင် အကျိုး ၅-ပါးကို ရနိုင် တယ်လို့ မှတ်ရမယ်။

ဘယ်လိုအကျိုး ၅-ပါးကို ရပါသလဲဆိုလျှင် (၁)အချက်-ကထိန်ဒကာ, ဒကာမများမှာ ဒီကထိန်ဒါနက အကျိုးပေးပြီလားဆိုလျှင် ရဟန်းတော်များမှာ ဆွမ်းစားသွားတဲ့အခါ ထင်ရှားရှိတဲ့ရဟန်းတပါးပါးကို မပန်ကြားပဲ ဒါယကာ အိမ်သို့သွားသော်လဲ အာပတ်မသင့်၊ လွတ်ငြိမ်းချမ်းသာဘိသကဲ့သို့ ထိုအတူပဲ သွားလေရာအရပ်၌ ရန်သူမျိုး ၅-ပါး အနှောင့်အယှက် မတွေ့ရခြင်းဆိုတဲ့ အကျိုးကို ရနိုင်တယ်။ဒီနေရာမှာ ဒီ(၁)အရ ဝတ္ထုထုတ်မယ်ဆိုလျှင် ၄-ကျွန်းလုံး လှည့်လည်သော်လည်း ဘာမှအနှောင့်အရှက်မရှိ သူ့အောက်သို့သာ ပြားပြား ဝပ် လာခြင်းကိုခံယူရတဲ့ စကြာမင်းဝတ္ထုကို ထုတ်ပြနိုင်ပါတယ်။

ဒါပေမယ်လို့ စကားရှည်သွားလိမ့်မယ် ထုတ်မနေတော့ဘူး။

(စကြာမင်းဝတ္ထု ကျောင်းဒါနခန်း၌ပ ပြီး။)

(၂) အချက်၊ ရဟန်းတော်များမှာ သင်္ကန်း ၃-ထည် တထည်ထည် ထားခဲ့၍သွားသော်လဲ အာပတ်မသင့်သလို၊ ထိုအတူ ဤကထိနဒါနအကျိုးကို ရတဲ့သူများမှာ ပစ္စည်းဥစ္စာတွေကို မသိမ်း မဆည်းပဲထားခဲ့၍ သွားလာနေခဲ့ သော်လည်း သူခိုးစတဲ့ ရန်သူများ မဖျက်ဆီးနိုင် ဆိုတဲ့အကျိုးကို ရနိုင်တယ်တဲ့။

(၃) အချက်ကတော့-ရဟန်းတော်များမှာ ဘောဇဉ် ၅-ပါးအမည်နှင့် ထမင်းစားကြပါလို့ ပင့်တဲ့ဆွမ်းကို ၄ ပါး၊ ၄-ပါးက အထက် လိုက်စားသော်လဲ အာပတ်မသင့်သကဲ့သို့ ထို့အတူ ဒီ ကထိနဒါန ရဲ့ အကျိုးကို ရရှိတဲ့သူများမှာ မည်သည့်အစာကိုစားစား ယုတ်စွအဆုံး အဆိပ်ကိုပင်စားမိစေကာမူ ဘေးမဖြစ်ဘူးတဲ့၊ ကြားလား ဒကာဘိုး။

မှန်ပါ့ဘုရား။

အင်း-တို့ ကထိန်အကျိုးကို ရပြီဆိုပြီးတော့ အဆိပ်ကိုများ သွားမစမ်းလိုက်ကြနှင့်အုံးနော်၊ အခုဘ၀တွင်တော့ ရချင်မှရအုံးမှာ ကြားလား။

မှန်ပါ့ဘုရား။

(၄) အချက်၊ ရဟန်းတော်များမှာ ရလာတဲ့ အဝတ်သင်္ကန်းတွေကို အဓိဋ္ဌာန်မတင် ဝိကပ္ပနာမပြုပဲထားသော်လဲ အာပတ်မသင့်ခြင်း အကျိုးကို ရသကဲ့သို့ ဟောဒီ ကထိန်ဒါနရဲ့အကျိုးကို ရတဲ့သူများမှာ မိမိတို့၏ပစ္စည်းဥစ္စာများကို အစောင့်အရှောက်မရှိသော်လဲ ရန်သူမျိုးငါးပါးကြောင့် မပျက်စီးနိုင်ခြင်း အကျိုးကို ရနိုင်တယ်တဲ့။

(၅) အချက်ကတော့- ရဟန်းတော်များမှာ သံဃိက သင်္ကန်း တွေကို ကထိန်ခင်းတဲ့သံဃာမှတပါး အခြားသံဃာတွေကို တိုက်တွင်းမှာ နေသော်လဲ မဝေဖန်က ရနိုင်ခြင်းအကျိုးရှိသလို၊ ဟောဒီ ကထိနဒါနရဲ့အကျိုးကို ရရှိပြီဆိုလျှင် မိမိတို့၏ပစ္စည်းဥစ္စာတွေကို မိမိတို့က မပေးလိုသ်ရှိလျှင် မည်သည့်ရန်သူမှ မလုယူနိုင်ဘူးတဲ့။ ပြီးတော့ အမွေဆိုင်ပစ္စည်းများကိုလဲ မိမိတို့ချည်းရတယ်တဲ့၊ ကြားလား။ ယခုအခါ တို့ဒကာတွေ-ဒကာမတွေလဲ ဒီအကျိုးများရထားလျှင် ဘယ်လောက်များ ဟန်မဘုံး ဒကာဘိုး။

မှန်ပါ့ဘုရား။

အဲသလို ကထိန်ဒကာ၊ ဒကာမများလဲ ရဟန်းတော်များနှင့် အလားတူ အကျိုး(၅)ပါးကိုရရှိနိုင်တယ်လို့ဟောခဲ့တာကတော့ အဘိဓမ္မာအဋ္ဌကထာကြီးများနှင့်အညီ ဖြစ်ပတယ်။ အဘိဓမ္မာ အဋ္ဌကထာကြီးများမှာ ကမ္မသရိက္ခက ဝိပါကကို ဆိုထားတာပါတယ်။ ကမ္မသရိက္ခက ဝိပါက ဆိုတာက မိမိပြုတဲ့အကြောင်းကံနှင့်တူတဲ့ အကျိုးများကို ရတယ်လို့ ဆိုလိုပါတယ်။ ဒါကြောင့်....

အပရေပိ ကမ္မသရိက္ခက ဝိပါကဝသေနေဝ ကပ္ပနိယမော ဟောတိ။

ကြားလား။

မှန်ပါ့ဘုရား။

(အနက်ကို သင်္ကန်းတရား၌ ပြန်ကြည့်။)

## ကထိန်အကျိုး ဇောတိကသဌေးကြီး ဝတ္ထု ကောက်နုတ်ချက်

ကထိန်ရဲ့အကျိုးဆိုတာ မိမိတို့၏ ပစ္စည်းဥစ္စာတွေကို မသိမ်းမဆည်းပဲ ထားခဲ့၍ သွားသော်လဲ သူခိုးများ မခိုးနိုင်ဘူး၊ ပီးတော့ မိမိတို့၏ပစ္စည်းဥစ္စာ များကို ရန်သူမျိုး ၅-ပါးမနှိပ်စက်နိုင်ဘူး၊ ပီးတော့ မိမိတို့ကမပေးချင်လို့ရှိလျှင် မိစ္ဆာချည်မျှင်ကစပြီးတော့ သူတပါးမလုယူနိုင်ဘူးဆို မဟုတ်လား၊ အဲဒီအကျိုး တွေဟာ ဇောတိကသဌေးမှာ ပြည့်စုံနေပါတယ်။ ဒါကြောင့် - ဒီနေရာမှာ ဇောတိကသဌေးဝတ္ထုကို အတိုချုပ် ကောက်နုတ်ချက်အားဖြင့် ဟောပြမယ်၊ မှတ်သား၍ နာကြနော်။

မှန်ပါ့ဘုရား။

ကိုင်း- ဇောတိကသဌေးရဲ့အကြောင်းကိုဟောတော့မယ်။ ထိုဇောတိက သဌေးဟာ ရာဇဂြိုဟ်မြို့သားဖြစ်တယ်။ သူမွေးဖွားစဉ်က မြို့တမြို့လုံး တပြိုင်နက် အလင်းရောင်တွေထွန်းတောက်ပတဲ့အတွက်''ဇောတိက''လို့မှည့်ခေါ်ကြသတဲ့၊ အဲဒါကြောင့်''ဇောတ ကတ္တာ ဇောတိကော''လို့ လုပ်ရမယ်။

အဿ၊ ထိုသဌေး၏။ ဇာတ ကာလေ၊ မွေးဖွားစဉ် အခါတုန်းက။ ဇောတ ကတ္တာ၊ တမြို့လုံး အရောင်အလင်းတွေ ထွန်းတောက်ပသည်၏ အဖြစ် ကြောင့်။ ဇောတိကော၊ ဇောတိကမည်၏-တဲ့၊ ကြားလား ဒကာဘိုး။

မှန်ပါ့ဘုရား။

အဲဒီ ဇောတိက သတို့သားဟာ ရာဇဂြိုဟ်မြို့ထဲက သဌေးတဦးရဲ့သား ဖြစ်တယ်၊ သူသည် အရွယ်ရောက်တဲ့အခါ ထိုဇောတိကသဌေးသား နေဖို့ရန် အိမ်ယာမြေအပြင်များကို သုတ်သင်ရှင်းလင်းကြသတဲ့။ဒီတော့ လူမင်းဘုန်းကြီး နတ်မင်းမနေသာဆိုသည့်အတိုင်း သိကြားမင်းက ထိုအကြောင်းကို သိသည့် အတွက် ကိုယ်တိုင်ဆင်းလာပြီးလျှင် ကျယ်ပြန့်သောမြေအပြင်ကိုညီညွတ်အောင် ဖန်ဆင်းပြီးနောက် ထိုနေရာက ရတနာ(၇)ပါးဖြင့်ပြီးတဲ့ ဘုံ(၇)ဆင့် ရှိတဲ့ ပြာသာဒ်ကြီးကို ပေါက်လာစေတယ်တဲ့။

ပီးတော့- ဒီပြာသာဒ်ကြီးကိုပေါက်လာပြီးဂုံနှင့်မျှသာ မကသေးဘူးတဲ့၊ အဲဒီပြာသာဒ်ကြီးကို ဝန်းရံ၍ ရတနာ(၇)ပါးနှ ပြီးတဲ့ တံတိုင်းကြီး (၇)ထပ် ကိုလဲ ပေါက်လာစေတယ်တဲ့၊ ပီးတော့ ထိုတံတိုင်းကြီးတို့၏ အဆုံးအဆုံး၌လဲပဲ ပဒေသာပင်တို့ကို ပေါက်လာစေတယ်တဲ့။ ပီးတော့ ြ ာသာဒ်ကြီး၏ ၄-ထောင့် ကလဲ ရွှေအိုးကြီး ၄-လုံးကို ပေါ် ပေါက် လာ တယ် တဲ့။ အဲဒီ ရွှေအိုးကြီး ၄-လုံးမှာလဲ တလုံးက တယူဇနာ၊ တလုံးက ၃-ဂါဝုတ်၊ တလုံးက ယူဇနာဝက်၊

တလုံးက တဂ ါဝုတ်ရှိတယ်တဲ့။ ဒီ မျှ သာ မ က သေး ဘူး တဲ့၊ ပြာသာဒ်ကြီး၏ ၄-ထောင့်က ထန်းပင်လုံးလောက်ရှိတဲ့ ရွှေကြာပင်ကြီး၄-ပင်လဲ ပေါက်လာတယ် တဲ့၊ ပြီးတော့ တံတိုင်းကြီး (၇) ထပ်၌လည်း ဘီလူး အစောင့်အရှောက် ဘီလူး စစ်တပ်များ ချထားတယ်တဲ့၊ဘယ်လိုချထားပါသလဲဆိုလျှင် ပထမဆုံးတံတိုင်း တံခါးမုခ်၌ ယမကောဋ္ဌီလို့ခေါ်တဲ့ ဘီလူးစစ်ဗိုလ်ကြီးသည် အရံဘီလူးစစ်သား တထောင်နှင့် စောင့်ရှောက်နေသတဲ့။ဒုတိယတံတိုင်း တံခါးမုခ်မှာတော့ ဥပ္ပလ လို့ ခေါ်တဲ့ ဘီလူးစစ်ဗိုလ်ကြီးသည် ဘီလူး နှစ်ထောင်နှင့်။ တတိယ တံတိုင်း တံခါးမုခ်မှာ ဝဇီရဆိုတဲ့ ဘီလူးကြီးသည့် ဘီလူးသုံးထောင်နှင့်။ စတုတ္ထတံတိုင်း တံခါးမုခ်မှာ ဝဇီရဗာဟု ဆိုတဲ့ ဘီလူးကြီးက ဘီလူး ၄-ထောင်နှင့်။ပဥ္စမတံတိုင်း တံခါးမုခ်မှာ ကသကဏ္ဍဆိုတဲ့ ဘီလူးဗိုလ်ကြီးက ဘီလူး ငါးထောင်နှင့်။ ဆဋ္ဌမ မြောက် တံတိုင်း တံခါးမုခ်မှာ ကဋ္ဌတ္တဆိုတဲ့ ဘီလူးဗိုလ်ကြီးက ဘီလူးခြောက် ထောင် နှင့်။ သတ္တမမြောက်တံတိုင်းတံခါးမုခ်မှာ ဒိသာပါမုခလို့ ခေါ်တဲ့ ဘီလူးဗိုလ်ကြီးက အရံဘီလူးစစ်သားခုနစ်ထောင်နှင့် အသီးသီး စောင့်ရှောက် ကြသတဲ့။ ဘယ်လောက်များ ဟန်ကျထားတုံး ဒကာဘိုး။

မှန်ပါ့ဘုရား။

လောက၌"မရှိတောင့်တ-ရှိကြောင့်ကြ"လို့ ဆိုပေမယ်လို့ ထိုဇောတိက သဌေးမှာဖြင့် ဤမျှလောက် စည်းစိမ်တွေရှိနေသော်လဲ ဖစ္စည်းဥစ္စာတွေ ပေါ များနေသော်လဲ ဘာမျှမကြောင့်ကြရဘူးတဲ့ ဒကာဘိုးရဲ့။

မှန်ပါ့ဘုရား။

ထိုအခါ ဘုရင်ဗိမ္ဗိသာရမင်းကြီးကလဲ ထိုအကြောင်းကို သိရတဲ့အတွက် သဌေး၏ဘွဲ့ထူးကို ပေးတော်မူသတဲ့။

ထို ဇော တိ က သ ဌေးရဲ့ ဇနီးဖြစ်ဖို့ရန် မိန်းမကတော့ ဤဇမ္ဗူဒီပါ တောင်ကျွန်းမှာ ထိုစဉ်အခါက မရှိဘူးတဲ့။ ဇနီးဖြစ်ထိုက်တဲ့ ပါရမီဖြည့်ဖော်- ဖြည့်ဖက် မိန်းမက ဟို မြောက်ကျွန်းမှာ သွားပြီး ဖြစ်နေသတဲ့။ ဒီတော့ လူမင်း ဘုန်းကြီး နတ်မင်းမနေ့သာဆိုတဲ့အတိုင်းထိုမြောက်ကျွန်းသူမလေးကို နတ်တို့က ယူဆောင်၍ အသရေရှိတဲ့ တိုက်ခန်းထဲမှာ ထားပေးကြသတဲ့။

ကြားလား ဒကာဘိုး။

မှန်ပါ့ဘုရား။

တို့ ဒကာကြီးတွေမှာတော့ မိန်းမတယောက်ရဖို့ဟာတော်တော်ကလေး အားခဲ၍ လှည့်ယူကြရလိမ့်မယ်ဘင်တယ်။ အေးလေ ဇောတိကလို ဘုန်းကမကြီး ပေပဲကိုး။

အဲဒီ ဇောတိကသဌေးရဲ့ ဇနီးဖြစ်ဖို့ရန် ရောက်လာတဲ့ မြောက်ကျွန်းသူကလေးဟာ နာမည်က"သတုလကာယီ"တဲ့။ သူလိုက်လာစဉ် အခါတုန်းက တကွမ်းစားရှိတဲ့ ဆန်နှင့် (တကွမ်းစား ဆိုတာက တခွက်ပါပဲ)။ ဒါကြောင့်- ဆန် တခွက်နှင့် "ဇောတိပါသာဏ"လို့ ခေါ်တဲ့ ပတ္တမြား ကျောက်ခုံလောက် (ဖိုခုံနောက်)သုံးလုံးကို ယူလာတယ်။ ဒါကတော့ မိန်းမတို့၏ ချက်ပြုတ်ကျွေးရမဲ့ ၀တ္တရားအတိုင်း လင်ကို ချက်ပြုတ်ကျွေးဖို့ရန်အတွက် ယူလာတာပါပဲ။

အဲဒီ ဇောတိက သဌေးကတော် ထမင်းချက်တာကတော့ သူပါလာတဲ့ ဆန်တခွက်ကို အိုးခွက်ထဲထည့်၍ ထိုပတ္တမြားကျောက် ဖိုခုံနောက်သုံးလုံးပေါ် တင်လိုက်လျှင် သူ့ဟာသူ အလျှံပြောင်ပြောင် တောက်လာတော့ တာပဲတဲ့။ အထူး မီးမမွေးရတော့ဘူးတဲ့။ တို့ ဒကာမကြီးတွေများ ဒီလိုဖိုခုံနောက်မျိုးကို ရထားမယ်ဆိုလျှင် ဘယ်လောက်များ ဟန်ကျမတုံး။ တချို့ ဒကာမကြီးတွေမှာ ဖြစ်တတ်ကြတယ်၊ မိုးကလဲရွာရွာ လောင်စာကလဲမရှိ၊ ရှာ၍ကလဲ မထားမိ၊ အချိန်ကလဲနီး မီးမွေးလို့ကလဲမရတော့ မီးဖိုကို ထင်းချောင်းနှင့် ထိုးပစ်တတ်ကြသေးတယ်။ ဇောတိကသဌေးကတော်မှာတော့ ဒီလို မီးကို မွေးမနေရတော့ဘူးတဲ့၊ ကြားလား။

မှန်ပါ့ဘုရား။

အဲဒီ ပတ္တမြားကျောက်များဟာ ထမင်းကျက်တဲ့အခါကျတော့ သူ့အလိုလို အသျှံငြိမ်းသွားကြသတဲ့၊ အဲသလို အလျှံငြိမ်းသွားလို့ရှိလျှင် ထမင်းကျက်ပြီ၊ နပ်ပြီဆိုတာကို သိရတယ်တဲ့၊ ကြားလား။

မှန်ပါ့ဘုရား။

ဟင်း စသည်များကို ချက်လို့ ရှိလျှင်လဲ ဒီအတိုင်းပါပဲတဲ့။ ပီးတော့- ထိုသဌေးလင်မယားမှာ ပတ္တမြားအလင်းရောင်ဖြင့်သာ နေကြရတယ်တဲ့။ မီး- ဆီမီးတို့၏ အလင်းရောင်ကို မသိကြဘူးတဲ့။

ထိုသဌေးလင်မယားမှာ မြောက်ကျွန်းကပါလာတဲ့ ဆန်တကွမ်းစားဖြင့် ချက်အပ်တဲ့ထမင်းကိုသာလျှင် နေ့စဉ်-နေ့တိုင်း အမြဲတမ်း စားသောက်ကြတယ် တဲ့။ ဘယ်တော့မှ ကုန်တယ်လို့ မရှိဘူးတဲ့၊ လှည်းအစီးတရာကို ထိုဆန်တို့ဖြင့် အပြည့်တင်၍ ပေးသော်လဲ ထိုဆန် တကွမ်းစားမှာ သူ့အတိုင်း တကွမ်းစား (တခွက်)ပင် တည်လျက်နေတာပဲတဲ့။ လာတိုင်း-လာတိုင်းသော လူတို့ကိုလဲ ထိုဆန်တခွက်နှင့်ပင် ချက်ပြုတ်ကျွေးလို့မကုန်နိုင်ဘူးတဲ့၊ ကြားလား။

မှန်ပါ့ဘုရား။

အဲဒီ ဇောတိကသဌေးနှင့် သဌေးကတော်တို့ရဲ့ စည်းစိမ်ချမ်းသာဟာ ဇမ္ဗူဒိပ်တကျွန်းလုံး ထင်ရှားကျော်စောပြီး သွားတာပဲတဲ့။

## ဘုရင် ဗိမ္ဗိသာရမင်းကြီး ဇောတိကပြာသာဒ်ကို လာ၍ကြည့်ပုံ

ဇောတိကသဌေး၏ ပြာသာဒ်ကြီးဟာ ရတနာ (၇)ပါးဖြင့် ပြီးတဲ့ပြင်၊ သူ့ဟာသူ ပေါက်သတဲ့။ ဇောတိက၏ဇနီးကလဲ မြောက်ကျွန်းသူ အလွန်လှသတဲ့ ဆိုတော့ ဘုရင်ကြီးကလဲအလွန်ကြည့်ချင်တာပေါ့လေ၊ ဒါပေမယ်လို ရာဇဝိနည်းကို ဆယ်ပြီးနေရတော့ ချက်ချင်းမကြည့်ဖြစ်ဘူး၊ အနယ်နယ်က လာရောက်၍ကြည့် တဲ့လူတွေကလဲ မစဲပေဘူးကိုး။

တနေ့သဌ်ကျတော့ နံနက်စောစောစီးစီး လူရှင်းတုန်းကို ဇောတိက၏ ဘခင်ထံ သွားရောက် ပြောကြားပြီးလျှင် ဘခင်၏စကားအရ သား ဇောတိက သဌေးက ဝန်ခံလေသဖြင့် ဘုရင်ကြီးသည် နောက်ပါ အခြံအရံနှင့် ဇောတိက အိမ်တော်သို့ ထွက်ကြွတော်မူတယ်တဲ့။

ဇောတိကသဌေးစံရာ ပြာသာဒ် တံခါးမုခ်သို့ ရောက်တဲ့အခါ နံနက် စောစောစီးစီး ပြာသာဒ် တံခါးမုခ်၌ တံမြက်လှဲနေတဲ့ အိမ်ကျွန်မကိုမြင်ရာ၊ ၎င်းအိမ်ကျွန်မရဲ့ ရုပ်ရည်အဆင်းကလဲ အလွန်တရာပင် ချောမောလှပတဲ့အတွက် ဘုရင်ကြီးမှာ "အော်....ဇောတိကသဌေး၏မယား မြောက်ကျွန်းသူဆိုတာသူပင် ဖြစ်မှာပဲ"လို့ အောက်မေ့မိတယ်တဲ့။

ထို့နောက် ဇောတိကသဌေးလည်း လာရောက်၍ကြိုဆိုပြီးလျှင် နောက် ကနေ၍ "အရှင်မင်းကြီး ရှေ့ကကြွပါ"ဟု လျှောက်တင်တဲ့အခါ ဘုရင်ကြီးမှာ ပတ္တမြားဖြင့်ပြီးတဲ့ မြေအပြင်ကို အသူတရာ(၁ဝ)အလံတရာနက်တဲ့ ချောက်ကြီး ဟု ထင်ရ၍ မနင်းဝံ့ပဲ ဖြစ်နေသတဲ့ ဒကာဘိုးရဲ့။

မှန်ပါ့ဘုရား။

(မန္တလေး နန်းတော်ကြီး မပျက်စီးခင်တုန်းက တောက ဒကာမတွေ နန်းတော်ထဲက ဖန်မြေ-မှန်မြေတွေကို မနင်းဝံ့သလိုပေါ့လေ။)

ဒီတော့ ဇောတိကသဌေးက "အရှင်မင်းကြီး တွင်းမဟုတ်ပါ၊ ကျွန်ုပ် နောက်က လိုက်တော်မူပါ"ဟု ပြောဆို၍ ရှေ့က သွားရတယ်။ ဒီတော့မှ ဘုရင် ကြီးမှာ ဇောတိကသဌေး၏ နောက်ကလိုက်၍ ပြာသာဒ်ကို ကြည့်တော်မူသတဲ့။ ဘယ်လောက်များ ဇောတိကရဲ့ ပြာသာဒ်ဟာ အံ့ဩစရာ ကောင်းထားတုံး ဒကာဘိုး။

မှန်ပါ-အလွန်အံ့ဩစရာ ကောင်းပါ ဘုရား။

ခေတ် ၁၁၊ (ဒုတိယအကြိမ်)

ဒီနေရာမှာ ဘခင်မင်းကြီးသာ ဒီလိုရှက်စရာ ဖြစ်ရသည် မဟုတ်သေး၊ သားတော် အဇာတသတ်လက်ထက်ကျတော့လဲ ဒီ ဇောတိကာ၏တိုက်တွေနှင့် ပတ်သက်၍ ရှက်စရာဖြစ်ရသည်ကို တွေ့ရလိမ့်အုံးမယ်၊ ဒီအကြောင်းကို နောက် နားကျမှ ဟောမယ်။

အဲသလိုကြည့်ရင်းနှင့်ပြာသာဒ်၏အထက်ထပ်သို့ရောက်တဲ့အခါမင်းကြီး အား နံနက်စား စားချိန်ဖြစ်၍ နံနက်စာ ပွဲတော်တည်ရတယ်။ ပွဲတော်တည်ဆက် တဲ့အခါ မင်းကြီးသည် အလွန်ကောင်းမွန်တဲ့ ဘောဇဉ်ကို စားသည်ရှိသော်- မရပ်တော့ပဲ စားသောက်လေသတဲ့။ ဒီတော့ ဇောတိကသဌေးက အစားလွန် သွားလျှင် ဘေးဖြစ်မည်ကိုစိုးရိမ်သဖြင့်''အရှင်မင်းမြတ် တော်ပါဦး''ဟုပြောယူ ရသတဲ့၊ ကြားလား။

မှန်ပါဘုရား။

ဗိမ္ဗိသာရမင်းကြီးသည် နံနက်ထမင်း စားပြီးတဲ့အခါ ဇောတိကသဌေး နှင့် စပ်မိစပ်ရာ စကားပြောလျက်ပင်၊ မင်းကြီး၏စိတ်မှာ သဌေးကတော်ကို အလွန်ကြည့်ချင်နေတာပဲတဲ့။ ကြည့်လဲ ကြည့်ချင်မှာပေါ့လေ၊ မြောက်ကျွန်းသူ ဆိုတော့ ထူးဆန်းနေတာကိုး။

ဒါနဲ့ မနေနိုင်တော့၍ ''အရှင် သဌေး-အသင်အား ဤအိမ်၌ မယား ခင်ပွန်း မရှိဘူးလား''ဟု မေးသတဲ့။ဒီတော့မှ သဌေးမင်းက''ရှိပါတယ်၊ ဟို.... တိုက်ခန်းတွင်းမှာ နေပါတယ်''ဟု ပြောသတဲ့။ဒီနေရာမှာ သဌေးကတော်သည် ဘုရင်ကြီးကြွလာတာကို မသိပေးဘူးတဲ့။ ဒါကြောင့် ဓမ္မပဒအဋ္ဌကထာကြီး၌....

သာ ပန အာဂတဘာဝံ န ဇာနာတေဝ။

ပနတထာပိ၊ ထိုသို့ပင် ဘုရင်ကြီး ကြွလာငြား သော်လည်း။ သာ၊ ဟို သဌေးကတော် မြောက်ကျွန်းသူသည်။ အာဂတဘာဝံ၊ ဘုရင်ကြီး ကြွလာ သည်၏အဖြစ်ကို။ န ဇာနာတေဝ၊ မသိသည်သာလျှင်တည်း။

ဒီတော့မှ သဌေးမင်းက ဘုရင်ကြီး၏ အလိုကိုသိ၍ သဌေးကတော်ထံ သွား၍ အကြောင်းကိုပြောပြပြီးလျှင် ဘုရင်ကြီးကို ယပ်ခတ် ပေးစေတယ်တဲ့။ မြောက်ကျွန်းသူကို ကြည့်ချင်လှတဲ့ ဘုရင်ကြီးဟာ ကြည့်ရတော့တာပေါ့လေ။

သဌေးကတော်မှာ ယပ်လေခတ်ရင်းပင် ဘုရင်ကြီး၏ ရေနံမီးခွက်များ နှင့်နေရတဲ့ မှိုင်းအခိုးအနံ့များက မျက်စိကို တိုက်ခတ်တဲ့အတွက် ဒဏ်ကိုမခံနိုင် ရကား မျက်ရေများ ကျလာသတဲ့။

ဒီတော့ ဘုရင်ကြီးက တမျိုးထင်သွားတာပေါ့လေ၊ ထိုအကြောင်းကို ဇောတိကသဌေးက ပြောပြတော့မှ ချီးမွမ်း အံ့ဩ သွား သ တဲ့၊ ကြား လား ဒကာဘိုး။

မှန်ပါဘုရား။

---

## ဇောတိကသဌေးစည်းစိမ်ကို မည်သူမှ လုမယူနိုင်ပုံ

အဇာတသတ် မင်းသားသည် ဘခင်မင်းကြီး သတ်ဖြတ်ပြီးနောက် မင်းအဖြစ်သို့ ရောက်တဲ့အခါ ဇောတိကသဌေး၏ ရတနာ ပြာသာဒ်ကြီးနှင့်တကွ စည်းစိမ်အလုံးစုံကို အကုန်သိမ်းယူမယ်လို့ ကြံစည်ပြီးလျှင် စစ်သားစုဆောင်း၍ ကြီးကျယ်သော စစ်တပ်ကြီးဖြင့် ချီတက်၍ ဇောတိကသဌေး၏ ပြာသာဒ်ကြီး ရှိရာအရပ်သို့ ထွက်လာကြသတဲ့။

ဒကာဘိုး (ဘုရား)။

အကြောင်းတော့ သိကြရတော့မှာပေါ့။

မှန်ပါ့ဘုရား။

အဲဒီ အခါတုန်းက ဇောတိကသဌေးဟာ အိမ်တော်မှာ မရှိဘူးတဲ့၊ ကျောင်းတော်သို့ ဥပုသ်စောင့်သွား၍ မြတ်စွာဘုရားထံ၌ တရားနာနေတယ်။

အဲဒီလို စစ်တပ်ကြီးနှင့် ချီတက်လာတဲ့အခါ ဇောတိကသဌေး၏ ပြာသာဒ်ကြီးအနီးသို့ ရောက်သွားကြတာပေါ့၊ အနီးရောက်တဲ့အခါ အစောင့်အရှောက်ဖြစ်တဲ့ ဘီလူး စစ်တပ်ကြီး များ နှင့် တောင် မ တိုက်ရ တော့ဘူးတဲ့၊ ပဏ္ဏမြားဖြင့်ပြီးတဲ့ တံခိုင်းမှာ မိမိ စစ်တပ်၏အ ရိပ် ကို လှမ်း မြင် တဲ့ အ ခါ ဇောတိကသဌေးတို့စစ်တပ် ထွက်လာသည်ထင်၍ ကိုယ့်အရိပ် ကိုယ့်ဟာကိုယ် ပြန်လန့်ပြီး ထွက်ပြေးကြပါရောတဲ့။ အဇာတသတ်မင်းလဲ ထွက်ပြေးလိုက်တာဟာ နန်းတော်သို့ပြန်မရောက်တော့ပဲ ဘုရားကျောင်းသို့ဆိုက်ရောက် သွားတယ်တဲ့။ ကျောင်းတော်ရောက်တဲ့အခါ ဇောတိကသဌေးနှင့် တွေ့တော့တာပေါ့။

ဒီတော့ အဇာတသတ်မင်းက အိမ်ကိုသိမ်းဖို့ရန် သွားခဲ့တဲ့အကြောင်းနှင့် အလုံးစုံကို ပြန်ပြောသတဲ့။

ထိုအခါ ဇောတိကသဌေးက အရှင်မင်းမြတ် အကျွန်ုပ်၏ပစ္စည်းဆိုလျှင် အိမ်ကိုမဆိုထားနှင့် မြိတ်ဆာချည်မျှင်ကိုတောင်မှ ကျွန်ုပ်က မပေးလိုလို့ရှိလျှင် မည်သည့်မင်း၊ မည်သည့်သူခိုးမျှ လုယက်ယူငင်ခြင်းငှာ မတတ်နိုင်ပါဘူးလို့ပြောဆိုပြီးလျှင် အရှင်မင်းမြတ် ဒ ဖြင့်လျှင် အကြောင်းသိရအောင် အကျွန်ုပ်ပြောမယ်။ ဟောဒီ ကျွန်ုပ်လက်ဆယ်ချောင်းမှာ ဒီလက်စွပ်တွေ ရှိပါတယ်၊ ဟောဒီ လက်စွပ်ကို ကျွန်ုပ်က မပေးပါဘူး၊ အကယ်၍ ယူနိုင်လို့ရှိလျှင် အရှင်မင်းမြတ် ယူတော်မူပါလို့ ပြောဆိုသတဲ့၊ ကြားလား ဒကာဘိုး။

မှန်ပါ့ဘုရား။

ပြောလဲ ပြောရဲမှာပေါ့လေ၊ ကိုယ့်အကြောင်း ကိုယ့်ဟာကိုယ် သိပြီး ဖြစ်နေတာကိုး။

အဲသလို ပြောဆိုတဲ့အခါ အဇာတသတ်မင်းက အားကုန် လက်စွပ်ကို ချွတ်တော့တာပေါ့၊ ဘယ်လိုပင် အားထုတ်၍ ချွတ်သော်လဲ မကျွတ်ဘူးတဲ့၊ ကြားလား။

မှန်ပါ့ဘုရား။

အဇာတသတ်မင်းဆိုတာ ခွန်အားကြီးကျယ်တဲ့မင်း ဖြစ်သတဲ့၊ မြေကြီးက ဆောင့်ကြောင့်ထိုင်၍ ခုန်လျှင် တဆယ့်ရှစ်တောင်အထိ အထက်သို့ ခုန်နိုင်သတဲ့၊ ရပ်ပြီးတော့ခုန်လျှင် အတောင် ရှစ်ဆယ်ကျော်အောင် ခုန်နိုင်သတဲ့၊ ဒီမျှလောက် အားရှိတဲ့မင်းတောင်မှ ဘုန်းရှင်,ကံရှင်၏ ပစ္စည်းဆိုတော့ မတတ်နိုင်ပေဘူးတဲ့၊ ကြားလား။

မှန်ပါ့ဘုရား။

တို့ ဒကာတွေလဲ ဒီလိုအကျိုးများ ခုအခါ ရရှိထားမယ်ဆိုလျှင် ဘာမျှ ကြောင့်ကြစရာရှိမှာ မဟုတ်ဘူးနော်။

မှန်ပါ့ဘုရား။

ထို့နောက် ဇောတိကသဌေးက အရှင်မင်းမြတ် ပုဆိုးဖြန့်,ပုဆိုးဖြန့်-ဟု ပြောဆို၍ လက်ချောင်းတို့ကိုစိုက်၍ ချလိုက်သည်ရှိသော် သူ့အလိုလို လက်စွပ်များကျွတ်ကျလာသတဲ့၊ ဘယ်လောက်များ သြအံ့စရာကောင်းတုံး၊ ဒကာဘိုး။

မှန်ပါ့--အံ့သြစရာပါပဲဘုရား။

အဲဒီ ဇောတိက သဌေးမှာ ဒီလို သူတပါးလုမယူနိုင်ခြင်း,မဖျက်ဆီးနိုင်ခြင်းဆိုတဲ့ အကျိုးတွေနှင့်တကွ ကြီးကျယ်ခမ်းနားတဲ့ စည်းစိမ်တွေကိုရတာဟာ ယခုလို ကထိန်ဒါနရဲ့ အကျိုးလို့ ဆိုရင်လဲ လွဲမှာမဟုတ်ပါဘူး၊ ဒါပေမယ်လို့ သူ့မှာ ဒေတာ့အထူးဆုတောင်းကလဲရှိသေးတယ်၊ ဘယ်လိုလဲဆိုတော့ ထိုဇောတိက သဌေးသည် ဟို-ဝိပဿီဘုရား လက်ထက်အခါတုန်းက ဗန္ဓုမတီ ပြည်ကြီး၌ အပရာဇိတလို့ခေါ်တဲ့ သူကြွယ်တဦး ဖြစ်လာသတဲ့။ သူသည် မြတ်စွာဘုရား၏ ဂန္ဓကုဋီကျောင်းတော်အတွက် ရွှေဖြင့်ခြယ်စီတဲ့တိုင်, ငွေဖြင့်ခြယ်စီထားတဲ့တိုင်, ပဒ္မမြားဖြင့် ခြယ်စီထားတဲ့တိုင် စသည်တို့ဖြင့် အလုံးစုံသောတိုင်တို့ကို ရတနာဖြင့်ခြယ်စီပြီးလျှင် ဂန္ဓကုဋီကျောင်းတော်ဆောက်လုပ်၍ မြတ်စွာဘုရား၏အနီး၌ သခွားသီး ပမာဏလောက်ရှိတဲ့ ပတ္တမြားတုံးကြီးကိုလဲ ထားရှိတယ်တဲ့။

ထို့နောက် မိစ္ဆာဒိဋ္ဌိပုဏ္ဏားတယောက်က ငှင်းပတ္တမြားလုံးကို ယူသွားသဖြင့် ငှင်းပုဏ္ဏားအပေါ် စိတ်ကိုကြည်ညိုစေခြင်းငှာ မစွမ်းနိုင်ပါ၊ စိတ်မကောင်းဖြစ်ပါယယ်ဟု ဘုရားကို လျှောက်တဲ့အတွက် မြတ်စွာဘုရားက မိမိပစ္စည်းကို သူတပါးမယူနိုင်အောင် ဆုတောင်းရမည်ဟု မိန့်တော်မူတဲ့အတွက် သူသည် သို့ကလို ဆုတောင်းခဲ့သတဲ့။ မြန်မာလို ရှင်းရှင်းကလေး ပြမယ်။

ယနေ့ကို အစပြု၍ တပည့်တော်၏ ပစ္စည်းဥစ္စာကို မြတ်ဆာ ချည်မျှင်မျှကိုလည်း တပည့်တော်ကိုလွှမ်းမိုးနှိပ်နင်း၍ အရာမကသော မင်းတို့သည်၎င်း, အရာမကသော သူခိုးတို့သည်၎င်း ယူခြင်းငှာ မစွမ်းနိုင်ပါစေကုန်သတည်း။ မီးသည်လည်း တပည့်တော်၏ပစ္စည်းကို မလောင်မြိုက်နိုင်ပါစေသတည်း၊ ရေဖြင့်လည်း မလွှမ်းမိုး မမျောနိုင်ပါစေသတည်းလို့ဆုတောင်းခဲ့ဘူးသတဲ့၊ ကြားလားဒကာဘိုး၊(မှန်ပါ့ဘုရား)။ တို့-ဒကာကြီး တွေလဲ ဒီလို ဆုတောင်းထားဖို့ ကောင်းတယ်၊ ကြားလား။

မှန်ပါ့ဘုရား။

အဲ-ဇောတိက သဌေးမှာတော့ ဟောဒီ ဆုတောင်းကြောင့် လဲပဲ သူ့ပစ္စည်းကို သူတပါးမလုယက် မဖျက်ဆီးနိုင်ဘူးတဲ့။

အဲဒီလို အကျိုးကို ရရှိခံစားရတဲ့ ဇောတိကသဌေးဟာ သံဝေဂဖြစ်တဲ့အတွက် ထိုရတနာ ၇-ပါးဖြင့်ပြီးတဲ့ ပြာသာဒ်ကြီးကို၎င်း, ရွှေအိုးကြီးတွေကို၎င်း,မြောက်ကျွန်းသူ အချောအလှလေးကို၎င်း တခါတည်းစွန့်လွှတ်လိုက်ပြီးလျှင် သာသနာတော်ထမ်း ရဟန်းဘောင်သို့ တက်သွားသတဲ့။

တို့-ဒကာဘိုးတို့ကော ဘယ်နှယ်တုံး။ (........)

အဲသလို ရဟန်းဘောင်ရောက်ပြီးနောက် ဝိပဿနာ ကမ္မဋ္ဌာန်းများကို အားထုတ်သဖြင့် မကြာမြင့်မီ သာ့လျှင် ရဟန္တာ အဖြစ်သို့ရောက်၍ ဇောတိကမထေရ်ဟု ကျော်ကြားခဲ့ပေတယ်။

အဲသလို ဇောတိကသဌေး ရဟန်းဘောင် တက်သွားတဲ့အခါ ဇောတိကသဌေး၏ စည်းစိမ်ဥစ္စာ တွေဟာ တခါတည်းပျောက်ကွယ်သွားတာပဲတဲ့။ရတနာ ၇-ပါးဖြင့်ပြီးတဲ့ ပြာသာဒ်ကြီးလဲ တခါတည်း ပျောက်ကွယ်သွားတာပဲတဲ့၊ ပီးတော့ ''သတုလကာယီ''လို့ ခေါ်ပဲ့ မြောက်ကျွန်းသူလေးကိုလဲ နတ်တို့က မြောက်ကျွန်းသို့ ပြန်ပို့ကြသတဲ့။

ယခုအခါ ထိုဇောတိကမထေရ်ဟာ ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ကြီးသို့ ဝင်စံသွားရပေပြီတဲ့၊ ကြားလား။

မှန်ပါ့ဘုရား။

အဲ-ယခုကထိန်ဒကာ၊ ဒကာမအပေါင်းတို့မှာလဲ ဟောခဲ့တဲ့အကျိုး ၅-မျိုးနှင့်တကွ ဇောတိကသဌေးကဲ့သို့သော လူ့စည်းစိမ်ချမ်းသာတွေ၊ နတ်စည်းစိမ်ချမ်းသာတွေ၊ ထို့အပြင် ယခုအခါ ဇောတိက သဌေး ဝင်စံသွားရာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကြီး၊ အဲဒီ ချမ်းသာတွေကို ငါတို့လဲ ဤ ကထိနဒါနကြောင့် အမှန်ရမှာပဲဆိုတာ ယုံကြည်သောစိတ်ကို ဖြစ်စေကြရမယ်။

ဒါကြောင့် ခုဒ္ဒကနိကာယ်-နိဓိကဏ္ဍသုတ်၌ "မာနုဿိကာစ ။ပ။ တေန လဗ္ဘတိ။

ယာစသမ္ပတ္တိ၊အကြင်ဇောတိကသဌေး၏ စည်းစိမ်ချမ်းသာ ကဲ့သို့သော စည်းစိမ်ချမ်းသာအပေါင်းသည်၎င်း၊(ရှေးနည်းတူ)

ဤတွင် တခန်းရပ်၍ အဘိဓမ္မာတပ်နိုင်သည်။

(ဤစာရေးသူရဟန်း ၁၁-၀ါရတွင် ၁၃၁၆-ခုနှစ် ရွှေစေတီဘိုက် ဘုံကထိန်အလှူပွဲ၌ ရဟန်းတော် ၄၀-ကျော်၊ လူပရိသတ် ၅၀၀-ကျော် ထဲတွင် အသံချဲ့စက်တပ်၍ ဟောကြားအပ်သော ကထိန်တရားတော်ဖြစ်သည်။)

---

## တနည်း- ကထိနဒါနတရားတော်

ဟောဒီ ကထိနဒါန အလှူမင်္ဂလာပွဲကြီးမှာ ကထိန်ကို အခု(ဘုန်းကြီး)တို့ ဘုရားကိုယ်တော်မြတ်ကြီး၏ လက်ထက်တော်တွင် ဘယ်အရပ်မှာ ခွင့်ပြုသည်ဆိုတာနှင့် ဘယ်ပုဂ္ဂိုလ်များကို အကြောင်းပြုပြီးတော့ ခွင့်ပြုသည် ဆိုတာများကို သေချာစွာ မှတ်သားကြရမယ်။

မှန်ပါ့ဘုရား။

ဒါကြောင့်-ဒီနေရာမှာ....

၁။ အဘယ်ပြည် အဘယ်ကျောင်း၌ ကထိန်ခွင့်ပြုသလဲ၊

၂။ အဘယ်ပုဂ္ဂိုလ်များကို အကြောင်းပြု၍ ခွင့်ပြုသလဲ၊

၃။ အဘယ်အကြောင်းကြောင့် ခွင့်ပြုရသလဲ၊

၄။ အဘယ်သူလှူအပ်သောသင်္ကန်းဖြင့် ကထိန်ခင်းအပ်သလဲ၊

၅။ အဘယ်သို့ဆို၍လှူမှ ကထိန် ခင်း ရ ပါ သ လဲ- လို့ ဆို တဲ့ အချက် ၅-ချက်ကို အရင် သိထားသင့်ပါတယ်၊ သို့အတွက် ၎င်း ၅-ချက်ကို ရှင်းရှင်း ကလေး အရင်ဟောပြမယ်၊ပီးတော့မှ ကထိနဒါနရဲ့ အကျိုးတွေကို ဟောပြမယ်၊ ကြားလား ဒကာဘိုး။

မှန်ပါ့ဘုရား။

ဟောဒီ ကထိန်ကို သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ခွင့်ပြုတော်မူတယ်လို့ မှတ်ရမယ်။

ဒါ့ကြောင့်-ဝိနည်းမဟာဝါ ပါဠိတော်ကြီး၌-

တေန ခေါ ပန သမယေန ဗုဒ္ဓေါ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထ ပိဏ္ဍိကဿ အာရာမေ။

လို့ ဒီ-ကထိန်ခွင့်ပြုရာ အရပ်ဒေသကို ဟောကြားတော်မူထားပါတယ်။

ပြီးတော့- အဘယ်ပုဂ္ဂိုလ်များကို အကြောင်းပြု၍ ခွင့်ပြုပါသလဲဆိုရင် ဘဒ္ဒဝဂ္ဂီ ညီနောင် ရဟန်း ၃၀-ကျိပ်ကိုအကြောင်းပြုပြီးတော့ ခွင့်ပြုတော်မူတယ်တဲ့၊ ဒါ့ကြောင့် ဝိနည်း မဟာဝါ ပါဠိတော်ကြီးတွင်-

တေန ခေါ ပန သမယေန တိံသမတ္တာ ပါဝေယျကာ ဘိက္ခူ။

စသည်ဖြင့် ဟောတော်မူထားတယ်။ အဲဒီ ဘဒ္ဒဝဂ္ဂီ ညီနောင်ရဟန်း ၃၀-ကျိပ်တို့ကား- ကောသလတိုင်းထဲတွင် ပါဝင်၍ အနောက်ဘက်အစွန်မှာရှိတဲ့ ပါဝေယျက တိုင်းသားများဖြစ်ကြသတဲ့။ ထိုရဟန်း ၃၀-ကျိပ်ဟာ ကောသလ မင်းကြီးနှင့်အတူ ညီအစ်ကိုဖြစ်တဲ့ မင်းညီမင်းသားတွေဖြစ်ကြသတဲ့၊ သူတို့သည် သာသနာဝန်ထမ်းရဟန်းဘောင်သို့တက်ကြပြီးလျှင် တရားအားထုတ်ကြသဖြင့် သောတာပန်- သကဒါဂါမ်- အနာဂါမ်များ ဖြစ်ကြတယ်တဲ့။ အဲဒီ ရဟန်း ၃၀ ကျိပ် အထဲ၌ အကြီးဆုံးဟာ အနာဂါမ်၊ အငယ်ဆုံးဟာ သောတာပန် ဖြစ်ကြသတဲ့၊ သူတို့အထဲမှာ ပုထုဇဉ်လဲ မပါ၊ ရဟန္တာလဲ မရောဘူးတဲ့။ ဒါ့ကြောင့် မဟာဝါ ကထိနက္ခန္ဓက အဋ္ဌကထာ၌....

တေသု သဗ္ဗဇေဋ္ဌကော အနာဂါမီ၊ သဗ္ဗပစ္ဆိမကော သောတာပန္နော၊ ကောပိ အရဟာ ဝါ ပုထုဇ္ဇနော ဝါ နတ္ထိ။

တေသု၊ ထို ဘဒ္ဒဝဂ္ဂီ ညီနောင် ရဟန်း ၃၀-ကျိပ်တို့တွင်။ သဗ္ဗဇေဋ္ဌကော၊ အလုံးစုံတို့၏ အကြီးဆုံးဖြစ်သော ရဟန်းသည်။ အနာဂါမီ၊ အနာဂါမ်တည်း။ သဗ္ဗပစ္ဆိမကော၊ အလုံးစုံတို့အောက် နောက်ဆုံးဖြစ်သော ရဟန်းသည်။ သောတာပန္နော၊ သောတာပန်တည်း။ ကောပိ၊ တပါးလည်းဖြစ်သော။ အရဟာ ဝါ၊ ရဟန္တာသည်၎င်း။ ပုထုဇ္ဇနော ဝါ၊ ပုထုဇဉ်သည်၎င်း။ နတ္ထိ၊ မရှိဘူးတဲ့၊ ကြားလား ဒကာဘိုး။

မှန်ပါ့ဘုရား။

ထို ရဟန်း ၃၀-ကျိပ်တို့သည် အကုန်လုံး ဓုတင် ၁၃-ပါးကို ဆောင်ကြတဲ့ ပုဂ္ဂိုလ်ချည်းပဲ။ ဒါ့ကြောင့် အဋ္ဌကထာ၌-

ဣမေ ပန တေရသာပိ ဓုတင်္ဂါနိ သမာဒါယေဝ ဝတ္တန္တိ။

ဣမေပန၊ ဤရဟန်း ၃၀ကျိပ် တို့သည်ကား။ တေရသာပိ ဓုတင်္ဂါနိ၊ ဓုတင် ၁၃-ပါးတို့ကိုလည်း။ သမာဒါယေဝ၊ ဆောက်တည်ကုန်သည်သာလျှင်။ ဝတ္တန္တိ၊ ဖြစ်ကြကုန်၏-တဲ့။

အဲဒီ ဘဒ္ဒဝဂ္ဂီညီနောင် ရဟန်း ၃၀-ကျိပ်ကို အကြောင်းပြု၍ ဘယ်အတွက် ဘယ်အကျိုးကို ရစေလိုတဲ့အတွက် ခွင့်ပြုတော်မူပါသလဲဆိုရင်–

ဒီ–ပါဝေယျက တိုင်းသား ရဟန်း ၃၀-ကျိပ်တို့သည် မြတ်စွာဘုရားအား ဖူးမျှော် ကန်တော့လိုကြသဖြင့် ဘုရားသီတင်းသုံးတော်မူရာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ လာကြတယ်တဲ့။

ဝါဆိုရက်က နီးနေတော့ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ရောက်အောင် မသွားနိုင်ကြတော့ပဲ လမ်းခရီးအကြားဝယ် "သာကေတ"လို့ ခေါ်တဲ့မြို့၌ ဝါဆိုကြရတယ်။

သီတင်းဝါလကျွတ်၍ ပဝါရဏာပြုပြီးကြတဲ့အခါ မြတ်စွာဘုရားထံသို့ ဆက်၍ လာကြပြန်ရာ၌လည်း မိုးလက မကုန်သေးတော့ လမ်းခရီးအကြား၌ မိုးကြီး သည်းထန်စွာ ရွာလာတဲ့အတွက် ခြေနင်းတိုင်း - ခြေနင်းတိုင်းသော အရပ်အကွက်တို့၌ ဒူး,ပဆစ် မျှ နစ်မြုပ်အောင် ဆင်းရဲကြီးစွာ လာခဲ့ကြရသဖြင့် ရွှံ့ညွန်တွေ လိမ်းကျံ၍ အလိမ်းလိမ်းကပ်သော သပိတ်, သင်္ကန်း ကိုယ်ရှိကြပြီး သကာလ မြတ်စွာဘုရားအထံသို့ ရောက်လာကြတယ်တဲ့။

ဒီတော့ ဘုရားကိုယ်တော်မြတ်ကြီးကလဲ ဧည့်သည် အာဂန္တုရဟန်းတို့အား မေးမြဲထုံးစံအတိုင်း....

ကစ္စိ ဘိက္ခဝေ ခမနီယံ၊ ကစ္စိ ယာပနီယံ။

ဘိက္ခဝေ၊ ငါ၏ချစ်သား ရဟန်းများတို့။ ကစ္စိ၊ အသို့နည်း။ ခမနီယံ၊ ခံ့ကျန်းကြပါ၏လော။ ကစ္စိ၊ အသို့နည်း။ ယာပနီယံ၊ မျှတကြပါ၏လော့။

အဲသလို မေးတော်မူသတဲ့။

အဲသလို မေးတော်မူတဲ့အခါ ထိုဘဒ္ဒဝဂ္ဂီ ညီနောင် ရဟန်းတို့က....

"ဘုန်းတော်ကြီးမြတ်သော မြတ်စွာဘုရား–တပည့်တော်တို့သည် ဟောဒီ သာဝတ္ထိပြည်မှ ခြောက် ယူဇနာ ကွာဝေးတဲ့ သာကေတမြို့၌ ဝါကပ်ခဲ့ပြီးလျှင် ဝါကျွတ်လျှင် ကျွတ်ချင်း ဤတိစီဝရိက် သင်္ကန်းကြီးများကို ထမ်းပိုးပြီး သကာလ ပင်ပန်းဆင်းရဲစွာနှင့် ရွှံ့ညွန်တွေအထဲမှ လာခဲ့ကြရပါတယ်ဘုရား"လို့ လျှောက်ကြသတဲ့။

ဒီတော့ ဘုရားကိုယ်တော်မြတ်ကြီးက ထိုဘဒ္ဒဝဂ္ဂီညီနောင်ရဟန်းများကို သနားတော်မူလှ၍ နောင်လာနောက်သား ရဟန်းများလဲ အကျိုး ၅-ပါးကို ရစေခြင်းငှာ ယခုလိုကထိန်ကို ခွင့်ပြုတော်မူလိုက်တယ်တဲ့။ ဒါကြောင့်....

ကထိနက္ခန္ဓက ပါဠိတော်ကြီး၌ ...

အနုဇာနာမိ ဘိက္ခဝေ ဝဿံဝုဋ္ဌာနံ ဘိက္ခူနံ ကထိနံ အတ္ထရိတုံ။

လို့ ကထိန်ကို ခွင့်ပြုလိုက်ပါတယ်။ (အနက် ရှေးနည်းတူ)။

အဲသလို ကထိန်ကိုခွင့်ပြုလိုက်တော့ ရဟန်းတော်များမှာ ကထိန်ခင်းပြီး သည့်နေ့ကစ၍ တပေါင်းလပြည့်အထိ ငါးပါးသော အကျိုးအာနိသင်တို့ကို ရရှိတယ်တဲ့။ ဒါ့ကြောင့် ကထိနက္ခန္ဓက ပါဠိတော်ကြီး၌ပင်....

> အတ္ထတ ကထိနာနံ ဝေါ ဘိက္ခဝေ ပဉ္စ ကပ္ပိဿန္တိ၊ အနာမန္တစာရော
> အသမာဒါနစာရော ဂဏဘောဇနံ ယာဝဒတ္ထစီဝရံ ယော စ တတ္ထ
> စီဝရုပ္ပါဒေါ၊ သော နေသံ ဘဝိဿတီတိ။

ဘိက္ခဝေ၊ ဘဒ္ဒဝဂ္ဂီ နှောင်ညီမှည့်ခေါ် ချစ်သားတော်တို့။ အတ္ထတ ကထိနာနံ၊ သဒ္ဒါထိန်လင်း ပြောင်ပြောင်ဝင်း၍ ကောင်းစွာ ခင်းအပ်သော ဥတ်ကထိန်ရှိကုန်သော။ဝေါ-တုမှာကံ၊မျက်မှောက်ခုရှိ တပည့်အများ သင်ချစ်သားတို့အား။ ပဉ္စ၊ များစွာတိုးပွား ငါးပါးသော အကျိုးတရားတို့သည်။ ကပ္ပိဿန္တိ၊ မုချဆတ်ဆတ် အပ်ကြပေကုန်လတ့်။ အနာမန္တစာရော၊ စာရိတ္တသိက္ခာပုဒ်ဖြင့် အာပတ်မသင့်ခြင်းဟုဆိုအပ်သော အနာမန္တစာရအာနိသင်ငှင်း။ အသမာဒါနစာရော၊ တိစီဝရိက်သက်န်းနှင့် ညဉ့်ကင်းသော်လည်း အာပတ်မသင့်ခြင်းဟု ဆိုအပ်သော အသမာဒါနစာရ အာနိသင်ငှင်း။ ဂဏဘောဇနံ၊ ဂဏဘောဇဉ်ဟုဆိုအပ်သော အာနိသင်ငှင်း။ ယာဝဒတ္ထစီဝရံ၊ယာဝဒတ္ထစီဝရ အာနိသင်ငှင်း။ ယော စ တတ္ထ စီဝရုပ္ပါဒေါ သော နေသံ ဘဝိဿတိ၊ ယောစ တတ္ထ စီဝရုပ္ပါဒေါ သော နေသံ ဘဝိဿတိ အာနိသင်ငှင်း။ ဣတိ၊ ဤသို့။ ပဉ္စ၊ များစွာတိုးပွား ငါးပါးသော အကျိုးတရားတို့သည်။ ကပ္ပိဿန္တိ၊မုချဆတ်ဆတ် အပ်ကြပေကုန်လတ့်။

ပီးတော့-အဘယ်သူလှူအပ်သောသင်္ကန်းဖြင့် ကထိန်ခင်းအပ်ပါသလဲလို့ ဆိုရင် နတ်ပဲဖြစ်ဖြစ်, ဗြဟ္မာပဲ ဖြစ်ဖြစ်, လူပဲ ဖြစ်ဖြစ်,ရဟန်းပဲ ဖြစ်ဖြစ်, ကိုရင်ပဲ ဖြစ်ဖြစ် ဘယ်သူမဆို ကြည်ဖြူစွာ လှူဒါန်းအပ်သော သင်္ကန်းဖြင့် ကထိန်ခင်းနိုင်တာချည်းပဲ။ ဒါကြောင့် အဋ္ဌကထာ၌....

> ယေန ကေနစိ ဒေဝေန ဝါ မနုဿေန ဝါ ပဉ္စန္နံ ဝါ သဟဓမ္မိကာနံ
> အညတရေန ဒိန္နံ ဝဋ္ဋတိ။

ယေနကေနစိ၊ အမှတ်မရှိ တစုံတယောက်သော။ ဒေဝေနဝါ၊နတ်သည် ငှင်း။ မနုဿေန ဝါ၊ လူသည်ငှင်း။ ပဉ္စန္နံ သဟဓမ္မိကာနံ၊ သီတင်းသုံးဘော် ငါးယောက်တို့တွင်။ အညတရေနဝါ၊ တယောက်ယောက်သည်ငှင်း။ ဒိန္နံ၊ သဒ္ဓါကြည်ဖြူ ပေးလှူအပ်သော သင်္ကန်းသည်။ ဝဋ္ဋတိ၊ အပ်တော့သည်သာတည်း။

အဲဒီသင်္ကန်းမှာလဲ ဒုကုဋ်ခေါ် နှစ်ထပ်သင်္ကန်းကြီး,ကိုယ်ရုံခေါ် ဧကသိ, ခါးဝတ်ခေါ် သင်းပိုင်၊ဤသင်္ကန်း ၃-ထည်ထဲက ကိုယ်ကြိုက်ရာကို ခင်းနိုင်တယ်တဲ့။ ဒါကြောင့် ဝိနည်းပရိဝါပါဠိတော်၌....

တိဏ်ကိ ဝတ္ထုနိ သံဃာဒ္ဓိ ဥတ္တရသင်္ဂေါ အနုရဝ ါသကော။

လို ဟောတော်မူပါတယ်။ အဘယ်သို့ဆို၍လှူမှ ကထိန်ခင်းရပါသလဲလို့ ဆိုပြန်လျှင်-''ဣမံ ကထိနစီဝရံ သံဃဿ ဒေမ''လို့ဆို၍လှူမှ ကထိန်ခင်းရတယ်တဲ့။ ဒါကြောင့် ဝိနယလင်္ကာရဋီကာ၌ ''ဣမံ ကထိနံစီဝရံ သံဃဿ ဒေမာတိ ဝတ္တဗ္ဗံ''လို့ ဆိုထားပါတယ်။ ကြားလား-ဒကာဘိုး။

မှန်ပါ့ဘုရား။

ကိုင်း-ကိုင်း-ကထိန်သင်္ကန်းကို ကပ်လှူရတဲ့ ဒကာ, ဒကာမများ ရရှိတဲ့ အကျိုးတွေကို ဟောပြတော့မယ်၊အာရုံစူးစိုက်ကြနော်။ အဲသလို ကထိန်သင်္ကန်းကို ကပ်လှူလိုက်ရတဲ့ ဒကာ, ဒကာမ အပေါင်းတို့မှာကား - ရဟန်းတော်များ အလားတူ အကျိုး ငါးပါးကို ရရှိသည့်အပြင် အခြား အကျိုးများကိုလဲ ဘဝ သံသရာမှာ ရရှိနိုင်သေးတယ်တဲ့။ ဒါကြောင့်....

ဟေမဝဏ္ဏော သုရူပေါစ၊ ဘဂျဝန္တော ဇနပ္ပိယော။

လာဘိနော သေဋ္ဌလာဘောစ၊ ကထိနဒါနသိဒံ ဖလံ။

ဟေမဝဏ္ဏောစ၊ရွှေအဆင်းကဲ့သို့ ဝါဝင်းသောအဆင်းရှိသည်ဂုဏ်း။သုရူပေါစ၊ အသွင်လှပသော အဆင်းရှိခြင်းသည်ဂုဏ်း။ ဘဂျဝန္တောစ၊ ဘုန်းတန်ခိုးတို့ဖြင့် အမျိုးမျိုး ရှိခြင်းသည်ဂုဏ်း။ ဇနပ္ပိယောစ၊ များစွာ သောင်းသောင်း လူအပေါင်းတို့၏ ချစ်မြတ်နိုးခြင်းသည်ဂုဏ်း။လာဘိနောစ၊လာဘ်ပေါများခြင်းသည်ဂုဏ်း။ သေဋ္ဌလာဘောစ၊ ထူးမြတ်တဲ့လာဘ်ကို ရခြင်းသည်ဂုဏ်း။ ဟောတိ၊ ဖြစ်၏။ ဣဒံ၊ ဤ အလုံးစုံသော အကျိုးသည်။ ကထိနဒါနဿ၊ကထိန်သင်္ကန်းကို လှူဒါန်းရခြင်း၏။ ဖလံ၊ အကျိုးပေတည်း။

ပီးတော့....

ကုဋ္ဌံ ဂဏ္ဍော ကိလာသောစ၊ ကာသော သောသော ပမာရိကော။

သဗ္ဗရောဂါ ဝိနဿန္တိ၊ ကထိနဒါနသိဒံ ဖလံ။

ကုဋ္ဌံစ၊ ခန္ဓာကွဲအက် ကိုယ်လုံးပျက်၍ နှစ်သက်ဖွယ်ကင်း နူနာစွဲခြင်းသည်ဂုဏ်း။ဂဏ္ဍောစ၊ လူမြင်တိုင်းသာ ရွံဖွယ်ရာရှိသော အိုင်းအမာနာသည်ဂုဏ်း။ ကိလာသောစ၊ မြင်သူစိတ်မှာ စက်ဆုပ်ဖွယ်ရာဖြစ်သော ပွေး,ညှင်း,တင်းတိပ်နာသည်ဂုဏ်း။ ကာသောစ၊ တကယ်အဟုတ် စက်ဆုပ်ဖွယ်ဖြစ်သော ကုတ်ဟီးနာသည်ဂုဏ်း။သောသောစ၊ခရယုတ်ချောင်းဆိုးအနာမျိုးသည်ဂုဏ်း။ပမာရိကောစ၊ မေ့လျော့လွတ်ကင်း ဝက်ရူးနာဖမ်းခြင်းသည်ဂုဏ်း။ သဗ္ဗရောဂါစ၊အလုံးစုံသော ရောဂါအပေါင်း တို့သည်ဂုဏ်း။ ဝိနဿန္တိ၊ ကိုယ်သို့မရောက် ကင်းပျောက်ကြကုန်၏။ ဣဒံ၊ ဤအလုံးစုံသော အကျိုးဟူသမျှသည်။ ကထိနဒါနဿ၊ ၏။ ဖလံ၊ အကျိုးပေတည်း။

ထို့အပြင်မှာလဲ ဒီလို ကထိန်သင်္ကန်းကို လှူဒါန်းလို့ရှိလျှင် ထို ကထိန်သင်္ကန်းကို လှူဒါန်းရတဲ့ကုသိုလ်ကံကြောင့် သစ်ပင်ဖျားဥ္စသော်၎င်း, တောင်ထိပ်ဥ္စသော်၎င်း, ကောင်းကင်ဥ္စသော်၎င်း, မြေဥ္စသော်၎င်း အဝတ်တန်ဆာတို့ကို အကယ်၍ အလိုရှိခဲ့လို့ရှိလျှင် အလုံးစုံ တခဏချင်းအားဖြင့် ပြည့်စုံနိုင်တယ်တဲ့။ ဒါကြောင့်....

သဒါ ရုက္ခဂ္ဂေ ပဗ္ဗတေ၊ အန္တလိက္ခေ စ ဘူမိယံ။
ဒုဿော ဣစ္ဆတိဒါယကော၊ သဗ္ဗံ တဿ သမိဇ္ဈတိ။

ဒါယကော၊ကထိန်လျှာသင်္ကန်းကို တကြိမ်တခါလှူဒါန်းရသော ကထိန်ဒါယကာအပေါင်း သူတော်ကောင်းသည်။ ရုက္ခဂ္ဂေစ၊ သစ်ပင်ဖျားဥ္စသော်၎င်း။ ပဗ္ဗတေစ၊ တောင်ထိပ်ဥ္စသော်၎င်း။ အန္တလိက္ခေစ၊ ကောင်းကင်ဥ္စသော်၎င်း။ ဘူမိယံစ၊ မြေဥ္စသော်၎င်း။ဒုဿော၊အဝတ်တန် ဆာတို့ကို။ ဣစ္ဆတိ၊အလိုရှိငြားအံ့။ တဿ၊ထိုတကြိမ်တခါ ကထိန်လျှာသင်္ကန်းကို လှူဒါန်းရသောအလှူရှင်အပေါင်းအား။သဗ္ဗံ၊အလုံးစုံသောအာသာဟူသမျှသည်။သဒါ၊အခါခပ်သိမ်း။သမိဇ္ဈတိ၊ တခဏချင်းအားဖြင့် ပြည့်စုံတော့သည်သာတည်း။

ထို့အပြင်လဲပဲ ကထိန်ဒကာ, ဒကာမအပေါင်း သူတော်ကောင်းတို့သည် ဖြစ်လေရာရာ ဘဝ သံသရာ၌ အကယ်၍မြေသမုဒ္ဒရာ အဝန်းကိုအစပြု၍စကြဝဠာ တခုလုံးကိုပင် အဝတ်ပုဆိုးတန်ဆာတို့ဖြင့် ဖုံးလွှမ်းလိုသည်ဖြစ်စေ၊ ပေးကမ်းလိုသည် ဖြစ်စေ၊ ဖုံးလွှမ်းနိုင်,ပေးကမ်းနိုင်တယ်တဲ့။ ဒါကြောင့်....

စက္ကဝါဠံ မုပါဒါယ၊ မဟီသာဂရ မဏ္ဍလံ။
သော စေ ဒုဿေဟိ ဆာဒေတိ၊ သဗ္ဗံ တဿ သမိဇ္ဈတိ။

သော၊ထိုတကြိမ်တခါ ကထိန်လျှာသင်္ကန်းကိုလှူဒါန်းလိုက်ရတဲ့အလှူရှင်အပေါင်း သူတော်ကောင်းသည်။ မဟီသာဂရမဏ္ဍလံ၊ မြေသမုဒ္ဒရာ အဝန်းကို။ ဥပါဒါယ၊အစပြု၍။ စက္ကဝါဠံ၊ကြံစကြဝဠာကြီးတခုလုံးကို။ ဒုဿေဟိ၊ အဝတ်တန်ဆာတို့ဖြင့်။ စေ ဆာဒေတိ၊ အကယ်၍ ဖုံးလွှမ်းလိုငြားအံ့။ ဝါ၊ အကယ်၍ ပေးလှူလိုငြားအံ့။ တဿ၊ထိုတကြိမ်တခါ က ထိန်လျှာ ကန်းကိုလှူဒါန်းရသော အလှူရှင်အပေါင်းအား။ သဗ္ဗံ၊ အလုံးစုံသော အလိုအာသာဆန္ဒဟူသမျှသည်။ သမိဇ္ဈတိ၊ တခဏချင်းအားဖြင့် ပြည့်စုံလေတော့သတည်း။

ထို့ပြင် ဖြစ်လေရာဘဝသံသရာ၌ မိမိ၏ကျေးကျွန်,သင်းပင်း,သား,မယား အဆွေခင်ပွန်း, သားချင်းဆွေမျိုး ဟူသမျှတို့သည် မိမိ၏ အလိုအတိုင်း လိုက်ပါကြရတယ်တဲ့။ မိမိပြောဆိုတာကိုလဲ တသွေမဖောက်မ်း လိုက်နာကြရသတဲ့။

ဒါကြောင့်....

ဒါသာ ဒါသီ ဘရိယာစ၊ အညေစ အနုဇီဝိနော။

သမာစရန္တိ တံ သဒါ၊ ကထိနဒါနသာိဒံ ဖလံ။

ယေဒါသာစ၊ အကြြင်ကျွန်ယောကျ်ားတို့သည်၎င်း။ယာဒါသီစ၊အကြင် ကျွန် မိန်းမသည်၎င်း။ယာဘရိယာစ၊အကြင်ခင်ပွန်းတို့သည်၎င်း။အညေ၊ဆိုအပ် ခဲ့ပြီးသော သူတို့မှတပါးကုန်သော။ အနုဇီဝိနော၊မိမိနှင့်တူမှီ၍ အသက်မွေးကာ နေထိုင်ကြကုန်သော။ ယေစ၊ အကြင်သားချင်းညာတကာ ဆွေသဟာအပေါင်း တို့သည်၎င်း။ သန္တိ၊ရှိကုန်၏။ တေ သဗ္ဗေ၊ထိုအလုံးစုံသော ကျေးကျွန်, သင်းပင်း, ဆွေမျိုးသားချင်း ဟူသမျှတို့သည်။ တံ၊ ထိုတကြိမ်တခါ ကထိန်လျှာသင်္ကန်းကို ကပ်လှူရသော ကုသိုလ်ရှင်အပေါင်းသို့။ သဒါ၊ အခါခပ်သိမ်းသာလျှင်။ သမာ စရန္တိ၊ ကောင်းစွာနာယူကြ, လိုက်နာကြပေကုန်၏။ ဣဒံ ဖလံ၊ ဤသို့ ဆိုအပ်ခဲ့ ပြီးသောအကျိုးသည်။ ကထိနဒါနသာ၊ တကြိမ်တခါ ကထိန်လျှာသင်္ကန်းကို လှူဒါန်းရသော ကထိနဒါန၏။ ဖလံ၊ အကျိုးပေတည်း။

ပီးတော့–ဟောဒီ ကထိန်ဒကာ, ဒကာမအပေါင်း သူတော်ကောင်းတို့မှာ ကိုယ်အလိုရှိအပ်တဲ့ ဆုထူးဆုမြတ်အပေါင်းနှင့်ပြည့်စုံရလျက်၊မဂ်ဉာဏ်, ဖိုလ်ဉာဏ် ပေါက်ပြီးလျှင် နိဗ္ဗာန်တိုင်အောင် ဝင်စံနိုင်ကြပေတယ်တဲ့။ ဒါကြောင့်....

ယံ ယံ ဣစ္ဆတိ ဒါယကော၊ တံ တံ ဇာယတိ ကာမတော။

သဒါ သော သုခိတော ဟောတိ၊ ကထိနဒါနသာိဒံ ဖလံ။

ဒါယကော၊ ကထိန်လျှာသင်္ကန်းကို ပေးလှူခဲ့ဘူးတဲ့ သူတော်ကောင်း အပေါင်းသည်။ ယံ ယံ၊အကြင် အကြင် အလိုအာသာ ဆုထူးပတ္ထနာ ဟူသမျှကို။ ဣစ္ဆတိ၊ အလိုရှိ၏။ တံ တံ၊ ထိုထို အလိုအာသာ ဆုထူးပတ္ထနာ ဟူသမျှသည်။ ကာမတော၊ လိုချင်ကြောင့်ကြ၍ တောင့်တတဲ့ ကထိန် ဒါယကာ, ဒါယိကာမ အပေါင်းအား။ ဇာယတိ၊ လိုချင်တဲ့အတိုင်း ဖြစ်ပေါ် နိုင်ပါပေ၏။ သော၊ ထိုကထိန်ဒကာ, ဒကာမအပေါင်း သူတော်ကောင်းသည်။သဒါ၊အခါခပ်သိမ်း။ သုခိတော၊ ဘဝ သံသရာမှာ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသည်။ ဟောတိ၊ ဖြစ်၏။ ဣဒံ၊ ဤဆိုအပ်ခဲ့သော အကျိုးအပေါင်းသည်။ ကတိနဒါနသာ၊ ကထိန်လျှာ သင်္ကန်းကို လှူဒါန်းခြင်း၏။ ဖလံ၊ အကျိုးပေတည်း။

အဲဒီ အကျိုးအရပ်ရပ်များကို ဤကထိန်အလှူက ပေးနိုင်တယ်ဆိုတာ သာသနာတော်၌ ကျမ်းပြုအကျော် ဆရာတော်မထေရ်အဆက်ဆက်တို့ ဟော ကြားဆုံးမတော်မူကြပါတယ်။ ယင်းသို့ ဟောကြား ဆုံးမတော်မူတိုင်း မှန်ကန် သင့်မြတ်ကြောင်းကိုလဲ သုံးလူ့ထွတ်ထား ရှင်တော်ဘုရားဟောကြားတော်မူအပ် သော သင်္ဂါယနာတင်ပိဋကတ်တော်မြတ်၌ သို့ကလိုဟောကြားတော်မူပါတယ်။

သေ ဒေဝမနုဿာနံ၊ သဗ္ဗကာမဒဒေါ နိဓိ။
ယံယဒေဝါ ဘိပတ္ထေန္တိ၊ သဗ္ဗမေတေန လဗ္ဘတိ။
ပီးတော့-မာနုဿိကာစ ။ပ။ တေန လဗ္ဘတိ။(ရှေးနည်းတူ)
(ခုဒ္ဒကနိကာယ် ပါဠိတော်)

သေ-သေသောနိဓိ၊ဤတကြိမ်တခါကထိန်လျှာသကၤန်းကိုလှူဒါန်းဆက်ကပ်ရခြင်းစသော ကုသိုလ်ကောင်းမှု ရွှေအိုးသည်။ဒေဝမနုဿာနံ၊ကုသိုလ်ကောင်းမှုကို အားထုတ်သူ နတ်နှင့် လူတို့အား။ သဗ္ဗကာမဒဒေါ၊ အလုံးစုံ အလိုရှိအပ်တောင့်တအပ်သော မြတ်သောဆု ဟူသရွှေကို ပေးနိုင်ပါပေ၏။ ယံယဒေဝ၊ အကြင် အကြင် အလိုဆန္ဒဟူသမျှကို။ ဝါ၊ အကြင် အကြင် လူ, နတ်, နိဗ္ဗာန် သုံးတန်သော ချမ်း သာ ဟူ သမျှ ကို။ အဘိပတ္ထေန္တိ၊ လို ချင် ကြောင့် ကြ ၍ တောင့်တကြလေကုန်၏။ တံ တံ သဗ္ဗံ၊ ထိုထို အလိုဆန္ဒ ဟူသမျှကို။ ဝါ၊ ထိုထို လူ,နတ်, နိဗ္ဗာန် သုံးတန်သော ချမ်းသာဟူသမျှကို။ ဧတေန၊ယနေ့ယခု ပြုလုပ်ကြရသော ကထိန်ဒါနစတဲ့ ကုသိုလ်ကောင်းမှုဖြင့်။ လဗ္ဘတိ၊ မုချပိုင်နိုင် ရပေ၏။

(မာနုဿိကာစ- ဂါထာနက် ရှေးကပြခဲ့ပြီ)။

အဲဒီ ဒေသနာတော်များနှင့်အညီ အကျိုးအားဖြင့် ကြီးကျယ်များပြားလှ၍ ရှေးဘုရားတို့ ချီးမွမ်းထောမနာအပ်သော ဤကထိနဒါနကို ရှေးရှေးသောဘုရားရှင်တို့၏ လက်ထက်တော်အခါက ဒီလို လှူဒါန်းဆက်ကပ်ခင်းကျင်းခဲ့ဘူးသောဝတ္ထုသက်သေထုံးသာကေရှိပါရဲ့လားဆိုလျှင်ဝတ္ထုသက်သေထုံးသာကေရှိပါတယ်။ ဘယ်လိုလဲဆိုလျှင် ရှေးလွန်လေပြီးသောအခါ တသင်္ချေနှင့် ကမ္ဘာတသိန်း ကာလတုန်က မဟာပဒုမ အမည်တော်ရှိတဲ့ မြတ်စွာဘုရား ပွင့်တော်မူတယ်၊ ထိုပဒုမ မြတ်စွာဘုရားသည် မင်းနှင့်ဘက္က ကုဋေတသိန်းသောလူတို့ကို ဟောဘိက္ခု ရဟန်းပြု၍ ကုဋေတသိန်းသော ရဟန်းအပေါင်းတို့နှင့်တကွ ပထမသန္နိပါတ အစည်းအဝေးကြီး ပြီးဆုံးသည့်နောက် ဥသဘဝတီမြို့ကိုမှီ၍ ဝါကပ်တော် မူတယ်တဲ့၊ ဝါတွင်းမှာ ဥသဘဝတီ မြို့သူ-မြို့သားတို့အား တရားမွေ့ဟောကြားဆုံးမ၍ များစွာ ကြည်ညိုကြကုန်သဖြင့် များစွာရဟန်းပြုကြတယ်၊ ရဟန်းတော်ပေါင်း သုံးသိန်းခန့် ရှိသတဲ့-ဒကာဘိုးရဲ့။

မှန်ပါ့ဘုရား။

အဲဒီ ရဟန်း သုံးသိန်းနှင့်တကွ ဒုတိယသန္နိပါတ အစည်း အဝေး ကြီး၌ ကထိန်ခင်းခြင်းကို ခွင့်ပြုတော်မူတယ်တဲ့၊ ကထိန်ခင်းခြင်း၏ အကျိုးအာနိသင်တို့ကိုလဲ အကျယ်တဝင့် ဟောကြားတော်မူတယ်။

အဲဒီ ကထိန်၏အကျိုးကို ကြားနာရတဲ့အခါ ရဟန်းမပြုပဲ ကျန်နေတဲ့ ဥသဘာဝတီ မြို့သူ-မြို့သားတို့သည် မဟာပဒုမ ရှင်တော်ဘုရား အမှူးရှိသော သုံးသိန်းသော ရဟန်းတော်, သံဃာတော် အပေါင်းတို့အား ကထိန်လျှာ သင်္ကန်းကို လှူဒါန်းဆက်ကပ်ကြတယ်။

ဒါကြောင့် ဗုဒ္ဓဝင်အဋ္ဌကထာ၌–

ယေ ပန တတ္ထ န ပဗ္ဗဇိံသု၊ တေ ကထိနာနိသံသံ သုတွာ ပါဠိပဒေ

ပဉ္စသု မာသေသု ပဉ္စာနိသံသ ဒါယကံ ကထိနစီဝရ မဒံသု။

တတ္ထ၊ ထိုဥသဘာဝတီမြို့၌။ယေ ပန၊ အကြင်သူတို့သည်ကား။နပဗ္ဗဇိံသု၊ ရှင်–ရဟန်း မပြုကြကုန်။ တေ၊ ထိုသူတို့သည်။ကထိနာနိသံသံသုတွာ၊ကထိန်၏ အာနိသင်ကို ကြားနာရခြင်းကြောင့်။ ပါဠိပဒေ၊ အထွက်တရက်နေ့၌။(ဝါ) သီတင်းကျွတ်လပြည့်ကျော်တရက်နေ့၌။ ပဉ္စသု မာသေသု၊ (၅)လတို့၌။ပဉ္စာ နိသံသ ဒါယကံ၊ (၅)ပါးသော အကျိုးအာနိသင်ကို ပေးတတ်သော။ကထိန စီဝရံ၊ ကထိန်လျှာသင်္ကန်းကို။ အဒံသု၊ လှူဒါန်းဆက်ကပ်ကြလေကုန်၏။

ထိုအပြင်မှာလဲ လွန်လေပြီးသော ကမ္ဘာ တ သိန်း ထက် ကာ လ တုန်းက ပဒုမုတ္တိုရ်ရှင်တော်ဘုရား လက်ထက်တော်၌ ဟံ သာ ဝ တီ ပြည် သူ-ပြည်သား တို့သည် ဘုရားအမှူးရှိသော ခြောက်သန်း–ရှစ်သိန်းကုန်သော ရဟန်း သံဃာ တော် တို့အား ကထိန်လျှာသင်္ကန်း လှူဒါန်းဆက်ကပ်ကြတယ်တဲ့။

အဲ-ဤဝတ္ထု သက်သေများနှင့်တကွ ကထိန်၏ အကျိုးအာနိသင်ကို ကြားနာကြရသော ကထိန်အလှူရှင်အပေါင်းတို့လဲပဲ ငါတို့သည် ရှေးမဟာပဒုမ ရှင်တော်ဘုရားလက်ထက်တော်အခါတုန်းက ဥသဘာဝတီ မြို့သူ-မြို့သားတို့ကဲ့သို့ ၎င်း၊ ပဒုမုတ္တိုရ်ရှင်တော်ဘုရား လက် ထက် တော် အ ခါ တုန်းက ဟံသာဝတီ ပြည်သူ–ပြည်သားတို့ကဲ့သို့၎င်း၊ ဟောကြားခဲ့သော အကျိုးများကို ငါတို့တစု အမှန်ခံစား–စံစားရလိမ့်မယ်ဆိုတာ ယုံကြည်ကြပြီးလျှင် ရှေးသူတော်ကောင်းတို့ ပျော်စံ-ကိန်းအောင်း–မွေ့လျော်ရာဖြစ်တဲ့ နိဗ္ဗာန် ချမ်းသာမြတ်ကြီးသို့ ရောက်ရ ပါလိုကုန်၏-ဟု ဆုတောင်းကြကုန်ရာသတည်း။

ဤတွင်လည်း တခန်းရပ်၍ အဆုံးသတ်နိုင်၏။

(ဤကား- ကျေးဇူးရှင် ဩောင်လွန့်တောရ ဆရာတော်ဘုရားသည် ၁၃၀၀-ခုနှစ်က ဟောတော်မူသော ကထိန်တရားဖြစ်သည်။)

## စိတ်ထိန်းမှုတရား

ကိုင်း- (၂) ချက်အရဖြစ်တဲ့ စိတ်ထိန်းသိမ်းမှုနှင့် ဝိပဿနာအလုပ်ကို ဟော၍ တရားအဆုံးသတ်တော့မယ်။

စိတ်ကလေးရဲ့ ဖြစ်ပုံကို ဓမ္မပဒမှာ ရှင်တော်ဘုရားက ဒီလို ဟောထားပါတယ်။

ဒူရင်္ဂမံ ဧကစရံ၊ အသရီရံ ဂုဟာသယံ။
ယေ စိတ္တံ သံယမေဿန္တိ၊ မောက္ခန္တိ မာရဗန္ဓနာ။
ကြားလား ဒကာဘိုး။
မှန်ပါဘုရား။
ဒူရင်္ဂမံ၊ ဝေးသောအာရုံဆီသို့ သွားတတ်သည်တဲ့။
ဒကာဘိုး။
ဘုရား။
စိတ်ဆိုတာ ဟိုဝေးနေတဲ့ အာရုံဆီသို့လဲ ရောက်သွားတာပဲတဲ့။
မှန်ပါဘုရား။

အင်း ဘုန်းကြီးက ကမ္မဋ္ဌာန်း ဘုန်းကြီးဆိုတော့ ကမ္မဋ္ဌာန်းနှင့် စပ်၍ ဟောလိုက်ရလျှင် ရှင်ရှင် တက်လာတာပဲ ဒကာဘိုးရဲ့။

မှန်ပါဘုရား။

အဲဒါကြောင့် လူကတော့ ကမ္မဋ္ဌာန်းကျောင်းကလေးထဲမှာနေပြီး ဆရာပေးထားတဲ့အတိုင်း ဝမ်းဗိုက်က ဖောင်းမှု-ပိန်မှုကို သိ-သိ-ဟု အသိ-ကပ် မှတ်ရှုပေမယ်လို့ စိတ်ကလေးက ဖြုတ်ဆို မြို့ထဲ-ရွာထဲ-ရောက်သွား နေတယ်၊ တခါတလေ အိမ်ပြန်ရောက်နေတယ်၊ ကြားလား။

မှန်ပါဘုရား။

စိတ်ထဲမှာ သိဘူးတာတွေဆိုလျှင် ဘယ်လောက်ပဲ ဝေး ဝေး စိတ်ကူးလိုက်ရင် သူကတော့ ဖြုတ်ဆို ရောက်သွားတော့တာပဲ။

အဲဒီလို ဝေးတဲ့အာရုံဆီသို့ ရောက် ရောက်သွားတဲ့ စိတ် က လေး ကို လဲ ရောက်ရောက်သွားမှန်း သိပြီးလျှင်"သိ-သိ"ဟု သိအောင် မှတ် ရှု ရ မယ်တဲ့၊ ကြားလား ဒကာဘိုး။

မှန်ပါဘုရား။

အဲသလို သိနေတာက ဘာတုံးဆိုလျှင် စိတ္တာနုပဿနာ-လို့ ဆိုတယ်တဲ့၊ ကြားလား။

မှန်ပါဘုရား။

အဲဒါကြောင့်-ဒုရင်္ဂမံ၊ ဟိုဝေးသော အာရုံဆီသို့လဲ သွားတတ်ထသော။ ပီးတော့- ဧကစာရံ၊ တစိတ်ချင်းသာ ဖြစ်လေ့ရှိတယ်တဲ့။

ဒကာဘိုး။

ဘုရား။

ဒီ စိတ်ကလေးတွေဟာ တခုပြီးမှတခု တစိတ်ချင်းသာ ဖြစ်တယ်တဲ့။

မှန်ပါ့ဘုရား။

အဲဒါကို မသိသေးတဲ့ ပကတိလူတွေကတော့ တသက်လုံး တဘဝလုံး တစိတ်ထဲပဲလို့ ထင်နေကြတယ်၊ အသစ်အသစ် ဖြစ်နေတယ်လို့ မသိကြဘူးတဲ့။ မြင်လိုက်-ကြားလိုက်-စဉ်းစားလိုက်နဲ့ ဟို အရင်တုန်းက သိနေတာတွေဟာလဲ ဒီစိတ်ပဲ၊ အခု သိနေတာလဲ ဒီစိတ်ပဲ၊ အားလုံး ဒီတစိတ်ပဲ သိနေတယ်လို့ထင်နေကြတယ်။ ပီးတော့ မြင်တုန်းမှာလဲ ကြားတယ်-နံတယ်-ထိတယ်-ကြံတယ်၊ ကြားနေတုန်းမှာလဲ မြင်တယ်-နံတယ်-ထိတယ်-ကြံတယ် စသည်ဖြင့် စိတ်ဟာ လေး-ငါး-ခြောက်ခု တပြိုင်နက်ဖြစ်ပြီး တပြိုင်နက် သိတယ်လို့ တချို့က ထင်နေကြတယ်။ အမှန်မှာတော့ ဒီလို မဟုတ်ဘူးတဲ့။ စိတ်ဆိုတာ တခုပြီးမှ တခု၊ တစိတ်ချင်း အသစ် အသစ် ဖြစ်နေတာပဲတဲ့။ အဲသလို တစိတ် ချင်း ဖြစ်နေတာကိုတော့ ကိုယ်တိုင် တရားအားထုတ်ကြည့်တဲ့အခါကျတော့ တွေ့ရပါလိမ့်မယ်။

အဲသလို စိတ်က စဉ်းစားကြံစည်တဲ့အခါမှာလဲ သိ-သိဟု မှတ်ရှုလိုက်လျှင် မရှိပြန်ဘူး၊ အဲဒီ စိတ်ကလေးတွေကို ပေါ်တိုင်း-ပေါ်တိုင်း မှတ်ရှုပေး၊ မှတ်ရှုတိုင်း- မှတ်ရှုတိုင်းလဲ ပျောက်-ပျောက် သွားတာ ကလေးတွေဟာ ပုတီးလုံးကလေးတွေ စီနေသလို ရှေ့စိတ်နဲ့ နောက်စိတ်ဟာ ဘာမှမစပ်ဘူးတဲ့၊ အဲဒါကလေးတွေကိုလဲ ကိုယ်တိုင်ဝင်၍ တရားအားထုတ်ကြည့်လျှင် ကိုယ်တိုင်ပဲ သိရပါလိမ့်မယ်။

အဲဒီလို စိတ်ကလေးတွေ တခုချင်းဖြစ်နေတာကိုလဲ သိရမယ်တဲ့။

ကြားလား။

မှန်ပါ့ဘုရား။

ဒါကြောင့်....

ဒူရင်္ဂမံ၊ ဟို ဝေးသော အာရုံဆီသို့လဲ သွားတတ်ထသော။ ဧကစာရံ၊ တစိတ်ချင်းသာ ဖြစ်လေ့-ဖြစ်ထရှိသော-တဲ့။

ပီးတော့- အသရီရံ၊ ကိုယ် အကောင်အထည် ဒြပ်လဲ မရှိဘူးတဲ့။

ဒကာဘိုး။

ဘုရား။

ဒီစိတ်ကလေးဟာ ကိုယ်အကောင်အထည်ဒြပ်ကြီးနဲ့ ထင် ထင် ရှား ရှား ကြီး မမြင်ရဘူးတဲ့၊ ကြားလား။

မှန်ပါ့ဘုရား။

ဒါကြောင့် ဒီ စိတ်ဆိုတာ ရုပ်လို ထင်ရှားတာ မဟုတ်ဘူး၊ ရုပ်ဆိုတာ ကတော့ အဆည်ဒြပ်ဝတ္ထုကြီးတွေနဲ့မို့ ထင်ရှားနေပါတယ်။လက်ရယ်, ခြေရယ်, ခေါင်းရယ်, ကိုယ်ရယ် ဒီလို အထည်ဒြပ် ဝတ္ထုကြီးတွေနဲ့ အထင်ကရကြီးဟာ ကိုး။ ဒါကြောင့် ကိုယ့်ကိုယ်ထဲကရုပ်တွေဟာလဲ ထင်ရှားနေတာပဲ၊ ပီးတော့- ဟို-အပြင်ကရုပ်တွေဆိုတာလဲ ထင်ရှားတာပဲ၊ ရုပ်ဆိုတာ ဘယ်ဟာလဲ မေးရင် ဟောဒါပဲလို့ ကိုင်ပြီးတော့တောင် ပြနိုင်တယ်၊ ကြားလား။

မှန်ပါ့ဘုရား။

နာမ်-ဆိုတာက ဘယ်ဟာတုံးလို့ မေးရင်တော့ သူက အထည်ဒြပ်ဝတ္ထု နှင့် ထင်ရှားမရှိတော့ အပြောရ,အပြရခက်တယ်။ဒါကြောင့်မို့လို့ လောကခေတ် ဆရာတွေလဲပဲ ဒီ နာမ်ကိုတော့ မခွဲခြားနိုင်ပဲ ဖြစ်နေကြတယ်တဲ့။ ဒါပေမယ်လို့ ဘုရားက အဘိဓမ္မာပါဠိတော်ကြီးမှာ ဒုက မာတိကာ၌....

"သာရမ္မဏာ ဓမ္မာ၊ အာရုံရှိတဲ့ နာမ်-တရား၊ အာရုံပြုတတ်တဲ့ နာမ်-တရား၊ အာရုံကို သိတတ်တဲ့ နာမ်-တရား" လို့ ဟောထားတော့၊ အာရုံကို သိတာဟာ နာမ်-တရားပဲလို့ ပြောရင် နားတော့ လည်နိုင်ပါတယ်။ သေသေ ချာချာ ခွဲခြမ်းပြီးသိဖို့ကတော့ ကိုယ်တိုင် တရားငင်ပြီး အားထုတ်ကာ သူ့ကို ဖြစ်တိုင်း-ဖြစ်တိုင်း လိုက်ပြီး သိ-သိ-လို့ မှတ်နေရတယ်။ဒီလိုမှတ်နေရင် ဒီ စိတ်လို့ ခေါ်တဲ့ နာမ်ကလေးကို လက်နဲ့ကိုင်ကြည့်ရသလိုပဲ အထင်အရှားသိနိုင်ပါတယ်၊ မှတ်ရှုလို့ကောင်းလာတဲ့အခါမှာ ဟောဒီ စိတ်ကလေးတွေဟာ မှတ်စရာအာရုံ ဆီသို့ ရောက်ရောက် သွားလိုက်တာ ခုန်ခုန် ချနေသလိုပဲ သိပ် ထင်ရှားတယ်။ အဲသလို ကိုယ်-အကောင်အထည်ဒြပ်မရှိပဲနှင့် မှတ်စရာအာရုံဆီသို့ ရောက်ရောက် သွားတဲ့စိတ်ကလေးကို သိအောင် မှတ်ရှုရမယ်တဲ့၊ ဒါကြောင့် ..

"အသရီရံ၊ ကိုယ်-အကောင်အထည်ဒြပ်လဲ မရှိထသော။ ဂုဟာသယံ၊ နှလုံးရုပ်, ကိုယ်ရုပ် တည်းဟူသော လိုဏ်ခေါင်း၌ ကိန်းအောင်းနေထသော"တဲ့၊ ဒကာဘိုး။

ဘုရား။

ဟောဒီ အမျိုးမျိုးအထွေထွေ အာရုံတွေကို ကြံသိနေတဲ့စိတ်ကလေးဟာ ကိုယ်ထဲက ဖြစ်ပေါ်တဲ့အတွက် ဒီ ကိုယ်ထဲမှာ ကိန်းအောင်းနေတယ်လို့ဆိုထား တယ်၊ ကြားလား။

မှန်ပါ့ဘုရား။

အဲဒီ စိတ်ကလေးကို ဖြစ်တိုင်း-ဖြစ်တိုင်း မှတ်ရှုရမယ်တဲ့။

မှန်ပါ့ဘုရား။

အဲသလို မှတ်ရှုပြီးတော့ ဒီစိတ်ကလေးကို စောင့်စည်းနိုင်ကြမယ်ဆိုလျှင် ကိလေသာအနှောင်အဖွဲ့မှ လွတ်မြောက်နိုင်တယ်တဲ့၊ ကြားလား။

မှန်ပါ့ဘုရား။

အဲဒါကြောင့်"ဂုဟာသယံ၊ နှလုံးရုပ်, ကိုယ်ရုပ်ဆိုတဲ့ ရုပ်တည်းဟူသော လိုဏ်ခေါင်း၌ ကိန်းအောင်းနေထသော။ စိတ္တံ၊ အာရုံကိုကြံတတ်, သိတတ်တဲ့ စိတ်ကလေးကို။ယေ၊အကြင်ယောဂီပုဂ္ဂိုလ်တို့သည်။ သံယမေဿန္တိ၊ စောင့်စည်း နိုင်ကြကုန်လတ့်။တေ၊ ထိုစိတ်ကို စောင့်စည်းနိုင်တဲ့ ယောဂီပုဂ္ဂိုလ်တို့သည်။မာရ ဗန္ဓနာ၊ ကိလေသာဟူ သူသတ်သမား မာရ်တရား၏အနှောင်အဖွဲ့မှ။ မောက္ခန္တိ၊ လွတ်မြောက်ကြပေကုန်လတ့်။(ဝါ) လွတ်မြောက်ကြပေလိမ့်မည်။

အဲဒီ ဒေသနာတော်နှင့်အညီ ဒီစိတ်ကလေးကို ဖြစ်တိုင်း-ဖြစ်တိုင်း အသိ မလွတ်အောင် သိ,သိ-လို့ မှတ်ရှုနေရမယ်၊ ဒီစိတ်ကလေးဟာ မှတ်ရှုလိုက်ရင် ပျောက်လွယ်ပါတယ်။စိတ်ကူးတဲ့အခါ,ကြံစည်တဲ့အခါမှာလဲ သိ,သိ-ဟု တချက် နှစ်ချက်လောက် မှတ်ရှုလိုက်ရင် သူကမရှိတော့ဘူး၊ ပျောက်သွားတော့တာပဲ၊ အဲသလို စိတ်ကလေးဖြစ်တိုင်း မှတ်ရှုရတာကို စိတ္တာနုပဿနာ ဝိပဿနာ-လို့ ခေါ်တယ်။

မှတ်ပြီး ပျောက်သွားတဲ့အခါ ပင်ရင်း ဖောင်းတာ ပိန်တာကို သိ,သိ-ဟု ပြန်မှတ်ရှုရတယ်၊ ကြားလား။

မှန်ပါ့ဘုရား။

အဲသလို ဖောင်းတာ ပိန်တာကို ဝမ်းဗိုက်စိုက်ပြီး မှတ်ရှုနေတာကတော့ ကာယာနုပဿနာ ဝိပဿနာတဲ့။

အဲသလို မှတ်ရှုနေတာ အတော်လေး ကြာ သွား တော့ ကိုယ်ထဲက ညောင်းတာ,ကိုက်တာ,ပူတာတွေကိုတွေ့ရတတ်တယ်၊ဒါတွေကိုလဲလိုက်ပြီးတော့ သိ, သိ-ဟု မှတ်ရှုရမယ်။ အဲသလို မှတ်ရှုတာကတော့ "ဝေဒနာနုပဿနာ" တဲ့။

ဒါကြောင့်....

ဒုက္ခံဝါ ဝေဒနံ ဝေဒယမာနော ဒုက္ခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ လို့ ဟောတော်မူထားပေါ့။

ပီးတော့-ရှေ့ပြောင်းချင်ပြန်လျှင်လဲ အသိမလွှတ်အောင် ရှေ့ပြောင်း ရမယ်။ သွားတဲ့အခါမှာလဲ ခြေလှမ်း ချတိုင်း-ချတိုင်း သိ,သိ-ဟု မှတ်ရှုပြီး တော့ သွားရမယ်၊ ကြားလား။

မှန်ပါ့ဘုရား။

ဒါကြောင့်''ဂစ္ဆန္တောဝါ ဂစ္ဆာမိတိ ပဇာနာတိ''လို့ဟောတော်မူထား တာပေါ့၊ ထိုပြင်လဲပဲ စားတိုင်း၊ သောက်တိုင်း၊ လုပ်ကိုင်တိုင်း ဘယ်နေရာမဆို အသိမလွတ်အောင် မှတ်ရှုရမယ်တဲ့။ ဘာမှ အပြုအပြင်မရှိပဲ ငြိမ်နေလျှင်တော့ ဖောင်းဘာ ပိန်တာကိုပင် အမြဲမှတ် ရှုနေရမယ်။ ရပ်နား မနေရဘူးတဲ့၊ ကြားလား။

မှန်ပါ့ဘုရား။

တရားအားထုတ်တယ်ဆိုတာဟာ ''မီးပွတ်တဲ့ယောကျ်ားလို အားထုတ် ရမယ်''တဲ့။ ရှေးခေတ်တုန်းက မီးခြစ်မရှိလို့ သစ်သားချင်းပွတ်ပြီးတော့ မီးမွေး ရသတဲ့၊အဲဒီ မီးမွှေးတဲ့သူဟာ မီးမပွင့်မချင်း သစ်သားချင်း မရပ်မနား ပွတ်နေရ တယ်တဲ့၊ပူလာလေလေ အားစိုက်ပြီးတော့ ပွတ်ရလေလေပဲတဲ့၊ အဲသလို အဆက် မပြတ်ပွတ်လို့ ပူလွန်းမက ပူလာတော့ မီးပွင့်လာတယ်တဲ့၊ အဲဒီတော့မှပဲ နားရ တယ် ကြားလား။

မှန်ပါ့ဘုရား။

အဲတာလိုပဲ ရှေ့ အသိ၊ နောက် အသိ၊ ရှေ့ သမာဓိ၊ နောက် သမာဓိ မပြတ် စပ်နေအောင်ဟာ အသိမပြတ် မှတ်ရှုနေရတယ်။

အဲသလို ရှေ့သမာဓိနဲ့ နောက်သမာဓိ၊ ရှေ့ဉာဏ်နဲ့ နောက်ဉာဏ် တစပ် တည်းစပ်သွားမှ သတိ၊သမာဓိ ဉာဏ်တွေက တဆင့်ထက်တဆင့် ရင့်ရင့်ပြီး လာ နိုင်တယ်။ဒီ လို ရင့်ရင့်ပြီး အားပြည့်တဲ့အခါကျတော့ တခါတည်း မဂ်ဉာဏ်သို့ ဆိုက်ရောက်သွားတော့တာပဲ၊ ကြားလား။

မှန်ပါ့ဘုရား။

အဲဒါကြောင့် ယခုဟောခဲ့တဲ့ ဝိပဿနာ အလုပ်များကိုလဲ အပြည့်အစုံ ကြိုးစားအားထုတ်ကြပြီးလျှင် ဘုရား၊ရဟန္တာအရှင်မြတ်တို့ မျက်မှောက် တွေ့-သိ အပ်သော နိဗ္ဗာန်တရားကို မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဖြင့် လျှင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

(အဘိမွေ့ တပ်ပါလေ။)

ကထိန်တရား အပြီးသတ်ပြီ။

## ၆။ ဘုရားအနေကဇာတင်–ဗုဒ္ဓပူဇနီယ တရားတော်

ဘုရားကိုယ်တော်မြတ်ကြီး၏ ကိုယ်စား (ဘုန်းကြီး)က အခု တရားဟော တော့မယ်၊ တရားတော်ကို ရိုရိုသေသေ လေးလေးစားစားမှတ်သား၍ နာကြား ကြရမယ်နော်။

မှန်ပါ့ဘုရား။

မုနိန္ဒကြော တမံ မောဟံ၊ ဟန္တွာ ဗောဓေသိ ပဏ်ဇံ။
ဇနံ သဒ္ဓမ္မရံသီဟိ၊ ဝံသော သံပါလေတု မံ ဇိနော။

(ကစ္စာယနသာရ ပဏာမဂါထာ)

ဇိနော၊ဒေဝပုတ္တ စသည်များပြင် မာရ်ငါးအင်ကို အောင်မြင်တော်မူပေ သော။ယောမုနိန္ဒကြော၊အကြင်နေမင်းနှင့်တူတော်မူတဲ့မြတ်စွာဘုရားကိုယ်တော် မြတ်ကြီးသည်။ တမံမောဟံ၊ အမိုက်တိုက် တည်းဟူသော မောဟကို။ ဟန္တွာ၊ အရဟတ္တမဂ် ဓားသန်လျက်ဖြင့် အချက်ပိုင်ပိုင် သတ်နိုင်တော်မူပြီးလျှင်။ ပဏ်ဇံ ဇနံ၊ကြာနှင့်တူတဲ့ လူ,နတ်,ဗြဟ္မာ များစွာခပင်း သတ္တဝါတသင်းကို။ သဒ္ဓမ္မရံသီ ဟိ၊ သူတော်ကောင်းတရား တည်းဟူသော ရောင်ခြည်တော်တို့ဖြင့်။ ဗောဓေသိ၊ သစ္စာဉာဏ် ကားကားစွင့်၍ ထင်လင်းစွာပွင့်စေတော်မူလေပြီ။ဇိနော၊ဒေဝပုတ္တ စသည်များပြင် မာရ်ငါးအင်ကို အောင်မြင်တော်မူပေသော။ သောမုနိန္ဒကြော၊ ထိုနေမင်းနှင့် တူတော်မူတဲ့ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသည်။ မံ၊ တရား ဒေသနာကို သေအချာဟောမည်ဟု စိတ်ရည်မှန်းကာ နေထိုင်ပါသော တပည့် တော်ကိုရင်း။ (တုမှေ၊ များစွာသောင်းသောင်း သင်–တရားနာ ပရိသတ် အပေါင်း သူတော်ကောင်းတို့ကိုရင်း)။ သံပါလေတု၊ ကောင်းစွာမသွေ စောင့် ရှောက်တော်မူပါစေသတည်း။ ဝါ၊ကရုဏာထား မေတ္တာပွား၍ သနားကြည်ဖြူ စောင့်ရှောက်တော်မူပါစေခလို။

''ဘုရား အနေကဇာတင်'' ပွဲတော်ဆိုတော့ ဘုရား အနေကဇာ တင်ပုံ အကြောင်းနှင့် ဘုရားကိုးကွယ်ပူဇော်ပုံများကို ထင်ရှားအောင် ဟောပြောပြရ ပေလိမ့်မယ်။

ဒီ-အနေကဇာတင်ဆိုတဲ့စကားဟာ ဘုရားကိုယ်တော်မြတ်ကြီးကိုယ်တော် တိုင်ပင် ဘုရားဖြစ်ပြီးတဲ့နောက် ပထမဆုံးအားဖြင့် နှုတ်တော်က မြွက်ဖော်၍ ဥဒါန်းကျူးရင့်တော်မူသော အနေကဇာတိသံသာရံ-စတဲ့ ဂါထာကို အစဆုံး ထား၍ ရဟန်းတော်များကရွတ်ဆိုပူဇော်ကြသောကြောင့်။ဝါ၊ဘုရားအဘိသိက် မြှောက်တော်မူကြသောကြောင့် ဂါထာကိုအစွဲပြု၍ အနေကဇာတင်လို့ခေါ်ဆို ကြဟန် တူပါတယ်။

ဒါကြောင့် အဲဒီအနေကဇာတင် အစဆုံးဂါထာကိုရွတ်ဆိုပြီး ဟောပြောတော့မယ်၊ အာရုံစိုက်ကြနော်။

၁။ အနေကဇာတိသံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။

၂။ ဂဟကာရက ဒိဋ္ဌောသိ၊ ပုန ဂေဟံ န ကာဟသိ။
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။
ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ။

(သုံးကြိမ်ရွတ်၊ ဥဒါန်းဂါထာ)

အနက်ပေး၍ အဓိပ္ပါယ်ကို ရှင်းပြပြီးဟောမယ်။ ''ဂဟကာရက၊ အို့နာ့ သေမင်း သူစားကျက်အတွင်း၌ သက်ဆင်းလျက်သာ မြေကွက်ဂရန် အမိန့်ခံပြီးလျှင် ရုပ်နာမ် ယှက်လိမ် ဒီ-ခန္ဓာအိမ်ကြီးကို ကြိမ်ဖန်များစွာ ဆောက်လုပ်၍ လာခဲ့ပေတဲ့ ဟဲ့ တဏှာယောကျ်ား လက်သမား'' တဲ့။

ဒကာစိန် (ဘုရား)။

ဒါက ငါတို့မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးမှာ ဒီ ခန္ဓာအိမ်ကြီးကို ဆောက်လုပ်နေတဲ့ တဏှာယောကျ်ား လက်သမားကို ကိုယ်တော်မြတ်ကြီးသည် အရင်တုန်းက အနိုင်မရသေးတဲ့အတွက် သံသရာ၌ကျင်လည်ခဲ့ရကြောင်းများကို ပြောချင်လွန်းလို့ အဲဒီတဏှာယောကျ်ား လက်သမားကို ခေါ် လိုက်တဲ့ အာလုပ်စကားပဲ။

အဲဒီတဏှာလက်သမားက ဘယ်လိုအိမ်များကို ဆောက်လုပ်ပါသလဲဆိုရင် ရုပ်နာမ်တည်းဟူသော ဒီ-ခန္ဓာအိမ်ကြီးကို ဆောက်လုပ်တယ်တဲ့၊ ကြားလား။

မှန်ပါ့ဘုရား။

အဲဒီ ခန္ဓာအိမ်ကြီးကို ဆောက်လုပ်ရာမြေကွက်ကလဲ အိုမင်း, နာမင်း, သေမင်း စသည်တို့ပိုင်နေတဲ့ မြေကွက်ကြီးတဲ့၊ ကြားလား- ဒကာစိန်။

မှန်ပါ့ဘုရား။

အဲဒီတော့ ဒီ-ခန္ဓာအိမ်ကြီးကို ဆောက်လုပ်ပြန်လျှင် မအိုချင်ပဲနဲ့လဲ အိုကြရ၊ မနာချင်ပဲနဲ့ နာကြရ၊ မသေချင်ပဲနဲ့ သေကြရတယ်၊ သူတို့က ပိုင်နေတာကိုး၊ ဒါကြောင့် ...

အို-နာ-သေမင်းသူစားကျက်တွင်း၌ သက်ဆင်းလျက်သာမြေကွက်ဂရန် အမိန့်ခံပြီးလျှင် ရုပ်နာမ်ယှက်လိမ် ဟောဒီ ခန္ဓာအိမ်ကြီးကို ကြိမ်ဖန်များစွာ ဆောက်လုပ်၍ လာခဲ့ပေတဲ့- ဟဲ့တဏှာယောကျ်ား လက်သမား၊ ပုနပ္ပုနံ၊ဘဝအတန်တန် အဖန်ဖန်အထပ်ထပ်။ဇာတိ၊ပဋိသန္ဓေတည်နေရခြင်းသည်။ ယသ္မာ၊

အကြောင်ကြောင့်။ ဒုက္ခာ၊ ထိုထိုလောကဓာတ်ဘုံတွင် အဖုံဖုံညှဉ်းဆဲလှပါသဖြင့် အဆင်းရဲတကာ့ အဆင်းရဲကြီးပါတကား။ တသွာ၊ ထိုသို့ညှဉ်းဆဲ အလွန်အလွန် ဆင်းရဲလှသောကြောင့်။ ဂဟကာရံ၊ သတ္တဝါမှန်သမျှတို့၏ ဘဝ-တပင်တိုင် ခန္ဓာအိမ်, လေးပင်တိုင် ခန္ဓာအိမ်, ငါးပင်တိုင် ခန္ဓာအိမ်တွေကို အကြိမ်ကြိမ် အဖန်ဖန် ကန့်ထရိုက်ဆွဲပြီးတော့ တဆောက်ထဲသာ ဆောက်လုပ်လာတဲ့ တဏှာ ယောကျ်ား အမောင်လက်သွားကိုတဲ့၊ ကြားလား-ဒကာစိန်။

မှန်ပါ့ဘုရား။

အဲဒီ တဏှာယောကျ်ား လက်သွားကတော့ တပင်တိုင် ခန္ဓာအိမ်ကိုလဲ သူဆောက်တာပဲ၊ တပင်တိုင်ခန္ဓာအိမ်ဆိုတာက ဧကဝေါကာရဘုံလို့ ခေါ်တဲ့ အသညသတ်ပြဟ္မာကြီးများရဲ့ ခန္ဓာအိမ်ကို ဆိုတယ်။ ပီးတော့ လေးပင်တိုင်ခန္ဓာ အိမ်ကိုလဲ သူဆောက်တာပဲ၊ လေးပင်တိုင် ခန္ဓာအိမ်ဆိုတာကတော့ စတုဝေါ ကာရဘုံလို့ခေါ်တဲ့ အရူပဘုံသား ပြဟ္မာများရဲ့ခန္ဓာအိမ်ကို ဆိုတယ်၊ ပီးတော့ ငါးပင်တိုင် ခန္ဓာအိမ်ကိုလဲ သူဆောက်တာပဲ၊ ငါးပင်တိုင် ခန္ဓာအိမ်ဆိုတာ ကတော့ ပဥ္စဝေါကာရဘုံလို့ခေါ်တဲ့ ရုပ်ရော-နာမ်ရောရှိတဲ့ ကာမဘုံ, ရူပ ဘုံသား သတ္တဝါအများရဲ့ ခန္ဓာအိမ်ကိုဆိုတယ်။

အဲသလို တပင်တိုင် ခန္ဓာအိမ်, လေးပင်တိုင် ခန္ဓာအိမ်, ငါးပင်တိုင် ခန္ဓာ အိမ်ဆိုတဲ့ ခန္ဓာအိမ်တွေကို အကြိမ်ကြိမ်ဆောက်လုပ်တတ်တဲ့ တဏှာယောကျ်ား အမောင်လက်သွားကို။ ဂဝေသန္တော၊ စုံစမ်းရှာဖွေ၍လာခဲ့ပေသော ငါဘုရား သည်။ အနိဗ္ဗိသံ-အနိဗ္ဗိသန္တော၊ သင့်ကိုလှမ်း၍ အတင်းဖမ်းကိုင် မြင်စွမ်းနိုင်တဲ့ ကိုယ်ပိုင်ဉာဏ် မှန်ပြောင်းကို ကောင်းကောင်းကြီး မရရှိနိုင်သေးသည်ဖြစ်၍။ (ဝါ) မရရှိနိုင်သေးသောကြောင့်။ အနေကဇာတိသံသာရံ၊ဘုရားမြတ် ဒီပင်္ က ရာကို ကြည်လင်စွာ ဦးချလို့ ဖူးရမည့် ဥပဒေအလာနှင့် သုမေဓာ ရသေ့ဘဝက စ၍ တကျရေ သင်္ချေလေးရပ် တသိန်းကပ် ကာလပတ်လုံး။ သန္ဓာဝိဿံ-သံသရိံ၊ ခန္ဓာအိမ်ကြိမ်ကြိမ်ဆောက်ကာ ပြေကမ္ဘာတွင် ခြေရာတွေထပ် လောက်အောင် လှည့်ပတ် ကျင်လည်ဟော်မူခဲ့ရလေပြီ၊ ကြားလား-ဒကာစိန်။

မှန်ပါ့ဘုရား။

ငါတို့ဘုရားကိုယ်တော်မြတ်ကြီးသည် ဒီတဏှာယောကျ်ား လက်သွားကို အနိုင်မရသေးတဲ့အတွက် ဟို-သုမေဓာ ရှင်ရသေ့ဘဝကစပြီးတော့ လေးသင်္ချေ နှင့် ကမ္ဘာတသိန်း ကာလ ပတ်လုံး၊ သန္ဓာဝိဿံ-သံသရိံ၊ ခန္ဓာအိမ် ကြိမ်ကြိမ် ဆောက်ပြီးသကာလ သံသရာမှာ ကျင်လည်ခဲ့ရတယ်တဲ့။ အဲဒါကြောင့်-

အနေကဇာတိသံသာရံ၊ သုမေဓာ ရသေ့ဘဝက စ၍တွက်ရေ သင်္ချေလေးရပ် တသိန်းကပ်ကာလပတ်လုံး။ သန္ဓာဝိဿံ၊ ခန္ဓာအိမ်တွေ အကြိမ်ကြိမ်ဆောက်ကာ ကျင်လည်တော်မူခဲ့ရလေပြီ။

ပီးတော့- ဒီတဏှာယောကျ်ား လက်သမားကို အနိုင်ရသွားပုံက-

ဂဟကာရက၊ ခန္ဓာ အိမ် တွေ ကို အကြိမ်ကြိမ် ဆောက်လုပ်တတ်တဲ့.... ဟဲ့-တဏှာယောကျ်ား လက်သမား၊ တံ၊ သင် တဏှာယောကျ်ား လက်သမားကို။ မယာ၊ ငါဘုရားသည်။ ဒိဋ္ဌော၊ ဤဗောဓိပင်အောက်တွင် ဉာဏ်အမြင်ကိုရတဲ့အတွက် အချက်ပိုင်ပိုင် သိမြင်နိုင်တော့သည်။ အသိ၊ ဖြစ်လေပြီ။ ပုန၊ တဖန်။ ဂေဟံ၊ ငါ့ခန္ဓာအိမ် အတ္တဘောကို။ န ကာဟသိ၊ နင် မဆောက်လုပ် နိုင်တော့ဘူးတဲ့၊ ကြားလား-ဒကာ့စိန်။

မှန်ပါ့ဘုရား။

ဘုရား ကိုယ်တော်မြတ်ကြီးသည် ဗောဓိပင်အောက်တွင် ဉာဏ်အမြင်ကိုရတဲ့အတွက် တဏှာယောကျ်ားလက်သမားကိုသိသွားပေပြီ။(ဝါ)အနိုင်ရသွားပြီ။

သို့အတွက် တဏှာယောကျ်ားလက်သမားသည် ခန္ဓာအိမ်ကြီးကိုမဆောက်လုပ်ရတော့ဘူးတဲ့၊ အဲဒီနေရာမှာ ခန္ဓာအိမ်ကြီးဆိုတာလဲ ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇော-လို့ ခေါ်တဲ့ ဓာတ်လေးပါး တည်းဟူသော တိုင်ကြီးတွေကို စိုက်ထူပြီးသကာလ အသွေးစု၊ အသားစု၊ အရိုးစုစတဲ့ ဒိုင်း-မြား စသည်တွေကို တင်ပြီး ဆောက်လုပ်ထားတဲ့ ၃၂-ကောဋ္ဌာသ အစုအဝေးဖြစ်တဲ့ ခန္ဓာအိမ်ကြီးတဲ့၊ ကြားလား။

မှန်ပါ့ဘုရား။

အဲဒီအိမ်ကြီးကို ဒီကနောက်၌မဆောက်ရတော့ဘူး၊အဲဒါကြောင့်....

ဂေဟံ၊ ပ-အာ-ဝါ-တေ မြေ-ရေ-လေ-မီး ဓာတ်ကြီးလေးခု တိုင်ခြေပြု၍ သွေးစု၊ သားစု၊ ရိုးစုတပ်ဆင် ဒိုင်း-မြားတင်လျက် ကိုယ် တွင် ဖြစ် လာဒွတ္တိံသာတို့ ညီညာစပ်နှော ဤ ငါ့ခန္ဓာအိမ် အတ္တဘောကြီးကို။ န ကာဟသိ၊ ဤကနောက်တွင် သင်-ဘယ်လိုစီမံ၊ဘယ်လိုဖန်လို့မှကြံစည်ဆောက်လုပ်နိုင်တော့မည်မဟုတ်ချေ။တေ၊ သင်-ကဏှာယောကျ်ား လက်သမား၏။ သဗ္ဗာ၊ တခုမကြွင်းခပင်းဥဿုံ အလုံးစုံသာလျှင်ဖြစ်ကုန်သော။ဖာသုကာ၊အခြင်၊ဒိုင်း၊မြားနှင့်တူတဲ့ကိလေသာတို့ကို။ ဘဂ္ဂါ၊ ကမ္ဘက္ခယိန် ဉာဏ်လက်နက်ဝရဇိန်ဖြင့်ချိန်ရွယ်ပစ်သွင်း၍ အမြစ်ရင်း အုတ်ပန္နက်တို့ပါ နုတ်ဖျက်ချိုးဖဲ့အပ်ကုန်ပြီ။

ပီးတော့ - ဂဟကူဋံ၊ သင် ဆောက်လုပ်ပြီးတဲ့ ခန္ဓာကိုယ် အိမ်ကြီး၏ ထွတ်ထိပ်ပမာ မိုးကာလှမ်းချုပ် အဝိဇ္ဇာတည်းဟူသော မေါင်အုပ်ကြီးကိုလည်း။ ဝိသင်္ခတံ၊ အရဟတ္တ ဖိုလ်၊မဂ် ဉာဏ်လက်နက်ဖြင့် ခွာဖျက် လှင့်ပစ်အပ်လေပြီ။

စိတ္တာ၊ ငါဘုရား၏ စိတ်နှလုံးတော်သည်။ ဝိသင်္ခါရဂတံ၊ သင်္ခါရကင်းရာအမှန် ပြည်နိဗ္ဗာန် စားကျက်အတွင်းသို့ သက်ဆင်း ဝင်ရောက် ခဲ့ရလေပြီ။ တဏှာနံ၊ သံသရာတခွင်မှာ ခန္ဓာအိမ်တွေ စီစဉ်၍ ချဲ့ထွင်ကြပေတဲ့ သံသရာ-ပပဉ္စတရား တဏှာတည်းဟူသော လက်သမားတို့၏။ ခယံ၊ ကိလေသာ အသင်းအပင်းတွေကို အကုန်ဖျက်တဲ့ ထက်မြက်ပြင်းထန် ခယ-လို့ခေါ်တဲ့ အရဟတ္တ မဂ်ဉာဏ်ကို။ အဇ္ဈဂါ၊ ဗောဓိမဏ္ဍိုင် ခန်းဝါပိုင်၍ ထိုင်ရာမထ ယခု ငါလက်ကိုင်ရရှိခဲ့လေပြီ။ ကြားလား-ဒကာစိန်။

မှန်ပါဘုရား။

အဲဒီ"အနေကဇာတိ သံသာရံ"စတဲ့ ဂါထာဟာ တို့-ဘုရားကိုယ်တော်မြတ်ကြီး ဘယ်အခါတုန်းက ဥဒါန်းကျူးရင့်တော်မူတဲ့ ဂါထာ ဖြစ်ပါသလဲ ဆိုရင် ဘုရားဖြစ်စက ကျူးရင့်တော်မူခဲ့တာတဲ့။ အဲဒီအကြောင်းကို အစမှစ၍ ဟောပြရအုံးမှာပေါ့။ ဒီနေရာမှာ အဆင်ကလဲ အလွန်ပြေနေတယ်၊ ပီးတော့-ဒီလိုဟောပြလိုက်လို့ရှိလျှင် တို့-ဒကာ,ဒကာမတွေလဲ "ဗုဒ္ဓဝင်"ခေါ်တဲ့ ဘုရားကိုယ်တော်မြတ်ကြီး၏ အကြောင်းအရာတွေကို သိရှိရလိမ့်မယ်။ အဲဒါကြောင့် ဤဂါထာ ဖြစ်ပေါ်လာပုံကို အစမှစ၍ ဟောပြတော့မယ်။ အာရုံစူးစိုက်၍ နာကြနော်။

မှန်ပါဘုရား။

အခု(ဘုန်းကြီး)တို့ ဘုရားကိုယ်တော်မြတ်ကြီးသည် ဟို-လေးသင်္ချေနှင့် ကမ္ဘာတသိန်းထက်ကာလတုန်းက ဒီပင်္ကရာဘုရားထံမှာ သုမေဓာခေါ် ရှင်ရသေ့အဖြစ်နှင့် ဘုရားဖြစ်ရန် ဗျာဒိတ်ပန်းကို ခံယူတော်မူခဲ့ရတယ်တဲ့။ ဒီနေရာမှာ ဟောဒီ ဗျာဒိတ်ခံယူတဲ့နေ့ကို ကဆုန်လပြည့်နေ့ဟု ယူကြတယ်။

အဲသလို ဗျာဒိတ်ခံယူတော်မူပြီးလျှင်....

ဗုဒ္ဓေါ ဗောဓေယျံ၊ "ငါ သစ္စာလေးပါးတရားကိုသိသလို၊ သတ္တဝါတွေကိုလဲ သိစေမယ်"၊

ပီးတော့-မုတ္တော မောစေယျံ၊ "ငါ သံသရာဝဋ်မှ လွတ်မြောက်ရသလို၊ သတ္တဝါတွေကိုလဲ သံသရာဝဋ်မှ လွတ်မြောက်စေမယ်"၊

ပီးတော့-တိဏ္ဏော တာရေယျံ၊ "ငါ သံသရာမှ ကူးနိုင်သလို၊ သတ္တဝါ တွေကိုလဲ သံသရာမှ ကူးစေနိုင်မယ်"၊

လို့ ကြုံးဝါးတော်မူခဲ့တဲ့အတိုင်း လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး ဒါနစတဲ့ ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူပြီးနောက် အဆုံးဘဝရောက်ခါနီးမှာ ဟို-တုသိတာနတ်ဘုံတွင်"သေတကေတု"အမည်ရှိတဲ့ နတ်သား သွားဖြစ်သတဲ့။ ဒီအခါ ဘုရားဖြစ်ရန် ပါရမီကလဲပြည့်လာ အချိန်လဲကျလာတော့....

> သုံးလူ့ရှင်ပင်၊ ကျွန်းထိပ်တင်၊ သောင်းခွင် စကြဝဠာ၊ နတ်,ဗြဟ္မာတို့၊ ညီညာရုံးစု၊ တောင်းပန်မှုကြောင့်၊ ရတုနဂိုရ်၊ ရွှန်းရွှန်းစိုသည်၊ ဝါဆို လပြေ့၊ ကြွက်မင်းနေ့ဝယ်၊ ချမ်းမြေ့ကြည်ဖြူ၊ သန္ဓေယူသည်။

လို့ ဖွဲ့ဆိုတဲ့ လယ်တီဆရာတော်ကြီး၏ ကဗျာအတိုင်း ဘုရားဖြစ်ဖို့ရန် လှူပြည်ဆိုဆင်း၍ ဝါဆိုလပြည့် ကြာသပတေးနေ့မှာ ပဋိသန္ဓေယူတော်မူတယ်။ ဘယ်ကျွန်း, ဘယ်အရပ်, ဘယ်မြို့, ဘယ်အမျိုး၌ ပဋိသန္ဓေ ယူတော်မူပါသလဲ ဆိုလျှင်....

> ဇမ္ဗူဒီပကျွန်းထိပ်အဝင်၊ ကပိလဝတ်အရှင်၊ ဘုရင် သုဒ္ဓေါဒန၊ မင်းရာဇ၏၊ ပုတ္တဖြစ်လတ်၊ မင်းသိဒ္ဓတ်သည်၊ ရဟန်းမြတ်အသွင်၊ ယူပြီးလျှင်သာ၊ တောမှာနေလစ်၊ ခြောက်နှစ်ကျင့်လျှင်၊ လူတွင်ထင်ရှား၊ ဘုရားအစစ်၊ ဖြစ်ခဲ့ပြီးသော်....

လို့ ဆိုတဲ့အတိုင်း ဟောဒီ (ဘုန်းကြီး)တို့နေတဲ့ ဇမ္ဗူဒီပါတောင်ကျွန်း၌ မဇ္ဈိမဒေသခေါ် ယခုအခါ ဣန္ဒိယလို့ခေါ်တဲ့ နိုင်ငံအတွင်းဝယ် ကပိလဝတ်မြို့၌ သာကီဝင်မင်းမျိုးဖြစ်တဲ့ သုဒ္ဓေါဒန မင်းကြီး၏ မိဖုရား ခေါင်ကြီး ဖြစ်သော "မာယာမိဖုရားကြီး"၏ဝမ်း၌ ပဋိသန္ဓေယူပြီးလျှင် သက္ကရာဇ် ၆၈-ခု၊ ကဆုန်လပြည့် သောကြာနေ့တွင် ကပိလဝတ်နှင့်ဒေဝဒဟပြည်၏အကြားရှိ လုမ္ဗိနီခေါ် အင်ကြင်းတော၌ အင်ကြင်းခက်ကို လက်တဘက်ကကိုင်၍ ရပ်လျက်ပင် ဘုရား အလောင်းကို ဖွားမြင်တော်မူတယ်။ ဒါကြောင့်-လယ်တီဆရာတော်ကြီးက....

> သန္ဓေယူခါ၊ ဆယ်လကြာသော်၊ မဟာသက္ကရာဇ်၊ ခြောက်ဆယ့်ရှစ်ကြုံ၊ ကဆုန်လပြေ့၊ သောကြာနေ့ဝယ်၊ ချမ်းမြေ့စုံညီ၊ လုမ္ဗိနီ၌၊ မဟီလိုက်ဆူ၊ ဖွားတော်မူသည်....

လို့ အကျဉ်းသိမှတ်ဖို့ ကဗျာဖွဲ့တော်မူတယ်။

အဲဒါကြောင့် ငါတို့ဘုရားဟာ ဟောဒီ တောင်ကျွန်းသား ဣန္ဒိယနိုင်ငံ အဝင်အပါဖြစ်တဲ့ ကပိလဝတ်မြို့သား၊ အမျိုးအားဖြင့် သာကီဝင် မင်းမျိုး၊ သူ့အဖေက ဦးသုဒ္ဓေါဒန၊ သူ့အမေက ဒေါ်မာယာ-တဲ့။ သူဖွားမြင်ရာအရပ် ကတော့ လုမ္ဗိနီ အင်ကြင်းတောတဲ့၊ ဒီ အင်ကြင်းတောက ကပိလဝတ်နှင့် ဒေဝဒဟမြို့၏ အလယ်တည့်တည့်မှာ ရှိသတဲ့။ သူ့နာမည်ကတော့ ကိုသိဒ္ဓတ္ထ တဲ့။ မှတ်ထားကြနော်။

မှန်ပါ့ဘုရား။

ခေတ် —၁၄၊ (ဒုတိယအကြိမ်)

အဲသလို ဖွားမြင်ပြီးတဲ့နောက် ၁၆-နှစ်သား အရွယ် ရောက်တဲ့အခါ ယသော်ဓရာမင်းသမီးကို မိဖုရားခေါင်အရာ၌ မြှောက်စား၍ အလောင်းဘုရားနှင့်အတူ ရာဇာဘိသိက် ခံယူတော်မူစေပြီးလျှင် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက ထီးနန်းစည်းစိမ်ကို လွှဲအပ်တော်မူတယ်။ ထိုနောက် ထီး နန်း စည်း စိမ်ကို ၁၃-နှစ် စံတော်မူ၍ "ရာဟုလာ" သားတော်ကလေးကို မွေးဖွားသည့်နေ့ ညမှာပင် သက်တော်(၂၉)နှစ်တွင် ဝါဆိုလပြည့် တနင်းလာနေ့၌ တောထွက်တော်မူတယ်တဲ့။ ဒါကြောင့်....

ဖွားမြင်မြောက်သော်၊ ဆယ့်ခြောက်နှစ်ရွယ်၊ ပျိုနုနယ်၌၊ သုံးသွယ်ရွှေနန်း၊ သိမ်းမြန်းပြီးလစ်၊ ဆယ့်သုံးနှစ်လျှင်၊ ဘုန်းသစ်လျှံလူ၊ စံတော်မူ၍၊ ရွယ်မူနုဖြိုး၊ နှစ်ဆယ့်ကိုးဝယ်၊ လေးမျိုးနိမိတ်၊ နတ်ပြဟိတ်ကြောင့်၊ ရွှေစိတ်ငြင်ငြို၊ သံဝေပိုက၊ ဝါဆိုလမြွ၊ ကျွားမင်းနေ့ဝယ်၊ ချမ်းမြေ့ရဂုံ၊ တောရပ်လှုံသည်....

လို့ လယ်တီဆရာတော်ဘုရားကြီးပင် ကဗျာဖွဲ့တော်မူခဲ့ပါတယ်။

အဲဒါကြောင့် ငါတို့ဘုရားအလောင်းတော်၏အမည်မှာ ကိုသိဒ္ဓတ္ထ၊ သူ၏ဇနီးကတော့ မယ်ယသော်၊ သားတော်က ကိုရာဟုလာ။ ဘုရားအလောင်းတော်သည် သက်တော် ၂၉-နှစ်မှာ တောထွက်တော်မူတယ်။

အဲသလို တောထွက်တော် မူပြီးနောက် ဥရုဝေဠတော၌ ပဥ္စဝဂ္ဂီရဟန်း ၅-ဦးတို့၏ အလုပ်အကျွေးကို ခံယူပြီးလျှင် ၆-နှစ်ပတ်လုံး ဒုက္ကရစရိယာ ကျင့်တော်မူတယ်။ ဤကဲ့သို့ အပြင်းအထန် ၆-နှစ်ကြာအောင် ဒုက္ကရစရိယာ ကျင့်ရတာကတော့၊ ဒီလိုတဲ့....

**အမေး။** ။ဥရုဝေဠ-တောဝမြိုင်ခွင်၊
ခြောက်နှစ်ပတ်လုံး ကျင့်သုံးအရှင်။
အားကုန်ခန်းလို့-ညှိုးနွမ်းငြိုငြင်၊
ပင်ပန်းရေး-ဥ္ခကြေး ဘယ့်ကြောင့်တင်။

**အဖြေ။** ။ကဿပဖျား-ထင်ရှားပွင့်သော်၊
ဇောတိပါလ-နာမအကျော်။
ပုဏ္ဏားမာန်တက်-နှုတ်မြွက်အာဘော်၊
ငစီ,ပြင်း-ရှေးရင်း ဝိပါက်တော်။

ကြားလား-ဒကာစိန်။

မှန်ပါဘုရား။

အဲသလို ဟို-ကဿပမြတ်စွာဘုရားလက်ထက်တုန်းက''ဇောတိပါလ''လို့ ခေါ်တဲ့ ပုဏ္ဏားဖြစ်သတဲ့။ အဲဒီအခါက ကဿပဘုရားကို ဒီ-ရဟန်းဦးပြည်းဟာ (၆)ရက်ကျင့်ရုံနှင့် ဘယ်ဘုရားဖြစ်နိုင်ပါ့မလဲ၊''ငါသာ ဘုရားဖြစ်လို့ရှိရင် ၆-နှစ်တောင် ကျင့်နိုင်ပါသေးတယ်''လို့ ပြောခဲ့တဲ့ ဝစီကံအတွက်တဲ့၊ ကြားလား။

မှန်ပါ့ဘုရား။

ဒါ့ကြောင့် မြတ်စွာဘုရားက ''ကလျာဏကာရီ ကလျာဏံ။ပ။ဟာရတေ ဖလံ''လို့ ဟောတော်မူထားတာပေါ့။(ကျောင်းတရာ·အခန်းက အစုံရေးခဲ့ပြီ)။

အဲသလို (၆)နှစ် ဒုက္ကရစရိယာကျင့်ပြီးတဲ့နောက် သက်တော်(၃၅)နှစ် ကဆုန်လဆန်း(၁၅)ရက်၊ ဗုဒ္ဓဟူးနေ့မှာ သေန နိဂုံးသူ သဌေးသမီး သုဇာတာ လှူတဲ့ နို့ဃနာဆွမ်းကို ရွှေခွက်ပါအလှူခံ၍ နေရဉ္ဇရာမြစ်ကမ်း၌ ရေချိုးပြီးလျှင် မြစ်ကမ်းပေါ်တွင် အရှေ့ဘက်လှည့်၍ နို့ဃနာဆွမ်း ၄၉-လုပ် ဘုဥ်းပေးတော်မူတယ်။ ထို့နောက် ရွှေခွက်ကိုမြစ်ထဲမျှောလိုက်ပြီးလျှင် ဗောဓိပင်ရှိရာသို့ကြွတော်မူတယ်။ ရွှေခွက်ကား ကာဠနဂါးမင်း၏ ဘုံဗိမာန်သို့ ရောက်သွား၍ ရှေးဘုရားသုံးဆူတို့၏ ရွှေခွက်သို့ သွားထိတယ်တဲ့။

ဗောဓိပင်သို့အကြွ လမ်းကြား၌ ''သုဒ္ဓိယ''ခေါ်တဲ့ မြက်ထမ်းသမားက မြက်(၈)ဆုပ်လှူဒါန်းသဖြင့် ဗောဓိပင်၏အရှေ့ဘက်ကရပ်၍ အနောက်ဘက်သို့ မျက်နှာလှည့်ပြီး မြက်(၈)ဆုပ်ကို အဖျားကကိုင်၍ လှုပ်ချတဲ့အခါ လူ့နတ်တို့၏ မျက်စိမှာ ၁၄-တောင်မြင့်တဲ့ ရတနာပလ္လင်ကြီးဟု ထင်ရသတဲ့။ဘုရားအလောင်းဟာ ၎င်းမြက်ခင်းအပေါ်မှာ အရှေ့သို့လှည့်၍''ဘုရားမဖြစ်သမျှ မထတော့''ဟု ဆုံးဖြတ်၍ ထိုင်နေတော်မူတယ်။

ဒါက ကဆုန်လဆန်း ၁၅-ရက် ညနေပိုင်းရှိသေးတယ်နော်၊ဘုရားမဖြစ်သေးဘူး။

## မာရ်နတ် အောင်ပွဲ

အဲသလို ဘုရားအလောင်းသည် ဗောဓိပင်၏ အရှေ့ဘက်ဘေးတွင် မြက်ခင်းအပေါ်၌ အရှေ့သို့လှည့်၍ တင်ပလ္လင်ခွေ ထိုင်နေတဲ့အခါ စကြဝဠာ တသောင်းမှ နတ်,ဗြဟ္မာအပေါင်းတို့သည် လာရောက်၍ အမျိုးမျိုးပူဇော်ကာ ကောင်းချီးပေးလျက် နေကြတယ်၊ သိကြားမင်း ကြီးက ဝိဇယုတ္တရ ခရုသင်းကြီး ကိုမှုတ်လျက် အောင်သံပေးနေသဘဲ့။ အဲဒီခရုသင်းကြီးဟာ အတောင် ၁၂၀-ရှည်တယ်။ တခါမှုတ်လိုက်တဲ့အသံဟာ ၄-ယက်ကြာအောင် နေသတဲ့။ ပဉ္စသိခ နတ်သားကြီးကတော့''ဗေဠုဝ''ခေါ်တဲ့ နတ်စောင်းကြီးကိုတီးလျက်နေသဘဲ့၊ ''သုယာမ''နတ်မင်းကြီးနှင့်''သန္တုသိတ''နတ်မင်းတို့ကတော့ သားမြီးယပ်နှင့်

ပတ္တမြားယပ်များကို တငြိမ့်ငြိမ့်ခတ်၍ နေကြတယ်။ သဟမ္ပတိဗြဟ္မာမင်းကြီးက ထီးဖြူတော်ကြီးကို ဆောင်းမိုးလို့၊ ကာဠနဂါးမင်းကြီးကတော့ ကိုယ်ရံတော် နဂါးပျိုမကလေးနှင့် ဂုဏ်တော်တွေကို ချီးကျူးပြီး နေတယ်တဲ့။

ဒကာစိန်။

ဘုရား။

အလွန်ကြည်နူးစရာကြီးပေါ့နော်။

မှန်ပါ့ဘုရား။

ဒါပေမယ့်လို့ ရန်သူက လာတော့မယ်။ အဲသလို ထိုင်နေတော်မူတဲ့ အခြင်းအရာကို ဟို-ဝသဝတ္တီဘုံက မာရ်နတ်မင်း မြင်တဲ့အခါ မခံမရပ်နိုင်သဖြင့် မိမိ၏စစ်သည်တပ်သားများကိုစုရုံးပြီးသကာလ မိမိကိုယ်တိုင် လက်နက် အမျိုးမျိုးစွဲကိုင်တဲ့ လက်ရုံးပေါင်းတထောင်ကို ဖန်ဆင်းပြီးလျှင် ဂိရိမေခလာ မည်တဲ့ ဆင်ပြောင်ကြီးကို တက်စီးကာ "မာရဃောသန" ဆိုတဲ့ ကြွေးကြော်ခြင်းဖြင့် ကြွေးကြော်ပြီးလျှင် ဗောဓိပင်သို့ ရှေးရှုထွက်လာကြသတဲ့။

မာရ်နတ်မင်း၏စစ်တပ်ကြီးပမာဏကတော့ မာရ်နတ်၏ရှေ့မှ ၁၂-ယူဇနာ၊ ထို့အတူ မာရ်နတ်၏ လက်ဝဲ-လက်ျာဘေးကလဲ ၁၂-ယူဇနာ၊ မာရ်နတ်၏ နောက်ကတော့ စကြဝဠာ တံတိုင်းနှင့် အပြည့်အနှက်ပဲ။ မြေပြင်တပ်၊ ကောင်းကင်တပ် အားလုံး မြေကြီးက အထက်ကို ၉-ယူဇနာ မြင့်သတဲ့။

မာရ်နတ်ကြီးကတော့ အဲဒီ စစ်တပ်ကြီး၏အလယ်က ယူဇနာ (၁၅၀) မြင့်တဲ့ ဂိရိမေခလာ ဆင်ပြောင်ကြီးကိုစီးလို့။ အဲဒီစစ်တပ်ကြီး၏ ကြွေးကြော်တဲ့ အသံကတော့ ယူဇနာ တထောင်လောက်ဝေးတဲ့ အရပ်က မြေကြီး ကွဲမတတ် ဖြစ်အောင် ကြားရတယ်တဲ့။ မာရ်နတ်ကြီးသည် အဲသလို စစ်တပ် ထုကြီးနှင့် တကွ ဘုရားအလောင်းတော်၏ နောက်ကျောဘက်ကနေ၍ တက်လာကြတယ်။ သူတို့၏ ညာသံပေးပြီး တက်လာပုံကတော့....

ထေ ဂဏှာထ ဗန္ဓထ၊ အာဝုဓေဟိ ဘိဟနထ။

ပလ္လင်္ကမ် ပလာပေထ၊ မာ ဝေါ ဘာယိတ္ထ သိဒ္ဓတ္ထံ။

တဒါ၊ထိုသို့ဗောဓိပင်ရင်း ပလ္လင်ခင်း၍ ခပ်တင်းတင်းစံနေတော်မူသော အခါ၌။ မာရော၊ ဝသဝတ္တီနတ်ပြည်သေဌ်နင်း မာရ်နတ်မင်းကြီးသည်။ အဂါ၊ ညာသံပေးလျက် စစ်ချီတက်ကာ လာခဲ့လေသတည်း။ ကိံအဂါ၊ အဘယ်သို့ ညာသံပေးလျက် စစ်ချီတက်လာသနည်း ဟူမူကား။ ဘော၊ အို-ငါ၏တပ်သား ရဲမက်များတို့။ ထေ၊ လာကြကုန်လော့။ ဣမံသိဒ္ဓတ္ထံ၊ဤမာယာပုတ္တာ သိဒ္ဓတ္ထကို။ ဂဏှထ၊ အချက်ကျကျ လက်ရ ဖမ်းကြကုန်လော့။ ဗန္ဓထ၊ မလှုပ်နိုင်အောင်

တုပ်နှောင် ထားကြကုန်လော။ အာဝုဓော်၊ လေး, မြား, ပုဆိန် ဝရဇိန်စက်ကွင်း အစရှိသော လက်နက်အမျိုးမျိုးတို့ဖြင့်။ အဘိဟနထ၊ ရိုက်နှက် ထိုးခုတ်သတ်ပုတ် ညှဉ်းဆဲကြကုန်လော့။ ဣမံ သိဒ္ဓတ္ထံ၊ ဤဗောဓိပင်ရိပ် ပလ္လင်ထိပ်ဝယ် စိတ်ရှင်ကိုယ်ရွှင် လိုချင်ငန်းငန်း အာသာတမ်းတဲ့ ရဟန်းလူကပ် မင်းသိဒ္ဓတ်ကို။ ပလ္လင်္ကာ၊ ပလ္လင်ပေါ်မှ။ ပလာပေထ၊ ထွက်ပြေးအောင်ပြုကြကုန်လော့။ဝေါ၊ သင်တို့သည်။ ဣမံသိဒ္ဓတ္ထံ၊ ဤလူသား, လူဇာတ် မင်းသိဒ္ဓတ်ကို။ မာ ဘာယိတ္ထ၊ မကြောက်ကြကုန်လင့်။ဣတိ၊ဤသို့။အဂ္ဂါ၊ညာသံပေးလျက် စစ်ချီတက်လာလေတော့သတည်း။

အဲသလို မာရ်နတ်မင်းကြီးက စစ်တပ်ချီ၍ တက်လာတဲ့အခါ မည်သူမျှ မကူပဲ ပါရမီတော်လက်နက်ဖြင့်သာ ဘုရားကိုယ်တော်မြတ်ကြီးက မာရ်နတ်ကို အောင်တော်မူသည်၏အဖြစ် ထင်ရှားစေရန် အဝေးကရှောင်လွှဲ၍ အောင်ပွဲကို ကြည့်မည်ဟု ရည်စူးကြပြီးလျှင် ယခင်က ဘုရားအလောင်း အနီးမှာနေကြတဲ့ နတ်,ဗြဟ္မာတွေဟာ ဟို-ဝေးရာသို့ ရှောင်လွှဲပြီး နေကြရတယ်၊ ကြားလား။

မှန်ပါ့ဘုရား။

ကာဠနဂါးက မြေကြီးထဲငုပ်သွားပြီးလျှင် ဟို-ယူဇနာ ၅၀၀(ငါးရာ) ကျယ်တဲ့ နဂါးဘုံမှာ မျက်နှာကို လက်နှစ်ဘက်ဖြင့်အုပ်ပြီးတော့ အိပ်နေသတဲ့။ ဘယ်လောက် အားကိုးရတုံးဆို ကြည့်စမ်း။

ပီးတော့-သိကြားမင်းကြီးက အခုနဟောခဲ့တဲ့ ခရုသင်းကြီးကို ကျောပိုးပြီး စကြဝဠာတောင်နခမ်းအရောက် ထွက်ပြေး၍ ၎င်းစကြဝဠာတောင်နခမ်းက ရပ်ပြီး ကြည့်နေတယ်။

ဗြဟ္မာမင်းကြီးကတော့ ထီးဖြူကြီးကို ကိုင်ဆွဲကာ တခါထဲ ဗြဟ္မာပြည်ကို ပြန်သွားပါရောတဲ့။

ဘုရားအလောင်းတော်မှာ တပါးတည်းကျန်ရစ်တော့တာပေါ့၊ သာမန်ပုဂ္ဂိုလ်ဆိုလျှင် သိပ်ကြောက်မှာပေါ့။ဘုရားအလောင်းမှာတော့ ရှုံကြောက်ခြင်း မရှိဘူးတဲ့။

ကြားလား။

မှန်ပါ့ဘုရား။

ဒီတော့ ဘုရားအလောင်းက ငါ့မှာဖြင့် ဒီနေရာမှာ ကူညီမဲ့အဖော်ဟူ၍ တယောက်မျှ မရှိတော့ဘူး၊ ငါ-ဖြည့်ဆည်းပူးခဲ့တဲ့ ပါရမီ ၁၀-ပါးသည်သာ ငါ၏အဖော်ဖြစ်ပေတော့သည်ဟု နှလုံးသွင်းလျက်၊ပါရမီတော် ၁၀-ပါးကိုသာ ဆင်ခြင်၍ နေတော်မူတယ်။

မာရ်နတ်သည်ကား လေမိုး, ရေမိုး, ကျောက်ခဲမိုး, လက်နက်မိုး, မီးကျီး မီးခဲမိုး, ပြာပူမိုး, သဲမိုး, ရွှံ့ညွန်မိုး, အမိုက်မှောင်မိုး တည်းဟူသော မိုး ၉-မျိုးကို အမျိုးမျိုးဖန်ဆင်း၍ အပြင်းအထန် တိုက်တော့တာပါပဲ။ဘယ်လိုပင် တိုက်သော်လဲ ဘုရားအလောင်းကို မထိခိုက်ဘူး၊ မအောင်မြင်ဘူးတဲ့။

ထိုနောက် ဘုရား အလောင်းတော်သည် ဒီပလ္လင်နေရာကို ရဖို့အတွက် အသက်စည်းစိမ်ပေါင်းများစွာကို ကမ္ဘာ ကမ္ဘာ အသင်္ချေ အသင်္ချာ မရေမတွက်နိုင်အောင် စွန့်လွှတ်ခဲ့ရသည်ကို ထားလိုက်ပါဦးတော့၊ နောက်ဆုံး ဝေဿန္တရာမင်း၏ ဘဝဝယ် ကြင်ယာတော်မြောက်သား မဒ္ဒီမိဖုရားကို လှူတဲ့အခါတုန်းက ဒီပထဝီမြေကြီး ပွဲတင်ဟီးလျက် တုန်လှုပ်ခဲ့ဘူးလေပြီဟု ပြောဆိုလျက် သင်္ကန်းအတွင်းမှ လက်ျာလက်ကိုထုတ်ပြီးလျှင် မြေကြီးကို လက်တော်ဖြင့်သုံးသပ်တော်မူလိုက်တဲ့အခါ ယန္တရားစက်ခလုတ်ကို ဖွင့်လိုက်တဲ့အလား မြေကြီး တုန်လှုပ်လာတယ်။

အဲဒီမြေကြီး တုန်လှုပ်တဲ့အသံမှ ပွဲတင်ထပ်လျက် တောသံ, တောင်သံတို့ဖြင့် ပြင်းစွာဆူညံသည့်ပြင် ကောင်းကင်တပြင်လုံးလည်း တဂျုံးဂျုံးထစ်ကြိုးလျက် မိုးကြိုးများ ကျလာသတဲ့၊ အဲသလို တပြိုင်နက် ကြီးကျယ်တဲ့ အသံကြီးဖြစ်ပေါ်လာတဲ့အခါ မာရ်နတ်မင်းကြီးလဲ ဂိရိမေခလာ ဆင်ကြီးကိုမှ မကြည့်အားပဲ ထွက်ပြေးပါရော။ နောက်လိုက် နောက်ပါ စစ်သည်တော် အားလုံးလဲ အစုအရုံး ပျက်ကာ ဦးခေါင်း တဆာများကိုတောင် မကောက် နိုင်တော့ပဲ တခါထဲ ထွက်ပြေးကြပါရော။ ဟောဒီနေရာမှာ "လလိတဝိတ္ထာရသုတ္တန်"ခေါ် မြောက်ပိုင်း ဗုဒ္ဓဘာသာ ကျမ်းဂန်များကတော့ မြေစောင့်နတ်က ကိုယ်တဝက် ပေါ်ထွက်၍ သက်သေခံတယ်လို့ ဆိုတယ်။အဲဒီအဆိုအတိုင်း မာရ်နတ်အောင်ပွဲများ၌ "ဝသုန္ဒြေအရုပ်"ကို ထည့်ထားကြဟန်တူတယ်။ သို့သော်လဲ တောင်ပိုင်း ဗုဒ္ဓဘာသာကျမ်းများဖြစ်ကြတဲ့ ဘုရားဟော ပိဋကတ်မှာ ဒီလို မြေစောင့်နတ်က သက်သေခံတယ်လို့ အဆိုမရှိဘူး၊ မြေကြီးတုန်လှုပ်၍ ကြောက်မက်ဖွယ်အသံကြီးများဖြစ်သည်ဟူသာ အဆိုရှိပါတယ်။

အဲသလို မာရ်နတ်မင်းကြီး ထွက်ပြေးတဲ့အခါ ကျတော့ ဟို-စကြဝဠာ ဟောင်နခမ်းကနေတဲ့ နတ်တွေက လာ၍ သို့ကလို အောင်ပွဲခံကာ ကြွေးကြော်ကြသတဲ့။

ဇယော ဟိ ဗုဒ္ဓဿ သိရီမတော အယံ။
မာရဿ စ ပါပိမတော ပရာဇယော။
ဥဂ္ဃောသယုံ ဗောဓိမဏ္ဍေ ပမောဒိတာ။
ဇယံ တဒါ ဗြဟ္မဂဏာ မဟေသိနော။

ဟောဒါက ဗြဟ္မာကြီးတွေ ကြွေးကြော်သော ဂါထာတဲ့။

ပြီးတော့....

ဇယော ဟိ ။ပ။ ပမောဒိတာ၊
ဇယံ တဒါ ဒေဝဂဏာ မဟေသိနော။

ဒါကတော့ နတ်တွေက ကြွေးကြော်သော ဂါထာတဲ့။

ပြီးတော့....

ဇယော ဟိ ။ပ။ ပမောဒိတာ၊
ဇယံ တဒါ နာဂဂဏာ မဟေသိနော။

ဒါက နဂါးတွေ ကြွေးကြော်သော ဂါထာတဲ့။

ပြီးတော့....

ဇယောဟိ ။ပ။ ပမောဒိတာ၊
ဇယံ တဒါ သုပဏ္ဏဂဏာ မဟေသိနော။

ဒါကတော့ ဂဠုန်တွေကြွေးကြော်သော ဂါထာတဲ့။
ဒကာစိန့်ရဲ့။
မှန်ပါ့ဘုရား။

ဘော၊ အို-အချင်းတို့။ အယံ ဇယော၊ ဤ အောင်မြင်ခြင်းသည်။ သိရိမတော၊ ကျက်သရေမင်္ဂလာရှိလှသော။ ဗုဒ္ဓဿ၊ သစ္စာလေးဆူ ပွင့်တော်မူမည့် ငါတို့မြတ်စွာဘုရားသခင်၏။ဇယောဟိ-ဇယောဧဝ၊ ဒါနစသည် ပါရမီအဟုန် ကျေးဇူးဂုဏ်ကြောင့်ဖြစ်သော အောင်မြင်ခြင်းသည်သာလျှင်။ ဟောတိ၊ ဖြစ်၏ပေ။ အယံပရာဇယော၊ နတ်,ပြဟ္မာတို့၏အလယ်တွင် ရှက်ဖွယ်ကောင်းလှသော ဤရှုံးခြင်းသည်။ ပါပိမတော၊ ယုတ်မာဆိုးညစ် ကောက်ကျစ်သော စိတ်နှလုံးရှိသော။ မာရဿ၊ မာရ်နတ်သား၏။ ပရာဇယောစ-ပရာဇယောဧဝ၊ ကိုယ်နှင့်မတန်ပဲ အရှက်နည်း၍ဖြစ်ရသော ရှုံးခြင်းသည်သာလျှင်။ ဟောတိ၊ ဖြစ်၏ပေ။ (ဣတိ၊ဤသို့)။ဗောဓိမဏ္ဍေ၊ မဟာဖော်လင်း၍ ပွင့်ရောက်ရာဗောဓိမဏ္ဍိုင်၌သာနန္ဒ္ဓ။ တဒါ၊ ထို-ငါတို့၏ မြတ်စွာဘုရားသခင်ကနိုင်၍ မာရ်နတ်သား အရေးနိမ့်ကာ ထွက်ပြေးရတဲ့အခါဝယ်။ ပြဟ္မဂဏာ၊ ပြဟ္မာအပေါင်းတို့သည်။ ပမောဒိတာ၊ အလွန်အထူး ကြည်နူး ဝမ်းမြောက်ကြကုန်သည်ဖြစ်၍။ မဟေသိနော၊ ငါတို့မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး၏။ ဇယံ၊ အောင်ခြင်းကို။ ဥဃ္ဃောသယုံ၊ အားပါးတရ ကြွေးကြော်ကြလေကုန်တော့သတည်း။

(ကြွင်းသော ဂါထာတို့၌ ဒေဝဂဏာ၊ နတ်အပေါင်းတို့သည်။ နာဂဂဏာ၊ နဂါးအပေါင်းတို့သည်။ သုပဏ္ဏဂဏာ၊ ဂဠုန်အပေါင်းတို့သည်။) ဤမျှသာ ထူးတော့၏။

ဒီနေရာမှာ ဘုန်းကြီးကိုယ်တိုင် ရေးသား၍ ပုံနှိပ်ဖြန့်ချီခဲ့သော မာရ်နတ်အောင်ခြင်း ကဗျာလေးများကို ရွတ်ပြဦးမည်။ နားထောင်ကြနော်။

၁။ ခြောက်ဘုံပိုင်ကြွား–မာရ်နတ်သားမှာ၊
တထောင်လက်ရှုံး–သူ့ဘုန်းဖန်ကာ။
နတ်စစ်သည်ပေါင်း–ထောင်သောင်းနှင့်သာ၊
ပလ္လင်တွက်–စစ်ဘက် သူလုလာ။

၂။ ထိုသောကာလ–ဗုဒ္ဓမြတ်စွာ၊
မာရ်နတ်ကြီးအား–စကားချီသာ။
ဘဝါဘဝ–ဒါနဖြာဖြာ၊
ပလ္လင်တွက်–ရှင်လျက် ငါပြုလာ။

၃။ ထိုသို့ဗုဒ္ဓ–မြွက်ဟသောခါ၊
မြေ့ရေ့လေလုံး–ခြိမ့်အုံးလာကာ။
ကြောက်လန့်မာရ်ယုတ်–နောက်ဆုတ်ပြေးခွာ၊
အခေါင်နှင်း–အောင်ခြင်း မင်္ဂလာ။
အောင်စေကြောင်း–ဆုတောင်း အောင်စေပါ။

ကြားလား–ဒကာစိန်။

မှန်ပါ့ဘုရား။

အဲသလို ဘုရား အလောင်းတော်သည် ဒေဝပုတ္တမာရ်လို့ခေါ်တဲ့ မာရ်နတ်သား၏ရန်ကို ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ နေမဝင်မီပင် အောင်မြင်တော်မူသတဲ့။ အဲဒီ မာရ်နတ်သားကို အောင်မြင်တဲ့ အချိန်မှာ ဘုရားမဖြစ်တတ်သေးဘူးနော်။

ထို့နောက် တရားကိုဆင်ခြင်အားထုတ်တော်မူရာတွင် ပထမညဥ့်ဦးယာမ်မှာ ပုဗ္ဗေနိဝါသဉာဏ်ကို ရ၍၊ မဇ္ဈိမယာမ် သန်းခေါင် အချိန် လောက် တွင် ဒိဗ္ဗစက္ခုဉာဏ်ကို ရတော်မူတယ်။

ထို့နောက် ပစ္ဆိမယာမ်၌ အစွမ်းကုန် တရားကိုကြိုးစားအားထုတ်တော်မူလိုက်လေရာ၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့အကုန် အရုဏ်တက်တော့မည့်ဆဲဆဲအချိန်မှာ ကိလေသာအားလုံး ပြုတ်ပြုတ်ပြုန်းကာ စကြဝဠာလောကဓာတ်အပေါင်း တသောင်းလုံး အုံးအုံးကြွက်ကြွက် မြည်စေလျက် သဗ္ဗညုတဉာဏ်ကို ရ၍ ဘုရားအဖြစ်သို့ ရောက်တော်မူတယ်။

ဒါကြောင့် လယ်တီဆရာတော်ဘုရားကြီးက....

တောရပ်မြိုင်ပေါ်၊ ခြောက်နှစ်ပျော်၍၊ ခါတော်တဖုံ၊ ပွင့်ချိန်ကြုံက၊ ကဆုန်လပြေ့၊ ဆင်မင်းနေ့ဝယ်၊ မြေ့ပရမေ၊ ပလ္လင်ဘွေထက်၊ ရွှေညောင်တော်ကြီး၊ ဗိတာန်ထီးနှင့်၊ မငြိးကြည်ဖြူ၊ နေတော်မူလျက်၊ ရန်သူခဖင်း၊ အမိုက်သင်းကို၊ အရှင်းပယ်ဖျောက်၊ အလင်းပေါက်က၊ ထွန်းတောက်ဘုန်းထော်၊ သောင်းလုံးကျော်သည်။ ။သုံးဘော်လူတို့ ငြိမ်းပါကို၊ လို့ ရေးစပ်တော်မူခဲ့တယ်။

အဲသလို ဘုရားဖြစ်စအခါရွှေးဦးစွာကျူးရင့်တော်မူတဲ့ ဥဒါန်းဂါထာက အစက ဟောခဲ့တဲ့ "အနေကဇာတိ သံသာရံ" ဆိုတဲ့ ဂါထာပဲ။ ဒါ့ကြောင့် ဒီ ဂါထာဟာ ဘုရားဖြစ်စ အစဆုံး ဥဒါန်းကျူးကာ ဟောတော်မူတဲ့ ဂါထာ ဖြစ်တယ်။ ကိုင်း-ထပ်ရွတ်လိုက်ကြအုံးစို့။

အနေကဇာတိ သံသာရံ ။ပ။ ခယမဇ္ဈဂါ။

ဂဟကာရံ၊ ခန္ဓာအိမ်ကို အကြိမ်ကြိမ် ဆောက် လုပ် တတ်တဲ့ တဏှာ ယောက်ျား လက်သမားကို။ ဂဝေသန္တော၊ အမိဖမ်းမယ်ဟဲ့လို့ ကြိုးပမ်းရှာဖွေခဲ့စဉ်။ (တံ၊ သင် တဏှာယောက်ျား လက်သမားကို။ ဒဋ္ဌုံ၊ မြင်ခြင်းငှာ။ သမတ္ထံ၊ စွမ်းနိုင်တဲ့။ ဗောဓိဉာဏ်၊ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို)။ အနိဗ္ဗိသံ-အနိဗ္ဗိသန္တော၊ မရသေးသည်ဖြစ်၍။ အနေကဇာတိ သံသာရံ၊ တပါးမက များလှစွာသော ဘဝသံသရာ ကာလပတ်လုံး။ သန္ဓာဝိဿံ၊ ကျင်လည်ရခဲ့လေပြီ။ ပုနပ္ပုနံ၊ အဖန်ဖန်အထပ်ထပ်။ ဇာတိ၊ ပဋိသန္ဓေနေရခြင်းသည်။ ဒုက္ခာ၊ ဆင်းရဲလှလေတော့သတည်း။

ဂဟကာရက၊ ခန္ဓာအိမ်ကို အကြိမ်ကြိမ်ဆောက်လုပ်တတ်တဲ့ ဟဲ့-တဏှာယောက်ျား လက်သမား။ (ဣဒါနိ၊ ယခုအခါ၌။ တွံ၊ သင့်ကို။ မယာ၊ ငါဘုရားသည်။) ဒိဋ္ဌောသိ၊ လက်ပူးလက်ကြပ် တွေ့မြင်အပ်သည်။ အသိ၊ ဖြစ်ခဲ့ပြီ။ ပုန၊ တဖန်။ ဂေဟံ၊ ခန္ဓာအိမ်ကို။ န ကာဟသိ၊ မပြုရတော့ပြီ။ တေ၊ သင် တဏှာယောက်ျား လက်သမား၏။ သဗ္ဗာ၊ အလုံးစုံသော။ ဖာသုကာ၊ ကိလေသာတည်းဟူသော အခြင်တို့ကို။ ဘဂ္ဂါ၊ ချိုးဖဲ့ဖျက်ဆီးအပ်ကုန်ပြီ။ ဂဟကူဋံ၊ ခန္ဓာအိမ်၏ အဝိဇ္ဇာတည်းဟူသော အထွတ်အဖူးကို။ ဝိသင်္ခတံ၊ ဖျက်ဆီးအပ်လေပြီ။ ဝိသင်္ခါရဂတံ၊ သင်္ခါရတရားတို့မှ ကင်းဆိတ်ရာ နိဗ္ဗာန်သို့ ရောက်လေပြီးသော။ စိတ္တံ၊ ငါဘုရား၏ စိတ်တော်သည်။ တဏှာနံ၊ ရူပတဏှာ စတဲ့ တဏှာ ၆-ပါး ပယ်နှတရားတို့၏။ ခယံ၊ ကုန်ရာဖြစ်တဲ့ အရဟတ္တဖိုလ်ကို။ အဇ္ဈဂါ၊ ယခု ငါလက်ကိုင်ရရှိလေပြီ။

ဒီနေရာမှာ ပထမဆုံးဖြစ်တဲ့ ဘုရားစကားတော်အရနှင့်အနေကဇာတင်ပုံ အစဉ်ကို ဟောပြောရအုံးမှာပေါ့။

ဝိနည်းမဟာဝါ မဟာခန္ဓကဌ် ညဉ့်၏ပထမယာမ်မှာ ပဋိစ္စသမုပ္ပာဒ် အနုလုံ-ပဋိလုံ ပြီးလျှင် ပထမ (ယဒါ ဟဝေ) ပုဒ်ကို ဟောတော်မူထားတယ်။ မဇ္ဈိမယာမ်မှာလဲ ထိုအတူပင် ပဋိစ္စသမုပ္ပာဒ် အနုလုံ - ပဋိလုံပြီးလျှင် ဒုတိယ (ယဒါ ဟဝေ)ပုဒ်ကို ဟောတော်မူထားပါတယ်။ ပစ္ဆိမယာမ်မှာလဲ အတူတူပဲ ပဋိစ္စသမုပ္ပာဒ်အနုလုံ-ပဋိလုံပြီးမှသာ တတိယ (ယဒါ ဟဝေ)ပုဒ်ကိုဟောတော်မူထားတယ်။ ဥဒါန်းပါဠိတော်မှာတော့ ညဉ့်၏ပထမယာမ်မှာ ပဋိစ္စသမုပ္ပာဒ် အနုလုံပြီးတဲ့အခါ(ယဒါ ဟဝေ)ပထမပုဒ်ကို ဟောထားပါတယ်၊ မဇ္ဈိမယာမ်မှာတော့ ပဋိစ္စသမုပ္ပာဒ် ပဋိလုံနှင့် (ယဒါ ဟဝေ) ဒုတိယပုဒ်ကို ဟောထားပါတယ်၊ပစ္ဆိမယာမ်၌ကား ပဋိစ္စသမုပ္ပာဒ်အနုလုံ-ပဋိလုံနှင့်(ယဒါ ဟဝေ)တတိယ ပုဒ်ကို ဟောတော်မူပါတယ်။ သို့အတွက် ပါဠိတော်ချင်း မတူသလို ဖြစ်နေပါတယ်။

ဒီနေရာမှာ ခန္ဓကအဋ္ဌကထာဆရာကြီးကဒီလိုဆုံးဖြတ်ချက်ချထားတယ်။

တံ သတ္တာဟဿ အစ္စယေန သေ္ဝ အာသနာ ဝုဋ္ဌဟိဿာမီတိ ရတ္တိံ ဥပ္ပါဒိတ မနသိကာရံ သန္ဓာယ ဝုတ္တံ။

တံ၊ ထို ဥဒါန်းပါဠိတော် စကားကို။ သတ္တာဟဿ အစ္စယေန၊ ၇-ရက် လွန်သောအခါ၌။ သေ္ဝအာသနာ ဝုဋ္ဌဟိဿာမီတိ၊ နက်ဖန် ငါနေရာမှထအံ့ဟု။ ရတ္တိံ၊ ညဉ့်အခါ၌။ ဥပ္ပါဒိတ မနသိကာရံ၊ ဖြစ်စေအပ်သော နှလုံးသွင်းခြင်းကို။ သန္ဓာယ၊ ရည်၍။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

အဲဒီ အဋ္ဌကထာအတိုင်း ဥဒါန်းပါဠိတော်လာအစဉ်မှာ ပထမသတ္တာဟ လွန်တဲ့အခါ၌ဖြစ်တဲ့အစဉ်လို့ သိနိုင်ပါတယ်။ခန္ဓကပါဠိတော်လာအစဉ်သည်သာ ဘုရားဖြစ်ပြီးနောက် ကဆုန်လဆုတ် ၁-ရက်နေ့ ညဉ့်မှာ နှလုံးသွင်း၍ ဥဒါန်း ကျူးရင့်သောအစဉ်ဟု သိနိုင်ပါတယ်။

ဒါကြောင့် "ဣမ ပန ပါဠိပဒရတ္တိယာ ဧဝံ မနသာကာသိ"လို့ ခန္ဓက အဋ္ဌကထာ၌ ဆိုထားပါတယ်။

ဒါဖြင့်"ယဒါ ဟဝေ" ၃-ပုဒ်နှင့် "အနေကဇာတိ သံသာရံ" ဂါထာ တို့တွင် ဘယ်ဟာကို အရင်ကျူးရင့်၍၊ ဘယ်စကားဟာ ပထမဗုဒ္ဓဝစနဖြစ်ပါ သလဲဆိုလျှင်....

ဣဒံ ပဌမဗုဒ္ဓဝစနံ၊ ကေစိ ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာတိ ခန္ဓကေ ဥဒါနဂါထံ အာဟု၊သော ပန ပါဋိပဒိဝသေ သဗ္ဗညုတဘာဝပ္ပတ္တဿ သောမနဿ မယဉာဏေန ပစ္စယာကာရံ ပစ္စဝေက္ခန္တဿ ဥပ္ပန္နာ ဥဒါနဂါထာတိ ဝေဒိတဗ္ဗာ။

ဒီ-ပါရာဇိကဏ်အဋ္ဌကထာ ဗာဟိရ နိဒါန်းအဖွင့်စကားနှင့်အညီ "အနေကဇာတိ သံသာရံ" စတဲ့ ဂါထာများသည်သာ ဘုရားဖြစ်လျှင်ဖြစ်ချင်း ပဌမဆုံး ဥဒါန်းကျူးရင့်တဲ့ ဂါထာဖြစ်ကြောင်းကို မှတ်သားရမယ်။ ယဒါ ဟဝေ ၃-ပုဒ်ကတော့ ဘုရားဖြစ်ပြီးနောက် လဆုတ် ၁-ရက်နေ့ ညဥ့်ရောက်မှကျူးရင့်တဲ့စကား ဖြစ်တယ်။

အဲဒါကြောင့် ခန္ဓကပါဠိတော်နှင့်၎င်းအဋ္ဌကထာစကားကိုထောက်ထား၍၎င်း၊ ပါရာဇိကဏ်အဋ္ဌကထာ နိဒါန်းစကားကို ထောက်ထား၍၎င်း ရှေးဆရာတော်ကြီးများက အနေကဇာတင်ပုံကို ဒီလိုစီစဉ်ထားပါတယ်၊ဘယ်လိုလဲဆိုလျှင် ရှေးဦးစွာ အနေကဇာတိ သံသာရံ ၂-ဂါထာကို ၃-ကြိမ် ရွတ်တော်မူကြတယ်၊ ပီးတော့ - ပဋိစ္စသမုပ္ပာဒ်ကို ခန္ဓကအတိုင်း အနုလုံ-ပဋိလုံ တွဲ၍ ရွတ်ကြတယ်။ ထို့နောက် ယဒါ ဟဝေ ၃-ပုဒ်ကို ၃-ပုဒ်လုံးဆက်၍ ရွတ်ကြတယ်၊ အဲဒီနောက်ကျတော့ "ပစ္စယုဒ္ဒေသ"နှင့် "ဇယန္တောက ဉာတိဘိ"အထိ ဆက်ရွတ်သွားကြပါတယ်။

အဲဒီအစဉ်အတိုင်းပင် ယခုအခါ အများအားဖြင့် သုံးစွဲလေ့ရှိပါတယ်၊ ယခု ဘုရားဒကာ, ဘုရားအမများလဲ ဘုရားကိုယ်တော်မြတ်ကြီး ၏ ကိုယ်စားဖြစ်တဲ့ စေတီတော်,ရုပ်ပွားတော်များကို တည်ထားပူဇော်ကြပြီးလျှင် ဤအနေကဇာတင်ပွဲ၌လဲ ဘုရားကိုယ်တော်မြတ်ကြီးကို ရည်စူး၍ ဤစေတီတော်,ရုပ်ပွားတော်များကို အမျိုးမျိုး ပူဇော်ကြပေတယ်၊ အဲဒီ ကောင်းမှု အစုစုတို့ကြောင့် လူ,နတ်,နိဗ္ဗာန် သုံးတန်သောချမ်းသာကိုရနိုင်တယ်ဆိုတာ ယုံကြည်သောစိတ်ကို ဖြစ်စေကြရမယ်။ ဒါကြောင့်....

မာနုဿိကာစ ॥ပ॥ တေန လဗ္ဘတိ။

(တေန၊ထိုသို့ ဘုရားကိုယ်တော်မြတ်ကြီး၏ကိုယ်စား စေတီတော်,ရုပ်ပွားတော်များကို ဘုရား ကိုယ်တော်မြတ်ကြီးနှင့်အတူ စိတ်ထား၍ ပူဇော်ကြရတဲ့ ကောင်းမှုများကြောင့်-ဟု အနက်ဆိုပါ)။

(ဤတွင် တခန်းရပ်၍ အဘိဓမ္မာတပ်)

## တနည်း-အနေကဇာတင် ဗုဒ္ဓပူဇနီယ တရားတော်

ကိံ မေ ဧကေန တိဏ္ဏေန၊ ပုရိသေန ထာမဒဿိနာ။
သဗ္ဗညုတံ ပါပုဏိတွာ၊ သန္တာရေဿံ သဒေဝကံ။

ထာမဒဿိနာ၊ ငါယောကျ်ားကပဲဟု အားခဲလို့ကြံလျှင်. ခံနိုင်ရိုးလား ဆိုတဲ့ စိတ်မှန်းဖြင့် ကိုယ့်အစွမ်းကို ဟုတ်မှန်တဲ့အတိုင်း သိလေ့ရှိသော။ပုရိသေန၊ ယောကျ်ားကောင်း တယောက်ဖြစ်ပါလျက်။ ဧကေန တိဏ္ဏေန၊ အဖော်မမှီး တယောက်ထည်းသာ သံသရာဝဲဂယက်မှ လွဲထွက် ကူးမြောက်ရသဖြင့်။ မေ၊ ငါ သုမေဓာရသေ့အား။ ကိံ၊ အဘယ်အကျိုး ရှိတော့အံ့နည်း။ သဗ္ဗညုတံ ပါပုဏိတွာ၊ ဘုန်းတော်ခြောက်ဆိုင် ဘဝဂ်တိုင်အောင် မြိုင်မြိုင် ဖြန့် လွှား ဉာဏ်တော်အားဖြင့် ထင်ရှားမကျန် အမှန်သိမြင် ဘုရားရှင်အဖြစ်သို့ရောက်သည် ဖြစ်၍သာလျှင်။ သဒေဝကံ၊ လူရှေ့နတ်ပါ သတ္တဝါဝေနေ မျှားဗိုလ်ခြေကို။ သန္တာရေဿံ၊နိဗ္ဗူသောင်တဘက်ကမ်းသို့ မဂ်လမ်းဖြင့် ပို့ဆောင် ကယ်တင်တော် မူပေအံ့သတည်း။

အဲသလို ဟို-သုမေဓာရှင်ရသေ့အဖြစ်တုန်းက ဝေနေယျသတ္တဝါများကို နောက်ပါးက အတူဆောင်၍ နိဗ္ဗူသောင်တဘက်ကမ်းသို့ မဂ်လမ်းဖြင့်ပို့ဆောင် ကယ်တင်တော် မူမယ်လို့ဆိုတဲ့ အကြံနှင့် ကြိမ်းဝါးတော် မူခဲ့ပြီးနောက် လေး သင်္ချေနှင့် ကမ္ဘာတသိန်းကာလပတ်လုံး ပါရမီတော်တွေကို ဖြည့်ကျင့်တော်မူပြီး လျှင် ဘုရားအဖြစ်သို့ ရောက်တော်မူတယ်တဲ့။

အဲသလို ဘုရားအဖြစ်သို့ရောက်ပြီးနောက် မကြာမြောက်မီပင် သဟံပတိ ဗြဟ္မာမင်းကြီးက နတ်,ဗြဟ္မာတွေစုရုံး၍ လာရောက်ပြီးလျှင် ဤသို့သလို လျှောက် ထားပါတယ်။

ဒေသေတု ဘန္တေ ဘဂဝါ ဓမ္မံ၊ ဒေသေတု သုဂတော ဓမ္မံ။

ဘန္တေ၊ မြတ်စွာဘုရား။ ဘဂဝါ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား သည်။ ဓမ္မံ၊ တရားကို။ ဒေသေတု၊ ဟောတော်မူပါဘုရား။ သုဂတော၊ ကောင်း သောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည်။ ဓမ္မံ၊ တရားကို။ ဒေသေတု၊ ဟောတော်မူပါဘုရား။

အဲသလို(၃)ကြိမ်တိုင်တိုင် သဟံပတိ ဗြဟ္မာမင်းကြီးက လျှောက်ထား တောင်းပန်တဲ့အတွက် ဗာရာဏသီပြည်၏အနီး မိဂဒါဝုန်တောသို့ ခြေလျှင် ကြွတော်မူပြီးလျှင် မဟာသက္ကရာဇ် ၁၀၃-ခု၊ ဝါဆိုလပြည့် စနေနေ့ည အနောက်မျက်နှာမှ နေတခြမ်းဝင်၍ အရှေ့မျက်နှာမှ လ,တခြမ်းထွက်ချိန်က စပြီးတော့ ပဥ္စဝဂ္ဂီငါးဦးအမှူးထား၍ တသောင်းသော စကြဝဠာမှလာရောက်

ကြသော နတ်, ဗြဟ္မာ အပေါင်းတို့အား ဓမ္မစကြာတရားကို စ၍ ဟောလေရာ နေလုံးလုံးဝင်တဲ့အခါ ဓမ္မစကြာတရား အလုံးစုံ ပြီးဆုံးသွားတယ်တဲ့။ တယ်မြန်ကိုနော်။

မှန်ပါ့ဘုရား။

ဒါကြောင့် လယ်တီဆရာတော်ကြီးက....

ဘုရားဖြစ်ခါ၊ မိဂဒါသို့၊ စကြာရွှေဘွား၊ ဖြန့်ချီသွား၍၊ ငါးပါးဝဂ္ဂီ၊ စုံအညီနှင့်၊ မဟီတသောင်း၊ တိုက်အပေါင်းမှ၊ ခညောင်းကပ်လာ၊နတ်, ဗြဟ္မာအား၊ ဝါဆိုလမြေ၊ စနေနေ့ဝယ်၊ ကြွေ့ ကြွေ့ လျံတက်၊ ဓမ္မစက်ကို၊ မိန့်မြွက်ထွေပြား၊ ဟောဖော်ကြားသည်-လို့ စပ်ဆိုခဲ့တယ်။

ဓမ္မစကြာတရားကို ဘယ်လိုဟောပါသလဲဆိုလျှင်....

ဒွေ မေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန နသေဝိတဗ္ဗာ-တဲ့။

ဘိက္ခဝေ၊ ငါ၏ချစ်သား ရဟန်းများတို့၊ ပဗ္ဗဇိတေန၊ ရှင်,ရဟန်းပြုတဲ့သူသည်။ ဣမေ ဒွေ အန္တာ၊ ဤအယုတ်တရား နှစ်ပါးတို့ကို။ န သေဝိတဗ္ဗာ၊ တရားယောင်ယောင်နှင့် အမှားဆောင်ကာ နားယောင် လိုက်စားခြင်းမပြုကြရဘူးတဲ့၊ ကြားလား-ဒကာစိန်။

မှန်ပါ့ဘုရား။

အယုတ်တရား နှစ်ပါးဆိုတာက....

(၁) ကာမသုခလ္လိကာနုယောဂ-ကာမဂုဏ် ချမ်းသာတို့၌ အမြဲခံစားနေမှုသဘောကို ဆိုတယ်။ အဲသလို ကာမဂုဏ်စည်းစိမ်တွေကို ခံစားနေလျှင်လဲ အယုတ်တရားဘက်ကို ပါနေတာပဲ။ ပီးတော့....

(၂) အတ္တကိလ မထာနုယောဂ-ဒါက-မိမိကိုယ်ကို ပင်ပန်းအောင် ရေမျှောခြင်း, မီးကင်ခြင်း, အစာမစားခြင်းစတဲ့ ကျင့်ကြံမှုသဘောတွေကို ဆိုတယ်။ အဲသလို ကိုယ်ပင်ပန်းအောင် ကျင့်ကြံတဲ့ တိတ္ထိတို့၏အကျင့်မျိုးတွေကို လိုက်နေလျှင်လဲ အယုတ်တရားဘက်ကိုပါနေတာပဲ။ အဲဒီ အယုတ်တရား နှစ်ပါးတို့ကို။ နသေဝိတဗ္ဗာ၊ တရားယောင်ယောင်နှင့် အမှားဆောင်ကာ နားယောင် လိုက်စားခြင်း မပြုကြရဘူး-တဲ့။

အဲသလို အယုတ်တရားနှစ်ပါးတို့ကို မကပ်ရောက်မူ၍ မဇ္ဈိမပဋိပဒါခေါ်တဲ့ အလယ်အလတ် ကျင့်စဉ်လမ်းကို ကျင့်မှသာလျှင် သစ္စာလေးပါး တရားကို ပိုင်းခြား၍ သိမြင်နိုင်တယ်။

အဲဒီ မဇ္ဈိမပဋိပဒါခေါ်တဲ့ အလယ်အလတ် ကျင့်စဉ်ဆိုတာက ဘာလဲဆိုလျှင် မဂ္ဂင်ရှစ်ပါးပဲတဲ့။ ဒါ့ကြောင့်....

ကတမာစ သာ ဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ၊ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။

အဲသလို ဓမ္မစကြာတရားတော်နှင့်တကွ တရားတော်အရပ်ရပ်ကို နေ့ညဉ့် မလပ် မပြတ်ဟောကြားတော်မူ၍ ဝါတော် ၄၅-ဝါ၊သက်တော် ၈၀-ပြည့်တဲ့ အခါမှာ ကုသိနာရုံပြည် မလ္လာမင်းတို့၏အင်ကြင်းဥယျာဉ်သို့ကြွတော်မူပြီးလျှင် အင်ကြွင်းပင်ပျို အစုံတို့၏အကြား ခင်းထားအပ်သော ညောင်စောင်း ထက် ၌ မြောက်သို့ ဦးခေါင်းမူကာ လကျ်ာနံစောင်းဖြင့် လျောင်းတော်မူနေတယ်တဲ့။ အဲဒီအခါ နောက်ဆုံးပိတ်အားဖြင့် ဆုံးမ မိန့်မှာတော်မူခဲ့တဲ့ စကားကတော့....

ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊ ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ။

အဲသလို ဆုံးမ မိန့်မှာတော်မူပြီးနောက် ၎င်းညောင်စောင်းပေါ်၌ပင် လျောင်းလျက် လုံးဝ စကားမပြောတော့ပဲ မဟာသက္ကရာဇ် ၁၄၈-ခု၊ ကဆုန်လပြည့် အင်္ဂါနေ့တွင် ပရိနိဗ္ဗာန် ဝင်စံတော်မူပါတယ်။ ဒါကြောင့်....

တရားနတ်စည်၊ ဆော်ရွမ်းလည်က၊ သုံးမည်ဘုံသိုက်၊ တသောင်းတိုက် ဝယ်၊ ကျွတ်ထိုက်သသူ၊ နတ်၊ လူ၊ ဗြဟ္မာ၊ သတ္တာဝါကို၊ခေမာသောင်သို့၊ ဖောင်ကူးတို့ဖြင့်၊ဆောင်ပို့ပြီးခါ၊ ဝါလေးဆယ့်ငါး၊သက်ကားရှစ်ဆယ်၊ စုံပြည့်ကြွယ်က၊ ရာလေးဆယ့်ရှစ်၊သက္ကရာဇ်ဝယ်၊ နယ်မလ္လာတိုင်း၊စံနိုင်းမယုတ်၊ကုသိန္နာရုံ၊အင်ကြင်းစုံ၌၊ ကဆုန်လပြေ့၊အင်္ဂါနေ့ဝယ်၊ချမ်းမြေ့နိဗ္ဗူ၊ စံတော်မူသည်....

လို့ လယ်တီဆရာတော်ကြီးက ရေးစပ်တော်မူခဲ့ပါတယ်။

အဲသလို မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် မလ္လာမင်းတို့သည် အလောင်းတော်ကို ပန်း၊နံ့သာ စသည်တို့ဖြင့် ပူဇော်၍ တရားသံဝေဂ သီချင်းများကို ရွတ်ဆိုလျက် (၇)ရက်ပတ်လုံး "သာဓုကီဠန" သဘင် ဆင်ယင်ကျင်းပကြတယ်တဲ့။

ထို့နောက် မီးသင်္ဂြိုဟ်ဖို့ရာ မလ္လာမင်းတို့ ပြုလုပ်ထားတဲ့ "မကုလဗန္ဓန" ခေါ်တဲ့အရပ်သို့ အလောင်းတော်ကို ယူဆောင်ပြီးလျှင် စန္ဒကူးနံ့သာ ထင်းပုံ ထက်သို့ တင်ထားကြတယ်။

ထိုအခါ မည်သူမျှ မီးမရှို့ရပဲ မြတ်စွာဘုရား၏ သက်တော်ရှိစဉ် က မိန့်ဆိုတော်မူချက်ကြောင့် သူ့အလိုလို တေဇောဓာတ်လောင်၍၊(၇)ရက်ကြာ လျှင် အားလုံးငြိမ်းအေးပြီး ဓာတ်တော်များ ရှစ်စိတ်သား၊လောက် ကျန်ရစ်ခဲ့

တယ်တဲ့။ ထိုတေဇောခတ်လောင်၍ ခတ်တော်များ ကျန်ရစ်ခဲ့တဲ့နေ့ကို တနင်္ဂနွေနေ့လို့ မှတ်ရမယ်။ ဒါ့ကြောင့်....

နိဗ္ဗူစံပြီ၊ ရှုမအီသာ၊ သိင်္ဂီရွှေလှော်၊ အလောင်းတော်ကို၊ ထိုရော်ကဆုန်၊ လဆုတ်ကြုံ၍၊ ဂဠုန်နေ့ဝယ်၊ ခိုးငွေ့မနှော၊ ခတ်တေဇောလျှင်၊ ရှင်စောဉာဏ်စက်၊ မိဌာန်ချက်ဖြင့်၊ သျှံတက်ကော်ရော်၊ မီးပူဇော်သည်၊ မွေတော်ရှစ်စိတ်၊ ကြွင်းတယ်ကို–လို့ လယ်တီဆရာတော်ကြီးပင် ရေးစပ်တော်မူခဲ့ပါတယ်။

ကိုင်း....ဟောဒီနေရာမှာ တို့-ဒကာ, ဒကာမတွေ ဗုဒ္ဓဝင် အကျဉ်းချုပ်ကလေးကို မှတ်သားရအောင် (မ-သိ-ကြ-လျှင်-တွေး-ဆ-ဦး) ဆိုတဲ့ ဘုရားကိုယ်တော်မြတ်ကြီး၏ အစဉ်တော်ကို (ဘုန်းကြီး) ကဗျာစီ၍ ချပေးမယ်၊ လိုက်ဆိုကြ။

၁။ လောင်းတော်ညွန့်ဖူး–ကွန့်မြူးဉာဏ်ယဉ်၊
တုသိမြနန်း–ကြွလှမ်းစံစဉ်။
ဖြဟ္မာ,နတ်များ–ညွတ်တွားပန်ဆင်၊
နေ့ကြွက်မင်း–သက်ဆင်း သန္ဓေယှဉ်။ (မ)

၂။ သုဒ္ဓေါ်မင်းမြတ်–နှင်းအပ်ဒေဝီ၊
မာယာမယ်ဘွား–နွယ်အားသာကီ။
ဝမ်းတော်လွယ်ရ–ဆယ်လကြာရှည်၊
ပူးမင်းနေ့–ဖွား၍ အောင်သံချီ။ (သိ)

၃။ သွင်မူချောလျှပ်–သောင္ဃသ်ချိန်ညီ၊
ယသော်နုထွား–စုလျှားပြိုင်ပြီ။
ရာဟုသားမြတ်–ဖွားလတ်ပြန်သည်၊
ကျားမင်းရက်–တောထွက် နော်မာဆီ။ (ကြ)

၄။ ဥရုဝေဠ–ဟေမမြိုင်ပေါ်၊
ခြောက်နှစ်ကျင့်သုံး–မြင့်ဘုန်းအမော်။
သစ္စာဖွင့်ပွဲ–တင့်ကဲအောင်သော်၊
ဆင်မင်းနေ့–မမေ့ မှတ်ဖို့နော်။ (လျှင်)

၅။ ဗာရာဏသ်–တောတန်းမြိုင်ဘွေ၊
မိဂဒါဝုန်–ခေါ်ပြဋ္ဌာနေ။
ပဉ္စဝဂ်ပေါင်း–ထပ်လောင်း ဒေဝေ၊
ဓမ္မာစက်–ဟောမြွက် နေ့စနေ။ (တွေး)

၆။ မလ္လာမင်းတို့-အင်ကြင်းမြိုင်ယံ၊
အားတော်ခွေလျ-ကြွေကျပုံဟန်။
ငိုပွဲ ယိုပွဲ-ပြိုလဲဆူညံ၊
အင်္ဂါနေ့-ပြောင်းရွှေ ပြည်နိဗ္ဗာန်။ (ဆ)

၇။ နံ့သာကျောင်းသို့-အလောင်းတင်ပြန်၊
တေဇောရှိန်လင်း-ထိန်ဝင်းတောက်လျှံ။
မြတ်အလောင်းမှ-ဓာတ်ပေါင်းတော်ကျန်၊
ဂဠုန်နေ့-ကြုံတွေ့ တေဇောသံ။ (ဉီး)

အဲသလို မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူးပြီးနောက် ခုတိုင်ရောက်အောင် လူတွေ့ နတ်တွေ့ သတ္တဝါတွေ ကိုးကွယ် ပူဇော်ရအောင် ကိုယ်စားထားတော်မူခဲ့တဲ့ စေတီတော်များကတော့ ၄-မျိုးရှိတယ်၊ ဘယ်ဟာတွေလဲလို့ဆိုလျှင်....

၁။ ဓာတုစေတီ၊

ဓာတုစေတီဆိုတာက ဘုရားကိုယ်တော်မြတ်ကြီးမှ ကြွင်းကျန်ရစ်ခဲ့တဲ့ ရှစ်စိတ်သားလောက်ရှိသော ဓာတ်တော်၊ မွေတော်တွေကို ဆိုတယ်။

၂။ ဓမ္မစေတီ၊

ဓမ္မစေတီဆိုတာ''ယော ဝေါ အာနန္ဒ မယာ ဓမ္မော ဝိနယောစ ဒေသိတော ပညတ္တော၊သော ဝေါ မမစ္စယေန သတ္ထာ''လို့မဟာပရိ နိဗ္ဗာနသုတ်၌ ဟောတော်မူထားတဲ့အတိုင်း သုတ်၊ ဝိနည်း၊ အဘိဓမ္မာဆိုတဲ့ ပိဋကတ်တော်ကြီးများကို ဆိုတယ်။ ၎င်းပိဋကတ်တော်များဟာ ဘုရားကိုယ်တော်ကြီး၏ ကိုယ်စားတော်တွေ ဖြစ်တယ်။

၃။ ပရိဘောဂစေတီ၊

ပရိဘောဂစေတီ ဆိုတာကတော့ မဟာဗောဓိပင်၊ စေတီတော်စသည်တွေကို ဆိုတယ်။ ပြီးတော့....

၄။ ဥဒ္ဒိဿစေတီတဲ့၊

ဥဒ္ဒိဿစေတီ ဆိုတာက ရုပ်ပွားတော်၊ ဆင်း တု တော် များ ကို ဆိုတယ်။

ဒါကြောင့် ကလိင်္ဂဗောဓိဇာတ်၌ အရှင် အာနန္ဒာအား ဘုရား ဟောခဲ့သည်မှာ....

စတ္တာရိမာနိ အာနန္ဒ စေတိယာနိ၊ ကတမာနိ စတ္တာရိ၊ ဓာတုစေတိယံ, ဓမ္မစေတိယံ, ပရိဘောဂိယံ, ဥဒ္ဒိဿကံ။ ဣမာနိ ခေါ အာနန္ဒ စတ္တာရိ စေတိယာနိ။

အာနန္ဒ၊အာနန္ဒာ။စေတိယာနိ၊စေတီတို့သည်။ဣမာနိစတ္တာရိ၊ဤ၄-မျိုးတို့ပေတည်း။ ကတမာနိ စတ္တာရိ၊ အဘယ် ၄-မျိုးတို့ ဟူမူကား။ ဓာတုစေတိယံ၊ ဓာတုစေတီရင်း။ ဓမ္မစေတိယံ၊ ပိဋကတ်တော် တည်းဟူသော ဓမ္မစေတီရင်း။ပရိဘောဂိယံ၊ ဗောဓိပင်စသော ပရိဘောဂစေတီရင်း။ ဥဒ္ဒိဿကံ၊ ရုပ်ပွားဆင်းတု တည်းဟူသော ဥဒ္ဒိဿစေတီရင်း။ အာနန္ဒ၊အာနန္ဒာ။စေတိယာနိ၊စေတီတို့သည်။ ဣမာနိ ခေါ စတ္တာရိ၊ ဤ ၄-မျိုးတို့ပေတည်း။

ယခုအခါ၌ကား ဘုရားကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန်ဝင်စံတော်မူသွားပေပြီ၊ ဤကိုယ်တော်စား ထားတော်မူခဲ့တဲ့ စေတီ ၄-မျိုးကိုသာ သက်တော်ထင်ရှား ဘုရားကိုယ်တော်မြတ်ကြီးကို ရည်မှန်း၍ ကိုးကွယ် ဆည်းကပ်ကြရပေတယ်။ ပန်း,ဆီမီး စသော လှူဒါန်းဖွယ်ရာများကို လှူဒါန်းပူဇော်ကြရပေတယ်။

ဟောဒီနေရာမှာ ဘုရားကိုးကွယ် ဆည်းကပ်နည်း,ပူဇော်နည်းများကိုလဲ သိသင့်ပါတယ်။

တချို့ပုဂ္ဂိုလ်များက ဘုရားဆိုလျှင် ဂုဏ်တော် ကိုးပါးရှိမှ ဘုရားအမှန်ဖြစ်တယ်၊ ဂုဏ်တော်ကိုးပါးမရှိလျှင် ဘုရားမဟုတ်ဘူး၊ ဘုရား မဟုတ်တာကို ဘုရားလုပ်၍ ကိုးကွယ်နေလျှင် အကျိုးမရှိဘူး၊ရုပ်ပုံ, ရုပ်တုဖြစ်တဲ့စက္ကူ,မြေကြီး, သစ်သား,ကျောက်, ကြေး-တို့၌ ဘုရားဂုဏ်ဟူ၍ ဘာမျှမရှိဘူး၊ထို့ကြောင့် ၎င်း ရုပ်ပုံ, ရုပ်ပွားတို့ကို ကိုးကွယ်နေခြင်းသည် ဘာမျှ အကျိုးမရှိ၊ လှူဒါန်းပူဇော် နေခြင်းသည်လည်း ဘာမျှအကျိုးမရှိဟု ဆိုကြတယ်၊ အသုံးအနှုန်းဟာ အလွန်ကြောက်စရာကောင်းတယ်နော်၊ စဉ်းစားကြရမယ်၊ ကြားလား။

မှန်ပါ့ဘုရား။

ဟောဒီ နေရာမှာ ထို ရုပ်ပုံ, ရုပ်ပွားများပင်လျှင် မယ်မာယာ၏သား သိဒ္ဓတ်မင်းမှဖြစ်တဲ့ ဘုရားစစ်ဖြစ်တယ်။ထိုအုတ်,မြေ,သစ်သား,ကျောက်,ကြေးများသည်ပင်လျှင် ဘုရားစစ်ပဲလို့ မှတ်ယူပြီး ကိုး ကွယ် သော သူ တို့ အဖို့မှာသာ ပြောဆိုစရာ ရှိပါတယ်။

ယခုအခါ ရုပ်ပုံ, ရုပ်ပွားတော်, စေတီ, ပုထိုးတော်များကို ကိုးကွယ်တဲ့ သူအပေါင်းတို့မှာ ဘုရားအစစ်ကား ဟို-ကပိလဝတ်ပြည်သာ[illegible]ိုးသုဒ္ဓေါဒနနှင့် မယ်မာယာတို့မှမွေးဖွား၍ သိဒ္ဓတ်မင်းမှဖြစ်၍ ဂေါတမ[illegible]တဲ့ ဘုရားသည်သာလျှင် ဘုရားရတနာ, ဘုရားအစစ်ဖြစ်တယ်ဆိုတာနှင့် ဒီ သစ်သား, ကျောက်, ကြေးတို့ကိုထုလုပ်ထားတဲ့ဘုရားဟာ ထိုကဲ့သို့ မယ်မာယာက မွေးတာမဟုတ်ဘူး

ဆိုတာရှင်းရှင်းကြီး သိပြီးသူများသာ ဖြစ်ကြပါတယ်။ ဂုဏ်တော်ကိုးပါး ဆိုတာလဲ မယ်မာယာကမွေးတဲ့ ဘုရားအစစ်မှာသာ ရှိတယ်ဆိုတာ သိရှိပြီးသား ဖြစ်ကြပါတယ်။

ထို မယ်မာယာက မွေးဖွားတဲ့ ဂေါတမ အမည်ရှိတဲ့ ဘုရားအစစ်၏ရုပ်ပုံတော်, သဏ္ဌာန်တော်များကို ပရိနိဗ္ဗာန်စံသွားတဲ့အတွက် ဖူးမြင်ခွင့်မရကြသောကြောင့် ထို ဘုရားအစစ်၏ ရုပ်ပုံတော်များနှင့် အသွင်တူ ရုပ်ပွားဆင်းတုတော်များကို အလွန်ဖူးမြင်လိုကြပေတယ်၊ ဖူးမြင်ကြရတဲ့အခါမှာလဲ ထို ဖူးမြင်ရတဲ့ သူတို့၏စိတ်မှာ မယ်မာယာ၏သား ဘုရားအစစ်ဖြစ်တဲ့ မြတ်စွာဘုရားသို့ ကျအောင် ဆိုက်ရောက်သွားကြပါတယ်။

ဥပမာအားဖြင့် ဘယ်လိုလဲဆိုရင် လောကဌ် ဤမည်သော ပုဂ္ဂိုလ်သည် အလွန် သီလဂုဏ် ကြီးမြတ်သတဲ့၊ သမာဓိဂုဏ် ကြီးမြတ်သတဲ့၊ အလွန်ပညာကြီးသတဲ့ဟု ကြားသိရလျှင် ထိုပုဂ္ဂိုလ်ကို အလွန် ကြည်ညိုတဲ့စိတ် ဖြစ်ကြပါတယ်၊ မြင်ချင်တဲ့စိတ် အလွန် ဖြစ်တတ်ကြပါတယ်၊ မမြင်ရလို့ရှိလျှင် ဓာတ်ပုံများကို ဝယ်ယူ၍ သင့်ရာ၌ထားပြီးတော့ ကြည်ညိုတတ်ကြပါတယ်။

ထို ကြည်ညိုတဲ့သူ, ဓာတ်ပုံကို မြင်ရတဲ့သူတွေမှာ ဓာတ်ပုံဟာ ထိုပုဂ္ဂိုလ် မဟုတ်ဘူး၊ ထိုပုဂ္ဂိုလ်၏ ရုပ်ပုံသဏ္ဌာန်ပဲဆိုတာကို သိရှိကြသည့်ပြင် စိတ်မှာလဲ ထိုဓာတ်ပုံမျှသာ မကပဲနှင့် အော်-ထိုပုဂ္ဂိုလ်ဆိုတာ ဒီလိုပဲလို့ မူလပုဂ္ဂိုလ်စစ် ကျအောင် စိတ်ရောက်ကြပါတယ်။ ဒီနေရာမှာလဲ အဲသလိုပဲ ရုပ်ပွားတော်, ဆင်းတုတော်ကို ဖူးမြင်ရလျှင် အော်-မယ်မာယာ၏သား ဘုရား အစစ်ဟာ ဒီလိုပါပဲလို့ ဘုရားအစစ်ကျအောင် စိတ်ရောက်ကြပါတယ်။ ရှုတ်ဆို၍ ရှိခိုးတဲ့ ဂုဏ်တော်တွေဟာလဲ ဘုရားအစစ်မှာသာ ရှိတယ်ဆိုတာ သိရှိကြပါတယ်။ထို့ပြင် ဓာတုစေတီ, ဓမ္မစေတီ, ပရိဘောဂစေတီတို့ကို ကိုးကွယ်ပူဇော်ရာ၌လဲပဲ ဤနည်းတူ ဘုရားအစစ်ကျအောင် စိတ်ရောက်၍ ဘုရားစစ်ကိုပင် ကိုးကွယ်ပူဇော်ရာရောက်ပါတယ်။

ဒါဖြင့် ဘုရားစစ်ကျအောင် စိတ်ရောက်လို့ရှိလျှင် ဒီ ရုပ်ပုံတော်, ရုပ်ပွားတော်, ဆင်းတုတော်, စေတီတော်တို့ကို ဘာပြုလို့ထားနေသေးတုံး၊ဘုရားစစ်ကို စိတ်ဖြင့်မှန်းဆ၍ ကိုးကွယ်ပူဇော်ပါတော့လားလို့ ပြောဆိုစရာရှိပါတယ်။

ဒါကတော့ ဒီလိုတဲ့၊ဓာတ်ပုံတော်, ရုပ်ပုံတော်, ဆင်းတုတော်, စေတီတော် စသည်တို့ကို မထားပဲနှင့် မြတ်စွာဘုရား၏သဏ္ဌာန် ကို စိတ်မနေ့ထဲတွင်မှန်းဆ၍ ကြည်ညိုရခြင်းသည် အလွန်မှေးမှိန်ပါတယ်။ အဲသလို အလွန်မှန်းဆ၍ကြည်ညို ရတာထက် မှန်ကား၌ မြတ်စွာဘုရားပုံတော်ကို ရေးသား၍ ကြည်ညိုရတာက အဆတရာမကအောင် စိတ်အားကောင်းပါတယ်၊စဉ်းစားကြည့်ကြပါ၊ပိတော့-

ထိုမှန်ကားက ခေတ်ပုံကက်ပင် အုတ်ရိုး ရုပ်ပုံတော်, သစ်သားရုပ်ပုံတော်, ကျောက်ဆင်းတုတော်တို့ကို ဖူးမျှော်ရခြင်းသည် အဆ အရာမက စိတ်အား ကောင်းပါသည်။

ဒီနေရာမှာ ထို ရုပ်တုတော်များသည် မြတ်စွာဘုရား သဏ္ဍာန်တော်နှင့် စပ်လျက်ရှိနေတဲ့အတွက် ထိုရုပ်ပုံများကို မြင်သည်နှင့်တပြိုင်နက် ဘုရား-ဘုရား ဟု ဘုရားစစ်ကို အာရုံပြုသောစိတ်ဟာ ထင်ရှားစွာ ဖြစ်ပေါ်လာပါတယ်။

အဲသလို မြတ်စွာဘုရားကို အာရုံပြု၍ အားကောင်းစွာ ဖြစ်ပေါ်လာတဲ့ ကုသိုလ်စိတ်ဟာ ဘဝသံသရာများ၌ လူ့ချမ်းသာ,နတ်ချမ်းသာတို့ကိုပေးစွမ်းနိုင်ပါတယ်။ ရုပ်ပွားဆင်းတုတော်များကို ဝတ်နိဗဒ်ထား၍ အမြဲပူဇော်သူတို့မှာ နောင်ဘဝများစွာလည်း မရဏာသန္နဇောမှာ အခွင့်သာတိုင်း ထင်လာတတ်ပါတယ်။ ထင်လာလျှင်လဲ "ဗုဒ္ဓဿ ပူဇံ မဟာတေဇဝန္တော" ဆိုတဲ့ အကျိုးတွေကို ရနိုင်ပါတယ်။

အကုသိုလ်ကံတပါးကြောင့် အကယ်၍ ငရဲသို့ပင် ကျရောက်သွားစေကာမူ ထိုရုပ်ပွားဆင်းတုတော်များသည် ငရဲမှာ မရဏာသန္နအခါ ထင်လာ တတ်ပါတယ်၊ထင်လာလျှင်လဲ ငရဲကလွတ်၍ လူ့ဘုံ,နတ်ဘုံ ရောက်စေတတ်ပါတယ်၊ ငရဲမင်းကြီးတို့ စစ်ဆေးတဲ့အခါ ထင်လာလျှင်လဲ ငရဲကလွတ်၍ လူ့ဘုံ,နတ်ဘုံ ရောက်နိုင်ပါတယ်။

ကျမ်းဂန်များ၌လဲ ရုပ်ပွားဆင်းတုတော် စသည်များကို လှူဒါန်းပူဇော်လျှင် ဘုရားကိုလှူဒါန်းပူဇော်သည်မည်ကြောင်းနှင့် ရုပ်ပွားဆင်းတုတော်များကို လှူဒါန်းပူဇော်ရာ၌ သက်တော်ထင်ရှား ဘုရား ကိုယ်တော်မြတ်ကြီးနှင့် မခြား စေတနာတူမျှလျှင် အကျိုးပေးမှာလဲ အတူတူ ခံစား, စံစားရကြောင်းများ သို့ကလို လာရှိပါတတ်။ ဒါ့ကြောင့် အဂ္ဂုတ္တိုရ် အဋ္ဌကထာ၌....

> ပရိနိဗ္ဗုတဉ္စ ဘဂဝန္တံ ဥဒ္ဒိဿ ဓာတုစေတိယာဒိကေ ပစ္စယေဟိ ဥပဋ္ဌ ဟန္တာ ပူဇန္တာ သက္ကရောန္တာ ဗုဒ္ဓေ ဒါနံ ဒဒန္တိနာမ။
>
> လို့ မိန့်ဆိုထားပါတယ်။

ထို့ပြင် ၁ဂဂ (တရာ ရှစ်ဆယ့်ရှစ်) ကမ္ဘာထက်တုန်းက ပွင့်တော်မူတဲ့ အတ္ထဒဿီ အ ညတော်ရှိတဲ့ ဘုရားကိုယ်တော် ပရိနိဗ္ဗာန်စံပြီးတဲ့နောက် တပည့် သာဂရဒေဝလို့ခေါ်တဲ့ ရဟန္တာတပါးက ယက္ခဒေဝမည်တဲ့နတ်မင်းအားရုပ်ပွား ဆင်းတုတော်များနှင့် သက်တော်ထင်ရှားရှိသောဘုရားအား ပူဇော်ရခြင်းသည် စေတနာတူလျှင် အကျိုးတူကြောင်းကို အပဒါန်ပါဠိတော်၌ "သမေ စိတ္တံ ပသာဒမှိ၊ သမံ ပုညံ မဟဂ္ဂတံ" လို့ ဟောထားပါတယ်။

ထိုပြင် ဘုရားကိုယ်မြတ်တော်ကြီးကိုယ်တော်တိုင် ဝိမာနဝတ္ထုပါဠိတော်ကြီးမှာ ဟောတော်မူထားတာက....

တိဋ္ဌန္တေ နိဗ္ဗုတေစာပိ၊ သမေ စိတ္တေ သမံ ဖလံ။
စေတောပဏိဓိ ဟေတူဟိ၊ သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ။

တိဋ္ဌန္တေစ၊ သက်တော်ထင်ရှားရှိတဲ့ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး၌ ၎င်း။ နိဗ္ဗုတေစာပိ၊ ပရိနိဗ္ဗာန်စံတော်မူပြီးသော မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး၌၎င်း။ (ဝါ) ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ကျန်ရစ်ခဲ့တဲ့ စေတီ(၄)မျိုး၌ ၎င်း။စိတ္တေ၊ကြည်ညိုတဲ့စိတ်သည်။ သမေ၊ တူမျှသည်ရှိသော်။ သမံ၊ တူမျှသော။ ဖလံ၊ အကျိုးသည်။ ဟောတိ၊ ဖြစ်၏။ စေတောပဏိ ဓိဟေတူဟိ၊ စိတ်ထားကောင်းခြင်းတည်းဟူသော အကြောင်းတို့ကြောင့်သာလျှင်။သတ္တာ၊သတ္တဝါတို့သည်။ သုဂ္ဂတိံ၊ သုဂတိဘုံဘဝသို့။ ဂစ္ဆန္တိ၊ သွားကြလေကုန်တော့သတည်း။

အဲသလို ကျမ်းဂန်အတန်တန်တို့က ရုပ်ပွားဆင်းတုတော်များကို ကိုးကွယ်ပူဇော်လျှင် အကျိုးရှိတယ်လို့ ဆိုထားပါလျက်၊ ဘုရားရုပ်ပုံတော်,ဆင်းတုတော်စသည်တို့ကို ကိုးကွယ်မှုဟာ အကျိုးမရှိဟု ဆိုတဲ့သူများမှာ အကုသိုလ်တရား ဘယ်မျှလောက်ကြီးတယ်ဆိုတာ ဆိုဖွယ်ရာမရှိပါဘူး။ "ဗုဒ္ဓဂုဏော အနန္တော" စသည်ဖြင့် လာတဲ့ ဗုဒ္ဓဂိုဏ်း, ဓမ္မဂိုဏ်း, သံဃဂိုဏ်း, အမိ-အဖဂိုဏ်း, ဆရာဂိုဏ်း ဆိုတဲ့ ဂိုဏ်း(၅)ပါးတို့တွင် ဗုဒ္ဓဂိုဏ်းသင့်သူလို့ခေါ်ရမယ်၊ ဗုဒ္ဓစိမ်ရေ, ဓမ္မစိမ်ရေ စသည်ဖြင့်လာတဲ့ စိမ်ရေကြီး(၅)ပါးတို့တွင် ဗုဒ္ဓစိမ်ရေ သင့်တဲ့သူလို့ ခေါ်နိုင်တယ်တဲ့။

ထိုသူသည် ထိုစကားကို ကိုယ်ရေစိတ်ပါ တွင်ကျယ်စွာပြောဆိုလို့ရှိလျှင် ယခုဘဝ၌ပင် သူနာကြီး,ပန်းနာကြီးစသော အနာဆိုး,ရောဂါဆိုးကြီးများနှင့်လဲ တွေ့ရတတ်တယ်။ သေခါနီးမှာလဲ မမြင်ဝံ့အောင် ဖောက်ပြန်၍ သေရတတ်တယ်။ သေသောအခါမှာလဲ (ငရဲသို့ ကျရတတ်တယ်)၊ သို့အတွက် သတိကြီးစွာထားကြရမယ်၊ ကြားလား။

မှန်ပါ့ဘုရား။

ယခု ဘုရားဒကာ, ဘုရားအမဖြစ်ကြတဲ့ သူတော်ကောင်းတို့လဲပဲ ဘုရားကိုယ်တော်မြတ်ကြီး၏ ကိုယ်စားဖြစ်တဲ့ စေတီ (၄) မျိုးဘို့တွင် ထိုက်သင့်သလို ငွေအသပြာ အကုန်အကျခံပြီးလျှင် ပူဇော်ကြပေတယ်။ အဲသလို ပူဇော်ကြပြီးနောက် အနေကဇာတင်ပွဲကိုလဲ ပြုလုပ်ကြပေတယ်။အနေကဇာတင်တယ်ဆိုတာကတော့ ဘုရားကိုယ်တော်မြတ်ကြီး ဘုရားဖြစ်စက ဥဒါန်း ကျူး တော် မူတဲ့ ဂါထာများကို ဘုရားကိုယ်တော်မြတ်ကြီး၏ ကိုယ်စားဖြစ်တဲ့ စေတီ, ရုပ်ပွား,

ဆင်းတုတော်များရှေးမှောက်၌ ဘုရားကိုယ်တော်မြတ်ကြီး ဥဒါန်းကျူးသလိုပဲ၊ ဘုရားကိုယ်တော်မြတ်ကြီး၏ကိုယ်စား ရဟန်းတော်များက ရွတ်ဆိုဥဒါန်းကျူးကာ ပူဇော်ကြတာကို ဆိုလိုပါတယ်။ တနည်းအားဖြင့် ရုပ်ပွား ဆင်းတုတော် စသည်များကို ဘုရား "အဘိသိက်" မြှောက်ကြတာပါပဲ။ ဒါကတော့ ဒီလို အဘိသိက်ပင်မမြှောက်သော်လဲ ထိုရုပ်ပွားဆင်းတုတော်များကို ဘုရားကိုယ်စား ကိုးကွယ်ပူဇော်ကြရမှာချည်းပါပဲ။ အနေကဇာတင်ခေါ်တဲ့ အဘိသိက်မြှောက်မှု မမြှောက်မှုဆိုတာကတော့ လိုရင်းမဟုတ်ပါဘူး၊ သို့သော်လဲ ဤကဲ့သို့ ဘုရားကိုယ်တော်မြတ်ကြီး၏ကိုယ်စား အနေကဇာတင် ဂါထာတွေကို ရွတ်ဆိုလိုက်ရ၊ ပူဇော်လိုက်ရသဖြင့် အပြစ်မရှိသည့်ပြင် အကျိုးကိုပင် ရတဲ့အတွက် အနေကဇာတင်မှုဆိုတာ အလွန်သင့်မြတ်တဲ့ အလုပ်ကြီးတခု ဖြစ်ပေတယ်။

ကိုင်း–ကိုင်း....ဒီနေရာမှာ ရုပ်ပွား ဆင်းတုတော် စတဲ့ စေတီလေးမျိုးကို ကိုးကွယ်ပူဇော်တဲ့အတွက် အကျိုးရပုံဝတ္ထုကို ထုတ်ပြဦးမယ်၊ မှတ်ထားနော်။

မှန်ပါ့ဘုရား။

ဝိပဿီမြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူတဲ့အခါတုန်းက အမျိုးသားတယောက်ဟာ ပဒုမ္မာကြာပွင့်ကြီးကို မီးသဂြိုဟ်တဲ့ ထင်းပုံကြီးပေါ်မှာတင်ပြီး လှူခဲ့တဲ့အတွက်ေ့ နတ်စည်းစိမ်ကိုအကြိမ်ကြိမ်ခံစားရပြီးလျှင်အခု(ဘုန်းကြီး)တို့ ဘုရားလက်ထက်မှာ "ပဒုမစ္ဆာဒနိယ မထေရ်" ရယ် ် ထင်ရှားတဲ့ ရဟန္တာတပါး ဖြစ်လာခဲ့ကြောင်းကို ပဒုမစ္ဆာဒနိယ အပဒါန်ပါဠိတော်ကြီး၌ဟောတော်မူထားပါတယ်။

ထို့အပြင်လဲ ပဒုမုတ္တိုရ် ဘုရားလက်ထက်တုန်းက အမျိုးသားတယောက်ဟာ ဗောဓိပင်ခေါ် ပရိဘောဂစေတီကို မီးငါးပွင့်ပူဇော်ခဲ့လို့ လူ့ပြည်,နတ်ပြည်တို့၌ဖြစ်ရပြီးလျှင် ဟော အခု (ဘုန်းကြီး)တို့ ဘုရားလက်ထက်မှာ "ပဉ္စဒီပက မထေရ်ရယ်"လို့ ထင်ရှားတဲ့ ရဟန္တာတပါးဖြစ်လာရကြောင်းကို ပဉ္စဒီပကထေရ အပဒါန်၌ ဟောတော်မူထားပါတယ်။

အဲသလို ဘုရားကိုယ်တော်မြတ်ကြီးတို့၏ ကိုယ်စားဖြစ်တဲ့ စေတီတော်များကို မဆိုထားဘိ၊ ဘုရားအလောင်းဖြစ်တဲ့ မျောက်မင်း၏ ဦးခေါင်းရိုးကို စေတီတည်၍ ကိုးကွယ်ကြတဲ့ ဗာရာဏသီ မြို့သားတွေတောင်မှ နတ်ပြည်သို့ ရောက်ရသေးကြောင်းများကို ဇာတ်တော်၌ လာရှိပါတယ်။

အဲဒါကြောင့် ဘုရားကိုယ်တော်မြတ်ကြီး၏ကိုယ်စားဖြစ်တဲ့ ဓာတုစေတီ, ဓမ္မစေတီ, ပရိဘောဂစေတီ, ဥဒ္ဒိဿစေတီတော်များကို သက်တော်ထင်ရှား ဘုရားကိုယ်တော်မြတ်ကြီးကိုရည်စူး၍ ကိုးကွယ် ပူဇော်ကြ ရတဲ့ သူတို့မှာကား

ပြောစရာမရှိ။ ကြီးကျယ်သောအကျိုးကို ရနိုင်တယ်ဆိုတာ ယုံကြည်သောစိတ်ကို ဖြစ်စေကြရမယ်။

မာနုသိကာစ ။ပ။ တေန လဗ္ဘတိ-တဲ့။

(အနက်ကို အရင်က ပေးခဲ့ပြီ။)

ဤတွင်လည်း တခန်းရပ်၍ အဘိဓမ္မာတပ်ပါလေ။

ဘုရားအနေကဇာတင်တရား အပြီးသတ်ပြီ။

---

## ၇။ ရှင်ပြု-ရဟန်းခံ သာသနဒါယာဒ တရားတော်

တိဝါစံ အတိဂိဇ္ဈိတွာ၊ သမ္ဗုဒ္ဓေါ ဟိတဝါဟကော။

ခေဒံ ဂတော ဝါဟနတော၊ ဒီဃကာလံ ဟိတာဟိတံ။

ဟိတဝါဟကော၊လူ့,နတ်,ဗြဟ္မာ သတ္တဝါဝေနေယျာတို့၏ စီးပွားချမ်းသာကို ရွက်ဆောင်တော်မူတတ်သော။ သမ္ဗုဒ္ဓေါ၊ သမ္ဗုဒ္ဓမည်တွင် တို့-ဘုရားရှင်သည်။ တိဝါစံ၊ ဗုဒ္ဓေါ ဗောဓေယျံ, မုတ္တော မောစေယျံ, တိဏ္ဏော တာရေယျံ-ဟူသော သုံးခွန်းသော မြတ်စကားကို။ အတိဂိဇ္ဈိတွာ၊ အလွန်အကျူး အထူးအားဖြင့် ကြုံးဝါးတော်မူပြီး၍။ ဒီဃကာလံ၊ ကမ္ဘာကမ္ဘေ အသင်္ချေမက ရှည်လျားသော ကာလပတ်လုံး။ ဟိတာဟိတံ၊စီးပွားချမ်းသာ အဖြာဖြာကို။ ဝါဟနတော၊လွန်စွာအားတက်ရွက်ဆောင်တော်မူရခြင်းကြောင့်။ခေဒံ၊ကိုယ်တော်၏ ပင်ပန်းဆင်းရဲခြင်းသို့။ ဂတော၊ ရောက်ခြင်းကြီး ရောက်တော်မူရလေသတည်း။

တေန သစ္စဝစ္စေန၊ ဤသို့ထုတ်ပြန် ဟုတ်မှန်စွာဆိုရတဲ့ သစ္စာစကားကြောင့်။ တုမှေ၊ သင်-တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့သည်။ အရောဂါ၊ ရောဂါမငြိ ဘေးမထိကြကုန်သည်။ ဟောထ၊ ဖြစ်ကြပါစေကုန်သတည်း။ အရောဂါ ဟုတွာ၊ ရောဂါမငြိ ဘေးမထိကြကုန်သည်ဖြစ်၍။ ဓမ္မံ၊ ယခုဟောပြောမဲ့ တရားတော်မြတ်ကို။ သာဓုကံ၊ ကောင်းစွာ။ သုဏာထ၊ နာယူနိုင်ကြပါစေကုန်တည်း။ သုတွာ၊ နာယူနိုင်ကြကုန်သည်ဖြစ်၍။ သုခံ၊ လူ့, နတ်, နိဗ္ဗာန် သုံးတန်သောချမ်းသာကို။ လဘထ၊ ရနိုင်ကြပါစေကုန်သတည်း။

အဲ-ငါတို့ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသည် သတ္တဝါဝေနေယျအများကို လွန်စွာမှ သနားတော်မူလှတဲ့အတွက် ဟို-သုမေဓာ ရှင်ရသေ့ဖြစ်စဉ်တုန်းက ဒီပင်္ကရာရှင်တော်ဘုရားနှင့်အတူ နိဗ္ဗာန်ကို ယူတော်မမူသေးပဲ။

ငါသည် သစ္စာလေးပါးတရားကို သိသလို ဝေနေယျ သတ္တဝါတွေကိုလဲ သစ္စာလေးပါးတရားကို သိစေရမယ်၊ငါသည် သံသရာဝဋ်မှလွတ်မြောက် သလို ဝေနေယျသတ္တဝါတွေကိုလဲ သံသရာဝဋ်မှလွတ်မြောက်စေရမယ်၊ ငါသည် သံသရာပင်လယ်မှ ကူးနိုင်သလို ဝေနေယျ သတ္တဝါတွေကိုလဲ သံသရာပင်လယ်မှ ကူးနိုင်စေရမယ်....

လို့ဆိုတဲ့ သံုးခွန်းသောစကားကို ကြုံးဝါးတော်မူပြီးသကာလ ဝေနေယျ သတ္တဝါတွေအကျိုးငှာ ဒါနစတဲ့ ပါရမီတော်တွေကို ကမ္ဘာကမ္ဘေ အသင်္ချေ မက ဖြည့်ကျင့်တော်မူရတဲ့အတွက် ကိုယ်တော်၏ ပင်ပန်းဆင်းရဲခြင်းသို့ ရောက် တော်မူခဲ့ရပေတယ်။

အဲသလို ပင်ပန်းဆင်းရဲစွာနှင့် ဒါနစတဲ့ ပါရမီတော်တွေကို ဖြည့်ကျင့် တော်မူခဲ့ပြီးနောက် ဘုရားအဖြစ်သို့ရောက်တော်မူတဲ့အခါ၊ထိုဝေနေယျသတ္တဝါ တွေကို သနားတော်မူလှန်းလို့ ထိုဝေနေယျသတ္တဝါတွေ လူ့,နတ်,နိဗ္ဗာန်သုံးတန် သော ချမ်းသာကို ထိုက်သလို ရကြပါစေဟု ဆိုပြီးသကာလ ဒါနကထာလို့ ခေါ်တဲ့ လှူဒါန်းပုံတွေကိုလဲ ဟောကြားတော်မူတယ်။ ပီးတော့ - သီလကထာ ခေါ်တဲ့ သီလဆောက်တည်ပုံတွေလဲကို ဟောကြားတော်မူတယ်။ ပီးတော့-သဂ္ဂ ကထာဆိုတဲ့နတ်ပြည်ချမ်းသာ၏အကြောင်းတွေကိုလဲ ဟောကြားတော်မူတယ်။ ဤသို့အစရှိသည်ဖြင့် သတ္တဝါတို့၏စရိုက်နှင့်လိုက်အောင် အမျိုးမျိုးသောတရား တို့ကို ဟောကြားတော်မူ၍ ကိုယ်တော်၏နောက်သို့ အပါခေါ်တော်မူတယ်။

(ဤက လိုရာကို ဆက်ဟောနိုင်သည်။)

ဤသို့ဟောကြားတော်မူသည်များကို ကြားသိရတဲ့အတွက်ယခုအလှူရှင် အပေါင်းတို့လဲ ဒါနကထာထဲအပါအဝင်ဖြစ်သောရှင်ပြုအလှူကိုပြုလုပ်ဆည်းပူး ကြပေတယ်။အဲဒီနေရာမှာ ယခုအလှူရှင်များရဲ့ကုသိုလ်ကိုရှင်ပြုအလှူကုသိုလ်လို့လဲ ခေါ်တယ်။ပီးတော့-သာသနဒါယဇ္ဇကုသိုလ်လို့လဲခေါ်တယ်။နှစ်မည်ရ,နှစ်ဘွဲ့ခံ အလှူပေါ့လေ။အဲဒီကုသိုလ်ရဲ့အကြောင်းများကို ယနေ့အခြေအမြစ်ကစပြီးတော့ ဟောပြောမယ်၊ အာရုံစူးစိုက်၍ ရိုသေစွာ နာကြနော်။

မှန်ပါ့ဘုရား။

သာသနာတော်ကို ချီးမြှောက်ခြင်းသည် နှစ်မျိုးရှိတယ်၊ ဘယ်လိုလဲ ဆိုလျှင်....

(၁) အာမိသာနုဂ္ဂဟ-တဲ့ ဒါက ဆွမ်း, သင်္ကန်း, ကျောင်း, ဆေးဆိုတဲ့ ပစ္စည်းလေးပါးတို့ဖြင့် ချီးမြှောက်တာကို ဆိုတယ်။

(၂) ဓမ္မာနုဂ္ဂဟ-တဲ့ ဒါက ယခုလို ရှင်ပြုခြင်း, ရဟန်းခံခြင်း, စာအုပ် ခဲတံလှူခြင်း စသည်ဖြင့် ဓမ္မအနေ နှင့် ချီး မြှောက် တာ တွေ ကို ဆိုတယ်။

ဒါကြောင့် အင်္ဂုတ္တိုရ်မှာ ဘုရားဟောတာက....

ဒွေမေ ဘိက္ခဝေ အနုဂ္ဂဟာ၊ ကတမေ ဒွေ၊ အာမိသာနုဂ္ဂဟောစ, ဓမ္မာနုဂ္ဂဟောစ။

ဘိက္ခဝေ၊ ဒကာ, ဒကာမအပေါင်း သူတော်ကောင်းတို့။ အနုဂ္ဂဟာ၊ သာသနာတော်ကို ချီးမြှောက်ခြင်းတို့သည်။ဣမေ ဒွေ၊ အပိုမပွား အတိုအားဖြင့် ဤနှစ်ပါးတို့ပေတည်း။ ကတမေဒွေ၊ အဘယ်နှစ်ပါးတို့လဲလို့ဆိုလျှင်။ အာမိသာနုဂ္ဂဟောစ၊ ဆွမ်း,သင်္ကန်း,ကျောင်း,ဆေးဆိုတဲ့ ပစ္စည်းလေးပါးတို့ဖြင့် ပေးလှူချီးမြှောက်ခြင်းတည်းဟူသော အာမိသာနုဂ္ဂဟရင်း။ဓမ္မာနုဂ္ဂဟောစ၊ရှင်ပြုခြင်း, ရဟန်းခံခြင်း, စာအုပ်-ခဲတံလှူခြင်း, စာပေ ပရိယတ်ကို အားပေး ချီးမြှောက်ခြင်း တည်းဟူသော ဓမ္မာနုဂ္ဂဟရင်း။ ဣမေ ဒွေ၊ ဤ နှစ်ပါးတို့ပင်တည်း။

တနည်းအားဖြင့် အင်္ဂုတ္တိုရ်ပါဠိတော်ကြီးမှာပင် လာပြန်တာကတော့....

ဒွေမာနိ ဘိက္ခဝေ ဒါနာနိ၊ ကတမာနိ ဒွေ၊ အာမိသဒါနဉ္စ ဓမ္မဒါနဉ္စ။

သဘောမှာတော့ အတူတူပါပဲ။

အဲဒီ အနုဂ္ဂဟတရား နှစ်ပါးတို့တွင် ဓမ္မာနုဂ္ဂဟ ဓမ္မဒါနက သာလွန်၍ မြတ်ကြောင်းကို ထပ်၍ဟောတော်မူထားပြန်တယ်။ ဒါကြောင့်....

တေဒဂ္ဂံ ဘိက္ခဝေ ဣမေသံ ဒွိန္နံ အနုဂ္ဂဟာနံ ယဒိဒံ ဓမ္မာနုဂ္ဂဟော။

ဘိက္ခဝေ၊ ဒကာ, ဒကာမအပေါင်း သူတော်ကောင်းတို့။ ဣမေသံ ဒွိန္နံ အနုဂ္ဂဟာနံ၊ဤအနုဂ္ဂဟတရား နှစ်ပါးတို့တွင်။ယဒိဒံ-ယောအယံ ဓမ္မာနုဂ္ဂဟော၊ အကြင် ရှင်ပြုခြင်း, ရဟန်းခံခြင်း, စာအုပ်, ခဲတံ စသည်တို့ကိုလှူခြင်း, စာပေ ပရိယတ်ကို အားပေးချီးမြှောက်ခြင်းဆိုတဲ့ ဓမ္မာနုဂ္ဂဟာသည်။ အတ္ထိ၊ ရှိ၏။ ဧတံ-ဧသော ဓမ္မာနုဂ္ဂဟော၊ ဤ ဓမ္မာနုဂ္ဂဟ ဓမ္မဒါနသည်သာလျှင်။ အဂ္ဂံ-အဂ္ဂေါ၊ လွန်ကဲထူးမြတ်လှလေတော့သတည်း။

ကိုင်း-အခု ရှင်ပြုအလှူအတွက် ရောက်လာပြီနော်၊မှတ်သား၍နာကြားကြရမယ်။

ယခု အလှူရှင် ဒကာ, ဒကာမ အပေါင်းတို့သည် လွန်ကဲ ထူးမြတ်သော ရှင်ပြု အလှူဒါနကြီးကို ပြုလုပ်ကြရပေပြီ၊ ဒီလို ရှင်ပြုလိုက်တယ်, ရဟန်းခံလိုက်တယ်ဆိုတာ သာသနာကိုတိုက်ရိုက်ပြုကာမည်ပါတယ်။ဘာကြောင့်လဲလို့ဆိုလျှင် ယခု မိမိတို့ ရှင်ပြုသားလိုက်, ရဟန်းခံသားလိုက်ဘဲ "ကိုရင်-ဦးပဉ္စင်းများက" သာသနာတော်မှာ ထမ်းဆောင်စရာဖြစ်တဲ့ စာပေ သင်ကြားခြင်း, ပို့ချခြင်း, ကမ္မဋ္ဌာန်းတရား အားထုတ်ခြင်းစသော သာသနာ့ အလုပ်များကို အားထုတ်ကြတော့ သာသနာတော်ကြီးလဲ ကြီးပွားနိုင်တဲ့အတွက်ကြောင့် ဖြစ်ပေတယ်။

ဟောဒီနေရာမှာ ရှင်ပြုခြင်း,ရဟန်းခံခြင်းတို့၏ အချက် ၄-ချက်တို့ကို သေသေချာချာစီစစ်၍ ဟောပြမယ်၊ မှတ်ထားကြနော်။

မှန်ပါ့ဘုရား။

(၁) အချက်က-အလွန်တရာ ရခဲတဲ့ ရှင့်ဒကာ-ရှင့်အမ, ရဟန်းဒကာ ရဟန်းအမအဖြစ်ကို ရခြင်း၊

(၂) အချက်က-သီလကို ပေးလှူသည် မည်ခြင်း၊

(၃) အချက်က-သာသနာ့အမွေကို ခံရခြင်း၊

(၄) အချက်က- သာသန ဒါယဇ္ဇ ကုသိုလ်၏ အကျိုးကို ရခြင်းတဲ့၊ ကြားလား။

မှန်ပါ့ဘုရား။

မှတ်ထားနော်။

၁။ အချက်မှာ ဘယ်အတွက်ကြောင့် ရှင့်-ဒကာ, ရှင့်-အမ, ရဟန်းဒကာ-ရဟန်းအမအဖြစ်ရဖို့ရန် ခဲယဉ်းဝါသလဲ ဆိုရင် ခဲယဉ်းပုံက ဒီလိုပါ၊ လောကဥ္စ ဘုရားအဖြစ်ဆိုတာ အလွန်တရာ ရခဲတယ်လို့ လူတိုင်းသိရှိပြီး ဖြစ်ကြပါတယ်၊ အဲဒီ ဘုရားအဖြစ်ထက်ပင် ယခုလို ရှင်သာမဏေဖြစ်ဖို့ ရဟန်းဖြစ်ဖို့ဆိုတာက သာ၍ပင် ခဲယဉ်းသေးတယ်။

ဒါကြောင့်-ပါရာဇိကဏ်အဋ္ဌကထာကြီး၌-

ဗုဒ္ဓုပ္ပါဒေါ ဟိ ဒုလ္လဘော၊တတော ဒုလ္လဘတရာ ပဗ္ဗဇ္ဇာစ ဥပသမ္ပဒါ။

ဟိ၊ ခဲယဉ်းပုံကို ဆိုလိုက်ပါဦးမည်။ လောကေ၊လောကဥ္စ။ဗုဒ္ဓုပ္ပါဒေါ၊ ဘုရားရှင်တို့၏ ဖြစ်ထွန်းပေါ်ပေါက် ပွင့်တော်မူရခြင်းသည်။ဒုလ္လဘော၊အလွန်တရာမှ ခဲယဉ်းလှပါပေတော့သတည်း။ တတော၊ထိုသို့ဘုရားရှင်တို့၏ ဖြစ်ထွန်းပေါ်ပေါက်တော်မူရခြင်းထက်ပဲ။ ပဗ္ဗဇ္ဇာစ၊ ယခုလိုပဲ ပရိက္ခရာစုံလင်စွာနှင့် ရှင်သာမဏေအဖြစ်ကို ရခြင်းသည်၎င်း။ ဥပသမ္ပဒါစ၊ ဖန်ဝါနီမြန်း အလွန်မြင့်မြတ်တဲ့ ရဟန်းအဖြစ်ကို ရခြင်းသည်၎င်း။ ဒုလ္လဘတရာ၊ သာ၍ပင် ရခဲ၍ အလွန့်အလွန်မှ ခဲယဉ်းလှပါပေတော့သတည်း၊ ကြားလား။

မှန်ပါ့ဘုရား။

အဲဒီဒေသနာရဲ့ အဓိပ္ပါယ်ကတော့ လောကဥ္စ ဘုရားရှင်တို့၏ ပွင့်တော်မူရခြင်းဟာ လွယ်လွယ်ကလေးမဟုတ်ပါဘူး။ လေးသင်္ချေနှင့် ကမ္ဘာတသိန်း, ရှစ်သင်္ချေနှင့်ကမ္ဘာတသိန်း,တဆဲ့ခြောက်သင်္ချေနှင့်ကမ္ဘာတသိန်းကာလပတ်လုံး စွန့်ခြင်းငါးဖြာ, စရိယာသုံးသွယ်, ပါရမီဆယ်ပါး အပြားသုံးဆယ်တို့ကို မနေမနားကြိုးစားအားထုတ်၍ ဖြည့်ဆည်းပူးပါမှသာ ဘုရားအဖြစ်ကို ရတော်မူကြပါတယ်။

အဲသလို ဘုရားရှင်တို့ ပွင့်ဘော်မူပြန်သော်လဲ လူတိုင်း, သတ္တဝါတိုင်း ဘုရားကို ဖူးမြင်နိုင်တာ-တရားနာနိုင်တာမဟုတ်ဘူး။

(၁) ပုဗ္ဗေစ-ကတပုညတာစက်၊
(၂) ပဋိရူပ ဒေသဝါသစက်၊
(၃) သပ္ပုရိသူပနိဿယစက်၊
(၄) အတ္တသမ္မာ ပဏိဓိစက်။

ဤသို့ဆိုအပ်သောစက်ကြီး(၄)ပါးနှင့် ပြည့်စုံပါမှသာ ထိုပွင့်တော်မူတဲ့ ဘုရားရှင်တို့ကို ဖူးမျှော်နိုင်တယ်၊ တရားတော်ကို နာနိုင်တယ်၊ လှူဒါန်းပေးကမ်းနိုင်တယ်၊ ရှင်သာမဏေအဖြစ်, ရဟန်းအဖြစ်သို့ရောက်အောင် ကြိုးစားနိုင်ကြတယ်တဲ့။ သို့အတွက် ဘုရားရှင်တို့ ပွင့်တော်မူရခြင်းထက်ပဲ ရှင်အဖြစ်,ရဟန်းအဖြစ်ကို ရဖို့က သာ၍ပင် ခဲယဉ်းတယ်လို့ အဋ္ဌကထာဆရာကြီးများ ဆိုထားပါတယ်။

အဲသလို ရှင်သာမဏေဖြစ်ဖို့ရာ, ရဟန်းဖြစ်ဖို့ရာတွေက ခဲယဉ်းနေပြန်လျှင်လဲ အဲဒီ ရှင့်ဒကာ-ရှင့်အမဖြစ်ဖို့ရန်နှင့် ရဟန်းဒကာ-ရဟန်းအမဖြစ်ဖို့ရန် ဆိုတော့ သာ၍ပင် ခဲယဉ်းသွားတယ်မဟုတ်လား ဒကာစိန်ရဲ့၊သာ၍ပင် ခဲယဉ်းသွားတော့တာပေါ့။

မှန်ပါ့ဘုရား။

ဒါ့ကြောင့် ရှင့်ဒကာ-ရှင့်အမ, ရဟန်းဒကာ-ရဟန်းအမ ဖြစ်ဖို့ရန်ဟာ အလွန်ခဲယဉ်းတယ်လို့ ဟောခဲ့တာပေါ့။ ဆွဲ ဟောတယ်များ မလင်ကြနဲ့နော်၊ ကျမ်းဂန်နှင့်အညီဟောတာ၊ ယခုတော့ သာသနာတော်တွင်းနှင့်ကလဲကြုံကြိုက်၊ စက်ကြီးလေးပါးနှင့်ကလဲ ပြည့်စုံနေတော့ ရှင်အဖြစ်,ရဟန်းအဖြစ်နှင့် ရှင့်ဒကာ ရှင့်အမ, ရဟန်းဒကာ ရဟန်းအမ လုပ်ရတာ အလွန်လွယ်တယ်လို့ ထင်ရတယ် နော်၊ အကြောင်းပြည့်စုံနေကြလို့နော် မလွယ်ဘူး၊ ကြားလား။

မှန်ပါ့ဘုရား။

တချို့များ ရဟန်းဒကာ-ရဟန်းအမလုပ်ရမှာ ကြောက်တောင်ကြောက်ကြသေးသတဲ့၊ မကြောက်ရဘူးနော်၊ အခွင့်ကောင်း ကြုံကြိုက်နေလို့ ဖြစ်ရတာ၊ ကြားလား။

မှန်ပါ့ဘုရား။

ယခု အလှူရှင်များမှာတော့၊ ငါတို့သည် ခဲယဉ်းတဲ့ ရှင့်အမ-ရှင့်ဒကာ များအဖြစ်ကို လက်ကိုင်ရရှိကြပြီဆိုတာ ဝမ်းမြောက်ကြရမယ်။

အဲသလို ဖြစ်နိုင်ခဲ့တဲ့အလုပ်ကို မိမိတို့ကပြုလုပ်လိုက်ရ၊ ရှင့်ဒကာ-ရှင့်အမ အဖြစ်ကို ခံယူလိုက်ကြရသဖြင့်လဲ နိဗ္ဗာန်မရသေးခင်အကြား ဘဝများ၌ မိမိတို့ အလိုရှိခဲ့လို့ရှိလျှင် ခဲယဉ်းတဲ့ဝတ္ထုပြင်ဖြစ်စေကာမူ လွယ်လွယ်ကူကူနှင့် ရရှိနိုင်လိမ့်မယ်တဲ့။ ဒါကတော့ အဘိဓမ္မာ နည်း အတိုင်း "ကမ္မသရိက္ခက ဝိပါက" အားဖြင့် ရတာပါပဲ။

ဒါကြောင့် အဘိဓမ္မာအဋ္ဌကထာကြီး၌"အပရာပိ ကမ္မသရိက္ခက ဝိပါက ဝသေန ကမ္မနိယမော ဟောတိ"လို့ ဆိုထားပါတယ်။(အနက်ရေးခဲ့ပြီး။)

(၂) အချက်၊ သီလကိုပေးလှူသည်မည်တယ် ဆိုတာကတော့ ယခုအလှူရှင်များက ပရိက္ခရာ စုံလင်စွာနှင့် ရှင်သာမဏေတို ရောက်အောင် ချီးမြှောက်လိုက်ကြတဲ့အတွက် ထို ကိုရင်ကလေးမှာ အနည်းဆုံးအားဖြင့် လိင်(၁၀)ပါး, ဒဏ်(၁၀)ပါး, သေခိယ သိက္ခာပုဒ် (၇၅)ပါး, ခန္ဓကဝတ် (၁၄)ပါး ဆိုတဲ့ သီလတွေဟာ တည်နေပေပြီ။ အကျယ်အားဖြင့်ဆိုလျှင် အဲဒီ ကိုရင်လေးမှာ သိက္ခာပုဒ် တထောင်ကျော်လောက် တည်ပါတယ်။ရဟန်းဘောင်ရောက်အောင် ချီးမြှောက်ရလို့ရှိလျှင် ထိုရဟန်းသစ်ကလေးမှာ အနည်းဆုံး (၂၂၇)ပါးသော သိက္ခာပုဒ်သီလတွေတည်နေပြီ။အကျယ်အားဖြင့်တော့ ထိုရဟန်းသစ်ကလေးမှာ သိက္ခာပုဒ်သီလပေါင်း ကုဋေ(၉)ထောင်ကျော်လောက် တည်ပါတယ်။

အဲဒီကိုရင်ကလေး,အဲဒီရဟန်းသင်ကလေး၏သီလတွေဟာ ဟောဒီအလှူရှင်များက ပေးလှူလိုက်တာပါပဲ။ ဘာ့ကြောင့်လဲဆိုလျှင် ထိုအလှူရှင်များက ပရိက္ခရာစုံလင်စွာနှင့် ရှင်အဖြစ်-ရဟန်းအဖြစ် ရောက်အောင်ချီးမြှောက်လိုက်ကြသောကြောင့် ဖြစ်ပါတယ်။

အဲဒါကြောင့် ထိုအလှူရှင် ဒကာ ဒကာမ များမှာ သဘောအားဖြင့် ဆိုလျှင် ကိုယ်တိုင် သာသနာဘောင်ဝင်၍ ရှင်သာမဏေအဖြစ် ရဟန်းအဖြစ်ကို ပြုလိုက်သကဲ့သို့ ဖြစ်ပါတယ်။ ဒါကြောင့် ဝိနည်း ဝဇိရဗုဒ္ဓိဋီကာကြီးမှာ-

> ဩရသော ပုတ္တော မာတာပိတူဟိ ပဗ္ဗဇိတော စေ၊ အတ္ထတော တေ သယံ ပဗ္ဗဇိတာ ဝိယ ဟောန္တိ။....
>
> လို့ မိန့်ဆိုထားပါတယ်။

မာတာပိတူဟိ၊ အမိ-အဖတို့သည်။ဩရသော၊ရင်၌ဖြစ်သော။ပုတ္တော၊ သား-သမီးကို။စေ ပဗ္ဗဇိတော၊အကယ်၍ ရှင် ရဟန်းပြုခဲ့သည်ဖြစ်အံ့။ဝေသတိ၊ ဤသို့ ရှင်-ရဟန်း ပြုခဲ့လို့ရှိလျှင်။ အတ္ထတော၊ အနက်သဘောအားဖြင့်၊ တေ၊ ထို အမိ-အဖတို့သည်။ သယံ ပဗ္ဗဇိတာဝိယ၊ကိုယ်တိုင်ပင် ရှင်-ရဟန်းဝင်၍ပြုကုန်သကဲ့သို့။ ဟောန္တိ၊ ဖြစ်ကြလေကုန်၏။

အဲဒီအတိုင်း သာသနာတော်အတွင်း ဝင်၍ ကိုယ်တိုင် ရဟန်း မပြုငြား သော်လဲ သား-သမီးများကို ရှင်-ရဟန်းပြုပေးလို့ရှိလျှင် ကိုယ်တိုင် ရှင်-ရဟန်း ပြုရရောက်တော့ အင်မတန် အားတက်စရာကောင်းတယ်နော်။.

မှန်ပါ့ဘုရား။

အဲသလို ရှင်-ရဟန်း ပြုထားတဲ့ သား-သမီးများမရှိတဲ့ သူများမှာတော့ သာသနာတော်ဝယ် ဆောင်ရွက်ဖွယ်ကိစ္စအဝဝကို ကိုယ့်တာဝန်ပဲဟူ၍ မထား ချင်ကြဘူး။ ဒါ့ကြောင့်- ဝိနည်း သာရတ္ထဒီပနီ ဋီကာကြီး၌-

ယေသံ သာသနေ ပဗ္ဗဇိတာ ပုတ္တဓီတရော န သန္တိ၊ န တေ သာသနေ ကတ္တဗ္ဗကိစ္စံ အတ္တနော ဘာရံ ကတွာ ဝဟန္တိ။

လို့ မိန့်ဆိုထားပါတယ်။

ယေသံ၊ အကြင်သူတို့အား။ သာသနေ၊ မြတ်စွာဘုရား သာသနာတော် ၌။ ပဗ္ဗဇိတာ၊ ရှင်-ရဟန်း ပြုကုန်သော။ ပုတ္တဓီတရော၊ သား-သမီးတို့သည်။ န သန္တိ၊ မရှိကုန်။ တေ၊ ထိုသူတို့သည်။ သာသနေ၊ သာသနာတော်၌။ကတ္တဗ္ဗ- ကိစ္စံ၊ ပြုအပ်သော ကိစ္စအဝဝကို။ အတ္တနောဘာရံကတွာ၊ ကိုယ့်တာဝန်ပြု၍။ န ဝဟန္တိ၊ မရွက်ဆောင်ကြကုန်။

ကြားလား။

မှန်ပါ့ဘုရား။

(၃) အချက်၊ သာသနာ့အမွေကို ခံရတယ်ဆိုတာက ဒီလိုပါ။ အမွေခံ ၂-မျိုးကို အရင်ဟောပြအုံးမယ်၊ အမွေခံဆိုတာက....

(၁) မာတာပိတု ဒါယာဒ-လို့ခေါ်တဲ့ အမိ-အဖတို့၏အမွေခံ၊

(၂) သာသန ဒါယာဒ-လို့ခေါ်တဲ့ သာသနာတော်၏ အမွေခံတဲ့။

အဲဒီ ၂-မျိုးတို့တွင် အမိ-အဖ တို့၏ အမွေကို ခံရတယ်လို့ ဆိုရာမှာ လောက၌ သား-သမီးများမှာ မိဖတို့၏အမွေဖြစ်တဲ့ ရွှေ, ငွေ, ဥစ္စာ, ဆန်,ရေ, စပါး, လယ်ယာ,ကျွဲ,နွားများကို ခံယူရတဲ့အခါ ဒီဟာတွေဟာ မိဖတို့၏ အမွေ တွေပဲလို့ လက်ဝယ်ရရှိတာတွေကို မြင်ရပေတယ်။

သာသန ဒါယာဒ-ဆိုတဲ့စကား၌-''ဒါယံ အာဒဒါတီတိ ဒါယာဒေါ''လို့ ဝိဂ္ဂြိုဟ်ဆိုရမယ်။

ယော၊ အကြင်သူသည်။ ဒါယံ၊ အမွေကို။ အာဒဒါတိ၊ ယူတတ်၏။ ဝါ၊ ခံတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သော၊ ထိုသူသည်။ ဒါယာဒေါ၊ ဒါယာဒမည်၏။ ပီးတော့-''သာသနဿ ဒါယာဒေါ သာသန ဒါယာဒေါ''လို့ သမာသ် ဝိဂ္ဂြိုဟ် ထပ်ဆင့်လိုက်ရတယ်။

ဒါ့ကြောင့် သာသနဒါယာဒ ဆိုတာ ''သာသနာတော်၏အမွေခံ''ပဲတဲ့။

အဲဒီနေရာမှာ သာသနာတော်၏အမွေကို ခံယူတယ်လို့ ဆိုတာဟာ မိဖတို့၏ အမွေကို ခံယူရသလိုတော့ ဘယ်ဟာ သာသနာ့အမွေတွေပဲလို့ ပြလို့မဖြစ်ဘူး။ ဘယ်ဖြစ်မတုံး သာသနာ့အမွေဆိုတာက အကြောင်းကုသိုလ်ကံတရားတွေကပဲ။ ကံတရားဆိုတာက မြင်ရတာမျိုးမှမဟုတ်ပဲ၊ ဒါပေမယ့်လို့ ဝိနည်းဋီကာဆရာကြီးကတော့ သာသနာ့အမွေကို ဒီလိုဆိုထားတယ်။

သာသနဒါယဇ္ဇန္တိ သဒ္ဓါဒိ သတ္တဝိဓံ အရိယဓနံ။

(ဝိမတိဋီကာကြီး)

သာသန ဒါယဇ္ဇန္တိ၊ သာသနဒါယဇ္ဇေါ် သာသနာ့အမွေခံဟူသည်ကား။ သဒ္ဓါဒိ သတ္တဝိဓံ၊ သဒ္ဓါ အစရှိသော (၇)ပါး အပြားရှိသော။ အရိယဓနံ၊ မြတ်သော အရိယာပုဂ္ဂိုလ်တို့၏ ဥစ္စာတည်း။

ဒါကြောင့် သာသနာ့ အမွေဆိုတာ စင်စစ်အားဖြင့် ဆိုလျှင် အရိယာပုဂ္ဂိုလ်များမှာသာ အစစ်ဖြစ်ကြတယ်။ သို့သော်လဲ ပရိယာယ်အားဖြင့် ပဉ္စင်းအဖြစ်, ရှင်အဖြစ် ရောက်အောင် ချီးမြှောက်ပေးတဲ့ မိဖများလဲ သာသနာ့အမွေကို ခံရတယ်လို့ဆိုပါတယ်၊ဘာ့ကြောင့်လဲလို့ဆိုလျှင် မိမိတို့ချီးမြှောက်ထားသော ကိုရင်-ဦးပဉ္စင်းများက သာသနာ့ဝန်ကို ထမ်းဆောင်ပြီးဆိုမှဖြင့် နောက်ဆုံးမှာ သူတို့သည် ပါရမီပြည့်စုံ၍ အရိယာအဖြစ်သို့ ရောက်သွားလျှင် ချီးမြှောက်တဲ့ မိဖများမှာလဲ မိမိတို့ကိုယ်တိုင် သာသနာ့ဝန်ကို ထမ်းဆောင်ရာလဲကျ၊ မိမိတို့ကိုယ်တိုင် အရိယာအဖြစ်ကို ရသကဲ့သို့လည်း ဖြစ်တဲ့အတွက် မိဖများလဲ သာသနာ့အမွေကို ခံရတယ်လို့ ဆိုပါတယ်။ ဒါ့ကြောင့်....

ဩရသော ပုတ္တော မာတာပိတူဟိ ပဗ္ဗဇိတော စေ၊
အတ္တတော တေ သယံ ပဗ္ဗဇိတာ ဝိယ ဟောန္တိ။

(အနက်ပေးခဲ့ပြီး။)

တနည်းကတော့ ဒီလို သာသနာ့ အမွေကို ခံယူရတယ် ဆိုတာဟာ သာသနာတွင်း သား-သာသနာ့ဆွေမျိုးဖြစ်တယ်လို့ ဆိုလိုတယ်။

ဒါကြောင့် ဝိမတိ ဋီကာကြီးမှာ-

သာသနဿ ဒါယာဒေါတိ သာသနဿ အဗ္ဘန္တရော ဉာတကော။

လို့ မိန့်ဆိုထားပါတယ်။

သာသနဿ ဒါယာဒေါတိ၊ သာသနဿ ဒါယာဒေါ ဟူသည်ကား။ သာသနဿ၊ သာသနာတော်ကြီး၏။ အဗ္ဘန္တရော၊ အတွင်း သား-အတွင်း သမီးဖြစ်သော။ ဉာတကော၊ သွေးသားတူလျှင်း ဆွေမျိုးရင်းသည်။ ဟောတိ၊ ဖြစ်၏။

အဲသလို အမွေခံ ဆွေမျိုးရင်း ဖြစ်တယ်ဆိုတာလဲပဲ မိမိက ရှင်-ရဟန်း ဖြစ်အောင် ပြုစုပေးလိုက်တော့ အဲဒီပုဂ္ဂိုလ်ကလေးများဟာ သာသနာ့အလုပ်ကို အားထုတ်ပြီ-လုပ်ပြီဆိုမှဖြင့် သာသနာတော်ကြီး ကြီးပွားရောတဲ့၊ ဒီတော့ ပထမ ပြုစုပေးလိုက်တဲ့ အလှူရှင်များလဲ ရင်းကိုရင်ဦးပဇ္ဇင်းတို့နှင့် စပ်၍ သာသနာ့ဆွေမျိုးရင်း ဖြစ်သွားပါရောတဲ့။

ဒါကြောင့်- ဝိမတိဋ္ဌိကာ၌ပင် ထပ်၍ ဤသို့ ဆိုပြန်ပါတယ်။

ယေ သာသနေ ပဗ္ဗဇိတုံ ပုတ္တဓီတရော ပရိစ္စဇန္တိ၊
တေ ဗုဒ္ဓသာသနေ သလောဟိတဉာတကာ နာမ ဟောန္တိ။

ယေ၊ အကြင်သူတို့သည်။ သာသနေ၊ မြတ်စွာဘုရား သာသနာတော်၌။ ပဗ္ဗဇိတုံ၊ ရှင်-ရဟန်းပြုခြင်းငှာ။ ပုတ္တဓီတရော၊ သားသမီးတို့ကို။ ပရိစ္စဇန္တိ၊ စွန့်ကြလေကုန်၏။ တေ၊ ထိုသူတို့သည်။ ဗုဒ္ဓသာသနေ၊ မြတ်စွာဘုရားသာသနာတော်၌။ သလောဟိတဉာတကာနာမ၊ သွေးစပ်တဲ့ ဆွေမျိုး သားချင်းတို့ မည်ကုန်သည် သာလျှင်။ ဟောန္တိ၊ ဖြစ်ကြလေကုန်၏။

အဲသလို သာသနာတော်ကြီး နှင့် ဆွေမျိုးရင်း တော်စပ်လေတော့ သာသနာတော်ကြီး၏ အတွင်းလူ ဖြစ်သွားတဲ့အတွက် မဂ်လေးပါး-ဖိုလ်လေးပါး နိဗ္ဗာန်တရားလို့ဆိုတဲ့ သာသနာတော်၏ အမွေအနှစ်တွေကို ခံစားရတယ်၊ သာသနာ့ပြင်ပက လူတွေဆိုတာက ဒီ-သာသနာ့အမွေကို မခံစားရဘူးတဲ့။ ဥပမာအားဖြင့် ဆိုလျှင် လောကမှာ မိဖရဲ့ အမွေအနှစ်ဆိုတာ သား-သမီးစတဲ့ ဆွေမျိုးများသာ ခံစားရတယ်၊ ဆွေမျိုးမဟုတ်တဲ့ အခြားလူတွေ မခံစားရဘူး။ အဲဒီအတိုင်းပေါ့၊ သာသနာတော်နှင့် ဆွေမျိုးစပ်မှသာ ဒီ-သာသနာ့အမွေကို ရနိုင်တယ်။ အဲဒါကြောင့် သာသနာတော်နှင့် ဆွေမျိုး တော်အောင်ဟာ မိမိသား၊ သူတပါး၏သားများကို ပရိက္ခရာစုံလင်စွာနှင့် သာသနာတော်တွင်းသို့ သွတ်သွင်း ချီးမြှောက်နိုင်ကြရမယ်။

သာသနာတော်တွင်း သားမှသာ သာသနာ့အမွေ ဖြစ်တဲ့ မဂ်ဖိုလ်ရနိုင်ကြောင်းများကို သုတ်မဟာဝါပါဠိတော်၌ သို့ကလို ဟောတော်မူပါတယ်။

ဣဓေဝ သုဘဒ္ဒ သမဏော၊ ဣဓ ဒုတိယော သမဏော၊ ဣဓ တတိယော သမဏော၊ ဣဓ စတုတ္ထော သမဏော၊ သုညာ ပရပ္ပဝါဒါ သမဏေဟိ အညေဟိ။

သုဘဒ္ဒ၊ ချစ်သားသုဘဒ်။ ဣဓေဝ၊ ဤငါဘုရား သာသနာတော်၌သာလျှင်။ သမဏော၊ ပထမသောတာပန် ရဟန်းကို။ လဗ္ဘတိ၊ ရအပ်၏။ ဣဓ-ဣဓေဝ၊သာလျှင်။ဒုတိယော သမဏော၊ဒုတိယမြောက် သကဒါဂါမ်ရဟန်းကို။

လဗ္ဘတိ၊ ၏။ ဣမ-ဣမေဝ၊ သာလျှင်။ တတိယော သမဏော၊ တတိယမြောက် အနာဂါမိရဟန်းကို။လဗ္ဘတိ၊ ၏။ဣမ-ဣမေဝ၊သာလျှင်။စတုတ္ထော သမဏော၊ စတုတ္ထမြောက် ရဟန္တာကို။ လဗ္ဘတိ၊ ၏။ ပရပ္ပဝါဒါ၊ ငါဘုရား သာသနာ တော်မှ တပါးသော အယူဝါဒတို့သည်။ အညေဟိ၊ သစ္စာလေးပါး မြတ်တရား ကို သိပြီး, သိဆဲ, သိလတံ့ဖြစ်ကုန်သော။သမဏေဘိ၊ အာရဒ္ဓ ဝိပဿက ရဟန်း, မဂ္ဂဋ္ဌာန်, ဖလဋ္ဌာန် ရဟန်းဟု ဆိုအပ်သော ရဟန်းတို့မှ။ သုညာ၊ မရှိလုံးလုံး ဆိတ်သုဉ်းကြလေကုန်တော့သတည်း။

ဟောဒီနေရာမှာ အဆုံးအဖြတ်အနေနဲ့ တခုဟောစရာက ရှိသေးတယ်။ သာသနာ့အမွေကို ခံယူရတဲ့အခန်းမှာ ဝိနည်းဋီကာများနှင့်တကွ ဝိနည်း အဋ္ဌ ကထာလာ အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်ကြီးက....

ယော ဟိ ကောစိ မဟာရာဇ အခေ့ာဝါ ဒလိဒ္ဒေါဝါ အတ္တနော ဩရသံ ပုတ္တံ ပဗ္ဗာဇေတိ၊ အယံ ဝုစ္စတိ မဟာရာဇ ဒါယာဒေါ သာသနဿ။

လို့ "အတ္တနော ဩရသံ ပုတ္တံ"ဟူ၍ ဝိသေသန မပြီးတော့ ဟောတော် မူထားတဲ့အတွက် ကိုယ့်သားရင်းမှ သာလျှင် သာသနာ့အမွေခံ ဖြစ်သ လိုလို အဓိပ္ပာယ်ရောက်နေတယ်။ စင်စစ်ကတော့ ကိုယ့်သားရင်းပဲဖြစ်ဖြစ်၊ သူတပါး သားပဲ ဖြစ်ဖြစ် ဗရိက္ခရာ စုံလင်စွာနှင့် သာသနာ့ဘောင် အရောက် ချီးမြှောက် လိုက်လျှင် သာသနာ့အမွေခံ ဖြစ်တာချည်းပါပဲ။ သို့သော်လဲပဲ အရှင်မဟာ မောဂ္ဂလိပုတ္တတိဿ မထေရ်ကြီးက ဓမ္မာသောကမင်းတရားကြီး၏ သားတော် မဟိန္ဒမင်းသားနှင့် သမီးတော် သင်္ဃမိတ္တာမင်းသမီးတို့၏ အရဟတ္တဖိုလ်သို့ရောက် မည့်အကြောင်းနှင့် မဟိန္ဒမင်းသားရဟန်းပြုလျှင်လဲ သာသနာတော်ကြီးပွားမည့် အကြောင်းများကို မြင်တော်မူလို့ ၎င်း မင်းသား, မင်းသမီးတို့ကိုရည်၍ သန္ဓာယ ဘာသိတအားဖြင့် "အတ္တနော ဩရသံ ပုတ္တံ"ဟူသောစကားကို ထည့်၍ ဟော တော်မူခြင်းဖြစ်တယ်လို့ ဝဇိရဗုဒ္ဓိ ဋီကာဆရာကြီး မိန့်ဆိုထားပါတယ်။ကျေးဇူး ရှင်များလဲ ဒီအတိုင်းပဲ ယူတော်မူကြပါတယ်။

ဟောဒီနေရာ၌"သန္ဓာယ ဘာသိတ ဒေသနာ"ဆိုတာ မျက်နှာလိုက်၍ ဟောတဲ့ ဒေသနာတဲ့၊ ကြားလား။

မှန်ပါ့ဘုရား။

မဟိန္ဒမင်းသားနှင့် သင်္ဃမိတ္တာ မင်းသမီးတို့ကိုလိုက်၍ဟောတော်မူတယ် လို့ မှတ်ရမယ်၊ ကြားလား။

မှန်ပါ့ဘုရား။

လိုက်လဲ လိုက်မှာပေါ့လေ၊ သာသနာကြီးပွားမှာ အမှန်ပဲကိုး။

တနည်းအားဖြင့်လဲ "အတ္တနော ဩရသံ ပုတ္တံ" ဆိုတဲ့ စကားဟာ ဥပလက္ခဏအားဖြင့် ဆိုထားတာ ဖြစ်တယ်။ ဥပလက္ခဏာတဗ္ဗ အားဖြင့်တော့ မိမိသားရင်းပဲ ဖြစ်ဖြစ်၊ သူတပါးသားပဲ ဖြစ်ဖြစ် ရတာချည်းပဲလို့ ယူနိုင်ပါတယ်။

တနည်းအားဖြင့်လဲ ၎င်း"အတ္တနော ဩရသံ ပုတ္တံ"ဆိုတာဟာ ပဓာန အားဖြင့် ဆိုထားခြင်း ဖြစ်ပါတယ်။ အပဓာနအားဖြင့်တော့ မိမိသားရော, သူတပါးသားရော အကုန်လုံး ရတာချည်းပဲလို့ ယူနိုင်ပါတယ်။ အဲဒါကြောင့် လိုရင်း အချုပ်အားဖြင့် ကိုယ့်သားပဲဖြစ်ဖြစ်၊သူတပါးသားပဲဖြစ်ဖြစ်-ပရိက္ခာရ စုံလင်စွာနှင့် ရှင်-ရဟန်းပြုပေးလျှင် သာသနာ့အမွေကို ရတာ ချည်း ပဲ လို့သာ မှတ်ကြရမယ်၊ ကြားလား။

မှန်ပါ့ဘုရား။

ပီးတော့ - အထူး မှတ် သား စ ရာ တ ခု က လဲ မိဖအရင်းများမှာတော့ ကိုယ့်သား,သမီး ဖြစ်တဲ့အတွက် သဘောတူ ဝမ်းမြောက်လို့ ကြည်ညိုလို့ရှိရင် ပရိက္ခာရစုံလင်စွာနှင့် မပြုနိုင်သော်လဲ၊(ဝါ) ကိုယ်တိုင် မလှူသော်လဲ၊ ကိုယ်တိုင် ရဟန်းမခံသော်လဲ သာသနာ့အမွေကို ရနိုင်တယ်။ကိုယ့်သား,သမီး ရှင်,ရဟန်း ပြုတာကို မကြည်ညိုလျှင်တော့ သာသနာ့အမွေကို ရမှာမဟုတ်ဘူး။အဘယ်ကို ထောက်၍ သိရသလဲဆိုလျှင် အရှင်သာရိပုတ္တရာ မယ်တော်ကြီးကို ထောက်၍ သိရမယ်။ အဲဒီ အရှင်သာရိပုတ္တရာမယ်တော်ကြီးဟာ သားတွေရဟန္တာအဖြစ်နှင့် သာသနာတော်အတွင်းမှာရှိနေသော်လဲ သူ့မှာမကြည်ညိုဘူးတဲ့။မိစ္ဆာဒိဋ္ဌိဖြစ်နေ တယ်တဲ့။ ဒါကြောင့် သူ့မှာ သာသနာ့အမွေကို မရဘူးတဲ့၊ နောက် အရှင်သာရိ ပုတ္တရာ ပရိနိဗ္ဗာန်စံခါနီး တရားဟောမှကြည်ညိုလာ၍ သာသနာ့အမွေကိုရသွား တယ်တဲ့။ ဒါကြောင့် "သုညာ ပရပ္ပဝါဒ၊ သမဏေဘိ အညေဟိ" လို့ ဟော တော်မူထားတာပေါ့။ (အနက် ပေးခဲ့ပြီး။)

ဤကိုလဲ သတိပြုကြရမယ်၊ ကြာလား။

မှန်ပါ့ဘုရား။

(၄) အချက်၊ ဟောဒီ သာသနဒါယဇ္ဇ ကုသိုလ်ရဲ့ အကျိုးတွေကတော့ အများကြီးပဲနော်။ ဒါပေမဲ့ ဟောဒီနေရာမှာ သာမညအကျိုးနှင့် ဝိသေသ အကျိုးကို ခွဲခြား၍ ရှင်းရှင်းကလေးနဲ့ နားလည်အောင် ဟောမယ်၊ မှတ်ထား ကြနော်။

မှန်ပါ့ဘုရား။

သာမည အကျိုးကတော့....

မာနုသိကာစ ။ပ။ တေန လဗ္ဘတိ။ (အနက်ရေးခဲ့ပြီး။)

အဲဒီ ဒေသနာတော်အတိုင်းပဲ အကောင်းဆုံး-အမွန်ဆုံးဖြစ်တဲ့ လူ့,နတ်တို့၏ ချမ်းသာကိုလဲ ရနိုင်တယ်။ ပီးတော့-အချမ်းသာတကာတို့ထက် အချမ်းသာဆုံးဖြစ်သော နိဗ္ဗာန်ချမ်းသာကြီးကိုလဲ ရနိုင်တယ်။ထို့အပြင်မှာလဲ ဒီလို ရှင်ပြု-ရဟန်းခံရတဲ့ ကုသိုလ်ကံရဲ့ သာမညအကျိုးတွေမှာ....

သဟဿမပိ စေ ပေါသော၊ သီသေသီသေ သတံ မုခေ။
မုခေမုခေ သတံ ဇိဝှေ၊ ဇီဝိတကပ္ပေါ မဟိဒ္ဓိကော။

န သက္ကောတိ စ ဂဏေတုံ၊ ပဗ္ဗဇ္ဇံ ဥပသမ္ပဒံ။
တသ္မာ ကရေယျ ပဏ္ဍိတော၊ သမ္ပဿ မတ္ထ မတ္တနော။

ကြားလား-ဒကာစိန်။

မှန်ပါ့ဘုရား။

အဲဒါ ရှင်ပြုရ-ရဟန်းခံရတဲ့ အကျိုးတွေပဲ။
မှန်ပါ့ဘုရား။

ကိုင်း- အနက်ပေးကြဦးစို့။

ဘိက္ခဝေ၊အလှူရှင်အပေါင်း သူတော်ကောင်းတို့။ဇီဝိတကပ္ပေါ၊အသက်တကမ္ဘာရှည်ထသော။ မဟိဒ္ဓိကော၊ တန်ခိုးလဲကြီးထသော။ ပေါသော၊ ဗြဟ္မာမင်းကြီးသည်။ သဟဿံ၊ ဦးခေါင်းတထောင်ကို။ နိမ္မိနိတွာအပိ၊ ဖန်ဆင်း၍ငြင်း။ သီသေသီသေ၊ ဖန်ဆင်းထားတဲ့ တထောင်သော ဦးခေါင်းတိုင်း-ဦးခေါင်းတိုင်း၌။သတံမုခေ၊ပ_ါးစပ်တရာတို့ကို။နိမ္မိနိတွာအပိ၊ဖန်ဆင်း၍သော်ငြင်း။မုခေမုခေ၊ ဖန်ဆင်းထားတဲ့ တရာသော ပါးစပ်တိုင်း-ပါးစပ်တိုင်း၌။ သတံဇိဝှေ၊လျှာတရာတို့ကို။ နိမ္မိနိတွာအပိ၊ ဖန်ဆင်း၍ငြင်း။ (ပဗ္ဗဇ္ဇဖလာနိသံသံ၊ ရှင်-ရဟန်းပြုရတဲ့သူ၏ အကျိုးအာနိသင်ကို။) စေ ဂဏေယျ၊ အကယ်၍ ရေတွက်ငြားအံ့။ဝေမှိ၊ ဤသို့ပင် ရေတွက်ငြားသော်လဲ။ ဂဏေတုံ၊ ရေတွက်ခြင်းငှာ။ နသက္ကောတိစ-နသက္ကောတိဝေ၊ မစွမ်းနိုင်သည်သာလျှင်တည်း။တသ္မာ၊ထို့ကြောင့်။အတ္တနော၊မိမိ၏။ အတ္ထံ၊ အကျိုးကို။ သမ္ပဿံ-သမ္ပဿန္တော၊ ကောင်းစွာ သိမြင်သော။ ပဏ္ဍိတော၊ ပညာရှိသည်။ ပဗ္ဗဇ္ဇံ၊ ရှင်သာမဏေအဖြစ်ကိုငြင်း။ ဥပသမ္ပဒံ၊ရဟန်းအဖြစ်ကိုငြင်း။ ကရေယျ၊ ပြုရာ၏။

ဤဒေသနာတော်ရဲ့အဓိပ္ပါယ်က ဘယ်လိုလဲလို့ဆိုတော့ အသက်တကမ္ဘာရှည်၍ အလွန်တန်ခိုးကြီးတဲ့ ဗြဟ္မာကြီးသည် ဦးခေါင်းပေါင်းတထောင်ဖန်ဆင်းလိုက်သတဲ့၊ အဲဒီ ဦးခေါင်း တခု-တခု၌ ပါးစပ်ကတရာဖန်ဆင်းလိုက်၊ပါးစပ်တခုတခုမှာ လျှာတရာမန်ဆင်းလိုက်၊အဲသလို ဖန်ဆင်းပြီးသကာလ ရှင်သာမဏေပြုရ

တဲ့သူ့ ရဟန်းခံရတဲ့သူတို့၏ အကျိုးတွေကို ရေတွက်နေပါ၊ အဲဒီ ဖြဟ္မာမင်းကြီး ဟာ အသက်တကမ္ဘာပင် ကုန်ဆုံးဖွယ်ရာရှိတယ်၊ ရှင်-ရဟန်းပြုရတဲ့ အကျိုးတွေ ဟာ မကုန်နိုင်ဘူးတဲ့။ အဲဒီ ဒေသနာတော်နှင့်အညီ ယခု-အလှူရှင် အပေါင်းတို့ မှာ မရေတွက်နိုင်သောအကျိုးတွေကို ငါတို့ရရှိလိမ့်မယ်ဆိုတာ ယုံကြည်သော စိတ်ကို ဖြစ်စေကြရမယ်။

ဝိသေသအကျိုးကတော့ ဤကဲ့သို့ ပရိက္ခရာ စုံလင်စွာနှင့် ရှင်-ရဟန်းပြု လိုက်ကြရတဲ့ ဒကာ-ဒကာမအပေါင်းတို့မှာ မိန်းမများဘက်ကဆိုလျှင် "မဟာ လတာ တန်ဆာကြီး"ကို ဝတ်ဆင်ရခြင်း အကျိုးထိအောင် ရနိုင်တယ်။(မဟာ လတာ တန်ဆာအကြောင်း သက်န်းတရား၌ ပြခဲ့ပြီး)။

ယောကျ်ားများဘက်ကဆိုလျှင်တော့ တန်ခိုးကြီးတဲ့ သပိတ်-သင်္ကန်းကို ရနိုင်ခြင်းအကျိုးရှိတယ်။

ဒါ့ကြောင့် ဓမ္မပဒအဋ္ဌကထာကြီး၌-

ဟိ၊ ရှင်ပြုရခြင်း ရဟန်းခံရခြင်းဆိုတဲ့ စီဝရဒါန၏ အကျိုးထူးတွေကို ပြဆိုပါဦးမည်။ ဣတ္ထီနံ၊ မိန်းမတို့၏။ စီဝရဒါနံ၊ သင်္ကန်း အလှူလို့ ခေါ်တဲ့ ရှင်အဖြစ်-ရဟန်းအဖြစ်ကို ပြုရခြင်းသည်။ မဟာလတာ ပသာဓန ဘဏ္ဍေန၊ မဟာလတာ တန်ဆာကြီးကို ဝတ်ဆင်ရခြင်းဖြင့်။ မတ္ထကံ၊ အထွတ်အထိပ်သို့။ ပပ္ပေါတိ၊ ရောက်၏။ ပုရိသာနံ၊ ယောကျ်ားတို့၏။ စီဝရဒါနံ၊ သင်္ကန်းအလှူလို့ ခေါ်တဲ့ ရှင်-ရဟန်းပြုရခြင်းသည်။ ဣဒ္ဓိမယပတ္တ စီဝရေန၊ တန်ခိုးဖြင့်ပြီးသော သပိတ်,သင်္ကန်းကိုရခြင်းဖြင့်။ မတ္ထကံ၊ အထွတ်အထိပ်သို့။ ပပ္ပေါတိ၊ ရောက်၏။

ဟောဒီနေရာမှာ ဤကဲ့သို့ ရှင်-ရဟန်းပြုရတဲ့ သူများမှာ နောက်ဆုံးဘဝ တွင် ယောကျ်ားဖြစ်လျှင် တန်ခိုးဖြင့်ပြီးတဲ့ သပိတ်,သင်္ကန်းများကို ရနိုင်ကြောင်း ဧဟိဘိက္ခု ရဟန်းဖြစ်နိုင်ကြောင်းများကို ထင်ထင်ရှားရှားကြီး ပြဆိုထားတာ ကတော့၊ဟောဒီ-ဝိနည်း တေရသကဏ္ဍဋီကာကြီးမှာပါတယ်။ ဒါ့ကြောင့်-

> ဥပနိဿာယသမ္ပန္နတ္တိ ပုဗ္ဗေ အဋ္ဌပရိက္ခာရဒါနူပနိဿယသမ္ပန္နံ၊ ယော ဟိ စီဝရာဒိကေ အဋ္ဌပရိက္ခာရေ ပတ္တစီဝရမေဝ ဝါ သောတာပန္နာဒိ အရိယဿ ပုထုဇ္ဇနဿေဝ ဝါ သီလသမ္ပန္နဿ ဒတွာ ဣဒံ ပရိက္ခာရဒါနံ အနာဂတေ ဧဟိဘိက္ခုဘာဝါယ ပစ္စယော ဟောတူတိ ပတ္ထနံ ပဋ္ဌပေသိ၊ တဿ တံ သတိ အဓိကာရသမ္ပတ္တိယံ ဗုဒ္ဓါနံ သမ္မုခီဘာဝေ ဣဒ္ဓိမယပရိက္ခာရလာဘာယ သံဝတ္တတိ။

ဥပနိဿယသမ္ပန္နတ္တိ၊ ဥပနိဿယ သမ္ပန္နဟူသည်ကား။ ပုဗ္ဗေ၊ ရှေးဘဝ၌။ အဌပရိက္ခာရ ဒါနုပနိဿယသမ္ပန္နံ၊ ရှစ်ပါးသော ပရိက္ခရာ အလှူတည်းဟူသော အကြောင်း ဥပနိဿယနှင့်ပြည့်စုံခြင်းကို။ ဟိ၊ ချဲ့ဦးအံ့။ ယော၊ အကြင်သူသည်။ စီဝရာဒိကေ အဌပရိက္ခာရေဝ ါ၊ သင်္ကန်းစတဲ့ ပရိက္ခရာရှစ်ပါးတို့ကိုငင်း။ ပတ္တ-စီဝရမေဝ ဝ ါ၊သပိတ်‚သင်္ကန်းကိုသာလျှင်ငင်း။ သောတာပန္နာဒိ အရိယဿဝ ါ၊ သောတာပန်စတဲ့ အရိယာပုဂ္ဂိုလ်အပေါင်းအားငင်း။ သီလ သမ္ပန္နဿ၊ သီလနှင့် ပြည့်စုံသော။ ပုထုဇ္ဇနဿဝ ဝ ါ၊ပုထုဇဉ်ပုဂ္ဂိုလ် အပေါင်း အားငင်း။ ဒတွာ၊ ပေးလှူပြီးလျှင်။ ဣဒံ ပရိက္ခာရဒါနံ၊ ဤ တပည့်တော်၏ ပရိက္ခရာ အလှူသည်။ အနာဂတေ၊ နောင်သောအခါ၌။ ဟေဘိက္ခု ဘာဝါယ၊ ဟေဘိက္ခု ရဟန်း ဖြစ်ဖို့ရာ။ ပစ္စယော၊ အကြောင်း အထောက်အပံ့သည်။ ဟောတု၊ ဖြစ်ပါစေ သတည်း။ ဣတိ၊ ဤသို့။ ပတ္တနံ၊ ဆုတောင်းခြင်းကို။ ပဌပေသိ၊ ဖြစ်စေပြီ။ တဿ၊ ထိုသူ၏။ တံ၊ ထိုပရိက္ခရာအလှူသည်။ အဓိကာရသမ္ပတ္တိယံ၊ ဆုတောင်း ပြည့်စုံသည်။ သတိ၊ ရှိသော်။ဗုဒ္ဓါနံ၊ဘုရားရှင်တို့၏။သမ္မုခီဘာဝေ၊မျက်မှောက် ၏ အဖြစ်၌။ ဣဒ္ဓိမယ ပရိက္ခာရလာဘာယ၊ တန်ခိုးဖြင့်ပြီးသော ပရိက္ခရာကို ရခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်စေ၏။

(မဟာလတာ တန်ဆာ ရပုံကို ဝိသာခါဝတ္ထု-သင်္ကန်းဒါနနှင့် ကျောင်း ဒါန ပြန်ကြည့်။)

---

## ဟေဘိက္ခုရဟန်း အရှင်ယသဝတ္ထု၊

သဌေးသား "ကိုယသ"၊သူက ဗာရာဏသီမြို့သားဖြစ်တယ်တဲ့။ သူ့မှာ ဆောင်းဥတုအတွက် ပူပေးတဲ့ ပြာသာဒ်ကြီးက တဆောင်၊နွေဥတုအတွက် အေး ပေးတဲ့ ပြာသာဒ်ကြီးကလဲတဆောင်၊ မိုးဥတုအတွက် အပူ့အအေး မျှပေးတဲ့ ပြာသာဒ်ကြီးကလဲ တဆောင်တဲ့။ အဲဒီ ယသ ဆိုတဲ့ သဌေးသားဟာ မိုးဥတုမှာ မိုး ဥ တု အ တွက် ဖြစ်တဲ့ ပြာသာဒ်ကြီးပေါ်၌ လေးလ ပတ် လုံး နေတယ်၊ မိုး လေးလပတ်လုံး ပြာသာဒ်ပေါ်က မဆင်းဘူးတဲ့။ အဲဒီ မိုး ဥ တု အ တွက် ပြာသာဒ်ကြီးပေါ်၌ အဖြေတော်ဖြစ်တဲ့ ကချေသည်မတွေနှင့် ပျော်ပျော်ကြီး ကာမဂုဏ်စည်းစိမ် ကို စံစားပြီးနေတယ်။

တနေ့သ၌ ညအခါ အဖြေတော်ကချေသည်မတွေက တီးမှုတ်၍ဖြေဖျော် နေစဉ်၊ထို ကိုယသဆိုတဲ့ သဌေးသားဟာ အရင်အိပ်ပျော်သွားတယ်တဲ့၊ နောက် ကချေသည်မတွေကလဲ အိပ်ပျော် သွားကြတော့တာပေါ့၊ အဲဒီအခါ မီးကလဲ တည လုံးထွန်းထားတာပဲတဲ့။

ကိုယသဆိုတဲ့ သင်္ဘေးသားမှာ ဖြူနံ့ဆို နိုးလိုက်သဖြင့် ထကြည့်လိုက်တော့ တချို့ကလဲ ဂျိုင်းကြားထဲ စောင်းကြီးကိုထားလို့၊ တချို့ကလဲ လည်ပင်း၌ စည်ကြီးဆွဲလို့၊ တချို့ကလဲ ပါးစပ်က အရေတွေထွက်လို့၊ တချို့ကလဲ ပါးစပ်က ရောင်ရမ်းပြီး နေသတဲ့။ အဲသလို အမျိုးမျိုးအဖုံဖုံ မြင်မကောင်းလောက်အောင် အိပ်ပျော်နေကြတဲ့ သူ၏ ကချေသည်မတွေကို မီးရောင်ဖြင့်မြင်ရတဲ့အခါ သူ့သေကောင်တွေ ပစ်ထားသော သုသာန်ကြီးလိုထင်ရတယ်တဲ့။ အဲသလိုထင်ရပြီးလျှင် တခါထဲ ငြီးငွေ့တဲ့စိတ်တွေ ဖြစ်ပေါ်လာတယ်။ ဒါကြောင့် ထို ကိုယသဆိုတဲ့ သင်္ဘေးသားက သို့ကလို ဥဒါန်းကျူးရင့်လိုက်တယ်တဲ့။

ဥပဒ္ဒုတံ ဝတ ဘော၊ ဥပသဋ္ဌံ ဝတ ဘော။

ဘော၊ အိုအချင်းတို့။ ဣဒံ ဌာနံ၊ ငါးပါးအာရုံ ကာမဂုဏ်တို့ဖြင့်ပြည့်စုံနေတဲ့ ဤငါ၏အိမ်ဌာနကြီးသည်။ ဥပဒ္ဒုတံ ဝတ၊ ရာဂ စတဲ့ မီးတို့ဖြင့် နှိပ်စက်အပ်လေစွတကား။ ဘော၊ တို့။ ဣဒံ ဌာနံ၊ ကချေသည်မ အပေါင်းတို့ဖြင့် ခညောင်း ဝိုင်းရံလျက်နေတဲ့ ဤအိမ်ဌာနကြီးသည်။ ဥပသဋ္ဌံ ဝတ၊ သူ့သေကောင်တွေ စွန့်ပစ်ရာမှန် သုသာန်သဖွယ်ဖြစ်၍ စွန့်ပစ်အပ်စွတကား။

ကြားလား–ဒကာစိန်။

မှန်ပါ့ဘုရား။

အဲသလို ရွတ်ဆိုပြီးလျှင် အဲဒီညမှာပင် ရွှေခြေနင်းကိုစီးပြီးတော့ တခါထဲ အိမ်ကထွက်တော့တာပဲတဲ့၊ ကြားလား။

မှန်ပါ့ဘုရား။

ထွက်မှာပေါ့လေ ပါရမီရှင်ကလဲဖြစ်-အချိန်ကလဲကျလာပြီကိုး။ မြို့တံခါးကိုလဲ နတ်တွေ ဖွင့်ပေးတဲ့အတွက် အန္တရာယ်မရှိပဲ တယောက်ထဲ မြို့အနီးရှိ မိဂဒါဝုန်တောဆီသို့ ထွက်သွားတယ်၊ ကျွတ်ချိန်တန်တော့ ဘုရားရှိရာ ရောက်သွားတာပဲနော်၊ ဒါဟာ မိုးမလင်းသေးဘူး၊ ညကြီး ရှိသေးတယ်၊ ကြားလား။

မှန်ပါ့ဘုရား။

အဲဒီအခါ နံနက် ခပ်စောစောမှာပင် ဘုရားကိုယ်တော်မြတ်ကြီးကလဲ လွင်ပြင်မှာထွက်၍ စင်္ကြံလျှောက်တော်မူနေတယ်တဲ့။

ဘုရားအနီးရောက်တဲ့အခါကျတော့လဲ "ဥပဒ္ဒုတံ ။ပ။ ဥပသဋ္ဌံ ဝတ ဘော"လို့ ဥဒါန်းကျူးရင့်ပြန်တယ်၊ ဘုရား ကိုယ်တော် မြတ် ကြီး ကိုတော့ သူမမြင်ရသေးဘူးပေါ့။

ဒီတော့မှ ဘုရားကိုယ်တော်မြတ်ကြီးက....
ဣဒံ ခေါ ယသ အနုပဒ္ဒုတံ၊ ဣဒံ အနုပသဋ္ဌံ။
ဟေဟိ ယသ နိသီဒ၊ ဓမ္မံ တေ ဒေသိဿာမိ။
လို့ ခေါ်တော်မူလိုက်တယ်။

ယသ၊ ချစ်သား ယသ။ ဣဒံ ခေါ ဌာနံ၊ ဤ နိဗ္ဗာန်ဆိုတဲ့ အရပ်သည်။ အနုပဒ္ဒုတံ၊ မင်းရွတ်ဆိုသလို ရာဂ စသော ဘေးတို့ဖြင့် နှိပ်စက်ရာဌာနမဟုတ်။ ဣဒံ၊ ဤ နိဗ္ဗာန်ဆိုတဲ့ အရပ်ဌာနသည်။ အနုပသဋ္ဌံ၊ အလွန်ချမ်းသာလှ သာယာလှတဲ့အတွက် စွန့်ပစ်ရာ ဌာနမဟုတ်။ ယသ၊ ချစ်သား ယသ။ ဟေဟိ၊ ဟောဒီ ငါဘုရားရဲ့အထံသို့ လာခဲ့။ နိသီဒ၊ ထိုင်လော့။ တေ၊ သင်-ချစ်သားအား။ ဓမ္မံ၊ တရားကို။ ဒေသိဿာမိ၊ ဟောပေအံ့။

အဲသလို ဘုရားအသံကို ကြားလိုက်လျှင် တခါထဲ ရွှေခြေနင်းမှ ဆင်း၍ ဘုရားထံသို့ ချဉ်းကပ်ပြီးတော့ တရားတော်ကို နာတယ်တဲ့။ အဲဒီတင် တခါထဲ သောတာပန် တည်သွားတာပဲတဲ့။ မိုးလင်းတဲ့အခါ သူ၏ဖခင် သဌေးကြီးလဲ မိဂဒါဝုန်တောဆီသို့ ခြေရာခံပြီးတော့လိုက်လာရာ ဘုရားအထံသို့ပင်ရောက်လာပါရောတဲ့။ ဒီတော့ ဘုရားကိုယ်တော်မြတ်ကြီးက တရား ဆီးဟောပြန်တဲ့အခါ အောက် မဂ်ဉာဏ်အမြင်ကို ရသွားတယ်တဲ့။ ကိုယသကတော့ လူဝတ်ကြောင် အတိုင်း ဆံပင်မုတ်ဆိတ်တွေနှင့်ပင် ရဟန္တာအဖြစ်သို့ ရောက်သွားတယ်တဲ့။

ဒီတော့မှ ကိုယသက ဘုရားထံ ရှင်-ရဟန်းအဖြစ်ကို တောင်းတယ်တဲ့။

ဒါကြောင့်....

လဘေယျာဟံ ဘန္တေ ဘဂဝတော သန္တိကေ ပဗ္ဗဇ္ဇံ၊လဘေယျံ ဥပသမ္ပဒံ။

ဘန္တေ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ အဟံ၊ တပည့်တော်သည်။ ဘဂဝတော၊မြတ်စွာဘုရား၏။ သန္တိကေ၊ အထံ၌။ ပဗ္ဗဇ္ဇံ၊ရှင်သာမဏေအဖြစ်ကို။ လဘေယျံ၊ ရလိုပါ၏ဘုရား။ ဥပသမ္ပဒံ၊ ရဟန်းအဖြစ်ကို။ လဘေယျံ၊ ရလိုပါ၏ ဘုရား။

အဲသလို လျှောက်တဲ့အခါ ဘုရားကိုယ်တော်မြတ်ကြီးက ညာလက်မောင်းကို ဆန့်တန်းတော်မူလျက် ပါဠိလို(ဧဟိ ဘိက္ခု)၊ဗမာလို(ချစ်သားရဟန်း လာခဲ့လော့)လို့ ခေါ်တော်မူလိုက်တယ်တဲ့။ ဒါကြောင့် ရှင်း ကိုယသ ဝတ္ထုအခန်း ဝိနည်းမဟာဝါ ပါဠိတော်မှာ ..

ဧဟိ ဘိက္ခူတိ ဘဂဝါ အဝေါစ၊ သွာက္ခာတော ဓမ္မော၊
စရ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိယာယ။
လို့ မိန့်တော်မူပါတယ်။

အဲသလို ဘုရားက (ဟေ၀ိ ဘိက္ခု)ခေါ်လိုက်တဲ့အခါ ဆံပင်, မုတ်ဆိတ်တို့ကိုလဲ မပယ်ရ၊ ပုဆိုး, အင်္ကျီတို့ကိုလဲ မချွတ်ရပဲနှင့် သူ့အလိုလို လူ့ဝတ်ကြောင်အသွင်ကွယ်ပျောက်၍ တခါထဲ သင်္ကန်း, သပိတ်,ပရိက္ခရာ အပြည့်အစုံ ကိုယ်မှာသူ့အလိုလို ဝတ်လျက်,ရုံလျက်,သပိတ်ကို လွယ်လျက်နှင့် ဝါ ၆၀-ရမထေရ်ကြီးကဲ့သို့ မြတ်စွာဘုရားကို ရှိခိုးလျက် သာသနာတော်တွင်း ရဟန်း၏အဖြစ်ကို ရလာတယ်တဲ့။ ဒါကြောင့် မဟာဝါ ပါဠိတော်၌....

သာဝ တဿ အာယသ္မတော ဥပသမ္ပဒါ အဟောသိ။

လို့ မိန့်တော်မူပါတယ်။

တဿ အာယသ္မတော၊ ထိုအရှင်ယသအား။ သာဝ ဥပသမ္ပဒါ၊ ထိုဟေ၀ိဘိက္ခုပဉ္စင်း၏အဖြစ်သည်သာလျှင်။ အဟောသိ၊ ဖြစ်ပြီတဲ့။ အညာ၊တပါးသော ရဟန်းခံရခြင်းကိစ္စသည်။ နတ္ထိ၊ မရှိတော့၊ ကြားလား။

မှန်ပါ့ဘုရား။

အဲ-ယခုဟောခဲ့တဲ့အတိုင်း အလှူရှင်ဒကာ,ဒကာမတို့သည်လည်းသားမညအကျိုးတွေနှင့်တကွ ဝိသေသအကျိုးခေါ်တဲ့ဝိသာခါကျောင်းအမတို့လို မဟာလတာ တန်ဆာကိုရခြင်း၊ ကိုယသ-လို့ ခေါ်တဲ့ သဌေးသားကဲ့သို့ ဟေ၀ိဘိက္ခုရဟန်းအဖြစ်ကိုရခြင်းဆိုတဲ့ အကျိုးထူးတွေကို ငါတို့မှာ အလိုရှိလျှင် အမှန်ရရှိတော့မှာပဲ၊ ပီးတော့-ငါတို့အလိုရှိလျှင် မည်သည့်ဆုမျိုးမဆို အမှန်ရရှိမှာပါပဲဆိုတာ ယုံကြည်သောစိတ်ကို ဖြစ်စေကုန်ရာသည်။ အဲဒါကြောင့်....

ပဋိသမ္ဘိဒါ ဝိမောက္ခာ၊ ယာစ သာဝကပါရမီ။

ပစ္စေကဗောဓိ ဗုဒ္ဓဘူမိ၊ သဗ္ဗမေတေန လဗ္ဘတိ။

(ခုဒ္ဒကပါဠ နိဓိကဏ္ဍသုတ်)

ယေ ပဋိသမ္ဘိဒါစ၊ အကြင် ပဋိသမ္ဘိဒါ တရား တို့သည်ရင်း။ ယော ဝိမောက္ခော၊ အကြင် ဝိမောက္ခတရားသည်ရင်း။ယာ သာဝကပါရမီစ၊ အကြင်သာဝက ပါရမီခေါ်သော အဂ္ဂသာဝက, မဟာသာဝက, ပကတိသာဝက၏အဖြစ်သည်ရင်း။ယာ ပစ္စေကဗောဓိစ၊အကြင် ပစ္စေကဗောဓိလို့ခေါ်တဲ့ ပစ္စေကဗုဒ္ဓါ၏ အဖြစ်သည်ရင်း။ ယာ ဗုဒ္ဓဘူမိစ၊ အကြင် ဗုဒ္ဓဘူမိခေါ် ဘုရား၏အဖြစ်သည်ရင်း။ အတ္ထိ-သန္တိ၊ စင်စစ်မသွေ ရှိပါပေကုန်၏။ တံ သဗ္ဗံ၊ ထိုအလုံးစုံသော ဆုထူး-ဆုမြတ် ဟူသမျှကို။ ဧတေန၊ ယနေ့ ပြုစု အားထုတ်လိုက်ရတဲ့ သာသနဒါယဇ္ဇ ဓမ္မာနုဂ္ဂဟ ကုသိုလ်ကံကြောင့်။ လဗ္ဘတိ၊ မုချပိုင်ပိုင် ရနိုင်လေတော့သတည်း။

(ဤတွင် အဘိဓမ္မာ တပ်နိုင်သည်။)

---

## သိမ်ဆင်း ကပ်လှူသူများအတွက်

ကိုင်း-သိမ်ဆင်း ကပ်လှူရတဲ့ ဒကာ, ဒကာမများအတွက် ဆက်၍ဟော လိုက်ရအုံးမယ် ခပ်တိုတိုပေါ့၊ မှတ်သားပြီးတော့လဲ နာကြနော်။သိမ်ဆင်းတရား ဆိုတာ နာရခဲတယ်၊ဟောသူများလဲ အလွန်ပဲ နည်းပါတယ်၊အခုတော့ ဦးပဥ္ဇင်း ကလဲ ရဟန်းသစ်၊ သိမ်ကဆင်းစလဲ ဖြစ်တော့ အကြောင်းက အလွန်ညီညွတ်နေ တာကိုး။

လောကဥ္ဈ ဘုရားရှင်တို့ဖြစ်ထွန်း ပေါ်ပေါက်ပွင့်တော်မူဖို့ဆိုတာ အလွန် တရာခဲယဉ်းပါတယ်၊အဲဒီထက်ပဲ ရှင်သာမဏေအဖြစ်ကိုရဖို့, ရဟန်းအဖြစ်ကိုရဖို့ ဆိုတာက သာ၍ပင် ခဲယဉ်းသေးတယ်လို့ဆို မဟုတ်လား။

မှန်ပါဘုရား။

ဒါဖြင့် အဲဒီရှင်သာမဏေသစ်၊ရဟန်းသစ်ကလေးများကိုဦးဦးဖျားဖျား လှူဒါန်းဖို့ဆိုတာကော သာ၍ပင် မခဲယဉ်းပေဘူးလား၊ သာ၍ပင် ခဲယဉ်းတော့ တာပေါ့။

မှန်ပါဘုရား။

ယခုတော့ အဲဒီခဲယဉ်းတဲ့ ဦးဦးဖျားဖျား အလှူကိုလဲ လှူဒါန်းဆက်ကပ် ကြရပေပြီ။

မှန်ပါဘုရား။

အဲသလို ဦးဦးဖျားဖျား သိမ်ဆင်းမှာ ဆက်ကပ်လှူဒါန်းရတဲ့ကုသိုလ်ဟာ သည့်ပြင်အခါက လှူဒါန်းရတာထက် အကျိုးကြီးတယ်။ဘယ့်အတွက်ကြောင့်လဲ ဆိုလျှင် သိမ်ဆင်းရဟန်း ဖြစ်သစ်စဆိုတာက အလွန်တရာ သီလစင်ကြယ်တဲ့အခါ ဖြစ်တယ်၊အဲဒီအခါ လှူရပြီလားဆိုလျှင် အလှူခံ့ရဲ့ သီလတန်ခိုးရှိန်စော်,အလှူရှင် များရဲ့ စေတနာသဒ္ဓါတရား အရှိန်အစော်တို့ကြောင့် ထိုကုသိုလ်ဟာ အတိုင်း မသိသောအကျိုးကို ပေးစွမ်းနိုင်တယ်။ အဲဒီ အဂ္ဂဒါန အဦးအဖျားကိုလှူဒါန်း ရတဲ့သူများမှာ အဦးအဖျား မြတ်သောအသက်ရှည်ခြင်း, အဆင်းလှခြင်း, အခြံ အရံများခြင်း, ကျော်စောခြင်း, ချမ်းသာကြီးခြင်း, ခွန်အားကြီးခြင်း ဆိုတဲ့ အကျိုး ၆-ပါးကို ရနိုင်တယ်။ ဒါကြောင့်....

အဂ္ဂဿ ဒါနံ ဒဒတံ၊ အဂ္ဂပုညံ ပဝဍ္ဎတိ။

အဂ္ဂံ အာယုစ ဝဏ္ဏောစ၊ ယသော ကိတ္တိ သုခံ ဗလံ။

ဘိက္ခဝေ၊ အဦးလှူညောင်း အို-ဒကာ, ဒကာမအပေါင်းတို့။ အဂ္ဂဿ၊ မြတ်သော အဦးအဖျား အလှူခံပုဂ္ဂိုလ်၌။ ဝါ-ပုဂ္ဂိုလ်အား။ ဒါနံ၊ အနဲအများ မခွဲခြားတဲ့ဒါနကို။ ဒဒတံ၊ ပေးလှူကြတဲ့ အလှူရှင်အပေါင်းတို့အား။ အဂ္ဂပုညံ၊ အဦးအဖျား မြတ်သောကောင်းမှုသည်။ ပဝဍ္ဎတိ၊ တနေ့တခြား တိုးပွားတော့ လေ၏။ အဂ္ဂံ၊ မြတ်သော အဦးအဖျား ဖြစ်သော။ အာယုစ၊ အသက်ရှည်ခြင်း

သည်ဂုဏ်း။ ဝဏ္ဏောစ၊ အဆင်းလှခြင်းသည်ဂုဏ်း။ ယသောစ၊ အခြံအရံများခြင်းသည်ဂုဏ်း။ကိတ္တိစ၊ကျော်စောခြင်းသည်ဂုဏ်း။သုခဥ္စ၊ချမ်းသာကြီးခြင်းသည်ဂုဏ်း။ ဗလဥ္စ၊ ခွန်အားကြီးခြင်းသည်ဂုဏ်း။ ပဝစ္စတိ၊တနေ့တခြား တိုးပွား၍ လာလေတော့သတည်း။

ဟောဒီ အဦးအဖျား လှူရတဲ့ အကျိုးရပုံ ဝတ္ထုသာဓကတော့ ဒီလိုတဲ့၊ အရှင်အညာသိ ကောဏ္ဍညမထေရ်၏ အလောင်းနှင့် သုဘဒ် ပရိဗိုဇ်အလောင်း ညီ-အစ်ကို နှစ်ယောက်တဲ့၊ ကြားလား။

မှန်ပါ့ဘုရား။

အဲဒီ ညီ-အစ်ကို နှစ်ယောက်တို့တွင် အစ်ကိုကြီးဖြစ်တဲ့ အရှင်အညာသိ ကောဏ္ဍညမထေရ်၏အလောင်းဟာ တခုသောဘဝတုန်းက ကောက်ဦးဆွမ်းကို ဦးဦးဖျားဖျား ကိုးကြိမ်တိုင်အောင် လှူဒါန်းဘူးတယ်။ အဲဒီ ကုသိုလ်ကြောင့် ဟော အခု(ဦးပဥ္စင်း)တို့ ဘုရားလက်ထက်မှာ ဘုရားကလွဲရင် အဦးဆုံး မဂ်,ဖိုလ် ရတဲ့ ပဥ္စဝဂ္ဂီ ငါးဦးထဲမှာအပါအဝင် အရှင်အညာသိ ကောဏ္ဍည မထေရ်ရယ်လို့ ဖြစ်လာပြီး၊ ဟော-အခု နိဗ္ဗာန်ဝင်စံသွားပြီ။

သုဘဒ်ရဲအလောင်း ညီတော်ကတော့ မိမိက မလှူတဲ့အပြင် အစ်ကိုကြီး လှူတာကိုတောင် လိုက်ဖျက်၍ နောက်ဆုံးပိတ် ကောက်စပါးသိမ်းပြီးမှ တကြိမ် ထဲသာ လှူဒါန်းခဲ့တဲ့အတွက် အစ်ကိုကြီး တရားသိမှုအချိန်နှင့် ဝေးကွာပြီးလျှင် ဘုရားပရိနိဗ္ဗာန်စံခါနီး နောက်ဆုံးပိတ်ကျမှ မဂ်,ဖိုလ်ကိုရ၍ နိဗ္ဗာန်ဝင်ရတယ်။

အဲဒီဝတ္ထုများကိုထောက်ထားသဖြင့် ငါတို့လဲ ဦးဦးဖျားဖျားသိမ်ဆင်းမှာ ကပ်လှူကြရတဲ့အတွက် အညာသိကောဏ္ဍညမထေရ်လို ဦးဦးဖျားဖျားဖြစ်တဲ့ စည်းစိမ်တို့ကိုခံစားရပြီးလျှင် ဦးဦးဖျားဖျား မဂ်,ဖိုလ်, နိဗ္ဗာန်ကို ရလိမ့်မယ်ဆိုတာ ယုံကြည်လျက် ဆုတောင်းကြကုန်ရာသည်။

ဤသည်ကား သုတ္တန်ဒေသနာတော်မြတ် ဖြစ်ချေသည်၊ထိုထက်လွန်ကဲ နက်နဲသော အဘိဓမ္မာ။ (အဘိဓမ္မာသတ်ပုံ သက်နံးတရားၾ ပါပြီး။)

(ဤကို ကောက်ဦးဆွမ်းအတွက်လည်း ဟောနိုင်သည်၊ အနည်းငယ်မျှ ပြောင်းပြောဖို့ပဲ ရှိသည်။)

ဤတရားကား မိမိသည် ရဟန်းဖြစ်စ သိမ်ဆင်းမှာ ဧည့်ခေါင်လွှန်းတောရ တိုက်ကြီးအတွင်းရှိ ခဏ္ဍသိမ်တော်အနီး၌ ဟောကြားခဲ့သော တရားဖြစ်သည်၊ ထိုနောက် ရဟန်း ၁၁-ဝါအရတွင် ရေနံမြို့-ဒေါ်တင်နှင့် ဒါယိကာမကြီး-ဒေါ်ငြိမ်းပုံတို့၏အလှူတွင်လည်း ပရိသတ် ငါးရာကျော်ထဲ၌ အသံချဲ့စက်တပ်၍ ၎င်းတရားကိုပင် ဟောခဲ့သည်။

(ဤတွင် တခန်းရပ် အဘိဓမ္မာတပ်။)

## တနည်း-ရဟန်းခံ-ရှင်ပြု တရား

ယခု အလှူရှင် ဒကာ,ဒကာမတို့ပြုလုပ်တဲ့ ကုသိုလ်ပွဲကြီးက''ရှင်ပြု အလှူ ကုသိုလ်ပွဲကြီး'' ဖြစ်ပေတာကိုး၊ အဲသလို ရှင်ပြုအလှူပွဲကြီး ပြုလုပ်ရာမှာ....

(၁) အခု ဘုရားကိုယ်တော်မြတ်ကြီးလက်ထက် ဘယ်အခါကစ၍ ဒီလို ရှင်ပြုရန်, ရဟန်းခံရန်တို့ကို ခွင့်ပြုပါသလဲ၊

(၂) ရှင်-ရဟန်းပြုတဲ့ပုဂ္ဂိုလ်များကတော့ ဘယ်အကျိုးငှာ ရှင်-ရဟန်း ပြုကြတာလဲ။

(၃) ရဟန်းဖြစ်အောင် ချီးမြှောက်ရတဲ့ ဒကာ, ဒကာမတွေကော ဘာအကျိုးရသလဲ။

ဆိုတဲ့ အချက်ကြီး ၃-ချက်ကို သိထားဖို့ လိုပေတယ်။ အဲဒါကြောင့် ဒီအချက်ကြီး ၃-ချက်ကိုရှင်း၍ ယခုအလှူပွဲမှာ ဟောရလိမ့်မယ်၊ ကြားလား။

မှန်ပါ့ဘုရား။

၁။ အချက်အရ၊ ဟောဒီလို ရှင်သာမဏေပြုရန်နှင့် ရဟန်းခံရန်များကို အခု (ဘုန်းကြီးတို့) ဘုရားလက်ထက်မှာ ဘယ်အခါကစ၍ ခွင့်ပြုတယ်ဆိုတာ အစကစ၍ ဟောမယ်၊ မှတ်သားလို့နာကြနော်။

မှန်ပါ့ဘုရား။

အခု ဘုန်းကြီးတို့ ဘုရားကိုယ်တော်မြတ်ကြီးသည် ဘုရားအဖြစ်သို့ရောက် တော်မူပြီးတဲ့နောက် ဗာရာဏသီမြို့အနီး မိဂဒါဝုန် တောကြီးထဲ၌ ဓမ္မစကြာ တရားဟောတဲ့အခါ ပဉ္စဝဂ္ဂီ ၅-ဦးခေါ်တဲ့ တပည့်ရဟန်း ၅-ပါးဖြစ်လာတယ်။ ဒီနောက် အရှင်ယသ တပါး၊ ဒီနောက် အရှင်ယသ၏ သူငယ်ချင်းဖြစ်တဲ့ သဌေး သား ၄-ယောက်မှ ဖြစ်လာသော ရဟန်းက ၄-ပါး၊ ဒီနောက် အရှင်ယသ၏ သူငယ်ချင်းများပင်ဖြစ်ကြတဲ့ အမျိုးသား ၅၀-မှဖြစ်သော ရဟန်းပေါင်း ၅၀၊ အားလုံး ပေါင်းလိုက်တော့ ဘုရားကိုယ်တော်မြတ်ကြီးမှာ ဘုရားဖြစ်စ တဝါ အတွင်းမှာပင် တပည့် ရဟန်းပေါင်း ၆-ကျိပ် ရှိလာတယ်။ ထိုအခါ လောက၌ ဘုရားကိုယ်တော်မြတ်ကြီးပါ ရဟန္တာပေါင်း ၆-ကျိပ်တပါး ဖြစ်လာတယ်။

ဒါကြောင့် ဝိနည်းမဟာဝါ မဟာခန္ဓကမှာ....

တေနခေါ ပန သမယေန ကေသဋ္ဌိ လောကေ အရဟန္တာ ဟောန္တိ။

လို့ မိန့်တော်မူတယ်။

အဲသလို တပည့် ရဟန္တာပေါင်း ၆-ကျိပ် ရှိလာတဲ့အခါကျတော့ ဘုရား ကိုယ်တော်မြတ်ကြီးက သာသနာပြုလွှတ်တာကိုး၊ ဒါကြောင့် မဟာခန္ဓက ပါဠိ တော်ကြီးမှာ....

စရထ ဘိက္ခဝေ စာရိကံ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ လောကာ-
နုကမ္ပာယ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ။

မာ ဧကေန ဒွေ အဂမိတ္ထ။

ချစ်သားရဟန်းတို့-များစွာသောလူတွေရဲ့အကျိုးငှာ သွားကြ,လှည့်လည်ကြ၊ သွားတဲ့အခါမှာလဲ တကြောင်းတည်းသောလမ်း၌ နှစ်ပါး မသွားကြနဲ့၊ တပါးစီ ခွဲပြီးသွားကြ။ ပြီးတော့-

ဒေသေထ ဘိက္ခဝေ ဓမ္မံ အာဒိကလျာဏံ မဇ္ဈေကလျာဏံ ပရိယော
သာနကလျာဏံ။

"ချစ်သား ရဟန်းတို့-အစ, အလယ်, အဆုံး သုံးပါးလုံးကောင်းမြတ်တဲ့ တရားကိုလဲ ဟောကြ"လို့ ဆိုပြီးတော့ အသီးသီး သာသနာပြုရန် စေလွှတ်တော်မူတယ်တဲ့၊ ကိုယ်တော်မြတ်ကြီးကလဲ တပါးတည်း ခွဲကြွတော်မူတာပေါ့။

အဲသလို သာသနာပြုစေလွှတ်တဲ့အခါ တပည့်ရဟန်းများကလဲ ဟိုအရပ် ဒီအရပ် အသီးအသီး ခွဲကြွတော်မူကာ တရားများကို ဟောပြော ကြတယ်တဲ့။ ဒီတော့ ရှင်သာမဏေလုပ်ချင်တဲ့သူ၊ရဟန်းခံချင်တဲ့သူတွေလဲ အသီးသီးပေါ်လာ ကြတာပေါ့။အဲဒီသူများကို ရှင်ပြုဖို့ရန်, ရဟန်းခံဖို့ရန် ဘုရားထံ အရောက်ခေါ် လာကြရသဖြင့် အလွန်ပင်ပန်းကြတယ်။

ဒီတော့မှ ဘုရားကိုယ်တော်မြတ်ကြီးက ရဟန်းများကို ကိုယ့်ဟာကို ရှင်-ရဟန်းပြုပေးကြတော့လို့ ခွင့်ပြုတော်မူလိုက်တယ်တဲ့။ ဒါကြောင့်....

အနုဇာနာမိ ဘိက္ခဝေ တုမှေဝ ဒါနိ တာသု တာသု ဒိသာသု တေသု
တေသု ဇနပဒေသု ပဗ္ဗာဇေထ ဥပသမ္ပာဒေထာတိ။

ဘိက္ခဝေ၊ ငါ၏ချစ်သား ရဟန်းများတို့။ ဒါနိ-ဣဒါနိ၊ ယခုအခါ၌။ တုမှေဝ၊ သင် ချစ်သားတို့ ကိုယ်တိုင်ပင်လျှင်။ တာသု တာသု ဒိသာသု၊ ထိုထို အရပ်မျက်နှာတို့၌ရှင်း။ တေသု တေသု ဇနပဒေသု၊ ထိုထို ဇနပုဒ် ကျေးရွာတို့၌ ရှင်း။ ပဗ္ဗာဇေထ၊ ရှင်ပြုကြကုန်လော့။ ဥပသမ္ပာဒေထ၊ ပဉ္စင်းခံကြကုန်လော့။ ဣတိ၊ ဤသို့။ အနုဇာနာမိ၊ ငါဘုရား ခွင့်ပြုတော်မူ၏။

ဟောဒီစကားဟာ ရှင်-ရဟန်းပြုပေးရန်အတွက်ပထမဆုံးခွင့်ပြုတော်မူတဲ့ စကားပဲ။ အဲသလို ရဟန်းတော်တွေကိုယ်တိုင် ရှင်ပြု-ရဟန်းပြုပေးရန်အခွင့်ကို ဘုရားကိုယ်တော်မြတ်ကြီး ဘုရားဖြစ်ပြီးစအခါ ပထမဝါမှာပင် ပေးတော်မူပါ တယ်တဲ့။

အဲသလို အခွင့်ပေးလိုက်တဲ့အချိန်က စပြီးတော့ ဟော–ယနေ့တိုင်အောင် ရဟန်းတော်များကိုယ်တိုင်ပင် ရောက်ရာအရပ်၌ ရှင်ပြုပေးကြတယ်၊ ကိုရင်ဝတ် ပေးကြတယ်။ ရဟန်းများကိုယ်တိုင်ပင် ရဟန်းခံ ပေးကြတယ်။ ဒါပေမယ့်လို့ ရဟန်းခံပေးတဲ့နေရာမှာတော့ ယခုအခါ သရဏဂုံနှင့် မဟုတ်တော့ဘူး၊ နောက် ၊ပ်ခွင့်ပြုချက်အတိုင်း ဉတ္တိ စတုတ္ထ ကမ္မဝါစာဖြင့်သာ ခံပေးကြရတယ်။

၂။ အချက်အရ၊ ဘယ်အကျိုးငှာ ကိုရင်လုပ်တာ, ရဟန်းလုပ်တာပါ လဲလို့ဆိုလျှင် ကိုရင်လုပ်တယ်ဆိုတာ, ရဟန်းလုပ်တယ်ဆိုတာဟာ ငြိမ်းအောင် လို့၊ အလုပ် မလုပ်ချင်လို့၊ အလုပ် မလုပ်နိုင်လို့၊ ပျင်းလို့ လုပ်တာ မဟုတ်ဘူး။ တချို့က အမှတ်တမဲ့နှင့် ပြောတတ်ကြတယ်၊ ဘယ်လိုလဲဆိုလျှင် လူတယောက် ခပ်အအ, ခပ်ပျင်းပျင်း, ခပ်ဖျင်းဖျင်းကိုတွေ့လျှင် မင်းဟာကွာ–ဘုန်းကြီးလုပ် နေတာ ကောင်းပါတယ်။ လူတယောက် မစွမ်း မသန်တာကို တွေ့ပြန်လျှင်လဲ မင်းဟာ အလွန် အ,သေးတာပဲ ဘုန်းကြီးပဲ ဝတ်နေပါကွာ စသည်ဖြင့် ပြော တတ်ကြတယ်၊ ဒါဟာ သာမန်မဟုတ်ဘူးနော်၊ သာသနာကို အများကြီးထိခိုက် တဲ့စကား၊ အများကြီးနှိမ့်ချတဲ့စကား ဖြစ်တယ်။ ဒါကြောင့် ဒီလိုပြောဆိုမှုများ ကို သတိပြုကြရမယ်၊ ကြားလား။

မှန်ပါဘုရား။

ဒါ့ကြောင့်ကိုရင်ဝတ်တယ်ဆိုတာ,ရဟန်းခံတယ်ဆိုတာဟာဘယ်အကျိုး ငှာ လုပ်ရတယ် ဟောဒီနေရာက နေပြီးတော့ (ဘုန်းကြီး)က ဟောခဲ့မယ်၊ မှတ်ထားကြနော်။

မှန်ပါဘုရား။

ကိုရင်ဝတ်တယ်ဆိုတာ "ဘန္တေ သံသာရဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ" လို့ဆို မဟုတ်လား။ဒါကိုတော့ ယောကျ်ားဆိုလျှင် လူတိုင်းလိုလို ငယ်ငယ်တုန်း က သင်ခဲ့ရမှာချည်းပဲပါ။

အဲဒါကြောင့် ရှင်သာမဏေလုပ်တယ်၊ ကိုရင်ဝတ်တယ်ဆိုတာ သံသရာမှ ထွက်မြောက်ဖို့၊ မဂ်, ဖိုလ်, နိဗ္ဗာန်ကိုရဖို့ရန် ပြုကြတာချည်းပဲ။ ပျင်းလို့, အစား ချောင်, အနေချောင်အောင်လို့ လုပ်တာ မဟုတ်ဘူး။ ရဟန်းခံတယ်, ဘုန်းကြီး လုပ်တယ်ဆိုတာလဲပဲ "ဥလ္လုမ္ပတု မံ ဘန္တေ သံဃော အနုကမ္ပံ ဥပါဒါယ" တဲ့။ ဒါဟာ ရဟန်းလုပ်တဲ့ ပုဂ္ဂိုလ်များမှာ ဟို–သိမ်ထဲ မှာတုန်းကပင် ဒီအတိုင်း တောင်းခဲ့ကြတာချည်းပါပဲ။ အဲဒါကြောင့် ရဟန်းခံတယ်, ဘုန်းကြီးလုပ်တယ် ဆိုတာဟာလဲပဲ သံသရာဝဋ်ကလွတ်၍ နိဗ္ဗာန်ရဖို့ရာ လုပ်ကြတာချည်းပဲ။အလုပ် မလုပ်နိုင်လို့ မစွမ်းသာလို့,ပျင်းလို့, အစားကောင်း စားရအောင် ပုံ လုပ်ကြတာ မဟုတ်ဘူး။

အဲဒါကြောင့် ဒီနေရာမှာ ဒကာတွေ ဒကာမတွေကလဲ သံဃာဂိုဏ်းမသင့်အောင်၊ သာသနာကိုမထိခိုက်အောင် ပြောဆိုမှုကို သတိပြုကြရမယ်။

ကိုရင်လုပ်သူ ရဟန်းလုပ်သူများကလဲ မိမိတို့ ပဋိညာဉ်ခံနှင့် ညီအောင် သာသနာအလုပ်ကို ကြိုးစားအားထုတ်ကြရမယ်။ ဒကာတွေ ဒကာမတွေ အထင်သေးအောင် မနေကြရဘူး။ ဒကာတွေ ဒကာမတွေဆိုတာ ကံ-ကံ၏အကျိုးကို ယုံကြည်သူမှန်ခဲ့သည်ရှိသော် မိမိတို့ကသာ လ္လန္ဒေသိက္ခာရရနှင့် အနေကောင်းလို့ရှိလျှင် သာသနာ့အလုပ်ကို ကြိုးစားအားထုတ်လို့ရှိလျှင် ကြည်ညိုမြတ်နိုးကြမှာချည်းပါပဲ။

စင်စစ်ကတော့ ဒကာ ဒကာတွေ ကြည်ညိုဖို့ မကြည်ညိုဖို့က လိုရင်းမဟုတ်ပါဘူး၊ သာသနာ့ အလုပ်ကို လုပ်ဖို့နှင့် လ္လန္ဒေသိက္ခာ ရရှိဖို့ဆိုတာဟာ ကိုယ့်ဘက်က တာဝန်ကြီးပါပဲ။

ဒါ့ကြောင့် ဟို-ဓမ္မာသောက မင်းတရားကြီး လက်ထက်တုန်းက ကိုရင် "နိဂြောဓ" လို့ခေါ်တဲ့ ကိုရင်ငယ်ကလေးဟာ ဆရာကောင်းတပည့်ကလဲဖြစ်တော့ သူ့ဘက်က တာဝန်အတိုင်း စက္ခုန္ဒြေများချလျက် လ္လန္ဒေသိက္ခာရရနှင့် မင်းလမ်းမကနေပြီးတော့ ဖြတ်၍ ကြွသွားတယ်။

ရှင်ဘုရင်ကြီးလဲ နန်းတော် လေသာတံခါးက လှမ်းမျှော်၍ ကြည့်ခိုက်နှင့်ကြုံနေလေရာ ကိုရင်ကလေး၏ လ္လန္ဒေသိက္ခာရရနှင့်ကြွသွားနေပုံကိုမြင်ရသဖြင့် မနေနိုင်တော့ပဲ အပင့်ခိုင်းတော့တာပေါ့။ ဒီတော့ ကိုရင်ကလေးကလဲ လိုက်ကြွလာပြီးလျှင် ဟို-မြင့်မြတ်တဲ့ ရာဇပလ္လင်ထက်သို့ တက်ထိုင်တယ်တဲ့၊ ဒီတော့ ရှင်ဘုရင်ကြီးက ဒီ ကိုရင်ကလေး၏ မြင့်မြတ်တဲ့ အမျိုးအစားဆိုတာ သိရသဖြင့် သာ၍ပင် ကြည်ညိုသွားတယ်တဲ့။

ဒါနဲ့ တရားဟောဖို့ရန် လျှောက်ပြန်တော့လဲပဲ "အပ္ပမာဒေါ အမတံ ပဒံ" စသည်ဖြင့် မင်းကြီး၏ ကိုယ်ကျင့်ရေးရာအတွက်ကိုသာ ဟောပြပြန်တော့ ကြည်ညိုမှုမှာ ပြောစရာမရှိတော့ဘူးပေါ့။ အဲသလို လ္လန္ဒေသိက္ခာရရရှိတဲ့အတွက် အဲဒီ နိဂြောဓဆိုတဲ့ ကိုရင်ကလေးမှာ ဘုရင်ဓမ္မာသောကမင်းတရားကြီးကိုယ်တိုင် ကစ၍ပင် ကြည်ညိုမြတ်နိုးတဲ့အတွက် နောင်အခါ မင်းဆရာတော်အရှင်နိဂြောဓ မထေရ်ရယ်လို့ ကျော်ကြားရတယ်တဲ့၊ ကြားလား။

မှန်ပါ့ဘုရား။

အဲဒါကြောင့် ကိုရင် လုပ်သူ ရဟန်း လုပ်သူများကိုလဲ ကိုယ့်ဘက်က ခြွင်းချက်မရှိရအောင် လ္လန္ဒေသိက္ခာရရနှင့် သာသနာ့အလုပ်ကို ကြိုးစားအားထုတ်ကြဖို့ဆိုတာ ဒီနေရာကနေပြီးတော့ တိုက်တွန်းလိုက်ပါတယ်။

၃။ အချက်အရ၊ဟောဒီ ရှင်သာမဏေအဖြစ်,ရဟန်းအဖြစ်ရောက်အောင် ချီးမြှောက်ရတဲ့ ဒကာ,ဒကာမတွေ ရရှိတဲ့အကျိုးကတော့ သာမညအကျိုး, ဝိသေသအကျိုးရယ်လို့ နှစ်မျိုးရှိတယ်။(ဤအကျိုးအတွက် ရှေး ရှင်ပြု-ရဟန်းခံ တရားကနှင့် တူပြီ။ ပြန်ကြည့်ကြပါလေ။)

အမှာ။ ။ဦးထွန်းစိန်နှင့် ကိုပေါက်စ, ကိုကျော်ဇံ တို့၏ အလှူပွဲတွင် ပရိသတ် သုံးရာကျော်၌ ဟောခဲ့သော တရားဖြစ်သည်။

(ဤတွင် တခန်းရပ် အဘိဓမ္မာတပ်။)

---

## တနည်း-ရှင်ပြု-ရဟန်းခံတရား

ယခုအလှူပွဲမှာတော့....

(၁) သာသနာ့အမွေ ခံယူပုံအကြောင်းကို ဟောမယ်။

(၂) သာသနာ့အမွေရပုံကို ဟောမယ်။

(၃) သာသနာ့အမွေခံရတဲ့ ရှင့်ဒကာ-ရှင့်အမ၊ ရဟန်းဒကာ-ရဟန်း အမတို့ ရတဲ့အကျိုးကို ဟောမယ်။

ကြားလား-ဒကာစိန်။

မှန်ပါ့ဘုရား။

၁။ အချက်အရ၊ သာသနာ့အမွေကို ခံယူပုံအကြောင်းက ဒီလိုတဲ့။ ယခု (ဘုန်းကြီး)တို့ ဘုရားကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန် စံဝင်တော်မူပြီးတဲ့နောက် သာသနာတော်နှစ် နှစ်ရာကျော်လောက်မှာ မဇ္ဈိမဒေသတွင် ပါဋလိပုတ်မြို့ကြီး၌ (ယခုအခါတော့ ဣန္ဒိယနိုင်ငံထဲ အပါအဝင်ဖြစ်တဲ့၊ ယခု ဗီဟာနယ် အနောက် မြောက်ပိုင်းတွင်ရှိသော ပဋ္ဋနာမြို့ကို ဆိုပါတယ်)အဲဒီ ပဋ္ဋနာခေါ်တဲ့ ပါဋလိပုတ် မြို့ကြီး၌ မင်းပြုတဲ့ ဓမ္မာသောကမင်းကြီးဆိုတာ ဗုဒ္ဓ သာ သ နာ တော် ကြီး ကို အလွန်ကြည်ညိုတယ်။အသောကာရုံကျောင်းတော်ကြီးကိုဆောက်လုပ်ပြီးတော့ ခြောက်သောင်းသော ရဟန်းတော်တို့အား နိစ္စဗဒ် ဆွမ်း ဝတ်တည်ထားပြီး ကျုံ မြို့ပေါင်း ရှစ်သောင်းလေးထောင်တို့၌ ကျောင်းပေါင်း ရှစ်သောင်းလေးလောင်, စေတီပေါင်း ရှစ်သောင်းလေးထောင်တို့ကိုလဲ တည်ထားပြန်တယ်။

**အယ်ဒီတာမှတ်ချက်။** ။အင်္ဂလိပ်ပုဂ္ဂိုလ်များရဲ့ ပြောဆိုချက်ကို မှတ် သားပြီး ဒေလီနှင့် ပါဋလိပုတ် အတူတူဟု ထင်တ ကြသည်၊ အမှန်အားဖြင့် တခြားစီဖြစ်သည်၊ ဒေလီ မြို့ကား ရှေးကာလအပိုင်းအခြားအားဖြင့် ကုရုတိုင်း၊ ယခု ပန်ဂျပ်ပြည်နယ်တွင် ပါဝင် သည်။ ပါဋလိပုတ်မြို့ကား ယခု ပဋ္ဋနာ အမည်တွင်သည်။ ရှေးက မဂဓတိုင်းတွင်၊ ယခုဗီဟာနယ်အနောက်မြောက်ပိုင်းတွင် ပါဝင်သည်။ တမြို့နှင့်တမြို့ မိုင်လေးရာကျော် မျှ ခွာသည်။

အဲဒီကျောင်းပေါင်း ရှစ်သောင်းလေးထောင်၊ စေတီပေါင်း ရှစ်သောင်းလေးထောင် ပြီးတဲ့အခါ ကျောင်းရေစက်ချပွဲကြီးကို ပြုလုပ်တယ်။ အဲဒီ အခါ တုန်းက အရှင် မောဂ္ဂလိပုတ္တတိဿမထေရ်အမှူးရှိတဲ့ ရဟန်း ယောကျ်ားပေါင် ကုဋေရှစ်ဆယ်နှင့် ရဟန်းမိန်းမပေါင်း ကိုးသန်းခြောက်သိန်း ရှိတယ်တဲ့။

အဲဒီအခါ ဓမ္မာသောကမင်းကြီးဟာ အလွန်ဝမ်းမြောက်လွန်းလို့ သံဃာကိ လျှောက်တယ်။

အရှင်ဘုရားတို့ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး ရှိတော်မူစဉ်က စပြီ သာသနာတော်မြတ်ကြီးကို ကိုးကွယ်ကြတဲ့ ပုဂ္ဂိုလ်တွေဟာ အများကြီ ပဲ ရှိပါတယ်၊ ဘယ်ပုဂ္ဂိုလ်၏အလှူဟာ အများဆုံးပါလဲဘုရား။

လို့ လျှောက်ထားတယ်။ ဒီတော့ အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေင် မြတ်ကြီးက....

မဟာရာဇ ဒသဗလဿ သာသနေ ပစ္စယဒါယကောနာမ တယာ

သဒိသော ဓရမာနေပိ တထာဂတေ န ကောစိ၊ အဟောသိ၊ တဝေဝ

ပရိစ္စာဂေါ မဟာ။

လို့ မိန့်တော်မူတယ်။

မဟာရာဇ၊ မြတ်သောမင်းကြီး။ ဒသဗလဿ၊ မြတ်စွာဘုရား၏။ သာသနေ၊ သာသနာတော်၌။ တယာ၊ သင်မင်းကြီးနှင့်။ သဒိသော၊ တူသော၊ ပစ္စယဒါယကောနာမ၊ ပစ္စယဒါယကာ မည်သော။ ကောစိ၊ တစုံတယောက် သော သူသည်။ တထာဂတေ၊ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသည်။ ဓရမာ နေပိ၊ သက်တော်ထင်ရှား ရှိသောအခါကလည်း။ နအဟောသိ၊ မဖြစ်ခဲ့ပေဘူး၊ တဝေဝ၊ အသင်မင်းကြီး၏ သာလျှင်။ ပရိစ္စာဂေါ၊ စွန့်ကြဲခြင်းသည်။ မဟာ၊ ကြီးကျယ်လှပါပေ၏။

ဒီနောက် လျှောက်ထားပြန်သည်မှာ....

အရှင်ဘုရား-အဘယ်သို့ပြုလျှင် သာသနာ့အမွေခံ ဖြစ်ပါမည်နည်း ဘုရား။

လို့ လျှောက်ပြန်တယ်တဲ့။

ဒီတော့မှ အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်မြတ်ကြီးက မင်းကြီး၏ သားဖြစ်တဲ့ မဟိန္ဒမင်းသား၏ အရဟတ္တဖိုလ်ရမည့် အကြောင်းနှင့် သာသနာ ကြီးပွားမည့် အကြောင်းများကို မြင်တော်မူ၍ ၎င်းမဟိန္ဒမင်းသားကို ရည်ပြီး လျှင် သန္ဓာယ ဘာသိတ ဒေသနာတော်အားဖြင့်-

ယောဟိကောစိ မဟာရာဇ အနောဝ ါဒလိဒ္ဒေါဝ ါအတ္တနော ဩရသံ
ပုတ္တံ ပဗ္ဗာဇေတိ။ အယံ ဝုစ္စတိ မဟာရာဇ ဒါယာဒေါ သာသနဿ။
လို့ မိန့်တော် မူလိုက်တယ်။

မဟာရာဇ၊ မြတ်သော မင်းကြီး။ ယောဟိ ကောစိ၊ အမှတ်မရှိ တစုံတယောက်သော။ အနောဝ ါ၊ ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာသောသူသည်ရင်း။ ဒလိဒ္ဒေါဝ ါ၊ပစ္စည်းဥစ္စာ ဆင်းရဲနွမ်းပါးရှာသောသူသည်ရင်း။အတ္တနော၊မိမိ၏။ ဩရသံ၊ ရင်၌ဖြစ်သော။ ပုတ္တံ၊ သား-သမီးကို။ ဝါ-အတ္တနော ဩရသံ ပုတ္တံ၊ ကိုယ့်သားရင်း သမီးရင်းကို။ ပဗ္ဗာဇေတိ၊ ရှင်-ရဟန်း ပြုစေ၏။ မဟာရာဇ၊ မြတ်သောမင်းကြီး။ အယံ၊ ဤကဲ့သို့သောသူကို။ သာသနဿ၊သာသနာတော်မြတ်ကြီး၏။ ဒါယာဒေါ၊ အမွေခံဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပါပေ၏။

အဲဒီလို မိန့်ဆိုတော်မူလိုက်တဲ့အခါ ဓမ္မာသောကမင်းကြီးသည် သားတော် မဟိန္ဒမင်းသားနှင့် သမီးတော် သင်္ဃမိတ္တာတို့ကို ရှင်ရဟန်းပြုဖို့ တိုက်တွန်းတယ်တဲ့၊ ဒီတော့ မဟိန္ဒမင်းသားကလေးမှာ ပါရမီရှင်ကလေးကလဲဖြစ် အရင်တုန်းကလဲ ရှင်-ရဟန်းပြုချင်နေသဖြင့် သို့ကလို သံတော်ဦးတင်လိုက်တယ်။

ပဗ္ဗဇာမိ ဒေဝ၊ မံ ပဗ္ဗာဇေတွာ တုမှေ သာသနေ ဒါယာဒါ ဟောထ။

ဒေဝ၊ ခမည်းတော်မင်းမြတ်။ အဟံ၊ အကျွန်ုပ်သည်။ပဗ္ဗဇာမိ၊ ဖန်ရည်တပ်စွန်း မြတ်သင်္ကန်းနှင့် ရှင်-ရဟန်းပြုပါတော့အံ့။မံ၊အကျွန်ုပ်ကို။ပဗ္ဗာဇေတွာ၊ သာသနာတော်တွင်းမှာ သွတ်သွင်းကာ ရှင်-ရဟန်း ပြုကြကုန်ပြီးလျှင်။တုမှေ၊ ခမည်းတော်နှင့်မယ်တော်မြက်ဖျား သင်မင်းနှစ်ပါးတို့သည်။သာသနေ၊မြတ်စွာဘုရား သာသနာတော်ကြီး၌။ ဒါယာဒါ၊ အမွေခံတို့သည်။ ဟောထ၊ဖြစ်တော်မူရစ် ကြပါကုန်လော့။

အဲသလို မဟိန္ဒမင်းသားကလေးက သံတော်ဦး တင်လိုက်လျှင်ပဲ သင်္ဃမိတ္တာမင်းသမီးကလေးကလဲ ပါရမီရှင်မကလေး ဖြစ်လေတော့၊မောင်တော်ကြီးနှင့်အတူ သာသနာဘောင်ဝင်ပြီး ရှင်-ရဟန်းပြုလုပ်လိုကြောင်း သံတော်ဦးတင်ပြန်တယ်။

အဲသလို သားတော် သမီးတော်များက ရှင်-ရဟန်း ပြုလုပ်လိုကြောင်းများကိုလျှောက်ထားလေတော့ ဘုရင်အသောကမင်းတရားကြီးမှာ ဝမ်းမြောက်ဝမ်းသာနှင့် သားတော်,သမီးတော်များကို သာသနာတော်တွင်း ရှင်-ပဉ္စင်းအဖြစ်သို့ သွတ်သွင်းချီးမြှောက်ပြီးလျှင် သာသနာ၏အမွေကို ခံယူတယ်။

သားတော်,သမီးတော်များလဲ ရှင်-ရဟန်း ပြုပြီးလျှင်ရဟန္တာချည်းဖြစ်သွားတယ်။ ဘုရင်အသောကမင်းတရားကြီးမှာလဲ သား-သမီးများနှင့် စပ်ပြီးတော့ သာသနာတော်၏အမွေခံ ဖြစ်သွားတော့တာပေါ့။

ယခု အလှူရှင် ဒကာ–ဒကာမများလဲ ဘုရင်အသောက မင်းတရားကြီးလို မိမိတို့၏ ရှင်-ရဟန်းများနှင့်စပ်၍ ယခု သာသနာ့အမွေခံ ဖြစ်ကြရပေပြီဆိုတာ ဝမ်းမြောက်ကြရမယ်။

ကဲ-သာသနာ့အမွေ ခံယူပုံအကြောင်းကို သည်လောက်နှင့် တိုတိုပဲ တော်ကြစို့၊ အကျယ်မှာတော့ ဝိနည်း ပါရာဇိကဏ် အဋ္ဌကထာကြီး များမှာ ပါတယ်။

၂။ အချက်–သာသနာ့အမွေ ရပုံကိုဟောကြဦးစို့၊သာသနာ့အမွေရတာ ကတော့ စင်စစ်မှုချအားဖြင့်ဆိုလျှင် ရှင်အဖြစ်, ရဟန်းအဖြစ်သို့ ရောက်ကြတဲ့ ရှင်သာမဏေ, ရဟန်းများသာ ရပေတယ်။ အဲဒီ ရှင်သာမဏေ, ရဟန်းများနှင့် ဆက်စပ်၍သာ ရှင့်ဒကာ–ဒကာမများလဲ သာသနာ့အမွေ ရတယ်လို့ဆိုပါတယ်။

ဒီနေရာမှာ အမွေဆိုတာကလဲ လောကုတ္တရာအမွေပေကိုး၊စင်စစ်မှုချရတာ က သာသနာ့ဘောင် ရောက်သွားတဲ့ ရှင်သာမဏေနှင့် ရဟန်းများမှာရတယ်။ ဒါကြောင့် ရာဟုလာ အမွေပေးခန်းမှာ (ဘုန်းကြီး)တို့ ဘုရားကိုယ်တော်မြတ် ကြီးသည် သက္ကတိုင်း-ကပိလဝတ်မြို့၊နိဂြောဓာရုံကျောင်း၌ သီတင်းသုံးတော်မူစဉ် ခမည်းတော်သုဒ္ဓေါဒနမင်းကြီး၏ နန်းတော်သို့ ဆွမ်းခံဝင်တော်မူတဲ့အခါ မှာ သားတော်ရာဟုလာကလေးသည် သူ၏မိခင် ယသော်ဓရာမိဖုရားက စေခိုင်းချက်အရ ဘုရားအထံသို့ အမွေတောင်းရန်သွားတယ်။

ဘုရားကိုယ်တော်မြတ် ထ၍ ကြွသွားတော်မူတဲ့အခါမှာ နောက်တော်က လိုက်၍ အမွေတောင်းသတဲ့။ ဒါ့ကြောင့် မဟာဝ ါ မဟာခန္ဓကမှာ–

ရာဟုလော ကုမာရော ဘဂဝန္တံ ပိဋ္ဌိတော ပိဋ္ဌိတော အနုဗန္ဓိ ဒါယဇ္ဇံ မေ သမဏ ဒေဟိ၊ ဒါယဇ္ဇံ မေ သမဏ ဒေဟီတိ။

ရာဟုလော ကုမာရော၊ ရာဟုလာ သတို့သားကလေးသည်။ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ သမဏ၊ ရဟန်း။ မေ၊ တပည့်တော်အား။ ဒါယဇ္ဇံ၊အမွေကို။ ဒေဟိ၊ပေးပါလော။ (ပ) ဣတိ၊ ဤသို့။ပိဋ္ဌိတောပိဋ္ဌိတော၊ နောက်မှ–နောက်မှ။ အနုဗန္ဓိ၊ အစဉ် လိုက်လေတော့၏။

ကျောင်းတော်ရောက်တဲ့အခါ ဘုရားကိုယ်တော်မြတ်ကြီးက ငါ့သားကို လောကီအမွေ မပေးတော့ဘူး။ လောကုတ္တရာအမွေကိုသာ ပေးတော့မည်ဟု နှလုံးပိုက်တော်မူပြီးလျှင် တပည့်ကြီး အရှင်သာရိပုတ္တရာကိုခေါ်၍ ရှင်သာမဏေ အပြုခိုင်းတယ်တဲ့။ ဒါ့ကြောင့်....

တေန ဟိ တွံ သာရိပုတ္တ ရာဟုလံ ကုမာရံ ပဗ္ဗာဇေဟိ။

သာရိပုတ္တ၊ ချစ်သား သာရိပုတ္တရာ။ တေန ဟိ၊ ထိုသို့ဖြစ်ခဲ့လျှင်။ တွံ၊ သင်သည်။ ရာဟုလံ ကုမာရံ၊ ရာဟုလာသတို့သားကို။ ပဗ္ဗာဇေဟိ၊ ရှင်သာမဏေ ပြုပေးလိုက်လော့။

အဲဒီဝတ္ထုမှာ ရှင်သာမဏေဖြစ်သွားတဲ့ ရာဟုလာ သတို့သားကလေးမှာ လောကုတ္တရာအမွေကိုဘုရားကပေးလိုက်တော့ လောကုတ္တရာအမွေကိုစင်စစ်မုချ ရသွားတယ် မဟုတ်လား။

အဲဒါကြောင့် ရှင်သာမဏေနှင့် ရဟန်းများမှာ သာသနာ့အမွေကို စင်စစ် မုချ ရတယ်။ သို့သော်လည်းပဲ ၎င်း ရှင်သာမဏေ-ရဟန်းများနှင့်စပ်၍ ရှင့်ဒကာ-ရှင့်အမ၊ ရဟန်းဒကာ-ရဟန်းအမများလဲ ပရိယာယ်အားဖြင့် သာသနာ့အမွေကို ရတယ်လို့ပဲ ဆိုရပါတယ်။ ဒါကြောင့် ဝိနည်းဋီကာဆရာကြီးများက....

ပရိယာယေန ဩရသော ပုတ္တော မာတာပိတူဟိ ပဗ္ဗဇိတော စေ၊
အတ္တတော တေ သယံ ပဗ္ဗဇိတာ ဝိယ ဟောန္တိ။ (အနက်ပေးခဲ့ပြီး။)

၃။ အချက် - သာသနာ့အမွေကို ခံယူရတဲ့ ဒကာ-ဒကာမများ ရရှိတဲ့ အကျိုးကတော့ အများကြီးပဲ။ ဒါပေမဲ့ ဒီနေရာမှာ ခမည်းတော် သုဒ္ဓေါဒန မင်းကြီးကိုဟောပြတဲ့ အကျိုးတွေကိုသာ ထုတ်ပြတော့မယ်။ဘယ်လိုလဲလို့ဆိုလျှင် အခု (ဘုန်းကြီး) တို့ ဘုရားကိုယ်တော်မြတ်ကြီးသည် ကပိလဝတ်မြို့၊ နိဂြောဓာရုံ ကျောင်းတော်၌ သီတင်းသုံးတော်မူတဲ့အခါ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး က သို့ကလို လျှောက်ထားတယ်တဲ့။

"သားတော်ဘုရား....သားတော် တောထွက်သွားစဉ်က ခမည်းတော် တကြိမ် နှလုံးမသာ ဖြစ်ခဲ့ပါတယ်။သည့်နောက် မင်းနန်အား ကျောင်းတော်သို့ခေါ်သွား၍ ရဟန်းပြုပေးပြန်စဉ်က တကြိမ် နှလုံးမသာ ဖြစ်ခဲ့ ပြန်ပါတယ်။ နောက်တော့ မြေးတော် ရာဟုလာကို ကျောင်းတော်၌ ရှင်သာမဏေပြုပေးပြန်လေတော့ ခမည်းတော်မှာ သာ၍ပင်နှလုံးမသာ ဖြစ်ခဲ့ပါတယ်ဘုရား။ ဒါ့ကြောင့် ဒီကနောက်၌ သားတော်ဘုရားသည် မိဖ ခွင့်မပြုတဲ့ သား, သမီးများကို ရှင်-ရဟန်း မပြုပေးပါနှင့်ဘုရား" ပီးတော့ လျှောက်ပြန်တာက....

"သားတော်ဘုရား....ဒီလို သား, မြေးတို့ကို ရှင် ရဟန်းပြုစေတဲ့အတွက် ရရှိတဲ့အကျိုးကိုလဲ ဟောတော်မူပါဘုရား"
လို့ လျှောက်တယ်တဲ့။

ခေတ်—၂၀၊ (ဒုတိယအကြိမ်)

ဒါကြောင့်....

သုဏောဟိ မဟာရာဇ အသင်္ချေယျကပ္ပါနိ အာနိသံသာနိမာတာပိတူဟိ ပရိဘုဥ္စိတဗ္ဗာနိ၊ ဣဒံ ဒေဝရာဇသမ္ပတ္တိ၊ ဣဒံ စက္ကဝတ္တိ ရာဇသမ္ပတ္တိ၊ ဣဒံ ကေရာဇသမ္ပတ္တိ၊ ဣဒံ ပဒေသ ရာဇသမ္ပတ္တိ၊ ဧကော ဒေဝပုတ္တော မဟိဒ္ဓိကော မဟာနုဘာဝေါ သဗ္ဗသမ္ပတ္တိနံ မနံ ကတွာ အာကာသ သဒိသံ ဖလကံ ကတွာ သာသပဗီဇမတ္တံ ဗျဥ္ဇနံ လိခိတွာပိ ဖလကံ န ပဟောတိ၊ ပဗ္ဗဇ္ဇိတဿ ဖလံ အဝသိဋ္ဌံ အဟောသိ။

မဟာရာဇ၊ ခမည်းတော်မင်းကြီး။ သုဏောဟိ၊ နာလော့။ အသင်္ချေယျ ကပ္ပာနိ၊ မရေတွက်နိုင်သော ကပ်ကမ္ဘာတို့ ကာလပတ်လုံး။ အာနိသံသာနိ၊ အကျိုးအာနိသင်တို့ကို။ မာတာပိတူဟိ၊ အမိ-အဖတို့သည်။ ပရိဘုဥ္စိတဗ္ဗာနိ၊ သုံးဆောင် ခံစားရာကုန်၏။ ဣဒံ၊ ဤသည်ကား။ ဒေဝရာဇသမ္ပတ္တိ၊နတ်မင်း,နတ် မိဖုရားကြီးတို့၏ စည်းစိမ်ချမ်းသာတည်း။ ဣဒံ၊ ဤသည်ကား။ စက္ကဝတ္တိ ရာဇ သမ္ပတ္တိ၊စကြဝတေးမင်းမိဖုရားတို့၏စည်းစိမ်ချမ်းသာတည်း။ဣဒံ၊ဤသည်ကား။ ကေရာဇသမ္ပတ္တိ၊ ကေရာဇ်မင်း, မိဖုရားတို့၏ စည်းစိမ်ချမ်းသာတည်း။ ဣဒံ၊ ဤသည်ကား။ ပဒေသရာဇသမ္ပတ္တိ၊ ပဒေသရာဇ်မင်း, မိဖုရားတို့၏ စည်းစိမ် ချမ်းသာတည်း။ ဣတိ၊ ဤသို့။ မဟိဒ္ဓိကော၊ ကြီးသောတန်ခိုးလည်းရှိထသော။ မဟာနုဘာဝေါ၊ကြီးသောအာနုဘော်လည်း ရှိထသော။ဧကော ဒေဝပုတ္တော၊ နတ်သားတယောက်သည်။ သဗ္ဗသမ္ပတ္တီနံ၊ ဆိုအပ်ခဲ့တဲ့ အလုံးစုံသော စည်းစိမ် ချမ်းသာတွေကို။ မနံကတွာ၊စိတ်ဖြင့်မှတ်သားသည်ကိုပြု၍။အာကာသသဒိသံ၊ ကောင်းကင်ပြင်နှင့်တူသော။ ဖလကံ၊ သင်ပုန်းပျဉ်ကို။ ကတွာ၊ ပြု၍။ သာသပ ဗီဇမတ္တံ၊ မုန်ညင်းစေ့မျှလောက်သော။ ဗျဥ္ဇနံ၊ စာလုံးကို။ လိခိတွာပိ၊ ရေး၍ လည်း။ ဖလကံ၊ ကောင်းကင်ပြင်နှင့်တူတဲ့ သင်ပုန်းပျဉ်ချပ်သည်။န ပဟောတိ၊ မလောက်။ ပဗ္ဗဇ္ဇိတဿ၊ ရှင်-ရဟန်းပြုရခြင်း၏။ ဖလံ၊ အကျိုးသည်။ အဝသိဋ္ဌံ၊ ကြွင်းကျန်သည်။ အဟောသိ၊ ဖြစ်၏။

အဲဒီဒေသနာကိုထောက်ရှုသဖြင့် ယခုအလှူရှင် ဒကာ,ဒကာမအပေါင်း တို့လဲပဲ ငါတို့သည် အကျိုးများသော သာသနဒါယဇ္ဇ ကုသိုလ်ကြီးကို ဆည်းပူး ရပေပြီဆိုတာ ဝမ်းမြောက်သောစိတ်ကို ဖြစ်စေကုန်ရာသည်။

(အဘိဓမ္မာတပ်၍ အဆုံးသတ်။)

ရှင်ပြု-ရဟန်းခံတရား အပြီးသတ်ပြီ။

## ၈။ အသုဘနှင့်သက်ဆိုင်တဲ့ ဆွမ်းသွတ် တရားတော်

ယခုကိစ္စက သေလွန်သူ (...........)နှင့် စပ်၍၊ (...........)ကို ရည်စူးပြီး ဆွမ်းသွတ်တာကိုး။ ဒီတော့ မရဏာနုဿတိ ကမ္မဋ္ဌာန်းဖြစ်ရန်နှင့်သံဝေဂကထာများကို အဓိကထားပြီး ဟောပြောရလိမ့်မယ်၊ ကြားလား။

မှန်ပါ့ဘုရား။

ဒီနေရာမှာ အင်္ဂုတ္တိုရ်၌ ဘုရားဟောထားတဲ့ ဘေးကြီးသုံးပါးကို အရင်သိရှိပြီး သတိသံဝေဂယူကြဖို့သင့်တယ်။ အဲဒီ ဘေးကြီးသုံးပါးကို "အမာတာပုတ္တိက ဘယ"လို့ ပါဠိလိုခေါ်ဆိုတယ်။ မြန်မာလိုကတော့ "အမိက သားကို မကယ်နိုင်၊ သားက အမိကို မကယ်နိုင်သော ဘေးကြီးများ"လို့ ခေါ်ပါတယ်။ ဒါလဲ ဥပလက္ခဏာအားဖြင့် ခေါ်တာနော်၊ ဥပလက္ခေတဗ္ဗအားဖြင့် ဆိုလျှင်- "သား-သမီးတို့ကလဲ မိဖကို မကယ်နိုင်၊ မိဖကလဲ သား-သမီးတို့ကို မကယ်နိုင်၊ ဆရာကလဲ တပည့်ကို မကယ်နိုင်၊ တပည့်ကလဲ ဆရာကို မကယ်နိုင်၊ လင်ကလဲ မယားကိုမကယ်နိုင်၊ မယားကလဲ လင်ကိုမကယ်နိုင်"တဲ့ ဘေးကြီးများလို့ ဆိုလိုတယ်တဲ့။ အဲဒီဘေးကြီးများဟာ အလွန်ကြောက်စရာကောင်းတယ်။ ကြောက်စရာကောင်းတဲ့ အတိုင်းလဲ ကြောက်ကြတာပဲ။ ဒါပေမဲ့ ထိုဘေးကြီးများမှ လွတ်နိုင်တဲ့ ဘုံဌာနသို့မရောက်သေးတော့ အချိန်ကျကမည်သူမဆို တွေ့ကြရတာချည်းပါပဲတဲ့။

အဲဒီ ဘေးကြီးသုံးပါး ဆိုတာက....

(၁) ဇရာ-ဆိုတဲ့ အိုခြင်းဘေး၊

(၂) ဗျာဓိ-ဆိုတဲ့ နာခြင်းဘေး၊

(၃) မရဏ-ဆိုတဲ့ သေခြင်းဘေး-တဲ့၊

ကြားလား။

မှန်ပါ့ဘုရား။

အဲဒီသုံးပါးကို "အမာတာ ပုတ္တိက ဘယ"လို့ ဘုရားက ဟောခဲ့တယ်။ ဒါ့ကြောင့်....

တီဏိမာနိ ဘိက္ခဝေ အမာတာပုတ္တိက ဘယာနိ၊ ကတမာနိ တီဏိ၊ ဇရာဘယံ၊ ဗျာဓိဘယံ၊ မရဏဘယံ။

(အင်္ဂုတ္တိုရ် တိကနိပါတ ပါဠိ)

ဘိက္ခဝေ၊အို့,နာ,သေရေး ဒုက္ခဘေးတို့ကို တွေးမိတိုင်းကြောက်ညှောင်းအိုး-သူ ဘော်ကောင်းကို။အမာတာပုတ္တိက ဘယာနိ၊အမိကလဲသားကိုမကယ်နိုင်, သားကလဲ အမိကိုမကယ်နိုင်တဲ့ ဘေးကြီးတို့သည်။ ဣမာနိ တီဏိ၊ ဤသုံးပါးတို့

ပေတည်း။ ကတမာနိ တီဏိ၊ အဘယ်သုံးပါးတို့လဲဆိုလျှင်။ ဇရာဘယံ၊ အိုခြင်းတည်းဟူသော ဘေးလည်းတပါး။ဗျာဓိဘယံ၊နာခြင်းတည်းဟူသောဘေးလည်းတပါး။ မရဏဘယံ၊ သေခြင်းတည်းဟူသော ဘေးလည်းတပါး။ ဣမာနိ တီဏိ၊ ဤသုံးပါးတို့ ပေတည်း။

အိုခြင်းဘေးဆိုတာက မျက်စိမှုံခြင်း, ခါးကုန်းခြင်း, နားလေးခြင်း,ဆံဖြူသွားကျိုးခြင်း, အသားအရေ တွန့်လိပ်ခြင်းတွေဟာ အိုခြင်းဘေးတဲ့။ နာခြင်းဘေး,သေခြင်းဘေးတို့ ဆိုတာကတော့ သိသာနေပါပြီ။ အဲဒီ ဘေးကြီးသုံးပါးတွေလာလျှင် မည်သူက မည်သူ့ကိုမှ မကယ်နိုင်ဘူးတဲ့။ယခု (ကိုတင်မြင့်၏ သားကလေး)ဟာလဲပဲ သေခြင်းဆိုတဲ့ဘေးနှင့် တွေ့သွားရတယ် မဟုတ်လား။ ကယ်ဆယ်လို့ရမယ်ဆိုလျှင် သေသွားတဲ့ သားကလေးကို ကယ်ဆယ် ထား လိုက် ကြမှာပေါ့။ မကယ်ဆယ်နိုင်ဘူးတဲ့။ ဒါ့ကြောင့် ဘုရားက “အမာတာပုတ္တိကဘယ” လို့ ဟောထားတာပေါ့။

အဲဒီ ဘေးကြီး သုံးပါးက လွတ်အောင် ဆိုပြီးသကာလ ရှေး သူ တော်ကောင်းတို့သည် ကောင်းကင်၌၎င်း, သမုဒ္ဒရာ၌၎င်း, တောင်ခေါင်းထဲ၌၎င်း ကြာမြင့်စွာ ပုန်းအောင်းပြီး နေကြတယ်တဲ့။ ဘယ်လိုပင် ပုန်းအောင်း၍နေကြသော်လဲ ထိုဘေးကြီးသုံးပါးမှ မလွတ်ကြပေဘူး၊ ကြားလား။

မှန်ပါ့ဘုရား။

အဲဒီ ဘေးကြီးသုံးပါးတို့တွင် မရဏ-သေခြင်းဆိုတဲ့ ဘေးကြီးကိုကား ဘုရား, ရဟန္တာကလွဲလျှင် မည်သူမဆို အလွန့်အလွန် ကြောက်ကြပေတယ်။ ဒါ့ကြောင့်....

သဗ္ဗေ သတ္တာ မစ္စုနော ဘာယန္တိ။

သဗ္ဗေ သတ္တာ၊ အလုံးစုံသော သတ္တဝါ အပေါင်းတို့သည်။ မစ္စုနော၊ သေခြင်းမှ။ ဘာယ[illegible]၊ ကြောက်ကြလေကုန်တော့သတည်း။

ယခု သေလွန်သွားတဲ့( )လဲပဲ ထို သေခြင်းဘေးကြီးကို အလွန်ကြောက်တာပေါ့၊ ဘယ်လိုပင် ကြောက်သော်လဲ သေမင်းနိုင်လို့ ခေါ်တဲ့သုံးဆယ့်တစ်ဘုံအတွင်းကမလွတ်သေးတော့ အချိန်ကျလာတဲ့အခါသေရတာပဲ။ ထို( )သူသာ မဟုတ်သေးဘူး၊ မည်သူမဆို အချိန်ကျလာလျှင် သေကြရမှာချည်းပဲ၊ သေမင်းဆိုတာက ငယ်တာ-ကြီးတာ ရွေးနေတာ မဟုတ်ဘူး၊ အချိန်ကျလာလျှင် မည်သူ့ကိုမဆို ခေါ်တာချည်းပဲ။ ဒါ့ကြောင့်....

ဒဟာရစာပိ ဝုစ္စာစ၊ ယေ ဗာလာ ယေစ ပဏ္ဍိတာ။

အစ္စာစေဝ ဒလိဒ္ဒါစ၊ သဗ္ဗေ မစ္စု ပရာယနာ။

ဒဟာရ၊ အသက်အရွယ် နုနယ်ကုန်သော။ ယေစာပိ၊ အကြင် သူတို့သည်ငှင်း။ ဝုစ္စာ၊ အသက်အရွယ် ကြီးရင့်ကုန်သော။ ယေစ၊ အကြင်သူတို့သည်ငှင်း။ ဗာလာ၊ မိုက်ကုန်သော။ ယေစ၊ အကြင်သူတို့သည်ငှင်း။ ပဏ္ဍိတာ၊ ပညာရှိကုန်သော။ ယေစ၊ အကြင်သူတို့သည်ငှင်း။ အစ္စာ၊ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာကုန်သော။ ယေစ၊ အကြင်သူတို့သည်ငှင်း။ဒလိဒ္ဒါ၊ ပစ္စည်းဥစ္စာ ဆင်းရဲနွမ်းပါးကုန်သော။ ယေစ၊ အကြင်သူတို့သည်ငှင်း။သန္တိ၊ ရှိကြလေကုန်၏။ တေ သဗ္ဗေ၊ ထိုအလုံးစုံသောသူတို့သည်။ မစ္စု ပရာယနာ၊ သေခြင်းလျှင် လဲလျောင်းရာရှိကုန်တော့သတည်း။

အဲဒါကြောင့် သေမင်းဆိုတာ ''အော်.... ဒါက ကလေးကလေးပဲ၊သူ့ကိုတော့ ထားဦးမှပဲ၊ သူဟာဖြင့် အသက်အရွယ်ကြီးသူပဲ၊ သူဟာဖြင့် ပညာရှိကြီးပဲ''- စသည်ဖြင့် ရွေးချယ်နေတာမဟုတ်ဘူး။အချိန်ကျလာသူမှန်လျှင် သိမ်းကြုံး၍သာ ခေါ်တော့တာပဲ။

ဘုရားကိုယ်တော်မြတ်ကြီးတောင်မှပဲ သေမင်းနိုင်ငံတွင်းမှာ ရုပ်နာမ်နှစ်ပါးက ရှိနေသေးတော့ သေမင်းနောက်သို့ လိုက်ပါရသေးတာပဲ။ပရိနိဗ္ဗာန်စံရသေးတာပဲ။ ဒါ့ကြောင့် အရှင်အာနန္ဒာအား ဟောကြားတော်မူခဲ့သည်မှာ-

အာနန္ဒ မာ သောစိ မာ ပရိဒေဝိ၊ နာနာဘာဝေါ ဝိနာဘာဝေါ အညထာဘာဝေါ။ ယံ ဓမ္မဇာတံ ဘူတံ သင်္ခတ ပလောကဓမ္မံ တထာဂတဿပိ သရီရံ မာ ပလုဇ္ဇီတိ နေတံ ဌာနံ ဝိဇ္ဇတိ။

အာနန္ဒ၊ အာနန္ဒာ။ မာ သောစိ၊ မစိုးရိမ်နှင့်။မာ ပရိဒေဝိ၊မငိုကြွေးနှင့်။ နာနာဘာဝေါ၊သေသောအားဖြင့် ကွေကွင်းခြင်းရှိ၏။ ဝိနာဘာဝေါ၊ရှင်သောအားဖြင့် ကွေကွင်းခြင်းရှိ၏။ အညထာဘာဝေါ၊တပါးသောအခြင်းအရာအားဖြင့် ကွေကွင်းရခြင်းရှိ၏။ ယံ ဓမ္မဇာတံ၊ အကြင်တရားသဘောသည်။ ဘူတံ၊ ဟုတ်မှန်၏။သင်္ခတံ၊ ပြုပြင်စီရင်အပ်၏။ ပလောကဓမ္မံ၊ပျက်တတ်သော သဘောရှိ၏။တံဓမ္မဇာတံ၊ ထိုတရားသဘောကို။ တထာဂတဿ၊မြတ်စွာဘုရား၏။ သရီရံပိ၊ ကိုယ်ကိုသော်လည်း၊ မာ ပလုဇ္ဇီ၊ မပျက်စီးစေနှင့်။ဣတိ၊ဤသို့။ဧတံ ဌာနံ၊ ထိုသို့တားမြစ်နိုင်ခြင်းအကြောင်းသည်။ န ဝိဇ္ဇတိ၊ မရှိ။

အဲဒါကြောင့် ဘုရားတောင်မှ သေဘေးကို မလွတ်နိုင်ဘူးဆိုတာ အသင့်အားဖြင့် နှလုံးသွင်းကြရမယ်။

အဲသလို အသင့်အားဖြင့် နှလုံးသွင်းကြပြီးလျှင် "မရဏံ မေ ဘဝိဿတိ၊ မရဏံ မေ ဘဝိဿတိ" ငါတို့လဲ သေရဦးမှာပဲဟု သေခြင်းတရားကိုဆင်ခြင်ရမယ်။ ဒါကြောင့်....

ဣမေ ပဉ္စက္ခန္ဓာ အနိစ္စာ၊ အနိစ္စာယ မရိဿန္တိ။
မရဏန္တံ ဂမိဿာန၊ ဣမံ ကာယံ ခိပိဿန္တိ။

ဣမေ ပဉ္စက္ခန္ဓာ၊ ဤခန္ဓာငါးပါးရုပ်နာမ်တရားတို့သည်။ အနိစ္စာ၊ အမြဲမရှိပါကုန်တကား။ အနိစ္စာယ၊ အမြဲမရှိခြင်းကြောင့်။ မရိဿန္တိ၊ သေကြေရကုန်လိမ့်ဦးမည်တကား။ မရဏန္တံ၊ သေခြင်းသို့။ ဂမိဿာန၊ ရောက်သည်ရှိသော်။ ဣမံ ကာယံ၊ ဤခန္ဓာကိုယ်ရုပ် အကောင်ပုပ်ကြီးကို။ ခိပိဿန္တိ၊ သုသာန်တစ သင်္ချိုင်းဝသို့ စွန့်ပစ်ကြရလိမ့်ဦးမည်တကား။

အဲ-သို့ကလို ဆင်ခြင်ရမယ်။ အဲဒီသေဘေးကြီးဆိုတာဟာ သူနိုင်ငံအတွင်းက လွန်မြောက်ပြီးတော့ နိဗ္ဗာန်သို့ ရောက်မှသာလျှင် ထိုသေဘေး ကြီး က လွတ်နိုင်တယ်။ ဒါကြောင့် နိဗ္ဗာန်ကြီးကို အမတ-မသေရာ ဘုံဌာနကြီးလို့ခေါ်ဆိုတာပေါ့။

နတ္ထိ မတံ တေ့ နိဗ္ဗာနေတိ အမတံ။

တေ့နိဗ္ဗာနေ၊ ဤနိဗ္ဗာန် ဆိုတဲ့ဘုံဌာနကြီး၌။ မတံ၊ သေခြင်းသည်။ နတ္ထိ၊ မရှိ။ ဣတိတသ္မာ၊ ထိုသို့သေခြင်းမရှိရာဖြစ်သောသတ္တိကြောင့်။ တံ နိဗ္ဗာနံ၊ ထိုနိဗ္ဗာန်ဆိုတဲ့ ဘုံဌာနကြီးသည်။ အမတံ၊ အမတမည်၏၊ ကြားလား။
မှန်ပါ့ဘုရား။

အဲ-ယခုဟောခဲ့တဲ့ နိဗ္ဗာန်ကြီးသို့ ရောက်မှသာလျှင် သေဘေး ကြီးက လွတ်နိုင်တယ်။ နိဗ္ဗာန်မရောက်သေးခင်၌ကား ဘုရား-ရဟန္တာပင်ဖြစ်သော်လည်း သေမင်းနိုင်ငံတွင်းမှာပင် ဖြစ်၍ ရုပ်,နာမ်နှစ်ပါးရှိသေးတဲ့အတွက် အမှန်သေကြရတာချည်းပဲ။ အဲဒါကြောင့် ဒီသေဘေးကြီးက လွတ်မြောက်ရာဖြစ်တဲ့ နိဗ္ဗာန်ကြီးသို့ရောက်ကြရအောင်ဟာ ဒါန-သီလ-ဘာဝနာဆိုတဲ့ ကုသိုလ်တရားများကို ကြိုးစားအားထုတ်ကြရမယ်။

နိဗ္ဗာန်ကြီးသို့ မရောက်ကြသေး၍ သေမင်းနိုင်ငံအတွင်း၌သာ ဖြစ်သောကြောင့် သူ့ကံတရားစီမံတဲ့အတိုင်း သေလွန်သွားကြရာ၌ ကျန်ရစ်သူမိဖ-ဆွေမျိုးသား-သမီးများက စိုးရိမ်ပူဆွေးခြင်း, ငိုကြွေးခြင်း စသည်များ ဖြစ်နေလျှင် ကိုယ်ပင် ဆင်းရဲပင်ပန်းရုံဖြစ်ပေတယ်၊ သေသူကား ပြန်လာတော့တာမဟုတ်ဘူး၊ သို့အတွက် ရှေးသူတော်ကောင်းများကဲ့သို့ စိုးရိမ်ပူဆွေး ငိုကြွေးမှုတွေကို သိမ်း

ဆည်းပြီးသကာလ''ငါတို့လည်း ထိုသေသွားတဲ့သူကဲ့သို့ သေရအုံးမှာပဲ''ဆိုတာ သတိသံဝေဂ ယူကြကုန်ရာသတည်း။

(ဤတွင်တခန်းချပ်၍ ဝတ္ထုသာဓကတမျိုး ထုတ်နိုင်သည်)။

ကျန်ရစ်ခဲ့သူ သား-သမီး, ဆွေမျိုး, ဉာတိ, မိဖများက စိုးရိမ်ပူဆွေးငိုကြွေး မှုတွေကို သိမ်းဆည်းကြပြီးလျှင် သေသူကို ရည်မှန်း၍ မိမိတို့ ဝတ္တရား အတိုင်း သံဃာတော်များကို ဆွမ်း, သင်္ကန်း ဆက်ကပ်လှူဒါန်း၍ သေလွန်သူ အမည်ကို ခေါ်၍ အမျှပေးဝေကြရမယ်။

အဲသလိုပြုလုပ်လို့ရှိလျှင် မိမိတို့လဲ ဒါနကုသိုလ်ဖြစ်ပေတယ်၊သေလွန်သူလဲ ပင်ကိုက အစားအစာနှင့် အဝတ်တန်ဆာ မပြည့်စုံတဲ့ ဘုံဌာနရောက်သွားလို့ ရှိလျှင် အစားအစာနှင့် အဝတ်တန်ဆာ ပြည့်စုံပြီးတော့ စည်းစိမ်ချမ်းသာကို ခံစားရခြင်းအကျိုးလဲ ရှိပေတယ်။ ဒါ့ကြောင့် ဒီလို ဆွမ်း, သင်္ကန်း ဆက်ကပ် လှူဒါန်း၍အမျှပေးဝေမှုကိုသာ ပြုကြရမယ်၊စိုးရိမ်ပူဆွေး ငိုကြွေးမှုတို့သည်ကား ဘာမျှအကျိုးမရှိသည့်ပြင် ကိုယ်သာလျှင် ပင်ပန်းဆင်းရဲရုံ ဖြစ်တယ်တဲ့။

ဟောဒီနေရာမှာ အမျှပေးဝေ၍ သေသူခံစားရတဲ့ဝတ္ထုကို ထုတ်ပြဦးမည်၊ အခု(ဘုန်းကြီးတို့ ဘုရားကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးနောက် သီဟိုဠ်ကျွန်း၌ နိဒ္ဒါနဇနပုဒ်လို့ခေါ်တဲ့ ကျေးရွာတခု ရှိတယ်၊ အဲဒီ နိဒ္ဒါန ဇနပုဒ်ခေါ်တဲ့ ကျေးရွာထဲ၌ မဟာဒေဝခေါ်တဲ့ လယ်သမားတယောက်ဟာ တောင်သူလယ်သမားတို့ထုံးစံအတိုင်း မိမိလယ်ယာရှိရာအရပ်၌ တဲများဆောက် လုပ်ပြီးတော့ ထိုလယ်တဲ၌ပင် နေတယ်တဲ့၊တနေ့သ၌ ထိုတဲ၌ အိပ်နေစဉ် ညဉ့် အခါတွင် အနီးသို့လာပြီးလျှင် အသံနက်ကြီးနှင့် ငိုနေရှာတယ်တဲ့။ လယ်သမား ကြီးက လှမ်းပြီးမေးတဲ့အခါ ကျွန်ုပ်ကား ပြိတ္တာဖြစ်ပါတယ်၊မစားရ-မသောက် ရနှင့် နေရပါတယ်၊ အခြားသော ပြိတ္တာများမှာတော့ သူတို့ဆွေမျိုးတွေက အမျှ ပေးဝေလို့ အမျှရပြီးလျှင် ချမ်းသာစွာ နေထိုင်ကြရပါတယ်၊ ကျွန်ုပ်မှာတော့ ဘယ်ဆွေမျိုးကမှ အမှတ်မရတဲ့အတွက် ဒီလို ဆင်းရဲဒုက္ခကို ခံစားနေရပါတယ်၊ အရှင်လယ်သမားက ကျွန်ုပ်ကိုရည်စူး၍ ကုသိုလ်များပြု၍ အမျှပေးဝေပါလို့ ပြောသတဲ့၊ ကြားလား။

မှန်ပါ့ဘုရား။

အဲဒီတော့မှ မဟာဒေဝခေါ်တဲ့ လယ်သမားကြီးကလဲ အလွန်သနားတဲ့ အတွက် နက်ဖြန်နံနက်ရောက်တဲ့အခါ သံဃာတော် ရှစ်ပါးကိုပင့်ပြီး ဆွမ်းများ လှူဒါန်းကာ အမျှပေးဝေလိုက်တယ်၊ထိုအခါ ပြိတ္တာကြီးမှာ နတ်၌ဖြစ်တဲ့အစား အစာများနှင့် ပြည့်စုံသွားတယ်။

နောက်တညရောက်ပြန်တဲ့အခါ အရင်ကလိုပဲ ပြန်လာပြန်တယ်။ မဟာဒေဝ လယ်သမားကလဲ ရှေးကလိုမေးပြန်တာပေါ့၊ဒီတော့ ပြိတ္တာကြီးက အရှင်လယ်သမားက အမျှပေးဝေတဲ့အတွက် ကျွန်ုပ်မှာ အစားအစာနှင့်တော့ ပြည့်စုံပေပြီ၊အဝတ်တန်ဆာကိုတော့ မဝတ်ရသေးပါ။ သို့အတွက် တဖန်လာရပြန်ပါတယ်လို့ ပြောသတဲ့။ ကြားလား၊ သတိပြုကြနော်။

မှန်ပါ့ဘုရား။

ဒီတော့ လယ်သမားကြီးက အလွန်သနားလှတဲ့အတွက် သူ့မှာပါလာတဲ့ အဝတ်ပိုင်းကလေးကို ပေးသတဲ့၊ ထိုအခါ ပြိတ္တာကြီးက အရှင်လယ်သမား ကျွန်ုပ်ကို ဒီလိုပေးလို့ အကျွန်ုပ်မရနိုင်ပါဘူး။ ကျွန်ုပ်ကို သနားတာဖြင့် သံဃာတော်များအား သင်္ကန်းပိတ်များ လှူပြီးလျှင် အမျှပေးဝေပါ၊သို့မှသာ ကျွန်ုပ်ရနိုင်ပါတယ်လို့ ပြောသတဲ့၊ ကြားလား။

မှန်ပါ့ဘုရား။

အဲဒီတော့ မဟာဒေဝ လယ်သမားကြီးက နောက်နေ့ ရောက်တဲ့ အခါ သံဃာတော် ရှစ်ပါးကို တဖန်ပင့်ပြန်ပြီးလျှင် သင်္ကန်းပိတ်တထည်စီ လှူဒါန်း၍ အမျှပေးဝေတယ်။အဲဒီတော့မှ ပြိတ္တာကြီးမှာ နတ်ဥ္စဖြစ်တဲ့စည်းစိမ်များကိုခံစားရပြီးလျှင် အစားအစာ-အဝတ်တန်ဆာတို့နှင့် ပြည့်စုံလာတယ်တဲ့၊ ကြားလား။

မှန်ပါ့ဘုရား။

ထိုနောက် ကိုယ်တိုင် လာပြီး သကာလ မဟာဒေဝ လယ်သမားကြီးကို ကျေးဇူးဆပ်လိုတဲ့အတွက် သို့ကလို ပြောကြားတယ်။

မာတာပိတူဟိ ကတံ နေတံ၊ ဉာတိသာလောဟိတေဟိ ဝါ။

ယံ တုမှေဟိ ကတံ မယှံ၊တဿ ပတ္တိံ ကရောမိဟံ။

သမ္မ၊အိုအဆွေလယ်သမား။မာတာပိတူဟိဝါ၊ကျွန်ုပ်၏မိဖတို့သည်၎င်း။ ဉာတိသာလောဟိတေဟိဝါ၊ ကျွန်ုပ်၏ ဆွေမျိုး,သားချင်းတို့သည်၎င်း။ ဧတံ၊ ထိုကောင်းမှုအဖို့ကို။ န ကတံ၊ ပြုအပ်, ပေးဝေ အပ်သည်မဟုတ်ပါ။ တုမှေဟိ၊ အဆွေလယ်သမားတို့သည်။ မယှံ၊ ကျွန်ုပ်အား။ ယံ၊ အကြင်ကောင်းမှုကုသိုလ် အဖို့ကို။ ကတံ၊ပြုလုပ်ပေးဝေအပ်ပေ၏။ တဿ၊ ထိုကောင်းမှုကုသိုလ်၏။ပတ္တိံ၊ အဖို့ကို။ အဟံ၊ အကျွန်ုပ်သည်။ ကရောမိ၊ ကျေးဇူးဆပ်သောအားဖြင့် ပြန်၍ တဖန် ပြုပေတော့အံ့။

အဲသလို ပြောဆိုပြီးသကာလ မဟာဒေဝလယ်သမားကြီးကို သူနေတဲ့ ညောင်ပင်ကြီးအောက်သို့ ခေါ်သွားတယ်၊ ကြားလား။

မှန်ပါ့ဘုရား။

အဲဒီ ညောင်ပင်ကြီးအောက် ရောက်တဲ့အခါ ရွှေအိုးကြီး လေးလုံးကို တူးဖော်ပြီးသကာလ မဟာဒေဝ လယ်သမားကြီးအား ကျေးဇူးဆပ်တဲ့အနေနဲ့ ပေးလိုက်တယ်။

အဲဒီလို ရွှေအိုးကြီးများကို ပေးလိုက်ပြီးလျှင် မဟာဒေဝ လယ်သမားကြီး၏ နေရာရောက်အောင် ပြန်ပြီး လိုက်ပို့သေးတယ်။ မဟာဒေဝခေါ်တဲ့ လယ်သမားကြီးဟာ ချမ်းသာသွားတော့တာပေါ့၊အဲဒီ မဟာဒေဝလယ်သမားကြီးဟာ အသက်တိုင်းနေပြီးသကာလ သေလွန်တဲ့အခါ ကောင်းမှုများကြောင့် ဟို-တုသိတာနတ်ပြည်၌ နတ်၏စည်းစိမ်တို့ကို ခံစားရတယ်။

အဲဒီ မဟာဒေဝ ဝတ္ထုထုံးကို နှလုံးသွင်းကြပြီးသကာလ ဒကာ,ဒကာမ အပေါင်းတို့လဲပဲ သေလွန်တဲ့သူအတွက် သံဃာတော်မြတ်များအား ဆွမ်း, သင်္ကန်း လှူဒါန်း၍ အမျှပေးဝေကြရမယ်။

အဲဒါကြောင့် ယနေ့ပြုလုပ်တဲ့ ကုသိုလ်ကားဆိုရင် သူ့ကျိုး,ကိုယ့်ကျိုး နှစ်မျိုးပြီးတဲ့ ကုသိုလ်ဆိုတာ ယုံကြည်သောစိတ်ကို ဖြစ်စေကြရမယ်။ သူ့ကျိုး အတွက်ကတော့ သိရပေပြီ။ ကိုယ့်ကျိုးအတွက်ကတော့ ဤဒါနကုသိုလ်ကြောင့် နိဗ္ဗာန်မရောက်ခင်ဘဝများ၌ လူ့ပြည်-နတ်ပြည်တို့မှာ အကောင်းဆုံး,အမွန်ဆုံး ဖြစ်တဲ့ စည်းစိမ်များကို ခံစားရပြီးလျှင် အဆုံးစွန်သောဘဝမှာ မသေရာဖြစ်တဲ့ နိဗ္ဗာန်ကြီးကို ရနိုင်ပါတယ်။ ဒါကြောင့် မြတ်စွာဘုရားက....

မာနုဿိကာစ ။ပ။ လဗ္ဘတိ။ (ရှေးနည်းတူ။)

ယာစ နိဗ္ဗာနသမ္ပတ္တိ၊ အကြင် မသေရာဖြစ်တဲ့ နိဗ္ဗာန်ကြီးသည်ရင်း။

(အနက်ဆို၍ အဘိဓမ္မာတပ်။)

အမှာ။ ။၁၃၁၆-ခုနှစ်တွင် ဗိုလ်မှူး မောင်တင်မြင့်၏ ၂-နှစ်အရွယ် ရှိ သားကလေးအတွက် ဆွမ်းသွတ်မှာ ပရိသက်ကထောင်ကျော်၊ သံဃာ ၃၀-ကျော်ထံ၌ ဟောခဲ့သောတရားဖြစ်သည်။

---

## တနည်း-ဆွမ်းသွတ် တရား

သေမင်းဆိုတာ ဘုရားကိုယ်တော်မြတ်ကြီးတောင်မှ ရှောင်ကွင်းလို့မရပေဘူး။ဒါ့ကြောင့် အခု(ဘုန်းကြီး)တို့ ဘုရားကိုယ်တော်မြတ်ကြီးသည် ဆိတ်ငြိမ်ရာအရပ်၌ တပါးတည်းမွေ့လျော်တော်မူရင်း အသက်တော်၏ အပိုင်းအခြားကို ကြည့်ရှုတော်မူတဲ့အခါ နက်ဖြန်ပင် ပရိနိဗ္ဗာန်ပြုရမည်ကို မြင်တော်မူလေသဖြင့် "အော်-ငါ၏သားကြီးဖြစ်တဲ့သာရိပုတ္တရာလဲ နာဠကရွာ သူ့မယ်တော်တိုက်ခန်း၌ ပရိနိဗ္ဗာန်ပြုရရှာပြီ၊ငါ့သား မောဂ္ဂလာန်ဆိုတာလဲ ဂိဇ္ဈကုဋ်တောင်၌ပရိနိဗ္ဗာန်ပြုရရှာပြီ၊ငါ့သား ကောဏ္ဍညလဲ ဆဒ္ဒန်တော၌ပရိနိဗ္ဗာန်ပြုလေပြီ၊ ငါ၏ရင်သွေးရာဟုလာလဲ တာဝတိံသာနတ်ပြည်၌ ပရိနိဗ္ဗာန်ပြုလေပြီ၊ငါလဲပဲ အခုကုသိနာရုံ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်တော၌ ပရိနိဗ္ဗာန်ပြုရလိမ့်မယ်၊သွာ.ကြစို့"လို့ အရှင်အာနန္ဒာအား မိန့်ကြားတော်မူပြီးလျှင် ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်တောသို့ကြွတော်မူပြီးလျှင် ပရိနိဗ္ဗာန် ပြုတော်မူတယ်တဲ့။

အဲသလို ဘုရားတောင်မှ မလွတ်နိုင်တဲ့သေပင်းကို သူလို့ငါလို သာမန်ပုဂ္ဂိုလ်တွေကား အဘယ်မှာ လွတ်နိုင်အံ့နည်း။သူ့အချိန်ကျလျှင် သေရမှာချည်းပဲလို့ အသင့်အားဖြင့် နှလုံးသွင်းလျက် စိုးရိမ်ပူဆွေးငိုကြွေးမှုတွေကိုပယ်ဖျောက်၍ သေသူအတွက် ရည်စူး၍ သံဃာတော် အရှင်မြတ်တို့အား ဆွမ်း, သင်္ကန်းလှူဒါန်း၍ အမျှပေးဝေရမယ်။ ဤသို့ အမျှပေးဝေလျှင် သေလွန်သူများ ခံစားသင့်က အကျိုးခံစားရတယ်တဲ့။

ဒါ့ကြောင့် မြတ်စွာဘုရားက....

အန္နံ ပါနံ ခါဒနီယံ ဝတ္ထံ၊ မာလာဂန္ဓ ဝိလေပနံ။

ဥဒ္ဒိဿိတွာ ယေ ဒဒေန္တိ၊ တသ္မိံ ပေတ ကာလင်္ကတေ။

တေန ဒါနေန အန္နဥ္၊ ပါနဥ္ ဝတ္ထာသယနံ။

အလင်္ကာရံ ဒိဗ္ဗမာလာ၊ ဂန္ဓဝိလေပနံ ာဘတိ။

လို့ ဟောတော်မူတယ်။

ယေ၊ အကြင် အဆွေခင်ပွန်း ချစ်ကျွမ်းဝင်တဲ့သူတို့သည်။ တသ္မိံ ပေတကာလင်္ကတေ၊ ထိုသို့ ဘဝတပါး ပြောင်းသွားတဲ့သူကို။ ဥဒ္ဒိဿိတွာ၊ ရည်စူး၍။ အန္နဥ္၊ ဆွမ်းကိုရင်း။ ပါနဥ္၊ အဖျော်ကိုရင်း။ ခါဒနီယဥ္၊ ကျောင်းကိုရင်း။ ဝတ္ထဥ္၊ အဝတ်ကိုရင်း။ မာလာဂန္ဓ ဝိလေပနဥ္၊ ပန်း, နံ့သာ, နံ့သာပျောင်းကိုရင်း။ (သံဃာ၊ သံဃာတော်အား)။ ဒဒေန္တိ၊ ပေးလှူကြလေကုန်၏။

တေန ဒါနေန၊ ထိုသို့ပေးလှူကြခြင်းကြောင့်။ (ပေတာနံ ကာလင်္ကတာနံ၊ ဘဝတပါးပြောင်းသွားတဲ့ သူတို့အား)။ ဒိဗ္ဗအန္နဥ္၊ နတ်၌ဖြစ်တဲ့ ထမင်းကိုရင်း။ ဒိဗ္ဗပါနဥ္၊ နတ်၌ဖြစ်တဲ့ အဖျော်ကိုရင်း။ဒိဗ္ဗဝတ္ထဥ္၊ နတ်၌ဖြစ်တဲ့ အဝတ်တန်ဆာ

ကိုဂုဏ်း။ ဒိဗ္ဗသယနဥ္စ၊ နတ်၌ဖြစ်တဲ့ အိပ်ရာ-နေရာကိုဂုဏ်း။ ဒိဗ္ဗအလင်္ကာရဥ္စ၊ နတ်၌ဖြစ်တဲ့ တန်ဆာကိုဂုဏ်း။ ဒိဗ္ဗ မာလာဂန္ဓ ဝိလေပနဥ္စ၊ နတ်၌ဖြစ်တဲ့ပန်း, နံ့သာ, နံ့သာပျောင်းကိုဂုဏ်း။ (ဥဒကမါတက္ခဏော၊ ရေစက်ချ၍ အမျှပေးဝေသောခဏ၌)။ လဘတိ၊ ခံစားရလေတော့သတည်း။

အမျှပေးဝေ၍ ခံစားရပုံ ဝတ္ထု သာဓကတရပ်မှာ၊ ယခု (ဘုန်းကြီး)တို့ ဘုရားကိုယ်တော်မြတ် လက်ထက်တော်အခါတုန်းက အရှင်သာရိပုတ္တရာမထေရ် မြတ်ကြီး၏မယ်တော် ငါးဘဝတိုင်တိုင် ဖြစ်ခဲ့ဘူးတဲ့သူသည် တကြိမ်သောဘဝ၌ အယုတ်မှား၍ သချိုင်းပြိတ္တာမ ဖြစ်နေတယ်ဘဲ့။ ကြာရှည်စွာ ငတ်မွတ်နေတဲ့အတွက် အရှင်သာရိပုတ္တရာအထံသို့ လာတယ်တဲ့၊ ကျောင်းတိုက် တံခါးမုခ် ရောက်တဲ့ အခါ တံခါးမုခ်၌ စောင့်တဲ့ နတ်များက အဝင်မခံပဲ နှင်ထုတ်သောအခါ... "အကျွန်ုပ်ကား-အရှင်သာရိပုတ္တရာ၏ မယ်တော်ဖြစ်ပါတယ်၊ သားတော်အထံ၌ အဝတ်, အစားများတောင်းရန် လာခဲ့ပါတယ်၊ ဝင်ပါရစေ"လို့ပြောဆိုတယ်တဲ့။ တံခါးမုခ်၌စောင့်တဲ့ နတ်များကလဲ တန်ခိုးဖြင့်ကြည့်တဲ့အခါ အရှင်သာရိပုတ္တရာ၏မယ်တော် ဖြစ်ဘူးသည်ကို သိ၍ ဝင်ခွင့်ပေးလိုက်ကြတယ်တဲ့။

ဝင်ခွင့်ရတဲ့အခါ ကျောင်းအောက်ကနေပြီးလျှင် ညဥ့်အခါ ပြင်းစွာသောအသံဖြင့်- "သားတော် အရှင်သာရိပုတ္တရာ မယ်တော်ဖြစ်ခဲ့သော ကျွန်ုပ်မှာ အလွန် ဆင်းရဲနေပါတယ်၊ အဝတ်, အစား ပေးပါ"လို့ တောင်းတယ်တဲ့၊ အရှင်သာရိပုတ္တရာလဲအဘိညာဉ်ဖြင့်ကြည့်ရှုတဲ့အခါ မယ်တော် ငါးဘဝတိုင်တိုင် ဖြစ်ခဲ့ဘူးသည်ကိုသိရ၍ "မယ်တော်-အခု ညဖြစ်နေတယ်၊ မိုးလင်းတဲ့အခါမှ ပေးမယ်"လို့ မိန့်တော်မူလိုက်တယ်တဲ့။

မိုးလင်းတဲ့အခါ အရှင်မဟာမောဂ္ဂလာန်နှင့် တိုင်ပင်ပြီးလျှင် မထေရ်နှစ်ပါး ပသေနဒီ ကောသလမင်းကြီးထံ သွားပြီးသကာလ ဤသို့ ပြောကြားတယ်တဲ့.... "ဒကာတော်မင်းကြီး-အရှင်သာရိပုတ္တရာ၏မယ်တော် ငါးဘဝတိုင်အောင် ဖြစ်ခဲ့ဘူးသူသည် အခု အယုတ်မှား၍ သချိုင်း ပြိတ္တာမ ဖြစ်နေရတယ်။ လွန်စွာ ဆင်းရဲနေတယ်။ ထို ပြိတ္တာမကိုရည်မှတ်၍ ကုသိုလ်ပြုပြီး အမျှပေးဝေမှ သချိုင်းပြိတ္တာအဖြစ်မှလွတ်၍ နတ်၌ဖြစ်တဲ့ စည်းစိမ်များကို ခံစားရချေမည်" ဟု ပြောကြားတယ်တဲ့။

ပသေနဒီကောသလမင်းကြီးသည် "နက်ဖြန်နံနက်မှာ ကိုယ်တော်အရှင်မြတ်များနှင့်တကွ သံဃာငါးရာ တပည့်တော် နန်းတော်သို့ ကြွတော်မူပြီးလျှင် ဆွမ်း အာရုံခံတော်မူကြပါ"ဟု ပင့်လျှောက်ပြီးလျှင် နက်ဖြန်နံနက်၌ သံဃာငါးရာကို ဆွမ်းလှူ၍ ရေစက်ချပြီး အမျှပေးဝေတယ်တဲ့။

အဲဒီအခါကျမှ သင်္ချိုင်း ပြိတ္တာမအဖြစ်မှ လွတ်ပြီးလျှင် တာဝတိံသာ နတ်ပြည်၌ နတ်တို့၏စည်းစိမ်ကို ခံစား-စံစားရတယ်ဆိုတာ ကျမ်းဂန်၌လာပေတယ်။ သို့အတွက်( )လဲပဲ စိုးရိမ်ပူဆွေး ငိုကြွေးမှုကို သိမ်းဆည်းကြပြီး သကာလ မိမိအကျိုး, သေသူအကျိုးငှာ ကုသိုလ်ကောင်းမှုပြု၍ အမျှပေးဝေကုန်ရာသတည်း။ (အဘိဓမ္မာတပ်။)

ဆွမ်းသွတ်တရား အပြီးသတ်ပြီ။

---

## ၉။ ထိမ်းမြားမင်္ဂလာ၌ဟောရန် မင်္ဂလာ တရားတော်

အခုမင်္ဂလာပွဲက ထိမ်းမြားမင်္ဂလာပွဲကို အကြောင်းပြုပြီးသကာလ ဒါန ကုသိုလ်တည်းဟူသော မင်္ဂလာကိုပါ ဆည်းပူး အားထုတ်ကြတာကိုး၊ဒီတော့-ဘုန်းကြီးက ယနေ့ ထိမ်းမြားမင်္ဂလာနှင့် ပတ်သက်ပြီးတော့ မင်္ဂလာဆိုတဲ့စကား အရရယ်၊ထို့ပြင် မင်္ဂလာအမျိုးအစားများနှင့် သတို့သား-သတို့သမီးတို့လိုက်နာ ရန်အချက်ကလေးတွေကို ကျမ်းဂန်အရ ပြောဟော ပြရလိမ့်မယ်။ကြားလား-ဒကာစိန်။

မှန်ပါ့ဘုရား။

ဒကာစိန်နှင့်တကွ ရောက်လာကြတဲ့ ပရိသတ်တွေလဲ ကျကျနန မှတ်ထားကြနော်၊ မင်္ဂလာတရားဆိုတာ ဟောတဲ့ပုဂ္ဂိုလ် အလွန်ရှားတယ်၊ နာလဲ နာရခဲတယ်နော်။

မှန်ပါ့ဘုရား။

သတို့သားနှင့် သတို့သမီးကလဲ သေသေချာချာ မှတ်ထားကြနော်။

မှန်ပါ့ဘုရား။

ကိုင်း-ကိုင်း-အာရုံစိုက်ကြ၊ အာရုံစိုက်ကြ။

ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗဗုဒ္ဓါ နုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။
သဗ္ဗဓမ္မာ နုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။
သဗ္ဗသံဃာ နုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။

သဗ္ဗမင်္ဂလံ၊ လောကီ-လောကုတ္တရာ အလုံးစုံသော မင်္ဂလာအပေါင်းသည်။ ဘဝတု၊ စင်စစ်မသွေ ဖြစ်ပါစေသတည်း။ သဗ္ဗဒေဝတာ၊ ရှိရှိသမျှဥဿုံ အလုံးစုံသောနတ်အပေါင်းတို့သည်။ တုမှေ၊ ရောက်လာကြဉာင်း ပရိသတ် အပေါင်းနှင့် သင်-သတို့သား, သတို့သမီး တို့ကို။ ရက္ခန္တု၊ ကောင်းစွာမသွေ စောင့်ရှောက်ကြပါစေကုန်သတည်း။

သဗ္ဗဗုဒ္ဓါနုဘာဝေန၊ ခပ်သိမ်းသော ဘုရားရှင်တို့၏ တန်ခိုးတေဇော် အာနုဘော်တော်ကြောင့်။ တေ-တုမှာက၊ ရောက်လာကြသော ပရိသတ် အပေါင်းနှင့် သင် သတို့သား-သတို့သမီးတို့အား။ သဒါ၊ အခါခပ်သိမ်း။သုခီ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြကုန်သည်။ ဘဝန္တု၊ စင်စစ်မသွေ ဖြစ်ကြပါစေ သတည်း။

သဗ္ဗဓမ္မာ နုဘာဝေန၊ ခပ်သိမ်းသော တရားတော်တို့၏ တန်ခိုးတေဇော် အာနုဘော်တော်ကြောင့်။ တေ-တုမှာက၊ တို့အား။ သဒါ၊ အခါခပ်သိမ်း။ သုခီ၊ ကုန်သည်။ ဘဝန္တု၊ သတည်း။

သဗ္ဗသံဃာ နုဘာဝေန၊ ခပ်သိမ်းသော သံဃာတော်အရှင်မြတ်တို့၏ တန်ခိုးတေဇော် အာနုဘော်တော်ကြောင့်။ တေ တုမှာက၊ တို့အား။ သဒါ၊ အခါခပ်သိမ်း။ သုခီ၊ ကုန်သည်။ ဘဝန္တု၊ သတည်း။

ဟောဒီ နေရာမှာ မင်္ဂလာဆိုတဲ့ စကား၌ မင်္ဂလာဆိုတာဟာ-မင်္ဂ ပါပံ၊ မကောင်းမှုအမင်္ဂလာ အနိဋ္ဌာရုံဟူသမျှကို။ လုနာတိ ဆိန္ဒတိ၊ဖြတ်တတ်၏။ ဣတိ တသ္မာ၊ထိုကြောင့်။ တံ၊ ထိုအမှုသည်။ မင်္ဂလံ၊ မင်္ဂလာမည်၏။ ဝါ-အစဉ်မလွဲ ပြုကြတဲ့ မင်္ဂလာပွဲကြီးမည်လေတော့သတည်း။

ကြားလား-ဒကာစိန်။

မှန်ပါ့ဘုရား။

အဲဒါကြောင့် မင်္ဂလာဆိုတာ မကောင်းမှု အမင်္ဂလာ အနိဋ္ဌာရုံဟူသမျှ မြူမျှမပါစေရတဲ့ အလုပ်ကြီးပဲတဲ့၊ ကြားလား။

မှန်ပါ့ဘုရား။

ဒါ့ကြောင့်မို့လို့ ဟောဒီမင်္ဂလာဆောင်အခမ်းအနားများ၌ မင်္ဂလာမရှိတဲ့ အသုံးအနှုန်း မင်္ဂလာမရှိတဲ့စကားမျိုးများကို မပြောကြားရပဲ မင်္ဂလာရှိတဲ့ အသုံးအနှုန်း စကားများကိုသာ ပြောကြားရတယ်လို့ ရှေးပညာရှိများ ပြောဆို ကြပါတယ်။

အဲဒါကြောင့် ယနေ့ အလုပ်ကြီးသည်ကား မင်္ဂလာရှိအောင် လုပ်တဲ့ အလုပ်ကြီးဖြစ်လေတော့ မင်္ဂလာရှိတဲ့ အသုံးအနှုန်းနှင့် မင်္ဂလာရှိတဲ့ စကားများ ကိုသာ သုံးနှုန်းဖို့လိုပေတယ်။ လဆုတ်ဆိုတဲ့ အသုံးအနှုန်းကိုတောင် ဒီလိုနေရာ မှာ လပြည့်ကျော်ဆိုတဲ့ အသုံးအနှုန်းကို သုံးကြရမယ်၊ ကြားလား။

မှန်ပါ့ဘုရား။

ပီးတော့-ယခုကာလမင်္ဂလာပွဲများ၌ လောက်(၁)စပီကာလို့ခေါ်ကြတဲ့ အသံချဲ့စက်,ဓာတ်စက်များမပါလျှင် မပြီးသလောက် ဖြစ်နေကြတယ်၊ ပါတာ ကတော့ ပါနိုင်ပါတယ်။

သို့သော်လည်းပဲ အဲဒီဖွင့်တဲ့ ခေတ်ပြောင်းမျှားက တချို့မင်္ဂလာမရှိတဲ့ အသုံးအနှုန်းတွေ-ငိုပွဲရိုပွဲတွေ၊ ပီတော့ လင်မယားကွဲခန်းတွေ ဒါတွေ ပါနေတယ်။ ခေတ်စက်ဖွင့်ပေးတဲ့သူကတော့ ဒါတွေကို စဉ်းစားနေမှာ မဟုတ်ဘူးနော်။ သို့အတွက် အဲဒီ-ခေတ်စက်ဖွင့်စေတဲ့အခါမှာ ကိစ္စကတော့ ထိမ်းမြားမင်္ဂလာပွဲ၊ ဟို-အသံချဲ့စက်ကြီးထဲကတော့ လင်မယားကွဲလို့ငိုပွဲ-ရိုပွဲတွေဖြစ်နေလျှင် မင်္ဂလာရှိတဲ့ အသုံးအနှုန်း ဟုတ်နိုင်ပါ့အုံးမလား၊မင်္ဂလာရှိတဲ့အသုံးအနှုန်း မဖြစ်တော့ဘူးတဲ့။

ဒါကြောင့်မို့လို့ အသံချဲ့စက်ကိုဖွင့်စေတဲ့အခါမှာလဲပဲ ငိုပွဲ-ရိုပွဲနှင့်လင်-မယားကွဲခန်း,သတ်မှု,ဖြတ်မှုဆိုတဲ့ မင်္ဂလာမရှိတဲ့အခန်းတွေကို မဖွင့်စေပဲ မင်္ဂလာရှိတဲ့ ဓာတ်လမ်းနှင့် မင်္ဂလာရှိတဲ့ခေတ်ပြောင်းမျှားကိုသာ ဖွင့်စေဖို့ရန်လဲ (ဘုန်းကြီးက) ဤတရားပွဲကနေ၍ သတိပေးလိုက်ပါတယ်။

ကိုင်း-ကိုင်း... မင်္ဂလာရဲ့ အမျိုးအစားကို ဒီဇနရာ၌ သက်ဆိုင်တဲ့အတိုင်း ခွဲခြားပြီး ဟောတော့မယ်၊ မှတ်ထားကြနော်။

မှန်ပါ့ဘုရား။

ဟောဒီ ထိမ်းမြားမင်္ဂလာ အခမ်းအနားနှင့်ပတ်သက်၍ မင်္ဂလာဆိုတာ....

(၁) အာဝါဟမင်္ဂလာ၊

(၂) ဝိဝါဟမင်္ဂလာ။

ဒီ နှစ်မျိုးကို မှတ်ထားသင့်တယ်။ အာဝါဟမင်္ဂလာဆိုတာ သတို့သားဘက်နှင့် သက်ဆိုင်တဲ့ မင်္ဂလာဖြစ်တယ်။ ဘာ့ကြောင့်လဲဆိုရင် သတို့သားဖို့အကျိုးငှာ သည့်ပြင်အမျိုးမှ သတို့သမီးကို တောင်း၍ ယူဆောင်ရတာကို အာဝါဟမင်္ဂလာလို့ ကျမ်းဂန်တို့၌ ဆိုထားတာကိုး။ ဒါ့ကြောင့် ဝိနည်း ပါရာဇိကဏ် အဋ္ဌကထာ-သဥ္စရိတ္တသိက္ခာပုဒ်အဖွင့်မှာ-

> အာဝါဟောတိ ဒါရကဿ ပရကုလတော ဒါရိကာယ အာဟရဏံ။

လို့ မိန့်ဆိုထားပါတယ်။

အာဝါဟောတိ၊ အာဝါဟမင်္ဂလာဟူသည်ကား။ ဒါရကဿ၊သတို့သား၏။ (အတ္ထာယ၊အကျိုးငှာ)။ပရကုလတော၊တပါးသောအမျိုးမှ။ ဒါရိကာယ၊ သတို့သမီးကို။ အာဟရဏံ၊ ဆောင်ခြင်းတည်း-တောင်းခြင်းတည်း။

ဒါ့ကြောင့် ယခုကာလ မိန်းမတောင်းဆိုတဲ့ ဒကာဟာ အခု အဋ္ဌကထာနှင့် အလွန်ညီညွတ်လှပါပေတယ်။ ဝိဝါဟမင်္ဂလာဆိုတာကတော့ သတို့သမီးဘက်နှင့် သက်ဆိုင်တယ်တဲ့ ကိုယ့်သတို့သမီးကို သည့်ပြင်အမျိုးထံ စေလွှတ်ခြင်းကို ဝိဝါဟမင်္ဂလာလို့ ကျမ်းဂန်တို့၌ ဆိုထားတာကိုး။

ဒါ့ကြောင့်-အဋ္ဌကထာ၌....
ဝိဝါဟောတိ အတ္တနော ဒါရိကာယ ပရကုလပေသနံ။
လို့ ဆိုထားပါတယ်။
ဝိဝါဟောတိ၊ဝိဝါဟမင်္ဂလာဟူသည်ကား။ အတ္တနော၊မိမိ၏။ဒါရိကာယ၊သတို့သမီးကို။ ပရကုလပေသနံ၊ တပါးသောအမျိုးသို့ စေလွှတ်ခြင်းတည်း။
ကြားလား-ဒကာစိန်။
မှန်ပါ့ဘုရား။
အဲဒီ အဋ္ဌကထာစကားနှင့်အညီ ယခုပြုလုပ်တဲ့ မင်္ဂလာပွဲကို သတို့သား ဘက်ကနေ၍ ခေါ်လျှင် အာဝါဟမင်္ဂလာလို့ခေါ်ရပေတယ်။ သတို့သမီးဘက် က နေ၍ခေါ်လျှင် ဝိဝါဟမင်္ဂလာလို့ခေါ်ရပေတယ်၊ ကြားလား။
မှန်ပါ့ဘုရား။
အဲဒါကြောင့် ယခု ထိမ်းမြားမင်္ဂလာ ပွဲကြီးကိုပြုလုပ်တဲ့ အခါမှာလဲ သတို့သားဘက်က အာဝါဟ မင်္ဂလာအရ သတို့သမီး လာတောင်းတဲ့ အခါမှာ၊ သတို့သမီးဘက်က ဝိဝါဟမင်္ဂလာအရ မိမိ၏သတို့သမီးကို ပေးလိုက်ရပေတယ်။
အဲဒီ အာဝါဟမင်္ဂလာ-ဝိဝါဟမင်္ဂလာလို့ ခေါ်တဲ့ ထိမ်းမြားလက်ထပ် မင်္ဂလာကို ပြုလုပ် ပေးကြခြင်းဟာလဲပဲ ကျမ်းဂန်အရ ပြောရလျှင် မိဖတို့၏ ဝတ္တရား အတိုင်း ပြုလုပ် ပေးတာ ပါပဲ။ ဒါ့ကြောင့် မိဖဝတ် ငါးပါးအရ (ဘုန်းကြီး)ရေးသားခဲ့တဲ့ ပြည်သူ့မင်္ဂလာ ကဗျာကလေးများမှာ-
မကောင်းတားမြစ်-ကောင်းလစ်ညွှန်ပေး။
မျိုးစွာသိပ္ပ-ငယ်ကသင်စေ။
သင့်ရာထိမ်းမြား-အပ်ထားအဆွေ။
မိဖဝတ်-မချွတ်ငါးခုပေ။
အဲသလို မိဖတို့၏ဝတ္တရားအတိုင်း နှစ်ဦးသောမိဖဘက်မှ သမီးပေးခြင်း-သမီးယူခြင်းဆိုတဲ့ အာဝါဟ-ဝိဝါဟ မင်္ဂလာအခမ်းအနားကိုပြုလုပ်ကြပေပြီ။ ထိုသို့ပြုလုပ်ကြရာ၌ ရှေးသူတော်ကောင်းများပြုလုပ်စဉ်အခါတုန်းက ပြောဆိုဆုံးမတဲ့ နည်းတွေကို ဤမင်္ဂလာအခမ်းအနားမှာ ဟောပြောပြသ ဆိုဆုံးမဖို့ လိုပေတယ်။ဒါ့ကြောင့်ကျမ်းဂန်အရ ထုတ်၍ ရှေးထုံးနှင့်အညီဟောပြောဆုံးမ တော့မယ်၊ အာရုံစိုက်ကြနော်။
အခု(ဘုန်းကြီး)တို့ ဘုရားလက်ထက်တော် အ ခါတုန်း က ဝိသာခါ ကျောင်းအမဆိုတာ ကြားဘူးကြပါလိမ့်မယ်။ အဲဒီ ဝိသာခါကျောင်းအမဟာ အင်္ဂတိုင်းအဝင်အပါဖြစ်တဲ့ ဘဒ္ဒိယမြို့သူမလေးတဲ့။သူ့ရဲ့အဖေက ဓနဥ္စယသဌေး တဲ့၊ သူ့အမေကတော့ သုမနဒေဝီတဲ့၊ ကြားလား။
မှန်ပါ့ဘုရား။

အဲဒီသူတို့နေတဲ့ ဘဒ္ဒိယမြို့သို့ဘုရားကြွလာ၍ တရားဟောတဲ့အခါ တရားနာရင်းပင် ခုနစ်နှစ် သမီးအရွယ်က သောတာပန် တည်၍ အရိယာအဖြစ်သို့ ရောက်ခဲ့တယ်၊ အဲဒီ ဝိသာခါအမျိုးသမီးကလေးဟာ ဆယ့်ခြောက်နှစ်အရွယ်သို့ ရောက်တဲ့အခါ ဟို-သာဝတ္ထိမြို့က မိဂါရသဌေးကြီးရဲ့သား "မောင်ပုဏ္ဏဝဍ္ဍန" နှင့် နှစ်ဦးသောမိဘတို့ သဘောတူညီချက်အရ အာဝါဟ-ဝိဝါဟ မင်္ဂလာအခမ်းအနားကြီးကို ကြီးကျယ်ခမ်းနားစွာ ပြုလုပ်ကြတယ်။ အခု မင်္ဂလာပွဲလို ပေါ့လေ။

အဲသလို အာဝါဟ-ဝိဝါဟ မင်္ဂလာပွဲကြီးကို ပြုလုပ်ဆင်ယင်ပြီးနောက် ဝိသာခါ သတို့သမီးကလေးမှာ သာဝတ္ထိမြို့သို့ လိုက်ပါသွားရတယ်။ဒါ့ကြောင့် နောင်သောအခါ သာဝတ္ထိမြို့မှာ ပုဗ္ဗာရုံကျောင်းကြီးကို ဆောက်လုပ်လှူဒါန်းတဲ့အတွက် ဝိသာခါကျောင်းအမရယ်လို့ ယနေ့တိုင်အောင် ကျော်ကြားခဲ့ပေတယ်။

အဲဒီနေရာမှာ လက်ထပ်မင်္ဂလာပြုပြီးနောက် သာဝတ္ထိမြို့သို့ လိုက်ပါသွားခါနီးတွင် သူ၏ဖခင် ဓနဥ္စယသဌေးကြီးက မှာလှတ်ပုံ စကားကြီး ၁၀-ချက်ကို ဒီနေရာမှာ ဟောပြရလိမ့်မယ်။ သေချာစွာ မှတ်ထားကြနော်။

(၁) အန္တောအဂ္ဂိ ဗဟိ နနီဟရိတဗ္ဗော-အတွင်းမီးကို အပြင်သို့မထုတ်ဆောင်ရဘူး။

ဒါက ဘယ်လိုဆိုလိုသလဲဆိုလျှင် ယောက္ခမဖြစ်တဲ့ မိဘတို့ရဲ့အပြစ်များကို မြင်ပါက အပြင်ပဖြစ်တဲ့ ကျေးကျွန် ပရိသတ်တို့အား မပြောကြားရဘူး။

(၂) ဗဟိအဂ္ဂိ အန္တော နပဝေသေတဗ္ဗော-အပြင်မီးကိုလဲ အတွင်းသို့ မဝင်စေရဘူး။

ဒါကတော့ အပြင်ပဖြစ်တဲ့ကျေးကျွန်ပရိသတ်တို့ရဲ့အပြစ်ကိုလဲ ယောက္ခမ မိဖတို့အား မပြောကြားရဘူး၊ ကြားလား။

မှန်ပါ့ဘုရား။

(၃) ဒဒန္တဿေဝ ဒါတဗ္ဗံ-ပေးတဲ့သူကိုသာ ပေးရမယ်။

ဒါကတော့ ချေးငှား၍ ပြန်ပေးတဲ့သူကိုသာ နောက်ထပ် ပေးရမယ် သမီးရဲ့လို့ ဆိုလိုပါတယ်။

(၄) အဒဒန္တဿ နဒါတဗ္ဗံ-မပေးတဲ့သူကို မပေးရဘူး။

ဒါက -- ချေးငှား၍ ပြန်မပေးတဲ့ သူကို နောက်ထပ် မပေးရဘူး ကွဲ့လို့ ဆိုလိုတယ်။

(၅) ဒဒန္တဿာပိ အဒဒန္တဿာပိ ဒါတဗ္ဗံ-ပေးသောသူကိုရင်း,မပေးသော သူကိုရင်း ပေးရမယ်။

ဒါကတော့ အလှူခံ, သူတောင်းစား, ဆွေမျိုးဉာတိတို့မှာ လက်စား မချေရ-ပေးရမယ်လို့ ဆိုလိုတယ်။

(၆) သုခံ နိသီဒိတဗ္ဗံ-ချမ်းသာစွာနေရမယ်။

ဒါက လင်သား, ယောက္ခမ, မိဖတို့ လာတဲ့အခါမှာလဲ ပကတိနေမြဲတိုင်းသာ ငြိမ်ဝပ်စွာ မှန်မှန်နေရမယ်လို့ ဆိုလိုတယ်။

(၇) သုခံ ဘုဉ္ဇိတဗ္ဗံ-ချမ်းသာစွာစားရမယ်။

၎င်းစကားအရ လင်သား,ယောက္ခမ,မိဖတို့ကို လုပ်ကျွေး၍ ရှေးဦးစွာ မစားမသောက်ရဘူးတဲ့၊ ကြားလား။

မှန်ပါ့ဘုရား။

(၈) သုခံ နိပဇ္ဇိတဗ္ဗံ-ချမ်းသာစွာ အိပ်ရမယ်။

ဒီစကားကတော့ လင်သား,ယောက္ခမ,မိဖတို့ကို အိပ်ရာနေရာ ပေးပြီးမှ နောက်ချန်၍ အိပ်ရမယ်လို့ ဆိုလိုတယ်။

(၉) အဂ္ဂိ ပရိစရိတဗ္ဗော-မီးကို လုပ်ကျွေးရမယ်။

ဒါက လင်သား, ယောက္ခမ, မိဖ တို့ကို ပူတတ်တဲ့ မီးပုံကြီးကဲ့သို့ ရိုသေစွာ ပြုစုရမယ်တဲ့။

(၁၀) အန္တော ဒေဝတာ နမဿိတဗ္ဗာ-အိမ်တွင်းနတ်ကို ပူဇော်ရမယ်တဲ့။

ဒါကတော့ လင်သား, ယောက္ခမ, မိဖတို့ကို ကောင်းစွာ လုပ်ကျွေး၍ မြတ်နိုးရိုသေရမယ်လို့ ဆိုလိုပါတယ်၊ ကြားလား။

မှန်ပါ့ဘုရား။

အဲဒီစကားကြီး ၁၀-ခွန်းကို ကျနစွာပြောဟောတုံးမ[illegible]းမှ သူ၏ချစ်သမီးကလေး ဝိသာခါကို လင့်အိမ်သို့ ထည့်လွှတ်လိုက်တယ်။ဒါ[illegible] ဓနဥ္စယ သဌေးကြီးရဲ့ ဆုံးမချက်နော်၊ အလွန်မှတ်သားစရာကောင်းတယ်။[illegible]ဂိုရ် အဋ္ဌကထာမှာလဲ ပါတယ်။ ဓမ္မပဒ အဋ္ဌကထာ ဝိသာခါဝတ္ထုမှာလဲ ပါတယ်။ ကျကျနန မှတ်ကြနော်။

အဲဒီအချက်ကြီး ၁၀-ချက်ကို သတို့သမီးများက [illegible]သေးလေးစားစား မှတ်သားပြီး လိုက်နာသင့်ကြပေတယ်။ "ဝိသာခါ" [illegible] သတို့သမီးကလေးလဲ သူ့ဖခင်မှာ လိုက်တဲ့အတိုင်း ဒီ ၁၀-ချက်ကိုလိုက်နာ [illegible] ပြုကျင့်ပေတယ်။

ပြီးတော့-အမျိုးသားရော,အမျိုးသမီးရော လိုက်နာ[illegible]ကျင့်ရန် လင်ဝတ်-မယားဝတ်ဆိုတာကလဲ သိင်္ဂါလောဝါဒသုတ်မှာ ဘုရား[illegible]ထားတာရှိသေးတယ်။ ဒါ့ကြောင့် ပြည်သူ့မင်္ဂလာကဗျာမှာ-

မထိမဲ့ကင်း - အပ်နှင်းဥစ္စာ။
မိစ္ဆာမမှား - ဝတ်စားသင်ပါ။
မြတ်နိုးကြင်နာ - ကောင်းစွာခင်ပါ။
လင်ယောကျ်ား - ငါးပါး ကျ[illegible]ဝတ်သာ၊

ဒါက လင့်ကျင့်ဝတ်(၅)ပါးတဲ့။ ဘယ်လိုလဲဆိုလျှင်....

(၁) မယားအပေါ် မထီလေးစား မပြောမဆိုရဘူး၊

(၂) ပစ္စည်းဥစ္စာကို အပ်နှင်းရမယ်၊

(၃) တခြားမိန်းမကို မသွားလာရဘူး၊

(၄) အဝတ်တန်ဆာ ဆင်ရမယ်၊

(၅) မယားအပေါ် မြတ်နိုးကြင်နာစွာ ရှိကြရမယ်။

အဲဒီ ၅-ပါးကို လင်ယောကျ်ားက မပျက်မကွက် ကျင့်ရမယ်-တဲ့။

အိမ်တွင်းပြုလုပ် – သိမ်းထုပ်သေချာ၊

ယောကျ်ားတပါး –ကျင့်မှားရှောင်ပါ။

လျှော်အောင်ဖြန့်ချိ – ပျင်းရိကင်းကွာ၊

ဤငါးပါး – မယား ကျင့်ဝတ်လာ။

ဒါက မယားကျင့်ဝတ် ၅-ပါးတဲ့။

(၁) အိမ်တွင်းကိစ္စဟူသမျှ ပြုလုပ်ရမယ်၊

(၂) ပစ္စည်းဥစ္စာကို ကောင်းစွာသိမ်းဆည်းရမယ်၊

(၃) ယောကျ်ားတပါးနှင့် မလွန်ကျူးရဘူး၊

(၄) ပေးကမ်းသင့်သူကို သင့်လျော်အောင် ပေးကမ်းရမယ်၊

(၅) ဘယ်ကိစ္စမဆို မပျင်းမရိ ထကြွ လုံ့လ ရှိရမယ်–တဲ့။

အဲဒီ ၅-ပါးကို မယားလုပ်သူများက ပြုကျင့်ရမယ်။

အဲသလို မိမိတို့၏ ဝတ္တရားဘက်က မပျက်-မကွက် လိုက်နာပြုကျင့်နိုင်ကြပြီးသကာလ ဒါန-သီလ-ဘာဝနာဆိုတဲ့ ကုသိုလ်ရေးရာ အမှုများကိုလဲ ညီညီညွတ်ညွတ် ကြိုးစားအားထုတ်ခါ ကိုယ်စိတ် နှစ်ဖြာ ချမ်းသာခြင်း ရှိကြပါစေကုန်သတည်း။

တော၊ ထိုသတို့သားနှင့် သတို့သမီးတို့သည်။ သုခိတာ၊ စည်းစိမ်ဥစ္စာဘောဂါဗလ ပြည့်ဝစုံလင်ကြကာ ကိုယ် စိတ် နှစ်ဖြာ ချမ်းသာကြကုန်သည်။ ဟောန္တု၊ စင်စစ်မသွေ ဖြစ်ကြပါစေကုန်သတည်း။

(အဘိဓမ္မာတပ်။)

ထိမ်းမြားမင်္ဂလာတရား အပြီးသတ်ပြီ။

## ၁၀။ ရေဒါန တရားတော်

သကြ်န် အခါ ဆိုတော့ ထုံးစံအတိုင်း ရေလှူကြတာကိုး။ ဒီတော့ ရေအကျိုးကိုပဲ ဟောပြရလိမ့်မယ်။ ရေလှူတဲ့ ဒကာ-ဒကာမများမှာ ဖြစ်လေရာ ဘဝ၌ ၁၀-မျိုးသောအကျိုးကို ရနိုင်တယ်။ ဒါကြောင့်....

သက်ရှည့်,ဆင်းလှ၊ ချမ်းသာရ၊ ဗလ,ဉာဏ်ပညာ။
စင်ကြယ်သန့်ရှင်း၊ ကျော်စောခြင်း၊ ခပင်းခြွေရံကာ။
ရေမငတ်ငြား၊ လျင်မြန်သွား၊ ဆယ်ပါးရေကျိုးလာ။

(၁) အသက်ရှည်ခြင်း၊
(၂) အဆင်းလှခြင်း၊
(၃) ချမ်းသာကြီးခြင်း၊
(၄) ခွန်အား-ဗလကောင်းခြင်း၊
(၅) ဉာဏ်-ပညာထက်ခြင်း၊
(၆) သန့်ရှင်းစင်ကြယ်ခြင်း၊
(၇) နာမည်ကျော်စောခြင်း၊
(၈) ခြွေရံပေါခြင်း၊
(၉) ရေမငတ်ခြင်း၊
(၁၀) လျင်မြန်ခြင်း၊

ဒီ ၁၀-ပါးဟာ ရေအကျိုး ၁၀-ပါးဖြစ်ပါတယ်။

ဒီနေရာမှာ စဉ်းစားစရာရှိတယ်၊ ဆွမ်းလှူတုန်းကတော့ အကျိုး၅-ပါးထဲ အခု ရေလှူတော့ အကျိုး ၁၀-ပါးတောင် ရသလားလို့ စဉ်းစားစရာ ရှိတယ်၊ စဉ်းစားမယ်ဆိုရင်လဲ စဉ်းစားသင့်ပါတယ်။ဒါပေမယ့်လို့ အရေအတွက်ကတော့ ရေအကျိုးက များတာပေါ့၊ သို့သော်လဲ အသက်ရှည် ဆိုပေမဲ့ ရေအကျိုး အသက် ငါးဆယ် ရှည်လျှင် ဆွမ်းအကျိုးက တရာ ရှည်နိုင်တာပေါ့၊ အဟုတ် အကျိုးကြီးတာကတော့ ဆွမ်းအကျိုးက သာပြီးကြီးတာပါပဲတဲ့။

ငွေဒင်္ဂါးတဆယ်နှင့် ရွှေဒင်္ဂါးငါးပြားဟာ အသုံးကျတော့ ရွှေဒင်္ဂါး ငါးပြားက သာသလို မှတ်ရမယ်တဲ့၊ ကြားလား။

မှန်ပါ့ဘုရား။

ရေအကျိုး ဝတ္ထုကတော့-ပဒုမုတ္တိုရ်မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးတဲ့အခါ၌ ဗုဒ္ဓဘာသာဝင် လူအပေါင်းတို့သည် ဗောဓိပင်ကို ရေစင်ကောင်းတို့ဖြင့် သွန်းလောင်းပူဇော်ကြတယ်တဲ့၊ ထိုအခါ အမျိုးသားတယောက်ကလဲ လှပတဲ့ ရေအိုး၌ နံ့သာတုံထားတဲ့ရေကို ထည့်ပြီးလျှင် ဗောဓိပင်ကို သွန်းလောင်း ပူဇော်တယ်တဲ့။

အဲဒီ အမျိုးသားဟာ ထိုဘဝမှ သေလွန်တဲ့အခါ တုသိတာ နတ်ပြည်၌ ဖြစ်၍ ထိုဘဝမှနောက်၌ လူမင်းစည်းစိမ်–နတ်မင်းစည်းစိမ်တို့ကို အကြိမ်ကြိမ် ခံစားရပြီးနောက် အခု(ဘုန်းကြီး)တို့ ဘုရားလက်ထက်မှာ လူ့ဘောင်မှထွက်၍ ရဟန်းပြုပြီးလျှင် "ဂန္ဓောဒကိယ မထေရ်"ရယ်လို့ ထင်ရှားတဲ့ ရဟန္တာတပါး ဖြစ်လာရတယ်တဲ့၊ ကြားလား။

မှန်ပါ့ဘုရား။

ဒါဟာ အပဒါန်ပါဠိတော်လာ ဂန္ဓောဒကိယမထေရ်၏ဝတ္ထုဖြစ်တယ်။

ဒါ့ကြောင့် ဘုရားကိုဖြစ်စေ၊ ရဟန်း သံဃာတော်များကိုဖြစ်စေ၊ ခရီး သွားတုန်း ရေငတ်လာသူများကို ဖြစ်စေ၊ ရေစင် ရေကောပ်များကို ကြိုးစား၍ လှူဒါန်းနိုင်ကြပါစေကုန်သတည်း။

( အဘိဓမ္မာတပ်။ )

ရေ ဒါန တရား အပြီး သတ်ပြီ၊

---

## ၁၁။ သရဏဂုံနှင့် သီလတရားတော်

အခုတရားပွဲက သရဏဂုံ တည်ကြပြီးသကာလ သီလစောင့်ကြတာနှင့် ပတ်သက်၍ ဟောပြောရတာကိုး။ဒီတော့ သရဏဂုံအကျိုးနှင့် သီလအကျိုးများ ကိုပဲ ဟောပြောရလိမ့်မယ်။ဒီနေရာမှာ သရဏဂုံဆိုတာက"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" အစရှိတဲ့ သရဏဂုံသုံးပါးကို ဆိုပါတယ်။အဲဒီသရဏဂုံသုံးပါးကို ဆောက်တည်တဲ့ သူဟာ သရဏဂုံ တည်တဲ့သူပဲ။ အဲဒီ သရဏဂုံ အကျိုးကတော့–

ယေကေစိ ဗုဒ္ဓံ သရဏံ ဂတာသေ၊
န တေ ဂမိဿန္တိ အပါယဘူမိံ။
ပဟာယ မာနုသံ ဒေဟံ၊
ဒေဝကာယံ ပရိပူရေဿန္တိ။
ယေကေစိ ဓမ္မံ သရဏံ ။ပ။ ပရိပူရေဿန္တိ။
ယေကေစိ သံဃံ သရဏံ ။ပ။ ပရိပူရေဿန္တိ။

အဲဒီဒေသနာတော်ရဲ့အဓိပ္ပာယ်အချုပ်ကတော့–ဘုရား၊ တရား၊ သံဃာလို့ ဆိုတဲ့ ရတနာသုံးပါးကို ဆည်းကပ်တဲ့သူများဟာ အပါယ်သို့ မလားမရောက်ပဲ နတ်ပြည်၌ ဖြစ်ရတယ်တဲ့၊ ကြားလား။

မှန်ပါ့ဘုရား။

သရဏဂုံအကျိုး ဝတ္ထုကတော့-အပဒါန်ပါဠိတော်လာ''သရဏဂမနိယ မထေရ်'' ဝတ္ထုဖြင့်ပင် ထင်ရှားပါတယ်။ ဘယ်လိုလဲဆိုလျှင် - အနောမဒဿီ ရှင်တော်ဘုရားလက်ထက်တော်တုန်းက မျက်စိမမြင်တဲ့ မိဖများကိုပြုစုလုပ်ကျွေး တဲ့ လုလင်တယောက်ဟာ သရဏဂုံသုံးပါးကို တသက်လုံးမပျက်အောင်ဆောက် တည်ခဲ့တယ်တဲ့။

အဲဒီလုလင်ဟာ ထိုဘဝသေလွန်တဲ့အခါ သရဏဂုံဆောက်တည်တားတဲ့ ကောင်းမှုကြောင့် တာဝတိံသာနတ်ပြည်၌ နတ်သား သွားဖြစ်သတဲ့။ အဲဒီ နတ်သားဟာ ထိုဘဝမှစ၍ အပါယ်လေးပါးသို့ မလားရပဲ နတ်မင်းစည်းစိမ်, လူမင်းစည်းစိမ် အကြိမ်များစွာ စံစားပြီးလျှင် အခု (ဘုန်းကြီး)တို့ဘုရားပွင့်တဲ့ အခါ သာဝတ္ထိမြို့ဝယ် ဥစ္စာကြွယ်ဖြိုးတဲ့ သဌေးမျိုး၌ လာဖြစ်တယ်တဲ့။

ထိုသူသည် ကစားဖော် သူငယ်ချင်းများ၏ ခေါင်းဆောင်ဖြစ်၍ အခါ တပါး၌ ရဟန်းတော်များ၏ကျောင်းတိုက်သို့ရောက်သွားလေရာ၊ရဟန္တာတပါး က သရဏဂုံသုံးပါးကို ပေးလေသော် ရှေးပ ရမီအထုံ ပ လာသူ ဖြစ်တဲ့အတွက် ခုနစ်နှစ်အရွယ်မှာပင် ရဟန္တာကလေး ဖြစ်သွားတယ်တဲ့။

ကြားလား။

မှန်ပါ့ဘုရား။

ပီးတော့ – သီလဆိုတာက ငါးပါးသီလ, ရှစ်ပါးသီလ, ဆယ်ပါးသီလ ရယ်လို့ အမျိုးမျိုးရှိတယ်။အဲဒီ သီလမျာကိုစောင့်ထိန်းတဲ့သူဟာ သီလရှိတဲ့သူပဲ။ အဲဒီ သီလရဲ့အကျိုးကတော့....

သီလံ ဟိ သဗ္ဗသမ္ပတ္တိံ ဥပနာမေတိ သေဝိတံ။

(သီလဝါထေရ အပဒါန်ပါဠိတော်)

ဟိ၊ သီလ၏အကျိုးကို ဆိုဦးအံ့။ သီလံ၊ သီလသည်။ သေဝိတံ၊ သီလကို ကျင့်သုံးစောင့်ထိန်းတဲ့သူကို။သဗ္ဗသမ္ပတ္တိံ၊ အလုံးစုံသော စည်းစိမ်ချမ်းသာကို။ ဥပနာမေတိ၊ ကပ်ရောက်စေတတ်၏။

အဲဒါကြောင့် ငါးပါးသီလကို ခါးဝတ်ကဲ့သို့ မြဲအောင် စောင့်ထိန်းရ မယ်၊မထိန်းနိုင်ရေလဲ မရှိပါဘူး၊သူ့အသက်မသတ်,သူ့ဥစ္စာမခိုး,သူ့သားမယား မပြစ်မှား,မလှန်ကျူး၊ မလိမ်,မညာ၊ထန်းရည်ခါးနှင့် အရက်ကိုလဲမသောက်ဘူး ဆိုလျှင် ပြီးတာပါပဲ။ ပီးတော့-ရှစ်ပါးသီလ,ဆယ်ပါးသီလများကိုလဲ ဆွမ်းနိုင်တဲ့ အတိုင်း ဥပုသ်သီတင်းနေ့များ၌ စောင့်ထိန်းကြရမယ်။

## ငါးပါးသီလမြဲသော အမျိုးသားဝတ္ထု

အဲဒီ သီလရဲ့အကျိုး ဝတ္ထုကတော့ - အနောမဒဿီ ရှင်တော်ဘုရား လက်ထက်တော်တုန်းကပင် လုလင်တယောက်ဟာ အလွန်ဆင်းရဲနွမ်းပါးလို့တဲ့ အတွက် အစေခံဘဝဖြင့် နေရတယ်တဲ့၊ ထိုလုလင်သည် ရဟန္တာတပါး ထံ၌ ငါးပါးသီလခံယူ၍ အမြဲလုံခြုံအောင်စောင့်ထိန်းခဲ့တယ်။ တသက်လုံးထိုသီလကို စောင့်ထိန်း၍ သေခါနီးမှာပင် ထိုသီလကို အမှတ်ရပြီးတော့ သေတဲ့အတွက် တာဝတိံသာနတ်ပြည်၌ ဖြစ်ရတယ်တဲ့။

အဲဒီ နတ်သားဟာ အပါယ်လေးပါးသို့ မလားရတော့ပဲနှင့် နတ်မင်း စည်းစိမ်, လူမင်းစည်းစိမ်များကို အကြိမ်များစွာ ခံစား, စံစားရပြီးတဲ့နောက်၊ အခု (ဘုန်းကြီး)တို့ ဘုရားလက်ထက်တော်၌ ဝေသာလီမြို့တွင်အထက်တန်းစား အမျိုးမှာ လာဖြစ်တယ်တဲ့။

အဲဒီ သူငယ်ကလေးဟာ ငါးနှစ်သား အရွယ်တည်းကပင် မိဖနှစ်ပါးတို့ ငါးပါးသီလခံယူတဲ့အသံကိုကြားရသဖြင့် ရှေးပါရမီအထုံပါလာသောကြောင့် ထိုနေရာမှာပင် သူ၏သီလကို သတိရ၍ ရဟန္တာကလေး ဖြစ်သွားတယ် ဆိုတာ အပဒါန်ပါဠိတော် ပဉ္စသီလ သမာဒါနိယမထေရ်၏ဝတ္ထုမှာ လာတယ်။

အဲဒါကြောင့် ဒီသီလများကိုလဲကြိုးစား၍ စောင့်ထိန်းနိုင်ကြရမယ်နော်၊ ပီးတော့-အဲဒီလို သီလရှိတဲ့ပုဂ္ဂိုလ်များမှာ ဒီလိုအကျိုးတွေကလဲ လာသေးတာ ကိုး။ ဒါ့ကြောင့် ဓမ္မပဒပါဠိတော် အရှင်မဟာကဿပ ဝတ္ထုမှာ....

အပ္ပမတ္တော အယံ ဂန္ဓော၊ ယွာယံ တဂ္ဂရ စန္ဒနီ။
ယော စ သီလဝတံ ဂန္ဓော၊ ဝါတိ ဒေဝေသု ဥတ္တမော။

ဘိက္ခဝေ၊ သီလရှင်နှင့် သင်းပျံ့လေအောင် ကျင့်ဆောင်ကြသောင်း အို-သူတော်ကောင်းတို့။ လောကေ၊ လောက၌။ ယွာယံ-ယော အယံ တဂ္ဂရစန္ဒနီ၊ အကြင် တောင်ဇလပ်ပန်း ရနံ့, စန္ဒကူး ရနံ့များသည်။ အပ္ပမတ္တော၊ မပြော စလောက် အနည်းငယ်မျှကလေးသာတည်း။ သီလဝတံ-သီလဝန္တာနံ၊ ကျင့်ဝတ် ညီမျှ သီလဖြူစင်ကုန်သော ပုဂ္ဂိုလ်တို့၏။ ယော ဂန္ဓော၊ အကြင်သို့သော ရနံ့ဂုဏ် သည်။ အတ္ထိ၊ စင်စစ်မသွေ ရှိခဲ့ပေ၏။ ဥတ္တမော၊ ဘယ်ရနံ့နှင့်မျှ မတူအောင် အခေါင်ဂိုင်မြင့်မြတ်လှပေသော။ သော ဂန္ဓော၊ ထိုသီလဂုဏ်ရနံ့သည်။ ဒေဝေသု၊ ဟို-နတ်ဘုံအဆင့်ဆင့်တို့၌။ ဝါတိ၊ ထုံရနံ့ ပြန့်လှိုင်ကာ တကြိုင်ကြိုင် မွှေးကြူ နိုင်လေတော့သတည်း။

(အဘိဓမ္မာတပ်။)

သရဏဂုံနှင့် သီလတရား အပြီးသတ်ပြီ။

## ၁၂။ ဆုပေးနှင့် ရေစက်ချများ

### (ဆုပေးတပုဒ်)

ပူဇာဝစ ပူဇနေယျာနံ ဧတံ မင်္ဂလ မုတ္တမံ။

သုတ္တန် ပါဠိ လာရှိသည်နှင့်အညီ ပူဇော်ထိုက်ငြား ဘုရား အစရှိသော ရတနာမြတ်သုံးပါးအပေါင်းတို့အား ယုံကြည်သောစိတ်ထားဖြင့် ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ကြရသော ကောင်းမှုကုသိုလ်ကံ မင်္ဂလာကြောင့် အလိုရှိအပ်, တောင့်တ အပ်သော ဆုမြတ်များနှင့် ပြည့်စုံကြပြီးလျှင် သူတော်ကောင်းတရား ဒါန-သီလ-ဘာဝနာအလုပ်များကို ကြိုးစားအားထုတ်ကာ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ပေါက်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုလွယ်နိုင်ကြသည် ဖြစ်စေ။

### ဒါနရေစက်ချ (မြန်မာလို)

အရှင်ဘုရား....တပည့်တော်တို့သည် သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ပါရခြင်းအကျိုးငှာ ကုသိုလ်ကံကိုငင်း, ကုသိုလ်ကံ၏ အကျိုးကိုငင်း, ဘုရားအစ ရှိသော ရတနာမြတ်သုံးပါးအပေါင်း၏ ဂုဏ်ကိုငင်း ယုံကြည်ပါကုန်သည်ဖြစ်၍၊ ရှေးဦးစွာ ဘုရား အစရှိသော ရတနာမြတ်သုံးပါးအပေါင်းကို ရိုသေမြတ်နိုးစွာ ရှိခိုးကန်တော့ပါကုန်၏။ ရတနာသုံးပါးကို ရိုသေစွာ ရှိခိုးကန်တော့ ပြီးလျှင် သရဏဂုံသုံးပါးနှင့်တကွ ငါးပါး( )သီလကို ခံယူဆောက်တည်ပါကုန်၏၊ ငါးပါးသီလ ခံယူဆောက်တည်ပြီးလျှင် အရှင်ဘုရားတို့၏ မျက်မှောက်တော်၌ မြတ်သောအလှူရေစက်ကို သွန်းချ၍၊ဆွမ်းအစရှိသော လှူဒါန်းဖွယ်ရာအဖြာဖြာ တို့ကို အရှင်ဘုရားတို့အား ရည်မှန်းထားသည့်အတိုင်း အသီးအသီး ခွဲခြမ်း ဝေဖန်၍ သဒ္ဓါရှင်လန်း လှူဒါန်းပါကုန်၏။

ဤသို့လှူဒါန်းရသောကောင်းမှုကုသိုလ်ကံစေတနာကြောင့်တပည့်တော်တို့သည် သံသရာတည်းဟူသော ဝဋ်ဆင်းရဲမှ လျင်မြန်စွာကင်းလွတ်ရ၍ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုနိုင်ရပါလိုကုန်၏။ အကြင်မျှလောက်ကာလပတ်လုံး နိဗ္ဗာန်ချမ်းသာကို မျက်မှောက် မပြုရကုန်သေး၊ ထိုမျှလောက် ကာလပတ်လုံး ဘဝကြီး-ငယ် အသွယ်သွယ်၌ ကျင်လည်ရကုန်သည်ရှိသော် ဘဝတိုင်း, ဘဝတိုင်း အပါယ်အစရှိသော ဆင်းရဲတို့မှ ကင်းလွတ်ကြကုန်လျက် ဘဝတိုင်း-ဘဝတိုင်း မိကောင်း-ဖကောင်း, ဆရာသမားကောင်း, သူတော်ကောင်းတို့နှင့်သာ တွေ့ရသည်ဖြစ်၍၊ ထိုမိဖ-ဆရာနှင့် သူတော်ကောင်းတို့သည် ကောင်းရာကို ဆိုဆုံးမသော အလိုသို့လည်း အစဉ်တစိုက် လိုက်နာနိုင်ရပါလိုကုန်၏။ သူတော်ကောင်းတရားကို ကြိုးစားအားထုတ်နိုင်ရပါလိုကုန်၏။ ဘဝတိုင်း-ဘဝတိုင်း ကိုယ်,စိတ်

နှစ်ဖြာ ချမ်းသာကြကုန်သည်ဖြစ်၍ မြတ်စွာဘုရား၏သာသနာတော်မြတ်ကြီးကို ဓမ္မအားဖြင့်၎င်း, အာမိသအားဖြင့်၎င်းချီးမြှောက်ခြင်းငှာ စွမ်းနိုင်ရပါလိုကုန်၏။ ဘဝတိုင်း-ဘဝတိုင်း အလိုရှိတိုင်းပြည့်စုံကုန်သည်၎င်း, ကြံစည်တိုင်းအောင်မြင်နိုင်ကုန်သည်၎င်း ဖြစ်ရပါလိုကုန်၏။ဘဝတိုင်း-ဘဝတိုင်း အလိုရှိအပ်တဲ့ ဆုမြတ်ဟူသမျှတို့နှင့်လည်း ပြည့်စုံရပါလို၏။

ဤ ကောင်းမှုအဖို့ကို ဤ (ဓမ္မာရုံမဏ္ဍပ်) သို့ တရားနာရန် ကြွရောက်လာကြကုန်သော တရားနာပရိသတ်အပေါင်းကိုအစပြု၍ အမိ-အဖတို့အား၎င်း, ဆရာသမားတို့အား၎င်း, အဆွေအမျိုးတို့အား၎င်း, ရေ-မြေစိုးနှင်းပြည့်ရှင်မင်းတို့အား၎င်း, ငရဲစိုးနှင်း ယမ မင်းကြီးတို့အား၎င်း, အလုံးစုံသော နတ်အပေါင်းတို့အား၎င်း, အလုံးစုံသောသတ္တဝါအပေါင်းတို့အား၎င်းအမျှ-အမျှ-အမျှ ပေးဝေပါကုန်၏။ ကျွန်ုပ်တို့နှင့်အတူ ကောင်းမှုအဖို့ကို အမျှရကြပါစေကုန်သတည်း။

နောင်အခါ၌ အကျွန်ုပ်တို့သည် ဘဝခြား၍ မေ့လျော့ကုန်ငြားသော်လည်း ဤနှစ်သိန်း,လေးသောင်းအထုရှိတဲ့ မဟာပထဝီမြေကြီးသည်ကျွန်ုပ်တို့၏ သက်သေအရာ၌ တည်လာပါစေသော်....။

## အသုဘရေစက်ချ ပါဠိ-အနက်

ဘန္တေ၊ အရှင်ဘုရား။မယံ၊ တပည့်တော်တို့သည်။ “သဗ္ဗေ၊ ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော။ သင်္ခါရာ၊ ရုပ်, နာမ်ဓမ္မ သင်္ခါရတို့သည်။ အနိစ္စာ၊ မြဲအမရှိ ပါကုန်တကား။” ဣတိဝစနာနုရူပံ၊ ဤသို့ ဟောကြားတော်မူထားတဲ့ သံဝေဂ တရား စကားတော် အားလျော်စွာ။ သဗ္ဗသတ္တာနဉ္စ၊ အလုံးစုံသော သတ္တဝါ အပေါင်းတို့၏၎င်း။အမှာကံ၊တပည့်တော်တို့၏။ဉာတ္တန္နံ့ာမဿ၊(ဉာတ္တန္နာမာယစ) ဤ(            )သူ၏၎င်း။ သင်္ခါရသဘာဝတ္တာ၊ ရုပ်, နာမ်ဓမ္မ သင်္ခါရသဘော ရှိသည်၏အဖြစ်ကြောင့်။တေစ၊ထိုအလုံးစုံသောသတ္တဝါအပေါင်းတို့သည်၎င်း။ အမှာကံ၊ တို့၏။ ဉာတ္တန္နာမော၊(ဉာတ္တန္နာမာစ) ဤ(            )သည်၎င်း။ အနိစ္စ ဘာဝံ၊ မမြဲသည်၏အဖြစ်သို့။ ကာလင်္ကတဘာဝံ၊ သေလွန်သည်၏ အဖြစ်သို့။ ပါပုဏိံသု၊ ရောက်ခဲ့ကြလေကုန်ပြီတကား။ တေယေဝ၊ ထိုတပည့်တော်တို့၏ ဤ(            )သူနှင့်တကွ အလုံးစုံသော သတ္တဝါအပေါင်းတို့သည်သာလျှင်။ ကာလင်္ကတဘာဝံ၊သို့။ ပတ္တာ၊ ရောက်ကြရကုန်သည်ကား။ န၊ မဟုတ်ကုန်သေး။ အမှာကဉ္စ၊တပည့်တော်တို့၏လည်း။ သင်္ခါရသဘာဝတ္တာ၊ ရုပ်,နာမ်ဓမ္မ သင်္ခါရသဘောရှိသည်၏အဖြစ်ကြောင့်။ အမှာကံပိ၊ငါတို့၏လည်း။ဝေ-ကေန္တေနေဝ၊ စင်စစ်အားဖြင့်သာလျှင်။ မရဏံ၊ သေရခြင်းသည်။ ဘဝိဿန္တိ၊ ဖြစ်ရလိမ့်ဦးမည် တကား။ ဣတိ၊ ဤသို့။ မရဏသတိကမ္မဋ္ဌာနံ၊ မရဏသတိကမ္မဋ္ဌာန်းကို။ မနသိကတ္ဝာ၊ နှလုံးသွင်းပါကုန်သည်ဖြစ်၍။ဘာဝေတွာ၊ပွားများပါကုန်သည်ဖြစ်၍။

တဿ·ကာလင်္ကတဿ၊(တာယ ကာလင်္ကတာယ)၊ ထို( )သူ၏။ အတ္တာယစ၊ အကျိုးငှာရင်း။ အမှာကံ၊တို့၏။ အတ္တာယစ၊ ငှာဒင်း။ ကမ္မဿ၊ ကိုရင်း။ ကမ္မဝိပါကဿ၊ ကိုရင်း။ သဒ္ဒဟိတွာ၊ ယုံကြည်ပါကုန်သည်ဖြစ်၍။ တိသရဏေန၊ သရဏဂုံသုံးပါးနှင့်။ သဟ၊ တကွ။ ပဥ္စသီလာနိ၊ ငါးပါးသော သီလတော်မြတ်ပွဲကို။ (အဋ္ဌင်္ဂသမန္နာနိ၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံကုန်သော။ သီလာနိ၊ တို့ကို)။ သမာဒိယိတွာ၊ကောင်းစွာ ခံယူဆောက်တည်ကုန်ပြီးလျှင်။အာယသ္မန္တာနံ၊အရှင်ဘုရားတို့၏။သမ္မုခေ၊မျက်မှောက်တော်၌။ဒက္ခိဏောဒကံ၊မြတ်သောအလှူရေစက်ကို။ ပါတေတွာ၊ သွန်းချ၍။ (ပိဏ္ဍပါတ-စီဝရာဒိဒါတဗ္ဗဝတ္ထုနို) ဆွမ်း, သင်္ကန်းစသော ဒါတဗ္ဗဝတ္ထု အစုစုတို့ကို။ အာယသ္မန္တာနံ၊ အရှင်ဘုရားတို့အား။ ယထာဥဒ္ဒိဋ္ဌံ၊ ရည်မှန်းသည့်အတိုင်း။ ဒေမ၊ လှူဒါန်းပါကုန်၏။

ဘန္တေ၊ အရှင်ဘုရား။အမှာကံ၊ တပည့်တော်တို့၏။ အယံ ပုညဘာဂေါ၊ ဤသို့လှူဒါန်းရသော ကောင်းမှုကုသိုလ်၏ အဖို့ဘာဂသည်။ ကာလင်္ကတဿ၊ (ကာလင်္ကတာယ) တည်ရာမရ တမလွန်ဘဝသို့ ပြောင်း သွား လေ သော။ အမှာကံ၊ တို့၏။ ဝုတ္တနာမဿ(ဝုတ္တနာမာယ)၊ဤ ( )သူအား။ ဥဒကံ ပါတေတွာ၊ ရေစက်ချပြီးလျှင်။ ဘာဇနကာလေ၊ အမျှပေးဝေသော အခါ၌။ ပါပုဏာတု၊ ရောက်ပါစေသတည်း။

ဘန္တေ၊ အရှင်ဘုရား။ မယမ္ပိ၊ တပည့်တော်တို့သည်လည်း။ ဣမိနာ ပုညကမ္မေန၊ ဤ လှူဒါန်းရသော ကောင်းမှုကုသိုလ်ကံ စေတနာကြောင့်။ အမတံ၊ သေခြင်းကင်းရာဖြစ်သော။နိဗ္ဗာနံ၊နိဗ္ဗာန်ကို။သစ္ဆိကရိဿာမ၊မျက်မှောက်ပြုနိုင်ရပါလိုကုန်၏။ယာဝ၊အကြင်မျှလောက်သောကာလပတ်လုံး။နိဗ္ဗာနံ၊နိဗ္ဗာန်ကို။ နသစ္ဆိကရိဿာမ၊မျက်မှောက်မပြုရကုန်သေး။တာဝ၊ထိုမျှလောက်သောကာလပတ်လုံး။ ဘဝါဘဝေ၊ဘဝကြီး-ငယ် အသွယ်သွယ်၌။ သံသရန္တာ၊ကျင်လည်ရကုန်သည်ရှိသော်။အပါယာဒိဒုက္ခေဟိ၊အပါယ်အစရှိသောဆင်းရဲတို့မှ။မုစ္စိတွာ၊ ကင်းလွတ်ရကုန်လျက်။ ဘဝေဘဝေ၊ ဘဝတိုင်း-ဘဝတိုင်း။သန္တေယေ၊ ပဲဖကောင်း,ဆရာကောင်း,သူတော်ကောင်းတို့ကိုသာလျှင်။ ပဿိတွာ၊ တွေ့မြင်ရကုန်သည်ဖြစ်၍။တေသံ၊ထိုသူတော်ကောင်းတို့၏။ဝသံ၊ ကောင်းရာကို ဆိုဆုံးမသော အလိုသို့။ အနုဂမေယျာမ၊ အစဉ်တစိုက် လိုက်နာ နိုင်ရပါလိုကုန်၏။ သဒ္ဓမ္မံ၊သူတော်ကောင်းတရားကို။ဥဿာဟေယျာမ၊ကြိုးစားအားထုတ်နိုင်ရပါလိုကုန်၏။ ဘဝေဘဝေ၊ ဘဝတိုင်း-ဘဝတိုင်း။ အာယုဝဏ္ဏာဒိဖလေဟိ၊အသက်ရှည်ခြင်း,အဆင်းလှခြင်း,ချမ်းသာကြီးခြင်း,ခွန်အားကြီးခြင်း, ပညာကြီးခြင်းစသော အကျိုးတို့နှင့်။ သမ္ပန္နေယျာမ၊ ပြည့်စုံရပါလိုကုန်၏။ သုခီ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းရှိကုန်သည်။ဟုတွာ၊ဖြစ်၍။ဘဂဝတော၊မြတ်စွာဘုရား၏။

ခေတ်—၂၃၊ (ဒုတိယအကြိမ်)

သာသနံ၊ သာသနာတော်မြတ်ကြီးကို။ အနုဂ္ဂဟေတုံ၊ ချီးမြှောက်ခြင်းငှာ။ သမတ္ထာ၊ စွမ်းနိုင်ကုန်သည်။ ဘဝေယျာမ၊ ဖြစ်ရပါလိုကုန်၏။ ဘဝေ ဘဝေ၊ တိုင်း။ယထာ ဣစ္ဆိတဝရေဟိပိ၊အကြင်အကြင် အလိုရှိအပ်သော ဆုမြတ်ဟူသမျှ တို့နှင့်လည်း။ သမ္ပန္နေယျာမ၊ ပြည့်စုံရပါလိုကုန်၏။

ဣမံ ပုညဘာဂံ၊ ဤကောင်းမှု ကုသိုလ်အဖို့ကို။ ကာလကတံ၊ သော။ ဣတ္ထန္နာမံ၊ဤ(          )သူကို။ အာဒိံ ကတွာ၊အစပြု၍။ ဣဓံဌာနံ၊ဤအရပ်သို့။ အာဂတာနံ၊ရောက်လာကြကုန်သော။ပရိသာနဥ္စ၊ပရိသတ်တို့အားငင်း။မာတာပိတုအာစရိယာနဥ္စ၊အမိ–အဖ,ဆရာသမားတို့အားငင်း။အယျကအယျိကာနဥ္စ၊ အဘိုး,အဘွားတို့အားငင်း။ဉာတကာနဥ္စ၊အဆွေအမျိုးတို့အားငင်း။ ဣဿရိယ ရာဇာနဥ္စ၊ရေ,မြေစိုးနင်း-ပြည့်ရှင်မင်းတို့အားငင်း။ ယမရာဇဿစ၊ ငရဲစိုးနင်း ယမမင်းကြီးအားငင်း။သဗ္ဗဒေဝါနဥ္စ၊ အလုံးစုံသောနတ်အပေါင်းတို့အားငင်း၊ သဗ္ဗသတ္တာနဥ္စ၊အလုံးစုံသော သတ္တဝါအပေါင်းတို့အားငင်း။ဘာဇေမ၊အမျှ– အမျှ ပေးဝေပါကုန်၏။တေစ၊ထိုအလုံးစုံသော သတ္တဝါအပေါင်းတို့သည်ငင်း။ ကာလကတော(ကာလကတာ)၊သော။အမှာကံ၊တို့၏။ဣတ္ထန္နာမောစ(ဣတ္ထန္နာ မာစ)၊ ဤ(          )သူသည်ငင်း။ဣမံပုညဘာဂံ၊အဖို့ကို။အမေှဟိ၊ကျွန်ုပ်တို့နှင့်။ သမံ၊ အတူတူ။ လဘန္တု၊ ရကြပါစေကုန်သတည်း။

## သုသာန်တွင်ရေစက်ချရန် အသုဘရေစက်ချ

ဘန္တေ၊အရှင်ဘုရား။အမာတာပုတ္တိကဘယာနိ၊အမိကလဲ သားကိုမကယ် နိုင်,သားကလဲ အမိကိုမကယ်နိုင်သောဘေးကြီးတို့သည်။ဝါ-ဆရာကလဲတပည့် ကို မကယ်နိုင်,တပည့်ကလဲ ဆရာကိုမကယ်နိုင်သော ဘေးကြီးတို့သည်။ဝါ-လင် ယောကျ်ားကလဲ အိမ်သူဇနီးကို မကယ်နိုင်,အိမ်သူဇနီးကလဲ လင်ယောကျ်ားကို မကယ်နိုင်သောဘေးကြီးတို့သည်။ဣမာနိတီဏိ၊ဤသုံးပါးတို့ပေတည်း။ကတမာ နိ တီဏိ၊ အဘယ်သုံးပါးတို့နည်း ဟူမူကား။ ဇရာဘယံ၊အိုခြင်း တည်းဟူသော ဘေးလည်းတပါး။ဗျာဓိဘယံ၊နာခြင်းတည်းဟူသောဘေးလည်း တပါး။မရဏ ဘယံ၊သေခြင်းတည်းဟူသော ဘေးလည်းတပါး။ဣမာနိတီဏိ၊ဤသုံးပါးတို့ပေ တည်း။ဣတိ၊ဤသို့။ဘဂဝတော၊မြတ်စွာဘုရား၏။ဓမ္မကထံ၊ တရားစကားကို။ ယောနိသော၊အသင့်အတင့်အားဖြင့်။မနသိကတွာစ၊နှလုံးသွင်းကြပါကုန်သည် ဖြစ်၍ငင်း။ဣမေ ပဥ္စက္ခန္ဓာ၊ဤခန္ဓာငါးပါး ရုပ်, နာမ် တရားတို့သည်။ အနိစ္စာ၊ အမြဲမရှိပါကုန်တကား။ အနိစ္စာယ၊ အမြဲမရှိခြင်းကြောင့်။မရိဿန္တိ၊ ယခု သေ သောသူကဲ့သို့ စင်စစ်ကေန် အမှန်သေကြရလိမ့်ဦးမည်တကား။မရဏန္တံ၊သေခြင်း သို့။ဂမိတွာန၊ရောက်၍။ဣမံကာယံ၊ဤခန္ဓာကိုယ်ရုပ်အကောင်ပုပ်ကို။ခိပိဿန္တိ၊

ယခုသေသောသူကဲ့သို့သုသာန်မှာမြုပ်နှံကာဟုတ်မှန်စွာစွန့်ပစ်ကြရကုန်လိမ့်မည်
တကား။ဣတိ၊ဤသို့။မရဏမမ္မံ၊သေခြင်းတရားကို။ မနသိကတွာစ၊ နှလုံးသွင်း
ကြပါကုန်သည်ဖြစ်၍ရင်း။ ဘာဝေတွာစ၊ ပွားများကြကုန်သည်ဖြစ်၍ရင်း။
ကာလင်္ကတာယ၊ သေလွန်သွားသော သူ၏။ အဝသေသရူပံ၊ ကြွင်းကျန်၍
နေသော အပုပ်အစပ် ရုပ်ကလာပ်ကို။မိတ္တေဟိ၊ဝေး-နီးရောက်လာ မိတ်ကလျာ
တို့နှင့်။ သဒ္ဓိံ၊အတူတကွ။သင်္ဂဟကာရကာ၊ညီညာဖြဖြသင်္ဂြိုဟ်ခြင်းကို ပြုကြပါ
ကုန်သော။ မယံ၊ တပည့်တော်တို့သည်။ ကာလင်္ကတာယ၊ သေလွန်သွားသော
သူ၏။ အတ္တာယစ၊အကျိုးငှာရင်း။အမှာကံ၊တပည့်တော်တို့၏။အတ္တာယစ၊ ငှာ
ရင်း။ ကမ္မဥ္စ၊အကျိုးပေါ်ငြား အကြောင်း ကံ နှစ်ပါး ကိုရင်း။ ကမ္မဝိပါကဥ္စ၊
ကံကြောင့်ဖြစ်ဘိ အကျိုးဝိပါက်ကိုရင်း။သဒ္ဒဟိတွာ၊ သဒ္ဓါခိုလှုံ ယုံကြည်ပါကုန်
သည်ဖြစ်၍။ သရဏသီလံ၊ သရဏဂုံသီလ မြတ်မမ္မကို။ သမာဒိယိတွာ၊ ခံယူ
ဆောက်တည်ပါကုန်ပြီးလျှင်။ဒက္ခိဏောဒကံ၊မြတ်သောအလှူရေစက်ကို။ပါတေ
တွာ၊သွန်းလောင်း၍။ ဒါတဗ္ဗဝတ္ထုနိ၊ ဆွမ်း,သင်္ကန်းစသော ဒါတဗ္ဗဝတ္ထုအစုစု
တို့ကို။ အာယသ္မန္တာနံ၊ အရှင်ကောင်းအရှင်မြတ်တို့အား။ ဒဒါမ၊သဒ္ဓါထက်စွာ
လှူဒါန်းပါကုန်၏။ ဣမေ၊ ဤ အလှူပေးပုဂ္ဂိုလ်, အလှူခံပုဂ္ဂိုလ် အလှူဝတ္ထုဖွစ္စည်း
တို့သည်။သင်္ခါရသဘာဝတ္တာ၊ကံ, စိတ်, ဥတု အာဟာရခေါ်ငြား အကြောင်း
တရားလေးပါးတို့သည် ပြုပြင်စီရင်အပ်သော သင်္ခါရသဘော၏ အဖြစ်ကြောင့်။
အနိစ္စာ၊အော်-အမြဲမရှိပါကုန်တကား။ အနိစ္စာယ၊အမြဲမရှိခြင်းကြောင့်။ဒုက္ခာ၊
အော်-ဆင်းရဲအတိ ဖြစ်ပါကုန်တကား။ အနိစ္စတ္တာစ၊ အမြဲမရှိသည်၏ အဖြစ်
ကြောင့်ရင်း။ ဒုက္ခတ္တာစ၊ ဆင်းရဲသည်၏ အဖြစ်ကြောင့်ရင်း။အနတ္တာ၊ အော်-
အစိုးမပိုင် အနိုင်မရပါကုန်တကား။ ဣတိ၊ဤသို့။ ဘာဝနာ၊ ဝိပဿနာတရား
ဘာဝနာများကိုလည်း။ဘာဝေယျာမ၊သတိထားကာပွားများပါကုန်၏ဘုရား။
(ဘဒ္ဒေ၊အရှင်မ။တံ၊သင်အရှင်မကို။ဥဒ္ဒိဿ၊ရည်စူး၍။အမှေဟိ၊ကျန်ရစ်သူငါတို့
က။ကာတဗ္ဗံ၊ပြုအပ်သော။ဣမံပုညဘာဂံ၊ ဤကောင်းမှုကုသိုလ် အဖို့ဘာဂကို။
တွံ၊ သင်အရှင်မသည်။ ဘာဇနကာလေ၊ငါတို့က အမျှပေးဝေသော အခါ၌။
အနုမောဒ၊ဝမ်းမြောက်,ဝမ်းသာ သာဓုခေါ်ပါလော့။ အယံ ပုညဘာဂေါ၊
ဤကုသိုလ်အဖို့ဘာဂသည်။ တဝ၊ သင်အရှင်မအား။ ပါပုဏာတု၊ အမှန်မသွေ
ရောက်ပါစေသတည်း)။မယမ္ပိ၊တပည့်တော်တို့သည်လည်း။အနေန,ဤကောင်း
မှုကြောင့်။ အ မတံ၊ သေခြင်း ကင်း လတ် နိဗ္ဗာန်မြတ် ကို။ ပါပုဏိဿာမ၊
သေရမှာ ကြောက်လွန်းလို့ လျင်လျင်မြန်မြန်ကြီး ရောက်ရပါလိုကုန်၏ အရှင်
ဘုရား။ဣမံ ပုညဘာဂံ၊ဤကောင်းမှုအဖို့ကို။ ကာလင်္ကတံ၊ သေလွန်သွားသော
သူကို။အာဒိံကတွာ၊အစပြု၍။ပရိသာနဥ္စ၊ဤသုသာန်သို့ရောက်လာကြသော
များစွာသောင်းသောင်း ပရိသတ်အပေါင်းတို့အား၊ရင်း။သဗ္ဗသတ္တာနဥ္စ၊အထက်

ဘဝင်္ဂပါ အောက်မှာအဝိစိ ရှိရှိသမျှအကုန် လုံးစုံများစွာ သတ္တဝါအပေါင်းတို့အားရင်း။ဘာဇေမ၊အမျှပေးဝေပါကုန်၏။အယံပုညဘာဂေ ါ၊ဤကောင်းမှုကုသိုလ်အဖို့ဘာဂသည်။တေသံစ၊ ထိုအလုံးစုံသော သတ္တဝါအပေါင်းတို့အားရင်း၊၊ပုဗ္ဗပေတဉာတကာနဥ္စ၊ ရှေးက သေလွန်ခဲ့ဘူးသော ဆွေမျိုးဉာတိတို့အားရင်း။ကာလကတာယစ၊ ယခုသေလွန်သွားရှာသူအားရင်း။ ပါပုဏာတု၊အမှန်မသွေ ရောက်ပါစေသတည်း။ တေ၊ ထိုသေလွန်သွားသူနှင့်တကွ အလုံးစုံသော သတ္တဝါတို့သည်။ အနုမောဒန္တု၊ ဤကောင်းမှုပြုလိုက်တာကို ဝမ်းမြောက်ဝမ်းသာ သာဓု ခေါ်နိုင်ကြပါစေသော်။

ဤကား-ရေနီမြို့၊ ရိပ်သာကျောင်းတိုက် ဓမ္မာရုံ ဒါယကာကြီး-ဦးမြ၏ဇနီး ကွယ်လွန်ရာ၌၊ ၎င်း ဒါယကာကြီး - ဦးမြ ရေစက်ချသောအခါ ၎င်း၏အစား ဦးရိပ်သာဆရာတော်က ချပေးသော အသုဘ ရေစက်ချဖြစ်ပါသည်။

နိဂုံး

[ဤ''ဒေသနာစိန်မြကုံးတရားစာ''သည် ဤစာရေးသူရဟန်း(၁၁)ဝါရ ၁၃၁၇-ခု၊ နယုန်လဆန်း ၆-ရက် နေ့တွင် ရေနီမြို့-ဦးရိပ်သာကျောင်းတိုက်၌ ရေးသားစီရင်၍ ပြီးစီးအောင်မြင်ခဲ့လေ သတည်း။]

## ၂။ တခမ်းတနားဟောပြောရန် အခန်း
## သစ္စာလေးခိုင် သုံးပွင့်ဆိုင်ဇာတ်ဆန်းယဥ် တရားတော်
## (က) ရှေ့ပိုင်း ဟောစဥ်
## ပတ္ထနာသီသ ဂါထာ ရစနာ

●

လောကနာထော ယော သမ္ဗုဒ္ဓေါ၊ စတုသစ္စ မဒေသယိ။
တဿာပိ အာနုဘာဝေန၊ နိရောဂါ ဟောန္တု သာဓဝေါ။

လောကနာထော၊ လူသုံးဦးတို့ ညွန့်ဖူးမကိုဋ် အမြိုက်သရဖူ ဖြစ်တော်မူသော။ယော သမ္ဗုဒ္ဓေါ၊အကြင်သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် ကိုယ်တော်တိုင်သိမြင်တော်မူသောဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။စတုသစ္စံ၊ သစ္စာလေးပါး၊မြတ်တရားကို၊ အဒေသယိ၊ဟောဖော်ညွှန်ပြဆုံးမတော်မူခဲ့လေပြီ။ တဿာပိ သမ္ဗုဒ္ဓဿ၊ ထိုသစ္စာလေးပါး မြတ်တရားကို ဟောဖော်ညွှန်ပြ ဆုံးမ တော်မူသော ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏။အာနုဘာဝေန၊တန်ခိုးတေဇော် အာနုဘော်တော်အားဖြင့်။ သာဓဝေါ၊မေ္မသုဇာန္တ ပရိသတ်အပေါင်း သူတော် ကောင်းတို့သည်။ နိရောဂါ၊ ရောဂါမရှိ ဘေးမထိကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေသတည်း။

အဲ-ယခုဟောပြောမဲ့ တရားအစဥ်ကတော့....

(၁) ရှေ့ပိုင်းမှာ သစ္စာလေးပါးတရားတော်နှင့်ဝိပဿနာအလုပ်များကို ထင်ထင်ရှားရှား ဟောပြောမယ်။

(၂) နောက်ပိုင်းမှာ- အပဒါန်ပါဠိတော်နှင့် အဋ္ဌကထာကြီးမှ ထုတ် နုတ်၍ သုံးပွင့်ဆိုင်ဇာတ်လမ်းကို တခမ်းတနား ဟောပြောမယ်။

အဲဒါ ယခုဟောပြောမဲ့ တရားအစဥ်ပါပဲ ဒကာ-အောင်ရဲ့။

### သစ္စာလေးပါး တရားတော်

စတုန္နံ အရိယသစ္စာနံ၊ ယထာဘူတံ အဒဿနာ။
ပုနပ္ပုနံ သံသရန္တိ၊ သတ္တာ သံသာရ သာဂရေ။

ဘောန္တော သပ္ပုရိသာ၊ ဒုက္ခဇာတ်ငြိမ်းရာအမှန် နန်းအမတပြည်နိဗ္ဗာန် ကို စိတ်သန်လိုလား၍ တရားနာရောက်လာကြကုန်သော အို-တရားနာပရိသတ် အပေါင်း သူတော်ကောင်းတို့။ စတုန္နံ အရိယသစ္စာနံ၊ သချ်ာအားဖြင့် လေးပါး ကုန်သော အရိယသစ္စာတရားတို့ကို။ ယထာဘူတံ အဒဿနာ၊ အကြောင်းက

ဘယ်အမျိုး, အကျိုးက ဘယ်ဟာဟု အခြေပါတဲ့ဉာဏ်ဖြင့် ဟုတ်မှန်တဲ့အတိုင်း မသိ-မမြင်ကြလေသောကြောင့်။သတ္တာ၊ကမ္ဘာသူ-ကမ္ဘာသား သတ္တဝါအများတို့သည်။ သံသာရသာဂရေ၊ သံသရာ တည်းဟူသော သမုဒ္ဒရာ ဝဲဂယက်ထဲ၌။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ သံသရန္တိ၊ ကျင်လည်ပြေးသွား မျောပါရှာကြရလေတော့သတည်း။

အင်း....သံသရာလည်တယ်ဆိုတာဟာ သစ္စာလေးပါးကိုမသိ,မမြင်ကြလို့ ဆိုပါလား ဒကာ-အောင်ရဲ့။ အဲဒါကြောင့် သံသရာဝဲဂယက်ထဲမှ လျင်မြန်စွာ လွှဲထွက်နိုင်အောင်ဟာ သစ္စာလေးပါးကို သိမြင်နိုင်ကြဖို့ အရေးကြီးတယ် ဒကာ-အောင်ရဲ့။

## ဆောင်ပုဒ် လင်္ကာ

သချာလေးဖြာ၊ မြတ်သစ္စာကို၊ မှန်စွာကျနု၊ မသိကြညောင်း၊ ယင်းအကြောင်းကြောင့်၊ အပေါင်းများစွာ၊ သတ္တဝါဝေနေ၊ များဖိုလ်ခြေမှာ၊ သံသရာတွင်၊ ကျင်လည်ရသည်၊ မှတ်ကြစိတ်မှာ အမြဲတည်း။

(၁) ဒုက္ခသစ္စာ = ဆင်းရဲတာ အမှန်ပါ။
(၂) သမုဒယသစ္စာ = ဆင်းရဲကိုဖြစ်စေတာ အမှန်ပါ။
(၃) နိရောဓသစ္စာ = ဆင်းရဲမရှိရာ အမှန်ပါ။
(၄) မဂ္ဂသစ္စာ = ဆင်းရဲမရှိအောင်ကျင့်တာ အမှန်ပါ။

အဲဒါကြောင့် မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက....

စတ္တာရိ အရိယသစ္စာနိ ဒုက္ခံ အရိယသစ္စံ၊ ဒုက္ခသမုဒယော အရိယသစ္စံ၊ ဒုက္ခနိရောဓော အရိယသစ္စံ၊ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ။
(သစ္စဝိဘင်း ပါဠိတော်)

လို့ ဟောတော်မူယားပါတယ်။

ဘိက္ခဝေ၊ သံသရာဘေး လာမည့်အရေးကို မျှော်တွေးရှုညောင်း အို-တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့။ ဒုက္ခံအရိယသစ္စံ၊ ဆင်းရဲတာမှန်တဲ့ ဒုက္ခသစ္စာဝှင်း။ ဒုက္ခသမုဒယော အရိယသစ္စံ၊ ဆင်းရဲကိုဖြစ်စေတာမှန်တဲ့ သမုဒယသစ္စာဝှင်း။ ဒုက္ခနိရောဓော အရိယသစ္စံ၊ ဆင်းရဲမရှိရာ နိဗ္ဗာန်ခေါ်တဲ့ နိရောဓသစ္စာဝှင်း။ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ၊ ဆင်းရဲမရှိအောင် ကျင့်တာအမှန်ဖြစ်တဲ့ မဂ္ဂသစ္စာဝှင်း။ (ဣတိ၊ ဤသို့)။ စတ္တာရိ အရိယသစ္စာနိ၊ သချာအားဖြင့် လေးပါးကုန်သော အရိယသစ္စာတို့သည်။ ဟောန္တိ၊ ဖြစ်ကြလေကုန်၏။

အဲဒီသစ္စာလေးပါးထဲက ဒုက္ခသစ္စာဆိုတာဟာ ဆင်းရဲမှုတွေကိုဆိုတယ်၊ သမုဒယသစ္စာ ဆိုတာဟာ လိုချင်မှု၊ နှစ်သက်မှုတွေကို ဆိုတယ်၊ အဲဒါတွေဟာ ဆင်းရဲကို ဖြစ်စေတာချည်းပဲ ဒကာ-အောင်ရဲ့။

နိရောဓသစ္စာဆိုတာကတော့ ဆင်းရဲဒုက္ခတွေချုပ်ငြိမ်းရာဖြစ်တဲ့နိဗ္ဗာန်ကို ဆိုတယ်၊ မဂ္ဂသစ္စာ ဆိုတာကတော့ အဲဒီ ဆင်းရဲဒုက္ခတွေ ချုပ်ငြိမ်းရာနိဗ္ဗာန်သို့ ရောက်အောင် ကျင့်ရတဲ့ နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်း အမှန်ဖြစ်သော သမထ-ဝိပဿနာလုပ်ငန်းများကိုဆိုတယ် ဒကာ-အောင်ရဲ့။

## ဒုက္ခသစ္စာ အကျယ်

ကိုင်း....သစ္စာလေးပါးကို တပါးစီခွဲ၍ အကျယ်ချဲ့ပြီး ဟောပြောတော့ မယ်၊ နားထောင်ကြ။

တန်ခိုးကြီးစွာ၊ မြဟ္မာ-သိကြား၊ ဘုန်းအားရဟတ်၊ လေးကျွန်းပတ်သည့်၊ မန္ဓာတ်တမင့်၊ ဖြစ်လင့်စေကာ၊ သတ္တဝါကောင်း-ဆိုး၊ အမျိုးမျိုးဖြင့်၊ လိုစိုးရွှေမင်း၊ လိုခြင်းမချို၊ ထိုသူထိုကား၊ ပုဂ္ဂိုလ်ဝေါဟာ၊ ပညတ်သာမျှ၊ ဇာတိအစ၊ နာမ်-ရုပ်ရသော်၊ ခဏ-ခဏ၊ ဘိဇ္ဇနတည့်၊ နိစ္စ သုခ၊ အတ္တ မှတ်စွဲ၊ အမြဲချမ်းသာ၊ ကိုယ်-ငါအစစ်၊ မှန်မဖြစ်ပဲ၊ ဖျစ်ဖျစ်မည်ကာ၊ အကြာမခံ၊ တုံ၍မနေ၊ ကျွမ်းလေလောင်ရှိန်း သစ်စိမ်းရွက်လှ၊ မီးနှိုက်ကျသို့၊ အစစရင့်၊ ရှယ်ဆင့်ဆင့်နှင့်၊ ဆံပွင့် သွားကြွေ၊ အရေတွန့်ခြင်း၊ အိုမင်းရှုံ့တွ၊ ဇရာကျ၍၊ မရဏစစ်၊ အော်ဟစ်မကင်း၊ သေရခြင်းဖြင့်၊ အချင်းခပ်သိမ်း၊ ရွှေရွှေယိမ်း၏၊ မငြိမ်းနိုင်စွာ၊ လိုရာမရ၊ ကာရကနှင့်၊ ဇီဝပုဂ္ဂိုလ်၊ ငါဟုဆိုသား၊ ကိုယ်ကောင်မရှိ၊ ပကတိပင်၊ မချိနိုင်အောင်၊ မဆောင်နိုင်ရေး၊ အိုတိုင်းဆွေးလျက်၊ နာဘေး-သေဘေး၊ နှိပ်စက်ဘေး နှင့်၊ တေဘူမက၊ ဖြစ်သမျှတိ၊ လောဘကြွင်ငြား၊ ဤတရားကား၊ မမှား ဒုက္ခ သစ္စာတည်း။

(မဃဒေဝ လင်္ကာ)

အဲဒီဒုက္ခသစ္စာအရ တရားကိုယ်ကတော့-လောကီစိတ်ကောသိတိ(၈၁)ခု၊ လောဘကြဉ်တဲ့ စေတသိက်(၅၁)ခု၊ ရုပ်အဋ္ဌဝီသ(၂၈)ခု၊ ၎င်းစုကို ကောက်ရ တယ်၊ ဒကာ-အောင်ရဲ့။

အဲ-ဟောဒီနေရာမှာ ဒုက္ခသစ္စာကို မူရင်းပါဠိတော်နှင့် တိုက်ဆိုင်၍ ဟောပြောအုံးမယ်။

> တတ္ထ ကတမံ ဒုက္ခံ အရိယသစ္စံ၊ ဇာတိပိ ဒုက္ခာ ဇရာပိ ဒုက္ခာ ဗျာဓိပိ ဒုက္ခာ မရဏမ္ပိဒုက္ခံ သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာပိ ဒုက္ခာ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယံပိစ္ဆံ န လဘတိ၊ တမ္ပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ။
> (သစ္စဝိဘင်း ပါဠိတော်)

အဲသလို မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက ဒုက္ခသစ္စာတွေကို ဟောကြားတော်မူထားပါတယ်၊ မှတ်ထားကြနော်။

ဇာတိဒုက္ခ, ဇရာဒုက္ခ, ဗျာဓိဒုက္ခ, မရဏဒုက္ခ-တဲ့၊ ပီးတော့-သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဒုက္ခ-တဲ့၊ ပီးတော့-အပ္ပိယ သမ္ပယောဂဒုက္ခနှင့် ပိယဝိပ္ပယောဂဒုက္ခ- စသည်တို့လဲ ဟောထားပြန်တယ်။ အဲသလို ဒုက္ခသစ္စာတွေကို အတော်များစွာ ဟောကြားတော်မူထားတယ် ဒကာ-အောင်ရဲ့။

အဲတာကို မြန်မာလိုရှင်း၍ ဟောပြအုံးမယ်။

တတ္ထ၊ ထိုသစ္စာလေးပါးတို့တွင်။ဒုက္ခံအရိယသစ္စံ၊ဆင်းရဲတာအမှန်ဖြစ်တဲ့ ဒုက္ခသစ္စာသည်။ ကတမံ၊ အဘယ်နည်း။ ဇာတိပိ၊ ပဋိသန္ဓေတည်နေရခြင်းသည်လည်း။ ဒုက္ခာ၊ ကျဉ်းမြောင်းကြပ်တဲ ဆင်းရဲလှပါပေ၏။

အဲ - ဇာတိဒုက္ခဆိုတာ ပဋိသန္ဓေနေရတဲ့ ဒုက္ခပဲတဲ့ ဒကာ - အောင်ရဲ့။ ဒီ-ပဋိသန္ဓေ နေရတဲ့ဒုက္ခဟာ ဝိသုဒ္ဓိမဂ် စသော ကျမ်းဂန်များမှာ လာတဲ့အတိုင်း တွေးကြည့်မယ်ဆိုရင် အလွန့် ကြောက်စရာကောင်းတယ်။

ပဋိသန္ဓေနေရတဲ့ဒုက္ခကို ကျမ်းဂန်များ၌ "ပဌမံ ကလလံ ဟောတိ" အစရှိသည်ဖြင့် ပထမ ကလလရေကြည်ဖြစ်တယ်။အဲဒီကလလရေကြည်ကမှ အမြှုပ်၊ အမြှုပ်က သွေးခဲ,သားတစ်၊၎င်းမှတဖန် အလုံးအခဲဖြစ်လာပြန်တယ်၊အဲဒီအလုံး အခဲကမှ ခက်မငါးဖြာခေါ်တဲ့ အဖုငါးဖု ပေါ်လာပုံနှင့်တကွ လူသဏ္ဍာန်ဖြစ်လာပုံ၊ထို့နောက် ကိုးလ, ဆယ်လတိုင်အောင် အမိဝမ်းထဲ၌ ဆင်းရဲစွာနေရပုံ စသည်ကို့ကို အကျယ်တဝင့် ပြဆိုထားပါတယ်၊ အဲဒါတွေကို ခရားစေ့တွင်းကျ ဟောပြနေလျှင် တရားရှည်သွားလိမ့်မယ် ဒကာ-အောင်ရဲ့။

အဲဒီဟော့ ဇာတိဒုက္ခကို ဒီလောက်နှင့်ပဲ တော်လိုက်ကြအုံးစို့၊ ဖြစ်ဖြစ်သမျှ အမျိုးမျိုးသော ဒုက္ခတွေဟာ ဟောဒီ ဇာတိကြောင့် ဖြစ်ရတာချည်းပဲ လို့သာ မှတ်ချက်ချလိုက်ကြပေတော့။

ဇရာပိ၊ အသုံးမကျ ကုန်းကွ ယိုယွင်း အိုမင်းရခြင်းသည်လည်း။ ဒုက္ခာ၊ အလွန်တရာမှ ဆင်းရဲလှလေတော့၏။ဗျာဓိပိ၊မချမ်းမသာ မကျန်းမမာ ကျင်နာ ခံခက် အလွန်ပင်စိတ်ပျက်အောင် နှိပ်စက်မှုသဘော သည်လည်း။ဒုက္ခော၊ဆင်းရဲ လှချေတော့၏။ မရဏမ္ပိ၊ ဇာတိအကျိုး သည်ပိုးဆက်စပ် သတ်ဖြတ်သေကြေ ရခြင်းသည်လည်း။ဒုက္ခံ၊ဆင်းရဲလှချေတော့၏။ဝါ၊အလွန်တရာမှ ဆင်းရဲလှတော့ သတည်း။

အဲဒီ ဇရာဒုက္ခ,ဗျာဓိဒုက္ခ,မရဏဒုက္ခ တို့ဆိုတာကတော့မျက်မြင်အားဖြင့် အလွန်ထင်ရှားနေပါပြီ၊ မရဏဒုက္ခမှာ အသက်ကုန်၍သေးခြင်း, ကံကုန်၍ သေ ခြင်း,အသက်-ကံ နှစ်ပါးစုံကုန်၍သေခြင်း၊ဓား,လှံ,သေနတ်စသည်ဖြင့်သူတပါး သတ်၍ သေရခြင်းဟူ၍ အမျိုးမျိုးရှိတယ်၊ အဲဒါတွေလဲ ဘယ်လောက်ကြောက် စရာကောင်းတယ်ဆိုတာ အထူးဟောနေဖို့ မလိုပါဘူး။

သောက၊စိုးရိမ်ပူဆွေးခြင်း။ ပရိဒေဝ၊ ငိုကြွေးမြည်တမ်းခြင်း။ဒုက္ခ၊ကိုယ် ဆင်းရဲခြင်း။ ဒေါမနဿ၊ စိတ်ဆင်းရဲခြင်း။ဥပါယာသာပိ၊ ပြင်းစွာပူပန်ခြင်းတို့ သည်လည်း။ ဒုက္ခာ၊ အလွန်တရာမှ ဆင်းရဲလှချေကုန်တော့သတည်း။

အင်း....သောက ဒုက္ခ ဆိုတာက"သောကော နာမ ဉာတိ ဗျသနာဒီဟိ ဖုဋ္ဌဿ စိတ္တသန္တာပေါ"လို့ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ မိန့်ဆိုထားတဲ့အတိုင်း....

(၁) ဉာတိဗျသန-ဆွေမျိုး ပျက်စီးခြင်း၊

(၂) ဘောဂဗျသန-ပစ္စည်းဥစ္စာတွေ ပျက်စီးခြင်း၊

(၃) ရောဂဗျသန-အနာရောဂါတည်းဟူသော ပျက်စီးခြင်း၊

(၄) သီလဗျသန-ကိုယ့်ကျင့်သီလ ပျက်စီးခြင်း၊

(၅) ဒိဋ္ဌိဗျသန-အယူမှောက်မှားခြင်း။

ဆိုတဲ့ ဒုက္ခတို့ဖြင့်တွေ့ကြုံတဲ့အခါ စိတ်ထဲကပူပန်နေတဲ့သဘောပါပဲတဲ့.... ဒကာ-အောင်ရဲ့။

ပရိဒေဝ ဒုက္ခဆိုတာကတော့-စိတ်ထဲက ပူပန်ရုံမျှ မဟုတ်တော့ပဲ အပြင် ထွက်လာကာ ငိုမြည်တမ်းတာကို ဆိုတယ်။

ဟောဒီ ဒုက္ခသစ္စာထဲမှာ ဒုက္ခရယ်လို့သီးခြားရှိသေးတယ် ဒကာ-အောင်ရဲ့။ အဲဒါကတော့....

"ဒုက္ခံ နာမ ကာယိကံ ဒုက္ခံ"လို့ဆိုတဲ့အတိုင်း ကိုယ်၌ဖြစ်တဲ့ ဆင်းရဲကို ခေါ်တယ်၊အဲဒီ ဒုက္ခ-ဒုက္ခဆိုတဲ့ ဒုက္ခမျိုးကတော့တို့-ဒကာအောင်တို့မှာနေ့ဘိုင်း လိုလို ဖြစ်နေတယ်မဟုတ်လား၊ သားကျွေးမှု, မယားကျွေးမှု လယ်လုပ်ရတယ်,

ကူးသန်းရောင်းဝယ်ရတယ် မဟုတ်လား၊ အဲဒါတွေဟာ ဒုက္ခ-ဒုက္ခထွေချည်းပဲ ဒကာ-အောင်ရဲ့။ ကိုယ်ဆင်းရဲမှုဖြင့် စိတ်လဲဆင်းရဲရပေ၊ စိတ်ဆင်းရဲတာက ဒေါမနဿဒုက္ခတဲ့ ဒကာ-အောင်ရဲ့။

ဥပါယာသဒုက္ခ ဆိုတာကတော့ "ဥပါယာသော နာမ ဉာတိ ဗျသနာ ဒီဟိ ဖုဋ္ဌဿ အဓိမတ္တ စေတောဒုက္ခပ္ပဘာဝိတော ဒေါသောယေဝ"လို့ ဆိုတဲ့အတိုင်း စိတ်အလွန်တရာဆင်းရဲပင်ပန်းခြင်းကိုဖြစ်စေတဲ့ ဒေါသကိုဆိုတယ်၊ငိုရာက မေ့မျောသွားတယ်၊ ရင်ကွဲသေတယ်ဆိုတာတွေဟာ ဒီ-ဥပါယာသ ဒုက္ခရဲ့ လက်ချက်ချည်းပဲလို့ မှတ်ရမယ် ဒကာ-အောင်ရဲ့။

**သောက, ပရိဒေဝ, ဥပါယာသ (အထူး)**

အဲ-ဒီနေရာမှာ သောက,ပရိဒေဝ,ဥပါယာသတို့၏အထူးကို ဟောပြောအုံးမယ်၊ မှတ်ထားကြပေတော့။

ထမင်းချက်ရာ၌ ပွက်လာတဲ့အခါ မီးကိုသင့်ရုံကလေး ထိုးပေးထားရင် အိုးထဲတွင် ပွက်နေတယ် မဟုတ်လား။ အဲဒါလို သောကဒုက္ခကို မှတ်ရမယ်၊ ဒကာ-အောင်ရဲ့။

ထမင်းအိုးဆူပွက်နေတဲ့အခါ မီးကိုပြင်းပြင်း ထိုးပေးလိုက်လျှင် အပြင်သို့ လျှံထွက်ပြီးတော့ ဝေကျလာတယ် မဟုတ်လား၊ အဲဒါလို ပရိဒေဝ ဒုက္ခကို မှတ်ရမယ်။

ထမင်းအိုးကို မီးပြင်းပြင်း ထိုးခဲ့ပြီးတော့ အခြား ကိစ္စအတွက် သွား၍ မေ့နေတယ် ဆိုကြပါစို့၊ အဲဒီအခါ ထမင်းအိုးတခုလုံး ဆူပွက် လျှံထွက်ကုန်ပြီး အိုးထဲမှာကျန်နေတာကလဲ တူးခြစ်ကုန်တယ် မဟုတ်လား၊ အဲဒါလို ဥပါယာသ ဒုက္ခကို မှတ်ရမယ် ဒကာ-အောင်ရဲ့။

အပ္ပိယေဟိ၊ မချစ်မခင် မကြင်မနာ သတ္တဝါသင်္ခါရတို့နှင့်။ သမ္ပယောဂေါ၊ အတူတကွ ယှဉ်ရခြင်းသည်။ ဒုက္ခော၊ ဆင်းရဲလှချေတော့၏။

အဲဒါက မချစ်မနှစ်သက်တဲ့သူနှင့် အတူနေရတဲ့ဒုက္ခတဲ့ ဒကာ-အောင်ရဲ့။ အိမ်နီးနားချင်း မသင့်မတင့်လျှင် ဒီဒုက္ခကဖြင့် အမှန်တွေ့ရမှာပဲ၊မျက်နှာချင်းဆိုင် အိမ်ချင်းမသင့်လျှင် သာပြီးတော့ ဆင်းရဲရတယ်မဟုတ်လား ဒကာ-အောင်ရဲ့။

ပိယေဟိ၊ အပြစ်မမြင် အနှစ်ထင်၍ ချစ်ခင်စုံမက် နှစ်သက် ကြင်နာ သတ္တဝါသင်္ခါရတို့နှင့်။ဝိပ္ပယောဂေါ၊မလွဲမသာ အသဲနာအောင် ခွဲခွာကွေကွင်း နေရခြင်းသည်။ ဒုက္ခော၊ သောကပိုမို၍ အလိုမကျသဖြင့် အော်....ဆင်းရဲလှလေတော့သတည်း။

အဲဒါကတော့ ချစ်ခင်သူများနှင့် ခွဲခွာရတဲ့ ဒုက္ခတဲ့ ဒကာ-အောင်ရဲ့။အဲဒီ ဒုက္ခကဖြင့် မီးရထားဘူတာရုံတို့, သင်္ဘောဆိပ်တို့မှာ အလွန်ထင်ရှားပါတယ်။

ယံပိစ္စံ၊ အကြင် လိုချင်တောင့်တမှုကို။ န လဘတိ၊ မရ။ တမ္ပိ၊ ထိုလိုချင်တောင့်တမှုကို မရခြင်းသည်လည်း။ ဒုက္ခံ၊ ဆင်းရဲလှချေ၏။ သံခိတ္တေန၊ အကျဉ်းအားဖြင့်။ ပဉ္စုပါဒါနက္ခန္ဓာပိ၊ဥပါဒါနိတရားလေးပါးတို့၏အာရုံ စုပုံတင်ထားခန္ဓာငါးပါးတို့သည်လည်း။ ဒုက္ခာ၊ တေဘူမက ဘဝသုံးတန် သူ့နိုင်ငံမှို ကေန်ညှဉ်းဆဲ အတင်းဆွဲသည့် အော်....ဆင်းရဲအစု ဖြစ်ကြလေတော့သတည်း။

အဲ–ကိုယ်လိုချင်တာကို မရတာကလဲ ဒုက္ခပဲတဲ့ ဒကာ–အောင်ရဲ့။ "ခန္ဓာငါး၀၊ အချုပ်ပြ၊ ဒုက္ခသစ္စာတည်း"လို့ ဆိုတဲ့အတိုင်း ခန္ဓာငါးပါး ရုပ်,နာမ်တရားတွေဟာလဲ ဒုက္ခသစ္စာချည်းပဲတဲ့၊ "ငါးတကာယိုတဲ့ ချေးပုဇွန်ဆိုပ်ခေါင်းမှာစုတယ်"ဆိုတာလို အမျိုးမျိုးသော ဒုက္ခတွေဟာ ဟောဒီ ခန္ဓာငါးပါး ရုပ်,နာမ် တရားအပေါ်မှာ စုကျလာတယ် ဒကာ–အောင်ရဲ့။ ဘာ့ကြောင့်လဲဆိုရင်၊ ခန္ဓာ, ရုပ်, နာမ်မှကင်း၍ ဆင်းရဲဖြစ်စရာ မရှိတော့သောကြောင့် ဖြစ်ပေတယ်၊ ဟောဒီ ကဗျာကလေးကို နားထောင်ကြ။

### ဆောင်ပုဒ် ကဗျာ

ရုပ်,နာမ်မူရင်း–မကင်းဖြစ်ပြန်၊
ဆင်းရဲမျိုးမျိုး–ဖြစ်ရိုးအမှန်။
ထို့ကြောင့်ခေါ်ရိုး–နှစ်မျိုး ရုပ်,နာမ်၊
အချုပ်ပြ–ဒုက္ခသစ္စာမှန်။

---

### သမုဒယသစ္စာ အကျယ်

အဲဒီ ဒုက္ခတွေဟာ ဘာ့ကြောင့်ဖြစ်ရသလဲလို့ အကြောင်းကိုရှာပြန်တော့ ဒုက္ခတွေကို လိုချင်တဲ့ သမုဒယ သစ္စာကို တွေ့ရပြန်တယ် ကာ - အောင်ရဲ့၊ ဒါ့ကြောင့် ဒီ–သမုဒယသစ္စာကိုလဲ ဟောပြောရလိမ့်အုံးမယ်၊နားထောင်ကြ။

ထိုဒုက္ခစု၊ ထိုအမှုနှိုက်၊ ဂရုကတ၊ တသွံ့လဖြင့်၊ ရှရှည့်ည့်၊ တရံမပြတ်၊ ငါကောင်မှတ်လျက်၊ လူ,နတ်,သိကြား၊ ပုဂ္ဂိုလ်အားဖြင့်၊ ယောကျ်ားမိန်းမ၊ စွဲလမ်းကြ၍၊ တောင့်တချစ်ခင်၊ တမင်မင်တည့်၊ ငါ့လင်, ငါ့မယား၊ငါ့သား,ငါ့သမီး၊ငါ့နန်းထီးနှင့်၊ရွာမိုးဥစ္စာ၊မြို့ရွာ တိုင်းပြည်၊ အိမ်ရာဘည်လျက်၊ လောင်လည်မြူး ရှင်၊ ဆုံးမမြင်အောင်၊ လိုချင်မပြီး၊ မငြီးသာယာ၊လက္ခဏာဖြင့်၊များစွာရှက်ပုံ၊စေးပစ်ချုံသို့၊ အာရုံခြောက်ဖြာ၊တဏှာသုံးထပ်၊နှစ်ရပ်သန္တာန် သုံးတန်ကာလ၊မြောက်ထပွားလပ်၊ တရာ့ရှစ်ဟု၊ ဆိုးညစ်ယုတ်မာ၊ပျော်ဟတ်စွာသား၊တဏှာမည်ရှိ၊စပ်ယှဉ် ဘိဘိုင်း၊ မိမိသမျှ၊ မှချဆတ်ဆတ်၊မြဲမချတ်အောင်၊ အူပြတ်သည်းကြွေ၊

အသက်သေနှင့်၊ထွေထွေပြားပြား၊ထူးထူးအားဖြင့်၊ပျားလူးသန်လျက်၊
လျှာဖြင့်လျက်သို့၊အနက်လေးပါး၊ ထင်ရှားမြွက်ဟ၊ဟောဖော်ပြသည်၊
ဒုက္ခအနေ၊ဖြစ်စေတတ်ငြား၊ဤတရားကား၊မမှားသမုဒယသစ္စာတည်း။
(မဃဒေဝ လင်္ကာ)

အဲဒီ သမုဒယသစ္စာရဲ့ တရားကိုယ်ကတော့-လောဘစေတသိက်ဖြစ်တယ်၊ လောဘစေတသိက်ကို တရားကိုယ်ကောက်ရတယ် ဒကာ-အောင်ရဲ့။

ဟောဒီနေရာမှာ သမုဒယ,လောဘ,တဏှာ ဆိုတာတွေဟာ အခေါ် သာ ကွဲတယ်၊"အဖေညီနဲ့ ဘထွေး"ဆိုသလို သဘောမှာ တသားထဲပဲလို့ မှတ်ရမယ်။

သမုဒယဆိုတာက "သမုဒေတီတိ သမုဒယော၊ သမုဒေတိ ဧတေနာတိ သမုဒယော"လို့ ဆိုတဲ့အတိုင်း ဒုက္ခကို ဖြစ်စေတတ်သောကြောင့်၎င်း, ဒုက္ခ၏ ဖြစ်ကြောင်းဖြစ်သောကြောင့်၎င်း သမုဒယလို့ခေါ်တယ် ဒကာ-အောင်ရဲ့။

လောဘ ဆိုတာကတော့ "လုဗ္ဗတီတိ လောဘော"လို့ ဆိုတဲ့အတိုင်း လိုချင်တတ်သောကြောင့် လောဘလို့ခေါ်တယ်၊တဏှာဆိုတာကတော့ တပ်နှစ်သက်တတ်,ကြိုက်တတ်သောကြောင့် တဏှာလို့ခေါ်တယ်။ဒါတွေကိုပြောနေလို့ ကြာသွားလိမ့်မည်။ဟောဒီသမုဒယသစ္စာ၏ မူရင်းပါဠိတော်ကို နားထောင်ကြ။

ကတမဉ္စ ဘိက္ခဝေ ဒုက္ခ သမုဒယော အရိယသစ္စံ၊ ယာယံ တဏှာ ပေါနောဗ္ဘဝိကာ နန္ဒိရာဂ သဟဂတာ တတြ တတြာ ဘိနန္ဒိနီ။ သေယျထိဒံ၊ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ။
(သစ္စဝိဘင်း ပါဠိတော်)

ဘိက္ခဝေ၊ ဘဝနှစ်ဖြာ တွဲစပ်လာသည့် တဏှာကော်စေး ပြယ်ဖို့ရေးကို ကြံတွေးလေငြား ငါ၏ချစ်သား ရဟန်းများတို့။ဒုက္ခသမုဒယော၊ဒုက္ခကိုဖြစ်စေ တတ်သော။ အရိယသစ္စံ၊ အရိယသစ္စာသည်။ ကတမဉ္စ၊ အဘယ်နည်း။ ယာယံ တဏှာ၊ အကြင်တဏှာသည်။ ပေါနောဗ္ဘဝိကာ၊ တဖန်ဘဝသစ်ကို ဖြစ်စေတတ် ၏။ နန္ဒိရာဂ သဟဂတာ၊နန္ဒိရာဂနှင့်တကွဖြစ်၏။ တတြ တတြာဘိ နန္ဒိနီ၊ ထိုထို အာရုံဟူသမျှတို့၌ အလွန်နှစ်ခြိုက်၍ သိမ်းပိုက် ကပ်ငြိ၍နေ၏။ ဝါ၊ ထိုထိုအာရုံ ဟူသမျှတို့၌ မရပ်မနား စရိုက်အားဖြင့် လိုက်စားနှစ်သက် တပ်မက်၍နေလေ တော့သတည်း။

အဲ-တဏှာဆိုတဲ့တရားကို ခန္ဓာငါးပါး, လေးပါး,တပါး တည်းဟူသော ဘဝအသစ်-အသစ်ကို ဖြစ်စေတတ်တဲ့အတွက်"ပေါနောဗ္ဘဝိက"လို့ ခေါ်တယ် ဒကာ-အောင်ရဲ့။

ပီးတော့-"နန္ဒိရာဂ"လို့လဲ ခေါ်သေးတယ်၊ဟောဒီနေရာမှာ ခပ်ရင့်ရင့် ပုဂ္ဂိုလ်များအတွက် "နန္ဒိ" နှင့် "နန္ဒိရာဂ" အ ထူး ကို ဟော ပြ အုံး မယ်၊ နားထောင်ကြ။

နန္ဒီ ဆိုတာက-''တတ္ထ ကေသွိံ အာရမ္မဏေ သကိံ ဥပ္ပန္နာ တဏှာ နန္ဒီ'' လို့ အဋ္ဌသာလိနီ အဋ္ဌကထာ၌မိန့်ဆိုထားတဲ့အတိုင်း အာရုံတခုတည်း၌ တကြိမ်တခါဖြစ်တဲ့ တဏှာကို ''နန္ဒီ''လို့ခေါ်တယ် ဒကာ-အောင်ရဲ့။

နန္ဒီရာဂ ဆိုတာကတော့-''ပုနပ္ပုနံ ဥပ္ပဇ္ဇမာနာ နန္ဒီရာဂေါတိ ဝုစ္စတိ''လို့ ဆိုတဲ့အတိုင်း အဖန်ဖန်အထပ်ထပ်ဖြစ်တဲ့ တဏှာကို ''နန္ဒီရာဂ''လို့ ခေါ်တယ်။ အဲသလို နန္ဒီ နှင့် နန္ဒီရာဂအထူးကို မှတ်သားထားကြရမယ်။

ထိုထိုအာရုံတို့၌ အလွန်နှစ်သက်တတ်တဲ့ အတွက်ကြောင့်လည်း ''တတြ တတြာ ဘိနန္ဒိနီ''လို့ ခေါ်ပြန်တယ် ဒကာ-အောင်ရဲ့။

ဣဒံ သောတဏှာ၊ဤတဏှာသည်။သေယျထာ-ကတမာ၊အဘယ်နည်း။ ကာမတဏှာ၊ရူပါရုံအစ,ဖောဋ္ဌဗ္ဗာရုံအဆုံး တလောကလုံး၏အကြိုက်၊အမွေ့တိုက်တတ်တဲ့တရားမျိုး၀ယ် အားကိုး တွယ်ကပ်မှု သဘောဆိုတဲ့ ကာမတဏှာဒင်း။ ဘဝတဏှာ၊ ဖြေဖျောက်မှုမရ ဘဝအစဉ်, ဘုံအစဉ်ကို ခိုင်မြဲနှစ်သက် တပ်မက်တွယ်တာမှုသဘောဆိုတဲ့ ဘဝတဏှာဒင်း။ ဝိဘဝတဏှာ၊ အစမသတ် ဘဝပြတ်၌ တွယ်ကပ်မှုဆိုတဲ့ ဝိဘဝတဏှာဒင်း။ ဝါ၊ ''ဥစ္ဆိဇ္ဇတိ-ဝိနဿတိ-န ဟောတိ ပရံ မရဏာ''ဟု ဖန်ခါခါ အယူသည်းကြတဲ့ တိတ္ထိဆရာကြီးတို့၏ တွယ်ကပ်မှု သဘောတည်းဟူသော ဝိဘဝတဏှာဒင်း-တည်း။

အဲဒီ သမုဒယသစ္စာအရ တဏှာဆိုတာကလဲ ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာရယ်တဲ့ သုံးမျိုးရှိပြန်သတဲ့ ဒကာ-အောင်ရဲ့။

ကာမတဏှာဆိုတာက ''ပဉ္စသု ကာမဂုဏေသု ရာဂေါ ကာမတဏှာ နာမ''လို့ အဋ္ဌသာလိနီ အဋ္ဌကထာ၌ မိန့်ဆိုထားတဲ့အတိုင်း အာရုံငါးပါး ကာမဂုဏ်တရားတို့၌ တပ်နှစ်သက်တဲ့ တဏှာကို ဆိုတယ်။

ဘဝတဏှာ ဆိုတာက-''သဿတဒိဋ္ဌိ သဟဂတော ဟိ ရာဂေါ ဘဝတဏှာတိ ဝုစ္စတိ''လို့ ဆိုတဲ့အတိုင်း ထိုထို ဘုံဘဝတို့ကို မြဲတယ်လို့ အယူရှိတဲ့ သဿတဒိဋ္ဌိနှင့်တကွ ဖြစ်သော ရူပတဏှာ, အရူပတဏှာကို ဆိုသတဲ့ ဒကာ-အောင်ရဲ့။

ဝိဘဝတဏှာ ဆိုတာကတော့-''ဥစ္ဆေဒဒိဋ္ဌိ သဟဂတော ဟိ ရာဂေါ ဝိဘဝတဏှာ''လို့ ဆိုတဲ့အတိုင်း''သေလျှင်မြေကြီး''လို့ဆိုသကဲ့သို့ သတ္တဝါတွေဟာ သေလျှင် မြေကြီး ဖြစ်သွားတာပဲ၊ ပြတ်တာပဲလို့ ဘုံဘဝကို ပြတ်တယ်လို့ အယူရှိတဲ့ ဥစ္ဆေဒဒိဋ္ဌိနှင့်တကွဖြစ်သော တဏှာကိုဆိုတယ်။ဘဝပြတ်တယ်လို့ယူတဲ့ ''ဥစ္ဆေဒဒိဋ္ဌိ''အယူကို နှစ်သက်တာပဲလို့ ဆိုလိုတယ်။

## တဏှာ့ သတ္တိ

၁။ ဆင်းရဲများစွာ၊ ထူထောင်လာ၊ တဏှာသတ္တိပေ။

၂။ တဏှာခိုင်းက၊ မဆိုင်းတွ၊ ပြုကြရသည်ပေ။

အဲ-အနမတဂ္ဂ သံသရာတခွင်မှာ လူ, နတ်, ဗြဟ္မာ စတဲ့ သတ္တဝါတွေ ကျင်လည်ရ ဖြစ်ရတာနှင့် ဆင်းရဲမှုအစုစုတွေဟာ ဒီ-တဏှာလက်ချက်ချည်းပဲလို့ မှတ်ရမယ်။

အဲဒီတဏှာက ခိုင်းလိုက်ပြန်ရင်လဲ ဘာကိုမဆို ပြုလုပ်ကြတော့တာပဲတဲ့ ဒကာ-အောင်ရဲ။ ဇာတ်တော်များမှာ အလွန်ထင်ရှားပါတယ်၊ ဗာရာဏသီပြည်၌ အဿကမင်းကြီးဆိုတာလဲ ဒီ-တဏှာ ခိုင်းတဲ့အတွက် မီးပုံထဲသို့ ခုန်ဆင်းခဲ့တယ် မဟုတ်လား။

အလောင်းတော် မဟာပဒုမ မင်းသားဆိုတာလဲ ဒီ-တဏှာကခိုင်းလို့ သူ၏ လက်ျာဒူးခေါင်းသွေးကို ဖောက်ပြီးတော့ တိုက်တယ်ဆို မဟုတ်လား။

ထို့ကြောင့် နိုင်ငံကျော် မာန်လည် ဆရာတော်ကြီးက....

ထိုမှအစ၊ ပုရိသတ္တိ၊ မိန်းမအာရုံ၊ တွေ့ကြိုက်ကြုံသော်၊ ရာဂမ္မတ္တက၊ သတိပဈ္ဈ၊ မောဟမှုန်တက်၊ ဆားနှယ်လျက်မျှ၊ ထန်းလျက်, သကြား၊ သကာများနှင့်၊ ချိုပျားသဏ္ဌာန်၊ သာယာဟန်ဖြင့်၊ ဉာဏ်သက်သက်မဲ့၊ နွား၏ ကဲ့သို့၊ လာခဲ့-သွားလေ၊ မိန်းမစေတိုင်း၊ သေဆို-သေထ၊ လိုက်ကုန်ကြ၏။ လို့ မိန့်ဆိုထားပါတယ်။

အင်း....ဟိုဘက်က ဒကာကြီးက ခေါင်းမော့ကြည့်တယ်၊ တရားဟော ဘုန်းကြီးက သူတို့ဘက်များ ဦးလှည့်လာပြန်ပြီ ထင်လို့လား မသိဘူး၊ ဒကာကြီးတို့ကို ပြောတာမဟုတ်ပါဘူး၊ တဏှာ၏သဘာဝကို ဟောပြနေတာပါ။

## တဏှာအစွမ်းပြ ကဗျာ

တဏှာကန့်ျူး-ပလူးလေတာ၊
ချစ်ယောင်ဆောင်လဲ-သူပဲမှန်စွာ။
ကြည့်သာချော့လို့-ချိုပျော့စေရာ၊
တဏှာပဲ-အမြဲစေခိုင်းတာ။

အဲ တဏှာကန့်ျူးပြီးတော့ ပလူးလိုက်ပြန်ရင်လဲ ပုထုဇဉ်တို့ရဲ့သဘောဟာ နူးကျသွားတော့တာပဲတဲ့ ဒကာ-အောင်ရဲ။ ပြီးတော့-တဏှာက ချော့လိုက်ပြန်ရင်လဲ ပျော့သွားတာပဲတဲ့။ ကိုင်း....ဒီနေရာမှာ တဏှာချော့လို့ ပျော့ပုံကလေးကို ဟောပြလိုက်ချအုံးမယ်၊ နားထောင်ကြ။

## ကွမ်းထမ်းသမား ဝတ္ထု

ရှေးအခါက ကွမ်းထမ်းသမားတယောက်ရှိသတဲ့ ဒကာ-အောင်ရဲ့။

အင်း....ဟိုဘက်က ဒကာများက တို့-ကိုရိပ်ပြန်ပြီလို့ ထင်ကြမလားမသိဘူး၊ မရိပ်ပါဘူးနော်။ အဲဒီ ကွမ်းထမ်းသမားယောကျ်ားဟာ အလွန်ဝေးကွာသောအရပ်ဆီသို့ သွားပြီးတော့ ကွမ်းထမ်းရသတဲ့ ဒကာ-အောင်ရဲ့။

တခုသောအခေါက်မှာ ခရီးကလဲ အလွန်ကွာလေတော့ ခြေကုန်လှုပန်းဖြစ်ပြီး အတူလာတဲ့အဖော်တွေကို မှီအောင် မလိုက်နိုင်တော့တဲ့အတွက် အိမ်ကမိန်းမကို လာကြိုဖို့ရန် မှာလိုက်သတဲ့။ အိမ်ကမိန်းမကလဲ လာမကြိုပေဘူးတဲ့။ ဒီတော့-ကွမ်းထမ်းသမားယောကျ်ားဟာ လွန်စွာဒေါသထတာပေါ့။ ဒီမိန်းမဟာ တခါတလေကလေးမျှ ငါ့ကို ကူဖော်-ကူဘက် မရဘူး၊ ဒီတခါ မှတ်လောက်အောင် ရိုက်မဟဲ့လို့ဆိုပြီး ဝါးလုံးတိုကြီးကို ကောက်လာသတဲ့ ဒကာ-အောင်ရဲ့။

အဲသလိုဝါးလုံးတိုကြီးကိုကောက်ကာတဖြည်းဖြည်းလာခဲ့လေရာ အိမ်သို့ရောက်ပါရောတဲ့ ဒကာ-အောင်ရေ။ အဲဒီအခါ အိမ်ကမယားကလဲ လင်သားယောကျ်ား၏ အရိပ်အခြေကို သိပြီးဖြစ်တော့ မိန်းမတို့၏ဗရိယာယ် မာယာအတိုင်း....

"ဟော....မောမောပန်းပန်းနှင့် မောင်-ရောက်လာတဲ့အခါစားသောက်ဖို့ စီမံနေလိုက်တာနဲ့ နောက်ကျသွားတယ်၊ အခုလာကြိုမလို့လုပ်တုန်း မောင်ကရောက်လာလိုက်တာ"ဟု မျက်နှာကလေးကို ခပ်ပြုံးပြုံးထားပြီးတော့....

"ဟို - ဒီဝါးလုံးကြီးက ဘာလုပ်မလို့လဲ၊ မောင်နှယ် လေးကာ-လေးနဲ့ ယူလာလိုက်တာ"ဟု ပြောပြောဆိုဆိုနဲ့ အိမ်ပေါ်ကဆင်းပြီး ကူညီလေတော့ ကွမ်းထမ်းသမားငနဲမှာ ရိုက်ရန်စိတ်တွေ ပြေပျောက်ကာ ပျော့သွားပြီးတော့-

"ဟို-နင် မသိပါဘူးဟာ၊ ကျပ်ခိုးစင် ပြင်မလို့"ဟု ပြောသတဲ့ ဒကာ-အောင်ရဲ့။ ကြည့်လေ....ဘယ်လောက်များ အစွမ်းကောင်းတဲ့တဏှာတုံးဆို၊အဲဒါကြောင့် တဏှာအစွမ်းပြ ကဗျာကလေးကို ရွတ်ဆိုပြလိုက်ရပါတယ်။

## မဂ္ဂသစ္စာအကျယ်နှင့်တကွ မဂ္ဂင်ရှစ်ပါး ဝိပဿနာ အလုပ်များ

အဲ-ယခုဟောခဲ့တဲ့အတိုင်း သမုဒယသစ္စာ တဏှာရဲ့အကြောင်းကိုတော့ ကောင်းကောင်းကြီး သိကြရပြီ မဟုတ်လား ဒကာ-အောင်ရဲ့။ ဒီတော့ အဲဒီ သမုဒယ သစ္စာတဏှာကို ရှုမုန်းပြီး အသဲနာဖို့ကောင်းတယ်။ ဒီ-သမုဒယသစ္စာ တဏှာဟာ အနမတဂ္ဂ သံသရာတခွင်မှာ အရှက်ကွဲအောင်, ဆင်းရဲအောင် အချိုးမျိုးပြုလုပ်ဘဘ်ဘယ်ဘဲ့၊ ဒီ-သမုဒယသစ္စာ တဏှာကို ရှုမုန်းပြီး အသဲနာ လာလျှင် သူ့ကိုသတ်ဖြတ်နိုင်ဘဲ့ လက်နက်ကောင်းကို ရှာရလိမ့်မယ်။

အဲဒီ သမုဒယသစ္စာတဏှာကို သတ်ဖြတ်နိုင်တဲ့ လက်နက်ကောင်း က တော့ ဟောဒီ မဂ္ဂသစ္စာခေါ်တဲ့ မဂ္ဂင်ရှစ်ပါး ဝိပဿနာအလုပ်များပင်ဖြစ်တယ် ဒကာ-အောင်ရဲ့။

ဒါ့ကြောင့် ဒီ-မဂ္ဂသစ္စာခေါ်တဲ့ မဂ္ဂင်ရှစ်ပါး ဝိပဿနာအလုပ်များကို တရားသား အနေအားဖြင့် ပဓာနထား၍ ဟောကြားရလိမ့်မယ်။ မဂ္ဂသစ္စာ ရောက်လာပြီ နားထောင်ကြ။

> ယထာဘူတ၊ ရှင်စောပြသား၊ ဒုက္ခ-သမုဒယ၊ နိရောဓက၊ စသည့်လက္ခဏာ၊ သိတတ်စွာတည့်၊ သမ္မာဒိဋ္ဌိ၊ သိသည်အရ၊ နိရောဓက၊ တောင့်တမျှော်ရေး၊ တရေးရေးဖြင့်၊ ကြံတွေးလက္ခဏာ၊ ထင်တတ်စွာတည့်၊ သမ္မာသင်္ကပ္ပ၊ စိတ်ကဆိုးယုတ်၊ ဝစီနှုတ်မိုက်၊ ဒုစရိုက်ကို၊ မကြိုက်ပယ်ခွာ၊ ကြဉ်တတ်စွာတည့်၊ သမ္မာဝါစာ၊ ကာယဒုစ္စရိ၊ ဝိရမိကို၊ ကြဉ်ဘိသည်မှာ၊ သမ္မာ-ကမ္မန္တ၊ ကာယ-ဝစီ၊ နှစ်လီဒုစရိုက်၊ ထိုအမိုက်ကို၊ ကိုယ်၌တခု၊ သက်မွေးမှုကြောင့်၊ မပြုကြဉ်ခွာ၊ သမ္မာအာဇီဝ၊ နိရောဓခွင်၊ ရောက်ချင်ကြပ်ကြပ်၊ ပယ်အပ်ပယ်ရှား၊ ပွားအပ်ပွား၍၊ အားထုတ်တတ်စွာ၊ သမ္မာဝါယာမ၊ နိရောဓတတ်၊ တရားမြတ်ကို၊ မပြတ်မချွေ၊ တစေ့စေ့ဖြင့်၊ အောက်မေ့သည်မှာ၊ သမ္မာသတိ၊ နိဝရဏကင်း၊ ကိလေရှင်း၍၊ ယင်းသည့်အမြတ်၊ နိရောဓတတ်၌၊ သက်လတ် အပ္ပနာ၊ တည်ကြည်စွာသည်၊ သမ္မာသမာဓိ၊ မည်ရှိထင်ရှား၊ ဤရှစ်ပါးကား၊ မမှား မဂ္ဂသစ္စာတည်း။
>
> (မဃဒေဝ လင်္ကာ)

အဲ-ဒီ မဂ္ဂသစ္စာအရကိုတော့ "မဂ္ဂေါ လောကုတ္တရော မတော" လို့ဆိုတဲ့ အတိုင်း လောကုတ္တရာ မဂ်စိတ်လေးခု၌ရှိတဲ့ မဂ္ဂင်တရားကိုယ်ရှစ်ပါးကို ကောက် ယူကြတယ် ဒကာ-အောင်ရဲ့။ အဲတာက လောကုတ္တရာမဂ္ဂင်-လို့ တသီးတခြား မှတ်ထားကြရမယ်၊ ရှုပ်မသွားစေကြနဲ့။

မဂ္ဂင်ဆိုတိုင်း လောကုတ္တရာချည်း မဟုတ်ဘူးနော်၊ တို့-ဒကာ-အောင်တို့ ကြိုးစားအားထုတ်နေတာဟာ မဂ္ဂသစ္စာခေါ်တဲ့ မဂ္ဂင်ရှစ်ပါး ဝိပဿနာအလုပ် များ မဟုတ်ပေဘူးလား။ အဲဒီ မဂ္ဂင်ရှစ်ပါးကတော့ လောကီမဂ္ဂင် ဖြစ်တယ် ဒကာ-အောင်ရဲ့။ ရှင်းရှင်း မှတ်ထားကြနော်၊ လောကီမဂ္ဂင်ကို ဟောတော်မူခဲ့ ကြောင်းမှာလည်း....

သမ္မာသမ္ဗုဒ္ဓေန ဟိ သုတ္တန္တဘာဇနီယသ္မိံဉ္စ လောကိယ လောကုတ္တ ရာနိ မဂ္ဂင်္ဂါနိ ကထိတာနိ၊ အဘိဓမ္မ ဘာဇနီယေ ပန ပဥ္စ ပုစ္ဆကေစ လောကုတ္တရာနေဝ။

ဟု အဲသလို သမ္မောဟ ဝိနောဒနီ အဋ္ဌကထာ မဂ္ဂဝိဘင်းအဖွင့်၌ မိန့်ဆို ထားပါတယ်။

ကိုင်း ...မဂ္ဂသစ္စာအရ မူရင်းပါဠိတော်ကို နာထောင်လိုက်ကြ။ ကတမဉ္စ ဘိက္ခဝေ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ၊ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ၊ သေယျထိဒံ-သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။ (သစ္စဝိဘင်း)

•အဲဒီ ပါဠိတော်နှင့်အညီ ဒုက္ခ၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ကောင်းဆိုသည်မှာ၊ ဒီ မဂ္ဂသစ္စာခေါ်တဲ့ မဂ္ဂင်ရှစ်ပါး ဝိပဿနာအလုပ် များပင် ဖြစ်ပါတယ်။

အဲဒီ မဂ္ဂင်ရှစ်ပါးကို လောကီမဂ္ဂင်အားဖြင့် ဟောကြားမယ်။

၁။ သမ္မာဒိဋ္ဌိ-ဆိုတာက အမှန်အကန်ကို သိမြင်မှုဖြစ်တယ်။ တရားကိုယ် အရ ပညာစေတသိက်ကို ကောက်ရတယ်။

၂။ သမ္မာသင်္ကပ္ပ-ဆိုတာကကောင်းမြတ်မှန်ကန်တာကိုကြံစည်စဉ်းစား မှု ဖြစ်တယ်။ တရားကိုယ်မှာ ဝိတက်စေတသိက်ကိုကောက်ရတယ်။

၃။ သမ္မာဝါစာ-ဆိုတာက ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်ပြီးလျှင် နှုတ်က ကောင်းမြတ် မှန်ကန်တာကို ပြောဆိုမှုဖြစ်တယ်။ တရား ကိုယ်မှာ သူ့အတိုင်းဖြစ်ပါတယ်။

၄။ သမ္မာကမ္မန္တ-ဆိုတာက ကာယဒုစရိုက် သုံးပါးမှ ရှောင်ကြဉ်ပြီး လျှင် ကိုယ်က ကောင်းမြတ်မှန်ကန်တာကို လုပ်ကိုင်မှုဖြစ်တယ်။

၅။ သမ္မာအာဇီဝ-ဆိုတာက ကာယဒုစရိုက်သုံးပါး, ဝစီဒုစရိုက်လေး ပါးမှ ရှောင်ကြဉ်ပြီးလျှင် အပြစ်လွတ်တဲ့ မှန်ကန်တဲ့ အသက်မွေးမှု ဖြစ်တယ်။

ခေတ်—၂၅၊ (ဒုတိယအကြိမ်)

၆။ သမ္မာဝါယာမ-ဆိုတာက တရားထူး, တရားမြတ်, တရားမှန်ကို ရဖို့ရန် ကြိုးစားအားထုတ်မှုကို ဆိုတယ်၊ တရားကိုယ်မှာ • ဝီရိယ စေတသိက်ကို ကောက်ရတယ်။

၇။ သမ္မာသတိ-ဆိုတာက ကောင်းမြတ် မှန်ကန်တဲ့ တရားကို ထင်မြင် အောင် သတိပြုမှုဖြစ်တယ်၊သတိစေတသိက်ကိုအရကောက်ရမယ်။

၈။ သမ္မာသမာဓိ-ဆိုတာက မှန်ကန်တဲ့တရားကို သတိပြု၍ ရှုနေမှုမှာ စိတ်တည်နေတာဖြစ်တယ်၊ ဧကဂ္ဂတာ စေတသိက်ကို တရားကိုယ် ကောက်ရမယ်။

အဲဒီ ရှစ်ပါးဟာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းလို့ ခေါ်တဲ့ မဂ္ဂသစ္စာ၊မဂ္ဂင်ရှစ်ပါး ဝိပဿနာ့အလုပ်များဖြစ်တယ် ဒကာ အောင်ရဲ။အဲဒါဟာ လောကီမဂ္ဂင်တွေချည်းပဲဖြစ်တယ် ဒကာ-အောင်ရဲ။

အဲ-ယခု ဟောလိုက်တဲ့ မဂ္ဂင်ရှစ်ပါးဟာ မြတ်စွာဘုရား ကိုယ်တော် မြတ်ကြီးက "ဒေသနာက္ကမ" အားဖြင့် အကျယ်ဟောကြားတော် မူထားတာ ဖြစ်တယ်။ ပဋိပတ္တိက္ကမ-အရ အကျဉ်းအားဖြင့်တော့ သုံးပါးပဲရှိတယ် ဒကာ-အောင်ရဲ။ဟောဒီမှာ အကျဉ်းချုံး၍ ပဋိပတ္တိက္ကမ-အားဖြင့် ဟောပြတော်မူထား သော ပါဠိတော်ကို နားထောင်ကြ။

၁။ ယာစာဝုသော ဝိသာခ သမ္မာဝါစာ၊ ယောစ သမ္မာကမ္မန္တော၊ ယောစ သမ္မာအာဇီဝေါ၊ ဣမေ ဓမ္မာ သီလက္ခန္ဓေ သင်္ဂဟိတာ။

၂။ ယောစ သမ္မာဝါယာမော၊ ယာစ သမ္မာသတိ၊ ယောစ သမ္မာ သမာဓိ၊ ဣမေ ဓမ္မာ သမာဓိက္ခန္ဓေ သင်္ဂဟိတာ။

၃။ ယာစ သမ္မာဒိဋ္ဌိ၊ယောစ သမ္မာသင်္ကပ္ပော၊ဣမေ ဓမ္မာ ပညာက္ခန္ဓေ သင်္ဂဟိတာ။

(မူလပဏ္ဏာသ ပါဠိတော်၊စူဠဝေဒလ္လသုတ်)

အဲဒီ ပါဠိတော်နှင့်အညီ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ-ဆိုတဲ့ မဂ္ဂင်သုံးပါးကို သီလအရာဖြစ်သောကြောင့် သီလမဂ္ဂင်-လို့ မှတ်ရမယ် ဒကာ-အောင်ရဲ။ ဒါကို သီလသိက္ခာလို့လဲ ခေါ်တယ်။

သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ-ဆိုတဲ့ မဂ္ဂင်သုံးပါးကိုတော့ သမာဓိအရာဖြစ်သောကြောင့် သမာဓိမဂ္ဂင်လို့ မှတ်ရမယ်။ဒါကို သမာဓိသိက္ခာ လို့လဲ ခေါ်တယ် ဒကာ-အောင်ရဲ။

သမ္မာဒိဋ္ဌိနှင့် သမ္မာသင်္ကပ္ပ မဂ္ဂင်နှစ်ပါးကိုတော့ ပညာအရာ ဖြစ်သော ကြောင့် ပညာမဂ္ဂင်လို့ မှတ်ရမယ်။ ဒါကို ပညာသိက္ခာ လို့လဲ ခေါ်တယ် ဒကာ–အောင်ရဲ့။

ဝိပဿနာရှုနေတဲ့ ယောဂီပုဂ္ဂိုလ်ဟာ ဒီ-သီလ,သမာဓိ,ပညာဆိုတဲ့ မဂ္ဂင် သုံးပါး၊ သိက္ခာသုံးပါး တပြိုင်နက် ပြည့်စုံလျက်နေပါတယ်။

ထို့ကြောင့် ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌....

ယော တတ္ထ သံဝရဋ္ဌော၊ အယံ အဓိသီလသိက္ခာ၊ ယော တတ္ထ အဝိက္ခေပဋ္ဌော အယံ အဓိစိတ္တသိက္ခာ၊ ယော တတ္ထ ဒဿနဋ္ဌော၊ အယံ အဓိပညာသိက္ခာ။

လို့ ဟောတော်မူထားပါတယ်။

တတ္ထ၊ ထို ဝိပဿနာ ရှုနေဆဲ၌။ ယော သံဝရဋ္ဌော၊ အကြင် ကိုယ်နှင့် နှုတ်ကို လုံခြုံအောင် စောင့်စည်းခြင်းသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤကိုယ်နှင့်နှုတ်ကို လုံခြုံအောင် စောင့်စည်းခြင်းသည်။ အဓိသီလသိက္ခာ၊ အဓိသီလသိက္ခာ မည်၏။

အဲ-ဝိပဿနာရှုနေဆဲမှာ ကိုယ်နှင့်နှုတ်က မလွန်ကျူးခြင်းသည် သီလ သိက္ခာနှင့် ပြည့်စုံနေတာပဲတဲ့ ဒကာ အောင်ရဲ့။

ဝိပဿနာအာရုံအပေါ်မှာ စိတ်တည်နေတာကတော့ သမာဓိသိက္ခာနှင့် ပြည့်စုံနေတာပဲဘဲ့။ အဲသလို ဝိပဿနာ အာရုံအပေါ်မှာ စိတ်တည်နေတဲ့အခါ ''သမာဟိတော ယထာဘူတံ ပဇာနာတိ''လို့ ဟောတော်မူတဲ့အတိုင်း ရုပ်,နာမ် ဓမ္မတို့ကို အမှန်အတိုင်း သိမြင်ရတာကတော့ ပညာသိက္ခာနှင့် ပြည့်စုံနေတာ ပါပဲတဲ့ ဒကာ–အောင်ရဲ့။

အဲသလို ဝိပဿနာရှုနေတဲ့ ယောဂီပုဂ္ဂိုလ်မှာ လောကီ သမ္မာခေါ်တဲ့ လောကီမဂ္ဂင် ရှစ်ပါး၊ မဂ္ဂ သုံးပါး၊ သိက္ခာ သုံးပါး၊ သမထ·ဝိပဿနာ နှစ်ပါး တို့နှင့် ပြည့်စုံလျက်နေတာပဲလို့ မှတ်ရမယ် ဒကာ–အောင်ရဲ့။

အင်း....တရားဟောဓမ္မကထိက အရှင်မြတ်များက အဘိဓမ္မာ ဝိပဿနာ တရားကို ရယ်ရွှင်စရာမပါပဲနဲ့ တရားသားကျကျကလေး ဟောပြောနေလျှင် တချို့က ဆာပ်ခနဲ-ဆပ်ခနဲနှင့် လူစင်စစ်က ပုတ်သင်ညိုတွေဖြစ်ကုန်ပါရော ဒကာ–အောင်ရဲ့။ ဘိုင်စကုတ်·ရုပ်ရှင်တို့, ဇာတ်ပွဲ,အငြိမ့်ပွဲတို့ဆိုရင် ညဦးနက်သန်းခေါင် ကျအောင် ငိုက်တယ်လို့မရှိကြဘူးတဲ့ ဒကာ–အောင်ရဲ့။

တချို့ ဒကာမတွေက တို့-ကိုစောင်းပြီး ဟောနေတယ်လို့များ ထင်ကြ မလားမသိဘူး၊ ဘယ်သူ့ကိုမှ မစောင်းပါဘူး၊ အခုတွေ့ကြုံနေရတဲ့ ခေတ်ကြီးရဲ့ အပေါ်ကိုသာ မမှိခင်ွာန်သဘောနဲ့ ဟောပြောနေတာပါ၊ဟောဒီမှာ ခေတ်ကြီး ရဲ့အကြောင်းကို သတိပေးထားတဲ့ ကဗျာကလေးနှစ်ပုဒ်ကို နားထောင်ကြ။

### ဤခေတ်ကြီးအကြောင်း ကဗျာ

(၁) ရုပ်ရှင်, ဇာတ်ပွဲ-မဲမဲမှောင်မှောင်၊
သူထက်,ငါသွား-ရွှေနားရောက်အောင်။
မကြောက်,မရှက်-မျက်ခွက်ပြောင်ပြောင်၊
သန်းခေါင်ချဉ်း-အလင်းမငိုက်ပေါင်။

(၂) ဉပုသ်စောင့်သွား-တရားနာသော်၊
ဘိတ်ဆုံးနောက်နား-ထောင့်ကြားကမြော်။
မျက်တောင်စင်းလို့-ငိုက်ရင်းအိပ်ပျော်၊
ဤခေတ်ကြီး-အပြီးမှတ်ကြနော်။

ကိုင်း....ဟောဒီနေရာမှာ ဝိပဿနာလုပ်ငန်းများကို တရားသားအနေနှင့် ဟောကြားတော့မယ်၊ မှတ်ပြီး နားထောင်ကြပေတော့၊ လိုက်ဆိုလျှင် သာ၍ ကောင်းတယ် ဒကာ-အောင်ရဲ့။

### ဝိပဿနာ အလုပ်ပေး လက်ာများ
### (ဝိပဿနာရှုပုံနှင့် ရုပ်,နာမ် မြင်ပုံ)

၁။ (က) ထွက်လေတိုးမှု၊ သတိပြု၊ အသိကပ်၍ရှု။
(ခ) ထွက်လေတိုးရာ၊ ငါမပါ၊ နှစ်ဖြာ ရုပ်,နာမ်စု။

၂။ (က) ဝင်လေတိုးမှု၊ သတိပြု၊ အသိကပ်၍ရှု။
(ခ) ဝင်လေတိုးရာ၊ ငါမပါ၊ နှစ်ဖြာ ရုပ်,နာမ်စု။

၃။ (က) နာကျင်ခိုက်မှု၊ သတိပြု၊ အသိကပ်၍ရှု။
(ခ) နာကျင်ခိုက်မှာ၊ ငါမပါ၊ နှစ်ဖြာ ရုပ်,နာမ်စု။

၄။ (က) ကိုက်ခဲခိုက်မှု၊ သတိပြု၊ အသိကပ်၍ရှု။
(ခ) ကိုက်ခဲခိုက်မှာ၊ ငါမပါ၊ နှစ်ဖြာ ရုပ်,နာမ်စု။

၅။ (က) ပူ-အေးခိုက်မှု၊ သတိပြု၊ အသိကပ်၍ရှု။
(ခ) ပူ-အေးခိုက်မှာ၊ ငါမပါ၊ နှစ်ဖြာ ရုပ်,နာမ်စု။

၆။ (က) ဘယ်ခြေထိမှု၊ သတိပြု၊ အသိကပ်၍ရှု။
(ခ) ဘယ်ခြေထိရာ၊ ငါမပါ၊ နှစ်ဖြာ ရုပ်,နာမ်စု။

၇။ (က) ညာခြေထိမှု၊ သတိပြု၊ အသိကပ်၍ရှု။
(ခ) ညာခြေထိရာ၊ ငါမပါ၊ နှစ်ဖြာ ရုပ်,နာမ်စု။

၈။ (က) မြင်ဆဲခိုက်မှု၊ သတိပြု၊ အသိကပ်၍ရှု။
(ခ) မြင်ဆဲခိုက်မှာ၊ ငါမပါ၊ နှစ်ဖြာ ရုပ်,နာမ်စု။

၉။ (က) ကြားဆဲခိုက်မှု၊ သတိပြု၊ အသိကပ်၍ရှု။
(ခ) ကြားဆဲခိုက်မှာ၊ ငါမပါ၊ နှစ်ဖြာ ရုပ်,နာမ်စု။
၁၀။ (က) နံဆဲခိုက်မှု၊ သတိပြု၊ အသိကပ်၍ရှု။
(ခ) နံဆဲခိုက်မှာ၊ ငါမပါ၊ နှစ်ဖြာ ရုပ်,နာမ်စု။
၁၁။ (က စားဆဲခိုက်မှု၊ သတိပြု၊ အသိကပ်၍ရှု။
(ခ) စားဆဲခိုက်မှာ၊ ငါမပါ၊ နှစ်ဖြာ ရုပ်,နာမ်စု။
၁၂။ (က) ထိဆဲခိုက်မှု၊ သတိပြု၊ အသိကပ်၍ရှု။
(ခ) ထိဆဲခိုက်မှာ၊ ငါမပါ၊ နှစ်ဖြာ ရုပ်,နာမ်စု။
၁၃။ (က) ကြံဆဲခိုက်မှု၊ သတိပြု၊ အသိကပ်၍ရှု။
(ခ) ကြံဆဲခိုက်မှာ၊ ငါမပါ၊ နှစ်ဖြာ ရုပ်,နာမ်စု။
၁၄။ (က) ပေး-လှူခိုက်မှု၊ သတိပြု၊ အသိကပ်၍ရှု။
(ခ) ပေး-လှူခိုက်မှာ၊ ငါမပါ၊ နှစ်ဖြာ ရုပ်,နာမ်စု။
၁၅။ (က) လုပ်ကိုင်ခိုက်မှု၊ သတိပြု၊ အသိကပ်၍ရှု။
(ခ) လုပ်ကိုင်ခိုက်မှာ၊ ငါမပါ၊ နှစ်ဖြာ ရုပ်,နာမ်စု။

(ဝိပဿနာရှုပုံနှင့် ရုပ်-နာမ်မြင်ပုံလင်္ကာ ပြီး၏။)

အဲ-ယခု ချပေးလိုက်သော လင်္ကာများအတိုင်း ဝိပဿနာရှုရမယ် ဒကာ-အောင်ရဲ့။ အဲသလို ဝိပဿနာရှု၍ မဂ်,ဖိုလ် ပေါက်ရောက်မှသာလျှင် မရဏာသေမင်း သူ့ခံတွင်းမှ ချောင်ကွင်း လွတ် မြောက်နိုင် တယ်တဲ့ ဒကာ-အောင်ရဲ့။ ဒါကြောင့်....

သမထ-ဝိပဿနာ၊ ယင်းနှစ်ဖြာကို၊ လက်မှာတိတိ၊ ဆုပ်ကိုင်မိမှ၊ များဘိ ဝေနေယျာ၊ သတ္တဝါတို့၊ မရဏာသေမင်း၊ သူ့ခံတွင်းမှ၊ ချောင်ကွင်း လွတ်မြောက်၊ အောင်ပွဲရောက်လိမ့်မည်သာတည်း။

အဲ-ဝိပဿနာဆိုတာဟာ ခန္ဓာငါးပါးတည်းဟူသော ရုပ်,နာမ်,ပရမတ် အာရုံအပေါ်ကို ရှုမှတ်ပွားများတဲ့အလုပ်ဖြစ်တယ် ဒကာ-အောင်ရဲ့။

## ဆောင်ပုဒ် လင်္ကာ

ရုပ်,နာမ်အပေါ်၊ ရှုမှတ်သော်၊ မှတ်နော် ဝိပဿနာတည်း။

အဲဒါကြောင့် ဝိပဿနာ ယောဂီပုဂ္ဂိုလ်တို့သည် ရုပ်ဓာတ်ကို ဖြစ်စေ, နာမ်ဓာတ်ကို ဖြစ်စေ သတိပြု၍ အသိကပ်ပြီးတော့ ရှုနေ, သိနေ ကြရမယ်၊ ဟောဒီနေရာမှာ ဝိပဿနာရှုပုံကို အမြွက်မျှ နယဒဿနအားဖြင့် ဟောပြမယ်၊ နားထောင်ကြ။

ယောဂီသည် ရှေးဦးစွာ ငါးပါးသီလကို ဖြစ်စေ, ရှစ်ပါးသီလကို ဖြစ်စေ ခံယူဆောက်တည်ရမယ်၊ပြီးလျှင် သရဏဂုံကိုးပုဒ်ဖြင့်စည်းချ၍ ဝိပဿနာတရားကို အားထုတ်ရမယ်။

အားထုတ်ပုံမှာ - ယောဂီသည် ယောကျ်ားဖြစ်လျှင် တင်ပလ္လင်ခွေထိုင်၊ မိန်းမဖြစ်လျှင် ကျုံ့ကျုံ့ထိုင်၊ လက်ကို ရှေ့တွင် လက်ဖဝါးချင်းထပ်၍ထား၊ ခါးကို ဖြောင့်မတ်စွာထား၍ ထိုင်ပါ၊ မျက်စိကို မှိတ်၍ စိတ်ကို နှာသီးဖျား (နှာခေါင်းဖူ)၌ စူးစိုက်နေရမယ်၊ ထွက်လေ ထွက်လျှင် နှာသီးဖျား၌ တိုးထိ၍ ထွက်သွားလိမ့်မယ်၊ ဝင်လေ ဝင်လျှင်လဲ နှာသီးဖျား၌ တိုးထိ၍ပင်ဝင်သွားလိမ့်မယ်၊အဲဒီနေရာမှာ ထွက်လေ,ဝင်လေ ဟူသောနာမည်သည် နာမပညတ်၊ငင်းကို ဝိပဿနာမရှုရ၊ ထွက်လေ,ဝင်လေ သဏ္ဌာန်သည်လည်း သဏ္ဌာနပညတ်၊ငင်းကိုလည်း ဝိပဿနာမရှုရ၊ တိုးထိမှုဟူသောနာမည်သည်လည်း နာမပညတ်၊ငင်းကိုလည်း ဝိပဿနာမရှုရပေ။

နှာသီးဖျား၌ တိုးထိမှု သဘောမျှကလေးသည်သာ ဖောဋ္ဌဗ္ဗ ရုပ်ဓာတ်ဖြစ်တယ်,ပရမတ်ဖြစ်တယ်၊ ငင်းကိုသာ ဝိပဿနာရှုရမယ်၊ ရှုပုံမှာ-နှာသီးဖျား၌ ထွက်လေတိုးထိတဲ့အခါ တိုးထိမှုသဘောကို အသိကပ်၍ သိ-ဟု ရှုရမယ်၊နှာသီးဖျား၌ ဝင်လေ တိုးထိတဲ့အခါမှာလဲ တိုးထိမှုသဘောကို အသိကပ်၍ သိ-ဟု ရှုရမယ်၊ အဲသလို မပြတ် တရစပ် ရှုနေရမယ်။

ဤသို့ ရှုခြင်းသည် "ကာယဋ္ဌ ပဇာနာတိ၊ ဖောဋ္ဌဗ္ဗေစ ပဇာနာတိ" စသော မဟာသတိပဋ္ဌာန်ပါဠိတော်နှင့်ညီညွတ်သည်ဟူ၍ မှတ်ယူရမယ်။

အဲသလို ရှုဖန်များ၍ သမာဓိရရှိလာလျှင်"သမာဟိတော ယထာဘူတံ ပဇာနာတိ"လို့ ဟောတော်မူထားတဲ့အတိုင်း တိုးထိမှုဖောဋ္ဌဗ္ဗရုပ်ဓာတ် ပရမတ် သဘောမျှကလေးတွေကိုသာ ဘာဝနာမယဉာဏ်ဖြင့် သိမြင်နေရပါလိမ့်မယ်၊ အဲသလို မြင်ရခြင်းသည် အမြင်မှန်ကို ဟုတ်မှန်တဲ့အတိုင်း သိမြင်တာပါပဲတဲ့ ဒကာ-အောင်ရဲ့။

အဲဒီအခါ

ထွက်လေတိုးရာ၊ ငါမပါ၊ နှစ်ဖြာ ရုပ်,နာမ်စု။

ဝင်လေတိုးရာ၊ ငါမပါ၊ နှစ်ဖြာ ရုပ်,နာမ်စု။

လို့ ဆိုတဲ့အတိုင်း၊ ငါ, ပုဂ္ဂိုလ်, သတ္တဝါစသော ပညတ်တွေပျောက်ကာ တိုးထိမှုရုပ်ဓာတ်နှင့် သိမှုနာမ်ဓာတ် တည်းဟူသော ဓာတ်, ပရမတ်သဘောမျှကလေးတွေကိုသာ ဖြစ်, ပျက်လျက် နေသည်ကို တွေ့မြင်ရတော့တယ် ဒကာ-အောင်ရဲ့။

အဲ-ထိုနောက် နာကျင်မှု၊ကိုက်ခဲမှုစသော ဝေဒနာခတ်များ ပေါ်လာလျှင်လဲ ၎င်းတို့ကို အသိကပ်၍ ရှုနိုင်ပါတယ်၊ ပူမှု၊ အေးမှု စသည်တို့ ပေါ်လာလျှင်လဲ ရှုရတာပါပဲ။ ဒါကြောင့်....

နိဗ္ဗာန်လိုသော်၊ ပေါ်လာဆဲ၊ အမြဲရှု။

လို့ ဩဝါဒ ပေးထားပါတယ်။

အဲ-ထိုနောက် စကြံလျှောက်တဲ့ အခါမှာလဲ ဗယ်ခြေဖဝါးနှင့် မြေကြီးထိမှုကို အသိကပ်၍ ရှုရမယ်၊ ညာခြေဖဝါးနှင့် မြေကြီးထိမှုကိုလဲ အသိကပ်၍ ရှုရမယ်။

မြင်ခိုက်၊ ကြားခိုက်စသည်တို့၌လဲ အသိကပ်၍ရှုနိုင်တာပါပဲတဲ့ ဒကာ-အောင်ရဲ့။ ဟောဒီနေရာမှာ ဝိပဿနာရှုပုံအကျယ်ကို သိလိုကြလျှင် ဘုန်းကြီးကိုယ်တိုင် ရေးသား စီရင်၍ ပုံနှိပ်ပြီးဖြစ်သော ကမ္မဋ္ဌာန်း ပဒေသာ ကျမ်းကြီး၊ ကမ္မဋ္ဌာန်းဘာသာ ဋီကာကျမ်း၊ ယထာဘူတ ဝိပဿနာဒီပနီကျမ်းတို့ကို ဖတ်ရှုကြပါလေ။

**အမှာ။** ။ဤနေရာ၌ တရားနာပရိသတ်ကို ငါးမိနစ်လောက် လက်တွေ့အားဖြင့် ဝိပဿနာအရှုခိုင်းလျှင် သာ၍ကောင်းပါသည်။

ကိုင်း-ကိုင်း....ငါးမိနစ်လောက် နှာသီးဖျားကို စိတ်ထားပြီး ဟောခဲ့တဲ့အတိုင်း ဝိပဿနာရှုလိုက်ကြစမ်းပါ။

အဲဒီအတိုင်း ဝိပဿနာရှု၍ အရှုကြာသွားပြီး သမာဓိရလာလျှင် ငါ၊ငါ့ဥစ္စာ၊ ပုဂ္ဂိုလ်၊ သတ္တဝါ စသော ပညတ်တွေ ပျောက်သွားပြီးတော့၊ ဖြစ်၊ ပျက်ပရမတ် ရုပ်ခတ်-နာမ်ခတ် သဘောမျှကလေးတွေကိုသာ ဖြစ်-ပျက်လျက်နေသည်ကို ဝိပဿနာ ဘာဝနာဉာဏ်မျက်စိဖြင့် တွေ့မြင်ရပါလိမ့်မယ်။

အဲသလို ဖြစ်-ပျက် ပရမတ် ရုပ်ခတ်-နာမ်ခတ်သဘောမျှကလေးတွေကိုတွေ့မြင်နေရာမှ ရုပ်ခတ်-နာမ်ခတ် ဖြစ်-ပျက် ပရမတ်သဘောကလေးတွေအပေါ် ငြီးငွေ့မှုန်းတီးလာပြီးလျှင် ...

ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော ရူပသ္မိံပိ(ဝေဒနာယပိ သညာယပိ သင်္ခါရေသုပိ ဝိညာဏသ္မိံပိ) နိဗ္ဗိန္ဒတိ၊ နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ၊ ဝိရာဂါ ဝိမုစ္စတိ၊ ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံ ဟောတိ။

လို့ ဟောတော်မူထားတဲ့ အနတ္တလက္ခဏသုတ်ပါဠိတော် ခန္ဓဝဂ္ဂ သံယုတ်ပါဠိတော်တို့နှင့်အညီ ပါရမီအလျောက် ဝိပဿနာ ဉာဏ်စဉ်အဆုံးသို့ရောက်ခါ မဂ်၊ ဖိုလ်တိုင်အောင် ဆိုက်ရောက်သွားနိုင်တယ် ဒကာ-အောင်ရဲ့။

အဲဒါကြောင့် ဒီ ပဋ္ဌာနသစ္စာခေါ်တဲ့ မဂ္ဂင်ရှစ်ပါး ဝိပဿနာအလုပ်များကို ကြိုးစားအားထုတ်ကြပါလို့ ဓေကနာသဒ္ဒါထက်သန်စွာနှင့် အထူးပဲတိုက်တွန်းလိုက်ပါတယ်။

ဟောဒီ မဂ္ဂသစ္စာခေါ်တဲ့ မဂ္ဂင်ရှစ်ပါး ဝိပဿနာတရားကို ကြိုးစားအား ထုတ်လို့ ပါရမီအတိုင်း သောတာပန်တို့, သကဒါဂါမ်တို့ ဖြစ်သွားလျှင်ပင် သမုဒယသစ္စာခေါ်တဲ့တဏှာကိုအနိုင်ရသွားပြီး အပါယ်လားစေတတ်တဲ့တဏှာကို ပယ်သတ်ပစ်ပြီ ဒကာ-အောင်ရဲ့။

အနာဂါမ် ဖြစ်သွားလျှင်တော့ ကာမရာဂတဏှာကို အပြတ်အသတ် ပယ်နိုင်ပြီ။ ရဟန္တာဖြစ်သွားလျှင်ကား ဒီ တဏှာကို အကုန်လုံး ပယ်သတ်နိုင်လေပြီ။ဒါ့ကြောင့် သမုဒယသစ္စာတဏှာကို အသဲနာပြီးလျှင် အဲဒီတဏှာကိုပယ်သတ်ရန် လက်နက်ကောင်းဖြစ်တဲ့ ဒီ ဝိပဿနာတရားကို ကြိုးစားအားထုတ်ကြစမ်းပါလို့ ထပ်လောင်း၍ တိုက်တွန်းလိုက်ပါတယ်။

ကိုင်း....ဟောဒီကဗျာကို နားထောင်ကြ။
မဂ္ဂင်ရှစ်ပါး - တရားစဉ်လာ၊
နိဗ္ဗာန်သွားတဲ့ - ရထားယာဉ်ပါ။
နေ့စဉ်စီးလို့ - ခရီးတွင်စွာ၊
ကျွန်းမာခိုက် - အားတိုက် နှင်စမ်းပါ။

---

## နိရောဓသစ္စာအခန်း

နိရောဓသစ္စာဆိုတာက-မဂ္ဂသစ္စာခေါ်တဲ့ မဂ္ဂင်ရှစ်ပါး ဝိပဿနာတရားများကိုအားထုတ်ပါလို့ ပါရမီအလျောက် ဝိပဿနာဉာဏ်စဉ်ပေါက်၍ မဂ်,ဖိုလ်သို့ ဆိုက်ရောက်သွားကြတဲ့ ယောဂီများကိုယ်ဘိုင် သိ,မြင် မျက်မှောက်ပြုရတဲ့ နိဗ္ဗာန်ကို ဆိုတယ် ဒကာ-အောင်ရဲ့။

ဟောဒီ မူရင်းပါဠိတော်ကို နားထောင်ကြ။

ကတမဉ္စ ဘိက္ခဝေ ဒုက္ခနိရောဓော အရိယသစ္စံ၊ ယော တဿာ ယေဝ တဏှာယ အသေသ ဝိရာဂ နိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော။ (ဓမ္မစက္က ပဝတ္တနသုတ် ပါဠိတော်)

ဘိက္ခဝေ၊ နိရောဓသစ္စာဆိုတဲ့ နိဗ္ဗာန်ကို ကေန်လိုလား ငါ၏ချစ်သား-ရဟန်းများတို့။ ဒုက္ခနိရောဓော၊ ဒုက္ခ၏ ချုပ်ငြိမ်းရာ ဖြစ်သော။ အရိယသစ္စံ၊ အရိယသစ္စာသည်။ကတမဉ္စ၊ အဘယ်နည်း။တဿာယေဝ တဏှာယ၊ထိုတဏှာ၏ သာလျှင်၊ ယော အသေသဝိရာဂ နိရောဓော၊ အကြွင် အကြွင်းမဲ့ တပ်ခြင်းကင်းရာ ချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်သည်၎င်း။ ယော စာဂေါ၊ အကြွင်စွန့်ရာဖြစ်သော နိဗ္ဗာန်သည်၎င်း။ ယော ပဋိနိဿဂ္ဂေါ၊ အကြွင် စွန့်လွှတ်ရာ ဖြစ်သော နိဗ္ဗာန်သည်၎င်း။ ယာ မုတ္တိ၊ အကြွင် လွတ်ရာဖြစ်သော နိဗ္ဗာန်သည်၎င်း။ ယော

အနာလယော၊ အကြင် အာလယကင်းရာ နိဗ္ဗာန်သည်ရင်း။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤအလုံးစုံသည်။ ဒုက္ခ နိရောဓော၊ ဒုက္ခ၏ ချုပ်ငြိမ်းရာဖြစ်သော။ အရိယသစ္စံ၊ မဖောက်မပြန် စင်စစ်မှန်ကန်တဲ့ အရိယသစ္စာတရား ပါပေတည်း။

ကဲ....ကြည့်တော့လေ၊ သွာမူရင်း ပါဠိတော် အတိုင်းကပင် ဘယ်လောက်များ ထင်ရှားနေသလဲ ဒကာ-အောင်ရဲ့။ ဒါ့ကြောင့် လိုရင်း ချုပ်အားဖြင့် နိဗ္ဗာန်ကိုသာ နိရောဓသစ္စာလို့ မှတ်လိုက်ကြပေတော့။

## သစ္စာလေးပါး အကြောင်းအကျိုး စပ်ပုံ

ကိုင်း....သစ္စာလေးပါး စေ့သွားပြီ မဟုတ်လား ဒကာ-အောင်ရဲ့။ အဲဒီ သစ္စာလေးပါးရဲ့ အကြောင်း အကျိုး စပ်ပုံကို ဆက်လက်၍ ဟောပြောအုံးမယ်။

ပဟာတဗ္ဗဖြစ်တဲ့ သမုဒယသစ္စာ တဏှာတည်းဟူသောအကြောင်းတရားကိုမှ မပယ်သတ်နိုင်လျှင် ဒုက္ခသစ္စာဆိုတဲ့ ဆင်းရဲအမျိုးမျိုး တည်းဟူသော အကျိုးတရားတွေဟာ ပေါ်ပေါက်နေမှာချည်းပဲ ဒကာ-အောင်ရဲ့။

ဘာဝေတဗ္ဗဖြစ်တဲ့ မဂ္ဂသစ္စာ မဂ္ဂင်ရှစ်ပါး ဝိပဿနာ တရားများကို ကြိုးစားအားထုတ်၍ မဂ်ဖိုလ်တိုင်အောင်ဆိုက်ရောက်လျှင်ကား ဆင်းရဲအမျိုးမျိုးတို့၏ ချုပ်ငြိမ်းရာ နိရောဓသစ္စာခေါ်တဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုရပါတယ်တဲ့ ဒကာ-အောင်ရဲ့။

အဲ-ဒါ့ကြောင့် သမုဒယသစ္စာတဏှာကို ပယ်သတ်နိုင်၍ ဒုက္ခအမျိုးမျိုးတို့၏ ချုပ် ငြိမ်းရာ နိဗ္ဗာန်သို့ ဆိုက်ရောက်စေနိုင်တဲ့ မဂ္ဂသစ္စာခေါ် မဂ္ဂင်ရှစ်ပါး ဝိပဿနာတရားများကိုကြိုးစားအားထုတ်ကြပါလို့ နိဂုံးချုပ်အားဖြင့်တိုက်တွန်းလိုက်ပါတယ်။

ကိုင်း-ရှေ့ပိုင်းအရ-ဝိပဿနာအလုပ်များနှင့်တကွ သစ္စာလေးပါးတရားတော်ကို ဤမျှဖြင့် ရပ်ဆိုင်းလိုက်ကြအုံးစို့။

အင်း....အလွန်တရာ နက်နဲတဲ့ သစ္စာလေးပါး အကြောင်းကို စေတနာ ကောင်းကောင်းနဲ့ဟောလိုက်တာ အတော်ကလေးရှည်သွားပြီ ဒကာ-အောင်ရဲ့။ သို့အတွက် ရှေ့ပိုင်းကို အဆုံးသတ်ပြီးတော့ ဆယ်မိနစ် နားကြအုံးစို့ရဲ့။

ယခုဟောခဲ့တဲ့ သစ္စာလေးပါးတရား ဝိပဿနာအလုပ်များကို ကြိုးစားအားထုတ် နိုင်ကြပြီးလျှင် ဝိပဿနာ ဉာဏ်စဉ်ပေါက်၍ မဂ်, ဖိုလ်, နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုနိုင်ကြပါစေသတည်း။

သာဓု-သုံးကြိမ်ခေါ်။

အမှာ။ ။ဤနေရာ၌ ဆယ်မိနစ်လောက် အနားပေးပါလေ။

(က) ရှေ့ပိုင်းဟောစဉ် ပြီး၏။

---

## (ခ) နောက်ပိုင်းဟောစဉ် သုံးပွင့်ဆိုင် ဇာတ်တော်ကြီး

တရားတော်ကို လေးလေးစားစား မှတ်သားပြီးတော့ နာကြားကြနော်၊ ယခုနောက်ပိုင်း တရားတော်ကိုတော့"သုံးပွင့်ဆိုင် ဇာတ်တော်ကြီး"လို့ နာမည် တပ်ပြီးသကာလ သံဝေဂဖြစ်စရာတွေနှင့်တကွ ကျကျနန ဟောပြောပြသရလိမ့် မယ် ဒကာ-အောင်ရဲ့။

အဲ-"သုံးပွင့်ဆိုင် ဇာတ်တော်ကြီး"လို့နာမည်တပ်ရတာကလဲဇာတ်ကွက် ဇာတ်လမ်းဝယ် အပူသယ်တွေဖြစ်တာက သား့အမိ သုံးယောက်ကိုး ဒကာ-အောင်ရဲ့၊ သို့အတွက် "သုံးပွင့်ဆိုင် ဇာတ်တော်ကြီး"လို့ နာမည်တပ်၍ ဟော လိုက်ရပါတယ်။

အဲဒီ သား့အမိသုံးယောက်ဟာ သမုဒယ အကြောင်းခံတဲ့အတွက် ဒုက္ခ အမျိုးမျိုးတွေကို ထူထောင်ပေးတဲ့ သမုဒယ တဏှာကို အသည်းနာကြပြီးလျှင် မဂ္ဂသစ္စာခေါ်တဲ့ မဂ္ဂင်ရှစ်ပါး ဝိပဿနာ တရားများကို အားထုတ်ကြလို့ နိရောဓ သစ္စာခေါ်တဲ့ နိဗ္ဗာန်သို့ ဆိုက် ရောက် ကြ ပြီး ဒု က္ခ တွေ ငြိမ်း သွား ကြ တယ် ဒကာ-အောင်ရဲ့။

အဲဒီဇာတ်တော်ကြီးကိုထုတ်ဖော်၍ဟောပြောတော့မယ်၊နားထောင်ကြ။

လောကထွတ်ထား အခုဘုန်းကြီးတို့ ရှင်တော်မြတ်ဘုရားလက်ထက်တော် အခါတုန်းက သာဝတ္ထိပြည်ထဲမှာ ကုန်ရောင်း ကုန်ဝယ်အလုပ်ဖြင့်အသက်မွေးတဲ့ ကုန်သည်အမျိုးသားကလေးတယောက်ရှိသတဲ့ ဒကာ-အောင်ရဲ့၊နာမည်ကိုတော့ သူ့ကျမ်းရင်း၌ မပြခဲ့ဘူး၊ ကျမ်းရင်းက နိကာယ်ငါးရပ်တွင် ခုဒ္ဒက နိကာယ်မှာ ပါဝင်တဲ့ အပဒါန်ပါဠိတော်ကြီးနှင့် အဋ္ဌကထာကြီးဖြစ်တယ် ဒကာ-အောင်ရဲ့။

ဓမ္မသုတ္တန္တ ပရိသတ်များ မှတ်သားလို့ လွယ်ကူအောင်ဟာ သူ့နာမည်ကို "ကိုအဝှာ"လို့ မှည့်ပေးလိုက်ပါတယ်၊ "ကိုအဝှာ"လို့ မှတ်ထားကြနော်၊ အဲဒီ ကိုအဝှာခေါ်တဲ့ အမျိုးသားကလေးဟာ သူ၏ မွေးမိခင် ကျေးဇူးရှင်ကြီးကို ကုန်သည်အလုပ်နှင့် လုပ်ကိုင်ကျွေးမွေးနေတယ်။

အချိန်အခွင့်ရောက်လာတဲ့အခါ သူနဲ့ရွယ်တူဖြစ်တဲ့ အမျိုးသမီးကလေး တယောက်နှ‌ဲ့ အကြောင်းပါပြီးသကာလ မိခင်ကြီးနှင့်ပင် အတူနေကြသတဲ့ ဒကာ-အောင်ရဲ့။

အဲဒီ အမျိုးသမီးကလေးရဲ့အမည်ကလဲ ကျမ်းရင်း၌ မပါဘူး၊ သို့အတွက် သူ့ကို "မယ်ဒုက္ခာ"လို့ အမည်ပေးလိုက်တယ်။

အင်း–''ပညတ်ရှိရာ–ဓာတ်သက်ပါ''ဆိုတာလို မယ်ဒုက္ခာကလေးမှာဖြင့် သူ့ရဲ့နာမည်ပညတ်အတိုင်းပါပဲ၊ဆင်းရဲမျိုးစုံနဲ့ တွေ့ကြုံရတာတွေဟာ ဇာတ်လမ်းမှာ ထင်ရှားပါလိမ့်မယ်။

## သမုဒယ အရင်းခံကြပုံ

အဲဒီ ကိုအဝှာနှင့် မယ်ဒုက္ခာလေးတို့ဟာ ဇနီး-မောင်နှံ ဖြစ်ကြသည့် အားလျော်စွာကိုအဝှာက မယ်ဒုက္ခာကလေးကိုအလွန်နှစ်သက်တယ်မဟုတ်လား၊ မယ်ဒုက္ခာကလေးကလဲ ကိုအဝှာကို အလွန်ပဲ နှစ်သက်တယ်မဟုတ်လား၊အဲသလို တယောက်နှင့်တယောက် နှစ်သက်ကြတာ, ချင်ခင်ကြတာတွေဟာ သမုဒယ သစ္စာချည်းပဲ ဒကာ-အောင်ရဲ့။

အင်း....ကိုသမုဒယ, မယ်သမုဒယတို့ ကိုယ့်ကိုယ်မှာရှိနေတဲ့ သမုဒယကို ပြန်သတိပြုကြနော်၊ အဲသလို သမုဒယသစ္စာခေါ်တဲ့ တဏှာက လိုချင်နှစ်သက် ချစ်ခင်လိုက်တော့ အချင်းချင်းကြည်ဖြူကြပြီးလျှင် ရွှင်တပြုံးပြုံးနှင့်ပျော်လို့မဆုံးနိုင်ကြပေဘူးပေါ့၊ ဒါကြောင့် မာန်လည်ဆရာတော်ကြီးက ...

> လူတို့ရွာတွင်၊ သတ္တဝါအများ၊သမီး,သားက၊ မယားနှင့်လင်၊တရှင်ရှင်ဖြင့်၊ မထင်သေဘေး၊ အရေးမပြု၊ ပျော်မှုနှင့်သာ၊ သူ့ထက်ငါတည့်၊ တဏှာပျော်ပိုက်၊ သာယာလိုက်လျက်၊ တသိုက်တအုံ၊ ပျားနှယ်ဆုံ၍၊ ကာမုံရာဂုံ၊ မောဟုံမိုက်မှူး၊ ပျော်မြူးတူးခဲ့။
>
> (မဃဒေဝ လင်္ကာ)

အဲသလို မိန့်ဆိုထားတယ် မဟုတ်လား။

## သမုဒယကြောင့် ဒုက္ခတွေ့ပုံ

အဲဒီ သမုဒယသစ္စာခေါ်တဲ့ တဏှာကို အလိုလိုက်မိလို့ရှိရင် ဒုက္ခသစ္စာခေါ်တဲ့ ဒုက္ခအမျိုးမျိုးတွေကို တွေ့ရတော့တာပါပဲတဲ့ ဒကာ–အောင်ရဲ့။ အဲဒါကြောင့် ဟောဒီဇာတ်လမ်းက မှတ်တမ်းတင်လောက်တဲ့ ကိုအဝှာနှင့် မယ်ဒုက္ခာတို့မှာလဲ သမုဒယသစ္စာတဏှာကို အလိုလိုက်မိခဲ့ကြတဲ့အတွက် ဟော-လက်ငင်းအားဖြင့် ဒုက္ခတွေကို တွေ့ကြရတော့မယ် ဒကာ-အောင်ရဲ့။

ကိုအဝှာမှာ မယ်ဒုက္ခာကလေးကို နှစ်သက်လေတော့ မယ်ဒုက္ခာကလေး အတွက် အစစအရာရာတွေ ပူပန်နေရတယ် မဟုတ်လား၊မယ်ဒုက္ခာကလေး မစားရမှာ, မဝတ်ရမှာကိုလဲ ပူပန်ရတယ်မဟုတ်လား၊ ခရီးသွားတဲ့အခါ,ကုန်ရောင်း, ကုန်ဝယ်သွားတဲ့အခါလဲ ကျန်ရစ်ခဲ့တဲ့ မယ်ဒုက္ခာကလေး အတွက် စိတ်စက်မအေးနိုင်ဘူး မဟုတ်လား၊ အဲဒါတွေဟာ ဒုက္ခသစ္စာချည်းပဲ ဒကာ-အောင်ရဲ့။

အင်း....ဒကာတွေကလဲ ဒီ ဒုက္ခတွေဟာ ကိုအဝှာချည်းသာ ပုဂ္ဂလိက အားဖြင့် တွေ့နေတာမဟုတ်ဘူးဆိုတာ သတိပြုကြရမယ်နော်။ အဲဒါကြောင့်....

လင်နှင့်မယား၊ မယားနှင့်လင်၊ ဖြစ်ကြလျှင်သော်၊ ချစ်ကြင်မဝ၊ သက်တမျှတည်း၊ မိန်းမတို့တမ်း၊ သူမှာကျွမ်းက၊ စိတ်ဝမ်းလင်မှာ၊ လွန်ပူဆာ၏၊ ပမာထိုလား၊ ယောကျ်ားတို့လည်း၊ သူနှင့်ရည်းသော်၊ အသည်းကြွေမျှ၊ မိန်းမတို့ထုံး၊ မိးနှယ်အုံး၏၊ နှလုံးဒုက္ခ၊ လွန်ကြီးစွ့တည်း။

(မဃဒေဝ လင်္ကာ)

ဒါ့ကြောင့်မို့လို့ ဒုက္ခနည်းအောင်ဟာ သမုဒယကို ဖြတ်နိုင်သမျှဖြတ်ကြရမယ်တဲ့ ဒကာ-အောင်ရဲ၊ကိုင်း....ကိုင်း....ဝတ္ထုအကြောင်းကို ပြန်ဆက်လိုက်ကြအုံးစို့ရဲ့။

အဲဒီ ကိုအဝှာခေါ်တဲ့ ကုန်သည်ကလေးဟာ ရခါစမယားချောကလေး မယ်ဒုက္ခာနှင့် တည္ဥတာမျှ ပေါင်းဖော်ပြီးတော့ မယားချောကလေးနှင့် ခွဲခွာကာ ရာဇဂြိုဟ်မြို့သို့ ကုန်ရောင်း,ကုန်ဝယ် ထွက်ခွာသွားရသတဲ့ ဒကာ-အောင်ရဲ့။

အင်း....ကိုအဝှာဟာ မယ်ဒုက္ခာ မယားချောကလေးနှင့် ခွဲချင်မှာမဟုတ်ဘူး ဒကာ-အောင်ရဲ့။ အဲသလို မခွဲချင်ပဲနှင့်ခွဲရတာကလဲ ဒုက္ခသစ္စာပဲတဲ့၊ အေး-ဒါကတော့ ''ပိယဝိပ္ပယောဂ ဒုက္ခ''တဲ့ ဒကာ-အောင်ရဲ့။

ဟောဒီ ကဗျာကို နားထောင်ကြ။

ရွှေလက်တွဲ၍-ယှဉ်နွဲ့ချစ်ခင်၊
ပေါင်းဖော်မှီဝဲ-မကွဲစေချင်။
မကွဲလိုလဲ-ခွဲရလေလျှင်၊
ကဟုတ်ပြ-ဒုက္ခ သစ္စာပင်။

အဲဒီဒုက္ခ[illegible]ကြောင့်ဖြစ်သလဲ၊ နှစ်သက်လို့ ဖြစ်ရတာမဟုတ်လား၊ ကိုအဝှာက မယ်[illegible]ကို မနှစ်သက်လျှင် ဒီဒုက္ခမဖြစ်နိုင်ဘူး၊ဒါ့ကြောင့်-''မနှစ်သက်နဲ့၊ မလိုချင်နဲ့ လိုချင်လျှင် ဒုက္ခတွေ့မယ်''လို့ ဆိုကြတာပေါ့။

အဲ-ကိုအဝှာဆိုတဲ့ ကုန်သည်ကလေးဟာလဲ ဇနီးသယ်မယ်ဒုက္ခာကလေးနဲ့ ခွဲခွာပြီ. ရာဇဂြိုဟ်မြို့ကြီးသို့ ကုန်ရောင်းထွက်သွားလိုက်တာ ရောင်းလို့ဝယ်လို့ကလဲ မကောင်းတဲ့အတွက် အတော်ပဲကြာသွားသတဲ့ ဒကာ-အောင်ရဲ့။ ကြာသွားဆိုကိုးလ, ဆယ်လလောက်ကို ကြာသွားတာပဲတဲ့။

အဲဒီတော့ သူမှာ အိမ်သူဇနီးသယ်ကလေးအပေါ် ခဏခဏ အမှတ်ရပြီး ဟိုတွေး-ဒီတွေး ဝေ့ှာက်တွေးကာ စိတ်မအေးနိုင်ရှာဘူးတဲ့၊ အဲဒါလဲ သမုဒယကြောင့် ဒုက္ခဖြစ်ရပုံတွေပဲ မဟုတ်လား ဒကာ-အောင်ရဲ့။

## မယ်ဒုက္ခာရဲ့ ဖြစ်ပျက်ပွ

အိမ်မှာကျန်နေခဲ့တဲ့ မယ်ဒုက္ခာကလေးမှာလဲ ကုန်ဆောင်းသွားတဲ့ခင်ပွန်းလင်သားရဲ့အပေါ်မှာ စိတ်မချရတဲ့ဒုက္ခက တမျိုးတဲ့ ဒကာ-အောင်ရဲ့။

ပီးတော့ ခင်ပွန်းလင်ယောကျ်ားကြာနေတဲ့အတွက် နတ်မေးရ ဗေဒင်ကို ကြည့်ရတာကလဲ ဒုက္ခတမျိုးပဲတဲ့။

အင်း အကြောင်းကလေးရှိကြရင် ဗေဒင်မေးကြည့်တတ်တဲ့ဒကာမကြီးတွေကတော့ တို့ကိုရိပ်ပြီး ပြောတယ်လို့များ ထင်မလား မသိဘူး၊ လောကကြီးရဲ့ သဘောကိုသာ ပြောနေတာပါ။

အဲဒီဒုက္ခ အမျိုးမျိုးတွေထဲကမှ မမျှော်လင့်ပဲနှင့် ပေါ်လာတဲ့ ဒုက္ခမျိုးကတော့ ဒီလိုတဲ့ ဒကာ အောင်ရဲ့။

အင်း-ဒီနေရာမှာ ဘုရားဟော ဇာတ်လမ်းအတိုင်း ဟောသော်လည်း တချို့နေရာ၌ ခပ်ကြမ်းကြမ်း ပြောရမှာဖြစ်တော့၊ တချို့က ဒီ ကိုယ်တော်ဟာ အပြောက ညစ်ညမ်းတယ်, အပြောကြမ်းလွန်းတယ်လို့ အပြစ်တင်ကြလိမ့်မယ်၊ သို့အတွက် စောစောက သတိပေးထားမှတော်မယ် ဒကာ-အောင်ရဲ့။

ဘုရားလူ့ဘာ၊ မုနိန္ဒလည်း၊ မိန်းမ-ယောကျ်ား၊ လူ့စကားဖြင့်၊ မကြား
စကောင်း၊ မနာကောင်းကို၊ အကြောင်းရှည်သွေး၊ ဟောတုံသေး၏။

အဲသလို ဘုရားသော်မှပင် အကြောင်းအားလျော်စွာ ခပ်ကြမ်းကြမ်း ဟောတော်မူသေးတာပဲ၊ ဘုရားဟောဇာတ်လမ်းအတိုင်း တချို့နေရာမှာ ခပ်ကြမ်းကြမ်း ပါသွားသော်လည်း အပြစ်မဆိုသင့်ပေဘူးတဲ့ ဒကာ-အောင်ရဲ့။

အဲဒီ မယ်ဒုက္ခာကလေးဆိုတာဟာ အမျိုးကောင်းသမီးကလေးဖြစ်သည့်ပြင် ပစ္ဆိမ ဘဝိက ရဟန္တာထေရီမ အလောင်းကလေး ဖြစ်သတဲ့။

ဒါပေမဲ့ လောကဓံလေမုန်တိုင်းဘေးက မလွတ်သေးတော့ သူမှာ အမျိုးမျိုး အဖုံဖုံ အစွပ်အစွဲ အကဲ့ရဲ့ ခံရတော့မယ် ဒကာ-အောင်ရဲ့။

မယ်ဒုက္ခာကလေးမှာ သူ၏ခင်ပွန်းလင်သားနှင့်တည္ဂိတာမျှပေါင်းဖော် လိုက်စဉ်က အကြောင်းညီညွတ်သွားတဲ့အတွက် ပဋိသန္ဓေကို ရသွားသတဲ့၊ ဒါနဲ့ အမူမဲ့-အမှတ်မဲ့ နေလာခဲ့လေရာ ရက်၊ လ၊ အတော်ကြာသွားတော့၊ ပထမ ကလလရေကြည်, ကလလရေကြည်က အမြှုပ်, အမြှုပ်က သွေးခဲ သားတစ်, သားတစ်က အလုံးအခဲ, အလုံးအခဲကမှ ခေါင်းတခု-လက်နှစ်ခု - ခြေနှစ်ခုဆိုတဲ့ ခက်မာ ၅-ဖြာ ထွက်လာပြီးလျှင် လူသဏ္ဌာန်ဖြစ်ကာ တဖြည်းဖြည်း ကြီးထွားလာပြီးတော့-ထိုအခါက တည်လာတဲ့ ပဋိသန္ဓေဟာ ပါဠိဘာသာအသုံးအားဖြင့်“ဂဗ္ဘဝုဋ္ဌာ” အဖြစ်သို့ရောက်ကာ ထင်ရှားလာပါရောတဲ့ ဒကာ-အောင်ရဲ့။

အင်း....လောကကြီး-လောကကြီး တယ်ကြောက်စရာကောင်းပါကလား မယ်ဒုက္ခာခမျာကလေးမှာ သူ့ခင်ပွန်း လင်ယောကျ်ားနဲ့ရတဲ့ ပဋိသန္ဓေဖြစ်ပါလျက် သူ့ခင်ပွန်းလင်ယောကျ်ားကုန်ရောင်းသွားလို့ ရက်,လ,ကြာမှ ဒီပဋိသန္ဓေက ထင်ရှားလာလေတော့ အိမ်နီးချင်းအချို့က တမျိုးအထင်တွေးပြီးတော့ လက်ညှိုးထိုးသူကထိုး, မျက်စောင်းထိုးသူကထိုး, မေးငေါ့သူကငေါ့နှင့် သွားပုပ်လေလွင့်အားဖြင့် အမျိုးမျိုး ကဲ့ရဲ့ပြောဆိုကြသတဲ့ ဒကာ-အောင်ရဲ့။

ဒါ့ကြောင့်....

ပြစ်ဖွဲ့ဆိုတင်း၊ ကဲ့ရဲ့ခြင်းမှ၊ လွတ်ကင်းသသူ၊ မရှိဟူရှင့်၊ လူတို့အကြိုက်၊ နတ်မလိုက်နိုင်၊ စရိုက်ရှိတိုင်း၊ လျှာမထိုင်းပဲ၊ မဆိုင်းနှုတ်က၊ ပြောတတ်ကြ၏....။

(မဃဒေဝ လင်္ကာ)

## ရိုက်ပုတ်၍ နှင်ထုတ်နေပြီ

အဲသလို အများကဝိုင်းပြီး ပြောဆိုကဲ့ရဲ့ကြလေတော့ ယောက္ခမကြီးကလဲ သမီးချင်း မစာနာ ရက်စက်စွာ ပြောဆို မောင်းမဲသတဲ့။

''သယ်....ညည်းလုပ်ပုံတွေဟာ တော်ရေ့ာလား၊ ငါ့သားကတော့ ညည်းအတွက် တပြည်တရွာထွက်ပြီး ပစ္စည်းရှာရတယ်၊ ညည်းကတော့ အိမ်မှာ အားအားရှိတိုင်း လင်ငယ်နှင့်ပျော်ပါးပြီး ဟော-အခု ညည်းမှာ ကိုယ်ဝန်ကြီး ပေါ်နေပါပေါ့ကလား''။

အဲသလို ပြောဆိုမောင်းမဲပြီးတော့ အိမ်က အတင်း နှင်ထုတ်တော့တာ ပဲတဲ့ ဒကာ-အောင်ရဲ့။

မယ်ဒုက္ခာကလေးမှာ ဒီတခါမှ ခက်တော့တာပေါ့၊ အဲဒါနဲ့ ''လူမိတဲ့-ကျိုးသူငယ်''လို့ အကြောက်ကြောက် အရွံ့ရွံ့နဲ့ တောင်းပန်ရှာသတဲ့။

''အမေရယ် အမေ့သားမှတပါး ကျွန်မ ဘယ်ယောကျ်ားနဲ့မှ မပျော်ပါးမိပါဘူး၊ အခုရှိတဲ့ ကိုယ်ဝန်ဟာလဲ အမေ့သားရဲ့ ကိုယ်ဝန်ပါပဲ''။

အဲဒါလို မျက်ရေကလေးဝိုင်းလည်ပြီး သနားစဖွယ် တောင်းပန်ရှာတယ်တဲ့။

အင်း - ဘယ်လိုပင်ပြောသော်လဲ ယောက္ခမကြီး သဘောမှာဖြင့် မယုံကြည်တော့ဘူးတဲ့ ဒကာ-အောင်ရဲ့။

''ညည်း-ဘယ်လိုပင်ပြောသော်လဲ ငါမယုံနိုင်ဘူးအေ့၊ ငါ့သားနှင့် တညထဲ အိပ်ပြီးကော ဒီကိုယ်ဝန်ရတယ်ဆိုတာ ဟုတ်နိုင်ပါ့မလား၊ ငါလဲ ပျိုရာက-အိုလာတာကပဲ၊ ညည်း-ဘယ်လိုညာလို့မှ မရဘူးအေ့၊ အခု ညည်း-ငါ့အိမ်က မြန်မြန်ဆင်း ''။

အဲသလို ပြောဆိုမောင်းမဲပြီးတော့ ဖနောင့်နဲ့ပေါက်လိုပေါက်၊ဆံပင်ကို ဆွဲပြီးတော့ ရိုက်လိုရိုက်တဲ့။

အင်း-သားရဲ့မျက်နှာကို့မှ မထောက်မညှာလုပ်ရက်လိုက်တာ, တယ်ဆိုးတဲ့ ယောက္ခမပဲနော်၊ ဒါကြောင့်ထင်ပါရဲ့....

"သသုရေဟိ သုဏိတဗ္ဗာ ဟိံသိတဗ္ဗာတိ သုဏိသာ" လို့ မိန့်ဆိုထားပါတယ်။

သသုရေဟိ၊ ယောက္ခမတို့သည်။ သုဏိတဗ္ဗာ-ဟိံသိတဗ္ဗာ၊ နှိပ်စက်ညဉ်းဆဲအပ်ကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သုဏိသာ၊ သုဏိသာမည်၏။ ၁၂၊ အရေးမလှတဲ့ ချွေးမ မည်တော့သတည်း-တဲ့။

အဲ မယ်ဒုက္ခာမှာဖြင့် ဒီစာနှင့် သိပ်ညီနေတော့ဒါပေါ့ ဒကာ-အောင်ရဲ့။

အင်း-ချွေးမနှင့်မသင့်တဲ့ ဒကာမကြီးတွေက တိုကို ရိပ်ပြောတယ်လို့များ ထင်မလားမသိဘူး၊ ဘုန်းကြီးကတော့ မရိပ်ပါဘူး၊ သဒ္ဒါကြီးကျမ်းကတော့ ရိပ်များ ရိပ်မလားမသိဘူး။

အဲ-ဘယ်လိုပင် ညှဉ်းဆဲသော်လဲ မယ်ဒုက္ခာကလေးမှာ အားကိုးစရာက မရှိတော့ တုန်တုန်ရီရီနှင့် လက်အုပ်ကလေးချီပြီးတော့၊

"အမေရယ်-အမေ့သားလာအောင်တော့ ကျွန်မနေပါရစေ၊အမေ့သား လာလို့မှ သူ့ကိုယ်ဝန် မဟုတ်ပါဘူးဆိုတော့ အမေ့သဘောအတိုင်းပြုလုပ်ပါ" အဲဒါလို ပြောရှာပြန်တယ်တဲ့။

ဒီတော့-ယောက္ခမကြီးက သာ၍ပင် ဒေါပွလာပြီး-

"ညည်းက ဘာမိန်းမပါးဝတာတုံး၊ ငါ့သားကို ပလူးပြီးတော့ ညည်းဝန်ထုပ်ကြီးကို ငါ့သားရဲ့ခေါင်းပေါ် တင်မလို့ကြံတာလား၊ယခုမြန်မြန်ဆင်း"။

အဲသလိုပြောဆိုပြီးတော့ အတင်းဆွဲထုတ်တော့တာပဲတဲ့ ဒကာ-အောင်ရဲ့။

## မယ်ဒုက္ခာ အိမ်က ထွက်ရှာပြီ

အဲ မယ်ဒုက္ခာခမျာမှာလဲ မျက်နှာကလေးငယ်ငယ်နဲ့ ဘယ်ကိုမှ မသွားတတ်ပဲ အကြွပ်ရိတ်ကာ ငိုရှိုပြီး ထွက်လာရင်း အကြံရလာတယ်တဲ့။

"အော်....ကလေးအဖေဟာ ရာဇဂြိုဟ်မြို့ကို ကုန်ရောင်းသွားတာကပဲ၊ ငါခြေဦးတော်ရာသို့ သွားလို့မသင့်သေးဘူး၊ ဒီရာဇဂြိုဟ်ပြည်လမ်းမကို မေးမြန်းပြီး လိုက်မှပဲ"။

အဲသလို အကြံရပြီးတော့ ရာဇဂြိုဟ်ပြည်သွားတဲ့ တောလမ်းမ ခရီးကို ငိုရှိုပြီး လိုက်ရှာသတဲ့ ဒကာ-အောင်ရဲ့။

အင်း - ဓမ္မသုဏန္တပရိသတ်များလဲ စဉ်းစားကြည့်ကြပေါ့၊ မိန်းမသား ကလေးကလဲဖြစ်ပြန်, ကိုယ်ဝန်ကလဲအရင့်အမာ, သွားရတဲ့ခရီးကလဲ တောလမ်းကြီးဖြစ်ပြန်တော့ ဘယ်လောက်များ အားငယ်ရှာမတုံးဆိုတာ စဉ်းစားသုံးသာ ကြည့်ကြပေတော့။

''အော်-မယ်ဒုက္ခာ-မယ်ဒုက္ခာ၊ ဒီ-ဒုက္ခတွေဟာ နဂိုတုန်းက နင်-လိုချင်လို့သာ တွေ့ရတာမဟုတ်လား၊ နင်-မလိုချင်လျှင် ဒုက္ခတွေ့မှာပဟုတ်ဘူး၊ အခုတော့ နင့်-အတတ်နှင့် နင့်-ကိုစူးပြီမဟုတ်လား မယ်ဒုက္ခာရဲ့''

အဲသလို တဖြစ်တောက်တောက်နဲ့ ပြောဆိုငိုရှိရင်း တောတန်းလမ်းခရီးသို့ တကိုယ်တည်းလျှောက်လာခဲ့ပြီးလျှင် တောပြိုင်ကြီးအလယ်တွင် နောက်က အကြောင်းတွေကို တရေးရေး တွေးပြီးတော့ ပူဆွေးလွမ်းဆွတ်ကာ သို့ကလို ငိုကြွေးရှာပြန်သတဲ့ ဒကာ-အောင်ရဲ့။

မယ်ဒုက္ခာ အလွမ်းဘွဲ့ ကဗျာ

တောပြိုင်တန်းက-လွမ်းရမေပျို၊
လွမ်းလှမပြီး-လွမ်းမီးတွေပို။
လွမ်းကာတမ်းတ-မြန်းရမေပျို၊
တောလမ်းကြီး-လွမ်းပြီးမျက်ရေစို။

အဲသလို ငိုကာရိုကာ တစာစာနဲ့ ရာဇဂြိုဟ်ပြည်သို့ လိုက်သွားရှာကာ ''သွားပါများတော-ခရီးရောက်''ဆိုတဲ့အတိုင်း ရာဇဂြိုဟ်မြို့ရဲ့အနီးရှိ ဇရပ်ကြီးတဆောင်သို့ ဆိုက်ရောက်သွားသတဲ့ ဒကာ-အောင်ရဲ့။

အဲဒါနဲ့ ဇရပ်ပေါ်တက်ပြီး-

အော်....အခုနေအခါများ ချစ်တဲ့သူ လင်ယောကျ်ား မြို့ပြင်ထွက်လာ၍ အခုလို ဆင်းရဲဒုက္ခရောက်နေပုံကို တွေ့မြင်ရလျှင် ဘယ်လောက်များ ချစ်ခင်သနားရှာမလဲ။

အဲဒါလို ဟိုတွေး-ဒီတွေး ရှောက်တွေးပြီးတော့ နေတယ်တဲ့။

အင်း....သူချစ်တဲ့ လင်ယောကျ်ားဟာ ဘယ်နေရာ ဘယ်ရပ်ကွက်မှာ နေတယ်ဆိုတာ မသိရှာလို့သာ ဒီလိုနေတာနော်၊ ရာဇဂြိုဟ်မြို့ကြီးဆိုတာကလဲ အခု ဘုန်းကြီးတို့ မြန်မာပြည်က ရန်ကုန်မြို့ကြီးနှင့်အတူတူပါပဲ၊ ရန်ကုန်မြို့ကြီးဆိုတာဟာလဲ ဘယ်နေရာ ဘယ်လမ်း စသည်ဖြင့် လမ်းနံပါတ်တို့ အိမ်နံပါတ်တို့ကိုမှ မသိလျှင် ဘူတာကြီးရောက်တဲ့အခါ ဘယ်မှ မသွားတတ်တော့ဘူးတဲ့ ဒကာ-အောင်ရဲ့။

## သား-ယောကျ်ားကလေး ဖွားမြင်ပြီ

အဲသလို ဇရပ်ပေါ်မှာ ဟိုတွေး-ဒီတွေး ရှောက်တွေးနေစဉ်မှာပင် စမ္မတာအလျောက်၊ အချိန်ရောက်လာလေတော့ ကမ္ဘာလေက လှုပ်ရှားလို့လာပါရောတဲ့ ဒကာ-အောင်ရဲ့။

အင်း....မယ်ဒုက္ခာမှာ ဒီတခါမှအခက်ကြုံတော့တာပေါ့၊လင်ယောကျ်ားနှင့်ကလဲမတွေ့၊ဝမ်းရင်ကလဲလှုပ်ရှားလာ၊အဖော်ကလဲတယောက်ကမှမပါတော့ သိပ်ပြီးအားငယ်ရှာမှာပေါ့လေ၊ "ယောကျ်ားဖောင်စီး-မိန်းမ မီးနေ"ဆိုတယ်မဟုတ်လား ဒကာ-အောင်ရဲ့။ အဲဒီအခါမျိုးဟာ အလှည့်မသင့်လျှင် အသက်အန္တရာယ်တောင် ဖြစ်တတ်တာကပဲ။

အဲဒါနဲ့ ဇရပ်ပေါ်မှာပဲ အနိုင်နိုင် သတိကိုတင်းပြီးတော့ သားဖွားမြင်ခြင်းကိစ္စ ပြီးစီးသွားသတဲ့၊ မိခင်ရော ကလေးပါ ချမ်းသာသွားတာပေါ့လေ၊ သားကလေးကိုဖွားမြင်ပြီးပြန်တော့ကိုယ်ဝန်ရဲ့အညစ်အကြေးတွေကိုဆေးကြောဖို့ရာ ရေကမရှိပြန်ဘူးကိုး၊ အဲဒါနဲ့ မိမိခေါင်းတင်ခဲ့တဲ့ တဘက်ကလေးနဲ့ သားကလေးကို ဖုံးလွှမ်းပြီးတော့ ရေရှာထွက်သွားရပြန်သတဲ့။

အဲသလို သားကလေးအတွက် စိတ်လက်မအေးပဲနဲ့ ရေရှာထွက်သွားခဲ့လေရာ၊ ရေကလဲ အနီးအနားမှာ မတွေ့တော့ အတော်လေး ကြာသွားတာပေါ့လေ၊ ဒီတော့ ရာဇဂြိုဟ်မြို့ထဲက ကုန်သည်ကြီး တယောက်ကလဲ ဇရပ်အနီးသို့ရောက်လာလို့ ကလေးငိုသံကြားတာနဲ့ ဇရပ်ပေါ် တက်ကြည့်လေရာ ကလေးတယောက်ကိုတွေ့တာနဲ့ ကုန်သည်ကြီးကလဲ သား-သမီးတယောက်မှ မရှိတော့ အားရရွှင်ပျစွာနှင့်....

ဟန်ကျလိုက်တာ အိမ်က မိန်းမမြင်ရင် ဘယ်လောက်များ ဝမ်းသာလိုက်မလဲ။

အဲသလို ဝမ်းမြောက် ရွှင်ပျစွာ ပြောဆိုပြီး တော့ ကလေး ကလေးကို အဝတ်နှင့်ထွေးကာ ယူသွားပါရောတဲ့ ဒကာ-အောင်ရဲ့။

အဲဒီ ကလေး ကလေးဟာ ပစ္ဆိမဘဝိက ရဟန္တာ လောင်း က လေး တဲ့ ဒကာ-အောင်ရဲ့၊ ဒါပေမဲ့ သံသရာဆိုတာ တယ်ကြောက်စရာကောင်းတယ်နော်၊ နောက်ဆုံး ရဟန္တာဖြစ်မဲ့ ဘဝတောင်မှ ဒုက္ခအမျိုးမျိုးကို တွေ့ ရ သေး တယ် ဒကာ-အောင်ရဲ့။

အဲ-ရေရှာ ထွက်သွားလိုက်တဲ့ မယ်ဒုက္ခာလဲ ရေကို ယူဆောင်ပြီး သားကလေးအတွက် စိတ်လက်မအေးပဲနဲ့ ပြန်လာခဲ့လေရာ၊ ဇရပ်ပေါ် ရောက်တော့ သားကလေးကို မတွေ့ရတော့ဘူးပေါ့။

အဲဒီတော့ မယ်ဒုက္ခာ ဒုက္ခသယ်မကလေးမှာ ယေ ာက္ခမကြီးကို စိတ်နာတာကတမျိုး၊ လင်သားနှင့်မတွေ့ရလို့ ဆင်းရဲတာကတသွယ်၊ ယခုလို သားငယ်ကလေး ပျောက်ဆုံးသွားပြန်တော့ ယူကြုံးမရ- လူလုံးမလှဖြစ်ကာ တခါတည်း ရင်အုံကို စုံထုထုပြီးတော့....

"လင်မီး-သားမီး ဖိစီးပူလောင်လှတဲ့ ဒီအကောဝ်မ၊လူ့ဘဝမှာ မနေချင်တော့ပါဘူး"။

အဲသလို ပြောဆိုမြည်တမ်းပြီးတော့ မြေပြင်မှာလူးလို့ ရူးမတတ်ငိုကြွေးရှာတယ်တဲ့။

ဒါ့ကြောင့် မာန်လည်ဆရာတော်ကြီးက....

တဏှာလက်ဖွဲ့၊ ဆောက်နှင်းဖွဲ့ သား၊ ဆင်းရဲအတိ၊ ရံဘိပတ်လည်၊ ဤလူ့ပြည်ကား၊ သာ်းစဉ် မြေးပွား-မီးပုံလားသို့၊ငါးပါးကာမာ၊ဝဋ္ဋမီး စာရှင့်၊ ဃရာဝါသ၊ သမ္ဗာဓဟု၊ ဒုက္ခဆိုးတောင်း၊ ကျဉ်းမြောင်းပွေလီ၊ တအီအီလျှင်၊ ကသီလင်တ၊ လောင်မီးကျသို့၊ နေ့ညပူဆာ၊ လွန်ကြီး စွာခဲ့....။ (မဃဒေဝ လင်္ကာ)

အဲဒါလို မိန့်ဆိုထားပါတယ်။

## ခြေဦးတော်ရာ-လှည့်သွားရှာပြီ

အဲ-မယ်ဒုက္ခာဆိုတဲ့ ဒုက္ခသယ်မကလေးမှာ လင်သားနောက် အားခဲပြီး လိုက်လာပြန်တော့လဲ လင်သားနှင့်မတွေ့ရ၊ သားကလေးကလဲ ပျောက်ဆုံးသွားပြန်ဆိုတော့ "ဒီလိုသာဖြင့် သေတာက ကောင်းပါတယ်၊ ကဲလေ....မထူးတော့ပါဘူး၊ ကိုယ့်မသာ ကိုယ်ထမ်းပြီးတော့ တောလမ်းကိုပဲ ရှောက်တော့မယ်၊ ရောက်ချင်ရာ ရောက်ပစေတော့"။

အဲသလို ပြောဆိုမြည်တမ်းပြီး ခြေဦးတော်ရာသို့သာ ထွက်ခွာသွားရှာတယ်တဲ့ ဒကာ-အောင်ရဲ့။

အင်း....မယ်ဒုက္ခာ ဒုက္ခသယ်မကလေးမှာ သမုဒယသစ္စာ တဏှာက ထူထောင်ပေးလိုက်တဲ့ ဒုက္ခတွေဟာ နောက်ကဟောခဲ့တာထက်တောင် ပိုလွန်သွားပြီမဟုတ်လား ဒကာ-အောင်ရဲ့။ ဒါဟာ မကုန်သေးဘူးနော် လာလိမ့်အုံးမယ်၊ နားသာ ထောင်ကြပေတော့။

အဲသလို ခြေဦးတော်ရာ ထွက်ခွာသွားလိုက်တာ တောနက်ကြီးထဲကို ရောက်သွားပါရောတဲ့ ဒကာ-အောင်ရဲ့။

အဲ-တောကြီးတောင်ကြီးထဲမှာ ငိုလိုငို-ရီလိုရီနှင့် စိတ်ကတောက်ကတက်ဖြစ်ကာ တလှုပ်လှုပ်လာခဲ့လေရာ ခိုးသူကြီးနှင့် ပက်ပင်းမှာ သွားတွေ့ပါရောတဲ့ ဒကာ-အောင်ရဲ့။ ခိုးသူကြီးက အစစအရာရာ မေးမြန်းတဲ့အခါ မယ်ဒုက္ခာကလေးမှာ တု,တုန်ရီရီနှင့် ဖြစ်သမျှအကြောင်းစုံကို အကုန်ပြောပြရှာသတဲ့။ ခိုးသူကြီးကလဲ မြင်လိုက်ကတည်းက ချစ်စိတ်တွေပွားနေတဲ့အထဲ အခုလိုပြောတာကို ကြားရပြန်တော့ သနားတာက ပိုလာပြန်တော့တာပေါ့။

အဲဒါနဲ့ တိုတိုပြောတော့ – "မင်း....ဘယ်မှ မသွားတော့နဲ့" လို့ ဆိုပြီး လက်ကိုဆွဲကာ သူနေတဲ့တောနက်ကြီးထဲသို့ ခေါ်ဆောင်သွားပါရောတဲ့ ဒကာ-အောင်ရဲ့။

အင်း-မယ်ဒုက္ခာရဲ့စိတ်ထဲမှာတော့ ဒီခိုးသူကြီးနဲ့ ပေါင်းသင်းနေရတာ ကြည်ဖြူနိုင်မှာမဟုတ်ဘူးနော်၊ အလွန်စိတ်ဆင်းရဲနေတဲ့အခါ နေ့စဉ်နှင့်အမျှ မိမိရဲ့ ငယ်ချစ်လင်နှင့် သားကလေးကိုသာ လွမ်းဆွတ် တမ်းတနေမှာပဲ ဒကာ-အောင်ရဲ့။

အဲ-ဟောဒီနေရာမှာ မယ်ဒုက္ခာအတွက် ပိယဝိပ္ပယောဂဒုက္ခနှင့် အပ္ပိယသမ္ပယောဂ ဒုက္ခ စုံလာတော့တာပေါ့။

ပိယေဟိ၊ ချစ်ခင်မြတ်နိုးသောသူတို့နှင့်။ ဝိပ္ပယောဂေါ၊ ခွဲခွာကွေကွင်းရ၍နေရခြင်းသည်။ ဒုက္ခော၊ ဆင်းရဲလှလေတော့၏။ အပ္ပိယေဟိ၊ မချစ်မမြတ်နိုးသော သူတို့နှင့်။ သမ္ပယောဂေါ၊ အတူတကွ ပေါင်းဖော်၍နေရခြင်းသည်။ ဒုက္ခော၊ ဆင်းရဲလှလေတော့သတည်း-တဲ့။

အဲ မယ်ဒုက္ခာကလေးမှာ "မချစ်သော်လဲ - အောင့်ကာနမ်း" ဆိုတဲ့အဘိုင်း မချစ်ပေမဲ့ ခေးကိုကြောက်ရတဲ့အတွက် ရက်, လ, ကြာမြင့်စွာ ပေါင်းသင်းလာခဲ့လေရာ ဇမ္ဗူတာအလျောက် သမီးကလေးတယောက် ပေါ်ပေါက်လာပြန်သတဲ့ ဒကာ-အောင်ရဲ့။

အင်း-လင်ယောကျ်ားက ခိုးသူကြီး ဆိုတော့ အရာရာမှာ စိတ်ကြမ်း, ကိုယ်ကြမ်းကလဲ လုပ်ပြန်၊ လက်သံုးတော်ခေးကိုလဲ ကြောက်နေရပြန်ဆိုတော့ ဇနီးသယ် မယ်ဒုက္ခာကလေးမှာ စိတ်ချမ်းသာတယ်လို့ ဘယ်အခါမှ မရှိဘူးတဲ့။ ဒါ့ကြောင့် "လင်ဆိုးမယား-ဘဖားဖား၊ သားဆိုးအမေ-တပေပေ" လို့ ဆိုကြတယ်မဟုတ်လား ဒကာ-အောင်ရဲ့။

အဲသလို ခိုးသူကြီးနှင့် ဒုတိယ ခင်ပွန်းသည်အဖြစ် နေထိုင်လာခဲ့ကြရာ၊ တနေ့သ၌ ဇနီးဖြစ်သူ မယ်ဒုက္ခာက သမီးကလေးကို ရှေ့ချီ ချော့မြှူနေစဉ် လင်ဖြစ်သူ ခိုးသူကြီးက ဘာများ အလိုမကျလို့လဲ မသိဘူး ခေးနဲ့ တအားလွှဲ၍ ခုတ်မလို့ရွယ်ပြီးမှ အနီးရှိဒုတ်နှင့် ရုတ်တရက် ရိုက်မလို့အလုပ် ကလေးကို ထိမိမှာ ဆိုးတာနဲ့ ကပျာကယာ ပုခက်ထဲသို့ ပစ်ထည့်လိုက်ရသတဲ့ ဒကာ အောင်ရဲ့။

သူခိုးကြီးလဲ ရိုက်နှက်ပြီး တောထဲထွက်သွားပါရောတဲ့။အဲဒီအခါ သမီးကလေးကိုယူ၍ကြည့်လိုက်တော့ ခေါင်းမှာ ပုခက်စောင်းနှင့်ထိခိုက်လို့ပေါက်ပြဲသွားတာကို မြင်ရလျှင်-

''အင်း-ဒီတခါမှ ငါ့ကိုသတ်တော့မှာပဲ၊ ကမ္ဘာမီးလောင်-သားကောင်ကို ချနင်း-ဆိုတာလို ကိုယ့်အသက် အသေခံလို့တော့ နေရာ မကျသေးဘူး၊ တပြည်တရွာ ပြေးမှပဲ''။

အဲသလို ကြံပြီးတော့ သမီးကလေးကိုထားခဲ့ကာ ထွက်ပြေးပါရောတဲ့ ဒကာ-အောင်ရဲ့။ အဲသလိုထွက်ပြေးလာလိုက်တာ အရင်က သားကလေးဖွားတဲ့ ရာဇဂြိုဟ်မြို့အနီးရှိ ဇရပ်ကြီးသို့ရောက်ပြန်ပါရောတဲ့။အဲဒီတော့ အရင်ကပျောက်သွားတဲ့ သားကလေးကို အမှတ်ရပြီး အဟောင်းကို အသစ်လုပ်ကာ ငိုကြွေးရှာပြန်ပါရောတဲ့ ဒကာ-အောင်ရဲ့။

အင်း-ယခုကာလမှာလဲ အဟောင်းကို အသစ်လုပ်ကြတာ ရှိသေးတယ် ဒကာ-အောင်ရဲ့။ အသုဘအလောင်းကို သုသာန်သို့ လိုက်ပို့ကြတဲ့အခါ တချို့ ဒကာမကြီးတွေက သူ့ထက်ငါ ဆိုင်ရာမြေပုံသို့သွားကြပြီးတော့ ငိုကြသေးတယ်။ ကိုယ်လိုက်ပို့တဲ့ အသုဘအလောင်းကိုမှ အားမနာရှာနိုင်ကြဘူး။ဟိုဘက်က အငိုကောင်းတဲ့ ဒကာမကြီးတွေက ဘုန်းကြီးကို မျက်စောင်းမထိုးနဲ့ မျက်စိစောင်းတတ်တယ်နော်။

အဲ-ထို့နောက် မယ်ဒုက္ခာမှာ ''အင်း-ငါဒီလိုနေလို့ဘော့မဖြစ်သေးဘူး'' လို့ အကြံရပြီးတော့ ရာဇဂြိုဟ်မြို့ထဲသို့ဝင်ကာ ဘိက္ခုနီမတို့၏ အရံထဲက ဇရပ်တဆောင်မှာ တည်းခိုနေထိုင်ပြီးလျှင် တယောက်ထည်း ရှာဖွေစားသောက်ယှို နေတယ်တဲ့ ဒကာ-အောင်ရဲ့။

အဲသလို နေထိုင်လာခဲ့လေရာ နှစ်ပရိစ္ဆေဒအားဖြင့် အတော်ကလေးကြာသွားတော့ မြို့ထဲက တဆယ့်ခြောက်နှစ်, တဆယ့်ခုနစ်နှစ် အရွယ်လောက်ရှိတဲ့ လူပျိုကလေးတယောက်နှင့် လောကဓမ္မတာအလျောက် သမုဒယသစ္စာ တဏှာက ချစ်ခင်နှစ်သက်ကြပြီးသကာလ အိမ် ထောင် ပြု ကြ ပြန် ပါရောတဲ့ ဒကာ-အောင်ရဲ့။

အင်း-ပစ္ဆိမဘာဝိက ရဟန္တာမအလောင်းသော်မှပင် ဘယ်လောက်များ သံသရာစက်၏ အနှောင့်အယှက်ကို ခံရတုံးဆိုတာ စဉ်းစားကြည့်ကြစမ်းပါ။ မယ်ဒုက္ခာက ခန့်မှန်းခြေအားဖြင့် သုံးဆယ့်ငါးနှစ်လောက်။ အဆိုပါ လူပျိုကလေးကတော့ တဆယ့်ခုနစ်နှစ်ခန့်လောက် ရှိတော့မပေါ့။ လောကဓမ္မတာ ဆိုတာ တယ်ခက်တာကိုး ဒကာ-အောင်ရဲ့။ ပျိုတာပဲဖြစ်ဖြစ်-အိုတာပဲဖြစ်ဖြစ် တဏှာကမြှူလိုက်မှဖြင့် ကြည်ဖြူနှစ်သက်တော့တာပဲတဲ့။ ဒါ့ကြောင့်....

ပုထုဇ္ဇန၊ ထိုမျှပုဂ္ဂိုလ်၊ များလူဗိုလ်တို့၊ မလိုမကောင်း၊ လိုလျှင်ကောင်း ရှင့်၊ အဟောင်း၊အသစ်၊ ပျို-အိုဖြစ်လည်း၊ မချစ်မလှ၊ ချစ်လျှင်လှ၏၊ လောကဓမ္မတာ၊ လှတ်ထွာတည်း။ (မဃဒေဝ လင်္ကာ)

လို့ မိန့်ဆိုထားပါတယ်။

အဲ - ကိုယ်က ချစ်မှဖြင့် ပါးရေ နားရေတွေ လိပ်နေသော်လဲပဲ လှလာ တော့တာပဲတဲ့ ဒကာ-အောင်ရှဲ။

အဲဒီ မယ်ဒုက္ခာရဲ့တတိယမြောက် ခင်ပွန်းသယ်ဖြစ်တဲ့ ယောကျ်ားကလေး ဟာ ဘယ်သူထင်သလဲ ဒကာ-အောင်ရှဲ။ တခြားသူမဟုတ်ဘူး၊ ရာဇဂြိုဟ်မြို့အပြင် က ဇရပ်ပေါ်မှာ မွေးဖွားပြီးခါစ ပျောက်သွားရှာတဲ့ မယ်ဒုက္ခာရဲ့ သားဦး ကလေးပေါ့ ဒကာ-အောင်ရှဲ။ တယ်လဲ ဆန်းကြယ်တဲ့သံသရာပဲနော်။ ဒါ့ကြောင့် သံသရာဟာ စက်ဆုပ်စရာကောင်းတယ် ဒကာ-အောင်ရှဲ။

အဲသလိုသားနှင့်အမေ လင်-မယားဖြစ်ကြပြီးတော့ ရာဇဂြိုဟ်မြို့ထဲမှာပင် ကုန်ရောင်း-ကုန်ဝယ်အလုပ်ဖြင့် လုပ်ကိုင် စားသောက်ပြီး နေထိုင်လာခဲ့ကြရာ၊ နှစ်-နှစ်က သုံးနှစ်ဆိုသလို အတော်ကလေးကြာသွားတယ်တဲ့ ဒကာ အောင်ရှဲ။

## တောမြိုင်ထဲက သမီးလှ

အဲ - တောမြိုင်ကြီးထဲမှာ သူခိုးကြီးနဲ့ရခဲ့တဲ့ သမီးကလေးကလဲ ဆယ့် ခြောက်နှစ်, ဆယ့်ခုနစ်နှစ်လောက် အပျိုပေ ကကလေးအရွယ် ရှိသွားပေပြီတဲ့၊ သူ့ရဲ့နာမည်ကိုတော့ "အလှ"လို့ ခေါ်ချင် ခေါ်ပေတော့။ အဲဒီ အလှဆိုတဲ့ အမျိုးသမီးကလေးကလဲ "ငှက်ပျောပင်စိုက်-မိလိုက် ဖပါ"ဆိုသလို ရာဇဂြိုဟ် မြို့သို့လာပြီးတော့ မယ်ဒုက္ခာတို့အိမ်မှာပင် တည်းအိမ်, စားအိမ်လုပ်၍ကုန်ရောင်း ကုန်ဝယ်အလုပ်ကိုပဲ လုပ်ကိုင်သတဲ့ ဒကာ-အောင်ရှဲ။

အင်း....မယ်ဒုက္ခာတို့နှင့် အလှကလေးဟာ တဦးနှင့်တဦး ဖောက်သယ် ပင်သယ် ဖြစ်ကြကာ အလွန်ရင်းနှီးချစ်ခင်ကြတာပေါ့၊ ဒါပေမဲ့ အမေမှန်း, သမီး မှန်းတော့ မသိကြသေးဘူးတဲ့ ဒကာ-အောင်ရှဲ။

အဲသလို ရင်းနှီးစွာ ပေါင်းသင်း၍ နေထိုင်လာခဲ့ကြရာ အတော်ကလေး ကြာသွားတော့ မယ်ဒုက္ခာရဲ့ လင်ယောကျ်ား "ကိုက်ပေါ် ကလေးက ငါးပိပ် မြင်တော့ - ငါးကင်ပစ်" ဆိုတာလို အလှကလေးကို မြင်လို့လား မသိဘူး၊ သူ့မယား မယ်ဒုက္ခာကို ဒီလို ပြောသတဲ့။

ဗျာ....ကျွန်တော့မှာ အမေလောက်ရှိတာကို မယားလုပ်နေရတော့ လောကမှာ အဆင်မပြေလှဘူး၊ လမ်းလျှောက်လို့မှ အတူတွဲပြီး လူထဲရောက်အောင် မသွားရဲဘူး၊ ဒီတော့ ကျွန်တော်နဲ့ သက်တူ-ရွယ်တူကို ရှာချွယူပါရစေ၊ အဲသလို ပြောသတဲ့ ဒကာ-အောင်ရဲ့။

အင်း....တဏှာဆိုတဲ့တရားဟာ တယ်ခက်ပါလား''သောက်လေ သောက်လေ-ငတ်မပြေ''ဆိုတာလိုပဲ ဒကာ-အောင်ရဲ့။

အဲဒီတော့ မယားဖြစ်တဲ့ မိခင်ကြီး မယ်ဒုက္ခာကလဲ အင်း....သူပြောတာ ဟုတ်တာပဲ၊ အမေလောက်ရှိတာနဲ့ နေရတာဟာ ချမ်းသာ ကျေနပ်မှာ မဟုတ်ပေဘူး။

အဲဒါလို အကင်း, အညှာကို သိတာလဲ တဖြာ၊ ကိုယ်ချင်းစာတာကလဲ တသွယ်၊ အဲဒီ အဖြယ်မယ်တွေကို တွေးတောအောက်မေ့ပြီးတော့....

''အေးပါ မောင်ရယ်..မောင့် စကားကိုလဲ မပယ်ပါဘူး၊ ကျုပ်ကိုလဲ ပစ်မထားပါနဲ့၊ တခြားကိုလဲ ရှာနေဖို့ မလိုပါဘူး။ ချစ်လောက်, ခင်လောက်တဲ့ အပျိုစင်တယောက်ကို ရှာပေးပါမယ်၊ မယားငယ်ဆိုတာ မယားကြီးနဲ့သင့်တင့်မှလဲ လင်သား စိတ်ချမ်းသာရတယ် မောင်ရဲ့၊ သို့အတွက် ဟောဒီ ကျုပ်တို့အိမ်မှာ တည်းခိုရောင်းချပြီးတော့နေတဲ့ သူငယ်မလေးကိုပဲ နှားချပြီးတော့ စေ့စပ်ပေးပါမယ်၊ အဲသလိုပြောသတဲ့ ဒကာ-အောင်ရဲ့။

ဒါနဲ့ တိုတိုပြောတော့ အဲဒီသူငယ်မလေးနှင့် စေ့စပ်ပြီး သူ ကိုယ် တိုင်လက်ထပ်ပေးတော့တာပေါ့၊ကဲ-ကြည့်တော့လေ ဘယ်လောက်များ ကြက်သီးထစရာ ကောင်းတုံးဆိုတာ၊ ဒါဟာ သံသရာမှာ ကံစီမံတဲ့အတိုင်း ဖြစ်ရတာပဲ ဒကာ-အောင်ရဲ့၊ ဒါ့ကြောင့် သံသရာကို ကြောက်ရမယ်လို့ ဆိုတာပေါ့။

## သုံးပွင့်ဆိုင်သရုပ်-ပေါ်လာပြီ

ကိုင်း..အမေရယ်,သားရယ်,သမီးရယ်၊ အဲဒီ ''သုံးပွင့်ဆိုင် ဇာတ်လမ်း'' အရုပ်ကြီးဟာဖြင့် ယခု သရုပ်ပေါ်လာကြပြီ မဟုတ်လား ဒကာ-အောင်ရဲ့။ အမေက မယားကြီး၊ သမီးက မယားငယ်၊ သားကတော့ လင်တဲ့၊ ဘယ်လောက်များ ဆန်းတဲ့ ဇာတ်တုံးဆို၊ ဒါဟာ သံသရာတဲ့ ဒကာ-အောင်ရဲ့၊ ဒါ့ကြောင့် သူတို့ရဲ့ဇာတ်လမ်းကို ''သုံးပွင့်ဆိုင် ဇာတ်ဆန်း''လို့ အမည်တပ်လိုက်ပါတယ်။

အဲ-ထို့နောက် သူတို့ရဲ့ လွဲမှားတာတွေကို အထင်အရှား သိရပြန်တော့လဲ အလွဲဇာတ်လမ်းကို စခန်းသိမ်းလိုက်တဲ့အခါမှာ သူ တို့ သုံး ယောက် စ လုံး ဟာ အလွန်ကိုယဉ်တဲ့ အယဉ်တကာ့ထိပ်တန်း ရဟန္တာအထိ ဖြစ်သွား ကြ ပြန် တယ် ဒကာ-အောင်ရဲ့။

သို့အတွက် "သုံးပွင့်ဆိုင် ဇာတ်ဆန်းယဉ်"လို့လဲ ခေါ်ထိုက်ပါပေတယ် ဒကာ-အောင်ရှဲ၊ အဲဒါကြောင့် ယခုဟောတဲ့ တရားတော်ကို နာမည်အပြည့်အစုံ ထည့်သွင်းပြီး သကာလ "သစ္စာလေးခိုင်-သုံးပွင့်ဆိုင် ဇာတ်ဆန်းယဉ် တရားတော်"လို့ အထူးထွင်၍ အမည်တင်လိုက်ရပါတယ်။

အဲဒါ "သစ္စာလေးခိုင်-သုံးပွင့်ဆိုင် ဇာတ်ဆန်းယဉ်"လို့ ခေါ်ဆိုရတဲ့ အကြောင်းပါပဲ ဒကာ-အောင်ရှဲ။

## ဖယားကြီး-မယားငယ် သန်းရှာတယ်

အဲ-သူတို့သုံးပွင့်ဆိုင် အလွဲဇာတ်လမ်းကြီး လွဲမှန်းသိရတာကတော့ ဒီလိုတဲ့ ဒကာ-အောင်ရှဲ၊တနေ့သ၌ အားလပ်တဲ့အခါမှာ မယားကြီးနှင့်မယားငယ်ဟာ ပျင်းပျင်းရိရိရှိတာနဲ့ "ယောကျ်ားပျင်းတော့ - ကျောခင်း၊ မိန်းမပျင်းတော့- ခြေဆင်း"ဆိုသလို တယောက်တလဲ ခြေဆင်းပြီးတော့ ခေါင်းမှာ သန်းအရှာ ခံကြသတဲ့ ဒကာ-အောင်ရှဲ။

အင်း....ဒီလို သန်း ရှာ ချင် တာ ဟာ တ ချို့ မိန်း မများရဲ့ ဝါသနာပေါ့ ဒကာ-အောင်ရှဲ၊ တချို့သန်းရှာရင်းက "ဘယ်သူက ဘယ်လိုတဲ့" စသည်ဖြင့် အတင်းပြောကြပါရောတဲ့၊ အင်း-အတင်းပြောတတ်တဲ့ဒကာမတွေကဖြင့် ဘယ်လိုများ အောက်မေ့မတံး မသိဘူး၊ မအောက်မေ့ကြနဲ့နော်၊ ဒီ ပရိသတ်ကြီးထဲက ဒကာမကြီးတွေကို ပြောတာ မဟုတ်ပါဘူး။

အဲသလို နှစ်ယောက်သား သန်းရှာကြလေရာ မယားငယ်ခေါင်းအလှည့် ကျတော့ ထိပ်လယ်မှာ အမာရွတ် ကလေးတခုကို တွေ့ပါလေရောတဲ့ ဒကာ-အောင်ရှဲ။

## သုံးပွင့်ဆိုင် အမှား ဇာတ်ဟာ-လုံးလုံးပေါ်ပြီ

အဲ-ဒီတော့ မယားကြီးက မေးတာနဲ့ မယားငယ်က....

"အမရယ်·ပြောရမှာတောင် ဝမ်းနည်းပါတယ်၊ ကျမ ငယ်ငယ်တုန်းက တောကြီးထဲမှာ အမေနဲ့အဖေ ရန်ဖြစ်ပါရော၊ အဖေက အမေကိုရိုက်မလို့လုပ်ရာ ကျမကိုရိုက်မိမှာစိုးတာနဲ့ အမေက ကပျာကယာ ပုခက်ထဲပစ်ထည့်လိုက်ပါရော၊ ဒါနဲ့ ပုခက်စောင်းနဲ့ထိခိုက်ပြီး ခေါင်းပေါက်သွားပါတယ်၊ အမေလဲ အဖေ့ကို ကြောက်တာနဲ့ ထွက်ပြေးလိုက်တာ အခုထက်ထိ ဘယ်မှာ နေတယ်လို့ မသိရ တော့ဘူး၊ ဒီလောက်သာ အဖေပြောပြလို့ သိရပါတယ်"။

အဲသလို ပြောပြလိုက်တော့ အမေဖြစ်နေတဲ့ မယားကြီးက "အမယ်လေး ဖြစ်မှ ဖြစ်ရပလေ ငါ့သမီးရဲ့"လို့ ဆိုပြီး သမီးကို ပွေ့ဖက်ကာ နှစ်ယောက်သား ငိုရှိ ကြရှာသတဲ့ ဒကာ-အောင်ရှဲ။

အဲသလို ငိုရှိနေကြတုန်း လင်ဖြစ်သူက အရေးတကြီး ပြေးလာပြီတော့ အကျိုးအကြောင်းကိုမေးသတဲ့၊ ဒီတော့မယားကြီးကသမီးဖြစ်နေတဲ့အကြောင်းကို စုံလင်အောင်ပြောပြ၍ သဲသဲမဲမဲ ငိုနေရှာသတဲ့၊ ဒီတော့မှ လင်ယောကျ်ားကလေးက အားပေးတဲ့အနေနှင့်...

"တိတ်ပါဗျာ၊ ခင်ဗျားတို့မှာ အခု ပြန်တွေ့ကြရတော့ တော်သေးတာပေါ့၊ ကျုပ်မှာဆိုရင် အမေနှင့်အဖေကို မြင်ဖို့ရာမဆိုထားနှင့် နာမည်ကိုတောင် မကြားဘူးပါဘူး၊ ကျုပ်မှာ အမေ မွေးပြီးတော့ မြို့ပြင်က ဇရပ်ကြီးပေါ်မှာ ပစ်ထားခဲ့တယ်၊ အခုရှိတဲ့ ဖခင်ကြီးက ကောက်ယူပြီး မွေးစားထားလို့ သာ အသက်ရှင်ရတာ-"

အဲဒါလို ပြောလိုက်တော့ မိခင်ဖြစ်နေတဲ့ မယ်ဒုက္ခာမှာ...

"အမယ်လေး အခုမှ စုပြီးတော့ ဖြစ်မှ ဖြစ်ရပလေ"။

အဲသလို ပြောဆိုပြီး သားကိုဖက်ကာ ငိုကြွေးရှာပြန်ပါရောတဲ့ ဒကာ-အောင်ရဲ့။

အဲ-ဒါတွေဟာ ဒုက္ခသစ္စာချည်းပဲလို့သာ မှတ်ကြပေတော့။

## ဒုက္ခဇာတ်သိမ်း၍ အမှုငြိမ်းကြပြီ

အဲ-မယ်ဒုက္ခာတို့ သား,အမိတတွေမှာ သမုဒယ ထူထောင်ပေးလိုက်တဲ့ ဒုက္ခတွေကို ယခု ဇာတ်သိမ်းတော့မယ် ဒကာ-အောင်ရဲ့။

အဲသလို အမေရယ်, သားရယ်, သမီးရယ်-မောင်ရယ်,နှမရယ်-လို့ သိကြရတဲ့အခါကျတော့မှ...

အော်-ငါတို့ရဲ့ ဖြစ်ရပုံ,ကြုံရပုံများဟာ လူကြားလို့မှကောင် မသင့်တော်ပါကလား၊သံသရာဟာ တယ်ကြောက်စရာကောင်းပါကလား။အဲသလိုပြောဆိုကြပြီးတော့ သတိသံဝေဂ ရကြကာ မြတ်စွာဘုရား၏ သာသနာတော်သို့ ဝင်ရောက်ပြီး ရဟန်းပြုကြတယ်တဲ့ ဒကာ-အောင်ရဲ့။

အဲ-သားဖြစ်သူက ရဟန်း ယောကျ်ားများ ကျောင်းသို့သွားပြီး ရဟန်းအဖြစ်ကိုပြုတာပေါ့၊သမီးနှင့်အမေကတော့ ရဟန်းမိန်းမများထံသွားပြီး ရဟန်းမိန်းမ(ဘိက္ခုနီမ)များ ပြုကြသတဲ့ ဒကာ-အောင်ရဲ့။

## တဏှာကို အသည်းနာ၍ တရားအားထုတ်ကြလေပြီ

အဲသလို ရဟန်း ပြုကြပြီးတဲ့နောက် သား, ရဟန်းတော် ကလေးကား-အော်-ငါ့မှာ ဒုက္ခအမျိုးမျိုးတွေကို တွေ့ရပြီးတော့ အမေမှန်း, နှမမှန်း မသိရအောင်ဖြစ်ရတာတွေဟာ တခြားမဟုတ်ဘူး။"အရင်းစစ်တော့-အမြစ်မြေက" ဆိုသလို သမုဒယသစ္စာခေါ်တဲ့ တဏှာရဲ့ လက်ချက်တွေပါကလား"။

အဲတာလို ကြံဖန်စဉ်းစားပြီးတော့ သမုဒယသစ္စာ တဏှာကိုအသဲနာကာ ဒီဘဝမှာပင် ဒီတဏှာကို အပြတ် သတ်တော့မဟဲ့လို့ ကြုံးဝါးပြီးတော့ ဂင်္ဂါမြစ်ကမ်းအနီးမှာ ထန်းရွက်မိုးကမ္မဋ္ဌာန်းကျောင်းကလေးတခုကို ဆောက်လုပ်၍ "ငါသည် ရဟန္တာ မဖြစ်သမျှ စကားလုံးဝမပြောတော့ဘူး"။

အဲသလို အဓိဋ္ဌာန်ပြီးသကာလ မဂ္ဂသစ္စာခေါ်တဲ့ မဂ္ဂင်ရှစ်ပါး ဝိပဿနာတရားကို ကြိုးစားအားထုတ်လို့ နေတယ်တဲ့ ဒကာ–အောင်ရဲ့။

မြစ်ကမ်းအနီးမှာ နေထိုင်တော်မူတာနဲ့ လူအများက "ဂင်္ဂါတီရိယ မထေရ်-ဂင်္ဂါတီရိယကိုယ်တော်"လို့ ခေါ်ကြသတဲ့။

ဂင်္ဂါတီရေ ဝ သတီတိ ဂင်္ဂါတီရိယော။ အဲသလို ဝိဂ္ဂိုဟ်ဆိုရမယ်။

ယော တေရော၊အကြင်မထေရ်သည်။ ဂင်္ဂါတီရေ၊ ဂင်္ဂါမြစ်ကမ်းအနီး၌။ ဝသတိ၊ နေတော်မူတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သော ထေရော၊ ထိုမထေရ်သည်။ ဂင်္ဂါတီရိယော၊ "ဂင်္ဂါတီရိယ"မည်၏။

အဲဒီ ဂင်္ဂါတီရိယကိုယ်တော်ဟာ ဝိပဿနာတရားကိုအားထုတ်ပြီးနေတာ တနှစ်ကျော်၍ နှစ်–နှစ်အတွင်းသို့ ရောက်သွားပြီတဲ့။ တရားထူးကိုတော့ မရသေးဘူးပေါ့။

အဲဒါနဲ့ ဆွမ်းခံရွာထဲက ဒကာမတယောက်ကလဲ"ဒီကိုယ်တော် ဆွမ်းခံလာနေတာ နှစ်–နှစ်လောက် ရှိသွားပြီ၊ စကားတခွန်းမှ ပြောသံမကြားရဘူး၊ အဓိဋ္ဌာန်ထားလို့လား၊ အ–အ ဖြစ်နေလို့ပဲလား"။

အဲတာလို စဉ်းစားကြံစည်ပြီးတော့ ကွဲပြားစွာသိလိုတဲ့အနေနဲ့ ကိုယ်တော် ဆွမ်းခံဝင်လာတဲ့အခါ နို့ရည်ကို သပိတ်ထဲလောင်းထည့်သတဲ့ ဒကာ–အောင်ရဲ့။ တယ်အကြံပိုင်တဲ့ ဒကာမပဲနော်။ ဒါနဲ့ ကိုယ်တော်က အဓိဋ္ဌာန်ပျက်မှာစိုးလို့ လက်ဝါးကာပြသော်လဲ မသိချင်ယောင်ဆောင်ပြီး လောင်းမြဲ လောင်းတော့တာပဲတဲ့။ ဒီတော့မှ ကိုယ်တော်က"အလံ ဘဂိနီ၊ တော်လောက်ပြီ နှမ"။

အဲတာလို "ဒကာမကြီး....တော်လောက်ပြီ" လို့ နှုတ်တော်က ဖွင့်ဟ၍ ပြောလိုက်ရသတဲ့ ဒကာ–အောင်ရဲ့။

အင်း–ဒကာမများဟာ တယ်ခက်တာကိုး ဒကာ–အောင်ရဲ့။ဘယ်မှာ.... ဘာတဲ့ ဆိုရင် သူတို့က အရင်ရောက်အောင် သွားလိုက်ကြတာပဲ။ အခုကြည့်တော့လေ ကိုယ်တော်က သူ့ အဓိဋ္ဌာန်နဲ့ သူ စကား မပြော ပဲ နေတာကိုပင် နို့ရည်နှင့် စမ်းသတဲ့ ဒကာ–အောင်ရဲ့။

အင်း–ဘယ်မှာဘာတဲ့လို့ သနိုကနဲဆိုရင် နနိုကတည်းသွားချင်–သိချင်ကြတဲ့ ဒကာမတွေကတော့ ဘယ်လိုများ အောက်မေ့မပုံး မသိဘူး။ ဘာမှ မအောက်မေ့ကြနဲ့ သတိပေးတာနော်။

ခေတ်—၂၈၊ (ဒုတိယအကြိမ်)

အဲ ကိုယ်တော်မြတ်လဲ နှစ်-နှစ်အတွင်းမှာ ''အလံ ဘဂိနီ'' ဆိုတဲ့-စကား ကလေးတခွန်းမျှကိုသာ ပြောဘူးသတဲ့ ဒကာ-အောင်ရဲ။ သို့အတွက် ကမ္မဋ္ဌာန်း သမားများဟာ စကားနည်းနိုင်သမျှနည်းကြရတယ်။ဟောဒီမှာ ရှေးဆရာတော် များ ဆုံးမထားတာက ''စကား၊ အစား၊ အအိပ်များ နည်းပါကြစေပါ''-တဲ့ ဒကာ-အောင်ရဲ။

အဲဒီ မထေရ်မြတ်လဲ ရှေ့သို့ ဆက်လက်ပြီး တော့ ဝိပဿနာတရားကို အားထုတ်လိုက်တာ သုံးနှစ်အတွင်းမှာပင် တဏှာကို အနိုင်ရပြီး နိရောဓသစ္စာ ခေါ်တဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုရကာ ရဟန္တာအဖြစ်သို့ ရောက်သွားတယ်တဲ့။

အဲ-မိခင်နှင့် သမီးတို့လဲ ဘိက္ခုနီမများပြုပြီးတဲ့နောက် သူတို့ရဲ့မှားခဲ့သမျှ တွေကို သံဝေဂတရားရကြပြီးလျှင် ဒီလို ဒုက္ခအရှုပ်တွေကို အဟုတ်ပွေအောင် ထူထောင်ပေးတဲ့ သမုဒယသစ္စာတဏှာကိုဖြင့် ဒီဘဝ နောက်ဆုံးထား၍ အပြုတ် တိုက်မဟဲ့လို့ ကြုံးဝါးကြပြီးတော့ မဂ္ဂသစ္စာခေါ်တဲ့မဂ္ဂင်ရှစ်ပါး ဝိပဿနာတရား များကို ကြိုးစားအားထုတ်ကြလေရာ မကြာမီအတွင်း သမုဒယသစ္စာ တဏှာ အမြစ်ရင်း ပြုတ်ပြီးသကာလ နိရောဓသစ္စာခေါ်တဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုကြ ကာ ရဟန္တာမများ ဖြစ်သွားကြသတဲ့ ဒကာ-အောင်ရဲ။

အင်း....''မီးခဲပြာဖုံး''ဆိုတဲ့စကားလို သူတို့မှာ သားနှင့်အမိ, မောင်နှင့် နှမမှန်း မသိအောင်ပင် မှားတုန်းကမှားခဲ့ကြသော်လည်း တရားနဲ့တွေ့လိုက်တဲ့ အခါ အမှားဇာတ်သိမ်းပြီးတော့ အခု-ဒုက္ခတွေ, အပူတွေ ငြိမ်းသွားကြပေပြီ မဟုတ်လား ဒကာ-အောင်ရဲ။

အဲဒီအကြောင်းကို ''ဥပ္ပလဝဏ်ထေရီ'' မကြီးက သို့ကလို ဟောကြား ထားပြန်ပါတယ် ဒကာ-အောင်ရဲ။

ကာမေသွာဒီနဝံ ဒိသွာ၊ နေက္ခမံ ဒဋ္ဌု ခေမတော။
သာ ပဗ္ဗဇ္ဇိ ရာဇဂဟေ၊ အဂါရသ္မာ နဂါရိယံ။

သာ၊ထိုလင်နေမှားပြီး မယားကြီး,မယားငယ် ရှက်ဖွယ်ရာဖြစ်ရရှာတဲ့ ''မယ်ဒုက္ခာ''အမျိုးသမီးသည်။ကာမေသု၊ ရှက်ကြောက်ဖွယ်ရာ ဒုက္ခအဖြာဖြာ ကို အားမနာပဲ အမြဲထူထောင်ပေးတဲ့ သမုဒယ သစ္စာခေါ်ငြား ကာမဂုဏ် အယုတ်တရားတို့၌။ အာဒီနဝံ ဒိသွာ၊ ဒုက္ခအလုံးစုံကို ကိုယ်တွေ့ကြုံသဖြင့် အကုန် အပြစ်ချည်းသာကပဲလို့ သိမြင်ပြီးလျှင်။ နေက္ခမံ၊ ဖန်ဝါသကန်း ငတ်ဆင်မြန်း လို့ ရဟန်းပြုပြီးတော့ ကာမဂုဏ် အရှုပ်ဇာတ် အတွင်းမှ အဟုတ်အဟုတ် လွတ်မြောက်ခြင်းဆိုတဲ့ နေက္ခမတရားကို။ခေမတော၊ဘေးကင်းသောအားဖြင့်။ ဒဋ္ဌု၊ သတိပညာဖြင့် ဟုတ်မှန်စွာ သိမြင်သည်ဖြစ်၍။ ရာဇဂဟေ၊ ရာဇဂြိုဟ်မြို့ အတွင်း ဘိက္ခုနီတသင်းတို့၏ နေခင်းသာယာ ကျောင်းတိုက်တာ၌။

အဂါရသူ၊ အိမ်ရာတည်ထောင် လူတို့ဘောင်မှ။ အနဂါရိယ၊ အိမ်ရာမထောင် ရဟန်းမြတ်ဘောင်သို့။ ပဗ္ဗဇိ၊ သားနှင့် မိခင်၊ သမီးဝင်တဲ့ "သုံးပွင့်ဆိုင်" မှားသမျှကို တရားရသိမို့ များလှတဲ့ဒုက္ခအရှုပ်တွင်းမှ လွတ်ကင်းရန်ရည်မှန်းပြီး အော် "သုံးပွင့်ဆိုင်ဇာတ်လမ်း"ဖြတ်ကာ ရဟန်းလုပ်ပါတော့သတည်း။

အဲတာလို"သုံးပွင့်ဆိုင်" မှားသမျှတွေကို တရားရပြီးတော့ များလှတဲ့ ဒုက္ခအတွင်းမှ လွတ်ကင်းရန်ရည်မှန်း၍ ရဟန်းပြုသွားကြတဲ့ "မယ်ဒုက္ခာ" တို့ သား၊အမိ သုံးယောက်မှာ ရဟန္တာချည်းဖြစ်သွားကြ၍ ယခု "သုံးပွင့်ဆိုင်" ဇာတ်လမ်းအရှုပ်တွေ သိမ်းပြီးတော့ ဒုက္ခတွေငြိမ်းကာ နိဗ္ဗာန်ဝင်သွားကြပါ ပြီတဲ့ ဒကာ-အောင်ရဲ့။

ကိုင်း....ဟောဒီ "သုံးပွင့်ဆိုင် ဇာတ်သိမ်း ဒုက္ခငြိမ်းကဗျာကလေး" ကို နားထောင်ကြ။

သမီးနှင့်သား-သိသွားလေပြီ၊
သံဝေဂတရား-ဖြစ်သွားကြသည်။
မဂ်ဖိုလ်မှန်းလို့-ရဟန်းပြုပြီ၊
ဒုက္ခမီး-အပြီး ငြိမ်းတော့သည်။

အဲ သစ္စာလေးခိုင်နှင့် သုံးပွင့်ဆိုင်ဇာတ်ကြောင်းကို ထပ်လောင်းပြီး တော့ အနုသန္ဓေပြန်၍ စစ်လိုက်ကြအုံးရှိ။

"မယ်ဒုက္ခာ"ဆိုတဲ့ မိခင်ရယ်၊ "ကိုကံပေါ်"ဆိုတဲ့ သားရယ်၊ "အလှ" ဆိုတဲ့ သမီးကလေးရယ်၊ အဲဒီ-သုံးဦးဆိုင် "သုံးပွင့်ဆိုင်" ဖြစ်ကြတဲ့သူများမှာ ဒုက္ခအမျိုးမျိုးတို့နှင့် တွေ့ရကြုံရပြီးသကာလ လွဲရ-မှားရတာတွေဟာ ဒုက္ခ သစ္စာတွေ မဟုတ်ပေဘူးလား ဒကာ-အောင်ရဲ့။

အဲဒီဒုက္ခတွေဟာ ဘာကြောင့်ဖြစ်ရသလဲဆိုရင် သမုဒယသစ္စာခေါ်တဲ့ တဏှာရဲ့လက်ချက်ကြောင့် ဖြစ်ရတာချည်းပဲတဲ့ ဒကာ-အောင်ရဲ့။

အဲဒီတော့ ဒုက္ခတွေ အမှားတွေကို ဒုက္ခမှန်း မှားမှန်း သိလာကြတဲ့အခါ အဲဒီတဏှာကိုပဲ အာနာကြတယ်မဟုတ်လား၊ ဒီတော့ တဏှာကိုနိုင်ဖို့ရာ မဂ္ဂ သစ္စာခေါ်တဲ့ မဂ္ဂင်ရှစ်ပါး ဝိပဿနာတရားများကို ကြိုးစားအားထုတ်ကြတော့ တာပေါ့ ဒကာ-အောင်ရဲ့။

အဲသလို အားထုတ်ကြတော့ တဏှာကို အနိုင်ရပြီးသကာလ နိရောဓ သစ္စာခေါ်တဲ့ နိဗ္ဗာန်ကြီးကို မျက်မှောက်ပြုရပြီးလျှင် ဟော-အခု"သုံးပွင့်ဆိုင်" အမှားဇာတ်ကြီး သိမ်းပြီးသကာလ ဒုက္ခငြိမ်းသွားကြပေပြီမဟုတ်လား ဒကာ- အောင်ရဲ့။ အဲဒါကြောင့်-

## သစ္စာလေးခိုင်-သုံးပွင့်ဆိုင်-ဇာတ်သိမ်းကဗျာ

သစ္စာလေးခိုင် သုံးပွင့်ဆိုင် ၂။
သုံးပွင့်ဆိုင် ဇာတ်လမ်းက မှတ်တမ်းအရမှာတော့ မယ်ဒုက္ခာ၊
မယ်ဒုက္ခာ-သားနှင့် သမီးပါဝင်တာ။
သိမြင်ကြတဲ့သစ္စာ မှတ်ဖို့ရာ သရုပ်ကတော့ ဒုက္ခသစ္စာ, သမုဒယသစ္စာ,
မဂ္ဂသစ္စာ, နိရောဓသစ္စာ။

ကိုင်း....''သစ္စာလေးခိုင် သုံးပွင့်ဆိုင်ဇာတ်ဆန်းယဉ် တရားတော်ကြီး'' ပြီးဆုံးသွားပါပြီ၊ တရားအဆုံးသတ်ကြပါစို့ရဲ့။

ယခုဟောခဲ့တဲ့ ''သစ္စာလေးခိုင်-သုံးပွင့်ဆိုင်'' ဇာတ်လမ်းက မှတ်တမ်းတင်ပြရမဲ့ ဝိပဿနာတရားသားအရကို ကြိုးစားအားထုတ်နိုင်ကြပြီးလျှင် မဂ်, ဖိုလ်တိုင်အောင် ဆိုက်ရောက်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြပါစေသတည်း။
(သာဓုခေါ်)

(သစ္စာလေးခိုင် သုံးပွင့်ဆိုင်ဇာတ်ဆန်းယဉ် တရားတော် ပြီးပါပြီ။)

၁၃၂၈-ခု၊ တန်ခူးလတွင် တောင်ငူမြို့၊ မြတ်စောညီနောင် ဘုရားအနီး ဒိုးသောင်ကျောင်း၌ ခေတ္တနေစဉ် ရေးသား၍ ပြီးစီးအောင်မြင်လေသတည်း။

## ဦးရိပ်သာ ၄-ရက်ဟောစဉ်

**အကြောင်းရင်းစကား။** ။ဤစာအုပ်၌ညွှန်ပြထားသော ''ဦးရိပ်သာ ၄-ရက်ဟောစဉ်''တရားတော်များကား ဗုဒ္ဓသာသနာပြု မဟာနွယ်ဘွဲ့ခံ ဓမ္မကထိက ဦးရိပ်သာကိုယ်တော်အရှင်မြတ်သည် သက္ကရာဇ် ၁၃၂၃-ခု သီတင်းကျွတ်ပွဲတော်အခါဝယ် ရေနီမြို့၊ မဟာရိပ်သာ တိုက်အတွင်းရှိ သုဓမ္မာ ဓမ္မာရုံကြီးပေါ်၌ ဟောကြားတော်မူခဲ့သော တရားတော်များ ဖြစ်ပါသည်။

ထိုတရားတော်များကို ခေတ်ကာလအားလျော်စွာ ရှေ့ပိုင်းဟောစဉ်၊ နောက်ပိုင်းဟောစဉ်ဟု ခွဲခြား၍ ၄-ရက်တိတိ ဟောပြောရန်အစီအစဉ်များကို စကားအသွားအလာ ပြေပြစ်စွာ စီစဉ်ပြီးလျှင် ''ဦးရိပ်သာ ၄-ရက်ဟောစဉ်''ဟူသော အမည်ဖြင့် ပြုလုပ်ထားပါသည်။
ဤ ၄-ရက်ဟောစဉ်သည် ဓမ္မကထိက ပုဂ္ဂိုလ်များ အား များစွာ ကျေးဇူးပြုနိုင်ပါစေသတည်း။

ဦးရိပ်သာကိုယ်တော်
''မဟာနွယ်ဘွဲ့ခံ''ဗုဒ္ဓသာသနာပြု။

## ပထမနေ့

## (က) ရှေ့ပိုင်း ဟောစဉ်

အဲ... ယနေ့ ပထမ စ-စဦးနေ့ ဖြစ်တယ်၊ဤပထမ စ-စဦးနေ့မှာ ရှေ့ပိုင်း အရ ခဲယဉ်းစွာလှ-ဒုလ္လဘ လေးပါးတို့တွင် "လူဖြစ်ဖို့ရာ ခဲယဉ်းတယ်" ဆိုတဲ့ ဒုလ္လဘကို ဟောပြမယ်၊ တရားတော်ကို အာရုံစိုက်လိုက်ကြကွဲ။

### ခဲယဉ်းစွာလှ-ဒုလ္လဘ လေးပါး

ကိစ္ဆော မနုဿပဋိလာဘော၊
ကိစ္ဆံ မစ္စာန ဇီဝိတံ။
ကိစ္ဆံ သဒ္ဓမ္မဿဝနံ၊
ကိစ္ဆော ဗုဒ္ဓါနမုပ္ပါဒေါ။

(ဓမ္မပဒ ပါဠိ)

ဘောန္တော သပ္ပုရိသာ၊အို-တရားနာပရိသတ်အပေါင်းသူတော်ကောင်း တို့။ မနုဿပဋိလာဘော၊ လူ့ဘုံဌာန လူ့လောက၌ လူ ဖြစ်ရခြင်း သည်ကား။ ကိစ္ဆော၊ လိပ်ကန်းထမ်းပိုး ဝင်တိုးဖို့ရာ ခဲယဉ်းပါသို့ လွန်စွာ ခဲယဉ်းလှပါ ပေ၏။ မစ္စာနဇီဝိတံ၊ သတ္တဝါတို့၏ ချမ်းသာဆက်တည် အသက်ရှည်ရခြင်းသည် လည်း။ ကိစ္ဆံ၊ဘေးအတန်တန် ရန်အသွယ်သွယ် အန္တရာယ်တွေ များလှပါသဖြင့် လွန်စွာခဲယဉ်းလှပါပေ၏။သဒ္ဓမ္မဿဝနံ၊ နည်းမှန်လမ်းမှန် နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်းတရားကို နာကြားရခြင်းသည်လည်း။ကိစ္ဆံ၊ဘုရားပွင့်မှကြားနာ ရပါသဖြင့် လွန်စွာခဲယဉ်းလှပါပေ၏။ ဗုဒ္ဓါနမုပ္ပါဒေါ၊သုံးလူ့ထွတ်ထားမြတ်စွာ ဘုရားတို့၏ ထင်ရှားထွန်းပ ဖြစ်ပေါ်ရခြင်းသည်လည်း။ ကိစ္ဆော၊ ဘဝသအချို့ ပါရမီတွေပြည့်အောင် ဖြည့်ကျင့်ရပါသဖြင့် လွန်စွာခဲယဉ်းလှပါပေ၏။

တသ္မာ၊ထို့ကြောင့်။ဣဓကာလေ၊ ဘုရားသာသနာ လူဖြစ်လာရ အသက် ရှင်၍နေရသော ဤ ယခုအခါကာလ၌။ သာဓဝေ၊ ဖြူစင်စိတ်ဓာတ် မြင့်မြတ် ပေကောင်း တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့သည်။ သဒ္ဓမ္မံ၊ နည်းမှန် လမ်းမှန် နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်းတရားကို။ သုဏန္တု၊ ရိုသေသမှု အာရုံပြု၍ ဂရုစိုက်ကာ နာကြားနိုင်ကြပါစေသတည်း။

အဲ ...ယခု ရွတ်ဆိုလိုက်တဲ့ တရားဂါထာ ဒေသနာတော်ရဲ့ အကျဉ်းချုပ် ကတော့....

(၁) လူဖြစ်ဖို့ရာ ခဲယဉ်းတယ်တဲ့။
(၂) အသက်ရှည်ဖို့ရာ ခဲယဉ်းတယ်တဲ့။
(၃) တရားနာရဖို့ရာ ခဲယဉ်းတယ်တဲ့။
(၄) ဘုရားဖြစ်ဖို့ရာ ခဲယဉ်းတယ်တဲ့။

ဒီ လေးပါးပါပဲ၊ မှတ်ထားကြကွဲ့။

အဲ....ဒီလေးပါးဟာ ခဲယဉ်းတဲ့ တရားဖြစ်လို့ ''ခဲယဉ်းစွာလှ ဒုလ္လဘ လေးပါး''လို့ နာမည်တပ်လိုက်ပါတယ်ကွယ်။

အဲဒီ-ခဲယဉ်းစွာလှ ဒုလ္လဘလေးပါး တရားတော်ထဲက (၁) လူဖြစ်ဖို့ရာ ခဲယဉ်းတယ်ဆိုတဲ့အကြောင်းကို ယနေ့ ဓမ္မပိုင်းမှာ အကျယ်အားဖြင့်ဟောကြား ပြပါမယ်၊ နားထောင်ကြကွဲ့။

## ၁။ လူဖြစ်ဖို့ရာ ခဲယဉ်းတယ်

မနုဿပဋိလာဘော၊ လူ့ဘုံဌာန လူ့လောကဝယ် လူဖြစ်ရခြင်းသည်ကား။ ကိစ္ဆော၊ လိပ်ကန်းထမ်းပိုး ဝင်တိုးဖို့ရာ ခဲယဉ်းပါသို့ လွန်စွာ ခဲယဉ်းလှပါ ပေ၏။ (ဝါ) အလွန်တရာမှ ခဲယဉ်းလှလေတော့သတည်း။

(က) လူဖြစ်ဖို့ရာ၊ လောကမှာ၊ လွန်စွာခဲယဉ်းလှပါသည်။
(ခ) ခဲယဉ်းလှစွာ၊ လူဆိုတာ၊ ခုခါဖြစ်လို့ နေရပြီ။
(ဂ) လူဖြစ်ရပြန်၊ ကျိုးရှိရန်၊ ကေန်ပြုသင့်လှလေပြီ။

(လိုက်ဆို)

အဲ-မြတ်စွာဘုရားက ''လူဖြစ်ဖို့ရာ-ခဲယဉ်းတယ်''လို့ ဟောတော်မူထား ပါတယ်။

အဲဒီစကားကို သာမညအားဖြင့် စဉ်းစားကြည့်လိုက်မယ်ဆိုရင် မဟုတ် နိုင်ပါဘူးလို့ အောက်မေ့စရာပေါ့ကွဲ့။ ဘာပြုလို့လဲဆိုတော့ ကိုယ့်မျက်စိအောက် မြင်ကွင်းတလျှောက်မှာ လှုပ်ရှား သွားလာနေကြတဲ့လူတွေ မြောက်မြားစွာကို တွေ့မြင်နေကြရလို့ပါပဲတဲ့။ ဒါလောက်များတဲ့လူတွေကို တွေ့မြင်နေကြတော့ လူဖြစ်ဖို့ရာ မခဲယဉ်းလို့သာ ဒါလောက်တောင် များနေတာပဲလို့ အောက်မေ့ စရာပေါ့ကွဲ့။

ထိုအပြင် တိုင်းပြည်နဲ့ချီပြီး ကြည့်လိုက်ကြစမ်းပါအုံး၊ ဤဘုန်းကြီးတို့ မြန်မာနိုင်ငံမှာဆိုရင် လူဦးရေ သန်းပေါင်း သုံးဆယ်လောက်ရှိသတဲ့။ ဒါလောက် များတဲ့ လူဦးရေတွေကို တွေ့နေရတော့ လူဖြစ်ဖို့ရာ မခဲယဉ်းလို့သာ ဒါလောက် တောင် များနေတာပဲလို့ ယူဆစရာပေါ့။

ထို့အပြင် ကိုယ့်တိုင်းပြည်ရဲ့အနီးအနားမှာ တည်ရှိနေတဲ့ အနောက်ဘက်နားက အိန္ဒိယနိုင်ငံကြီးကို ကြည့်လိုက်ကြစမ်းပါအုံး၊ လူဦးရေ သန်းပေါင်း ငါးရာကျော် - ခြောက်ရာလောက် ရှိသတဲ့။ ဒါလောက်များတဲ့ လူဦးရေတွေကို တွေ့နေရတော့ လူဖြစ်ဖို့ရာ မခဲယဉ်းလို့သာ ဒါလောက်တောင် များနေတာပဲလို့ မှတ်ထင်စရာပေါ့ကွဲ့။

ထို့အပြင် ကိုယ့်တိုင်းပြည်ရဲ့ အနီးအနားမှာတည်နေတဲ့ အရှေ့မြောက်ဘက်နားက တရုတ်ပြည်ကြီးကို ကြည့်လိုက်ကြစမ်းပါအုံး၊ လူဦးရေသန်းပေါင်း ခုနစ်ရာကျော်-ရှစ်ရာလောက် ရှိတယ်တဲ့။ ဒါလောက်များနေတဲ့ လူဦးရေတွေကို တွေ့နေရတော့ မခဲယဉ်းလို့သာ ဒါလောက် များနေတာပဲလို့ တွေးတောစရာပေါ့ကွဲ့။

ထို့အပြင် တကမ္ဘာလုံးခြုံပြီး ကြည့်လိုက်ကြစမ်းပါအုံး၊ ကမ္ဘာ့လူဦးရေ သန်းပေါင်း သုံးထောင်ကျော်လောက်ရှိလိမ့်မယ်၊ ဒါလောက်များတဲ့ လူဦးရေတွေကိုတွေ့နေရတော့ လူဖြစ်ဖို့ရာ မခဲယဉ်းလို့သာ ဒါလောက်တောင် များနေတာပဲလို့ တွေးတောစရာပေါ့ကွဲ့။

ဒါပေမဲ့ ဒီလို ကမ္ဘာ့လူဦးရေတွေကို တွက်ကြည့်ပြီးတော့ ဒါလောက်များတာကို တွေ့ရရုံနဲ့လဲ လူဖြစ်ဖို့ရာ ခဲယဉ်းတယ်, မခဲယဉ်းဘူးလို့ မဆုံးဖြတ်ရသေးဘူးတဲ့ကွဲ့။

လူဖြစ်ဖို့ရာ ခဲယဉ်းတယ်,မခဲယဉ်းဘူးဆိုတာကို အသေအချာ အတိအကျသိရအောင်ကတော့ တိရစ္ဆာန်တွေနှင့် လူတွေကို နှိုင်းယှဉ်ပြီး ကြည့်ရမယ်၊ ဘယ်ဒင်းကများတယ်ဆိုတာ အသေအချာသိရမှ အတိအကျ ဆုံးဖြတ်ရမယ်တဲ့။

ဤကမ္ဘာလောကကြီးထဲမှာ တိရစ္ဆာန်တွေ ဘယ်လောက် ရှိနေသလဲဆိုတာ စဉ်းစားကြည့်ရမယ်။

ကိုယ့်ပတ်ဝန်းကျင် အနီးအနားမှာပင် ကြည့်လိုက်စမ်းပါ၊ ကျွဲတွေ,နွားတွေ,ခွေးတွေ, ဝက်တွေ,ကြက်တွေ, ငှက်တွေ,ပရွက်ဆိတ်တွေ,ခြင်တွေ အစရှိတဲ့ တိရစ္ဆာန်တွေကို အများကြီး တွေ့ရပါတယ်။

ဘယ်လောက်များတယ်ဆိုတာကိုတော့မပြောနိုင်တော့ဘူး၊အမျိုးအမည်ကိုတောင်မှ ကုန်စင်အောင် မပြောနိုင်တော့ဘူး၊ ဒါပေမဲ့ ကျက်စားတဲ့နေရာဌာန တူရာကို အကျဉ်းချုံးပြီး ပေါင်းရုံး ရေတွက်ပြပါမယ်။

(၁) ကုန်းပေါ်မှာကျက်စားတဲ့ အမျိုးမျိုးသော တိရစ္ဆာန်တွေ။
(၂) ရေထဲမှာကျက်စားတဲ့ အမျိုးမျိုးသော တိရစ္ဆာန်တွေ။
(၃) ကောင်းကင်မှာကျက်စားတဲ့ အမျိုးမျိုးသော တိရစ္ဆာန်တွေ။
အင်မတန်များပြားတဲ့ တိရစ္ဆာန်တွေကို တွေ့ရပါမယ်။

အခြားအရပ်က အခြား တိရစ္ဆာန်တွေကို အသာ ထားလိုက်ပါအုံး၊ ဘုန်းကြီးကျောင်း ကုန်းပေါ်မှာရှိနေတဲ့ ခြ-တိရစ္ဆာန်တွေပဲ ဘယ်လောက်များနေတယ်ဆိုတာ မျက်မြင်ဖြစ်ကြတယ် မဟုတ်လား။

အဲဒါကြောင့် ဒီ တိရစ္ဆာန်တွေနှင့် ကမ္ဘာ့ လူဦးရေတွေကို နှိုင်းယှဉ်လို့ ကြည့်လိုက်မယ်ဆိုရင် တိရစ္ဆာန်တွေကများပြီးတော့ လူဦးရေတွေက နည်းပါးနေတာကို တွေ့ရပါတယ်။

အဲဒီလိုတွေ့ရတော့ တိရစ္ဆာန်ဖြစ်ဖို့ရာက လွယ်ကူပြီး၊ လူဖြစ်ဖို့ရာ ခဲယဉ်းတယ်ဆိုတာ သိနိုင်ပါတယ်။

ဟောဒီနေရာမှာ မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ "နခသိခသုတ္တန်ဒေသနာတော်"ကို ထုတ်ဖော် ဟောပြောပါမယ်။ အဲဒီ နခသိခသုတ္တန်ဒေသနာဆိုတာ သတ္တဝါတွေဟာ အပါယ်ဘုံမှာသာ ဖြစ်ဖို့ရာ လွယ်ကူပြီး၊ လူဖြစ်ဖို့ရာ ခဲယဉ်းတယ်ဆိုတဲ့အကြောင်းကိုဟောပြတော်မူတဲ့ဒေသနာတော်တရပ်ဖြစ်တယ်။

မြတ်စွာဘုရားက ကိုယ်တော်မြတ်ရဲ့ လက်သည်းဖျားပေါ်မှာ မြေမှုန့်တွေကိုတင်ပြီး ရဟန်းတွေကို မိန့်တော်မူတယ်။

"ချစ်သား ရဟန်းတို့....သင်တို့ ဘယ်လို မှတ်ထင်ကြသလဲ၊ ငါဘုရားရဲ့ လက်သည်းဖျားပေါ်မှာ တင်ထားတဲ့ မြေမှုန့်နဲ့ မဟာပထဝီမြေကြီးက မြေမှုန့် ဘယ်ဒင်းက သာလွန်ပြီး များပြားသလဲ"လို့ မေးတော်မူတယ်။

"အရှင်ဘုရား....အရှင်ဘုရားရဲ့ လက်သည်းဖျားတော်ပေါ်မှာရှိတဲ့ မြေမှုန့်က အနည်းငယ်မျှ မပြောပလောက်ပါဘူး၊ မဟာပထဝီမြေကြီးကမြေမှုန့်က သာလွန်ပြီး များပြားလှပါတယ်ဘုရား"။

အဲဒီလို ရဟန်းတော်တွေက လျှောက်ထားကြတယ်၊ ဒီတော့ မြတ်စွာဘုရားက....

"ချစ်သား ရဟန်းတို့....အဲဒီ ဥပမာအတိုင်းပဲ လူ့ဘဝက စုတိပျက်ကြွေသေလွန်ကြလို့ရှိရင် တဖန် လူပြန်ဖြစ်တဲ့သူဟာ ငါဘုရားရဲ့လက်သည်းဖျားပေါ်မှာရှိတဲ့ မြေမှုန့်ကဲ့သို့ အလွန်ဘရာနည်းပါးတယ်၊ ငရဲ,တိရစ္ဆာန်,ပြိတ္တာဘုံတွေမှာ သာဖြစ်တဲ့သူတွေက မဟာပထဝီမြေကြီးက မြေမှုန့်ကဲ့သို့ အလွန်တရာ များပြားတယ်"လို့ မိန့်တော်မူတယ်။

အဲဒီ ဒေသနာတော်အရ လူဖြစ်ဖို့ရာ ခဲယဉ်းတယ်ဆိုတာ သိနိုင်ပါတယ်။

တနည်းအားဖြင့် လူဖြစ်ဖို့ရာ ခဲယဉ်းတယ် ဆိုတဲ့အကြောင်းကို ကာဏကစ္ဆပေါပမ သုတ္တန်ဒေသနာတော်ဖြင့်လည်း သိသင့်ပါသေးတယ်။

ဘယ်လိုလဲဆိုတော့....

"ချစ်သား ရဟန်းတို့ - ဥပမာတခုကို ငါဘုရား ဟောကြားမယ်၊ ယောကျ်ားတယောက်ဟာ အပေါက်တခုသာရှိတဲ့ ထမ်းပိုးတုံးတခုကို အပြင်ကျယ်တဲ့ ပင်လယ်သမုဒ္ဒရာကြီးထဲမှာချပြီးမျှောလိုက်တယ်ဆိုပါတော့၊အဲဒီအပြင်ကျယ်တဲ့ ပင်လယ်သမုဒ္ဒရာကြီးထဲမှာပင် မျက်စိနှစ်ကွင်းအလင်းမရတဲ့ လိပ်ကြီးတကောင်လဲ ရှိတယ်ဆိုပါတော့၊ သူတို့သည် လှိုင်းလေယူဆောင်ရာ မျှောချင်ရာကို မျှောနေကြလေရာ၊ လိပ်ကန်းကြီးက အနှစ်တရာ, အနှစ်တထောင်လောက်ကြာမှတခါတခါသာရေပေါ်မှာပေါ်လာတယ်ဆိုပါတော့။ချစ်သားရဟန်းတို့-သင်တို့ ဘယ်လိုသဘောရ မှတ်ထင်ကြသလဲ၊ အနှစ်တရာ,အနှစ်တထောင်ကြာမှ တခါတခါသာ ရေပေါ်မှာ ပေါ်လာတတ်တဲ့ လိပ်ကန်းကြီးက ထမ်းပိုးတုံး ပေါက်ထဲ လည်ပင်း တည့်တည့်ဝင်အောင် လျှိုသွင်းနိုင်ပါ့မလား" အဲဒီလို မြတ်စွာဘုရားက မေးတော်မူတယ်တဲ့။

"အရှင်ဘုရား....ဒီ လိပ်ကန်းကြီးကလဲ နှစ်ပေါင်း သိန်း,သန်း,အသင်္ချေ မရေတွက်နိုင်အောင်ကြာလို့တောင်မှ မသေသေးဘူးဆိုပါတော့၊တပေါက်တည်းသာရှိတဲ့ ထမ်းပိုးတုံးကလဲ နှစ်ပေါင်း သိန်း,သန်း,အသင်္ချေ မရေတွက်နိုင်အောင်ကြာလို့တောင်မှ မဆွေးမြေ့ဘူးဆိုပါတော့၊တခါတရံအကြောင်းအားလျော်စွာ တည့်တည့်ဝင်အောင် လျှိုသွင်းနိုင်မလား မသိပါဘုရား"လို့ ရဟန်းတော်တွေက လျှောက်ထားကြတယ်။

မြတ်စွာဘုရားက....

"ချစ်သား ရဟန်းတို့-အနှစ်တရာ,အနှစ်တထောင်လောက်ကြာမှ တခါတခါသာ ရေပေါ်မှာ ပေါ်လာတဲ့ လိပ်ကန်းကြီးက အပေါက်တခု တည်းသာရှိတဲ့ ထမ်းပိုးတုံးထဲ တည့်တည့်ဝင်အောင် လျင်လျင်မြန်မြန် လျှိုသွင်းနိုင်ပါလိမ့်အုံးမယ်။ တကြိမ်တခါ အပါယ်လေးပါး လားရ-ရောက်ရတဲ့ လူမိုက်ဟာ လူဖြစ်ဖို့ရာ လွယ်ကူတယ်လို့ ငါဘုရား ဟောကြားတော်မမူဘူး၊ ဘာပြုလို့လဲဆိုတော့ အပါယ်ဘုံမှာ တရားသဖြင့်ကျင့်ခြင်းလဲမရှိ၊ ကုသိုလ်ပြုမှုလဲမရှိတဲ့အပြင် အချင်းချင်း နိုင်ရာစား တရားတခုသာ ရှိလို့ပါပဲ"တဲ့။)

ယခု ဟောပြခဲ့တဲ့ ဒေသနာတော်အရ "လူဖြစ်ဖို့ရာ ခဲယဉ်းတယ်" ဆိုတဲ့ အကြောင်းကို သိနိုင်လောက်ပါပြီကွယ်။ ကိုင်း-လိုက်ဆိုကြ။

(က) လူဖြစ်ဖို့ရာ၊ လောကမှာ၊ လွန်စွာခဲယဉ်းလှပါသည်။(လိုက်ဆို)။

လူဖြစ်ဖို့ရာခဲယဉ်းပေမဲ့လဲ ဘုန်းကြီးတို့နှင့်တကွ တရားနာနေကြတဲ့ ဒကာ, ဒကာမတွေဟာ ရှေးဘဝက ပြုလုပ်ခဲ့ကြတဲ့ ဒါန,သီလ စသော ကုသိုလ်အဟုန် ကျေးဇူးဂုဏ်တွေကြောင့် ဟော-လူ့ဘုံ, လူ့ဘဝမှာ လူလာပြီး ဖြစ်နေကြရပေတယ် မဟုတ်လား။

(ခ) ခဲယဉ်းလှစွာ၊ လူဆိုတာ၊ ခုခါ ဖြစ်လို့နေရပြီ။ (လိုက်ဆို)။

အဲဒီလို ခဲခဲယဉ်းယဉ်း လူ့ဘဝကို ရလာကြတဲ့အခါမှာ လူ့ဘဝ အကျိုး တန်ဖိုးရှိအောင်၊ လူဖြစ်ရကျိုးနပ်အောင် ဒါန၊ သီလစတဲ့ကုသိုလ်များကိုဆည်းပူး ခြင်း, ကမ္မဋ္ဌာန်းအားထုတ်ခြင်းဆိုတဲ့ အလုပ်ကောင်းတွေနဲ့ အချိန်ကို အသုံးပြု နိုင်ကြပါစေလို့ တရားနာပရိသတ်ကြီးကို ဘုန်းကြီးက တိုက်တွန်းလိုက်ပါတယ်။

(ဂ) လူဖြစ်ရပြန်၊ ကျိုးရှိရန်၊ ကောန် ပြုလုပ်သင့်လှလေပြီ။ (လိုက်ဆို)။

ကိုင်း-ရှေ့ပိုင်းအရ ''လူဖြစ်ဖို့ရာ ခဲယဉ်းတယ်'' ဆိုတဲ့အကြောင်း နိဂုံးချုပ် လိုက်ပါတော့သည်။

မနုဿပဋိလာဘော၊ လူ့ဘုံဌာန လူလောကဌ် လူဖြစ်ရခြင်းသည်ကား။ ကိစ္ဆော၊ လိပ်ကန်းထမ်းပိုး ဝင်တိုးဖို့ရာ ခဲယဉ်းပါသို့ လွန်စွာ ခဲယဉ်းလှပါ ပေ၏။ (ဝါ) အလွန်တရာမှ ခဲယဉ်းလှလေတော့သတည်း။ (သာဓုခေါ်)

ရှေ့ပိုင်းဟောစဉ် ပြီး၏။

---

## (ခ) နောက်ပိုင်း ဟောစဉ်

နောက်ပိုင်းအရ-ခဲယဉ်းတဲ့ လူ့ဘဝကို ရလာတဲ့အခါ မကောင်းတဲ့ အကုသိုလ်များကို ပယ်ရှားတတ်ရန်အတွက် ဒုစရိုက် ၁၀-ပါးကို ဟောကြား ပြီးလျှင် ဥပရိမည်သော အမျိုးသမီးဟာ ခဲယဉ်းတဲ့ လူ့ဘဝကို ရလာတဲ့ အတွက် လူဖြစ်ရကျိုး နပ်အောင်ဆိုပြီးတော့ အကုသိုလ်များကို ရှောင်ရှားကာ ကုသိုလ်တရားများကို ပွားများ ဆည်းပူးသောကြောင့် နတ်ပြည်, လူ့ပြည်တို့၌ ဖြစ်ရ၍ နောက်ဆုံးတွင် နိဗ္ဗာန်တိုင်အောင် ဆိုက်ရောက်သွားပုံများကို ဟော ကြားမယ်။

အတိုချုပ်အားဖြင့် နောက်ပိုင်းအရ-ဒုစရိုက် ၁၀-ပါးနှင့် ဥပရိအမျိုး သမီးဝတ္ထုကို ဟောပြမယ်လို့ ဆိုလိုပါတယ်၊ ဒါ့ကြောင့် တရားကိုအာရုံစိုက်ကြ ရမယ်ကွဲ့။

### ဒုစရိုက်တရား ဆယ်ပါး

၁။ ပါဏာတိပါတ-သူ့အသက်သတ်မှု၊

၂။ အဒိန္နာဒါန-သူ့ဥစ္စာကို ခိုးဝှက်, တိုက်ခိုက်မှု၊

၃။ ကာမေသုမိစ္ဆာစာရ-မ သွား လာ ထိုက်သော ဝတ္ထုကာမတို့၌ မှားယွင်း လွန်ကျူးမှု၊ (ယောကျ်ားများအတွက် ကိုယ့်ကာမပိုင် မယားမှတပါး တခြားမိန်းမများ၌ မှားယွင်းလွန်ကျူးမှု၊ မိန်းမ များအတွက် ကိုယ့်လင်ယောကျ်ားမှတပါး အခြားသော

ယောကျ်ားတို့၌ မှားယွင်း ဖောက်ပြန်မှု၊ ကိုယ့်ကာမပိုင် ဇနီးမောင်နှံတို့ အချင်းချင်း မွေလျော် ပျော်ပိုက်ခြင်းကိုကား လောက အလိုက် မကဲ့ရဲ့ထိုက်ပါဘူးတဲ့)။

အဲဒီ သုံးပါးကို ကာယကံ သုံးပါးလို့ ခေါ်ပါတယ်၊ များသောအားဖြင့် ကိုယ်၌ဖြစ်တတ်သော အမှုများလို့ ဆိုလိုပါတယ်။

ထို့အပြင်....

၁။ မုသာဝါဒ – မုသားပြောမှု (လိမ်ညာ၍ ပြောဆိုမှု)၊

၂။ ပိသုဏာဝါစာ – ချောပစ် ကုံးတိုက်မှု (ချစ်ခင်နေသူနှစ်ဦး ကွဲပြားအောင် ရန်တိုက်ပေးမှု)၊

၃။ ဖရုသဝါစာ – ကြမ်း ထမ်း သော စ ကား ကို ပြောဆိုမှု (မကြားကောင်း၊ မနာသာ ယုတ်ယုတ်မာမာ ဆဲဆို ငေါက်ငန်းမှု)၊

၄။ သမ္ဖပ္ပလာပ – သိမ်ဖျင်းသောစကားကို ပြောဆိုမှု (အကျိုးလည်း မရှိ၊ အနက်လည်း မရှိ၊ ဒဏ္ဍာရီဝတ္ထုသွားကို ပြောကြားမှု)၊

အဲဒီ လေးပါးကိုကား ဝစီကံ လေးပါးလို့ ခေါ်ဆိုပါတယ်၊ များသော အားဖြင့် နှုတ်၌ဖြစ်တတ်သော အမှုများလို့ ဆိုလိုပါတယ်။

ထို့အပြင်....

၁။ အဘိဇ္ဈာ – သူတပါးစည်းစိမ်ကို မတရားယူလိုမှု၊

၂။ ဗျာပါဒ – သူတပါး၏ ပျက်စီး သေကြေရန် ကြံစည်မှု၊

၃။ မိစ္ဆာဒိဋ္ဌိ – အယူမှားမှု (ကံ, ကံ၏အကျိုးမရှိ၊ မကောင်းတာလုပ်လည်း ထာဝရဘုရားသခင်က ခံသည်၊ လူ့ဒါန်းလျှင် ကုန်ရုံမျှပဲ၊ ငရဲမရှိ၊ နတ်ပြည်မရှိ၊ မိဖကိုလုပ်ကျွေးလည်း အကျိုးမရှိဟု ယူမှု)။

အဲဒီ သုံးပါးကိုကား မနောကံ သုံးပါးလို့ ခေါ်ပါတယ်၊ များသော အားဖြင့် စိတ်၌သာဖြစ်တတ်သော အမှုများလို့ ဆိုလိုပါတယ်။

အဲဒါစုကို အားလုံးပေါင်းလိုက်တော့ ဆယ်ပါး ဖြစ်ပါတယ်၊ အဲဒီ ဆယ်ပါးကို ဒုစရိုက်ဆယ်ပါးလို့ ခေါ်ပါတယ်၊ မကောင်းသော အကုသိုလ် အလုပ်များ ဖြစ်ပါတယ်။

အဲဒီ မကောင်းသော အကုသိုလ် အလုပ်များဟာ ပြုလုပ်သူများအား အောက်အဖို့ဖြစ်သော ယုတ်နိမ့်တဲ့ ငရဲ,တိရစ္ဆာန်, ပြိတ္တာဘဝများသို့ ရောက်စေတတ်ပါတယ်။ ဒါကြောင့် မြတ်စွာဘုရားက....

ယေကေစိ အကုသလာ ဓမ္မာ၊ သဗ္ဗေ တေ အဓောဘာဂ ဂမနီယာ။

လို့ ဟောတော်မူပါတယ်။

ယေကေစိ၊ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော။အကုသလာဓမ္မာ၊အကုသိုလ်တရား မကောင်းသော အလုပ်များတို့သည်။ သန္တိ၊ ရှိပါပေကုန်၏။ တေသဗ္ဗေ၊ ထိုအလုံးစုံသော အကုသိုလ်တရား မကောင်းသောအလုပ်များတို့သည်။အဓောဘာဂ ဂမနီယာ၊ အောက်အဖို့သို့ သွားခြင်းသဘော ရှိပါပေကုန်၏။

အဲဒါကြောင့် ယခုလို ခဲယဉ်းတဲ့ လူ့ဘဝလို ရကြတဲ့အခါမှာ မကောင်းသော အလုပ်များကိုပယ်ရှား၍ ကောင်းသောအလုပ်များကိုကြိုးစားအားထုတ်ကြရမယ်တဲ့၊ ထို့ကြောင့် မြတ်စွာဘုရားက....

အကုသလံ ပဇဟထ။

လို့ ဟောတော်မူထားပါတယ်။

ဘိက္ခဝေ၊ ငါ၏ချစ်သား-ချစ်သမီးတို့။တုမှေ၊သင်တို့သည်။ အကုသလံ၊ မကောင်းသော အကုသိုလ်ကို။ ပဇဟထ၊ ပယ်စွန့်လိုက်ကြပါကုန်လော့။

အဲဒီ မကောင်းသော အကုသိုလ်အလုပ်ဖြစ်တဲ့ သူ့အသက်သတ်မှုကြောင့် ယခုဘုန်းကြီးတို့ဘုရားလက်ထက်တော်ကဝက်သတ်သမားဖြစ်တဲ့"စုန္ဒသူကရိက" မည်သောယောကျ်ားတယောက်ဟာ သေခါနီးမှာ အဝီစိငရဲမီး ပူလာလောင်၍ ခုနစ်ရက်ပတ်လုံး ဟစ်အော်လျက် သေပြီးလျှင် အဝီစိငရဲကြီးသို့ ကျရောက်ရပါတယ်။ အဲဒါကြောင့် ဓမ္မပဒ အဋ္ဌကထာ၌....

ဇီဝန္တဿေဝ ပန အဝီစိမဟာနိရယသန္တာပေါ ဥဋ္ဌဟိ။

လို့ ပြဆိုထားပါတယ်။

ပန၊ ဆက်၍ဆိုလိုက်ပါဦးအံ့။ ဇီဝန္တဿေဝ၊ အသက်ရှင်စဉ်ကပင်လျှင်။ အဝီစိမဟာနိရယ သန္တာပေါ၊ အဝီစိ ငရဲကြီး၏ မီးပူသည်။ ဥဋ္ဌဟိ၊ ထလောင်လေပြီ။

(၁) အကုသိုလ်ဆိုတာ၊ အပါယ်စာ၊ဝေးစွာရှောင်မှ သင့်တော်မည်။

(၂) ကုသိုလ်တရား၊ ကောင်းရာသွား၊ ကြိုးစားပြုမှ သင့်တော်မည်။

(လိုက်ဆို)

## ဥပရိ အမျိုးသမီး ဝတ္ထု

အဲ-ခဲယဉ်းတဲ့ လူ့ဘဝကို ရလာတဲ့အတွက် အကုသိုလ် အလုပ်များကို ရှောင်ရှားပြီးတော့ ကုသိုလ်တရားနှင့်ပျော်မွေ့တဲ့ ဥပရိ အမျိုးသမီး အကြောင်းကို ဟောပြမယ်၊ တရားကို အာရုံစိုက်ကြကွဲ။

ယခုဟောပြမဲ့ "ဥပရိ အမျိုးသမီး"ဟာ ယခင်ဘဝက ကြက်မကလေး ဖြစ်တယ်၊ တိရစ္ဆာန် ကြက်မကလေးဘဝ ဖြစ်ပေမယ်လို့ "တံငါနားနီး-တံငါ၊ သူတော်ကောင်းနားနီး - သူတော်ကောင်း" ဆိုတာလို ဇရပ်, တန်ဆောင်း, ကျောင်းနား-ကန်နားမှာနေလေတော့ ရဟန်းတော်များ၏ တရားစာပေ ရွတ်အံ တဲ့အသံများကို ကြားနေရတော့တာပေါ့။

သို့ကလို ကြားရတဲ့အခါ လွန်စွာကြည်ညိုပြီး ပီဘ်သောမနသာဖြစ်နေစဉ် အထဲ ဖြုန်းကနဲ စွန်ချီသွားပါရောတဲ့၊ ကြက်မကလေးဟာ စွန်၏ခြေသဲဖျားတွင် ခေါင်းပြတ်၍ အသက်သေတဲ့အခါ တရားပေစာများ ရွတ်အံသံကို အင်မတန် ကြည်ညိုတဲ့ ကုသိုလ်ကံကြောင့် လူ့ပြည်မှာ "ဥပရိ" လို့ ထင်ရှားတဲ့ မင်းသမီး ကလေး လာ၍ဖြစ်ပါတယ်။ "ဥပရိ"ဆိုတဲ့ ပါဠိဘာသာကို မြန်မာပြန်မယ်ဆိုရင် "အမြင့်"လို့ ပြန်ဆိုရမှာပေါ့။ ဒါ့ကြောင့် မြို့သူတို့၏အသုံးအနှုန်းအားဖြင့်အမြင့်လို့ရင်း၊ မြင့်မြင့်လို့ရင်း ခေါ်ပေတော့။ တောသူများကတော့ "မိခင်မြင့်" လို့ ခေါ်ကြမှာပေါ့ကွယ်။

အဲဒီ အမြင့်-လို့ ခေါ်တဲ့ မင်းသမီးကလေးဟာ ကြီးမားသော စည်းစိမ် ကို မြိန်မြိန်ကြီးခံစား၍ ကြွားကြွား မောက်မောက် နေနိုင်လောက်သော်လည်း အလွန်တရာမှ ခဲယဉ်းလှတဲ့ လူ့ဘဝကို ရလာခဲ့တဲ့အတွက် စိတ်ကို နှိမ် နင်း ကာ ကြွားမှု,လွှားမှုတွေကို ပဓာနမထားတော့ပဲ အိမ်ယာတည်ထောင်လူ့ဝတ်ကြောင် အဖြစ်ကို စွန့်ခွာ၍ အိမ်ယာမထောင် သာသနာ့ဘောင်ငယ် ရဟန်းမိန်းမပြုလုပ် တယ်တဲ့ကွဲ့။

အဲဒီလို ရဟန်းမိန်းမပြုလုပ်ပြီးတဲ့နောက် ပရိယတ်,ပဋိပတ် တရားများကို ကြိုးစားအားထုတ်လျက်နေလေရာ တနေ့သ၌ ကုဋီတက်တဲ့အခါ ပစင်တွေကို ပိုးလောက်တွေ ကိုက်ခဲ စားသောက်၍နေတာကို မြင်တယ်၊ ဒီတော့ ဘိက္ခုနီမ ကလေး သံဝေဂရရှိပြီး"အော် ဒီ ကုဋီတွင်းထဲမှာ မစင်တွေကို ပိုးလောက်တွေ စား၍နေဘိသကဲ့သို့ ငါ့ကိုယ်ကြီးဟာလဲပဲ ပိုးမျိုးရှစ်ဆယ်တို့၏ စားသောက် နေထိုင်ရာ ဖြစ်ပါကလား၊ မစင်မကြယ် စက်ဆုပ် ရွံရှာဖွယ်ကြီးပါ ကလား။ မစင်ဘင်ပုပ်ကို အဟုတ်မက်လျက် တပ်နှစ်သက်ငြား ပိုး လောက် များ ကဲ့ သို့ မိုက်မှားလှစွာ ပုထုဇဉ်သတ္တဝါတို့သည် ခန္ဓာကိုယ်ရုပ် အ ကောင် ပုပ် ကြီး ကို အဟုတ်တပ်၍ နေကြပါကလား"။

လို့ အဲဒါလို စဉ်းစား ဆင်ခြင်ကာ"ပဋိဝကသညာ"ကို ဖြစ်စေလျက် အသုဘကမ္မဋ္ဌာန်းကို ပွားများအားထုတ်တယ်တဲ့။ သို့ကလို အသုဘကမ္မဋ္ဌာန်းကို ပွားများအားထုတ်တဲ့အခါ ပဌမဈာန်ကို ရရှိသွားသတဲ့ကွဲ့။

ဥပရိ ဘိက္ခုနီမကလေးဟာ ထိုဘဝမှ ဈာန်နှင့်တကွ စုတေတဲ့အခါ ဗြဟ္မာ့ပြည်ဝယ် ဗြဟ္မာသွား၍ဖြစ်တယ်၊ ဒီနေရာမှာ နောက်ဆုံး မဂ်ဖိုလ်ရသည့် ဘဝအထိ ဟောပြမည်ဖြစ်၍ ခပ်ကျဉ်းကျဉ်းပဲ ဟောပြသွားတော့မယ်။

အဲဒီ ဗြဟ္မာ့ပြည်မှ စုတေတဲ့အခါ လူ့ပြည်ဝယ် သဌေးသမီးလာ၍ ဖြစ်ပြန်တယ်။ သဌေးသမီးဘဝကမှတဖန် ယခု ဘုန်းကြီးတို့ ဘုရားလက်ထက်တွင် ရာဇဂြိုဟ်မြို့မှာ ဝက်မကလေး ဖြစ်ရပြန်တယ်။ ထို ဝက်မကလေး ဘဝမှ တဖန် သုဝဏ္ဏဘုမ္မိတိုင်းဝယ် မင်းသမီး ဖြစ်ရပြန်တယ်၊ ထိုမှတဖန် ဝနဝါသီအရပ်နှင့် ဗာရာဏသီပြည်မှာ ဖြစ်ရပြန်ပြီးနောက် သုပ္ပါဒကသဘော်ဆိပ်မှာ သဘော်သူကြီး၏သမီး ဖြစ်ရပြန်တယ်၊ထိုမှတဖန် အနုရာဓမြို့၌ မင်းသမီးဖြစ်ပြန်တယ်တဲ့။

အဲ-နောက်ဆုံးဘဝ၌ကား အနုရာဓမြို့နယ် အဝင်အပေါ် သက္ကန္တရွာငယ် သုမနသဌေးကြီး၏သမီး လာဖြစ်၍ အမည်မှာ သုမနာ-လို့ ခေါ်တယ်။

အဲဒီ သုမနာသဌေးသမီးသည် "လကုဏ္ဍက အတိမ္ဗရ" မည်သော အမတ်ကြီး၏ ဇနီးဖြစ်၍၊ မဟာဂါမအရပ်၌ နေထိုင်ကြတယ်၊ ထိုအခါ ကောဋ္ဌတောင်ကျောင်းကြီး၌ သီတင်းသုံးတော်မူတဲ့ အရှင်အနုရုဒ္ဓါ မထေရ်မြတ်သည် မဟာဂါမသို့ ဆွမ်းခံဝင်စဉ် အမတ်ကြီးကတော် သုမနာကိုမြင်၍ အဘိညာဉ်ဖြင့် ရှေးဘဝကအကြောင်းတွေကို သိတော်မူလေရာ၊ အချင်းချင်း ဤသို့မိန့်ဆိုတော်မူကြတယ်တဲ့။

"ငါ့ရှင်တို့ သံသရာ ကျင်လည်ရပုံများဟာ လွန်စွာအံ့ဩဖွယ်ကောင်းပါကလား၊ဟောဒီ အမတ်ကြီးကတော်လေးဟာ ရှေးဘဝကဝက်မဖြစ်ဘူးတယ်၊ ဝက်မကလေးက အမတ်ကြီးကတော်ဖြစ်တာ လွန်စွာ အံ့ဩစရာကောင်းပေတယ်"လို့ မိန့်ဆိုတော်မူတယ်တဲ့။

အဲဒီစကားကို အမတ်ကြီးကတော်ကြား၍ ရှေးဘဝက အကြောင်းကို ပြန်၍ကြည့်သောအခါ ချက်ချင်းပင် ဇာတိဿရဉာဏ်ကိုရ၍ ရှေးဘဝကကြက်မ, ဝက်မ ဖြစ်ခဲ့တာတွေ၊ မင်းသမီး, သဌေးသမီး ဖြစ်တာတွေ အကုန်လုံးသိမြင်ရသဖြင့် လွန်စွာ သတိသံဝေဂဖြစ်ပြီးတော့ သို့ကလို ကြံစည်တယ်တဲ့။

သံသာရေ သံသရိံ သာဟံ၊ ပုနပ္ပုနံ ဘဝါ ဘဝံ။

ဟိန ဥက္ကဋ္ဌ ဇာတိဟိ၊ ပဇ္ဇိဿံ ဘဝေ ဂူဓ။

သာဟံ သာ အဟံ၊ မယ်သုမနာ မည်တွင်ကာဖြင့် သညာသမုတ် ထိုအကျွန်ုပ်သည်။ သံသာရေ၊ အဖန်ဖန်အခါခါ အပြန်ပြန်လာခဲ့တဲ့ သံသရာပြင်ကျယ် ပင်လယ်သမုဒ္ဒရာကြီးထဲ၌။ ဟိန ဥက္ကဋ္ဌ ဇာတိဟိ၊ အယုတ်အမြတ် အထပ်ထပ်ပင် မလပ်ပြုံ့ရိုး ဘဝဇာတ်အမျိုးမျိုးတို့ဖြင့်။ ပုနပ္ပုနံ၊ တရံမပြတ် အဖန်ဖန် အထပ်ထပ်သာလျှင်။ ဘဝ ၊ ဘဝတခုမှ။ ဘဝံ၊ ဘဝတခုသို့။ သံသရိံ၊ ကတိုက်

ကရိုက် မိုက်မိုက်မှားမှား မရပ်နားပဲ ပြေးသွားကျင်လည်ခဲ့ရလေပြီ။ ဣစ္စာဝေ၊ သင့်ဒေးသမီး အမတ်ကြီးကတော် အကျော်ဇေယျ ယခု ဘဝ၌။ ပဗ္ဗဇိဿံ၊ ဝတ်ကြောင်ကိုမုန်း လွတ်အောင်ကို ရှန်းလို့မို့ အဆုံးကြံကာ ရဟန်းမိန်းမ ပြုလုပ်ပါတော့အံ့။

အဲဒီလို ကြံစည်ကာ ခင်ပွန်းဖြစ်တဲ့အမတ်ကြီးအားခွင့်ပန်ပြီးလျှင် ဘိက္ခုနီမကျောင်းတိုက်သို့သွား၍ ရဟန်းမိန်းမ ပြုလုပ်တယ်တဲ့။

ထို့နောက် တိဿအမည်ရှိတဲ့ ကျောင်းတိုက်ကြီးထဲမှာကျင်းပတဲ့ "သတိပဋ္ဌာန်-တရားပွဲကြီး" သို့ သွားရောက် တရားနာစဉ် သောတာပန် တည် သွားတယ်တဲ့။

အဲဒီ သုမနာ ဘိက္ခုနီမကလေးဟာ မိမိမွေးဖွားရာ သက္ကန္တရွာသို့ သွားရောက်နေစဉ်အခါ ကလ္လကမည်သော ကျောင်းကြီးမှာ အာသီဝိသောပမသုတ်ကို ကြားနာရ၍ ကိလေသာကင်းကွာ ရဟန္တာမဖြစ်သွားပြီးလျှင် အသက်အတိုင်း နေ၍ ပရိနိဗ္ဗာန်ပြုမည့်နေ့မှာ ရောက်လာသော ပရိသတ်ထုကြီးအား အပ္ပမာဒ တရားကို ဟောကြား သတိပေးလျက် ပရိနိဗ္ဗာန် ဝင်စံသွားလေတော့သတည်း။

(က) လူဖြစ်ရပြန်၊ ကျွီးရှိရန်၊ ကေန် ပြုသင့်လှလေပြီ။ (လိုက်ဆို)

ဘိက္ခဝေ၊ ငါ၏ချစ်သား-ချစ်သမီးတို့။ တုမှေ၊ သင်တို့သည်။ ကုသလံ၊ ကောင်းသောအလုပ်များ ကုသိုလ်တရားကို။ ဘာဝေထ၊ ဥပရိဘိက္ခုနီမကလေးကဲ့သို့ ပွားများ အားထုတ်လိုက်ကြပါကုန်လော့။

(သာဓုခေါ်)

နောက်ပိုင်းဟောစဉ် ပြီး၏။

## ဒုတိယနေ့

## (က) ရှေ့ပိုင်း ဟောစဉ်

အဲ-ယနေ့ည ရှေ့ပိုင်းအရ (၂) "အသက်ရှည်ဖို့ရာ ခဲယဉ်းတယ်" ဆိုတဲ့ အကြောင်းကို အကျယ်အားဖြင့် ဟောကြား ပြပါမယ်။

### ၂။ အသက်ရှည့်ဖို့ရာ ခဲယဉ်းတယ်

မစ္စာန ဇီဝိတံ၊သတ္တဝါတို့၏ ချမ်းသာဆက်တည် အသက်ရှည်ရခြင်းသည် လည်း။ ကိစ္ဆံ၊ဘေးအတန်တန် ရန်အသွယ်သွယ် အန္တရာယ်တွေများလှပါသဖြင့် လွန်စွာခဲယဉ်းလှပါပေ၏။ ဝါ၊ အလွန်တရာမှ ခဲယဉ်းလှလေတော့သတည်း။

(က) အသက်ဆိုတာ၊ ရှည်ဖို့ရာ၊ လွန်စွာ ခဲယဉ်းလှပါသည်။

(ခ) ခဲယဉ်းလှစွာ၊ သက်ဆိုတာ၊ ခုခါ ရှည်လို့ နေရပြီ။

(ဂ) သက်ရှည်လေပြန်၊ ကျိုးရှိရန်၊ ကေန် ပြုသင့်လှလေပြီ။

(လိုက်ဆို)

အဲ-မြတ်စွာဘုရားက "အသက်ရှည်ဖို့ရာ ခဲယဉ်းတယ်"လို့ ဟောတော်မူထားပါတယ်။

ဒီစကားကိုလဲ သာမညအားဖြင့် စဉ်းစားကြည့်လိုက်မယ်ဆိုရင် မဟုတ်နိုင်ဘူးလို့ အောက်မေ့စရာပေါ့ကွဲ။ ဘာ့ကြောင့်လဲဆိုတော့ ကိုယ့်မျက်မှောက် မျက်ကွယ်မှာ အသက်မသေပဲ အသက်ရှင်နေတဲ့လူတွေ အများကြီးကို တွေ့နေ ရသောကြောင့်ပါပဲတဲ့၊ ဒါလောက် အသက်မသေပဲ အသက်ရှည်နေတဲ့လူတွေ အများကြီးကို တွေ့နေရတော့ အသက်ရှည့်ဖို့ရာ မခဲယဉ်းလို့သာ ဒါလောက် တောင် အများကြီးတွေ့ရတာပဲလို့ မှတ်ထင်စရာပေါ့ကွဲ။

ဒါပေမဲ့ မြို့နဲ့,တိုင်းပြည်နဲ့,ကမ္ဘာနဲ့ချီပြီး အသက်မရှည်ပဲ အသက်သေနေ ကြတဲ့လူတွေကို စာရင်းကောက်ကြည့်လိုက်မယ်ဆိုရင် တနေ့တနေ့မှာ လူဦးရေ သောင်းချီ သိန်းချီပြီး သေနေကြတာကို တွေ့ရပါလိမ့်မယ်။

အဲသလို သေကြတဲ့အထဲမှာ တချို့ကလဲ ကိုးဆယ့်ခြောက်ဖြာ ရောဂါ ဝေဒနာနဲ့ သေကြတယ်၊တချို့ကလဲကားတိုက်၊ရထားတိုက်ခံရလို့ သေကြတယ်။ တချို့ကလဲ မော်တော်ကားမှောက်လို့, လေယာဉ်ပျံပျက်ကျလို့ သေကြတယ်၊ တချို့ကလဲ ရေနစ်လို့သေကြတယ်၊ တချို့ကလဲ သတ်ကြ,ပုတ်ကြ,ခုတ်ကြ,ထစ်ကြ လို့ သေကြတယ် အစရှိသဖြင့် သေကြပုံတွေ အမျိုးမျိုးရှိတာပေါ့ကွယ်။

တိရစ္ဆာန်တွေကတော့ သိန်း, သန်း, အသင်္ချေ မရေမတွက်နိုင်လောက် အောင် သေကြတာပေါ့ကွယ်။

အဲ-ဒီလူတွေရော, တိရစ္ဆာန်တွေရော အမိဝမ်းခေါင်း ကိုန်းအောင်း သန္ဓေတည်နေရတဲ့ အချိန်ကစပြီးတော့ သေမျိုးစေ့ကို ခေါင်းပေါ်မှာရွက်ပြီး လာခဲ့ကြပါတယ်၊ ဒါ့ကြောင့် "သေမင်းသည် မိမိနှင့်အတူရှိ၏"လို့ ပြောဆိုကြတာပေါ့။ မြတ်စွာဘုရားကလဲ- "ဇာတိပစ္စယာ ဇရာမရဏံ"လို့ ဟောတော်မူထားပါတယ်။

ဇာတိပစ္စယာ၊ အမိဝမ်းခေါင်း ကိန်းအောင်းသန္ဓေ တည်နေရခြင်း တည်းဟူသော အကြောင်းကြောင့်။ ဇရာမရဏံ၊ အိုရခြင်း, သေရခြင်းသည်။ သမ္ဘဝတိ၊ အမြဲမသွေ ဖြစ်ရချေ၏။

အဲဒါကြောင့် ဒီကနေ့ အသက်မသေကြသေးပဲ အသက်ရှည်နေကြတဲ့ လူတွေရဲ့ လှုပ်ရှား သွားလာ လုပ်ကိုင် နေကြတာတွေ ဟာလဲ အမှန်စင်စစ်မှာတော့ သင်္ချိုင်းဆီသို့ဦးတည်ပြီး ချီတက်နေတာကြနဲ့ အတူတူပါပဲတဲ့၊ စားသောက်ဝတ်ဆင် ပြုပြင်နေကြတာတွေဟာလဲ သေမင်းသဘောကျအောင် ပြုလုပ်ပေးနေကြရတာနဲ့ သိပ်တူတာပဲတဲ့။

အဲ-ဒီအထဲမှာ "ငါစားနိုင်တယ်၊ ငါသောက်နိုင်တယ်၊ ငါဝတ်နိုင်တယ်၊ ငါဆင်နိုင်တယ်"လို့ဆိုပြီး ငါတလုံးလက်သုံးပြုလျက် မာနတွေတက်နေကြတဲ့သူတွေကလဲ အများသားပေပေါ့ကွယ်။

အဲ-ဒီလူတွေကတော့ ဥပမာ ဘာနဲ့တူသလဲဆိုရင် ရွာသူတွေကျွေးမွေးထားတဲ့ ဝက်ကြီးနဲ့တူတယ်တဲ့၊ ဝက်ကြီးဟာ အသားဆူလေလေ ဝက်ကန်ထရိုက်ကကြိုက်လေလေပေါ့၊ အဲဒီလိုပါပဲ၊ ခန္ဓာကြီးကိုကျွေးမွေးပြုပြင်ပေးလို့လှလေလေ ဝလေလေ သေမင်းက ကြိုက်လေလေပါပဲတဲ့။

အဲ-နောက်ဆုံးမှာတော့ စားနိုင်, သောက်နိုင်တဲ့လူတွေရော၊ ဝတ်နိုင်, ဆင်နိုင်တဲ့လူတွေရော, လှတဲ့-ပတဲ့လူတွေရောဟာ အကုန်သေကြရမှာချည်းပါပဲတဲ့။ သေမင်းက အမြဲတစေ လိုက်နေပါတယ်။

အဲဒီ သေမင်းရဲ့ဘေးကလွတ်အောင် ဘယ်လိုရှောင်လို့ တိမ်းလို့မှ မလွတ်နိုင်ပါဘူး၊ တောင်ပေါ်တက်ပြီး ပုန်းနေမလား မလွတ်ဘူး၊ ရေထဲဆင်းပြီးပုန်းနေမလား မလွတ်ဘူး၊ ဘယ်လိုမှမလွတ်နိုင်ပါဘူးတဲ့၊ ဒါ့ကြောင့်မာန်လည်ဆရာတော်ဘုရားကြီးက မဃဒေဝ လင်္ကာသစ်ကျမ်းမှာ သို့ကလို ရေးသားထားတော်မူခဲ့ပါတယ်။

သေမင်းလွတ်အောင်၊ ဘယ်သို့ရှောင်အံ့၊ တောင်ခုနစ်ခွေ၊ ရေခုနစ်ထပ်၊
လေးရပ်ကျွန်းခွင်၊ ကောင်းကင် သမုဒ္ဒရာ၊ စကြဝဠာမြေထဲ၊ ပုန်းခိုလှဲ့လည်း၊ အမြဲမချွတ်၊ သေဘေးဝတ်က၊ မလွတ်ဖို့သာ၊ မလွဲရာတည်း။

ခေတ်—၃၀၊ (ဒုတိယအကြိမ်)

အဲဒါကြောင့် ကိုယ်မသေသေးလို့ အသက်ရှည်ဖို့ရာ ခဲယဉ်းတယ်ဆိုတာ မဟုတ်နိုင်ပါဘူးလို့ အောက်မေ့မနေကြနဲ့၊ ဘေးအတန်တန် ရန်အသွယ်သွယ် အန္တရာယ်တွေရဲ့ကြားမှာ ဖြတ်ခနဲ, ဖြတ်ခနဲ တဖွဲဖွဲနဲ့ သေကြေကုန်ကြတာများ လှလေပြီ။

အဲဒါကြောင့် မြတ်စွာဘုရားက "အသက်ရှည်ဖို့ရာ ခဲယဉ်းတယ်"လို့ ဟောတော်မူထားတာပေါ့ကွယ်။

(က) အသက်ဆိုတာ၊ရှည်ဖို့ရာ၊လွန်စွာ ခဲယဉ်းလှပါသည်။ (လိုက်ဆို)

အသက်ရှည်ဖို့ရာ ခဲယဉ်းပေမဲ့လဲ ဘုန်းကြီးတို့နှင့်တကွ တရားနာနေကြတဲ့ ဒကာ-ဒကာမတွေဟာ ရှေးဘဝက ပြုလုပ်ခဲ့ကြတဲ့ ဒါန, သီလစသော ကုသိုလ် အဟုန်ကြောင့် လူ့ဘုံမှာ လူအဖြစ်နဲ့ အခုလို အသက်ရှည်နေကြရပါတယ်တဲ့။

(ခ) ခဲယဉ်းလှစွာ၊ သက်ဆိုတာ၊ ခုခါ ရှည်လို့နေရပြီ။ (လိုက်ဆို)

အဲ-အခုလို ကြပ်ကြပ်တည်းတည်း ခဲခဲယဉ်းယဉ်းနဲ့ အသက်ရှည်လာရကြတော့ အသက်ရှည်ကျိုး တန်ဖိုးရှိအောင်,အသက်ရှည်ရကျိုးနပ်အောင်ဟာဒါန, သီလစသော ကုသိုလ်များကို ဆည်းပူးခြင်း, ကမ္မဋ္ဌာန်း အားထုတ်ခြင်း ဆိုတဲ့ အလုပ်ကောင်းတွေနဲ့ အချိန်ကို အသုံးပြုနိုင်ကြပါစေလို့ တရားနာ ပရိသတ်ကြီး ကို တိုက်တွန်းလိုက်ပါတယ်။

(ဂ) သက်ရှည်လေပြန်၊ ကျိုးရှိရန်၊ ကောင်း ပြုသင့်လှလေပြီ။ (လိုက်ဆို)

ကိုင်း....ရှေ့ပိုင်းအရ "အသက်ရှည်ဖို့ရာ ခဲယဉ်းတယ်" ဆိုတဲ့အကြောင်း နိဂုံးချုပ်လိုက်ပါပြီ။

မစ္စာနဇီဂိတ်၊သတ္တာ ါတို့၏ ချမ်းသာဆက်တည် အသက်ရှည်ရခြင်းသည် လည်း။ ကိစ္စ ၊ဘေးအတန်တ‌ ရန်အသွယ်သွယ် အန္တရာယ်တွေ များလှပါသဖြင့် လွန်စွာ ခဲယဉ်းလှပါပေ၏။ ဝါ၊ အလွန်တရာမှ ခဲယဉ်းလှလေတော့သတည်း။

(သာဓုခေါ်)

ရှေ့ပိုင်းဟောစဉ် ပြီး၏။

## (ခ) နောက်ပိုင်း ဟောစဉ်

အဲ-ယနေ့ည နောက်ပိုင်းအရ ပုညကြိယာဝတ္ထု ဆယ်ပါးကို ရှေးဦးစွာ ဟောပြပြီးလျှင် မြတ်စွာဘုရား၏ ကျောင်းအမဝိသာခါ အမျိုးသမီးအကြောင်း ကို ဟောပြမယ်၊ တရားကိုအာရုံစိုက်ကြပေတော့။

### ပုညကြိယာဝတ္ထု ဆယ်ပါး

| | | |
|---|---|---|
| (၁) | ဒါန | - လှူဒါန်း ပေးကမ်းမှု၊ |
| (၂) | သီလ | - ငါးပါးသီလ၊ ရှစ်ပါးသီလကိုစောင့်ထိန်းမှု၊ |
| (၃) | ဘာဝနာ | - ပုတီးစိပ်မှု၊ ကမ္မဋ္ဌာန်းအားထုတ်မှု၊ |
| (၄) | အပစာယန | - အသက်, သိက္ခာ, ဂုဏ်ဝါကြီးသူအား(ကိုယ်ညွတ်၍) အရိုအသေပြုမှု၊ |
| (၅) | ဝေယျာဝစ္စ | - သူတပါး ကုသိုလ်ရေးကိစ္စ၌ ကူညီ ဆောင်ရွက်မှု၊ |
| (၆) | ပတ္တိဒါန | - မိမိကုသိုလ်အဖို့ကို အမျှပေးဝေမှု၊ |
| (၇) | ပတ္တာနုမောဒန | - သူတပါးပြုသောကုသိုလ်ကို ဝမ်းမြောက်-ဝမ်းသာ သာဓုခေါ်မှု၊ |
| (၈) | ဓမ္မဿဝန | - တရားနာမှု၊ |
| (၉) | ဓမ္မဒေသနာ | - လာဘ်ကိုမငဲ့ပဲ တရားဟောပြောမှု၊ |
| (၁၀) | ဒိဋ္ဌိဇုကမ္မ | - အယူကိုဖြောင့်မတ်စွာယူမှု(ကံ-ကံ၏အကျိုးကို ယုံကြည်မှု)၊ |

အဲဒီ ဆယ်ပါးကို ယခုဘဝမှာဖြစ်စေ,နောင်သံသရာမှာဖြစ်စေ ကောင်းကျိုးချမ်းသာ မင်္ဂလာကျက်သရေတို့၏ တည်ရာအကြောင်းဖြစ်၍ စင်စစ်ပြုသင့် ပြုထိုက်သောကြောင့်ရင်း, ပြုသူ၏ စိတ်ဓာတ်ကို ဖြူစင် သန့်ရှင်း စေ နိုင် သော ကြောင့်ရင်း"ပုညကြိယာဝတ္ထု"လို့ ခေါ်ဆိုပါတယ်၊ ကောင်းသောအလုပ်များ လို့ မှတ်ထားကြရမယ်ကွဲ။

အဲဒီ ကုသိုလ်အလုပ်ဆိုတာကတော့ ပြုလုပ် အားထုတ်သူအား အသက် အဖို့ဖြစ်တဲ့ မြင့်မြတ်တဲ့ လူ့ပြည်, နတ်ပြည်, လူ့ဘဝ, နတ်ဘဝ များကို ရစေနိုင် ပါတယ်တဲ့။ ဒါ့ကြောင့် မြတ်စွာဘုရားက....

ယေကေစိ ကုသလာ ဓမ္မာ၊ သဗ္ဗေ တေ ဥဒ္ဒိဘာဂ ဂမနီယာ။ လို့ ဟောတော်မူထားပါတယ်။

ယေကေစိ၊ ခပ်သိမ်းဉဿုံ အလုံးစုံကုန်သော။ ကုသလာ ဓမ္မာ၊ ကုသိုလ် တရား ကောင်းသော အလုပ်များတို့သည်။ သန္တိ၊ ရှိပါပေကုန်၏။ တေ သဗ္ဗေ၊ ထိုအလုံးစုံသော ကုသိုလ်တရား ကောင်းသော အလုပ်များတို့သည်။ ဥဒ္ဒိဘာဂ ဂမနီယာ၊ အထက်အဖို့သို့ သွားခြင်းသဘော ရှိပါပေကုန်၏။

အဲ-ဒါကြောင့် ယခုလို ခဲယဉ်းတဲ့ လူ့ဘဝကို ရကြပြီး အသက်ရှည်နေ ကြရတဲ့အခါမှာ ထို ဒါန, သီလ, ဘာဝနာ စသော ကုသိုလ်အလုပ်များကို ကြိုးစားအားထုတ်ကြရမယ်တဲ့။

(၁) ကုသိုလ်တရား၊ ကောင်းရာသွား၊ ကြိုးစားပြုမှ သင့်တော်မည်။ (လိုက်ဆို)

## ဝိသာခါ အမျိုးသမီး ဝတ္ထု

အဲ-လူ့ဘဝကိုရကြပြီးအသက်ရှည်နေကြစဉ်အသက်ရှည်ရကျိုးနပ်အောင် ဆိုပြီးတော့ ဒါန စသော ကုသိုလ်များကို ကြိုးစား အားထုတ် ခဲ့ကြတဲ့အတွက် လူ့စည်းစိမ်, နတ်စည်းစိမ်များကို ထူးခြားစွာ ခံစံရပြီးလျှင် မဂ်,ဖိုလ်တိုင်အောင် ရရှိသွားကြတဲ့ အကြောင်းကို ဟောပြမယ်၊ နားထောင်ကြ။

ဘုန်းကြီးတို့ဘုရားရှင်လက်ထက်တော်အခါက မြတ်စွာဘုရား၏ကျောင်း အမဖြစ်တဲ့ ဝိသာခါ အမျိုးသမီးဟာ မေဏ္ဍကသဌေးကြီးရဲ့မြေး ဖြစ်တယ်တဲ့၊ မေဏ္ဍက သဌေးကြီးဆိုတာ ရှေးဘဝက ဒါနစသော ကုသိုလ်အလုပ်များကို ကြိုးစားအားထုတ်ခဲ့တဲ့အတွက် အလှူန်တရာကျယ်ဝန်းတဲ့ သူပိုင်မြေကွက်ထဲမှာ မျှားပြားလှသော ဆိတ်ရုပ်ကြီးတွေ ပေါ်ပေါက်လာတယ်၊ အဲဒီ ဆိတ်ရုပ်ကြီး များ၏ ပါးစပ်မှ လိုရာဝတ္ထုစည်းများကို နှိုက်ယူလို့ရတယ်၊ ဒါကြောင့် မေဏ္ဍက သဌေးကြီးလို့ ခေါ်ဆိုပါတယ်၊ ဆိတ်သဌေးကြီးလို့ မြန်မာလို ခေါ်ဆိုရမှာ ပေါ့ကွဲ။

အဲဒီ မေဏ္ဍက သဌေးကြီး၏ မြေးဖြစ်တဲ့ ဝိသာခါ အမျိုးသမီးဆိုတာလဲ ရှေးဘဝက ဒါနစသော ကုသိုလ်များကိုကြိုးစား အားထုတ်ခဲ့တဲ့အတွက် သဌေး သမီး, သဌေးကြီး၏မြေးဖြစ်ပြီးလျှင် ခုနစ်နှစ်သမီးကလေးအရွယ် ငယ်စဉ်ကပင် မြတ်စွာဘုရား၏တရားကို ကြားနာရသဖြင့် သောတာပန်တည်၍၊ သောတာပန် အရိယာ အမျိုးသမီးအဖြစ်နှင့် အသက် တရာ့နှစ်ဆယ်တိုင်အောင်ရှည်၍ လူ၏ စည်းစိမ်ချမ်းသာများကို ခံစား, စံစားကာ ဒါနစသော ကုသိုလ်တရားများကို ကြိုးစားအားထုတ်၍ နေပေတယ်တဲ့။

## ဝိသာခါ အမျိုးသမီးဘွဲ့ ဂါထာ

ဝိသာခါ ဝိသတိပုတ္တာ၊ နတ္တာစ စတုရော သတာ။
ပနတ္တာ အဋ္ဌသဟဿာ၊ ဇမ္ဗုဒီပေ သုပါကဋ္ဌာ။

(ဓမ္မပဒ အဋ္ဌကထာ)

သား သမီးပေါင်း – မှတ်သြောင်း နှစ်ဆယ်၊
မြေးလေးရာပဲ – မလွဲကြွယ်တယ်။
မြစ် ရှစ်ထောင်ပေါင်း – ကြွယ်ညောင်း တကယ်၊
ဝိသာခါ – ကျော်လှ ဇမ္ဗူဝယ်။ (လိုက်ဆို)

အဲဒီ ဝိသာခါအမျိုးသမီးဟာ သား သမီးပေါင်း နှစ်ကျိပ်၊ မြေးပေါင်း လေးရာ၊ မြစ်ပေါင်း ရှစ်ထောင်တို့၏ အလယ်ဝယ် အသက် တရာ့နှစ်ဆယ်ပင် ရှိငြားသော်လဲ သား-သမီး မြေး မြစ်တို့နှင့်မခြား အချယ်အားဖြင့် တဆယ့် ခြောက်နှစ်သမီးလောက် ထင်ရတယ်တဲ့။

အဲဒီလို ပစ္စည်းကလဲပေါ ရုပ်ရည်အဆင်းကလဲ ချော မော လှ ပ ကာ "ဝိသာခါ-ဝိသာခါ"လို့ ဇမ္ဗူဒိပ်တကျွန်းလုံး ထင် ပေါ် ကျော် ကြား လျက်၊ အသက်တရာ့နှစ်ဆယ်တိုင်အောင်ရှည်ပြီးတော့ ဒါနစသော ကုသိုလ်တရားများ ကိုပွားများအားထုတ်ရင်းပင် ခန္ဓာပျက်ကြွေ စုတေလေသည်ရှိသော် နိမ္မာနရတိ နတ်ပြည်ဝယ် သုနိမ္မိတ နတ်မင်းကြီး၏ နတ်မိဖုရားကြီးဖြစ်၍ လူစည်းစိမ်မှတဖန် နတ်စည်းစိမ်များကို ခံစံရပြန်တယ်တဲ့။

အဲဒီ ဝိသာခါ အမျိုးသမီးနှင့် မေဏ္ဍက သဌေးကြီးတို့မှာ ထူးခြားစွာ သော လူ့စည်းစိမ်များကိုခံစား စံစားရခြင်းဟာ ရှေးဘဝကဒါနဆိုတဲ့ ကုသိုလ် ထူးကို ဆည်းပူးခဲ့ခြင်းကြောင့် ဖြစ်ပေတယ်။ ဒါ့ကြောင့် သံသရာခရီးမှာ ဒါန ဆိုတဲ့ ရိက္ခာထုပ်ပါမှသာ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာနိုင်တယ်။ ဒါနမပါလျှင် သံသရာဝယ် မျက်နှာငယ်ကလေးတွေနဲ့မွဲတေပြီးတော့နေရတတ်တယ်၊ သို့အတွက် ဒါနဆိုတဲ့ကုသိုလ်များကို ပျော်ပျော်ပါးပါးကြီး ကြိုးစားကြရမယ်တဲ့။

(က) ဒါနပါကာ၊ ဖြစ်လေရာ၊ ချမ်းသာကြွယ်ဝ လေကောသည်။
(ခ) ဒါနမပါ၊ ဖြစ်လေရာ၊ မွဲကာနေရလေတော့သည်။ (လိုက်ဆို)

ကိုင်း....နောက်ပိုင်းအရ နိဂုံးချုပ်လိုက်ပါပြီ။

ဘိက္ခဝေ၊ ငါ၏ချစ်သား-ချစ်သမီးတို့။ တုမှေ၊ သင်တို့သည်။ ကုသလံ၊ ဒါနဆိုတဲ့ကုသိုလ်ထူးကို။ ဘာဝေထ ဝိသာခါအမျိုးသမီးကဲ့သို့ ဆည်းပူးလိုက် ကြပါကုန်လော့။ သာဓုခေါ်)

နောက်ပိုင်းဟောစဉ် ပြီး၏။

## တတိယနေ့

## (က) ရှေ့ပိုင်း ဟောစဉ်

အဲ-ယနေ့ည ရှေ့ပိုင်းအရ "တရားနာဖို့ရာ ခဲယဉ်းတယ်"ဆိုတဲ့အကြောင်းကို အကျယ်အားဖြင့် ဟောကြားပြပါမယ်။ တရားကို အာရုံစိုက်ကြပေတော့။

### ၃။ တရားနာဖို့ရာ ခဲယဉ်းတယ်

သဒ္ဓမ္မသဝနံ၊ နည်းမှန်လမ်းမှန် နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်းတရားကို နာကြားရခြင်းသည်လည်း။ ကိစ္ဆံ၊ ဘုရားပွင့်မှ နာကြားရပါသဖြင့် လွန်စွာ ခဲယဉ်းလှပါပေ၏။ ဝါ၊ အလွန်တရာမှ ခဲယဉ်းလှလေတော့သတည်း။

(က) တရားဒေသနာ၊ နာဖို့ရာ၊ လွန်စွာ ခဲယဉ်းလှပါသည်။
( ခ ) ခဲယဉ်းလှစွာ၊ ဒေသနာ၊ ခုခါ နာလို့နေရပြီ။
( ဂ ) ကံကောင်းလို့သာ၊ နာရတာ၊ ထပ်ကာကြိုးစား နာရမည်။

(လိုက်ဆို)

အဲ-မြတ်စွာဘုရားက "တရားနာဖို့ရာ ခဲယဉ်းတယ်" လို့ ဟောတော်မူထားပါတယ်။

အဲဒီစကားကိုလဲ သာပညာအားဖြင့် စဉ်းစားကြည့်မယ်ဆိုရင် မဟုတ်နိုင်ပါဘူးလို့ မှတ်ထင်စရာပေါ့ကွဲ။

ဘာပြုလို့လဲဆိုတော့ တရားပွဲတွေ ခဏခဏတွေ့ပြီး နာကြားနေကြရလို့ပါပဲတဲ့။ အဲဒီလို တရားပွဲတွေ ခဏခဏ နာကြားနေကြရတော့ တရားနာဖို့ရာ မခဲယဉ်းလို့သာ ဒီလို နာကြားနေရတာပဲလို့ ထင်မှတ်စရာပေါ့။

ရန်ကုန်မြို့မှာပဲဖြစ်ဖြစ်၊ မန္တလေးမြို့မှာပဲ ဖြစ်ဖြစ် မြန်မာပြည်မှာ ဘယ်နေရာဌာနမဆို ကြည့်လိုက်ကြစမ်း၊ ဝါတွင်း-ဝါပ တရားပွဲတွေ ပြုလုပ်ကြတယ်၊ တရားနာချင်ရင် ဘယ်သွားနာမလဲ မခဲယဉ်းပါဘူးလို့ အောက်မေ့ကြလိမ့်မယ်။

ကိုယ်က ကုသိုလ်ကောင်းလို့ တရားပွဲတွေ အများကြီးရှိတဲ့ အချိန်အခါတွေနှင့် တွေ့ကြုံနေရတာပါ။ အမှန်ကတော့ တရားနာဖို့ရာဟာ တကယ့်ကို ခဲယဉ်းပါတယ်။ ဘာ့ကြောင့်လဲဆိုရင် တရားပွဲဆိုတာ ဘုရားပွင့်မှ ဖြစ်နိုင်တဲ့ အတွက်ကြောင့် ဖြစ်ပါတယ်။ အဲဒီတော့ တရားပွဲဖြစ်နိုင်တဲ့ခေတ်ကာလ၊ တရားပွဲ မဖြစ်နိုင်တဲ့ ခေတ်ကာလတွေကို ကမ္ဘာနဲ့ချီပြီး စိစစ်ကြအုံးစို့ရဲ့။

ဟောဒီ ဘုန်းကြီးတို့ကမ္ဘာမှာ ဘုရားဘယ်နှစ်ဆူပွင့်တော်မူသလဲ၊ ငါးဆူပွင့်တော်မူတယ်ဆိုတာ လူတိုင်း သိကြပါလိမ့်မယ်။ အဲဒီ ငါးဆူထဲက စ စဦး ပွင့်တော်မူတဲ့ ကကုသန် မြတ်စွာဘုရားက အသက် လေးသောင်းတမ်းမှာ ပွင့်တော်မူခဲ့ပါတယ်တဲ့။

(က) ကကုသန်ခေါ်၊ မြတ်ဘုန်းမော်၊ သက်တော် လေး သောင်း ပွင့်သတည်း။ (လိုက်ဆို)

လေးသောင်းတမ်းမှာ ပွင့်တော်မူလေတော့ ကကုသန် မြတ်စွာဘုရား လက်ထက်တော်မှာ တရားနာနိုင်တဲ့ခေတ်အခါကလဲလေးသောင်းလောက်ပဲတဲ့။

ကောဏာဂုံမြတ်စွာဘုရားကတော့ အသက်သုံးသောင်းတမ်းမှာပွင့်တော်မူခဲ့ပါတယ်တဲ့။

(ခ) ကောဏာဂုံခေါ်၊ မြတ်ဘုန်းမော်၊ သက်တော် သုံး သောင်း ပွင့်သတည်း။ (လိုက်ဆို)

သုံးသောင်းတမ်းမှာ ပွင့်တော်မူလေတော့ တရားနာနိုင်တဲ့ ခေတ်ကာလ ကလဲ နှစ်ပေါင်း သုံးသောင်းလောက်ပဲတဲ့ကွဲ။

ကဿပမြတ်စွာဘုရားကတော့ အသက်နှစ်သောင်းတမ်းမှာ ပွင့်တော်မူခဲ့ပါတယ်တဲ့။

(ဂ) ကဿပခေါ်၊မြတ်ဘုန်းမော်၊သက်တော်နှစ်သောင်းပွင့်သတည်း။ (လိုက်ဆို)

နှစ်သောင်းတမ်းမှာ ပွင့်တော်မူလေတော့ တရားနာနိုင်တဲ့ ခေတ်ကာလ ကလဲ နှစ်ပေါင်း နှစ်သောင်းလောက်ပဲတဲ့ကွဲ။

အခု ဘုန်းကြီးတို့ ဂေါတမမြတ်စွာဘုရားကတော့ နှစ်ပေါင်း တရာတမ်း မှာ ပွင့်တော်မူပါတယ်။

(ဃ) ဂေါတမခေါ်၊မြတ်ဘုန်းမော်၊သက်တော်ရာတမ်း ပွင့်သတည်း။ (လိုက်ဆို)

အသက် တရာတမ်းမှာ ပွင့်တော်မူလေတော့ သက်တမ်း တိုတော်မူတဲ့ အတွက် သတ္တဝါတွေရဲ့အကျိုး မျှော်ကိုးပြီး သာသနာငါးထောင် ထားတော် မူခဲ့တယ်၊ အဲဒီတော့ အခု-ဂေါတမ မြတ်စွာဘုရားလက်ထက်တော်မှာ တရားနာ နိုင်တဲ့ ခေတ်ကာလ နှစ်ပေါင်း ငါးထောင်တဲ့ကွဲ။

နောင် ပွင့်တော်မူလတ့်အရိမေတ္တေယျမြတ်စွာဘုရားကိုယ်တော်မြတ်ကြီး ကတော့ အသက်ရှစ်သောင်းတမ်းမှာ ပွင့်တော်မူပါလိမ့်မယ်။ ဟောဒီနေရာမှာ တချို့က အသက်တသိန်းမှာ ပွင့်တော်မူတယ်လို့လဲ ဆိုကြပါတယ်။

(င) မေတ္တေယျခေါ်၊ မြတ်ဘုန်းမော်၊ သက်တော် ရှစ်သောင်း ပွင့်လိမ့် မည်။ (လိုက်ဆို)

ရှစ်သောင်းတမ်းမှာပွင့်တော်မူမှာဖြစ်တော့ တရားနာနိုင်တဲ့ခေတ်ကာလ ကလဲ နှစ်ပေါင်း ရှစ်သောင်းလောက်ပဲတဲ့ကွဲ။

အဲဒါစုကို အားလုံးပေါင်းလိုက်တော့ ဟောဒီကမ္ဘာမှာ တရားနာနိုင်တဲ့ အချိန်ကာလဟာ နှစ်ပေါင်း တသိန်း, ခုနစ်သောင်း, ငါးထောင်မျှလောက်ပင် ရှိတယ်။ တရားမနာနိုင်တဲ့ ခေတ်ကာလကတော့ မရေတွက်နိုင်ဘူးပေါ့ကွယ်။

ဟောဒီနေရာမှာ ဥပမာပြရမယ်ဆိုရင် အရှေ့ဘက် ပေါင်းလောင်းမြစ် ထဲက သဲတဆုပ်လောက်ယူပြီး လက်ဖဝါးပေါ် တင်ကြည့်လိုက်စမ်းပါ၊ လက်ဖဝါးထဲကသဲစုနှင့် ပေါင်းလောင်းမြစ်ထဲမှာကျန်ရှိနေတဲ့သဲစု ဘယ်ဒင်းကများ သလဲ၊ လက်ဖဝါးထဲမှာရှိတဲ့သဲစုက အနည်းငယ်မျှ မပြောပလောက်ပါဘူး၊ ပေါင်းလောင်းမြစ်ထဲမှာ ကျန်ရှိနေတဲ့သဲစုက အင်မတန်များပါတယ်။

အဲဒီ ဥပမာအတိုင်းပါပဲ၊ တရားနာနိုင်တဲ့ ခေတ်ကာလက လက်ဖဝါး ထဲမှာရှိတဲ့ သဲစုမျှနှင့် တူပါတယ်၊ တရားမနာနိုင်တဲ့ ခေတ် ကာ လ က တော့ ပေါင်းလောင်းမြစ်ထဲမှာ ကျန်ရှိနေတဲ့ သဲစုနှင့် တူတယ်လို့ မှတ်ကြရမယ်ကွဲ့။ ဒါ့ကြောင့် မြတ်စွာဘုရားက "တရားနာဖို့ရာ ခဲယဉ်းတယ်"လို့ ဟောတော်မူခဲ့ ပါတယ်။

(က) တရားဒေသနာ၊ နာဖို့ရာ၊ လွန်စွာခဲယဉ်းလှပါသည်။ (လိုက်ဆို)

တရားနာဖို့ရာ လွန်စွာခဲယဉ်းပေမဲ့ အခု-တရားနာယူနေကြတဲ့ ဒကာ-ဒကာမအပေါင်းတို့မှာ ရှေးရှေးဘဝကဆည်းပူးခဲ့သော ကုသိုလ်အဟုန်ကျေးဇူး ဂုဏ်ကြောင့် လူ့ဘုံ-လူ့ဘဝမှာ အသက်ရှည်ရှည်နေရပြီး အခုလို တရားတွေကို နာကြားနေကြရပါတယ်။

(ခ) ခဲယဉ်းလှစွာ၊ ဒေသနာ၊ ခုခါ နာလို့နေရပြီ။ (လိုက်ဆို)

အဲ-ကံကောင်းထောက်မလို့ ယခုလို တရားပွဲတွေနှင့်ကြုံကြိုက်ပြီး တရား နာကြရတဲ့အခါမှာ တရားတွေကို ကြိုးစားပြီး နာကြပါလို့ တရားနာပရိသတ် ကြီးကို အထူးတိုက်တွန်းလိုက်ပါတယ်ကွယ်။

(ဂ) ကံကောင်းလို့သာ၊ နာရတာ၊ ထပ်ကာကြိုးစား နာရမည်။ (လိုက်ဆို)

ကိုင်း-ရှေ့ပိုင်းအရ "တရားနာဖို့ရာ ခဲယဉ်းတယ်" ဆိုတဲ့ အကြောင်းကို ဤမျှနှင့်ပင် နိဂုံးချုပ်လိုက်ပါပြီ။

သာဓုဝေါ၊ ညီညာဖြိုဖြို ရောက်လာကြညောင်း တရားနာ ပရိသတ် အပေါင်း သူတော်ကောင်းတို့သည်။ သဒ္ဓမ္မ၊ အလွန်တရာမှ ကြားနာရခဲလှသော နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်းတရားကို။ သုဏန္တု၊ ထပ်ကာ-ထပ်ကာ နာကြားနိုင်ကြပါစေသတည်း။ (သာဓုခေါ်)

ရှေ့ပိုင်းဟောစဉ် ပြီး၏။

## (ခ) နောက်ပိုင်း ဟောစဉ်

အဲ-ယနေ့ည နောက်ပိုင်းအရ သမထနှင့် ဝိပဿနာကို ထင်ရှားစွာ ရှင်းလင်းအောင်ဟောပြပြီးနောက် မြတ်စွာဘုရားသခင်၏လက်ျာရံ အဂ္ဂသာဝိကာမဖြစ်တဲ့ ''ခေမာထေရီ''ရဲ့အကြောင်းကို ဆက်လက်ဟောပြမယ်၊ တရားကိုအာရုံစိုက်ပြီး နားထောင် နာကြားကြပါ။

### သမထနှင့်ဝိပဿနာ ခွဲပြချက်

ပထမနေ့နှင့် ဒုတိယနေ့များက ဝယ်အပ်သောတရား, ပွားများအပ်သောတရားများနှင့်တကွ ဒါန,သီလအကြောင်းများကို ဟောကြားပြသခဲ့ပေပြီ၊ ယခုတတိယနေ့မှာ ဘာဝနာအကြောင်းကို ဟောပြဖို့ လိုပြန်တယ်၊ ဒါ့ကြောင့် ဘာဝနာအကြောင်းကို ဟောပြအုံးမယ်၊ အာရုံစူးစိုက်ကြနော်။

ဘာဝနာဆိုတာ သမထ ဘာဝနာ, ဝိပဿနာ ဘာဝနာရယ်လို့ နှစ်မျိုးရှိပါတယ်၊ အဲဒီ နှစ်မျိုးတို့တွင် သမထဘာဝနာဆိုတာ ပညတ်အာရုံအပေါ်ကို ရှုမှတ် ပွားများရတာကို ဆိုပါတယ်။

ဝိပဿနာ ဘာဝနာ ဆိုတာကတော့ သစ်တပရမတ်ခေါ်တဲ့ ရုပ်အာရုံအပေါ်, နာမ်အာရုံအပေါ်ကို ရှုမှတ် ပွားများရတာကို ဆိုပါတယ်။

(က) ပညတ်အပေါ်၊ ရှုခဲ့သော်၊ မှတ်နော်သမထပေတည်း။ (ပညတ်ကိုသာအရှုများ၍ ဉာဏ်သို့ရေးလိုက်ခြင်းဖြစ်သည်။သတိပြုကြစေ)

(ခ) ရုပ်နာမ်အပေါ်၊ရှုခဲ့သော်၊မှတ်နော်ဝိပဿနာပေတည်း။(လိုက်ဆို)

အဲဒီ သမထဘာဝနာ,ဝိပဿနာဘာဝနာ နှစ်မျိုးကိုပင် ကမ္မဋ္ဌာန်းလို့လဲခေါ်ပါတယ်၊ ဒါ့ကြောင့် ကမ္မဋ္ဌာန်း အားထုတ်တယ်ဆိုတာ သမထဘာဝနာ, ဝိပဿနာဘာဝနာများကို အားထုတ်နေတာပါပဲလို့ မှတ်ရမယ်။

သမထ ဘာဝနာသက်သက်ကို အားထုတ်တော့ ဘာအကျိုးရှိပါသလဲဆိုရင် ကသိုဏ်းဝန်း အာရုံကိုပဲ ဖြစ်ဖြစ်, အသုဘ အာရုံကိုပဲဖြစ်ဖြစ်, ထွက်လေဝင်လေအာရုံကိုပဲဖြစ်ဖြစ်၊အဲဒီ သမထအာရုံတခုခုကို ရှုမှတ် ပွားများနေပါလျှင်စိတ်တည်ကြည်ပြီးတော့ နောက်ဆုံးတွင် ဈာန်အပ္ပနာသို့တိုင်အောင် ပေါက်ရောက်၍ တန်ခိုးဣဒ္ဓိပါဋိအမျိုးမျိုးကို ရနိုင်ပါတယ်တဲ့။

ဝိပဿနာဘာဝနာကို အားထုတ်ရင်တော့ ရုပ်နာမ်ဖြစ်,ပျက်ကို ထင်မြင်ပြီးနောက် ဝိပဿနာဉာဏ်စဉ်ပေါက်၍ မဂ်,ဖိုလ်တိုင်အောင် ပေါက်ရောက်ပြီးလျှင်နောက်ဆုံးတွင် အိုခြင်း, နာခြင်း, သေခြင်းတို့၏ ကင်းရာဖြစ်တဲ့ အနုပါဒိသေသနိဗ္ဗာန်သို့တိုင်အောင် ဝင်စံနိုင်ပါတယ်တဲ့။အဲဒါကြောင့် သမထဝိပဿနာတရားများကို ကြိုးစားအားထုတ်ကြရမယ်။

(ဂ)သမထ-ဝိပဿနာ၊ထိုနှစ်ဖြာ၊ပွားစွာအားထုတ်သင့်ပါသည်။(လိုက်ဆို)
ခေတ်—၃၁၊(ဒုတိယအကြိမ်)

## ခေမာထေရီ ဝတ္ထု

အဲ-ဒီ ခေမာထေရီဘိက္ခုနီမဆိုတာ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး၏ လက်ျာတော်ရံ အဂ္ဂသာဝိကာမ ဖြစ်ပါတယ်၊တပည့်မတွေထဲမှာတော့ ထိပ်တန်း အကျဆုံးပေါ့ကွဲ။

အဲ-ဒီ ခေမာထေရီဟာ အိန္ဒိယနိုင်ငံထဲမှာရှိတဲ့ သာဂလမြို့၌ ဖွားမြင် ပါတယ်။ မဒ္ဒရာဇ်မင်းကြီးရဲ့ သမီးတဲ့ကွဲ။ ရုပ်ရည်ရူပကာယ အလွန်တရာလှပတဲ့ မင်းသမီးတယောက် ဖြစ်ပါတယ်။

အရွယ်သို့ ရောက်တဲ့အခါ ရာဇဂြိုဟ်ပြည့်ရှင် ဘုရင် ဗိမ္ဗိသာရမင်းကြီး၏ အဂ္ဂမဟေသီ မိဖုရားကြီးဖြစ်လာ၍ နတ်၏စည်းစိမ်ကဲ့သို့သော စည်းစိမ်များကို ခံစား,စံစားရပေတယ်၊ အဲဒီ ခေမာမိဖုရားဟာ မိမိ၏ လှပတင့်တယ်ခြင်းအဆင်း အပေါ်၌မာန်ယစ်နေသဖြင့်"မတင့်တယ်ဘူး၊ မလှပဘူး၊ အသုဘကောင်၊ အပုပ် ကောင်"လို့ ဟောတော်မူလေ့ရှိတဲ့ မြတ်စွာဘုရားထံသို့ မသွားလိုဘူး၊ တရားမနာ လိုဘူးတဲ့၊ရှင်းရှင်းပြောကြစို့ဆိုရင် သူနဲ့ဘုရားနဲ့မတဲ့ဘူးပေါ့ကွယ်၊ဘာကြောင့်လဲ သူက ချောတာ လှတာအပေါ် မာနတက်နေတယ်၊ ဘုရားက အသုဘကောင်, အပုပ်ကောင်လို့ အလှမာန်ကိုချိုးပြီးတရားဟောတယ်၊ဒါ့ကြောင့်မတဲ့ဘူးတဲ့ကွဲ။

အဲဒီတော့ ဘုရင်ဗိမ္ဗိသာရမင်းကြီးက ငါဟာ မြတ်စွာဘုရားအဲ့ားအသက် ဆံဖျားထား၍ ကိုးကွယ်လုပ်ကျွေးတယ်၊ငါကဲ့သို့သောမင်း၏ မိဖုရားဟာ ဘုရား ရှင်အား မဖူးမြင်ရဘူးလို့ဆိုရင် မသင့်လျော်ပေဘူး၊ အာဏာဖြင့် စေခိုင်းပြန်ရင် လဲ ပြည်သူအများက မိဖုရားအား ကဲ့ရဲ့ကြလိမ့်မယ်၊ သို့အတွက် ပရိယာယ်ဖြင့် နန်းတွင်းသူများအား ဝေဠုဝန်ဥယျာဉ်အကြောင်းဖွဲ့ဆိုစေမှပဲလို့ အကြံဖြစ်ကာ ဝေဠုဝန်ဥယျာဉ်အကြောင်းကိုဖွဲ့၍ ခေမာမိဖုရား ကြားလောက်အောင် သီဆို စေပါတယ်တဲ့။

### ဝေဠုဝန် ဥယျာဉ်ဖွဲ့ ကဗျာများ

(က) ဝေဠုဝန်ဟု ခေါ်ပြု အကျော်၊
ဥယျာဉ်တော်အား-ရောက်ငြား သူနော်။
နန္ဒဝန်ခေါ် ငြား-နတ်များ မွေ့လျော်၊
ဥယျာဉ်ကြီး-ရောက်ပြီး မှန်သနော်။

(ခ) ဝေဠုဝန်ဟု-ခေါ်ပြု နာမ၊
ဥယျာဉ်တော်အား-ဖွဲ့ငြား မှန်စွာ။
လက်ကျန်း-က-မဆုံးနိုင်ပါ၊
ဥယျာဉ်ကြီး-အံ့ချီး လွန်သာယာ။ (ပိုက်ဆို)

အဲ-ဤကဲ့သို့ ဝေဠုဝန်ဥယျာဉ်တော်ကြီးကို ကဗျာ သီကုံးပြီးသကာလ နန်းတွင်းသူများအား မိဖုရားကြားလောက်အောင် အဆိုခိုင်းတယ်တဲ့။

အဲဒီတော့မှ ခေမာမိဖုရားက "အော်-ဝေဠုဝန်ဥယျာဉ်တော်ကြီးဆိုတာ သာမည မဟုတ်ပါကလား၊ ကဗျာဖွဲ့လောက်အောင်သာယာတဲ့ ဥယျာဉ်ကြီးပါ ကလား၊ ငါ သွားရှုမှသင့်တော်မည်"။အဲဒါလို အကြံများဖြစ်ပြီးလျှင် ဘုရင် မင်းတရားကြီးအား ဥယျာဉ်ကစားထွက်ဖို့ရန် လျှောက်ကြားတယ်တဲ့ကွဲ့။

ဒီတော့မှ ဘုရင်မင်းတရားကြီးက "သင်-မိဖုရာကြီး ဥယျာဉ်သို့သွားရင် ဘုရား သခင်ကို ဝင်ပြီး ဖူးမြော်ခဲ့ရမယ်"လို့ မိန့်တော်မူလိုက်တယ်၊ အကြံပိုင်တဲ့ ဘုရင်ကြီးပေပေါ့နော်၊မြတ်စွာဘုရားကလဲ ဤအကြောင်းကိုသိတော်မူနှင့်တာနဲ့ ခေမာမိဖုရားထက် ရုပ်အဆင်းသာတဲ့ မိန်းမငယ်သဏ္ဌာန် ဖန် ဆင်း တော် မူ ၍ ကိုယ်တော်မြတ်၏ ခြေတော်ရင်း၌ ယပ်လေခတ်၍ နေစေတယ်တဲ့ကွဲ့။

ခေမာမိဖုရားလဲ ဥယျာဉ်တော်ထဲ လှည့်ပတ်ကြည့်ရှုပြီးလျှင် ဘုရင့်အမိန့် အတိုင်း မြတ်စွာဘုရားထံဝင်၍ ဖူးမြော်သည်ရှိသော် ခြေတော်ရင်း၌ ယပ်ခတ် နေတဲ့ မိန်းမငယ်ကိုမြင်လျှင် "အော်-ဤလူ့ပြည်တွင် ငါ့ထက်သာ၍ အဆင်းလှ တဲ့သူ မရှိတော့ဘူးလို့ ထင်နေတာ ယခုတော့ ရွှေဟင်္သာနှင့် လင်းပြာငှက်ကဲ့သို့ ဖြစ်ချေပေါ့၊ ရုပ်ရည်အဆင်းကိုမှီပြီးတော့ ငါ မာန်တက်နေခြင်းဟာ အလွဲကြီး လွဲပါကလား"လို့ အောက်မေ့ပြီးတော့ စူးစိုက်ကြည့်ရှုပြီး နေတယ်တဲ့ကွဲ့။

အဲ-ဒီအခါ မြတ်စွာဘုရားက "ခေမာမိဖုရားဟာ အလှမာန်ကျိုးသွားပြီ၊ ငါထပ်၍ အလှမာန်ချိုးပြီးတော့ တရားဟောတော့အံ့"လို့ နှလုံးသွင်းတော်မူပြီး ယပ်ခတ်နေတဲ့ မိန်းမငယ်ကို သူအို၊ သူနာ၊ သူသေအသွင် ဖန်ဆင်း၍ ပြတော် မူလိုက်တဲ့အခါ ခေမာမိဖုရားဟာ အလွန်တရာ ထိတ်လန့်ကာ သတိ သံဝေဂ ဖြစ်သွားတော့တာပေါ့ကွဲ့။

အဲဒီအခါကျမှ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက....

အာတုရံ အသုစိံ ပုတိံ၊ ပဿ ခေမေ သမုဿယံ။
ဥဂ္ဃရန္တံ ပဂ္ဃရန္တံ၊ ဗာလာနံ အဘိနန္ဒိတံ။

(ထေရီ ဂါထာ)

ခေမေ၊ ချစ်သမီး ခေမာ။ တွံ၊ သင်သည်။ အာတုရံ၊ ကိုးဆယ့်ခြောက်ဖြာ ဘေးရောဂါတို့ဖြင့် လွန်စွာနှိပ်စက် ကျင်နာထသော။ အသုစိံ၊စက်ဆုပ်ရွံဖွယ် မစင်ကြွယ်ထသော။ပုတိံ၊အနံ့လွန်ဆိုး မစင်အိုးကဲ့သို့ ပုပ်သိုးလျက် နေထသော။ ဥဂ္ဃရန္တံ၊ ချွဲခန်း၊ တံထွေး၊ နှပ်၊ မျက်ချေးမျိုး အပုပ်အသိုးတို့ ပွားတိုး၍သာ အထက်ဒွါရမှ နေ့ညမစဲ အမြဲယိုစီးထသော။ ပဂ္ဃရန္တံ၊ ကျင်ကြီး - ကျင်ငယ် အသွယ်သွယ်တို့ ရွံဖွယ်ကောင်းလှ အောက်ဒွါရမှ နေ့ညမစဲအမြဲယိုစီးထသော။

ဗာလာန် အဘိနန္ဒိတံ၊ အပုပ်ဟူက ငန်းငန်းထသည့် ယင်မမဲရိုင်း ငွင်းတဝိုင်းသို့ စံနိုင်းတူပုံ ကာမဂုဏ်ကြိုက် ပုထုဇဥ်မိုက်တို့သည် အမြဲလိုက်စားကာ လွန်စွာ နှစ်သက်အပ်ပေထသော။(တော၊ သင် ချစ်သမီး၏။) သမုဿယံ၊ ပိုးမျိုးရှစ်ဆယ် မှီတွယ်နေညောင်း ရွံဖွယ်ကောင်းလှတဲ့ ကိုယ်ခန္ဓာ၌ရုပ်နာမ်အပေါင်းကို။ ပဿ၊ သတိသမ္ပဇဉ် အမြဲယှဉ်လျက် ရုပ်နာမ်ဖြစ်-ပျက်ထင်လာအောင်ဟာ ရှုလိုက် စမ်းပါကွဲ ချစ်သမီးရဲ့။

အဲ-သို့ကလို ဟောကြားတော်မူလိုက်တဲ့အခါ ခေမာမိဖုရားဟာ တရား နာရင်း ဝိပဿနာဉာဏ်စဉ်ပေါက်ပြီးတော့ သောတာပန်အဖြစ်သို့ ဆိုက်ရောက် သွားပါတယ်။ ဟောဒီနေရာမှာ ဓမ္မပဒ အဋ္ဌကထာက ရဟန္တာမအထိ ဖြစ်သွား တယ်လို့ ဆိုပါတယ်။ဒါပေမဲ့ ခေမာထေရီကိုယ်တိုင် ဟောထားတဲ့"ထေရီဂါထာ ပါဠိတော်"မှာ သောတာပန်မျှဖြစ်၍ နောင် ဘိက္ခုနီမပြုပြီးမှ ရဟန္တာမ ဖြစ် ကြောင်းကို ဟောတော်မူထားပါတယ်။

ထို့နောက် နန်းတော်သို့ ပြန်ရောက်တဲ့အခါ ဘုရင်မင်းတရားကြီးအား ရဟန်းမိန်းမပြုဖို့ရန် ခွင့်တောင်းတယ်၊ ဗိမ္ဗိသာရ မင်းတရားကြီးကလဲ အားရ ဝမ်းသာ ရွှေထမ်းစင်ဖြင့် ဘိက္ခုနီမတို့၏ကျောင်းသို့ ပို့စေတယ်တဲ့။

ခေမာမိဖုရားလဲ ဘိက္ခုနီမတို့ထံ၌ ရဟန်းမိန်းမ ပြုပြီးလျှင် တနေ့သ၌ ဆီမီးထွန်းစဉ် ဆီမီးကိုရှုရင်း ဝိပဿနာဉာဏ်စဉ်ပေါက်ကာ အာသဝေါကင်းကွာ ရဟန္တာမအဖြစ်သို့ရောက်၍"ခေမာထေရီ"လို့ ကျော်ကြားပါတယ်။

ထို့နောက် ဇေတဝန်ကျောင်းတော်သို့ ရောက်တော်မူဘဲ့အခါ ခေမာ ထေရီ ဘိက္ခုနီမကို....

တေဒဂ္ဂံ ဘိက္ခဝေ မမသာဝိကာနံ မဟာပညာနံ ဘိက္ခုနီနံ ယဒိဒံ ခေမာ လို့ ပညာအရာ၌ "ဧတဒဂ်" ဘွဲ့ထူးကို ပေးသနားတော်မူသဖြင့် မဟာပညာ ဧတဒဂ်ဘွဲ့ထူးရ လက်ျာရံ အဂ္ဂသာဝိကာမ ဖြစ်ရလေသတည်း။

(၁) သမထ-ဝိပဿနာ၊ထိုနှစ်ဖြာ၊မှန်စွာ အားထုတ်သင့်ပါသည်။

(လိုက်ဆို)

ကိုင်း....နောက်ပိုင်းအရ ခေမာထေရီဝတ္ထုဖြင့် နိဂုံးချုပ်လိုက်ပါပြီ။

သာဓဝေါ၊ ဟောဒီ တရားပွဲကြီးသို့ ဝံ့ချီးရောက်ညောင်း တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့သည်။ ကုသလံ၊ သမထ-ဝိပဿနာ ဆိုတဲ့ ကုသိုလ်တရားကို။ ဘာဝယန္တု၊ နေ့ညမအား ပွားများ အားထုတ်နိုင်ကြပါစေ သတည်း။ (သာဓုခေါ်)

နောက်ပိုင်းဟောစဉ် ပြီး၏။

---

## စတုတ္ထနေ့
## (က) ရွှေပိုင်း ဟောစဉ်

အဲ-ယနေ့တရားကြီး အပြီးသတ်မဲ့နေ့ ဖြစ်တယ်။ အဲဒီနေ့မှာ ရွှေပိုင်းအရ နံပါတ်လေးဖြစ်တဲ့ "ဘုရားဖြစ်ဖို့ရာ ခဲယဉ်းတယ်" ဆိုတဲ့ အကြောင်းကို အကျယ်အားဖြင့် ဟောကြားပြပါမယ်။ အာရုံစိုက်ပြီးတော့ နားထောင် နာကြားကြနော်။

### ၄။ ဘုရားဖြစ်ဖို့ရာ ခဲယဉ်းတယ်

ဗုဒ္ဓေါ န မုပ္ပါဒေါ၊ သုံးလူထွတ်ထား မြတ်စွာဘုရားတို့၏ ထင်ရှားထွန်းပ ဖြစ်ပေါ်ရခြင်းသည်လည်း။ ကိစ္ဆော၊ ဘဝအသခေျ ပါရမီတွေပြည့်ဝအောင် ဖြည့်ကျင့်ရပါသဖြင့် လွန်စွာ ခဲယဉ်းလှပါပေ၏။ ဝ '၊ အလွန်တရာမှ ခဲယဉ်းလှလေတော့သတည်း။

(က) ဘုရားမြတ်စွာ၊ ဖြစ်ဖို့ရာ၊ လွန်စွာ ခဲယဉ်းလှပါသည်။
(ခ) ခဲယဉ်းလှစွာ၊ စောမြတ်စွာ၊ ခုခါ ဖြစ်လို့နေရပြီ။
(ဂ) ဘုရားသာသနာ၊ ကြုံကြိုက်လာ၊ ကောင်းစွာကျင့်မှ သင့်တော်မည်။ (လိုက်ဆို)

အဲ-မြတ်စွာဘုရားက- "ဘုရားဖြစ်ဖို့ရာ ခဲယဉ်းတယ်" လို့ ဟောတော်မူထားပါတယ်။

အဲဒီစကားကိုလဲ သာမညအားဖြင့် စဉ်းစားကြည့်မယ်ဆိုရင် မဟုတ်နိုင်ပါဘူးလို့ ထင်စရာပါပဲ။ ဘာပြုလို့လဲဆိုတော့ ဘုရားရှင်တွေဟာ ဂင်္ဂါသဲစုမက ပွင့်တော်မူကြတယ်ဆိုတဲ့ စကားကို အများအားဖြင့် ပြောကြားနေကြလို့ဖြစ်ပါတယ်၊ဘုရားရှင်တွေ ဒါလောက်များများ ပွင့်တော်မူကြတာဟာ ဘုရားဖြစ်ဖို့ရာ မခဲယဉ်းလို့သာ ဒါလောက်တောင် ပွင့်တော်မူနေကြတာပဲလို့ ထင်မှတ်စရာပါပဲတဲ့။

ဒါပေမဲ့ ကမ္ဘာတွေက အင်မတန်များလွန်းလို့သာ ဘုရားတွေက များနေတာပါ၊ အမှန်ကတော့ ဘုရားနဲ့ ကမ္ဘာဟာ ဘုရားကနည်းပြီး ကမ္ဘာကအလွန်များပြားနေပါတယ်။

အခု ဘုန်းကြီးတို့ ဂေါတမဘုရား အလောင်းတော် သည် ပင် နိယတဗျာဒိတ်ပန်းကို ဆင်းမြန်းပြီးတဲ့နောက် ပါရမီတွေဖြည့်ကျင့်ရတဲ့ လေးသင်္ချေနှင့် ကမ္ဘာတသိန်းရဲ့အတွင်းမှာ ဘုရားရှင်ပေါင်း နှစ်ကျိပ်ရှစ်ဆူသာ ပွင့်တော်မူပါတယ်။ ကြည့်တော့လေ....ကမ္ဘာတွေက ဘယ်လောက် များပြားနေဟုံး ဆိုတာ၊ ကြောင့် ကမ္ဘာတွေက များလွန်းလို့ ဘုရားတွေ များ နေ တာ ပါ တဲ့။ ကမ္ဘာနဲ့ အဲဒါ ဘုရားနဲ့စာလျှင် ကမ္ဘာက အများကြီးပေါ့ကွယ်။

အခု ဂေါတမမြတ်စွာဘုရားအလောင်း ပါရမီဖြည့်ခဲ့ရတဲ့ကမ္ဘာတွေကို ပဲ ကြည့်လိုက်ကြစမ်းပါအုံး၊ ဘယ်လောက် များပြားတုံးလို့။

စိန္တိတံ သတ္တသင်္ချေယျံ၊ နဝ သင်္ချေယျ ဝါစကံ။

ကာယဝါစံ စတုချာတံ၊ ဗုဒ္ဓတ္တံ သမုပါဂမိ။

စိန္တိတံ၊ ဘုရားဖြစ်ရန် စိတ်ကကြံ၍ ဆုပန်ခဲ့ရတဲ့ ကမ္ဘာပေါင်းသည်။ သတ္တသင်္ချေယျံ၊ ခုနစ်သင်္ချေ-တဲ့။

အဲ-ဂေါတမ မြတ်စွာဘုရား အလောင်းတော်ဟာ ဘုရားဖြစ်ချင်လွန်းလို့ စိတ်တော်ကကြံပြီး ဆုတောင်းခဲ့ရတဲ့ကမ္ဘာတွေဟာ ခုနစ်သင်္ချေတောင် ရှိတယ် တဲ့ကွဲ။

ကိုင်း....ခုနစ်သင်္ချေရဲ့ နာမည်တွေကို ရေတွက်လိုက်ကြစို့။

(၁) နန္ဒ-အသင်္ချေ၊
(၂) သုနန္ဒ-အသင်္ချေ၊
(၃) ပထဝီ-အသင်္ချေ၊
(၄) မဏ္ဍ-အသင်္ချေ၊
(၅) ဓရဏီ-အသင်္ချေ၊
(၆) သာဂရ-အသင်္ချေ၊
(၇) ပုဏ္ဍရိက-အသင်္ချေ-တဲ့။

အဲဒီ ခုနစ်သင်္ချေအတွင်းမှာ ဗြဟ္မဒေဝ အစရှိတဲ့ ဘုရားရှင်ပေါင်း တသိန်း၊နှစ်သောင်း၊ငါးထောင် ပွင့်တော်မူခဲ့တယ်တဲ့။ အဲဒီ ဘုရားရှင်တို့ရဲ့ အထံ တော်မှာ ဘုရားဖြစ်ဖို့ရန် စိတ်ကကြံပြီး ဆုပန်ခဲ့ရပါတယ်တဲ့။

ဝါစကံ၊ ဘုရားဖြစ်ရန် နှုတ်မြွက်သံဖြင့် ဆုပန်ခဲ့ရတဲ့ကမ္ဘာတွေကတော့။ နဝ သင်္ချေယျံ၊ ကိုးသင်္ချေ-တဲ့။

အဲ-ဂေါတမမြတ်စွာဘုရား အလောင်းတော်ဟာ ဘုရားဖြစ်ချင်လွန်းလို့ နှုတ်မြွက်၍ ဆုပန်ခဲ့ရတဲ့ ကမ္ဘာတွေဟာ ကိုးသင်္ချေတောင် ရှိတယ်တဲ့။

အဲဒီ ကိုးသင်္ချေရဲ့ နာမည်တွေကတော့....

(၁) သဗ္ဗဘဒ္ဒ-အသင်္ချေ၊
(၂) သဗ္ဗဖုလ္လ-အသင်္ချေ၊
(၃) သဗ္ဗရတန-အသင်္ချေ၊
(၄) ဥသဘက္ခန္ဓ-အသင်္ချေ၊

(၅) ခန္ဓုတ္တမ-အသင်္ချေ၊
(၆) မာဏိတ-အသင်္ချေ၊
(၇) ဘဒ္ဒ-အသင်္ချေ၊
(၈) ပဒုမ-အသင်္ချေ၊
(၉) သဗ္ဗဘလ္လ-အသင်္ချေ-တဲ့။

အဲဒီ-ကိုးသင်္ချေအတွင်းမှာတော့-''ပေါရာဏသကျဂေါတမ'' အစရှိတဲ့ ဘုရားရှင်ပေါင်း သုံးသိန်း, ရှစ်သောင်း, ခုနစ်ထောင် ပွင့်တော်မူခဲ့တယ်တဲ့။ အဲဒီ ဘုရားရှင်များရဲ့အထံတော်မှာ ဘုရားဖြစ်ဖို့ရန် နှုတ်မြွက်ပြီး ဆုပန်ခဲ့ရပါတယ်။

ကာယဝါစီ၊ဘုရားဖြစ်ရ၊ ကိုယ်,နှုတ်နှစ်တန်ဖြင့် ဆုပန်ခဲ့ရတဲ့ကမ္ဘာတွေ ကတော့။ စတုချာတံ၊ လေးသင်္ချေ-တဲ့။ ဝါ၊ လေးသင်္ချေနှင့် ကမ္ဘာတသိန်း တဲ့ကွဲ။

•အဲ-ဂေါတမ မြတ်စွာဘုရားအလောင်းတော်ဟာ ဘုရားဖြစ်ချင်လွန်းလို့ ကိုယ်,နှုတ်နှစ်တန်နဲ့ ဆုပန်ခဲ့ရတဲ့ ကမ္ဘာတွေဟာ လေးသင်္ချေတဲ့၊ လေးသင်္ချေ တောင် မကသေးဘူး၊ ကမ္ဘာတသိန်း ပိုလိုက်သေးတယ်ကွဲ။

အဲဒီ-လေးသင်္ချေရဲ့ နာမည်တွေကတော့....

(၁) သေလ-အသင်္ချေ၊
(၂) ဘာသ-အသင်္ချေ၊
(၃) ဇေယျ-အသင်္ချေ၊
(၄) ရုစိယ-အသင်္ချေ-တဲ့။

အဲဒီ လေးသင်္ချေနဲ့ကမ္ဘာတသိန်းအတွင်းမှာတော့ တဏှင်္ကရာ,မေဓင်္ကရာ, သရဏင်္ကရာ,ဒီပင်္ကရာ အစရှိတဲ့ ဘုရားရှင်ပေါင်း နှစ်ကျိပ်ရှစ်ဆူ ပွင့်တော်မူခဲ့ပါ တယ်၊ အဲဒီ ဘုရားရှင်တွေရဲ့ အထံတော်မှာတော့ ဘုရားဖြစ်ဖို့ရန် ကိုယ်, နှုတ် နှစ်တန်တို့ဖြင့်ပင် ဆုပန်ခဲ့ရပါတယ်။

(တေန၊ ထိုသို့ကမ္ဘာကမ္ဘေ သင်္ချေများစွာ ပါရမီဖြည့်ကာ ဆုပန်လာခဲ့ ခြင်းကြောင့်။)ဗုဒ္ဓတ္တံ၊သစ္စာသိမြင် ဘုရားရှင်၏အဖြစ်သို့။သမုပါဂမိ၊ကောင်းစွာ မသွေ ဆိုက်ရောက်တော်မူခဲ့လေသတည်း။

အဲ - အခု ဘုန်းကြီးတို့ ဂေါတမ မြတ်စွာဘုရား အလောင်းတော်ဟာ ဘုရားဖြစ်ချင်လွန်းလို့ နိယတဗျာဒိတ်ပန်း မဆင်မြန်းရသေးခင်က ကမ္ဘာပေါင်း တဆယ့်ခြောက်သင်္ချေ၊ နိယတဗျာဒိတ်ပန်း ဆင်မြန်းပြီးတဲ့နောက် လေးသင်္ချေ နှင့် ကမ္ဘာတသိန်း၊အားလုံးပေါင်းလိုက်တော့ သင်္ချေ နှစ်ဆယ်နှင့်ကမ္ဘာတသိန်း

တဲ့ကွဲ။အဲဒီအတောအတွင်းမှာ ပွင့်တော်မူသွားကြတဲ့ဘုရားရှင်ပေါင်း ၄၊သိန်း, တသောင်း, နှစ်ထောင်, နှစ်ကျိပ်ရှစ်ဆူတို့ရဲ့ အထံတော်မှာ ဒါနပါရမီ, ဒါနဥပ ပါရမီ, ဒါနပရမတ္ထပါရမီ အစရှိတဲ့ ပါရမီဆယ်ပါး အပြားသုံးဆယ်တို့ကိုငင်း၊ ဓနပရိစ္စာဂ, ပုတ္တပရိစ္စာဂ, ဘရိယ ပရိစ္စာဂ, အင်္ဂပရိစ္စာဂ, ဇီဝိတ ပရိစ္စာဂ-ဆိုတဲ့ စွန့်ခြင်းကြီးငါးပါးတို့ကိုငင်း၊ ဗုဒ္ဓတ္ထစရိယ, ဉာတတ္ထစရိယ, လောကတ္ထစရိယ-ဆိုတဲ့ စရိယ သုံးပါးတို့ကိုငင်း ဖြည့်ကျင့်၍ ဆုပန်တော်မူပြီး၊ နောက် ဆုံး တွင် ပါရမီပြည့်၍ ဘုရားအဖြစ်သို့ ရောက်ခဲ့ရပါတယ်။

အဲ-စဉ်းစား ကြည့်ကြပေတော့ ဘုရားတဆူ ပွင့်တော်မူဖို့ရာဟာ ဘယ် လောက်များ ကြပ်တည်း ခဲယဉ်းသလဲ၊ မလွယ်ကူပေဘူးနော်။ အဲဒါကြောင့် ''ဘုရားဖြစ်ဖို့ရာ ခဲယဉ်းတယ်''လို့ ဟောတော်မူခဲ့တာပေါ့ကွယ်။

(က) ဘုရားမြတ်စွာ၊ ဖြစ်ဖို့ရာ၊ လွန်စွာ ခဲယဉ်းလှပါသည်။ (လိုက်ဆို)

အဲ-ဘုရားဖြစ်ဖို့ရာ ခဲယဉ်းပေမဲ့ သတ္တိကောင်း,ဇွဲကောင်းနဲ့ ဘုရားဆုပန် ပြီး ပါရမီဖြည့်ခဲ့ကြလို့ ဘုရားအဖြစ်သို့ ရောက်ခဲ့ရကြလေပြီ။

(ခ) ခဲယဉ်းလှစွာ၊ စောမြတ်စွာ၊ ခုခါ ဖြစ်လို့ နေရပြီ။ (လိုက်ဆို)

အဲ-ကံကောင်း ထောက်မလို့ ယခုလို မြတ်စွာဘုရား သာသနာတော်မြတ် ကြီးနဲ့ တွေ့ကြုံ နေကြရတဲ့အခါမှာ သာသနာနှင့် တွေ့ကြုံ ရ ကျိုး နပ် အောင် ''လသာတုန်း-ဗိုင်းငင်''ဆိုသလို ကုသိုလ်တရား, သမထ-ဝိပဿနာ အလုပ်များ ကို ကြိုးစားအားထုတ်ကြပါလို့ တိုက်တွန်းလိုက်ပါတယ်။

(ဂ) ဘုရားသာသနာ၊ ကြုံကြိုက်လာ၊ ကောင်းစွာကျင့်မှ သင့်တော် မည်။ (လိုက်ဆို)

ကိုင်း....ရှေ့ပိုင်းအရ ''ဘုရားဖြစ်ဖို့ရာ ခဲယဉ်းတယ်''ဆိုတဲ့အကြောင်းကို ဤမျှနှင့်ပင် နိဂုံးချုပ်လိုက်ကြပါစို့။

သာဓုဝေါ်၊ ဟောဒီ တရားပွဲကြီးသို့ ဝှဲချီးရောက်ညောင်း တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့သည်။သုခိတာ၊ကိုယ်စိတ်နှစ်ဖြာကျန်းမာ ချမ်းသာကြကုန်သည်။ ဟောန္တု၊ မုချမသွေ ဖြစ်ကြပါစေသတည်း။

(သာဓုခေါ်)

ရှေ့ပိုင်းဟောစဉ် ပြီး၏။

## (ခ) နောက်ပိုင်း ဟောစဉ်

အဲ-ယနေ့ည နောက်ပိုင်းမှာ ဝိပဿနာကမ္မဋ္ဌာန်း အားထုတ်ပုံကို စုံစုံလင်လင် ဟောပြပြီးတဲ့နောက် ဝိသာခသဌေးကြီးနှင့် သဌေးကတော် ဓမ္မဒိန္နာ တို့အကြောင်းကို ထပ်လောင်း၍ အကျယ်တဝင့်ဟောပြမယ်။တရားကိုအာရုံစိုက်ကြပေတော့။

တုမ္ဟေ၊ ညီညာဖြဖြ ရောက်လာကြတဲ့ ဓမ္မသုဏန္တအပေါင်း သူတော်ကောင်းတို့သည်။ သဒ္ဓမ္မံ၊ နည်းမှန်-လမ်းမှန် နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်းတရားဆိုတဲ့ ဝိပဿနာလုပ်ငန်း-ဝိပဿနာ ကမ္မဋ္ဌာန်းကို။ အာဘာရထ၊ ကြိုးစားမယုတ် အားထုတ်လိုက်ကြပါကုန်လော။

## ဝိပဿနာကမ္မဋ္ဌာန်း အားထုတ်ပုံ

ဝိပဿနာကမ္မဋ္ဌာန်းဆိုတာက ရုပ်အပေါ်ကိုပဲဖြစ်ဖြစ်၊ နာမ်အပေါ်ကိုပဲဖြစ်ဖြစ် ရှုမှတ် ပွားများရတဲ့ ကမ္မဋ္ဌာန်း ဖြစ်ပေတယ်။

အဲဒီလို ရုပ်အပေါ်, နာမ်အပေါ် ရှုမှတ်လဲပဲ ရုပ်-နာမ် ဖြစ်-ပျက်ကို မြင်ပြီးတော့ မိမိတို့ရဲ့ ပါရမီအလျောက် ဝိပဿနာ ဉာဏ်စဉ်ပေါက်ကာ မဂ်,ဖိုလ်သို့ ဆိုက်ရောက်နိုင်တာကိုး။

ဒီတော့....ဟောဒီနေရာမှာ ရုပ်အပေါ်ရှုပုံကို ဟောပြမယ်။ နားထောင်လိုက်ကြ။

တရားအားထုတ်မဲ့သူဟာ ရှေးဦးစွာထိုင်၍ အားထုတ်မှုကို သတိပြုပါ၊ ထိုင်၍အားထုတ်ခြင်းဟာ အကောင်းဆုံးပါပဲ။

ဒါ့ကြောင့် ယောကျ်ားများက တင်ပြင်ခွေ ထိုင်ရမယ်၊ မိန်းမများကတော့ ကျုံ့ကျုံ့ထိုင်ကြတာပေါ့၊ လက်ကို ရှေ့၌ လက်ဖဝါးချင်း ပက်လက်စီထပ်ပြီးထားရမယ်၊ မျက်စိကိုမှိတ်ထားတာက သာလို့ကောင်းတယ်။

အဲသလို ထိုင်ပြီးနောက် စိတ်ကို နှာသီးဝဆီ၌ ထားရမယ်၊ ထွက်လေထွက်တဲ့အခါ နှာခေါင်းဖုအတွင်းမှာ"တိုး"သွားပါတယ်၊အဲဒီ"တိုးမှု"အပေါ် (သိ)လို့ အသိ-ကပ်ပေးရမယ်။

ဝင်လေ ဝင်တဲ့အခါမှာလဲ နှာခေါင်းဖုအတွင်းမှာ"တိုး"၍ဝင်သွားပါတယ်၊ အဲဒီ"တိုးမှု"အပေါ် (သိ)လို့ အသိ-ကပ်ပေးရမယ်။ ဟောဒီနေရာမှာ ထွက်လေ-ဝင်လေအပေါ် အသိ-မကပ်မိစေရဘူး၊ တိုးမှုအပေါ်ကိုသာ အသိကပ်မိစေရမယ်။

အဲသလို ထွက်လေ တိုးတိုင်း၊ ဝင်လေ တိုးတိုင်း မရပ်မနား တရစပ် အားဖြင့် အသိကပ်နေရမယ်။

## သွားခိုက်၌ ရှုပုံ

သွားတဲ့အခါမှာလဲ ညာခြေနှင့် မြေကြီးကိုထိလိုက်လျှင်"ထိမှု"အပေါ် (သိ)လို့ အသိကပ်ပေးရမယ်၊ ဗယ်ခြေနှင့် မြေကြီးကို ထိလိုက်လျှင်လဲ "ထိမှု" အပေါ် (သိ)လို့ အသိကပ်ပေးရမယ်။

ဟောဒီနေရာမှာလဲ ခြေထောက် ပညတ်အပေါ် အသိမကပ်မိစေရဘူး၊ "ထိမှု"ပရမတ်သဘောအပေါ်ကိုသာ အသိကပ်မိစေရမယ်။

အဲသလို သွားတဲ့အခါလဲ မရပ်မနားတရစပ်အားဖြင့် အသိကပ်ပြီးတော့ သွားရမယ်။

•

## ဝိပဿနာဉာဏ် ပေါ်ပုံ

အဲဒီအတိုင်း အဖန်ဖန်အထပ်ထပ် အသိကပ်ပြီးရှုနေတဲ့ယောဂီပုဂ္ဂိုလ်မှာ သိစရာ (အသိကပ်စရာ)အာရုံနှင့် သိမှု၊ အဲဒီ နှစ်ပါးစွသာ ထင်မြင်ကာ ပုဂ္ဂိုလ်, သတ္တဝါ, ငါ ဟူသောအနေ ပျောက်သွားပေလိမ့်မယ်။

အဲဒီအတိုင်း ရှေ့ဆက်၍ အသိကပ်ပြီးရှုသွားလို့ရှိရင် မိမိတို့ပါရမီအတိုင်း ရုပ်-နာမ်, ဖြစ်-ပျက်မှု စသည်တွေကို တွေ့မြင်ပြီးတော့ ဝိပဿနာ ဉာဏ်စဉ် ပေါက်ပြီး မဂ်,ဖိုလ်တိုင်အောင်ဆိုက်ရောက်၍ နိဗ္ဗာန်ကိုကိုယ်တိုင်ဒိဋ္ဌမျက်မှောက် ပြုရပေလိမ့်သတည်း။

(ဝိပဿနာလုပ်ငန်းအကျယ်ကို ဘုန်းကြီး ရေးသားခဲ့သော "ကမ္မဋ္ဌာန်း ဘာသာ ဋီကာကျမ်း၊ ယထာဘူတ ဝိပဿနာ ဒီပနီကျမ်း၊ ဝိပဿနာ ကမ္မဋ္ဌာန်း အားထုတ်နည်းကျမ်း"တို့၌ ယူကြပါလေတော့။)

(က) ထွက်လေတိုးမှု သတိပြု၊ သိမှုကပ်ကာ ရှုလေပါ (လိုက်ဆို)
(ခ) ငင်လေတိုးမှု၊ သတိပြု၊ သိမှုကပ်ကာ ရှုလေပါ။ ။
(ဂ) ညာခြေထိမှု၊ သတိပြု၊ သိမှုကပ်ကာ သွားလေပါ။ ။
(ဃ) ဗယ်ခြေထိမှု၊ သတိပြု၊ သိမှုကပ်ကာ သွားလေပါ။ ။
(င) ဤသို့ဖန်ဖန်၊ ရှုသည့်မှန်၊ မဂ်ဉာဏ်ဆိုက်မှာ မလွဲပါ။ ။
(စ) မဂ်ဉာဏ်ဆိုက်လို၊ များပုဂ္ဂိုလ်၊ နည်းထိုမှန်စွာ ရှုပါလေ။ ။

## ဝိသာခ သဌေးကြီးနှင့် သဌေးကတော် ဓမ္မဒိန္နာ ဝတ္ထု

အဲ-ဝိပဿနာ ကမ္မဋ္ဌာန်းကို အားထုတ်တဲ့အတွက် မဂ်ဉာဏ်တိုင်အောင် ဆိုက်ရောက်တဲ့ အကြောင်းကို ယခုဟောပြမဲ့ ဝိသာခ သဌေးကြီးနှင့် သဌေး ကတော် ဓမ္မဒိန္နာဝတ္ထုဖြင့် ကောင်းကောင်းကြီး သိကြရပေလိမ့်မယ်။ ဒါ့ကြောင့် အာရုံစိုက်ပြီးတော့နာလိုက်ကြပါ၊တရားပွဲကလဲယနေ့ညအပြီးသတ်ဖြစ်ပါတယ်။

ဝိသာခ သဌေးကြီးဆိုတာက ရာဇဂြိုဟ်မြို့ဝယ် နာမည်ကျော်သဌေးကြီး ဖြစ်တယ်။ ဘုရင် ဗိမ္ဗိသာရမင်းကြီးနှင့်လဲ အလွန် ချစ်ကျွမ်းဝင်တယ်၊ ဝိသာခ သဌေးကြီးရဲ့ဇနီး သဌေး က တော် ကြီး ကို တော့ ဓမ္မဒိန္နာ-လို့ ခေါ်ပါတယ်။ သူတို့ဟာ လောကီရေးဘက်မှာ ဂုဏ်ရေတူချင်း လက် ထပ် လိုက် ကြ တာ ပဲ တဲ့။ ဝိသာခ သဌေးကြီးကလဲ ဥစ္စာ ကု ဋေ လေး ဆယ် ပါရှိတယ်၊ ဝိသာခ သဌေး ကတော်လောင်း ဓမ္မဒိန္နာကလဲ ကုဋေလေးဆယ်ပင် ပါရှိတယ်တဲ့။လောကုတ္တရာ ရေးဘက်မှာတော့ ဘယ်သူက သာတယ်ဆိုတာ သတိထားပြီးတော့ နာကြား လိုက်ကြရမယ်။

အခု ဘုန်းကြီးတို့ မြတ်စွာဘုရားသည် ရာ ဇ ဂြိုဟ် မြို့ သို့ ကြွ တော်မူပြီး တရားပွဲကြီး ကျင်းပတဲ့အခါ ဝိသာခ သဌေးကြီးလဲ ဘုရင်ဗိမ္ဗိသာရမင်းကြီးနှင့် အတူသွားရောက်၍ တရားတော်ကိုနာကြားတယ်၊ပထမအကြိမ်မှာ သောတာပန် တည်တယ်၊ ဒုတိယအကြိမ်မှာ သကဒါဂါမ်တည်တယ်၊ တတိယအကြိမ်ကျတော့ အနာဂါမ် တည်သွားတယ်တဲ့။

အနာဂါမ် ဆိုတာက သား, မယားအာရုံ အိမ်ထောင်မှု အလုံးစုံတို့၌ တွယ်တာနှစ်သက် ကပ်ငြိခြင်းမရှိတော့ဘူးတဲ့။ ဝိသာခ သဌေးကြီးလဲ တရားနာ ပြီးတော့ အိမ်ပြန်လာတယ်၊ သဌေးကတော်ကြီး ဒေါ်ဓမ္မဒိန္နာလဲ သဌေးကြီး ပြန်လာတာကို လေသာတံခါးဖွင့်ပြီး ကြည့်နေတာကိုး၊ သဌေးကြီး အမူအရာ ခါတိုင်းလိုမဟုတ်တော့ပဲ ဣန္ဒြေကြီးနှင့် ဖြစ်လာတာကို သဌေးကတော်ကြီး မြင်လိုက်တော့ ထိတ်ခနဲ ဖြစ်သွားတာပေါ့။

ဒါနဲ့ ခါတိုင်းလိုပဲ သဌေးကတော်ကြီးက ခြေဆေးပြီး ပြုံးပြုံး,ပြုံးပြုံး နှင့် မျက်နှာချိုသွေး၍ လောက္ခတ်ပြုပေမဲ့ အနာဂါမ် သ ဌေး ကြီး က ဖြင့် ခပ်တည်တည်ကြီး လုပ်နေတော့တာပဲတဲ့။

ခါတိုင်းအခါမှာဆိုရင် သဌေးကြီးနှင့် သဌေးကတော်ကြီးတို့ဟာ လက် တွဲပြီး အိမ်ပေါ် အတူတက်၍ ထမင်းစားတဲ့အခါလဲ အတူတူ စားကြတယ်၊ အိပ်တဲ့အခါမှာလဲ အတူတူပဲတဲ့၊ အခုတော့ သဌေးကြီးက သဌေးကတော်ကြီး ကိုဖယ်၍ သူတယောက်တည်း အိမ်ပေါ်တက်ပြီး၊ ထမင်းစားတဲ့ အခါမှာလဲ

သူတယောက်တည်းသာ စားတယ်၊ အိပ်ကဲ့အခါမှာလဲ သူတဦးတည်း အခန်းထဲ သွားပြီးသူယောက်တည်း အိပ်သတဲ့။ ''စသုံးလုံးရှောင်၊ ဝေဆောင်'' ဆိုသလို ပေါ့ကွယ်။

အဲ-ဒီလို သဌေးကြီး၏ အပူအရာကို မြင်ရတော့ သဌေးကတော်ကြီးမှာ အလွန်တရာစိတ်ဆင်းရဲပြီး အတွေးရခက်ကြီး ဖြစ်နေတော့တာပေါ့၊ အေးလေ နှစ်ရက်သုံးရက်လောက်ကြာလျှင် စိတ်ပြေကောင်းရဲ့လို့ အောက်မေ့ပြီး နေပြန်လေရာ နှစ်ရက် သုံးရက်ကြာလဲ ဘာမှမထူးပဲ စကား လဲ တလုံးမှ ပြောဖော်မရတော့ သဌေးကတော်ကြီးက ''အင်း....ငါ အ ကဲ ခတ် ပြီး တော့ နေ လိုက် တာ နှစ်ရက် သုံးရက်တောင် ကြာသွားပြီး၊ မောင်မင်းကြီးသားဟာ အမှန် အငယ် အနှောင်းရှာချင်လို့ ဒီလို ငါ့အပေါ် မှာ အ ပြစ် ရှာ နေ တာ ထင်တယ်၊ အချို ယောကျ်ားများဟာ အငယ်အနှောင်းရှာချင်ရင် မယားကြီးအပေါ် အပြစ်ရှာ တတ်ကြတယ်လို့ ပြောသံကြားဘူးတယ်၊ ဒီလိုမှ မဟုတ်ရင်လဲ သူများ ကုံးဘိုက်လိုက်တာကို ယုံပြီးတော့ စကားမပြောပဲနေတာ ထင်ပါရဲ့၊ဒီအကြောင်းကိုတော့ မေးမှပဲ''လို့ကြံစည်ပြီးတော့ သဌေးကြီးအားအကျိုးအကြောင်းကို မေးရှာတယ် တဲ့ကွဲ့။

အဲ-ဒီတော့ သဌေးကြီးက''သဌေးကတော်ကြီးရယ် ဘာတွေကိုမှ ရှောက်တွေးမနေပါနဲ့၊ အငယ်အနှောင်း ရှာချင်လို့လဲ မဟုတ်ပါဘူး၊ သူများကုံးတိုက်လို့လဲ မဟုတ်ပါဘူး၊ ကျုပ်ဟာ ဘု ရား ရှင် ရဲ့ တ ရား ကို သွားနာတဲ့အခါမှာ အနာဂါမ်တည်ခဲ့ပါတယ်၊ အနာဂါမ်ဆိုတာ သား,မယားအာရုံ ကာမဂုဏ်တွေကို မစုံမက်တော့ဘူး။ တယောက်တည်းသာ နေလိုစိတ် ရှိတော့တယ်၊ ဒါကြောင့် သင်လဲ သင်ဘာသာ နေပေတော့၊ ငါလဲ ငါ့ဘာသာ တကိုယ်တည်းသာ နေတော့မယ်''လို့ ပြောတယ်။

အင်း....ဒီစကားဟာ နုသေးတဲ့ ပုထုဇဉ်များဆိုရင်ဝမ်းနည်းပက်လက်ဖြစ်ရာပေါ့၊ လင်ခန်း မယားခန်း ပြတ်စဲဖို့ရာ ကိစ္စပေကိုး၊ ဒေါ် ဓမ္မဒိန္နာမှာကား ပါရမီရှင်ဖြစ်လေတော့ ဝမ်းမနည်းလှပါဘူးတဲ့။

အဲ-ဒီနောက် သ ဌေး ကြီး က ဆက်၍ ပြော ပြန် တယ်၊ ''အို-သ ဌေး ကတော်ကြီး ဟောဒီ ပစ္စည်းတွေ သင်-အလိုရှိသလို သုံးစွဲပါတော့၊ ကျုပ်ကို သားကလေး, မောင်ကလေးလို အောက်မေ့ပေါ၊ သင် ပေးသမျှကို ဝတ်ပြီး,သင်ကျွေးသမျှကို စား၍ နေပါ့မယ်၊ ဒီလိုမှ မဟုတ်ရင်လဲ သင့် မိဖအိမ်ကို ပြန်ချင်သပေါ့ဆိုရင်လဲ ပြန်နိုင်ပါကယ်၊ဒါမှမဟုတ်ပဲ ဒီအိမ်ပေါ် မှာပင် သင့်လျော်သော ယောကျ်ားတယောက်ကိုယူပြီး အိမ်ထောင်ပြုချင်ရင်လဲ ပြုပါတော့၊ ကျုပ် ခွင့်လွှတ်ပါတယ်၊ ကျုပ်ကတော့ မလေးလို, အမိလိုပဲ သဘောထားပြီး နေပါရစေ လို့ ပြောပြန်တယ်တဲ့၊ သနားစရာပေါ့နော်။

အဲ-ဒီတော့ ဓမ္မဒိန္နာဆိုတဲ့ သင်္ဘေးကတော်ကြီးကလဲ အားကျမခံပဲဖြစ်လာတော့တာပေါ့လေ၊ "အင်း သူက တကထဲ အနာဂါမ်ကလေးတည်ရုံမျှနှင့် အနာဂါမ်ဂုဏ် မောက်နေလိုက်တာ၊ ဒီ-မဂ်ဖိုလ်တရားဆိုတာ ယောကျ်ားများမှသာ ရနိုင်သတဲ့လား၊ မိန်းမများကော မရနိုင်ဘူးတဲ့လား၊ အို-အရှင်သင်္ဘေးကြီး ရှင်က-အနာဂါမ်ကလေးဖြစ်တာနဲ့ တယ်ဟန်လုပ်ပါကလား၊ ကျုပ်က အရှင် သင်္ဘေးကြီးထက်သာအောင် ကျင့်ပြမယ်။ တော် တော် ကြာ တော့ အနာဂါမ်ကြီး အနာဂါမ်ကြီးနဲ့ သူများနောက်ဆွယ်က ကျန်နေမယ်" လို့ ဆိုပြီးတော့ သင်္ဘေးကြီးအား ရဟန်းမိန်းမပြုရန် ခွင့်တောင်းတယ်တဲ့။

အဲ-ဒီအခါ ဝိသာခ သင်္ဘေးကြီးကလဲ ဘုရင်၏ ရွှေထမ်းစင်ကြီးကိုယူပြီးတော့ ရွှေထမ်းစင်ကြီးနဲ့ ဘိက္ခုနီမကျောင်းတိုက်သို့လိုက်ပို့တယ်တဲ့၊ ဓမ္မဒိန္နာဆိုတဲ့ သင်္ဘေးကတော်ကြီးလဲ ဘိက္ခုနီမ ပြုပြီးတဲ့နောက် တစပဉ္စက ကမ္မဋ္ဌာန်းကို ပွားများ၍ နေတယ်တဲ့၊ တစပဉ္စက ကမ္မဋ္ဌာန်း ဆိုတာကတော့ "ဆံပင်, မွေးညှင်း, ခြေသည်း လက်သည်း, သွား, အရေ" လို့ ပွားများရတဲ့ ကမ္မဋ္ဌာန်းပေါ့။

အဲ-ဓမ္မဒိန္နာ ဘိက္ခုနီမလဲ ဘိက္ခုနီကျောင်းတိုက်မှာနေပြီးတော့ ရောက်လာတဲ့ပရိသတ်များကို တရားဟော ညွှန်ခံရတာ များနေတဲ့အတွက် တရားအားထုတ်ခွင့်မရသောကြောင့် တောရွာဇနပုဒ် ရွာငယ်တခုသို့ သွားရောက်နေထိုင်ပြီးလျှင် တရားများကို အားထုတ်လေရာ လေး ငါးရက်အတွင်းမှာပင် အနာဂါမ် တည်သွားပါတယ်တဲ့။

အဲ-အနာဂါမ်တည်ပြီးတဲ့နောက် ဆက်၍တရားကို အားထုတ်ပြန်လေရာကိလေသာကင်းကွာ၍ ရဟန္တာမအဖြစ်သို့ ရောက်သွားပါတယ်တဲ့။ ဓမ္မဒိန္နာက ဝိသာခ သင်္ဘေးကြီးထက် အရာရာမှာ သာသွားပေပြီနော်၊ ဓမ္မဒိန္နာ ဘိက္ခုနီမလဲ ရဟန္တာဖြစ်ပြီးတဲ့နောက် ရာဇဂြိုဟ်မြို့သို့ ပြန်ရောက်လာတယ်တဲ့။

အဲဒီအခါ ဝိသာခ သင်္ဘေးကြီးက အတွေးချော်သွားသည်မှာ "အင်း.... မိန်းမသားများဟာ ဒီလိုချည်းပဲ၊ အစပထမတော့ အားကျမခံ ဟန်ကြီးပန်ကြီးနဲ့ တရားအားထုတ်ချင်သလေး, ယောဂီ,ဘိက္ခုနီ လုပ်ချင်သလေးဆိုပြီး ထွက်သွားလိုက်တာ အခုတော့ ပျင်းတာနဲ့ လူထွက်ချင်လို့ ပြန်လာဟန်တူတယ်" လို့ တွေးမိသတဲ့ကွဲ။

အင်း....သင်္ဘေးကြီးအတွေးနဲ့ ဓမ္မဒိန္နာ ပြန်လာပုံကတော့ မိုးနှင့် မြေကြီး ပမာ စခန်းကွာလှပါတယ်ကွယ်။

အင်း....ဝိသာခ သင်္ဘေးကြီးက တိုက်ရိုက်မေးလို့တော့ မတော်သေးဘူး၊ တရားဆွေးနွေးကြည့်ရင်း သူ့အကဲသိရမှာပဲလို့ ကြံပြီးတော့ ဓမ္မဒိန္နာအား ပုစ္ဆာများကို မေးတယ်တဲ့။

## ဝိသာခနှင့် ဓမ္မဒိန္နာ မေး ့ ဖြေပုံ

မေး။ အို-အရှင်မဓမ္မဒိန္နာ သက္ကာယ ့သက္ကာယလို့ခေါ်ဆိုကြပါတယ်၊ အဘယ်ကို သက္ကာယ-လို့ ခေါ်ပါသလဲ။

ဖြေ။ အို-ဒကာကြီး ဝိသာခ သက္ကာယဆိုတာ တခြား မဟုတ်ပါဘူး၊ ခန္ဓာငါးပါးကိုပင် ခေါ်ပါတယ်။

မေး။ အို-အရှင်မဓမ္မဒိန္နာ သက္ကာယ-သမုဒယဆိုတာကတော့ အဘယ်တရားပါလဲ။

ဖြေ။ အို-ဒကာကြီး ဝိသာခ တပ်နှစ်သက်တဲ့တဏှာကို သက္ကာယ-သမုဒယ-လို့ ခေါ်ပါတယ်။

မေး။ အို-အရှင်မဓမ္မဒိန္နာ သက္ကာယနိရောဓ ဆိုတာကကော အဘယ်ပါလဲ။

ဖြေ။ အို-ဒကာကြီး ဝိသာခ ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာ နိဗ္ဗာန်ကို သက္ကာယ-နိရောဓ-လို့ ခေါ်ပါတယ်။

မေး။ အို-အရှင်မ ဓမ္မဒိန္နာ သက္ကာယ-နိရောဓ ဂါမိနီ ဆိုတာကကော အဘယ်တရားပါလဲ။

ဖြေ။ အို-ဒကာကြီး ဝိသာခ မဂ္ဂင်ရှစ်ပါးကို သက္ကာယ နိရောဓဂါမိနီလို့ ခေါ်ပါတယ်။

အဲ-ဒီအကြောင်းကို ပြလိုလို့....

တဒါ ဥပါသကော သော မံ၊ ဥပဂန္ဒာ အပုစ္ဆထ။
ဂမ္ဘီရေ နိပုဏော ပဥှေ၊ တေ သဗ္ဗေ ဗျာကရိ အဟံ။

(အပဒါန် ပါဠိတော်)

တဒါ၊ ထိုရဟန္တာမဖြစ်ကာ ရာဇဂြိုဟ်မြို့သို့ပြန်ရောက်လာတဲ့အခါ၌။သော ဥပါသကော၊ ထိုခင်ပွန်းတဦး ဖြစ်ခဲ့ဘူးသည့် အထူးကြင်နာ ဝိသာခါ ဒါယကာသည်။ မံ၊ဓမ္မဒိန္နာ သညာမည်ရ ငါ့ဘိက္ခုနီမသို့။ဥပဂန္ဒာ၊မကြာမတင် လျင်မြန်ဆောစွာ ချဉ်းကပ်ပါ၍။ ဂမ္ဘီရေ၊ လောကုတ္တရာ ရေးအရာမို့ လွန်စွာနက်နဲလှကုန်ထသော။နိပုဏော၊ရုပ် ့နာမ်ဓမ္မနှင့် မုချယှဉ်စပ်သဖြင့် သိမ်မွေ့ခဲကပ်လှကုန်ထသော။ ပဥှေ၊ ဖြေနိုင်ဖို့ရေး လွန်ခန်လေးသည့် အမေးပုစ္ဆာ ပြဿနာတို့ကို။ အပုစ္ဆထ၊ စုံစမ်းရှာအရေး မနှေးလျင်မြန် မေးမြန်းခဲ့ပြန်လေပြီ။ အဟံ၊ ရဟန်းကိစ္စ ပြီးဆုံးရသဖြင့် ကြီးလှချမ်းသာ ငါဓမ္မဒိန္နာသည်။တေ သဗ္ဗေ၊ထိုမေးသမျှ အလုံးစုံ အကုန်သော ပုစ္ဆာတို့လို။ ဗျာကရိ ၊ ကိုယ်တိုင်ဒိဋ္ဌ သိမြင်ရသဖြင့် မုချ သေချာ ဖြေဆိုခဲ့ပါသတည်း။

အဲဒီ ဓမ္မဒိန္နာ ဘိက္ခုနီမဟာ ခက်ခဲသော အမေး ပုစ္ဆာများကို ကောင်း မွန်စွာ ဖြေကြားနိုင်တဲ့အတွက် မြတ်စွာဘုရားသခင်က ချီးမွမ်းတော်မူပြီးလျှင် "ဓမ္မကထိက ဧတဒဂ်" ဘွဲ့ထူးကို ပေးသနားတော်မူတယ်တဲ့။ အမျိုးသမီး ဘိက္ခု နီမထဲကဆိုရင် ဓမ္မကထိက အကျော်ပေပေါ့။ဓမ္မဒိန္နာကိုမှီအောင် ဘယ်ဘိက္ခုနီမ မှ တရားမဟောနိုင်ဘူးတဲ့။

ကိုင်း....နောက်ပိုင်းအရ ဤမျှနှင့်ပင် နိဂုံးချုပ်လိုက်ပါသတည်း။ တရား ပွဲကြီးလဲ နောက်ဆုံးပိတ်အားဖြင့် ပြီးဆုံးသွားပါပြီ။

ဒါကြောင့်မို့လို့....

ဤခု ကာလေ၊ ဘုရားသာသနာ လူဖြစ်လာ၍ အသက်ရှည်စွာနေရတဲ့ ယခုလိုအခါကြီး၌။ တုမှေ၊ ဟောဒီ တရားပွဲကြီးသို့ ဝှဲချီးရောက်ညောင်း သင်- တရားနာ ပရိသတ်အပေါင်း သူတော်ကောင်း တို့သည်။ သုခိတာ၊ ကိုယ် စိတ် နှစ်ဖြာ ချမ်းသာကြကုန်သည်ဖြစ်၍။ သဒ္ဓမ္မံ၊ နည်းမှန် လမ်းမှန် နိဗ္ဗာန် ရောက် ကြောင်း သူတော်ကောင်းတရားကို။ အာရာဘထ၊ ကြိုးစားမယုတ် အားထုတ် လိုက်ကြပါကုန်လော့။

"အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေ"

(သာဓုခေါ်)

နောက်ပိုင်းဟောစဉ် ပြီး၏။

ဦးရိပ်သာ (၄)ရက် ဟောစဉ် ပြီးပါပြီ။

(၁၃၂၄-ခု၊ သီတင်းကျွတ်လ)

---

## တရားပွဲအစ မေတ္တာပို့ပုံများကို ပြခြင်း

အမှာ။ ။ဓမ္မကထိက ဆရာတော် တရားဟော ပလ္လင်ပေါ်သို့ ကြွလာ သောအခါ အမျိုးသမီးများနှင့် ပရိသတ်များက သံပြိုင် ဆို၍ မေတ္တာပို့ရမည်။

(၁) ဦးရိပ်သာခေါ်၊ ဆရာတော်၊ ရာကျော်သက်တမ်း ရှည်ပါစေ။ ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ လန်းဖြာပါစေ။

(၂) တပည့်တို့ဆရာ၊ ထေရ်ရိပ်သာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။ ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ လန်းဖြာပါစေ။

(၃) တရားနာရောက်လာ၊ လူများစွာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။ ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ လန်းဖြာပါစေ။

(၄) လုံးစုံများစွာ၊ နတ်ဒေဝါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။
ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ လန်းဖြာပါစေ။

(၅) လုံးစုံများစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ လန်းဖြာပါစေ။

---

## တရားတောင်းပုံကို ပြခြင်း

အမှာ။ ။မေတ္တာပို့ပြီးလျှင် အမျိုးသမီးများနှင့် ပရိသတ်များက သံပြိုင်ဆို၍ တရားတောင်းရမည်။

(၁) ဗုဒ္ဓုပ္ပါဒ-နဝခါဝယ်၊ လူ့ဘဝမျိုး-ရကျိုးနပ်ဖွယ်။
တရားစည်ကြီး-ရိုက်တီးသွယ်သွယ်၊
ကိုယ်တော်မြတ်-နှမ်းလတ် ပင်ပန်းဖွယ်။

(၂) တကိုယ်တော်တည်း-အပြီးမနေ၊ သတ္တဝါလုံး-ကျင့်သုံးပါစေ။
သစ္စာလေးချက်-ဟောမြွက်ခါပေ၊
အခါကောင်း-အပေါင်းကျင့်နိုင်စေ။

(၃) ထွက်မြောက်ကြောင်းနှင့်-နည်းကောင်းရှာဖွေ၊
ချမ်းသာအစစ်-ယူရစ်နိုင်စေ။
စိတ်ကိုထိန်းမှ-ငြိမ်းချမ်းဖို့ပေ၊ တရားနှစ်-ဖွင့်လှစ်အမှန်ပေ။

(၄) သူတော်ထုံးတမ်း-ဆုံးခန်းတိုင်စွာ၊ အကျင့်မျိုးတို့-ဖွံ့ဖြိုးစိမ့်ငှာ။
ခါခါညွှန်းလို့-တိုက်တွန်းပေရှာ၊ဆရာဖျားဟောကြားမြတ်စမ္မာ။

(၅) ရိပ်သာမြနန်း-စံမြန်းထေရာ၊
ရှင်,လူအပေါင်း-ညွတ်ပျောင်းကြည်သာ။
တရားအနှစ်-ယူလစ်မှန်စွာ၊
ဆရာဖျား-စောင့်စား မျှော်လင့်ရှာ။

(၆) ဆယ်ဖြာလက်ယှက်-ထိပ်ထက်တင်ကာ၊
ခ,ဝပ်ကျိုးသို့-ရှိခိုးပန်ထွာ။
တရားရေအေး-တိုက်ကျွေးလှဲ့ပါ၊ ပဏာမ-ပြုကြလိုလားကာ။

(၇) ဆရာဘုရား-ကြွငြားချိန်တော်၊
တပည့်ပေါင်းတို့-ရွှင်ပျောင်းရည်ရော်။
လက်အုပ်မိုးလို့-ရှိခိုးပူဇော်၊ တရားမိုး ရွာဖြိုးပါစေသော်....။

တပည့်များအား အစဉ်သနားသဖြင့် တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူပါ အရှင်မြတ်ဘုရား။ (ဦးချ)

## တရားပွဲအပြီးတွင်
## ဆက်လက်မေတ္တာပို့ပုံများကို ပြခြင်း

(၁) အရှေ့ အရပ်မှာနေ၊ ရှိရှိသမျှ သတ္တဝါတွေ၊ ကိုယ်ရော စိတ်ပါ၊ ကျန်းမာ၍သာ၊ ဇာစ္စိတ် လိုရာပြည့်လို့၊ ချမ်းသာခြင်း လက်ငင်း ရပါစေ။

(၂) အနောက် အရပ်မှာနေ၊...............................လက်ငင်းရပါစေ။
(၃) မြောက် အရပ်မှာနေ၊................................ ။
(၄) တောင် အရပ်မှာနေ၊................................ ။
(၅) အရှေ့တောင်ထောင့် အရပ်မှာနေ၊............... ။
(၆) အနောက်မြောက်ထောင့်အရပ်မှာနေ၊........... ။
(၇) အရှေ့မြောက်ထောင့် အရပ်မှာနေ၊.............. ။
(၈) အနောက်တောင်ထောင့် အရပ်မှာနေ၊........... ။
(၉) အောက် အရပ်မှာနေ၊................................ ။
(၁၀) အထက် အရပ်မှာနေ၊................................ ။

နှုတ်တက်အရ ကျက်ထားကြပါလေ။

---

## ဆုပေးပုံ

ပူဇော်ထိုက်ငြား၊ ဘုရား-တရား၊ သံဃာ အား[illegible]၊ သုံးပါး ရတနာ၊ မြတ်မွန်စွာကို၊ သဒ္ဓါရိုကျိုး၊ လက်အုပ်မိုး၍၊ ရှိခိုးပူဇော်၍၊ ဖူးမြော်မာန်လျှော့၊ ကန်တော့ပါရ၊ မြတ်ပုညကြောင့်၊ ဘယခပ်သိမ်း၊ ကာ[illegible]ပျောက်ငြိမ်းကြလျက်၊ ကာယ-စိတ္တ၊ နှစ်ဝသော ချမ်းသာခြင်းနှင့်၊ မပျင်းပျ[illegible]၊ ပြည့်စုံကြပြီးလျှင်၊ ဒါန-သီလ၊ သမထ-ဝိပဿနာ၊ သူတော်စွာတို့၏ထုံးကို၊ ကျင့်သုံးနိုင်ကြပြီးနောက် မဂ်ခရီးဖြင့်၊ နိဗ္ဗာန်ရွှေပြည်ကြီးသို့၊ အပြီးတိုင်ဆိုက်ရောက်နိုင်ကြသည်ဖြစ်ပါစေ။

---

## ရှစ်ပါးသီလပေးပုံ

၁။ အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထ သီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

၂။ ဒုတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

၃။ တတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

(ဤ သီလတောင်းပုံကို ရဟန်းတော်များက ချပေးရမည်)။

ယမဟံ ဝဒါမိ၊ တံ ဝဒေထ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(ငင်း-နမော တဿကို သီလခံသူ လူက ၃-ခေါက် ဆိုရမည်)။

၁။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

၂။ ဓမ္မံ သရဏံ ဂစ္ဆာမိ။

၃။ သံဃံ သရဏံ ဂစ္ဆာမိ။ (လိုက်ဆို)

၄။ ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

၅။ ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။

၆။ ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။ (လိုက်ဆို)

၇။ တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

၈။ တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။

၉။ တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။ (လိုက်ဆို)

သရဏဂမန် ပရိပုဏ္ဏံ။

၁။ ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

၂။ အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

၃။ အဗြဟ္မစရိယာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

၄။ မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

၆။ ဝိကာလဘောဇနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

၇။ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

၈။ ဥစ္စာသယန မဟာသယနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

(တပိုဒ်-တပိုဒ် လိုက်ဆိုစေ)။

ဣမံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု။ (လိုက်ဆို)

အရှင်ဘုရား.... တပည့်တော်များ၏ ဤသီလကုသိုလ်သည် အာသဝေါ တရား လေးပါးတို့၏ကုန်ရာဖြစ်သောနိဗ္ဗာန်သို့ ပေါက်ရောက်အောင်ရွက်ဆောင်နိုင်သည် ဖြစ်ပါစေသတည်း။ (လိုက်ဆိုစေ)

တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ သာဓုကံ ကတွာ အပ္ပမာဒေန သမ္ပာဒေထ။

## ရေစက်ချရန်

ကမ္မံ ကမ္မဝိပါကဉ္စ၊ သဒ္ဒဟိတွာ မယံ ဘန္တေ။
သရဏသီလံ သမာဒါယ၊ ဒဒါမ ဒေယျ ဝတ္ထုနို။

(၁) ဘန္တေ၊ အရှင်ဘုရား။ မယံ၊ တပည့်တော်တို့သည်။ သံသာရ ဝဋ္ဋ ဒုက္ခတော၊ သံသရာဝဋ်ဆင်းရဲမှ။ မောစနတ္ထာယ၊ ထွက်မြောက်ပါရခြင်းအကျိုးငှာ။ ကမ္မဉ္စ၊ ကံကိုငင်း။ ကမ္မဝိပါကဉ္စ၊ ကံ၏အကျိုးကိုငင်း။ သဒ္ဒဟိတွာ၊ ယုံကြည်ပါကုန်သည်ဖြစ်၍။ သရဏသီလံ၊ သရဏဂုံသီလကို။ သမာဒါယ၊ ခံယူဆောက်တည်ကြပြီးလျှင်။ အာယသ္မန္တာနံ၊ အရှင်ဘုရားတို့၏။ သမ္မုခေ၊ မျက်မှောက်တော်၌။ ဒက္ခိဏောဒကံ၊ မြတ်သောအလှူရေစက်ကို။ ပါတေတွာ၊ သွန်းချ၍။ ဒေယျ ဝတ္ထုနို၊ လှူဒါန်းဖွယ် ဝတ္ထုပစ္စည်းတို့ကို။ ဒဒါမ၊ လှူဒါန်းပါကုန်၏။

(၂) မေ-အမှာကံ၊ တပည့်တော်တို့၏။ ဣဒံ ပုညံ၊ ဤကောင်းမှုသည်။ သဗ္ဗဘယဒုက္ခေဟိ၊ အလုံးစုံသောဘေးဒုက္ခတို့မှ။ မုဉ္စိတွာစ၊ ကင်းလွတ်နိုင်သည်ဖြစ်၍ငင်း။ ကာယစိတ္တသုခေဟိ၊ ကိုယ်၏ချမ်းသာခြင်း, စိတ်၏ချမ်းသာခြင်းတို့နှင့်။ သံပုဏ္ဏ ဘွာစ ပြည့်စုံနိုင်သည်ဖြစ်၍ငင်း။ သဒ္ဓမ္မံ၊ သူတော်ကောင်းတရားကို။ အာရဘိတွာစ၊ အားထုတ်နိုင်သည်ဖြစ်၍ငင်း။ အာသဝက္ခယံ၊ အာသဝေါ တရားလေးပါးတို့၏ ကုန်ရာဖြစ်သော နိဗ္ဗာန်သို့။ ဝဟံ၊ ပေါက်ရောက်အောင် ရွက်ဆောင်နိုင်သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

(၃) မေ-အမှာကံ၊ တပည့်တော်တို့၏။ ဣမံ ပုညဘာဂံ၊ ဤကုသိုလ်၏ အဖို့ဘာဂကို။ မာတာပိတု အာစရိယ ဉာတကာဒီနဉ္စ၊ မိဘဆရာ ဉာတကာနှင့် ရောက်လာသူ လူအပေါင်းတို့အားငင်း။ ဒေဝါနဉ္စ နတ်အပေါင်းတို့အားငင်း။ ယမရာဇာစ၊ ယမမင်းအားငင်း။ သဗ္ဗသတ္တာနဉ္စ၊ အလုံးစုံသော သတ္တဝါအပေါင်းတို့အားငင်း။ ဘာဇေမ၊ အမျှပေးဝေပါကုန်၏။ သဗ္ဗေ၊ အပေါင်း... အမျှရကြပါစေကုန်သတည်း။

(၄) အနာဂတေပိ၊ နောင်သောအခါ၌လည်း။ အယံမယံ... ဤမြေကြီးသည်။ သက္ခိကေ၊ သက်သေအရာ၌။ ဟောတု၊ တည်ပါစေသော်။

အမှာ။ ။မြေစောင်နတ်သည်ဟုဆိုခြင်းသည် မြောက်ပိုင်းဗုဒ္ဓဘာသာ ကျမ်း၌သာ ရှိ၍ ... ရဝါဒပိဋကတ်တော်၌ မရှိပေ၊ သတိ ပြုကြပါစေ။

နောက်ဆက်တွဲပြီး၏။

## (၄) ဦးရိပ်သာ ရှစ်ရက်ဟောစဉ်

သာသနာသက္ကရာဇ် ၂၅၀၁-ခု၊ ကောဇာသက္ကရာဇ် ၁၃၁၉-ခုက စပြီးဟောသည်။

(ပထမနေ့ ၂-နာရီက ၄-နာရီအထိ ချဲ့ဟော)

### ရှေ့ပိုင်း

### ဒေဝပုတ္တအောင်ခြင်း

**အမှာ။** ။မာရ်နတ်မင်းကို အောင်မြင်ပုံ၊ ဝေဿန္တရာမင်းကြီးဘဝက လှူဒါန်းနေပုံ စသည်ကို ရုပ်ပုံများပါပြ၍ ဟောနိုင်လျှင် သာ၍ကောင်းသည်။

ဇိနော မယှံ ဇယံ ဒေတု။

ဇိနော၊ ဒေဝပုတ္တ စသည်များဖြင့် မာရ်ငါးအင်ကို အောင်မြစ်ကြီး အောင်မြင်တော်မူသော မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးသည်။ (မယှံ၊တရား ဒေသနာကို သေချာစွာ ဟောမည်ဟု စိတ်ရည်သန်ငြား ဘုရား တပည့်တော် အားရှင်း။တုမှာကာ၊တရားဒေသနာကို ရိုသေစွာနာကြားမည်ဟု စိတ်ရည်စူးကာ ရောက်လာကြကုန်သော သင်တရားနာ ပရိသတ်အပေါင်းတို့အားရှင်း။) ဇယံ၊ အောင်ဖွယ်အောင်ရာ အောင်စရာ ဟူသမျှကို။ ဒေတု၊ အောင်ပါမည့်အရေး မနှေးကြည်ဖြူ ပေးတော်မူပါစေသတည်း။ ဝါ၊ ပေးတော်မူပါစေသား။

ဒေဝပုတ္တ-မာရ်နတ်သား အောင်မြင်ခြင်း၌ ကဗျာများကိုရွတ်ဆိုပြမယ်၊ နားထောင်ကြ။

၁။ ခြောက်ဘုံပိုင်ငြား-မာရ်နတ်သားမှာ၊
တထောင်လက်ရုံး-သူ့ဘုန်းဖန်ကာ။
နတ်စစ်သည်ပေါင်း-ထောင်သောင်းနှင့်သာ၊
ပလ္လင်တွက်-စစ်ဖက်ပြိုင်လုလာ။

၂။ ထိုသောကာလ-ဗုဒ္ဓမြတ်စွာ၊ မာရ်နတ်သားအား-စကားချီသာ။
ဘဝါဘဝ-ဒါနဖြာဖြာ၊ပလ္လင်တွက်-ရှင်လျက်ငါပြုလာ။

၃။ ထိုသို့ဘုရား-မြွက်ကြားသောခါ၊မြေ့ရေ့လေလုံး-ခြိမ့်အုံးလာရာ။
ကြောက်လန့်မာရ်ယုတ်-နောက်ဆုတ်ပြေးခွာ၊
အခေါင်နှင်း-အောင်ခြင်း(ပထမ)မင်္ဂလာ။

(ဇာတ်အဋ္ဌကထာ နိဒါန်းတွင် ဤအကြောင်းလာ၏၊ ကဗျာကို အရကျက်ထား)။

နားထောင်ကြ၊မာရ်နတ်အောင်ခြင်းကိုမဟောခင်ဘုရားရှင်၏အကြောင်း အရာကို ဟောပြဦးမည်။

ရွတ်လတ့် ဗုဒ္ဓဝင် အကျဉ်း လင်္ကာကလေးကို လူတိုင်း အရ ကျက်ထား သင့်တယ်၊ နားထောင်ကြ၊ ရွတ်ဆိုပြမယ်။

တောင်ကျွန်းဒီပ၊ မဇ္ဈိမာတွင်၊ အိန္ဒိယအဝင်အပ၊ ကပိလာစိုး၊တန်ခိုး နှံ့ကျော်၊ မင်းသုဒ္ဓေါ၏၊ညာပျော်စံမြန်း၊ ယဉ်မူဆန်းသည့်၊တောင်နန်း ဒေဝီ၊မဟေသီလျှင်၊သိရိမာယာ၊မိမာတာ၏၊ ပုတ္တာဖြစ်လတ်၊မင်းသိဒ္ဓတ် သည်၊ ရဟန်းမြတ်အသွင်၊ ယူပြီးလျှင်သာ၊ တောမှာဝင်လျက်၊ ခဲခက် စရိယာ၊ ခြောက်နှစ်ကြာလျှင်၊ လူတွင်ထင်ရှား၊ ဘုရားအစစ်၊ ဖြစ်ခဲ့ပြီး သော်၊ သက်တော်ရှစ်ဆယ်၊ လေးဆယ် ငါးဝါ၊ ကာလကြာအောင်၊ အကျိုးဆောင်၍၊အင်္ဂါနေ့လျှင်၊ စည်ပင်သာယာ၊ ကုသိနာရုံ၊ အင်ကြင်း စုံတွင်၊ နိဗ္ဗာန်ခွင်သို့၊ ဝင်စံသွားသည်၊မှတ်သား တို့-စေ့သတ္တာတည်း။

(သာသနာဝင် မော်ကွန်းမှ)

ဘုရားရှင်သည် ကပိလဝတ်မြို့သား သာကီဝင်မင်းမျိုးအစစ်၊ကပိလဝတ် မြို့တော်ကား အနောက်ဖက် အိန္ဒိယနိုင်ငံ မြောက်ပိုင်း၌ ရှိတယ်၊ ဘုရားရှင်၏ အဖေက ဦးသုဒ္ဓေါ၊ အမေက ဒေါ်မာယာ၊ ဘုရားရှင်၏လူနာမည်က ကိုသိဒ္ဓတ်၊ ဆယ့်ခြောက်နှစ်အရွယ်မှာ မယ်ယသော်နှင့်အတူ အဘိသိက်ခံယူတော်မူပြီးလျှင် ထီးနန်းစံတော်မူတယ်၊ သက်တော် နှစ်ဆယ့်ကိုးနှစ်တွင် ရာဟုလာသားကလေး မွေးဖွား၍ ၎င်းနေ့ညသန်းခေါင်အချိန်မှာ ဆွေတော်,မျိုးတော်များမသိအောင် တိတ်တိတ် ကဏ္ဍကမြင်းကိုစီး၍ ဖွားဘက်တော် ဆန္နအမတ်ကို အမြီးကဆွဲစေပြီး တောထွက်တော်မူတယ်။ အနော်မာမြစ် ဟိုဘက်ကမ်းရောက်လျှင် ရဟန်းပြု၍ ဥရုဝေဠတောသို့ကြွပြီး ဒုက္ကရစရိယာကျင့်တော်မူတယ်၊ ဒုက္ကရစရိယာ ခြောက် နှစ်ကျင့်ပြီးလျှင် သက်တော်သုံးဆယ့်ငါးနှစ် ကဆုန်လပြည့်နေ့တွင် သေနာနိဂုမ်း သူ သဌေးကတော် ဒေါ်သုဇာတာ၏ နို့ဃနာဆွမ်းကို ရွှေခွက်ပါခံ၍ နေရဥ္စရာ မြစ်ဆိပ်၌ လေးဆယ့်ကိုးလုပ် ဘုဉ်းပေးပြီး ရွှေခွက်ကို မြစ်ထဲမျှောလိုက်၍ ညနေ စောင်းအချိန် ဗောဓိပင်သို့ကြွရာ မြက်ထမ်းသမား မောင်သုဇ္ဇိအထံမှ မြက်ရှစ် ဆုပ်အလှူခံ၍ မဟာဗောဓိပင်အောက် ရောက်သောအခါ ၎င်းမြက်များခင်းပြီး လျှင် ဘုရားမဖြစ်သမျှ မထတော့ဘူးဟု ဓိဋ္ဌာန်၍ ထက်ဝယ်ဖွဲ့ခွေ တင်ပလ္လင်ထိုင် လျက် နေတော်မူတယ်၊ ထိုအခါ သိကြားမင်းက ဝိဇယုတ္တရမည်သော ခရုသင်း ကြီးကိုမှုတ်လို့၊ ပဥ္စသိခနတ်သားကြီးက ဗေဠုဝစောင်းကြီးကိုတီးလို့၊ သုယာမာ နတ်မင်းကြီးနှင့် သန္တုသိတနတ်မင်းကြီးတို့က သားမြီးယပ်နှင့် ပတ္တမြားယပ်

များကိုခတ်လို့၊ သဟမ္ပတိဗြဟ္မာမင်းကြီးက ထီးဖြူကြီးမိုးလို့၊ ကာဠနဂါးမင်း၏ ကိုယ်ရံတော် နဂါးမကလေးတွေက ဘုန်းတော်ဘွဲ့များကို ရွတ်ဆိုကြလို့၊ အခြားနတ်,ဗြဟ္မာများကလဲ ပန်း,နံ့သာများပူဇော်ကြလို့ အလွန်တင့်တယ်လှပေတယ်။

ထိုအခါ မာရ်နတ်ကြီးထည် နတ်စစ်သည်များစုရုံး၍ ဗောဓိပင်သို့ရှေးရှုတက်လာတယ်။ မာရ်နတ်ကြီး၏စစ်တပ်မှာ ရှေ့က ဆယ့်နှစ်ယူဇနာ၊ နောက်က စကြဝဠာတံတိုင်းအထိ၊ ဘေးက ဆယ့်နှစ်ယူဇနာအထိ၊ မာရ်နတ်ကြီးကတော့ ယူဇနာတရာ့ငါးဆယ်မြင့်တဲ့ဂီရိမေခလာဆင်ကြီးကိုစီးလို့လက်မောင်းတထောင် ဖန်ဆင်းကာ လက်နက်အမျိုးမျိုး ကိုင်ထားသတဲ့။ ကြောက်စရာကြီးပေါ့လေ။

သိကြားမင်း,ဗြဟ္မာမင်းစသည်တို့ကား စေးရာသို့ရှောင်လွှဲ၍ အောင်ပွဲကိုကြည့်နေကြတယ်။ တဦးတယောက်မျှ ဘုရားအလောင်းတော်အနီး၌ မရှိတော့ဘူး၊ ဗြဟ္မာမင်းကြီးက ထီးဖြူကြီးကို အဖျားက ကိုင်၍ ဗြဟ္မာပြည်သို့ ပြန်သွားတယ်၊ သိကြားမင်းကြီးကား ခရုသင်းကြီးကိုကျောပိုး ထွက်ပြေးကာ စကြဝဠာတောင်နခမ်းက ရပ်နေတယ်။ ကာဠနဂါးမင်းကြီးကတော့ မြေအတွင်း ငုပ်လျှိုးကာ နဂါးပြည်သို့ ပြန်သွား၍ လက်နှစ်ဘက် မျက်နှာအုပ်ပြီး အိပ်နေသတဲ့။

မာရ်နတ်ကြီးကား လေမိုး, ရေမိုး, ကျောက်ခဲမိုး, လက်နက်မိုး, မီးကျီးခဲမိုး, ပြာပူမိုး, သဲမိုး, ရွှံ့ညွန်မိုး, အမိုက်မှောင်မိုး အမျိုးမျိုး ဖန်ဆင်း တိုက်သော်လဲ မည်သို့မှမတတ်နိုင်ဘူး။ နောက်ဆုံးတွင် ဘုရားအလောင်းတော်သည် မြေကို လက်တော်ဖြင့်သုံးသပ်၍ မဟာပထဝီမြေကြီးကို သက်သေ ပေး လိုက်သောအခါ ပြင်းစွာတုန်လှုပ်သဖြင့် မာရ်နတ်၏စစ်တပ် လန့် ထွက် ပြေး တယ်။ မာရ်နတ်ကြီးလဲ ဂီရိမေခလာ ဆင်ကြီးကိုသော်မှ မကြည့်ရှုအားတော့ပဲ တခါ တည်း ထွက်ပြေးတော့တာပဲတဲ့။ ဒီတော့မှ နတ်, ဗြဟ္မာတွေ ပြန်ရောက်လာကြကာ ကောင်းချီးသြဘာ ပေးကြတယ်။

ဘုရားအလောင်းဟာ နေမဝင်ခင် မာရ်နတ်သား ကို အောင်မြင် ၍ ကမ္ဘာ့ဌာန်းကို အားထုတ်လေရာ ပထမယံတွင် ပုဗ္ဗေနိဝါသဉာဏ်, မဇ္ဈိမယံတွင် ဒိဗ္ဗစက္ခုဉာဏ်ကို ရတော်မူ၍၊ ကဆုန်လပြည့်အကုန် နေအရုဏ်တက်သည်နှင့်သည်တပြိုင်နက် သဗ္ဗညုတဉာဏ်ကိုရ၍ ဘုရားအဖြစ်သို့ ရောက်တော်မူတယ်။ ဘုရားကိုယ်တော်မြတ်ကြီးသည် မာရ်ငါးပါးကို အောင်မြင်တော်ဘိသကဲ့သို့ သင်-တရားနာပရိသတ်တို့၏ အောင်ဖွယ်-အောင်ရာ-အောင်စရာဟူသမျှတွေလဲ မနှေးလျင်စွာ အောင်မြင်ပါစေသတည်း။

ကိုင်း ...ရှေ့ပိုင်း မာရ်နတ်သား အောင်ခြင်း ပြီးပြီ။ သာဓုခေါ်လိုက်ကြ။

(ငါးမိနစ် နားခွင့်ပေးသည်။)

## နောက်ပိုင်း၊ သမထ-ဝိပဿနာ ခွဲပြချက်

သမထနှင့် ဝိပဿနာကို ခွဲပြမယ်၊ နားထောင်ကြ။ "သမထ"ဟူသည် စိတ်တည်မှုအလုပ် ပညတ်အာရုံကိုသာ ထင်မြင်တယ်။ "ဝိပဿနာ" ဟူသည် မိန်းမ, ယောကျ်ား-ဟု စွဲလမ်း၍ ယူအပ်သော ဥပါဒါနက္ခန္ဓာ ငါးပါးတို့ကို မိန်းမ, ယောကျ်ားမဟုတ်၊ ရုပ်နှင့် နာမ်မျှသာ အနိစ္စ, ဒုက္ခ, အနတ္တ မျှသာဟု သိမြင်မှုအလုပ် ပရမတ်ကို ထင်မြင်တယ်။

၁။ စိတ်ငြိမ်သက်မှု၊ထိန်းထားပြုဘိ၊သမာဓိ၊မှတ်သိ သမထပင်တည်း။
၂။ သမထအမြင်၊ ပညတ်ထင်၊ လူ, ရှင် မှတ်ဖို့တည်း။
၃။ ပညတ်ကိုဖယ်၊ ရုပ်, နာမ် ပရမတ်ကိုတွယ်ကာ၊ သိမြင်တာ၊မှတ်ပါ ဝိပဿနာတည်း။
၄။ ဝိပဿနာအမြင်၊ ပရမတ်ထင်၊ လူ, ရှင် မှတ်ဖို့တည်း။
(သာဓက) နီဝရဏာနိ သမေတိ ပူပသမေတီတိ သမထော၊ သမာဓိ။ (မြဘိဓမ္မတ္ထ သင်္ဂဟ ဒီပနီ)

ပဉ္စုပါဒါနက္ခန္ဓေ ဝိသေသေန ပဿန္တီ တောယာတိ ဝိပဿနာ။

သမထကား သမ္မုတိသစ္စာဖြစ်သော ပညတ်အာရုံ ထင်တယ်။ဝိပဿနာ ကား ပရမတ္ထသစ္စာဖြစ်သော ရုပ်, နာမ်, အာရုံသာ ထင်တယ်။

၅။ ရုပ်နာမ်မပါ၊ မှတ်တိုင်းသာ၊ ဖြစ်လာ သမထသာတည်း။
၆။ ဝိပဿနာ၊ အာရုံမှာ၊ မှတ်ပါ ရုပ်,နာမ်တည်း။
၇။ ဝိပဿနာ၊ ပူဇော်သာခါ၊ ရှုပါ ရုပ်,နာမ်တည်း။

ဒုဝေ သစ္စာနိ အက္ခာသိ၊ သမ္ဗုဒ္ဓေါ ဝဒတံ ဝရော။
သမ္မုတိံ ပရမတ္ထဉ္စ၊ တတိယံ နုပလဗ္ဘတိ။
(ကထာဝတ္ထု အဋ္ဌကထာ)

## ရဟန်း၊နတ်သား၊ ဝတ္ထု

နားထောင်ကြ...သမထ-ဝိပဿနာ အားထုတ်သော ရဟန်း နတ်သား ဝတ္ထုဖြင့် နိဂုံးသပ်မယ်၊ ဘုရားလက်ထက်တော်တုန်းက ရဟန်းတော်ကလေး တပါး တောကျောင်းနေ၍ သမထ-ဝိပဿနာတို့ကို အားထုတ်တယ်၊ သူသည် အပြင်းအထန်အားထုတ်လိုက်ရာ မဂ်,ဖိုလ်မဆိုက်သေးခင် အားထုတ်ရင်းအလုပ် ခွင်၌ ထိုင်လျက် ပျံလွန်တော်မူရှာတယ်။

ရဟန်းသည် ကာလကိုသာ နတ်ပြည်ရောက်သွားရာ နတ်ပြည်၌လဲ ထိုင်လျက် တရားအားထုတ်နေတာပါတဲ့။ သူကိုယ်သူ နတ်ပြည်ရောက်မှန်းမသိဘူး၊ နတ်သမီး တွေက ရဟန်းဘဝကဖြစ်လာတဲ့နတ်သားဟုချပ်မိပြုသဖြင့် သူ့ရှေ့ကမြင်လောက်

အောင် မှန်ကြီးကို ထောင်ပြကြတယ်၊ ဒီတော့မှ နတ်ပြည် ရောက်လာကြောင်း သိရ၍ ဘုရားရှင်ထံသို့ အတင်းပြေးလာတယ်၊ နတ်သမီးတွေကလဲ ဝိုင်းလိုက်ကြတာပေါ့၊ ဘုရားရှင်က တရားဆီးဟော၍ သူတို့ သောတာပန် ဖြစ်ကြရတယ်။ ယခုထက်ထိ တာဝတိံသာနတ်ပြည်မှာ ရှိကြတယ်။ သူတို့မှာ သောတာပန်ဖြစ်သွားတော့ စိတ်ချနေရပြီ။

ထို့ကြောင့် သမထ-ဝိပဿနာများကိုကြိုးစားအားထုတ်ကြရမယ်။ဒီဘဝ မဂ်,ဖိုလ်မရသေးလျှင် နတ်ပြည်၌ရနိုင်တယ်။ ဒီဘဝက သမထ-ဝိပဿနာအခြေကောင်းပါဖို့ လိုတယ်။

ကိုင်း....ပထမနေ့နောက်ပိုင်းအပြီးသတ်ပြီ။သမထ-ဝိပဿနာတရားတို့ကို ကြိုးစားအားထုတ်ကာ ရဟန်းနတ်သားကဲ့သို့ မဂ်,ဖိုလ်တိုင်အောင် ဆိုက်ရောက်နိုင်ကြပါစေသတည်း။　　(သာဓုခေါ်)

(ဒုတိယနေ့ ၂-နာရီက ၄-နာရီအထိ ချဲ့ဟော)

---

## ရှေ့ပိုင်း
## အာဠဝက အောင်ခြင်း

ဇိနဿ၊ အာဠဝကကျော်ဟိုး ဘီလူးမျိုးနှင့်တကွ အောင်ဖွယ်-အောင်ရာ အောင်စရာအမှန် အတန်တန်ကို ကြွင်းကျန်မရှိ အောင်မြင်ကြီး အောင်မြင်တော်မူထသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ၏။ အာနုဘာဝေန၊ တန်ခိုးရှိန်တေဇော် အာနုဘော်တော်ကြောင့်။တုမှာကံ၊သင့်-တရားနာပရိသတ် အပေါင်း သူတော်ကောင်းတို့အား။ နိရောဂ ါ၊ ရောဂ ါမငြိ ဘေးမထိကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

၁။ မာရ်သားထက် - ဆတက်လွန်ကာ၊ အာဠဝက - မာနထန်စွာ။
ညဉ့်သုံးယံလုံး-ပစ်မှုန်းလေကာ၊ လက်နက်စွဲ - ပြိုင်ပွဲသူပြုလာ။

၂။ ထင်သလိုလဲ-ဆိုဆဲပြုရာ၊ စိတ်တော်မပျက်-နှစ်သက်ကြည်သာ။
သည်းခံစိတ်သုံး-ရှင်ပြုံးမျက်နှာ၊ တရားပြ-ဆုံးမလေသည်သာ။

၃။ အရှက်ကျင်းလို့-အလင်းပေါ်လာ၊ ကြမ်းတန်းမိုက်မှု-စုစုကင်းကွာ။
ထံတော်ပါးသို့-ဝပ်တွား ဝင်လာ၊
အခေါင်နင်း-အောင်ခြင်း(ဒုတိယ)မင်္ဂလာ။

(သုတ္တနိပါတ် အာဠဝကသုတ် ပါဠိ အဋ္ဌကထာ၊ ကော့်တ္တိုရ် တေဒဂ္ဂဝဂ်အဋ္ဌကထာ စသည်၌ လာ၏။)

နားထောင်ကြ။ယနေ့ ရှေ့ပိုင်းတွင် အာဠဝကအောင်ခြင်းကို ဟောမယ်၊ အာဠဝီမြို့နှင့် မနီးမဝေးအရပ်မှာ ညောင်ပင်ကြီးတပင် ရှိတယ်။ ၎င်းကား.... အာဠဝကဘီလူး၏ နေရာဖြစ်တယ်။၎င်းဘီလူး၏ဗိမာန်သည် မြေ၌တည်တယ်။ တံခါးပြအိုးများ ကောင်းစွာပြုလုပ်၍ အထက်က ကြေးကွန်ရက်အုပ်ထားတယ်။ ၎င်းအား အာဠဝီမင်းက နေ့စဉ် လူတယောက်ကျ ကျွေးရတယ်၊ တနေ့သ၌ ဘုရားရှင်သည် အာဠဝက၏ ကျွတ်ထိုက်သောအကြောင်းနှင့် ရှစ်သောင်း လေးထောင်သော သတ္တဝါတို့၏ မဂ်ဖိုလ်-ရရေးတို့ကို မြင်တော်မူ၍ တကိုယ်တည်း အာဠဝက၏ဗိမာန်သို့ကြွသွားတယ်။အာဠဝကဘီလူးကားဘီလူးအစည်းအဝေး သွား၍မရှိဘူး၊ဗိမာန်တွင်းရှိ ရတနာပလ္လင်၌ထိုင်၍ ရွှေအဆင်းရှိသောရောင်ခြည် တော်များကိုလွှတ်သောအခါ အာဠဝက၏သားမယား ဘီလူးမများ ကြည်ညို ၍ ဘုရားထံ ဝိုင်းပြီး ထိုင်နေကြတယ်၊ ဘုရားရှင်ကား ၎င်းတို့ကို ကုသိုလ်နှင့် ယှဉ်သော တရားများကို ဟောပြောနေတယ်။ တံခါးစောင့်ဘီလူး၏ သွားပြော ချက်အရ အာဠဝကသည် စိတ်ဆိုး၍ ယူဇနာ ခြောက်ဆယ်မြင့်သောကေလာသ တောင်ထွဋ်ကို ညာဘက်ခြေဖြင့် ဆောင့်နင်း လိုက်ရာ ၎င်းတောင်ထွဋ်သည် အချပ်လိုက် ကွာကျ လွင့်စင်သွားတယ်။

"ငါ....အာဠဝကဟေ့"....လို့ တအားကုန် ကြုံးဝါးလိုက်တဲ့ အသံဟာ ဇမ္ဗူဒီပါ တကျွန်းလုံးပြန့်နှံ့သွားတယ်၊အိမ်ဝင်းတံခါးကျော်လျှက်အော်သည်ဟု ထင်ရသတဲ့။ဘုရားရှင်ကို မိုးကြိုးကိုးမျိုးဖြင့် တိုက်ပြီး ဘုက်၊ တစ္ဆေ၊ သရဲ စသည် ကြောက်စရာ အကောင်တွေပေါ်တဲ့စစ်တပ်ဖြင့်လည်း တိုက်၍၊ မည်သို့မျှ မတတ် နိုင်ချေ။ဘုရားရှင်မှာ ၎င်းကို မာရ်နတ်သားထက်ပင် ကြမ်းစွာ ခင်တိုက်ရတယ်။ ဒါ့ကြောင့် "မာရာတိရေက မဘိယုဇ္ဈိတံ သဗ္ဗရတ္တိံ" လို့ဆိုတယ်။

အာဠဝကသည် အထက်မြက်ဆုံး(အစွမ်းကုန်)လက်နက်ဖြင့်သုံးရန် စိစဉ် ပြီ။ လောက၌ ထက်မျက်သော လက်နက်ကြီးများမှာ-

(၁) သိကြားမင်း၏ ဝရဇိန်လက်နက်၊

(၂) ဝေဿဝဏ်နတ်မင်းကြီး၏ သံတင်းပုတ်လက်နက်၊

(၃) ယမမင်း၏ မျက်စိလက်နက်၊

(၄) အာဠဝက၏ အပေါ်ခြုံပုဆိုးလက်နက်-များဖြစ်ကြတယ်။

ဝရဇိန်လက်နက်သည် မြင်းမိုရ်တောင်ကို ပေါက်ထွက် လျှင် ယူဇနာ ခြောက်သန်းနှစ်သိန်းအထိ ဖောက်ထွင်းနိုင်တယ်။

သံတင်းပုတ်လက်နက်သည် ပစ် လွှတ် လိုက် ကျော် အထောင်မကသော ဘီလူးတို့၏ခေါင်းကို အသေရိုက်၍ ပြန်ရောက်လာပါယ်။

မျက်စိလက်နက်သည် အမျက်ထွက်၍ ကြည့်လိုက်လျှင် အထောင်မက သော ကုမ္ဘဏ်တို့ကို သေကျေစေနိုင်တယ်။

ပုဆိုးလက်နက်သည် ဒေါသထွက်၍ ကောင်းကင် ပစ်လွှတ် လိုက် လျှင် တဆယ့်နှစ် နှစ် မိုးခေါင်တယ်၊ မြေပေါ် ပစ်လွှတ်လိုက်လျှင် မြက်, သစ်ပင်များ ခြောက်သွေ့ကာ တဆယ့်နှစ် နှစ်အတွင်း မပေါက်နိုင်ဘူး၊ သမုဒ္ဒရာသို့ ပစ်ချလျှင် ရေအားလုံး ခန်းခြောက်နိုင်တယ်၊ မြင်းမိုရ်တောင်လို တောင်ကြီးပေါ် ပစ်ချ လျှင် အစိတ်စိတ် ပြိုကွဲရတယ်။

၎င်း ပုဆိုးလက်နက်ကို ဘုရားရှင်ထံသို့ ပစ်လွှတ်တယ်၊ ကြောက်မက်ဖွယ် အသံပြု၍ အခိုးထပြီးလျှင် ခြေတော်ရင်းသို့ကျလာတယ်။ ထိုနောက် ဘုရားရှင် ကို မေတ္တာပျက်အောင်လုပ်၍ တိုက်မည်ဟုကြံစည်ကာ "အို....ရဟန်းဂေါတမ၊ ဗိမာန်အတွင်း ခွင့်မပြုပဲနှင့် မိန်းမများအလယ်၌ အဘယ်ကြောင့် နေဘိသနည်း" စသည်ဖြင့် ကြမ်းတန်းစွာ ပြောဆို၍နှင်ထုတ်တယ်။ဘုရားရှင်ကား"ကြမ်းတန်း သူကို နူးညံ့သောနည်းဖြင့် ဆုံးမတော်မူမည်"ဟု နှလုံးပြု၍ အာဠဝကခိုင်းသည့် အတိုင်း ဗိမာန်မှ ထွက်လိုက်-ဝင်လိုက် ပြုတော်မူတယ်။သုံးကြိမ်ခိုင်းရာ သုံးကြိမ် ပြုတော်မူတယ်။နောက်ဆုံးတွင် ပုစ္ဆာကို ဖြေ သော အား ဖြင့် အာဠဝကသည် အကျွတ်တရားရကာ သောတာပန်ဖြစ်သွားတယ်။

ဘုရားရှင်သည် နံ နက် လင်း ၍ ဆွမ်းခံချိန်ရောက်သော် ၎င်းဗိမာန်မှ အာဠဝီမြို့ထဲသို့ ဆွမ်းခံဝင်တယ်၊ အာဠဝကသည် နောက်က ကပ္ပိယသဖွယ် လမ်းခရီးသက်ဝက်ကျအောင်လိုက်ပို့တယ်။မြို့ထဲရောက်သော် အာဠဝကသုတ် ကို ဟောတော်မူတယ်။ ၎င်းတရားပွဲ၌ ရှစ်သောင်းလေးထောင်သော သတ္တဝါ များ မဂ်ဖိုလ်ရကြတယ်။ ဤ အာဠဝက အောင်ခြင်းအကြောင်းကို သုတ္တနိပါတ် အာဠဝကသုတ် ပါဠိအဋ္ဌကထာ၊ သဂါထာဝဂ္ဂ ယက္ခသံယုတ် ပါဠိအဋ္ဌကထာ၊ ဓမ္မပဒ အဋ္ဌကထာတို့၌လာတယ်။ကိုင်း-ဒုတိယနေ့ ရှေ့ပိုင်းတော်ပြီ။

တံ တေဇသာ ဘဝတု တေ ဇယမင်္ဂလဂ္ဂံ။

ဟံတေဇသာ၊ ထိုသို့ သာမန်ပုဂ္ဂိုလ်များ အောင်မြင်ရန် ခဲယဉ်းလှသော အာဠဝကဘီလူးကို အောင်မြင်တော်မူသော မြတ်စွာဘုရား၏ တန်ခိုးတေဇော် အာနုဘော်တော်အားဖြင့်။ တေ-တုမှာကံ၊ သင် တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့အား။ အဂ္ဂံ၊ မြတ်သော။ ဇယမင်္ဂလံ၊ အောင်ခြင်း မင်္ဂလာ သည်။ ဘဝတု၊ ဖြစ်ပါစေသတည်း။ (သာဓုခေါ်လိုက်)။ (ခေတ္တနား)

## နောက်ပိုင်း

## ပညတ်-ပရမတ် ခွဲပြချက်

နားထောင်ကြ။ပညတ်နှင့် ပရမတ်ကိုခွဲပြမယ်''ပညတ်''ဟူသည် သမ္မုတိသစ္စာ တကယ်မရှိ။ ''ပရမတ်''ဟူသည် ပရမတ္ထသစ္စာ တကယ်ရှိတယ်။ ပညတ်အရ နာမပညတ်, သဏ္ဌာနပညတ်,သန္တတိပညတ်ဟု မှတ်ထားကြ။ဒါက လိုရင်းအချက် သက်ဆိုင်တဲ့ပညတ်များသာ ဖြစ်တယ်။

၁။ ဒွါမည်ဟူသမျှ၊ သိမှတ်ကြ၊ နာမပညတ်တဲ့။

၂။ ပုံသွင်သဏ္ဌာန်၊ ထင်လာပြန်၊ သဏ္ဌာန်ပညတ်တဲ့။

၃။ ယင်းဘို့မှာကား၊ မရှိငြား၊ မှတ်သားရုပ်နာမ်တဲ့။

၄။ ရုပ်နာမ်အစဉ်၊ ပျက်မမြင်၊ မြဲထင် သန္တတိတဲ့။

၅။ ရုပ်နာမ်အနိစ္စ၊ ထင်လာက၊ ပျက်ထ သန္တတိ-တဲ့။

အနိစ္စ လက္ခဏံ တာဝ ဥဒယဗ္ဗယာ အ မနသိကာရာ
သန္တတိယာ ပဋိစ္ဆန္နတ္တာ န ဥပဋ္ဌာတိ။
(ဝိသုဒ္ဓိမဂ်)

သတ္တော နာမ ခဏေ ခဏေ န ဘိဇ္ဇတိ၊
ရူပံ ပန ခဏေ ခဏေ ဘိဇ္ဇတေဝ။
(သမ္မောအဋ္ဌကထာ)

## ကေသကာရီဝတ္ထု

ကေသကာရိဝတ္ထုဖြင့် နိဂုံးသတ်မယ်၊ နားထောင်ကြ။ဘုရားလက်ထက်တော်က ''ကေသကာရီ''ဆိုတဲ့ အမျိုးသမီးတယောက်သည် ကုသိုလ်ရေးဘက်၊ တရားရေးဘက်ကို ဝါသနာပါတဲ့အတိုင်း မဟာသတိပဋ္ဌာန်ပါဠိတော်လာ ကာယဂတာသတိကမ္မဋ္ဌာန်းကို အခြေခံပြီး ဝိပဿနာကို အားထုတ်ရာတွင် သောတာပန်ဖြစ်သွားတယ်။ ၎င်းဘဝက သေလွန်တဲ့အခါ တာဝတိံသာဘုံ သိကြားမင်းကြီး၏ မိဖုရား သွားဖြစ်တယ်။ သူသည် လူ့ပြည်တုန်းက တရားကို ကြိုးစားအားထုတ်ခဲ့ပုံ၊မဂ်ဖိုလ်သို့ဆိုက်ရောက်ပုံတို့ကို သိရှိရသည့်အတွက် အလွန်ဝမ်းသာပြီးလျှင် အောက်ပါအတိုင်း ဥဒါန်းကျူးတယ်။

ဝိရိယဿ ဖလံ ပဿ၊ သာသနေ တဿ တာဒိနော။
ကာမံ ဘိဇ္ဇတု ယံ ကာယော၊ နေဝ အဇ္ဇေတ္တ သဏ္ဌာနံ။
(ဝိမာနဝတ္ထု ပါဠိတော်)

အိုအချင်းတို့...ပြတ်စွာဘုရား၏ သာသနာတော်၌ လုံလဝီရိယရှိသော ငါ၏ မင်္ဂဖိုလ်အကျိုးထူးကို ရှုလှဲ့ကြစမ်းပါ။ ငါသည် တရား အား ထုတ် စဉ် က ဤကိုယ်ကြီးသည် အကယ်၍ ပြိုကွဲပျက်စီးသွားစေကာမူ တရားအားထုတ်ရာ၌ ဆုတ်နစ် ရပ်တည်ခြင်းမရှိခဲ့ပေဘူး-ဟု ဥဒါန်းကျူးတယ်။

သူ့မှာ သောတာပန်ဖြစ်၍ အပါယ်တံခါးပိတ်ပြီးဖြစ်တော့ တာဝတိံသာ တွင် ယခုထက်ထိ စိတ်ချလက်ချ နတ်စည်းစိမ်ကို ခံစားနေရတယ်။

သမထ-ဝိပဿနာတရားကိုကြိုးစားအားထုတ်ကြကုန်ရာသတည်း။

(သာခုခေါ်ကြ)

---

(တတိယနေ့ ၂-နာရီက ၄-နာရီအထိ ချဲ့ဟော)

## ရွှေပိုင်း

## နာဠာဂီရိကို အောင်ခြင်း

၁။ နာဠာဂိရိ-မည်ရှိကြေငြာ၊ ကြမ်းတန်းစွာလတ်-မြင့်မြတ်ဆင်ပါ။
မုန်ယိုရက်မူး-ရူးတဲ့အခါ၊မြတ်ဘုရား-သတ်ငြားစေလွှတ်ရှာ။

၂။ သတ္တဝါများ-သနားကြင်နာ၊ရာဟုလာသား-မခြားမှန်စွာ။
ဗုဒ္ဓမြတ်ဖျား-ထားတဲ့မေတ္တာ၊
ဆင်ပြောင်ကြီး-အပြီးချစ်လျက်လာ။

၃။ မူးမိုက်ပြေပျောက်-ရွှေမှောက်တော်မှာ၊
လူလိုသိငြား-သုံးပါးရတနာ၊ ဘာသာဘာဝ-ဦးချနေရှာ။
အခေါင်နင်း-အောင်ခြင်း(တတိယ)မင်္ဂလာ။

(စူဠဝဂ္ဂပါဠိတော်၊အသီတိနိပါတ် စူဠဟံသဇာတ်အဋ္ဌကထာတို့၌လာ၏)

နားထောင်ကြ။ ယနေ့ နာဠာဂီရိအောင်ခြင်းကို ရွှေပိုင်း၌ ဟောမယ်၊ ဒေဝဒတ်သည် ဘုရားမရှိမှ ဘုရားသစ်လုပ်ရမှာဟု ယူဆ၍ ဘုရားရှင်ကိုသတ်ပစ်ရန် လေးသမားများကို လွှတ်တဲ့ ပထမအကြံ။ ကိုယ်တိုင် ကျောက်တုံးလှိမ့်ချတဲ့ ဒုတိယအကြံ၊၎င်းအကြံများဖြင့်ပြုလုပ်သော်လဲ မတတ်နိုင်၍ ဤဆင်ကိုလွှတ်ရန် တတိယအကြံကို ကြံတယ်။ ကြံတဲ့အတိုင်း ဒေဝဒတ်သည် သူ၏ဒကာ အဇာတသတ် ဘုရင်လေးထံသွား၍ ထို အကြောင်း ကို ပြောလေသော် ၎င်း အဇာတသတ်ဘုရင်ကလေးက ဝန်ခံလိုက်တယ်၊ဝန်ခံတဲ့အတိုင်း ဘုရားရှင် ရာဇဂြိုဟ်မြို့ထဲသို့ နောက်ပါရဟန်းသံဃာများနှင့် ဆွမ်းခံဝင်သောအခါ နာဠာဂီရိဆင်ကြီးကို အရက်တဆယ့်ခြောက်လုံးတိုက်၍ ဘုရားရှင်ကြွလာရာဘက်သို့လွှတ်ကြတယ်။ ဆင်ကြီးသည် မူးမူးရူးရူးနှင့် ဘုရားရှင်ရှိရာသို့ တဟုန်တည်း ပြေးလာကယ်။ ဘုရားရှင်သည် ၎င်းဆင်ကြီးကို အဘူးချည်၍ မေတ္တာပို့ပြီးလျှင်....

"အို....အမောင် နာဠာဂီရိ၊ ငါဘုရားထံ လာလော့"ဟု ခေါ်တော်မူတယ်။ထိုအခါ ဆင်ကြီးသည် ဘုရားရှင်ကိုဦးတိုက်ညွတ်တွားကာ တည်နေတယ်။ ဘုရားရှင်သည် ဆင်ကြီးအား-"သင်သည် ယနေ့ကစ၍ လူကိုသတ်ခြင်း စသည် မပြုနဲ့၊ ကောင်းမွန်စွာနေ၊ သတ္တဝါများအပေါ် မေတ္တာစိတ်ထား" ဟု ဆုံးမတော်မူတယ်။

ဤနာဠာဂီရိ တရားပွဲ၌ ရှစ်သောင်း လေးထောင်သော သတ္တဝါများ မဂ်, ဖိုလ် တရားထူးကို ရကြတယ်။ ဤနာဠာဂီရိ အောင်ခြင်း အကြောင်းသည် ဝိနည်း စူဠဝါ ပါဠိတော်၌ လာတယ်။

ကိုင်း.. တတိယနေ့ ရှေ့ပိုင်း တော်ပြီ။ (သာဓုခေါ်ကြ) (ခေတ္တနား)။

## နောက်ပိုင်း
## ရုပ်,နာမ် နှစ်ပါးနှင့် ခန္ဓာ,အာယတန,ဓာတ်

နားထောင်ကြ။ ယနေ့ ရုပ်-နာမ် ပရမတ်, ခန္ဓာ-ပရမတ်, အာယတန-ပရမတ်,ဓာတ်-ပရမတ်တို့ကို ဟောမယ်။ ယနေ့ အန္ဓပုထုဇဉ်များလဲ ကလျာဏ ပုထုဇဉ်အဖြစ်သို့ ရောက်ကြမှာပေါ့။ ရုပ်, နာမ်, ခန္ဓာ, အာယတန, ဓာတ်တို့ကို ကြားနာရဖို့, နားလည်ရဖို့ အရေးကြီးတယ်။

> ယဿ ခန္ဓဓာတု အာယတနာဒီသု ဥဂ္ဂဟ ပရိပုစ္ဆာ သဝန ဓာရဏ ပစ္စဝေက္ခဏာနိ နတ္ထိ၊ အယံ အန္ဓပုထုဇ္ဇနော။ ယဿ တာနိ အတ္ထိ၊ သော ကလျာဏပုထုဇ္ဇနော။
>
> (သုတ်သီလက္ခန် အဋ္ဌကထာ ဗြဟ္မဇာလသုတ် အဖွင့်)

၁။ လူမရှိပါ၊ ရုပ်, နာမ်သာ၊ မှတ်ပါ ပရမတ်။
၂။ လူမဟုတ်ပါ၊ ငါးခန္ဓာ၊ မှတ်ပါ ပရမတ်။
၃။ လူမရှိရ၊ အာယတန၊ မှတ်ကြ ပရမတ်။
၄။ လူမရှိရစ်၊ ဓာတ်ဆယ့်ရှစ်၊ မှတ်လစ် ပရမတ်။

### အကျယ်

၁။ ခန္ဓာတကိုယ်လုံး၊ ရုပ်လုံးယူပါ၊ ငါမဟုတ်ပါ။
၂။ ကြံစည်သိတတ်၊ နာမ်မှတ်ယူပါ၊ အသက်ကောင် မဟုတ်ပါ။

၁။ ရူပက္ခန္ဓာ - ဖေါက်ပြန်မှု၊ ရုပ်အစုသာ ငါမဟုတ်ပါ။
၂။ ဝေဒနာက္ခန္ဓာ - ခံစားမှု နာမ်အစုသာ ငါမဟုတ်ပါ။
၃။ သညာက္ခန္ဓာ - မှတ်သားမှု နာမ်အစုသာ ငါမဟုတ်ပါ။

၄။ သင်္ခါရက္ခန္ဓာ - ပြုပြင်မှု နာမ်အစုသာ ငါမဟုတ်ပါ။
၅။ ဝိညာဏက္ခန္ဓာ - ကြံသိမှု နာမ်အစုသာ ငါမဟုတ်ပါ။

၁။ မျက်စိ,နား,နှာ,လျှာ,ကိုယ်,စိတ်များ၊အတွင်းအာယတန ခြောက်ပါး၊ ရုပ်,နာမ်ထား၊ ငါကား မဟုတ်ပါ။
၂။ မျက်စိက-ရုပ်,နားက-ရုပ်, နှာခေါင်းက-ရုပ်,ကိုယ်က-ရုပ်,စိတ်က-နာမ်၊ ဤ ရုပ်-နာမ်၊ သိရန်လိုသည်သာ။
၃။ အဆင်း, အသံ,အနံ့,အရသာ,အတွေ့သဘောများ၊ အပြင် အာယတန ခြောက်ပါး၊ ရုပ်,နာမ်ထား၊ ငါကား မဟုတ်ပါ။
၄။ အဆင်းက-ရုပ်, အသံက-ရုပ်,အနံ့က-ရုပ်, အရသာက-ရုပ်,အတွေ့က-ရုပ်, သဘောအာရုံများက ရုပ်,နာမ်၊ဤရုပ်နာမ်၊သိရန်လိုသည်သာ။ (ဓမ္မာယတန၌ နိဗ္ဗာန်ကို နုတ်ထား)

၁။ မျက်စိ, နား, လျှာ, ကိုယ်, စိတ်များ၊ အခံဓာတ် ခြောက်ပါး၊ ရုပ်,နာမ်ထား၊ ငါကား မဟုတ်ပါ။
၂။ အဆင်း, အသံ, အနံ့,အရသာ·အတွေ့သဘောများ၊ အတိုက်ဓာတ် ခြောက်ပါး၊ရုပ်,နာမ်ထား၊ငါကား မဟုတ်ပါ။(ဓမ္မဓာတ်၌ နိဗ္ဗာန် နုတ်ထား)။
၃။ မြင်သိ, ကြားသိ, နံသိ, စားသိ, ထိသိ, ကြံသိများ၊ အသိဓာတ် ခြောက်ပါး၊ နာမ်သာထား၊ ငါကား မဟုတ်ပါ။ (၎င်းကို အသိဓာတ်၊ အပွင့်ဓာတ်ဟုလည်း ခေါ်၏)။

## သာဓက ပါဠိများ

သာရမ္မဏာ ဓမ္မာ၊ အနာရမ္မဏာ ဓမ္မာ။ (ဓမ္မသင်္ဂဏီ)

ဣဒဥ္စ နာမံ၊ ဣဒဥ္စ ရူပံ၊ ဣဒံ ဝုစ္စတိ နာမရူပံ။ (ဝိသုဒ္ဓိမဂ်)

ပဉ္စက္ခန္ဓာ ရူပက္ခန္ဓော၊ ဝေဒနာက္ခန္ဓော၊ သညာက္ခန္ဓော၊ သင်္ခါရက္ခန္ဓော၊ ဝိညာဏက္ခန္ဓော။

ဒွါဒသာယတနာနိ စက္ခာယတနံ၊ သောတာယတနံ၊ ဃာနာယတနံ၊ ဇိဝှာယတနံ၊ ကာယာယတနံ၊ မနာယတနံ။ (အတွင်း)

ရူပါယတနံ၊ သဒ္ဒါယတနံ၊ ဂန္ဓာယတနံ၊ ရသာယတနံ၊ ဖောဋ္ဌဗ္ဗာယတနံ၊ ဓမ္မာယတနံ။ (အပြင်)

အဋ္ဌာရသ ဓာတုယော စက္ခုဓာတု၊ သောတဓာတု၊ ဃာနဓာတု၊ ဇိဝှာဓာတု၊ ကာယဓာတု၊ မနောဓာတု။ (အခံဓာတ်)

ရူပ ဓာတု၊ သဒ္ဒဓာတု၊ ဂန္ဓ ဓာတု၊ ရသဓာတု၊ ဖောဋ္ဌဗ္ဗဓာတု၊ဓမ္မဓာတု (အတိုက်ဓာတ်)

စက္ခုဝိညာဏဓာတု၊ သောတဝိညာဏဓာတု၊ ဃာနဝိညာဏဓာတု၊ ဇိဝှာ ဝိညာဏဓာတု၊ ကာယဝိညာဏဓာတု၊ မနောဝိညာဏဓာတု။ (ဝိညာဏဓာတ်-အပွင့်ဓာတ်)

(ဓာတ် ဆယ့်ရှစ်ပါး၌ သင်္ဂြိုဟ်အစဉ်ကို ပြင်ထားသည်။)

## ဇောတိက ဝတ္ထု

နားထောင်ကြ။ ဇောတိကမထေရ် ဝတ္ထုဖြင့် အဆုံးသတ်မယ်။ ဘုရား လက်ထက်က ဇောတိကမထေရ်ဆိုတာ ရဟန်းဖြစ်ပြီး ကမ္မဋ္ဌာန်း အားထုတ်၍ ရုပ်နာမ်ကိုတွေ့ပြီး ၎င်း ရုပ်နာမ်၏ အနိစ္စသဘောတွေကိုတွေ့ကာ နောက်ဆုံး ရဟန္တာဖြစ်သွားတယ်။ ဇောတိကမထေရ်ဟု ကျော်ကြားတယ်။

သို့အတွက် ရုပ်နာမ် ပရမတ်ကို တွေ့ရန်လိုတယ်။ ဇောတိကမထေရ်သည် လူဝတ်ကြောင်တုန်းက တော်တော်ချမ်းသာတယ်၊ သူ၏စည်းစိမ်မှာ အလွန်ပဲ ထူးဆန်းတယ်၊ အိုးအိမ်ပြုချင်တော့ နတ်တို့က ရတနာအိမ်တော်ကြီး ဖန်ဆင်း ပေးရတယ်၊ ရတနာတံတိုင်း ခုနစ်ထပ်ခတ်၍ တံတိုင်းခုနစ်ထပ်လုံး ဘီလူးစစ်တပ် အစောင့်ထားပေးရတယ်။ သူ့ကို ဇောတိကသဌေး-ဟု ခေါ်ကြတယ်။ သဌေး ကတော်ဖြစ်ထိုက်သူကား မြောက်ကျွန်း၌ဖြစ်၍ နတ်တို့က ယူဆောင်ပို့ရတယ်။ သူ၏စည်းစိမ်ချမ်းသာ ခမ်းနားပုံကို ဘုရင် ဗိမ္ဗိသာရမင်းကြီးကိုယ်တိုင် သွား၍ ကြည့်ရတယ်။

အဇာတသတ်ဘုရင်လက်ထက်ကျတော့ ဇောတိကသဌေး၏စည်းစိမ်ကို တိုက်ယူရန် သွားတယ်၊ မတတ်နိုင်ပေ။ ဇောတိကသဌေးက သဘောမတူလျှင် သူ၏စည်းစိမ်ကို မည်သူတဦးတယောက်မျှ တိုက်ခိုက်မယူနိုင်ဘူးတဲ့။

၎င်းဇောတိကသဌေးသည် မြောက်ကျွန်းသူ သတုလကာရီဆိုတဲ့ သဌေး ကတော်နှင့် စည်းစိမ်အလုံးစုံ အကုန်စွန့်ပစ်ပြီး ရဟန်းပြုသွားတယ်။ရဟန်းပြုပြီး လျှင် ကမ္မဋ္ဌာန်းအားထုတ်၍ ရုပ်နာမ် ပရမတ်ကို တွေ့မြင်ရပြီး နောက်ဆုံးတွင် ရဟန္တာ ဖြစ်သွားတယ်။

ကိုင်း....ယနေ့ နောက်ပိုင်း တော်ပြီ။ (သာဓုခေါ်ကြ)

(စတုတ္ထနေ့ ၂-နာရီက ၄-နာရီအထိ ချဲ့ဟော)

## ရှေ့ပိုင်း
## အင်္ဂုလိမာလ အောင်မြင်ခြင်း

၁။ အင်္ဂုလိမာလ-နာမကြေငြာ၊ လူမြင်ရာဖမ်း-ကြမ်းတန်းသတ်ခါ။
လက်ညှိုးပန်းကို-ဆင်မြန်းမှန်စွာ၊မြတ်ဘုရား-သတ်ငြားသူလိုက်ရှာ။

၂။ လိုက်ပါသော်လဲ-မှီပဲထိုခါ၊ အားအင်ကုန်ခန်း-ပင်ပန်းလေရာ။
ဖြိုင်ဖြိုင်ချွေးကျ-တွေးဆပေရှာ၊ ဘုန်းဘုရား-ငါ့အား ချွတ်ရန်လာ။

၃။ မြတ်စွာထံရင်း-ဝပ်စင်းပန်ထွာ၊
ရဟန်းမြတ်ဇာတ်-တောင်းအပ်လေရာ။
ဟေဘိက္ခု-ခေါ်ပြုလေကာ၊
အခေါင်နင်း အောင်ခြင်း (စတုတ္ထ)မင်္ဂလာ။

(မဇ္ဈိမပဏ္ဏာသ အင်္ဂုလိမာလသုတ် ပါဠိတော်အဋ္ဌကထာတို့၌ လာရှိ၏။)

ယနေ့ ရှေ့ပိုင်း အင်္ဂုလိမာလအောင်ခြင်းကို ဟောမယ်၊ နားထောင်ကြ။ အင်္ဂုလိမာလ၏ငယ်မည် အဟိံသက၊ အဖေက ကောသလမင်းကြီး၏ပုရောဟိတ် ပုဏ္ဏားကြီး။ အမေက မန္တာနီ ပုဏ္ဏေးမကြီး။

အရွယ်ရောက်သော် တက္ကသိုလ်သို့ ပညာသင် စေလွှတ်ကြတယ်၊ နောက်ဆုံးတွင် တက္ကသိုလ်ဆရာကြီးက မကောင်းတဲ့အကြံဖြင့် "အမောင် ငါ့တပည့်.... မင်း-ခရီးသွား လူတထောင် ပြည့်အောင် သတ်ချေ၊ သို့မှသာ ပညာ အကုန်ပြီးစီးမည်"ဟု ခိုင်းတဲ့အတွက် တောပုန်းလုပ်၍ လူတို့ကိုသတ်တယ်။ မှတ်မိအောင် လက်ညှိုးများကို ကြိုးဖြင့် သီဖောက်၍ လည်ပင်း ဆွဲထားတယ်။ သို့အတွက် "အင်္ဂုလိမာလ"တွင်တယ်။

လူတို့သည် တောရွာများ၌ မနေဝံ့ကြပဲ မြို့နား သို့ ကပ် ကြ ရ တယ်။ ကောသလမင်းကြီးထံသွား၍ ဆူပူကြတယ်။ မင်းကြီးလည်း မနေသာတော့၍ အင်္ဂုလိမာလကို ဖမ်းရတော့မည်။ ပုဏ္ဏားကြီးနှင့် ပုဏ္ဏေးမကြီးတို့ကား သားကို ခေါ်ယူရန် တိုင်ပင်ကြတယ်။ ပုဏ္ဏားကြီးကား သတ္တိနည်း၍ မသွားဝံ့ကြောင်း ပြောကာ လောက၌ အကျွမ်းမဝင်အပ်သူ လေးမျိုးကို ပြောပြတယ်။

(၁) ခိုးသားဓားပြ၊
(၂) မထိုင်ဘူးသော သစ်ခက်ဟောင်း၊
(၃) မင်း၊
(၄) မိန်းမ။

ခိုးသား ဓားပြကား မိမိအကျိုးမဲ့ကို ပြုတတ်သောကြောင့် အကျွမ်းမဝင်ရ။

ကင်းမြီးကောက်စသည်တို့က ထိုးတတ်ကိုက်တတ်သောကြောင့် သစ်ခက်ဟောင်းကို အကျွမ်းမဝင်ရ။

မင်းကား ဣဿရိယမာန် စသည်ဖြင့် မိမိအသက်ကို ရန်ရှာတတ်သောကြောင့် အကျွမ်းမဝင်ရ။

မိန်းမများကား လျှပ်ပေါ်လော်လီ မယုံကြည်ရသောကြောင့်အကျွမ်းမဝင်ရ။

ပုဏ္ဏေးမကြီးသာ သားကိုရှာရန် ထွက်သွားတယ်၊ သားနှင့် မတွေ့၍ ပြန်လာရတယ်။ဘုရားရှင်ကား အင်္ဂုလိမာလ၏ အကျိုးစီးပွားကို မြင်တော်မူ၍ ထိုနေ့၌ ဆွမ်းဘုဉ်းပေးပြီးသော် နောက်လိုက်ရဟန်းမပါပဲ အင်္ဂုလိမာလရှိရာသို့ ကြွသွားတယ်၊ဘုရားရှင်ကိုမြင်သောအခါ အင်္ဂုလိမာလသည် နောက်မှ အပြင်းလိုက်တယ်။ သူမှာ လက်ညှိုးတထောင်ပြည့်မှာ တချောင်းပင် လိုတော့သတဲ့၊ ဘုရားရှင်ကား မမှီနိုင်အောင် တန်ခိုးဖြင့် ပြုလုပ်ထားတယ်၊ သုံးယူဇနာအထိ အပြင်းအထန်လိုက်သော်လဲ မမှီ၍ ဘုရားရှင်ကို အရပ်ခိုင်းတယ်။

ဘုရားရှင်က "အမောင် အင်္ဂုလိ-ငါရပ်နေတယ်၊သင်သာ ရပ်"ဟု ပြောတယ်၊ထိုအခါ ဂေါတမဘုရား ဆိုတာ ဖြစ်ပေရာ၏ဟု စဉ်းစား၍ ဓားချပြီး ဦးတိုက်ကာ ရဟန်းအဖြစ် တောင်းတယ်၊ဘုရားရှင်လည်း သူ၏ရှေးက သင်္ကန်း သပိတ် လှူဘူးသောကံကို မြင်၍ ဟေိဘိက္ခု ရဟန်းပြုပေးတယ်၊ အင်္ဂုလိမာလ ရဟန်းဆွမ်းခံဝင်သောအခါ ထွက်ပြေးကြ၍ ဆွမ်းအတွက်အခက်ကြုံနေရတယ်။

တနေ့သ၌ သာဝတ္ထိမြို့ထဲ၌သားမဖွားနိုင်သောမိန်းမကိုမြင်၍ဘုရားရှင်ကို လျှောက်ရာတွင် ဘုရားရှင်နည်းပေးသည့်အတိုင်း ၎င်းမိန်းမအားနီး "ယတောဟံ ဘဂိနိ။ပ။ဂဗ္ဘဿ"ဟု ပရိတ်ကြီး၌ လာသည့်အတိုင်း ရွတ်တယ်၊ သားဖွာ နိုင် သွားတယ်၊ ဒီတော့မှ ဆွမ်းလောင်းသူများ ရှိလာတယ်၊ အင်္ဂုလိမာလလည်း ၎င်းသစ္စာစကားကို ရွတ်ဆိုပြီးသည်ကစ၍ ကမ္မဋ္ဌာန်းအားထုတ်လို့ ကောင်းကာ ရဟန္တာအဖြစ်သို့ ရောက်တယ်။

ကိုင်း ...ရှေ့ပိုင်းတော်ပြီ။ သာဓုခေါ်။ (ခေတ္တနား)

---

## နောက်ပိုင်း

## မူလကမ္မဋ္ဌာန်းကိုအားထုတ်ပုံ

နောက်ပိုင်း၌ ကမ္မဋ္ဌာန်းအားထုတ်ပုံကိုပြောမယ်၊ မှတ်ထားကြ၊ သို့မှ အားထုတ်တတ်မယ်။

၁။ ဝမ်းဗိုက်က ဖောင်းကြွလာဆဲ အခိုက် ဖောင်းကြွမှုကို မှတ်လျက် သိဟု ရှုရမယ်။

၂။ ဝမ်းဗိုက်က ပိန်ကျသွားဆဲအခိုက် ပိန်ကျမှုကို မှတ်လျက် သိဟု ရှုရမယ်။ (ဒါ-ဝိပဿနာရှုပုံပဲ)

## တနည်း

၁။ နှာသီးဝ၌ ထွက်လေတိုးထိမှုကို မှတ်လျက် သိဟု ရှုရမည်။

၂။ နှာသီးဝ၌ ငင်လေတိုးထိမှုကို မှတ်လျက် သိဟု ရှုရမည်။

(ဤ ၂-နည်း သဘောကျရာနည်းကို စွဲမြဲစွာ အားထုတ်ပါ။)

## သာဓကပါဠိများ

ကာယဋ္ဌ ပဇာနာတိ၊ ဖောဋ္ဌဗ္ဗေစ ပဇာနာတိ။

သော သတောဝ အဿသတိ၊ သတောဝ ပဿသတိ။

(သတိပဋ္ဌာန်)

ကာယေသု ကာယညတရာဟံ ဘိက္ခဝေ ဧဝံဝဒါမိ၊ ယဒိဒံ အဿာသ ပဿာသာ။

(ဥပရိပဲ)

## ဥပ္ပလဝဏ်ထေရီဝတ္ထု

ဥပ္ပလဝဏ္ဏာထေရီဝတ္ထုဖြင့် နိဂုံးသတ်မယ်။ ဥပ္ပလဝဏ္ဏာထေရီမဆိုတာ တန်ခိုးဘက်က တေဒဂ်ရတယ်၊ဘုရားရှင်၏လက်ဝဲရံ အဂ္ဂသာဝိကာမဖြစ်တယ်။ သူသည် သာဝတ္ထိမြို့၌ သူဌေးမျိုးတွင် ဖြစ်၍ ဆုတောင်းအတိုင်း ကြာညိုပန်းကြာတိုက်အတွင်း လှပသောအဆင်းနှင့် တူသော အဆင်းရှိတယ်။ သို့အတွက် ''ဥပ္ပလဝဏ္ဏာ''ဟု မှည့်ခေါ်တယ်။

ဇမ္ဗူဒိပ်၌ဥပ္ပလဝဏ္ဏာအမျိုးသမီးကလေးနှင့် အကြောင်းစကားမစေ့စပ်ဘူးသော မင်း,သူဌေးဟူ၍ မရှိဘူးတဲ့။ ဥပ္ပလဝဏ္ဏာ အမျိုးသမီးကလေးကား ပါရမီရင့်ကလေးဖြစ်တော့ ရဟန်းပြုရန်သာစိတ်သန်တယ်။သို့အတွက်သူ့ဘခင်ထံ ရဟန်းပြုရန် ဝန်ခံ၍ ဘိက္ခုနီမကျောင်းသို့သွားကာ ရဟန်းပြုတယ်။

ထိုဥပ္ပလဝဏ္ဏာ ဘိက္ခုနီမ ကလေးသည် ဥပုသ် အိမ်၌ ဆီမီး ထွန်းညှိစဉ် တေဇောကသိုဏ်းလျှင် အာရုံရှိသော စျာန်ကို ရ၍ ထိုစျာန်ကို အခြေခံပြီး ဝိပဿနာရှုရာ ရဟန္တာမအဖြစ်သို့ ရောက်သွားတယ်။ ဘုရားရှင်က တန်ခိုးအရာ၌ တေဇောဂိတ္ထုံးကို ပေးတော်မူသည်မှာ "တေဇောဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ ဣဒ္ဓိမန္တီနံ ယဒိဒံ ဥပ္ပလဝဏ္ဏာ" တဲ့။

ကိုင်း-ယနေ့ နောက်ပိုင်းတော်ပြီ။ သာဓုခေါ်။

---

(ပဋ္ဌမနေ့ ၂-နာရီက ၄-နာရီအထိ ချဲ့ဟော)

## ရှေ့ပိုင်း

## စိဉ္စမာဏဝိကာအောင်ခြင်း

၁။ စိဉ္စမာဏ-အလှကညာ၊ ဆရာတိတ္ထိ-စိတ်ရှိစေရာ၊
ကိုယ်ဝန်ဟန်ထား-သစ်သားကိုသာ၊ လူ့ဘုရား-မုသားလင်စွဲလာ။

၂။ လူ့ရှင့်ရဟန်း-ရှင်လန်းကြည်သာ၊ တရားနာခိုက်-ကြုံကြိုက်ထိုခါ။
တောင်မြောက်ကိုကြည့်-ထင်မိထင်ရာ၊
အဟုတ်များ-ဟုတ်လားယုံမှားရှာ။

၃။ ငါနှင့်မယ်မင်း ဖြစ်ခြင်းကသာ၊ သိစေသားဟု-ဘုရားပိန့်ရာ။
နတ်တို့ဖျက်ချ-ရှက်ရစိဉ္စာ၊
အခေါင်နင်း-အောင်ခြင်း(ပဋ္ဌမ)မင်္ဂလာ။

(ဒွါဒသနိပါတ် မဟာပဒုမဇာတ် အဋ္ဌကထာ၌ လာ၏။)

ယနေ့ စိဉ္စမာဏဝိကာအောင်ခြင်းကို ဟောမယ်၊ နားထောင်ကြ။ ထိုအခါ ဘုရားရှင်၏ဂုဏ်သတင်းမှာ မြို့ကြီးပြကြီး တိုင်းကြီး ပြည်ကြီးမကျန် အကုန်ပြန့်နှံ့ ကျော်ကြားလျက် ရှိနေပေပြီ၊ ဘုရားရှင်၏တန်ခိုးက လွှမ်းမိုးကာ ပူရဏကဿပ စသော တိတ္ထိဆရာကြီးတို့မှာ တန်ခိုးအရှိန်အဝ ကင်း၍ လာဘ်နည်းပါးရှာကြတယ်၊ သို့အတွက် ၎င်းတို့က ဘုရားကို ရန်ငြိုးထားကြတယ်။

တနေ့သ၌ သူတို့သည် ရဟန်းဂေါတမ၏ ဂုဏ်ကျက်သရေပျက်အောင် ဖျက်ဆီးမည်ဟု ကြံစည်တိုင်ပင်ကာ စိဉ္စမာဏဝိကာ ပရိဗိုဇ်ကလေးအား ထိုအကြောင်းကိုပြောကြား၍ စေခိုင်းကြတယ်။

စိဉ္စမာဏဝိကာကား နတ်သမီးတမျှ ရုပ်ရည်ချောမောလှပ၍ မန်ကျည်း ပင်ကဖွားတဲ့ မိန်းမငယ်တဦးဖြစ်တယ်။ ၎င်းသည် တိတ္ထိများ စေခိုင်းသည်ကစ၍ မိန်းမဘို့၏ ပရိယာယ်မာယာဖြင့် လူများ အထင်မှားလောက်အောင် ပြုလုပ်သည်မှာ....

သာဝတ္ထိမြို့သူ-မြို့သားများ ဘုရားအထံမှ တရားနာပြီး၍ ပြန်လာချိန် ညနေနေဝင်ခါနီး၌ နီမြန်းသော ခြုံထည်တဘက်ကလေးကိုခြုံလျက် ပန်းနံ့သာ စသည်များယူဆောင်ကာ ဇေတဝန်ကျောင်းဆီသို့ သွားတယ်။လူများနှင့်တွေ့၍ ဘယ်သွားမလို့လဲမေးလျှင် ငါသွားရာကိုမေးနေလို့ ဘာအကျိုးရှိမှာလဲဟု ပြော ဆိုပြီး သွားမြဲ သွားတယ်။ ညအခါတွင် ဇေတဝန်ကျောင်းအနီး တိတ္ထိကျောင်း ၌ အိပ်၍ နံနက်စောစောစီးစီးအချိန် သာဝတ္ထိမြို့သို့ ပြန်လာဘယ်၊ လူများနှင့် တွေ့၍ ဘယ်မှာနေသနည်းဟုမေးလျှင် ငါ၏နေရာကိုမေးမြန်းသဖြင့် ဘာအကျိုး ရှိမှာလဲဟု ပြောဆို၍သွားမြဲသွားတယ်။ဤအတိုင်း လေးလလောက်ကြာအောင် သွားလာနေတယ်၊လေးလကျော်တဲ့အခါ လူများကမေးလျှင် ဇေတဝန်ကျောင်း ဂန္ဓကုဋိတိုက်ထဲတွင် ရဟန်းဂေါတမနှင့် အတူအိပ်နေတယ်ဟု ပြောတယ်။ သူ၏ ဝမ်းဗိုက်ကိုလဲ အဝတ်ဖြင့်စည်းကာ ကိုယ် ဝန် ရှိဟန် ပြု ၍ အပေါ်မှ ခြုံထည် တဘက်ကလေးခြုံထားတယ်။လူအများအားလဲ.... ငါ့မှာ ရဟန်းဂေါတမကိုစွဲ၍ ကိုယ်ဝန်ရှိနေပြီဟု ပြောတယ်။

ထိုအခါ ကိုယ်ပိုင်ဉာဏ်မရှိတဲ့ လူမိုက်များက ယုံကြည်ကြတယ်၊ကိုယ်ပိုင် ဉာဏ်ရှိသော ပုထုဇဉ်များနှင့် အရိယာများကတော့မယုံကြည်ကြဘူး။ထို့နောက် ၁ုနစ်လ,ရှစ်လ ရှိတဲ့အခါ သစ်သားအဝိုင်းကို ဗိုက် ၌ ကပ် ၍ ကြိုးဖြင့်စည်းပြီး ခြုံထည်ခြုံ၍ ဇေတဝန်ကျောင်းသို့သွားကာ ဘုရားရှင် တရားဟောနေစဉ် ဘုရား ရှေ့က ရပ်၍ "အို.. ရဟန်းဂေါတမ၊ သင်ကတော့ သူများကို တရားတွေဟော လို့၊ငါ့မှာ-သင့်ကိုစွဲ၍ ကိုယ်ဝန် အရင့်အမာဖြစ်နေပြီ၊ သင်သည် ငါ၏သားဖွား ရာကို စီမံပေးရမှန်းမသိဘူး၊ နနွင်းစသော မီးနေဆေးများကိုလဲ ရှာဖွေပေးရ မှန်း မသိဘူး၊ သင့်ကိုယ်တိုင် မပြုလုပ်ချင်ရင်လဲ သင့်မှာ ကောသလမင်း၊အနာ ထပိဏ်၊ဝိသာခါ စသော ဒကာ-ဒကာမတွေရှိသည်မဟုတ်လား၊သူတို့ကိုစေခိုင်း ခြင်းလဲ မရှိဘူး၊ သင်သည် ငါ့အပေါ်၌ ပျော်ပါး ဖို့လောက် သာ သိသည်၊ ကိုယ်ဝန်အစောင့်အရှောက် လုပ်ပေးဖို့ မသိဘူး" ဟု စွပ်စွဲတယ်။

ဘုရားရှင်ကား လောကဓံကိုသည်းခံနိုင်တော်မူသည်ဖြစ်၍ တုန်လှုပ်ခြင်း မရှိပေ၊ တရားဟော ခေတ္တရပ်ပြီးလျှင် "ဟဲ့-စိဉ္စမာဏဝိကာ၊ ယခု သင့်စကား မှန်,မမှန်ကို ငါလဲသိတယ်၊ သင်လဲသိတယ်" ဟု ခပ်တိုတို မိန့်လိုက်တယ်။ဒီတော့ စကားတတ်ဟဲ့ စိဉ္စမာဏဝိကာက ပြန်ပြောသည်မှာ နားထောင်ကြ။

"အို- ရဟန်းဂေါတမ၊ ယခု သင်ပြောတာမှန်တယ်၊ ဒီအကြောင်းကို သင်လဲ သိတယ်၊ငါလဲသိတယ်" ဟု ဘုရားရှင်စကားကို ဖမ်း၍ ပြောပြန်တယ်။ ထို့နောက် သိကြားမင်းက နတ်သားလေးယောက်နှင့် ဆင်းလာ၍ နတ်သား- လေးယောက်က ကြွက်ယောင်ဆောင်၍ ဗိုက်ကကြိုးကို ကိုက်ဖြတ်လိုက်တယ်။ လေနတ်သားက ခြုံထားသောအဝတ်ကို အောက်ကပင့်၍ တိုက်လွှင့်လိုက်ဘယ်။

ဒီတော့မှ သစ်သားပျဉ်ချပ်ပြုတ်ကျကာ မယ်စိဥ္စာ၏ ခြေဖျားနှစ်ဘက်ကွဲရှာရတယ်၊ လူအများက တံထွေးနှင့်ဝိုင်းထွေး၍ နှင်ထုတ်ကြတယ်၊ ဘုရားရှင်မြင်လောက်ရာအရပ်ကိုလွန်လျှင် မြေမျိုသွားရှာတယ်။ ဘုရားရှင်မှာကား တိုး၍ပင် ဘုန်းလာဘ်လာဘ ပေါများလာတယ်။ ဤအကြောင်းမှာ ဒွါဒသနိပါတ် မဟာပဒုမဇာတ် အဋ္ဌကထာ၌ လာတယ်။

ကိုင်း....ရွှေပိုင်းတော်သေးပြီ။ (သာဓုခေါ်)

## နောက်ပိုင်း

## ဝေဒနာကမ္မဋ္ဌာန်း အားထုတ်ပုံ

ဝေဒနာကမ္မဋ္ဌာန်း အားထုတ်ပုံကို ဟောမယ်၊ မှတ်သားထားကြ။

(၁) ဝေဒနာပေါ်ဆဲအခိုက် ဝေဒနာကိုမှတ်၍ "သိ-သိ" ဟု ရှုရမည်။

ဇဝံ ပဿံ အဂ္ဂိဝေဿာန သုတဝါ အရိယသာဝကော သုခါယပိ ဝေဒနာယ နိဗ္ဗိန္ဒတိ၊ ဒုက္ခာယပိ ဝေဒနာယ နိဗ္ဗိန္ဒတိ၊ အဒုက္ခမ သုခါယပိ ဝေဒနာယ နိဗ္ဗိန္ဒတိ။

(မဇ္ဈိမပံ)

## ရဟန်းတပါး ဝတ္ထု

ဝေဒနာကို သည်းခံ၍ ကြိုးစား အားထုတ်ရတယ်။ ဝေဒနာကို သည်းခံ အားထုတ်၍ ရဟန္တာဖြစ်သွားဘူးသည်မှာ....

ရှေးအခါက ရဟန်းတပါးသည် တောကျောင်း၌နေ၍ ကမ္မဋ္ဌာန်းကို အားထုတ်တယ်၊ ညီ၏မယားက ခဲအို ဘုန်းကြီး လူထွက်လာလျှင် ပစ္စည်းတွေ ခွဲဝေပေးရလိမ့်ဟုကြံပြီး လူဆိုးများကို ဥစ္စာပေး၍ အသတ်ခိုင်းတယ်၊ လူဆိုးများကလည်း ကျောင်းကိုဝိုင်း၍ ၎င်းရဟန်းကိုဖမ်းပြီး သတ်ရန်ပြောတယ်။

ရဟန်းက တညတရားအားထုတ်ရန် ခွင့်တောင်းတယ်၊ မယုံကြည်၍ ပေါင်ကိုချိုးပြီး တညခွင့်တောင်းတယ်၊ ၎င်းရဟန်းသည် တညလုံး ပေါင်ကျိုးသောဝေဒနာကို သည်းခံ၍ ဖြစ်-ပျက်ကို မှတ်ရှုပြီး ကမ္မဋ္ဌာန်း အားထုတ်ရာ နံနက်လင်းသောအခါ ရဟန္တာဖြစ်သွားတယ်၊ လူဆိုးများသည် နံနက်လင်လျှင် ၎င်းရဟန်းကို သတ်ကြလေတော့သတည်း။

ကိုင်း....ယနေ့ နောက်ပိုင်း အပြီးသတ်ပြီ။ သာဓုခေါ်။

(ဆဌနေ့ ၂-နာရီက ၄-နာရီအထိ ခဲ့ပြော)

## ရှေ့ပိုင်း

## သစ္စက အောင်ခြင်း

၁။ သစ္စကဟု-ခေါ်ပြုနာမ၊ ပြိုင်သူဖက်ကင်း-ထက်ခြင်းပညာ။
မာနလွန်ကဲ - ထန်သည်းလေကာ၊ တ မိုး အောက် - တ ယောက် သူထင်ရှာ။

၂။ ဝါဒပြိုင်ပွဲ-ဆင်နွှဲမည်သာ၊ တပည့်များသို့-သိကြားစေရာ။
အမြောက်အမြား-ဘုရားထံလာ၊ အကဲခတ်-ပွဲဖြတ်ကြည့်ဖို့ရာ။

၃။ အနတ္တနှင့်-အတ္တဆိုရာ၊ အနတ္တစစ်-ဖြစ်တော့လေရာ။
ဆရာသစ္စက - ရှုံးရသည်သာ၊
အခေါင်နှင်း-အောင်ခြင်း(ဆဌ)ပင်လာ။

(မူလပဏ္ဏာသ ပါဠိ အဋ္ဌကထာ၌လာ၏။)

နားထောင်ကြ။ သစ္စကပရိဗိုဇ်ဆိုတာ တက္ကဒွန်း လင်မယား၏ သားဖြစ်တယ်၊ ဝေသာလီမြို့သားဖြစ်တယ်။ မိစ္ဆာအယူ အားကြီးသူဖြစ်တယ်။သို့အတွက် သူ၏ဝမ်းဗိုက်တွင်း၌ ပညာတွေပြည့်နှက်နေ၍ ပေါက်ကွဲသွားမည်စိုးရိမ်သော အနေဖြင့် ဝမ်းဗိုက်ကို သံပြားခါးပတ်ကြီး ပတ်ထားတယ်၊ သူသည် ဝေသာလီ မြို့၌ လိစ္ဆဝီမင်းသားငယ်ကလေးများကို ပညာသင်ကြား ပြသနေတယ်။

တနေ့သ၌ သစ္စကပရိဗိုဇ်သည် လိစ္ဆဝီပရိသတ်အများနှင့် ဘုရားရှင်ရှိရာ မဟာဝုန်တောသို့ ဝါဒပြိုင်ရန် သွားတယ်၊မဟာဝုန်တောကား ဝေသာလီမြို့နှင့် မနီးမဝေး ဖြစ်တယ်။သစ္စကအယူမှာ ခန္ဓာငါးပါးသည် အတ္တတရား,စိုးပိုင်ဆိုင် အပ်သောတရား, ပိမိအလိုသို့လိုက်သောတရားဟု ယူတယ်။ ဘုရားရှင်ကား ခန္ဓာ ငါးပါးကို အနတ္တတရား,အစိုးမရ၊ အလိုသို့မလိုက်သောတရားဟု ယူဆတယ်။

ဘုရားရှင်နှင့် သစ္စက ဝါဒပြိုင်ဆိုင်ကြရာ နောက်ဆုံးတွင် သစ္စကသည် ဘုရားရှင်မေးသည်ကို စကားပပြန်ပဲ နေတဲ့အတွက် သိကြားမင်းသည် ကြီးစွာ သော ဦးခေါင်းနှင့် အစွယ်၊ ကြောက်ပယ်ဖွယ်သော မျက်စိ, နား, နှာ, အင်္ဂါ ပြေ့လက်ရှိသောအသွင် ဖန်ဆင်း၍ အသက်ကောင်းကင်က ဝရဇိန်သက်နက် စွဲကာ ဘုရားရှင်မေးသည်ကို ပမဖြေလျှင် ဦးခေါင်းကို ခွဲမည့်အမူအရာ ပြသော အခါကျမှ ကြောက်ရွံ့၍ ဖြေကြားပါမည်ဟု ပြောဆိုတယ်။

ဘုရားရှင် မေးပုံမှာ....သင့်ကို ငါတခု မေးမယ်၊ သင့်သဘော အတိုင်း ဖြေကြားလော့-ဟု မိန့်တော်မူပြီးလျှင် “ယာလောက၌ ပသေနဒီကောသလ စသော မင် တို့သည် သတ်ထိုက်သူကို သတ်ခြင်း၊ နှင်ထုတ်ထိုက်သူကို နှင်ထုတ်

ခြင်း၄ာ အစိုးရကြသည်မဟုတ်လော''ဟု မေးတော်မူရာ၊ သစ္စကသည် အမှန်အတိုင်း ဝန်ခံတယ်။ ထိုအခါ ဘုရားရှင်က....''အို-သစ္စက ဒါဖြင့် သင့်က အတ္တ-ဟု ပြောဆိုသော ရုပ်တရားကို သင် အစိုးရသေးသလော၊ ထို ရုပ်တရားသည် သင်၏အလိုအတိုင်း ဖြစ်သေး၏လော''ဟု မေးတော်မူပြန်ရာ၊ မဖြစ်တော့ပါဟု ဝန်ခံရတော့တယ်။

ဒီတော့မှ အတ္တဟာ အနတ္တ ဖြစ်သွားသဖြင့် သစ္စကပရိဗိုဇ်မှာအရှုံးကြီး ရှုံးသွားရှာတောတယ်။ ထိုနောက် သူပြောဆိုမိတာတွေကို ဝန်ချ၍ သူ့အရံသို့ ဘုရားရှင်ကို နောက်ပါသံဃာများနှင့် ဆွမ်းစားပင့်၍ ပြန်သွားတယ်။ သစ္စက၏ ဆွမ်းကျွေးကိစ္စကို လိစ္ဆဝီမင်းများက ကူညီလှူဒါန်း ကြိုးပမ်းအားထုတ်ကြတယ်။

ကိုင်း....တော်ပြီ၊ သာဓုခေါ် (ခေတ္တနား)

---

## နောက်ပိုင်း

## ခြောက်ဒွါရ၌ထင်ရှားသော ခြောက်အာရုံကိုမှတ်ရှုပုံ

မှတ်ထားကြ၊ ဝိပဿနာရှုပုံ ခြောက်မျိုးကိုစုံလင်အောင် ဟောမယ်။

၁။ မြင်ဆဲအခိုက် မြင်ရတဲ့အဆင်းကိုမှတ်လျက် ''သိ-သိ''ဟု ရှုရမည်။

၂။ ကြားဆဲအခိုက် ကြားရတဲ့အသံကိုမှတ်လျက်''သိ-သိ''ဟု ရှုရမည်။

၃။ နံဆဲအခိုက် နံတဲ့အနံ့ကိုမှတ်လျက်''သိ-သိ''ဟု ရှုရမည်။

၄။ စားဆဲအခိုက် စားရတဲ့အရသာကိုမှတ်လျက်''သိ-သိ''ဟုရှုရမည်။

၅။ ထိဆဲအခိုက် ထိရတဲ့အတွေ့ကို မှတ်လျက် ''သိ-သိ''ဟု ရှုရမည်။

၆။ ကြံတဲ့အခိုက် ကြံရတဲ့ သဘောအာရုံကို မှတ်လျက် ''သိ-သိ''ဟု ရှုရမည်။ (ဒါ ဝိပဿနာရှုပုံပဲ)

ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ၊ သုတေ သုတမတ္တံ ဘဝိဿတိ၊ မုတေ မုတမတ္တံ ဘဝိဿတိ၊ ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတိ။ ဧဝဥ္စ တေ ဗာဟိယ သိက္ခိတဗ္ဗံ။ (ဥဒါန်း)

စက္ခုံ ဥပ္ပဇ္ဇနာတိ၊ ရူပေစ ပဇာနာတိ၊ သောတဥ္စ ပဇာနာတိ၊ သဒ္ဒေစ ပဇာနာတိ၊ ဃာနဥ္စ ပဇာနာတိ၊ ဂန္ဓေစ ပဇာနာတိ၊ ဇိဝှဥ္စ ပဇာနာတိ၊ ရသေစ ပဇာနာတိ၊ ကာယဥ္စ ပဇာနာတိ၊ ဖောဋ္ဌဗ္ဗေစ ပဇာနာတိ၊ မနဥ္စ ပဇာနာတိ၊ ဓမ္မေစ ပဇာနာတိ။

(မဟာသတိပဋ္ဌာန်)

## ခြောက်ဒွါရ ခြောက်အာရုံ၌ မီးငြိမ်းပုံ

၁။ မြင်ဆဲအခိုက်မှတ်ရှုလျှင် မျက်စိ၌ရှင်း,အဆင်း၌ရှင်း မီးငြိမ်းသည်။

၂။ ကြားဆဲအခိုက် မှတ်ရှုလျှင် နား၌ရှင်း, အသံ၌ရှင်း မီးငြိမ်းသည်။

၃။ နံဆဲအခိုက် မှတ်ရှုလျှင် နှာခေါင်း၌ရှင်း, အနံ့၌ရှင်း မီးငြိမ်းသည်။

၄။ စားဆဲအခိုက် မှတ်ရှုလျှင် လျှာ၌ရှင်း,အရသာ၌ရှင်း မီးငြိမ်းသည်။

၅။ ထိဆဲအခိုက် မှတ်ရှုလျှင် ကိုယ်၌ရှင်း' အတွေ့၌ရှင်း မီးငြိမ်းသည်။

၆။ ကြံဆဲအခိုက် မှတ်ရှုလျှင် စိတ်၌ရှင်း, သဘောအာရုံ၌ရှင်း မီးငြိမ်းသည်။

## နိရောဓသစ္စာပါဠိ အကျိုး

ကတမဉ္စ ဘိက္ခဝေ ဒုက္ခနိရောဓော အရိယသစ္စံ၊ ယော တဿာယေဝ တဏှာယ အသေသဝိရာဂ နိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော။

သာခေါပနေသာ ဘိက္ခဝေ တဏှာ ကတ္ထပဟီယမာနာ ပဟီယတိ၊ကတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။ ယံ လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ၊ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။ ကိဉ္စ လောကေ ပိယရူပံ သာတရူပံ။

၁။ စက္ခုံ လောကေ ပိယရူပံ သာတရူပံ၊ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ၊ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ၊ သောတံ လောကေ၊ ဃာနံ လောကေ၊ ဇိဝှာ လောကေ၊ ကာယော လောကေ၊ မနော လောကေ၊ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ၊ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။

၂။ ရူပါလောကေ၊သဒ္ဒါလောကေ၊ ဂန္ဓာလောကေ၊ရသာ လောကေ၊ ဖောဋ္ဌဗ္ဗာလောကေ၊ဓမ္မာ လောကေ ပိယရူပံ သာတရူပံ၊ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ၊ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။
(မဟာသတိပဋ္ဌာနသုတ်)

## ခြောက်ဒွါရ ခြောက်အာရုံ၌ မီးလောင်ပုံ

၁။ မြင်ဆဲအခိုက် မမှတ်, မရှုလျှင် မျက်စိ၌ရှင်း၊ အဆင်း၌ရှင်း မီးလောင်သည်။

၂။ ကြားဆဲအခိုက် မမှတ်,မရှုလျှင် နား၌ရှင်း၊ အသံ၌ရှင်း မီးလောင်သည်။

၃။ နံဆဲအခိုက် မမှတ်,မရှုလျှင် နှာခေါင်း၌ရှင်း၊အနံ့၌ရှင်း မီးလောင်သည်။

၄။ စားဆဲအခိုက် မမှတ်,မရှုလျှင်လျှာ၌ရှင်း၊အရသာ၌ရှင်း မီးလောင်သည်။

၅။ ထိဆဲအခိုက် မမှတ်,မရှုလျှင် ကိုယ်၌ရှင်း၊ အတွေ့၌ရှင်း မီးလောင်သည်။

၆။ ကြံဆဲအခိုက် မမှတ်,မရှုလျှင် စိတ်၌ရှင်း၊ သဘော အာရုံ၌ရှင်း မီးလောင်သည်။

## သမုဒယသစ္စာ ပါဠိအကိုး

ကတမဉ္စ ဘိက္ခဝေ ဒုက္ခ သမုဒယော အရိယ သစ္စံ၊ ယာယံ တဏှာ ပေါနောဗ္ဘဝိကာ နန္ဒိရာဂ သဟဂတာ တတြတတြာဘိနန္ဒိနီ၊ သေယျထိဒံ၊ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ။

သာ ခေါ ပနေသာ ဘိက္ခဝေ တဏှာ ကတ္ထ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ကတ္ထ နိဝိသမာနာ နိဝိသတိ၊ ယံ လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ဧတ္ထ နိဝိသမာနာ နိဝိသတိ၊ကိဉ္စ လောကေ ပိယရူပံ သာတရူပံ။

၁။ စက္ခု လောကေ ပိယရူပံ သာတရူပံ၊ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ဧတ္ထ နိဝိသမာနာ နိဝိသတိ၊ သောတံ လောကေ၊ ဃာနံ လောကေ ဇိဝှာ လောကေ'ကာယော လောကေ၊မနော လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဧတ္ထ နိဝိသမာနာ နိဝိသတိ။

၂။ ရူပါလောကေ၊သဒ္ဒါလောကေ၊ဂန္ဓာလောကေ၊ရသာလောကေ၊ ဖောဋ္ဌဗ္ဗာလောကေ'ဓမ္မာလောကေ ပိယရူပံ သာတရူပံ၊ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဧတ္ထ နိဝိသမာနာ နိဝိသတိ။

(မဟာသတိပဋ္ဌာန်)

၁။ မြင်-ကြား-နံ-စား-ထိ-ကြံ၊ မျက်စိ-နား နှာ-လျှာ-ကိုယ်-စိတ်။ အဆင်း-အသံ-အနံ့-အရသာ-အတွေ့-သဘောအာရုံ-ဤအစဉ်ကို မှတ်ထား။

မြင်ဆဲ-ကြားဆဲ စသည်ဘို့၌ မမှတ်,မရှုလျှင် သမုဒယခေါ် တဏှာမီး၊ ရာဂမီး လောင်တယ်။ အဘယ်၌ လောင်သလဲ၊ မျက်စိ၌၎င်း၊ အဆင်း၌၎င်း လောင်တယ်။ထို့ကြောင့် သံယုတ်၌"စက္ခုံ ဘိက္ခဝေ အာဒိတ္တံ ရူပါ အာဒိတ္တာ" ဟု ဟောတော်မူထားပါတယ်။ အဘယ်မီးဖြင့် လောင်သလဲ "ရာဂဂ္ဂိနာ၊ ဒေါသဂ္ဂိနာ၊မောဟဂ္ဂိနာ" ရာဂမီး၊ ဒေါသမီး၊ မောဟမီးတို့ဖြင့် လောင်တယ်။ ဤ မီးသုံးပါးက အကြောင်းမီးဖြစ်တယ်။ အကုန်လုံး မီးဆယ့်ဘပါး ရှိတယ်။

အောက်ပါ ကဗျာကလေးကို လိုက်ဆိုကြ။

ရာဂ,ဒေါသ-မောဟတဖြာ၊
ဖြစ်,အို,သေ,ရေး-ပူဆွေးငိုကာ။
ကိုယ်,စိတ်ဒုက္ခ-ပူရပြင်းစွာ၊
ဆယ့်တသီး-ဤမီးလောင်တော့တာ။

## တက္ကသိုလ် ဘုရင်ဝတ္ထု

အာရုံငါးပါး၌ သမုဒယခေါ် တဏှာမီး၊ရာဂမီး လောင်သည့်အတွက် အသက်ပါ ဆုံးရှုံး ပျက်စီးရရှာသော တက္ကသိုလ်ပြည်ရှင်မင်းကြီးဝတ္ထုဖြင့် နိဂုံးသတ်မယ်။ နားထောင်ကြ။

ရှေးအခါက ဘုရားအလောင်းတော်သည် ဗြဟ္မဒတ်မင်းကြီး၏သားတော် တရာတို့တွင် အငယ်ဆုံးဖြစ်တယ်။ ၎င်း မင်း သား သည် နောက်ပါ ကျေးကျွန် ငါးယောက်နှင့်အတူ တက္ကသိုလ်ပြည်သို့သွားတယ်၊ကျေးကျွန်များကား ဘီလူးမများ ဖန်ဆင်းထားသော အာရုံများကို လိုက်စားသည့်အတွက် လမ်းခရီး၌ပင် သေကြေပျက်စီးကြရရှာတယ်။ ဘီလူးမ တယောက်ကား ဘုရားအလောင်း နောက်သို့ အစဉ်လိုက်သွားတယ်။

ဘုရားအလောင်းသည် တက္ကသိုလ်ပြည် ရောက်သောအခါ ဇရပ်တခု၌ ထိုင်နေတယ်။ဘီလူးမလည်း နတ်၌ဖြစ်သော အဆင်းကိုဖန်ဆင်း၍ ဇရပ်၏တံခါး၌ တည်နေတယ်။

တက္ကသိုလ်ပြည်ရှင်မင်းကြီး ရာဂမီးလောင်ပြီ၊၎င်းမင်းကြီးသည် ဉယျာဉ်တော်သို့သွားစဉ် ထိုဘီလူးမကိုမြင်၍ အဆင်း၌ တပ်နှစ်သက်တယ်။ဒါ တဏှာမီး လောင်တာပဲ။

ဒီတော့ မင်းစေတယောက်ကို လင်ရှိ-မရှိ အမေးခိုင်း၊ဘီလူးမက ဘုရားအလောင်းကို လင်ဟုပြော၊ ဘုရားအလောင်းကား သူ့မယားမဟုတ်ကြောင်း၊ ဘီလူးမဖြစ်ကြောင်း၊ သူ၏အဖေါ် ငါးယောက်ကို စားပစ်ကြောင်းပြောတယ်။

ဒီတော့ ဘီလူးမက ယောကျ်ားတို့မည်သည် စိတ်ဆိုးလျှင် ပြောချင်ရာကို ပြောတတ်ကြပါတယ်ဟု ပြောဆိုတယ်။မင်းစေယောကျ်ားသည် ထိုအကြောင်းကို မင်းကြီးအား ကြားလျှောက်သော်လဲ မင်းကြီးကား ရာဂမီးလောင်နေပြီဖြစ်၍ ဘီလူးမကိုခေါ်ပြီး မိဖုရားအရာ ထားတယ်။

ဘီလူးမသည် မင်းကြီးနှင့်အိပ်ရာထက်သို့တက်စဉ် ပရိယာယ်ဖြင့် လူးလိမ့်၍ ငိုတယ်၊ မင်းကြီးက အကြောင်းကိုမေးသော်''အရှင်မင်းကြီး- အကျွန်ုပ်ကို လမ်းခရီး၌တွေ့၍ ယူဆောင်ခဲ့တယ်၊ အရှင်မင်းကြီး၏နန်းတော်၌ မိန်းမများစွာရှိတယ်၊ရန်သူတို့၏အကြား၌နေရသော အကျွန်ုပ်ကိုဖိနှိပ်ပြောဆိုကြပါလိမ့်မယ်၊ သို့အတွက် အာဏာကိုပေးထားပါ''ဟု လျှောက်တင်တယ်၊မင်းကြီးက အလုံးစုံတို့၌ကား အာဏာကို မပေးနိုင်ဟုဆိုသော် နန်းတွင်းသူတို့အထက်၌ အာဏာကို ပေးပါဟု လျှောက်တင်ပြန်လျှင် မင်းကြီးမှာ ၎ တဏှာ၌ဖြစ်သောအဖွဲ့၌မီးလောင်နေပြီဖြစ်၍ တောင်းသည့်အတိုင်း အာဏာကို ပေးလိုက်တယ်။

ဘီလူးမသည် မင်းကြီးအိပ်ပျော်သောအခါ၌ ဘီလူးမြို့သို့သွား၍ ဘီလူးတို့ကိုခေါ်ပြီးလျှင် သူကိုယ်တိုင် မင်းကြီး ကိုသတ်၍ အရိုးမျှကျန်အောင် စားပစ်တယ်၊ ကျန်ဘီလူးတို့ကား နန်းတော်အတွင်းရှိ အလုံးစုံသော သူတို့ကို စားပစ်ကြတယ်။ ဘုရားအလောင်းကား ၎င်းနေ့ညဉ့်၌ ပရိတ်သဲ, ပရိတ်ချည်တို့ကို ဝန်းရံ၍ သန်လျက်ကို ကိုင်လျက် အရဏ်တက်စေတယ်။

ဘုရားအလောင်းသည် တိုင်းသူပြည်သားတို့၏ အလိုအတိုင်း တက္ကသိုလ်ပြည်၌ မင်းပြုရတယ်။ဤ၌ ဘုရားအလောင်းကား အာရုံငါးပါးကို မလိုက်စား၍ အသက်မသေပဲ မင်းအဖြစ်သို့ ရောက်ရတယ်။ တက္ကသိုလ်ပြည်ရှင် မင်းကြီးကား အာရုံငါးပါးကို လိုက်စားတဲ့အတွက် အသက်သေရရှာတယ်။ထို့ကြောင့် မြတ်စွာဘုရားက ဓမ္မပဒပါဠိတော်၌ ...

စက္ခုနာ သံဝရော သာဓု၊ သာဓု သောတေန သံဝရော။

ဃာနေန သံဝရော သာဓု၊ သာဓု ဇိဝှာယ သံဝရော။

ကာယေန သံဝရော သာဓု၊ သာဓု ဝါစာယ သံဝရော။

မနသာ သံဝရော သာဓု၊ သာဓု သဗ္ဗတ္ထ သံဝရော။

သဗ္ဗတ္ထ သံဝုတော ဘိက္ခု၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။

ဟု ဟောတော်မူတယ်။ ကိုင်း.... တော်ပြီ။ သာဓုခေါ်။

(သတ္တမနေ့ ၂-နာရီက ၄ နာရီအထိ ခွဲဟော)
ရှေ့ပိုင်း၊

## နန္ဒောပနန္ဒ အောင်ခြင်း။

၁။ နန္ဒောပနန္ဒာ-မာနထန်စွာ၊ နတ်နဂါးမို့-ကြီးမားရှိန်ဝါ။
ဖုံဖုံဖန်ဆင်း-ထန်ပြင်းတေဇာ၊ တို့ဘုရား-စော်ကားသူပြုလာ။

၂။ သားတော်ရှင်မောဂ်-တင်မြှောက်ထိုခါ၊
ဆထက်တံပိုး-တန်ခိုးဝေဖြာ၊ ပြိုင်ခြင်း ဆိုင်ခြင်း-နိုင်နင်းစေရာ၊
နည်းလမ်းပြ-ဆုံးမလေသည်သာ။

၃။ နည်းလမ်းပြတိုင်း-မဆိုင်းပြုရာ၊နန္ဒောပနန္ဒ-ကြောက်လှလေကာ။
လှူသွင်ဖန်ဆင်း-ဝပ်စင်းလေရာ၊
အခေါင်နင်း-အောင်ခြင်း(သတ္တမ)မင်္ဂလာ။
(ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ဣဒ္ဓိဝိဓနိဒ္ဒေသဋ္ဌ လာ၏။)

နန္ဒောပနန္ဒအောင်ခြင်းကို ဟောမယ်၊နားထောင်ကြ။ နန္ဒောပနန္ဒနဂါးဆိုတာ မိစ္ဆာဒိဋ္ဌိနဂါးဖြစ်တယ်။ ရတနာသုံးပါးကို ကြည်ညိုခြင်းမရှိဘူး။ ၎င်းသည် ရတနာပလ္လင်ထက်၌ထိုင်၍ ကချေသည်အပေါင်း ခြံရံလျက် သေ-အရက်သောက်ပွဲကို ခင်းကျင်းနေစဉ် ဘုရားရှင်သည် ၎င်းနဂါးမင်းမြင်နိုင်အောင် ဖန်ဆင်း၍ ၎င်း၏အထက်မှ ကောင်းကင်ခရီးဖြင့် တာဝတိံသာသို့ ရဟန်း ငါးရာနှင့် ကြွတော်မူတယ်။

နဂါးမင်းသည် အမျက်ထွက်၍ ဤအခါကစပြီး ဦးပြည်းရဟန်းများ ငါတို့အထက်မှ သွားလာခွင့်မပေးဟု မြင်းမိုရ်တောင်ကို နဂါးကြီး အသွင် ဖန်ဆင်း၍ ခုနစ်ပတ် ရစ်ပတ်ထားတယ်။တာဝတိံသာနတ်ပြည်ကိုပါးပျဉ်းကြီး နဲ့ အုပ်ထားတယ်။ တာဝတိံသာကို အပြင်မှ ကြည့်၍ မမြင်ရတော့ပြီ။

ထိုအခါ ဘုရားရှင်သည် အရှင်မဟာမောဂ္ဂလာန်ကို ဆုံးမရန်ခွင့်ပြုတော်မူသဖြင့် အရှင်မဟာမောဂ္ဂလာန်သည် နန္ဒောပနန္ဒ နဂါးထက် နှစ်ဆတိုး၍ ကြီးမားသော နဂါးကြီးအသွင်ဖန်ဆင်း၍ ခုနစ်ပတ် ရစ်ပတ်ထားသော နန္ဒောပနန္ဒနဂါးကို ဆယ့်လေးပတ် ထပ်၍ ပတ်ထားပြီး မြင်းမိုရ်တောင်နှင့် ကပ်၍ ညှပ်ထားတယ်။

ထို့နောက် နန္ဒောပနန္ဒက "သင်-အဘယ်သူနည်း" ဟုမေးရာ "ငါမောဂ္ဂလာန်ရဟန်း" ဟုပြောတယ်၊နဂါးမင်းက "သင်-ပကတိရဟန်းအသွင် တည်နေလော" ဟုဆိုသဖြင့် ပကတိရဟန်းအသွင်ကိုယူကာ နန္ဒောပနန္ဒ၏ လကျာနားပေါက်က ဝင်၍ လက်ဝဲနားပေါက်က ထွက်ခြင်း၊လက်ဝဲနားပေါက်ကဝင်၍ လကျာနားပေါက်ကထွက်ခြင်း၊ ထို့အတူ နှာခေါင်းပေါက်၌ ဝင်-ထွက်ခြင်း၊နဂါးမင်းက

ခံတွင်းကို ဖွင့်ဟထားလေရာ ခံတွင်းပေါက်ကဝင်၍ ဝမ်း ဗိုက် အ တွင်း စကြံ လျှောက်ခြင်းတို့ကို ပြုတယ်။ ဘုရားရှင်သည် အထူးသတိပေးလျက် နေတယ်။ မထေရ်သည် ရှတ်တရက်ထွက်၍ ရပ်ပြလိုက်ရာ နဂါးက နှာခေါင်းလေကို မှုတ်လွှတ်တယ်၊ မထေရ်၏ မွေးညှင်းတပင်မျှ လှုပ်ရှားအောင် မတတ်နိုင်။

ထို့နောက် မထေရ်က ဂဠုန်မင်းအသွင် ဖန်ဆင်း၍ အပြင်းအထန်လိုက်လေရာ၊နဂါးမင်းသည်ယောကျ်ားပျိုကလေးအသွင်ဖန်ဆင်း၍အရှင်မောဂ္ဂလာန်အား အရှိုးပေးကာ ဦးချရှာတယ်။ ဘုရားထံ ခေါ်သွားရာ ဘုရားရှင်သည်.... "သင်-နဂါးမင်း .. ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစေလော့"ဟု မေတ္တာပို့ကာ သင့်လျော်သော တရားစကားများကို ဟောကြားဆုံးမ၍ လွှတ်လိုက်တယ်။

ထို့နောက် ယမန်နေ့က ပင့်ထားချက်အရ ရဟန်းငါးရာနှင့်အနာထပိဏ် သဌေးအိမ်ဆွမ်းစားကြွတော်မူတယ်။သဌေးကြီးအား နဂါးမင်းကို မောဂ္ဂလာန်က နိုင်ခဲ့တယ်ဟု ဘုရားရှင် အမိန့်ရှိ၍ သဌေးတို့ကာ ခုနစ်ရက်တိုင်တိုင် အရှင်မောဂ္ဂလာန်ကို ပူဇော်သောအားဖြင့် သံဃာငါးရာတို့အား ကြီးစွာပူဇော်ပွဲကြီးပြုလုပ်တယ်။

ကိုင်း....ယနေ့ရှေ့ပိုင်း ပြီးပြီ။ (သာဓုခေါ်) (ခေတ္တနား)

---

## နောက်ပိုင်း
## သွားခိုက် စသည်တို့၌ အားထုတ်ပုံ

မှတ်ထားကြ၊ ဣရိယာပုထ် လေးပါးလုံး၌ ဝိပဿနာရှုပုံကို ဟောမယ်။ သွားခိုက်၌ အောက်ပါ ပုဂ္ဂိုလ်လေးမျိုးကို မှတ်ထား။

၁။ အသွားမှာပါ၊ ပြန်မပါ၊ မှတ်ပါ ပုဂ္ဂိုလ်တစ်။

၂။ သွားတော့မပါ၊ အပြန်ပါ၊ မှတ်ပါ ပုဂ္ဂိုလ်တစ်။

၃။ သွားရော,ပြန်ရော၊ မပါသော၊ မှတ်လော ပုဂ္ဂိုလ်တစ်။

၄။ အသွား,အပြန်၊ ပါလေပြန်၊ မှတ်ရန် ပုဂ္ဂိုလ်တစ်။

စတုတ္ထ ပုဂ္ဂိုလ်၏ အချိုးအစား အတိုင်းကျအောင် အားထုတ်ရတယ်။ ထို့ကြောင့် ရှေးသီဟိုဠ်ခေတ်တုန်းက အာဋ္ဌိန္ဒကကျောင်းနေ မဟာ ဖုဿဒေဝ မထေရ်ကား ကမ္မဋ္ဌာန်းမပါပဲ လှမ်းမိလျှင် ပြန်၍,ပြန်၍သွားတယ်။ ၎င်းသည် ဆယ့်ကိုးနှစ်တိုင်တိုင် ဂတပစ္စာ ဂတိကဝတ်ကို ဖြည့်ကျင့်လျက်နေတယ်၊ ဆွမ်းခံ လမ်းအနီးကွင် ထွန်ယက်စိုက်ပျိုးလျက်,စပါးရိတ်,စပါးနယ်လျက် အမှုလုပ်ကိုင် လျက်ရှိကြသောလူတို့သည် ထိုမထေရ်၏ ပြန်ကာပြန်ကာ သွားလာနေပုံကို မြင်ကြ၍ "ဒီမထေရ်ကြီး ပြန်ပြန်ပြီးသွားနေတာဟာ မျက်ပိလည်ရှိလေလား၊ တခုခုကို မေ့ကျန်ခဲ့၍လေလား"ဟု အချင်းချင်း ပြောဆိုကြတယ်။ထိုမထေရ်ကြီးကား

လူတို့၏စကားကို ဂရုမစိုက်ပဲ သတိမလွတ်အောင် အားထုတ်လေရာ၊ အနှစ်နှစ်ဆယ်မြောက်အတွင်း ရဟန္တာဖြစ်သွားတယ်။

သွားခိုက်စသည်တို့၌ အားထုတ်ပုံကို ဟောတော့မယ်၊မှတ်ထားကြ။

၁။ ညာဘက်ခြေထောက်နင်းခိုက် သတိဖြင့်မှတ်လျက်'သိ'ဟုရှုရမည်။

၂။ ဗယ်ဘက် ခြေထောက် နင်းခိုက် သိ-သိ ဖြင့် မှတ်လျက် ''သိ''ဟု ရှုရမည်။

၃။ ရပ်ဆဲအခိုက် ထိုင်တာကိုမှတ်လျက် ''သိ-သိ''ဟု ရှုရမည်။

၄။ ထိုင်ဆဲအခိုက် ထိုင်တာကိုမှတ်လျက် ''သိ-သိ''ဟု ရှုရမည်။

၅။ အိပ်ဆဲအခိုက် အိပ်တာကိုမှတ်လျက်''သိ-သိ''ဟု ရှုရမည်။

၆။ စားဆဲအခိုက် စားတာကိုမှတ်လျက်''သိ သိ''ဟု ရှုရမည်။

၇။ သောက်ဆဲအခိုက် သောက်တာကိုမှတ်လျက်''သိ-သိ''ဟု ရှုရမည်။

ဂစ္ဆန္တောဝါ ဂစ္ဆာမီတိ ပဇာနာတိ။ဌိတောဝါ ဌိတောမှီတိ ပဇာနာတိ။ နိသိန္နောဝါ နိသိန္နောမှီတိ ပဇာနာတိ။သယာနောဝါ သယာနောမှီတိ ပဇာနာတိ။ အသိတေ ပီတေ ခါယိတေ သာယိတေ သမ္ပဇာနကာရီ ဟောတိ။ (မဟာသတိပဋ္ဌာနသုတ်)

## မာတိကာ ဒကာမကြီး ဝတ္ထု

နားထောင်ကြ၊ မာတိကာ ဒါယိကာမကြီး ဝတ္ထုဖြင့် နိဂုံးသက်မယ်။ ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ကောသလမင်း စိုးပိုင်ရာဘောင်ခြေတွင် မာတိကာမည်သောရွာကြီးရှိတယ်။ထိုရွာ၌မာတိကာမည်သော ဥပါသိကာမကြီး ရှိတယ်။ ၎င်း တောင် ခြေ တော တန်း တွင် ရဟန်းခြောက်ကျိပ်တို့သည် မာတိကာရွာကြီးကိုဆွမ်းအမှီပြု၍ ကာယာနုပဿနာသတိပဋ္ဌာန် ဒွတ္တိံသကမ္မဋ္ဌာန်းကို အားထုတ်နေကြတယ်။ ဆွမ်းစားပြီးသော် သစ်ပင်ရင်း, စမ်းမြောင် တောင်ကြား စသည်တို့၌ တပ းခိ နေကြတယ်။

မာတိကာ ဒါယိကာမကြီးကား ထိုခြောက်ကျိပ်သော ရဟန်းတို့အား ပစ္စည်းလေးပါး လှူဒါန်းကာ အထူးပြုစုတယ်။တနေ့သ၌ တပါးစီခွဲနေကြသော ရဟန်းတို့ကို တွေ့မြင်ရာ အချင်းချင်း မသင့်ဖြစ်ကြသည်ထင်၍ လျှောက်တယ်၊ ရဟန်းတရားကို အားထုတ်နေကြတယ်ဟု အမိန့်ရှိသောအခါ လူဝတ်ကြောင် ဖြစ်သူများလဲ အားထုတ်နိုင်ပါသလားဟု လျှောက်ရာ အားထုတ်နိုင်ကြောင်းကို မိန့်၍ ကာယာနုပဿနာ သတိပဋ္ဌာန် ဒွတ္တိံသ ကမ္မဋ္ဌာန်းကိုပင် သင်ကြားပေးတယ်။၎င်းကိုမပြတ်အားထုတ်တယ်။မာတိကာ ဒါယိကာမကြီးသည် မကြာမီပင် ဝိပဿနာဉာဏ်ပေါက်၍ အတိညာဉ်သမာပတ်နှင့်တကွ အနာဂါမ် တည်သွားတယ်။ ရဟန်းခြောက်ကျိပ်တို့ကား တရားထူးမရကြသေးပေ။

မာတိကာ ဒါယိကာမကြီးသည် ရဟန်း ခြောက်ကျိပ်တို့မှာ ရှေးဦးစွာ အားထုတ်ကြပါလျက် မဂ်,ဖိုလ်တရားထူးကိုအဘယ်ကြောင့်မရနိုင်သလဲဟု ဆင်ခြင်ကြည့်သော် အချို့,အချဉ်ဖြစ်သော အာဟာရတို့တွင် အလိုရှိသောအရသာကို မမှီဝဲရတဲ့အတွက် ရက်,လ တာရှည်နေကြောင်းကိုသိရတယ်။ ဒီတော့ ၎င်းဒါယိကာမကြီးသည် ရဟန်းတို့၏စိတ်အကြံကိုသိရန် မကြာမကြာ အဘိညာဉ်ဝင်စား၍ အလိုရှိသော အစာများကိုသာ လှူဒါန်းပြုစုတယ်။ ရဟန်း ခြောက်ကျိပ်တို့သည် အလိုရှိတဲ့အတိုင်း မှီဝဲသုံးဆောင်ကြရသဖြင့် ကိုယ်စိတ်ချမ်းသာစွာ တရားအားထုတ်ကြလေရာ မကြာမီပင် ရဟန္တာ ဖြစ်ကြတယ်။ ဤဝတ္ထုကိုထောက်၍ တပ္ပါယလဲ ဖြစ်ပါမှ၊ ကြိုးစား၍လဲ အားထုတ်ပါမှ တရားကို ရနိုင်တယ်ဟု မှတ်သားကြရာကုန်သတည်း။ ပြီးပြီ။ (သာဓုခေါ်)

---

(အင်္ဂမနေ့ ၂-နာရီက ၄-နာရီအထိ ချဲ့ဟော)

## ရှေ့ပိုင်း

## ဗက အောင်ခြင်း

၁။ ဗကမည့်ငြား-မှတ်သားဖြဟ္မာ၊ တောက်ပတန်ခိုး-လွန်ဖြိုးဝေဆာ။
စည်းစိမ်ယစ်မူး-အထူးသာယာ၊ သူ့စိတ်ထဲ-ဒါပဲ ပြည်ခေမာ။

၂။ အယူမှောက်မှား-ဖောက်ပြားဖြဟ္မာ၊ သခ်ါရလမ်း-မျှော်မှန်းစေရာ
ဖြစ်ပုံပျက်နည်း-အပြီးသေချာ၊ ဓမ္မောဇ-ဟောပြ မြတ်ဗုဒ္ဓါ။

၃။ ရှေ့,နောက်အရေး-ထောက်တွေးမျှော်ကာ၊
သခ်ါရလမ်း-ဖြောင့်တန်းပေါ်လာ။
မှားတာဝန်ချ-ဗက ဖြဟ္မာ၊
အခေါင်နင်း-အောင်ခြင်း (အင်္ဂမ) မင်္ဂလာ။

(မူလပဏ္ဏာသ ဖြဟ္မနိမန္တနသုတ် ပါဠိ အဋ္ဌကထာတို့၌ လာ၏။)

ယနေ့ အပြီးသတ်နေ့ ရှေ့ပိုင်းတွင် ဗက-အောင်ခြင်း ကို ဟောမယ်၊ နားထောင်ကြ။ ဗကဖြဟ္မာကြီးကား ပဌမစျာန်ဘုံသား မဟာဖြဟ္မာကြီး ဖြစ်တယ်။သူသည် စတုတ္ထစျာန်ဘုံမှ အဆင့်ဆင့်အောက်ဘုံများသို့ ကူးပြောင်းကာ ဟော- ယခု ဗကဖြဟ္မာကြီးဘဝမှာ ပဌမစျာန်ဘုံသို့ ရောက်လာခြင်းဖြစ်တယ်။ သူသည် ပဌမစျာန်ဘုံရောက်စက ရှေးက်ဟောင်း ဖြစ်ပျက်ခဲ့သော အကြောင်းများကို မှတ်မိသေးသော်လဲ အချိန်ကာလကြာသွားတဲ့အခါ မမှတ်မိတော့၍ ဤဘုံနှင့် ဤခန္ဓာကိုယ်သည် မြဲမြဲတည်တယ်၊ မအို,မသေ-ဟု သဿတဒိဋ္ဌိ တည်းဟူသော မိစ္ဆာအယူကို ယူမှားမိနေတယ်။

ဘုရားရှင်သည် ထိုအကြောင်းအရာကို သိတော်မူ၍ ဗကဗြဟ္မာကြီးရှိရာ ဗြဟ္မာ့ပြည်သို့ ကြွတော်မူတယ်။ ဤ၌ ဇေတဝန်ကျောင်းတော်မှ ဖြိုးကနဲကွယ်ပျောက်၍ ဗြဟ္မာ့ပြည်ဝယ် ဘွားကနဲပေါ်လာသောနည်းဖြင့် ကြွတော်မူသည်ဟု မှတ်ရမယ်။ ဘုရားရှင် ကြွလာသည်ကိုတွေ့မြင်ရသောအခါ ဗကဗြဟ္မာကြီးသည် ပဋိသန္ဓာရစကားပြောဆိုပြီးနောက် သူ၏ကိုယ်နှင့်ဘုံဌာန အမြဲတည်ကြောင်းကို ပြောတယ်။

ဘုရားရှင်က- ''သင်သည် အဝိဇ္ဇာဖုံးကာ အသိအမြင်တုံး၍နေချေပြီ။ မမြဲတာကို မြဲ၏ဟု ဆိုချေပြီ''ဟူ၍ ဗကဗြဟ္မာ၏ အယူမှားကြောင်းကိုမိန့်ကြားတော်မူတယ်။ ထို့နောက် ဗကဗြဟ္မာ၏ ရှေးအတိတ်က ပြုခဲ့သော ကံဟောင်းအကြောင်းအရာများကို ဝတ္ထုလေးမျိုးနှင့် ထင်ရှားအောင် ပြတော်မူတယ်။ ဝတ္ထုလေးမျိုးလုံးပင် ဗကဗြဟ္မာသည် ရသေ့ပြုလုပ်ခဲ့ကြောင်းကို ဟောပြတော်မူတယ်။ ဒီတော့မှ သူ၏ကိုယ်နှင့်ဘုံဌာန မမြဲသည်၏အဖြစ်ကိုယုံကြည်သွားတယ်။ မိစ္ဆာအယူကိုလည်း စွန့်လွှတ်လိုက်တယ်။

ထို့နောက် ဗကဗြဟ္မာနှင့် ဘုရားရှင်တို့ တလှည့်စီ ပုန်းကွယ်ကြရာ ဘုရားရှင်၏ တန်ခိုးကြီးမားပုံကို ဗြဟ္မာအပေါင်းတို့ကချီးမွမ်းအံ့သြကြတယ်။ ဤ ဗကဗြဟ္မာတရားပွဲ၌ ဗြဟ္မာပေါင်းတသောင်း ကျွတ်တမ်းဝင်ကြတယ်။ ဤဗကဗြဟ္မာ၏ အကြောင်းအရာသည် သဂါထာဝဂ္ဂ ဗြဟ္မသံယုတ် ပါဠိ အဋ္ဌကထာ မူလပဏ္ဏာသ ဗြဟ္မနိမန္တနသုတ်နှင့် ၎င်းအဋ္ဌကထာတို့၌ လာတယ်။ ကိုင်း....ပြီးပြီ။

(သာဓုခေါ်)

---

## နောက်ပိုင်း
## ဝိ သု ဒ္ဓိ စ ခန်း

### ၁ ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ပုံ

ရုပ်,နာမ်နှစ်ပါးကိုသိ၍ ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ပုံကို ဟောမယ်။ နားထောင်ကြ။

၁။ ဖောင်းကြွမှုကိုမှတ်လျက်''သိ''ဟုရှုစဉ်ဖောင်းကြွမှုက ရုပ်၊ဖောင်းကြွမှုကို သိတာက နာမ်၊ ဤ ရုပ်နာမ်ပင် ဖောင်းကြွဆဲ ခဏထင်။

၂။ ဖောင်းကြွဆဲခဏ၊ ရုပ်,နာမ်ကျ၊ ကွာလှဒိဋ္ဌိပင်။

၁။ ပိန်ကျမှုကိုမှတ်လျက်''သိ'' ဟု ရှုစဉ် ပိန်ကျမှုက ရုပ်၊ ပိန်ကျမှုကို သိတာက နာမ်၊ ဤ ရုပ်,နာမ်ပင် ပိန်ကျဆဲ ခဏထင်။

၂။ ပိန်ကျဆဲခဏ၊ ရုပ်,နာမ်ကျ၊ ကွာလှဒိဋ္ဌိပင်။

၁။ ထွက်လေကိုမှတ်လျက်''သိ''ဟု ရှုစဉ် ထွက်လေက ရုပ်၊ထွက်လေကို သိတာက နာမ်၊ ဤ ရုပ်,နာမ်ပင် ထွက်လေဖြစ်ဆဲ ခဏထင်။

၂။ ထွက်လေဖြစ်ဆဲခဏ၊ ရုပ်,နာမ်ကျ၊ကွာလှဒိဋ္ဌိပင်။

၁။ မြင်ရတဲ့အဆင်းကို မှတ်လျက် ''သိ-သိ''ဟု ရှုစဉ် အဆင်းကရုပ်၊ အဆင်းကို သိတာက နာမ်၊ဤ ရုပ်,နာမ်ပင် မြင်ဆဲခဏထင်။

၂။ မြင်ဆဲခဏ၊ ရုပ်,နာမ်ကျ၊ ကွာလှဒိဋ္ဌိပင်။

## တနည်း

၁။ မျက်စိ,အဆင်း, မြင်သိမှု၊ ဤသုံးခု၊ မြင်ဆဲပေါင်းဆုံပြု။

၂။ မျက်စိကရုပ်, အဆင်းကရုပ်,မြင်သိက နာမ်၊ဤရုပ်,နာမ်ပင်မြင်ဆဲ ခဏထင်။

၃။ မြင်ဆဲခဏ၊ ရုပ်,နာမ်ကျ၊ ကွာလှဒိဋ္ဌိပင်။

(အလယ်၌ လေးမျိုးကို သိနိုင်လောက်ပြီ)

၆။ ကြားရတဲ့ သဘောအာရုံကိုမှတ်လျက် ''သိ-သိ''ဟု ရှုစဉ် သဘောအာရုံက ရုပ်,နာမ်၊ သဘောအာရုံကို သိတာက နာမ်၊ဤရုပ်,နာမ်ပင် ကြားဆဲခဏထင်။

၇။ ကြားဆဲခဏ၊ ရုပ်,နာမ်ကျ၊ ကွာလှဒိဋ္ဌိပင်။

## တနည်း

၆။ စိတ်,သဘောအာရုံ,ကြားသိမှု၊ဤသုံးခု၊ကြားဆဲပေါင်းဆုံပြု။

၇။ စိတ်ကနာမ်၊ သဘောအာရုံက ရုပ်,နာမ်၊ ကြားသိက နာမ်၊ ဤရုပ်နာမ်ပင် ကြားဆဲခဏထင်။

၈။ ကြားဆဲခဏ၊ ရုပ်,နာမ်ကျ၊ ကွာလှဒိဋ္ဌိပင်။

## တနည်းအတွက်သာဓက

စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။ (ပ)
မနဉ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ မနောဝိညာဏံ။
(သဠာယတနသံယုတ် ပါဠိတော်)

၀။ သွားတာကိုမှတ်လျက် ''သိ''ဟုရှုစဉ် သွားတာကရုပ်၊သွားတာကို သိတာက နာမ်၊ ဤ ရုပ်,နာမ်ပင် သွားဆဲခဏထင်။

၂။ သွားဆဲခဏ၊ရုပ်,နာမ်ကျ၊ကွာလှဒိဋ္ဌိပင်။
(ရပ်၊ ထိုင်၊ အိပ်၊ စား၊ သောက်တို့၌ နည်းတူသိ)

ဤသို့မှတ်ရှုတိုင်း ရုပ်,နာမ်ကိုသာထင်နေလျှင် ဒိဋ္ဌိကွာတယ်၊ငါ,ငါ့ဥစ္စာ ငါလင်, ငါ့သား, ငါ့မယား, မိန်းမ, ယောကျ်ား,ပုဂ္ဂိုလ်,သတ္တဝါဆိုတာ မရှိ၊ ရုပ်,နာမ်မျှသာ ရှိတယ်ဟု အသိရှင်းသွားနိုင်တယ်။ ထို့ကြောင့် ရုပ်,နာမ် ထင်အောင် ဝိပဿနာကို မှတ်ရှုကြကုန်ရာသတည်း။

## ၂။ ကင်္ခါဝိတရဏဝိသုဒ္ဓိဖြစ်ပုံ

၁။ နာမ်က သွားချင်သည်ရှိသော် ရုပ်က သွားသည်။

၂။ သွားချင်တဲ့နာမ်ကအကြောင်း သွားတဲ့ရုပ်က အကျိုး၊ သွားတဲ့ ရုပ်ကအကြောင်း သွား-သိနာမ်က အကျိုး။

၃။ သွားဆဲခဏ၊ကြောင်းကျိုးကျ၊ ပြီးထကင်္ခါ-ဝိသုဒ္ဓိ။

(ရပ်၊ထိုင်၊အိပ်၊စားသောက်တို့၌ နည်းတူယူ)

နာမဿ ခါဒိတုကာမတာယ ပိဝိတုကာမတာယ ဗျာဟရိတုကာမတာယ ဣရိယာပထံ ကပ္ပေတုကာမတာယ သတိ ရူပံ ခါဒတိ၊ ဗျာဟရတိ၊ ဣရိယာပထံ ကပ္ပေတိ။ (ဝိသုဒ္ဓိမဂ်)

## ဝိပဿနာအကျိုးမှန် စူဠသောတာပန်

ဤဉာဏ်ကို ဓမ္မဋ္ဌိတိဉာဏ် ဟူ၍ရင်း၊ ယထာဘူတဉာဏ်ဟူ၍ရင်း၊ သမ္မဒဿနဉာဏ်ဟူ၍ရင်း ခေါ်ဆိုတယ်။ဤဉာဏ်နှင့်ပြည့်စုံသောသူကို စူဠသောတာပန်ဟု ခေါ်ရတယ်။ ထို့ကြောင့် ဝိသုဒ္ဓိမဂ်၌....

ဣမိနာ ပန ဉာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော စူဠသောတာပန္နော နာမ ဟောတိ ဟု မိန့်ဆိုထားတယ်။

ကိုင်း.... ''ဝိမဿနာအကျိုးမှန် စူဠသောတာပန်''ဆိုတဲ့ အတိုင်း ယနေ့ ဝိပဿနာ တရားပွဲ အပြီးသတ်ပြီ၊ ရှစ်ရက်လဲ စေ့သွားပြီ၊ တပည့်များလဲ စူဠ သောတာပန်လောက်တော့ ဖြစ်ကြပေပြီထင်ပါရဲ့။သောတာပန်အစစ် ဖြစ်ဖို့ရန် လိုသေးတယ်။ဆက်၍အားထုတ်ကြအုံး။ (သောတာပန်အစစ် ဖြစ်ရန် လုပ်ငန်း အရကျဲဝိသုဒ္ဓိများနှင့် ဉာဏ်စဉ်များကို ဘုန်းကြီးရေးသားခဲ့သော ''ဝိပဿနာ ကမ္မဋ္ဌာန်းအားထုတ်နည်းကျမ်းကြီး၌'' ကြည့်ရှုကြပါကုန်)

## ဝိသာခါကျောင်းအမဝတ္ထု

ကိုင်း-သောတာပန်အစစ်ဖြစ်တဲ့ ''ဝိသာခါကျောင်းအမ''ဝတ္ထုနဲ့အဆုံး သတ်တော့မယ်၊နားထောင်ကြ။ဝိသာခါကျောင်းအမဆိုတာ လူတိုင်းကြားဘူး ကြလိမ့်မယ်။သူသည် ခုနစ်နှစ်သမီးအရွယ်ကပင် ဘုရားတရားကိုနာရ၍ ဝိပဿနာ ဉာဏ်စဉ်တက်ပြီး မဂ်ဖိုလ်ရ၍ သောတာပန်မကလေး ဖြစ်တယ်။သူသည် အိန္ဒိယ ပြည်သူဖြစ်တယ်၊သူ့အဖေက ဓနဉ္စယသဌေး။အမေက သုမနဒေဝီ။အရွယ်ရောက်

တော့ သဝတ္ထိမြို့ မိဂါရသဌေးသား "ပုဏ္ဏဝဍ္ဎန"နှင့် ကြီးကျယ်စွာ လက်ထပ်ပွဲကြီး ပြုရတယ်။ အသက် တရာ့နှစ်ဆယ်ရှည်၍ သားတကျိပ်၊ သမီးတကျိပ် ဖွားတယ်။ မြေးလေးရာ၊ မြစ်ရှစ်ထောင် ရှိတယ်တဲ့။

ဝိသာခါ ဝိသတိပုတ္တာ၊ နတ္တာစ စတုရောသတာ။

ပနတ္တာ အဋ္ဌသဟဿာ ၊ဇမ္ဗုဒီပေ သုပါကဋာ။ (ဓမ္မပဒအဋ္ဌကထာ)

သူမှာအသက်ရှည်ခြင်း,အဆင်းလှခြင်း,ချမ်းသာကြီးခြင်း,ခွန်အားကြီးခြင်း,ဉာဏ်ပညာကြီးခြင်း အကျိုးများကိုရတယ်။ထူးဆန်းတာကတော့ သူသည် "မဟာလတာတန်ဆာကြီး"ကို ဝတ်ဆင်ရတယ်။သူသည် သာဝတ္ထိမြို့၏ အရှေ့မျက်နှာ၌ ပုဗ္ဗာရုံကျောင်းကြီးကို ဆောက်လုပ် လှူဒါန်းတယ်။ ထို့ကြောင့် ဝိသာခါ ကျောင်းအမဟု ထင်ရှားတယ်။

သူသည် အသက်တမ်းစေ့၍သေလွန်သော် နိမ္မာနရတိနတ်ပြည်၌ သုနိမ္မိတ နတ်မင်းကြီး၏ နတ်မိဖုရားကြီး ဖြစ်သွားတယ်၊ ယခု ၎င်းနတ်ပြည်၌ ရှိတယ်။ သူသည် ဘုံစဉ်စံ၍ အကနိဋ္ဌဘုံ၌ ရဟန္တာဖြစ်ပြီး နိဗ္ဗာန်သို့ ဝင်စံလိမ့်မယ်။ကိုင်း- တော်ပြီ။ ဝိသာခါအကြောင်းကို စုံလင်အောင်ဟောနေလျှင် အချိန်လွန်သွားလိမ့်မယ်။

အနာထပိဏ် သဌေးကြီးဆိုတာလဲ သောတာပန်ပဲ၊ သူလဲ ဘုံစဉ်စံပြီး နိဗ္ဗာန်သို့ ဝင်စံလိမ့်မယ်။ ကိုင်း-တရားအပြီးသတ်ပြီ၊ ဝိသာခါ၊ အနာထပိဏ် တို့လို ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာ သောတာပန်အစစ် ဖြစ်ကြ ရအောင်ဟာ ဝိပဿနာတရားကို ကြိုးစားအားထုတ်ကြကုန်ရာသတည်း။ (သာဓုခေါ်)

ဆိုလတ့်လင်္ကာကို သတိထား၍ နားထောင်လိုက်ကြစမ်း။

ပကျွေ မထောင့်၊ လမ်းဖြောင့်တရား၊ တွေ့ပါသားနှင့်၊ အများ ရှူးမူး၊ နှင်မရှူးနှင့်၊ထူးသည့်အခါ၊ဝိပဿနာကို၊ခါခါပွားမှ၊သွားမည့်သံသရာ၊ အစဉ်ပါမည်၊နင်သာသတိထား၊မြတ်ဘုရားကလည်း၊ရင်ဝလုံ့စူး၊ထိပ်ဦး မီးလောင်၊ မရှောင်အဟုတ်၊အားထုတ်ရန်၊သဘောများကိုဟောကြားတော်မူခဲ့လေသတည်း။ (သာဓုခေါ်)

**တရားပွဲအပြီး တပည့်များကသံပြိုင်ဆို၍ ဆရာကိုမေတ္တာပို့ရန်**

တပည့်တို့ဆရာ၊ထေရ်ရိပ်သာ၊ကြည်သာကြဲတိုင်း အောင်ပါစေ။

ကျန်းမာပါစေ၊ချမ်းသာပါစေ၊ကျန်းမာပါစေ၊ချမ်းသာပါစေ။

(သုံးခေါက် တွဲဆိုကြ)

(ရက်စဉ်အတိုင်း ရှေ့ပိုင်း-နောက်ပိုင်း တရားအပြီးတွင် တပည့်များက သံပြိုင်တွဲ၍ သုံးကြိမ် ဆရာကို မေတ္တာပို့ပါ)။

ဦးရိပ်သာ ရှစ်ရက်ဟောစဉ် ပြီး၏။

## ၁။ နောက်ဆက်တွဲ
## ကမ္မဋ္ဌာန်းပေးပုံအစဉ်

(ကမ္မဋ္ဌာန်းဆရာများ ဤကမ္မဋ္ဌာန်းပေးပုံကို နမူနာယူနိုင်ကြပါစေ)

ယောဂီများ ရှစ်ပါးသီလ ယူရမယ်။ကန်တော့ကြ-ကန်တော့ကြ။

ကိုင်း.... ရှစ်ပါးသီလယူပြီးကြပြီ။လိုက်နာရန်အချက်များကို ရှေးဦးစွာ နားထောင်ကြ။ ကမ္မဋ္ဌာန်းကို အားထုတ်သော ယောဂီသည်....

၁။ အားထုတ်အပ်သော ကမ္မဋ္ဌာန်းတရားကိုရင်း၊ ကမ္မဋ္ဌာန်းဆရာကို ရင်း ယုံကြည်မှုရှိရတယ်။ ခိုင်းတဲ့အတိုင်း အားထုတ်မှုရှိရတယ်၊ ဝိသုဒ္ဓိမဂ်၌ ယုံကြည်မှုကို အရေးကြီးသောအနေအားဖြင့် ပြဆို ထားတယ်။သို့အတွက် ယုံယုံကြည်ကြည် အားထုတ်ရမယ်။

၂။ ကမ္မဋ္ဌာန်းတရားကိုဆရာညွှန်ကြားသည့်အတိုင်းကြိုးစားအားထုတ် မှုလဲ ရှိရတယ်၊မကြိုးစားလျှင် တရားမတက်နိုင်ဘူး။

၃။ တရားအားထုတ်တဲ့အခါ ကျင်နာကိုက်ခဲမှု၊ညောင်းညာမှု စသည် တို့ကိုလဲ သည်းခံနိုင်ရမယ်။ ဒီဝေဒနာကို သည်းခံနိုင်ဘဲအတွက် နိဗ္ဗာန်ရောက်ကြတဲ့ ပုဂ္ဂိုလ်များလဲ အများပင် ရှိကြတယ်။ သို့အတွက် ဝေဒနာကိုလဲ အားထုတ်ရမယ်။

၄။ ယခုလို အထူးတရားဝင်တဲ့ ယောဂီများအတွက် အချိန် ဆိုတာလဲ အရေးကြီးတယ်၊ သို့အတွက် အချိန် သတ်မှတ် ပေးမယ်။ နေ့ ဆယ့်နှစ်နာရီကစပြီး နေ့ပိုင်းရော-ညပိုင်းရော အခြားကိစ္စမဖက် တရားသက်သက်ကိုသာ အားထုတ်နေရမယ်။ညမှာ အိပ်ချိန်ဟူ၍ မထားနဲ့၊တရားအားထုတ်ရင်း အိပ်ပျော်ချင် ပျော်ပါစေ။နိုးလိုက် လျှင် တရားကိုပင် အားထုတ်နေရမယ်၊ နံနက်ပိုင်း၌ကား အခြား ကိစ္စ ပြုလုပ်စရာရှိလျှင် ပြုလုပ်နိုင်တယ်။ပြုလုပ်စရာမရှိလျှင် တရား ကိုပင် အားထုတ်နေရမယ်။ တရားအားထုတ်တဲ့အချိန် များများ ဖြစ်စေရမယ်။

ယခုဟောခဲ့သော လိုက်နာရန်အချက်များကို လေးလေးစားစားလိုက်နာ ကြရမယ်။

ကိုင်း....ကမ္မဋ္ဌာန်းအားထုတ်ပုံကို ဟောတော့မယ်၊နားထောင်ကြ။ဒါကို မှတ်မိမှ အားထုတ်တတ်မယ်။ ကမ္မဋ္ဌာန်းကို အားထုတ်ရာ၌ ထိုင်လျက်လဲ အား ထုတ်နိုင်တယ်၊ အိပ်လျက်လဲ အားထုတ်နိုင်တယ်၊ စင်္ကြံသွားလျက်လဲ အားထုတ် နိုင်တယ်။ထိုင်လျက် အားထုတ်တဲ့အခါ ကြာရှည်စွာထိုင်နိုင်သော ထိုင်ခြင်းမျိုး

ဖြင့်ထိုင်လျက် အားထုတ်နိုင်တယ်။ သို့ရာတွင် ထိုင်ပုံကိုစနစ်တကျသိရန် လိုတယ်။ ''ပလ္လင်္က အာဘုဇိတ္ဝာ''ဆိုတဲ့အတိုင်း တင်ပလ္လင်ခွေ ထိုင်ခြင်းသည် အကောင်းဆုံးဖြစ်တယ်။ ထိုင်သောအခါ အောက်က အဝတ်ထူထူခင်း၊ထင်ပလ္လင်ခွေထိုင်၊ ခြေသလုံးချင်း ဖိမထားနဲ့၊ ချောင်ချိစွာထား၊ကိုယ်ကို တောင့်တောင့်တင်းတင်း ဖြောင့်ဖြောင့်ထားထိုင်ရတယ်။

ယောဂီမများက မိန်းမထိုင် ကျို့ကျို့ထိုင်။ လက်နှစ်ဘက်ကို ရှေ့ခြေပေါ်တင်၊ ဗယ်ဘက်လက်ကို အောက်ကထား၊ ညာဘက်လက်ကို အထက်ကထား၊ လက်နှစ်ဘက်စလုံးဖြန့်၍ လက်ဝါးအဖျားချင်း ထပ်ပြီးထား၊ မျက်စိကိုမှိတ်။ စိတ်နဲ့ ဝမ်းဗိုက်ကိုစိုက်၊ ခေါင်းမငုံ့နဲ့၊ ခေါင်းကို သူ့အတိုင်းအလိုက်သင့်ထား၊ ဝင်သက်ရှူလိုက်လျှင် ဝမ်းဗိုက်ကဖောင်းကြွလာတာကိုတွေ့ရတယ်။ထွက်သက်ရှိုက်လိုက်လျှင် ဝမ်းဗိုက်က ပိန်ကျသွားတာကိုတွေ့ရတယ်။ဖောင်းကြွလာလျှင် ဖောင်းကြွမှုကိုမှတ်လျက် ''သိ''ဟု စိတ်နဲ့ရှု။ ပိန်ကျသွားလျှင် ပိန်ကျမှုကိုမှတ်လျက် ''သိ''ဟု စိတ်နဲ့ရှု။ ဒီအတိုင်း မပြတ်ရှုနေရတယ်။ ဒါ ဝိပဿနာရှုနေတာပဲ။ မှတ်မိနေလျှင် စိတ်ဘယ်မှမထွက်ဘူး။ဒီလိုရှုနေလျှင် ကိုယ့်နှုတ် နှစ်ပါးကြောင့် အကုသိုလ်မဖြစ်တော့ရကား သီလလဲပြည့်စုံနေတယ်၊ မှတ်ရှုဆဲအာရုံ၌ စိတ်တည်နေရကာ သမာဓိလဲ တည်နေတယ်။ မှတ်ရှုတိုင်း ရုပ်နှင့် နာမ်မျှသာ သိမြင်နေရကား ဝိပဿနာပညာနှင့်လဲ ပြည့်စုံနေတယ်။သို့အတွက် မပြတ်အောင် မှတ်ရှုနေရမယ်။

အိပ်သောအခါ၌လဲ ပက်လက်အိပ်အိပ်၊ တစောင်းအိပ်အိပ်၊ ဒီအတိုင်း ဝမ်းဗိုက်ကိုစိုက်၊ ဖောင်းကြွမှု,ပိန်ကျမှုကိုပင် မှတ်ရှုလျက်နေရမယ်။ ထိုင်လျက်ဖြစ်စေ, အိပ်လျက် ဖြစ်စေ မှတ်ရှုတဲ့အခါ မလှုပ်မရှား ငြိမ်ငြိမ် မှတ်ရှုနေပါ။ ညောင်းညာ ကိုက်ခဲမှုကလေးတွေတွေ့လျှင် သူတို့ကို အာရုံမပြုနဲ့၊ သည်းခံ၍ မှတ်ရှုမြဲ မှတ်ရှုနေ၊ ဝေဒနာက လွန်ကဲလာလျှင် ၎င်းဝေဒနာဆီသို့ စိတ်နဲ့စိုက်၊ ၎င်းဝေဒနာကို သတိမလွတ်အောင်မှတ်လျက်''သိ-သိ''ဟုဖြစ်စေ၊''ဒုက္ခ-ဒုက္ခ'' ဟု ဖြစ်စေ ရှုနေပါ။ ဝေဒနာချုပ်ငြိမ်းအောင် မလှုပ်မရှားသည်းခံ၍ မှတ်ရှုနေပါ။ ဝေဒနာချုပ်ငြိမ်းသွားလျှင် မူလ မှတ်ရှုနေကြ ဖောင်းကြွမှုတို့ကိုပင်ပြန်မှတ်ရှုပါ။

စကြံသွားရင်း အားထုတ်ပုံကား....ညာခြေထောက်က လှမ်း၍နင်းခိုက် ၎င်းကိုမှတ်လျက် ''သိ''ဟု ရှု။ ဗယ်ဘက်ခြေထောက်က လှမ်း၍နင်းခိုက် ၎င်းကိုမှတ်လျက် ''သိ''ဟု ရှု။ ဒီအတိုင်း ရှုနေပါ၊ တော်တော်ကြာသွား၍ပြန်ထိုင်လျှင် မူလ ဖောင်းကြွမှုကိုပင် ပြန်ရှုပါ၊ ထိုပြင် ကွေးတိုင်း,ဆန့်တိုင်း,ကိုင်တွယ်တိုင်း, စားတိုင်း-သောက်တိုင်းတို့၌လဲ ၎င်းတို့အခိုက် သတိမလွတ်အောင် မှတ်

လျက် ''သိ-သိ''ဟု ရှုပါ။ ဒီလို အဖန်ဖန်မှတ်ရှုနေသော် သမာဓိရင့်သန်လာတဲ့ အတွက် အခိုးဖြူကလေးတွေ, ကြယ်လုံးကလေးတွေလို ထင်တတ်တယ်၊ အချို့ လ,နေတွေလို ထင်တတ်တယ်၊တချို့ ဘုရားဆင်းတုတော်တွေ၊သံဃာတော်တွေ၊ အိမ်, ကျောင်း, သစ်ပင်, တော-တောင်, ငရဲဘုံ,နတ်ဘုံ,နတ်သား-နတ်သမီးတွေ ထင်တတ်တယ်၊ တချို့ ကိုယ်တကိုယ်လုံးသော်ငင်း, အစိတ်အပိုင်းသော်ငင်း ထင် တတ်တယ်။၎င်းတို့ကား စိတ်ညွတ်မိတိုင်းထင်လာတဲ့ပညတ်အာရုံတွေဖြစ်တယ်။ ၎င်းတို့ကိုတွေ့မြင်သော မနောဝိညာဉ်ကား ပရမတ်ဖြစ်တယ်။ ၎င်းအာရုံများကို မှတ်ရှုလိုလျှင်လဲ မှတ်ရှုနိုင်တယ်၊ သို့မဟုတ် မူလကမ္မဋ္ဌာန်း ဖောင်းကြွမှုတို့ကိုပင် မှတ်ရှုနေပါ။ ထိုအာရုံများကို နှလုံးမသွင်းပါနှင့်။ အာရုံများ ပျောက်ကွယ်သွား ပါလိမ့်မယ်။

ယောဂီသည် ဤအတိုင်း အဖန်ဖန်မှတ်ရှုသည်ရှိသော် မှတ်ရှုတိုင်း-မှတ်ရှု တိုင်း မှတ်စရာအာရုံသဘောနှင့် မှတ်သိမှုသဘောကိုသာ တွေ့နေပါလိမ့်မယ်၊ မှတ်သိမှုသဘောက မှတ်စရာအာရုံအပေါ် ပြေး၍ပြေး၍ သွားသကဲ့သို့ ထင်ရ လိမ့်မည်။ ဤသို့လျှင် မှတ်ရှုတိုင်း မှတ်စရာအာရုံသဘောမျှနှင့် မှတ်သိမှုသဘော မျှကိုသာ တွေ့နေရသော ယောဂီမှာ ငါ, ငါ့ဥစ္စာ, ငါ့သား, ငါ့မယား, ငါ့လင် ရယ်လို့ မရှိ၊ ဒီ သဘောမျှ ကလေးတွေသာ ရှိတယ်။ ဒီ သဘောမျှကလေးတွေ ဟာလဲ ရုပ်နှင့် နာမ်ပဲ။ တလောကလုံး ဒီ ရုပ်,နာမ်မျှသာ ရှိတယ်ဟု သဘောကျ သွားပါလိမ့်မယ်။ ထိုအခါ ယောဂီမှာ ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်ပြီ။ ရှေ့ဆက်၍ မှတ်ရှုမြဲ မှတ်ရှုပြန်လျှင် မှတ်ရှုတိုင်းမှတ်စရာအာရုံရှိလို့သာ မှတ်ရှုနေရတာပဲ၊သွားချင်တဲ့ စိတ်ရှိလို့သာ သွားနေရတာပဲ စသည်ဖြင့် သိမြင်ပါလိမ့်မယ်။

ဤသို့စသည်ဖြင့် သိခြင်းသည် အကြောင်းရုပ်နာမ်ကြောင့်ဖြစ်တဲ့ အကျိုး ရုပ်,နာမ်တွေကို သိမြင်ခြင်းဖြစ်တယ်။ ဒီလိုသိမြင်လျှင် ''ကင်္ခါဝိတရဏဝိသုဒ္ဓိ'' ဖြစ်ပြီ။ယထာဘူတဉာဏ်ကိုရပြီ။စူဠသောတာပန်ဟု ခေါ်ဆိုနိုင်ပြီ။ ဒီကအထက် ဆက်ပြီး အားထုတ်နေကျအတိုင်း အားထုတ်ပါလျှင် ဝိပဿနာဉာဏ်စဉ်ပေါက် ကာ မဂ်,ဖိုလ်ဘိုင်အောင် ဆိုက်ရောက်ပါလိမ့်မယ်။ သို့အတွက် ယခုဟောခဲ့တဲ့ ''ကမ္မဋ္ဌာန်းပေးပုံ''အစဉ်အတိုင်း လိုက်နာ၍ ကြိုးစား အားထုတ် နိုင်ကြပါစေ သတည်း။ (သာခုခေါ်)

[ရေနီမြို့ ရိပ်သာဆရာတော်သည် ရမည်းသင်း သိမ်ကုန်းကြီးရွာ၊မုဋ္ဌလိန္ဒ ကမ္မဋ္ဌာန်းချောင်၌ ခေတ္တနေစဉ် ၁၃၁၈-ခုနှစ်၊ တပေါင်း လ ဆန်း ၁၀-ရက်နေ့ ညနေပိုင်း အပြီး ဟောပြော ရေး သား သော ကမ္မဋ္ဌာန်း ပေးပုံ အစဉ်ဖြစ်သည်။]

## ၂။ နောက်ဆက်တွဲ
## သမထ–ဝိပဿနာကမ္မဋ္ဌာန်း အားထုတ်နည်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁။ ဘုရား တရား သံဃာ ရတနာ သုံးပါးကို ဦးသုံးကြိမ် ချရမည်။

၂။ မိမိကိုယ်ကို ဘုရားအား လှူထားရမည်။

၃။ အလုံးစုံသော နတ်များ–သတ္တဝါများ ချမ်းသာကြပါစေ–ဟု သုံးကြိမ်ရွတ်ဆို၍ မေတ္တာပို့ရမည်။

### ပုတီးစိပ်၍ စည်းချထားရန်

"အရဟံ–အရဟံ"ဟု အရှေ့မြောက်အရပ်ကို စိတ်အာရုံပြု၍ ပုတီးတပတ်စိပ်၊ ထို့နောက် အရှေ့အရပ်၊အရှေ့တောင်အရပ်၊တောင်အရပ်၊အနောက်တောင်အရပ်၊ အနောက်အရပ်၊ အနောက်မြောက်အရပ်၊ မြောက်အရပ်၊ အရှေ့မြောက်အရပ်တို့ကိုလည်း စိတ်အာရုံပြု၍ တပတ်စီပင်စိပ်ပါ။ထို့နောက် မိမိနေရာ၏ အောက်အရပ်၊ မိမိနေရာ၏ အထက်အရပ်တို့ကိုလည်း စိတ်အာရုံပြု၍ တပတ်စီပင် စိပ်ပါလေ။

### ဝိပဿနာရှုရန်

မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ ကြံ၊ သွား၊ ရပ်၊ ထိုင်၊ အိပ် ဤခေါင်းစဉ်ကို မှတ်ထားပါ။

၁။ မြင်ဆဲအခိုက် မြင်ရတာကရုပ်၊ မြင်ရတာကို သိတာက နာမ်။ ဤရုပ်နာမ်သည် မမြဲအနိစ္စ၊ဆင်းရဲဒုက္ခ၊ အစိုးမပိုင် အနိုင်မရ အနတ္တ။ (ဤအတိုင်း ကျက်ထား)

၂။ မြင်ဆဲအခိုက် မြင်ရတာကို မှတ်လျက် သိ–သိ–ဟု ရှု။ (ဤအတိုင်း အားထုတ်ပါ)

ကြား၊ နံ၊ စား၊ ထိ–တို့၌ နည်းတူ သိပါလေ။

၉။ ကြံဆဲအခိုက် ကြံတာကသဘောရုပ်နာမ်၊ကြံတာကိုသိတာကနာမ်။ ဤရုပ်နာမ်သည် မမြဲအနိစ္စ၊ဆင်းရဲဒုက္ခ၊အစိုးမပိုင်အနိုင်မရအနတ္တ။ (ဤအတိုင်း ကျက်ထား)

၇။ ကြံဆဲအခိုက် ကြံတာကိုမှတ်လျက် သိ–သိ–ဟု ရှု။ (ဤအတိုင်း အားထုတ်ပါ)

၁။ သွားဆဲအခိုက် သွားတာက ရုပ်၊ သွားတာကို သိတာက နာမ်။ ဤရုပ်သည် မမြဲအနိစ္စ၊ ဆင်းရဲဒုက္ခ၊ အစိုးမပိုင် အနိုင်မရ အနတ္တ။ (ဤအတိုင်း ကျက်ထား)

၂။ သွားဆဲအခိုက် သွားတာကို(ခြေလှမ်းချတိုင်း)မှတ်လျက် သိ-ဟုရှု။ (ဤအတိုင်း အားထုတ်ပါ)

ရပ်၊ ထိုင်၊ အိပ်တို့၌ နည်းတူ သိပါလေ။

ဣရိယာပုထ် လေးပါးအတွက် ပြီး၏။

---

## ခန္ဓာငါးပါးနှင့် တဆင့်ပွားယူပုံ

၁။ မြင်တာက ရူပက္ခန္ဓာ၊ မြင်လို့ ကောင်းတာ မကောင်းတာက ဝေဒနာက္ခန္ဓာ၊ မြင်တာကို မှတ်တာက သညာက္ခန္ဓာ၊ မြင်အောင် အားထုတ်တာက သင်္ခါရက္ခန္ဓာ၊မြင်တာကိုသိတာက ဝိညာဏက္ခန္ဓာ၊ ဤခန္ဓာငါးပါးတို့သည် မမြဲအနိစ္စ၊ဆင်းရဲဒုက္ခ၊အစိုးမပိုင်အနိုင်မရ အနတ္တ။ (ဤအတိုင်း ကျက်ထား)

ကြား၊နံ၊စား၊ထိ၊ကြံ၊သွား၊ရပ်၊ ထိုင်၊အိပ် တို့၌လည်း နည်းတူပွား ယူရလေသည်။

အားထုတ်ပုံကား နောက်ကအတိုင်း သိသာပြီ။

(ရိပ်သာဆရာတော်သည် ၁၃၂၀-ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၄-ရက်နေ့ ရေးသားဟောကြားပြီးစီးသော သမထဝိပဿနာ အားထုတ်နည်း ဖြစ်သည်။)

## (၅) ခန္ဓာလမ်းစဉ် လည်ပုံ-ပြတ်ပုံ

ယခုဟောမည့် တရားတော်၏နာမည်က''ခန္ဓာလမ်းစဉ် လည်ပုံနှင့်ပြတ်ပုံ တရားတော်''တဲ့၊ မှတ်ထားကြ။ ပါဠိလိုကတော့ ''ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် လည်ပုံနှင့် ပြတ်ပုံတရားတော်''လို့ ခေါ်တယ်၊အဲဒါကို လူတိုင်းနားလည်အောင် မြန်မာလို ''ခန္ဓာလမ်းစဉ် လည်ပုံနှင့် ပြတ်ပုံ တရားတော်''လို့ နာမည်ပေးထား လိုက်ပါတယ်။

### ဆောင်ပုဒ်များ

၁။ အဝိဇ္ဇာ ဦးစီးက၊ အနိဋ္ဌာ ဘူးသီးရတယ်။ ဆို။

၂။ ပညာဦးစီးက၊ အစဉ်လာ ဘူးသီးရတယ်။ ဆို။

၃။ အဲဒါကြောင့်-ပညာဦးစီးရမယ်။ ဆို။

၄။ ပညာဦးစီး၍ ဒါနပြုရမယ်။
။ သီလဆောက်တည်ရမယ်။
။ ဘာဝနာပွားများရမယ်။ ဆို။
ကိုင်း....ပေါင်းပြီးတော့ သုံးခေါက်ဆိုလိုက်ကြစမ်း။

## ဆောင်ပုဒ်များ ရှင်းလင်းချက်

အဝိဇ္ဇာဆိုတာက မသိတာကိုဆိုတယ်၊ဘာကိုမသိသလဲ၊ဒုက္ခသစ္စာတွေကို ဒုက္ခသစ္စာမှန်း မသိတာတဲ့၊ အဲဒါကြောင့် "စတုသစ္စေ နဝိန္ဒတီတိ အဝိဇ္ဇာ"လို့ ဆိုပါတယ်။

စတုသစ္စေ၊ လေးပါးသော သစ္စာတို့ကို။ ဝါ၊ ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာဆိုတဲ့ သစ္စာလေးပါးတို့ကို။ နဝိန္ဒတိ၊ မသိတတ်။ ဣတိ တသ္မာ၊ထို့ကြောင့်။ အဝိဇ္ဇာ၊အဝိဇ္ဇာမည်၏။

အဲသလို ဒုက္ခသစ္စာတွေမှန်းမသိတော့ ထိုဒုက္ခသစ္စာတွေ ဒုက္ခအစုတွေကို ပဲ လိုချင်တယ်၊အဲဒီလိုချင်တာက သမုဒယသစ္စာတဏှာတဲ့။

မသိလို့လိုချင်,လိုချင်တော့ ဒုက္ခတရားတွေကို ရအောင်ပြုလုပ်တယ်၊အဲဒီ ပြုလုပ်တာကတော့ သင်္ခါရတဲ့၊ ဒါကိုပင် "အဝိဇ္ဇာပစ္စယာ သင်္ခါရာ"လို့ ဟော တော်မူထားပါတယ်။

"အဝိဇ္ဇာ ဦးစီးတယ်၊ အဝိဇ္ဇာဦးစီးပြီးတော့ ပြုလုပ်တယ်" ဆိုတာဟာ ယခုဟောခဲ့တဲ့အတိုင်းပါပဲ၊ တိုတိုပြောတော့ အသိပညာမပါပဲနှင့် ပြုလုပ်သမျှ အဝိဇ္ဇာဦးစီးပြီး ပြုလုပ်တာချည်းပါပဲတဲ့။

အနိဋ္ဌာဘူးသီးတယ်ဆိုရာ၌ အနိဋ္ဌာ ဟူသောစကားက အဓိပ္ပာယ်တချက်၊ ဘူးသီး ဟူသောစကားက အဓိပ္ပာယ်တချက် ထွက်တယ်၊ အနိဋ္ဌာရဲ့ ဆိုတာက "န ဣဋ္ဌာ အနိဋ္ဌာ" ဆိုတဲ့အတိုင်း ဘုရား, ရဟန္တာ, အရိယာပုဂ္ဂိုလ်များ အလို မရှိတာ၊မနှစ်သက်တာ၊ရွံမုန်းတာကို ဆိုပါတယ်။

ဘူး-ဆိုတာက ဗူးပင်ကသီးတဲ့ ဗူးသီးကို ဆိုတာ မဟုတ်ဘူး၊ ဗူးပင်က သီးတဲ့ ဗူးသီးက ဗထက်ချိုင့်နှင့် ဖြစ်တယ်။ ယခုဘူးသီးက ဘကုန်းနှင့်ဘူးသီးလို့ မှတ်ရမယ်။ ဘူးအရ ဘုံကို ယူရမယ်၊ သီးဆိုတာကတော့ ကြီးကာပါပဲ။ ဘုံ၌ ဖြစ်တာကို ဆိုပါတယ်၊ လောကီဘုံထဲ၌သာ တဝဲလယ်လယ် ဖြစ်နေရတာကို "ဘူးသီးရတယ်" လို့ဆိုတယ်။ လူချမ်းသာ နတ်ချမ်းသာတည်းဟူသော ဒုက္ခ သစ္စာ ဒုက္ခအစုတွေသာ ထပ်ခါထပ်ခါဖြစ်နေတာပါပဲတဲ့။အဲဒီ လူချမ်းသာ-နတ် ချမ်းသာတည်းဟူသော ဒုက္ခသစ္စာ၊ ဒုက္ခအစုတွေကို ဘုရား, ရဟန္တာ, အရိယာ ပုဂ္ဂိုလ်များ အလိုမရှိဘူး၊ မနှစ်သက်ဘူး ရွံမုန်းတော်မူကြတယ်တဲ့။

အဲဒီ လူချမ်းသာ-နတ်ချမ်းသာတွေဟာ ဒုက္ခသစ္စာ၊ ဒုက္ခအစုတွေပဲလို့ မသိတော့ လိုချင်တယ်၊ လိုချင်တော့ ၎င်းဒုက္ခအစုတွေကို ရအောင် ကုသိုလ်-သခ်ါရတွေကို ပြုလုပ်ကြတယ်၊ ပြုလုပ်တော့ ဒုက္ခအစုတွေကို ရတယ်။အဲဒါ- "အဝိဇ္ဇာဦးစီးပြီးပြုလုပ်လို့ အနိဋ္ဌာ ဘူးသီးတာ" ပါပဲတဲ့။

အဝိဇ္ဇာက ဒုက္ခအစုတွေကို မသိတော့ တဏှာက ဒုက္ခအစုတွေကို လိုချင်တယ်၊ အဲဒီဒုက္ခအစုတွေကို လိုချင်တာက သမုဒယသစ္စာတဲ့။ ဒီ သမုဒယသစ္စာ အသီးတွေကြောင့် ဒုက္ခသစ္စာပင်တွေဖြစ်၊ ဒုက္ခသစ္စာပင်တွေက သမုဒယသစ္စာ အသီးတွေ သီး၊သမုဒယသစ္စာအသီးတွေကြောင့် ဒုက္ခသစ္စာပင်တွေဖြစ်၊အဲသလို လောကီဘုံထဲမှာသာ တဝဲလယ်လယ်ဖြစ်နေရတာ၊ သံသရာလည်နေရတာ၊ခန္ဓာ လမ်းစဉ် လည်နေရတာ၊ ရုပ်,နာမ်,ခန္ဓာ ထပ်ခါထပ်ခါဖြစ်နေရတာကို "အဝိဇ္ဇာ ဦးစီးက အနိဋ္ဌာဘူး သီးရတယ်" လို့ ဆိုတာပါပဲ။

ထပ်ပြီးတော့ ဆိုလိုက်ကြ-

အဝိဇ္ဇာဦးစီးက အနိဋ္ဌာဘူးသီးရတယ်။
ဒါ့ကြောင့် ဗုဒ္ဓရှင်တော်မြတ်ကြီးကလဲ-
အနေကဇာတိသံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟာကာရံ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။
လို့ (ဥဒါန်းပါဠိတော်)၌ ဟောကြားတော်မူခဲ့ပါတယ်။

အဲဒါက ရုပ်,နာမ်,ခန္ဓာတွေ ထပ်ခါထပ်ခါဖြစ်နေရတာဟာ ဒုက္ခအစုတွေ ပဲလို့ မသိတဲ့အတွက် ထိုဒုက္ခသစ္စာတွေကိုလိုချင်တဲ့ သမုဒယသစ္စာတဏှာကြောင့် ဒုက္ခသစ္စာခေါ်တဲ့ ရုပ်,နာမ်,ခန္ဓာတွေ အကြိမ်ပျားစွာ ထပ်ခါထပ်ခါ ဖြစ်နေရ တာကို ဆိုပါတယ်။ တိုတိုပြောတော့ သမုဒယသစ္စာကြောင့် ဒုက္ခသစ္စာတွေ ဖြစ်နေရတာကို ဟောတော်မူတာပါပဲ။

ဂဟာကာရက၊ခန္ဓာအိမ်ကို အကြိမ်ကြိမ်တည်ဆောက်လာတဲ့-ဟဲ့-တဏှာ ယောကျ်ား လက်သမား။ ယသ္မာ၊ အကြင်ကြောင့်။ ပုနပ္ပုနံ၊ ဘဝ အ တန် တန် အဖန်ဖန် အထပ်ထပ်။ ဇာတိ၊ ပဋိသန္ဓေ တည်နေ ရခြင်းသည်၊ ဒုက္ခာ၊ အဖုံဖုံ ညှဉ်းဆဲလှသဖြင့် ဆင်းရဲလှချေတော့၏၊ တသ္မာ၊ ထိုကြောင့်။ ဂဟာကာရံ၊ခန္ဓာ အိမ်ကို အကြိမ်ကြိမ် တည်ဆောက်လာတဲ့ တဏှာယောကျ်ား လက်သမားကို။ ဂဝေသန္တော၊ စုံစမ်းရှာဖွေလိုသာခဲ့တဲ့ ငါဘုရားသည်။ အနိဗ္ဗိသံ-အဝိန္ဒန္တော၊ သင့်ကိုပယ်သတ်နိုင်တဲ့ ဝိဇ္ဇာ ဉာဏ် အသိပညာကို ကောင်းစွာ မရသေးခဲ့သည် ဖြစ်၍။ အနေကဇာတိသံသာရံ၊ သင်္ချာလေးရပ် တသိန်းကပ် ကာလပတ်လုံး။ သန္ဓာဝိဿံ-သံသရိံ၊ထပ်ခါထပ်ခါခန္ဓာအစုဖြစ်ပြီးပျက် အောင်...ကျင်လည်၍ လာခဲ့ရလေတော့သတည်း။ (သာဓုခေါ်)

# ပညာ ဦးစီးပုံ

''ပညာဦးစီးက'' ဆိုသောစကား၌ ပညာ ဆိုတာ သိတာကို ဆိုတယ်၊ ဘာကိုသိသလဲ၊ ဒုက္ခသစ္စာတွေကို ဒုက္ခသစ္စာတွေမှန်းသိတာတဲ့၊ အဲဒါကြောင့်-

''စတုသစ္စံ ပဇာနာတီတိ ပညာ''လို့ ဆိုရမယ်။

စတုသစ္စံ၊ သစ္စာလေးပါးကို။ ပဇာနာတိ၊ သိတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ပညာ၊ ပညာမည်၏။

အဲသလို ဒုက္ခသစ္စာတွေကို ဒုက္ခသစ္စာတွေမှန်း သိအောင်ဟာ ဘယ်လို လုပ်မလဲ၊ ကုသိုလ်ပြုဆဲ အချိန်မှာ၊ ယခု တရားနာဆဲ အချိန်မှာ ရုပ်, နာမ်, ခန္ဓာ အပေါ်စိုက်၍ ရုပ်,နာမ်,ခန္ဓာမှပေါ်လာတဲ့ ထင်ရှားရာအာရုံတခုခုကိုအသိကပ် ပေးပါ၊ အဲသလို ရုပ်,နာမ်,ခန္ဓာမှ ပေါ်လာတဲ့ ထင်ရှားရာ အာရုံတခုခုကို အသိ ကပ်ပေးတော့ ရုပ်,နာမ်,ခန္ဓာက ဒုက္ခအခြင်းအရာ ဒုက္ခသစ္စာတွေကို ပြလိမ့်မယ်။ ဒုက္ခအခြင်းအရာ ဒုက္ခသစ္စာတွေကို တွေ့ရလိမ့်မယ်။

အဲဒီအခါ မိမိဉာဏ်မှာ ''သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ''လို့ ဟောတော်မူထားတဲ့အတိုင်း ရုပ်,နာမ်,ခန္ဓာဟာ ဒုက္ခသစ္စာတွေပါလား၊ ဒုက္ခ အစုတွေချည်းပါလား၊ လူအဖြစ်, နတ်အဖြစ်ဟာလဲ ရုပ်,နာမ်,ခန္ဓာပင် ဖြစ်၍ ဒုက္ခအစုတွေချည်းပါလားလို့ သိလာလိမ့်မယ်။

အဲသလို ရုပ်,နာမ်,ခန္ဓာမှ ပေါ်လာတဲ့ အာရုံတခုခုကို အသိကပ်ပေးလို့ ရုပ်,နာမ်,ခန္ဓာဘေ့ဟာ ဒုက္ခအစုတွေချည်းပဲ၊ လူအဖြစ်,နတ်အဖြစ်၊လူချမ်းသာ နတ်ချမ်းသာဟာလဲ ဒုက္ခအစုတွေချည်းပဲလို့ ကိုယ်တိုင်သိမြင်လာဘဲ့အခါ ထိုဒုက္ခ ခန္ဓာတွေ ဒုက္ခသစ္စာတွေမှ လွတ်မြောက်ရန် ရည်ရွယ်၍ ထိုဒုက္ခတွေ ချုပ်ငြိမ်းရာ ဖြစ်တဲ့နိဗ္ဗာန်ကိုလိုချင်၍ ကုသိုလ်များပြုလုပ်တယ်လို့ အသိစိတ်ကလေး ထားပါ။ တိုတိုပြောတော့ ဒုက္ခကို ဒုက္ခမှန်း သိမြင်လာတဲ့အခါ ထိုဒုက္ခမှ လွတ်မြောက်ရန် ရည်ရွယ်၍ ဒုက္ခချုပ်ငြိမ်းရာ နိဗ္ဗာန်ကိုလိုချင်၍ ကုသိုလ်များကိုပြုလုပ်ရမယ်တဲ့။

အဲသလို ဒုက္ခချုပ်ငြိမ်းရာနိဗ္ဗာန်ကို လိုချင်ပြီးတော့ ပြုလုပ်တဲ့ကုသိုလ်ကို ''ပါရမီ''လို့ ခေါ်ပါတယ်။ ထိုကဲ့သို့သော ကုသိုလ်ရှင်ကို ''ပါရမီရှင်''လို့ ခေါ်ပါဘယ်။ ဒါ့ကြောင့် ...

''ပါရံ ဂစ္ဆတီတိ ပါရမီ''လို့ ဆိုရမယ်။

ပါရံ၊ ဒုက္ခချုပ်ငြိမ်းရာဖြစ်တဲ့ ဟိုမှာဘက်ကမ်း နိဗ္ဗာန်နန်းသို့။ ဂစ္ဆတိ၊ ပါရမီအလျှောက် ပေါက်ရောက် တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ပါရမီ၊ ပါရမီ မည်၏။

အဲသလို ပါရမီကုသိုလ်များကိုပြုလုပ်တော့ ပါရမီရှင် အလောင်းတော်များလို နိဗ္ဗာန်တိုင်အောင် ပေါက်ရောက်နိုင်တယ်တဲ့။ သို့အတွက် ပါရမီကုသိုလ်ဖြစ်အောင်ဟာ ဒုက္ခမှ ကျွတ်လွတ်ဖို့ရန်၊ ဒုက္ခချုပ်ငြိမ်းဖို့ရန် အသိစိတ်ကလေးထားပြီးတော့ ပြုကြရမယ်။

## အသိပညာနှင့်ပြုတာ မဂ္ဂသစ္စာ

ရုပ်, နာမ်, ခန္ဓာ အပေါ်မှာ အသိကပ်ပေးလို့ ဒုက္ခသစ္စာတွေကို သိလာတာက "လောကီ မဂ္ဂသစ္စာ"၊ ဒုက္ခသစ္စာတွေကို သိလာပြန်တော့ ထိုဒုက္ခတွေမှ ကျွတ်လွတ်ရန် ဒုက္ခချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ရည်သန်၍ ကုသိုလ်များကို ပြုလုပ်တာကလဲ "လောကီ မဂ္ဂသစ္စာ"ပဲတဲ့။

အဲသလို မဂ္ဂသစ္စာ ဖြစ်သောကြောင့်လဲပဲ ပါရမီ ရင့်သန်လာတဲ့အခါ နိရောဓသစ္စာခေါ်တဲ့ နိဗ္ဗာန်တိုင်အောင် ပေါက် ရောက် နိုင် ခြင်း ဖြစ်ပါတယ်၊ သမုဒယသစ္စာက ဒုက္ခကိုသာ ဖြစ်စေနိုင်တယ်။ မဂ္ဂသစ္စာကမှသာ ဒုက္ခချုပ်ငြိမ်းရာ နိဗ္ဗာန်အထိ ရောက်စေနိုင်တယ်လို့ မှတ်ရမယ်။

အဲဒီ မဂ္ဂသစ္စာဆိုတာဟာလဲ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ စတဲ့ မဂ္ဂင်ရှစ်ပါးပင် ဖြစ်ပါတယ်။မဂ္ဂင်ရှစ်ပါးကိုအကျဉ်းချုံးလိုက်ပြန်တော့ သီလ, သမာဓိ, ပညာဆိုတဲ့ သိက္ခာသုံးပါးပင် ဖြစ်ပါတယ်။

သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ မဂ္ဂင်သုံးပါးကို သီလထဲသွင်းတယ်။သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ မဂ္ဂင်သုံးပါးကို သမာဓိထဲသွင်းတယ်။ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ မဂ္ဂင်နှစ်ပါးကို ပညာထဲသွင်းတယ်။

(မူလပဏ္ဏာသ ပါဠိတော်၌ ဒီအတိုင်း သွင်းထားပါတယ်။)

တနည်း။ ။သီလကို ရှေးက ဆောက် တည် ပြီး ဖြစ်၍ မဂ္ဂသစ္စာထဲမှာ သီလမဂ္ဂင် သုံးပါးကိုနုတ်ထားလျှင် မဂ္ဂင် ငါး ပါး ကျန် တယ် လို့ မှတ် သား နိုင်သေးတယ်။

သိက္ခာ သုံးပါးကို အကျဉ်းချုံးလိုက်ပြန်တော့ သမထ, ဝိပဿနာ နှစ်ပါးဖြစ်ပါတယ်။ သမထ, ဝိပဿနာနှစ်ပါးကို အကျဉ်းချုံးပြန်တော့ ရုပ်, နာမ်, ခန္ဓာဟာ ဖြစ်ပျက်သဘောပဲ၊ဒုက္ခသစ္စာပဲလို့ သိမြင်တဲ့အသိပညာတခုပဲကျန်တော့တယ်။

"ပညာဦးစီးတယ်၊ ပညာဦးစီးပြီးတော့ ပြုလုပ်တယ်"ဆိုတာဟာ ယခုပြဆိုခဲ့တဲ့, ဟောကြားခဲ့တဲ့ လောကီ မဂ္ဂသစ္စာတည်းဟူသော "အသိပညာ"ကို ဆိုပါတယ်။အသိပညာနှင့် အသိကပ်ပြီးတော့ ပြုလုပ်သမျှ ပညာဦးစီးပြီးပြုလုပ်တာချည်းပဲလို့ မှတ်ရပါမယ်။

"အစဉ်လာ-ဘူးသီးတယ်"ဆိုရာ၌ အစဉ်လာဟူသောစကားက အဓိပ္ပါယ်တချက်၊ ဘူးသီး-ဟူသောစကားက အဓိပ္ပာယ်တချက် ထွက်တယ်။ အစဉ်လာ-ဆိုတာ "အစဉ်အတိုင်း"လို့ ဆိုလိုပါတယ်။ ဘူးသီးဆိုတာက နောက်ကဟောခဲ့တဲ့အတိုင်းပဲ၊ ဗူးပင်က ဗူးသီးကို ဆိုတာမဟုတ်ဘူး၊ ဘူးအရ ဘုံကိုပင် ယူရမယ်။ ဘုံဆိုတာ ဒီနေရာမှာတော့ လောကီဘုံ, လောကုတ္တရာဘုံ နှစ်မျိုးလုံးကို ဆိုပါတယ်။ သီး-ဆိုတာကတော့ ဖြစ်တာပါပဲ။ နောက်ကအတိုင်း မှတ်ပါ။

လောကီဘုံထဲ၌သာ တဝဲလယ်လယ် ဖြစ်မနေပဲနှင့် လောကီဘုံ၌ဖြစ်တဲ့ ရုပ်,နာမ်,ခန္ဓာအပေါ် ပညာဦးစီးပြီး ပြုလုပ်ဖန်မျှား၍ ပါရမီရင့်သန်လာသောအခါ လောကီဘုံမှ အစဉ်အတိုင်း လောကုတ္တရာဘုံ တည်းဟူသော မဂ်-ဖိုလ်-နိဗ္ဗာန်တိုင်အောင်ဖြစ်တာကို "အစဉ်လာ-ဘူးသီးတယ်"လို့ ဆိုပါတယ်။

အဲသလို အစဉ်အတိုင်း လောကီမှ လောကုတ္တရာဘုံတိုင်အောင် ဖြစ်တာဟာ ပညာဦးစီးပြီး ပြုလုပ်လို့ အစဉ်လာ ဘူးသီးတာ ဖြစ်ပါတယ်။ လောကီဘုံ၌သာ တဝဲလယ်လယ် လည်မနေတော့ပဲနှင့် လောကီဘုံမှ ထွက်မြောက်၍ လောကုတ္တရာဘုံ မဂ်,ဖိုလ်,နိဗ္ဗာန် တိုင်အောင် ရောက်ရှိသွားတာဟာ ခန္ဓာလမ်းစဉ် ပြတ်သွားလိုက်တာပါပဲတဲ့၊ အောက်ထစ်ဆုံး သောတာပန်တောင်မှ ခန္ဓာလမ်းစဉ်ဟာ ခုနစ်ဘဝပင် လည်ရတော့တယ်တဲ့။

အဲသလို ခန္ဓာလမ်းစဉ်ပြတ်သွားနိုင်ဘာကိုပင်"ပညာဦးစီးက အစဉ်လာဘူးသီးရတယ်"လို့ ဆိုပါတယ်၊ ထပ်ပြီးတော့ ဆိုလိုက်ကြ။

ပညာဦးစီးက အစဉ်လာ ဘူးသီးရတယ်။ ဆို။

ဒါကြောင့် ဗုဒ္ဓရှင်တော်မြတ်ကြီးကလဲ ...

ဂဟကာရက ဒိဋ္ဌောသိ၊ ပုန ဂေဟံ န ကာဟသိ။

သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။

လို့ (ဥဒါန်းပါဠိတော်)၌ ဟောကြားတော်မူခဲ့ပါတယ်။

ဂဟကာရက၊ ခန္ဓာအိမ်ကို အကြိမ်ကြိမ်တည်ဆောက်လာတဲ့ ဟဲ့... တဏှာယောကျ်ား လက်သမား။ မယာ၊ ငါဘုရားသည်။ တွံ၊ သင့်ကို။ ဒိဋ္ဌော၊ တွေ့မြင်အပ်သည်။ အသိ၊ ဖြစ်ပြီ။ တေ၊ သင် တဏှာယောကျ်ား လက်သမား၏။ သဗ္ဗာ၊ အလုံးစုံကုန်သော။ ဖာသုကာ၊ ကိလေသာတည်းဟူသောအခြင်,ဒိုင်း,မြားတို့ကို။ ဘဂ္ဂါ၊ အရဟတ္တမဂ်ဖြင့် ချိုးဖျက်အပ်ကုန်ပြီ။ ဂဟကူဋံ၊ သင် ဆောက်လုပ်ပြီး ခန္ဓာအိမ်ကြီး၏ အဝိဇ္ဇာတည်းဟူသော ခေါင်အုပ်ကြီးကိုလည်း။ ဝိသင်္ခတံ၊ ခွာဖျက်အပ်လေပြီ။ တွံ၊ သင် တဏှာယောကျ်ား လက်သမားသည်။ ပုန၊ တဖန်။ ဂေဟံ၊ ခန္ဓာအိမ်ကို။ န ကာဟသိ၊ ဆောက်လုပ်ရလိမ့်မည် မဟုတ်တော့ချေ။

(သာဓုခေါ်)

ခန္ဓာ့လမ်းစဉ်ပြတ်အောင်ဟာ ပညာဦးစီးပြီးတော့၊ဝါ-အသိစိတ်ကလေး ထားပြီးတော့ ဒါနကို ပြုရမယ်၊ သီလကို ဆောက်တည်ရမယ်၊ ဘာဝနာကို ပွားများရမယ်တဲ့၊ အဲဒါကိုရည်ပြီးတော့ ...

''အဲ-ဒါကြောင့် ပညာဦးစီးရမယ်၊ ပညာဦးစီး၍ ဒါနပြုရမယ်၊သီလ ဆောက်တည်ရမယ်၊ ဘာဝနာ ပွားများရမယ်။'' ဆို။

ဒါကြောင့် ဗုဒ္ဓရှင်တော်မြတ်ကြီးကလဲ....

သီဝံ ပတ္တေထ ဘိက္ခဝေ၊သီဝံ ပတ္တေတွာန ဒါနံ ဒါတဗ္ဗံ၊သီလံ ရက္ခိတဗ္ဗံ၊ ဘာဝနာ ဘာဝေတဗ္ဗာ-လို့ (သုတ္တန် ပါဠိတော်)၌ ပကိဏ္ဏက ဒေသနာ အဖြစ် ဟောကြားတော်မူခဲ့ပါတယ်။

ဘိက္ခဝေ၊ဒုက္ခဇာတ်သိမ်း၍ ခန္ဓာ့လမ်းစဉ်ငြိမ်းလိုကြသော အို-သူတော်ကောင်းတို့။ သီဝံ၊ ဒုက္ခခပ်သိမ်း ငြိမ်းအေးရာဖြစ်သော နိဗ္ဗာန်ကို။ပတ္တေထ၊ဒုက္ခတွေကို သိကြသဖြင့် လိုချင်တောင့်တကြကုန်လော။သီဝံ၊ဒုက္ခခပ်သိမ်း ငြိမ်းအေးရာဖြစ်သော နိဗ္ဗာန်ကို။ပတ္တေတွာန၊လိုချင်တောင့်တကြကုန်ပြီးလျှင်။ ဒါနံ၊အလှူဒါနကို။ ဒါတဗ္ဗံ၊ပေးလှူရပေရမည်။ သီလံ၊ သီလကို။ ရက္ခိတဗ္ဗံ၊ စောင့်ထိန်းရပေမည်။ ဘာဝနာ၊ ဘာဝနာကို။ ဘာဝေတဗ္ဗာ၊ပွားများရပေမည်။ ဘာဝေတဗ္ဗာ၊ ပွားများအပ်လေတော့သတည်း။ (သာဓုခေါ်)

## မှတ်သားရန် ဆောင်ပုဒ်များ

(၁) အသိဉာဏ်မပါပဲ ကုသိုလ်ပြုတာ သမုဒယသစ္စာ။

(၂) အသိဉာဏ်မပါပဲ ကုသိုလ်ပြုလို့ ရတာ ဒုက္ခသစ္စာ။

(၃) အသိဉာဏ်နဲ့ ကုသိုလ်ပြုတာ မဂ္ဂသစ္စာ။

(၄) အသိဉာဏ်နဲ့ ကုသိုလ်ပြုလို့ ရတာ နိရောဓသစ္စာ။

(၁) မသိတာအဝိဇ္ဇာ၊ မသိပဲကုသိုလ်ပြုတာ သမုဒယသစ္စာ၊ ရလာတာ ဒုက္ခသစ္စာ။

(၂) သိတာ ပညာ၊ သိလို့ကုသိုလ်ပြုတာ မဂ္ဂသစ္စာ၊ ရလာတာ နိရောဓသစ္စာ။

အဲဒီဆောင်ပုဒ်များကိုလဲ အကျယ်ချဲ့ပြီး ဟောနိုင်တယ်။

## အကျယ်ချဲ့ပြီး ဟောပြောချက်

> အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏံ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿု ပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။
>
> (ဥဒါန်းပါဠိတော်)

အဲဒါက ခန္ဓာ့လမ်းစဉ်လည်ပုံကို ဗုဒ္ဓရှင်တော်မြတ်ကြီး ကိုယ်တော်တိုင် ဟောတော်မူခဲ့တဲ့ ပါဠိတော်စကား ဖြစ်တယ်။ ဗုဒ္ဓရှင်တော်မြတ်ကြီး၏ စကားတော်ကို အထူးအာရုံပြု၍ နာကြပါ။

> အဝိဇ္ဇာယတွေ့ဝ အသေသဝိရာဂ နိရောဓာ သင်္ခါရနိရောဓော၊ သင်္ခါရနိရောဓာ ဝိညာဏ နိရောဓော၊ ဝိညာဏနိရောဓာ နာမရူပ နိရောဓော၊ နာမရူပနိရောဓာ သဠာယတနနိရောဓော၊ သဠာယတနနိရောဓာ ဖဿနိရောဓော၊ ဖဿ နိရောဓာ ဝေဒနာ နိရောဓော၊ ဝေဒနာ နိရောဓာ တဏှာနိရောဓော၊ တဏှာ နိရောဓာ ဥပါဒါန နိရောဓော၊ ဥပါဒါန နိရောဓာ ဘဝနိရောဓော၊ ဘဝနိရောဓာ ဇာတိနိရောဓော၊ ဇာတိနိရောဓာ ဇရာမရဏံ သောက ပရိဒေဝ ဒုက္ခဒေါမနဿု ပါယာသာ နိရုဇ္ဈန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။
>
> (ဥဒါန်း ပါဠိတော်နှင့် မဟာဝါပါဠိတော်)

အဲဒါက ခန္ဓာ့လမ်းစဉ်ပြတ်ပုံကို ဗုဒ္ဓရှင်တော်မြတ်ကြီး ကိုယ်တော်တိုင် ဟောတော်မူခဲ့တဲ့ ပါဠိတော်စကား ဖြစ်ပါတယ်။

> အဝိဇ္ဇာ သင်္ခါရဂ္ဂဟဏေန ပနေတ္ထ တဏှုပါဒါန ဘဝါပိ ဂဟိတာ ဘဝန္တိ။ တထာ တဏှုပါဒါန ဘဝဂ္ဂဟဏေနစ အဝိဇ္ဇာသင်္ခါရာ။
>
> (သင်္ဂဟ အဋ္ဌကထာ)

ဟောဒီ သင်္ဂဟအဋ္ဌကထာ၌ ပြဆိုအပ်တဲ့ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကမ္မဘဝ, သင်္ခါရ တည်းဟူသော အကြောင်းတရား ငါးပါးတို့တွင် အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တို့က ကိလေသဝဋ်ဖြစ်တယ်၊ ကမ္မဘဝနှင့်သင်္ခါရတို့က ကမ္မဝဋ်ဖြစ်တယ်။

အဲဒီကိလေသာနှင့် ကံဟာ ဝိညာဉ်, နာမ်, ရုပ်-စတဲ့ ရုပ်, နာမ်, ခန္ဓာ ဖြစ်ခြင်း၏ အကြောင်း ဖြစ်တယ်၊ သို့ဖြစ်၍ ကိလေသာနှင့်ကံကိုမှ မဂ်က မသတ်သေးလျှင် ဝိညာဉ်, နာမ်, ရုပ် စတဲ့ ရုပ်, နာမ်, ခန္ဓာ ထပ်ခါထပ်ခါ ဖြစ်နေတော့တာပဲ တဲ့၊ အဲဒါ ခန္ဓာ့လမ်းစဉ် လည်နေတာ ဖြစ်တယ်။

အဲသလို ခန္ဓာ့လမ်းစဉ် လည်နေတာဟာ ရုပ်,နာမ်,ခန္ဓာ ထပ်ခါထပ်ခါ ဖြစ်နေတာဟာ ကိလေသာနှင့်ကံကြောင့် ဖြစ်တယ်၊ဟောဒီနေရာမှာ ကိလေသာ ဆိုတာက အဝိဇ္ဇာနှင့်တဏှာကို ဆိုတယ်၊ ကံဆိုတာက ကမ္မဘဝနှင့် သင်္ခါရတို့ကို ဆိုတယ်၊ မသိတာက အဝိဇ္ဇာ၊ မသိပဲနဲ့ ကံကိုပြုတာက သမုဒယသစ္စာ တဏှာ၊ ရတာက ဒုက္ခသစ္စာခေါ်တဲ့ရုပ်,နာမ်,ခန္ဓာတွေဖြစ်တယ်၊အဲတာကိုရည်ပြီးတော့- ''အဝိဇ္ဇာဦးစီးက အနိဋ္ဌာ ဘူးသီးရတယ်''လို့ ဆိုခဲ့တယ် မှတ်ထားကြ။

(ချဲပါ)

ကိလေသာနှင့်ကံကို မဂ်က သတ်ပစ်လျှင် ဝိညာဉ်, နာမ်, ရုပ်-စတဲ့ရုပ်, နာမ်,ခန္ဓာတွေ မဖြစ်တော့ချေ၊ အဲတာ ခန္ဓာ့လမ်းစဉ်ပြတ်တာဖြစ်တယ်။

အဲသလို ရုပ်,နာမ်,ခန္ဓာတွေမဖြစ်တော့ပဲ ခန္ဓာ့လမ်းစဉ်ပြတ်သွားတာဟာ ''အဝိဇ္ဇာယတွေ့ဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော'' ဆိုတဲ့ အတိုင်း ကိလေသာနှင့်ကံ ချုပ်လို့ဖြစ်တယ်၊ ကိလေသာဆိုတာက အဝိဇ္ဇာနှင့် တဏှာကို ဆိုတယ်၊ ကံဆိုတာက ကမ္မဘဝနှင့် သင်္ခါရတို့ကို ဆိုတယ်။

အဝိဇ္ဇာချုပ်တော့ ဝိဇ္ဇာ လာတယ်၊ဝိဇ္ဇာဆိုတာက ပညာပါပဲတဲ့၊တဏှာ ချုပ်တော့ မဂ်ပေါ်လာတယ်၊ သိတာက ပညာ၊ သိလို့ကံပြုတာက မဂ္ဂသစ္စာ၊ ရတာက နိရောဓသစ္စာတဲ့။

အဲဒါကို ရည်ပြီးတော့....ပညာဦးစီးက အစဉ်လာဘူးသီးရတယ်လို့ ဆိုခဲ့ တယ်၊ မှတ်ထားကြ။ (ချဲဟောပါလေ)

ဟောဒီ ဆောင်ပုဒ်များကို လိုက်ဆိုကြစမ်း။

(၁) မသိတာက အဝိဇ္ဇာ၊ မသိပဲ ကံကိုပြုတာက သမုဒယသစ္စာ၊ ရလာ တာက ဒုက္ခသစ္စာ။

(၂) သိတာက ပညာ၊ သိလို့ ကံကိုပြုတာက မဂ္ဂသစ္စာ၊ ရလာတာက နိရောဓသစ္စာ၊

ကိုင်း....ခန္ဓာ့လမ်းစဉ် လည်ပုံနှင့် ပြတ်ပုံ တရားတော်''ကို အဆုံးသတ် ကြစို့။

ခန္ဓာ့လမ်းစဉ်လည်ပုံနှင့်ပြတ်ပုံတရားတော်ကို နာကြားကြရသဖြင့် ခန္ဓာ့ လမ်းစဉ်ခတွေ လည်စေနိုင်တဲ့ သမုဒယသစ္စာတဏှာကို ပယ်သတ်၍ ခန္ဓာလမ်းစဉ် ပြတ်စေနိုင်တဲ့ မဂ္ဂသစ္စာပညာကို ဦးစီးစေပြီးလျှင် အစဉ်လာဘူးတွေ သီးနိုင်ကြ ပါစေသတည်း။

၁၃၂၇-ခု၊တန်ခူးလပြည့်ကျော် ၈-ရက်၊ သကြံန်တွင်း ည ၁၀-နာရီ အချိန် (ဗုဒ္ဓဟူးနေ့)။

## (၆) သံသရာ လည်, မလည် အကြောင်း

နမော ဝိနိစ္ဆယပါရဂုနော ဗုဒ္ဓဿ။

သံသရာဆိုတာ ဘာလဲ။

"သံသရာ လည်-မလည်" ဟူသောစကား၌ ရှေးဦးစွာ သံသရာဆိုတာကို သိသင့်၏။ ချဲ့ပါဦးမည်-

သံသရာဆိုတာ - ခန္ဓာ, အာယတန, ဓာတ်-တို့ မပြတ် ဖြစ်နေတာကို "သံသရာ"ဟု ဆိုပါတယ်။

(သမ္မောဟ ဝိနောဒနီ အဋ္ဌကထာမှ)

သို့အတွက် လိုရင်းအချုပ်အားဖြင့် ရုပ်,နာမ်နှစ်ပါးဖြစ်တာကိုပဲဖြစ်စေ၊ (သို့မဟုတ်) ရုပ်ချည်း သက်သက် ဖြစ်တာကိုပဲဖြစ်စေ၊ နာမ်ချည်း သက်သက် ဖြစ်တာကိုပဲဖြစ်စေ သံသရာဟူ၍ မှတ်ယူရမယ်။

ဤအတိုင်းဆိုလျှင် လူဖြစ်တာ, နတ်ဖြစ်တာ, ဗြဟ္မာဖြစ်တာကို သံသရာဟု မှတ်။ နွားဖြစ်တာ, ခွေးဖြစ်တာ, ဝက်ဖြစ်တာ, ကြက်ဖြစ်တာကိုလဲ သံသရာဟုပင် မှတ်။ အသညသတ်ဘုံမှာ ရုပ်ချည်း သက်သက်ဖြစ်နေတာကိုလဲ သံသရာဟုပင် မှတ်၊ အရူပဘုံမှာ နာမ်ချည်းသက်သက်ဖြစ်နေရတာကိုလဲ သံသရာ-ဟုပင် မှတ်။ယင်းတို့အဖြစ်၌ ဖြစ်နေရသည်ကို သံသရာလည်သည်ဟုမှတ်။ယင်းတို့အဖြစ်၌ မဖြစ်ရတော့သည်ကို "သံသရာ မလည်ဘူး၊ သံသရာစက် ပြက်သည်"ဟု ရှင်းရှင်းမှတ်သားလေ။ ရှုပ်မနေသည်။

### ဝဋ်ကို မှီ, မမှီ

ဝဋ္ဋနိဿိတ - (ဝဋ္ဋ - သံသရာဝဋ်ကို။ နိဿိတ - မှီသော ဒါန, သီလ, ဘာဝနာတည်းဟူသော ကုသိုလ်များ)

ဝိဝဋ္ဋနိဿိတ-(ဝိဝဋ္ဋ - သံသရာဝဋ်မှ ကင်း ရာ ဖြစ် သော နိဗ္ဗာန်ကို။ နိဿိတ-မှီသော ကုသိုလ်များ)

သို့ဖြစ်၍ ဘုံသုံးပါး၌ဖြစ်သော လူ,နတ်တို့၏ စည်းစိမ်ချမ်းသာကိုလိုချင်တောင့်တပြီး ပြုသောကုသိုလ်များမှာ ဝဋ္ဋနိဿိတကုသိုလ်များဖြစ်သောကြောင့် သံသရာ၌ လည်စေတယ်။ သံသရာမှ မထွက်မြောက်နိုင်ဘူး။ နိဗ္ဗာန်ကို လိုချင်တောင့်တပြီး ပြုသော ကုသိုလ်များမှာ ဝိဝဋ္ဋနိဿိတ ကုသိုလ်များ ဖြစ် သောကြောင့် သံသရာမှ လွတ်မြောက်စေနိုင်တယ်။

အပ္ပမတ္တကံ တိဏမုဋ္ဌိမတ္တဒါနံ ကုသလံဝါ ဟောတု၊ မဟန္တံ ဝေလာမဒါနံ၊ သစေ ဝဋ္ဋသမ္ပတ္တိံ ပတ္ထေတွာ ဝဋ္ဋသန္နိဿိတဝသေန မိစ္ဆာဥပိတံ ဟောတိ၊ ဝဋ္ဋမေဝ အာဟရိတုံ သက္ကောတိ၊ နော ဝိဝဋ္ဋံ။

ဣဒံမေ ဒါနံ အာသဝက္ခယာဝဟံ ဟောတူတိ ဝေံ ပန ဝိဝဋ္ဋံ ပတ္ထေန္တေန ဝိဝဋ္ဋဝသေန သမ္မာဥပိတံ အရဟတ္တမ္ပိ ပစ္စေကဗောဓိဉာဏမ္ပိ သဗ္ဗညုတဉာဏမ္ပိ ဒါတုံ သက္ကောတိယေဝ။ (အင်္ဂုတ္တိုရ် အဋ္ဌကထာ)

ထိုပြင်-ဝိဝဋ္ဋနိဿိတဖြစ်လျှင် သံသရာဝဋ်မှ လွတ်မြောက်နိုင်ကြောင်းကို ဗုဒ္ဓဝင်ပါဠိတော် သုမေဓကထာ စသည်တို့ကို ထောက်ထားသဖြင့်လည်း ထင်ရှားစွာ သိနိုင်ပါတယ်။ ထို့ကြောင့် ကုသိုလ်များကို ပြုလုပ်သောအခါ နိဗ္ဗာန်ကို တောင့်တ၍ ပြုလုပ်အပ်ကြောင်းကို ဘုရားကိုယ်တော်မြတ် ညွှန်ကြားတော်မူပါတယ်။

သီဝံ ပတ္ထေထ ဘိက္ခဝေ၊သီဝံ ပတ္ထေတွာန ဒါနာဒိနိ ပုညာနိ ကရောထ။ ဟု ဟောတော်မူပါတယ်။

## ဝိဝဋ္ဋနိဿိတကုသိုလ် သံသရာ၌ ပလည်ဘူးလား၊

ဝဋ္ဋနိဿိတကုသိုလ်မှာ သံသရာ၌လည်စေသည်ဆိုတာကိုထားဘိဦးတော့ ဝိဝဋ္ဋနိဿိတကုသိုလ်သော်မှပင် မိမိတို့၏သန္တာန်၌ အဝိဇ္ဇာ,တဏှာ,ဥပါဒါန်,ကံဟူသော အကြောင်းတို့ကို အရဟတ္တမဂ်ဉာဏ်ဖြင့် မသတ်သေး၍ ရဟန္တာအဖြစ်သို့ မရောက်သေးသမျှ ကာလပတ်လုံး ဆိုခဲ့သော သံသရာထဲ၌ပင် လည်ရတော့မည်ဟု မုချ မှတ်လေ။

ပုရိမ ကမ္မဘဝသ္မိံ မောဟော အဝိဇ္ဇာ၊ အာယူဟနာ သင်္ခါရာ၊နိကန္တိ တဏှာ၊ ဥပဂမနံ ဥပါဒါနံ၊ စေတနာ ဘဝေါ၊ ဣတိ ဣမေ ပဉ္စဓမ္မာ ပုရိမ ကမ္မဘဝသ္မိံ ဣဓ ပဋိသန္ဓိယာ ပစ္စယာ။

(ပဋိသမ္ဘိဒါမဂ် ပါဠိတော်)

မှတ်ချက်။ ။သင်္ခါရနှင့် ဘဝ အထူးမှာ ပုဗ္ဗစေတနာကို သင်္ခါရ,မုဥ္စစေတနာကို ဘဝကောက်။တနည်း-တခုသော ဝီထိ၌ ရှေ့ဇောခြောက်ချက်ကို သင်္ခါရ, သတ္တမဇော စေတနာကို ဘဝကောက်။တနည်း-အမှတ်မရှိသော လောကီကုသိုလ်,အကုသိုလ်စေတနာကို ဘဝ။ထိုစေတနာနှင့်ယှဉ်သော စိတ္တုပ္ပါဒ်ကို သင်္ခါရကောက်။ (ဤကား ပဋိသမ္ဘိဒါမဂ်နည်း။)

တနည်း-အမှတ်မရှိသော လောကီကုသိုလ်, အကုသိုလ်စေတနာကို သင်္ခါရ,ထိုစေတနာနှင့်ယှဉ်သော စိတ္တုပ္ပါဒ်ကို ဘဝကောက်။ (ဤကား....ပဋိစ္စသမုပ္ပါဒ ဝိဘင်းနည်း။)

ရဟန္တာအဖြစ်သို့မရောက်သေးသမျှ ကိလေသဝဋ်တည်းဟူသော အဝိဇ္ဇာ-တဏှာ-ဥပါဒါန်တို့နှင့်ကင်း၍ တစုံတခုသောကံကို မပြုနိုင်ဟူ၍ မှတ်လေ။

နှ ဟိ အနိစ္စန္တော အနုမါဒိယန္တော ကိဉ္စိကမ္မံ ကရောတိ၊ ဣစ္ဆန္တောယေဝ
ဥပါဒိယန္တောယေဝ ကိဉ္စိကမ္မံ ကရောတိ။ (မူလဋီကာ)

သို့အတွက်ကြောင့်လည်း ရဟန္တာ မဖြစ်သေးသော ပုဂ္ဂိုလ်တို့၏ ပြုသမျှ ဝိဝဋ္ဋနိဿိတ ကုသိုလ်ဟူသမျှသည် သံသရာထဲ၌ပင် လည်ရတော့၏။ ဤသို့လျှင် ဝိဝဋ္ဋနိဿိတ ကုသိုလ်သော်မှပင် သံသရာထဲ၌ ဖြစ်ရ-လည်ရသေးသည်ရှိသော်-ဝဋ္ဋနိဿိတကုသိုလ်မှာကား ဆိုဖွယ်ရာမရှိ။ သံသရာ၌ လည်ရတော့သည်။ သံသရာမှ မထွက်မြောက်နိုင်ဟု မှတ်လေ။

ဒီလိုဆိုလျှင် ဝိဝဋ္ဋနိဿိတကုသိုလ်ကိုပြုလည်း ဘာထူးသေးတုံး၊ သံသရာထဲ၌ပင် လည်ရတာပဲမဟုတ်လား၊ ထို့ကြောင့် ဘာကုသိုလ်မှ မပြုတော့ဘူးဟူ၍ မပြုပဲနေငြားအံ့၊ အကြင်သူတို့သည် မိမိတို့၏သန္တာန်၌ ဒါန, သီလ, ဘာဝနာ-တည်းဟူသော ကုသိုလ်ကံများ မတည်စေကုန်သည်ဖြစ်အံ့၊ ထိုသူတို့၏သန္တာန်၌ ကုသိုလ်ကံမဖြစ်လျှင် အကုသိုလ်ကံဖြစ်ရမည်· အကုသိုလ်ကံ တည်ရမည်ဖြစ်၏။ အကုသိုလ်ကံ တည်သောသူတို့၏ သံသရာကား မကောင်းသော သံသရာဖြစ်၍၊ သံသရာထဲ၌ နွား-ကျွဲ-ခွေး-ဝက် စသည်တို့ဖြစ်လျက် လည်ကြရကုန်လိမ့်မယ်။

ယာနိ ကရောတိ ပုရိသော၊ တာနိ အတ္တနိ ပဿတိ။
ကလျာဏကာရီ ကလျာဏံ၊ ပါပကာရီစ ပါပကံ။
ယာဒိသံ ဝပ္ပတေ ဗီဇံ၊ တာဒိသံ ဟရတေ ဖလံ။
(ပဥ္စကနိပါတ် ဝေနသာခ ဇာတ်၊တော်)

သို့အတွက်ကြောင့် သံသရာ၌ ကောင်းသောလည်ရခြင်းဖြစ်ရလေအောင် ဒါန, သီလ, ဘာဝနာ တည်းဟူသော ကုသိုလ်ကောင်းမှုများကို ကြိုးစားပြုလုပ်အားထုတ်ကြရတယ်။ ထိုသို့ပြုလုပ်အားထုတ်ရာ၌လည်း သံသရာမှထွက်မြောက်နိုင်ကြောင်း ကုသိုလ်ကောင်းများ ဖြစ်ရလေအောင် နိဗ္ဗာန်ကိုလိုချင်တောင့်တ၍ ဝိဝဋ္ဋနိဿိတ ဖြစ်သော ဒါန, သီလ, ဘာဝနာ တည်းဟူသော ကုသိုလ်များကို ပြုလုပ်အားထုတ်ကြကုန်ရာ၏။

## အထွတ်အထိပ်ဆုံး ဝိပဿနာကုသိုလ်သည်ပင် သံသရာ၌ လည်ရသေးပုံ

ဤဘဝတွင် အရဟတ္တမဂ်ကို မရသေး၍ အဝိဇ္ဇာ, တဏှာ စသည်တို့ကို မသတ်နိုင်သေးသည်ဖြစ်သော်၊ (ဝါ) ရဟန္တာ မဖြစ်သေးသည်ဖြစ်သော် သာမညပုဂ္ဂိုလ်တို့၏ဒါန, သီလ, သမထ, ဝိပဿနာကုသိုလ်ဟာ သံသရာထဲ၌လည်ရတာကို မဆိုထားဘိ၊ ဝိပဿနာဉာဏ်ဆယ်ပါးတို့တွင် နောက်ဆုံးဖြစ်သော အနုလောမ

ဉာဏ်သို့ရောက်သော ပုဂ္ဂိုလ်သော်မှပင် ၎င်းဝိပဿနာဘာဝနာက သံသရာထဲ၌ လည်စေသေးသတဲ့။

သော သာရိပုတ္တဿ ဓမ္မဒေသနံ သုတွာ အနုလောမဉာဏံ နိဗ္ဗတ္တေတွာ ဋ္ဌိတော စုတော တုသိတ ဝိမာနေ နိဗ္ဗတ္တော။

(ဓမ္မပဒ အဋ္ဌကထာ၊ တမ္ဗဒါဌိကဝတ္ထု)

၅၂၁ အောက်အောက်ဖြစ်သော ဝိပဿနာဉာဏ်ကိုမဆိုထားဘိ၊ဝိပဿနာ တို့၏ အထွတ်အထိပ်ဖြစ်သော နိဗ္ဗာန်ကို အာရုံပြုသော ဂေါ်တြဘူ စေတနာ သည်ပင် သံသရာထဲ၌ ဖြစ်၍ လည်၍ ပဋိသန္ဓေ ပဝတ္တိအကျိုးကို ပေးလေသတဲ့။

အပ္ပမာဏာရမ္မဏာ စေတနာ ဝိပါကာနံ ပရိတ္တာရမ္မဏာနံ ကမ္မပစ္စယေန ပစ္စယော။ (တိကပဋ္ဌာန်းပါဠိတော် ပရိတ္တာရမ္မဏတိက်)

အပ္ပမာဏာရမ္မဏာ စေတနာတိ သေက္ခာနံ ဂေါတြဘု စေတနာ။ ပစ္စဝေက္ခဏာ စေတနာတိပိ ဝတ္တုံ ဝဋ္ဋတိ။ဝိပါကာနံ ပရိတ္တာရမ္မဏာနန္တိ ပဋိသန္ဓိ ယံ ကမ္မံ အာရမ္မဏံ ကတွာ ပဝတ္တေ စက္ခုဂိညာဏာဒိဝသေန ရူပါဒိ အာရမ္မဏံ တဒါရမ္မဏဝသေန ဇဝနေန ဂဟိတ ပရိတ္တာရမ္မဏဥ္စ အာရမ္မဏံ ကတွာ ဥပ္ပန္နာနံ။
ယေ ပန ဂေါတြဘု စိတ္တေန နတ္ထိ ပဋိသန္ဓိတိ ဒေန္တိ၊ တေ ဣမိနာ သုတ္တေန ပဋိသေဓေတဗ္ဗာ။ (၎င်းအဋ္ဌကထာ)

## သံသရာဝယ် ခက်တယ်-ခက်တယ်

၁။ သံသရာ မလည်ရအောင်လို့ ဝိပဿနာကိုအားထုတ်တယ်၊ ရဟန္တာ မဖြစ်သေးလျှင် သံသရာထဲ၌ပင် လည်ရတယ်။

၂။ သံသရာလည်ရမှာကြောက်လို့ ဒါန, သီလ, သမထ-တို့ကို အားမ ထုတ်ဘူး၊ မိမိက ရဟန္တာမဟုတ်လျှင် ဘယ်သွားမတုံး၊သံသရာထဲ၌ ပင် သွားရမယ် မုချ။

၃။ သံသရာထဲ အသွားရချင်းအတူတူ ဒါန, သီလ-တို့ပါ စုံသွားသူက တင့်တယ်တယ်။ ဟော-ဒီမှာ သာဓက "ဒါနတော ဘောဂဝါ၊ သီလတော သုခိတာ"။

၄။ သံသရာထဲ၌လည်ရတာဖြင့် ဒါန,သီလ,သမထ-ဝိပဿနာတို့ကိုမပြု တော့ဘူ နေတယ်၊ ကုသိုလ်မရှိလျှင် သံသရာထဲ၌ မကောင်းသဖြင့် လည်ရမယ်၊ သံသရာထဲ၌ မလည်ပဲတော့ ရဟန္တာ မဖြစ်သေးသမျှ မနေရပေ၊ မုချ လည်ရမည်သာ။

၅။ ဒါန, သီလ စသော ကုသိုလ်များကို ပြုလုပ်လျှင် သံသရာထဲ၌ ကောင်းကောင်းလည်ရမယ်။

၆။ နိဗ္ဗာန်ကို လိုချင်ပြီးတော့ ဒါန-သီလ – သမထ – ဝိပဿနာ တို့ကို အားထုတ်လျှင်ကား သံသရာထဲ၌ကောင်းကောင်းလည်ပြီးသည်၏ အဆုံး၌ ရင်းဒါနစသော ကုသိုလ်များက အရဟတ္တဖိုလ်တိုင်အောင် ရောက်စေနိုင်၍ ရဟန္တာဖြစ်ပြီးလျှင် နိဗ္ဗာန်သို့ ဝင်စံရလတ့်။

၇။ ရဟန္တာမဖြစ်သေးသမျှ ကာလပတ်လုံး ဘာကုသိုလ်ကိုပဲ လုပ်လုပ် အဟုတ်ပင် သံသရာထဲ၌ လည်ရမည်သာ မုချမှတ်။ ကုသိုလ်ကို မလုပ်ပဲနေလျှင်ကား ပြောဆိုဖွယ်ပင် မရှိတော့ချေ။ အမှန်ပင် သံသရာထဲ၌ လည်ရမည်သာ။

၈။ သို့အတွက် နိဗ္ဗာန်ကို လိုချင်တောင့်တပြီးတော့ သံသရာမှ ထွက်မြောက်နိုင်သော ဝိဝဋ္ဋနိဿိတ ဒါန, သီလ, သမထ, ဝိပဿနာတည်းဟူသော ကုသိုလ်များကို ကြိုးစားအားထုတ်ကြ။ ကုသိုလ်စုံမှနော်၊ မစုံလျှင် သံသရာ၌ခက်တတ်တယ်။ ရဟန္တာမဟုတ်လျှင်လဲ သံသရာက မလွတ်သေးဘူးနော်-သတိပြု။

## သောတာပန်ပုဂ္ဂိုလ်သော်မှပင် သံသရာ၌ လည်ရပုံ

မဂ်ဖိုလ်မရသေးသော ပုထုဇဉ်တို့၏ ဒါန, သီလ, သမထ, ဝိပဿနာကုသိုလ်မှာ ဘဝအရေအတွက်မရှိ။ ပဋိသန္ဓေအကျိုးပေးကြောင်း ထင်ရှားပြီ။ သောတာပန်ပုဂ္ဂိုလ်သော်မှပင် အထက်မဂ်ဖိုလ်ကို အလိုရှိ၍ ဝိပဿနာကို အားထုတ်ရာ အထက်မဂ်ဖိုလ်သို့ မရောက်သေးမီ စုတိသွားသည်ရှိသော် ရင်းဝိပဿနာပညာက ကာမသုဂတိဘုံ၌ ခုနစ်ဘဝ ကျင်လည်ရသေးတယ်။

ဝိပဿနာ သမ္မာဒိဋ္ဌိ ကိံ ကရောတိတိ၊ သာပိ ပဋိသန္ဓိံ နာကရောတိ။ တိပိဋကက စူဠာဘယတ္ထေရော ပနာဟ သစေ ဝိပဿနာသမ္မာဒိဋ္ဌိ ဘာဝိတာ ဒိဋ္ဌေဝ ဓမ္မေ အရဟတ္တံ ပါပေတုံ သက္ကောတိ၊ ဣစ္စေတံ ကုသလံ။ သစေ န သက္ကောတိ၊ သတ္တဘဝေ ဒေတိ အာဝုသောတိ။

(ကေဂုတ္တရ အဋ္ဌကထာ-ဒုတိယဝဂ် ဆဋ္ဌ)

သောတာပန်ကို မဆိုထားဘိ အနာဂါမ် ပုဂ္ဂိုလ် သော်မှပင် အထက်အရဟတ္တမဂ်–အရဟတ္တဖိုလ်ကို ထိုးထွင်း၍မသိမီ စုတိသွားသည်ရှိသော် ငါးဘုံသုဒ္ဓါဝါသ ဗြဟ္မာ့ပြည်၌ လည်ရ-ဖြစ်ရသေးသည်။

အရိယူရှုဥ္စာယိနော ဥပရိ အပဋိဝိဇ္ဈန္တော ဗြဟ္မလောကူပဂေါ ဟောတိ။

(ဗိသုဒ္ဓိမဂ်)

ထို့ကြောင့် မည်သည့်ပုဂ္ဂိုလ်မဆို ရဟန္တာမဖြစ်သေးသမျှကာလ တ်လုံး သံသရာ၌ လည်ရသည်ဟု အမြဲအစွဲမှတ်ကြတော့။

## ဝိဝဋ္ဋနိဿိတကုသိုလ် မဂ္ဂင်ကံ ဖြစ်ပုံ

ရဟန္တာမဖြစ်သေးသမျှ မည်သူမဆို သံသရာထဲ၌ လည်ကြရဦးမည်အမှန် ဖြစ်သောကြောင့် သံသရာ၌ကောင်းသောလည်ခြင်းဖြစ်လေအောင် ဒါန-သီလ သမထ-ဝိပဿနာ တည်းဟူသော ကုသိုလ်များကို ကြိုးစားအားထုတ်ကြရမယ်။ ထိုသို့ ကြိုးစားအားထုတ်ကြရာ၌လည်း ဝိဝဋ္ဋနိဿိတ ဒါန-သီလ-ဘာဝနာ-ကုသိုလ်များဖြစ်အောင် နိဗ္ဗာန်ကို လိုချင်တောင့်တ၍ ကြိုးစားအားထုတ်ရမယ်။ ဝိဝဋ္ဋနိဿိတ ဒါန-သီလ-ဘာဝနာတည်းဟူသော ကုသိုလ်များမှာ လောကီမဂ္ဂင် ကံဖြစ်သောကြောင့် သံသရာ ဝဋ်မှထွက်မြောက်၍ နိဗ္ဗာန်ရောက်ကြောင်းကုသိုလ် ကောင်းများဖြစ်တယ်လို့မှတ်။

နိဗ္ဗာန်ကိုတောင့်တ၍လှူသော ဝိဝဋ္ဋနိဿိတ ဒါန-သီလ-ဘာဝနာတည်း ဟူသော ကုသိုလ်များကား သံသရာမှ လွတ်မြောက်၍ နိဗ္ဗာန်သို့ ရောက်စေနိုင် သော မဂ္ဂင်ကံများဖြစ်ကြောင်းကို ဆိုလတ့်၊ ပါဠိတော်ဖြင့် ကောင်းကောင်းကြီး သိအပ်လေသည်။

> ကတမဉ္စ ဘိက္ခဝေ ကမ္မံ အကဏှ အသုက္ကံ, အကဏှ အသုက္က ဝိပါကံ၊ ကမ္မံ ကမ္မက္ခယာယ သံဝတ္တတိ။သမ္မာဒိဋ္ဌိ,သမ္မာသင်္ကပ္ပေါ,သမ္မာဝါစာ, သမ္မာကမ္မန္တော, သမ္မာအာဇီဝေါ, သမ္မာဝါယာမော, သမ္မာသတိ, သမ္မာသမာဓိ။ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ကမ္မံ အကဏှ အသုက္ကံ အကဏှ အသုက္ကဝိပါကံ။ ကမ္မံ ကမ္မက္ခယာယ သံဝတ္တတိ။
>
> (စတုက္ကင်္ဂုတ္တိုရ်ပါဠိတော်)

ထိုပြင် ဤဝိဝဋ္ဋနိဿိတ ဒါန-သီလ-သမထ-ဝိပဿနာတည်းဟူသော ကုသိုလ်များကို သံသရာတည်းဟူသော ဤမှာဘက်ကမ်းမှ လွတ်စေနိုင်သည်၏ အဖြစ်ကြောင့် ပါရမီကံများဟုလည်း ခေါ်ဆိုအပ်လေသည်။ထိုကြောင့် ဘုရား အလောင်းတော်တို့သည် ဤပါရမီကံတည်းဟူသော ပါရမီဆယ်ပါး ကုသိုလ် များကို ပြုလုပ် ဆည်းပူးတော်မူကြပြီးလျှင် ဘုရားအဖြစ်သို့ ရောက်တော်မူကြရ တယ်။

(အထောက် သာဓကကို သိလိုလျှင် ဗုဒ္ဓဝင်ပါဠိတော် သုမေဓ ကထာ စသည်တို့၌ ရှုလေ။)

ထိုပြင် ရင်းဝိဝဋ္ဋနိဿိတ ကုသိုလ်များကား သံသရာမှ ထွက်မြောက်လိမ့် မည်ဟု ကံ, ကံ၏အကျိုးကို ယုံကြည်ပြီးပြုအပ်သောကြောင့် ကမ္မဿကတ သမ္မာ ဒိဋ္ဌိကံလည်းမည်၏။ထိုကမ္မဿကတ သမ္မာဒိဋ္ဌိကံများကို ဆည်းပူးအားထုတ်ကြ ပြီးလျှင် နိဗ္ဗာန်သို့ရောက်သွားကြသူတွေကား အများအပြားပင် ဖြစ်လေသတဲ့။

အတ္ထိ ဒိန္နံ အာဒိနယ ပဝတ္တေ ဣမသ္မိံ ကမ္မဿကတဉာဏေ ဌတွာ ဗဟုံ ဒါနံ ဒတွာ သီလံ ပူရေတွာ ဥပေါသထံ သမာဒိယိတွာ သုခေန သုခံ သမ္ပတ္တိယာ သမ္ပတ္တိံ အနုဘဝိတွာ နိဗ္ဗာနပဝတ္တာနံ ဂဏန ပရိစ္ဆေဒေါ နတ္ထိ။

(သမ္မောဟဝိနောဒနီအဋ္ဌကထာ)

## ညွှန်ကြားချက်

ထို့ကြောင့် သင်တို့သည် သံသရာဝဋ်ထဲ၌ တဝဲလည်လည် ကျင်လည်စေသော ဝဋ္ဋနိဿိတ ဒါန,သီလ,ဘာဝနာတည်းဟူသော ကုသိုလ်များကို အဆိပ်ကဲ့သို့ရင်း,ဘေးရန်ကဲ့သို့ရင်း မှတ်ထင်ကြပြီးလျှင် ပယ်ရှားကြကုန်လော့။

သံသရာဝဋ်မှ အမြန်လွတ်မြောက်နိုင်သော ကမ္မဿကတ သမ္မာဒိဋ္ဌိကံ, ပါရမီကံ, မဂ္ဂင်ကံဖြစ်သော ဝိဝဋ္ဋနိဿိတ ဒါန, သီလ, ဘာဝနာတည်းဟူသော ကုသိုလ်များကိုသာ အသက်ကဲ့သို့ရင်း,အမြိုက်အရသာကဲ့သို့ရင်း စုံမက်မြတ်နိုး ကြပြီးလျှင် ဘုရား,ပစ္စေကဗုဒ္ဓါ,သာဝကအပေါင်း,အလောင်းတော်ကို့ ကဲ့သို့ ကြိုးစားအားထုတ်ကြကုန်လော့။

## ဒါနဟာ သံသရာရှည်စေသလား

၁။ ဒါနသည် သံသရာကို ရှည်စေသည်ဟု တချို့ အယူသီးကြတယ်၊ သံသရာအရှည်အတိုဝယ် ဒါနကိုရိုးမယ်မဖွဲ့သင့်၊ ''လူတွင်ပ ၍ နွားကျားကိုက်'' ဆိုသလို အမှန်မှာ ဒါနက ရှည်စေသည်မဟုတ်။ ''ဤဒါနကြောင့်-လူ့စည်းစိမ်, နတ်စည်းစိမ်တွေကို ခံစားရတော့မည်''ဟု ၎င်းတို့ကို တောင့်တမှု တဏှာဇောက သံသရာရေကြော၌ မျောစေခြင်းဖြစ်တယ်။

ဒီလို လူ,နတ်တို့၏ စည်းစိမ်တွေကို တောင့်တပြုလျှင် ဒါနသာ မဟုတ်၊ သီလ,သမထ,ဝိပဿနာတို့လည်း သံသရာကို ရှည်စေမည်မှာ အမှန်ပင်မှတ်၊ဒါန ကိုသာ သံသရာရှည်စေသည်ဟု ခွဲထုတ်တာကတော့ မိမိတို့၏ သဒ္ဓါမဲ့၍မလှူချင် တာကို ဖော်ပြတာနဲ့ အတူတူပင်ဖြစ်တယ်။

''ဘုရားကိုယ်တော်မြတ်ကြီးသည်ပင်ဒါနအားကြီးသောကြောင့် သံသရာ မှာ ကြာတော်မူရသည်''ဟု တချို့က သူတို့ဉာဏ်ကလေးဖြင့် တွေးကြပြန်သေး သတဲ့။ထိုသူများကို ဒီလိုမေးရမယ်၊ ဒါနအားကြီးတော်မူကြသော ဘုရားရှင် ပေါင်း အသင်္ချေနှင့်အနန္တ၊ဂင်္ဂါဝါဠုသဲစုမက ကျွတ်တမ်းဝင်တော်မူသွားကြ ပြီ ဖြစ်ပါလျက် အသင်တို့က ယခုတိုင် မကျွတ်ရသေးသည်မှာ ထိုဘုရားရှင်တို့ ထက်ပင် ဒါနတွေအားကြီးနေလို့လား။

ပီတော့ ဝေဿန္တရာမင်းသည် ဘုရားမဖြစ်မီ နှစ်ဘဝလောက်က အကြီးအကျယ်ဒါနကို ပြုတော်မူခဲ့တယ်၊ထိုဒါနကတော့ အဘယ်ကြောင့် သံသရာမရှည်စေပါသလဲ၊တယ်ခက်တယ်နော်။သို့အတွက် ဒါနသည် သူ၏သဘောသက်သက်အားဖြင့် သံသရာမှာ ကြာရှည်စေသည်မဟုတ်၊ မစင်ကြယ်သော တဏှာဇောကြောင့်သာ သံသရာကြော၌ မျောရသည်ဟုမှတ်။

ပီးတော့-ဘုရားလောင်းတို့ သံသရာ၌ ကြာရှည်စွာ နေရခြင်းမှာလည်း ရည်ရွယ်တော်မူရင်းက သဗ္ဗညုတဉာဏ်တော်ထူးကို ရဖို့ဖြစ်၍ ထိုဉာဏ်နှင့်ထိုက်တန်သော ပါရမီအခြေခံ မပြည့်သေးသမျှ ထိုဉာဏ်ကို မရနိုင်သေးသောကြောင့်သာလျှင် သံသရာ၌ကြာရခြင်းဖြစ်ပေတယ်။ ဥပမာ-ရင့်မှသာ မှည့်နိုင်သော သရက်သီးကို အနုကလေးအုပ်လျှင် မမှည့်နိုင်သကဲ့သို့ မှတ်လေ။

၂။ ဒါနကို ပစ်ပယ်ကြမယ်ဆိုလျှင်- ဖြစ်ဖွယ် အပြစ်တွေ များလှပေတယ်၊ ချဲ့ဦးမည်။ ငါတို့ဘုရားကိုယ်တော်မြတ်ကြီးသည် ထီးနန်းစွန့်ခွာတော်မူခဲ့သည်မှစ၍ ဒါနရှင်တို့အကူအညီဖြင့်သာဘုရားဖြစ်တော်မူခဲ့ရသည်မဟုတ်လော။

ပီးတော့-ဘုရားဖြစ်ပြီးနောက်၌လည်း အနာထပိဏ်, ဝိသာခါ စသော ဒါနရှင်ကြီးများ၏အကူအညီရ၍သာ သာသနာတော်ကြီးကိုတည်ထောင်တော်မူနိုင်ခဲ့သည်မဟုတ်လော။ ထိုခေတ်မှစ၍ ဒါနကိုပစ်ပယ်သူတွေ ထွန်းကားနေခဲ့ပါလျှင် ဘုရားရှင်လည်း မပွင့်နိုင်ရာ၊သာသနာတော်မှာမူ သာ၍ပင်ဝေးခဲ့ရာ၏၊ အခု သာသနာတော် တည်ရှိနေတာလည်း ဒါနရှင်တို့၏ အကူအညီကြောင့်ပင်မဟုတ်ပါလော။ကမ္ဘာ့ကမ္ဘာ သံသရာဝယ် ဒါနဆိုသော အကျင့်ကောင်းတမျိုးသာ မရှိခဲ့ပါမူ-ဂင်္ဂါဝါဠုသဲစုမကသော ဘုရားရှင်များ ကေနံပွင့်တော်မူခွင့်ရကြတော့မည်မဟုတ်ပါချေ၊ သို့အတွက် ယခုအချိန်မှစ၍ နောက်နောက်အခါကမ္ဘာအသစ်အသစ်တို့၌ ဒါနကိုပစ်ပယ်လိုသူများ"ဥုံဖွဟဲ့-လွဲစေ့ ဖဲစေ"မဖြစ်ပေါ်ရစ်ပါစေသား။

> ဒါနအစွမ်း၊ လက်ရုံးတန်းဖို့၊ ဆုံးခန်းရောက်ဖွယ်၊ ဤကျမ်းငယ်က၊ အဘယ် ထုတ် ချောက်၊ ရေးသား လောက်လိမ့်၊ နှိုင်းထောပ်ကြံခြယ်၊ ဉာဏ်မမယ်တို့၊ စိတ်ဝယ်ဝိုးဝါး၊ မထင်မှားနှင့်၊ ဘုရားဆူဆူ၊ဒါနကူမှ၊ သုံးလူသင်းကျစ်၊ ကေနံဖြစ်၍၊ အသစ်တရား၊ ဟောဖော်ထားလျက်၊ အများဝေနေ၊ ကျွတ်လွတ်စေ၏၊ ထွေထွေမြားမြောင်၊ ဒါနဆောင်သော်၊ ပြောင်တလက်လက်၊ အရောင်ထွက်သို့၊ ခေါင်ထက်ခေါင်နင်း၊ ဖြစ်ကြခြင်းနှင့်၊ယင်းသည့်ဒါန၊မပါကြသည့်၊ဒုက္ခသည်စု၊တွေ့တိုင်းရှု၍ လှူမှုအားကိုး၊ ဒါနမျိုးကို၊ ပျိုးလေ ဆန်းဆန်း၊ နေ့စဉ် လန်းအောင်၊ ကျွတ်တမ်းဝင်လိုဘိမူကား။

## ဒါနတန်ခိုး အမျိုးမျိုး ကွာခြားပုံ

ဟောဒီ သာဓကဝတ္ထုကို သတိပြုမိအောင် ပြုကြ။ ကဿပ ဘုရားရှင် လက်ထက်တော်တုန်းက မိတ်ဆွေရဟန်းနှစ်ပါးရှိရာ တပါးက ဒါနရှင်၊တပါးက ဒါနမဲ့ ဖြစ်ခဲ့သတဲ့။ နှစ်ပါးလုံးပင် သီလပြည့်စုံ ကြတဲ့အတွက် ငါတို့ ဘုရားရှင် လက် ထက် တိုင် အောင် လူ့ပြည်, နတ်ပြည်၌ ဖြစ်ကြရာဟွင် ဒါန ရှင် ကချည်း အထက်တန်းကျခဲ့သတဲ့။ နောက်ဆုံးဘဝမှာ ကောသလမင်း၏ နန်းတော်တွင် ထိုမိတ်ဆွေနှစ်ဦး တွေ့ဆုံကြပြန်ရာ၊ဒါနရှင်က မင်းသား ၊ဒါနမဲ့က အထိန်းတော်သားဖြစ်၍ ပုခက်နှစ်လုံးတွင် ဒါနရှင်က ထိုးဖြူဆောင်းလျက် ရွှေပုခက်၊ ဒါနမဲ့က သစ်သားပုခက်စီးကာ အရည်အချင်းကွာခြားစွာဖြင့်ပင် အသက်အရွယ်ရင့်၍ ရဟန်းပြုပြီးနောက် ကျွတ်တမ်း ဝင်ကြကုန်သတဲ့။ ဤဝတ္ထုဝယ် ဒါနရှင်က ကျွတ်တမ်းဝင် နောက်မကျခဲ့သည်၏ အဖြစ်ကို "ဒါနသံသရာ ရှည်တယ်" ဟု ထင်မှတ်သူများ သတိပြုကြလေ။

စွန့်ကြဲ ပေးကမ်း လှူဒါန်းမှု တည်းဟူသော ဒါနသည် စေတနာ ဒါန, ဝတ္ထုဒါန-ဟု နှစ်မျိုးရှိ၏။ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး စသော လှူဖွယ်ဝတ္ထုများသည် ဝတ္ထုဒါနဖြစ်၏။ ထိုဝတ္ထုများကို စွန့်ကြဲပေးကမ်းလှူဒါန်းသည့်အခါ ကိုယ်တွင်း၌ စိတ်စေတနာတွေ ဖြစ်နေတယ်၊ ၎င်းစေတနာကို စေတနာ ဒါန-ဟု ခေါ်တယ်။ နောင်ဘဝ သံသရာဝယ် အကျိုးပေးရာ၌ ဆွမ်း, သင်္ကန်း စသော ဝတ္ထုဒါနတွေက အကျိုးပေးတာမဟုတ်၊ကိုယ်တွင်းသန္တာန်၌ဖြစ်သောစေတနာ ဒါနတွေကသာ အကျိုးပေးတယ်။ ဒါဖြင့် ဆွမ်း,သင်္ကန်းစသော ဝတ္ထုတွေဟာ အလကားပေါ့၊ "စေတနာ ဖြစ်နေလျှင် ပြီးတာပဲဟု ဆိုလျှင် ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး စသောဝတ္ထုဒါနစုမှာ အလကား မဟုတ်၊ ဝတ္ထုဒါနမှ မရှိလျှင် စေတနာဒါနလည်းမမြောက်နိုင်၊သို့အတွက် ဝတ္ထုဒါနမှာ စေတနာဒါနမြောက်ဖို့ အာရုံဟု မှတ်ရမယ်၊ စေတနာဒါနခေါ်တဲ့ စိတ်စေတနာတွေကိုကား ဉပမာ- လှူဒါန်းမှုကုသိုလ်ပြုချိန် သုံးနာရီကြာလျှင် ၎င်းအတွင်း စေတနာပေါင်း မည်မျှ များပြားသည်ဆိုတာကို လက်ဖျောက်တချက်တီးချိန်အတွင်း စိတ်ပေါင်း ကုဋေ တသိန်းမက ဖြစ်ပျက်သည်ဆိုသောစကားဖြင့် မှန်းဆ[illegible]ကြည့်ပါလေတော့။

## နည်းနည်းအလှူနှင့် များများအလှူ

ပစ္စည်းနည်းနည်းကို လှူဖို့ရန်နှင့် ပစ္စည်းများများ ကြီးကြီး ကျယ်ကျယ် လှူဖို့ရန် အားထုတ်ရာ၌ အားထုတ်မှုလုံ့လချင်း မတူကြချေ။ နည်းနည်းလှူဖို့ရန် အားထုတ်ရာ၌ တခဏနှင့်ကိစ္စပြီး၏။များများလှူဖို့ အားထုတ်ရာ၌ အလှူဝတ္ထုက များပြား ကြီးကျယ်သလောက် အချိန်ကြာ၏။ လှူဖို့ရန်ပစ္စည်းများကို ရှာဖွေ

စုဆောင်းနေခိုက်မှာလည်း မလှူမိရှေးအဖို့ဩဖြစ်သော ပုဗ္ဗစေတနာတွေ အတော်များစွာ ဖြစ်နေပြီ။

ထို့ကြောင့် ပုဗ္ဗစေတနာချင်း ယှဉ်ပြိုင်၍ကြည့်လျှင် များများအလှူက သာလွန်ကြောင်း သိနိုင်တယ်၊ လှူနေတုန်းဆဲဆဲမှာလဲ အများကြီး လှူနေရသူမှာ အာရုံက ကြီးကျယ်ခမ်းနားသလောက် စိတ်စေတနာလည်း ကြီးကျယ် ခမ်းနားနိုင်တယ်။

ထို့ကြောင့် လှူတုန်းဆဲဆဲ မုဥ္စ စေတနာမှာလည်း ကြီးကျယ် များပြားသားနားသောအလှူကသာ စေတနာထက်သန်ပုံ သာလွန်ဖွယ်ရှိပြန်တယ်၊ လှူပြီးနောက် ဝမ်းမြောက် ဝမ်းသာ အပရစေတနာ ဖြစ်ဖို့ရန်မှာလည်း ကြီး ကျယ်ခမ်းနားသော မိမိအလှူကိုပြန်၍ မှန်းလိုက်ရလျှင် အင်မတန် ဝမ်း မြောက် ကြတယ်။ သာမန်အလှူအတွက်မှာ ထိုမျှလောက် ဝမ်းမမြောက်တတ်ပေ။

သို့အတွက် အပရ စေတနာမှာလည်း ကြီးကျယ်သောအလှူကို အာရုံပြုရမှ စေတနာသာ၍ ထက်သန်တတ်ကြလေသည်။ဤကား အများအပြားဖြစ်ရိုးကို ပြဆိုခြင်းတည်း။ တချို့မှာကား လှူရတာများ၍ အကြီးအကျယ် လှူရသော်လည်း သိပ်ဝမ်းမမြောက်လှ, စေတနာလည်း သိပ်မထက်လှ၊ အမှတ်တမဲ့ပင် လှူလိုက်ရ၏။ ထိုသူတို့အတွက်မှာ လှူဖွယ်ဝတ္ထု ကြီးကျယ်များပြားစေကာမူ ထက်သန်ဖွံ့ဖြိုးမည်ဟု မဆိုနိုင်ပေ။ သို့အတွက် အချုပ်မှာ အလှူဝတ္ထုထက် မိမိစိတ်စေတနာ ထက်သန်မှုက သာ၍အရေးကြီးလေသည်။

စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ။

## ဒါန၏ အယုတ်-အလတ်-အမြတ် ခွဲခြားပုံ

ဟီနဒါန, မဇ္ဈိမဒါန, ပဏီတဒါန-ဟု ဒါနသုံးမျိုး ရှိတယ်။ မိမိသုံးစားသော ပစ္စည်းလောက် မကောင်းပဲ - (မိမိစားတော့ ဟင်းကောင်း၊ ကျောင်းလောင်းတော့ ချဉ်ပေါင်ဟင်း)ကဲ့သို့ ညံ့ဖျင်းသောအစား,အဝတ်များကိုလှူလျှင် ဟီန (ယုတ်ညံ့သော) ဒါန ဖြစ်တယ်။

မိမိသုံးစားသောပစ္စည်းနှင့် တန်းတူပစ္စည်းကိုလှူလျှင် မဇ္ဈိမ (အလတ်စား) ဒါန ဖြစ်တယ်။

မိမိသုံးစားသောပစ္စည်းထက် သာလွန် ကောင်းမြတ်သော ပစ္စည်း ကို လှူလျှင် ပဏီတ (မွန်မြတ်သော) ဒါန ဖြစ်တယ်။

တနည်း....ဒါနပြုတုန်း၌ စိတ်ဆန္ဒ, လုံ့လ ဝီရိယ,သဒ္ဓါတရားတို့ ညံ့လျှင် ဟီနဒါန ဖြစ်တယ်။

စိတ်ဆန္ဒ,လုံ့လဝီရိယ,သဒ္ဓါတရားတို့ မှန်မှန်ရှိလျှင် မဇ္ဈိမဒါန ဖြစ်တယ်။

စိတ်ဆန္ဒ, လုံ့လဝီရိယ, သဒ္ဓါတရားဘို့ ထက်သန်လျှင် ပဏီတ ဒါန ဖြစ်တယ်လို့ မှတ်ရမယ်။

တနည်း.... ဘဝစည်းစိမ်ကို ခံစားလို၍ ပြုသော ဒါနသည် ဟီန ဒါန ဖြစ်တယ်။

မိမိ၏ သံသရာမှ လွတ်မြောက်ရေးကို လိုလား၍ နိဗ္ဗာန်ကိုတောင့်တပြီး ပြုသော ဒါနသည် မဇ္ဈိမဒါန ဖြစ်တယ်။

သတ္တဝါများ၏ သံသရာမှလွတ်မြောက်ရေးကို မျှော်တွေးလျက် ဘုရားအလောင်းတို့ ဖြည့်ကျင့်အပ်သော ဒါနပါရမီသည် ပဏီတဒါန ဖြစ်တယ်။

ဤကား....စိတ်ထားတတ်၍ တမျိုးထက်တမျိုး မြတ်ပုံဖြစ်တယ်။ သီလစသည်တို့၌လည်း ဤအဟိုင်း စိတ်ထားလိုက်၍ ကွဲပြားနိုင်ပါသည်။

သင်တို့ လူတတ်ကြရဲ့လား။

ဟောဒီမှာ ဦးရိပ်သာက လှူဒါန်းပုံတွေ ပြထားပြီ။

## တိဟိတ်-ဒွိဟိတ် ကုသိုလ်နှင့် ဥက္ကဋ္ဌ-ဩမက အခွဲ

၁။ ကုသိုလ်ပြုစဉ်၊ ကံကျိုးမြင်သိ၊ ဉာဏ်ယှဉ်ဘိ၊ တိဟိတ် ကုသိုလ်ခေါ်။

၂။ ကုသိုလ်ပြုစဉ်၊ ကံကျိုးမြင်သိ၊ ဉာဏ်မရှိ၊ ဒွိဟိတ် ကုသိုလ်ခေါ်။

၃။ ရှေ့နောက်နှစ်ရပ်၊ ကုသိုလ်ညှပ်၊ ဥက္ကဋ္ဌ အမြတ်ခေါ်။
(ထိုဒွိဟိတ်, တိဟိတ်ကုသိုလ်တို့၌ ပုဗ္ဗစေတနာအခိုက်မှာ ဖြစ်စေ, အပရ စေတနာအခိုက်မှာဖြစ်စေ အကုသိုလ်စိတ်မဖြစ်ပဲ ကုသိုလ်စေတနာများ ခြံရံနေလျှင် ဥက္ကဋ္ဌကုသိုလ်ဖြစ်တယ်။)

၄။ ရှေ့နောက်နှစ်တန်၊ အကုခြံ၊ ညံ့ဟန် ဩမကခေါ်။
(ပုဗ္ဗစေတနာ, အပရစေတနာတို့အခိုက်မှာ အကုသိုလ်စိတ်ဖြစ်မှုကို "အကုခြံ"ဟု ဆိုသည်။ အလှူပေးမှုကုသိုလ်နှင့် မစပ်ပဲ အလွတ်သတ်သတ်ဖြစ်သော အကုသိုလ်ကို ခြံရံသည်ဟု မဆိုရ။)

## အလှူရှင်များ သတိပြုရန်

၁။ မစိုက်ပျိုးမိ မိမိမျိုးစေ့ကို ပြုပြင်မှု, မပြုပြင်မှုလိုက်၍ အပင်, အသီး ကွာခြားသကဲ့သို့ မိမိ၏ ပုဗ္ဗစေတနာများကိုလည်း ထက်သန်အောင် ပြု-မပြုလိုက်၍ အကျိုးပေးကွာခြားဖွယ်ရှိပါတယ်။

၂။ လယ်ယာ,မျိုးစေ့ကို စိုက်ပျိုးပြီးနောက် ရေလောင်းခြင်း၊ ပေါင်းသုတ်သင်ခြင်း စသည်ကို ပြု-မပြုလိုက်၍ အပင်,အသီး ကွာခြားသကဲ့သို့ လှူဒါန်းပြီးနောက် ထိုကုသိုလ်ကို ထပ်မံ၍သတိရမှု၊ သတိရတိုင်း ဝမ်းမြောက်မှု အပရစေတနာ ထက်သန် - မသန်လိုက်၍ အကျိုးပေး ကွာခြားဖွယ်ရှိပါတယ်။

၃။ မျိုးစေ့ လယ်ယာတို့က အားလုံး အဆင်သင့်သော်လည်း စိုက်ပျိုးသင့်သောအခါ၌ စိုက်ပျိုးမှ အပင် အသီး ဖွံ့ထွားသကဲ့သို့ အလှူခံ လှူဖွယ်ဝတ္ထုတို့ အသွယ်သွယ် အဆင်သင့်သော်လည်း လှူသင့်သောအခါ (လိုနေသောနေရာဝယ်) လှူမှ ဖွံ့ဖွံ့ထွားထွား အကျိုးများဖွယ် ရှိပါတယ်။

(ဤအချက်စုကို အလှူရှင်များ သတိပြုကြကုန်လော့)

၁၃၁၉-ခုနှစ်၊ တော်သလင်းဆန်း ၉-ရက်နေ့ ဟောစဉ်ဖြစ်သည်။

---

## (၇) ဝိပဿနာအလုပ်ပြဆောင်ပုဒ် ခုနစ်ရက် ဟောစဉ်

နမော တဿ ဝိပဿနာ ပါရဂုနော သမ္မာသမ္ဗုဒ္ဓဿ။

**ပဏာမ**

၁။ ဝေနေယျများစွာ၊ သတ္တဝါအား၊ သနားချင့်မျှော်၊ ရွှေဉာဏ်တော်ဖြင့်၊ ထောက်မျှော်၍သာ၊ ဝိပဿနာတရား၊ အလုပ်များကို၊ ဟောကြားပြသ၊ ဆုံးမတော်မူငြား၊ မြတ်ဘုရားကို၊ ညွတ်တွားရှိသေ၊ ရှိခိုးပေသည်၊ မှတ်လေအစ-ဗုဒ္ဓ ပဏာမတည်း။

၂။ တပည့်များအား၊ မြင်လုံးထွားအောင်၊ တရားအဟုတ်၊ ဝိပဿနာ အလုပ်ကို၊ ကြိုးကုဘ်သေချာ၊ ဒေသနာထင်လင်း၊ ဟောဖော်သွင်း၍၊ ရှင်းလင်းပြသ၊ ဆုံးမတတ်ငြား၊ ဆရာအားလည်း၊ ညွတ်တွားရှိသေ၊ ရှိခိုးပေသည်၊ မှတ်လေတဖြာ အာစရိယ ပဏာမတည်း။

### (၁) ခုနစ်ရက်ဟောစဉ်နှင့် လုပ်ငန်းစဉ်အခန်း

၁။ ရုပ်နာမ်ကိုသာ၊ မှတ်ရှုရာ၊ ဝိပဿနာ ဖြစ်သတည်း။

၂။ ဓာတ်သဘောကိုသာ၊ မှတ်ရှုရာ၊ ဝိပဿနာ ဖြစ်သတည်း။

၃။ ပရမတ် အာရုံကိုသာ၊ မှတ်ရှုရာ၊ ဝိပဿနာ ဖြစ်သတည်း။

၄။ ဖြစ်ပျက်သဘောကိုသာ၊ မှတ်ရှုရာ ဝိပဿနာ ဖြစ်သတည်း။

၅။ တကိုယ်လုံးမှာ၊ အဋ္ဌကလာပ်၊ ဓာတ်များသဘော၊ ရုပ်ဟုဟောသည်၊ ယောဂီအများ မှတ်သားဖို့ရန်တည်း။

၆။ သိမှုများမှာ၊ နာမ်ဟုသာ၊ မှန်စွာ ဟောသတည်း။
သာရမ္မဏာ ဓမ္မာ။ အနာရမ္မဏာ ဓမ္မာ။

(ဓမ္မသင်္ဂဏီ)

## ဝိပဿနာရှုပုံ

က-၇။ ဝမ်းဗိုက်က ဖောင်းကြွဆဲအခိုက် ဖောင်းကြွမှုသဘောကို သတိပြု၍ သိ,ဟု ရှုရမည်။

၈။ ဝမ်းဗိုက်မှာ ဖောင်းကြွမှုသဘောဟာ ဝါယောဓာတ်။ ဝါယော ဓာတ်ဟာရုပ်ပရမတ်ပါ။ရုပ်ပရမတ်ထဲငါ,မပါ။ငါဟာပညတ်ပါ။ မရှိပညတ်-ရှိပရမတ်၊ မှတ်ကြ မြတ်ယောဂီ။

၉။ ဖောင်းကြွမှုသဘောကို မှတ်ရှုသောအခါမှာ ဖောင်းကြွမှုကိုသိတာ ဟာ နာမ်ပရမတ်ပါ၊ နာမ်ပရမတ်ထဲ ငါ,မပါ။ငါဟာ ပညတ်ပါ။ မရှိ-ပညတ်၊ ရှိ-ပရမတ်၊ မှတ်ကြ မြတ်ယောဂီ။

ခ-၁၀။ ဝမ်းဗိုက်ကပိန်ကျဆဲအခိုက် ပိန်ကျမှုသဘောကို သတိပြု၍ သိ,ဟု ရှုရမည်။

၁၁။ ဝမ်းဗိုက်မှာ ပိန်ကျမှုသဘောဟာ ဝါယောဓာတ်၊ ဝါယောဓာတ် ဟာ ရုပ်ပရမတ်ပါ၊ ရုပ်ပရမတ်ထဲ ငါ,မပါ။ ငါဟာ ပညတ်ပါ။ မရှိ-ပညတ်၊ ရှိ-ပရမတ်၊ မှတ်ကြ မြတ်ယောဂီ။

၁၂။ ပိန်ကျမှုသဘောကို မှတ်ရှုသောအခါမှာ ပိန်ကျမှုကို သိတာဟာ နာမ်-ပရမတ်ပါ၊ နာမ် ပရမတ်ထဲ ငါ,မပါ။ ငါဟာ ပညတ်ပါ။ မရှိ-ပညတ်၊ ရှိ-ပရမတ်၊ မှတ်ကြ မြတ်ယောဂီ။

ဂ-၁၃။ ဤရုပ်ကိုယ်၌ ဝေဒနာတွေ့ဆဲအခိုက် ဝေဒနာသဘောကို သတိပြု၍ သိ-သိ-ဟု ရှုရမည်။

၁၄။ ဤရုပ်ကိုယ်မှာ၊ဝေဒနာသဘောဟာ၊နာမ်ပရမတ်ပါ၊နာမ်ပရမတ် ထဲ ငါ,မပါ။ ငါဟာ ပညတ်ပါ။
မရှိ-ပညတ်၊ ရှိ-ပရမတ်၊ မှတ်ကြ မြတ်ယောဂီ။

၁၅။ ဝေဒနာသဘောကို မှတ်ရှုသောအခါမှာ၊ ဝေဒနာကိုသိတာဟာ နာမ်ပရမတ်ပါ၊ နာမ်ပရမတ်ထဲ ငါ,မပါ။ ငါဟာ ပညတ်ပါ။
မရှိ-ပညတ်၊ ရှိ-ပရမတ်၊ မှတ်ကြ မြတ်ယောဂီ။

ဃ-၁၆။ ညာဘက်ခြေက လှမ်းချဆဲအခိုက်၊ လှမ်းချမှုသဘောကို သတိပြု၍ သိ-ဟု ရှုရမည်။

၁၇။ ညာဘက်ခြေက လှမ်းချမှုသဘောဟာ ဝါယောဓာတ်၊ ဝါယော ဓာတ်ဟာ ရုပ်ပရမတ်ပါ၊ရုပ်ပရမတ်ထဲငါ,မပါ၊ငါဟာပညတ်ပါ။ မရှိ-ပညတ်၊ ရှိ-ပရမတ်၊ မှတ်ကြ မြတ်ယောဂီ။

၁၈။ ညာဘက်ခြေက လှမ်းချမှုသဘောကို မှတ်ရှုသောအခါမှာ၊လှမ်းချမှုကို သိတာဟာ နာမ်ပရမတ်ပါ၊ နာမ်ပရမတ်ထဲ ငါ့မပါ။ ငါဟာ ပညတ်ပါ။
မရှိ-ပညတ်၊ ရှိ-ပရမတ်၊ မှတ်ကြ မြတ်ယောဂီ။

င-၁၉။ ဗယ်ဘက်ခြေက လှမ်းချဆဲအခိုက် လှမ်းချမှုသဘောကို သတိပြု၍ သိ-ဟု ရှုရမည်။

၂၀။ ဗယ်ဘက်ခြေက လှမ်းချမှုသဘောဟာ ဝါယောဓာတ်၊ ဝါယောဓာတ်ဟာ ရုပ်ပရမတ်ပါ၊ရုပ်ပရမထဲ ငါ့မပါ။ ငါဟာ ပညတ်ပါ။
မရှိ-ပညတ်၊ ရှိ-ပရမတ်၊ မှတ်ကြ မြတ်ယောဂီ။

၂၁။ ဗယ်ဘက်ခြေက လှမ်းချမှုသဘောကို မှတ်ရှုသောအခါမှာ၊ လှမ်းချမှုကို သိတာဟာ နာမ်ပရမတ်ပါ၊ နာမ်ပရမတ်ထဲ ငါ့မပါ။ ငါဟာ ပညတ်ပါ။
မရှိ-ပညတ်၊ ရှိ-ပရမတ်၊ မှတ်ကြ မြတ်ယောဂီ။

## ဤရုပ်ကိုယ်၌ နေရာဖြန့်၍ မှတ်ရှုပုံ

စ-၂၂။ ဤရုပ်ကိုယ်၌ ပူမှုတွေ့ဆဲအခိုက် ပူမှုသဘောကို သတိပြု၍ သိ-သိ ဟု ရှုရမည်။

၂၃။ ဤ ရုပ်ကိုယ်မှာ ပူမှုသဘောဟာ တေဇောဓာတ်၊ တေဇောဓာတ်ဟာ ရုပ်ပရမတ်ပါ၊ ရုပ်ပရမတ်ထဲ ငါ့မပါ။ ငါဟာ ပညတ်ပါ။
မရှိ-ပညတ်၊ ရှိ-ပရမတ်၊ မှတ်ကြ မြတ်ယောဂီ။

၂၄။ ပူမှုသဘောကို မှတ်ရှုသောအခါမှာပူမှုကို သိတာဟာ၊နာမ်ပရမတ်ပါ၊ နာမ်ပရမတ်ထဲ ငါ့မပါ။ ငါဟာ ပညတ်ပါ။
မရှိ-ပညတ်၊ ရှိ-ပရမတ်၊ မှတ်ကြ မြတ်ယောဂီ။

ဆ-၂၅။ ဤရုပ် ကိုယ်၌ အေးမှုတွေ့ဆဲအခိုက် အေးမှုသဘောကို သတိပြု၍ သိ-သိ-ဟု ရှုရမည်။

၂၆။ ဤရုပ် ကိုယ်မှာ အေးမှုသဘောဟာ တေဇောဓာတ်၊ တေဇောဓာတ်ဟာရုပ်ပရမတ်ပါ၊ရုပ်ပရမတ်ထဲငါ့မပါ။ငါဟာပညတ်ပါ။
မရှိ-ပညတ်၊ ရှိ-ပရမတ်၊ မှတ်ကြ မြတ်ယောဂီ။

၂၇။ အေးမှုသဘောကို မှတ်ရှုသောအခါမှာ၊ အေးမှုကို သိတာဟာ နာမ်ပရမတ်ပါ၊ နာမ်ပရမတ်ထဲ ငါ့မပါ။ ငါဟာ ပညတ်ပါ။
မရှိ-ပညတ်၊ ရှိ-ပရမတ်၊ မှတ်ကြ မြက်ယောဂီ။

## (၁) မြင်မှု၌ ဝိပဿနာရှုပုံ

၈-၂၈။ စက္ခုနှင့် ရူပါရုံ၊ ပေါင်းဆုံသောအခါ၊ စက္ခုဝိညာဉ်စိတ်ဟာ၊ ထင်ရှားဖြစ်ပေါ်လာ၊ ဒါကိုမြင်မှု ခေါ်ဆိုတာ။

၂၉။ မြင်ဆဲ၌သာ၊ ပညတ်ကွာ၊ မြင်တာမှန်သည်သာ။

၃၀။ မြင်တာမှန်မှ၊ တရားရ၊ မုချ မှတ်လေပါ။

၃၁။ မြင်ဆဲအခိုက်၊ မြင်တာစိုက်၊ ရှုလိုက် အနိစ္စာ။

၃၂။ ရူပါရုံက ရုပ်တရား၊ ဖြစ်ပြီးပျက်သွား၊ စက္ခုဝိညာဉ်စိတ်က နာမ်တရား၊ ဖြစ်ပြီးပျက်သွား၊ မှတ်သားကြလေပါ။

(ဝီထိပါချပြ၍ ဟောနိုင်သည်။)

### ပစ္စယ ပရိဂ္ဂဟဉာဏ်

၃၃။ ရူပါရုံရုပ်တရားက အကြောင်းပစ္စည်းတရား၊စက္ခုဝိညာဉ်စိတ် နာမ်တရားက အကျိုးပစ္စယုပ္ပန်တရား၊ ဤနှစ်ပါး၊မှတ်သားကြလေပါ။

၃၄။ ကြောင်း-ကျိုးနှစ်ရပ်၊ ပရမတ်၊ ဆတ်ဆတ် မှတ်လေပါ။

၁။ စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။ (သံယုတ်)

၂။ ရူပါယတနံ စက္ခု ဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။ (ပဋ္ဌာန်း)

---

## (၂) ကြားမှု၌ ဝိပဿနာရှုပုံ

၈၂-၃၅။ သောတနှင့်သဒ္ဒါရုံ၊ပေါင်းဆုံသောအခါ၊သောတဝိညာဉ်စိတ်ဟာ ထင်ရှားဖြစ်ပေါ်လာ၊ ဒါကို ကြားမှုခေါ်ဆိုတာ။

၃၆။ ကြားဆဲ၌သာ၊ ပညတ်ကွာ၊ ကြားတာမှန်သည်သာ။

၃၇။ ကြားတာမှန်မှ၊ တရားရ၊ မုချ မှတ်လေပါ။

၃၈။ ကြားဆဲအခိုက်၊ ကြားတာစိုက်၊ ရှုလိုက် အနိစ္စာ။

၃၉။ သဒ္ဒါရုံက ရုပ်တရား၊ ဖြစ်ပြီးပျက်သွား။ သောတဝိညာဉ် စိတ်က နာမ်တရား၊ဖြစ်ပြီးပျက်သွား၊မှတ်သားကြလေပါ။(ဝီထိချဟော)

### ပစ္စယပရိဂ္ဂဟဉာဏ်

၄၀။ သဒ္ဒါရုံ ရုပ်တရားဟာ အကြောင်း ပစ္စည်းတရား။ သောတဝိညာဉ် စိတ်နာမ်တရားက အကျိုးပစ္စယုပ္ပန်တရား။ ဤနှစ်ပါး၊ မှတ်သား ကြလေပါ။

* ကြောင်းကျိုးနှစ်ရပ် ။ပ။ ပါ။

၁။ သောတဉ္စ ပဋိစ္စ သဒ္ဒေစ ဥပ္ပဇ္ဇတိ သောတဝိညာဏံ။

၂။ သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ ။ပ။ ယော။

---

## (၃) နံမှုဍ္ဍ ဝိပဿနာရှုပုံ

ည-၄၁။ ဃာနနှင့် ဂန္ဓာရုံ၊ ပေါင်းဆုံသောအခါ၊ ဃာန ဝိညာဉ်စိတ်ဟာ ထင်ရှားဖြစ်ပေါ်လာ။ ဒါကို နံမှုခေါ်ဆိုတာ။

၄၂။ နံဆဲ၌သာ၊ ပညတ်ကွာ၊ နံတာမှန်သည်သာ။

၄၃။ နံတာမှန်မှ၊ တရားရ၊ မုချ မှတ်လေပါ။

၄၄။ နံဆဲအခိုက်၊ နံတာစိုက်၊ ရှုလိုက် အနိစ္စာ။

၄၅။ ဂန္ဓာရုံက ရုပ်တရား၊ ဖြစ်ပြီး ပျက်သွား။ ဃာန ဝိညာဉ် စိတ် က နာမ်တရား၊ ဖြစ်ပြီး ပျက်သွား။ မှတ်သားကြလေပါ။

(ဝိထိချဟော)

## ပစ္စယပရိဂ္ဂဟဉာဏ်

၄၆။ ဂန္ဓာရုံ ရုပ်တရားက အကြောင်းပစ္စည်းတရား၊ ဃာ နဝိညာဉ်စိတ် နာမ်တရားက အကျိုးပစ္စယုပ္ပန်တရား၊ ဤနှစ်ပါး၊ မှတ်သား ကြလေပါ။

၁။ ဃာနဉ္စ ပဋိစ္စ ဂန္ဓေစ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ။

၂။ ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ ။ပ။ ယော။

---

## စားမှုဍ္ဍ ဝိပဿနာရှုပုံ

ဋ-၄၇။ ဇိဝှာနှင့် ရသာရုံ၊ ပေါင်းဆုံသောအခါ၊ ဇိဝှာ ဝိညာဉ်စိတ်ဟာ၊ ထင်ရှားဖြစ်ပေါ်လာ။ ဒါကို စားမှုခေါ်ဆိုတာ။

၄၈။ စားဆဲ၌သာ၊ ပညတ်ကွာ၊ စားတာ မှန်သည်သာ။

၄၉။ စားတာမှန်မှ၊ တရားရ၊ မုချ မှတ်လေပါ။

၅၀။ စားဆဲအခိုက်၊ စားတာစိုက်၊ ရှုလိုက် အနိစ္စာ။

၅၁။ ရသာရုံက ရုပ်တရား၊ ဖြစ်ပြီး ပျက်သွား။ ဇိဝှာ ဝိညာဉ် စိတ် က နာမ်တရား၊ ဖြစ်ပြီး ပျက်သွား။ မှတ်သားကြလေပါ။

(ဝိထိချဟော)

## ပစ္စယပရိဂ္ဂဟဉာဏ်

၅၂။ ရသာရုံ ရုပ်တရားက အကြောင်းပစ္စည်းတရား၊ ဇိဝှာဝိညာဉ်စိတ် နာမ်တရားက အကျိုးပစ္စယုပ္ပန်တရား၊ ဤနှစ်ပါး၊ မှတ်သားကြလေပါ။

၁။ ဇိဝှဉ္စ ပဋိစ္စ ရသေစ ဥပ္ပဇ္ဇတိ ဇိဝှာဝိညာဏံ။

၂။ ရသာယတနံ ဇိဝှာဝိညာဏဓာတုယာ ။ပ။ ယော။

## (၅) ထိမှုဒွိ ဝိပဿနာရှုပုံ

၅၃-၅၃။ ကာယနှင့် ဖောဋ္ဌဗ္ဗာရုံ၊ ပေါင်းဆုံသောအခါ၊ ကာယဝိညာဉ်စိတ်ဟာ၊ ထင်ရှားဖြစ်ပေါ်လာ၊ ဒါကို ထိမှုခေါ်ဆိုတာ။

၅၄။ ထိဆဲ၌သာ၊ ပညတ်ကွာ၊ ထိတာမှန်သည်သာ။

၅၅။ ထိတာမှန်မှ၊ တရားရ၊ မုချ မှတ်လေပါ။

၅၆။ ထိဆဲအခိုက်၊ ထိတာစိုက်၊ ရှုလိုက် အနိစ္စာ။

၅၇။ ဖောဋ္ဌဗ္ဗာရုံက ရုပ်တရား၊ဖြစ်ပြီးပျက်သွား။ ကာယဝိညာဉ်စိတ်က နာမ်တရား၊ ဖြစ်ပြီးပျက်သွား၊မှတ်သားကြလေပါ။

(ဝီထိချဟော)

## ပစ္စယပရိဂ္ဂဟဉာဏ်

၅၈။ ဖောဋ္ဌဗ္ဗာရုံရုပ်တရားက အကြောင်းပစ္စည်းတရား။ ကာယဝိညာဉ် စိတ် နာမ်တရားက အကျိုးပစ္စယုပ္ပန်တရား။ ဤနှစ်ပါး၊ မှတ်သား ကြလေပါ။

၁။ ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ။

၂။ ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ ။ပ။ ယော။

## (၆) ကြံမှုဒွိ ဝိပဿနာရှုပုံ

၃-၅၉။ မနနှင့် ဓမ္မာရုံ၊ ပေါင်းဆုံသောအခါ၊ မနောဝိညာဉ်စိတ်ဟာ၊ ထင်ရှားဖြစ်ပေါ်လာ၊ဒါကို ကြံမှုခေါ်ဆိုတာ။

၆၀။ ကြံဆဲ၌သာ၊ ပညတ်ကွာ၊ကြံတာမှန်သည်သာ။

၆၁။ ကြံတာမှန်မှ၊ တရားရ၊ မုချမှတ်လေပါ။

၆၂။ ကြံဆဲအခိုက်၊ ကြံတာစိုက်၊ ရှုလိုက်အနိစ္စာ။

၆၃။ ဓမ္မာရုံဆိုတာက ရုပ်၊နာမ်တရား၊ဖြစ်ပြီးပျက်သွား။မနောဝိညာဉ် စိတ်က နာမ်တရား၊ ဖြစ်ပြီးပျက်သွား၊ မှတ်သားကြလေပါ။

(ဝီထိချ၍ဟော)

## ပစ္စယပရိဂ္ဂဟဉာဏ်

၆၄။ ဓမ္မာရုံဆိုတဲ့-ရုပ်နာမ်တရားက အကြောင်းပစ္စည်းတရား။ မနောဝိညာဉ်စိတ်နာမ်တရားက အကျိုး ပစ္စယုပ္ပန် တရား။ ဤ နှစ်ပါး၊ မှတ်သားကြလေပါ။

၁။ မနဉ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ မနောဝိညာဏံ။

၂။ ဓမ္မာရမ္မဏံ ပန ပသာဒ သုခုမ ရူပ စိတ္တ စေတသိက နိဗ္ဗာန ပညတ္တိဝသေန ဆဓာ သင်္ဂယှတိ။ (သင်္ဂဟ)

(ဤ၌ဝိပဿနာဘုံမထိုက်သော နိဗ္ဗာန်နှင့်ပညတ်ကိုနုတ်ထား)။

၃။ ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ ။ပ။ ယော။သဗ္ဗေ ဓမ္မာ မနောဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

## အမြင်မှန်ရပုံ

၆၅။ မှတ်ရှုဆဲမှာ၊ ပညတ်ကွာ၍၊ နှစ်ဖြာ ရုပ်နာမ်၊ ဟုတ်မှန် တာ ကို၊ ဉာဏ်မှာထင်ထင်၊ တကယ်မြင်၊ ကင်းစင် ဒိဋ္ဌိကွာ။

(ဤကား .. နာမရူပ ပရိစ္ဆေဒဉာဏ်တည်း။)

၆၆။ မှတ်ရှုဆဲမှာ၊ ပညတ်ကွာ၍၊နှစ်ဖြာကြောင်း-ကျိုး၊ဟုတ်ရိုးအမှန်၊ ဉာဏ်မှာထင်ထင်၊ တကယ်မြင်၊ကင်းစင် ယုံမှားကွာ။

(ဤကား....ပစ္စယ ပရိဂ္ဂဟဉာဏ်တည်း။)

၆၇။ ဒိဋ္ဌိသက္ကာယ၊ တဒင်္ဂပဟာန်၊ ကွာပြန်မူက၊ စူဠသောတာပန်။ သမုစ္ဆေဒပဟာန်၊ ကွာပြန်ငြားက၊ အပါယ်လေးပါး၊ တံခါးပိတ်ကာ၊ဝိသာခ တို့လို၊ ဤကိုယ်ဖြစ်ရချေမည်သာ။

၁။ ဣမိနာ ပန ဉာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော စူဠသောတာပန္နောနာမ ဟောတိ။ (ဝိသုဒ္ဓိမဂ်)

## စာတွေနှင့် ကိုယ်တွေ

၆၈။ တရားနာ၍၊ စာကြည့်၍နေ၊ သိခဲ့သော်ကား၊ မှတ်သားကိုယ်မှာ မတွေ့တာကြောင့်၊ စာတွေ့ဟုသာ၊ ခေါ်ဆိုပါသည်၊ ယင်းမှာ၊ တရား၊မဟုတ်ငြား၊ မှတ်သားကြလေပါ။

၆၉။ စာတွေ့အပြင်၊ ကိုယ်တွေ့မြင်အောင်၊ ကျင့်ဆောင်ကြိုးကုတ်၊ အားထုတ်ဘိ၍၊ သမာဓိတည်လျှင်၊ ကိုယ်မှာပင်၊ တွေ့မြင်ရသည်သာ။

၇၀။ ထို့ကြောင့်ယောဂီ၊ ကိုယ်မှာတည့်ရှိ၊ ဤသည်ပရမတ်၊ ဓာတ်သဘောကို၊မရောပညတ်၊ဆတ်ဆတ်မြင်အောင်၊ ကျင့်ဆောင်ကြိုးကုတ်၊လွန်အားထုတ်ရန်၊ညွှန်ကြားပေသည်၊တသွေမယွင်း၊ လိုက်နာကြကုန်မင်း။

၁။ သမာဓိံ ဘိက္ခဝေ ဘာဝေထ၊သမာဟိတော ယထာဘူတံ ပဇာနာတိ။ (အင်္ဂုတ္တိုရ်)

၂။ သတ္တိယာ ဝိယ ဩမဋ္ဌော၊ ဒယှမာနေဝ မတ္ထကေ။ သက္ကာယဒိဋ္ဌိ ပဟာနာယ၊ သတော ဘိက္ခု ပရိဗ္ဗဇေ။ (သံယုတ်)

၇-ရက်ဟောစဉ်နှင့် လုပ်ငန်းစဉ်အခက်း ပြီး၏။

## (၂) ဝိသုဒ္ဓိ ခုနစ်ပါးနှင့် ဉာဏ်စဉ်အခက်း

၇၁။*ဆောက်တည်ထားကြ၊ မြတ်သီလ၊ စင်ထ-သီလဝိသုဒ္ဓိ။

၇၂။*မှတ်ရှုသောအခါ၊ အာရုံတခြား၊ လွင့်မသွားပဲ၊ မှတ်မြဲအာရုံမှာ၊ စိတ်တည်တာ၊ မှတ်ပါ စိတ္တဝိသုဒ္ဓိ။

၇၃*မှတ်ရှုဆဲမှာ၊ ရုပ်,နာမ်သာဟု၊ မှန်စွာထင်ထင်၊သိမြင်တာ၊နာမရူပပရိစ္ဆေဒဉာဏ်။

၇၄*ရုပ်,နာမ်ကိုသာ၊ မှန်ကန်စွာသိလေရာ၊ ရုပ်,နာမ်မျှသာရှိသည်၊ သည့်ပြင်ဘခြား၊ မိန်းမ-ယောကျ်ားမရှိဟုသာ၊ သဘောကျကာ၊ အသိအမြင်စင်ကြယ်တာ၊ မှတ်ပါ ဒိဋ္ဌိဝိသုဒ္ဓိ။

၇၅။ မှတ်ရှုဆဲမှာ၊ ကြောင်းကျိုးနှစ်ဖြာ၊ သိရပါ၍၊ အကြောင်းကိုသာ၊ သိမ်းဆည်းတာ၊ မှတ်ပါပစ္စယပရိဂ္ဂဟဉာဏ်။

၇၆။*အကြောင်းနှင့် အကျိုးကိုသာ၊ တွေ့ရပါ၍၊ အကြောင်း-အကျိုး ရုပ်,နာမ်မျှသာ၊ ရှိသည်ဟုသာ၊ သဘောကျကာ၊ ယုံမှားကင်္ခါ၊ ကင်းပြီးလျှင်သာ၊ အသိရှင်းတာ၊ မှတ်ပါ ကင်္ခါဝိတရဏဝိသုဒ္ဓိ။

၇၇။ မှတ်ရှုဆဲမှာ၊ ရုပ်,နာမ် နှစ်ဖြာ၊ ပေါ်လာပြီးနောက်၊ ပျောက်-ပျောက်သွားတာ၊ကျွေရာမမြဲ၊မမြဲ,ဆင်းရဲ၊ ငါလဲမဟုတ်၊ ဟုတ်မှန်ကျွန်၊ သဘောကျကာ၊ သုံးသပ်တာ၊ မှတ်ပါ သမ္မသနဉာဏ်။

၇၈။ မဆင်ခြင် မသုံးသပ်တော့ပဲ၊ မှတ်ရှုမြဲသာ၊ မှတ်ရှုနေရာ၊ မြင်လာမှုတွေ၊ ပျောက် ပျက် နေတာ၊ တွေ့ မြင် ရာ၊ မှတ်ပါ နုံသော ဥဒယဗ္ဗယ ဉာဏ်။

၇၉ *အလင်းရောင်စသည်ကိုသာ၊ အားကျနေတာ၊ လမ်းမှားတာပဲ၊ ရှုမြဲတိုင်းသာ၊ ရှုနေရတာ၊ လမ်းမှန်သာဟု၊ လမ်းမှန်-လမ်းမှား ကိုသာ၊ သိမြင်၍ စင်ကြယ်ကာ၊ မှတ်ပါ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ။

၈၀။ အလင်းရောင်စသည်တွေကို၊ သာယာ မနေတော့ပဲ၊ ရှုမြဲတိုင်းသာ၊ ပြန်မှတ်ရှုရာ၊ ပေါ်လာသမျှ၊ သင်္ခါရအာရုံမှာ၊ အသေးစိတ်ကာ၊ ပျက်စီးနေတာ၊ သိသိသာသာ၊ ထင်ရှားစွာ၊ မြင်တာ-ရင့်သော ဥဒယဗ္ဗယဉာဏ်။

၈၁ *ရင့်သော ဥဒယဗ္ဗယဉာဏ်က၊ အနုလောမ ဉာဏ်အထိ၊ အကျင့်မှန် သိမြင်တာ၊ မှတ်ပါ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ။

၈၂။ မှတ်ရှုတိုင်းမှာ၊ မှတ်စရာအာရုံတွေရော၊ မှတ်စိတ်ရောပါ၊ လျင်စွာမြန်မြန်၊ သဏ္ဍာန်မထင်ပဲ၊ ရိပ်ကနဲသာ၊ ပျောက်ပျက်သွားတာ၊ တွေ့ရရာ၊ မှတ်ပါ-ဘင်္ဂဉာဏ်။

၈၃။ မှတ်ရှုတိုင်းမှာ၊ အပျက်တွေသာ၊ တွေ့နေတာကြောင့်၊ ကြောက်စရာဟု၊ သိမြင်မှု၊ မှတ်ပြု ဘယဉာဏ်။

၈၄။ မှတ်ရှုတိုင်းမှာ၊ အပျက်တွေသာ၊ တွေ့နေတာကြောင့်၊ ကြောက်စရာထင်ပြီး၊ အပြစ်ချည်းဟု၊ သိမြင်မှု၊ မှတ်ပြု အာဒီနဝဉာဏ်။

၈၅။ မှတ်ရှုတိုင်းမှာ၊ အပျက်တွေသာ၊ တွေ့နေတာကြောင့်၊ ကြောက်စရာပဲ၊ အပြစ်ပဲလို့၊ ဉာဏ်ထဲထင်ကာ၊ ငြီးငွေ့တာ၊ မှတ်ပါ-နိဗ္ဗိဒါဉာဏ်။

၈၆။ ရှုနေဆဲမှာ၊ အပျက်နှင့် သင်းရဲကိုသာ၊ တွေ့ရပါ၍၊ နှစ်ဖြာ ရုပ်, နာမ်မှ၊ လွတ်ချင်လှ၊ မှတ်ကြ မုဉ္စိတုကမျတာ ဉာဏ်။

၈၇။ ထွက်မြောက်ဖို့ပင်၊ ဆင်ခြင်လျက်၊ ထွက်မြောက်နိုင်မှု၊ ကြောင့်ကြပြုကာ၊ မှတ်ရှုတာ၊ မှတ်ပါ ပဋိသင်္ခါဉာဏ်။

၈၈။ မှတ်ရှုတဲ့အခိုက်၊ အထူး ကြောင့်ကြ မစိုက်ရပဲ၊ အလိုက်သင့် အညီအမျှ၊ သင်္ခါရ၊ ရှုရ သင်္ခါရုပေက္ခာဉာဏ်။

၈၉။ ထူးခြားစွာဖြစ်ဘိ၊ သိမြင်မှုတို့မှာ၊ နောက်ဆုံးဖြစ်လာ၊ အသိဟာ၊ မှတ်ပါ အနုလောမဉာဏ်။

၉၀။ နောက်ဆုံးသိမြင်မှုများ၊ ချုပ်သွားသည်နှင့်တပြိုင်နက်သာ၊ ရှုစရာအာရုံရော၊ ရှုစိတ်ရောပါ၊ တိကနဲသာ၊ ပြတ်သွားပြီးကာ၊ ချုပ်ငြိမ်းရာမှာ၊ ကျရောက်တာ၊ မှတ်ပါ ဂေါ်တြဘူဉာဏ်။

၉၁။ ကိလေသတ်ကာ၊ ရှုစရာအာရုံရော၊ ရှုစိတ်ရောပါ၊ ချုပ်ငြိမ်းရာသဘောထဲမှာ၊ဘာမျှမသိတော့သလိုဖြစ်၍သာ၊တခဏမျှသက်ဝင်၍ တည်နေတာ၊ မှတ်ပါ မဂ်-ဖိုလ်ဉာဏ်။

၉၂။*မဂ်,ဖိုလ်ဉာဏ်နှစ်ပါးတွင်၊မဂ်ဉာဏ်အခိုက်ပင်၊မှတ်လျှင်ဉာဏဒဿနဝိသုဒ္ဓိ။

## ပစ္စဝေက္ခဏာဉာဏ်

၉၃။ ချုပ်ငြိမ်းရာပင်၊ သက်ဝင်ပြီးနောက်၊ ငြိမ်းရာရောက်ပုံ၊ ချုပ်ငြိမ်းပုံမှန်၊ တဖန်ပြန်လည်၊ ဆင်ခြင်မိ၊ မှတ်သိ ပစ္စဝေက္ခဏာဉာဏ်။

## ဖလသမာပတ် ဝင်စားပုံ

၉၄။ ရှုစရာအာရုံကိုသာ၊ပြန်ကာရှုရာ၊ရှုလို့ကောင်းလျက်သာ၊ချုပ်ငြိမ်းရာသို့၊ ထပ်ကာထပ်ကာ၊ လိုသလောက်သာ၊ ရောနေတာ၊ မှတ်ပါ ဖလသမာပတ် ဝင်စားပုံတည်း။

ဖလသမာပတ္တိ နိန္နတာယ စေတ္တ သေက္ခဿာပိ ဖလမေဝ ဥပ္ပဇ္ဇတိ၊ န မဂ္ဂေါ။ (ဝိသုဒ္ဓိမဂ်)

## အထက် မဂ်,ဖိုလ်များသို့ တက်ပုံ

၉၅။ အထက် မဂ်,ဖိုလ်ဉာဏ်၊တက်လိုပြန်က၊မရသေးငြေား၊တရားများကို၊ ရငြေားစေမှု၊ ဓိဋ္ဌာန်ပြုကာ၊ မှတ်ရှုတာ၊ မှတ်ပါ အထက် မဂ်, ဖိုလ် တက်ပုံတည်း။

(ဤ၌ အဓိဋ္ဌာန်ပြုမှုကို ဆရာများအလိုအတိုင်း ရေးလိုက်ခြင်း ဖြစ်၏ဟုမှတ်။)

၉၆။ လေးမဂ်-လေးဖိုလ်သာ၊ တက်ပြီးရာ၊ လမ်းမှာ ဆုံးသတည်း။

ရဟန္တာအထိ အားထုတ်ပုံ ပြီး၏။

---

## အရိယာ စစ်တမ်း

၉၇။ ဘုရား၌သာ၊ ယုံကြည်တာ၊ မှန်စွာ မြဲတော့သည်။
၉၈။ တရား၌သာ၊ ယုံကြည်တာ၊ မှန်စွာ မြဲတော့သည်။
၉၉။ သံဃာ၌သာ၊ ယုံကြည်တာ၊ မှန်စွာ မြဲတော့သည်။

၁၀၀။ အရိယကန္တ၊ ငါးသီလ၊ လုံးဝ ပြည့်စုံသည်။
၁၀၁။ မြတ်သောတာပန်၊ အင်္ဂါမှန်၊ လေးတန် စုံလင်သည်။
(သောတာပတ္တိသံယုတ် ဓမ္မာဒါသသုတ်မှ)
၁၀၂။ ဒိ-ဝိ-သီ-ဣ၊ မစ္ဆရိ၊ မရှိသောတာပန်။
၁၀၃။ နာမ်,ရုပ်အစု၊ ငါကောင်ဟု၊ ထင်မှု မရှိမှန်။
၁၀၄။ ဘုရား-တရား၊ သံဃာအား၊ ယုံမှား မရှိမှန်။
၁၀၅။ သီလဗ္ဗတာ၊ ပရာမာ၊ မှန်စွာ မရှိပြန်။
၁၀၆။ ဣဿာခေါ်ဆို၊ မနာလို၊ ဖြစ်ကိုမဖြစ်ပြန်။
၁၀၇။ သူများကိုယ်လို၊ ကောင်းမည်ကို၊ ဝန်တို မရှိမှန်။
(ဝိသုဒ္ဓိမဂ်နှင့် မူလပဏ္ဏာသ အဋ္ဌကထာမှ)

(ဤ၌-ဣဿာ, မစ္ဆရိယအရ အပါယဂမနီယဖြစ်သော ဣဿာ,မစ္ဆရိယကိုသာ ပယ်သတ်သည်ဟု ယူရာ၏။ အပါယဂမနီယ ဖြစ်သော ဒေါသကိုသာ သောတာပတ္တိမဂ်က ပယ်သည်ဖြစ်၍ ၎င်း၌ယှဉ်သော ဣဿာ, မစ္ဆရိယတို့ကိုပယ်ရာ၌လည်း အပါယဂမနီယဖြစ်တာကိုသာပယ်သည်ဟု သိရ၏။)

၁၀၈။ ကာမရာဂ၊ ပဋိဃ၊ နည်းလှ-သကဒါဂါမ်။
၁၀၉။ ကာမရာဂ၊ ပဋိဃ၊ ကင်းပ-အနာဂါမ်။
၁၁၀။ ဘဝ, မာနာ၊ အဝိဇ္ဇာ၊ ကင်းကွာ-အရဟန်။

## ယခုအချိန် ရဟန္တာဖြစ်နိုင်သေးပုံအထောက်

၁၁၁။ ပ-ဆ-တေ-သုက်၊ ပါတိမုတ်၊ မိန့်ထုတ် သမ္မောဟာ-ဒီဃလာ။
၁၁၂။ ပ-သုက်-အနာ၊ သ-သောတာ၊ မိန့်မှာဝိနယာ-အင်္ဂုတ်မှာ။

## သတိပေးချက်

၁၁၃။ မကျေမထောင့်၊ လမ်းဖြောင့်တရား၊ တွေ့ပါသားနှင့်၊ အမျိုးမူးတိုင်း၊ နှင်မရှူးနှင့်၊ ထူးသည့်အခါ၊ ဝိပဿနာကို၊ ခါခါ ပွားမှု၊ သွားမည့် သံသရာ၊ အစဉ်ပ မည်၊ နှင်သာ သတိထား၊ မြတ်ဘုရားကလည်း၊ရင်ဝလှံစူး၊ထိပ်ဦးမီးလောင်၊မရှောင်အဟုတ်၊ ဝိပဿနာအလုပ်ကို၊အားထုတ်ရန်သဘော၊သတ္တိယာဝိယသြမဋ္ဌော ဟု၊ ဟောကြားတော်မူခဲ့လေပြီ တကား။

ဝိသုဒ္ဓိခုနစ်ပါးနှင့် ဉာဏ်စဉ်အခန်း ပြီး၏။

## နိဂုံး

၁။ ရေနီအနောက်၊မကွာမြောက်၊မြင့်မောက်ကုန်းဒေသာ။
၂။ စေတီဘုရား၊ကျောင်းကန်များ၊ထင်ရှားလွန်သာယာ။
၃။ သူတော်စင်များ၊မြတ်တရား၊ရှာငြေးပျော်မွေ့ရာ။
၄။ ရိပ်သာခေါ်မှီး၊ကျောင်းတိုက်ကြီး၊တည်ပြီးရှစ်နှစ်မှာ။
၅။ ထောင့်သုံးရာဝယ်၊နှစ်ဆယ်ကယ်၊စွန်းဝယ်တခုသာ။
၆။ ဝါဆိုမာသ၊ဆုတ်ပက္ခ၊သီးခြားရက်တွင်းမှာ။ (ဝါဆိုလဆုတ် ၂-ရက်နေ့မှစ၍ ၁၅-ရက်အထိ ရိပ်သာတရား အားထုတ်သော သီးခြားရက်ဟူလို။)
၇။ ဦးရိပ်သာခေါ်၊ဆရာတော်၊ရသော် ဆယ့်ခြောက်ဝါ။
၈။ ဝိပဿနာအလုပ်ပြ၊အမရည်၊ရေးထ ဤကျမ်းစာ။
၉။ ဝါဆိုဆုတ်က၊လေးရက်ကျ၊ရေးထပြီးသည်သာ။
၁၀။ တရက်ထဲပင်၊ဤကျမ်းလျှင်၊စီစဉ်ရေးသည်သာ။
၁၁။ ဝိပဿနာပါရဂူ၊ဖြစ်လိုသူ၊သင်ယူမှတ်သားပါ။
၁၂။ ကိုယ်တိုင်ကျင့်မှ၊ကိုယ်တွေ့ရ၊ကျင့်ကြ များသူငါ။

## ဆုတောင်း

၁၃။ ကျမ်းစာရေးသား၊ကောင်းမှုအားကြောင့်၊ အများဗိုလ်လူ၊ တရားယူ၊ကျင့်သူပေါပါစေ။
၁၄။ ကျင့်သူများစွာ၊လူတကာ၊မှန်စွာကိုယ်တွေ့ဖြစ်ပါစေ။
၁၅။ ဝိပဿနာတရား၊အလုပ်များ၊ထွန်းကား-ပြန့်နှံ့စေ။
၁၆။ ရေမြေစိုးနင်း၊ ပြည့်ရှင်မင်းများ၊ တရားမှီးလျက်၊ မိုးလည်းချိန်မှန်စွာ၊ ရွာပြီးခါသော်၊ နိုင်ငံတော်တွင်း၊ မှီတင်းနေငြား၊သတ္တဝါများမှာ၊လှန်စွာဝပြိုး၊ဘေးဆိုးကင်းကွာ၊ လွန်ချမ်းသာ၊ မှန်စွာရောက်ပါစေ။
၁၇။ သူတော်ကောင်းအလုပ်၊အားထုတ်နေငြား၊ထိုသူများအား၊အများဗိုလ်လူ၊ထောက်ကူစောင့်ရှောက်၊ လွန်ချီးမြှောက်၊ ထွန်းတောက်နိုင်ပါစေ။
၁၈။ လိုအင်ဆန္ဒ၊ငါတောင့်တ၊ပြည့်ဝနိုင်ပါစေ။
၁၉။ ဒုက္ခများစွာ၊ချုပ်ငြိမ်းရာ၊မှန်စွာရောက်ပါစေ။

၇-ရက်ဟောစဉ် ဝိပဿနာအလုပ်ပြ ပြီး၏။

## (က) ရှေ့ပိုင်းဟောရန်

## ၁။ ဘာသာ-သာသနာပြု လမ်းညွှန်

ဥယျောဇနကထာ

ဦ နယက္ကသုကာရိတံ,
ရိပ် မုစ္စကံ သုခါရေန္တံ၊
သာ ရိကေ.ဝံ ယထိ.စ္ဆံ.ဒံ,
ပြု ဒ္ဒါရဏံ ရစိတီ.မံ။

(ဝဏ္ဏဂါထာ)

ဦ-အို ဓမ္မကထိကခေါ် ပုဂ္ဂိုလ်ကျော်အပေါင်းတို့နှင့်တကွ နိုင်ငံသူ-နိုင်ငံသား အပေါင်းတို့။ (ဦ-ကို သက္ကဋဘာသာ၌ "အာလုပ်အနက်" ဖြင့်ဆိုထားသည်၊ သက္ကဋဟူသည် အနောက် နိုင်ငံ ဣန္ဒိယတိုင်းတို့၌ အသုံးထွက်အားဖြင့် "စန်းစကရိဋ္ဌ"ခေါ် ဘင်္ဂါလီဘာသာ- နာဂရီဘာသာတို့နှင့် ရေးသားထားသော ကျမ်းများကို ဆိုသည်။) ဝံ-ဤ ဆိုအပ်လတ့်သည်အတိုင်း။ (မယာ၊ "ညောင်လွန့်သောဘိတ" နာမသမုတ် အကျွန်ုပ်သည်။)ရစိတံ အဆန်းတကျယ် ခြယ်လှယ်မွမ်းမံ၍ရေးသားစီရင်အပ်ပေသသော။နယက္ကသုကာရိတံ၊ဟောပြောပုံနည်း အပေါင်းတို့ဖြင့် ကောင်းမွန်စွာ ပြုပြင်အပ်ပေထသော။ ရိပ်မုစ္စကံ-ရိပ မုစ္စကံ၊ တရားဟောပုံတွေကို မသိကြ တွေဝေလှတဲ့ မောဟခေါ်တဲ့ရန်သူကြီးမှ လွတ်ကင်းစေနိုင်ထသော။ သာရိကံ၊ တရားအနှစ်တွေနှင့်လည်း ပြည့်စုံလှပေထသော။ယထိ.စ္ဆံ.ဒံ၊အကြင်အကြင်အလိုရှိအပ်သော တရားဟောပုံ မျိုးစုံကိုလည်း ပေးစွမ်းနိုင်သသော။ ပြု-ဒ္ဒါရဏံ-ပဉဒ္ဒါရဏံ၊ အထူးထူး အပြားပြား အထက်တန်းစားခေါ်တဲ့ ဓမ္မကထိကပုဂ္ဂိုလ်ကျော်များအဖြစ်ကိုလည်း ဆောင်စွမ်းနိုင်ထသော။ ဣမံဂန္ထံ၊ဘာသာ-သာသနာပြုလမ်းညွှန်ခေါ် "ဒေသနာစိန်ပန်းခိုင်-ခေတ်မှီတရားစာ"အမည်ရှိသော ဤကျမ်းကို။ (သာခဝေါ၊ ဓမ္မကထိကခေါ် ပုဂ္ဂိုလ်ကျော်တို့နှင့်တကွ နိုင်ငံသူ-နိုင်ငံသား အပေါင်း သူတော်ကောင်းတို့သည်။) သုခါရေန္တံ-သုခါရေန္တု၊ ကိုယ်စီကိုယ်ငှ အားဖြင့် ကောင်းမွန်စွာ ဆောင်ထားနိုင်ကြပါစေသတည်း။

ဥယျောဇနကထာ ပြီး၏။

နမော နာနာနယ ဓမ္မဓေသကဿ သမ္မာသမ္ဗုဒ္ဓဿ

ဘာသာ-သာသနာပြု ဓမ္မကထိက ပုဂ္ဂိုလ်များနှင့် နိုင်ငံသူ-နိုင်ငံသား အပေါင်းတို့အား အကျိုးများစေရန် ရည်သန်၍ "ဘာသာ - သာသနာပြု လမ်းညွှန်" ခေါ် "ဒေသနာ စိန်ပန်းခိုင် တရားစာ" အမည်ရှိသော ကျမ်းကို ရေးသားရပြန်ပေသည်။

ဤ ကျမ်းစာအုပ်ကို ရေးသားရာ၌....

(က) ရှေ့ပိုင်းဟောရန် ဘာသာ-သာသနာပြု လမ်းညွှန် တရားတော်များ။

(ခ) နောက်ပိုင်းဟောရန် ဝိပဿနာအလုပ် လမ်းညွှန်တရားတော်-ဟု ပိုင်းခြားထားသည်။

ဘာသာ-သာသနာပြု လမ်းညွှန်တရားတော်အရ....

၁။ ဘာသာ-သာသနာပြု လမ်းညွှန်တရား၊

၂။ ရတနာရှင်းတမ်း တရား၊

၃။ ဗုဒ္ဓဝါဒ တရား၊

၄။ တရားတော် သုံးမျိုး၊

ဤမူလေးချက်ဖြင့် အစဉ်အတိုင်းတွဲဖက်လျက် ပြထားပါသည်။

ဝိပဿနာအလုပ် လမ်းညွှန်တရားတော်များအရ....

၁။ ဝိပဿနာဒေသနာ ခြောက်ရက်သင်တန်း ဟောစဉ်များ၊

၂။ တနည်း-ဝိပဿနာဒေသနာ ခြောက်ရက်သင်တန်းနှင့် ဆောင်ပုဒ်များ။

ဤသို့လျှင် သူ့အပိုင်းနှင့်သူ ပိုင်းခြားကန့်သတ်၍ စနစ်တကျဟောကြားထားပေသည်။

ဟောကြားရာ၌လည်း ကျမ်းသွားမဟုတ်ပဲ၊ တရားသွား အနေအားဖြင့် အရပ်သုံးစကားနှင့် ဟောထားရကား ဓမ္မကထိက ပုဂ္ဂိုလ်များနှင့် အထူးပင် သင့်လျော်ပါပေသည်။

---

# ဘာသာ-သာသနာပြုလမ်းညွှန်

## တရားချီး

## အာသီသဂါထာ

●

ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊
ဟိတာယ သဗ္ဗပါဏိနံ။

ဧတေန သစ္စဝဇ္ဇေန၊
နိရောဂါ ဟောန္တု သာဓဝေါ။

လောကေ၊ ကာမ,ရူပ,အရူပ-ဟု ဘဝသုံးထပ် ဘုံသုံးရပ်၌။ သဗ္ဗပါဏိနံ၊ လုံးစုံများစွာ သတ္တဝါတို့၏။ ဟိတာယ၊ မယုတ်တိုးပွား အကျိုးများခြင်းငှာ။ ဗုဒ္ဓေါ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ သမုပ္ပန္နော၊ ဥဒည်တောင်စွန်း နေစက်ဝန်း ကဲ့သို့ ဖြစ်ထွန်း ပေါ်ပေါက်တော်မူခဲ့လေသတည်း။

ဧတေန သစ္စဝဇ္ဇေန၊ ဤသို့ထုတ်ပြန် ဟုတ်မှန်စွာ ဆိုရတဲ့ သစ္စာစကား ကြောင့်။ သာဓဝေါ၊ ဟောဒီ-တရားပွဲကြီးသို့ ဝှဲချီးရောက်ညောင်း တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့သည်။ နိရောဂါ၊ ရောဂါမငြိ, ဘေးမထိ ကြကုန်သည်။ နိရောဂါ၊ ရောဂါကင်းပျောက်, ဘေးမရောက် ကြကုန်သည်။ ဟောန္တု၊ စင်စစ်မသွေ ဖြစ်ကြပါစေသတည်း။

### ဒါနခန်း

ဒကာစိန်။

ဘုရား။

ဟောဒီ သာသနာတော်မြတ်ကြီးကို အစစွာ ပြုစုတည်ထောင်တော်မူသွားတဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာ ဒါနကို အစထားပြီးတော့ ကြီးကြီးစားစား ပါရမီတော်များကို ဖြည့်ကျင့်တော်မူခဲ့တယ် မဟုတ်လား။

မှန်ပါ-ဟုတ်ပါတယ် ဘုရား။

အဲသလို ဒါနကိုအစထားပြီးတော့ ကြီးကြီးစားစား ပါရမီတော်များကို ဖြည့်ကျင့်တော် မူခဲ့တဲ့အတွက် အခုလို ဘုရားအဖြစ်သို့ ရောက်တော်မူပြီးလျှင် ဟောဒီ သာသနာတော် မြတ်ကြီးကို ပြုစု တည် ထောင် တော် မူ ခဲ့ နိုင် တယ် မဟုတ်လား။

မှန်ပါ့ဘုရား။

ထိုကဲ့သို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာ ပါရမီတော်များကိုဖြည့်ကျင့်တော်မူစဉ်က ဒါနကိုအစထားပြီးတော့ ပါရမီတော်များကို ဖြည့်ကျင့်တော်မူခဲ့တဲ့အတွက် အဲဒီ-ဒါန ပါရမီတော်မြတ်ကြီးကို ချီးမွမ်းသော အားဖြင့် ဗုဒ္ဓရှင်တော်မြတ်ကြီး သာသနာပြုစု တည်ထောင်တော်မူခဲ့ပုံများကို မဟောကြားသေးမီ အဲဒီ ဒါနအကြောင်းကို ဟောကြားမယ်၊ နားထောင်ကြပေတော့။

မှန်ပါ-နားထောင်ကြပါမယ် ဘုရား။

ဒါနအစွမ်း၊ လက်ရှိုးတန်းဖို့၊ ဆုံးခန်းရောက်ဖွယ်၊ ဤကျမ်းငယ်က အဘယ်ထုတ်ချောက်၊ ရေးသားလောက်လိမ့်-တဲ့ ဒကာစိန်ရှဲ။

မှန်ပါဘုရား။

အဲဒါကြောင့် ဒါနရဲ့ အစွမ်း၊ ဒါနရဲ့ ဂုဏ်ကျေးဇူးတွေ၊ ဒါနရဲ့ အကျိုးတွေကို....

တေဇော်နိသင်၊အဘင်တင်ကို၊ ကုန်စင်ပြောပ၊ ချီးမွမ်းရမူ၊ မြသမုဒ်ရေ၊ ပေ ပထဗျာ၊ စုတ်မှာနေရှုံ၊ လုံးစုံမလောက်၊ ဆုံးကုန်ပျောက်၍....

လို့ ဆိုတဲ့အတိုင်း ရေးသားလို့ပင် လောက်နိုင်စရာမရှိဘူးတဲ့ ဒကာစိန်ရှဲ။

မှန်ပါဘုရား။

ဒါကြောင့် ''အဘယ်ထုတ်ချောက်၊ ရေးသားလောက်လိမ့်''တဲ့။

မှန်ပါဘုရား။

နှိုင်းထောက်ကြံခြယ်၊ ညာဏ်မမယ်တို့၊ စိတ်ဝယ်ဝိုးဝါး၊ မထင်မှားနှင့်တဲ့။

မှန်ပါဘုရား။

အဲ-ပိဋကတ်ကျမ်းဂန်ကို ညာဏ်မမီတဲ့ ပုဂ္ဂိုလ်များက ဒါနဟာ သံသရာရှည်တယ်လို့ အထင်မမှားကြနဲ့တဲ့ ဒကာစိန်ရှဲ။

မှန်ပါဘုရား။

သံသရာ အရှည် အတိုင်ယ် ဒါနကို ရိုးမယ် မဖွဲ့သင့်ဘူး၊ ဒါနကြောင့် သံသရာရှည်တာလဲ မဟုတ်ပါဘူး။အမှန်မှာတော့ သံသရာဆိုတာဟာ''သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ''လို့ ဟောတော်မူထားတဲ့ အတိုင်း ရုပ်, နာမ် နှစ်ပါးဖြစ်ရတဲ့ လူ, နတ်, ဗြဟ္မာဖြစ်ရတဲ့ ဒုက္ခသစ္စာကို သံသရာလို့ ခေါ်ပါတယ်။

မှန်ပါဘုရား။

အဲဒီ-ရုပ်,နာမ်နှစ်ပါးဖြစ်ရတဲ့ လူ,နတ်,ဗြဟ္မာဖြစ်ရတဲ့ ဒုက္ခသစ္စာကိုလဲပဲ ယာယံ တဏှာ ပေါနောဗ္ဘဝိကာ နန္ဒိရာဂသဟဂတာ တတြတတြာဘိနန္ဒိနီ-လို့ ဟောတော်မူထားတဲ့အတိုင်း ဒါနကို ပြုစဉ်အခါတုန်းက အဲဒီ လူ, နတ်, ဗြဟ္မာခဲ့အဖြစ်ကို လိုချင်တဲ့ တဏှာဇောတွေကြောင့်သာ ''ယူတွင်ပါ၍ နွားကျားကိုက်'' ဆိုတာလို ဖြစ်ရတာလို့ မှတ်ရမယ်။

မှန်ပါ-ဟုတ်ပါတယ်ဘုရား။

ဒါ့ကြောင့် ''စိတ်ဝယ်ဝိုးဝါး၊ မထင်မှားနှင့်၊ ဘုရားဆူဆူ၊ ဒါနကူမှ၊ သုံးလူသင်္ချစ်၊ ကေန်ဖြစ်၍၊အသစ်တရား၊ ဟောဖော်ထားလျက်၊အများဝေနေ၊ ကျွတ်လွှတ်စေ၏''တဲ့။

မှန်ပါ့ဘုရား။

ဂင်္ဂါဝါဠု သဲစုမျှမက ပွင့်တော်မူသွားကြတဲ့ ဘုရားကိုယ်တော်မြတ်များမှာ ဒါနကို အစထားပြီးတော့ ပါရမီဖြည့်ကျင့်ရတယ် မဟုတ်လား။

ဟုတ်ပါတယ်ဘုရား။

အဲသလို ဒါနကို အစထားပြီး ပါရမီ ဖြည့်ကြလို့ ဒါနရဲ့အကူအညီကို ရကြလို့ ဘုရားဖြစ်တော်မူကြပြီးလျှင် သတ္တဝါအများကို တရားပြသ ချွေချွတ်တော်မူကြရတယ်တဲ့-ဒကာစိန်ရဲ့။

မှန်ပါ့ဘုရား။

အဲ-ဒါ့ကြောင့် ''ဒါနကူမှ၊ သုံးလူသင်္ချစ်၊ ကေန်ဖြစ်၍၊ အသစ်တရား၊ ဟောဖော်ထားလျက်၊ အများဝေနေ၊ ကျွတ်လွှတ်စေ၏၊ ထွေထွေမြားမြောင်၊ ဒါနဆောင်သော်၊ ပြောင်ကလက်လက်၊အရောင်ထွက်သို့၊ခေါင်ထက်ခေါင်နင်း၊ ဖြစ်ကြခြင်းနှင့်''တဲ့။

မှန်ပါ့ဘုရား။

အဲဒီ ဒါနက အကျိုးပေးပြီလားလို့ဆိုရင် ''ဒါနတော ဘောဂဝါ'' လို့ ဟောတော်မူထားတဲ့အတိုင်း ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝလျက် ပြောင်တလက်လက် အရောင်ထွက်နိုင်တယ်တဲ့-ဒကာစိန်ရဲ့။

မှန်ပါ့ဘုရား။

ဒါ့ကြောင့် ''ဒါနဆောင်သော်၊ ပြောင်တလက်လက်၊အရောင်ထွက်သို့၊ ခေါင်ထက်ခေါင်နင်း၊ ဖြစ်ကြခြင်းနှင့်၊ယင်းသည့်ဒါန၊မပါကြသည့်၊ဒုက္ခသည်စု၊ တွေ့တိုင်းရှု၍''တဲ့။

မှန်ပါ့ဘုရား။

အဲသလို ဒါနကုသိုလ် မပါပြီလားဆိုရင် နိဗ္ဗာန်မရသေးခင် စပ်ကြားဘဝများဝယ် လူပဲဖြစ်ဖြစ်၊ နတ်ပဲဖြစ်ဖြစ် မျက်နှာငယ်ကလေးတွေနဲ့ နေရတယ်တယ်တဲ့-ဒကာစိန်ရဲ့။

မှန်ပါ့ဘုရား။

လူဖြစ်ပြန်ရင်လဲ လူမွဲ၊ နတ်ဖြစ်ပြန်လဲ နတ်မွဲ၊ ယုတ်စွအဆုံး ခွေးဖြစ်တာတောင်မှ အစားအစာမရှိတဲ့ ခွေးမွဲဘဝ ဖြစ်ရတတ်တယ်တဲ့။

မှန်ပါ့ဘုရား။

ဒါ့ကြောင့် ဟောဒီလက်ာကလေး နှစ်ပုဒ်ကို ရအောင်လိုက်ဆိုကြ။

(၁) ဒါနမပါ၊ဖြစ်လေရာ.မွဲသာနေရတော့လေသည်။

(၂) ဒါနပါက၊ဖြစ်လေရာ၊ဥစ္စာပစ္စည်းပေါလေသည်။

အဲဒါကြောင့် ဟောဒီနေရာကနေပြီးတော့ အသင်ပါရမီရှင် အပေါင်းတို့လဲ နည်းမျှားမဟူ ဒါနဆိုတဲ့ကုသိုလ်ကို ကြည်ဖြူစွာ ပြုလုပ်အားထုတ် နိုင်ကြပါစေ၊ လှူဒါန်းနိုင်ကြပါစေ၊ လှူဒါန်းကြပ လို့ဆိုတာကို အထူးတိုက်တွန်းလိုက်ပါတယ်။

ကိုင်း.... နားထောင်ကြ။

ဒါနအစွမ်း၊ လက်ရုံးတန်းဖို့၊ ဆုံးခန်းရောက်ဖွယ်၊ ဤကျမ်းငယ်က၊ အဘယ် ထုတ်ချောက်၊ ရေးသား လောက်လိမ့်၊ နိုင်းထောက်ကြံခြယ်၊ ဉာဏ်မမယ်တို့၊ စိတ်ဝယ်ဝိုးဝါး၊ မထင်မှားနှင့်၊ ဘုရားဆူဆူ၊ ဒါနကူမှ၊ သုံးလူသက်ကျစ်၊ ကေန် ဖြစ်၍၊ အသစ်တရား၊ ဟောဖော် ထားလျက်၊ အများဝေနေ၊ကျွတ်လွတ်စေ၏၊ထွေထွေမြားမြောင်၊ဒါနဆောင်သော် ပြောင်တလက်လက်၊ အရောင်ထွက်သို့၊ ခေါင်ထက်ခေါင်နင်း၊ ဖြစ်ကြခြင်းနှင်၊ ယင်းသည့်ဒါန၊မပါကြသည့်၊ဒုက္ခသည်စု၊တွေ့တိုင်းရှု၍၊ လှူမှုအားကိုး၊ဒါနမျိုးကို၊ကြိုးစားမယုတ်၊အားထုတ်ကြရမည်ပေတည်း။

(မဟာဂန္ဓာရုံဆရာတော်)

(၁) ဤတွင် တခန်းရပ် အဘိဓမ္မာတပ်နိုင်ပြီ။

---

## ဗုဒ္ဓရှင်တော်မြတ်ကြီး ဖြစ်ပေါ်လာပုံအခန်း

ဗုဒ္ဓရှင်တော်မြတ်ကြီး ဖြစ်ပေါ်လာပုံနှင့် အစစ္စာ သာသနာပြုတော်မူခဲ့ပုံများ ဤသာသနာတော်ကြီး တည်ထောင်လာခဲ့ပုံများကို ဟောကြားတော့မယ်၊ နားထောင်ကြ။

ဗုဒ္ဓရှင်တော်မြတ်ကြီးဟာ ဒါန စတဲ့ ပါရမီ ဆယ်ပါး, အပြားသုံးဆယ်၊ စွန့်ခြင်းကြီးကို ငါးပါး၊စရိယ သုံးပါး မြတ်တရားတို့ကို ဖြည့်ကျင့်တော် မူပြီး၍ ပါရမီပြည့်ပြီးတဲ့အခါမှာ ဟို-တုသိတာနတ်ဘုံဝယ် ''သေတကေတု'' အမည်ရှိတဲ့ နတ်မင်း၏အဖြစ်နှင့် နတ်တို့၏အရေအတွက်အားဖြင့် အနှစ်လေးထောင်၊လူတို့၏ အရေအတွက်အားဖြင့် ငါးဆယ်ခုနစ်ကုဋေနှင့် အနှစ်ခြောက်သန်း ကြာအောင် နတ်စည်းစိမ်များကို ခံစား-စံစား၍ နေတယ်တဲ့-ဒကာစိန်ဂှဲ။

မှန်ပါ့ဘုရား။

အဲ-ထိုအခါ နတ်ဗြဟ္မာအပေါင်းတို့က ''ကြီးမြတ်သော လုံ့လရှိတော်မူသော အလောင်းနတ်သား-ဘုရားဖြစ်ချိန်တန်ပါပြီ၊လူ့ပြည်သို့ဆင်း၍ ဘုရားဖြစ်တော်မူပါ'' လို့ တောင်းပန်ကြတဲ့အတွက် ဟောဒီဇမ္ဗူဒိပ်ကျွန်းရဲ့ အလယ်ချက်မဖြစ်တဲ့ မဇ္ဈိမဘိုက်ဋ္ဌနိုင်ငံ ကပိလဝတ်မြို့ ဘုရင် သုဒ္ဓေါဒန မင်းတရားကြီး၏ တောင်ညာစံ အဂ္ဂမဟေသီမိဖုရားခေါင်ကြီးရဲ့ဝမ်းဝယ် ပဋိသန္ဓေယူတော်မူတယ်တဲ့။ မှန်ပါ့ဘုရား။

အဲဒီ-ပဋိသန္ဓေယူတဲ့နေ့ကတော့ ''ကြွက်''အမှတ်အသားဖြင့် မှတ်သားထားတဲ့ ကြာသပတေးနေ့တဲ့-ဒကာစိန်ရဲ့။

မှန်ပါ့ဘုရား။

ဒါ့ကြောင့်-ဟောဒီကဗျာကိုလိုက်ဆို။

လောင်းတော်ညွှန့်ဖူး-ကွန့်မြူးဉာဏ်ယဉ်၊တုသိမြနန်း-ကြွလှမ်းစံစဉ်။

ဗြဟ္မာ့နတ်များ-ညွှတ်တွားပန်ဆင်၊နေ့ကြွက်မင်း-သက်ဆင်းသန္ဓေယှဉ်။

ထို့အပြင် လယ်တီဆရာတော်ဘုရားကြီးကလဲ-

သုံးလူ့ရှင်ပင်၊ ကျွန့်ထိပ်တင်၊ သောင်းခွင် စကြဝဠာ၊ နတ်,ဗြဟ္မာတို့၊ ညီညာရုံးစု၊ တောင်းပန်မှုကြောင့်၊ ရတုနဂိုရ်၊ ရွှန်းရွှန်းစိုသည်၊ ဝါဆိုလပြည့်၊ ကြွက်မင်းနေ့ဝယ်၊ ချမ်းမြေ့ကြည်ဖြူ၊ သန္ဓေယူသည်၊ နတ်လူငြိမ်းဖို့ ကိန်းပါကို....တဲ့။

အဲသလို ဘုရင်သုဒ္ဓေါဒန မင်းတရားကြီး၏ တောင်ညာစံ အဂ္ဂမဟေသီမိဖုရားခေါင်ကြီးဖြစ်တဲ့ မယ်မာယာရဲ့ ဝမ်းဝယ် ပဋိသန္ဓေ နေတော်မူခဲ့ပြီးသည့်နောက် ဆယ်လစေ့လေရာ၊ မယ်တော်မာယာဟာ ဆွေတော် မျိုးတော်များနေတဲ့ ဒေဝဒဟပြည်သို့ သွားလိုတဲ့စိတ်ရှိတဲ့အတွက် သုဒ္ဓေါဒနမင်းကြီးထံ ခွင့်ပန်၍ ထွက်တော်မူလေရာ၊ လုမ္ဗိနီခေါ်တဲ့ အင်ကြင်း ဥယျာဉ်တော် ရောက်တဲ့အခါ အင်ကြင်းခက်ကို ကိုင်လျက် အလောင်းတော်ဘုရားကို မီးရှူး ပန့်စင် ဖွားမြင်တော်မူတယ်တဲ့။ မှန်ပါ့ဘုရား။

အဲဒီ ဖွားမြင်တဲ့နေ့ကတော့ ''ပူး''အမှတ်အသားဖြင့် မှတ်သားထားတဲ့ သောကြာနေ့ဖြစ်တယ်။

ဒါ့ကြောင့် အလောင်းတော်ဘုရားဟာ မဟာသက္ကရာဇ် ၆၈-ခု၊ကဆုန်လပြည့် သောကြာနေ့မှာ ဖွားမြင်တယ်လို့ မှတ်ရမယ်။ မှန်ပါ့ဘုရား။

လိုက်ဆို။

သုဒ္ဓေါမင်းမြတ် - နှင်းအပ်ဒေဝီ၊
မာယာမယ်ဖွား - နွယ်အားသာကီ။
ဝမ်းတော်လွယ်ရ - ဆယ်လ,ကြာရှည်၊
ပူးမင်းနေ့....ဖွား၍ အောင်သံချီ။

ထိုအပြင် လယ်တီဆရာတော်ဘုရားကြီးကလဲ....

သန္ဒေယူကာ၊ ဆယ်လကြာသော်၊မဟာသက္ကရာဇ်၊ခြောက်ဆယ့်ရှစ်ကြုံ၊ ကဆုန်လပြည့် သောကြာနေ့ဝယ်၊ ချမ်းမြေ့စုံစီ၊ လုမ္ဗိနီဒွ၊ မဟီလှိုက်ဆူ၊ ဖွားတော်မူသည်၊ နတ်,လူအောင်မြို့လမ်းပါကို....တဲ့။

အဲသလို ဖွားမြင်ပြီးတဲ့နောက် မြောက်အရပ်သို့ ခုနစ်ဖဝါး လှမ်း၍ မတ်မတ်ရပ်တန့်ပြီးလျှင်....

အဂ္ဂေါ ဟမသ္မိ လောကဿ။

ဇေဋ္ဌော ဟမသ္မိ လောကဿ။

သေဋ္ဌော ဟမသ္မိ လောကဿ။

လို့ စကားသုံးခွန်း ကြုံးဝါးတော်မူတယ်တဲ့။

မှန်ပါ့ဘုရား။

ဟောဒီနေရာမှာ မှတ်ချက်ထားဖို့ရန်ကတော့ ဗုဒ္ဓရှင်တော်မြက်ကြီးဟာ မဇ္ဈိမတိုက်, ဇမ္ဗူဒီပနိုင်ငံသားပဲ။ မြို့ကတော့ ကပိလဝတ် မြို့တော်ပဲ၊ ခမည်းတော်က ဘုရင် သုဒ္ဓေါဒန မင်းတရားကြီး။ မယ်တော်က အဂ္ဂမဟေသီဖြစ်တဲ့ မာယာမိဖုရားကြီးပဲဆိုတာကို သေချာစွာ မှတ်ချက်ထားရမယ်။

မှန်ပါ့ဘုရား။

ဟောဒီနေရာမှာ အလောင်းတော်ဘုရား ဖွားမြင်တော်မူသည်နှင့်တပြိုင်နက် ဖွားမြင်ကြတဲ့ ဖွားဘက်တော်များကတော့-

၁။ ဒေဝဒဟပြည်ဘုရင် သုပ္ပဗုဒ္ဓမင်းရဲ့ မိဖုရား အမိတာမှ ဘဒ္ဒကစ္စာနာ ယသော်ဓရာမင်းသမီးကို ဖွားမြင်တယ်။

၂။ ဘထွေးတော် အမိတောဒနမှ အာနန္ဒာမင်းသားကို ဖွားမြင်တယ်။

၃။ ဆန္နအမတ်။

၄။ ကာဠုဒါယီ။

၅။ ကဏ္ဍကမြင်းတို့လဲ ဖွားမြင်ကြတယ်-တဲ့။

မှန်ပါ့ဘုရား။

ပီးတော့....

၆။ ဟို- မဇ္ဈိမဒေသ ယခု မဟာဗောဓိနေရာမှာ မဟာဗောဓိပင်ပေါက်သတဲ့။

၇။ ရွှေနန်းတော်အတွင်းမှာရွှေအိုးကြီးလေးလုံးပေါ်သတဲ့ ဒကာစိန်ရဲ့။ မှန်ပါ့ဘုရား။

ဒါကြောင့် ဟောဒီဆောင်ပုဒ်ကလေးကို လိုက်ဆိုပြီးတော့ မှတ်ချက်တခု ထားကြနော်။

၁။ ကာဠု-ယသော်၊ ညီတော်-ဆန္န၊ ကဏ္ဍက၊ သောဏ္ဏ-ဗုဒ္ဓဟော့။

၂။ ဖွားဘက်တော်မြတ်၊ ခုနစ်ရပ်၊ မှတ်ကြမျိုးလေးထွေ။

အဲသလို အလောင်းတော်ဘုရား ဖွားမြင်ပြီးနောက် အသက်တော် တဆယ့်ခြောက်နှစ်အရွယ်ရောက်တဲ့အခါ ယသော်ဓရာမင်းသမီးကို သာကီဝင်မင်းသမီးပေါင်း လေးသောင်းတို့၏ထိပ်ထား မိဖုရားခေါင်အရာမြှောက်စား၍ အလောင်းဘုရားနှင့်အတူ ဘိသိက်ခံယူတော်မူပြီးလျှင် ယသော်ဓရာ စုဖုရားနှင့် ရွှေနန်းသုံးဆောင်ဖြင့် မင်းစည်းစိမ်ကို စံမြန်းတော်မူတယ်တဲ့။

မှန်ပါဘုရား။

အဲ-သို့ကလို ထီးနန်းစည်းစိမ်ကို စံမြန်းတော်မူစဉ် သက်တော် နှစ်ဆယ့်ကိုးနှစ်သို့ရောက်၍ ဉယျာဉ်တော်သို့ ထွက်တော်မူတဲ့အခါ သူအို-သူနာ-သူသေ-ရဟန်းတည်းဟူသော နိမိတ်ကြီးများကို မြင်တော်မူတဲ့အခါ သံဝေဂဖြစ်တော်မူပြီးလျှင် ''ရာဟုလာ''သားတော်ကလေး ဖွားမြင်တဲ့နေ့ ညဥ့်သန်းခေါင်အချိန်မှာ တောထွက်တော်မူတယ်တဲ့။

မှန်ပါဘုရား။

အဲဒီ တောထွက်တော်မူတဲ့ နေ့ကတော့ ''ကျား'' အမှတ်အသားဖြင့် မှတ်သားထားတဲ့ တနင်္လာနေ့ ဖြစ်တယ်တဲ့။

မှန်ပါဘုရား။

ဒါ့ကြောင့်.... လိုက်ဆို။

သွင်မူချောလျှပ်-သောင္ဂသ်ချိန်ညီ၊
ယသော်နှုထွား-စုလျှားပြိုင်ပြီ။
ရာဟုသားမြတ်-ဖွားလတ်ပြန်သည်၊
ကျားမင်းရက်-တောထွက် နော်မာဆီ။

ထို့အပြင် လယ်တီဆရာတော်ဘုရားကြီးကလဲ-

ဖွားမြင်ခြောက်သော်၊ ဆယ့်ခြောက်နှစ်ရွယ်၊ ပျိုနုနယ်၌၊ သုံးသွယ်ရွှေနန်း၊သိမ်းမြန်းပြီးလစ်၊ ဆယ့်သုံးနှစ်လျှင်၊ ဘုန်းသစ်လျှံလူ၊စံတော်မူ၍၊ ရွယ်မူနုဖြိုး၊ နှစ်ဆယ့်ကိုးဝယ်၊ လေးမျိုးနိမိတ်၊ နက်ပြဟိတ်ကြောင့်၊ ရွှေစိတ်ငြင်ငြို၊ သံဝေပိုက၊ ဝါဆိုလပြည့်၊ ကျားမင်းနေ့ဝယ်၊ချမ်းမြေ့ရဂုံ၊ တောရပ်လှုံသည်၊စုံမြိုင်ပင်ရိပ် ခမ်းမှာကို....တဲ့။

အဲသလို တောထွက်တော်မူလာပြီးနောက်၊ အနော်မာမြစ်ရဲ့ ဟိုဖက်ကမ်း အရောက်တွင် သဲသောင်ပြင် မှာနေတော်မူလျက် သန်လျက်ဖြင့် ဆံတော်ကို ပယ်တော်မူပြီး လျှင် ဃဋီကာရ ဗြဟ္မာမင်း ဆက်သလာတဲ့ ရဟန်းပရိက္ခရာ ကြာသကန်းကိုဆင်မြန်း၍ ရဟန်းပြုတော်မူတဲ့အခါ ဆန္နအမတ်ကို တိုင်းပြည်သို့ ပြန်လွှတ်၍ ကိုယ်တော်မြတ်ကား ထိုအရပ်မှ ဒေသစာရီ ကြွချီတော်မူပြီးလျှင် တောအုပ်တခုခြ်နေထိုင်ကြတဲ့ အာဠာရနှင့် ဥဒကရသေ့တို့ထံဝင်ပြီး တရားထူးကို စုံစမ်းရာ လောကီစျာန်သမာပတ်လောက်သာထိုရသေ့တို့ထံမှရရှိသဖြင့်တင်းတိမ် အားရတော်မမူတဲ့အတွက် ဥရုဝေဠတောသို့ ကြွတော်မူပြီးလျှင် ''ဒုက္ကရစရိယာ အကျင့်''လို့ ခေါ်တဲ့ အကျင့်ကို ကျင့်တော်မူလေရာ၊ အစာအာအစာကိုပင် မစား တော့ပဲ ပဲရည်ဆီးသီးရည် စသည်မျှကိုသာ သုံးဆောင်တဲ့အတွက် ကိုယ်တော် မြတ်မှာ အသွေးအသားဆုတ်ယုတ်ပြီး ညှိုမဲ ခြောက်ကပ်၍ နေပါယ်တဲ့။ဤကဲ့သို့ ပင် ကျင့်သော်လဲ ဘုရားမဖြစ်ဘူးတဲ့-ဒကာစိန်ရဲ့။

မှန်ပါဘုရား။

ကျင့်နည်း မမှန်သေးတာကလဲ တကြောင်း၊ ဝဋ္ဋမတော်လိုက်တာကလဲ တကြောင်း၊ဘုရားဖြစ်ရမဲ့မြေနေရာမဟုတ်သေးတာကလဲတကြောင်းတို့ကြောင့် ဤကဲ့သို့ ပင်ပန်းဆင်းရဲစွာ ကျင့်တော်မူလိုက်တာဟာ ခြောက်နှစ် တိုင်တိုင် ကြာသွားတယ်တဲ့။ ဒါပေမဲ့ ဘုရားမဖြစ်ဘူးတဲ့။

မှန်ပါဘုရား။

ထိုအခါ အလောင်းတော်မြတ်စဉ်းစားဆင်ခြင်တော်မူသည်မှာ၊ထိုကဲ့သို့ အတိုင်းထက်အလွန် ခန္ဓာကိုယ်ကို အပင်ပန်းခံ၍ကျင့်ခြင်းဟာ သမာဓိရနိုင်ဖို့ရန် နည်းလမ်းမဟုတ်သေးဘူးလို့ စဉ်းစားဆင်ခြင်တော်မူပြီးသကာလ ကိုယ်ခန္ဓာ မျှတဖို့ရန်အတွက် ထိုဥရုဝေဠတောရဲ့အနီးဖြစ်တဲ့ သေနာနိဂုမ်းသို့ ဆွမ်းခံဝင်ပြီး အာဟာရများကို မှီဝဲပြန်တဲ့အခါ၊ မကြာမီပင် အားအင် တိုးပွား၍ ပင်ကိုက အတိုင်း ဖြစ်လာပြန်တယ်တဲ့။

မှန်ပါဘုရား။

အဲဒီအခါ အလုပ်အကျွေးဖြစ်တဲ့ ပဉ္စဝဂ္ဂီငါးဦးတို့က ''ဘုရားဖြစ်မှာ မဟုတ်တော့ပါဘူး''လို့ အောက်မေ့ကြပြီးလျှင် ဗာရာဏသီပြည်အနီး ''ဣသိ ပတန မိဂဒါဝုန်တော''ဆီသို့ ပြောင်းရွှေ့သွားကြတယ်တဲ့။

မှန်ပါဘုရား။

အဲသလို ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယာ အကျင့်ကို ကျင့်တော်မူပြီး နောက် သက်တော် သုံးဆယ့်ငါးနှစ်သို့ရောက်တဲ့အခါ၊ မဟာသက္ကရာဇ် ၁၀၃-ခု၊ က ဆုန် လ ပြည့် နံနက် ခပ်စောစောတွင် သေနာနိဂုမ်း၏အနီး အလွန်တရာ ကြီးမားတဲ့ ညောင်ပင်ကြီးတပင်၏အရင်း၌ ထိုင်နေတော်မူတယ်တဲ့။

မှန်ပါ့ဘုရား။

အဲဒီအခါ သေနာနိဂုမ်းသူ သဌေးကတော်ကလေး သုဇာတာက နို့ဃနာဆွမ်းကို ရွှေခွက်ပါ လာ၍ လှူတယ်တဲ့။

မှန်ပါ့ဘုရား။

အဲဒီ နို့ဃနာဆွမ်းကို ရွှေခွက်ပါ လှူပြီးလျှင် နေရဥ္စရာမြစ်ဆိပ်သို့ သွား၍ လေးဆယ့်ကိုးလုပ်မျှဘုဉ်းပေးတော်မူပြီးလျှင် ရွှေခွက်ကို ''ဘုရားဖြစ်မည်မှန်လျှင် ဤရွှေခွက်သည် ရေညာသို့ဆန်တက်စေသား'' လို့ ဓိဋ္ဌာန်၍ မြစ်ထဲသို့မျှောလိုက်တယ်တဲ့။

အဲ-ထိုအခါ ရွှေခွက်ဟာ ရေညာသို့ ဆန်သွားပြီးလျှင် ကာဠနဂါးမင်းရဲ့ ဗိမာန်၌ တည်တယ်တဲ့။

မှန်ပါ့ဘုရား။

အလောင်းတော်မြတ်လဲ နေရဥ္စရာမြစ်ကမ်းအနီးရှိ အင်ကြင်းတောဝယ် နေ့လယ် ခင်း သီ တင်း သုံး တော် မူ ပြီး လျှင် ညချမ်းအချိန်တွင် ဗောဓိပင်သို့ ကြွတော်မူလေရာ လမ်းခရီးအကြား၌မြက်ထမ်းသမား သောတ္ထိယ(မောင်ချမ်းသာ)ထံမှ သုဒ္ဓိယ(မောင်စင်)ထံမှလို့လဲဆိုနိုင်တယ်၊ နှစ်မျိုးရှိတယ်၊အဲဒီသူထံမှ မြက်ဆုပ်ကိုအလှူခံခဲ့၍ မဟာဗောဓိပင်သို့ ရောက်တဲ့အခါ မဟာဗောဓိပင်၏ အရှေ့ဘက်အရပ်၌ မြက်များကို ခင်းတော်မူပြီးလျှင် ထိုမြက်ခင်းအပေါ်တွင် ထက်ဝယ်ဖွဲ့ခွေထိုင်နေတော်မူပြီးတော့ ကမ္မဋ္ဌာန်းကို အားထုတ်တော်မူတယ်တဲ့ ဒကာစိန်ရဲ့။

မှန်ပါ့ဘုရား။

အဲသလို ကမ္မဋ္ဌာန်းတရား ကို တညလုံးအားထုတ်တော်မူလိုက်တာ ကဆုန် လပြည့်နေ့အကုန် နေအရုဏ်တက်တော့မည့်ဆဲဆဲ အချိန်မှာ ဘု ရား အ ဖြစ်သို့ ရောက်တော်မူပါတယ်။

အဲဒီ ဘုရားဖြစ်တဲ့နေ့ကတော့ ''ဆင်'' အမှတ်အသားဖြင့် မှတ်သား ထားတဲ့ ဗုဒ္ဓဟူးနေ့တဲ့။

မှန်ပါ့ဘုရား။

ဒါ့ကြောင့်.... လိုက်ဆို။

ဥရုဝေဠ-ဟောမမြိုင်ပေါ်၊ခြောက်နှစ်ကျင့်သုံး-မြင့်ဘုန်းအမော်။

သစ္စာဖွင့်ပွဲ-တင့်ကဲအောင်သော်၊ဆင်မင်းနေ့-မမေ့မှတ်ဖို့နော်။

ထို့အပြင် လယ်တီဆရာတော်ဘုရားကြီးကလဲ-

တောရပ်မြိုင်ပေါ်၊ ခြောက်နှစ်ပျော်၍၊ ခါတော်တပုံ၊ ပွင့်ချိန်ကြုံက၊ ကဆုန်လပြေ၊ ဆင်မင်းနေ့ဝယ်၊မြေပရမေ၊ ပလ္လင်ဘွဲ့ထက်၊ရွှေညောင်တော်ကြီး၊ဗိဘာန်ထီးနှင့်၊မငြိုးကြည်ဖြူ၊ နေတော်မူလျက်၊ ရန်သူပခင်း၊ အမိုက်သင်းကို၊အရှင်းပယ်ဖျောက်၊ အလင်းပေါက်က၊ ထွန်းတောက်ဘုန်းတော်၊ သောင်းလုံးကျော်သည်၊ သုံးဘော်လူတို့ ငြိမ်းပါကို....တဲ့။

အဲဒါက "ဘုရားရတနာ"လို့ ခေါ်တဲ့ ဘုရားကိုယ်တော်မြတ်ကြီး ပေါ်ပေါက်တော်မူလာခဲ့ပုံပါပဲ။ အဲဒီ ဘုရားကိုယ်တော်မြတ်ကြီးဟာ သတ္တဝါအပေါင်းတို့၏အကျိုးငှာ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၄၈-နှစ်လောက်ကစပြီးတော့ ဖြစ်ထွန်းပေါ်ပေါက်တော်မူခဲ့ပါတယ်တဲ့၊ ဒါ့ကြောင့်-

ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊ ဟိတာယ သဗ္ဗပါဏိနံ။

ဗုဒ္ဓေါ၊သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူတဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ သမုပ္ပန္နော၊ ဥဒည်တောင်စွန်း နေစက်ဝန်းကဲ့သို့ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၄၈-နှစ်လောက်က စပြီးတော့ ဖြစ်ထွန်းပေါ်ပေါက်တော်မူခဲ့လေသတည်း။

အဲသလို ဘုရားကိုယ်တော်မြတ်ကြီး ဖြစ်ထွန်းပေါ်ပေါက်လာတဲ့အခါမှာ "တရားရတနာ"လို့ ခေါ်တဲ့ တရားတော်မြတ်တွေလဲ ဖြစ်ထွန်းပေါ်ပေါက်တော် မူလာတော့တာပဲတဲ့-ဒကာစိန်ရဲ့။

မှန်ပါ့ဘုရား။

ဒါ့ကြောင့်-

ဓမ္မော လောကေ သမုပ္ပန္နော၊ ဟိတာယ သဗ္ဗပါဏိနံ။

ဓမ္မော၊ မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်, ပရိယတ်ဟု ဆိုအပ်သော ဆယ်ပါးသောတရားတော်မြတ်သည်။ သမုပ္ပန္နော၊ဥဒည်တောင်စွန်း နေစက်ဝန်းကဲ့သို့ ဖြစ်ထွန်းပေါ်ပေါက်တော် မူခဲ့လေသတည်း။

(၂) ဤတွင် တခန်းရပ် အဘိဓမ္မာတစ်နိုင်ပြီ။

## ဓမ္မစကြာတရား ဟောတော်မူခန်း

အဲ- ဓမ္မစကြာတရား ဟောတော်မူပုံများကို ဟောကြားတော့ မယ်၊ နားထောင်ကြ။

အဲ-ထိုကဲ့သို့ ဘုရားဖြစ်တော်မူပြီးတဲ့အခါ အဲဒီ ဘုရားဖြစ်တော်မူရာဖြစ်တဲ့ ဗောဓိပင်နှင့် လေးထောင်ကွာ အရှေ့အရပ်မျက်နှာမှာပင် ခုနစ်ရက်တိုင်တိုင် ထက်ဝယ်ဖွဲ့ခွေ နေတော်မူလျက် ပဋိစ္စသမုပ္ပါဒ်တရားတော်များကို ဆင်ခြင်တော်မူတယ်။ မှန်ပါ့ဘုရား။

အဲသလို- ဗောဓိပင်၏ အနီးအနားတဝိုက်မှာပင်....

(၁) ပလ္လင်္ကသတ္တာဟ (ပလ္လင်တော်မှာနေတဲ့ ခုနစ်ရက်)

(၂) အနိမိသ သတ္တာဟ (ရပ်၍ မမှိတ်ပဲကြည့်)

(၃) စင်္ကမ သတ္တာဟ (စင်္ကြံ)

(၄) ရတနာဃရ သတ္တာဟ (ရတနာစံကျောင်း)

(၅) အဇပါလ သတ္တာဟ (ဆိတ်ကျောင်း ညောင်ပင်)

(၆) မုစ္စလိန္ဒ သတ္တာဟ (ကျီးပင်)

(၇) ရာဇာယတန သတ္တာဟ (လင်းလွန်းပင်)

ဆိုတဲ့ ခုနစ်သတ္တာဟ သီတင်းသုံး နေထိုင်တော်မူတယ်တဲ့။

မှန်ပါ့ဘုရား။

အဲဒီမှတဖန် ဒုတိယအကြိမ်မြောက် အဇပါလမည်တဲ့ ပညောင်ပင်ရင်းသို့ သွားရောက်နေထိုင်တော်မူ၍ တရားတော်များကို ဆင်ခြင်တော်မူနေတဲ့အခါ သဟမ္ပတိဗြဟ္မာမင်းကြီး ရောက်လာပြီးလျှင်....

ဒေသေတု ဘန္တေ ဘဂဝါ ဓမ္မံ၊ ဒေသေတု သုဂတော ဓမ္မံ။

ဘန္တေ၊ ရှင်ဘုန်းတော်သခင် အရှင်မြတ်ဘုရား။ ဘဂဝါ၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည်။ ဓမ္မံ၊ တရားတော်မြတ်ကို။ ဒေသေတု၊ ဟောကြားတော်မူပါဘုရား။

သုဂတော၊ကောင်းသောစကားကို ဆိုတော်မူတတ်သောမြတ်စွာဘုရားသည်။ ဓမ္မံ၊ တရားတော်မြတ်ကို။ ဒေသေတု၊ ဟောကြားတော်မူပါအရှင်ဘုရား။

လို့ တရားဟောတော်မူပါရန် အကြောင်း လျှောက်ထားတောင်းပန်တယ်တဲ့။

မှန်ပါ့ဘုရား။

အဲသလို သဟမ္ပတိ ဗြဟ္မာမင်းက လျှောက်ထား တောင်းပန်တဲ့အခါ ဘုရားကိုယ်တော်မြတ်ကြီးသည် တရားဟောဖို့ရာ ပုဂ္ဂိုလ်များကို ကြည့်ရှုတော်မူတယ်တဲ့။

မှန်ပါ့ဘုရား။

အဲ-ထိုအခါ ဒုက္ကရစရိယာ ကျင့်တော်မူစဉ်က ကိုယ်တော်မြတ်အား ဝတ်ကြီးဝတ်ငယ်တို့ဖြင့် ပြုစုလုပ်ကျွေးခဲ့ကြတဲ့ ပဉ္စဝဂ္ဂီငါးဦးကိုမြင်တော်မူတယ်။ အဲဒီတော့ ကျေးဇူးများတဲ့ ပုဂ္ဂိုလ်များ ဖြစ်ကြသည့် အားလျော်စွာ၊ ငါသည် ထိုသူတို့အား အဦးဆုံး တရားဟောကြားတော့မယ်လို့ နှလုံးသွင်းတော်မူပြီး သကာလ ထိုပဉ္စဝဂ္ဂီငါးဦးတို့နေထိုင်ရာ ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန် တောဆီသို့ ခြေလျင်ကြွချီတော်မူတယ်တဲ့။

မှန်ပါ့ဘုရား။

ဟောဒီနေရာမှာ မှတ်သားရန်ကတော့ မဟာဗောဓိပင်ဌာနနှင့် ဗာရာဏသီပြည်မှာ ဆယ့်ရှစ်ယူဇနာ ကွာဝေးတယ်တဲ့။

မှန်ပါ့ဘုရား။

တယူဇနာလျှင် မြန်မာတိုင် ခြောက်တိုင်နှင့် လေးရာတွင်းရှိတယ်။ လေးရာတွင်း ဆိုတာက ခုနစ်တောင်တာ လေးရာကို လေးရာတွင်းလို့ ခေါ်တယ်၊ သို့အတွက် တယူဇနာလျှင် မိုင်အားဖြင့် ဆယ့်နှစ်မိုင်နှင့် ခုနစ်တောင်တာ လေးရာ ရှိတယ်လို့ မှတ်ရမယ်။

မှန်ပါ့ဘုရား။

ဆယ့်ရှစ်ယူဇနာကို မိုင်ပေါင်း အဘယ်မျှလောက် ရှိတယ်ဆိုတာ တွက်ကြည့်ကြပေတော့။

ရှေးဘုရားရှင်တို့ကား ဓမ္မစကြာတရားဟောရန် မိဂဒါဝုန်သို့ ကြွတော်မူကြတဲ့အခါ ကောင်းကင်ခရီးဖြင့် ကြွတော်မူကြပါလျက် အခု ဘုန်းကြီးတို့ ဘုရားရှင်သည် ဤမျှလောက်ဝေးကွာတဲ့ခရီးကို ဘယ့်အတွက်ကြောင့် ခြေလျင် ကြွတော်မူပါသလဲဆိုရင် လမ်းခရီးအကြားမှာ "ဥပက"အမည်ရှိတဲ့ တက္ကဒွန်း ရဟန်းကြီးနှင့်တွေ့ပြီးတော့ နောင်သောအခါ ထို"ဥပက"ကြီးသည် အနာဂါမ် ဖြစ်လတ့်သည်ကို မြင်တော်မူတဲ့အတွက် ခြေလျင်ကြွတော်မူပါတယ်တဲ့။

မှန်ပါ့ဘုရား။

အဲသလို ခြေလျင်ကြွတော်မူတဲ့အခါ မဟာဗောဓိနှင့် ဂယာသီသ အကြား "ဥပက"အမည်ရှိတဲ့ တက္ကဒွန်းရဟန်းကြီးနဲ့ တွေ့စာပါပဲတဲ့။

မှန်ပါ့ဘုရား။

ဟောဒီနေရာမှာ မှတ်ချက်ကတော့ မဟာဗောဓိနှင့် ဂယာသီသဟာ သုံးဂါဝုတ် ကွာဝေးတယ်တဲ့။ သုံးဂါဝုတ်ဆိုတာ ဘယ်လောက်ရှိပါသလဲဆိုရင်-

ခုနစ်ထောင် တတာ၊ တာနှစ်ဆယ် တဥသဘ၊
ဥသဘရှစ်ဆယ် တဂါဝုတ်၊ လေးဂါဝုတ် တယူဇနာ။

လို့ ဆိုခြင်းကြောင့် သုံးဂါဝုတ်ဆိုလျှင် တယူဇနာလျော့လျော့လောက်လို့ မှတ်ရမယ်။ အဲဒီ ဥပကကြီးနှင့်တွေ့တဲ့အခါ ဥပကကြီးက နာမည်မေးတော့ ဘုရားရှင်က....

မာဒိသာ ဝေ ဇိနာ ဟောန္တိ၊
ယေ ပတ္တာ အာသဝက္ခယံ။
ဇိတာ မေ ပါပကာ ဓမ္မာ၊
တသ္မာဟ မုပက ဇိနော။

လို့ မိန့်တော်မူလျက် ဥပက-ရဲ့ ငါဘုရား၏ နာမည်ဟာ "ဇိန" လို့ မိန့်တော်မူလိုက်တယ်။

မှန်ပါ့ဘုရား။

အဲ-ဥပကကြီးလဲ"ဟုပေယျ ပါဝုသော"လို့ဆိုပြီး ခေါင်းညိတ်၍ လမ်းဖဲ သွားတာပဲတဲ့၊ အဲဒီအခါ"ဇိန"ဆိုတဲ့ နာမည်ကိုသာ မှတ်လိုက်ရတယ် ဘုရားနှင့် တွေ့မှန်း မသိရှာဘူးတဲ့၊ အချိန်က မကျသေးပေဘူးကိုး။

အဲဒီ ဥပကကြီးဟာ ဝင်္ဂနပုဒ် မုဆိုးရွာသို့ရောက်တဲ့အခါ စဏ္ဍာမိမုဆိုးကြီးရဲ့သမီး "မိစာပါ"နဲ့ ရပါရောတဲ့ ဒကာ-စိန်ရဲ့။

မှန်ပါ့ဘုရား။

အခုကာလ ခေါ်နေကြတာကတော့ "ဆာဝါ"လို့ ခေါ်နေကြတယ်။ စာမှာတော့ "စာပါ"လို့သာ ရှိတယ်။

မှန်ပါ့ဘုရား။

အဲသလို "မိစာပါ"နှင့် ရပြီးတဲ့နောက် သားတယောက် ဖွားမြောက်သတဲ့။

မှန်ပါ့ဘုရား။

အဲ-သားကလေးရဲ့ နာမည်ကတော့ "သုဘဒ္ဒ"တဲ့။

မှန်ပါ့ဘုရား။

အဲ-"စာပါ"ကလဲ ကလေးငိုတဲ့အခါ လင်သား ဥပကကြီးကို ထိပါးပြီး ကလေး ချော့လေ့ရှိသတဲ့ ဒကာ-စိန်ရဲ့။

မှန်ပါ့ဘုရား။

ဘယ်လိုလဲဆိုရင် ...

''နင့်ဘ ရှူးနှမ်း၊ ရဟန်းပေါ့ပျက်၊ ငါ့ကိုမက်၍၊လူထွက်လာသည်၊ပညာပေတုံး၊ ထမင်းဖြုံး၊ ကတုံးမွဲရှဲသား၊ ဟဲ့-အိပ်ပါတော့လား''။

အဲသလို ကလေးချော့လေ့ရှိသတဲ့ ဇကာ-စိန်ရဲ့။

မှန်ပါ့ဘုရား။

အဲသလို နေ့စဉ်နေ့တိုင်း ''မိစာပါ''က ပြောဆိုထိပါးလာတော့ ဥပကကြီးဟာ ရှက်လဲရှက် ''မိစာပါ''အပေါ် နာလဲနာပြီးတော့ ကိုင်း-ဒီလောက်မှ ငါ့အပေါ် ရက်ရက်စက်စက် ပြောဆိုချင်လှတဲ့မိန်းမ ကလေးတယောက်နှင့်သာ နေခဲ့ပေတော့လို့ ဆိုပြီးတော့ မိစာပါ မသိအောင် မဇ္ဈိမဒေသ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ထွက်သွားတယ်တဲ့၊ ဇေတဝန်ကျောင်းသို့ ရောက်တဲ့အခါ''ဇိန''ဘယ်မှာနေပါသလဲလို့ ရဟန်းတော်များကိုမေးတော့ ရဟန်းတော်များက ဥပကကြီးကို ဘုရားရှင်ထံ ခေါ်ဆောင်သွားကြတယ်တဲ့။

မှန်ပါ့ဘုရား။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးကလဲ ဥပကကြီးကို ရဟန်း ပြုတော်မူပြီး ကမ္မဋ္ဌာန်းများကို ပေးတော်မူတယ်တဲ့၊ ဥပက ရဟန်းလဲ ကမ္မဋ္ဌာန်းကိုကြိုးစားအားထုတ်တဲ့အတွက် အနာဂါမ်တည်ပြီး အသက်အတိုင်းနေ၍ စုတေတဲ့အခါ အဝိဟာဘုံသို့ ရောက်သွားတယ်တဲ့။

မှန်ပါ့ဘုရား။

အဲဒီ အဝိဟာဘုံမှာပင် ရဟန္တာ ဖြစ်တယ်တဲ့။

မှန်ပါ့ဘုရား။

အဲ-ဘုရားရှင်ကိုယ်တော်မြတ်လဲ ဥပကကြီးအား နာမည်ပြောကြားခဲ့ပြီးနောက် ခရီးဆက်၍ ကြွချီတော်မူလေရာ၊ ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တောကြီးထဲသို့ ရောက်တော်မူတယ်တဲ့။

မှန်ပါ့ဘုရား။

အဲဒီ မိဂဒါဝုန်တောကြီးထဲသို့ ရောက်တော်မူတဲ့အခါ အသင့်ခင်းထားအပ်သောနေရာ၌ ထိုင်တော်မူတယ်တဲ့၊ အဲဒီအခါ ပဉ္စဝဂ္ဂီတို့က မြတ်စွာဘုရားကို အမည်အားဖြင့်ရင်း,အာဝုသောဝါဒဖြင့်ရင်း ခေါ်ဝေါ်ပြောဆိုကြတယ်၊ ဒီတော့-ဘုရားရှင်ကိုယ်တော်မြတ်က....

မာ ဘိက္ခဝေ တထာဂတံ နာမေနစ အာဝုသောဝါဒေနစ သမုဒါစရထ။

ပဉ္စဝဂ္ဂီရဟန်းတို့-ငါဘုရားကို အမည်အားဖြင့်ရင်း, အာဝုသောဝါဒ ဖြင့်ရင်း မခေါ်ဝေါ် မပြောဆိုကြနဲ့လို့ မိန့်တော်မူတယ်၊ ဒါကြောင့်-မြတ်စွာ

ဘုရားကို''ရဟန်းဂေါတမ-ရဟန်းဂေါတမ''လို့ မခေါ်ဝေါ် မသုံးနှုန်းကြဖို့ရာ အထူးသတိပြုကြရမယ်။

မှန်ပါ့ဘုရား။

အဲ-ထိုနောက် ပဉ္စဝဂ္ဂီတို့ကို ဆက်လက်၍ မိန့်ကြားတော်မူသည်မှာ....

အရဟံ ဘိက္ခဝေ တထာဂတော သမ္မာသမ္ဗုဒ္ဓေါ၊ဩဒဟထ ဘိက္ခဝေ သောတံ၊အမတမဓိဂတံ၊ အဟမနုသာသာမိ၊အဟံ ဓမ္မံ ဒေသေမိ။

အို-ပဉ္စဝဂ္ဂီ ရဟန်းတို့ ငါကား ဘုရားဖြစ်တော်မူလာပြီ၊ အလုံးစုံသော တရားတို့ကို သိတော်မူပြီ။ အို-ပဉ္စဝဂ္ဂီရဟန်းတို့-သင်တို့ နားထောင်ကြနော်၊ ငါကား အမြိုက်နိဗ္ဗာန်တရားကို ရအပ်ပြီ၊ငါသည် သင်တို့ကို ဆုံးမမယ်၊ငါသည် သင်တို့ကို တရားဟောမယ်၊ သင်တို့ ရိုသေစွာ တရားနာကြ-လို့ မိန့်ကြားတော်မူတယ်။

အဲဒီအခါ ပဉ္စဝဂ္ဂီတို့က မယုံကြည်နိုင်ဘူးတဲ့၊''ငါ့ရှင်-သင်ဟာ ဟိုအခါ တုန်းက လဲအောင်ကျင့်တင်တောင်မှ ဘုရားမဖြစ်ပဲနဲ့ ယခု ဆွမ်းတွေကိုရှာစားပြီး တော့ အသားအရေတောင်မှ ပြည့်ဖြိုးနေပြီပဲ၊ အဘယ်မှာလျှင် သင် ဘုရား ဖြစ်နိုင်ပါ့မလဲ၊ 'ဘိက္ခဝေ'လေး ဘာလေးနှင့် ကျုပ်တို့ကို ဝါကြွားမနေပါနှင့်၊ ကျုပ်တို့ မယုံပါဘူးလို့ ပြောဆိုကြတယ်။

မှန်ပါ့ဘုရား။

အဲသလို သုံးကြိမ်တိုင်အောင် ပဉ္စဝဂ္ဂီရဟန်းများက ပယ်ရှားနေသော်လဲ မြတ်စွာဘုရားက သုံးကြိမ်တိုင်အောင်ပင် လိုက်လျော၍ တရားနာဖို့ရန် တိုက် တွန်းတော်မူတဲ့အခါ ပဉ္စဝဂ္ဂီ ရဟန်းတို့သည်....

အထခေါ ပဉ္စဝဂ္ဂိယာ ဘိက္ခူ ဘဂဝန္တံ သုဿူသိံသု၊ သောတံ ဩဒဟိံသု။

လို့ ဟောတော်မူထားတဲ့အတိုင်း တရားနာရန် ဝန်ခံကြတယ်တဲ့။

မှန်ပါ့ဘုရား။

အဲဒီအခါကျတော့မှ ဘုရားကိုယ်တော်မြတ်ကြီးက....

ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ၊ ကတမေ ဒွေ။ ယောစာယံ ကာမေသု ကာမသုခလ္လိကာ နုယောဂေါ ဟီနော ဂမ္မော ပေါထုဇ္ဇနိကော အနရိယော အနတ္ထသံဟိတော။ယောစာယံ အတ္တကိလ မထာနုယောဂေါ ဒုက္ခော အနရိယော အနတ္ထသံဟိတော။(ဧတေခေါ ဘိက္ခဝေ ဥဘော အန္တေ အနုပဂမ္မ) မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

စသည်ဖြင့် ဓမ္မစကြာတရားကို ဟောကြားတော်မူတယ်-ဒကာ့စိန်ရဲ့။

မှန်ပါ့ဘုရား။

အဲဒီ ဓမ္မစကြာတရားကို ၁၀၃-ခု၊ ဝါဆိုလပြည့်-စနေနေ့, နေဝင်စ အချိန်တွင် စ၍ဟောတော်မူတယ်။ဒါ့ကြောင့်-လိုက်ဆို။

ဗာရာဏသီကြင့်-တောတန်းမြိုင်ဘေ့၊မိဂဒါဝုံ-ခေါ်ပြုဋ္ဌာနေ။

ပဥ္စဝဂ်ပေါင်း-ထပ်လောင်းဒေဝေ၊ဓမ္မောစက်-ဟောမြွက်,နေ့စနေ။

ထိုအပြင် လယ်တီဆရာတော်ဘုရားကြီးကလဲ ...

ဘုရားဖြစ်ခါ၊ မိဂဒါသို့၊ စကြာရွှေဘွား၊ ဖြန့်ချီသွဒး၍၊ ငါးပါးဝဂ္ဂီ၊ စုံအညီနှင့်၊ မဟီတသောင်း၊ တိုက်အပေါင်းမှ၊ ခညောင်းကပ်လာ၊ နတ်, ဗြဟ္မာအား၊ ဝါဆိုလပြည့်၊ စနေနေ့ဝယ်၊ ကြွေ့ကြွေ့လျှံတက်၊ ဓမ္မစက်ကို၊ မိန့်မြွက်ထွေပြား၊ ဟောဖော်ကြားသည်၊ တရားနတ်စည် ရှမ်းတယ်ကို-တဲ့။

(၃) ဤတွင် တခန်းရပ် အဘိဓမ္မာတင်နိုင်ပြီ။

## ဓမ္မစကြာရှင်းတမ်းနှင့် သံဃာရတနာခေါ်, သံဃာတော်များ ပေါ်လာပုံအခန်း

အဲ - ဓမ္မစကြာ တရားတော်၌ (၁) အယုတ်တရား နှစ်ပါးကိုပယ်ကာ၊ (၂) အလယ်အလတ်ကျင့်စဉ်လမ်းကို လိုက်ပါ-တဲ့။

အယုတ်တရား နှစ်ပါးဆိုတာက....

(၁) ကာမသုခလ္လိကာ နုယောဂ-ကာမဂုဏ် ချမ်းသာကို ခံစားမှုတဲ့။ (လျော့လွန်းသည်)

(၂) အတ္တကိလမထာနုယောဂ- ကိုယ်ပင်ပန်းအောင် ညှဉ်းဆဲမှုကဲ့။ (တင်းလွန်းသည်)

အဲဒီ နှစ်ပါးကိုပယ်ပြီးတော့ သုံးနံပါတ်ဖြစ်တဲ့ အလယ်အလတ်ကျင့်စဉ် လမ်းကိုလိုက်၍ ကျင့်ရမယ်တဲ့-ဒကာစိန်ရဲ့။

မှန်ပါ့ဘုရား။

အဲဒီ အလယ်အလတ်ကျင့်စဉ်လမ်းက ဘာလဲဆိုရင်....

ကတမာစ သာ ဘိက္ခဝေ မဇ္ဈိမာပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ၊ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ၊ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။

လို့ ဟောတော်မူထားတဲ့ မဂ္ဂင်ရှစ်ပါး ဝိပဿနာတရားတဲ့။

မှန်ပါ့ဘုရား။

အဲဒီ မဂ္ဂင်ရှစ်ပါးဝိပဿနာတရားကိုကျင့်တော့ သစ္စာလေး၊ပါးတရားကို သိမြင်နိုင်တဲ့အတွက် ရှေ့ဆက်၍ သစ္စာလေးပါးကို ဟောတော်မူထားပြန်တယ်။

ပြီးတော့တဖန် အဲဒီ သစ္စာလေးပါးကိုပဲ တပါးတပါးလျှင် သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ် သုံးပါးနှင့်မြှောက်၍ ၃×၄ လီ=၁၂-အထိ ဟောထားတော် မူပြန်တယ်။

ပြီးတော့မှ အဲဒီ သစ္စာလေးပါးကိုသိ၍ သိတဲ့အတိုင်း ဝန်ခံပုံများ၊ တဖန် သိစေခဲ့ပုံများကို ဟောကြားတော် မူထားတဲ့ တရားကို ဓမ္မစကြာ တ ရားလို့ ခေါ်ပါတယ်။

မှန်ပါ့ဘုရား။

အဲသလို ဓမ္မစကြာတရားကို ဟောကြားတော်မူရာ၌ တရားပြီးဆုံးတဲ့ အခါ အရှင်ကောဏ္ဍညသည် သောတာပန် အဖြစ်သို့ ရောက်သွား တယ်တဲ့။ ဒါ့ကြောင့် "ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ ဘညမာနေ အာယသ္မတော ကောဏ္ဍညဿ ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံ ဥဒပါဒိ" လို့ ဟောတော်မူထားတယ်။

မှန်ပါ့ဘုရား။

အဲ-ထို့နောက် အရှင်အညာသိကောဏ္ဍညသည် "လဘေယျာဟံ ဘန္တေ ဘဂဝတော သန္တိကေ ပဗ္ဗဇ္ဇံ၊ လဘေယျံ ဥပသမ္ပဒံ=အရှင်ဘုရား တပည့်တော်သည် မြတ်စွာဘုရား၏အထံ၌ ရှင်အဖြစ်ကို ရလိုပါတယ်၊ရဟန်းအဖြစ်ကို ရလိုပါတယ်ဘုရား" လို့ လျှောက်တဲ့အခါ မြတ်စွာဘုရားက ဧဟိဘိက္ခု-ချစ်သား ရဟန်း လာလော့-ဟု ခေါ်တော်မူတယ်၊ အဲဒီအခါ အရှင်အညာသိကောဏ္ဍည ဟာ ဝါခြောက်ဆယ်ရရှိတဲ့ မထေရ်ကြီးကဲ့သို့ ရဟန်းအဖြစ်ကိုရရှိသွားတယ်တဲ့။

မှန်ပါ့ဘုရား။

ဒါ့ကြောင့်...."သာ ဝ တဿ အာယသ္မတော ဥပသမ္ပဒါ အဟောသိ" လို့ ဟောတော်မူထားပါတယ်။

## သံဃာအစ အရှင်အညာသိကောဏ္ဍညက

အဲဒီ အရှင်အညာသိကောဏ္ဍညထေရ်က စပြီးတော့ သာသနာတော်မှာ "သံဃာရတနာ" လို့ခေါ်တဲ့ သံဃာတော်များ ပေါ်ပေါက်တော် မူလာခဲ့ကြ တယ်ဟဲ့၊ ဟောဒီနေရာမှာ "သံဃာအစ-အရှင်ကောဏ္ဍည" ဆိုတာကို မှတ်ချက် ချလိုက်ကြပေဘော့။ဒါ့ကြောင့်....

သံဃော လောကေ သမုပ္ပန္နော၊ ဟိတာယ သဗ္ဗပါဏိနံ။

သံဃော၊မဂ္ဂဋ္ဌာန်လေးယောက်၊ဖလဋ္ဌာန်လေးယောက်ဟု ဆိုအပ်သော ရှစ်ယောက်သော အရိယာသံဃာတော် အပေါင်းနှင့်တကွ ကလျာဏပုထုဇဉ်

သံဃာတော်အပေါင်းသည်။ သမုပ္ပန္နေ၊ ဥဒည်တောင်စွန်း နေစက်ဝန်းကဲ့သို့ ဖြစ်ထွန်း ပေါ်ပေါက်တော် မူခဲ့လေသတည်း။

အဲ-ထိုနောက် လပြည့်ကျော် တရက်နေ့မှာ အရှင်ဝပ္ပ။ နှစ်ရက်နေ့မှာ အရှင်ဘဒ္ဒိယ။ သုံးရက်နေ့မှာ အရှင်မဟာနာမ်။ လေးရက်နေ့မှာ အရှင်အဿဇိ တို့လဲ အသီးသီး သောတာပန် တည်ကြတယ်တဲ့။

မှန်ပါ့ဘုရား။

၎င်းတို့လဲ ပေါ်ဘိကျွ ရဟန်းအဖြစ်ကိုပင် ရကြတယ်။ လပြည့်ကျော် ငါးရက်နေ့မှာ အနတ္တလက္ခဏသုတ်ကို ဟောတော်မူတဲ့အခါ၊ ငါးဦးလုံးပင် ရဟန္တာအဖြစ်သို့ ရောက်ကြတယ်တဲ့။

မှန်ပါ့ဘုရား။

ထိုကြောင့်- "ပုဗ္ဗမသိ့စ ပန ဝေယျာကရဏသ္မိံ ဘညမာနေ ပဉ္စဝဂ္ဂိယာနံ ဘိက္ခူနံ အနုပါဒါယ အာသဝေဟိ စိတ္တာနိ ဝိမုစ္စိံသု" လို့ ဟောတော် မူထားတယ်။

အဲဒီအခါ လောက၌ ဘုရားပါ ရဟန္တာ ခြောက်ပါး ထင်ရှားပေါ် ပေါက်တော်မူလာတယ်တဲ့။ ဒါ့ကြောင့်- "တေန ခေါ ပန သမယေန ဆ လောကေ အရဟန္တော ဟောန္တိ"-တဲ့။

အဲ-ထိုနောက် သဌေးသား "ကိုယသ" ဆိုတာလဲ သဌေး၏ စည်းစိမ် ချမ်းသာများကို ခံစားနေစဉ်ပင် သတိသံဝေဂ ဖြစ်ပြီးတော့ ညအခါကြီးမှာ ဣသိပတန မိဂဒါဝုန်တောဆီသို့ ထွက်သွား၍ မြတ်စွာဘုရားထံ ရောက်တဲ့အခါ တရားဘော်ကိုနာရ၍ သောတာပန် တည်သွားတယ်တဲ့။

မှန်ပါ့ဘုရား။

ကိုယသ၏ဖခင် သဌေးကြီးလဲ သားပျောက်၍ ခြေရာခံပြီးတော့ လိုက် ရှာတဲ့အခါ မြတ်စွာဘုရားထံသို့ပင်ရောက်သွား၍ တရားကိုနာရလျှင် သောတာ ပန်ပင် တည်သွားတယ်တဲ့။ကိုယသကတော့ အဲဒီအခါမှာ တရားတော်ကို ထပ်နာ ရတဲ့အတွက် လူဝတ်ကြောင်နှင့်ပင် ရဟန္တာ ဖြစ်သွားတယ်တဲ့။

မှန်ပါ့ဘုရား။

ဟောဒီနေရာမှာ မှတ်ချက်တခုကတော့ ကိုယသ၏ဖခင် သဌေးကြီးဟာ ဤလောက၌ရှေးဦးစွာ "တေဝါစိက သရဏဂုံ" ကိုဆောက်တည်ရတဲ့ ဒါယကာ လို့ မှတ်ရမယ်။

မှန်ပါ့ဘုရား။

အဲ-သငြေးသား ကိုယသလဲ မြတ်စွာဘုရား ထံ၌ ဟေိဘိက္ခုရဟန်းအဖြစ်ကိုပင် ရတယ်တဲ့။အဲ-ထို့နောက် အရှင်ယသ၏ လူ့ဝတ်ကြောင်က အဆွေခင်ပွန်းများဖြစ်ကြတဲ့ ဝိမလ, သုဗာဟု, ပုဏ္ဏဇိ, ဂဝံပတိ အမည်ရှိကြတဲ့ သငြေးသား လေးယောက်တို့လဲ မြတ်စွာဘုရား၏ တရားကို ကြားနာကြရ၍ သောတာပန်ဖြစ်ကြပြီးလျှင် ဟေိဘိက္ခုရဟန်းအဖြစ်ကိုရကြ၍ ရဟန္တာဖြစ်ကြတယ်တဲ့။

မှန်ပါ့ဘုရား။

အဲ-ထို့နောက် အရှင်ယသ၏ လူဝတ်ကြောင်တုန်းက အဆွေခင်ပွန်းဖြစ်ခဲ့ကြတဲ့ အမျိုးသား ငါးကျိပ်တို့လဲ မြတ်စွာဘုရားထံ၌ ဟေိဘိက္ခုရဟန္တာချည်း ဖြစ်ကြတယ်တဲ့။

မှန်ပါ့ဘုရား။

အဲဒီအခါ လောက၌ ရဟန္တာပေါင်း ခြောက်ကျိပ်တပါး ပေါ်ထွန်း၍ လာတယ်တဲ့။

မှန်ပါ့ဘုရား။

ဒါကြောင့် ...

တေန ခေါ ပန သမယေန ကေသဋ္ဌိ လောကေ အရဟန္တော ဟောန္တိ''
လို့ ဟောတော်မူတားတယ်။

မှန်ပါ့ဘုရား။

အဲ-ဘုရားရှင် ကိုယ်တော်မြတ်ကြီးလဲ ခြောက်ကျိပ်သော ရဟန်းတော်များနှင့်တကွ ဗာရာဏသီပြည် မိဂဒါဝုန်တော၌ ''နန္ဒိယ'' မည်တဲ့ ဒါယကာ လှူဒါန်းအပ်သော ကျောင်း၌ပင် ပထမဝါဆိုတော်မူတယ်တဲ့။

## သာသနာပြု စေလွှတ်တော်မူပုံ

အဲသလို ခြောက်ကျိပ်သော ရဟန်းတော်များနှင့်တကွ ဝါကျွတ်တော်မူတဲ့အခါ အဲဒီ ရဟန်းတော်ခြောက်ကျိပ်ကို သာသနာပြု စေလွှတ်တော်မူသည်မှာ ''စရထ ဘိက္ခဝေ စာရိကံ ဗဟုဇနဟိတာယ၊ အို ချစ်သား ရဟန်းများတို့ များစွာသော လူတို့၏အကျိုးငှာ ဒေသစာရီ လှည့်လည်ကြ''။ ''မာ ဧကေန ဒွေ အဂမိတ္ထ-တကြောင်းတည်းသော လမ်းခရီးမှာ နှစ်ပါး မသွားကြနှင့်၊ တပါးစီ တပါးစီသာ သွားကြ''။

ဒေသေထ ဘိက္ခဝေ ဓမ္မံ အာဒိကလျာဏံ မဇ္ဈေကလျာဏံ ပရိယောသာနကလျာဏံ၊ အို...ချစ်သား ရဟန်းများတို့ အစ, အလယ်, အဆုံး သုံးပါးလုံး ကောင်းတဲ့တရားကို ဟောပြောကြ။

အဲဒါလို မိန့်ကြား၍ ရဟန်းများကို သာသနာပြု စေလွှတ်တော်မူပြီးလျှင် ဘုရားကိုယ်တော်မြတ်ကြီးကိုယ်တော်တိုင်လဲ သာသနာပြုသွားရန် သို့ကလို မိန့်ကြားတော်မူတယ်။

အဟံပိ ဘိက္ခဝေ ယေန ဥရုဝေလာ သေနာနိဂမော၊ တေနုပသင်္ကမိဿာမိ ဓမ္မဒေသနာယ။

ချစ်သား ရဟန်းများတို့ - ငါဘုရား ကိုယ်တော်တိုင်လဲ ဥရုဝေလတော သေနာနိဂုမ်းသို့ တရားဟောရန်သွားမယ်-လို့ မိန့်ကြားတော်မူတယ်။

မှန်ပါ့ဘုရား။

## ယနေ့အထိ သာသနာပြုစု ချီးမြှောက်လာကြပုံ

အဲသလို သာသနာပြု စေလွှတ်တော်မူတဲ့အချိန်ကစပြီးတော့ ယနေ့တိုင် အောင်ပင် အချို့အချို့သော ပုဂ္ဂိုလ်တွေကလဲ သာသနာ့ဘောင်သို့ ကိုယ်တိုင် ဝင်၍ ရှင်,ရဟန်းအဖြစ်နှင့် သာသနာပြုကြပေတယ်၊ သာသနာ့ဝန်ကို ထမ်းကြပေတယ်။ အချို့အချို့သော ပုဂ္ဂိုလ်တွေကလဲ ဆွမ်း, သင်္ကန်း, ကျောင်း စသော ပစ္စည်းများကိုလှူဒါန်း၍ သာသနာတော်ကို ချီးမြှောက်ကြပေတယ်။ သာသနာတော်ကို အားပေးကြပေတယ်။ သို့အတွက်ကြောင့်လည်း ဗုဒ္ဓရှင်တော်မြတ်ကြီး ပြုစုတည်ထောင်တော်မူခဲ့တဲ့ သာသနာတော်မြတ်ကြီးဟာ ယနေ့တိုင်အောင်ပင် ထွန်းပြောင်လျက်ရှိပေတယ်။

မှန်ပါ့ဘုရား။

အဲ ဤအချိန်က နောက်၌လဲပဲ ဒကာနှင့်ဆရာ အချင်းချင်း မှိုခိုအားထားကြပြီးသကာလ သာသနာတော်မြတ်ကြီးကို ပြုစုချီးမြှောက်နိုင်ကြပါစေဆိုတာ ဟောဒီကနေပြီး ပတ္ထနာပြုလိုက်ရပါတော့သတည်း။ ဒါ့ကြောင့်....

သာဂါရာ အနဂါရာစ၊ ဥဘော အညောည နိဿိတာ။

အာရာဓယန္တု သဒ္ဓမ္မံ၊ ယောဂက္ခေမ မနုတ္တရံ။

သဒ္ဓမ္မံ၊သာသနာပြုခြင်း, သာသနာချီးမြှောက်ခြင်းဆိုတဲ့သူတော်ကောင်းတရားကို။ အာရာဓယန္တု၊ ကြိုးစားမယုတ် အားထုတ်နိုင်ကြပါစေသတည်း။

(၄) ဤတွင် တခန်းရပ် အဘိဓမ္မာတစ်နိုင်ပြီ။

## သံဝေဂဖြစ်ရန် ဟောကြားပုံ တရားအခန်း

မှတ်ကာစွဲယူ၊ များဗိုလ်လူတို့၊ နိဗ္ဗူမရ၊ ဆင်းရဲကြလိမ့်-တဲ့။

မှန်ပါ့ဘုရား။

လူမင်း၊ လူမိဖုရားကြီးတို့၏ စည်းစိမ်ချမ်းသာ၊ သဌေး၊ သူကြွယ်ကြီးတို့၏ စည်းစိမ်ချမ်းသာကို ခံစား၊ စံစား၍ နေရသည်ဖြစ်စေ၊ နတ်မင်း၊ နတ်မိဖုရားကြီးတို့၏ စည်းစိမ်ချမ်းသာ၊နတ်သား၊နတ်သမီးတို့၏ စည်းစိမ်ချမ်းသာကိုခံစား စံစား၍နေရသည်ဖြစ်စေ "တေဘူမကံ ဝဋ္ဋ ဒုက္ခ"လို့ ဆိုတဲ့အတိုင်း ချမ်းသာစစ် ချမ်းသာမှန် မဟုတ်သေးဘူး၊ ဆင်းရဲဒုက္ခချည်သာ ဖြစ်တယ်တဲ့ ဒကာ-စိန်ရဲ့။

မှန်ပါ့ဘုရား။

အသင်တခေတ် နိဗ္ဗာန်မြတ်သို့ ရောက်မှသာလျှင် ချမ်းသာအစစ်ကို ရနိုင်တယ်တဲ့။

မှန်ပါ့ဘုရား။

ဒါ့ကြောင့်....

နိဗ္ဗူမရ၊ ဆင်းရဲကြလိမ့်၊ လောကသုံးခွင်၊ဘုံအပြင်ဝယ်၊ဖြစ်လျှင်ပျက်မြဲ၊ မှန်မလွဲတည်း-တဲ့။

မှန်ပါ့ဘုရား။

ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံဆိုတဲ့ လောကသုံးခွင် ဘုံအပြင်မှာ သူငါကစ ဖြစ်ကြရတဲ့ သတ္တဝါဟူသမျှတို့မှာ "သဗ္ဗေ သင်္ခါရာ အနိစ္စာ"လို့ ဟောတော်မူထားတဲ့အတိုင်း သင်္ခါရဓမ္မ ရုပ်၊ နာမ်မျှသာ ဖြစ် ခြင်း ကြောင့် ဖြစ်ပြီးလျှင် ပျက်ရတာချည်းပဲ၊ အနိစ္စတရား၊ ဒုက္ခတရား၊ အနတ္တတရား ချည်းပဲတဲ့ ဒကာ-စိန်ရဲ့။

မှန်ပါ့ဘုရား။

အဲဒါကြောင့်....

ဖြစ်လျှင်ပျက်မြဲ၊ မှန်မလွဲတည်း၊ သုံးစွဲဖို့ရာ၊ မြတ်ဥစ္စာလည်း၊ ကံကြမ္မာပေး၊ ရပြန်သေးက၊ ပျက်ရေးတဖန်၊ တွေ့ကြုံပြန်၏-တဲ့။

မှန်ပါ့ဘုရား။

အတိတ်ဘဝက ဒါနကုသိုလ်တွေများပြားခဲ့တဲ့အတွက် အိုးကြီးအိမ်ကြီး တိုက်ကြီးတာကြီးတွေနှင့် ပစ္စည်းဥစ္စာတွေဘယ်မျှလောက်ပင်ပေါများနေသော်လဲ တနေ့ကျလျှင် ပျက်ရမှာချည်းပဲတဲ့၊ အမြဲတည်နေတယ်လို့ မရှိနိုင်ဘူးတဲ့။

မှန်ပါ့ဘုရား။

အဲဒီ ပစ္စည်း ဥစ္စာတွေကသော်လည်း ဥစ္စာရှင်ကို စွန့်ပြီးတော့ ပျက်စီးသွားတတ်တယ်၊ သို့မဟုတ် ဥစ္စာရှင်ကသော်လည်း ပစ္စည်း ဥစ္စာတွေကို စွန့်ပြီးတော့ ပျက်စီးသွားတတ်တယ်တဲ့။

မှန်ပါ့ဘုရား။

ဒါ့ကြောင့်....

ပျက်ရေးတဖန်၊ တွေ့ကြုံပြန်၏၊ ချစ်ဂျဲဝေဝေ၊ ချစ်သူတွေနှင့်၊ ချစ်လေသမျှ၊ ပေါင်းဆုံကြလည်း၊ ကွဲရမည်မှာ၊ မလွဲသာတည်း-တဲ့။

မှန်ပါ့ဘုရား။

အင်း....သား-သမီး, ဇနီး ဉာတကာ စတဲ့ ချစ်သူခင်သူတွေနှင့် ချစ်ချစ်ခင်ခင် ပေါင်းဆုံပြီးတော့ နေကြရသော်လဲ တနေကျလျှင် အမှန်ကွဲရတာချည်းပဲတဲ့ ဒကာ-စိန်ရဲ့။

မှန်ပါ့ဘုရား။

ရှင်ကွဲသော်ငြား ကွဲကြရတယ်၊ သေကွဲသော်ငြား ကွဲကြရတယ်တဲ့။

ဟောဒီ လင်္ကာကလေးကို လိုက်ဆိုကြ။

မှန်ပါ့ဘုရား။

(၁) ချစ်ခင်ပေါင်းသင်း၊ ဆက်ဆံခြင်းကား၊ ကွေကွင်း နောက် ဆုံး ရှိချေ၏ တကား။

အဲဒါကြောင့်- ''ချစ်လေသမျှ၊ ပေါင်းဆုံကြလည်း၊ ကွဲရမည်မှာ၊ မလွဲသာတည်း၊ ရှည်စွာအသက်၊ တည်ရှိလျက်လည်း၊ ပခက်နှင့်ပေ၊ ဝေးလေလေ၍၊ နီးစေပျဉ်ခေါင်း၊ အမှန်အောင်းလိမ့်တဲ့ ဒကာ-စိန်ရဲ့။

မှန်ပါ့ဘုရား။

အသက်ကြီးလာလေလေ ပခက်နှင့် ဝေးလာ လေလေ-တဲ့၊ ပခက်နှင့် ဝေးလာ လေလေ၊ ပျဉ်ခေါင်းနှင့် နီးကပ်, နီးကပ်လာတော့တာပဲတဲ့။

အဲဒါကြောင့် ငါတို့ဟာဖြင့် ပုခက် နှင့် နှစ် ပေါင်း ဘယ် မျှ လောက် ဝေးလာခဲ့ပြီ၊ ပျဉ်ခေါင်းထဲရောက်ဖို့ရာ ဘယ်မျှလောက်သာ လိုတော့တယ် ဆိုတာကို အမြဲသတိပြုကြရမယ်နော်။

မှန်ပါ့ဘုရား။

ဟောဒီ သံဝေဂ လင်္ကာကလေးကို လိုက်ဆို....

(၁) ဝိညာဉ်တင်းလင်း၊ သက်ရှင်ခြင်းကား၊ သေမင်းနောက်ဆုံး ရှိချေ၏ တကား။

အဲ-ဒါ့ကြောင့် "နိုးစေပျဉ်ခေါင်း၊ အမှန်အောင်းလိမ့်၊ အကြောင်း မလျော်၊ သုံးရက်ကျော်က၊ ပုပ်စော်ညှီနံ့၊ ရန်တွေ့ပြန်သို့"တဲ့ ဒကာ-စိန်ရဲ့။

မှန်ပါ့ဘုရား။

အဲ့ပျဉ်ခေါင်းထဲရောက်ပြန်တော့လဲ အနည်းဆုံး သုံးရက်လောက်ရှိလျှင် ပင် ပုပ်စော်ညှီစော်နံလာပြီးတော့ သူက ရန်ပြန်တွေ့သကဲ့သို့ပဲတဲ့ ဒကာ-စိန်ရဲ့။

မှန်ပါ့ဘုရား။

ဒါ့ကြောင့်....

"သုံးရက်ကျော်က၊ ပုပ်စော်ညှီနံ့၊ ရန်တွေ့ပြန်သို့၊ အမှန်ချစ်သူ၊ မကပ်မူပဲ၊ လျစ်လျူရှုသုံး၊ တကယ်မုန်း၏"တဲ့။

မှန်ပါ့ဘုရား။

အဲ့သလို ပုပ်စော်ညှီစော်နံလာတော့ ဘယ်လောက်ပင်ချစ်ခင်နေတဲ့သူပဲ ဖြစ်ဖြစ် အနားမကပ်တော့ဘူး၊ ရွံမုန်းသွားတော့တာပဲတဲ့ ဒကာ-စိန်ရဲ့။

မှန်ပါ့ဘုရား။

အဲဒါကြောင့်....

"အမှန်ချစ်သူ၊ မကပ်မူပဲ၊ လျစ်လျူရှုသုံး၊ တကယ်မုန်း၏၊ နောက်ဆုံး ရောက်ခါ၊ မြို့ပြည်ရွာနှင့်၊ ဆွေညာအများ၊ စွန့်ပယ်သွား၍"တဲ့။

မှန်ပါ့ဘုရား။

အင်း....အနည်းဆုံး သုံးရက် ငါးရက်လောက်သာ အိမ်ပေါ် မှာနေ ရ တယ်တဲ့၊ အဲဒီကလွန်လျှင် ကိုယ်၏မြို့၊ ကိုယ်၏ရွာနှင့် ဥစ္စာပစ္စည်း၊ သား-သမီး၊ ဆွေမျိုးများကို စွန့်ပယ်သွားခဲ့ရပြီတဲ့ ဒကာ-စိန်ရဲ့။

မှန်ပါ့ဘုရား။

ဒါ့ကြောင့်....

"မြို့၊ ပြည်၊ ရွာနှင့်၊ ဆွေညာအများ၊ စွန့်ပယ်ထား၍၊ သွားရအပြီး၊ လူမနီးသည့်၊ တောကြီးမြိုင်ယံ၊ မြေသုသာန်၌၊ ရောက်ပြန်မရှိ၊ မြုပ်နှံဘိခြင်း"တဲ့။

မှန်ပါ့ဘုရား။

အဲ့သလို ဥစ္စာပစ္စည်း သား-သမီး ဆွေမျိုးများကိုစွန့်ပယ်ထားပြီးတော့ လူမနီးတဲ့ တောကြီးမြိုင်ယံ မြေသုသာန်ဆီသို့ သွားရတယ်တဲ့။

မှန်ပါ့ဘုရား။

အဲဒီသုသာန်ရောက်တဲ့အခါ ဘယ်တော့မှ ပြန်မလာရတော့ဘူး၊ပြန်လမ်း မရှိဘူးတဲ့ ဒကာ-စိန်ရဲ့။

မှန်ပါ့ဘုရား။

ဒါ့ကြောင့် "မြေသုသာန်၌၊ ရောက်ပြန်မရှိ၊ မြှုပ်နှံဘိခြင်း၊ခြောက်ပေ တွင်းဝယ်၊ စင်းစင်းအိပ်ကာ၊ မလှုပ်သာပဲ"တဲ့။

မှန်ပါ့ဘုရား။

အဲဒီ သုသာန်မှာ သူများတွေကမြှုပ်နှံပစ်ခဲ့တဲ့အခါ ခြောက်ပေလောက် ရှိတဲ့ တွင်းထဲမှာ မလှုပ်သာ မပြောင်းသာပဲနဲ့ နေခဲ့ရရှာတယ်တဲ့-ဒကာစိန်ရဲ့။

မှန်ပါ့ဘုရား။

အဲဒါကြောင့်....

"စင်းစင်းအိပ်ကာ၊ မလှုပ်သာပဲ၊ နေရနည်းကို၊ စွဲမြဲမှတ်ကာ၊ ဆင်ခြင် ပါလော့"တဲ့။

မှန်ပါ့ဘုရား။

အဲသလို သူများတွေက သုသာန်မှာ မြှုပ်နှံ၍ထားခဲ့တဲ့အခါ ခြောက်ပေ လောက်ရှိတဲ့တွင်းထဲမှာ မလှုပ်သာ မပြောင်းသာ နေခဲ့ရရှာတဲ့အဖြစ်ကို သတိ သမ္ပဇဉ်ဖြင့် အမြဲဆင်ခြင်ရမယ်တဲ့။

မှန်ပါ့ဘုရား။

ဒါ့ကြောင့် "စွဲမြဲမှတ်ကာ၊ ဆင်ခြင်ပါလော့၊ သခ်ါရခိုး၊ လောကီမြူ၌၊ ခိုလှုံဝင်စံ၊ ပုထုဇန်တို့၊လောကဓံလွတ်ကြောင်း၊ ဆုပန်တောင်း၍၊ လမ်းကောင်း မဂ္ဂင်၊ ရှစ်အင်ဓမ္မ၊ အဝဝကို၊ နှေးညှမကွာ၊ ကြိုးစားရာသည်"တဲ့။

မှန်ပါ့ဘုရား။

အဲ-မဂ်,ဖိုလ်ကိုမရငသေးတဲ့ လောကီဘုံသား ပုထုဇဉ်အများတို့လဲ ထိုကဲ့သို့ သော သေဘေးကြီးမှလွတ်အောင် နိဗ္ဗာန်သို့ရောက်အောင်ဟာ ဆုမွန်ကောင်း များကို တောင်းပြီးသကာလ ပဂ္ဂင်ရှစ်ပါး သမထ - ဝိပဿနာ တရားများကို ကြိုးစားအားထုတ်ကြရမယ်တဲ့-ဒကာစိန်ရဲ့။

မှန်ပါ့ဘုရား။

ဟောဒီနေရာမှာ သမထ - ဝိပဿနာ လုပ် ငန်း များ ကို ဟောကြားဖို့ သင့်တယ်၊ ဒါပေမဲ့ အချိန်စေ့သွားပြီ၊ တော်ကြအုံးစို့။

ကိုင်း....နားထောင်လိုက်ကြ။

"မှတ်ကာစွဲယူ၊ များဗိုလ်လူတို့၊နိဗ္ဗူမရ၊ဆင်းရဲကြလိမ့်၊ လောကသုံးခွင်၊ ဘုံအပြင်ဝယ်၊ဖြစ်လျှင်ပျက်မြဲ၊မှန်မလွဲတည်း၊သုံ့ စွဲဖို့ရာ၊မြတ်ဥစ္စာလည်း၊ ကံကြမ္မာပေး၊ ရပြန်သေးက၊ ပျက်ရေးတဖန်၊ တွေ့ကြုံပြန်၏၊ ချစ်လှ ဝေဝေ၊ ချစ်သူတွေနှင့်၊ ချစ်လေသမျှ၊ ပေါင်းဆုံကြလည်း၊ကွဲရမည်မှာ၊ မလွဲသာတည်း၊ ရှည်စွာအသက်၊ တည်ရှိလျက်လည်း၊ ပုခက်နှင့်ပေ၊

ငေးလေ လေ၍၊ နီးစေ ပျဉ်ခေါင်း၊ အမှန် အောင်းလိမ့်၊ အကြောင်း မလျှော်၊ သုံးရက်ကျော်က၊ ပုပ်စော်ညှီနံ၊ ရန်တွေ့ပြန်သို့၊ အမှန်ချစ်သူ၊ မကပ်မူပဲ၊ လျစ်လျူရှုသုံး၊တကယ်မုန်း၏၊ နောက်ဆုံးရောက်ခါ၊မြို့ပြည့် ရွာနှင့်၊ ဆွေဘ္ဘာအများ၊ စွန့်ပယ်ထား၍၊ သွားရအပြီး၊ လူမနီးသည့်၊ တောကြီးမြိုင်ယံ၊ မြေသုသာန်၌၊ ရောက်ပြန်မရှိ၊ မြုပ်နှံဘိခြင်း၊ခြောက် ပေတွင်းဝယ်၊ စင်းစင်းအိပ်ကာ၊ မလှုံသာပဲ၊ နေရနည်းကို၊စွဲမြဲမှတ်ကာ၊ ဆင်ခြင်ပါလေ့၊ သခ်ါရချုံ၊ လောကီမြို့၌၊ ခိုလှုံဝင်စံ၊ ပုထုဇန်တို့၊ လောကခံလွတ်ကြောင်း၊ ဆုပန်တောင်း၍၊လမ်းကောင်းမဂ္ဂင်၊ ရှစ်အင် ဓမ္မ၊ အ၀၀ကို၊ နေ့ညမကွာ၊ ကြိုးစားရာသည်၊ ခေမာရောက်မှ.... အေးမည်တည်း။ (ရှေးဆရာတော်များ)

(၅) ဤတွင် တခန်းရပ် အဘိဓမ္မာတစ်နိုင်ငြီး။

---

## အဘိဓမ္မာတပ်ပုံ အခန်း

ကိုင်း....အဘိဓမ္မာ တပ်ကြစို့ရဲ့....

အဘိဓမ္မာ တပ်တယ်ဆိုတာဟာ''အထခေါ ဗုဒ္ဓါနံ သာမုက္ကံသိကာ ဓမ္မ ဒေသနာ၊ တံ ပကာသေတိ ဒုက္ခံ သမုဒယံ နိရောဓံ မဂ္ဂံ''လို့ ဟောတော်မူထား တဲ့နည်းကိုမှီးပြီးသကာလ အဘိဓမ္မာနည်းအားဖြင့် မဂ္ဂင်ရှစ်ပါး ဝိပဿနာတရား များကို ဟောကြားတာပါပဲတဲ့-ဒကာစိန်ရဲ့။

မှန်ပါ့ဘုရား။

ဒါ့ကြောင့် အဘိဓမ္မာနည်းအားဖြင့် မဂ္ဂင်ရှစ်ပါး ဝိပဿနာတရားများ ကို ဟောကြားတော့မယ်၊ နားထောင်လိုက်ကြ။

(၁) စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ သောတဉ္စ ပဋိစ္စ သဒ္ဒေစ ဥပ္ပဇ္ဇတိ သောတဝိညာဏံ၊ဃာနဉ္စ ပဋိစ္စ ဂန္ဓေစ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ။ (သံယုတ်ပါဠိတော်)

အဲဒါက ဘယ်လို ဆိုလိုပါသလဲဆိုရင် ကိုယ့်မျက်စိနှင့် အပြင်က ရူပါရုံ ခေါ်တဲ့ အဆင်းတွေနှင့်ပေါင်းဆုံမိလိုက်တဲ့အခါမှာ၊ ဝါ၊ တခုခုကိုကြည့်လိုက်တဲ့ အခါမှာ မြင်တဲ့စိတ်ကလေး ပေါ်လာတယ်၊ အဲဒီအခါ မျက်စိနှင့် အဆင်းက ရုပ်၊ မြင်တဲ့စိတ်ကလေးက နာမ်လို့ သတိပြုရမယ်။

အဲသလို မျက်စိနှင့်အဆင်းက ရုပ်၊မြင်တဲ့စိတ်ကနာမ်လို့ သတိပြုတဲ့ပုဂ္ဂိုလ် မှာ မျက်စိ,အဆင်းရုပ်နှင့် မြင်စိတ် နာမ်၊ ဤရုပ်,နာမ် နှစ်ခုကိုသာ ဉာဏ်ထဲမှာ သိရ, မြင်ရ, တွေ့ရတော့တယ်တဲ့-ဒကာစိန်ရဲ့။

မှန်ပါ့ဘုရား။

အဲသလို ရုပ်နှင့်နာမ်ကို တွေ့မြင်ရတဲ့ပုဂ္ဂိုလ်မှာ....

သဗ္ဗံ ရူပံ နေတံ မမ၊ နေသော ဟမသ္မိ၊ န မေသော အတ္တာတိ၊ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။ သဗ္ဗံ ဝိညာဏံ နေတံ မမ၊ နေသော ဟမသ္မိ၊ န မေသော အတ္တာတိ၊ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

လို့ ဟောတော်မူထားတဲ့အတိုင်း ရုပ်နှင့်နာမ်မှတပါး ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ-ငါ့ဥစ္စာဆိုတာ မဟုတ်ဘူး၊ မရှိဘူး၊ ရုပ်နှင့်နာမ်သာ ရှိတယ်လို့ ဉာဏ်ထဲမှာ ရှင်းလင်းစွာ သိမြင်သွားတယ်တဲ့။

မှန်ပါ့ဘုရား။

အဲဒီအခါ နာမရူပ ပရိစ္ဆေဒဉာဏ်သို့ ဆိုက်ရောက်၍ ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်ပြီဆိုတာ မှတ်ရမယ်။

မှန်ပါ့ဘုရား။

ဟောဒီ လင်္ကာကို လိုက်ဆိုကြ။

(၁) ပေါ်လာဆဲမှာ၊ ရုပ်၊ နာမ်သာဟု၊ဉာဏ်မှာထင်ထင်၊တကယ်မြင်၊ ကင်းစင် ဒိဋ္ဌိကွာ-တဲ့။

ပြီးတော့....

(၂) ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။ သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏ ပစ္စယေန ပစ္စယော။ (ပဋ္ဌာန်း)

အဲဒါကတော့ ရူပါယတနလို့ခေါ်တဲ့အဆင်းရုပ်ဟာ အကြောင်းတရား၊ မြင်စိတ်ကလေးဟာ အကျိုးတရားပဲလို့ သတိပြုရမယ်တဲ့။

မှန်ပါ့ဘုရား။

အဲသလို သတိပြုတဲ့ ပုဂ္ဂိုလ်မှာ အဆင်းရုပ် ဟည်းဟူသော အကြောင်းတရားနှင့် မြင်စိတ်တည်းဟူသော အကျိုးတရား၊ အဲဒီ အကြောင်း၊ အကျိုး နှစ်ခုကိုသာ ဉာဏ်ထဲမှာ တွေ့ရတော့တယ်တဲ့။

မှန်ပါ့ဘုရား။

အဲသလို အကြောင်းနှင့်အကျိုးကို တွေ့မြင်နေရတဲ့ပုဂ္ဂိုလ်မှာ ...

အကြောင်းရုပ်နှင့် အကျိုးနာမ်မှတပါး ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ-ငါ့ဥစ္စာဆိုတာ မရှိဘူး၊ အကြောင်းနှင့် အကျိုးသာ ရှိတယ်လို့ ဉာဏ်ထဲမှာ ရှင်းလင်းသွားတယ်တဲ့-ဒကာစိန်ရဲ့။

မှန်ပါ့ဘုရား။

အဲဒီပုဂ္ဂိုလ်ဟာ ပစ္စယပရိဂ္ဂဟဉာဏ်သို့ဆိုက်ရောက်၍ ကင်္ခါဝိတရဏဝိသုဒ္ဓိ ဖြစ်ပြီတဲ့။

မှန်ပါ့ဘုရား။

ဟောဒီလင်္ကာကို လိုက်ဆိုကြ။

(၁) ပေါ်လာဆဲမှာ၊ကြောင်းကျိုးသာဟု၊ ဉာဏ်မှာထင်ထင်၊ တကယ်မြင်၊ ကင်းစင် ယုံမှားကွာ-တဲ့။

ကိုင်း....တော်ကြအုံးစို့၊ ဒီအတိုင်း ရှေ့ဆက်၍ သတိပြုပြီး ရှုသွားပါလျှင် ဝိပဿနာဉာဏ်စဉ် ပေါက်ပြီးတော့ မဂ်, ဖိုလ်အထိ ဆိုက်ရောက် နိုင်တယ်တဲ့ ဒကာစိန်ရဲ့။

မှန်ပါ့ဘုရား။

အဲသလို အဘိဓမ္မာနည်းအားဖြင့် မဂ္ဂင်ရှစ်ပါး ဝိပဿနာတရားများကို ဟောကြားတဲ့အတိုင်း နာကြား၍ လိုက် နာ အား ထုတ် နိုင် ကြ ပြီး သ ကာ လ ဝိပဿနာဉာဏ်စဉ်ပေါက်၍ မဂ်, ဖိုလ်တိုင်အောင် ဆိုက် ရောက် နိုင် ကြ ပါ စေ သတည်း။ (သာဓုခေါ်)

(၁) ဗုဒ္ဓမြတ်စွာ၊ သာသနာ၊ ရောင်ဝါနေသို့ ထွန်းစေသော်။

(၂) ဝိပဿနာဉာဏ်ရောင်၊ ကမ္ဘာဆောင်၊ မိုက်မှောင်ချွင်းလို့ လင်းစေသော်။

ဤကျမ်းစာသည် ၁၃၂၃-ခု၊ တပေါင်းလဆန်း ၂-ရက် ညနေအချိန်တွင် (နှစ်ရက်တည်းဖြင့်) ရေးသား၍ ပြီးစီးသတည်း။

---

## ၂။ ရတနာရှင်းတမ်း တရား ချီးကျူး ထောက်ခံစာ

ရေတာရှည်မြို့ နယ်လုံးဆိုင်ရာ သံဃအဖွဲ့ကြီး၏ မဟာနာယက ဂိုဏ်းချုပ်ဆရာတော် ရေနီတိုက်နယ်-ဓမ္မန္တရာယ် ကာကွယ်ရေး ဓမ္မကထိက အဖွဲ့၏ ဥက္ကဋ္ဌဆရာတော်, ရေတာရှည်မြို့နယ် - ဝိနိစ္ဆယဌာန ဩဝါဒါစရိယ ဆ ရာ တော် သက်တော် ရှစ်ဆယ်ရှိ ရေနီမြို့-ရွှေစေတီ ဆ ရာ တော် ဘု ရား ကြီး ၏ ချီးကျူး ထောက်ခံတော်မူခြင်း။

ရိပ်သာဘုန်းကြီး ရေးသား စီရင်အပ်သော ''ရတနာ ရှင်းတမ်းခေါ် ဓမ္မန္တရာယ်ကာကွယ်ရေး တရားတော်''စာအုပ်သည် ယခုအခါ အယူဖောက်ပြန်နေသာသူတို့၏ ပြောဆိုဟောပြောချက်များကို တွန်းလှန်ကာကွယ်ထားသည့်ပြင်

လူ-ရှင်-ရဟန်းအားလုံး ကြိုတင်၍ သိထားသင့်-လေ့လာ ထားသင့်သော "ဗုဒ္ဓဘာသာ-သာသနာပြုစာအုပ်" ဖြစ်ကြောင်း ထောက်ခံလိုက်ပေသည်။

(ပုံ) ဦးအာစိဏ္ဏ
ရွှေစေတီဆရာတော်ကြီး
ရေနီမြို့(ဂိုဏ်းချုပ်)

## တရားချီးအာဏာတောင်း အာသီသဂါထာ

အာဏာရဟော ဒယာဉာဏော၊ ဝေနေယျာနံ ဝိနာယကော။
ပဏေတု ဟဒယေ အာဏံ၊ အညာဏဋ္ဌ ဝိနာသယံ။

(ပထျာဝတ္တဂါထာ)

ဒယာဉာဏော၊ သတ္တဝါနူစွာ မတုသာအောင် ကရုဏာဓာတ် ဉာဏ်တော်မြတ်လည်း ရှိတော်မူထသော။ အာဏာရဟော၊ မတိမ်းမစောင်း ကောင်းထက်ကောင်းသည့် ငြိမ့်ညောင်း သာလှင် အာဏာရှင်လည်း ဖြစ်တော် မူထသော။ ဝေနေယျာနံ၊အာဏာတော်ရှင် ဘုရားရှင်မှ သွန်သင်ထိုက်စွာ ဝေနေယျာတို့၏။ ဝိနာယကော၊ ရှေ့သွားခေါင်းဆောင် အခေါင်ထွတ်ထား ရှင်တော်မြတ်ဘုရားသည်။ (မမ၊ အရှင့်ဒေသနာ ဟုတ်မှန်တာကို သေချာ ကျန ဟောပြမည်ဟု စိတ်ရည်ပြုဘိ တပည့်တော်၏။)ဟဒယေ၊ဘုရားအာရုံ ကောင်းစွာထုံလျက် တလုံလဲလဲ မှိုဝဲစွဲသုံး စိတ်နှလုံး၌။ အညာဏံ၊ မသိမိုက်မှောင် သိဟန်ဆောင်၍ ဉာဏ်ရောင် ကင်းလျက် ချွတ်ယွင်းချက်ကို။ ဝိနာသယံစ-ဝိနာသယန္တောဝေ၊ အာဏာတော်နှင့် လျော်ကန်သင့်အောင် နှိုင်းချင့်သွယ်ကူ ပယ်ဖျောက်တော်မူလျက်သာလျှင်။ အာဏံ၊ ကရုဏာဉာဏ် အရင်းခံ၍ အမှန်ငြိမ့်ညောင်း အမိန့်ကောင်းကို။ ပဏေတု၊ အမြဲကပ်ချဉ်း မပြတ်သွင်း၍ အပ်နှင်းတော် မူပါစေသတည်း။ပဏေတု၊ အမြဲကပ်ချဉ်း မပြတ်သွင်း၍ အပ်နှင်းတော်မူပါ အာဏာတော်ရှင် မဟာကရုဏာတော်သခင် အရှင်မြတ်ကြီးဘုရား။

အဲ-ဤကဲ့သို့ အာဏာတောင်း အာသီသဂါထာကို ရွတ်ဆိုပြီးသကာလ အာဏာတော်ရှင် မဟာကရုဏာတော်သခင် ရှင်တော်မြတ်ဘုရားကြီးထံမှအမိန့် အာဏာများကို တောင်းလိုက်ရတယ်-ဒကာစိန်ရဲ့။

အဲသလို အမိန့်အာဏာတော် များကို တောင်းပြီးတော့ အဲဒီအမိန့် အာဏာတော်များကိုဦးထိပ်ထားပြီး သကာလ ယနေ့-ဓမ္မဒ္ဒေသနာယ်ကာကျယ်ရေး တရားတော်များကို ဟောကြားရလိမ့်မယ်-ဒကာစိန်ရဲ့။

အဲ ဟောဒီနေရာမှာ ဓမ္မန္တရာယ်အရကို စိစစ်ပြရန် လိုသေးကယ် ဒကာစိန်ရဲ့၊သို့သော်လဲပဲ အခြားဓမ္မန္တရာယ်တွေကို အသာထားပြီးတော့ လိုရင်းဖြစ်တဲ့ အရေးကြီးတဲ့ ဓမ္မန္တရာယ်အရကိုသာ ထုတ်ပြရလိမ့်မယ်-ဒကာစိန်ရဲ့။

ဓမ္မန္တရာယ်ဆိုတာ ဘုရားကိုယ်တော်မြတ်ကြီးရဲ့ အလိုတော်ကျမဟုတ်ပဲ ပြောဆိုတာတွေ့,ဟောပြောတာတွေ ဘုရား,တရား,သံဃာဆိုတဲ့ ရတနာသုံးပ ါး ကို ထိခိုက်ပုက်ခတ်ပြီး ပြောဆို တာတွေ, ဟောပြောတာတွေ၊ အဲဒါတွေဟာ ဓမ္မန္တရာယ်ချည်းပဲ ဖြစ်တယ်-ဒကာစိန်ရဲ့၊ သာသနာကို ဖျက်ဆီးရာလဲ ရောက်တယ်၊သို့အတွက် ထိုကဲ့သို့ပြောဆိုတာတွေ့,ဟောပြောတာတွေကိုကြားရ-တွေ့ရလျှင် လက်မခံဖို့၊ကာကွယ်နိုင်ကြဖို့ ယခုနှယ်က ကြိုတင်၍ ဓမ္မန္တရာယ်ကာကွယ်ရေး တရားတော်ကို ဟောပြောရပေတယ်-ဒကာစိန်ရဲ့။

## ရတနာအကြောင်း

ရတနာဆိုတာ....ရတိံ ဇနေတီတိ ရတနံ-တဲ့။

မနုဿာနံ၊ လူတို့၏။ ရတိံ၊ နှစ်သက်ခြင်းကို။ ဇနေတိ၊ ဖြစ်စေတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ရတနံ၊ ရတနာမည်၏။

အဲဒါလို လူအပေါင်းတို့ရဲ့ နှစ်သက် မြတ်နိုးခြင်းကို ဖြစ်စေတတ်သောကြောင့် ရတနာသို့ခေါ်ရတယ်-ဒကာစိန်ရဲ့။ ဤကမ္ဘာပေါ်၌အမြတ်ဆုံးဖြစ်တဲ့ ရတနာများကတော့ ဘုရား,တရား,သံဃာ ဆိုတဲ့ ရတနာသုံးပါးပင် ဖြစ်တယ်။ ဘုရား,တရား,သံဃာ ဆိုတဲ့ ရတနာသုံးပါးကို အမြတ်ဆုံးရတနာလို့ မှတ်ရမယ်-ဒကာစိန်ရဲ့။

ထို့ကြောင့် ခုဒ္ဒကနိကာယ် ရတနသုတ်ပါဠိတော်၌-

> ယံကိဉ္စိ ဝိတ္တံ ဣဓဝါ ဟုရံဝါ၊
> သဂ္ဂေသုဝါ ယံ ရတနံ ပဏီတံ။
> န နော သမံ အတ္ထိ တထာဂတေန၊
> ဣဒမ္ပိ (ဗုဒ္ဓေ....ဓမ္မေ....သံဃေ) ရတနံ ပဏီတံ။
> ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

လို့ ဟောတော်မူထားတယ်-ဒကာစိန်ရဲ့။

ဣဓဝါ၊ ဤလူ့ပြည်၌၎င်း။ ဟုရံဝါ၊ နဂါးပြည်-ဂဠုန် ပြည်၌၎င်း။ သဂ္ဂေသုဝါ၊နတ်ပြည်တို့၌၎င်း။ယံကိဉ္စိ၊အမှတ်မရှိ တစုံတခုသော။ဝိတ္တံ၊နှစ်သက်အပ်သော။ ပဏီတံ၊ တောင့်တအပ်သော။ ယံ ရတနံ၊ အ ကြင် ရ တ နာ သည်။ အတ္ထိ၊ ရှိ၏။ တံ ရတနံ၊ ထိုရတနာသည်။ တထာဂတေန၊ မြတ်စွာဘုရားနှင့်။ သမံ၊ တူသော ရတနာသည်။ နနောအတ္ထိ၊ မရှိသည်သာလျှင်တည်း။ (ဗုဒ္ဓေ-ဗုဒ္ဓေ၊ မြတ်စွာဘုရား၏။ ဓမ္မေ-ဓမ္မေ၊ တရားတော်မြတ်၏။ သံဃေ-သံဃေ၊ သံဃာတော်မြတ်၏။) ဣဒမ္ပိရတနံ၊ ဤရတနာ၏ အဖြစ်သည်သာလျှင်။ပဏီတံ၊ အမြတ်ဆုံးသည်။ ဟောတိ၊ဖြစ်၏။ ဧတေန သစ္စေန၊ဤသို့သောသစ္စာကြောင့်။

(ပါဏိန်၊ ညီညာဖြိုးဖြိုး ရောက်လာကြကုန်သော တရားနာ ပရိသတ် အပေါင်း
သူတော်ကောင်းတို့နှင့်တကွ အလုံးစုံသောသတ္တဝါအပေါင်းတို့အား။)သုဝတ္ထိ၊
ကောင်းသော စီးပွားချမ်းသာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

အဲ-ဟောဒီ ဆောင်ပုဒ်များကို လိုက်ဆိုကြ။

၁။ ဘုရားရတနာအမြတ်ဆုံး၊ နှလုံးသွင်းကြပါ။

၂။ တရားရတနာအမြတ်ဆုံး၊ နှလုံးသွင်းကြပါ။

၃။ သံဃာရတနာအမြတ်ဆုံး၊ နှလုံးသွင်းကြပါ။

၄။ ရတနာသုံးရပ်၊ ပန်ဆင်လတ်၊ ကင်းလွတ်ဒုက္ခမှာ။

၅။ ဘုရားဟောကြား၊ ဤစကား၊ မှတ်သားယုံကြည်ပါ။

## (၁) ဘုရားရတနာရှင်းတမ်း

အဲ-ဟောပြခဲ့တဲ့အတိုင်း အမြတ်ဆုံးရတနာများကို သိကြရပေပြီမဟုတ်
လား။ အဲဒီ အမြတ်ဆုံးဖြစ်တဲ့ ဘုရားရတနာ၊ တရားရတနာ၊သံဃာရတနာများ
ကိုပင် ''ရတနာရှင်းတမ်း''အနေနဲ့ ရှင်းလင်း၍ ဟောပြော ပြသရလိမ့်အုံးမယ်-
ဒကာစိန်ရဲ့။

အင်း....ဟောဒီနေရာမှာ ဘုရား, တရား, သံဃာ ဆိုတဲ့ ရတနာများက
ရှုပ်နေတဲ့အတွက် ရှင်းလင်းရတာလားလို့ မေးစရာ ရှိပြန်တယ်။ ရတနာသုံးပါး
ကတော့ ဘယ်တော့မှ ရှုပ်တယ်လို့ မရှိပေဘူးပေါ့။ သို့သော်လဲ ယခုအခါ အယူ
ဖောက်ပြန်တဲ့ပုဂ္ဂိုလ်တွေက ဘုရားစစ်-ဘုရားမှန်ဖော်ထုတ်ရေး၊ တရားစစ်တရား
မှန် ဖော်ထုတ်ရေး၊သံဃာစစ်-သံဃာမှန် ဖော်ထုတ်ရေး စသည်တို့ကိုဟောပြော
နေကြ၊လုပ်ကိုင်နေကြပြန်တော့ ထို အယူဖောက်ပြန်တဲ့ပုဂ္ဂိုလ်တွေအဖို့ ဘုရားစစ်
ဘုရားတု ဟူ၍ရင်း,တရားစစ်-တရားတု ဟူ၍ရင်း,သံဃာစစ်-သံဃာတုဟူ၍ရင်း
ရတနာသုံးပါး၌ ရှုပ်ထွေးလာကြပြန်တယ်-ဒကာစိန်ရဲ့။

အဲသလို ရတနာသုံးပါးကပင် မရှုပ်ထွေးသော်လဲ အယူဖောက်ပြန်တဲ့
လူတွေက ရှုပ်ထွေးအောင်လုပ်ကြတဲ့အတွက် ရတနာရှင်းတမ်းရယ်လို့ အမည်
တပ်ကာ ဟောပြောလိုက်ရပါတယ်-ဒကာစိန်ရဲ့။

### သက်တော်ထင်ရှား ဘုရားအကြောင်း

ဘုရားရတနာ၌....

၁။ သက်တော်ထင်ရှား သဗ္ဗညုဘုရား၊

၂။ ကိုယ်တော်စား စေတီတော်များ၊

ရယ်လို့ နှစ်မျိုးနှစ်စား ရှိတယ်-ဒကာစိန်ရဲ့။

သက်တော်ထင်ရှား သဗ္ဗညုဘုရားဆိုတာက ဟို-မဇ္ဈိမဒေသ ဇမ္ဗူဒိပ်နိုင်ငံအတွင်းရှိ ကပိလဝတ်မြို့၌ မယ်တော်မာယာနှင့် သုဒ္ဓေါဒန မင်းကြီး၏သား သိဒ္ဓတ္ထမင်းသည် တောထွက်တော်မူပြီးလျှင် ကမ္ဘာ့ဌာန်းကိုအားထုတ်၍ဗောဓိပင်ရင်း၌ မာရ်ငါးပါးကို အောင်မြင်တော်မူပြီးသကာလ သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူသော''ဂေါတမဗုဒ္ဓ''ကိုသာ သက်တော်ထင်ရှား သဗ္ဗညုဘုရားလို့ ဆိုတယ်-ဒကာစိန်ရဲ့။

အဲဒီ''ဂေါတမဗုဒ္ဓ''ခေါ်တဲ့ သက်တော်ထင်ရှား ဘုရား၌ အရဟံအစရှိသော ဂုဏ်တော်များရှိတယ်-ဒကာစိန်ရဲ့။

ယခုအခါ သက်တော်ထင်ရှား သဗ္ဗညုဘုရားကား-ပရိနိဗ္ဗာန်ဝင်စံတော်မူသွားလေပြီ။ သက်တော်ထင်ရှား သဗ္ဗညုဘုရား မရှိတော့ဘူး-ဒကာစိန်ရဲ့။

(ဗုဒ္ဓဝင်ကိုရှု)။

ဟောဒီ ဗုဒ္ဓဝင်ကဗျာများကို လိုက်ဆိုကြ။

၁။ လောင်းတော်ညွန့်ဖူး-ကွန့်မြူးဉာဏ်ယာဉ်၊
တုသိမြနန်း-ကြွလှမ်းစံစဉ်။
ဗြဟ္မာနတ်များ-ညွတ်တွားပန်ဆင်၊
နေ့ကြွက်မင်း-သက်ဆင်း သန္ဓေယှဉ်။ (မ)

၂။ သုဒ္ဓေါမင်းမြတ်-နှင်းအပ်ဒေဝီ၊
မာယာမယ်ဖွား-နွယ်အားသာကီ။
ဝမ်းတော်လွယ်ရ ဆယ်လကြာရှည်၊
ပူးမင်းနေ့-ဖွား၍အောင်သံချီ။ (သိ)

၃။ သွင်မှုချော့လျှပ်-သောဌသ်ချိန်ညီ၊
ယသော်နုထွား-စုလျားပြိုင်ပြီ၊
ရာဟုသားမြတ်-ဖွားလတ်ပြန်သည်၊
ကျွားမင်းရက်-တောထွက်နေ်မာဆီ။ (ကြ)

၄။ ဥရုဝေဠ-ဟောမြိုင်ပေါ်၊
ခြောက်နှစ်ကျင့်သုံး-မြင့်ဘုန်းအမော်။
သစ္စာဖွင့်ပွဲ-တင့်ကဲအောင်သော်၊
ဆင်မင်းနေ့-မမေ့မှတ်ဖို့နော်။ (လျှင်)

၅။ ဗာရာကြေငှန်း-တောတန်းမြိုင်ဘော့၊
မိဂဒါဟု-ခေါ်ပြုဌာနေ။
ပဉ္စဝဂ်ပေါင်း-ထပ်လောင်းဒေဝေ၊
ဓမ္မာစက်-ဟောမြွက်နေ့စနေ။ (တွေး)

၆။ မဟူသာမင်းဘုံ – အင်ကြင်းမြိုင်ယံ၊
အားတော်ခွေလျ – ကြွေကျပုံဟန်။
ငိုပွဲရှိပွဲ – ပြိုလဲဆူညံ၊
အင်္ဂါနေ – ပြောင်းရွှေ ပြည်နိဗ္ဗာန်။ (ဆ)

၇။ နံ့သာကျောင်းသို့–အလောင်းတင်ပြန်၊
တေဇာရှိန်လင်း–ထိန်ဝင်းတောက်လျှံ။
မြတ်အလောင်းမှ–ဓာတ်ပေါင်းတော်ကျန်၊
ဂဠုန်နေ–ကြုံတွေ့ တေဇောသံ။ (ဦး)

## ကိုယ်တော်စား စေတီတော်များအကြောင်း

ယခုအခါ၌ကား ကိုယ်တော်စားဖြစ်တဲ့စေတီတော်များသာရှိတော့တယ် ဒကာစိန်ရဲ့။ အဲဒီ ကိုယ်တော်စား စေတီတော်များ ဆိုတာကတော့....

(၁) ဓမ္မစေတီတဲ့၊ သက်တော်ထင်ရှား သဗ္ဗညုဘုရား ဟောကြားတော်မူထားတဲ့ ပိဋကတ်တော် ဓမ္မက္ခန္ဓာများ ဖြစ်တယ်–ဒကာစိန်ရဲ့။ ယခုကာလမှာ ပိဋကတ်တော် ဓမ္မက္ခန္ဓာပါဠိတော်များ စာအုပ်၌ရောက်နေပြီဖြစ်၍ ၎င်းပိဋကတ်ပါဠိတော်စာအုပ်,စာပေများကိုလဲ''ဓမ္မစေတီ''လို့ ပညာရှိအကျော် ဆရာတော်များ ဟောကြား ရေးသားတော်မူကြတယ်–ဒကာစိန်ရဲ့။

(၂) ဓာတုစေတီတဲ့၊ အဲဒါက သက်တော်ထင်ရှားသဗ္ဗညုမြတ်စွာဘုရားမှ တေဇောဓာတ်လောင်ပြီးတဲ့အခါ ကြွင်းကျန်ရစ်ခဲ့သော ဓာတ်တော်များကို ဆိုတယ်–ဒကာစိန်ရဲ့။ အကြီးဆုံးမှာ ပဲနောက်စေ့ခန့်လောက်ရှိတယ်။ အဆင်းက ရွှေအဆင်းတဲ့–ဒကာစိန်ရဲ့။ အလတ် မှာတော့ ဆန်ကျိုးခန့်ရှိတယ်၊ အဆင်းက ပုလဲအဆင်းတဲ့။ အငယ်ဆုံးမှာ မုန်ညင်းစေ့ခန့်တဲ့၊ အဆင်းကတော့ ချရားစေ့ အဆင်းရှိတယ်တဲ့–ဒကာစိန်ရဲ့။

(၃) ပရိဘောဂစေတီတဲ့၊ဒါကတော့ ဗောဓိပင်များနှင့် ဓာတ်တော်, ရုပ်ပွားတော်ဌာပနာရာဖြစ်တဲ့စေတီတော်,ပုထိုးတော်များကိုဆိုတယ်ဒကာစိန်ရဲ့။

(၄) ဥဒ္ဒိဿစေတီတဲ့၊ အဲဒါက သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရား၏ အသွင်ပုံသဏ္ဌာန်ပြုလုပ်ထားတဲ့ သစ်သား ရုပ်ပွားတော်, အုတ်ရုပ်ပွားတော်, ကျောက် ရုပ်ပွားတော်, ကြေး ရုပ်ပွားတော် စသည်များကို ဆိုတယ်.... ဒကာစိန်ရဲ့။

ထို့ကြောင့် ကလိင်္ဂဗောဓိဇာတ်၌ အရှင်အာနန္ဒာအား ဟောကြားတော်မူထားသည်မှာ ...

စတ္တာရိမာနိ အာနန္ဒ စေတိယာနိ၊ ကတမာနိ စတ္တာရိ၊ ဓမ္မစေတိယံ ဓာတုစေတိယံ ပရိဘောဂိယံ ဥဒ္ဒိဿကံ။ ဣမာနိခေါ အာနန္ဒ စတ္တာရိ စေတိယာနိ။

အာနန္ဒ၊ အာနန္ဒာ။ စေတိယာနိ၊ ငါဘုရား၏ ကိုယ်တော်စားဖြစ်တဲ့ စေတီတို့သည်။ ဣမာနိ စတ္တာရိ၊ ဤလေးပါးတို့ ပေတည်း။ ကတမာနိ စတ္တာရိ၊ အဘယ်လေးပါးတို့နည်းဟူမူကား။ ဓမ္မစေတိယံ၊ ဓမ္မစေတီဂုဏ်း။ ဓာတုစေတိယံ၊ ဓာတုစေတီဂုဏ်း။ ပရိဘောဂိယံ၊ ပရိဘောဂစေတီဂုဏ်း။ ဥဒ္ဒိဿကံ၊ ဥဒ္ဒိဿစေတီဂုဏ်း။ အာနန္ဒ၊ အာနန္ဒာ။ စေတိယာနိ၊ ငါဘုရား၏ ကိုယ်တော်စားဖြစ်တဲ့စေတီတို့သည်။ ဣမာနိ စတ္တာရိ၊ ဤလေးပါးတို့ ပေတည်း။

အဲဒါလို ကိုယ်တော်စားဖြစ်တဲ့ စေတီတော်များမှာ လေးမျိုး လေးစား ရှိကြောင်း ဟောတော်မူထားတယ်-ဒကာစိန်ရဲ့။

## ဘုရားတုဟု မသုံးနှုန်းသင့်ကြောင်း

ဟောဒီနေရာ၌ ဗုဒ္ဓရတနာဂုဏ်းတမ်းအရ သကိပြုကြရမှာကတော့-သက်တော်ထင်ရှားဘုရား၏ကိုယ်တော်စားဖြစ်တဲ့ ရုပ်ပွားတော်စသည်များကိုပိဋကတ်တော်၌ မြတ်စွာဘုရားက စေတီလို့သာဟောကြားတော်မူထားတယ်။ဘုရားတုလို့ ဟောကြားတော် မမူဘူး-ဒကာစိန်ရဲ့၊ စေတီလို့သာ ဟောကြားတော်မူထားကြောင်းကို "စတ္တာရိမာနိ အာနန္ဒ စေတိယာနိ" ဆိုတဲ့ ကလိင်္ဂဗောဓိဇာတ်ပါဠိတော်ကို ထောက်သောအားဖြင့်လဲ သိနိုင်ပါတယ်-ဒကာစိန်ရဲ့။

ထို့အပြင် "စေတိယမ္ပိစ သံဃေဝါ" ဆိုတဲ့ ခုဒ္ဒကပါဌပါဠိတော် နိဓိကဏ္ဍသုတ်ကို ထောက်သားသော အားဖြင့်ရင်း၊ "တတ္ထ စေတယိတဗ္ဗန္တိ စေတိယံ၊ ပူဇေတဗ္ဗန္တိ ဝုတ္တံ ဟောတိ၊ စိတတ္တာဝါ စေတိယံ၊ တံပနေတံ တိဝိဓံ ဟောတိ ပရိဘောဂစေတိယံ ဥဒ္ဒိဿစေတိယံ သဓာတုကစေတိယန္တိ" ဆိုတဲ့ နိဓိကဏ္ဍသုတ် အဋ္ဌကထာကို ထောက်သားသောအားဖြင့်ရင်း သက်တော်ထင်ရှား ဘုရား၏ ကိုယ်တော်စားဖြစ်တဲ့ရုပ်ပွားတော်စသည်များကို "ဘုရားတု" လို့မသုံးစွဲကြောင်း စေတီလို့သာ သုံးစွဲတော်မူထားကြောင်းကို သိနိုင်တယ်-ဒကာစိန်ရဲ့။

ပိဋကတ်ကျမ်းဂန်တတ် ပညာရှိအကျော် ဆရာတော်ဘုရားများလည်း ရှေးအခါကစ၍ ယခုတိုင်အောင်ပင် "ဘုရားတု" ဆိုတဲ့ အသုံးအစွဲကိုသုံးစွဲတော်မမူကြပဲ၊ ရုပ်ပွားတော် ဆင်းတုတော်လို့သာ သုံးစွဲတော်မူခဲ့ကြတယ်၊ ဟောပြောတော်မူခဲ့ကြတယ်-ဒကာစိန်ရဲ့။ ထိုစကားကို ထင်ရှားစေပါအုံးမယ်။

ဗုဒ္ဓပင္လိမာ ဥဒ္ဒိဿက စေတိယံ-ဆိုတဲ့ နိဂိကေဏ္ဍသုတ် အဋ္ဌကထာပါဠိကို မြန်မာပြန်ရာ၌-"ဗုဒ္ဓပင္လိမာ၊ မြတ်စွာဘုရား၏ ကိုယ်စား ရုပ်ပွားတော်, ဆင်းတုတော်တို့သည်။" ဟု မြန်မာပြန်ကြတယ်, သုံးစွဲကြတယ်။ဗုဒ္ဓပင္လိမာ"ဘုရားတု"ဟုသည်လို မြန်မာမပြန်ကြဘူး, မသုံးစွဲကြဘူး-ဒကာစိန်ရဲ၊ သတိပြုကြနော်။

ထိုအပြင် ဆုမ်းတော်ကပ် စသည်များကို ရေးသားတော်မူခဲ့တဲ့ ပညာရှိ ဆရာတော်ဘုရားကြီးများလဲ ဗုဒ္ဓ၊ သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရားကို။ ဥဒ္ဒိဿ၊ ရည်စူး၍။ စေတိယဿ၊ ဓာတုစေတီ, ပရိဘောဂစေတီ, ဥဒ္ဒိဿစေတီ တော်မြတ်အား-လို့သာ ရေးသား သင်ကြားတော်မူခဲ့ဘယ်-ဒကာစိန်ရဲ။

ဗုဒ္ဓံ၊ ဘုရားအစပ်ကို။ ဥဒ္ဒိဿ၊ရည်စူး၍။ စေတိယဿ၊ စေတီတော်တည်းဟူသော ဘုရားအတုအား လို့ ရေးသားတော် မမူခဲ့ကြဘူး, သင်ကြားတော်မမူခဲ့ကြဘူး, သုံးစွဲတော် မမူခဲ့ကြဘူး-ဒကာစိန်ရဲ။ တို့-ဒကာတွေ သတိပြုကြနော်.... ဤနေရာ၌ အရေးကြီးဘယ်။

အဲ-ထိုကဲ့သို့ ဘုရား ကိုယ် တော် မြတ် ကြီး နှင့် တ ကွ ရှေးရှေး ပညာရှိ အကျော် ဆရာတော်ဘုရားကြီးတို့သည်၎င်း, ယခုခေတ် ပညာရှိအကျော် ဆရာတော်ဘုရားကြီးတို့သည်၎င်း "ဘုရားတု"ဟူသော အသုံးအစွဲ အပြောအဆိုမျိုးကို သုံးစွဲပြောဆိုရိုး မရှိကြပါပဲလျက် ယခုအခါ အယူဖောက်ပြန်တဲ့ ပုဂ္ဂိုလ်တွေက ဘုရာ စပ်, ဘုရားမှန် ဖော်ထုတ်ရေး ဆိုပြီးသကာလ ဘယ်ဟာက ဘုရားစစ်, ဘယ်ဟာက ဘုရားတုရယ်လို့ ခွဲခြားပြီးတော့ ထူးထူးဆန်းဆန်း သုံးစွဲဟောပြောလျက်ရှိနေကြဘယ်-ဒကာစိန်ရဲ။

လောကကြီးဟာ တယ်ခက်တာပဲ-ဒကာစိန်ရဲ၊"ထူးရင်လဲထူးမှ ရှူးရင်လဲ ရှူးမှ"ဆိုဘာလို ထူးထူးဆန်းဆန်း သုံးစွဲပြောဆိုလျှင် တယ်ကြိုက်ကြတာကိုး-ဒကာစိန်ရဲ၊ သို့အတွက် ထို"ဘုရားတု"ဆိုတဲ့ အသုံးအနှုန်း၊ တရားတု, သံဃာတု ဆိုတဲ့ အသုံးအနှုန်းများကို ယခုခေတ်လူငယ်အချို့က အလွန်ကြိုက်နေကြတယ်-ဒကာစိန်ရဲ။

အဲသလို စေတီ,ရုပ်ပွားတော်များကို "ဘုရားတု"လို့ ထူးထူးဆန်းဆန်း သုံးစွဲပြောဆိုကြခြင်းသည်"စက္ခာရိမာနိ အာနန္ဒ စေတိယာနိ"လို့မြတ်စွာဘုရား ဟောကြားတော်မူချက် သုံးနှုန်းတော်မူချက်နှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေတယ်-ဒကာစိန်ရဲ။

ထို့အပြင် ပညာရှိအကျော် ရှေးဆရာတော်ဘုရားကြီးများမှစ၍ ယခုပစ္စုပ္ပန် အောင်ပင် ပညာရှိဆရာတော်ဘုရားကြီး၏ သုံးနှုန်းဟောပြောရိုး အစဉ်အလာကိုလည်း ပယ်ဖျက်ပစ်ရာရောက်တယ်-ဒကာစိန်ရဲ။

ထို့ပြင် စေတီ, ရုပ်ပွားတော်များကို သက်တော်ထင်ရှား ဘုရား၏ ကိုယ်တော်စား စေတီ, ရုပ်ပွားတော်-လို့ မသုံးနှုန်းပဲ ''ဘုရားတု''လို့ သုံးနှုန်း လိုက်သဖြင့်လည်း....

လူ, သတ္တဝါတို့၏သဘောမှာ''အတု''ဆိုလျှင် အတုအပေါ်၌ အာရုံ ရောက်မှု နည်းပါးတတ်ခြင်း၊ မြတ်နိုးယုံကြည်မှု နည်းပါးတတ်ခြင်း၊ ရိုသေလေး စားမှု နည်းပါးတတ်ခြင်းသဘော ရှိတယ်-ဒကာစိန်ရဲ့။ ယခုလဲ စေတီ, ရုပ်ပွား တော်များကို''ဘုရားအတု''လို့ သုံးနှုန်းဟောပြောထားတဲ့အတွက် လူ,သတ္တဝါ တို့သည် စေတီ,ရုပ်ပွားတော်များအပေါ်၌ အာရုံရောက်မှု နည်းပါးသွားနိုင်ကြ တယ် မြတ်နိုးယုံကြည်မှု,ကိုးကွယ်ဆည်းကပ်မှု နည်းပါးသွားနိုင်ကြတယ်၊ ရိုသေ လေးစားမှုလဲ နည်းပါးသွားနိုင်ကြတယ်-ဒကာစိန်ရဲ့။

အဲသလို စေတီ,ရုပ်ပွားတော်များအပေါ် ရိုသေလေးစားမှု နည်းပါး သွားနိုင်ကြတဲ့အတွက် စေတီ, ရုပ်ပွားတော်များကို ''ဘုရားတု''လို့ သုံးနှုန်း ဟောပြောခြင်းသည် ဟောဒီပါဠိတော်နှင့်လဲ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်သွား တယ်-ဒကာစိန်ရဲ့၊ နားထောင်ကြ။

တိဋ္ဌန္တေ နိဗ္ဗုတေစာပိ၊ သမေ စိတ္တေ သမံ ဖလံ။
စေတော ပဏိဓိ ဟေတူ ဟိ၊ သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ။
(ဝိမာနဝတ္ထု ပါဠိတော်)

တိဋ္ဌန္တေစ၊ သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရား၌၎င်း။ နိဗ္ဗုတေစ၊ ပရိနိဗ္ဗာန်စံပြီး ကိုယ်တော်စား စေတီတော်များ၌၎င်း။ စိတ္တေ၊ ကြည်ညိုသော စိတ်သည်။ သမေ၊ တူမျှသည်ရှိသော်။ ဖလံ-ဖလံပိ၊ အကျိုးသည်လည်း။ သမံ၊ တူမျှသည်။ ဟောတိ၊ ဖြစ်၏။ ဟိသစ္စံ၊ မှန်၏။ စေတောပဏိဓိဟေတု၊ စိတ်ထား ကောင်းခြင်းကြောင့်သာလျှင်။ သတ္တာ၊ သတ္တဝါတို့သည်။ သုဂ္ဂတိံ၊ သုဂတိဘုံ ဘဝသို့။ ဂစ္ဆန္တိ၊ ရောက်ကြရလေကုန်၏။ ဝါ၊ ရောက်ကြရလေကုန်တော့ သတည်း။

အဲဒီပါဠိတော်အရ သက်တော်ထင်ရှားဘုရားနှင့် ကိုယ်တော်စား စေတီ တော်များအပေါ် ကြည်ညိုစိတ် တူမျှရမယ်။ကြည်ညိုစိတ်တူလျှင်အကျိုးပေးလဲ အတူတူပဲ၊ စိတ်ထားကောင်းဖို့ အရေးကြီးတယ်။ စိတ်ထားကောင်းလျှင် ''စိတ်သာရှင်စေ-ဘုရားဟော''ဆိုတဲ့အတိုင်း သတ္တဝါတွေဟာ သုဂတိဘဝသို့ ရောက်နိုင်ကြတယ်လို့ ဆိုလိုတယ်-ဒကာစိန်ရဲ့။

ဒီပါဠိတော်က သက်တော်ထင်ရှားဘုရားနှင့် ကိုယ်တော်စားစေတီတော် များအပေါ် ကြည်ညိုစိတ် တူရမယ်လို့ ဆိုတယ်၊ ကိုယ်တော်စား စေတီ,ရုပ်ပွား တော်များကို ''ဘုရားတု''လို့ သုံးနှုန်းဟောပြောလိုက်တဲ့အတွက် လူ, သတ္တဝါ တို့သည် ထို''ဘုရားတု''အပေါ် ကြည်ညိုစိတ်ပေါ့မသွားပေဘူးလား၊သို့အတွက်

ကိုယ်တော်စား စေတီရုပ်ပွားတော်များကို "ဘုရားတု"လို့ သုံးနှုန်းဟောပြော လိုက်ခြင်းသည် ဤဝိမာနဝတ္ထုပါဠိတော်နှင့်လဲ ဆန့်ကျင်တယ် ဒကာစိန်ရဲ့။

ထို့အပြင် ငါတို့ဗုဒ္ဓဘာသာ လူမျိုးတို့သည် အယူမဖောက်ပြန်ခဲ့လို့ရှိလျှင် ဘုရားမမှားနိုင်ပါဘူး၊ သို့အတွက် "ဘုရားစစ်-ဘုရားမှန် ဖော်ထုတ်ရေး"လို့ ကြီးကြီးကျယ်ကျယ် လုပ်နေစရာမလိုပါဘူး-ဒကာစိန်ရဲ့။အဘယ့်ကြောင့် ဘုရား မမှားနိုင်ပါသလဲဆိုရင် - ငါတို့ ဗုဒ္ဓဘာသာလူမျိုးတို့မှာ မိရိုးဖလာအားဖြင့်ပင် သက်တော်ထင်ရှားဘုရားနှင့် ကိုယ်တော်စားဘုရားကို အထင်အရှား သိရှိကြပြီး ဖြစ်သောကြောင့် ဘုရားမမှားနိုင်တော့ပါ။

ငါတို့ဗုဒ္ဓဘာသာလူမျိုးတို့သည် ကိုယ်တော်စားဖြစ်တဲ့ ရုပ်ပွားတော်များ ကို သက်တော်ထင်ရှား ဘုရားလို့ မည်သူမျှ အယူမရှိကြပါ၊ ကိုယ်တော်စား ရုပ်ပွားတော်များဟာ ကိုယ်တော်စား ရုပ်ပွားတော်များ တခြားပဲ၊သက်တော် ထင်ရှားဘုရားဟာလဲ သက်တော်ထင်ရှား ဘုရားတခြားပဲ-လို့ မိရိုးဖလာအား ဖြင့်ပင် မည်သူမဆို အထင်အရှား သိရှိကြပြီး ဖြစ်ပါတယ်- ဒကာစိန်ရဲ့။

သို့အတွက် ဘုရားစစ်ဘုရားမှန် ဖော်ထုတ်ရေး ကိုလဲ လုပ်နေ စရာမလို ပါဘူး၊ ဘုရားစစ်-ဘုရားတု လို့လဲ ခွဲခြားနေစရာမလိုပါဘူး-ဒကာစိန်ရဲ့၊မခွဲခြား လဲ သိရှိပြီး ဖြစ်ပါတယ်၊ခွဲခြားလျှင်ကား ဆိုအပ်ခဲ့ပြီးတဲ့အ ိုင်း အပြစ်များကို ပင် ရရှိပါသေးတယ်-ဒကာစိန်ရဲ့။

ထို့အပြင် ငါတို့ဗုဒ္ဓဘာသာ လူမျိုးတို့သည် ကိုယ်တော်စားဖြစ်ဘဲ့ စေတီ ရုပ်ပွားတော်များကို ကိုးကွယ် ဆည်းကပ် ရှိခိုးရင်း, လှူဒါန်း ပူဇော်ရှိခိုးရင်း သက်တော်ထင်ရှားသဗ္ဗညုမြတ်စွာဘုရားကိုသာ စိတ်၌ဦးတည်ထား၍သက်တော် ထင်ရှား သဗ္ဗညုဘုရားနှင့်အတူတူ-ကြည်ညိုစိတ်ထား၍ ကိုးကွယ် ဆည်းကပ်ကြ တယ်၊ လှူဒါန်း ပူဇော်ကြတယ်-ဒကာစိန်ရဲ့၊ သို့အတွက် ဘယ်လိုဟာက ဘုရား အစစ်ကို ပူဇော်တာဖြစ်တယ်၊ ဘယ်လိုဟာက ဘုရားအတုမျှသာ ရောက်တယ်၊ အကျိုးမရှိဘူး စသည်ဖြင့် ခွဲခြား၍ ဟောပြောရန် မလိုပါဘူး-ဒကာစိန်ရဲ့။

သို့အတွက် ဤနေရာကနေပြီးတော့ ဘုရားစစ်-ဘုရားတုလို့ မခွဲခြားရန် သတိပြုကြရမယ်၊တို-ဒကာတွေ ဘုရားစစ်-ဘုရားတုလို့ မခွဲကြနဲ့နော်၊ အကယ်၍ ခွဲခြားပြီးဟောလိုလျှင် သက်တော်ထင်ရှား ဘုရား, ကိုယ်တော်စား စေတီတော် များ-လို့သာ ဟောပြောရမယ်-ဒကာစိန်ရဲ့။

ဟောဒီဆောင်ပုဒ်များကို လိုက်ဆိုကြ။

၁။ ဘုရားတုဟု၊အထူးပြု၊ခေါ်မှုမလုပ်ရန်။

၂။ ဘုရားတုပေ၊ခေါ်ပြုချေ ရိုသေနည်းဖို့ရန်။

၃။ သက်တော်ထင်ရှား၊ကိုယ်တော်စား၊မှတ်သားသုံးစွဲရန်။

## စေတီ ၊ ရုပ်ပွားတော်များကို မပြစ်မှားသင့်ကြောင်း၊

အယူဖောက်ပြန်တဲ့ ပုဂ္ဂိုလ်တွေက ကိုယ်တော်စား စေတီတော်များဖြစ်တဲ့သစ်သားရုပ်ပွားတော်၊ အုတ်အင်္ဂတေရုပ်ပွားတော်၊ ကျောက်သားရုပ်ပွားတော်စသည်များကို ''ဘုရားတု'' ဟုသုံးနှုန်းပြောဆိုရုံမျှမကသေးဘူး၊ အသက်မရှိတဲ့ ဘုရားတုဖြစ်တဲ့ သစ်သား၊ အုတ်-အင်္ဂတေ၊ ကျောက်တုံး စသည်တို့ကို ကိုးကွယ် ဆည်းကပ်နေလို့ အကျိုးမရှိဘူး၊ ရှိခိုးနေလို့ အကျိုးမရှိဘူး၊ လှူဒါန်း ပူဇော်နေလို့ အကျိုးမရှိဘူး၊ သစ်သားစသည်များကို ရွှေချနေလို့ ဘာမျှအကျိုးမရှိဘူး စသည်ဖြင့် ရဲတင်းစွာ ပြောဆိုဝံ့ဘိကြတယ်-ဒကာစိန်ရဲ့။

ထိုကဲ့သို့ သစ်သား၊ ကျောက်သားစသည်များကိုအစွဲပြုပြီးတော့ ပြောကြဆိုကြခြင်းသည် ကတောက်ကတက် ထင်မိထင်ရာပြောဆိုကြခြင်းဖြစ်၍အရေးပါအရာရောက်သော စကားမျိုးမဟုတ်ဘူး-ဒကာစိန်ရဲ့၊အမှန်ကတော့ အသက်မရှိတဲ့ သစ်သား၊ ကျောက်သားစသည်တို့ကို အစွဲပြုရသောအရာမျိုး မဟုတ်ဘူး၊ အသွင်သဏ္ဌာန်သာ လိုရင်းဖြင့်တယ်-ဒကာစိန်ရဲ့။

သို့ပါလျက်အသက်မရှိတဲ့သစ်သား၊ ကျောက်သား၊ အုတ်၊ အင်္ဂတေ၊ ကြေး၊ ရွှေ၊ ငွေများကို အစွဲပြုပြီးတော့ ပြောဆိုကြခြင်းသည် အရေးမပါအရာမရောက်ပေ၊ သစ်သား၊ ကျောက်သားစသည်များကားလိုရင်းမဟုတ်၊အသွင်သဏ္ဌာန်သာလိုရင်းဖြစ်တယ်၊အသွင်သဏ္ဌာန်သာလိုရင်းဖြစ်ကြောင်းကိုလည်း ဟောဒီ ဝတ္ထုသာဓကများကို ထောက်ထား၍ သိနိုင်ပါတယ်-ဒကာစိန်ရဲ့။

ဓမ္မာသောကမင်းကြီးဟာ ကာဠနဂါးမင်းကိုခေါ်ဆောင်ပြီးသကာလသက်တော်ထင်ရှား မြတ်စွာဘုရား၏အသွင်ကို ဖန်ဆင်းပြပါလို့-ခိုင်းတယ်။

ကာဠနဂါးမင်းလည်း မြတ်စွာဘုရား၏ အသွင်ကို လက္ခဏာ၊ကြီးငယ်ရောင်ခြည်တော် ခြောက်သွယ်နှင့်တကွ ဖန်ဆင်းပြတယ်၊မင်းကြီးလဲမအိပ်ပဲ ခုနစ်ရက် ပတ်လုံး ဖူးမြော်နေတဲ့အကြောင်း ကျမ်းဂန်တို့၌လာတယ်-ဒကာစိန်ရဲ့။

အဲဒီဝတ္ထုမှာ ကာဠနဂါးမင်းကြီးဟာ တိရစ္ဆာန်မျိုးဖြစ်ပါလျက်အသွင်သဏ္ဌာန်တော်ကိုမြင်ရသည့်အတွက်ရှိခိုးခြင်းကိုပြုတယ်မဟုတ်လား-ဒကာစိန်ရဲ့၊ သို့အတွက် သစ်သား စသည်များဟာ ပမာဏမဟုတ်၊အသွင်သဏ္ဌာန်တော်သည်သာ ပမာဏဖြစ်တယ်လို့ မှတ်ရမယ်-ဒကာစိန်ရဲ့။

အဲဒါကြောင့် သစ်သား၊ကျောက်သား စသည်များကို ကိုးကွယ်ဆည်းကပ်ခြင်း၊ ရှိခိုးခြင်း စသည်များဟာ အကျိုးမရှိဘူးလို့ ပြောဆိုကြခြင်းသည် အရေးမပါအရာမရောက် ကတောက်ကတက် ထင်မိထင်ရာ ပြောတဲ့ စကားဖြစ်သည့်ပြင် သက်တော်ထင်ရှား ဘုရား၏ ကိုယ်တော်စား ဖြစ်တဲ့ စေတီရုပ်ပွားတော်များကို ဝစီကံဖြင့် ပြစ်မှားကျူးလွန်ရာ ရောက်ဘယ်၊မမွန်ကောင်းရာယ် ဖြစ်တယ်၊ သာသနာတော်ကို ဖျက်ဆီးရာ ရောက်ဘယ်-ဒကာစိန်ရဲ့။

စေတီ,ရုပ်ပွားတော်များကို ပြစ်မှားကျူးလွန်တဲ့အတွက် အလွန်အပြစ်ကြီးတယ်၊ ဗုဒ္ဓဂိုဏ်း, ဓမ္မဂိုဏ်း, သံဃဂိုဏ်း, ဒသမိ-အဗဂိုဏ်း, ဆရာဂိုဏ်း ဆိုတဲ့ ဂိုဏ်းကြီး ငါးပါးတို့တွင် ဗုဒ္ဓဂိုဏ်း သင့်သည် မည်တယ်၊ ဗုဒ္ဓစိမ်ရေ-ဓမ္မစိမ်ရေ စသော စိမ်ရေကြီး ငါးပါးတို့တွင် ဗုဒ္ဓစိမ်ရေ သင့်သည် မည်တယ်-ဒကာစိန်ရဲ၊ စိမ်ရေဆိုတာဟာ ဘုရားစသည်တို့၌ ပြစ်မှားကျူးလွန်တာကိုပင်ဆိုတယ်-ဒကာစိန်ရဲ၊ တို့-ဒကာတွေ စိမ်ရေမသင့်ဖို့ အရေးကြီးတယ်နော်။

ထိုကဲ့သို့ ဗုဒ္ဓဂိုဏ်းစသည် သင့်သူများမှာ ယခုဘဝ၌ပင်လျှင် နူနာကြီး, ပန်းနာကြီးစသော အနာဆိုး - ရောဂါဆိုးတို့နှင့် တွေ့ရတတ်တယ်၊ သေခါနီးမှာလဲ မမြင်ဝံ့-မရှုဝံ့လောက်အောင်ဖောက်လဲဖောက်ပြန်ဖြစ်၍သေရတတ်တယ်၊ သေပြီးသည့်နောက်မှာလဲ ငရဲသို့ ကျရောက်တတ်တယ်-ဒကာစိန်ရဲ။သတိကြီးစွာထားကြနော်။

စေတီ,ရုပ်ပွားတော်များကိုပြစ်မှားကျူးလွန်မိလျှင် အပြစ်အလွန်ကြီး၍ သက်တော်ထင်ရှားမြတ်စွာဘုရားကို ပြစ်မှားကျူးလွန်သည်နှင့် တူကြောင်းကို ဟောဒီပါဠိဖြင့် သိနိုင်ပါတယ်။

> အထ ယေစ ပရိနိဗ္ဗုတေ တထာဂတေ စေတိယံ ဘိန္ဒန္တိ၊ ဗောဓိံ ဆိန္ဒန္တိ၊ ဓာတုမှိ ဥပက္ကမန္တိ၊ တေသံ ကိံ ဟောတီတိ၊ ဘာရိယံ ကမ္မံ ဟောတိ၊ အနန္တရိယ သဒိသံ။
>
> (သမ္မောဟဝိနောဒနီ-ဌကထာ-ဉာဏဝိဘင်းအဖွင့်)

အထ၊လိုမှတပါး။ယေစ၊အကြင်သူတို့သည်ကား။ တထာဂတေ၊မြတ်စွာဘုရားသည်။ ပရိနိဗ္ဗုတေ၊ ပရိနိဗ္ဗာန်စံပြီးသည်ရှိသော်။ စေတိယံ၊ ပရိဘောဂစေတီတော်,ဥဒ္ဒိဿစေတီတော်ကို။ဘိန္ဒန္တိ၊ဖျက်ဆီးကုန်၏။ဗောဓိံ၊ဗောဓိပင်ကို။ ဆိန္ဒန္တိ၊ ဖြတ်ကြကုန်၏။ ဓာတုမှိ၊ ဓာတ်တော်၌။ ဥပက္ကမန္တိ၊ မကောင်းသော ပယောဂကိုပြုကြကုန်၏။ တေသံ၊ထိုသူတို့အား။ကိံ၊အဘယ်ကံသည်၊ဟောတိ၊ ဖြစ်ပါသနည်း။ ဣတိအယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ ဘာရိယံ၊ ဝန်လေးသော။ကမ္မံ၊မကောင်းမှုကံသည်။ ဟောတိ၊ဖြစ်၏။ အနန္တရိယသဒိသံ၊ အနန္တရိယကံကြီးနှင့်တူသည်၊ ဟောတိ၊ဖြစ်၏။

ဟောဒီနေရာ၌ ဆက်စပ်၍ အနည်းငယ်မျှ ဟောပြအုံးမယ်၊ တချို့အယူဖောက်ပြန်တဲ့သူတွေက "ဘုန်းကြီးတွေဟာလူတွေကို ငရဲနှင့်ခြောက်,နတ်ပြည်နှင့် မြှောက်၍ ညာနေကြတယ်၊ ငရဲကို နတ်ပြည်ကိုဆိုတာ မရှိပါဘူး၊ လူတာ ယောက်ကို မွေးဖွားသည်ကစ၍ သေသည်အထိသာ ယူရမယ်၊ဝေဖန်ရမယ်" စသည်ဖြင့် ပြောဆိုကြတယ်၊ ယူဆကြကုန်၏ ၊အဲဒီသူတွေဟာ ရုပ်ဝါဒသက်သက်ယူတဲ့သူတွေပဲလို့ မှတ်ရမယ်-ဒကာစိန်ရဲ။

အဲသလို ယူဆပြောဆိုနေကြတဲ့သူတွေမှာ နိယာမိဗ္ဗာဒိဋ္ဌိကံကြီးထိုက်၍ သေလျှင် အဝီစိငရဲသို့သာ ကျရောက်ကြပေလိမ့်မယ်-ဒကာစိန်ရဲ၊တို့-ဒကာတွေ ကြပ်ကြပ်သတိပြုနော်၊ ဟောဒီ ဆောင်ပုဒ်များကို လိုက်ဆိုကြ။

၁။ စေတီရုပ်ပွား၊ပြစ်မှားငြား၊ပြစ်ကားကြီးသည်သာ။
၂။ ဗုဒ္ဓစိမ်ရေ၊သင့်ခဲ့ချေ၊သေလျှင်-ငရဲရွာ။
၃။ မသေမိက၊နူနာရ၊ဘယ-များသည်သာ။

## စေတီ့ရုပ်ပွားတော်များကို လှူဒါန်းပူဇော်လျှင် အကျိုးရှိကြောင်း

သက်တော်ထင်ရှားဘုရား၏ကိုယ်စားဖြစ်တဲ့စေတီတော်များကို ကိုးကွယ် ဆည်းကပ် ရှိခိုးအပ်ကြောင်း ဟောဒီပါဠိဖြင့် သိနိုင်တယ်-ဒကာစိန်ရဲ။

သတ္ထရိ အဂါရဝေါနာမ သတ္ထရိ ဓရမာနေ ဒိဝသဿ တယော ဝါရေ ဥပဋ္ဌာနံ န ယာတိ၊ ပရိနိဗ္ဗုတေ ဝါ ပန စေတိယံ ဝန္ဒိတုံ န ဂစ္ဆတိ။
(ကဿပသံယုတ် အဋ္ဌကထာ)

အဲဒီ အဋ္ဌကထာစကားအရကတော့-သက်တော်ထင်ရှား ဘုရားပရိနိဗ္ဗာန် စံပြီးသောအခါ စေတီ့ရုပ်ပွားတော်များကို ရှိမခိုးလျှင် သတ္ထရိ အဂါရဝ ဖြစ်တယ်လို့ ဆိုလိုတယ်-ဒကာစိန်ရဲ။

ထို့အပြင် စေတီ့ရုပ်ပွားတော်များကို သက်တော်ထင်ရှား ဘုရားနှင့် အတူတူ စိတ်ကြည်ညိုပြီးတော့ ကိုးကွယ်ဆည်းကပ်ခဲ့လျှင်၎င်း၊ လှူဒါန်းပူဇော်ခဲ့ လျှင်၎င်း အကျိုးအတူတူရရှိကြောင်းကိုလည်း သို့ကလို ဟောကြားတော်မူထား ပါတယ်။

တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ၊ သမေ စိတ္တေ သမံ ဖလံ။
စေတောပဏိဓိ ဟေတုဟိ၊ သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ။
(အနက်ကိုပေးခဲ့ပြီး)

ထို့အပြင် စေတီ့ရုပ်ပွားတော်များကိုလှူဒါန်းပူဇော်၍အကျိုးရှိကြောင်း ကို ဟောဒီပါဠိတော်ဖြင့်လည်း သိသာထင်ရှားပါတယ်။

စေတိယမှိ စ သံဃေဝါ၊ ပုဂ္ဂလေဝါ အတိထိသု။
မာတရိ ပိတရိစာပိ၊ အထော ဇေဋ္ဌမှိ ဘာတရိ။
ဧသ နိဓိ သုနိဟိတော၊ အဇေယျော အနုဂါမိယော။
ပဟာယ ဂမနီယေသု၊ ဧတံ အာဒါယ ဂစ္ဆတိ။
(ခုဒ္ဒကပါဌ ပါဠိတော် နိဓိကဏ္ဍသုတ်)

စေတိယမှိစ၊ ကိုယ်တော်စားပရိဘောဂစေတီတော်,ဥဒ္ဒိဿစေတီတော်, ဓာတုစေတီတော်များ၌ဎင်း။ သံဃေဝါ၊ သံဃာတော်၌ဎင်း ပုဂ္ဂလေဝါ၊ပုဂ္ဂိုလ် ၌ဎင်း။ အတိထိသုဝါ၊ ဧည့်သည်တို့၌ဎင်း။ မာတရိစာပိ၊ အမိ၌ဎင်း။ပိတရိစာပိ၊ အဖ၌ဎင်း။ အထောှ၊ ထိုမှတပါး။ ဇေဋ္ဌမှိ ဘာတရိစာပိ၊ အကိုကြီး-အမကြီး၌ ဎင်း။ သုနိဟိတော၊ ကောင်းစွာမြှုပ်ထားအပ်သော။ သေနိဓိ၊ ဤ ဒါနစသော ကုသိုလ်တည်းဟူသော ရွှေအိုးသည်။ အဇေယျော၊ ရန်သူတို့သည် မအောင်နိုင် ပေ။ အနုဂါမိယော၊ သွားလေရာ သံသရာတခွင်၌ အစဉ်လိုက်ပါလေတော့၏။ ပဟာယ ဂမနီယေသု၊ သေလျှင်စွန့်ပစ်၍ သွားရမည့်အရာတို့၌။ တံ၊ ဤဒါန စသော ကုသိုလ်တည်းဟူသော ရွှေအိုးကို။ အာဒါယ၊ ယူ၍။ ဂစ္ဆတိ၊သွားနိုင် တော့လေသတည်း။

အဲ-ထိုအပြင် ကိုယ်တော်စား စေတီ,ရုပ်ပွားတော်များကိုလှူဒါန်းပူဇော် တဲ့အတွက် အကျိုးရရှိပုံများ၊ သုဂတိဘုံဘဝ၌ ဖြစ်ကြရပုံများ၊ ဝတ္ထုသာဓက မြောက်မြားစွာ ကျမ်းဂန်တို့၌ လာရှိပါတယ်။ ဝတ္ထုသာဓကများကို ထုတ်ဖော် ဟောကြားနေဖို့ အချိန်မရတော့ဘူး-ဒကာစိန်ရဲ့။ ရှေ့လဲ ဟောစရာတွေ ရှိသေး တယ်။ ဤမျှနှင့်ပဲ တော်ကြအုံးစို့-ဒကာစိန်ရဲ့။ အလိုရှိလျှင် ထေရအဋ္ဌကထာ- ထေရီ အဋ္ဌကထာတို့၌ ယူကြပါလေ။ ဝတ္ထုသာဓကတွေ မြောက်မြားစွာ ပါရှိ ပါတယ်။

ဟောဒီ လင်္ကာများကို လိုက်ဆိုကြ....

၁။ စေတီ,ရုပ်ပွား၊ ပူဇော်ငြား၊ ကျိုးကား ကြီးသည်သာ။

၂။ ထိုကြောင့်လူများ၊ စေတီအား၊ ညွှတ်တွား ပူဇော်ပါ။

၃။ စေတီ,ရုပ်ပွား၊ ပူဇော်ငြား၊ ဘုရား စိတ်ရောက်ရာ။

၄။ အယူမမှား၊ ပုဂ္ဂိုလ်များ၊ ဘုရားစိတ်ရောက်တာ။

---

## ပညတ်ဘုရား-ပရမတ်ဘုရားဟု မခွဲသင့်ကြောင်း

အင်း ...ဟောဒီနေရာမှာ ဆက်လက်၍ ဟောရအုံးမယ်-ဒကာစိန်ရဲ့။

အချို့ပုဂ္ဂိုလ်များက ပရမတ်ဘုရား,ပညတ်ဘုရားလို့ ခွဲခြားကြသေးတယ်- ဒကာစိန်ရဲ့။ အဲသလို မခွဲခြားသင့်ဘူး။ ဘာ့ကြောင့်လဲဆိုရင် ကျမ်းဂန်တို့၌ ပရမတ်တည်းဟူသောဉာဏ်တော်ကို ဘုရားလို အဆိုမရှိ။ ပညတ် တည်းဟူသော ခန္ဓာပဉ္စကဖြစ်သန္တာန်တော်ကိုသာ "ဘုရား" လို့ အဆိုရှိသောကြောင့်ဖြစ်တယ်- ဒကာစိန်ရဲ့။ အဲဒါကို အနည်းငယ်မျှချဲ့၍ ပြောပါအုံးမယ်။

ပရမတ်ဘုရားဆိုရာ၌ ပရမတ်-အရ သဗ္ဗညုတဉာဏ်တော်ကို "ကောက်" ရတယ်၊ ပညတ်ဘုရားဆိုရာ၌ ပညတ်အရ ခန္ဓာကိုယ်ဖြပ်သန္တာန်တော်ကို ကောက်ရတယ်။ မှန်လှပေ၏။ ''ဗုဒ္ဓေါ=ဘုရား''လို့ ဆိုရာ၌ ဗုဓ-ဓာတ်နှင့် တ, ပစ္စည်းစပ်၍ ဗုဒ္ဓေါဖြစ်တယ်။ဗုဓ ဓာတ်အရ သဗ္ဗညုတဉာဏ်တော်တည်းဟူသောပရမတ်ကို ကောက်တယ်။ တ,ပစ္စည်းအရ ခန္ဓာကိုယ် ပဉ္စကဖြပ်တည်းဟူသော သန္တာန်ပညတ်ကို ကောက်တယ်-ဒကာစိန်ရဲ့။ ထို့ကြောင့် ရွှေရေးဆောင် နိုယံ၌...

၁။ အဝိဇ္ဇမာန၊ ဝိဂ္ဂဟမှာ၊ ဓာတ်ရ ပရမတ်၊ ပညတ် ပစ္စည်းယူ။

၂။ ပစ္စည်းအရ၊ ပညတ္တ၊ သတ္တ သန္တာန်ယူ။

လို့ မိန့်ဆိုထားတယ်-ဒကာစိန်ရဲ့။

အဲသလို သဒ္ဒါမှာ ဗုဓ-ဓာတ်နှင့် တ, ပစ္စည်း ပေါင်းမိမှ ဗုဒ္ဓေါ ဖြစ်လာတယ်။ အနက်မှာလဲပဲ သဗ္ဗညုတဉာဏ်တော်နှင့် ခန္ဓာဖြပ် ပညတ်စပ်မှ ဘုရားဖြစ်လာတယ်-ဒကာစိန်ရဲ့၊ သတိပြုကြနော်။

အဲဒီနေရာမှာ သဗ္ဗညုတဉာဏ်တော် တည်းဟူသော ပရမတ်ကို ဘုရားလို့ မဆိုဘူး။ ခန္ဓာကိုယ် ပဉ္စကဖြပ် တည်းဟူသော သန္တာန် ပညတ်ကိုသာ ဘုရားလို့ ဆိုတယ်-ဒကာစိန်ရဲ့။ ထို့ကြောင့် မဟာနိဒ္ဒေသပါဠိတော်, ပဋိသမ္ဘိဒါမဂ် ပါဠိတော်များ၌...

သဟ သဗ္ဗညုတဉာဏဿ ပဋိလာဘာ သစ္ဆိကာ ပညတ္တိ ယဒိဒံ ဗုဒ္ဓေါတိ။

လို့ ဟောတော်မူထားတယ်။

ယဒိဒံ-ယာအယံ ဗုဒ္ဓေါတိ ပညတ္တိ၊ အကြင် ဗုဒ္ဓ ဟူသော ပညတ်သည်။ အတ္ထိ၊ ရှိ၏။ တော-သော၊ ဤ ဗုဒ္ဓဟူသော ပညတ်သည်။သဟ သဗ္ဗညုတဉာဏဿ ပဋိဘာလာ၊ သဗ္ဗညုတဉာဏ်ကို ရတော်မူသည်နှင့်တကွ။ သစ္ဆိကာ၊ မှန်ကန်စွာ ဖြစ်သော။ ပညတ္တိ၊ သန္တာန် ပညတ်တော်ပေတည်း။

ထို့အပြင် ဇိနာလင်္ကာရကျမ်း၌လည်း....

ဗုဒ္ဓေါတိ ကော ဗုဒ္ဓဂုဏောတိ ကော၊

သော အစိန္တိယာဒိတ္တမုပါဂတော ယော။

ဝိသုဒ္ဓခန္ဓသန္တာနော ဗုဒ္ဓေါတိ နိယမော ကတော။

ခန္ဓသန္တာန သုဒ္ဓိသု ဂုဏောတိ နိယမော ကတော။

လို့ မိန့်ဆိုတော်မူထားတယ်။

ဗုဒ္ဓေါတိ၊ ဗုဒ္ဓေါဟူ၍။ဝုတ္တော၊ ဆိုအပ်သော။ သော၊ ထိုဘုရားဟူသည်။ ကော၊ အဘယ်နည်း။ ဗုဒ္ဓဂုဏောတိ၊ ဗုဒ္ဓဂုဏောဟူ၍။ ဝုတ္တော၊ ဆိုအပ်သော။ ယော၊ အကြင်ဂုဏ်တော်အပေါင်းသည်။ အစိန္တိယာဒိတ္တံ၊ အစိန္တေယျ စသည်၏ အဖြစ်သို့။ ဥပါဂတော၊ ရောက်တော်မူ၏။ သော၊ ထိုဂုဏ်တော် အပေါင်း ဟူသည်။ ကော၊ အဘယ်နည်း။

ဝိသုဒ္ဓ ခန္ဓသန္တာနေ၊ ကိလေသာမှ စင်ကြယ်ပြီးသော ခန္ဓာပဉ္စကဖြစ် သန္တာန်တော်ကို။ ဗုဒ္ဓေါတိ၊ ဘုရားဟူ၍။ နိယမော၊ မှတ်သားခြင်းကို။ ကတော၊ ပြုအပ်၏။ ခန္ဓသန္တာန သုဒ္ဓိသု၊ ခန္ဓာပဉ္စက ဖြစ်သန္တာန်တော်အစဉ်၏ စင်ကြယ် သန့်ရှင်းခြင်းတို့၌မူကား။ ဂုဏောတိ၊ ဘုရားဂုဏ်တော်ဟူ၍။ နိယမော၊ မှတ်သား ခြင်းကို။ ကတော၊ ပြုအပ်၏။

## တနည်း-ပရမတ်ဘုရားဟု ခေါ်ပုံ

(တနည်း) ဟောဒီလိုအားဖြင့်တော့ ပရမတ်ဘုရား-လို့ ခေါ်နိုင်သေး တယ်-ဒကာစိန်ရဲ့။ ခန္ဓာငါးပါး ရုပ်,နာမ်တရားတို့သည် ပရမတ်များဖြစ်ကြတယ် မဟုတ်လား။ မြတ်စွာဘုရားဆိုတာလဲ ခန္ဓာငါးပါး ရုပ်-နာမ် တရားပင်ဖြစ်၍ ကိလေသာတို့မှ အတုမရှိစင်ကြယ်သော ခန္ဓာငါးရပ် ပရမတ်ဘုရားလို့ခေါ်နိုင် ပါတယ်တဲ့-ဒကာစိန်ရဲ့။

အဲဒီ ခန္ဓာငါးရပ် ပရမတ်တို့၏ မြစ်ရေအလျဉ်ကဲ့သို့ အစဉ်ဆက် ကာ ဖြစ်နေတဲ့ သန္တာနပညတ်သည်လည်း ဘုရားမည်ပါတယ်-ဒကာစိန်ရဲ့။

မဂ်ဉာဏ်, ဖိုလ်ဉာဏ်, သဗ္ဗညုတဉာဏ် အစရှိသော အစိတ်စိတ်သောဉာဏ် တော်, တန်ခိုးတော်တို့ကိုကား ဘုရား၏ဂုဏ်တော်လို့သာ ဆိုရတယ်၊ ဘုရားလို့ မဆိုရဘူး-ဒကာစိန်ရဲ့။

## ဉာဏ်တော်သာ ဘုရား၊ ခန္ဓာတော်မှာ ဘုရားမဟုတ်ဟု မဆိုသင့်ကြောင်း

အချို့ပုဂ္ဂိုလ်များက ဉာဏ်တော်သာ ဘုရားဟုတ်သည်။ ခန္ဓာတော်ဟာ ဘုရားမဟုတ်ဘူးလို့ ပြောဆိုကြ, ရေးသားကြသေးတယ်-ဒကာစိန်ရဲ့။အဲဒါကိုလဲ ဆိုအပ်ခဲ့သောစကားရပ်များဖြင့်ပင် ဖြေရှင်းပြီးဖြစ်တယ်-ဒကာစိန်ရဲ့။

သို့သော်လဲ ထိုစကားကို အနည်းငယ်မျှ ထပ်၍ရှင်းပြအုံးမယ်။

ဗုဒ္ဓေါ၊ သိတော်မူတတ်သော ဘုရား-လို့ ဆိုရာ၌ သိတော်မူ ဆိုတာက ဗုဓ ဓာတ်၏ အနက်။ တတ်သောဘုရား ဆိုတာက တ,ပစ္စည်း၏အနက်ဖြစ်တယ်။ သိတော်မူ ဆိုတာက သဗ္ဗညုတဉာဏ်ဖြစ်တယ်။(ဝါ)အရဟတ္တမဂ်,ဉာဏ်ဖြစ်တယ်၊ သိတော်မူဆိုတာက ဂုဏ်တော်မြတ် ဖြစ်တယ်။ တတ်သောဘုရား ဆိုတာက ဂုဏ် ဖြပ် ဖြစ်တယ်။သိတော်မူ ဆိုတာက ကြိယာ၊တတ်သောဘုရားဆိုတာက ကာရက ဖြစ်တယ်-ဒကာစိန်ရဲ့။

အဲသလို ဗုဒ္ဓေါဟူသော စကားတခွန်း၌ ''ဗုဓ'' တခြား၊ ''တ''ပစ္စည်း တခြား နှစ်ပါးစပ်မှ ''ဗုဒ္ဓေါ=သိတော်မူတတ်သောဘုရား'' ရယ်လို့ ဖြစ်တာကို-ဒကာစိန်ရဲ့၊ ဒါက သဒ္ဒါနည်းနော်၊ သတိပြုကြ။

အဲ-ဗုဒ္ဓေါ ဟူသောပုဒ်၌ ဗုဓ-ဓာတ်အရ ဖြစ်သော ဉာဏ်တော်သည် ဘုရား၏ ဂုဏ်တော်သာဖြစ်တယ်၊ ဘုရားမဟုတ်ဘူး-ဒကာစိန်ရဲ့။

တ, ပစ္စည်းအရ ဖြစ်သော ခန္ဓာဒြပ်တော်သည် ဘုရားသာ ဖြစ်တယ်၊ ဉာဏ်တော်မဟုတ်ဘူး-ဒကာစိန်ရဲ့။ အဲ-ဉာဏ်နှင့်ဒြပ် နှစ်ပါးစပ်လိုက်မှ သိတော်မူတတ်သော ဘုရားတဆူသာ ဖြစ်တာကိုး-ဒကာစိန်ရဲ့။

အဲဒီနေရာမှာ ဗုဒ္ဓ သဒ္ဒါသည် ဉာဏ်တော်ကိုအစွဲပြု၍ ခန္ဓာငါးပါးဘုရားဒြပ်ကိုသာ မုချအားဖြင့် ဟောတယ်၊ ဉာဏ်တော်ကို မုချအားဖြင့် မဟောဘူး၊ ဉာဏ်တော်ကိုကား အကြောင်း အနေမျှသာဟောတယ်-ဒကာစိန်ရဲ့။ ထို့ကြောင့် သဒ္ဒတ္ထဘေဒစိန္တာကျမ်း၌....

နိမိတ္တောဘတု ပဓာနေန၊ တဗ္ဗိသေသျော ပဓာနတော။
လို့ ပိန့်ဆိုထားတယ်။

နိမိတ္တောဘတု၊ အကြောင်းဖြစ်သော အနက်ကိုကား။ သဒ္ဒေန၊ ဗုဒ္ဓ အစ ရှိသော သဒ္ဒါသည်။ အပဓာနေန၊ အပဓာန အားဖြင့်သာလျှင်။ ဝုတ္တော၊ ဟောအပ်၏။ တဗ္ဗိသေသျော၊ထိုအကြောင်းတရားသည် အထူးပြုအပ်သော ဒြပ်အနက်ကိုကား ။ပဓာနတော၊ ပဓာန(မုချ)အားဖြင့်။ ဝုတ္တော၊ ဟောအပ်၏။

အဲဒါကြောင့် ပါဠိ,အဋ္ဌကထာ,ဋီကာနည်းအရအားဖြင့်ရင်း၊ သဒ္ဒါနည်းအရအားဖြင့်ရင်း ခန္ဓာတော်သာလျှင် မုချ ဘုရား မည်ကြောင်း၊ ဉာဏ် တော်သည်ကားဘုရားမဟုတ်၊ဘုရား၏ဂုဏ်တော်သာဖြစ်ကြောင်းကိုကောင်းကောင်းကြီးမှတ်ယူကြရမယ်-ဒကာစိန်ရဲ့။

"ဗုဒ္ဓေါ သဗ္ဗညုတဉာဏ်"ဆိုတဲ့ ပါဌ်ကိုကား သဗ္ဗညုတဉာဏ်၊ သဗ္ဗညုဟာ ဉာဏ်ကို။ အဓိဂတော၊ ရတော်မူသော ခန္ဓာတော်သည်။ ဗုဒ္ဓေါ၊ ဗုဒ္ဓမည်၏-လို့ မဏိသာရမဉ္ဇူသာဆရာ မိန့်ဆိုထားတယ်-ဒကာစိန်ရဲ့။

အဲဒါကတော့ သဒ္ဒါလည်းမတတ်, ကျမ်းဂန်လည်း မနှံ့စပ် ရှာကြကုန်သော ပရမတ် ယောင်ယောင် သမားတို့သည် ဗုဒ္ဓေါ-သိ တော် မူ တတ် သည် ဟူသောအသံရိပ်မျှကိုဖမ်းပြီးတော့ ဉာဏ်တော်သာ ဘုရားဟုတ်သည်၊ခန္ဓာတော် ဘုရားမဟုတ်ဟု ပြောင်းပြန်ပြောဆိုကြတဲ့ မိစ္ဆာဝါဒ အမှားစကားတို့ကို ရှင်းလင်းပြလိုက်တာပါပဲ-ဒကာစိန်ရဲ့။

ထို့ကြောင့် လယ်တီ ဆရာတော်ဘုရားကြီးက ဆုံးပတော်မူသည်မှာ....
ဆိုပိမ့်ဟုတ်ရာ၊ စေ့စေ့နာလော့၊ သဒ္ဒါ-ပရမတ်၊ မနှုးနပ်ပဲ၊ လူတတ်
တဆူ၊ ငါကောဟူ၍၊ အယူထွေဆန်း၊ မရဲလွှန်းနှင့်၊ ကျမ်းတဲ့-ဂန်တဲ့၊
မရှဲစသာ၊ လေးမြတ်ပါမှ၊ ပညာတိုးပွား၊ အကျိုးများလိမ့်။

ထို့အပြင် မာန်လည်ဆရာတော်ဘုရားကြီးကလဲ သို့ကလို ဆုံးမတော်မူထားတယ်-ဒကာစိန်ရဲ့။

၁။ မိစ္ဆာဝါဒ၊ ကျင့် ပါပနှင့်၊ ဉာဏ ကင်းဘိ၊ လူ့ဒိဋ္ဌိတို့၊ ပြုမိပြုရာ၊ ပြုတတ်စွာ၏။

၂။ မနက်မနဲ၊ လူခပ်ကား၊ နိုင်နဲ့ရေးရာ၊ မရှိစွာဘူး၊ ဝိပ္ပလ္လာသ၊ ဖောက်ပြန်ကလည်း၊ မောဟလွှမ်းပြီး၊ အယူသည်းရှ်၊ စပါး ကြီး ချက် ငြိ၊ ဟူတုံဘိသို့၊ အဝီစိသွား၊ အကျင့်မှားကို၊ မြစ်တားမရ၊ ဆုံးမမန၊ ရှိတတ်စွာခဲ့။ (မဃဒေဝလင်္ကာ)

ဤတွင် ဘုရားရတနာရှင်းတမ်း ပြီး၏။

## (၂) တရားရတနာရှင်းတမ်း

အဲ ... တရားရတနာရှင်းတမ်း, သံဃာရတနာ ရှင်း တမ်း များ ကို တော့ အကျယ်ဟောကြားဖို့ အချိန်မရတော့ပါဘူး၊ သို့အတွက် ခပ်ကျဉ်းကျဉ်းပဲ ရှင်းလင်းပြသ ဟောကြားရလိမ့်မယ်-ဒကာစိန်ရဲ့။

### တရားစစ် တရားတုဟု မခွဲခြားသင့်ကြောင်း

ဘုရားရတနာ၌ ဘုရားစစ်-ဘုရားတုဟု မခွဲခြားသင့်လျှင် တရားရတနာ၌လည်း အဘယ်မှာလျှင် တရားစစ်-တရားတုဟု ခွဲခြားသင့်ပါအံ့နည်း။မခွဲခြားသင့်တော့သည်သာဟု မှတ်ယူရမယ်-ဒကာစိန်ရဲ့။

သို့အတွက် တရားစစ်-တရားတုဟု မခွဲခြားလေနှင့်။ တို့ဒကာတွေ သတိကြပ်ကြပ်ပြုကြနော်။

တရားရတနာဟူသည် အတုဟူ၍မရှိ၊အစစ်ချည်းသာဖြစ်တယ် ထိုစကားကို အနည်းငယ်မျှ ချဲ့၍ ဟောပြပါအုံးမယ်။

တရားရတနာဆိုတာ မဂ်တရား လေးပါး, ဖိုလ်တရားလေးပါး, နိဗ္ဗာန်တရားနှင့် ပိဋကတ်သုံးပုံတည်းဟူသော ပရိယတ်တရားများကို ဆိုတယ်။ အဲဒီ ဆယ်ပါးသော တရားတော်များဟာ အတုရယ်လို့မရှိဘူး။ တရားစစ် တရားမှန်ချည်းသာ ဖြစ်တယ်-ဒကာစိန်ရဲ့။

''မမ့ံ သရဏံ ဂစ္ဆာမိ''လို့ဆိုပြီး ကိုးကွယ်ဆည်းကပ်တာလဲ အဲဒီဆယ်ပါးသော တရားတော်များကိုပင် ကိုးကွယ်ဆည်းကပ်တာဖြစ်တယ်။သွာက္ခာတတာ အစရှိသော ဂုဏ်တော်ခြောက်ပါးလဲ အဲဒီဆယ်ပါးသော တရားတော်များ၌ပင် ရှိတယ်။ သို့အတွက် ထိုဆယ်ပါးသော တရားတော်များမှာ အတု ရယ် ရှိ မရှိဘူး၊ တရား စစ်ချည်းပဲလို့ မှတ်ရမယ်-ဒကာစိန်ရဲ့။

သို့ပါလျက် အချို့သောပုဂ္ဂိုလ်တို့သည် တရားစပ်-တရားမှန်ကို ဘုတ်အုပ်စာ-ဘုတ်အုပ်တရား, ပါဠိတရားတို့က ကွယ်ကာ၍နေတယ်။ ပါဠိတရားကို တရား "စပ်" ထင်နေကြတယ် စသည်ဖြင့် တရားရတနာ၌လည်း အစစ်-အဝှ ခွဲ၍ ပြောဆို နေကြတယ်-ဒကာစိန်ရဲ့။

ထိုပုဂ္ဂိုလ်တို့ကား မိုက်မှားလေစွ။ ဘာ့ကြောင့်လဲဆိုရင် ယခုအခါ ထိုပါဠိတော်ကြီးများ ရှိနေသောကြောင့်သာ သာသနာတော်ကြီး တည်နိုင်ပေတယ်။ ထိုပါဠိတော်ကြီးများက အလင်းပြ၍နေသောကြောင့်သာ သီလ, သမာဓိ ပညာ, ခန္ဓာ, အာယတန, ဓာတ်, သစ္စာ အစရှိသော သဘောတရားတို့ကို ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်အများတို့ သိရှိကြရပေတယ်။ ထိုပါဠိတော်ကြီးများဟာ နေ့, လ များနှင့် တူကြပေတယ်။ သို့အတွက်ကြောင့် တရားမှန်ကို ပါဠိတရားက ကွယ်ကာ၍နေတယ် စသည်ဖြင့် ပြောဆိုကြခြင်းသည် မိုက်မှားလေစွ။ ထိုပုဂ္ဂိုလ်တို့မှာ ဓမ္မန္တရာယ်ဖြစ်တယ်၊ ဓမ္မဂိုဏ်းသင့်တယ်၊ ဓမ္မစိမ်ရေသင့်တယ်-ဒကာစိန်ရဲ့၊ ဗုဒ္ဓစိမ်ရေသင့်သော ပုဂ္ဂိုလ်များလိုပင် အပြစ်ကြီးလေးစွာ ခံရတတ်တယ်-ဒကာစိန်ရဲ့။

ဟောဒီ လင်္ကာများကို လိုက်ဆိုကြ....

၁။ ဓမ္မစိမ်ရေ၊ သင့်ခဲ့ချေ၊ သေလျှင်ငရဲရွာ။

၂။ မသေမီက၊ နူနာရ၊ ဘယမျှားသည်သာ။

## လောကီ-လောကုတ် ခွဲနိုင်ပုံ

အဲဒီ ဆယ်ပါးသော တရားတော်များကို လောကီတရား, လောကုတ္တရာ တရားလို့ ခွဲခြားမယ်ဆိုရင်တော့ ခွဲခြားနိုင်ပါတယ်-ဒကာစိန်ရဲ့။ မဂ်တရား လေးပါး, ဖိုလ်တရား လေးပါးနှင့် နိဗ္ဗာန်တရားတို့က လောကုတ္တရာ ဖြစ်တယ်။ ထို့ကြောင့် လောကုတ္တရာတရား ကိုးပါးလို့ ဆိုကြတာပေါ့-ဒကာစိန်ရဲ့။

ပိဋကတ်သုံးပုံ, နိကာယ်ငါးရပ် တည်းဟူသော ပရိယတ်တရားများကတော့ လောကီတရား ဖြစ်တယ်၊ အဲသလို လောကီ-လောကုတ် အားဖြင့်တော့ ခွဲခြားနိုင်ပါတယ်-ဒကာစိန်ရဲ့။

တနည်း....ပရိယတ်တရား, ပဋိပတ်တရား, ပဋိဝေဓတရားလို့လဲ ခွဲခြားနိုင်ပေတယ်-ဒကာစိန်ရဲ့။

ပရိယတ်တရားဆိုတာက ပိဋကတ်သုံးပုံ, နိကာယ်ငါးရပ်-တည်းဟူသော မြတ်စွာဘုရား စကားတော်များကို ဆိုတယ်၊ ပဋိပတ်တရားဆိုတာက ပရိယတ် နည်းလမ်းအတိုင်း ကျင့်ကြံအားထုတ်မှု (ကမ္မဋ္ဌာန်းအားထုတ်မှု)ကို ဆိုတယ်၊

ပဋိဝေဓတရား ဆိုတာကတော့ ကျင့်ကြံအားထုတ်တဲ့အတွက် သစ္စာလေးပါးကို ထိုးထွင်း၍သိတာကို ဆိုတယ်-ဒကာစိန်ရဲ့။

တနည်း....အကြောင်းတရား,အကျိုးတရားအားဖြင့်လဲ ခွဲခြားနိုင်ပါသေး တယ်-ဒကာစိန်ရဲ့၊အကြောင်းတရားဆိုတာက ပရိယတ်တရားနှင့်ပဋိပတ်တရားကို ဆိုတယ်၊အကျိုးတရားဆိုတာက ပရိယတ်နည်းလမ်း စည်းကမ်းအတိုင်း ကျင့်ကြံ အားထုတ်တဲ့အတွက် သစ္စာလေးပါးကို ထိုးထွင်း၍သိမြင်ရခြင်း တည်းဟူသော၊ (၀ါ)မဂ်-ဖိုလ်,နိဗ္ဗာန်ကို သိမြင်ရခြင်းတည်းဟူသော ပဋိဝေဓတရားကိုဆိုတယ် ဒကာစိန်ရဲ့။

အဲသလိုအားဖြင့်သာခွဲခြားမယ်ဆိုရင် ခွဲခြားနိုင်တယ်၊ထိုဆယ်ပါးသော တရား၌''အတု''ဟု မရှိခြင်းကြောင့် အစစ်ပဲ-အတုပဲလို့တော့ မခွဲခြားသင့်ဘူး- ဒကာစိန်ရဲ့။ ပညာရှိ ဆရာတော်ကြီးများလဲ အဲသလို ခွဲခြားချက် အစဉ်အလာ မရှိဘူး-ဒကာစိန်ရဲ့။

## တရားရတနာကို လှူဒါန်းပူဇော်နည်း

ပိဋကတ်သုံးပုံ နိကာယ်ငါးရပ် ဓမ္မက္ခန္ဓာ ပါဠိတော် ဒေသနာတော်- တည်းဟူသော အက္ခရာ-ပုဒ်-ပါဌ် နာမပညတ်အစဉ်သည်ကား မြတ်စွာဘုရား၏ ခံတွင်းတော်မှထွက်သော ပါဠိဓမ္မ နာမပညတ်တော်လည်း ရှိတယ်။ ပေထက်- ကျောက်ထက် ဘုတ်အုတ်ထက်၌ တင်၍ထားအပ်သော အက္ခရာ-ပုဒ်-ပါဌ် နာမ ပညတ်တော်လည်း ရှိတယ်-ဒကာစိန်ရဲ့။

အဲဒီ တရားတော်တည်းဟူသော တရားရတနာကို လှူဒါန်းပူဇော်ကြရာ၌ နှစ်မျိုး-နှစ်စား လှူဒါန်းပူဇော်နိုင်တယ်၊ဘယ်လိုလဲဆိုရင်....

နံပါတ်တစ်အရက မိမိတို့ လှူဒါန်းပူဇော်လိုသော ဝတ္ထုပစ္စည်းများဖြင့် တရားဟော ဓမ္မကထိကပုဂ္ဂိုလ်ကိုရင်း,စာချ ပုဂ္ဂိုလ်ကိုရင်း လှူဒါန်းပူဇော်လျှင် တရားရတနာကို လှူဒါန်းပူဇော်သည်မည်တယ်-ဒကာစိန်ရဲ့၊မှန်လှပေ၏။မြတ်စွာ ဘုရား လက်ထက်တော်က ပုဏ္ဏားတယောက်သည် ''တရားတော်ကို အဘယ်သို့ ပူဇော်ရပါမည်နည်း''ဟု မြတ်စွာဘုရားအား လျှောက်တယ်၊ ဒီတော့ မြတ်စွာ ဘုရားက ''တရားကို ဆောင်သောပုဂ္ဂိုလ်ကို ပူဇော်လျှင် တရားတော်ကို ပူဇော် သည်မည်၏''ဟု ဟောတော်မူတယ်။

ထိုအခါ ပုဏ္ဏားက ရဟန်းတော်များထံသွား၍ ''အဘယ် ပုဂ္ဂိုလ်သည် တရားတော်ကို ဆောင်ပါသနည်း''ဟု မေးလျှောက်လေသော်၊ ရဟန်းသံဃာ တော်များက အရှင်အာနန္ဒာကို ညွှန်ပြတော်မူကြတယ်၊ ဤ၌ အရှင် အာနန္ဒာ သည် ဓမ္မဘဏ္ဍာဂါရိကဖြစ်သည်ဟု မှတ်ရမယ်။

ပုဏ္ဏားကြီးလဲ တရားရတနာကို ရည်စူး၍၊ အရှင်အာနန္ဒာအား ချောမွေ့ သော သက်န်းတစုံကို လှူဒါန်းပူဇော်သွားတယ်၊ အရှင်အာနန္ဒာက ထိုသင်္ကန်း တစုံကို အရှင်သာရိပုတ္တရာအား လှူဒါန်းပြန်သည်ဟု ကျမ်းဂန်၌ လာတယ်– ဒကာစိန်ရဲ့။

နံပါတ်နှစ်အရကတော့ ပိဋကတ်ပါဠိတော်များသည် ဘုတ်အုပ်ထက်၌ ရောက်ရှိနေပြီဖြစ်၍ တရားရတနာကိုပူဇော်လိုလျှင် ပိဋကတ်ပါဠိတော်ဘုတ်အုပ် တို့ကို တင့်တယ်စွာ ခင်းကျင်းပြီးတော့ ပန်း, ဆီမီး, ထီး, တံခွန်-စသည်များကို လှူဒါန်းပူဇော်လျှင်လည်း တရားရတနာကို ပူဇော်သည် မည်တယ်-ဒကာစိန်ရဲ့။ အဲဒီနည်းကို လယ်တီ ဆရာတော်ဘုရားကြီး ပြုလုပ်လေ့ရှိဟော်မူကြောင်း ဆရာ တော်ကြီး၏ ကျမ်းများ၌ တွေ့ရဘူးတယ်-ဒကာစိန်ရဲ့။

ထို့အပြင် မြတ်စွာဘုရားက ပိဋကတ် ပါဠိတော်များကို ငါဘုရား၏ ကိုယ်စားဖြစ်သည်ဟုလည်း ဟောတော်မူခဲ့တယ်-ဒကာစိန်ရဲ့။

ထို့ကြောင့်-သုတ်မဟာဝါပါဠိတော် မဟာပရိနိဗ္ဗာနသုတ်၌ ဟောကြား တော်မူခဲ့သည်မှာ....

ယော ဝေါ အာနန္ဒ မယာ ဓမ္မော ဒေသိတော ဝိနယောစ ပညတ္တော၊
သော ဝေါ မမစ္စယေန သတ္ထာ။

အာနန္ဒ၊ အာနန္ဒာ။ မယာ၊ ငါဘုရားသည်။ ဝေါ၊ သင်တို့အား။ယော ဓမ္မောစ၊ အကြင်သုတ္တန်တရားတော်, အဘိဓမ္မာတရားတော်ကိုလည်း။ ဒေသိ တော၊ ဟောကြားတော်မူအပ်ပြီ၊ ယော ဝိနယောစ၊ အကြင်ဝိနည်း ငါးကျမ်း ပညတ်တော်ကိုလည်း။ပညတ္တော၊ပညတ်တော်မူအပ်ပြီ။ သော၊ ထိုသုတ္တန်တရား, အဘိဓမ္မာတရား, ဝိနည်းပညတ်တော်များသည်။မမစ္စယေန၊ငါဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသည့်နောက်၌။ ဝေါ၊သင်တို့၏။ သတ္ထာ၊ ဆုံးမတတ်စွာ ဆရာ ဘုရားသည်။ ဘဝိဿတိ၊ ဖြစ်ရစ်ပေလတ့်၊

အဲ-ဒါကြောင့် စေတီရုပ်ပွားတော်များကဲ့သို့ ပိဋကတ်ပါဠိတော်များကို လှူဒါန်းပူဇော်လျှင်လည်း ကြီးမြတ်သောအကျိုးကို ရရှိနိုင်တယ်လို့ ယုံကြည်ကြ ရမယ်-ဒကာစိန်ရဲ့။

ကိုင်း....တရားရတနာရှင်းတမ်းအရ ဤမျှနှင့်ပင် နိဂုံးချုပ်လိုက်ကြပါစို့။

ဤတွင် တရားရတနာရှင်းတမ်း ပြီး၏။

## (၃) သံဃာရတနာ ရှင်းတမ်း

အဲ-သံဃာရတနာရှင်းတမ်းများကိုလဲ အချိန်ရသလောက်ပင် ခပ်ကျဉ်းကျဉ်းပဲ ဟောပြောရလိမ့်မယ်-ဒကာစိန်ရဲ့။

## သံဃာစစ်-သံဃာတု မခွဲခြားသင့်ကြောင်း

အင်း....ဘုရားရတနာ၌ရှင်း, တရားရတနာ၌ရှင်း အစစ်–အတု မခွဲခြားသင့်ဘိသကဲ့သို့ သံဃာရတနာ၌လဲပဲ သံဃာစစ်–သံဃာတုလို့ မခွဲခြားသင့်ဘူး–ဒကာစိန်ရဲ့။ တို့–ဒကာတွေ သတိကြပ်ကြပ် ပြုကြနော်၊ သံဃာ့စိမ်ရေ ဆိုတာလဲ အလွန်ပဲကြောက်စရာကောင်းတယ်။

သံဃာဆိုတာ အတုလို့မရှိဘူး-ဒကာစိန်ရဲ့။ အဲ-ဒါကြောင့် အတု-အစစ် ခွဲခြားစရာ မလိုဘူး၊ သံဃာဆိုလျှင် အစစ်ချည်းသာ ဖြစ်တယ်လို့ မှတ်ရမယ်-ဒကာစိန်ရဲ့။ အဲဒီစကားကို အနည်းငယ်မျှချဲ့၍ ဟောပြအုံးမယ်။

သံဃာရတနာအရဖြစ်တဲ့ သံဃာတော်ဆိုတာ အရိယာသံဃာရော-ပုထုဇဉ်သံဃာရော အကုန်လုံးကိုပင် ဆိုတယ်။

ထိုအရိယာသံဃာရော-ပုထုဇဉ်သံဃာရော အားလုံးတို့သည်ပင် အကျဉ်းအားဖြင့် နှစ်ရာ့နှစ်ဆယ် ခုနစ်သွယ်သော သိက္ခာပုဒ်တို့ကိုရှင်း၊ အကျယ်အားဖြင့် ကုဋေ ကိုးထောင်ကျော်သော သိက္ခာပုဒ်တို့ကိုရှင်း ကျင့်ကြရတယ်, စောင့်ထိန်းကြရတယ်။

ဟောဒီနေရာမှာ အကျယ်အားဖြင့် ကုဋေ ကိုးထောင်ကျော် သိက္ခာပုဒ်သီလတွေရှိကြောင်းကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ ညွှန်ပြထားသည်မှာ....

နဝကောဋိ သဟဿာနိ၊ အသီတိ သတကောဋိယော။
ပညာသ သတသဟဿာနိ၊ ဆတ္တိံသ ပုနာပရေ။
ဧတေ သံဝရ ဝိနယာ၊ သမ္ဗုဒ္ဓေန ပကာသိတာ။
ပေယျာလ မုခေန နိဒ္ဒိဋ္ဌာ၊ သိက္ခာ ဝိနယသံဝရေ။

နဝကောဋိ သဟဿာနိစ၊ ကုဋေ ကိုးထောင်တို့ရှင်း။ အသီတိသတကောဋိယောစ၊ ကုဋေ တရာ့ရှစ်ဆယ်တို့ရှင်း။ ပညာသ သတသဟဿာနိ၊ ငါးသန်းတို့ရှင်း။ ပုန၊တဖန်။ အပရေ၊တပါးကုန်သော။ ဆတ္တိံသ သဟဿာနိစ၊ သုံးသောင်း ခြောက်ထောင်တို့ရှင်း။ဣတိ၊ဤသို့။ ဝိနယ သံဝရေ၊ဝိနယသံဝရဟု ဆိုအပ်သော ဝိနည်းငါးကျမ်း၌။ ဧတေ သံဝရ ဝိနယာ၊ ဤ ကုဋေ ကိုးထောင်, ကုဋေ တရာ့ ရှစ်ဆယ်,ငါးသန်း, သုံးသောင်း, ခြောက်ထောင်ကုန်သော သံဝရ ဝိနည်းတို့ကို။ သမ္ဗုဒ္ဓေန၊ မြတ်စွာဘုရား သည်။ ပကာသိတာ၊ ပြအပ်ကုန်၏။ တော သိက္ခာ၊ ဤ ကုဋေ ကိုးထောင်, ကုဋေ တရာ့ရှစ်ဆယ်, ငါးသန်း, သုံးသောင်း,

ခြောက်ထောင်ကုန်သော ဝိနည်းသိက္ခာပုဒ်တို့ကို။ ပေယျာလမုခေန၊ပေယျာလကို အဦးပြုသဖြင့်။ နိဒ္ဒိဋ္ဌာ၊ ညွှန်ပြတော်မူအပ်ကုန်၏။

အဲသလို အရိယာသံဃာရော-ပုထုဇဉ်သံဃာရောပင် ဝိနည်းသိက္ခာပုဒ်တို့ကို စောင့်ထိန်းကြရတဲ့အတွက် ဝိနည်းသိက္ခာပုဒ် ပညတ်ချက်အတိုင်း အရိယာသံဃာဖြစ်သော ရဟန်းက ဝါငယ်လျှင် မိမိထက်ဝါကြီးသော ပုထုဇဉ်သံဃာဖြစ်သောရဟန်းကို ရှိခိုးဝပ်ချရတယ်။ ဝါကြီးသော ပုထုဇဉ်ရဟန်းက ဝါငယ်သော အရိယာရဟန်းကို ရဟန္တာပုဂ္ဂိုလ်ပင် ဖြစ်သော်လည်း ရှိခိုး ဝပ်ချခြင်းငှာ မအပ်ဘူးတဲ့-ဒကာစိန်ရဲ့။

အဲသလို ဝိနည်းသိက္ခာပုဒ်တို့ကို အတူတူပင် စောင့်ထိန်းကြရတဲ့အတွက် အရိယာသံဃာရော-ပုထုဇဉ်သံဃာရော ကုဋေ ကိုးထောင်ကျော်သော ဝိနည်းသိက္ခာပုဒ်သီလတွေ တည်ရှိနေကြပြီဖြစ်သောကြောင့် ထိုအရိယာသံဃာ,ပုထုဇဉ်သံဃာများကို ဘယ်ဟာ သံဃာစစ်၊ ဘယ်ဟာ သံဃာတု-ဟု အစစ်-အတု မခွဲခြားသင့်ပေဘူး။ အကုန်လုံး သံဃာစစ်ချည်းသာဖြစ်တယ်-ဒကာစိန်ရဲ့။

ရှေးရှေးသော ပညာရှိ ဆရာတော်များကစ၍ ယ ခု တိုင် အောင်လည်း ထိုကဲ့သို့ သံဃာစစ်,သံဃာတု-ဟု ခွဲခြားခြင်းမပြုခဲ့ဘူး-ဒကာစိန်ရဲ့။

သို့ပါလျက် အချို့ အယူဖောက်ပြန်သော ပုဂ္ဂိုလ်တို့က ''သုပ္ပဋိပန္နဂုဏ် ဥဇုပ္ပဋိပန္နဂုဏ်''အစရှိသော သံဃာ့ဂုဏ်ကိုးပါးနှင့်ပြည့်စုံသော သံဃာသည်သာလျှင် သံဃာစစ်,သံဃာမှန်ဖြစ်၏။ ယခုကာလရှိကြသော သမ္မုတိ သံဃာများသည် ထိုဂုဏ်ကိုးပါး မရှိကြသောကြောင့် သံဃာစစ်, သံဃာမှန် မဟုတ်၊ ပါဠိတော်၌လည်း ''စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသ ပုဂ္ဂလာ''ဟူ၍ ပရမတ္ထသံဃာအရိယာရှစ်ယောက်တို့သည်သာလျှင် သံဃာ့ဂုဏ်၌ လာကုန်၏။ ထိုအပြင် ရတနသုတ်၌လည်း ''ယေ ပုဂ္ဂလာ အဋ္ဌသတံ ပသတ္ထာ၊ စတ္တာရိ တောနိ ယုဂါနိ'' စသည်ဖြင့် ပရမတ္ထအရိယာသံဃာကိုသာ သံဃာရတနာအရ ဟောတော်မူထားသည်။ယခုကာလ ပုထုဇဉ်သံဃာများသည် သံဃာ့ဂုဏ်၌မပါဝင်ကြချေ။သံဃာအတုများသာ ဖြစ်ကြကုန်၏။ သို့အတွက် ယခုကာလရှိကြသော သမ္မုတိ သံဃာများကို ကြည်ညိုကိုးကွယ်မှု, လှူဒါန်း ပူဇော်မှုသည် ကျေးဇူးမရှိ၊ အကျိုးမရှိဟု ပြောဆိုကြတယ် ဒကာစိန်ရဲ့။

ယခုကာလ ယခုလက်ရှိ သံဃာများကို ကိုးကွယ် ဆည်းကပ်မှု, လှူဒါန်း ပူဇော်မှုသည် အလကားပဲ အကျိုးမရှိဘူး၊ ကျေးဇူးမရှိဘူး စသည်ပြောဆိုကြသောပုဂ္ဂိုလ်တို့၏ စကားသည်....

နတ္တေဝ ါဟာနန္ဒ သံဃဂတာယ ဒက္ခိဏာယ ပါဋိပုဂ္ဂလိကဒါနံ မဟပ္ဖလ တရံ ဝဒါမိ။ (ဒက္ခိဏာဝိဘင်္ဂသုတ် ပါဠိတော်)

အဲဒီပါဠိတော်၏ ဆိုလိုရင်းမှာ၊ သံဃာအားရောက်သော အလှူသည်သာလျှင် သာလွန်သောအကျိုးရှိ၏ဟု ဆိုလိုတယ်။ အဲဒီပါဠိတော်စကားနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေတယ်။

ထို့အပြင် ထိုကဲ့သို့ပြောဆိုခြင်းသည် သား-သမီးကိုနှိပ်စက်ညှဉ်းဆဲလျှင် အဖကိုလည်း နှိပ်စက်ညှဉ်းဆဲသည်၊ သား-သမီးကိုလည်း နှိပ်စက်ညှဉ်းဆဲသည် မည်သကဲ့သို့ မြတ်စွာဘုရားနှင့်တကွ သံဃာတော်အားလုံးကိုပါထိခိုက်ပြောဆိုရာ ရောက်တယ်။ သံဃာ့ဂိုဏ်း သင့်တယ်၊ သံဃာ့စိမ်ရေသင့်တယ်၊ အပြစ်ကြီးလေးစွာ ခံရတတ်တယ်-ဒကာစိန်ရဲ၊ သတိကြီးစွာ ပြုကြနော်။

ဟောဒီ လင်္ကာများကို လိုက်ဆိုကြ....

၁။ သံဃာ့စိမ်ရေ၊ သင့်ခဲ့ချေ၊ သေလျှင် ငရဲရွာ။

၂။ မသေမီပ၊ သူနာရ၊ ဘယ-များသည်သာ။

---

## ပုထုဇဉ်သံဃာ-သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်ထဲ ပါဝင်ပုံ

ဒက္ခိဏာဝိဘင်္ဂသုတ်၌ ဟောတော်မူအပ်သော အလှူခံပုဂ္ဂိုလ် တကျိပ်လေးယောက်ထဲ၌ ပုထုဇဉ်သံဃာအတွက် သီးခြား မပါခြင်းမှာ ထိုပုထုဇဉ် သံဃာတော်များကို "သောတာပတ္တိ ဖလသစ္ဆိကိရိယာယ"ပုဒ်ထဲ၌ သွင်းယူတော်မူ၍ သောတာပတ္တိ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်ထဲ၌ ပါဝင်ပြီး ဖြစ်တဲ့အတွက် သီးခြား မပါဝင်ခြင်းဖြစ်တယ်။ အဲဒီအဓိပ္ပာယ်ကို ဒက္ခိဏာဝိဘင်္ဂသုတ် အဋ္ဌကထာဆရာက ဖွင့်ပြသားတယ်။

ထို့ကြောင့် ပုထုဇဉ်သံဃာများသည်"စတ္တာရိ ပုရိသ ယုဂါနိ အဋ္ဌပုရိသ ပုဂ္ဂလာ"အရ၊ ပဌမပုရိသယုဂ ပုဂ္ဂလ၌ ပါဝင်သည် မှတ်ယူရမယ်-ဒကာစိန်ရဲ။ ပါဝင်လဲ ပါဝင်သင့်ပေတယ်-ဒကာစိန်ရဲ။ ဘာ့ကြောင့်လဲဆိုရင် ပုထုဇဉ်သံဃာတော်တို့လဲ ထိုသောတာပတ္တိဖိုလ်သို့ရောက်အောင် ကျင့်ရသော သီလ၊ သမာဓိ၊ ပညာဆိုတဲ့ သိက္ခာသုံးပါး၌ တည်ကြသောကြောင့် ဖြစ်ပေတယ်-ဒကာစိန်ရဲ။

ထို့အပြင် ၎င်းပုထုဇဉ်သံဃာတော်များ၌ လောကုတ္တရာဖြစ်သော သီလ၊ သမာဓိ၊ ပညာတို့သာ မရှိတာ၊ လောကီဖြစ်သော သီလ၊ သမာဓိ၊ ပညာများကား ရှိကြသည်သာ။ လောကီဖြစ်သော သီလ၊ သမာဓိ၊ ပညာများကတော့ ပုထုဇဉ်သံဃာ၊ အရိယာသံဃာ အားလုံးတို့၌ ရှိကြသည်ချည်းသာဖြစ်တယ်။ ထိုသီလ၊ သမာဓိ၊ ပညာတို့သည် အလွန်ကောင်းမြတ်သော အကျင့်များဖြစ်သောကြောင့် ထိုပုထုဇဉ်သံဃာတော်များ၌လည်းသုပ္ပဋိပန္နဂုဏ် အစရှိသောသံဃာ့ဂုဏ်ကိုးပါး ထိုက်သည့်အားလျော်စွာ ရှိကြသည်သာဟူ၍ မှတ်ယူရမယ်။

ထို့ကြောင့် ယခုကာလ ပုထုဇဉ်သံဃာတော်များကိုလည်း ကိုးကွယ်ဆည်းကပ် လှူဒါန်းပူဇော်ပြီးလျှင် ကြီးမြတ်သောအကျိုး ရှိသည်ဟု မှတ်ယူရမယ်။ လယ်တီ ဆရာတော်ဘုရားကြီးလည်း ဤအတိုင်း ယူတော်မူကြောင်း ဆရာတော်ကြီး၏ကျမ်းစာများ၌ တွေ့ရတယ်-ဒကာစိန်ရှဲ။

အဲ-ဤသို့လျှင် ပုထုဇဉ်သံဃာတော်များလည်း သံဃာ့ဂုဏ် ကိုးပါးနှင့် ထိုက်သည့်အားလျော်စွာ ပြည့်စုံကြသောကြောင့် သံဃာစစ်-သံဃာတု ဟုမခွဲသင့်ကြောင်း ကောင်းကောင်းကြီး သတိပြုကြရမယ်။

## ပရမတ္ထသံဃာ-သမ္မုတိသံဃာဟု ခွဲခြားနိုင်ပုံ

အဲ-သံဃာတော်များကို ပရမတ္ထသံဃာ, သမ္မုတိသံဃာဟူ၍ကား ခွဲခြားနိုင်ပါတယ်၊ ပရမတ္ထသံဃာနှင့် အရိယသံဃာ အတူတူပင် မှတ်ရမယ်၊ ပရမတ္ထသံဃာဆိုတာ အရိယာဖြစ်ပြီး ဖြစ်သောကြောင့် ရဟန်းတော်, သံဃာတော် အဖြစ်မှပြောင်းလွဲဖောက်ပြန်၍ လူဘောင်သို့ ဘယ်နည်းနှင့်မျှမရောက်နိုင်တော့သော သံဃာဖြစ်တယ်-ဒကာစိန်ရှဲ။

သမ္မုတိသံဃာနှင့် ပုထုဇဉ်သံဃာ အတူတူပင် မှတ်ရမယ်၊ သမ္မုတိသံဃာဆိုတာ ဉတ္တိစတုတ္ထကမ္မဝါစာဖြင့် ရွတ်ဖတ်ချီးမြှောက် သမုတ်သဖြင့် ရဟန်းအဖြစ်သို့ ရောက်သောသံဃာကို ဆိုတယ်-ဒကာစိန်ရှဲ။

ဟောဒီနေရာမှာ အထူးမှတ်ရန်ကတော့ သမ္မုတိ သံဃာ သည်ပင်လျှင် မဂ်,ဖိုလ်ရသောအခါ ပရမတ္ထသံဃာ ဖြစ်ရတယ်၊ သို့အတွက် ပရမတ္ထ သံဃာဆိုတာလဲရဟန်းအဖြစ်သို့ရောက်ဖို့ရန်ကတော့ယခုကာလမှာဉတ္တိစတုတ္ထကမ္မဝါစာဖြင့် ချီးမြှင့်မှသာ ရဟန်းအဖြစ်သို့ ရောက်နိုင်တယ်လို့ မှတ်ရမယ်-ဒကာစိန်ရှဲ။

## သံဃာရတနာကို လှူဒါန်းပူဇော်နည်း

လှူဒါန်းပူဇော်တဲ့အခါမှာ ရဟန်းတပါးတည်းပင် ဖြစ်စေကာမူ သံဃာအားလုံးအပေါ်၌ စိတ်ရောက်၍လှူဒါန်းပူဇော်လျှင် သံဃာရတနာကို အားကိုးအားထားပြုသည်၊ လှူဒါန်းပူဇော်သည် မည်တယ်၊ သံဃိကဒါနလဲမြောက်တယ်တဲ့-ဒကာစိန်ရှဲ။ သို့အတွက် ယခုအခါကစ၍ နောင် ကာသာဝကဏ္ဍ သံဃာတိုင်အောင်ပင် သံဃာကိုစိတ်ရောက်လျှင် သံဃာရတနာကို လှူဒါန်းပူဇော်တာလဲဖြစ်, သံဃိကဒါနလဲ မြောက်သောကြောင့် အကျိုးအနန္တ ရနိုင်သည်သာဟု မှတ်ရမယ်-ဒကာစိန်ရှဲ၊ သံဃာတော်ကို စိတ်အာရုံရောက်နိုင်ကြပါစေ ဆိုတာနိဂုံးချုပ်အားဖြင့် တိုက်တွန်းလိုက်ပါတယ်။

ကိုင်း....သံဃာရတနာရှင်းတမ်းအရ တော်ကြအုံးစို့။

ဤတွင် သံဃာရတနာရှင်းတမ်း ပြီး၏။

## ရတနတ္တယ ပူဇာအကျိုး

အဲ- ''ရတနာရှင်းတမ်း''ဆိုတဲ့အတိုင်း ဘုရား,တရား,သံဃာ တည်းဟူသော ရတနာသုံးပါးကို ရှင်းလင်း၍ ဟောကြားပြီးလေပြီ၊ အဲဒီ ရတနာသုံးပါးတို့တွင် ဘုရားရတနာကို လှူဒါန်းပူဇော်တဲ့သူများမှာ အရှင်မဟာမောဂ္ဂလာန်မထေရ်ကဲ့သို့ တန်ခိုးကြီးခြင်းအကျိုးများကိုရနိုင်တယ်၊တရားရတနာကိုလှူဒါန်းပူဇော်တဲ့သူများမှာ အရှင်သာရိပုတ္တရာမထေရ်ကဲ့သို့ ပညာကြီးခြင်း အကျိုးများကို ရနိုင်တယ်၊သံဃာရတနာကို လှူဒါ,းပူဇော်ကြသူ များမှာတော့ ရှေးရှေးသော ပဒေသရာဇ်,ကေရာဇ်,စကြဝတေးမင်းများနှင့် သဌေး, သူကြွယ်များကဲ့သို့ စည်းစိမ်ချမ်းသာ ပစ္စည်းဥစ္စာပေါများခြင်း အကျိုးများကို ရနိုင်တယ်.... ဒကာစိန်ရဲ့။ ကိုင်း.... တရားအဆုံးသတ်ကြပါစို့။

---

## ၃။ ဗုဒ္ဓဝါဒတရား

စိရံ တိဋ္ဌတု သဒ္ဓမ္မော။

သဒ္ဓမ္မော၊သဒ္ဓမ္မတရား သုံးပါးသည်။ စိရံ၊ရှည်ကြာမြားမြောင် ကာလကြာအောင်။တိဋ္ဌတု၊ တည်ပါစေသတည်း။ဝါ၊တည်ပါစေသား။

### ငါးပါးသီလပေးခန်း
### ရတနာသုံပါး ထင်းရှားစွာပေါ်လ ပုံ

အမှာ။ ။တရားနာပရိသတ်ကို မကန်တော့စေသေးပဲ လက်အုပ်ချီရုံမျှချီထားစေလျက် ဆိုလတ့်အတိုင်း ရွတ်ဆိုဟောပြောရမည်။ သတိပြုမိပါစေ။

(က) ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊ ဟိတာယ သဗ္ဗပါဏိနံ။
ဓမ္မော လောကေ သမုပ္ပန္နော၊ ဟိတာယ သဗ္ဗပါဏိနံ။
သံဃော လောကေ သမုပ္ပန္နော၊ ဟိတာယ သဗ္ဗပါဏိနံ။

(ခ) တေန သစ္စဝဇ္ဇေန၊ နိဗ္ဗာဂေါ ဟောန္တု သာဓဝေါ။
အနေက အန္တရာယာပိ၊ ဝိနဿန္တု အသေသတော။

(ပဏ္ဍာဝတ္တဂါထာ)

လောကေ၊ ကာမ,ရူပ,အရူပဟု ဘဝသုံးထပ် ဘုံသုံးရပ်၌။ သဗ္ဗပါဏိနံ၊ လုံးစုံများစွာ သတ္တဝါတို့၏။ ဝါ၊ နိုင်ငံသူ-နိုင်ငံသား ကမ္ဘာသူ-ကမ္ဘာသားအပေါင်းတို့၏။ ဟိတာယ၊မယုတ်တိုးပွားအကျိုးများစေခြင်းငှာ။ ဝါ၊ သဗ္ဗပါဏိနံ ဟိတာယ၊တဦးတယောက်အတွက် ကောင်းစားရေးမဟုတ်ပဲ,, ကမ္ဘာသူ ကမ္ဘာသား,နိုင်ငံသူ-နိုင်ငံသားအားလုံးအတွက်ကောင်းစားစေရန်၊ဗုဒ္ဓေါ၊

ဒုက္ခ သစ္စာ, သမုဒယ သစ္စာ, နိရောဓ သစ္စာ, မဂ္ဂသစ္စာ ဆိုတဲ့ သစ္စာ လေး ပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ သမုပ္ပန္နော၊ အစစ်အမှန်အားဖြင့် ထင်ရှားစွာ ပေါ်ပေါက်တော်မူလာခဲ့လေသတည်း။　　　　(သာဓုခေါ်)

လောကေ၊ လောက သုံးအင် ဘုံအပြင်၌။ သမ္ဗပါဏိနံ၊ လုံးစုံများစွာ သတ္တဝါတို့၏။ ဟိတာယ၊ မယုတ်တိုးပွား အကျိုးများစေခြင်းငှာ။ ဓမ္မော၊ မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်, ပရိယတ်ဆိုတဲ့ ဆယ်ပါးသော တရားတော်မြတ်သည်။ သမုပ္ပန္နော၊ အစစ်အမှန်အားဖြင့် ထင်ရှားစွာ ပေါ်ပေါက်တော်မူလာခဲ့လေသတည်း။　　　　(သာဓုခေါ်)

လောကေ၊ ကမ္ဘာလောကဓာတ် ဘုံသုံးရပ် အတွင်း၌။ သဗ္ဗ ပါဏိနံ၊ လုံးစုံများစွာ ကမ္ဘာသူ-ကမ္ဘာသား အပေါင်းတို့၏။ ဟိတာယ၊ မယုတ်တိုးပွား အကျိုးများ၍ကောင်းစားစေခြင်းငှာ။ သံဃော၊ မဂ္ဂဋ္ဌာန်လေးယောက်, ဖလဋ္ဌာန်လေးယောက်ဆိုတဲ့ ရှစ်ယောက်သော အရိယာသံဃာတော်မြတ် အပေါင်းနှင့် တကွ ကလျာဏပုထုဇဉ် သံဃာတော်မြတ်အပေါင်းသည်။ သမုပ္ပန္နော၊ အစစ်အမှန်အားဖြင့်ထင်ရှားစွာပေါ်ပေါက်တော်မူလာခဲ့လေသတည်း။ (သာဓုခေါ်)

ဧတေန သစ္စဝဇ္ဇေန၊ ဤသို့ "ဘုရားစစ်-ဘုရားမှန်, တရားစစ်-တရားမှန်, သံဃာစစ်-သံဃာမှန် တည်းဟူသော ရတနာသုံးပါး တို့သည် ထင်ရှားစွာ ဖြစ်ပေါ် နေလေပြီ" ဟု ဟုတ်မှန်စွာဆိုရတဲ့ သစ္စာစကားကြောင့်။ သာဝေ ါ၊ ညီညာဖြဖြရောက်လာကြသော ်း သူတော်ကောင်းအပေါင်းတို့သည်။ နိရောဂါ၊ ရောဂါမငြိ ဘေးမထိကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေသတည်း။
(သာဓုခေါ်)

အနေကအန္တရာယာပိ၊ တပါးမက များ ပြား လှ ကုန်သော အန္တရာယ် အပေါင်းတို့သည်လည်း၊ (ဝါ) ဘာသာ သာသနာအန္တရာယ်, ဓမ္မအန္တရာယ် ဟူသမျှတို့သည်လည်း။ အသေသတော၊ တခုမှ မကြွင်းကျန်အောင်။ ဝိနဿန္တု၊ ကင်းစင်လွင့်ပျောက် ကြပါစေသတည်း။　　　　(သာဓုခေါ်)

အဲဒါက ဤကမ္ဘာလောကကြီးအတွင်းမှာ ဘုရားတည်းဟူသော ရတနာ, တရားတည်းဟူသော ရတနာ, သံဃာတော်မြတ်တည်းဟူသော ရတနာ၊ ဤ ရတနာသုံးပါးတို့သည် လွန်ခဲ့သောနှစ်ပေါင်း (၂၅၆၀) ကျော် အချိန်လောက် က စပြီးတော့ ယနေ့တိုင်အောင်ပင် ထင်ရှားစွာဖြစ်ပေါ်နေတဲ့ အကြောင်းကို ကောင်းမွန်စွာ ရွတ်ဆို၍ ကမ္ဘာသူ-ကမ္ဘာသားတွေ ဘေးဥပဒ် အန္တရာယ်ကင်းရှင်းကြပါစေ၊ ဘာသာ-သာသနာအန္တရာယ်, ဓမ္မအန္တရာယ်ဟူသမျှတွေလဲ ကင်း ပျောက်ကြပါစေလို့ ပတ္ထနာပြုလိုက်တာပါပဲ။

အဲ....ဒီနေရာမှာ ဗုဒ္ဓလမ်းစဉ်(ဗုဒ္ဓဝါဒ)ဆိုတဲ့ စကားနှင့် ပတ်သက်လို့ အနည်းငယ်မျှ ရှင်းပြအုံးမယ်၊ ဘုရားရတနာလို့ခေါ်တဲ့ ယခုဘုန်းကြီးတို့ဘုရား ကိုယ်တော်မြတ်ကြီးဟာ သတ္တဝါ တဦးတယောက်၊ ပုဂ္ဂိုလ် တဦးတယောက် ကောင်းစားရေးအတွက် ပွင့်တော်မူလာတာ,ဖြစ်ထွန်းပေါ်ပေါက်တော်မူလာတာ မဟုတ်ဘူး၊နိုင်ငံသူ-နိုင်ငံသား၊ကမ္ဘာသူ-ကမ္ဘာသားအားလုံး ကောင်းစားရေးအတွက် ကမ္ဘာသူ-ကမ္ဘာသား အားလုံးတို့၏ လောကီ-လောကုတ် မယုတ်တိုးပွား အကျိုးများစေရန်အတွက် ပွင့်တော်မူလာတာ, ဖြစ်ထွန်းပေါ်ပေါက်တော်မူလာတာဖြစ်တယ်။ အဲ....ဒါ့ကြောင့်-

"ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊ ဟိတာယ သဗ္ဗပါဏိနံ"

လို့ ရွတ်ဆိုခဲ့ပါတယ်။

လောကေ၊ ဤကမ္ဘာလောကကြီး အတွင်း၌။ သဗ္ဗပါဏိနံ ဟိတာယ၊ ပုဂ္ဂိုလ်တဦးတယောက်ကောင်းစားရေးအတွက်မဟုတ်ပဲနှင့် နိုင်ငံသူ-နိုင်ငံသား ကမ္ဘာသူ-ကမ္ဘာသားအားလုံးတို့၏လောကီ လောကုတ် မယုတ်တိုးပွားအကျိုးများ၍ ကောင်းစားစေခြင်းငှာ။ ဗုဒ္ဓေါ၊ နေတဆူ-လ,တစင်းကဲ့သို့ ပြိုင်ဘက်ကင်းဖြစ်တော်မူသော ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ သမုပ္ပန္နော၊ စင်စစ်ကေန် အမှန်အားဖြင့် ထင်ရှားစွာ ဖြစ်ထွန်းပေါ်ပေါက်တော်မူခဲ့လေသတည်း။ (သာဓုခေါ်)

ဘုရားရတနာခေါ်တဲ့ ဘုရားကိုယ်တော်မြတ်ကြီး ပွင့်တော်မူလာတာဟာ တယောက်ထဲ ကောင်းစားဖို့တဲ့လား၊ အများ ကောင်းစားဖို့ တဲ့လား၊ ပရိသတ်ထဲက ဖြေကြစမ်းပါ။ (      )

အဲ-ဟုတ်တယ်၊ အများကောင်းစားဖို့ ဘုရားကိုယ်တော်မြတ်ကြီး ပွင့်တော်မူလာတာဖြစ်တယ်၊ မှတ်ထားကြနော်။

အဲသလို အများကောင်းစားဖို့၊ ကမ္ဘာသူ-ကမ္ဘာသားအားလုံးကောင်းစားဖို့ ပွင့်တော်မူလာတဲ့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးဟာ ကိုယ်တော်တိုင် ချမှတ်တော်မူခဲ့တဲ့ဝါဒကည်းဟူသော ဗုဒ္ဓဝါဒ-ဗုဒ္ဓလမ်းစဉ်ကတော့ တယောက်ထဲ ကောင်းစားဖို့ ချမှတ်တော်မူခဲ့တဲ့ လမ်းစဉ်ဖြစ်မလား၊အများကောင်းစားဖို့ ချမှတ်တော်မူခဲ့တဲ့လမ်းစဉ်ဖြစ်မလား၊ ကိုင်း....ဖြေကြစမ်းပါ။ (

အဲ-ဟုတ်တယ်၊ အများကောင်းစားဖို့ ချမှတ်တော်မူခဲ့တဲ့ လမ်းစဉ် ဖြစ်တယ်၊ ဝါဒဖြစ်တယ်၊ မှတ်ထားကြနော်။

## ရတနာသုံးပါး အမြတ်ဆုံးဖြစ်ပုံ

ဘုရားတည်းဟူသော ရတနာ, တရားတည်းဟူသောရတနာ, သံဃာတော်မြတ်တည်းဟူသော ရတနာ၊ ဤရတနာသုံးပါးတို့သည် ကမ္ဘာပေါ်၌ အမြတ်ဆုံးဖြစ်သော ရတနာများ ဖြစ်ကြတယ်။ ထို့ကြောင့်....

ယံကိဉ္စိ ဝိတ္တံ ဣဓဝါ ဟုရံဝါ၊ သဂ္ဂေသုဝါ ယံရတနံ ပဏီတံ။
နနော သမံ အတ္ထိတထာဂတေန၊ ဣဒမ္ပိဗုဒ္ဓေ (ဓမ္မေ-သံဃေ) ရတနံပဏီတံ။
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။ (ရတနသုတ်ပါဠိတော်)
လို့ ဟောတော်မူထားပါတယ်။

အဲဒီ အမြတ်ဆုံးဖြစ်သော ရတနာသုံးပါးတို့အား လက်အုပ်ချီမိုး ရှိခိုးခြင်းဖြင့်၎င်း, ဝတ္ထုပစ္စည်း လှူဒါန်းခြင်းဖြင့်၎င်း ပူဇော်ကြရမယ်။ပူဇော်ကြပေတော့။ ကိုင်း....ပရိသတ်အားလုံး လိုက်ဆိုကြ။

### လက်အုပ်ချီမိုး ရှိခိုးပုံ

၁။ ဗုဒ္ဓံ ပူဇေမိ၊ ဘုရားတည်းဟူသော အမြတ်ဆုံးရတနာကို လက်အုပ်ချီမိုး ရှိခိုးခြင်းဖြင့် ရိုသေမြတ်နိုးစွာ ပူဇော်ပါ၏ဘုရား။ (ဦးချ)

၂။ ဓမ္မံ ပူဇေမိ၊ တရားတည်းဟူသော အမြတ်ဆုံး ရတနာကို လက်အုပ်ချီမိုး ရှိခိုးခြင်းဖြင့် ရိုသေမြတ်နိုးစွာပူဇော်ပါ၏ဘုရား။ (ဦးချ)

၃။ သံဃံ ပူဇေမိ၊ သံဃာတော်မြတ်တည်းဟူသော အမြတ်ဆုံးရတနာကို လက်အုပ်ချီမိုးရှိခိုးခြင်းဖြင့် ရိုသေမြတ်နိုးစွာပူဇော်ပါ၏ဘုရား။ (ဦးချ)

အဲဒီ ရတနာသုံးပါးဟာ ဗုဒ္ဓဘာသာတရားတော်အရ လွန်စွာအရေးကြီးသောအရာ ဖြစ်ပါတယ်၊ ရတနာသုံးပါးကို ရိုသေမြတ်နိုးကြရမယ်၊ ပူဇော်ကြရမယ်။ အဲဒီရတနာသုံးပါးနှင့် မိဖ-ဆရာတို့ကို ရိုသေကိုင်းရှိုင်းကြတဲ့ သူများမှာ သွားလေရာအရပ်, နေလေရာအရပ်တို့၌ ဘေးဥပဒ်အန္တရာယ် ကင်းရှင်းနိုင်တယ်၊ သို့အတွက် ဘုရား-တရား-သံဃာ တည်းဟူသော ရတနာသုံးပါးနှင့်တကွ မိဖ-ဆရာတို့ကို (ဝါ) အနန္တငါးပါးကို နေ့စဉ်နေ့တိုင်း အိပ်ရာဝင် အိပ်ရာထတို့၌ ဦးငါးကြိမ်ချကြရမယ်။ အထူးသတိပြုကြနော်၊ ကိုင်း....လိုက်ဆိုကြအုံး။

### ကန်တော့ပုံ

ဩကာသ....ဩကာသ။ ။ဘုရား တည်းဟူသော အမြတ်ဆုံးရတနာ၊ တရားတည်းဟူသော အမြတ်ဆုံးရတနာ၊သံဃာတော်မြတ်တည်းဟူသောအမြတ်ဆုံး ရတနာ၊ ဤရတနာမြတ်သုံးပါးအပေါင်းနှင့်တကွ မိဖ-ဆရာတို့အား ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

## ရတနတ္တယ ပူဇာအကျိုးနှင့် ဆုပေးပုံ

ဗုဒ္ဓဿ ပူဇံ မဟာတေဇဝန္တော။
ဓမ္မဿ ပူဇံ မဟာပညဝန္တော။
သံဃဿ ပူဇံ မဟာဘောဂဝန္တော။
ရတနတ္တယဿ ပူဇာယိဒံ ဖလံ။

ဗုဒ္ဓဿ၊ ဘုရားတည်းဟူသော အမြတ်ဆုံးရတနာအား။ ပူဇံ၊ လက်အုပ်ချီမိုး ရှိခိုး၍ ပူဇော်ခြင်း, ဝတ္ထုပစ္စည်းလှူဒါန်း၍ ပူဇော်ခြင်းသည်။ မဟာတေဇဝန္တော၊ နိဗ္ဗာန်မရောက်သေးမီစပ်ကြား ဘဝများ၌ လူဖြစ်စေ,နတ်ဖြစ်စေ ဘုန်းတန်ခိုးအာနုဘော်ကြီးခြင်းနှင့်ပြည့်စုံရခြင်းသည်။ ဘဝေ၊မုချမသွေ ဖြစ်ပါပေ၏။

ဘုရားကိုပူဇော်လျှင် ဘုန်းကြီးတယ်တဲ့။ အဲဒါကြောင့် ဘုရားကို ပူဇော်ကြရမယ်။နိဗ္ဗာန်မရောက်သေးမီ လူ့ဘဝ၌ဖြစ်ရသော်ငြား,နတ်ဘဝ၌ဖြစ်ရသော်ငြား ဘုန်းတန်ခိုး ကြီးချင်ကြပေလိမ့်မယ်။ ဘုန်းတန်ခိုး ကြီးချင်လျှင် ဘုရားကို ပူဇော်ကြတဲ့၊' မှတ်ထားကြနော်။

ဓမ္မဿ၊ တရားတည်းဟူသော အမြတ်ဆုံးရတနာအား။ ပူဇံ၊ လက်အုပ်ချီမိုး ရှိခိုး၍ ပူဇော်ခြင်း, ဝတ္ထုပစ္စည်း လှူဒါန်း၍ ပူဇော်ခြင်းသည်။ မဟာပညဝန္တော၊ နိဗ္ဗာန်မရောက်သေးမီ လူ့ဘဝ၌ဖြစ်ရသော်ငြား,နတ်ဘဝ၌ဖြစ်ရသော်ငြား ပညာကြီးခြင်းနှင့် ပြည့်စုံရခြင်းသည်။ ဘဝေ၊ မုချမသွေ ဖြစ်ပါပေ၏။

တရားကို ပူဇော်လျှင် ပညာကြီးတယ်တဲ့။အဲဒါကြောင့် တရားကို ပူဇော်ကြရမယ်၊ နိဗ္ဗာန်မရောက်သေးမီ လူ့ဘဝ၌ ဖြစ်ရသည်ဖြစ်စေ, နတ်ဘဝ၌ဖြစ်ရသည် ဖြစ်စေ၊ ပညာကြီးချင်ကြပေလိမ့်မယ်။ ပညာကြီးချင်လျှင် တရားကိုပူဇော်ကြတဲ့၊ မှတ်ထားကြနော်။

သံဃဿ၊ သံဃာတော်မြတ် တည်းဟူသော အမြတ်ဆုံး ရတနာအား။ ပူဇံ၊ လက်အုပ်ချီမိုး ရှိခိုး၍ပူဇော်ခြင်း,ဝတ္ထုပစ္စည်း လှူဒါန်း၍ပူဇော်ခြင်းသည်။ မဟာဘောဂဝန္တော၊ နိဗ္ဗာန်မရောက်သေးမီ လူ့ဘဝ၌ ဖြစ်ရသည်ဖြစ်စေ, နတ်ဘဝ၌ ဖြစ်ရသည်ဖြစ်စေ များပြားမြတ်သော စည်းစိမ်ဥစ္စာ ရတနာရွှေငွေ ဆန်ရေစပါး သား-သမီး ကျေးကျွန် အခြွေအရံတို့နှင့် ပြည့်စုံရခြင်းသည်။ ဘဝေ၊ မုချမသွေ ဖြစ်ပါပေ၏။

သံဃာတော်မြတ်များကိုပူဇော်လျှင် စည်းစိမ်ဥစ္စာ ရတနာ ရွှေငွေ ဆန်ရေစပါး သား-သမီး ကျေးကျွန်များနှင့်ပြည့်စုံတယ်တဲ့။ အဲဒါကြောင့် စည်းစိမ်ဥစ္စာ ရတနာရွှေငွေ ဆန်ရေစပါး သား-သမီးကျေးကျွန်များနှင့်ပြည့်စုံအောင်ဟာ သံဃာကို ပူဇော်ကြရမယ်တဲ့။ မှတ်ထားကြနော်။

မှတ်—၄၉၊ (ဒုတိယအကြိမ်)

ဟောဒီဆောင်ပုဒ်များကို လိုက်ဆိုကြ။

၁။ ဘုရားရတနာ၊ ပူဇော်ရာ၊ မှန်စွာ တန်ခိုးကြီးသတည်း။

၂။ တရားရတနာ၊ ပူဇော်ရာ၊ မှန်စွာ ပညာကြီးသတည်း။

၃။ သံဃာရတနာ၊ ပူဇော်ရာ၊ မှန်စွာ စည်းစိမ်ကြီးသတည်း။

ဣဒံ၊ ဤသို့ တန်ခိုးကြီးခြင်း, ပညာကြီးခြင်း, စည်းစိမ်ကြီးခြင်း အကျိုးသည်။ရတနတ္တယဿ၊ ဘုရား,တရား,သံဃာ တည်းဟူသော ရတနာမြတ်သုံးပါးအပေါင်းအား။ ပူဇာယ၊ လက်အုပ်ချီမိုး ရှိခိုး၍ ပူဇော်ရခြင်း, ဝတ္ထုပစ္စည်းလှူဒါန်း၍ ပူဇော်ရခြင်း၏။ ဖလံ၊ အကျိုးပါပေတည်း။　　　(သာဓုခေါ်)

ဤသို့လျှင် တန်ခိုးကြီးခြင်း, ပညာကြီးခြင်း, စည်းစိမ်ကြီးခြင်းအကျိုးများကို ရစေနိုင်သော ဘုရားတည်းဟူသော အမြတ်ဆုံး ရတနာ, တရားတည်းဟူသော အမြတ်ဆုံးရတနာ, သံဃာတော်မြတ်တည်းဟူသော အမြတ်ဆုံးရတနာ၊ ဤရတနာမြတ်သုံးပါးအပေါင်းတို့အား ရိုသေမြတ်နိုး လက်အုပ်မိုး၍ရှိခိုးပူဇော်ပူးမြော်မာန်လျှော့ ကန်တော့ရသော ကောင်းမှုကုသိုလ်ကံ စေတနာကြောင့် ဘေးဥပဒ်အန္တရာယ်အပေါင်းတို့မှ ကင်းလွတ်ကြပြီးလျှင် ထိုကန်တော့ရသော ကုသိုလ်ကံစေတနာတည်းဟူသော နာမ်တရားနှင့် ထိုစေတနာ နာမ်တရား၏မှီရာ ရုပ်တရား၊ ထိုရုပ်-နာမ် နှစ်ပါးတို့၏ ချုပ်ငြိမ်းရာနိဗ္ဗာန်ကို လျင်မြန်စွာ ရနိုင်ကြောင်းဖြစ်သော ဒါန,သီလ,ဘာဝနာ တည်းဟူသော ကုသိုလ်ကောင်းမှုတရားများကို မမေ့မလျော့သောသတိတရားဖြင့် ကြိုးစားအားထုတ်နိုင်သော သူတော်ကောင်းများဖြစ်ကြ၍ နိဗ္ဗာန်ကိုလျင်မြင်စွာ ရလွယ်နိုင်ကြသည်ဖြစ်စေ။

## သရဏဂုံသုံးပါးနှင့် ငါးပါးသီလ ခံယူဆောက်တည်ပုံ

အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ
အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။
ဒုတိယမ္ပိ အဟံ ဘန္တေ (ပ) မေ ဘန္တေ။
တတိယမ္ပိ အဟံ ဘန္တေ (ပ) မေ ဘန္တေ။

၎င်း၏ မြန်မာဘာသာ လိုရင်းကား "အရှင်ဘုရား တပည့်တော်သည် သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလ ကျင့်ဝတ်သိက္ခာပုဒ်ကို ပေးသနားတော်မူ၂ါရန် လျှောက်ထား တောင်းပန်ပါ၏ဘုရား၊ အရှင်ဘုရား-တပည့်တော်အား သနား ချီးမြှောက်ခြင်းကိုပြု၍ ငါးပါးသီလကို ပေးသနားတော်မူပါဘုရား" ဟု ဆိုလိုသည်။

ယမဟံ ဝဒါမိ၊ တံ ဝဒေထ။
ပရိသတ်က "အာမ ဘန္တေ"ဟု ဆို။

(မြန်မာဘာသာ ဆိုလိုရင်းကား "နမော တဿ စသော ပဏာမကို ငါဆိုမည်၊ ငါဆိုသလို လိုက်ဆိုကြ"ဟု ဆိုလိုသည်၊ အာမဘန္တေ ဆိုတာကတော့ မြန်မာလို "လိုက်ဆိုပါမည်ဘုရား"ဟု ဆိုလိုသည်။)

**နမောတဿ ပဏာမ**

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
(ပရိသတ်က သုံးကြိမ်ဆို၊ ၎င်းကို မဟာနမက္ကာရဟု ခေါ်ဆိုသည်။)

**သရဏဂုံ သုံးပါး**

၁။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ တပည့်တော် မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်ပါ၏ဘုရား။ (လိုက်ဆိုစေ)

၂။ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ တပည့်တော် တရားတော်မြတ်ကို ကိုးကွယ်ဆည်းကပ်ပါ၏ဘုရား။

၃။ သံဃံ သရဏံ ဂစ္ဆာမိ၊ တပည့်တော် သံဃာတော်မြတ် အပေါင်းကို ကိုးကွယ်ဆည်းကပ်ပါ၏ဘုရား။

၄။ ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ နှစ်ကြိမ်မြောက်လည်း တပည့်တော် မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်ပါ၏ ဘုရား။

၅။ ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ နှစ်ကြိမ်မြောက်လည်း တပည့်တော် တရားတော်မြတ်ကို ကိုးကွယ်ဆည်းကပ်ပါ၏ ဘုရား။

၆။ ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ၊နှစ်ကြိမ်မြောက်လည်းတပည့်တော် သံဃာတော်မြတ်အပေါင်းကို ကိုးကွယ်ဆည်းကပ်ပါ၏ဘုရား။

၇။ တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊သုံးကြိမ်မြောက်လည်း တပည့်တော် မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်ပါ၏ဘုရား။

၈။ တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊သုံးကြိမ်မြောက်လည်းတပည့်တော် တရားတော်မြတ်ကို ကိုးကွယ်ဆည်းကပ်ပါ၏ဘုရား။

၉။ တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ၊ သုံးကြိမ်မြောက်လည်း တပည့်တော် သံဃာတော်မြတ် အပေါင်းကို ကိုးကွယ် ဆည်းကပ်ပါ၏ ဘုရား။ (လိုက်ဆိုစေ)

(၎င်းသရဏဂုံ သုံးပါးကား ဗုဒ္ဓဘာသာဝင် ဖြစ်လိုသူများ ဥပါသကာအဖြစ် ခံယူလိုသူများ ဆောက်တည်ရန် ဖြစ်သတည်း။)

သရဏဂမန ပရိပုဏ္ဏံ။
ပရိသတ်က "အာမ ဘန္တေ"ဟု ဆို။

## ငါးပါးသီလ

၁။ ပါဏာတိပါတာ ဝေရမဏီ၊ တပည့်တော် သူ့အသက်ကို သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ပါ၏ဘုရား။

၂။ အဒိန္နာဒါနာ ဝေရမဏီ၊ တပည့်တော် သူ့ဥစ္စာ ခိုးယူ-တိုက်ခိုက်ခြင်းမှ ရှောင်ကြဉ်ပါ၏ဘုရား။

၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ၊ တပည့်တော် သူ့သား-မယားတို့၌ ဖောက်ပြန်မှားယွင်း ကျူးလွန်ခြင်းမှ ရှောင်ကြဉ်ပါ၏ဘုရား။

၄။ မုသာဝါဒါ ဝေရမဏီ၊ တပည့်တော် မဟုတ်မမှန် လိမ်ညာပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏ဘုရား။

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ၊ တပည့်တော် ယစ်မူး မေ့လျော့ ပေါ့ဆကြောင်းဖြစ်သော သေရည်, အရက်, ဘိန်း, ဘင်း, ကဇော်, လှော်စာများကို သောက်စားခြင်းမှ ရှောင် ကြဉ်ပါ၏ဘုရား။

## ဆုတောင်းပုံ

ကိုင်း....ဆုတောင်းကို လိုက်ဆိုကြအုံး။

အရှင်ဘုရား၊....တပည့်တော်တို့၏ ဤသရဏဂုံ သုံးပါးနှင့်တကွ ငါးပါးသီလကို ခံယူဆောက်တည်ရသော သီလကုသိုလ်ကံစေတနာတို့ကြောင့်

၁။ မိုးသည် မှန်မှန်ရွာပါစေ။

၂။ မင်းသည် တိုင်းသူပြည်သား လူအများကို တရားနှင့်အညီ စောင့်ရှောက်ပါစေ။

၃။ တိုင်းသူပြည်သား လူအများတို့သည် ငါးပါးသီလ မြဲကြပါစေ။

၄။ ရဟန်း သံဃာတော် အရှင်မြတ်တို့သည် သာသနာတော်ကို စောင့်ရှောက်တော်မူနိုင်ကြပါစေ။

၅။ တပည့်တော်တို့၏ သုံးဖြာသရဏ ငါးစုံသီလကို ဆောက်တည်ရသော ကုသိုလ်စေတနာသည် မဂ်ဉာဏ်အားကျေးဇူးပြုနိုင်ပါစေ။

အဲသလို ဆုတောင်းကြရမယ်၊ အဲဒီ ဆုတောင်းပုံ ငါးမျိုးထဲက နံပါတ်(၁) ဆုတောင်းကတော့ "သမ္မာ ဒေဝေါ ပဝဿတု" ဟူသော အဋ္ဌကထာနှင့်အညီ ဖြစ်ပါတယ်၊ ဒါကိုလဲ ဆုတောင်းဖို့ အရေးကြီးတာပဲ၊ ဘာ့ကြောင့်လဲဆိုရင် မိုးမှန်မှန် ရွာပေးမှသာလျှင် မြေကြီးက ရွှေအီးပြီးတော့ တိုင်းပြည်ကြီးသာယာဝပြောနိုင်မည်ဖြစ်သောကြောင့် ဖြစ်ပေတယ်၊ သို့အတွက် နံပါတ်(၁) ဆုတောင်းကိုလဲ မမေ့သင့်ကြဘူး၊ ဆုတောင်းကြရမယ်တဲ့။

နံပါတ် (၂) ဆုတောင်းကလဲ "ရာဇာ ရက္ခတု မေဒိနိ၊ အတ္တနေဝ ပဇံပဇံ" ဆိုတဲ့ အဋ္ဌကထာနှင့်အညီပါပဲတဲ့၊ အဲဒီဆုတောင်းကလဲ အရေးကြီးတာပဲတဲ့၊ မင်းကလဲ ဘိုင်းပြည်ကြီးကို တရားသဖြင့် အုပ်ချုပ်မှသာလျှင် တိုင်းသူပြည်သား လူအများမှာ ချမ်းသာသုခ ရနိုင်တာကိုး။ သို့အတွက် နံပါတ် (၂) ဆုတောင်းကိုလဲ တောင်းသင့်ပါတယ်။

နံပါတ် (၃) ဆုတောင်းကတော့ အရေးအကြီးဆုံးပေါ့လေ၊ ငါးပါးသီလဆိုတာက ဗုဒ္ဓဘာသာတရားတော်အရ အခြေခံကြီး ဖြစ်တာကိုး၊ ကမ္ဘာသူကမ္ဘာသားများကောင်းစားရန်အတွက် "ဗုဒ္ဓလမ်းစဉ်" (ဗုဒ္ဓဝါဒကြီး) ကိုချမှတ်တော်မူတဲ့ ဘုရားကိုယ်တော်မြတ်ကြီးကလဲ ဒီငါးပါးသီလကိုပင် အခြေခံအဖြစ် ဟောကြားတော်မူထားတယ်၊ ချမှတ်တော်မူထားတယ်။

လူတိုင်း – လူတိုင်း ငါးပါးသီလ မြဲကြလျှင် နိုင်ငံသူ – နိုင်ငံသားများ ကောင်းစားနိုင်တယ်၊ ချမ်းသာသုခ ရနိုင်တယ်၊ တိုင်းပြည် အေးချမ်းသာယာနိုင်တယ်။

သို့အတွက် "ဗုဒ္ဓလမ်းစဉ်" (ဗုဒ္ဓဝါဒ) ၏ အခြေခံဖြစ်တဲ့ "ငါးပါးသီလတရား" ကို ဟောကြားနေခြင်း၊ တိုင်းသူပြည်သား လူအပျား ငါးပါးသီလ မြဲအောင် ဆုတောင်းနေခြင်းဖြစ်ပါတယ်။

## အထိန်းနှင့်တူခြား ဘာသာတရား

ငါးပါးသီလဟာ ဘာသာတရား ဖြစ်ပါတယ်၊ ဘာသာတရားကို စောင့်ထိန်းလျှင် ငါးပါးသီလ မြဲနိုင်ပါတယ်၊ သို့အတွက် ဘာသာတရားကို အထိန်းနှင့် တူတယ်လို့ဆိုကြပါတယ်၊ ထိုစကားဟာအလွန်မှန်ပါတယ်၊ ဘာသာတရားရှိသော လူမျိုးတို့သည် အကွပ်ရှိသောကြမ်းများနှင့်တူကြပါတယ်၊ အကွပ်ရှိသောကြမ်းများကို အကွပ်ကထိန်းထားဘိသကဲ့သို့၊ ဘာသာရှိသောလူမျိုးများကိုလဲဘာသာတရားက ထိန်းထားပါတယ်၊ ဘာသာတရားက ထိန်းထားတဲ့အတွက် ပရမ်းပတာ မဖြစ်နိုင်ဘူး။

ဟောဒီဆောင်ပုဒ်များကို လိုက်ဆိုကြ။

၁။ အထိန်းနှင့်သာ၊ တူလေရာ၊ ဘာသာတရားပ။

၂။ ဘာသာရှိငြား၊ လူမျိုးအား၊ ထိန်းထား ဘာသာက။

ဘာသာတရားဆိုတာဟာ လူအများတို့ ယုံကြည်ကိုးကွယ်ရာ ပုဂ္ဂိုလ်ထူးတို့ ဟောပြောဆုံးမတဲ့ စကားမျိုး တရားမျိုးကို ဆိုပါတယ်။ ဤကမ္ဘာပေါ်မှ ထင်ရှားသော ဘာသာကြီး လေးမျိုး ရှိတယ်။

(၁) ဗုဒ္ဓဘာသာ၊
(၂) ဗြာဟ္မဏဘာသာခေါ်တဲ့ ဟိန္ဒူဘာသာ၊
(၃) ခရစ်ယာန်ဘာသာ၊
(၄) မဟာမက်ဘာသာ၊

ရယ်လို့ လေးမျိုးရှိပါတယ်။

အဲဒီလေးမျိုးတို့တွင် ဗုဒ္ဓဘာသာဝင်တို့မှာလဲ မိမိတို့သက်ဆိုင်ရာဘာသာတရားရှိကြတယ်၊ ဟိန္ဒူဘာသာဝင်တို့မှာလဲ မိမိတို့သက်ဆိုင်ရာ ဘာသာတရားရှိကြတယ်၊ ခရစ်ယာန်ဘာသာဝင်, မဟာမက်ဘာသာဝင်တို့မှာလဲ ထိုနည်းတူစွာပင် မိမိတို့သက်ဆိုင်ရာ ဘာသာတရား ရှိကြတာချည်းပဲ။

အဲဒီ မိမိတို့သက်ဆိုင်ရာ ဘာသာတရားများက သက်ဆိုင်ရာဘာသာဝင်ပုဂ္ဂိုလ်များကို ပရမ်းပတာမဖြစ်အောင်, မပျက်စီးအောင် ထိန်းသိမ်းထားတယ်။ သို့အတွက် ဘာသာတရားကို အထိန်းနှင့်တူတယ်လို့ ဆိုကြတယ်။ ဘာသာတရားရှိသော လူမျိုးတို့တွင်....

(၁) ဗုဒ္ဓဘာသာဝင်တို့မှာ ဗုဒ္ဓဝါဒ၏အခြေခံ ငါးပါးသီလတရားရှိနေသောကြောင့်၊ ဗုဒ္ဓဘာသာဝင်တို့က ဟော့-သူ့အသက်ကိုမသတ်ရဘူး၊ သူ့ဥစ္စာကို မခိုးရဘူး အကုသိုလ်အမှုကြီးတယ်ဟူ၍ငင်း။

(၂) ဟိန္ဒူ ဘာသာဝင်တို့မှာလဲ မိမိတို့သက်ဆိုင်ရာ ဘာသာတရားရှိသောကြောင့် ငင်းဟိန္ဒူ ဘာသာဝင်တို့ကလဲ ဟော့-သူ့ဥစ္စာခိုးလျှင် မဟာဗြဟ္မာကြီး မကြိုက်ဘူး ဒုစရိုက်မှုကြီးဖြစ်တယ်ဟူ၍ငင်း။

(၃) ခရစ်ယာန် ဘာသာဝင်တို့ကလဲ သူ့ဥစ္စာခိုးလျှင် ပညတ်တော်ကိုဖောက်ဖျက်ရာကျမယ်၊ မသင့်တော်ဘူးဟူ၍ငင်း။

(၄) မဟာမက်ဘာသာဝင်တို့ကလဲ သူ့ဥစ္စာကိုခိုးလျှင် ကျုပ်တို့ ခိုဒါသခင်ကြီးက မကြိုက်ဘူး၊ မခိုးထိုက်ဘူးဟူ၍ငင်း။

အဲသလို မိမိတို့သက်ဆိုင်ရာ ဘာသာတရား အသီးသီးအားဖြင့် စောင့်ထိန်းကြပြီးလျှင် ရှောင်ကြဉ်ကြပေတယ်။

ဘာသာဝါဒအယူမရှိသောသူတို့မှာကား-ဘာသာတရားတည်းဟူသောအထိန်းမရှိသောကြောင့် ''ဟော့....ဆော်သာဆော်၊ ဘာအပြစ်ရှိလို့လဲ၊သေလျှင်မြေကြီးဖြစ်တာပဲ၊ ခင်ဗျားတို့ဟာတွေက ဘာသာရေးကို စွဲနေတာပဲ၊ ဘာသာရေးဟာ ဘိန်းနဲ့အတူတူပဲဗျ၊ဘာသာရေးစွဲနေလျှင် ခေတ်မမီဘူး''အဲဒါလိုပြောကြပြီးလျှင် သတ်ဖို့လဲ ဝန်မလေးတော့ဘူး၊ ခိုးဖို့လဲ ဝန်မလေးတော့ဘူး။

ဘာသာဝါဒ အယူရှိသောသူတို့မှာတော့ ဘာသာတရားက ထိန်းထားတဲ့အတွက် ရှောင်ကြဉ်ကြသေးတယ်မဟုတ်လား။ ထို့ကြောင့်....

၁။ အထိန်းနှင့်သာ၊ တူလေရာ၊ ဘာသာတရားပ။

၂။ ဘာသာရှိငြား၊ လူမျိုးအား၊ ထိန်းထား ဘာသာက။

လို့ ဆိုခဲ့တာပေါ့။

အဲဒီ ဘာသာတရား - အထိန်းတရားကြောင့် ''ဗုဒ္ဓလမ်းစဉ်'' ခေါ်တဲ့ (ဗုဒ္ဓဝါဒကြီး)ဟာ ယနေ့တိုင်အောင် တည်မြဲလျက်ရှိပါတယ်။ ဘာသာတရားသာမရှိလျှင် (ဗုဒ္ဓဝါဒကြီး)ဟာလဲ အမှန် ပျက်ရမည်သာ ဖြစ်တယ်။

## တိုင်းပြည် အေးချမ်းသာယာနိုင်သော ဗုဒ္ဓဝါဒ ငါးပါးသီလ

ဗုဒ္ဓဝါဒကြီး၏ အခြေခံဖြစ်တဲ့ ငါးပါးသီလကိုသာ လူတိုင်း-လူတိုင်း မြဲမယ်ဆိုလျှင် တိုင်းပြည် အေးချမ်းသာယာနိုင်ပါတယ်။ တိုင်းသူပြည်သားများ ကောင်းစားနိုင်ပါတယ်။

ဟောဒီနေရာမှာ ငါးပါးသီလနှင့်ပတ်သက်လို့ အနည်းငယ် ချဲ့ဟောပါအုံးမယ်၊ ဟောဒီ ရှစ်လုံးဘွဲ့ကဗျာကို လိုက်ဆိုကြ။

> သက်သတ်ခိုးငြား - ကျင့်မှားရှောင်ပါ၊
> မုသားတချက် - အရက်တဖြာ။
> ဘိန်း ဘင်း စသား - သောက်စားရှောင်ရာ၊
> ငါးသီလ - မြဲထ လေတော့တာ။

အဲဒီကဗျာအရ ငါးပါးသီလထဲက....

(၁) သူ့အသက်သတ်မှုကို လူတိုင်း-လူတိုင်း ''သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ပါ၏''လို့ ဆောက်တည်ထား၍ ၎င်းသိက္ခာပုဒ်တရားမြဲနေကြပါလျှင် တတိုင်းပြည်နှင့် တတိုင်းပြည် စစ်တိုက်မှုလဲမရှိနိုင်တော့ဘူး၊အချင်းချင်းစစ်တိုက်မှုလဲ မရှိနိုင်တော့ဘူး၊ တယောက်နှင့်တယောက် နှိပ်စက် ညှဉ်းဆဲ မှုလဲ မရှိနိုင်တော့ဘူး။ အဲဒါလို တိုင်းပြည်ကြီးအေးချမ်းသာယာနိုင်တယ်တဲ့။အဲဒီ နံပါတ် ၁ အရ သီလတရားမြဲခဲ့ကြပါလျှင် ငြိမ်းချမ်းရေးကိုလဲ အမှန်ရနိုင်ပါတယ်။

(၂) သူ့ဥစ္စာခိုးမှုကို လူတိုင်း-လူတိုင်း ''သူ့ဥစ္စာခိုးခြင်းမှ ရှောင်ကြဉ်ပါ၏''လို့ ဆောက်တည်ထား၍ ၎င်းသီလမြဲနေကြပါလျှင် တနိုင်ငံက တနိုင်ငံကို သိမ်းယူလိုမှုတွေလဲ ပျောက်ကင်းလိမ့်မယ်၊ နယ်ချဲ့စနစ်ဆိုးတွေလဲ ပျောက်ကင်းလိမ့်မယ်၊ အမြတ်ကြီးစား မတရားယူလိုမှုတွေလဲ ပျောက်ကင်းလိမ့်မယ်၊ သူခိုး ဓါးပြတွေလဲ ရှိမှာမဟုတ်တော့ဘူး။ သူ့ပစ္စည်းကို မတရား ယူမှုတွေလဲ ရှိမှာမဟုတ်တော့ဘူး။

(၃) သူ့သားမယားဖောက်ပြန်မှုကို လူတိုင်း-လူတိုင်း "သူ့သားမယား ဖောက်ပြန် မှားယွင်းခြင်းမှ ရှောင်ကြဉ်ပါ၏" လို့ ဆောက်တည်ထား၍ ၎င်း သီလတရား မြဲနေပါလျှင် မုဒိမ်းမှုတွေ, ကာမသောင်းကျန်းမှုတွေ ပျောက်ကင်းလိမ့်မယ်၊ သူတပါးမယားကို ကြာခိုသမားတွေ, နောက်ပိုးသမားတွေလဲ ရှိမှာမဟုတ်တော့ဘူး။ မိန်းမနှင့်ပတ်သက်ပြီး ဖောက်ပြန်မှုတွေလဲ ရှိမှာမဟုတ်တော့ဘူး၊ ဟောဒီနေရာမှာ မိမိတို့ကာမပိုင် ဇနီးမောင်နှံအချင်းချင်း မွေ့လျော်ပျော်ပိုက်မှုကိုကား လောကအလိုက် မကဲ့ရဲ့ထိုက်ပါဘူး၊၎င်းကို ငါးပါးသီလနှင့် နေသောလူများအတွက် တားမြစ်ချက်လဲ မရှိပါဘူး။

(၄) မဟုတ်မမှန်သော ပြောဆိုမှုကို လူတိုင်း-လူတိုင်း "မဟုတ်မမှန် လိမ်ညာပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏" လို့ ဆောက်တည်ထား၍ ၎င်းသီလ မြဲနေပါလျှင် လူညာ, လူလိမ်, လူကောက်တွေ မရှိနိုင်တော့ဘူး၊ မှန်ကန်ဖြောင့်မတ်သောလူတွေ, ရိုးသားသောလူတွေသာ ရှိနိုင်တော့မယ်။

(၅) သေရည်အရက်သောက်မှုကို လူတိုင်း-လူတိုင်း "သေရည်အရက်, ဘိန်း, ဘင်း, ကဇော်, လှော်စာများကို သောက်စားခြင်းမှ ရှောင်ကြဉ်ပါ၏" လို့ ဆောက်တည်ထား၍ ၎င်းသီလမြဲနေပါလျှင် အရက်သမား, ဘိန်းသမားတွေ, တေလေဂျပိုး လူပွေ, လူရှုပ်တွေ ရှိမှာမဟုတ်တော့ဘူး၊ အရက်နှင့် ပတ်သက်ပြီးတော့ ဖောက်ပြန်မှုတွေ, ပျက်စီးမှုတွေ ရှိမှာမဟုတ်တော့ဘူး၊ မိမိ၏စီးပွားရေးကို ထိခိုက်မှုတွေ, ပစ္စည်းဆုတ်ယုတ်မှုတွေလဲ မဖြစ်နိုင်တော့ဘူး။

အဲ-ယခုဟောခဲ့တဲ့ ငါးပါးသီလ အားလုံး လူတိုင်း-လူတိုင်း မြဲနေကြပါလျှင် ဤ ပြည် ထောင် စု မြန် မာ နိုင် ငံ နှင့် တကွ နိုင်ငံတိုင်း-နိုင်ငံတိုင်းမှာ လူကောင်းသူကောင်းတွေ ပေါများ၍ သာယာဝပြောသော နိုင်ငံတွေချည်း ဖြစ်နိုင်ပါတယ်။ ငါးပါးသီလမြဲခဲ့လျှင် နိုင်ငံအဘွင်းမှာ ငွေရေးကြေးရေးနှင့် ပတ်သက်ပြီးတော့ ဖောက်ပြန်မှုတွေ, မိန်းမနှင့်ပတ်သက်ပြီးတော့ ဖောက်ပြန်မှုတွေ, အရက်နှင့်ပတ်သက်ပြီးတော့ ဖောက်ပြန်မှုတွေ, မတရား ဖိနှိပ်ချုပ်ချယ်ညှဉ်းပန်းမှုတွေ အဲဒါတွေအားလုံး ကင်းရှင်းသွားနိုင်ပါတယ်။ တေလေဂျပိုး, လူဆိုး, လူရှုပ်, လူပွေတွေလဲ ပပျောက်သွားနိုင်ပါတယ်။

အဲဒါကြောင့် တိုင်းသူပြည်သား လူအများတို့သည် (ဗုဒ္ဓဝါဒ) ဖြစ်တဲ့ ငါးပါးသီလတရားကို အခြေခံသက်ကိုင်ထားကြပြီးလျှင် လိုအပ်သော ခရီးသို့ အပြီးတိုင် ချီတက်နိုင်ကြပါစေဆိုတာကို ပတ္ထနာပြုရင်း နိဂုံးအုပ်လိုက်ပါတယ်။ ဟောဒီ ရှစ်လုံးဘွဲ့ကဗျာကို ထပ်၍ လိုက်ဆိုကြ။

သက်သတ်, ခိုးငြား-ကျင့်မှားရှောင်ပါ၊ မုသားတချက်-အရက်တဖြာ။
ဘိန်း, ဘင်းစသား သောက်စားရှောင်ရာ၊ငါးသီလ-မြဲထလေတော့တာ။

ပါဏာတိပါတာ ပဋိဝိရတော ဟောတိ၊ အဒိန္နာဒါနာ ပဋိဝိရတော ဟောတိ၊ ကာမေသုမိစ္ဆာစာရာ ပဋိဝိရတော ဟောတိ၊ မုသာဝါဒါ ပဋိဝိရတော ဟောတိ၊ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ပဋိဝိရတော ဟောတိ၊ ဣမေဟိ ခေါ ဘိက္ခဝေ ပဉ္စဟိ ဓမ္မေဟိ သမန္နာဂတော ဥပါသကော ယထာဘတံ နိက္ခိတ္တော၊ ဧဝံ သဂ္ဂေ။

(ပဉ္စကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်)

ပါဏာတိပါတာပဋိဝိရတော၊သူ့အသက်ကိုသတ်ဖြတ်ခြင်းမှရှောင်ကြဉ်သည်။ ဟောတိ၊ ဖြစ်၏။ အဒိန္နာဒါနာ ပဋိဝိရတော၊ သူ့ဥစ္စာကိုခိုးယူတိုက်ခိုက်ခြင်းမှ ရှောင်ကြဉ်သည်။ ဟောတိ၊ ဖြစ်၏။ ကာမေသုမိစ္ဆာစာရာ ပဋိဝိရတော၊ သူ့သားမယားတို့၌ ဖောက်ပြန်မှားယွင်း လွန်ကျူးခြင်းမှ ရှောင်ကြဉ်သည်။ ဟောတိ၊ ဖြစ်၏။ မုသာဝါဒါ ပဋိဝိရတော၊မဟုတ်မမှန် လိမ်ညာ ပြောဆိုခြင်းမှရှောင်ကြဉ်သည်။ဟောတိ၊ဖြစ်၏။သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ပဋိဝိရတော၊ ယစ်မူး မေ့လျော့ကြောင်းဖြစ်သော သေရည်အရက်, ဘိန်း, ဘင်း, ကဇော်, လော်စာများကိုသောက်စားခြင်းမှ ရှောင်ကြဉ်သည်။ဟောတိ၊ဖြစ်၏။ဘိက္ခဝေ၊ ငါ၏ချစ်သား ရဟန်းများတို့။(ဝါ)တရားနာပရိသတ်အပေါင်းသူတော်ကောင်းတို့။ ဣမေဟိ-ပဉ္စဟိ-ဓမ္မေဟိ၊ ဤ ငါးပါးသီလ တရားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ (ဝါ) ရှိသော။ ဥပါသကော၊ ဒါယကာသည်။ (ဝါ) အမျိုးကောင်းသား-အမျိုးကောင်းသမီးသည်။အာဘတံ၊ဆောင်ယူလာသောဝန်ကို။ နိက္ခိတ္တောယထာ၊တင်ထားလိုက်ဘိသကဲ့သို့။ဧဝံတထာ၊ထိုအတူ။(ဖရံ-သေသည်မှ နောက်ကာလ၌)။ သဂ္ဂေ၊ နတ်ပြည်၌။ ဥပပဇ္ဇတိ၊ ဖြစ်ရ၏။ (ဝါ) ဖြစ်ရလေတော့သတည်း။ (သာဓု)

ဟောဒီ ငါးပါးသီလအကျိုးပြ ကဗျာများကို လိုက်ဆိုကြ။

## ငါးပါးသီလ အကျိုးပြ ကဗျာများ

၁။ သူ့သက်သတ်ခြင်း - ရှောင်ကွင်းသူမှာ၊
ဘဝဆက်ဆက် - အသက်ရှည်ကာ။
ရောဂါကင်းဆုတ် - ဆင်းရုပ်ဝင်းဝါ၊
ဘေးမခ - အေးမြလွန်ချမ်းသာ။

၂။ သူ့ဥစ္စာမျိုး - မခိုးသူမှာ၊
ချမ်းသာစီးပွား - ကျော်ကြားဂုဏ်ဝါ။
မင်းအိမ်မရောက် - ပြိုးပြောက်တေဇာ၊
ဂုဏ်တင့်လှိုင်း - လူတိုင်းချစ်ကြည်စွာ။

၃။ ဘုရားသား,မယား - ရှောင်ရှားသူမှာ၊
သူတော်-သူမြတ် - ဖြစ်လတ်ခါခါ။
လူမြင်တိုင်းချစ် - ဂုဏ်သစ်ရှိန်ဝါ၊
ပါယ်ငရဲ - သူလဲမခံရာ။
၄။ မမှန်စကား - ရှောင်ရှားသူမှာ၊
အာခံတွင်းက - နံ့သင်းကြိုင်စွာ။
ထက်မြက်စူးရှ - ထူးလှသြဇာ။
လူတလွှား - ကျော်ကြား လွန်မင်းစွာ။
၅။ သေရည်သောက်စား - ရှောင်ရှားသူမှာ
ရောဂါဘယ - ကင်းထမှန်စွာ။
လူမိုက်လူရူး - ဖြစ်ဘူးဘယ်ခါ၊
လွန်ကြီးပွား - စီးပွားဖြစ်မည်သာ။
(ခေတ်မှီ လူကျင့်ဝတ်ကျမ်း)
ငါးပါးသီလတရား ပြီး၏။

---

နံပါတ်-၄။ ဆုတောင်းကလဲ အရေးကြီးတာပဲတဲ့။ သာသနာတော် တည်ရှိမှသာ နိုင်ငံသူ-နိုင်ငံသားတွေ ကုသိုလ်များများရနိုင်တယ်။ လောကီ-လောကုတ္တရာအကျိုးများ တိုးပွားနိုင်တယ်။ အဲဒီ သာသနာတော်ကို အဘယ် ပုဂ္ဂိုလ်များက အဓိကအားဖြင့် စောင့်ရှောက်ရမှာလဲဆိုလျှင် ရဟန်းတော်များ က အဓိကအားဖြင့် စောင့်ရှောက်ရမှာဖြစ်တယ်။ အဲဒါကြောင့်....

"ရဟန်း, သံဃာတော် အရှင်မြတ်တို့သည် သာသနာတော်ကို စောင့် ရှောက်တော်မူနိုင်ကြပါစေ"လို့ ဆုတောင်းရမယ်။

အဲဒီနေရာ သာသနာတော်ကို စောင့်ရှောက်တယ်၊ သာသနာပြုတယ် ဆိုတာက ပရိယတ္တိကိစ္စ, ပဋိပတ္တိကိစ္စတို့၌ အချိန်ကုန်တာကိုသာ သာသနာကို စောင့်ရှောက်တယ်၊သာသနာပြုတယ်လို့ဆိုတယ်။(တနည်း)ဂန္ထဓုရ,ဝိပဿနာဓုရ တို့၌အချိန်ကုန်တာကိုသာ သာသနာကိုစောင့်ရှောက်တယ်၊သာသနာပြုတယ်လို့ ဆိုပါတယ်။ အဲဒါကြောင့် သာသနာတော်ကိုစောင့်ရှောက်တော်မူကြတဲ့ရဟန်း တော်များကလဲ သာသနကိစ္စစစ်စစ်ကိုသာ ပဓာနထား၍ ပြုလုပ်တော်မူကြပါ ရန် အထူးအားဖြင့် လျှောက်ထားပါတယ်။

နံပါတ်-၅။ ဆုတောင်းကတော့... "သိဝံ ပတ္တေသ ဘိက္ခဝေ၊ သိဝံ ပတ္တုကာန ဒါနံ ဒါတဗ္ဗံ၊ သီလံ ရက္ခိတဗ္ဗံ"လို့ ဟောတော်မူထားတဲ့ ဒေသနာ တော်မြတ်နှင့်အညီ ယခု ဆောက်တည်လိုက်တဲ့ သီလကုသိုလ်ကို ဝိဝဋ္ဋနိဿိတ ကုသိုလ်ဖြစ်စေရန် ရည်သန်၍ ဆုတောင်းလိုက်ဘာပါပဲတဲ့။

အဲဒါကြောင့် ဆိုအပ်ခဲ့ပြီးသောဆုတောင်းငါးမျိုးကိုလဲ ကုသိုလ်ပြုတိုင်း ကုသိုလ်ပြုတိုင်း ဆုတောင်းကြပါဆိုတာ အထူးတိုက်တွန်းလျက် ငါးပါးသီလ ပေးခန်းကို နိဂုံးအုပ်လိုက်ပါတယ်။

ဘောန္တေော သပ္ပုရိသာ၊ သုံးဖြာသရဏဂုံ ငါးစုံသီလကို ခံယူကြညောင်း အို-သူတော်ကောင်းအပေါင်းတို့။ တုမှေ၊ သင်တို့သည်။ တိသရဏေန၊ သရဏဂုံ သုံးပါးနှင့်။ သဟ၊ တကွ။ ပဉ္စသီလံ၊ ငါးပါးသီလကို။ သာခုကံကတွာ၊ မကျိုး မပေါက် မပြောက်မကျားအောင် ကောင်းစွာ စောင့်ထိန်းခြင်းကိုပြု၍။ အပ္ပမာဒေန၊ မမေ့မလျော့သော သတိတရားနှင့်။ သမ္ပာဒေထ၊ ပြည့်စုံစေကြကုန်လော့။ ပရိသတ်က "အာမဘန္တေပါဘုရား" ဟု ဆို။

ဤတွင်ရှေ ငါးပါးသီလပေးခန်း ပြီး၏။

---

## သာသနာတော်၌ အရေးကြီးသော ဒါနခြောက်မျိုးကို ဟောခန်း

### အာသီသ ဂါထာ

●

သာသနဿစ လောကဿ၊ ဝုဍ္ဍိ ဘဝတု သဗ္ဗဒါ။
သာသနမ္ပိစ လောကဉ္စ၊ ဒေဝေါ ရက္ခန္တု သဗ္ဗဒါ။
(ပရိတ်ကြီး နိဒါန်း)

သာသနဿစ၊ဗုဒ္ဓမြတ်စွာသာသနာတော်မြတ်ကြီး၏၎င်း။လောကဿစ၊ ကမ္ဘာသူ-ကမ္ဘာသား, နိုင်ငံသူ-နိုင်ငံသား လူများအပေါင်း၏၎င်း။သဗ္ဗဒါ၊အခါ ခပ်သိမ်း။ ဝုဍ္ဍိ၊ တိုးတက်ကြီးပွားခြင်းသည်။ ဘဝတု၊ စင်စစ်မသွေ ဖြစ်ပါစေ သတည်း။ (သာဓု)

သာသနမ္ပိစ၊ သာသနာတော်မြတ်ကြီးကို၎င်း။ လောကဉ္စ၊ ကမ္ဘာသူ-ကမ္ဘာသား, နိုင်ငံသူ-နိုင်ငံသား လူများအပေါင်းကို၎င်း။ ဒေဝေါ၊နတ်ကောင်း, နတ်မြတ်တို့သည်။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ ရက္ခန္တု၊ ရင်သားပမာ ကောင်းစွာ မသွေ စောင့်ရှောက်ကြပါစေသတည်း။ (သာဓု)

အဲ - သာသနာနှင့် ဒါယကာ-ဒါယကာနှင့် သာသနာ အတူတူယှဉ်တွဲပြီး သာသနာပြုပွဲကြီးကို နွှဲကြပါမှသာလျှင် သာသနာတော်ကြီးစည်ပင်ပြန့်ပွား နိုင်တယ်၊ သာသနာတော်ကြီး စည်ပင်ပြန့်ပွားမှသာလျှင်လဲ တိုင်းသူပြည်သား လူ ‌ မျြား ချမ်းသာသုခ ပွားနိုင်တယ်။ အဲဒါကြောင့် သာသနာနှင့် ဒါယကာ အတူတူယှဉ်တွဲနိုင်အောင်ဟာ "သာသနဿစ လောကဿ၊ဝုဍ္ဍိ ဘဝတု သဗ္ဗဒါ" အစရှိသော ဂါထာကို ရွတ်ဆိုကာ ပတ္ထနာပြုလိုက်ရပါတယ်။

ဟောဒီ အလှူဒါန ခြောက်မျိုးပြ ကဗျာကို လိုက်ဆိုကြ၊

ဆွမ်း,သင်္ကန်းကျောင်း - ယာဉ်ကောင်း ယာဉ်မွန်၊
တန်ဆောင်ဆီမီး - ထိန်ညီးအလွန်။
ဓမ္မဒါန - ဟောပြလမ်းညွှန်၊
လှူ ခြောက်မျိုး - အကျိုး ချွန်ထက်ချွန်။

အဲ-သာသနာတော်၌ အရေးကြီးသော အလှူဒါန ခြောက်မျိုးကတော့-

၁။ ဆွမ်း, ခဲဖွယ်, ဘောဇဉ်တို့ကို လှူဒါန်းတဲ့ ဒါန၊
၂။ အဝတ်သင်္ကန်းကို လှူဒါန်းတဲ့ ဒါန၊
၃။ ကျောင်းအဆောက်အဦများကို လှူဒါန်းတဲ့ ဒါန၊
၄။ ဖိနပ်, ထီးစသော ယာဉ်အသီးသီးကို လှူဒါန်းတဲ့ ဒါန၊
၅။ ဆီမီး,ဓာတ်မီးများကို လှူဒါန်းတဲ့ ဒါန၊
၆။ တရားဟောခြင်း,တရားနာခြင်း,ပိဋကတ်သင်ခြင်း,စာအုပ်-စာပေ လှူဒါန်းခြင်း တည်းဟူသော ဓမ္မဒါန။

အဲဒီခြောက်မျိုးပါပဲတဲ့။ ဒီ အလှူဒါန ခြောက်မျိုးဟာ သာသနာတော်မှာ လွန်စွာအရေးကြီးတဲ့ အလှူဒါနများဖြစ်တယ်၊ယခုအလှူရှင် ဒကာ,ဒကာမတို့၏အလှူဒါနလဲ ဒီအလှူဒါန ခြောက်မျိုးထဲမှာ အန္တောဂဓ ဝင်သွားပါတယ်။ အဲဒီ အလှူဒါန ခြောက်မျိုးတွင် နံပါတ် ၁-အရဖြစ်တဲ့ ဆွမ်း, ခဲဖွယ်, ဘောဇဉ်များကို လှူဒါန်းတဲ့သူတို့မှာ ခွန်အားဗလကို လှူဒါန်းသည်မည်တယ်တဲ့။

ဒါကြောင့် မြတ်စွာဘုရားက.... ''အန္နဒေါ ဗလဒေါ ဟောတိ'' လို့ ဟောတော်မူထားတယ်။

အန္နဒေါ၊ ဆွမ်း, ခဲဖွယ်, ဘောဇဉ်စသော အာဟာရကို လှူဒါန်းသောသူသည်။ ဗလဒေါ၊ ခွန်အားဗလကို လှူဒါန်းသည် မည်သည်။ ဟောတိ၊ ဖြစ်၏။ ဟောတိ၊ စင်စစ်မသွေ ဖြစ်ရလေတော့သတည်း။ (သာဓု)

နံပါတ် ၂-အရဖြစ်တဲ့ အဝတ်သင်္ကန်းကို လှူဒါန်း တဲ့ သူတို့မှာ တော့ အဆင်းကိုလှူဒါန်းသည်မည်တယ်တဲ့။ဒါကြောင့်''ဝတ္ထဒေါ ဟောတိ ဝဏ္ဏဒေါ'' လို့ ဟောတော်မူထားတယ်။

နံပါတ် ၃-အရဖြစ်တဲ့ ကျောင်းအဆောက်အဦများကို လှူဒါန်းတဲ့သူတို့မှာတော့ အလုံးစုံကို ပေးလှူသည်မည်တယ်တဲ့။ထို့ကြောင့်''သောဝ သဗ္ဗဒဒေါ ဟောတိ၊ ယော ဒဒါတိ ဥပဿယံ''လို့ ဟောတော်မူထားတယ်။

နံပါတ် ၄-အရဖြစ်တဲ့ ယာဉ်အမျိုးမျိုးတို့ကို လှူဒါန်းတဲ့သူတို့မှာတော့ ချမ်းသာခြင်းကို လှူဒါန်းသည်မည်တယ်တဲ့။ ထို့ကြောင့် ''ယာနဒေါ သုခဒေါ ဟောတိ''လို့ ဟောတော်မူထားတယ်။

နံပါတ်-၅ အရဖြစ်တဲ့ ဆီမီး-ခါတ်မီးများကို လှူဒါန်းတဲ့သူတို့မှာတော့ မျက်စိကို ပေးလှူသည်မည်တယ်တဲ့။ထိုကြောင့်''ဒီပဒေါ ဟောတိ စက္ခုဒေါ''လို့ ဟောတော်မူထားတယ်။

နံပါတ်-၆ အရဖြစ်တဲ့ ဓမ္မဒါနကို လှူဒါန်းတဲ့သူတို့မှာကား နိဗ္ဗာန်ကြီးကို လှူဒါန်းသည် မည်တယ်တဲ့။ ထိုကြောင့်-''အမတံ ဒဒေါ စ သော ဟောတိ၊ ယော ဓမ္မ မနုသာသတိ''လို့ ဟောတော်မူထားတယ်။ အဲဒါကြောင့်-

ခွန်အားဗလကိုလှူတဲ့ ဒါနဖြစ်လိုလျှင် ဆွမ်း, ခဲဖွယ် ဘောဇဉ် များ ကို လှူဒါန်းကြရမယ်။ အဆင်းကို လှူတဲ့ဒါနဖြစ်လိုလျှင် အဝတ်သင်္ကန်းကို လှူဒါန်းကြရမယ်။ အလုံးစုံကို ပေးလှူတဲ့ဒါနဖြစ်လိုလျှင် ကျောင်းအဆောက်အဦများကို လှူဒါန်းကြရမယ်။ ချမ်းသာခြင်းကို ပေးလှူတဲ့ဒါနဖြစ်လိုလျှင် ယာဉ်အမျိုးမျိုးကို လှူဒါန်းကြရမယ်။ (ဟောဒီနေရာမှာ ရထားခ, မော်တော်ကားခ, လှည်းခ စသည်တို့ကို လှူဒါန်းလျှင်လဲ ယာဉ် ဒါန ပါပဲတဲ့။) မျက်စိကို ပေးလှူတဲ့ ဒါန ဖြစ်လိုလျှင် ဆီမီး-ခါတ်မီး စသော အလင်းရောင်ကို လှူဒါန်းရမယ်။နိဗ္ဗာန်ကြီးကို ပေးလှူတဲ့ ဒါန ဖြစ်လိုလျှင်တော့ ဓမ္မဒါနကို လှူဒါန်းရမယ်တဲ့။

ယခု ဘုန်းကြီးတို့ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ညဥ့်သန်းခေါင်ယာမ်၌ နတ်သားတယောက် လာရောက်၍ လျှောက်ကြားမေးမြန်းခြင်းကို အကြောင်း ရင်းပြု၍ အဖြေစကား ဟောကြားတော်မူသည်မှာ....

အို နတ်သား....

၁။ ဆွမ်း, ဘောဇဉ်ကို ပေးလှူလျှင် ခွန်အားဗလကို ပေးလှူတဲ့ ဒါန ဖြစ်တယ်။

၂။ အဝတ်-သင်္ကန်းကို ပေးလှူလျှင် အဆင်းမျိုးစုံကို ပေးလှူတဲ့ ဒါန ဖြစ်တယ်။

၃။ ယာဉ်အမျိုးမျိုးကို ပေးလှူလျှင် ချမ်းသာခြင်းကို ပေးလှူတဲ့ ဒါန ဖြစ်တယ်။

၄။ ဆီမီး-ခါတ်မီးကို ပေးလှူ ပူဇော်လျှင်) မျက်စိကိုပေးလှူတဲ့ ဒါန ဖြစ်တယ်။

၅။ ကျောင်းအဆောက်အဦများကို လှူဒါန်းလျှင် အလုံးစုံကိုပေးလှူတဲ့ ဒါနဖြစ်တယ်။

၆။ တရားဟောခြင်း, တရားနာခြင်း,ပိဋကတ်သင်ခြင်းများနှင့် စာအုပ် စာပေ တို့ကို လှူဒါန်းလျှင် နိဗ္ဗာန်ကြီးကို ပေးလှူတဲ့ဒါနဖြစ်တယ်....

လို့ နတ်သားအား ဟောကြားတော် မူခဲ့ပါတယ်။ ထို့ကြောင့် မြတ်စွာ ဘုရားက...

အန္နဒေါ ဗလဒေါ ဟောတိ၊ ဝတ္ထဒေါ ဟောတိ ဝဏ္ဏဒေါ။
ယာနဒေါ သုခဒေါ ဟောတိ၊ ဒီပဒေါ ဟောတိ စက္ခုဒေါ။
သော စ သဗ္ဗဒဒေါ ဟောတိ၊ ယော ဒဒါတိ ဥပဿယံ။
အမတံ ဒဒေါ စ သော ဟောတိ၊ ယော ဓမ္မမနုသာသတိ။
လို့ ဟောကြားတော်မူခဲ့တယ်။

(သံယုတ်ပါဠိတော်ကြီး၊ ၎င်းကို''ဗလဒါနသုတ်''ဟုလည်းခေါ်၏။)

ဒေဝပုတ္တ၊အိုနတ်သား။အန္နဒေါ၊ဆွမ်း,ဘောဇဉ်ကိုပေးလှူသည်ရှိသော်။ ဗလဒေါ၊ခွန်အားဗလကိုပေးလှူသည်။ဟောတိ၊ဖြစ်၏။ ဝတ္ထဒေါ၊အဝတ်သင်္ကန်းကို ပေးလှူသည်ရှိသော်။ဝဏ္ဏဒေါ၊အဆင်းမျိုးစုံကိုပေးလှူသည်။ ဟောတိ၊ဖြစ်၏။ ယာနဒေါ၊ ယာဉ်အမျိုးမျိုးကို ပေးလှူသည်ရှိသော်။ သုခဒေါ၊ ချမ်းသာခြင်းကို ပေးလှူသည်။ ဟောတိ၊ ဖြစ်၏။ ဒီပဒေါ၊ ဆီမီး,ဓာတ်မီးကို ပေးလှူသည်ရှိသော်။ စက္ခုဒေါ၊ မျက်စိကိုပေးလှူသည်။ ဟောတိ၊ ဖြစ်၏။ ယော၊ အကြင်သူသည်။ ဥပဿယံ ကျောင်းစသော အဆောက်အဦကို။ ဒဒါတိ၊ပေးလှူ၏။ သော စ၊ ထိုသူသည်ကား။သဗ္ဗဒဒေါ၊အလုံးစုံကိုပေးလှူသည်။ ဟောတိ၊ဖြစ်၏။ယော၊အကြင်သူသည်။ဓမ္မံ၊တရားကို။အနုသာသတိ၊ဟောပြော,ကြားနာ,သင်ကြား၏။ သော စ၊ ထိုသူသည်ကား။ အမတံဒဒေါ၊ နိဗ္ဗာန်ကြီးကို ပေးလှူသည်။ ဟောတိ၊ ဖြစ်၏။ ဟောတိ၊ စင်စစ်မသွေ ဖြစ်ရလေတော့သတည်း။ (သာဓု)

အဲ-သာသနာတော်မှာ အရေးကြီးတဲ့ ဒါန ၆-မျိုးကို ဟောပြောလိုက်တာ အတော်ကြသွားပြီ၊ ပရိသတ်များလဲ သိနိုင်လောက်ပြီ။ အဲဒါကြောင့် ထိုကဲ့သို့ သာသနာတော်မှာ အရေးကြီးတဲ့ သာသနာပြု, သာသနာနုဂ္ဂဟ ဒါန ၆-မျိုးကို ကြိုးစားပြုလုပ်ကြပါ။ သာသနာ တော်ကို ချီးမြှောက် ကြ ပါ လို့ တိုက်တွန်းရင်း နိဂုံးအုပ်ကာ သစ္စာ ၄-ပါးတရားဖြင့် အဆုံးသတ်ပါတော့မယ်။ (အာသီသဂါထာကို ပြန်ကောက်ပါ။)

## သစ္စာလေးပါး အဆုံးသတ်

ယခု ဟောကြားခဲ့တဲ့ တရားတော်များကို နာကြားကြရတဲ့ မေ့ဿဝန ကုသိုလ်ဇော စေတနာကတချက်,ဒါနအမျိုးမျိုးကို ဆည်းပူးရတဲ့ ဒါနကုသိုလ် ဇော စေတနာကတချက်,သရဏဂုံ ၃-ပါးနှင့်တကွ ငါးပါးသီလကိုဆောက်တည် ရသော သီလကုသိုလ်ဇော စေတနာကတချက်။

အဲဒီ ကုသိုလ်ဇောတို့၌ ယှဉ်ဖော်ယှဉ်ဘက် စေတသိက်က ၃၈-ရှိတယ်။ ဒီ စိတ်စေတသိက်စု တို့တွင် ဝေဒနာ စေတသိက်က ဝေဒနာက္ခန္ဓာနာမ်တရား၊ သညာစေတသိက်ကသညာက္ခန္ဓာနာမ်တရား၊ဝေဒနာသညာမှကြွင်းတဲ့စေတသိက် စုက သင်္ခါရက္ခန္ဓာနာမ်တရား၊ ကုသိုလ်ဇောစိတ်က ဝိညာဏက္ခန္ဓာ-နာမ်တရား၊

ထိုကုသိုလ်စေတသိက်ပါ တည်းဟူသော နာမ်တရားတို့၏ မှီရာက ရုပ်တရား၊ ထိုရုပ်နာမ် ၂-ပါးက ဒုက္ခသစ္စာဖြစ်တယ်၊ ဓမ္မသုဏန္တ ပုဂ္ဂိုလ်တို့၏ သန္တာန်၌ ငြိန်းလျက်နေသော လောဘစေတသိက်က သမုဒယသစ္စာဖြစ်တယ်၊ ထိုသမုဒယ သစ္စာကို ပယ်သတ်နိုင်သော မဂ်စိတ္တုပ္ပါဒ် ၄-ခု၌ရှိသော မဂ္ဂင်တရားကိုယ် ရှစ်ပါးက (တနည်း)လောကီ မဂ္ဂင်ရှစ်ပါးက မဂ္ဂသစ္စာဖြစ်တယ်၊ ထိုမဂ္ဂသစ္စာကို ပွားများသဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းက နိရောဓသစ္စာ ဖြစ်တယ်။

အဲဒီသစ္စာ ၄-ပါးတရားကို သိမြင်နိုင်အောင်ဟာ ဒါန-သီလ-ဘာဝနာ တည်းဟူသော ကုသိုလ်တရားများကို ကြိုးစားအားထုတ် ဆည်းပူးနိုင်ကြပြီးလျှင် မဂ္ဂသစ္စာဖြင့် သမုဒယကိုပယ်သတ်ပြီးသကာလ ဒုက္ခ၏ချုပ်ငြိမ်းရာ နိရောဓသစ္စာခေါ် နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုနိုင်ကြပါစေသတည်း။

ဤတွင် ရှောဒါန ၆-မျိုးကိုဟောခန်း ပြီး၏။

---

## ၄။ တရားတော်သုံးမျိုး

(၁၃၂၉-ခု၊တော်သလင်းလဆုတ် ၈-ရက် အင်္ဂါနေ့ သီတင်းနေ့ နံနက် ၉-နာရီအချိန်တွင် ရိပ်သာဓမ္မာရုံပေါ်၌ ဥပုသ်သည်များကိုသီလပေးပြီး နောက် ဆက်လက်၍ ဟောသော တရားတော်။)

## သာသနာသုံးရပ် တရားတော်

ဒကာကြီး မြ။
ဘုရား။
သာသနာဆိုတဲ့အသုံးနှုန်းဟာ ပါဠိဘာသာ။
မှန်ပါ့ဘုရား။
မြန်မာလိုကတော့ ဆုံးမတာတဲ့။
မှန်ပါ့ဘုရား။
ဘယ်ပုဂ္ဂိုလ်ဆုံးမတာလဲဆိုရင် ဘုရားဆုံးမတာတဲ့။
မှန်ပါ့ဘုရား။
အဲဒီ ဘုရားဆုံးမတဲ့ သာသနာက သုံးရပ်ရှိတယ်။
မှန်ပါ့ဘုရား။
ဘာတွေလဲဆိုရင် (၁) ပရိယတ်တဲ့၊ (၂) ပဋိပတ်တဲ့၊ (၃) ပဋိဝေဓတဲ့။
မှန်ပါ့ဘုရား။
အဲဒါကို သာသနာသုံးရပ်၊ ဘုရားဆုံးမတာ သုံးမျိုးလို့ ခေါ်တယ်၊
မှန်ပါ့ဘုရား။

အဲဒီ သုံးမျိုးကို ခွဲပြီးဟောမယ်။

မှန်ပါ့ဘုရား။

ကျမ်းဂန် အတိုင်းကတော့ အဋ္ဌကထာနှင့် တကွ ဖြစ်တဲ့ ပိဋကတ် သုံးပုံ ဘုရားစကားတော်များကို ပရိယတ်လို့ ခေါ်တယ်၊ အကျင့်ကို ပဋိပတ်လို့ ခေါ်တယ်၊ သစ္စာသိဟာကိုတော့ ပဋိဝေဓတဲ့။

မှန်ပါ့ဘုရား။

အဲဒီနေရာမှာ ပရိယတ်နှင့် ပဋိပတ်ကို အကြောင်းတရား၊ ပဋိဝေဓကို အကျိုးတရားလို့ မှတ်ထားရမယ်။

မှန်ပါ့ဘုရား။

ဒကာကြီး မြ။

ဘုရား။

ပရိယတ်နှင့် ပဋိပတ်က ဘာလဲ။

အကြောင်းတရားပါဘုရား။

ပဋိဝေဓက-

အကျိုးတရားပါဘုရား။

အဲဒါကို နားလည်အောင်ပြောရင် အကြောင်းတရားဆိုတာက အလုပ် လုပ်တာပဲ။

မှန်ပါ့ဘုရား။

အကျိုးတရားဆိုတာက အဲဒီအလုပ်အတိုင်း ရရှိတာတဲ့။

မှန်ပါ့ဘုရား။

ဒကာကြီး မြ။

ဘုရား။

ဥပမာ မြေပဲကိုစိုက်တော့ မြေပဲတွေ ရလာတာလိုပေါ့။

မှန်ပါ့ဘုရား။

ဒကာကြီး မြ။

ဘုရား။

မြေပဲကိုစိုက်တာဟာ ဘာလဲ။

အကြောင်းပါဘုရား။

နောင် မြေပဲတွေ ရလာတာက။

အကျိုးတရားပါဘုရား။

အေး....အလုပ် လုပ်တာက အကြောင်း၊ အလုပ် အတိုင်း ရလာတာက အကျိုးတဲ့။

မှန်ပါ့ဘုရား။

ဒကာကြီး-မြ။

ဘုရား။

အလုပ်လုပ်တာကို ဘာလို့ခေါ်သလဲ။

အကြောင်းတရားလို့ခေါ်ပါတယ်ဘုရား။

အဲဒီအကြောင်းတရားဟာ နှစ်မျိုးရှိတယ်၊

မှန်ပါ့ဘုရား။

ဆိုလိုရင်းကတော့ အလုပ်လုပ်တာဟာ နှစ်မျိုးရှိတယ်လို့ ဆိုလိုတယ်။

မှန်ပါ့ဘုရား။

ဘယ်လိုလဲ အလုပ်တခုကိုလုပ်မဲ့သူဟာ အဲဒီအလုပ်ကို လုပ်တတ်အောင် နားလည်အောင် ရှေးဦးစွာ သင်တန်းတက်ရတယ်မဟုတ်လား။

မှန်ပါ့ဘုရား။

အဲဒီ-သင်တန်းတက်တာက ဘာတုံး။

အလုပ်လုပ်တာပါဘုရား။

အဲဒါကို ယခုခေတ်သုံးအားဖြင့် ခံယူချက်လို့ခေါ်တယ်။

မှန်ပါ့ဘုရား။

ဘာကို ခံယူတာလဲဆိုရင် သဘောတရားပေးတာကို ခံယူတာ၊ပညာပေးတာကို ခံယူတာတဲ့။

မှန်ပါ့ဘုရား။

အမှန်ကတော့ ညွှန်ကြားတာကို ခံယူထားတာပဲ။

မှန်ပါ့ဘုရား။

အဲဒါကို သင်တန်းတက်တယ်လို့ ခေါ်တယ်၊ အဲဒါကိုပဲ သာသနာသုံးခွင်က ပရိယတ်ကို အားထုတ်တယ်လို့ ခေါ်တယ်။

မှန်ပါ့ဘုရား။

ပရိယတ်ကို အားထုတ်တယ် ဆိုတာနှင့် သင်တန်း တက်တယ် ဆိုတာ ဘာထူးသေးသလဲ။

မထူးပါဘုရား။

အဲဒီ အလုပ်ကို ခံယူချက်အလုပ်, သင်တန်း တက်တဲ့ အလုပ်, ပရိယတ်အားထုတ်တဲ့အလုပ်လို့ ခေါ်တယ်။

မှန်ပါ့ဘုရား။

ဒကာကြီး-မြ။

အဲဒီသင်တန်းတက်ထားတဲ့အတိုင်း လက်တွေ့မလုပ်ဘူးလား။

လုပ်ပါတယ်ဘုရား။

အဲဒီ လက်တွေ့လုပ်တာကကော ဘာတုံး။

အလုပ်လုပ်တာပါပဲဘုရား။

အေး-ဒါ့ကြောင့် အလုပ် နှစ်မျိုးရှိတယ်လို့ ဆိုတာ။ ဒီလက်တွေ့လုပ်တာကိုတော့ သာသနာသုံးခွင်က ပဋိပတ်လို့ ခေါ်တယ်။

မှန်ပါ့ဘုရား။

ခေတ်သုံးက သင်တန်းတက်တာ၊ သာသနာသုံးက ပရိယတ် အားထုတ်တာ၊ ပီးတော့ ခေတ်သုံးက လက်တွေ့လုပ်တာ၊ သာသနာသုံးက ပဋိပတ် အားထုတ်တာ၊ အဲသလို မှတ်ထား။

မှန်ပါ့ဘုရား။

ဒကာကြီး-မြ။

ဘုရား။

သင်တန်းတက်ပြီး လက်တွေ့အလုပ်လုပ်တော့ အဲဒီအလုပ်အတွက်အကျိုး မထွက်ဘူးလား။

ထွက်ပါတယ်ဘုရား။

အဲဒီ အကျိုးတရားကိုတော့ သာသနာသုံးက ပဋိဝေဓလို့ ခေါ်တယ်။

မှန်ပါ့ဘုရား။

ဒကာကြီး-မြ။

ဘုရား။

ဥပမာအားဖြင့်ပြရရင် လူတယောက်ဟာ စစ်သားလုပ်တယ်ဆိုကြပါစို့၊ အဲဒီစစ်သားဟာ စစ်သားတို့ရဲ့ အတတ်ကို တတ်မြောက်အောင် ရှေးဦးစွာ သင်တန်းမဆင်းရဘူးလား။

ဆင်းရပါတယ်ဘုရား။

အဲဒါ စစ်သားတို့ရဲ့ ပရိယတ်ပဲ။ အဲဒီ စစ်သားဟာ သင်တန်းပြီးတဲ့အခါ လက်တွေ့ စစ်မတိုက်ရဘူးလား။

တိုက်ရပါတယ်ဘုရား။

အဲဒီ လက်တွေ့ စစ်တိုက်ရတာကတော့ စစ်သားရဲ့ ပဋိပတ်ပဲ။

မှန်ပါ့ဘုရား။

အဲဒီစစ်သားဟာ စစ်တိုက်တော့ တိုက်ပွဲတွေကို မအောင်ဘူးလား။

အောင်ပါတယ်ဘုရား။

တိုက်ပွဲတွေများများအောင်တော့ ရာထူးတွေ တိုးမြင့်ပြီး ဘွဲ့ထူးတွေကို မရဘူးလား။

ရပါတယ်ဘုရား။

အဲဒါကတော့ စစ်သားရဲ့ ပဋိဒဝေမပဲတဲ့။
မှန်ပါ့ဘုရား။
အဲဒီဥပမာအတိုင်းပဲ ယောဂီတယောက် ဟာ ရှေးဦး စွာ ဆရာ့ထံမှာ တရားမယူဘူးလား။
ယူပါတယ်ဘုရား။
အဲဒါ ပရိယတ် ခေါ်တယ်။
မှန်ပါ့ဘုရား။
တချို့ကျတော့ တရားမနာဘူးလား။
နာပါတယ်ဘုရား။
တချို့ ဝိပဿနာသင်တန်းဆိုပြီး မတက်ဘူးလား။
တက်ပါတယ်ဘုရား။
အဲဒါတွေဟာ ပရိယတ်ချည်းပဲ။
မှန်ပါ့ဘုရား။
စစ်သားဟာ ရှေးဦးစွာ သင်တန်းဆင်းရသလိုပေါ့။ အဲဒီ-ယောဂီဟာ တရားအားထုတ်ပုံကိုနာယူပြီးလျှင်,တရားယူပြီးလျှင် လက်တွေ့တရားအားမထုတ်ဘူးလား။
အားထုတ်ပါတယ်ဘုရား။
အဲသလို လက်တွေ့ဖြစ်အောင် အားထုတ်တာက ပဋိပတ်တဲ့။စစ်သားဟာ လက်တွေ့ စစ်တိုက်သလို့ တိုက်ပွဲဝင်သလိုပေါ့။
မှန်ပါ့ဘုရား။
အဲဒီ-ယောဂီဟာ ကိုယ်တိုင်အား ထုတ် တော့ ဆရာ့ထံမှာ နာယူခဲ့တဲ့, သင်ဘန်းတက်ခဲ့တဲ့ သဘောတရားတွေ ရုပ်,နာမ်ဆိုတာတွေကို လက်တွေ့ မတွေ့ရဘူးလား။
တွေ့ရပါတယ်ဘုရား။
ပီးတော့ ဝိပဿနာဉာဏ် ရင့်လာတဲ့အခါ လက်တွေ့ တွေ့ရတဲ့ ရုပ်,နာမ် ဖြစ်-ပျက် ကုန်ဆုံးသွားတာကော ကိုယ်တွေ့မဖြစ်နိုင်ဘူးလား။
ဖြစ်နိုင်ပါတယ်ဘုရား။
အဲသလို သဘောတရားတွေကို ကိုယ်တွေ့သိမြင်ရတာက ပဋိဝေဓတဲ့။
မှန်ပါ့ဘုရား။
နောက်ဆုံး ဖြစ်-ပျက်ကုန်ဆုံးရာနိဗ္ဗာန်သို့ ကိုယ်တိုင် ဝင်ရောက်သွားတာကလဲ ပဋိဝေဓပဲတဲ့။
မှန်ပါ့ဘုရား။

စစ်သားဟာ စစ်တိုက်တော့ တိုက်ပွဲတွေကို အောင်သလို ရာထူးတွေ, ဘွဲ့ထူးတွေကို ရသလိုပေါ့။

မှန်ပါ့ဘုရား။

ဒကာကြီး-မြ။

ဘုရား။

လူတယောက်ဟာ ဆရာ့ထံမှာ ဝိပဿနာတရားကိုနာရင်၊ (သို့မဟုတ်) ဝိပဿနာသင်တန်းကိုတက်ရင် ရုပ်,နာမ်ကို မသိဘူးလား။

သိပါတယ်ဘုရား။

ရုပ်,နာမ် ဖြစ်-ပျက်ပုံကိုကော မသိဘူးလား၊ ရုပ်,နာမ် ဖြစ်-ပျက် ချုပ်ငြိမ်းပုံကိုကော မသိပါလား။

သိပါတယ်ဘုရား။

ရှင်းရှင်းလင်းလင်းရေးထားတဲ့ ဝိပဿနာစာအုပ်ကို ဖတ်ရင်ကော ရုပ်, နာမ်တွေကို မသိဘူးလား။

သိပါတယ်ဘုရား။

ဒကာကြီး-မြ။

ဘုရား။

ဝိပဿနာတရားကိုနာလို့ ရုပ်,နာမ်တွေကို သိတာက နာသိတဲ့ ကိုယ်တိုင်လက်တွေ့ အလုပ်သိမဟုတ်ဘူး။ အဲသလို သိတာကို ပရိယတ်လို့ခေါ်တယ်။

မှန်ပါ့ဘုရား။

ဝိပဿနာသင်တန်းတက်လို့ ရုပ်,နာမ်တွေကို သိတာကတော့ သင်သိတဲ့-ဒကာကြီးရဲ့။ အဲသလို သင်သိမျိုးကတော့ အဘိဓမ္မာကို ပိုင်ပိုင်နိုင်နိုင် သင်ထားတဲ့ပုဂ္ဂိုလ်တွေမှာ ဝိပဿနာသင်တန်းတက်သထက်ပင် ရုပ်,နာမ်တွေကို အသေးစိတ်ပြီး သိပါသေးတယ်။ ဒါပေမဲ့ သင်သိဖြစ်လို့ အဲဒီအဘိဓမ္မာတတ် ပုဂ္ဂိုလ်တွေဟာ ဘယ်သူမှ သောတာပန်မဖြစ်ပါဘူး။

မှန်ပါ့ဘုရား။

အဲသလို သင်သိတွေကို ပရိယတ်လို့ခေါ်တယ်။

မှန်ပါ့ဘုရား။

ဝိပဿနာစာအုပ်ကိုဖတ်လို့ ရုပ်,နာမ်တွေကို သိတာကတော့ စာသိတဲ့၊ ကိုယ်သိမဟုတ်ဘူး။ အဲဒီ စာသိကိုလဲ ပရိယတ်ခေါ်တယ်။

မှန်ပါ့ဘုရား။

အဲသလို တရားနာလို့ သင်တန်းတက်လို့ စာအုပ်ဖတ်လို့သိတဲ့ နာသိ-သင်သိ-စာသိတွေကို ကိုယ်သိဖြစ်အောင် ကိုယ်တိုင် တရားအားထုတ်တာက ငွေပတ်တဲ့။ ကိုယ်တိုင်တရားအားထုတ်လို့ ကိုယ်တွေ့-လက်တွေ့သိတာကို ပဋိပတ်အသိ၊ ဘာဝနာအသိ၊ ဘာဝနာမယဉာဏ်သိလို့ ခေါ်တယ်။

မှန်ပါ့ဘုရား။

အဲသလို ကိုယ်တိုင် အားထုတ်လို့ ကိုယ်တွေ့ လက်တွေ့ အသိဖြစ်အောင်၊ ဘာဝနာမယဉာဏ်သိဖြစ်အောင် ဘုရားကိုယ်တော်မြတ်ကြီးကလဲ ကိုယ်တိုင်ကြိုးစားအားထုတ်ရမယ်လို့ ဟောထားပါတယ်။ ဒါ့ကြောင့်''သဂါထာဝဂ္ဂ သံယုတ်ပါဠိတော်''ကြီးမှာ....

အာရမ္ဘထ နိက္ကမထ၊ ယုဉ္ဇထ ဗုဒ္ဓသာသနေ။
ဓုနာထ မစ္စုနော သေနံ၊ နဠာဂါရံဝ ကုဉ္ဇရော။
ယော ဣမသ္မိံ ဓမ္မဝိနယေ၊ အပ္ပမတ္တော ဝိဟဿတိ။
ပဟာယ ဇာတိသံသာရံ၊ ဒုက္ခဿန္တံ ကရိဿတိ။

လို့ ဟောတော်မူထားတယ်။

မှန်ပါ့ဘုရား။

ဘုရားက အားထုတ်ရမယ်လို့ ဟောထားတာမှာ သာမန်မျှတောင်မဟုတ်ဘူး၊ အာရမ္ဘထ၊ ဝိပဿနာတရားကို ကြိုးကြိုးစားစား အားထုတ်ကြတဲ့၊ ပြီးတော့-နိက္ကမထ၊ ပျင်းရိခြင်းမှ လွတ်မြောက်အောင် အားထုတ်ကြတဲ့။ ဒါတွင်မကသေးဘူး၊ ယုဉ္ဇထ၊ဝိပဿနာတရားကို အရိုးကြေကြေ အရေစုတ်စုတ်အဟုတ်ကို အားထုတ်ကြတဲ့။

မှန်ပါ့ဘုရား။

ပြီးတော့ ဒီဝိပဿနာကိုအားထုတ်ရမှာကိုပင် မစ္စုနော သေနံ ဓုနာထ၊ သေခြင်းရဲ့ ကိလေသာစစ်သည်တွေကို နိုင်အောင် တိုက်ဖျက်လိုက်ကြတဲ့။ အဲဒါတွေဟာ ဝိပဿနာတရားကို ကိုယ်တိုင်အားထုတ်ရမှာကို ဟောထားတာတွေချည်းပဲ။

မှန်ပါ့ဘုရား။

ပြီးတော့-ဆက်လက်ပြီး''အပ္ပမတ္တော ဝိဟဿတိ၊ ဒုက္ခဿန္တံ ကရိဿတိ'' အဲသလို ဝိပဿနာတရားကို မမေ့မလျော့ အားထုတ်နေလို့ရှိရင် ဒုက္ခကုန်ဆုံးရာနိဗ္ဗာန်ကို မျက်မှောက်ပြုရလိမ့်မယ်လို့ ဟောထားတယ်။ အဲဒါကြောင့် ဝိပဿနာတရားကို ကြိုးစားအားထုတ်ရတယ်လို့ မှတ်သားပါ။

မှန်ပါ့ဘုရား။

စာသိ ပရိယတ်မျှနှင့် လမ်းမဆုံးနိုင်ဘူး၊ ကိုယ်တွေ့ပဋိပတ်ဖြစ်မှလမ်းဆုံးနိုင်တယ်၊ တရားနာလို့၊ သင်တန်းတက်လို့၊ စာအုပ်ကြည့်လို့ ရုပ်,နာမ်ကို ပိုင်ပိုင်နိုင်နိုင်သိရင် ဒိဋ္ဌိကာရုံမျှတော့ ကွာ ၂ လိမ့်မယ်။ဒါပေမဲ့ ဒိဋ္ဌိကိုသေအောင်မသတ်နိုင်ဘူး။ ဒိဋ္ဌိသေတယ်ဆိုတာက ဝိပဿနာကို ကိုယ်တိုင်အားထုတ်လို့ ဝိပဿနာဉာဏ်ရင့်ပြီး ဖြစ်ပျက်ကုန်ဆုံး ချုပ်ငြိမ်းရာနိဗ္ဗာန်အာရုံထဲသို့ရောက်သွားတာနှင့် တပြိုင်နက် လောကုတ္တရာမဂ်က ဒိဋ္ဌိကို သေအောင် သတ်ပစ်လိုက်တယ်။ဒီတော့မှ ဒိဋ္ဌိသေတာတဲ့။

မှန်ပါ့ဘုရား။

အဲသလို ဒိဋ္ဌိသေဖို့ရာ ဖြစ်ပျက်ကုန်ဆုံးရာ နိဗ္ဗာန်အာရုံထဲသို့ ရောက်ဖို့ရာကတော့ ကိုယ်တိုင်အားမထုတ်ပဲ စာသိနှင့် နေရင်းထိုင်ရင်း ပြီးတယ်လို့ပြောနေရုံကတော့ မဖြစ်ပါဘူး။

မှန်ပါ့ဘုရား။

ကိုယ်တိုင်အားထုတ်တာတောင်မှ နေရာဌာန အဆင်မပြေရင် ဆိတ်ငြိမ်မှုမရလျှင် အဲသလို နိဗ္ဗာန်အာရုံထဲရောက်ဖို့ကတော့ ခဲယဉ်းပါတယ်။ ရုပ်ပဲ-နာမ်ပဲ သာမန်မျှသိရုံကတော့ နေရာတိုင်းပဲ ဖြစ်ပါလိမ့်မယ်။ ဒါလဲ ရုပ်အပေါ်, နာမ်အပေါ် အလိုရောက်တာ နည်းမှာပါပဲ။ ဒါ့ကြောင့် ကိုယ်တိုင်အားထုတ်တဲ့အခါမှာလဲ နေရာကိုရွေးချယ်ပြီး အားထုတ်ရပါတယ်။ဆိတ်ငြိမ်ရာတို့ ကမ္မဋ္ဌာန်းရိပ်သာတို့သို့ သွားရောက်ပြီး အားထုတ်ရပါတယ်။ အဲသလို ကမ္မဋ္ဌာန်းဌာနသို့ သွားရောက်အားထုတ်မှလဲ ဆရာရဲ့ပြုပြင်ပေးချက်ကို ရနိုင်တယ်။

မှန်ပါ့ဘုရား။

ဘုရား ကိုယ်တော်မြတ်ကြီးကလဲ ကမ္မဋ္ဌာန်းအားထုတ်ဖို့ သင့်လျော်တဲ့ ဆိတ်ငြိမ်ရာအရပ်ကို ညွှန်ပြထားပါတယ်။ ဒါ့ကြောင့်....

သော ဝိဝိတ္တံ သေနာသနံ ဘဇတိ၊
အရညံ ရုက္ခမူလံ ပဗ္ဗတံ ကန္ဒရံ ဂိရိဂုဟံ။

ဆိတ်ငြိမ်တဲ့ ကျောင်း, တော, သစ်ပင်ရင်း, တောင်, ချောက်, တောင်ကမ်းပါးပြတ်, လိုဏ်ဂူ စသည်တို့ကို ညွှန်ကြားထားတယ်။

မှန်ပါ့ဘုရား။

အဲဒီစကားရပ်များကိုထောက်ထားလျှင် ဝိပဿနာတရားကိုနာလို့သိလျှင်ပြီးတာပဲ၊ ဝိပဿနာသင်တန်း ပေါက်သွားလို့၊ ဝိပဿနာသင်တန်း တက်ပြီးလို့ သိလျှင် ပြီးတာပဲ၊ တရားကို အားထုတ်နေဖို့ မလိုပါဘူး။ ကမ္မဋ္ဌာန်းရိပ်သာသို့ သွားနေရန် မလိုပါဘူးလို့ ပြောမှာမဟုတ်ပါဘူး။

မှန်ပါ့ဘုရား။

ကိုင်း....ဒီတွင်ပဲ တော်ကြဦးစို့။ စာသိတွင်မကပဲ လက်တွေ့ဖြစ်အောင် ဝိပဿနာတရားကို ကြိုးစား အားထုတ်နိုင်ကြပြီးလျှင် ရုပ်နာမ်-ဖြစ်ပျက်-ကုန်ဆုံး ချုပ်ငြိမ်းရာ နိဗ္ဗာန်အာရုံထဲသို့ ဆိုက်ရောက်နိုင်ကြပါစေသတည်း။

(သာဓု....သာဓု....သာဓု)

၁၃၂၉-ခု၊ တော်သလင်းလဆုတ် (၈)ရက် အင်္ဂါနေ့နံနက် ၉-နာရီ မိနစ် ၃၀-အချိန်၌"သာသနာသုံးရပ်တရားတော်"မွေးချိန်ဖြစ်သည်။ (၂၆-၉-၁၉၆၇)။

---

## ဦးရွှေတိုး ဆွမ်းသွတ်ဝိပဿနာ တရားတော်

ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့၏သေခြင်း၊ ကျန်တဲ့ပုထုဇဉ်၊ သေက္ခပုဂ္ဂိုလ်တို့၏ သေခြင်းလို့ သေခြင်းနှစ်မျိုးရှိတယ်။ (တနည်း)ဘဝသစ်မဖြစ်တဲ့သေခြင်း၊ ဘဝသစ်ဖြစ်တဲ့သေခြင်းလို့လဲခေါ်နိုင်ပါတယ်။ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာများ သေတာကို ပရိနိဗ္ဗာန်စံတယ်လို့ခေါ်ကြတယ်။ကျန်တဲ့ပုထုဇဉ်၊ သေက္ခပုဂ္ဂိုလ်များ သေတာကိုတော့ အမျိုးမျိုးခေါ်ကြတယ်။ ရဟန်းတော်များသေတော့ ပျံလွန်တော်မူတယ်လို့ ခေါ်ကြတယ်။ ရှင်ဘုရင်များ သေတော့ နတ်ရွာစံတယ်လို့ ခေါ်ကြတယ်။ သာမန်လူသားများနှင့် သတ္တဝါများသေတော့ သေတယ်လို့ပဲ ခေါ်ကြတယ်။ ဘယ်လိုပဲ ခေါ်ကြ-ခေါ်ကြ သေတာချည်းပါပဲ။

သေတယ်ဆိုတာ သံသရာခရီးသည်များ မိမိတို့ခေတ္တခဏ တည်းခိုနေတဲ့ အိမ်က ဆင်းသွားဖို့ အချိန်ကျလို့ ဆင်းသွားကြတာပဲ ဖြစ်ပါတယ်။ ဥပမာ— မီးရထားစီး ခရီးသည်များလိုပါပဲ၊ မီးရထားစီး ခရီးသည်များဟာ မိမိတို့လက်မှတ် ဝယ်ယူထားတဲ့ ဘူတာသို့ရောက်လျှင် မီးရထားပေါ်က ဆင်းသွားကြတယ် မဟုတ်လား-ဒေါ်ခင်သိန်း။

မှန်ပါဘုရား။

ကဲ-ဒီ "ဆွာ" ဘူတာကနေပြီးတော့ တောင်ဘက်ကို မီးရထားစီးပြီး သွားကြတဲ့ မီးရထားစီး ခရီးသည်များကို ဥပမာထားပြီးဟောပြမယ်၊ ဘုန်းကြီးယနေ့နံနက် စီးပြီးလိုက်လာတဲ့ အစုန်လော်ကယ် မီးရထားမှာ ဒီ ဆွာဘူတာက နေပြီးစီးတဲ့ခရီးသည်တွေ အများပဲ ရှိကြတယ်။ တချို့ ရေတာရှည် ဘူတာအထိ လက်မှတ်ဝယ်ပြီး စီးကြတယ်။တချို့ တောင်ငူဘူတာကြီးအထိ လက်မှတ်ဝယ်ပြီး စီးကြတယ်၊ တချို့ကျတော့ လမ်းဆုံး ရန်ကုန်ဘူတာကြီးအထိ လက်မှတ်ဝယ်ပြီး စီးကြတယ်၊ ရေတာရှည်ဘူတာအထိသာ လက်မှတ်ပါတဲ့ခရီးသည်များကရေတာရှည်ဘူတာရောက်တော့ သူလက်မှတ်ကုန်ဆုံးသွားတဲ့အတွက် ရေတာရှည်ဘူတာ

မှာ ဆင်းကြတယ်၊ တောင်ငူအထိ လက်မှတ်ပါတဲ့ ခရီးသည်များကလဲ တောင်ငူ ရောက်တော့ ဆင်းကြရတယ်၊ မီးရထားလမ်းဆုံး ရန်ကုန်အထိ လက်မှတ်ပါတဲ့ ခရီးသည်များကျတော့ ရန်ကုန်အထိရောက်မှ ဆင်းကြရတယ် မဟုတ်လား ဒကာကြီး ညို။

မှန်ပါ့ဘုရား။

အဲသလိုပဲ သံသရာခရီးသည်များမှာလဲ မိမိတို့ဆည်းပူးလာတဲ့ ကုသိုလ်ကံတွေ အသီးသီးရှိတယ်၊ တချို့မှာ ကုသိုလ်ကံ နည်းနည်းရှိကြတယ်၊ တချို့ကျတော့လဲ ကုသိုလ်ကံ များများရှိကြတယ်၊ ကုသိုလ်ကံနည်းနည်းရှိတဲ့ သံသရာခရီးသည်များမှာ မိမိတို့တည်းခိုရာအိမ်က အသက်ငယ်ငယ်နှင့်ပင် ဆင်းကြရတယ်၊ သေကြရတယ်။ ကုသိုလ်ကံ များများရှိတဲ့ သံသရာခရီးသည်များကျတော့ မိမိတို့ တည်းခိုးရာအိမ်က အသက်ကြီးမှ ဆင်းကြရယ်၊ သေကြရတယ်။

မှန်ပါ့ဘုရား။

ယခု ကွယ်လွန်သွားတဲ့ ယောဂီဒကာကြီး ဦးရွှေတိုးကတော့ ကုသိုလ်ကံများများရှိတယ်လို့ ဆိုရမှာပဲ၊ ဘာ့ကြောင့်လဲဆိုရင် မနှစ်က ဘုန်းကြီးထံ တရားအားထုတ်လာစဉ်က ယောဂီစာရင်းမှာ အသက် ၆၂-နှစ်လို့ မှတ်လိုက်ရတယ်။ ယခုနှစ်မှာဆိုရင် ဒကာကြီးဟာ အသက် ၆၃-နှစ် ရှိသွားပြီ၊ ၆၀-ကျော်ဆိုတော့ အရွယ်သုံးပါးမှာ တတိယအရွယ်ထဲရောက်နေပြီ။ အဲသလို တတိယ အရွယ် အသက်ကြီးအောင်ပင် မိမိတည်းခိုရာအိမ်၌နေရပြီးမှသေသွားတဲ့အတွက်ကုသိုလ်ကံများများရှိတယ် လို့ ဆိုရပါတယ်၊ ခရီးရှည်လက်မှတ်ဝယ်ထားတဲ့ မီးရထားစီး ခရီးသည်နှင့်တူတာပေါ့ ဒကာကြီး ညိုရဲ့။

မှန်ပါဘုရား။

ခရီးတိုလက်မှတ်ဝယ်ထားတဲ့ မီးရထားစီး ခရီးသည်နှင့်တူတဲ့ သူများက ကုသိုလ်ကံနည်းနည်းရှိကြတဲ့အတွက် အသက်ငယ်ငယ်ကလေးနှင့်သူတို့တည်းခိုရာအိမ်က ဆင်းကြရတယ်၊ သေကြရတယ် မဟုတ်လား။

မှန်ပါ၊ ဟုတ်ပါတယ်ဘုရား။

ဒါ့သလို သံသရာခရီးသည်များဟာ မိမိတို့ကုသိုလ်ကံ ရှိသလောက်သာ မိမိတည်းခိုအိမ်မှာ နေကြရတာ ကုသိုလ်ကံကုန်လျှင် သေကြရတာချည်းပဲ၊ မိမိတို့ဆည်းပူးသားတဲ့ ကုသိုလ်ကံသာလျှင် မိမိတို့ဥစ္စာ ဖြစ်ကြတယ်၊ ကံစီမံသလို ဖြစ်ကြရတာတဲ့။ ဒါ့ကြောင့် ဘုရား ကိုယ်တော်မြတ်ကြီးက "ကမ္မဿကော ကမ္မဒါယာဒေါ-ကံသာလျှင် မိမိဥစ္စာရှိတယ်၊ ကံသာလျှင် အမွေခံဖြစ်တယ်"လို့ ဟောတော်မူထားပါတယ်။

မှန်ပါ့ဘုရား။

အစကဟောခဲ့တဲ့ သေခြင်း နှစ်မျိုးထဲက ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာ တို့၏သေခြင်းက ဘဝသစ် မဖြစ်တဲ့ သေခြင်းတဲ့ ဒကာကြီး ညီရဲ့။

မှန်ပါ့ဘုရား။

နတ္ထိ ဒါနိ ပုနဗ္ဘဝေါ။ခီဏာဇာတိ-လို့ ဆိုတဲ့အကိုင်းပေါ့။ဘုရား,ပစ္စေက ဗုဒ္ဓါ, ရဟန္တာများမှာ ဘာ့ကြောင့် ဘဝသစ် မဖြစ်တော့သလဲဆိုရင် အဝိဇ္ဇာ, တဏှာ, ဥပါဒါန်လို့ဆိုတဲ့ ကိလေသဝဋ်၊ကိလေသာတရား၊ ကမ္မဘဝ, သင်္ခါရလို့ ဆိုတဲ့ ကမ္မဝဋ်,ကံတရား၊ အဲဒီကိလေသာနှင့် ကံတည်းဟူသောအကြောင်းတရား များကို ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာများ ရရှိတဲ့ အရဟတ္တမဂ်က အပြတ် အသတ် ပယ်သတ်လိုက်ခြင်းကြောင့် ဘဝသစ်ဖြစ်တဲ့ ဝိညာဏ်, ရုပ်,နာမ်,သဠာ ယတန,ဖဿ,ဝေဒနာ တည်းဟူသော ဝိပါကဝဋ် အကျိုးတရားများမဖြစ်ပေါ် တော့ဘူးတဲ့။

မှန်ပါ့ဘုရား။

အတိုချုပ်ကတော့ သမုဒယ သစ္စာခေါ်တဲ့ တဏှာကို အရဟတ္တမဂ်က အပြတ်အသတ် ပယ်သတ်ပစ်လိုက်တဲ့အတွက် ဒုက္ခသစ္စာခေါ်တဲ့ ဇာတိတည်းဟူ သော ဘဝသစ် မဖြစ်တော့ဘူးတဲ့။

မှန်ပါ့ဘုရား။

တဏှာဆိုတဲ့ ကိလေသာမှ မသေသေးရင် ကျန်တဲ့ ကိလေ သာ များနှင့် ကံများလဲ မသေဘူး၊ ကိလေသာနှင့်ကံမသေရင် ဇာတိခေါ်တဲ့၊ ဘဝသစ်ဟာ ဖြစ်တာချည်းပဲ။ ကိလေသာနှင် ကံသေမှသာ ဘဝသစ် မဖြစ်တော့တာတဲ့။

မှန်ပါ့ဘုရား။

ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာများမှာ ကိလေသာနှင့်ကံက သေပြီးဖြစ် တော့"နတ္ထိ ဒါနိ ပုနဗ္ဘဝေါ"ဆိုတဲ့အတိုင်း ဘဝသစ်မဖြစ်ရတော့ဘူးတဲ့ ဘုရား, ပစ္စေကဗုဒ္ဓါ,ရဟန္တာများမှာ သေလျှင်ဘဝပြတ်သွားတာပဲ၊ ရုပ်,နာမ်ချုပ်သွား တာပဲ၊ အဲဒါကို ပရိနိဗ္ဗာန်စံတယ်လို့ ခေါ်တယ်၊ အမှန်ကတော့ အငြိမ်းဓာတ်ကို ရသွားတာပါပဲ၊ ပြောနေကြတဲ့အတိုင်းကတော့ နိဗ္ဗာန်ကို ဝင်စံသွားတယ်လို့ ဆိုပါတယ်။

မှန်ပါ့ဘုရား။

ကျန်တဲ့ပုဂ္ဂိုလ်တို့၏သေခြင်းကတော့ ဘဝသစ်ဖြစ်တဲ့ သေခြင်းပါပဲတဲ့၊ ဘာ့ကြောင့် ဘဝသစ်ဖြစ်ရတာလဲဆိုရင် ကိလေသာနှင့် ကံ ဆိုတဲ့ အကြောင်း တရားများကို ကျန်တဲ့ပုဂ္ဂိုလ်များက အရဟတ္တမဂ်ကိုမရသေးတော့(ဝါ)ရဟန္တာ မဖြစ်သေးတော့ မပယ်သတ်သေးဘူးတဲ့။ ဒါကြောင့် ဝိညာဏ်, နာမ်ရုပ်, သဠာ ယတန,ဖဿ,ဝေဒနာဆိုတဲ့အကျိုးတရားများပေါ်ပေါ်လာသာရတယ်၊အတိုချုပ်

ကတော့ သမုဒယသစ္စာခေါ်တဲ့ တဏှာကို မသတ်သေးခြင်းကြောင့် ဒုက္ခသစ္စာခေါ်တဲ့ ဘဝသစ်ဖြစ်လာရတာတဲ့။

မှန်ပါ့ဘုရား။

ယခု ကွယ်လွန်သွားတဲ့ ဒကာကြီး-ဦးရွှေတိုးကော ဘဝသစ် မဖြစ်တဲ့ သေခြင်းလား၊ ဘဝသစ်ဖြစ်တဲ့ သေခြင်းလားလို့ မေးရင် ဘဝသစ်ဖြစ်တဲ့ သေခြင်းသို့ ဖြေရလိမ့်မယ်၊ ဘာ့ကြောင့်လဲ ဆိုရင် ဒကာကြီး-ဦးရွှေတိုးမှာ အရဟတ္တမဂ်ကို မရသေးခြင်းကြောင့် (ဝါ)ရဟန္တာ မဖြစ်သေးခြင်းကြောင့်ပါပဲတဲ့။ ရဟန္တာမဖြစ်သေးရင်လဲ ဘဝသစ်ဖြစ်ရသေးတာကိုး။

မှန်ပါ့ဘုရား။

ဒကာကြီး-ညို သေရင် ဘဝသစ်မဖြစ်တော့ဘူးလား၊ဘဝသစ်ဖြစ်ဦးမှာလားဆိုတာမိမိကိုယ်ကိုဆန်းစစ်ကြည့်ရမယ်၊ကဲ-ဘယ့်နှယ်လဲ၊ဒကာကြီး ညိုကော ယခုနှယ်သေရင် ဘဝသစ်ဖြစ်ဦးမှာလား၊ ဘဝသစ် မဖြစ်တော့ဘူးလား။

ဘဝသစ် ဖြစ်ဦးမှာပါဘုရား။

အေး....ဘဝသစ် ဖြစ်ဦးမှာဆိုရင် ကောင်းတဲ့ဘဝသစ်ဖြစ်အောင်လုပ်ရလိမ့်ဦးမယ်။

မှန်ပါ့ဘုရား။

ဘဝသစ် မဖြစ်တော့ဘူးဆိုရင်တော့ ဘဝမရှိတော့တဲ့အတွက် နိဗ္ဗာန်သို့ ဝင်စံသွားတဲ့အတွက် ပြောစရာမလိုတော့ပါဘူး။

မှန်ပါ့ဘုရား။

ဟောဒီနေရာမှာ ဘဝသစ်ဖြစ်ပုံကို ဒိဋ္ဌိအစွန်းနှစ်ပါးလွတ်အောင် ပြောတတ် ဆိုတတ်ဖို့ အရေးကြီးတယ်၊ အဲဒါကို အနည်းငယ် ဟောပြပါဦးမယ်။

သေလွန်သွားတာ, ကွယ်လွန်သွားတာကို သမ္မုတိ သစ္စာ သုံး အား ဖြင့် "တမလွန်ဘဝသို့ ပြောင်းသွားတယ်,ဘဝတပါးသို့ပြောင်းသွားတယ်"လို့ခေါ်ဝေါ်သုံးနှုန်းကြရတယ်၊ အဲဒီ အသုံးအနှုန်းအတိုင်း ပညတ်အတိုင်း ယူပြီးတော့ ဒီဘဝက ဟိုဘဝသို့ပြောင်းသွားတယ်လို့ တချို့အယူရှိတတ်ကြတယ်၊ဗုဒ္ဓဘာသာဝင်များကတော့ များသောအားဖြင့် ဒီအတိုင်းမယူကြပါဘူး၊ဒါပေမဲ့ရုပ်ကိုသာ ပြောင်းသွားတယ်လို့အယူမရှိကြတာ၊နာမ်ကိုတော့ ဒီဘဝကဝိညာဉ်ကလေးဟာ ဟိုဘဝသို့ ကူးပြောင်းသွားတယ်၊လောက်လန်းသဖွယ် ဝိညာဉ်တွယ်တယ် စသည်ဖြင့် ပြောဆိုကြတယ် အယူရှိကြတယ်၊အဲဒါ ဝိညာဉ်ကလေးကို ဟိုဘဝပြောင်းသွားတယ်လို့ နာမ်ကို သဿတဒိဋ္ဌိအနေနှင့် ယူထားခြင်းပါပဲတဲ့၊ဗုဒ္ဓဘာသာဝင်များလဲ ဒီအတိုင်းကတော့ တချို့ ယူဆတတ်ကြတယ်၊ အဲသလို ဝိညာဉ်ကလေး

ကူးပြောင်း သွားတယ်လို့ယူလျှင် သဿတဒိဋ္ဌိအစွန်း မလွတ်ဘူးတဲ့ ဒကာကြီး-ညိုရဲ့။

မှန်ပါ့ဘုရား။

"သေလျှင်မြေကြီး" ဆိုတဲ့ ရုပ်ဝါဒသမားတို့ရဲ့ လက်သုံးဆောင်ပုဒ် အတိုင်း ဒီဘဝမှာ ဒီကိုယ်သေရင် ပြီးသွားတာပဲ၊ပြတ်သွားတာပဲ၊နောင်ဘဝနှင့် ဘာမျှမဆိုင်တော့ဘူး၊နောင်ဘဝဟာ သူဖြစ်ချင်သလို ဖြစ်လာတာပဲ၊ ဒီဘဝနှင့် ဘာမျှ မပတ်သက်ဘူးစသည်ဖြင့် ယူပြန်ရင်လဲ ဘဝပြတ်တယ်လို့ယူတဲ့ ဥစ္ဆေဒဒိဋ္ဌိ အစွန်း မလွတ်ပြန်ဘူးတဲ့ ဒကာကြီး-ညိုရဲ့။

မှန်ပါ့ဘုရား။

ဒါဖြင့် ဒိဋ္ဌိအစွန်း နှစ်ပါးလွတ်အောင် ဘဝသစ်ဖြစ်ပုံကို ဘယ်လိုယူရ မလဲဆိုရင် ဒီဘဝက ကိလေသာနှင့်ကံဆိုတဲ့ အကြောင်းကြောင့် နောင်ဘဝသစ် ဆိုတဲ့အကျိုး ပေါ်လာတယ်,ဖြစ်လာတယ်လို့ယူရင် ဒိဋ္ဌိအစွန်းနှစ်ပါးလွတ်သွား ပါတယ်၊အဲဒါပဋိစ္စသမုပ္ပါဒ်ဒေသနာတော်အတိုင်း အကြောင်းကြောင့် အကျိုး ဖြစ်လာတယ်လို့ အကြောင်း-အကျိုး ဆက်သွယ်ပြီး ယူလိုက်တာပါပဲတဲ့။

မှန်ပါ့ဘုရား။

ဒါကြောင့် ဘုရားကိုယ်တော်မြတ်ကြီးက "အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ"လို့ ကိလေသာနှင့်ကံကြောင့် ဘဝသစ်ဝိညာဉ်ဖြစ်လာ ပုံ, နာမ်,ရုပ် ဖြစ်လာပုံများကို ဟောကြားတော်မူထားပါတယ်။

ဒီနေရာမှာ ကိလေသာနှင့်ကံကြောင့် ဘဝသစ်ဖြစ်လာပုံကို သဘောကျ အောင် ပုံတင်သံနှင့် ဥပမာပြုပြီးဟောမယ်၊ ဒကာကြီး-ညို၊ တောနက်ကြီးထဲမှာ လူတယောက်က'ဟေး'လို့အော်လိုက်တဲ့အခါတောထဲကလဲ'ဟေး'လို့ပြန်မအော် ဘူးလား။

အော်ပါတယ်ဘုရား။

အဲဒီတောထဲက ပြန်အော်တဲ့အသံကို ပါဠိလို ပဋိဃောသလို့ခေါ်တယ်။ မြန်မာလို ပဲ့တင်သံတဲ့။ အဲဒါကို ယခုအရပ်သုံးအားဖြင့်"တောသံပေးတယ်"လို့ ဆိုကြတယ်။

မှန်ပါ့ဘုရား။

အဲဒီတောသံဟာ "ဟေး"လို့ အော်လိုက်တဲ့လူရဲ့အသံ ဟုတ်ရဲ့လား။

မဟုတ်ပါ ဘုရား။

ဒါဖြင့် ဒီတောသံဟာ သူ့အလိုအလျောက် တောထဲကပေါ်ပေါက်လာ တာကော ဟုတ်ရဲ့လား။

မဟုတ်ပါ ဘုရား။

အေး....တောထဲကပြန်အော်လိုက်တဲ့တောသံဟာ လူ့ရဲ့အသံလဲမဟုတ်ဘူး။ တောထဲက သူ့အလိုအလျောက် ပေါ်ပေါက်လာတဲ့အသံလဲမဟုတ်ဘူး၊အမှန်က တော့ လူက "ဟေး" လို့ အော်လိုက်တဲ့အတွက် တောထဲကလဲ "ဟေး" လို့ ပြန်ပြီး တော့ တောသံ ဖြစ်ပေါ်လာရတယ်။ လူက အော်လိုက်တဲ့အသံနှင့် တောထဲက တောသံဟာ အကြောင်း-အကျိုးဆက်လျက် နေပါတယ်။

မှန်ပါ့ဘုရား။

အဲဒီတောသံဟာ လူ့ရဲ့အသံလဲမဟုတ်၊အလိုအလျောက်ပေါ်ပေါက်တာ လဲမဟုတ်၊ လူက အော်လိုက်ခြင်းကြောင့် တောထဲက တောသံ ပြန်ပေးတာလိုပဲ၊ ဘဝသစ် ဖြစ်ရမှာလဲ ဒီဘဝက ဝိညာဉ်ကလေး ပြောင်းသွားတာလဲ မဟုတ်၊ အကြောင်းမဲ့ ဖြစ်လာတာလဲမဟုတ်၊ အမှန်ကတော့ ဒီဘဝက ရုပ်နှင့် နာမ်ဟာ ဒီဘဝမှာပင် ချုပ်ပျောက်သွားပြီး ဒီဘဝမှာ ကိန်းနေတဲ့ ကိလေသာနှင့်ကံကို အရဟတ္တမဂ်နှင့် မသတ်ရသေးလို့ အဲဒီ ကိလေသာနှင့် ကံကြောင့် နောင်ဘဝ အသစ်ဖြစ်လာရပြန်တာပဲတဲ့ ဒကာကြီး-ညို့ရဲ့။

မှန်ပါ့ဘုရား။

ဖြစ်လာတဲ့ ဘဝသစ်ကလဲ ငါးမျိုးရှိပြန်တယ်တဲ့ ဒကာကြီး-ညို့ရဲ့။

မှန်ပါ့ဘုရား။

၁။ လူ့ဘဝတဲ့၊ အဲဒါကို မနုဿဂတိလို့ ခေါ်တယ်။

၂။ နတ်ဘဝတဲ့၊ အဲဒါကို ဒေဝဂတိလို့ ခေါ်တယ်။

၃။ ငရဲဘဝတဲ့၊ အဲဒါကို နိရယဂတိလို့ ခေါ်တယ်။

၄။ တိရစ္ဆာန်ဘဝတဲ့၊ အဲဒါကို တိရစ္ဆာနဂတိလို့ ခေါ်တယ်။

၅။ ပြိတ္တာဘဝတဲ့၊ အဲဒါကို ပေတဂတိလို့ ခေါ်တယ်။

အဲဒီ ဘဝသစ်ငါးမျိုးထဲက လူ့ဘဝ,နတ်ဘဝ နှစ်မျိုးကိုကောင်းတဲ့ဘဝ သစ်လို့ ခေါ်တယ်။ ကျန်တဲ့ ငရဲဘဝ, တိရစ္ဆာန်ဘဝ, ပြိတ္တာဘဝ တို့ကိုတော့ မကောင်းတဲ့ ဘဝသစ်လို့ ခေါ်တယ်။

ဒကာကြီး-ညို။

ဘုရား။

ကောင်းတဲ့ဘဝသစ်က ဘယ်နှစ်မျိုးလဲ။

လူ့ဘဝ, နတ်ဘဝ ဒီနှစ်မျိုးပါဘုရား။

မကောင်းတဲ့ဘဝသစ်ကတော့ ဘယ်နှစ်မျိုးရှိသလဲ ပြောပြစမ်းပါ။

ငရဲဘဝ, တိရစ္ဆာန်ဘဝ, ပြိတ္တာဘဝ၊ ဒီသုံးမျိုးပါဘုရား။

အဲဒီ ကောင်းတဲ့ဘဝသစ်၊မကောင်းတဲ့ဘဝသစ် နှစ်မျိုးအနက် ကောင်းတဲ့ ဘဝသစ်မှာ ဖြစ်တာဟာလဲ ကိုယ့်သဘောအတိုင်း ဖြစ်တာ မဟုတ်ဘူး၊ မကောင်းတဲ့ ဘဝသစ်မှာ ဖြစ်တာဟာလဲ ကိုယ့်သဘောအတိုင်း ဖြစ်တာ မဟုတ်ဘူး။

မှန်ပါ့ဘုရား။

အမှန်ကတော့ မိမိတို့ဆည်းပူးပြုလုပ်ခဲ့တဲ့ ကောင်းကံ-ဆိုးကံ စီမံချက်အတိုင်းဖြစ်တာတဲ့။ ကောင်းတဲ့ကုသိုလ်ကံကိုဆည်းပူးပြီး အဲဒီ ကုသိုလ်ဇောနှင့်သေရင် ကောင်းတဲ့ဘဝသစ်မှာဖြစ်တယ်တဲ့။ လူဘဝ, နတ်ဘဝ အမျိုးမျိုးဖြစ်တာကို ဆိုတယ်။ ကုသိုလ်ကံကိုဆည်းပူးထားရင် ကိုယ်က လူ့ဘဝကို လိုချင်လျှင် လူ့ဘဝကိုရနိုင်တယ်။ နတ်ဘဝကိုလိုချင်လျှင်လဲ နတ်ဘဝကိုရနိုင်တာပဲတဲ့။

မှန်ပါ့ဘုရား။

ဒီလိုမဟုတ်ပဲနှင့် မကောင်းတဲ့အကုသိုလ်ကံကိုပြုလုပ်ပြီးတော့ အကုသိုလ်ဇောနှင့်သေရင် မကောင်းတဲ့ဘဝမှာဖြစ်တယ်တဲ့။ ငရဲ, တိရစ္ဆာန်, ပြိတ္တာဘဝတို့၌ ဖြစ်တာကိုဆိုတယ်။

မှန်ပါ့ဘုရား။

ငရဲကျရင် ငရဲမီးအလောင်ခံရတယ်၊ တိရစ္ဆာန်ဖြစ်ရင် ဒုက္ခအမျိုးမျိုးကို ခံရတယ်။ ဒကာကြီးညီတို့ မျက်မြင်ပဲ မဟုတ်လား။ ပြိတ္တာဖြစ်ရင်လဲ ဆင်းရဲဒုက္ခအမျိုးမျိုးကို ခံရတာပဲတဲ့။ တချို့ အဝတ်မဝတ်ရ,အစားမစားရဘူး။ တချို့ကျတော့ အင်မတန်ဆင်းရဲတဲ့ဒုက္ခကို ခံစားနေရတယ်။

မှန်ပါ့ဘုရား။

အဲသလိုပဲ ကိုယ့်သဘောအတိုင်းမဖြစ်ဘူး၊ ကံစီမံတဲ့အတိုင်း ကံပစ်ချတဲ့အတိုင်း ဖြစ်ရတယ်တဲ့။ ဒါ့ကြောင့် ဘုရားကိုယ်တော်မြတ်ကြီးက "ယံ ကမ္မံ ကရိဿာမိ ကလျာဏံ ဝါ ပါပကံ ဝါ၊ တဿ ဒါယာဒေါ ဘဝိဿာမိ" ကောင်းကံကိုပြုလျှင် ကောင်းမွေ ခံရတယ်။ ဆိုးကံကို ပြုလျှင် ဆိုးမွေခံ ရတယ်လို့ ဟောတော်မူထားတယ်။

မှန်ပါ့ဘုရား။

ဒကာကြီး-ညို။

ဘုရား။

ဒီနေရာမှာ စကားစပ်တဲ့အတွက် ဆရာတော်ဦးဗုဓ်က သူ့ကျောင်းအမပြုစ်တဲ့ နန်းမတော် မိဖုရားခေါင်ကြီးကို အပိန့်ရှိတဲ့စကားကလေးကို ဟောပြဦးမယ်။

မှန်ပါ ဟောတော်မူပါဘုရား။

ကောင်းကံရှိလျှင် ကောင်းမွေခံရတယ်၊ ဆိုးကံရှိလျှင် ဆိုးမွေခံရတယ် ဆိုတဲ့အကြောင်းပေါ့-ဒကာကြီး-ညီရဲ့။

မှန်ပါ့ဘုရား။

ညီတော် ဿာဃာဝတီမင်းသားက နောင်တော်မင်းတရားကိုပုန်ကန်ပြီး ထီးနန်းတက်တဲ့အခါ မင်းနှင့် နန်းမတော်မယ်နုလို့ ခေါ်တဲ့ မင်းမိဖုရားကြီးမှာ နိမ့်နိမ့်ကျကျ ညှိုးညှိုးငယ်ငယ်နေရသတဲ့။

မှန်ပါ့ဘုရား။

တနေ့သ၌ မတ္တရာဘက်တွင် သူပုန်ထလေရာ ပါဝင်သူများကို ဖမ်းမိ၍ စစ်ဆေးတဲ့အခါ နန်းမတော်ကြီး နှင့် မောင် စလင်းမင်းသားတို့က ဦးစီး ဦးဆောင်လုပ်တယ်လို့ ထွက်ဆိုကြတယ်၊ နန်းမတော်ကြီးကလဲ လုပ်ကြောင်း ဖြောင့်ချက်ပေးတယ်။ သို့အတွက် သူတို့ကိုသတ်ရန် အမိန့်ချမှတ်ခြင်းခံရတယ်။ နန်းမတော်ကြီးက သေဒဏ်မခံရမီ သူ ကျောင်း ဆောက် ကိုး ကွယ် ထား တဲ့ ဆရာတော်ဦးဗုဓ်ကို ဖူးတွေ့ခွင့်တောင်းသတဲ့။ အခွင့်လဲ ရတယ်ဆိုပဲ။

မှန်ပါ့ဘုရား။

ဆရာတော်ဦးဗုဓ်ဟာ နန်းမတော်ကြီး ဆောက်လုပ်လှူဒါန်းတဲ့ မဟာ အောင်မြေဘုံစံ အုတ်ကျောင်းကြီးတွင် သီတင်းသုံးသတဲ့။

မှန်ပါ့ဘုရား။

ဆရာတော်ဦးဗုဓ်ဟာ တနေ့လျှင် စကားတခွန်းမပြော၊ မင်းလိုလိုက် မင်းကြိုက်မလုပ်၊ သမာဓိအလွန်ကြီးတယ်လို့ ကျော်ကြားတယ်။

မှန်ပါ့ဘုရား။

နန်းမတော်ကြီးလဲ သူ့ဆရာတော်ရဲ့ အဆုံးအမကို ကြားနာရလျှင် သေပျော်ပြီဆိုတဲ့အနေနဲ့ ဆရာတော်ဦးဗုဓ်ထံသို့သွားပြီး သူ့ဖြစ်ပုံကို အကုန် လျှောက်ပြတယ်တဲ့။

မှန်ပါ့ဘုရား။

ဒီတော့ ဆရာတော်ဦးဗုဓ်က ''မိနု....သူ့ကြွေးရှိလျှင် ဆပ်ရလိမ့်မယ်''လို့ တခွန်းတည်းမိန့်မြွက်တော်လိုက်သတဲ့။

မှန်ပါ့ဘုရား။

တခွန်းတည်းဖြစ်ပေမဲ့ တရားအပြည့်ပါတယ်။ သူတပါးက ကိုယ့်အပေါ် အကောင်းအဆိုး ဖန်တီးမပေးနိုင်ဘူး၊ ကိုယ့်ကံကို ကိုယ်သာဆောင်ရတယ်၊ ကံ၏ ဆိုးမွေ ကောင်းမွေကို ကိုယ်သာလက်ခံရတယ်လို့ ဆိုလိုတယ်။

မှန်ပါ့ဘုရား။

ဒကာမကြီး-ဒေါ်ခင်သိန်း။

ဘုရား။

ယခုကွယ်လွန်သွားတဲ့ ဒကာကြီး ဦးရွှေတိုးရဲ့ သေခြင်းကတော့ ဘဝအသစ်ဖြစ်ရတဲ့ သေခြင်းပါပဲတဲ့။

မှန်ပါ့ဘုရား။

ဘာ့ကြောင့်လဲ၊သူက ရဟန္တာမဖြစ်သေးခြင်းကြောင့်တဲ့။ ရဟန္တာဖြစ်မှသာ ဘဝသစ် မဖြစ်ရတော့တာတဲ့။

မှန်ပါ့ဘုရား။

ဒကာကြီး-ဦးရွှေတိုးမှာ သေပြီးလျှင်ပြီးချင်းပင် နောင်ဘဝအသစ်တခုတွင် သွားပြီးဖြစ်နေပြီ-ဒကာမကြီးရဲ့။

မှန်ပါ့ဘုရား။

ဒါဖြင့် ဒကာကြီးဟာ ကောင်းတဲ့ဘဝသစ်မှာဖြစ်သလား၊မကောင်းတဲ့ဘဝသစ်မှာ ဖြစ်သလားတဲ့။ ဒါကတော့ သူ့ကံစီမံတဲ့အတိုင်းဖြစ်မှာပဲတဲ့·ဒကာကြီး–ညိုရဲ့။

မှန်ပါ့ဘုရား။

ဒကာကြီး-ဦးရွှေတိုးဟာ ကောင်းတဲ့ကံကိုဆည်းပူးပြီး၊ကောင်းတဲ့ဇောနှင့် သေရင်. ကောင်းတဲ့ ဘဝသစ်တွင် ဖြစ်မှာပဲ၊ မကောင်းတဲ့ကံကို ပြုလုပ်ပြီး မကောင်းတဲ့ဇောနှင့်သေရင်တော့ မကောင်းတဲ့ဘဝသစ်တွင် ဖြစ်မှာပဲတဲ့။

မှန်ပါ့ဘုရား

ဒကာကြီး-ဦးရွှေဘိုးအနေကတော့ ကောင်းတဲ့ဇောနှင့်သေပြီး ကောင်းတဲ့ ဘဝသစ်မှာပဲဖြစ်တယ်လို့ဆိုရလိမ့်မယ်။ ဘာ့ကြောင့်လဲဆိုရင် ဒကာကြီး-ညိုက ဘုန်းကြီးကိုလျှောက်တဲ့အတိုင်း ဒကာကြီးဟာ သေခါနီးမှာ သတိရပြီး ခုတင်ပေါ်တွင် ပက်လက်အတင်ခိုင်းပြီး တံခါးကို အပိတ်ခိုင်းတာကတော့ သူအားထုတ်ထားတဲ့တရားကို အားကိုးရတဲ့အတွက် တရားကို အားထုတ်ရင်း သေမယ်လို့ ဆုံးဖြတ်လိုက်တာပါပဲ၊ ထို့နောက် မကြာမီပင် ခုတင်ပေါ်တွင် ငြိမ်သက်စွာနေရင်းက စုတေစိတ်ကျသွားတာ၊ သေသွားတာကတော့ တရားနှင့်ပဲ သေသွားတာဖြစ်လိမ့်မယ်၊ အဲဒါကြောင့် ဒကာကြီးဟာ ကောင်းတဲ့ ဘဝသစ်မှာပဲ ဖြစ်တယ်လို့ ဆိုရတယ်–ဒကာမကြီးရဲ့။

မှန်ပါ့ဘုရား။

ယခု ဒကာကြီး-ဦးရွှေတိုးလိုပဲ ဘုန်းကြီးရဲ့ ယောဂီတွေထဲက တရားအားထုတ်ရင်း သေသွားကြတယ်ဆိုတာကို ခပ်များများပင် ကြားရဘူးတယ် ဒကာကြီး-ညိုရဲ့။ အဲသလို တရားကိုအားကိုးရကြဖို့ အင်မ တန်အရေးကြီးတယ်။

မှန်ပါ့ဘုရား။

ဘုန်းကြီးတို့ရေနီက ဒကာကြီး-ဦးမုန်းဆိုတာ ကွယ်လွန်တာ တော်တော်ကြာပါပြီ၊ အဲဒီ ဒကာကြီးဟာ ရေနီကို ဘုန်းကြီးရောက်တော့ အသက်(၇၀) လောက်ရှိနေပြီ၊ ရိပ်သာကမ္မဋ္ဌာန်းဌာနကို စပြီးတည်ထောင်တဲ့ဝါတွင်းကဆိုရင် အဲဒီဒကာကြီးဦးမုန်းဟာ ကျောင်းမှာပင် တဝါတွင်းလုံးနေပြီးတရားအားထုတ်တယ်၊ရဟန်းသံဃာတော်များနောက်က ဆွမ်းပုံးထမ်းပြီးတော့ ဆွမ်းခံလဲလိုက်သေးတယ်။ သူ ရောဂါ အသည်းအသန်ဖြစ်ပြီး သေခါနီးအချိန်မှာ ယခုရေနီက ဘုန်းကြီးကျောင်းတိုက်အတွင်းရှိ ဓမ္မာရုံတွင် ဘုန်းကြီး တရားဟောတဲ့ အခါ အမြဲတမ်း တရားထောက်လုပ်တဲ့ ဒကာကြီး-မြ ဆိုတာက သူ့အနားတွင်ရှိသတဲ့ ဒကာကြီး-ညို့ရဲ့။

မှန်ပါ့ဘုရား၊

ဒကာကြီး-ဦးမုန်းဟာ ချွေးဇောပြန်ပြီးနေတဲ့အခါ'ငါ့ကို ကန့်လန့်ကာ ကာပေး၊ ငါ့အနားကိုဘယ်သူမှမလာနှင့်၊ ငါတရားကို နှလုံးသွင်းမယ်'လို့ ပြောပြီး ကန့်လန့်ကာအတွင်းမှာ ခေါင်းအုံးအထပ်ကိုမှီပြီးထိုင်လျက် တရားအားထုတ်ရင်း သေသွားကြောင်းကို အနီးတွင်ရှိတဲ့ ဒကာကြီး-မြက ကျကျနန သိရသတဲ့။

မှန်ပါ့ဘုရား။

သူ သေသွားတာက ညဦးပိုင်းဖြစ်တယ်တဲ့။ အဲဒီ သူသေတဲ့ ညမှာပဲ ယောဂီ ဒကာကြီးတဦးရဲ့ ဒကာမကြီးက ဦးမုန်းကြီးကို နတ်တွေက နတ်ယာဉ်ထားနှင့် လာပြီးခေါ်သွားတယ်လို့ အိပ်မက် မြင်မက်သတဲ့။

မှန်ပါ့ဘုရား။

အဲဒီ ယောဂီဒကာကြီးနှင့် ဒကာမကြီးဟာ ဒကာကြီး-ဦးမုန်း နေမကောင်းတာကိုသာ သိကြရပြီး အဲဒီညဦးက သေသွားဟာကိုတော့ မသိကြရဘူးတဲ့။ အိပ်မက်မက်လို့ နံနက်ခပ်စောစော ဒကာကြီး-ဦးမုန်းအိမ်ကိုသွားကြည့်မှ သေကြောင်းကို သိရှိရသတဲ့-ဒကာကြီး-ညို့ရဲ့။

မှန်ပါ့ဘုရား။

အဲဒီ ဒကာကြီး-ဦးမုန်းဟာလဲ သေခါနီးမှာ တရားနှင့်သေရတဲ့အတွက် နတ်ပြည်သို့ရောက်သွားတာပဲလို့ဆိုရမှာပဲ ဒကာကြီး-ညို့ရဲ့။

မှန်ပါ့ဘုရား။

ပြီးတော့ ယောဂီ-ဒကာ ဦးချစ်လှဆိုတာလဲ သေခါနီးမှာ တရား အားထုတ်ရင်းပင် သေသွားတယ်လို့ ကြားရတယ်။

မှန်ပါ့ဘုရား။

ဒကာမကြီး-ဒေါ်ခင်သိန်း။

ဘုရား။

ယခု ဒကာမကြီးပြုလုပ်တဲ့ ကုသိုလ်ဟာ ကွယ်လွန်သွားတဲ့ ဒကာကြီး-ဦးရွှေတိုးကို ရည်စူးပြီးတော့ ပြုလုပ်တဲ့ ကုသိုလ်မဟုတ်လား။

ဟုတ်ပါတယ်ဘုရား။

အဲဒါကို ဆွမ်းသွတ်တဲ့ကုသိုလ်လို့ ခေါ်တယ်။

မှန်ပါ့ဘုရား။

အဲသလို ဆွမ်းသွတ်တဲ့ကုသိုလ်ကို သေပြီးနောက် မသင်္ဂြိုဟ်ခင်လဲ ပြုကြတယ်၊ အဲဒါကို သက်ပျောက်ဆွမ်းသွတ်တယ်လို့ ခေါ်တယ်၊ သင်္ဂြိုဟ်ပြီးနောက် ခုနစ်ရက်အတွင်းမှာပဲဖြစ်ဖြစ်, ခုနစ်ရက်လွန်မှပဲဖြစ်ဖြစ် ဒီလို ဆွမ်းသွတ်တဲ့ကုသိုလ်ကို ပြုကြတယ်၊ ဘယ်အခါမှာပဲ ပြုလုပ်ပြုလုပ် သေသူကို ရည်မှန်းပြီး ပြုလုပ်ရင် ဆွမ်းသွတ်တဲ့ကုသိုလ်လို့ချည်း ခေါ်ပါတယ်။

မှန်ပါ့ဘုရား။

အဲသလို သေသူကို ရည်မှန်းပြီးတော့ ဆွမ်းသွတ်တဲ့အခါ ဆွမ်းသွတ်တဲ့ ကုသိုလ်ရှင်များမှာတော့ ထိုကုသိုလ်ရဲ့အကျိုးကို မရမရှိ၊ ရသည်ချည်းသာပါပဲ တဲ့-ဒကာမကြီးရဲ့။

မှန်ပါ့ဘုရား။

သေသူအတွက် ရည်မှန်းပေမဲ့ သေသူမှာတော့ ရတာလဲရှိတယ်၊ မရတာလဲ ရှိတယ်လို့ နှစ်မျိုး-နှစ်စား မှတ်ထားရမယ်။

မှန်ပါ့ဘုရား။

မရတာက သေသူဟာ ဘဝသစ်မဖြစ်တော့ရင်လဲ ရစရာဘဝသစ် မရှိတော့လို့ မရတော့ဘူးတဲ့။

မှန်ပါ့ဘုရား။

နတ်ဘဝသစ်မှာဖြစ်ရင်လဲ နောက်ပိုင်းကို ပြန်ပြီးတော့ အမှတ်မရလို့ မရနိုင်ဘူးတဲ့။

မှန်ပါ့ဘုရား။

တိရစ္ဆာန်ဘဝသစ်မှာဖြစ်ရင်လဲ မသိတဲ့အတွက် သာဓုမခေါ်နိုင်လို့ မရနိုင်ဘူးတဲ့။

မှန်ပါ့ဘုရား။

ငရဲဘဝသစ်မှာဖြစ်ရင်လဲ ငရဲမီးအလောင်ခံနေရတဲ့အတွက်သာဓုမခေါ်နိုင်လို့ မရနိုင်ဘူးတဲ့။

မှန်ပါ့ဘုရား။

ရတာကတော့ ပြိတ္တာဘဝတခုပဲဖြစ်တယ်၊ ပြိတ္တာဘဝမှာလဲပြိတ္တာတိုင်း မရဘူး၊နားလည်အောင်ပြောရမယ်ဆိုရင် ပြိတ္တာဟာ အရင့်စား၊ အနုစားလို့ခွဲပြီး မှတ်ရမယ်၊ ပြိတ္တာအရင့်စားတွေကတော့ မရနိုင်ဘူးတဲ့၊ ပြိတ္တာအနုစားများသာ ရနိုင်တယ်၊ဒီပြိတ္တာအနုစားကလဲ ကုသိုလ်ပြုတာကိုအမှတ်ရပြီး သာခုခေါ်မှသာ ရနိုင်တယ်တဲ့။

မှန်ပါ့ဘုရား။

အဲဒါကို အနည်းငယ်ချဲ့ပြီး ဟောဦးမယ်။

စတုန္နံ ပေတာနံ တယော ပေတာ နပ္ပဋိလဘန္တိ ဝေမာတိကာ ခုပ္ပိပါသိ နော နိဇ္ဈာမ တဏှိကာ၊ လဘန္တိ ပေတာ ပရဒတ္တူပ ဇီဝိနော တေပိ သရမာနာယေဝ လဘန္တိ။ (မိလိန္ဒပဥှ ပါဠိတော်)

ပြိတ္တာလေးမျိုးအနက်က "ပရဒတ္တူပဇီဝိ"လို့ခေါ်တဲ့ ပြိတ္တာတမျိုးသာ လျှင် အမျှပေးဝေးတာကို ရနိုင်တယ်တဲ့။

မှန်ပါ့ဘုရား။

အဲဒါ ပြိတ္တာအနုစားသာဖြစ်လို့ ရနိုင်တာ၊ ပြိတ္တာ အရင့်စားမျိုးတွေက တော့ သူတို့ဒုက္ခကို အမြဲမပြတ်ခံနေရတဲ့အတွက် မရနိုင်တော့ဘူး။

မှန်ပါ့ဘုရား။

အသုရကာယ်လို့ခေါ်တဲ့ "ကာလကဉ္စိကပြိတ္တာ" များကျတော့ သာပြီး ဆင်းရဲဒုက္ခကို ခံရတတ်တယ်တဲ့။

မှန်ပါ့ဘုရား။

ပရဒတ္တူပဇီဝိ ပြိတ္တာဆိုတာက သူတပါး ပေးကမ်းတာကို ကပ်ရပ်ပြီး အသက်ရှင်ရတဲ့ ပြိတ္တာမျိုးဖြစ်တယ်တဲ့။

မှန်ပါ့ဘုရား။

အဲဒီပြိတ္တာများကတော့ များသောအားဖြင့် အိမ်နား-တဲနားမှာဖြစ် စေ၊ မြို့နား-ရွာနားမှာဖြစ်စေ အဆင်ပြေသလို လှည့်လည်သွားလာပြီး ထမင်း လုံးမျ ား၊ နှပ်၊ တံတွေးများကို ကောက်ယူစားသောက်ကြရသတဲ့။

မှန်ပါ့ဘုရား။

သူတို့မှာ တချို့အဝတ်မပါဘူးတဲ့၊ တချို့မစားရဘူးတဲ့၊ တချို့ကျတော့ အဝတ်လဲမဝတ်ရ၊ အစားလဲမစားရဘူးတဲ့။ သူတို့ဟာ ကျန်ရစ်သူများ သူတို့နှင့် ခင်မင်ရင်းနှီးတဲ့မိတ်ဆွေများထံမှ ကုသိုလ်အတွက်အမျှပေးဝေမှာကိုပဲကောင့်တ ပြီး နေကြတယ်တဲ့။

မှန်ပါ့ဘုရား။

အဲဒါက ယနေ့ဒကာမကြီး-ဒေါ်ခင်သိန်းက ကွယ်လွန်သွားတဲ့ဒကာကြီး ဦးရွှေတိုးအတွက် ရည်မှန်းပြီး ဆွမ်းသွတ်တဲ့ကုသိုလ်အတွက် အမြွက်မျှ ဟောပြလိုက်တာဖြစ်တယ်၊ အဲဒါ ဒီတွင် တခန်း တော်လောက်ပြီ။ ဒီကနောက် ယခု ဒကာကြီး-ဦးရွှေတိုးကဲ့သို့ သေခြင်းဒုက္ခကို တွေ့ကြရတာ ဘဝသစ်ဖြစ်မှုလို့ခေါ်တဲ့ ဇာတိရှိနေလို့သာ သေခြင်းဒုက္ခကို တွေ့ကြရတယ်၊ အဲဒီ ဇာတိခေါ်တဲ့ ဘဝသစ်ဖြစ်မှုဟာလဲ သမုဒယသစ္စာခေါ်တဲ့ တဏှာရှိနေသေးရင် ဘဝသစ်ဖြစ်မှာပဲတဲ့။ ဒါကြောင့် ဒီတဏှာကိုပယ်သတ်နိုင်တဲ့ ဝိပဿနာအလုပ်ကိုယခုဆက်လက်ပြီး ဟောဦးမယ်။

ဒကာကြီး-ညို။

ဘုရား။

ယခု ဒကာကြီး-ဦးရွှေတိုးကဲ့သို့ သေရတာဟာ ဆင်းရဲလို့ခေါ်မလား၊ ချမ်းသာလို့ ခေါ်မလား။

ဆင်းရဲလို့ ခေါ်ပါမယ်ဘုရား။

အေး....ဘုရား ကိုယ်တော်မြတ်ကြီးကလဲ "မရဏမ္ပိ ဒုက္ခံ၊ သေရတာကို ဆင်းရဲ"လို့ ဟောထားတယ်။ သေရတာဟာ ဒုက္ခသစ္စာပဲတဲ့ ဒကာကြီး-ညိုရဲ့။

မှန်ပါ့ဘုရား။

ပြီးတော့-"ဇရာပိဒုက္ခာ ဗျာဓိပိဒုက္ခော"တဲ့။ အို-ရတာ၊နာ-ရတာတွေကိုလဲ ဒုက္ခသစ္စာလို့ပဲ ဟောထားတယ်။

မှန်ပါ့ဘုရား။

"သဗ္ဗေ ဘာယန္တိ မစ္စုနော"လို့ ဆိုတဲ့အတိုင်း ယခုဒကာကြီး-ဦးရွှေတိုးကဲ့သို့ သေရတဲ့ဒုက္ခကို ဘုရား,ရဟန္တာများကလွဲရင် ကြောက်ကြတာချည်းပဲတဲ့။ ဒါပေမဲ့ မနေကြရဘူး။ သူ့အချိန်ကျလျှင် မသေချင်ပဲနှင့် သေကြရတာချည်းပဲ ဒကာကြီး-ညိုရဲ့။

မှန်ပါ့ဘုရား။

မအိုချင်ပါပဲနှင့်လဲ အိုကြရတာချည်းပဲ ဒကာကြီး-ညိုရဲ့။

မှန်ပါ့ဘုရား။

ဟောဒီ ဆောင်ပုဒ်ကို လိုက်ဆိုကြ....

မအိုချင်ပဲနှင့် အိုရတာ ဒုက္ခသစ္စာပါ။

မနာချင်ပဲနှင့် နာရတာ ဒုက္ခသစ္စာပါ။

မသေချင်ပဲနှင့် သေရတာ ဒုက္ခသစ္စာပါ။

အဲသလို မအိုချင်ပဲ, မသေချင်ပဲနှင့် အိုရတာ, သေရတာတွေဟာ ဘာ့ကြောင့်လဲလို့ အကြောင်းကိုရှာပြရရင် ဇာတိလို့ခေါ်တဲ့ ဘဝသစ်ဖြစ်မှု ကြောင့် အိုရတာ, သေရတာတဲ့ ဒကာကြီး-ညိုရဲ့။

မှန်ပါ့ဘုရား။

ဘုရားကိုယ်တော်မြတ်ကြီးကလဲ ဇာတိပစ္စယာ-ဇရာမရဏံ-လို့ဟောထား တယ်။ ဘဝသစ်ဖြစ်ရင် အိုရမှာ, သေရမှာပဲတဲ့။ ဟောဒီဆောင်ပုဒ်ကို ဆိုကြဦး။

ဘဝသစ်ဖြစ်ရင် မအိုချင်ပဲနှင့်လဲ အိုရမယ်။

ဘဝသစ်ဖြစ်ရင် မသေချင်ပဲနှင့်လဲ သေရမယ်။

အဲဒါကြောင့် ဘဝသစ်ဖြစ်မှုကို ကြောက်ရမယ်။

ဒကာကြီး-ညို ဘဝသစ်ဖြစ်မှာ မကြောက်ဘူးလား။

ကြောက်ပါတယ်ဘုရား။

ဘဝသစ်ဆိုတာ ဇာတိကို ခေါ်တယ်၊ အဲဒါကြောင့် ဇာတိ ပေါ်မှုကို ကြောက်ရမယ်တဲ့။

မှန်ပါ့ဘုရား။

ဒကာကြီး-ညို ဇာတိကို ကြောက်ရဲ့လား။

ကြောက်ပါတယ်ဘုရား။

ဇာတိဆိုတာ ဘာတုံး။

ဘဝသစ် ဖြစ်တာပါဘုရား။

အဲဒီဘဝသစ်က ဘာကြောင့် ဖြစ်ရတာလဲဆိုရင် သမုဒယသစ္စာခေါ်တဲ့ တဏှာကြောင့် ဖြစ်ရတာတဲ့ ဒကာကြီး-ညိုရဲ့။ ဒါ့ကြောင့် ဒီတဏှာကိုပဲ သတ်ဖို့ လိုတယ်၊ တဏှာသေရင် ဘဝသစ်မဖြစ်နိုင်တော့ဘူးတဲ့။

မှန်ပါ့ဘုရား။

တဏှာကို ဘာလက်နက်နှင့်သတ်မလဲ၊ ဝိပဿနာလက်နက်နှင့်သတ်ရမယ်။ ဝိပဿနာလက်နက်ဆိုတာက အထက်မြက်ဆုံး လက်နက်ဖြစ်တာကိုး။ ဝိပဿနာ အလုပ်ခေါ်တဲ့ ကမ္မဋ္ဌာန်းကို အားမထုတ်နိုင်သေးတဲ့ ဒကာ-ဒကာမျှားကတော့ ဒါန လက်နက်, သီလ လက်နက်တို့နှင့်ပင် သတ်ရမယ်။ ဒါန လက်နက်, သီလ လက်နက်တို့ကလဲ တဏှာကို အခိုက်အတန့်တော့ သတ်နိုင်တာပါပဲ။

မှန်ပါ့ဘုရား။

ဒါနဆိုတာ ကိုယ်ပိုင်ပစ္စည်းမျှားကို ကိုယ်တတ်နိုင်သလောက် လှူဒါန်း ပေးကမ်းတာကို ဆိုတယ်။ သီလဆိုတာ ကိုယ်နှင့်နှုတ်က မကောင်းတာ မဖြစ် အောင် စောင့်ထိန်းထားတာကို ဆိုတယ်။ ငါးပါးသီလ, ရှစ်ပါးသီလမျှားကို စောင့်ထိန်းတာပါပဲတဲ့။

မှန်ပါ့ဘုရား။

အဲဒီ ဒါနဲ့ သီလထက် ဝိပဿနာလက်နက်က တဏှာကို သတ်တဲ့နေရာမှာ သာပြီး ထက်မြက်တယ်တဲ့။

မှန်ပါဘုရား။

ဝိပဿနာအလုပ်ဟာ တဏှာကို သတ်တဲ့အလုပ် တဏှာကို သတ်တဲ့ နည်းကောင်းပါတဲ့။

မှန်ပါဘုရား။

ဒါကြောင့် မဟာသတိပဋ္ဌာန် ပါဠိတော်ကြီးမှာ "ဘိက္ခဝေ၊တဏှာသတ် ကြောင်း နည်းကောင်းလိုညောင်း အို သူတော်ကောင်းတို့။ ယဒိဒံ-ယေဣမေ စတ္တာရောသတိပဋ္ဌာနာ၊အကြင် လေးပါးသောသတိပဋ္ဌာန်တရားတို့သည်။သန္တိ၊ ရှိပါပေကုန်၏။ အယံ၊ ဤသတိပဋ္ဌာန်ကျင့်စဉ်လမ်း ဝိပဿနာလုပ်ငန်းသည်။ သတ္တာနံ ဝိသုဒ္ဓိယာ၊ သတ္တဝါတို့အား တဏှာစသား ကိလေသာများ ကင်းစင် ဖို့ရာ။ ကောယနော မဂ္ဂေါ၊ တကြောင်းတည်းသော လမ်းပေလည်း" လို့ ဟော ကြားတော်မူထားပါတယ်၊ ဟောဒီရှစ်လုံးဘွဲ့ ဆောင်ပုဒ်ကိုလိုက်ဆိုကြ။

တဏှာသတ်ကြောင်း-နည်းကောင်းမှန်စွာ၊
ဝန်ခံချက်နှင့်-မိန့်မြွက်သည်သာ။
ဟောဒီမှာကြည့်-ဝိပဿနာ၊
ကျင့်ကြံသုံး-လမ်းဆုံးနိဗ္ဗာန်ပါ။

ဒကာကြီး-ညို၊တဏှာကို ပယ်သတ်နိုင်တာက ဝိပဿနာဆို မဟုတ်လား။

မှန်ပါ-ဟုတ်ပါတယ်ဘုရား။

အဲဒီတော့ ဝိပဿနာအလုပ်ကို အားထုတ်တတ်ဖို့လိုတယ်၊ ဒါကြောင့် ယခု ဝိပဿနာအလုပ်ပေးတရားကိုဟောတော့မယ်၊မှတ်မိအောင် သတိထားပြီး နာကြပေတော့။

မှန်ပါဘုရား။

ကာယာမိမံ သမ္ဘူတာ၊ ပရိဇာနာထ ပုနပ္ပုနံ။
ကာယေ သဘာဝံ ဝိဒိတွာန၊ ဒုက္ခဿန္တံ ကရိဿထ။

အဲဒါဝိပဿနာအားထုတ်ပုံ ဝိပဿနာအားထုတ်လို့ ဉာဏ်စဉ်ဖြစ်ပေါ်ပုံ နှင့် နောက်ဆုံးတွင် နိဗ္ဗာန်အထိ မျက်မှောက်ပြုရပုံများကို ဟောကြားတော်မူ ထားတဲ့ ပါဠိတော်ဖြစ်တယ်၊ ကိုယ်တော်တိုင် အားထုတ်လို့ ကိုယ်တော်တိုင် သိမြင်ပြီးခဲ့ပုံများကို အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက ဟောထားတာ ဖြစ်တယ် ဒကာကြီး-ညိုရဲ့၊ အဲဒီ ပါဠိတော်ဟာ ဘုရားကိုယ်တော်မြတ်ကြီး ကိုယ်တော်ဘိုင် ထောက်ခံပြီးဖြစ်လို့ ဘုရားဟောလို့လဲ ဆိုရပါတယ်။

မှန်ပါဘုရား။

ဝိပဿနာအလုပ်ကို လုပ်တဲ့ ယောဂီပုဂ္ဂိုလ်ဟာ"ကာယမိမံ သမ္မာသတ ပရိဇာနာထ ပုနပ္ပုနံ" ဒီကိုယ်ကြီး တနေရာရာကို ဉာဏ်နှင့်ကြည့်ပြီး ပေါ်လာတဲ့ အာရုံကို အဖန်ဖန်အထပ်ထပ် အသိကပ်ရမယ်တဲ့ ဒကာကြီး-ညိုရဲ့။

မှန်ပါဘုရား။

ဒါ့ကြောင့် ထိုင်နေတဲ့အခါ၊ အိပ်နေတဲ့အခါ၊ ရပ်နေတဲ့အခါများမှာ ဒီကိုယ်ကြီး နှာသီးဖျားဆီကို စိတ်ထားပြီး ဉာဏ်နဲ့ကြည့်ရမယ်၊ နှာသီးဖျားမှာ ထွက်လေဝိုးလိုက်ရင် အဲဒီတိုးတာကို'သိ'လို့ အသိကပ်၊ ဝင်လေတိုးလိုက်ရင်လဲ တိုးတာကို'သိ'လို့ အသိကပ်၊ တိုးတိုင်းတိုးတိုင်း အသိကပ် ကပ်ပေးရမယ်၊ အဲဒါ အဖန်ဖန် အထပ်ထပ် အသိကပ်နေတာ သိ-နေတာပါပဲတဲ့။

မှန်ပါဘုရား။

ပိုးတော့ သွားတဲ့အခါမှာ ခြေဖဝါးဆီကို စိတ်ထားပြီး ဉာဏ်နဲ့ကြည့်ရမယ်၊ ညာဘက်ခြေဖဝါးနှင့် ကြမ်းပြင်ထိလိုက်ရင် အဲဒီထိတာကို'သိ'လို့ အသိကပ်၊ ဗယ်ဘက်ခြေဖဝါးနှင့် ကြမ်းပြင်ထိလိုက်ရင်လဲ ထိတာကို'သိ'လို့ အသိကပ်၊ ခြေဖဝါးနှင့်ကြမ်းပြင် ထိတိုင်း-ထိတိုင်း အသိကပ်ပေးရမယ်တဲ့။

မှန်ပါဘုရား။

ဒီကိုယ်ကြီး တနေရာရာက မခံသာမှုဝေဒနာသဘောတွေ ပေါ်လာပြန်ရင်လဲ အဲဒီမခံသာမှု ဝေဒနာသဘောဆီကိုစိတ်ထားပြီး'သိ-သိ-သိ'လို့ အဖန်ဖန် အထပ်ထပ် အသိကပ်နေရမယ်။

မှန်ပါဘုရား။

မလှုပ်ရှား မပြောင်းရွှေ့ပဲ မခံသာမှု ဝေဒနာသဘောတွေ သူ့အလို အလျောက် ပျောက်သွားသည်ကိုင်အောင် အဖန်ဖန်အထပ်ထပ် အသိကပ်နေရမယ်၊ မခံသာမှုဝေဒနာသဘောတွေ ပျောက်သွားရင် မူရင်းနှာသီးဖျားကိုပင် စိတ်ပြန်ထားရမယ်။

မှန်ပါဘုရား။

တနည်းအားဖြင့်လဲ ဒီကိုယ်ကြီး ရင်ချိုင့်ဆီကိုစိတ်ထားပြီး နားထောင်နေရမယ်၊ ရင်ချိုင့်အတွင်းဆီက 'ဒိတ်-ဒိတ်-ဒိတ်' လို့ မြည်တဲ့အသံကို ကြားရလိမ့်မယ်။

မှန်ပါဘုရား။

အဲဒီ အသံကို နားထောင်ပြီး ဒိတ်-ဒိတ်မြည်တိုင်း 'သိ-သိ' လို့ ထပ်ကာထပ်ကာ အသိကပ်နေရမယ်၊ ဒီနေရာမှာ နားထောင်တာနှင့် အသိကပ်မှုကို အချက်ကျအောင် သတိပြုရမယ်။

မှန်ပါဘုရား။

အဲသလိုပေါ်လာတဲ့ အာရုံကို အဖန်ဖန်အထပ်ထပ် အသိကပ်ပြီးနေတာဟာ ဝိပဿနာရှုတာပါပဲတဲ့၊ ဒါကြောင့် ဘုန်းကြီးက ဝိပဿနာရှုရေးအတွက် လက်သုံးသြဝါဒ ဆောင်ပုဒ်ကလေးများ လုပ်ထားတယ်၊ အဲဒါကိုလိုက်ဆိုကြ။

ပေါ်လတ်ပေါ်လတ်၊ အသိကပ်၊ နိဗ္ဗာန်ရမည်မှတ်။

နိဗ္ဗာန်လိုသော်၊ ပေါ်လာဆဲ၊ အမြဲရှုလေအပ်။

ဒီလိုပေါ်လာတဲ့အာရုံကို အဖန်ဖန်အထပ်ထပ်အသိကပ်နေရင်'ကာယေ သဘာဝ် ဝိဒိတွာန'ဒီကိုယ်ကြီး၌ ဖြစ်ပျက်သဘောတွေကို အမှန်အတိုင်း သိမြင်ရတယ်တဲ့။

မှန်ပါ့ဘုရား။

ဘယ်လို သိမြင်ရသလဲဆိုရင် ပေါ်လာတဲ့အာရုံကို အသိကပ်တိုင်း အသိကပ်တိုင်း အာရုံသဘောနှင့် အသိသဘောကို ဉာဏ်ထဲမှာ တခုစီ သိမြင်ရပြီး ထိုသဘောတွေဟာ တခါအသိကပ် တခါပျောက်၊တခါအသိကပ် တခါပျောက်နှင့် အသိကပ်တိုင်း-အသိကပ်တိုင်း ပျောက်ပျောက်သွားတာ, ပျက်ပျက်သွားတာကို အမှန်အတိုင်း သိမြင်ရတယ်။

မှန်ပါ့ဘုရား။

အဲသလို သိမြင်ရတာဟာ အနိစ္စသဘောကိုတွေ့တာပါပဲတဲ့၊ဒါကြောင့် ဘုရားကိုယ်တော်မြတ်ကြီးက''အနိစ္စာဝတ သင်္ခါရာ၊ဥပ္ပါဒဝယဓမ္မိနော-စင်စစ်ကေန် အမှန်အားဖြင့် ရုပ်,နာမ်ဓမ္မ,သင်္ခါရတွေဟာ မမြဲတာချည်းပဲ၊ ဖြစ်ပေါ်ပြီးနောက် ပျောက်ပျောက်သွားတဲ့ သဘောတွေချည်းပဲ''လို့ ဟောကြားတော်မူတယ်။

မှန်ပါ့ဘုရား။

အဲသလို ဖြစ်ပျက်သဘောမှန်တွေကို သိမြင်ရရင်''ဒုက္ခဿန္တကရိဿထ-ဖြစ်ပျက်ဒုက္ခကုန်ဆုံးရာနိဗ္ဗာန်ကို မျက်မှောက်ပြုရလိမ့်မယ်''တဲ့။

မှန်ပါ့ဘုရား။

အဲဒါကြောင့် နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်တဲ့ တရားကို ဖယ်သက်နိုင်တဲ့ ဝိပဿနာအလုပ်ကို အားထုတ်ကြပါလို့ နိဂုံးချုပ်အားဖြင့် တိုက်တွန်းပါတယ်။

မှန်ပါ့ဘုရား။

ကိုင်း....ဝိပဿနာအလုပ်ကို လက်တွေ့ပြတော့မယ်၊ အမျိုးသားများက (ဒကာကြီးများက)တင်ပလ္လင်ခွေထိုင်၊ အမျိုးသမီးများက (ဒကာမကြီးတွေက) ကျုံ့ကျုံ့ထိုင်၊ လက်ကိုရှေ့တွင်ထား၊ လက်ဝါးချင်းထပ်ပြီးထား၊ ဒီအတိုင်း လက်ဝါးချင်းထပ်ထား၊ မျက်စိကိုမှိတ်၊ နှာသီးဖျားဆီကို စိတ်နှင့်စိုက်ပြီးကြည့်နေပါ၊အသက်ရှုတိုင်း-ရှိုက်တိုင်း(ထွက်လေ-ဝင်လေ ဖြစ်တိုင်း)နှာသီးဖျားမှာ

တိုး-တိုးသွားလိမ့်မယ်၊ သိသာအောင် ဂရုစိုက်ပြီး ရှုရှိုက်ပေး။ နှာသီးဖျားမှာ ထွက်လေ တိုးလိုက်ရင် 'သိ'လို့ အသိကပ်လိုက်၊စိတ်နှင့်သာ သိပေးပါ၊ ဝင်လေ တိုးလိုက်ရင်လဲ 'သိ' လို့ပဲ အသိကပ်၊ အဲဒီအတိုင်း ၅-မိနစ်လောက် ဝိပဿနာ အလုပ်ကို အားထုတ်လိုက်ကြ၊ ဝိပဿနာရှုကြ။

(၅-မိနစ်ခန့် တရားအားထုတ်ခိုင်းသည်)။

ကိုင်း... ၅-မိနစ်လောက် ရှိသွားပြီ၊ တော်ကြလေဦး၊ ထိုင်ရင်း, တရား အားထုတ်ရင်း ဒီအတိုင်းပဲ အားထုတ်ကြရတယ်၊ အားထုတ်ပုံကို မှတ်ထားကြ ပေတော့။

မှန်ပါ့ဘုရား။

ကိုင်း....အချိန်လဲကြာသွားပြီ၊ ဒီမျှပင် တရားအဆုံးသတ်ကြပါစို့။

မှန်ပါ့ဘုရား။

ယခုဟောပြောခဲ့သော တရားတော်များကို လိုက်နာမှတ်သားပြီး ကျင့် ကြံအားထုတ်နိုင်ကြသဖြင့် ဘဝသစ် ဖြစ်မှုဆင်းရဲနှင့်တကွ အိုခြင်းဆင်းရဲ, နာ ခြင်းဆင်းရဲ,သေခြင်းဆင်းရဲတို့၏ ကုန်ဆုံးရာနိဗ္ဗာန်ကို လျင်မြန်စွာမျက်မှောက် ပြုနိုင်ကြပါစေသတည်း။ (သာဓု-သာဓု-သာဓု)

ဒကာမကြီး-ဒေါ်ခင်သိန်း၊ ယခုရေစက်ချပေးတော့မယ်၊ ရေစက်ခွက် ကို ကိုင်၊ ရေကို အောက်ခံခွက်တည်းတွင် တစက်တစက်သွန်းချနေပါ။

မှန်ပါ့ဘုရား။

## ရေစက်ချပေးပုံ

အရှင်ဘုရား၊ တပည့်တော်တို့သည် ကွယ်လွန်သွားသော ယောဂီဒကာ ကြီး-ဦးရွှေတိုး၏အကျိုးငှာရင်း၊ တပည့်တော်များ၏အကျိုးငှာရင်း၊ "ကုသိုလ် ကံသည် ကောင်းကျိုးကိုပေး၏။ အကုသိုလ်ကံသည် မကောင်းကျိုးကိုပေး၏" ဟူ၍ ကမ္မဿကတဉာဏ်ဖြင့် တည်ပြီးလျှင် ရှေးဦးစွာ သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသောသီလတော်မြတ်တို့ကို ခံယူဆောက်တည်ပါ၏။ ခံယူဆောက်တည် ပြီးလျှင် အရှင်ဘုရား၏မျက်မှောက်တော်၌ မြတ်သောအလှူရေစက်ကို သွန်းချ ၍ ကွယ်လွန်သွားသော ယောဂီဒကာကြီး-ဦးရွှေတိုးကို ရည်မှန်းပြီး အရှင် ဘုရားအား ဆွမ်း, ခဲဖွယ်, ဘောဇဉ် အစရှိသော လှူဒါန်းဖွယ် ဝတ္ထုတို့ကို ဆက်ကပ်လှူဒါန်းပါကုန်၏ဘုရား။

ဤကုသိုလ်ကောင်းမှုအဖို့ကို ကွယ်လွန်သွားသော ယောဂီဒကာကြီး-ဦးရွှေတိုးသည် ဝမ်းမြောက်-ဝမ်းသာ သာဓု-သာဓု-ခေါ်နိုင်ပါစေသတည်း။ ဝမ်းမြောက်-ဝမ်းသာ သာဓုခေါ်ဆိုပြီးလျှင် အလိုရှိအပ်တောင့်တအပ်သော စည်းစိမ်ချမ်းသာများကို အပြည့်အစုံ ရရှိပါစေသတည်း၊ စံစားနိုင်ပါစေ သတည်း။

ဤကောင်းမှုကုသိုလ်ကြောင့် တပည့်တော်တို့သည်လည်း ဘဝသစ်ဖြစ်မှုဆင်းရဲနှင့်တကွ အိုခြင်း,နာခြင်း,သေခြင်းတည်းဟူသော ဆင်းရဲအပေါင်းတို့၏ ချုပ်ငြိမ်းရာနိဗ္ဗာန်သို့ လျင်မြန်စွာ ရောက်ရပါလိုကုန်၏ဘုရား။

နိဗ္ဗာန်သို့ မရောက်သေးမီလည်း နိဗ္ဗာန်ရောက်ကြောင်း ပါရမီကုသိုလ်ကောင်းတရားများကို ကြိုးစားအားထုတ် ဆည်းပူးနိုင်ရန် အကျိုးငှာ စည်းစိမ်ဥစ္စာအဖြာဖြာတို့နှင့် ပြည့်စုံပြီးလျှင် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာ ဒါန,သီလ,ဘာဝနာတည်းဟူသော သူတော်ကောင်းတရား ပါရမီကုသိုလ်ကောင်းများကို ကြိုးစားအားထုတ်နိုင်ရပါလိုကုန်၏၊ ဆည်းပူးနိုင်ရပါလိုကုန်၏ဘုရား။

ဤကောင်းမှုကုသိုလ်အဖို့ကို ကွယ်လွန်သွားသော ယောဂီ ဒကာကြီး-ဦးရွှေကိုးကိုအစပြု၍ အမိ-အဖတို့အားရင်း၊ အဘိုး-အဘွားတို့အားရင်း၊ ဆရာသခင် ကျေးဇူးရှင်တို့အားရင်း အမျှပေးဝေပါကုန်၏။

ထို့အပြင် ဤအိမ်သို့ရောက်လာကြသော ပရိသတ်အပေါင်းတို့အားရင်း၊ သိကြားမင်းအားရင်း၊ ယမမင်းအားရင်း၊အစိုးရမင်းများအားရင်းအမျှပေးဝေပါကုန်၏။

ထို့အပြင် ဤအိမ်စောင့်နတ်ကအစပြု၍ အလုံးစုံသော နတ်အပေါင်းတို့အားရင်း၊ အလုံးစုံသော သတ္တဝါအပေါင်းတို့အားရင်း အမျှပေးဝေပါကုန်၏။ ထိုကွယ်လွန်သွားသော ယောဂီ ဒကာကြီး - ဦးရွှေတိုးနှင့်တကွ အလုံးစုံသော သတ္တဝါအပေါင်းတို့သည် ဤကောင်းမှုကုသိုလ်အဖို့ကိုအမျှရကြပါစေသတည်း၊ ဝမ်းမြောက်ဝမ်းသာ သာဓု-သာဓု-သာဓု ခေါ်နိုင်ကြပါစေသော်။

အမျှ-အမျှ-အမျှ ယူတော်မူကြပါ.... သုံးကြိမ်ဆို။

**အမှာ။** ။ရေစက်ချပြီးသည်အထိ တနာရီကျော်ခန့်ကြာသွားသည်။ အားလုံးသော ပရိသတ်များလည်း ဤ ထူးခြားသော တရားတော်များကို နာကြားကြရသည့်အတွက် အတိုင်းပသိ ဝမ်းမြောက်ကြလေသည်။ ဒါနရှင် ဒကာမကြီး-ဒေါ်ခင်သိန်းလည်း ကွယ်လွန်သွားသူ ခင်ပွန်းသည်အတွက် တရားနာခါစက ပူဆွေးနေဟန်ပြပေမဲ့ တရားပြီး၍ ရေစက် ချပြီးသည့်အခါ၌ကား အပူတွေ အေးသွားကာ ရွှင်လန်းလာတာကို မြင်ရပေတော့သည်။

---

၁၃၂၉-ခု၊ တော်သလင်းလပြည့်နေ့ ညနေ၌ ဟောကြား တော်မူသော တရားတော်။

## ရုပ်-နာမ်ကိုမြင် ဒိဋ္ဌိစင် တရားတော်

ကိုစိုးမြင့်။

ဘုရား။

မနေ့က ဘုန်းကြီးပေးလိုက်တဲ့အတိုင်း တရားကိုအားထုတ်တယ် မဟုတ်လား။

မှန်ပါ အားထုတ်ပါတယ်ဘုရား။

ဘယ်နှယ်လဲ အာရုံနှင့် အသိစိတ် အံကိုက်ရဲ့လား။

မှန်ပါဘုရား။

အေး....အာရုံနှင့်အသိကို မလွဲအောင် သတိထားရတယ်။

မှန်ပါဘုရား။

ယခု ကိုစိုးမြင့်တို့အားထုတ်တာ ဘာတရားတဲ့လဲ။

ဝိပဿနာတရားပါဘုရား။

ဝိပဿနာတရားဆိုတာ ရုပ်အာရုံ, နာမ်အာရုံအပေါ် အသိကပ်ရတယ်၊ ရှုရတယ်။

မှန်ပါဘုရား။

ဒါ့ကြောင့် ဘုန်းကြီးက ဆောင်ပုဒ်ကလေး ရေးထားတယ်။

ပေါ်လတ်ပေါ်လတ်၊ အသိကပ်၊ နိဗ္ဗာန်ရမည်မှတ်။

ပေါ်ဆဲ ရုပ်,နာမ်၊ ရှုသည်မှန်၊ နိဗ္ဗာန် ရမည်မှတ်။

နိဗ္ဗာန်လိုသော်၊ ပေါ်လာဆဲ၊ အမြဲရှုလေအပ်။

ကိုစိုးမြင့်-ယခု ကိုစိုးမြင့်ထိုကို နှာသီးဖျားကိုစိုက်ပြီးအရှုခိုင်းလို့ အာနာပါန ကမ္မဋ္ဌာန်း ထင်လိမ့်မယ်၊ အာနာပါန ကမ္မဋ္ဌာန်း မဟုတ်ဘူး၊ အာနာပါန ကမ္မဋ္ဌာန်းဆိုတာက ထွက်လေ-ဝင်လေကို မှတ်ရတာဖြစ်တယ်၊အဲဒီ အာနာပါန ကမ္မဋ္ဌာန်းက သမထကမ္မဋ္ဌာန်းဖြစ်တယ်။

မှန်ပါဘုရား။

ယခု ကိုစိုးမြင့်တို့ အားထုတ်တာ အာနာပါန ကမ္မဋ္ဌာန်း မဟုတ်ဘူး၊ အာနာပါနကမ္မဋ္ဌာန်းလို့ မခေါ်နှင့်၊ မပြောနှင့်။ယခု ကိုစိုးမြင့်တို့ကို ထွက်လေ-ဝင်လေ အမှတ်ခိုင်းတာ ဟုတ်ရဲ့လား။

မဟုတ်ပါဘုရား။

အေး....ဒါ့ကြောင့် အာနာပါန မဟုတ်ဘူး။

မှန်ပါ့ဘုရား။

ယခု ကိုစိုးမြင့်တို့အားထုတ်တာ ဝိပဿနာကမ္မဋ္ဌာန်းဖြစ်တယ်။ ဝိပဿနာဟာလဲ''သမာဓိ''ခေါ်တဲ့ သမထကတော့ ပါရတယ်။ ဒါ့ကြောင့် ဘုရားရှင်က-

သမာဓိံ ဘိက္ခဝေ ဘာဝေထ၊ သမာဟိတော ယထာဘူတံ ပဇာနာတိ။

ပထမ ဝိပဿနာရှုလိုတဲ့ဌာနကို စိတ်နှင့်စိုက်ထားလို့ အဲဒီမှာ စိတ်တည်နေတာက- ''သမာဓိံ ဘိက္ခဝေ ဘာဝေထ'' သမာဓိကို ထူထောင်တာပဲတဲ့။ နောက် အဲဒီဌာနကပေါ်လာတဲ့ ရုပ်အာရုံကိုပဲဖြစ်ဖြစ်၊ နာမ်အာရုံကိုပဲ ဖြစ်ဖြစ် အသိကပ်လို့ ရှုလို့ အာရုံနှင့် အသိစိတ်ကို တွေ့မြင်ရတာ၊ အာရုံပေါ်လာလို့ အသိကပ်ရပုံကို သဘောကျတာ။ ပီးတော့ အာရုံရော့ အသိစိတ်ရော ရှုတိုင်း-ရှုတိုင်း ပျောက်ပျောက်သွားတာကို ဉာဏ်ထဲမှာ သိမြင်ရတာကတော့ ''သမာဟိတော ယထာဘူတံ ပဇာနာတိ'' သမာဓိတည်လို့ ဒီကိုယ်က ဖြစ်ပေါ်လာတဲ့ သဘောတွေကို အမှန်အတိုင်း သိမြင်ရတာတဲ့။

မှန်ပါ့ဘုရား။

ယခု ကိုစိုးမြင့်တို့အားထုတ်တာ ဘာကမ္မဋ္ဌာန်းလို့ ပြောမလဲ။

ဝိပဿနာကမ္မဋ္ဌာန်းလို့ ပြောပါမယ်ဘုရား။

အေး....ဝိပဿနာ ကမ္မဋ္ဌာန်းနော်၊ အာနာပါန မဟုတ်ဘူး၊ ထွက်လေ-ဝင်လေ ပုံသဏ္ဍာန်ကို အမှတ်ခိုင်းတာ မဟုတ်ဘူး။

မှန်ပါ့ဘုရား။

ရုပ်သဘောကို အရှုခိုင်းတာ။

မှန်ပါ့ဘုရား။

ရုပ်သဘောကို အသိကပ်တာ။

မှန်ပါ့ဘုရား။

ကိုစိုးမြင့်-တချို့ ဒကာမကြီးများကပြောတတ်ကြတယ်''ဘုန်းကြီးဘုရားက ဝိပဿနာရှုလျှင် ရုပ်,နာမ်တွေ့တယ်ဆိုလို့ ရုပ်,နာမ်ကိုရှာလိုက်တာမေ့သွားတာပဲ မတွေ့ပါဘူး''လို့ ပြောတတ်ကြတယ်။

မှန်ပါ့ဘုရား။

သူတို့က တွေ့တာကို ရုပ်-နာမ်ပဲလို့ မသိကြတော့ မတွေ့တာကို လိုက်ရှာနေကြတာကိုး၊ ဘယ်တွေ့မလဲ။

မှန်ပါ့ဘုရား။

အဲသလို လိုက်ရှာနေရင်တော့ ရုပ်-နာမ်ကိုတွေ့မှာမဟုတ်ဘူး၊မတွေ့ရုံမဲ့- မရှိတဲ့ မိန်းမ, ယောကျ်ား, ကျွဲ, နွား, ရေ, မြေ, တော, တောင်အစရှိတဲ့ ပညတ် တရားတွေကို တွေ့နေရလိမ့်မယ်၊ ရှိတယ်လို့ ထင်နေလိမ့်မယ်။ အမှန်ကတော့ ပညတ်တရားဟာ မရှိဘူး၊ ရုပ်-နာမ် ပရမတ်သဘောသာရှိတာ။

မှန်ပါ့ဘုရား။

ကိုစိုးမြင့်-ယခု အားထုတ်တာ ဘာတရားလဲ။

ဝိပဿနာတရားပါဘုရား။

ဝိပဿနာတရားဟာ ဘာကိုရှုရသလဲ။

ရုပ်,နာမ်ကို ရှုရပါတယ် ဘုရား။

အေး.... ဝိပဿနာတရားဟာ ရုပ်, နာမ်ကို ရှုရတယ်၊ ရုပ်, နာမ်ကိုပဲ တွေ့တယ်။

မှန်ပါ့ဘုရား။

မိန်းမကိုရှုတော့ မိန်းမကိုတွေ့သလို၊ ယောကျ်ားကိုရှုတော့ ယောကျ်ား ကို တွေ့သလိုပေါ့။

မှန်ပါ့ဘုရား။

ယခုလဲ ရုပ်,နာမ် ပရမတ်သဘောကိုရှုတော့ ရုပ်,နာမ် ပရမတ်သဘော ကိုပဲတွေ့တယ်။

မှန်ပါ့ဘုရား။

ဘုန်းကြီးက ဆောင်ပုဒ်ကလေးများ ရေးထားတယ်၊ လိုက်ဆိုကြ။

ရုပ်,နာမ်ကိုရှု၊ ရုပ်,နာမ်စု၊ တွေ့မှု မလွဲပါ။

ရုပ်ကိုသာရှု၊ ရုပ်အစု၊ တွေ့မှု မလွဲပါ။

နာမ်ကိုသာရှု၊ နာမ်အစု၊ တွေ့မှု မလွဲပါ။

အဲဒီ ဆောင်ပုဒ်များ အတိုင်းပဲ ရုပ်သဘောကိုရှုရင် ရုပ်သဘောကိုပဲ တွေ့ရတယ်၊ နာမ်သဘောကိုရှုရင် နာမ်သဘောကို တွေ့ရတယ်။

မှန်ပါ့ဘုရား။

အာရုံနဲ့ အသိစိတ် အံကိုက်ရင် အာရုံအပေါ် အသိကပ်မှု မလွဲအောင် သတိထားရင် အဲဒီ အသိကပ်တဲ့အာရုံနှင့် အသိကိုပဲ တွေ့ရတယ်။

မှန်ပါ့ဘုရား။

ကိုစိုးမြင့်-ထိုင်ရင်း,အိပ်ရင်း ဝိပဿနာရှုရင် ဘယ်ကို စိတ်ထားသလဲ။

နှာသီးဖျားကိုပါဘုရား။

နှာသီးဖျားမှာ စိတ်ထားတော့ နှာသီးဖျားမှာ စိတ်မတည်ဘူးလား၊

တည်ပါတယ်ဘုရား။

အဲဒါ သမာဓိပဲ။

မှန်ပါ့ဘုရား။

အဲသလို နှာသီးဖျားမှာ စိတ်ကလေး တည်နေတဲ့အခါ ထွက်လေ ထွက်တော့ လေကနှာသီးဖျားကို တိုးလိုက်တာ, ထိလိုက်တာ မသိဘူးလား။

သိပါတယ်ဘုရား။

အဲဒါ တိုးထိတာကို အသိကပ်တာပဲ။

မှန်ပါတယ်ဘုရား။

တိုးထိတာကို အသိကပ်တော့ မသိဘူးလား။

သိပါတယ်ဘုရား။

ပီးတော ဝင်လေ ဝင်တော့လဲ လေက နှာသီးဖျားကို တိုးလိုက်တာ မသိဘူးလား။

သိပါတယ်ဘုရား။

အဲဒါ တိုးထိတာကို အသိကပ်တာပဲ, ရှုတာပဲ။

မှန်ပါ့ဘုရား။

တိုးထိတာကိုရှုတော့ မသိဘူးလား။

သိပါတယ်ဘုရား။

အဲသလိုပဲ တိုးတာကို တိုးတိုင်း-တိုးတိုင်း အသိကပ်လို့ တိုးမှုအာရုံသဘောနှင့် အသိကလေး အံကိုက်ရင် တိုးမှုအာရုံအပေါ် အသိကပ်မှု မလွဲရင် တိုးမှုသဘောနှင့် သိမှုသဘော၊ ဒီနှစ်ခုကို အသိကပ်တိုင်း-အသိကပ်တိုင်း, ရှုတိုင်း ရှုတိုင်း ဘာဝနာမယဉာဏ်ထဲမှာ တွေ့ရတယ်။

မှန်ပါ့ဘုရား။

အဲဒါ အမြင်မှန်ကိုတွေ့တာ, တရားတွေ့တာပဲ။

မှန်ပါ့ဘုရား။

အဲဒါကိုပဲ ရုပ်သဘော, နာမ်သဘော တွေ့တာခေါ်တယ်။

မှန်ပါ့ဘုရား။

ကိုစိုးမြင့်-ယခု အလုပ်ခွင်မှာ နှာသီးဖျားကို စိတ်ထားပြီး ထွက်လေ တိုးတာကို အသိကပ်တော့ တိုးမှုသဘောကို မတွေ့ဘူးလား။

တွေ့ပါတယ်ဘုရား။

ဝင်လေ တိုးတာကို အသိကပ်တော့ကော တိုးမှုသဘောကို မတွေ့ဘူးလား။

တွေ့ပါတယ်ဘုရား။

ထင်းရှားအောင်ဟာ ထွက်လေ-ဝင်လေကို နဲနဲဂရုစိုက်ပြီး ရှုရှိက်ပေး၊ မထင်ရှားဘူးလား။

ထင်ရှားပါတယ်ဘုရား။

အဲဒီနေရာမှာ ထွက်လေနှင့်ဝင်လေကို ရှုတာမဟုတ်ဘူး၊ နှာသီးဖျားမှာ လေတိုးမှုသဘောကိုသာ ရှုတာ။

မှန်ပါ့ဘုရား။

အဲသလိုတိုးမှုသဘောကိုအသိကပ်တော့ ရှုတော့ တိုးမှုသဘောကိုမတွေ့ဘူးလား။

တွေ့ပါတယ်ဘုရား။

အဲဒီ တိုးမှုသဘောဟာ ရုပ်ပဲ။

မှန်ပါ့ဘုရား။

အလုပ်ခွင်မှာတော့ တိုးမှုသဘောပဲ တွေ့ရတယ်။

မှန်ပါ့ဘုရား။

ဝါကတော့ တိုးမှုသဘောကို ရုပ်လို့ခေါ်တယ်။

မှန်ပါ့ဘုရား။

တိုးမှုသဘောနှင့်ရုပ်ဟာ အတူတူပဲ။

မှန်ပါ့ဘုရား။

ယောဂီရဲ့အလုပ်တွေက တိုးမှုသဘော၊ စာအဆိုက ရုပ်ပဲ။

မှန်ပါ့ဘုရား။

အဲဒါ တချို့ကျတော့ အာရုံနှင့် အသိ အရှု အံကိုက်လို့ အလုပ်လက်တွေ့အားဖြင့် တိုးမှုသဘောဟာ ရုပ်ပဲလို့ စာအဆိုကို နားမလည်တော့ ရုပ်ကိုမတွေ့ဘူးလို့ ထင်တတ်ကြတယ်၊ စောစောကပြောခဲ့တဲ့ ဒကာမကြီးတွေလိုပေါ့။

မှန်ပါ့ဘုရား။

ပြန်ပြီး မေးဦးမယ်၊ ယောဂီရဲ့အလုပ် လက်တွေ့အားဖြင့် အလုပ်ခွင်မှာ ဘာကိုတွေ့သလဲ။

တိုးမှုသဘောကို တွေ့ပါတယ်ဘုရား။

အဲဒါကို ပဌဝီလို့ခေါ်တယ်။

မှန်ပါ့ဘုရား။

တိုးမှုသဘောကို စာပေအရ ဘယ်လိုခေါ်သလဲ။

ရုပ်လို့ ခေါ်ပါတယ်ဘုရား။

အဲသလို ရုပ်လို့ခေါ်တာက ပရိယတ်တဲ့။

မှန်ပါ့ဘုရား။

အဲ လက်တွေ့က တိုးမှုသဘော၊ စာပေက ရုပ်တဲ့၊ မှတ်ထား။

မှန်ပါဘုရား။

လက်တွေ့က ပဋိပတ်၊ စာပေက ပရိယတ်တဲ့။

မှန်ပါဘုရား။

ကိုစိုးမြင့်-အဲသလိုထိုင်ရင်း, အိပ်ရင်း ဝိပဿနာရှုတဲ့အခါ နှာသီးဖျားမှာ ထွက်လေတိုးလိုက်ရင် 'တိုးမှုသဘော' အပေါ် 'သိ'လို့ အသိကပ်ရတယ်။

မှန်ပါဘုရား။

ဝင်လေတိုးလိုက်ရင် 'တိုးမှုသဘော' အပေါ် 'သိ'လို့ အသိကပ်ရတယ်၊ အဲဒါ ဝိပဿနာရှုတာပဲ၊ ထိုင်ရင်း, အိပ်ရင်း ဒီအတိုင်း ရှုရတယ်။

မှန်ပါဘုရား။

အဲသလို တိုးမှုသဘောကို ဝိပဿနာရှုတာဟာ အာနာပါန မဟုတ်ဘူး။

မှန်ပါဘုရား။

ကာယဖောဋ္ဌဗ္ဗသဘောခေါ်တဲ့ ရုပ်အပေါ်ကိုဝိပဿနာရှုတာဖြစ်တယ်။

မှန်ပါဘုရား။

အဲသလို ရုပ်အပေါ်, နာမ်အပေါ်ရှုမှလဲ ဝိပဿနာ အားထုက်တယ်လို့ ခေါ်နိုင်တယ်။

မှန်ပါဘုရား။

ရုပ်,နာမ်အပေါ်၊ ရှုခဲ့သော်၊ မှတ်နော် ဝိပဿနာတည်း။ ဆို။

တိုးမှုသဘောကို ကာယ ဖောဋ္ဌဗ္ဗရုပ်-လို့ ဟောထားတာကတော့....

''ကာယဉ္စ ပဇာနာတိ၊ဖောဋ္ဌဗ္ဗေစ ပဇာနာတိ''(မဟာသတိပဋ္ဌာနသုတ် ပါဠိတော်)တဲ့။

ပီးတော့-''ကာယော ပရိညေယျော၊ဖောဋ္ဌဗ္ဗာ ပရိညေယျာ''(သံယုတ် ပါဠိတော်)တဲ့။

ကိုစိုးမြင့်-ယခု ထိုင်ရင်း, အိပ်ရင်း အသိကပ်ရတဲ့ ရှုရတဲ့ 'တိုးမှုသဘော' ဟာ ခြောက်ဌာနထဲက ကာယဌာန, ကာယပသာဒခေါ်တဲ့ နှာ သီး ဖျား မှာ ဖောဋ္ဌဗ္ဗရုပ်ခေါ်တဲ့ ထွက်လေ,ဝင်လေနှင့် တိုက်ခတ်လိုက်တော့ ဖြစ်ပေါ်လာတဲ့ 'တိုးမှုသဘော' ဖြစ်တယ်။

မှန်ပါဘုရား။

အဲဒါက မြန်မာလို'အတွေ့ရုပ်' ပါဠိလို'ဖောဋ္ဌဗ္ဗရုပ်'လို့ ခေါ်တယ်၊ အဲဒီ ဖောဋ္ဌဗ္ဗရုပ်ကို ဝိပဿနာရှုတာ။

မှန်ပါဘုရား။

ဒါကို မဟာသတိပဋ္ဌာန်ပါဠိတော်အရ ဓမ္မာနုပဿနာ အာယတနပဗ္ဗ အားဖြင့် ရှုနည်းလို့ ခေါ်တယ်။

မှန်ပါဘုရား။

အဲဒါက ထိုင်ရင်း, အိပ်ရင်း ဝိပဿနာရှုရာမှာ မူရင်းဝိပဿနာရှုနည်း ဖြစ်တယ်။

မှန်ပါဘုရား။

အဲဒီ မူရင်းရှုပုံကို ဉာဏ်စဉ်ပေါ်တာကို ယခုဆက်ပြီး ဟောဦးမယ်၊ ဝိပဿနာယောဂီများ အစဆုံး သိမြင်ရတဲ့ဉာဏ် 'နာမရူပ ပရိစ္ဆေဒဉာဏ်' တဲ့။

မှန်ပါဘုရား။

ကိုစိုးမြင့်-ထိုင်ရင်း,အိပ်ရင်း နှာသီးဖျားစိတ်ထားပြီး ထွက်လေ, ဝင်လေ ရှုရှိက်တဲ့အခါ ဖြစ်ပေါ်လာတဲ့ 'တိုးမှုသဘော' ကို တိုးတိုင်း-တိုးတိုင်း အသိကပ် ရင် ရှုရင် တိုးမှုသဘောကို မသိဘူးလား။

သိပါတယ်ဘုရား။

အဲဒီနေရာမှာ တိုးမှုသဘောကို စသုံးက ဘာခေါ်သလဲ။

ရုပ်လို့ ခေါ်ပါတယ်ဘုရား။

သိတာကတော့ နာမ်-တဲ့။

မှန်ပါဘုရား။

ဟောဒီ ဆောင်ပုဒ်ကို လိုက်ဆိုကြ။

တိုးမှုသဘောက ရုပ်၊ ရုပ်က မသိပါ။

သိတာကတော့ နာမ်၊ မှန်စွာမှတ်လေပါ။ ဆို။

ကိုစိုးမြင့်-အသိကပ်တော့ တိုးမှုကို မသိဘူးလား။

သိပါတယ်ဘုရား။

တိုးမှုက ဘာလဲ။

ရုပ်ပါဘုရား။

သိတာကတော့။

နာမ်ပါဘုရား။

ပဋိပတ်လက်တွေ့ကတော့ တိုးမှုနှင့် သိ-မှုကို တွေ့တယ်၊ ပရိယတ်စာသုံး ကတော့ တိုးမှုကို ရုပ်၊ သိမှုကို နာမ်လို့ ခေါ်တယ်။

မှန်ပါဘုရား။

တိုးမှုကို အသိကပ်တဲ့အခါ လက်တွေ့က ဘာကိုတွေ့သလဲ။

တိုးမှုနှင့် သိမှုကို တွေ့ပါတယ်ဘုရား။

တိုးမှုကို စသုံးက ဘာခေါ်သလဲ။

ရုပ် ခေါ်ပါတယ်ဘုရား။

သိမ်မှုကို စသုံးက ဘာခေါ်သလဲ။

နာမ် ခေါ်ပါတယ်ဘုရား။

လက်တွေ့က ''တိုးမှု-သိမ်မှု''။ စသုံးက''ရုပ်-နာမ်''မှတ်ထားနော်။

မှန်ပါ့ဘုရား။

အဲဒါ ထိုင်ရင်း,အိပ်ရင်းမှာ တိုးမှုကိုအသိကပ်လို့ တိုးမှုရုပ်နှင့် သိမ်မှုနာမ်ကို ဘာဝနာမယဉာဏ်ဖြင့် သိမြင်ရတာ တွေ့ရတာပါပဲ။

မှန်ပါ့ဘုရား။

အဲသလို ရုပ်နှင့် နာမ်ကို သိမြင်တာက ဝိပဿနာယောဂီများ အစဆုံး သိမြင်ရတဲ့ ''နာမရူပ ပရိစ္ဆေဒဉာဏ်''တဲ့။

မှန်ပါ့ဘုရား။

အလုပ်ခွင်မှာတော့ ရုပ်-နာမ်ဆိုတဲ့အမည်ကို မတပ်ဘူး။ စာပေကသာ တပ်ပြထားတာ။ အလုပ်ခွင် အတွေ့ကတော့ တိုးမှုနှင့်သိမ်မှုကိုပင် တွေ့ရတယ်။

မှန်ပါ့ဘုရား။

အဲဒီတိုးမှုနှင့် သိမ်မှုကိုတွေ့တာပင် နာမရူပ ပရိစ္ဆေဒဉာဏ်တဲ့။ ဒါ့ကြောင့် ဝိသုဒ္ဓိမဂ်၌....

> ဣမဿိံ အတ္တဘာဝေ ရူပံ ပရိဂ္ဂဟေတွာ တထာ မနာယတနဥ္စေဝ ဓမ္မာ ယတနေကဒေသဥ္စ နာမန္တိ ပရိဂ္ဂဟေတွာ ဣတိ ဣဒဥ္စ နာမံ ဣဒဥ္စ ရူပံ၊ ဣဒံ ဝုစ္စတိ နာမရူပန္တိ သင်္ခေပတော နာမရူပံ ဝဝတ္ထပေတိ။
>
> လို့ ဆိုထားတယ်။
>
> အသိကပ်ဆဲမှာ၊ ရုပ်,နာမ်နှစ်ဖြာ၊ ဉာဏ်မှာထင်ထင်၊ သိမြင်တာ၊နာမရူပ ပရိစ္ဆေဒဉာဏ်။ (ဆို)

အဲသလို ရုပ်နာမ်နှစ်ပါးကို သိမြင်တဲ့ယောဂီမှာ ဒိဋ္ဌိစင်ပုံ,ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ပုံ ကို ဆက်ဟောဦးမယ်။

မှန်ပါ့ဘုရား။

အဲသလို ထိုင်ရင်း, အိပ်ရင်းမှာ တိုးမှုကို အသိကပ်တိုင်း - အသိကပ်တိုင်း တိုးမှုနှင့် သိမ်မှုကို ဘာဝနာမယဉာဏ်ဖြင့် သိမြင်နေရ... ...ယောဂီဟာ....

> နေတံ မမ၊ ဒီ တိုးမှုနှင့် သိမ်မှုဟာ ငါ့ဥစ္စာ မဟုတ်ဘူး။ နေသောဟမသ္မိ၊ ဒီ တိုးမှုနှင့် သိမ်မှုဟာ ငါမဟုတ်ဘူး။ န မေသော အတ္တာ၊ဒီတိုးမှုနှင့်သိမ်မှု ဟာ ငါ၏ကိုယ်လဲ မဟုတ်ဘူး။ ဣတိ ဧဝံ၊ ဤသို့ တော၊ ဤတိုးမှုနှင့် သိမ်မှုကို။ ယထာဘူတံ၊ ယုတ်မှန်တဲ့အတိုင်း။ သမ္မပ္ပညာယ၊ ကောင်းစွာ

ခွခတ်—၅၅၊ (ဒုတိယအကြိမ်)

သိအပ်သော ဝိပဿနာပညာဖြင့်။(ဝါ)ဘာဝနာမယဉာဏ်ဖြင့်။ ဒဋ္ဌဗ္ဗံ၊ သိအပ်လေတော့သတည်း။

လို့ ဟောတော်မူတဲ့ "အနတ္တလက္ခဏသုတ်"အတိုင်း တိုးမှုကို အသိကပ်ခိုက် တိုးမှုကို ရှုခိုက်မှာ တိုးမှုနှင့်သိမှု တည်းဟူသော ရုပ်,နာမ် နှစ်ပါးမှတပါး တခြား င မရှိ၊ငါ့ကိုယ်မရှိ၊ ငါ့ဥစ္စာမရှိ၊ငါ့သားနှင့် ငါ့သမီး၊ငါ့မယား-ငါ့လင်မရှိ၊မိန်းမ-ယောကျ်ားမရှိ၊ ပုဂ္ဂိုလ်-သတ္တဝါမရှိ၊နတ်-ဗြဟ္မာမရှိ၊ရုပ်-နာမ်နှစ်ပါးသာ ရှိတယ်လို့ ဆုံးဖြတ်နိုင်တော့တာပဲတဲ့။

မှန်ပါ့ဘုရား။

အဲသလိုဆုံးဖြတ်နိုင်တဲ့ယောဂီဟာ ဒိဋ္ဌိစင်ပြီ,ဒိဋ္ဌိကွာပြီ,ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ပြီတဲ့။

မှန်ပါ့ဘုရား။

ဒါ့ကြောင့် ဝိသုဒ္ဓိမဂ်မှာ....

နာမရူပတော ဥဒ္ဓံ အညော သတ္တော ဝါ ပုဂ္ဂလော ဝါ ဒေဝေါ ဝါ ဗြဟ္မာ ဝါ နတ္ထီတိ နိဋ္ဌံ ဂစ္ဆတိ။

ဧဝံ နာနာနယေဟိ နာမရူပံ ဝဝတ္ထာပယတော သတ္တသညံ အဘိဘဝိတွာ အသမ္မောဟဘူမိယံ ဌိတံ နာမရူပါနံ ယာဿဝဒဿနံ ဒိဋ္ဌိ ဝိသုဒ္ဓိတိ ဝေဒိတဗ္ဗံ။

လို့ မိန့်ဆိုပါတယ်။

မှန်ပါ့ဘုရား။

အသိကပ်ဆဲမှာ၊ရုပ်-နာမ်နှစ်ဖြာ၊ တွေ့ရပါ၍၊ ရုပ်-နာမ်သာဟု၊ဉာဏ်မှာ ထင်ထင်၊ တကယ်မြင်၊ ကင်းစင် ဒိဋ္ဌိကွာ။ (ဆို)

ယခု ကိုဖိုးမြင့်နှင့် ကိုလှရွှေတို့မှာ တရားအစစ်ခံချက်အရ တွေ့မြင်ရပုံအတိုင်းဆိုရင် ဒီနာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ဒိဋ္ဌိဝိသုဒ္ဓိစခန်းကိုတော့ တန်းဆိုက်နေတာပါပဲ။ ဆရာနည်းကျကျ အားထုတ်လို့ အာရုံနှင့်အသိ အံကိုက် သွားရင် ဒီဉာဏ်ကို တထိုင်ထဲမှာပဲ ရနိုင်ပါတယ်။

မှန်ပါ့ဘုရား။

ဒီ နာမရူပ ပရိစ္ဆေဒဉာဏ်ကိုရလို့ ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်ရင်ပင် အတော်ဟန်ကျသွားပါပြီ။ဘာ့ကြောင့်လဲဆိုရင် ဒိဋ္ဌိဝိသုဒ္ဓိမပျက်စီးတော့လျှင် ဂတိမြဲဖို့ သေချာသောကြောင့် သုဂတိဘဝမြဲသောကြောင့်ဖြစ်ပါတယ်။ဒါ့ကြောင့်ဝိသုဒ္ဓိမဂ်မှာ-

လဒ္ဓိနာ ပန ဉာဏေန သပန္နာဂတော ဝိပဿကော၊ဒီ ယထာဘူတဉာဏ်နှင့်ပြည့်စုံသော ဝိပဿနာရှုသော ယောဂီပုဂ္ဂိုလ်သည်။ ဗုဒ္ဓသာသနေ၊ မြတ်စွာဘုရားသာသနာတော်၌။ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော၊ သက်သာရာရ,တည်ရာရသော။ နိယတ ဂတိကော၊ သုဂတိဘဝ မြဲသော။ စူဠသောတာပန္နောနာမ၊ စူဠသောတာပန်မည်သည်။ ဟောတိ၊ ဖြစ်၏-တဲ့။

ဒီအတိုင်း ရှေ့ဆက်လက်ပြီးအားထုတ်ရင် ယခုတွေ့မြင်ရတဲ့ ရုပ်နှင့်နာမ်ဟာ အကြောင်းကြောင့် ဖြစ်လာရတဲ့ အကျိုးတွေပဲ။အကြောင်းအကျိုးနှစ်ပါးဆက်သွယ်လျက် ဖြစ်နေကြတာပဲ၊အကြောင်းနှင့်အကျိုးကလွဲလို့ ဘာမျှမရှိဘူး၊ ပြုလုပ် ဖန်ဆင်းပေးသူလဲ မရှိဘူး၊ ပြုလုပ် ဖန် ဆင်း ပေး ခြင်း ခံ ရ သူ လဲ မရှိဘူး၊ အကြောင်းကြောင့်ဖြစ်ပေါ်လာတဲ့ အကျိုးတွေပဲလို့လဲ ဉာဏ်ထဲမှာသဘောကျလာလိမ့်မယ်။

မှန်ပါ့ဘုရား။

ရှေ့ဆက်လက်ပြီး အားထုတ်သွားပြန်ရင် ပေါ်လာတဲ့အာရုံနှင့် အသိကလေးဟာ တခါအသိကပ် - တခါပျက်၊ တခါအသိကပ် - တခါပျက်တာကို အမှန်အတိုင်း သိမြင်ရလိမ့်မယ်။ အဲဒါ ''ဥပ္ပါဒဝယ ဓမ္မိနော'' ဆိုတဲ့အတိုင်း ပေါ်လာပြီးနောက် ပျောက်သွားတဲ့သဘောကို အမှန်အတိုင်း သိမြင်ရတာတဲ့။

မှန်ပါ့ဘုရား။

အဲသလို တွေ့မြင်ရတဲ့ ယောဂီဟာ ''အနိစ္စာ ဝတ သင်္ခါရာ''လို့ ဆိုတဲ့အတိုင်း အနိစ္စကို လက်တွေ့အားဖြင့် တွေ့ရတာတဲ့။

မှန်ပါ့ဘုရား။

ဒီက ရှေ့ဆက်ပြီး အားထုတ်ပြန်ရင်....

ဇဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော ရူပသ္မိံ(ဝိညာဏသ္မိံ) နိဗ္ဗိန္ဒတိ၊ နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ၊ ဝိရာဂါ ဝိမုစ္စတိ၊ ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံ ဟောတိ၊ ခီဏာ ဇာတိ။

လို့ ''အနတ္တ လက္ခဏသုတ်''မှာ ဟော တော် မူ တဲ့ အ တိုင်း ဖြစ်-ပျက်သဘောအပေါ် ငြီးငွေ့လာလိမ့်မယ်။ ငြီးငွေ့လာရင် ဖြစ်-ပျက်သဘောအပေါ် တပ်မှုကင်းလာလိမ့်မယ်။ဖြစ်-ပျက်သဘောမှ လွတ်ချင်လာလိမ့်မယ်။ ထို့နောက် ဖြစ်-ပျက်မှုလွတ်ပြီး ဖြစ်-ပျက်ကုန်ဆုံးရာ နိဗ္ဗာန်အာရုံထဲ ရောက်သွားလိမ့်မယ်။ အဲဒါကို ''တေသံ ဝူပသမော သုခေါ''လို့လဲ ဟောတယ်။ ပိတော့ ဒုက္ခဿန္တံ ကရိဿထ''လို့လဲ ဟောတယ်။

မှန်ပါ့ဘုရား။

နောက်ဆက်ပြီးအားထုတ်လို့ လေးကြိမ်အထိ ဖြစ်-ပျက်ဆုံးရာသို့ရောက်ပြီး ကိလေသာမှ လွတ်ရင်တော့ ''ခီဏာ ဇာတိ'' ဆိုတဲ့အတိုင်း ဇာတိခေါ်တဲ့ ဘဝသစ် ဖြစ်မှုကုန်ပြီ၊ ရဟန္တာဖြစ်ပြီ။ အဲသလို ရဟန္တာဖြစ်သွားတာကို ''ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ ကရဏီယံ''လို့ ဆိုတယ်။ ပြုဖွယ်ကိစ္စပြီးပြီလို့ ဆိုလိုတယ်။

မှန်ပါ့ဘုရား၊

ဒီအတိုင်း ဖြစ်အောင်လဲ ရှေ့ဆက်ပြီး အားထုတ်ကြရဦးမယ် ကိုစိုးမြင့်၊ ပါရမီရှိလာရင် ယခုရောက်တဲ့ စူဠသောတာပန် အထိမျှမကဘူး မဟာသောတာပန်ခေါ်တဲ့ ဝဇမက်ကိုလ်ဒုပုဂ္ဂိုလ်လဲ ဖြစ်နိုင်တာပဲ။

မှန်ပါဘုရား။

ခီဏာ ဇာတိ၊ ဘဝကုန်တဲ့ ရဟန္တာကျအောင်လဲ ဖြစ်နိုင်တယ်တဲ့။

မှန်ပါဘုရား။

ဒါ့ကြောင့် ရှေ့ကိုဆက်လက်ပြီး အားထုတ်ကြဖို့ရန်ကိုလဲ အထူးပဲတိုက်တွန်းလိုက်ပါတယ်။

မှန်ပါဘုရား။

ကိုစိုးမြင့် ယခုလို ထိုင်ရင်းဖြစ်စေ၊ အိပ်ရင်းဖြစ်စေ မူရင်းဝိပဿနာရှုနည်းအတိုင်း "တိုးမှုအာရုံ" အပေါ်ကို ထပ်ကာထပ်ကာ အသိကပ်နေတဲ့အခါမှာ မလှုပ်မရှားပဲ ငြိမ်ငြိမ်နေရတဲ့အတွက် ဒီကိုယ်ကြီး တနေရာရာက မခံသာမှု ဒုက္ခဝေဒနာသဘောတွေ ပေါ်လာပြန်တတ်တယ်။

မှန်ပါဘုရား။

အဲဒီ မခံသာမှု ဒုက္ခဝေဒနာသဘောတွေဟာ ဝေဒနာက္ခန္ဓာ နာမ်တရားဖြစ်တယ်။ သို့အတွက် အဲဒီ မခံသာမှု ဒုက္ခဝေဒနာ သဘောတွေကိုလဲ လွန်ကဲပြင်းထန်စွာဖြစ်ပေါ်နေရင် အဲဒီမခံသာမှုအပေါ် စိတ်စိုက်ပြီး "သိ-သိ-သ်" လို့ အသိကပ်နေရမယ်။ အဲဒါ မခံသာမှု ဒုက္ခဝေဒနာခေါ်တဲ့ ဝေဒနာက္ခန္ဓာကို ဝိပဿနာရှုတာတဲ့။

မှန်ပါဘုရား။

ဒါ့ကြောင့် မဟာသတိပဋ္ဌာန်ပါဠိတော်မှာ....

ဒုက္ခံဝါ ဝေဒနံ ဝေဒယ မာနော ဒုက္ခံ ဝေဒနံ ဝေဒယာမိတိ ပဇာနာတိ။ လို့ ဟောတော်မူတယ်၊ အဲဒါကို ဝေဒနာနုပဿနာရှုနည်းလို့လဲ ခေါ်တယ်။

မှန်ပါဘုရား။

ကိုစိုးမြင့် - မခံသာမှုဝေဒနာကို အသိကပ်ရင် မလှုပ်မရှားပဲ သူ့အလိုအလျောက် ဝေဒနာပျောက်သွားအောင် အသိကပ်နေရမယ်။ မခံနိုင်လို့ခဏခဏ လှုပ်ရှား ပြောင်းရွှေ့လာရင် ဒီ မခံသာမှု ဝေဒနာဒဏ်ချက်ကို ဆက်ပြီးခံနေရတတ်တယ်။

မှန်ပါဘုရား။

ပီတော့ ဒီမခံသာမှုဝေဒနာဟာ ခဏ ခဏ ပေါ်နေတတ်တယ်။

မှန်ပါဘုရား။

သို့အတွက် အောင့်အည်း သည်းခံပြီး မခံသာမှုဝေဒနာ သူ့အလို အလျောက်ပျောက်သွားအောင် အသိကပ်နိုင်ရမယ်, ရှုနိုင်ရမယ်။

မှန်ပါ့ဘုရား။

ဒီဝေဒနာရှုပုံက ဉာဏ်စဉ်ပေါ်တာကိုလဲ ဆက်ပြီး ဟောဦးမယ်။

ကိုစိုးမြင့် - အဲဒီ မခံသာမှု သဘောကိုရှုရင်, အသိကပ်ရင် မခံသာမှု သဘောကို မသိဘူးလား။

သိပါတယ်ဘုရား။

ဒီ မခံသာမှုသဘောကို စာသုံးက ဝေဒနာက္ခန္ဓာ-နာမ်လို့ ခေါ်တယ်။

မှန်ပါ့ဘုရား။

သိတာကလဲ နာမ်ပဲ။

မှန်ပါ့ဘုရား။

အဲဒီ မခံသာမှုသဘော ဖြစ်ပေါ်ရာဖြစ်တဲ့ ဒီကိုယ်ကြီးကတော့ ရုပ်တဲ့။

မှန်ပါ့ဘုရား။

အဲသလို ဝေဒနာရှုတဲ့အခါမှာလဲ ရုပ်နှင့် နာမ်ကိုပဲ တွေ့ရတယ်။

ကိုစိုးမြင့်-ဒီ မခံသာမှုတွေ ပေါ်လာရာဖြစ်တဲ့ ကိုယ်ကြီးက ဘာလဲ။

ရုပ်ပါဘုရား။

မခံသာမှု သဘောကကော။

နာမ်ပါဘုရား။

အသိကပ်တော့ မသိဘူးလား။

သိပါတယ်ဘုရား။

အဲဒီ သိတာက ဘာလဲ။

နာမ်ပါပဲ ဘုရား။

ဒါဖြင့် ဝေဒနာကို ရှုတဲ့အခါမှာလဲ ရုပ်-နာမ်ကလွဲလို့ ဘာရှိသေးသလဲ။

ဘာမှ မရှိပါဘုရား။

အေး မခံသာမှု ဒုက္ခဝေဒနာသဘောတွေကို ရှုတဲ့အခါ, အသိကပ်တဲ့ အခါမှာလဲ ရုပ်နှင့်နာမ်မှတပါး အခြား ဘာမှမရှိဘူး၊ ရုပ်နှင့်နာမ် နှစ်ပါးသာ ရှိတယ်တဲ့။

မှန်ပါ့ဘုရား။

အဲဒါလဲ ဝေဒနာကိုရှုရာက နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်တာ ပဲတဲ့။

မှန်ပါ့ဘုရား။

အဲ-ထိုင်ရင်း, အိပ်ရင်း ဝိပဿနာရှုရာမှာ မူရင်း ဝိပဿနာ ရှုနည်းကို ဒုတိယအဆင့်အနေအားဖြင့် တနည်းပြောင်းပြီး ဟောဦးမယ်။

မှန်ပါ့ဘုရား။

ဒီ မူရင်း ဝိပဿနာရှုနည်း ဒုတိယအဆင့်ကို နှစ်ရက်, သုံးရက်ခန့်ရလျှင် ပြောင်းပေးနိုင်တယ်၊ ကိုစိုးမြင့်တို့ကိုလဲ သုံးရက်ရလျှင် ဒီ ဒုတိယ အဆင့် ကို ပြောင်းပေးမယ်။

မှန်ပါ့ဘုရား။

မူရင်း ဝိပဿနာရှုနည်း ဒုတိယအဆင့်က ရင်ချိုင့်ဆီကို စိတ်ထားပြီး နားထောင်နေရတယ်။ ရင်ချိုင့်မှာ စိတ်တည်ပြီး နားထောင်ရင် ရင်ချိုင့်အတွင်းက ''ဒိတ်-ဒိတ်''လို့ မြည်တဲ့အသံကို နားက ကြားလာရတယ်။ မကြားမချင်း ရင်ချိုင့်မှာစိုက်ပြီး နားထောင်နေပါ။ အင်မတန်ဆိတ်ငြိမ်ပြီး စိတ်တည်လာရင် ဒိတ်-ဒိတ်သံကို ကြားလာပါလိမ့်မယ်။

မှန်ပါ့ဘုရား။

ကြားတာအပေါ် အသိကပ်မှု,ရှုမှု မလွဲရင် ''ဒိတ်-ဒိတ်''သံကိုလဲ တွေ့ရလိမ့်မယ်။ သိမှုကိုလဲ တွေ့ရလိမ့်မယ်။ သို့အတွက် ရင်ချိုင့်ကမြည်လာတဲ့ ဒိတ်-ဒိတ်သံကို ကြားတိုင်း-ကြားတိုင်း''သိ-သိ''လို့ အသိကပ်နေရမယ်။ ကြားတဲ့အသံနှင့် အသိကိုကို အံကိုက်ဖြစ်အောင် သတိထားပြီး အသိကပ်ရမယ်။

မှန်ပါ့ဘုရား။

အဲသလို ရင်ချိုင့်အတွင်းကမြည်တဲ့ ဒိတ်-ဒိတ်သံကို အသိကပ်တာ,ရှုတာဟာ သောတ သဒ္ဒ သဘောဖြစ်တဲ့ရုပ်အပေါ်ကိုပဲ ဝိပဿနာရှုတာဖြစ်ပါတယ်။ အဲဒီ ဒိတ်-ဒိတ်သံဟာ''သောတ သဒ္ဒရုပ်''ဖြစ်ကြောင်း အထောက်သာဓကမှာ-သောတဉ္စ ပဇာနာတိ၊ သဒ္ဒေစ ပဇာနာတိ-လို့လာတဲ့ မဟာသတိပဋ္ဌာနသုတ်ကိုပဲ ထောက်ရပါတယ်။

မှန်ပါ့ဘုရား။

အဲဒီ ဒိတ်-ဒိတ်သံဟာ မြန်မာလို ''အသံ-ရုပ်''ပါဠိလို ''သဒ္ဒ-ရုပ်'' လို့ ခေါ်တယ်။ အဲဒီ သဒ္ဒ-ရုပ်ကို ဝိပဿနာရှုတာလို့ မှတ်။

မှန်ပါ့ဘုရား။

ဒါလဲ ဓမ္မာနုပဿနာ အာယတန ပဗ္ဗ ရှုနည်းပါပဲတဲ့။

မှန်ပါ့ဘုရား။

အဲဒါက မူရင်း ဝိပဿနာရှုနည်း ဒုတိယဆင့်၊ ဒုတိယနည်းပါပဲ။

မှန်ပါ့ဘုရား။

ဒိဒုတိယနည်းအရ “ဒိတ်-ဒိတ်သံ”ကို နားထောင်လို့မရလျှင် မရှုပ်နေရှဲ ရှိပါတယ်။ မူရင်း ပထမရှုနည်းအတိုင်းသာ ရှုရမယ်။

မှန်ပါဘုရား။

အဲဒီမူရင်း ဒုတိယရှုနည်းအရ ရှုပုံက ဉာဏ်စဉ်ပေါ်လာတာကို ဆက်ပြီး ဟောဦးမယ်။

မှန်ပါဘုရား။

ကိုစိုးမြင့်-ရင်ချိုင့်ဆီကိုစိတ်ထားပြီး နားထောင်နေရင် ရင်ချိုင့်အတွင်း ဆီက “ဒိတ်-ဒိတ်သံ”ကို ကြားရတယ်။

မှန်ပါဘုရား။

ဆိတ်ငြိမ်ပြီး စိတ်တည်နေမှ ကြားရတယ်။

မှန်ပါဘုရား။

အဲဒီ ဒိတ်-ဒိတ်သံကိုနားထောင်ပြီး ကြားတိုင်း-ကြားတိုင်းအသိကပ်ကပ် ပေးရင် ဒိတ်-ဒိတ်သံကို မသိဘူးလား။

သိပါတယ်ဘုရား။

အဲဒီနေရာမှာ နားထောင်လို့ကြားရတဲ့ ဒိတ်ဒိတ်သံကို အသိကပ်တာက ရှုတာတဲ့၊ အဲဒီ ဒိတ်ဒိတ်သံအာရုံကို နားထောင်တာနှင့် ရှုမှု၊ အသိကပ်မှုကို အံကိုက်နေစေရတယ်၊ မလွဲစေရဘူး။

မှန်ပါဘုရား။

တချို့ကျတော့ ‘ဒိတ်-ဒိတ်’မျှမက ဒိန်းဒိန်း လှုပ်ပင် ကြားရတတ်တယ်။ အတူတူပဲ၊ အသံချည်းပဲ၊ အဲဒီ ဒိန်းဒိန်းသံကိုလဲ အသိကပ်ရမှာပဲတဲ့။

မှန်ပါဘုရား။

ကိုစိုးမြင့်-ဒီ ‘ဒိတ်-ဒိတ်သံ’ဟာ စာက ဘာခေါ်သလဲ။

ရုပ် ခေါ်ပါတယ်ဘုရား။

ဒိတ်-ဒိတ်သံကိုရှုတော့, အသိကပ်တော့ မသိဘူးလား။

သိပါတယ်ဘုရား။

အဲဒီ သိတာက ဘာလဲ။

နာမ်ပါ ဘုရား။

ဒါဖြင့် ဒီလို ဒိတ်ဒိတ်သံကိုရှုတဲ့အခါမှာလဲ ရုပ်နှင့်နာမ်ပဲ မဟုတ်လား။

မှန်ပါဘုရား။

ရုပ်နှင့် နာမ်ကလွဲလို့ ဘာရှိသေးသလဲ။

ဘာမှ မရှိပါဘုရား။

အေး ရင်ချိုင့်အတွင်းက ဒိတ်ဒိတ်သံကို အသိကပ်တဲ့အခါမှာလဲ ရုပ်နှင့် နာမ်မှတပါး တခြား ဘာမှမရှိဘူး၊ ရုပ်,နာမ် နှစ်ပါးပဲရှိတယ်။

မှန်ပါ့ဘုရား။

''နာမရူပတော ဥဒ္ဓံ အညော သတ္တော ဝါ ပုဂ္ဂလော ဝါ ဒေဝေါ ဝါ ဗြဟ္မာ ဝါ နတ္ထိ''လို့ ဆိုတဲ့အတိုင်းပေါ့။

မှန်ပါ့ဘုရား။

အဲဒါကတော့ ရင်ချိုင့်အတွင်းက ဒိတ်ဒိတ်သံကို ရှုလို့, အသိကပ်လို့ နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ဒိဋ္ဌိဝိသုဒ္ဓိဖြစ်တာတဲ့။

မှန်ပါ့ဘုရား။

ရှေ့ဆက်ပြီး ဒိတ်ဒိတ်သံကိုပဲ ရှုနေရင်, အသိကပ်နေရင် အသိကပ်တိုင်း- အသိကပ်တိုင်း ဒိတ်ဒိတ်သံဟာ တခါအသိကပ်၊ တခါပျောက်တာကို ဝိပဿနာ ဘာဝနာဉာဏ်ဖြင့် သိရလိမ့်မယ်။

မှန်ပါ့ဘုရား။

အဲဒါ 'ဥပ္ပါဒဝယ ဓမ္မိနော'ဆိုတဲ့အတိုင်း ဖြစ်ပေါ်ပြီးနောက် ပျောက် ပျက်သွားတဲ့ သင်္ခါရသဘောကို သိမြင်ရတာတဲ့။

မှန်ပါ့ဘုရား။

အဲသလို တွေ့တာဟာ အနိစ္စသဘောကို တွေ့တာပါပဲတဲ့။

မှန်ပါ့ဘုရား။

ကိုစိုးမြင့်-တချို့ကျတော့ ဒီ ဒိတ်ဒိတ်သံကို နားထောင်လို့ ကြားရုံသာ ကြားနေပြီး ရှုမှု, အသိကပ်မှု မလုပ်ရင်လဲ အသိကပ်မှုနှင့် ဒိတ်ဒိတ်သံဟာ အံမကိုက်တော့ပဲ လွဲနေတဲ့အတွက် ဒိတ်ဒိတ်သံ ပျောက်သွားတတ်ပြန်တယ်။

မှန်ပါ့ဘုရား။

တချို့ကျတော့လဲ'သိ-သိ'လို့ အသိသာကပ်နေတယ်, ရှုနေတယ်၊ဒိတ်ဒိတ် သံအပေါ် နားမထောင်တဲ့အတွက် စိတ်မရောက်တဲ့အတွက် ဒိတ်ဒိတ်သံဟာ ပျောက်သွားတတ်ပြန်တယ်။

မှန်ပါ့ဘုရား။

တချို့မှာလဲ ဒိတ်ဒိတ်သံအပေါ် အသိကပ်မှုလွဲနေတဲ့အတွက် အသံအပေါ် နားထောင်တာနှင့် အသိကပ်တာ တခြားစီဖြစ်နေတဲ့အတွက် အလင်းရောင်စတဲ့ ဝိပဿနာညစ်ညူးကြောင်းတရားတွေ ပေါ်နေတတ်ပြန်တယ်။

မှန်ပါ့ဘုရား။

သို့အတွက် ဒိတ်ဒိတ်သံနှင့် အသိကပ်မှု အံကိုက်ဖြစ်နေအောင် သတိထား ရတယ်တဲ့။

မှန်ပါ့ဘုရား။

တချို့ကျပြန်တော့လဲ ဒိတ်ဒိတ်သံ အာရုံအပေါ်မှ စိတ်လွတ်သွား-ထွက်သွားပြီး အသံအပေါ် နားထောင်တာနှင့် အသိကပ်မှု တခုခုဖြစ်စေ, နှစ်ခုလုံးဖြစ်စေ မပြုမိတဲ့အတွက် ဒိတ်ဒိတ်သံ ပျောက်သွားတတ်ပြန်တယ်။

မှန်ပါ့ဘုရား။

သို့အတွက် ဒိတ်ဒိတ်သံအပေါ် စိတ်မလွတ်အောင် သား, သမီး, ခင်ပွန်း, တပည့်-တပန်း, ဒကာ-ဒကာမ, ပစ္စည်းဥစ္စာစသည်များအပေါ် စိတ်ရောက်ရောက်မသွားအောင်, ကြောင့်ကြဗျာပါရများကို ဖြတ်နိုင်အောင်ဖြတ်ပြီး အားထုတ်ရတယ်။

မှန်ပါ့ဘုရား။

ဒီအတိုင်းဆက်ပြီး ဒိတ်ဒိတ်သံအပေါ် အသိကပ်နေရင် ဒိတ်ဒိတ်သံအပေါ် နားထောင်တာနှင့် အသိကပ်တာ တည့်မှန်ပြီး အသိကပ်နေရာ အချိန်တော်တော်ကြာသွားတဲ့အခါ ဒိတ်ဒိတ်သံကြားရာ ရင်ချိုင့်, ရင်ဝထဲက ပူပြီးလာတတ်တယ်၊ အစမှာတော့ နည်းနည်းပဲ ပူပေမဲ့ တဖြည်းဖြည်း သည်းမခံနိုင်လောက်အောင် ပူလာတတ်တယ်။

မှန်ပါ့ဘုရား။

အဲဒီအခါ တချို့ရှုမှု,အသိကပ်မှုကို ဖျက်ပစ်တတ်တယ်၊ဆရာကအနားကစောင့်ပြီး အောင့်အည်းသည်းခံရန် အားပေးရမယ်, ပြောကြားရမယ်တဲ့။

မှန်ပါ့ဘုရား။

အင်မတန်ပူလာရင်, သည်းမခံနိုင်လောက်အောင် ဖြစ်လာရင် အဲဒီပူတဲ့ဝေဒနာကို အာရုံမရောက်အောင် စိတ်ကိုထိန်းပြီး ဒိတ်ဒိတ်သံကိုသာ အသံပေါ်နားထောင်တာနှင့် အသိကပ်တာ မလွဲအောင်,အသိမလွတ်အောင် ရှုနေရမယ်၊ ကြာရင် သည်းခံလာနိုင်ပါလိမ့်မယ်။

မှန်ပါ့ဘုရား။

တချို့ကျတော့လဲ ဒီပူမှုဝေဒနာ ပြင်းပြင်းထန်ထန် မတွေ့တတ်ဘူး။

မှန်ပါ့ဘုရား။

ပူမှုပေါ်ရင်လဲ ဒိတ်ဒိတ်သံကိုသာ မပြတ်အောင် အသိကပ် နေရမှာပါတဲ့။

မှန်ပါ့ဘုရား။

အဲဒီအတိုင်း ရင်ချိုင့်,ရင်ဝထဲကဖြစ်လာတဲ့ ဒိတ်ဒိတ်သံကို အသံအပေါ် အသိကပ်မှုမလွဲအောင် အထူးသတိပြုပြီး ရှုနေလို့ ဝိပဿနာဉာဏ် ရင့်သန်လာတဲ့အခါမှာ ဒိတ်ဒိတ်သံဟာ တဖြည်းဖြည်း သိမ်မွေ့လာပြီးတော့ ဒိတ်ဒိတ်သံနှင့်

အသိကလေးဟာ ရုတ်တရက်ကုန်ဆုံးသွားလိုက်ပြီး ဘာကိုမှမသိတော့ပဲ မေ့နေဘိသကဲ့သို့ ဖြစ်သွားတတ်တယ်တဲ့။

မှန်ပါ့ဘုရား။

အဲဒါဟာ''ဒုက္ခဿန္တံ ကရိဿထ''လို့ ဆိုတဲ့အတိုင်း ဒိတ်ဒိတ်သံနှင့်အသိတည်းဟူသော ဖြစ်-ပျက်ဒုက္ခရဲ့ ကုန်ဆုံးရာ နိဗ္ဗာန်အာရုံထဲသို့ ကျ ရောက် သွားတာတဲ့။

မှန်ပါ့ဘုရား။

ဒါကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာက....

''တံ သင်္ခါရာရမ္မဏံ မုဥ္စိတွာ၊ထိုဒိတ်ဒိတ်သံနှင့် အသိစိတ် တည်းဟူသောဖြစ်-ပျက်သင်္ခါရအာရုံကိုလွှတ်လိုက်ပြီးလျှင်။ ဂေါတြဘုစိတ္တေန၊ဂေါတြဘုစိတ်ဖြင့်။ ဝိသင်္ခါရေ၊ဖြစ်-ပျက်သင်္ခါရကင်းရာ,ဖြစ်-ပျက်သင်္ခါရကုန်ဆုံးရာဖြစ်သော။ ပရတိ ရဘူတေ၊ ထိုမှာဘက်ကမ်း ဖြစ်၍ဖြစ်သော။ နိဗ္ဗာနေ၊ နိဗ္ဗာန်အာရုံထဲ၌။ ပတတိ၊ ကျသွားတာပဲတဲ့။

မှန်ပါ့ဘုရား။

ကိုစိုးမြင့်-အဲသလို ဘာကိုမှ မသိတော့ပဲ မေ့နေဘိသကဲ့သို့ ဖြစ် သွားတာဟာ တချို့မှာတော့သိပ်မကြာဘူး၊တချို့မှာ တော်တော်ကလေးကြာတယ်၊ တချို့ကျတော့ တနာရီလောက်တောင် ကြာသွားတတ်တယ်။

မှန်ပါ့ဘုရား။

အဲသလိုဖြစ်သွားရင် တချို့က ပြာပြာသလဲဖြစ်ပြီး ခေါ်တတ်, နှိုးတတ်ကြတယ်၊ ခေါ်လို့, နှိုးလို့ မရဘူးတဲ့။

မှန်ပါ့ဘုရား။

တချို့က သေပြီလို့တောင် ထင်တတ်ကြတယ်၊ အမှန်ကတော့ သေတာမဟုတ်ဘူး၊ အသာ တနေရာက စောင့်နေရမယ်၊ သူ့အချိန်ကျတော့ သတိရလာလိမ့်မယ်၊ သင်္ခါရအာရုံ ပြန်ပေါ်လာလိမ့်မယ်။

မှန်ပါ့ဘုရား။

သင့်တော်လောက်တဲ့အချိန်ရောက်ရင် ဆရာက အခေါ်ခိုင်းပါ၊ သတိရပြီး ပြန်သိလာရင် ထူးလိမ့်မယ်၊ပြန်မသိသေးရင်လဲ ထူးမှာမဟုတ်ဘူး၊ခဏခဏ မခေါ်နှင့်၊ သူ့အလိုအလျောက်သိလာမှ ခေါ်ကြည့်ပါ၊ ထူးပါလိမ့်မယ်။

မှန်ပါ့ဘုရား။

သူ-သိလာတဲ့အခါမေးရင် ''ဘာမှမသိပဲ ဖြစ်နေတယ်''လို့ ပြောတတ်တယ်၊တချို့ကျတော့ ''တပည့်တော် ဘာဖြစ်သွားမှန်းမသိဘူး၊ အခု ဘယ်တုန်းကနဲ့မှ မတူဘူး၊ အင်မတန်ချမ်းသာနေတယ်''လို့လဲ ပြောတတ်တယ်။

မှန်ပါ့ဘုရား။

အဲသလိုဖြစ်တာကိုတွေ့ရရင် ယောဂီကလဲ ဘာပဲလို့ မဆုံးဖြတ်နှင့်၊ဆရာကလဲ ဘာလို့ မပြောနှင့်၊ ယောဂီကို နောက်ထပ်အဓိဋ္ဌာန်စေပြီး အားထုတ်ခိုင်းရမယ်၊ ဘယ်လိုခိုင်းရမလဲဆိုရင်....

"တပည့်တော်သည် ဆယ့်ငါးမိနစ်ကြာအောင် နိဗ္ဗာန်တရားတော်မြတ်ကိုသာ သိနေ, ရောက်နေရပါလို၏၊ အခြား ဘာကိုမှ မသိရလိုပါ၊ ဆယ့်ငါးမိနစ်စေ့မှ ထရပါလို၏"။

အဲသလို သုံးကြိမ်ဆိုစေပြီး အားထုတ်ခိုင်းရမယ်။

မှန်ပါ့ဘုရား။

အားထုတ်နေကျ ဒိတ်ဒိတ်သံကိုသာ အသိကပ်နေရမှာပါပဲ၊ ဒီလိုအသိကပ်နေရင်းပင် မကြာမီ ဒိတ်ဒိတ်သံရော, အသိစိတ်ရော ကုန်ဆုံး ချုပ်ငြိမ်းသွားလိုက်ပြီး ဘာကိုမှမသိတော့ပဲ မေ့နေသကဲ့သို့ ဖြစ်သွားပါလိမ့်မယ်။

မှန်ပါ့ဘုရား။

အဲဒီအခါ ဆရာက ခေါ်ကြည့်၊ ဘာမှမသိပဲနေလိမ့်မယ်၊ဆယ့်ငါးမိနစ်စေ့ရင် သိလာလိမ့်မယ်။

မှန်ပါ့ဘုရား။

ပီးတော့-တမျိုးအဓိဋ္ဌာန်စေပြီး ခိုင်းရဦးမယ်၊ ဘယ်လိုလဲဆိုရင်...

"တပည့်တော်သည် ဆယ့်ငါးမိနစ်ကြာအောင် နိဗ္ဗာန်တရားတော်မြတ်ကိုသာ သိနေ, ရောက်နေရပါလို၏၊အခြားဘာကိုမှ မသိရလိုပါ၊ ဆယ့်ငါးမိနစ်စေ့မှ ထရပါလို၏၊ ဆရာခေါ်ရင် သိပါရစေ"။

အဲသလိုလဲ တမျိုးအားဖြင့် သုံးကြိမ်ဆိုစေပြီး ဒိတ်ဒိတ်သံကိုပင် အသိကပ်ခိုင်းရအုံးမယ်တဲ့။

မှန်ပါ့ဘုရား။

ဒီလို ဒိတ်ဒိတ်သံကို အသိကပ်နေရင်းပင် ဒိတ်ဒိတ်သံရော, အသိစိတ်ရော ကုန်ဆုံးချုပ်ငြိမ်းသွားလိုက်ပြီး ဘာကိုမှမသိတော့ပဲ မေ့နေဘိသကဲ့သို့ ဖြစ်သွားလိမ့်မယ်။

မှန်ပါ့ဘုရား။

အဲဒီအခါ ဆရာကခေါ်ကြည့်၊ သူ့အဓိဋ္ဌာန်ချက်အတိုင်း ဆယ့်ငါးမိနစ် မစေ့ခင် သိလာပြီး ထူးလိမ့်မယ်။

မှန်ပါ့ဘုရား။

အဲသလို ဆရာလုပ်သူက အဓိဋ္ဌာန်စေပြီး အားထုတ်ခိုင်းလို့ခိုင်းတဲ့အတိုင်း မှန်ကန်စွာဖြစ်လာရင် တရားစစ်-တရားမှန်ပဲလို့ ဆရာလုပ်သူ့အနေဖြင့် ဆုံးဖြတ်

ထားရမယ်၊ ယောဂီကိုတော့ ဘာမှမပြောပဲနှင့် ရှေ့သို့ဆက်ပြီး အားထုတ်ခိုင်းရမယ်တဲ့။

မှန်ပါ့ဘုရား။

အဲသလို အဓိဋ္ဌာန်စေပြီး အားထုတ်ခိုင်းလို့ ခိုင်းတဲ့အတိုင်း မှန်ကန်စွာ မဖြစ်သေးရင် တရားစစ်–တရားမှန် မဟုတ်သေးဘူးလို့ ဆုံးဖြတ်ပြီး ဆက်လက်အားထုတ်ခိုင်းရမယ်တဲ့။

မှန်ပါ့ဘုရား။

အဲဒါက ဆရာလုပ်သူအနေနှင့်တရားစစ်–တရားမှန် ဟုတ်၊မဟုတ်စမ်းသပ်ခိုင်းတာဖြစ်တယ်။ယောဂီအနေနှင့်ကတော့ မိမိ ရ,သိထားတဲ့တရားကို တရားစစ် တရားမှန် ဟုတ်၊မဟုတ် စမ်းသပ်နေရန်မလိုဘူးတဲ့။အကယ်၍စမ်းသပ်နေပါလျှင် အရိယာပုဂ္ဂိုလ်မှာ မိမိ ရ,သိထားတဲ့မဂ်,ဖိုလ်တရားကို မဂ်,ဖိုလ်ဟုတ်လေသလော မဟုတ်လေသလောလို့ ယုံမှား ဝိစိကိစ္ဆာ ဖြစ်ရာ ရောက်နေတယ်၊ ဒါ့ကြောင့် ယောဂီအနေနှင့် စမ်းသပ်နေရန် မလိုဘူးတဲ့။

မှန်ပါ့ဘုရား၊

အဲဒါကတော့ ရင်ချိုင့်အတွင်းကဲမြည်တဲ့ ဒိတ်ဒိတ်သံကို လိုက်ပြီးရှုတဲ့ အသိကပ်တဲ့ ဒုတိယနည်းအနေနှင့် ဝိပဿနာရှုပုံ အထူးပါပဲ။

မှန်ပါ့ဘုရား။

ဒီ ဒုတိယနည်းဝိပဿနာရှုပုံဖြစ်တဲ့ ဒိတ်ဒိတ်သံအာရုံကိုအသိကပ်တာဟာ အာရုံနှင့်အသိ အချုပ်လွယ်ဆုံးဖြစ်တယ်။ နိဗ္ဗာန်အာရုံထဲသို့ အရောက်လွယ်ဆုံးဖြစ်တယ်။ မဂ်,ဖိုလ်ပေါက်ရောက်ရန် အမြန်ဆုံးနည်းဖြစ်တယ်လို့ဘုန်းကြီးအနေနှင့်မှတ်ချက်ချထားပါတယ်။လက်တွေ့အားထုတ်ကြည့်တော့လဲသိရပါလိမ့်မယ်။

ဒါ့ကြောင့် ဒီအမြန်ဆုံး သင်္ခါရအာရုံနှင့် အသိချုပ်နိုင်တဲ့, အမြန်ဆုံး သင်္ခါရအာရုံနှင့် အသိစိတ်ကုန်ဆုံးပြီး နိဗ္ဗာန် အာ ရုံ ထဲ သို့ ရောက် သွား နိုင် တဲ့ ဒိတ်ဒိတ်သံအပေါ် အသိကပ်တဲ့နည်းကို အထူးလိုက်နာပြီး ယုံကြည်စွာ အားထုတ်ကြပါလို့ တိုက်တွန်းလိုက်ပါတယ်။

မှန်ပါ အားထုတ်ပါမယ်ဘုရား။

ကိုစိုးမြင့်-ယခု သွားရင်း ဝိပဿနာရှုပုံကို ဆက်ပြီးဟောဦးမယ်။

မှန်ပါ့ဘုရား။

သွားတာကို စင်္ကြံလျှောက်တယ်လို့ ခေါ်တယ်။

မှန်ပါ့ဘုရား။

ဒါ့ကြောင့် စင်္ကြံလျှောက်ရင်း ဝိပဿနာရှုပုံလို့လဲ ခေါ်နိုင်တယ်။

မှန်ပါ့ဘုရား။

စကြံလျှောက်တယ်ဆိုတာ ဟိုဟိုဒီဒီ အဝေးကိုလျှောက်သွားရမှာဆိုတာ မဟုတ်ဘူး၊ မိမိကမ္မဋ္ဌာန်းကျောင်းကလေး အနီးအနားမှာ ဆယ့်ငါးတောင်၊ အတောင်နှစ်ဆယ်လောက် လျှောက်ရမှာကို ဆိုတယ်။

မှန်ပါ့ဘုရား။

ဘုန်းကြီးထံ တရားလာအားထုတ်တဲ့ ဦးပဉ္ဇင်းကြီးတပါးလိုတော့ စကြံမလျှောက်ရဘူး၊ အဲဒီဦးပဉ္ဇင်းကြီးဟာ ဘုန်းကြီးထံက တရားယူသွားပြီး နောက်တရက်ကျတော့ ဒီကျောင်းဝင်းတွင်းရှိတဲ့ တောင်ကုန်းတွေအပေါ်နှင့် မြောက်ဘက်နားကတောင်တန်းကြီးပေါ်ပါ ဟိုတက်-ဒီတက်၊ ဟိုသွား-ဒီသွားလျှောက်သွားနေတာကိုတွေ့ရလို့ ညနေ တရားစစ်တော့ ဘုန်းကြီးကမေးတဲ့အခါ အဲဒီဦးပဉ္ဇင်းကြီးက "အရှင်ဘုရားက စကြံလျှောက်ရင်း တရားအားထုတ်ရမယ်ဆိုလို့ တပည့်တော် စကြံလျှောက်တာ" လို့ လျှောက်တယ်။ အဲဒီ ဦးပဉ္ဇင်းကြီးလိုတော့ စကြံမလျှောက်ရဘူး။

မှန်ပါ့ဘုရား။

ကိုစိုးမြင့်-ထိုင်ရင်း အားထုတ်တာ၊ အိပ်ရင်း အားထုတ်တာ တော်တော်ကြာသွားရင် ဣရိယာပုထ်မျှအောင် စကြံလျှောက်ရင်း အားထုတ်ရပြန်တယ်။

မှန်ပါ့ဘုရား။

ထိုင်ရင်း-အိပ်ရင်းက အာရုံနှင့်အသိ လွတ်လွတ်ပြီး အိပ်ချင်လာရင်လဲ ထပြီး စကြံလျှောက်ရင်း အားထုတ်ရတယ်။

မှန်ပါ့ဘုရား။

စကြံလျှောက်ရင်း ဘယ်လို အားထုတ်ရမလဲဆိုရင် ဓမ္မာရုံပေါ်မှာပဲ ဖြစ်ဖြစ်၊ မြေကြီးပေါ်မှာပဲဖြစ်ဖြစ် မတ်တတ်ရပ်လိုက်ပြီးလျှင် ညာဘက်ခြေထောက်က လှမ်းပြီးချလိုက်တဲ့အခါ အဲဒီ လှမ်းချတဲ့သဘောကို သိ-လို့ အသိကပ်ရမယ်။

မှန်ပါ့ဘုရား။

လှမ်းပြီးချတဲ့ သဘောအပေါ် လှမ်းပြီးချလိုက်တာနှင့်တပြိုင်နက် အသိကပ်လိုက်မှုကို အကိုက်ဖြစ်စေရမယ်။

မှန်ပါ့ဘုရား။

ပြီးတော့ ဗယ်ဘက်ခြေထောက်က လှမ်းပြီး ချလိုက်တဲ့အခါမှာလဲ အဲဒီ လှမ်းပြီးချတဲ့သဘောကိုပဲ သိ-လို့ အသိကပ်ရမယ်။

မှန်ပါ့ဘုရား။

လှမ်းပြီးချတဲ့ သဘောအပေါ် လှမ်းပြီးချလိုက်တာနှင့်တပြိုင်နက် အသိကပ်လိုက်မှုကို အကိုက်ဖြစ်စေရမယ်။

မှန်ပါ့ဘုရား။

အဲသလို ခြေလှမ်းချတိုင်း - ခြေလှမ်းချတိုင်း အသိကပ်ကပ်ပေးရမယ်။ အဲဒါကိုပင် ဘုရားကိုယ်တော်မြတ်ကြီးက “ဂစ္ဆန္တောဝါ ဂစ္ဆာမိတိ ပဇာနာတိ” ခြေလှမ်းချရင်လဲ ခြေလှမ်းချတယ်လို့ လှမ်းပြီးချလိုက်တဲ့သဘောအပေါ် အသိကပ်ရမယ်၊ သိရမယ်လို့ ဟောထားပါတယ်။

မှန်ပါ့ဘုရား။

အဲဒါကတော့ ကာယာနုပဿနာ ရှုနည်းဖြစ်တယ်။

မှန်ပါ့ဘုရား။

အဲဒီ စင်္ကြံလျှောက်ရင်းရှုတာက ဉာဏ်ပေါ်ပုံကို ဟောဦးမယ်။

မှန်ပါ့ဘုရား။

ကိုစိုးမြင့်–ညာဘက်ခြေထောက်က လှမ်းပြီးချလိုက်တဲ့အခါ လှမ်းပြီးချတဲ့သဘောအပေါ် အသိကပ်တော့ လှမ်းပြီးချတဲ့သဘောကို မသိဘူးလား။

သိပါတယ်ဘုရား။

အဲဒါက အလုပ်ခွင်မှာ ယောဂီရဲ့လက်တွေ့ဖြစ်တယ်။ ဒါကို ပင့်ပတ်လို့ ခေါ်တယ်။

မှန်ပါ့ဘုရား။

စာကတော့ လှမ်းပြီးချတဲ့သဘောကို ရုပ်။ သိတာကို နာမ်လို့ခေါ်တယ်။ အဲဒါက ပရိယတ်တဲ့။

မှန်ပါ့ဘုရား။

ဒီအတိုင်းဆိုရင် အလုပ်မှာ ရုပ်နှင့်နာမ်ကို တွေ့နေတာပဲမဟုတ်လား။

ဟုတ်ပါတယ် ဘုရား။

အလုပ်ခွင်ယောဂီရဲ့ လက်တွေ့က ဘယ်ဟာရုပ်၊ဘယ်ဟာနာမ်-လို့ မပြောတော့ ရုပ်နှင့် နာမ်ကို ခွဲခြားပြီး မပြောတတ်ဘူး။

မှန်ပါ့ဘုရား။

စာကသာ ရုပ်ပဲ, နာမ်ပဲလို့ပြောတယ်။ လက်တွေ့ကတော့ ရုပ်ပဲ,နာမ်ပဲ,လို့ မတွေ့ဘူး၊ လှမ်းပြီးချတဲ့သဘောနှင့် သိမှုကိုပဲတွေ့တယ်၊ အဲဒီ လှမ်းပြီးချတဲ့သဘောနှင့် သိမှုကိုပဲ စာက ရုပ်, နာမ်-လို့ ခေါ်ဝေါ်ထားတယ်။

မှန်ပါ့ဘုရား။

ကိုစိုးမြင့်-စင်္ကြံလျှောက်တဲ့အခါ လှမ်းပြီးချတဲ့သဘောက ဘာလဲ။

ရုပ်ပါဘုရား။

သိတာကကော။

နာမ်ပါဘုရား။

ဒါဖြင့် စကြံ့လျှောက်ရင်း ရှုတဲ့အခါမှာလဲ ရုပ်နှင့် နာမ်ပဲ မဟုတ်လား။
မှန်ပါ့ဘုရား။

ရုပ်နှင့်နာမ်ကလွဲလို့ ဘာရှိသေးသလဲ။
ဘာမှ မရှိပါဘုရား။

အေး - စကြံ့လျှောက်ရင်း ရှုတဲ့အခါမှာလဲ ရုပ်နှင့် နာမ်သာ ရှိတယ်။ ရုပ်နှင့်နာမ်ကလွဲလို့ ဘာမှမရှိဘူး။
မှန်ပါ့ဘုရား။

ဒါကြောင့်- "နာမရူပတော ဥဒ္ဓံ အညော သတ္တော ဝါ ပုဂ္ဂလော ဝါ ဒေဝေါ ဝါ ဗြဟ္မာ ဝါ နတ္ထိ"လို့ ဆိုတာပေါ့။
မှန်ပါတယ်ဘုရား။

အဲဒါကတော့ စကြံ့လျှောက်ရင်းရှုတဲ့အတွက် နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ပုံပါပဲတဲ့။
မှန်ပါ့ဘုရား။

ပီးတော့-ညာဘက်ခြေထောက်က လှမ်းပြီးချလိုက်တဲ့အခါလှမ်းပြီးချတဲ့ သဘောအပေါ် အသိကပ်လိုက်ရင် လှမ်းပြီးချတဲ့သဘောနှင့် သိမှုဟာဖြစ်ပေါ် လိုက်ပြီး ပျောက်သွားတာကို တွေ့ရတယ်။ ဗယ်ဘက်ခြေထောက်က လှမ်းပြီး ချလိုက်တဲ့အခါလဲ လှမ်းပြီးချတဲ့ သဘောအပေါ် အသိကပ်လိုက်ရင် လှမ်းပြီး ချတဲ့သဘောနှင့် သိမှုဟာ ဖြစ်ပေါ်လိုက်ပြီး ပျောက်သွားတာကို ဉာဏ်ထဲမှာ တွေ့ရတယ်။ လက်တွေ့အလုပ်ခွင်မှာတော့ လှမ်းပြီးချတဲ့သဘောနှင့် သိမှုဟာ အသိကပ်တိုင်း-အသိကပ်တိုင်းပျောက်ပျောက်သွားတာကိုပဲ ဝိပဿနာဘာဝနာ ဉာဏ်ဖြင့် သိရတယ်, တွေ့ရတယ်။
မှန်ပါ့ဘုရား။

ဒါ့ကြောင့် သင်္ခါရသဘောဟာ "ဥပ္ပါဒဝယ ဓမ္မိနော၊ ဖြစ်ပေါ်ပြီး နောက် ပျောက်သွားတဲ့သဘောတွေ"လို့ ဟောတာ။
မှန်ပါ့ဘုရား။

အဲဒါကတော့ စကြံ့လျှောက်ရင်း တရားအားထုတ်ပုံနှင့် ဉာဏ်စဉ်ပေါ်ပုံ ပါပဲတဲ့။
မှန်ပါ့ဘုရား။

ကိုင်း....တရားစစ်ရင်း စေတနာကောင်းကောင်းနှင့် ရှေ့ဆက် ဆက်ပြီး ဟောလိုက်တော့ တော်တော်စုံသွားပြီ၊ ဒီတွင်ပဲ တော်ကြဦးစို့။

ယခု ဟောကြားအပ်သော ''ဝိပဿနာရှုနည်း''တရားကို မှတ်သားပြီး ကြိုးစားအားထုတ်ကြသဖြင့်ဝိပဿနာဉာဏ်စဉ်ရင့်သန်ပြီးလျှင်-ဖြစ်-ပျက်ကုန်ဆုံး ချုပ်ငြိမ်းရာ နိဗ္ဗာန်အာရုံထဲသို့ လျင်မြန်စွာ ဝင်ရောက်နိုင်ကြပါစေသတည်း။

(သာဓု....သာဓု....သာဓု)

**အမှာ။** ။ဤ ''ရုပ်,နာမ်ကိုမြင်-ဒိဋ္ဌိစင်တရား''ကို ဟောရာ တနာရီခန့်ကြာသည်။ ယောဂီများလည်း အထူးပင် စိတ်ထက်သန်စွာ နာကြား၍ အားထုတ်ကြသည်။

---

## (ခ) နောက်ပိုင်းဟောရန် ဝိပဿနာဒေသနာ ခြောက်ရက်သင်တန်း ဟောစဉ်များ

### တရားရှီး အာသီသ ဂါထာ

ပါရိစ္ဆတ္တကမူလမှိ၊ သိလာယံ ပဏ္ဍုကမ္ဗလေ။
တာဝတိံသေ သ ပါလေတု၊ ဗုဒ္ဓေါ ဘိဓမ္မ ဒေသယိ။

ယော ဗုဒ္ဓေါ၊အကြင် သုံးလူ့ထိပ်တင် သုံးခွင်မကိုန်ဒ္ဒ သုံးတိုက်ထွတ်ထား ရှင်တော်မြတ်ဘုရားသည်။ တာဝတိံသေ၊ သုံးကျိပ် သုံးပါး နတ်အများ တို့ ပျော်ပါးနေသည် တာဝတိံသာနတ်ပြည်၌။ ပါရိစ္ဆတ္တကမူလမှိ၊ သိကြားစံရာ ရတနာဗိမာန် နန်းဝေဇယန်၏ သေံရပ်မှန် အရှေ့မြောက်ဆန်သည့် နန္ဒဝန်ခေါ် ဉယျာဉ်တော်တွင်း ပင်လယ်ကသစ်ပင်ရင်း၌။ ပဏ္ဍု ကမ္ဗလေ၊ လူ့ ပြည် ရပ်ရွာ သူတော်စွာတို့ အတိဒုက္ခာ ရောက်သောခါ၌ တင်းမာထန်ပြင်း ပူလောင်ခြင်းကို အလျင်းပြုတတ်သဖြင့် ပဏ္ဍုကမ္ဗလာအမည်ရှိသော။ သိလာယံ၊ နူးညံ့ချောညက် ကမ္ဗလာရောင်အဆင်းထွက်သည့် ကျောက်မွေ့ရာ အပြင်ထက်၌။ (သန္တိသိန္နော၊ ထက်ဝယ်ဖွဲ့ခွေ သီတင်းသုံးနေထိုင်တော်မူလျက်။ ဒေဝ ါနံ၊မယ်တော်မိနတ်သား အမှူးထား၍ များပြားလှစွာ နတ်,ဗြဟ္မာ တို့အား။) အဘိဓမ္မံ၊ နက်နဲထူးခြား အဘိဓမ္မာတရားကို။ အဒေသယိ၊ ပတ္တမြားမျက်ချင် လက်ပေါ်တင်သို့ ထင်ထင် ရှားရှား မြင်မမှားရအောင် ဟောကြားတော်မူခဲ့လေပြီ။ သ-သော ဗုဒ္ဓေါ၊ အဘိဓမ္မာဒေသနာကိုသေချာစွာဟောကြားတော်မူငြားထိုရှင်တော်မြတ်ဘုရားသည်။ (မံ၊ အကျွန်ုပ်ကိုရင်း။ တုမှေ၊ သင်-တရားနာပရိသတ်အပေါင်းတို့ကို ရင်း။) ပါလေတု၊ ကိုးဆယ့်ခြောက်ဖြာ ဘေးရောဂါနှင့် များစွာ ရန် စွယ် အန္တရာယ်တို့ လွန်ပယ်ခန်းကာ လျှမ်းလျှမ်းဖြာ၍ ကျန်းမာပကတိ ချမ်းသာစွာ ရှိခြင်းငှာ မကွာနိစ္စ စောင့်ရှောက်တော်မူပါဘုရား။

## ဝိပဿနာဆိုတာ ဘာလဲ

"ဝိပဿနာဒေသနာ"ဆိုတဲ့အတိုင်း ဝိပဿနာတရားကို ပြောကြားရမှာဖြစ်တော့ ဝိပဿနာဆိုတာကိုပင် အစအဦးဆုံးအနေနဲ့ ထင်ထင်လင်းလင်း ရှင်းပြမယ်။ အာရုံတပါးသို့ စိတ်မသွားစေပဲ တရားကို နားထောင်ကြပေတော့။

ဝိပဿနာဆိုတာ သင်္ခတ-ပရမတ်ခေါ်တဲ့ ဥပါဒါနက္ခန္ဓာငါးပါးတည်းဟူသော ရုပ်အာရုံအပေါ်ကိုဖြစ်စေ, နာမ်အာရုံအပေါ်ကိုဖြစ်စေရှုမှတ်ပွားများရတာကို ဆိုပါတယ်။ ဆောင်ပုဒ်ကို လိုက်ဆိုကြ။

ရုပ်,နာမ်အပေါ်၊ ရှုခဲ့သော်၊ မှတ်နော် ဝိပဿနာတည်း။

အဲဒါကြောင့် "ဝိပဿနာ"ပုဒ်ကို ဟောဒီလို ဝိဂြိုဟ်လုပ်ရမယ်။

ပညတ္တိံ ထပေတွာ သင်္ခါရေ ဝိပဿတီတိ ဝိပဿနာ။

ပညတ္တိံ၊ ပညတ်ကို။ ထပေတွာ၊ထား၍။ သင်္ခါရေ၊ရုပ်,နာမ်ဓမ္မ သင်္ခါရတို့ကို။ ဝိပဿတိ၊ ရှုတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဝိပဿနာ၊ ဝိပဿနာမည်၏။

အဲဒီ ဝိပဿနာအလုပ်ကို အားထုတ်တော့ ဘာအကျိုး ရှိပါသလဲဆိုရင် ဝိပဿနာအလုပ်ကို အားထုတ်သူမှာ ရုပ်,နာမ် ဖြစ်-ပျက်ကို ထင်မြင်ပြီးနောက် ဝိပဿနာဉာဏ်စဉ်ပေါက်၍ မဂ်,ဖိုလ်တိုင်အောင်ဆိုက်ရောက်ပြီးလျှင် နောက်ဆုံးတွင် အိုခြင်း,နာခြင်း, သေခြင်းတို့မှ ကင်းလွတ်ရာဖြစ်တဲ့ အနုပါဒိသေသနိဗ္ဗာန်တိုင်အောင် ဝင်စံနိုင်တယ်။

ဟောဒီ ဆောင်ပုဒ်ကို လိုက်ဆိုကြ။

ဝိပဿနာအလုပ်၊ လွန်ကြိုးကုတ်၊ အားထုတ်ပါမှ မဂ်ရမည်။

အဲ-ဒါကြောင့် ဟောဒီနေရာကနေပြီးတော့ ဝိပဿနာအလုပ်ကို အားထုတ်ကြပါလို့ အထူးအားဖြင့် တိုက်တွန်းလိုက်ပါတယ်။

## ဝိညာဏ် ခြောက်ပါး

ဒွါရခြောက်ပါး, အာရုံခြောက်ပါး, ဝိညာဏ်ခြောက်ပါးတို့တွင် ဝိညာဏ်ခြောက်ပါးကိုသာ ပြောပြမယ်၊ မှတ်ထားကြ။

(၁) စက္ခု,ဝိညာဏ်-မြင်,စိတ်။
(၂) သောတ,ဝိညာဏ်-ကြား,စိတ်။
(၃) ဃာန,ဝိညာဏ်-နံ,စိတ်။
(၄) ဇိဝှာ,ဝိညာဏ်-စား,စိတ်။
(၅) ကာယ,ဝိညာဏ်-ထိ,စိတ်။
(၆) မနော,ဝိညာဏ်-ကြံ,စိတ်။

အဲ-ဒီဝိညာဏ် ခြောက်ပါးဟာ သူ့အလိုအလျောက် ပေါ်ပေါက်လာတာ, ဖြစ်လာတာမဟုတ်ဘူး၊အကြောင်းတိုက်ဆိုင်မှသာ ဖြစ်ပေါ်လာကြသော ဖြစ်-ပျက်, ပရမတ် သဘောတရားများ ဖြစ်ကြတယ်၊ ဖြစ်ပေါ် လာပြီးနောက် ဥပါဒ်,ဋ္ဌီ,ဘင်,ခဏတ္တယအတွင်း ချုပ်ပျောက်သွားကြတယ်၊အမြဲတည်နေသော သဘောတရားများ မဟုတ်ပါဘူး။ ဒါကြောင့်- အဘိဓမ္မာဝတာရဋ္ဌကာ၌ ...

ဥဒကေ ဒဏ္ဍရာဇီဝ၊ အာရဂ္ဂေရိဝ သာသပေါ။
ဝိဇ္ဇုပ္ပါဒါဝ ဓမ္မာ တေ၊ ပရိတ္တဋ္ဌာယိနော သိယုံ။
လို့ မိန့်ဆိုတော်မူထားပါတယ်။

တေဓမ္မာ၊ ထိုအကြောင်း တိုက်ဆိုင်မှသာ ထင်ရှားစွာ ဖြစ်ပေါ်လာတဲ့ ဖြစ်-ပျက်,ပရမတ်သဘောတရားတို့သည်။ ဥဒကေ၊ရေထဲ၌။ ဒဏ္ဍရာဇီဝ၊ ဒုတ်ဖြင့် ရေးသကဲ့သို့ရှင်း။ အာရဂ္ဂေ၊ ပွတ်ဆောက်ဖျား၌။ သာသပေါဣဝ၊ မုန်ညင်းစေ့ ကဲ့သို့ရှင်း။ ဝိဇ္ဇုပ္ပါဒါဝ၊ လျှပ်စစ်တို့ကဲ့သို့ရှင်း။ ပရိတ္တဋ္ဌာယိနော၊ တိုတောင်း လှစွာ ခဏတ္တယအတွင်းမျှသာ တည်တံ့ကြကုန်သည်။ သိယုံ၊ ဖြစ်ကြလေကုန်၏။

အဲ-ဒါကြောင့် ဝိညာဏ်ခြောက်ပါးဟာ သူ့ဟာသူ ဖြစ်လာတာ မဟုတ်ဘူး၊ မီးခြစ်ဘူးကို မီးခြစ်ဆံ ယမ်းဖူးကလေးနှင့် ခြစ်လိုက်တဲ့အခါ ရုတ်ကနဲ မီးပွင့်လာသလို အခံဓာတ်နှင့်အတိုက်ဓာတ် ထိခိုက်လိုက်တဲ့အခါ အပွင့်ဓာတ်ခေါ်တဲ့ ဝိညာဏ်ခြောက်ပါးဟာ ဘွားကနဲဖြစ်ပေါ်လာကြတယ်၊ပီးတော့လဲ ဟောခဲ့တဲ့ အတိုင်း ချက်ချင်း ချုပ်ပျောက်သွားကြတာပဲတဲ့။

## စက္ခုဝိညာဏ် တည-တနာရီ

ဘယ်လို အကြောင်းတိုက်ဆိုင်မှ စက္ခုဝိညာဏ်ခေါ်တဲ့ မြင်စိတ်ကလေး ဖြစ်ပေါ်လာတယ်ဆိုတာကို သိကြရအောင် ယခုဟောမဲ့တရားကို သတိထားပြီး နားထောင်ကြပေတော့။

(က) မျက်စိ-အဆင်း, ပေါင်းဆုံတော့ဟယ်-မြင်စိတ် ပေါ်လာတယ်။

(ခ) ပေါ်လာတဲ့မြင်စိတ်မှာ-သတိပြု၍ ရှုပေးပါ။

(ဂ) စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။

စက္ခုံစ၊ မျက်စိအကြည်ရုပ်ဟု ဆိုအပ်သော စက္ခုပသာဒကိုရှင်း။ ရူပေစ၊ အဆင်း ရုပ်-ဟု ဆိုအပ်သော ရူပါရုံ တို့ကိုရှင်း။ ပဋိစ္စ၊ စွဲ၍။ စက္ခုဝိညာဏံ၊ 'မြင်စိတ်'ဟုဆိုအပ်သော စက္ခုဝိညာဏ်သည်။ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာတော့၏။

အဲ-မျက်စိ အကြည်ရုပ်နှင့် အဆင်းရုပ် ပေါင်းဆုံမိလိုက်တာနဲ့ မြင်စိတ်ကလေး ဖြစ်ပေါ် လာတယ်တဲ့။ အဲဒီ-မြင်စိတ်ကလေး ဖြစ်ပေါ် လာတာနှင့် တပြိုင်နက် မြင်စိတ်ကလေးကို ဝိပဿနာ ရှုရမယ်၊ ဝိပဿနာရှုလျှင် မြင်စိတ်ကလေး၏ ဖြစ်ပေါ် ချုပ်ပျောက်မှု 'ဖြစ်-ပျက်'သဘောကိုသာ တွေ့မြင်ရသော ဝိပဿနာ ဝိဇ္ဇာဉာဏ် ဖြစ်ပေါ်လာသောကြောင့် ရှေ့ဆက်၍ ပဋိစ္စသမုပ္ပါဒ် မလည်တော့ပဲ ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန် စသည်တို့ မဖြစ်တော့ဘူး၊ ပဋိစ္စသမုပ္ပါဒ် ပြတ်သွားတယ်။

မြင်စိတ်ကလေးကို ဝိပဿနာမရှုလျှင် မြင်စိတ်ကလေး၏ ဖြစ်ပေါ် ချုပ်ပျောက်မှု 'ဖြစ် ပျက်'သဘောကို မတွေ့မမြင်တော့ပဲ ရှေ့ဆက်၍ ပဋိစ္စသမုပ္ပါဒ် လည်ပြီးလျှင် မြင်တာတွေ့မှု, ခံစားမှု, လိုချင်မှု, စွဲလမ်းမှု တည်းဟူသော ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန် စသည်များ ထင်ရှားစွာ ဖြစ်ပေါ် လာကြတယ်။ ဒါ့ကြောင့် မျက်စိအကြည်ရုပ်နှင့် အဆင်းရုပ် ပေါင်းဆုံမိလို့ ဖြစ်ပေါ်လာတဲ့ မြင်စိတ်ကလေးကို ဝိပဿနာရှုရမယ်။ ဝါ၊ ပဋိစ္စသမုပ္ပါဒ် ဖြတ်ချနိုင်ရမယ်တဲ့။

## မြင်စိတ်ကို ဝိပဿနာရှုပုံ

၁။ မြင်တဲ့အခါ မြင်တာကိုသိတဲ့ မြင်သိ စိတ်ကလေးကို သတိပြု၍ ''အနိစ္စ-အနိစ္စ'' ဟူ၍ရင်း၊ ''မြင်သိ-မြင်သိ'' ဟူ၍ရင်း ဝိပဿနာ ရှုရမယ်၊ ဟောဒီ ဆောင်ပုဒ်ကို လိုက်ဆိုကြ။

(၁) မြင်ဆဲအခိုက်-မြင်စိတ်စိုက်က၊ သတိပြုလျက်-မပျက်ရှုပါ။
မြင်စိတ်ဖြစ်မှု အခုတွေ့လာ၊ မြင်စိတ်ပျက်-တက္ကဲ ဝိပဿနာပါ။

အဲသလို မြင်စိတ်ကလေးကို ဝိပဿနာရှုလျှင် မြင်စိတ်ကလေး မျဉ်းသော ဖြတ်၍ ပဋိစ္စသမုပ္ပါဒ် မလည်တော့ဘူး၊ ပဋိစ္စသမုပ္ပါဒ်ဆိုတာ အကြောင်းတရား ကြောင့် အကျိုးတရားဖြစ်ပေါ်လာတာကို ဆိုပါတယ်၊ဖြစ်ပေါ်လာတဲ့ မြင်စိတ် ကလေးကိုဝိပဿနာရှုလိုက်တော့ မြင်စိတ်ကလေး''ချုပ်ပျောက်-ချုပ်ပျောက်'' သွားတာကို သိမြင်ရသော ဝိပဿနာဝိဇ္ဇာဉာဏ် ဖြစ်လာတယ်၊ ဒီတော့ မြင်စိတ် ကလေးမျဉ်း ပဋိစ္စသမုပ္ပါဒ် ပြတ်သွားတယ်၊ ရှေ့ဆက်ပြီး တဏှာ, ဥပါဒါန်တို့ မဖြစ်နိုင်တော့ဘူး၊ မီးမလောင်နိုင်တော့ဘူး။ ဒါ့ကြောင့် ဝိပဿနာရှုလျှင် ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် ပြတ်တယ်လို့ ဆိုပါတယ်။

အဲ-ဒီသဘောကိုရည်၍ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက သို့ကလို ဟောကြားတော်မူထားပါတယ်။

## မြင်စိတ်ကိုရှုလို့ တဏှာမဖြစ်ပဲ ပဋိစ္စသမုပ္ပါဒ် ပြတ်ပုံ

(၁) ကိဉ္စ လောကေ ပိယရူပံ သာတရူပံ၊ စက္ခုဝိညာဏံ လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ၊ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။ (မဟာသတိပဋ္ဌာန် ပါဠိတော်)

အဲ-ဒါက မြင်စိတ်ကို ဝိပဿနာရှုလိုက်တဲ့အတွက် တဏှာမဖြစ်ပဲ ရာဂမီး မလောင်ပဲ ပဋိစ္စသမုပ္ပါဒ်ပြတ်သွားပုံကို ဟောတော်မူထားတာပဲတဲ့။

လောကေ၊လောက၌။ ကိဉ္စ၊အဘယ်သည်။ပိယရူပံ၊ချစ်ဖွယ်သဘောရှိပါသနည်း။ သာတရူပံ၊ သာယာဖွယ်သဘောရှိပါသနည်း၊ လောကေ၊လောက၌။ စက္ခုဝိညာဏံ၊ မြင်စိတ်သည်။ ပိယရူပံ၊ ချစ်ဖွယ်သဘော ရှိပါပေ၏။ သာတရူပံ၊ သာယာဖွယ်သဘော ရှိပါပေ၏။ ဧတ္ထ၊ဤမြင်စိတ်၌ ဖြစ်သောတဏှာ၊ဤတဏှာကို။ ပဟီယမာနာ၊ ဝိပဿနာဉာဏ်ဝိဇ္ဇာဖြင့် ပယ်အပ်သည်ရှိသော်။ပဟီယတိ၊ပယ်၏။ ဧတ္ထ၊ ဤမြင်စိတ်၌။ နိရုဇ္ဈမာနာ၊ ချုပ်သည်ရှိသော်။ နိရုဇ္ဈတိ၊ ချုပ်၏။

ထို့အပြင် နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၌လည်း....

၁။ ကတမောစ ဘိက္ခဝေ လောကဿ အတ္ထင်္ဂမော၊ စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊တိဏ္ဏံ သင်္ဂတိ ဖဿော၊ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာ ပစ္စယာ တဏှာ၊ တဿာယေဝ တဏှာယ အသေသ ဝိရာဂ နိရောဓာ ဥပါဒါန နိရောဓော၊ ဥပါဒါန နိရောဓာ ဘဝ နိရောဓော၊ ဘဝနိရောဓာ ဇာတိ နိရောဓော၊ဇာတိနိရောဓာ ဇရာ မရဏံ, သောကပရိဒေဝ ဒုက္ခဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ။

လို့ ဟောတော်မူထားပါတယ်၊ အဲဒါလဲ ဝိပဿနာရှုလို့ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ပြတ်ပုံ, မီးငြိမ်းပုံကို ဟောတော်မူထားတာပါပဲတဲ့။

ဘိက္ခဝေ၊ ငါ၏ချစ်သား ရဟန်းများတို့။ လောကဿ၊ လောက၏။ အတ္ထင်္ဂမော၊ ချုပ်ငြိမ်းခြင်းသည်။ကတမောစ၊ အဘယ်ပါနည်း။ စက္ခုံစ၊ မျက်စိ အကြည်ရုပ်ကိုငှင်း။ ရူပေစ၊ အဆင်းရုပ်တို့ကိုငှင်း။ ပဋိစ္စ၊ စွဲ၍။ စက္ခုဝိညာဏံ၊ မြင်စိတ်သည်။ဥပ္ပဇ္ဇတိ၊ဖြစ်၏။တိဏ္ဏံသင်္ဂတိ၊မျက်စိ,အဆင်း,မြင်စိတ်စု ယင်းသုံးခုတို့၏ ပေါင်းဆုံခြင်းကြောင့်။ ဖဿော၊မြင်တွေ့ဖဿသည်။ ဥပ္ပဇ္ဇတိ၊ဖြစ်၏။ ဖဿပစ္စယာ၊ မြင်ခတ္တ ဖ [illegible] ဝေဒနာ၊ မြင်တာကို ခံစားမှု ဝေဒနာသည်။ ဥပ္ပဇ္ဇတိ၊ဖြစ်၏။ ဝေဒန [illegible] မြင်တာကိုခံစားမှု ဝေဒနာကြောင့်။ တဏှာ၊ မြင်တာကိုလိုချင်မှုတဏှာသ[illegible]။ ဥပ္ပဇ္ဇတိ၊ဖြစ်၏။ တဿာယေဝတဏှာယ၊ ထိုမြင်တာကို လိုချင်မှုတဏှာ[illegible]သာ[illegible]ျင်။ အသေသဝိရာဂနိရောဓာ၊ ရာဂကင်းသော ဝိဇ္ဇာဉာဏ်ဖြင့် အကြွင်းမဲ့ချုပ်ငြိမ်းခြင်းကြောင့်။ ဥပါဒါန နိရောဓော၊ စွဲလမ်းမှု ဥပါဒါန်၏ ချုပ်ငြိမ်းခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ဟော-ဒီနေရာမှာ အကျဉ်းချုပ် မှတ်သားရန်ကတော့....

၁။ မျက်စိက အဆင်းကိုမြင်တဲ့အခါ မြင်သိဖြစ်၊မြင်သိစိတ်ကိုဝိပဿနာ ရှုခြင်းကြောင့် ပဋိစ္စသမုပ္ပါဒ်ပြတ်ကာ မြင်တာ လိုချင်မှု, စွဲလမ်းမှု, အားထုတ်မှု, ဖြစ်ပေါ်မှုများ ချုပ်ငြိမ်းသွားကြလေတော့သည်။ (သောက, ပရိဒေဝ စသည် တို့လည်း အကုန်ချုပ်ငြိမ်းကြလေတော့သည်။) (နားက အသံကိုကြားတဲ့အခါ ကြားသိဖြစ်၊ကြားသိစိတ်ကို ဝိပဿနာရှုရာ၌လည်း နည်းမှီး၍ သိပါလေ။)

ကိုင်း....မြင်စိတ်ကို ဝိပဿနာရှုရပုံနှင့်တကွ ဝိပဿနာ ရှုခြင်းကြောင့် ပဋိစ္စသမုပ္ပါဒ်ပြတ်ပုံအကြောင်းကို ကဗျာလင်္ကာစီကုံးပြီးတော့ ဟောပြအုံးမယ်၊ ကဗျာကို လိုက်ဆိုကြစမ်း။

(၁) စက္ခု, ရူပ-နှစ်ဝဆုံသော်၊
မြင်စိတ်ခေါ်ပြား-မှတ်သားနာမ်ပေါ်။
ပေါ်သော နာမ်အား-ရှုပြား မှန်သော်၊
သမုပ္ပါဒ်-ပြတ်လတ် မှန်သနော်။

"စက္ခု,ရူပ-နှစ်ဝဆုံသော်"ဆိုတာက မျက်စိနှင့်အဆင်း ပေါင်းဆုံမိတာ ကို ဆိုတယ်၊ အဲသလို မျက်စိနှင့်အဆင်း ပေါင်းဆုံလိုက်တော့ မြင်စိတ်ကလေး ဖြစ်ပေါ်လာတယ်၊ အဲဒီ-မြင်စိတ်ဆိုတာက နာမ်တရားတဲ့။ ဒါ့ကြောင့်"မြင်စိတ် ခေါ်ပြား-မှတ်သား နာမ်ပေါ်"လို့ ဆိုပါတယ်။ အဲဒီ ဖြစ်ပေါ်လာတဲ့ မြင်စိတ် ကလေးကို အနိစ္စ-အနိစ္စ-လို့ ဖြစ်စေ, မြင်သိ-မြင်သိ-လို့ ဖြစ်စေ ဝိပဿနာရှုရ မယ်တဲ့။ ဒါ့ကြောင့် "ပေါ်သောနာမ်အား-ရှုပြားမှန်သော်"လို့ ဆိုတယ်။

အဲသလို ဝိပဿနာ ရှုလိုက်တော့ မြင်စိတ်နောက် ဝိပဿနာဝိဇ္ဇာဉာဏ် ဖြစ်လာပြီးတော့ ပဋိစ္စသမုပ္ပါဒ်ပြတ်သွားပါရောတဲ့။ တဏှာ, ဉပါဒါန်တို့ မဖြစ် နိုင်တော့ဘူးတဲ့။ ဒါ့ကြောင့် "သမုပ္ပါဒ်-ပြတ်လတ်မှန်သနော်"လို့ ဆိုလိုက်တာ ပေါ့၊ ကိုင်း ...လိုက်ဆိုကြအုံး။

၁။ စက္ခု, ရူပ-နှစ်ဝဆုံသော်။
(စသည်ဆို)

ဘိက္ခုနေဝ ဝါဒက"တေဒဂ်ဘွဲ့" မဟာစမ္မကထိက ပုဂ္ဂိုလ်ကျော်ကြီး ဖြစ်တော်မူတဲ့အရှင်နန္ဒကမထေရ်ကသူ၏ဇနီးဟောင်းများဖြစ်ခဲ့ဘူးကြတဲ့ဘိက္ခုနီ ထေရီမငါးရာတို့အား ဟောကြားဆုံးမတော်မူတဲ့ နန္ဒကောဝါဒ သုတ်တော်ကြီး ကိုလည်း ဤနေရာနှင့် အလွန်သင့်လျော်သည့်အတွက် ဆက်လက်၍ ဟောပြော ပြသအုံးမယ်။ နားထောင်ကြပေတော့။

အရှင်နန္ဒက။ ။တံ ကိံ မညထ ဘိက္ခဝေ၊ စက္ခုဝိညာဏံ နိစ္စံ ဝါ- အနိစ္စံ ဝါ-တိ။
ဘိက္ခုနီမများ။ ။အနိစ္စံ ဘန္တေ။
အရှင်နန္ဒက။ ။ယံပနာနိစ္စံ, ဒုက္ခံဝါ, တံ သုခံဝါတိ။
ဘိက္ခုနီမများ။ ။ဒုက္ခံ ဘန္တေ။
အရှင်နန္ဒက။ ။ယံ ပနာ နိစ္စံ ဒုက္ခံ, ဝိပရိဏာမ ဓမ္မံ, ကလ္လံနု, တံ သမနုပဿိတုံ၊ဧတံ မမ,ဧသောဟမသ္မိ,ဧသော မေ အတ္တာတိ။
ဘိက္ခုနီမများ။ ။နောဟေတံ ဘန္တေ။

(ဥပရိပဏ္ဏာသ နန္ဒကောဝါဒသုတ် ပါဠိတော်)

ဘိက္ခဝေ၊ အို....ချစ်နှမတို့။ တံ၊ ငါဟောကြားလတ္တံ့သော ထိုစကားကို။ ကိံ မညထ၊ သင်တို့ ဘယ်လိုမှတ်ထင်ကြကုန်သနည်း။စက္ခုဝိညာဏံ၊မြင်စိတ်ကလေးသည်။ နိစ္စံဝါ၊ မြဲသလော။ အနိစ္စံဝါ၊ မမြဲသလော။ ဣတိ၊ ဤသို့ မေးတော်မူ၏။

ဘန္တေ၊ အရှင်ဘုရား။ အနိစ္စံ၊ မမြဲပါဘုရား။

ယံ ပန၊ အကြင်မြင်စိတ်သည်ကား။ အနိစ္စံ၊အမြဲမရှိ။တံ၊ထိုအမြဲမရှိသော မြင်စိတ်သည်။ ဒုက္ခံဝါ၊ ဆင်းရဲလော။ သုခံဝါ၊ ချမ်းသာလော။ ဣတိ၊ ဤသို့ မေးတော်မူ၏။

ဘန္တေ၊ အရှင်ဘုရား။ ဒုက္ခံ၊ ဆင်းရဲပါဘုရား။

ယံ ပန၊ အကြင်မြင်စိတ်သည်ကား။ အနိစ္စံ၊ အမြဲမရှိ။ ဒုက္ခံ၊ ဆင်းရဲ၏။ ဝိပရိဏာမ ဓမ္မံ၊ ဖောက်ပြန်ခြင်းသဘောရှိ၏။တံ၊ထိုမြင်စိတ်ကို။ဧတံ၊ဤမြင်စိတ်သည်။ မမ၊ ငါ၏မြင်စိတ်တည်း။ ဧသော၊ ဤမြင်စိတ်သည်။ အဟံ၊ ငါသည်။ အသ္မိ၊ ဖြစ်၏။ ဧသော၊ ဤမြင်စိတ်သည်။ မေ၊ ငါ၏။ အတ္တာ၊ ကိုယ်တည်း။ ဣတိ၊ ဤသို့။ သမနုပဿိတုံ၊ ရှုခြင်းငှာ။ ကလ္လံနု၊ သင့်ပါမည်လော။

ဘန္တေ၊ အရှင်ဘုရား။ ဧတံ၊ ဤသို့ရှုမြင်ခြင်းသည်။ နောဟိ၊ မသင့်ပါဘုရား။ (သောတဝိညာဏ် စသည် ပြောင်းဆိုပါ။)

အဲဒါက ဥပရိပဏ္ဏာသပါဠိတော်မှာလာတဲ့ အရှင်နန္ဒကမထေရ် ဟောတဲ့ နန္ဒကောဝါဒသုတ် ဖြစ်တယ်။ အဲဒီ နန္ဒကောဝါဒသုတ်ကို ဘိက္ခုနီမများအား ဟောကြားတော်မူရပုံ, အရှင်နန္ဒကမထေရ်နှင့် ဘိက္ခုနီမငါးရာတို့ ရှေးဘဝက ဇနီး-မောင်နှံဖြစ်ခဲ့ကြပုံ,ရှေးရေစက်ပါလာသဖြင့် ဘိက္ခုနီမငါးရာတို့က အခြားကိုယ်တော်များ၏တရားကို မနာကြားချင်လှပဲ အရှင်နန္ဒက၏ တရားကိုသာ နာကြားချင်ကြပုံ, အရှင်နန္ဒက၏တရားကို နာကြားကြရ၍ ရဟန္တာမများဖြစ်သွားကြပုံ အစုံအလင်ပါသော အရှင်နန္ဒကမထေရ်နှင့် ဘိက္ခုနီထေရီမ ငါးရာတို့ ဝတ္ထုကို ဤနေရာ၌ ဟောပြအုံးမယ်။ နားထောင်ကြ။

## အရှင်နန္ဒကနှင့် ဘိက္ခုနီမငါးရာ ဝတ္ထု

အခု ဘုန်းကြီးတို့ ဘုရား ကိုယ်တော်မြတ်ကြီးသည် သာဝတ္ထိပြည်မှန် ဇေတဝန်ရွှေကျောင်းတော်၌ ကိန်းအောင်းမွေ့လျော် တော်မူတဲ့အခါ မိထွေး တော် ဂေါတမီနှင့် သာကီဝင်မင်းသမီး ဘိက္ခုနီ ထေရီမငါးရာတို့သည် ပသေ နဒီ ကောသလမင်းကြီး ဆောက်လုပ်လှူဒါန်းတဲ့ ရာဇိကာရုံကျောင်းတိုက်ကြီး၌ နှစ်ခြိုက်စွာ သီတင်းသုံး နေထိုင်ကြတယ်။

အဲဒီ ရာဇိကာရုံ ကျောင်းတိုက်ကြီးဆိုတာ စစ်ကိုင်းတောင်က သီလရှင် ချောင်များလို ဘိက္ခုနီမတို့နေထိုင်တဲ့ကျောင်းတိုက်ကြီးတဲ့၊ ပသေနဒီကောသလ မင်းကြီးကဆောက်လုပ်လှူဒါန်းတဲ့အတွက် မင်း လှူတဲ့ကျောင်းဖြစ်လို့ ရာဇိကာရုံ ကျောင်းတိုက်လို့ ခေါ်တယ်တဲ့။

တနေ့သ၌ မိထွေးတော်ဂေါတမီဘိက္ခုနီမကြီးသည် နောက်ပါဘိက္ခုနီမ ငါးရာ ခြံရံလျက် ဘုရားရှင်ထံသို့ ချဉ်းကပ်ပြီးလျှင် ''သားတော်မြတ်ဘုရား.... ဘိက္ခုနီမတို့အား တရားဓမ္မ ဟောကြား ဆုံးမတော်မူပါ၊ တရားတော်များကို များစွာပင် နာကြားလိုကြပါတယ်၊ တရားနာရလျှင် များစွာ အကျိုးရှိပါလိမ့် မယ် ဘုရား''လို့ လျှောက်ထား တောင်းပန်တယ်။

အဲသလို တောင်းပန်သည့်အတွက် ရှင်တော်ဘုရားက ရဟန်းများကို စည်းဝေးစေပြီးလျှင် ဘိက္ခုနီမများအား အလှည့်ကျ တရားဟောဆိုရန် အမိန့် တော်မှတ်၍ ပညတ်တော်မူတယ်။ ပညတ်တော်မူတဲ့အတိုင်း အခြားရဟန်းတော် များမှာ မိမိတို့ အလှည့်ကျတဲ့အခါ တာဝန်ကျေအောင် မိမိတို့ တတ်သမျှ မှတ် သမျှ ဟောကြား ဆုံးမကြတယ်တဲ့။

အရှင်နန္ဒကမထေရ်ကတော့ ဘိက္ခုနီများကို နည်းနည်းမှ တရားမဟော ချင်ဘူးတဲ့၊ ရှက်အမ်းအမ်းကြီးဖြစ်နေတယ်တဲ့။ ဒါကြောင့်မို့လို့ သူ့အလှည့်ကျတဲ့ အခါ ဝေးသောအရပ်သို့သွားပြီး ဆွမ်းခံ၍သော်၎င်း၊ သင်္ကန်းချုပ်ခြင်း၊ သပိတ် ဖုတ်ခြင်းစသော အလုပ်ကိစ္စတခုခုကိုလုပ်၍သော်၎င်း နေတယ်တဲ့။ ဘယ်တော့မှ တရားဟောပင့်လို့ မရဘူးတဲ့။

မိထွေးတော်ဂေါတမီနှင့် သာကီဝင်မင်းသမီး ဘိက္ခုနီမငါးရာတို့ကလဲ အခြားကိုယ်တော်များ၏တရားကို မနာချင်ကြဘူး၊ အရှင်နန္ဒကမထေရ်၏တရား ကိုမှ နာချင်ကြသတဲ့။ အခြားကိုယ်တော်များဟောပြောတဲ့အခါ မတတ်သာ၍ သာ နာကြရတယ်၊ သဒ္ဓါတရားတော့ တယ်မရှိလှဘူး၊ နှစ်နှစ်ခြိုက်ခြိုက် မရှိကြ ဘူးတဲ့။

ဘာပြုလို့ အခြားကိုယ်တော်များ၏တရားကို မနာချင်ကြပဲ အရှင်နန္ဒက မထေရ်၏တရားကိုသာ နာချင်ကြသလဲဆိုရင်။ အကြောင်းက ဒီလိုတဲ့....

အရှင်နန္ဒကနှင့် အဲဒီ မိထွေးတော် ဂေါတမီနှင့် သာကီဝင် မင်းသမီး ဘိက္ခုနီမငါးရာတို့ဟာ သံသရာတွင် ကျင်လည်ရတဲ့အခါတုန်းက တခုသောဘဝမှာ ဇနီး-မောင်နှံများ ဖြစ်ခဲ့ကြဘူးတယ်တဲ့။

ဘယ်လိုလဲဆိုရင် သူတို့သည် သံသရာတွင် ကျင်လည်ကြစဉ် တခုသောဘဝဝယ် တခုသောပြည်၌ အရှင်နန္ဒကမထေရ်၏အလောင်းက ပြည့်ရှင်မင်းကြီး ဖြစ်တယ်တဲ့၊ မိထွေးတော်ဂေါတမီကတောင်ညာစံမိဖုရားခေါင်ကြီး၊ သာကီဝင်မင်းသမီး ဘိက္ခုနီမငါးရာတို့ကတော့ မိဖုရားငယ်များ ဖြစ်ခဲ့ကြဘူးတယ်တဲ့။

အဲသလို ရှေးဘဝက ဇနီး-မောင်နှံများ ဖြစ်ခဲ့ကြဘူးတဲ့အတွက် နန္ဒကမထေရ်ကို အလွန်ကြည်ညိုကြပြီး နန္ဒကမထေရ်၏တရားကိုမှ နာချင်ကြခြင်းဖြစ်တယ်တဲ့။ နန္ဒကမထေရ်က ဘိက္ခုနီမငါးရာကို တရားမဟောချင်ပဲ ရှောင်လွှဲ၍ နေတာကလဲ အဲဒီ ရှေးဘဝက ဇနီး-မောင်နှံဖြစ်ခဲ့ကြဘူးတဲ့ အကြောင်းကြောင့်ပဲတဲ့။ ဇနီးဟောင်း, လင်ဟောင်း ပေါင်းသင်း ဆက်ဆံခဲ့ကြဘူးသူများ ဖြစ်လေတော့၊ ရှက်အမ်းအမ်းကြီးဖြစ်ကာ မျက်နှာပူပြီးနေတဲ့အတွက် တရားမဟောရအောင် ရှောင်တိမ်း၍နေခြင်းဖြစ်တယ်တဲ့။

ဒါပေမယ်လို့ ဘိက္ခုနီမ ငါးရာတို့ကတော့ အရှင်နန္ဒက၏ တရားကိုမှ များစွာ နာချင်ကြသဖြင့် မျှော်တော်ဇောနှင့် မော၍နေရှာကြတယ်။ ဘိက္ခုနီမများက အရှင်နန္ဒကကို အင်မတန် ကြည်ညိုကြပြီး သူ့တရားကို များများကြီး နာချင်နေကြတာကိုး။

အင်း“ပုဂ္ဂိုလ်ခင်မှ တရားမင်”ဆိုတာလို ဓမ္မကထိကပုဂ္ဂိုလ်တွေ များစွာ ပင်ရှိပေမဲ့ ကိုယ်နှစ်သက်ရာ, ရင်းနှီးရာ မိမိကြည်ညိုတဲ့ပုဂ္ဂိုလ်ဟောတဲ့ တရားကိုမှ နာချင်ကြတာပဲ။ “တို့-ကိုယ်တော်ကလေးမှ တရားဟောကောင်းတယ်၊ အသံကောင်းတယ်၊ ကြည်ညိုဖွယ်ရှိတယ်၊ ဘယ်ကိုယ်တော်ကတော့ ဘယ်လိုပဲ” နှင့် ခွဲခြားချင်ကြတာကိုး။ ဘုရားဟောတရားကို ဟောတာ ချင်း အတူတူပဲ ဘယ်ကိုယ်တော်ဟောဟော တို့-နာယူမယ်ဆိုတဲ့လူက ခပ်ရှားရှားပဲ ထင်ပါရဲ့။ ဟော- အခု သာကီဝင်မင်းသမီးဘိက္ခုနီမငါးရာတို့ကလဲ တို့-ဦးနန္ဒကကိုယ်တော်ကလေးမှ တရားဟောကောင်းတယ်၊ သပ္ပာယ်တယ်၊ သူ့တရားကိုမှ များ များ ကြီး နာချင်တယ်လို့ဆိုပြီး အလွန်ကြည်ညိုနေကြတာပေါ့လေ။

ဘုရား ကိုယ်တော်မြတ်ကြီးကလဲ ဘိက္ခုနီမ ငါးရာတို့သည် အရှင်နန္ဒက တရားကို များစွာနာချင်ကြတဲ့အကြောင်း, ရှင်နန္ဒကဟောလျှင် ချောကနဲ ကျွတ်တမ်းဝင်ကြမဲ့အကြောင်း ကောင်းကောင်းကြီးသိတော်မူလို့ ရှင်နန္ဒကအလှည့် ကျလျှင် ရှင်နန္ဒက၏တရားကို နာကြားကြပါစေတော့ ဆိုတဲ့သဘောနဲ့ ရဟန်းများကို အလှည့်ကျ တရားဟောခိုင်းတော်မူခြင်း ဖြစ်တယ်တဲ့။

တနေ့သ၌တော့ ရှင်တော်ဘုရားက ညီတော်အာနန္ဒာကို ယနေ့ဘိက္ခုနီမ များကို တရားဟော ဘယ်သူအလှည့်ကျသလဲ၊ အလှည့်ကျနှင့် တရားဟောကြရဲ့ လားလို့ မေးတော်မူတယ်။

ဒီတော့ အရှင်အာနန္ဒာက အရှင်နန္ဒကကတော့ ဘိက္ခုနီမများကို တရား မဟောချင်လို့ ရှောင်တိမ်းနေတဲ့အကြောင်းကို လျှောက်ထားတယ်တဲ့။

ထိုအခါ ရှင်တော်ဘုရားက ရှင်နန္ဒကကိုခေါ်တော်မူပြီးလျှင် "ချစ်သား နန္ဒက....ဘိက္ခုနီမများကို တရားမဟောရအောင် ဘယ်အတွက် ရှောင်တိမ်း၍ နေဘိသနည်း။ သင့်နှမ ဘိက္ခုနီမများကို တရားဓမ္မ ဆုံးမဟောကြားရမယ်" လို့ စေခိုင်းတော်မူတယ်။ အဲဒီအခါ မရှောင်တိမ်းသာတော့သဖြင့် အရှင်နန္ဒက မထေရ်သည် သာဝတ္ထိမြို့တွင်းသို့ နံနက်စောစော ဆွမ်းခံကြွ၍ ဆွမ်းစားပြီးလျှင် တရားဟောရန် ဘိက္ခုနီမတို့၏နေရာဖြစ်တဲ့ ရာဇကာရုံကျောင်းတိုက်သို့ ကြွသွား တော်မူတယ်တဲ့။

အဲသလို ရှင်နန္ဒကမထေရ် ကြွ လာ တာ ကို မြင်တော့ ကြင်ယာဟောင်း ဖြစ်ခဲ့ဘူးကြတဲ့ ဘိက္ခုနီမတွေမှာ ဝမ်းမြောက်ဝမ်းသာ ယနေ့ ငါတို့ကြည်ညို၍ အလွန်တရာဖူးမြင်ချင်လှတဲ့ အရှင်နန္ဒကမထေရ်၏မျက်နှာတော်ကိုအားရအောင် ဖူးမြော်ကြရပေပြီ။ သာယာသောအသံတော်ဖြင့် ဟောကြားမဲ့တရားတော်များ ကိုလည်း အားရအောင် နာကြားကြရတော့မယ်လို့ ရွှင်ရွှင်ပြုံးပြုံး ဝမ်းသာလို့ မဆုံး ဖြစ်နေကြတယ်တဲ့။

အဲသလို နန္ဒကမထေရ်ကြွလာတဲ့အခါ ဘိက္ခုနီမငါးရာတို့ကဝမ်းမြောက် ဝမ်းသာ ပျာပျာသလဲနှင့် ခြေဆေးခြင်း, နေရာခင်းခြင်း စသော ဝတ်ကြီး ဝတ်ငယ်များကို သူ့ထက်ငါ ကြိုးစားပြုကြတယ်။ မထေရ်မြတ် တရားပလ္လင်ပေါ် မှာထိုင်နေတော်မူတဲ့အခါ ဘိက္ခုနီမ ငါးရာတို့က မထေရ်မြတ်ကိုခြံရံကာ ရှိခိုး ကန်တော့လျက် နေထိုင်ကြတယ်တဲ့။

ထိုအခါ အရှင်နန္ဒကမထေရ်မြတ်က တရားမဟောခင် သို့ကလို မိန့်ကြား တော်မူတယ်။

"အို....ချစ်နှမများတို့၊ သင်တို့နှင့်ငါ အမေးအဖြေလုပ်ပြီး တရားဟော ရလိမ့်မယ်။ ငါကမေးလိုက်တဲ့အခါ သင်တို့က သိလျှင် သိပါသည်ဘုရား, မှန်ပါ သည် ဘုရား-လို့ လျှောက်ကြ။ မသိလျှင်လဲ မသိပါဘုရား-လို့ လျှောက်ကြ။ အမေးအဖြေလုပ်ပြီးဟောမှလဲ သဘောကျလွယ်ပြီး သိသာရှင်းလင်းနိုင်တယ်လို့ မိန့်ကြားတော်မူပြီးလျှင် လက္ခဏာရေးသုံးပါးတင်၍ ဝိပဿနာရှုပုံရှုနည်းများကို သို့ကလို ဟောကြားတော်မူပေတယ်။

နခတ် — ၅၈၊ (ဒုတိယအကြိမ်)

တံ ကိံ မညထ ဘဂိနိယော၊ စက္ခုဝိညာဏံ နိစ္စံ ဝါ အနိစ္စံ ဝါတိ၊ အနိစ္စံ ဘန္တေ ။ပ။ သေသာ မေ အတ္တာတိ၊ နောဟေတံ ဘန္တေ။

(နောက်ကအတိုင်းပင်)

## အမေးအဖြေပြု၍ ဟောပုံ

မေး။ ။အို-ချစ်နှမများတို့၊စက္ခုဝိညာဏ်ခေါ်သော မြင်စိတ်ကလေးသည် မြဲသလော, မမြဲဘူးလော၊ အဲသလို မေးတော်မူတယ်။

ဖြေ။ ။မမြဲပါဘုရား-လို့ ဖြေကြားကြတယ်။

မေး။ ။ထို မမြဲသော မြင်စိတ်ကလေးသည် ဆင်းရဲလော, ချမ်းသာလော၊ အဲသလို မေးတော်မူတယ်။

ဖြေ။ ။ဆင်းရဲပါဘုရား-လို့ ဖြေကြားကြတယ်။

မေး။ ။ထို မမြဲသော,ဆင်းရဲသော မြင်စိတ်ကလေးကို ဤဟာ ငါ့မြင်စိတ်ကလေး၊ဤမြင်စိတ်ကလေးသည် ငါ၊ဤ မြင်စိတ်ကလေးသည် ငါ့ကိုယ်ဟူ၍ ရှုမြင်ခြင်းငှာ သင့်ပါမည်လော၊ အဲသလို မေးတော်မူတယ်။

ဖြေ။ ။မသင့်ပါဘုရား-လို့ ဖြေကြားကြတယ်။

(သောတဝိညာဏ် စသည်တို့၌လည်း နည်းမှီး၍ သိပါလေ။)

အဲသလို ရှင်နန္ဒက မထေရ်က ဟောတော်မူပြီးတဲ့အဆုံးမှာ သာကီဝင်မင်းသမီး ဘိက္ခုနီမ ငါးရာလုံး သောတာပန်တည်ကြတယ်တဲ့။

(မိထွေးတော်ဂေါတမီကား အရင်ကပင် ရဟန္တာမဖြစ်ပြီးဖြစ်သဘည်း။)

အဲ-ဘိက္ခုနီမတွေက အရှင်နန္ဒက၏တရားကို နာရတာ အားမရ တင်းမတိမ် အာသာမပြေပဲ ရှိနေကြသတဲ့။ နောက်တနေ့ မြတ်စွာဘုရားက ထပ်မံစေခိုင်းတော်မူပြန်တဲ့အတွက် နောက်တနေ့ ထပ်၍ဟောသောအခါ သာကီဝင်မင်းသမီး ဘိက္ခုနီမငါးရာတို့မှာ အာသဝေါကင်းကွာ၍ ရဟန္တာမများအဖြစ်သို့ ရောက်သွားကြတယ်တဲ့။

အဲသလို ဘိက္ခုနီမ ငါးရာတို့အား ရဟန္တာဖြစ်အောင် ဟောကြားနိုင်သော အတ္တုပ္ပတ္တိကို အကြောင်း ပြုပြီးတော့ ဘုရားသခင်က အရှင်နန္ဒက မထေရ်အား''ဘိက္ခုနောဝါဒက တေဒဂ်ဘွဲ့ထူး''ကို ချီးကျူးမြှောက်စားတော်မူဘယ်။

## မြင်စိတ်ကို ဝိပဿနာ မရှုသည့်အတွက် တဏှာ-ဥပါဒါန်စသည် ဖြစ်ပြီးလျှင် ပဋိစ္စသမုပ္ပါဒ် လည်ပုံ

မျက်စိနဲ့အဆင်း ပေါင်းဆုံမိတော့ မြင်စိတ်ကလေး ဖြစ်လာတယ်၊ အဲဒီ မြင်စိတ်ကလေးကို ဝိပဿနာမရှုမိလျှင် ဝိပဿနာဝိဇ္ဇာဉာဏ် မဖြစ်တော့ပဲ ပဋိစ္စ သမုပ္ပါဒ် မပြတ်တော့ပဲ ရှေ့ဆက်ပြီးတော့ မြင်တာကိုတွေ့မှု၊ မြင်တာကိုတွေ့တော့ မြင်တာကိုခံစားမှု၊ မြင်တာကိုခံစားရတော့ မြင်တာကိုလိုချင်မှု၊ မြင်တာကိုလိုချင် တော့ မြင်တာကိုစွဲလမ်းမှု၊ မြင်တာကိုစွဲလမ်းတော့ အားထုတ်မှု၊ အားထုတ်တော့ ဖြစ်မှု၊ ဖြစ်တော့ အိုမှု၊ သေမှု၊ စိုးရိမ်ပူဆွေး ငိုကြွေးမှု စသည်တွေဖြစ်ကာ ပဋိစ္စ သမုပ္ပါဒ်စက်ရဟတ် မပြတ်လည်နေတော့တာပဲ၊ ရာဂစသော မီးတဆယ့်တပါး လောင်နေတော့တာပဲတဲ့။

အဲ-ဒါကြောင့် ဟောဒီမီးတဆဲ့တပါးဆောင်ပုဒ်ကဗျာကိုလိုက်ဆိုကြစင်း။

ရာဂ,ဒေါသ-မောဟတဖြာ၊ ဖြစ်, အို, သေရေး-ပူဆွေးငိုကာ။
ကိုယ်,စိတ်ဒုက္ခ-ပူရပြီးစွာ၊ ဆယ့်တသီး-ဤမီးလောင်တော့တာ။
ထို့ကြောင့် မြတ်စွာဘုရားက....
စက္ခုဝိညာဏံ အာဒိတ္တံ၊ ကေန အာဒိတ္တံ၊ ရာဂဂ္ဂိနာ ဒေါသဂ္ဂိနာ မောဟဂ္ဂိနာ။
လို့ ဟောတော်မူထားတယ်။

ဘိက္ခဝေ၊ ငါ၏ချစ်သား ရဟန်းများတို့။ စက္ခုဝိညာဏံ၊ မြင်စိတ်ကလေး သည်။ အာဒိတ္တံ၊ အလျှံပြောင်ပြောင် တောက်လောင်အပ်ပါပေ၏။ ကေန၊ အဘယ်မီးဖြင့်။ အာဒိတ္တံ၊ အလျှံပြောင်ပြောင် တောက်လောင်အပ်ပါသနည်း။ ရာဂဂ္ဂိနာ၊ ရာဂမီးဖြင့်ရင်း။ ဒေါသဂ္ဂိနာ၊ ဒေါသမီးဖြင့်ရင်း။ မောဟဂ္ဂိနာ၊ မောဟ မီးဖြင့်ရင်း။ အာဒိတ္တံ၊ တောက်လောင်အပ်ပါပေ၏-တဲ့။

(သောတဝိညာဏ်စသည် နည်းမှီး သိပါ။)

အဲသလို-ရာဂစသောမီးများ တောက်လောင်ကာ ပဋိစ္စသမုပ္ပါဒ်မပြတ် လည်နေတာကိုရည်၍ သို့ကလို မြတ်စွာဘုရားက ဟောကြားတော်မူပါတယ်။

(၁) ကိဉ္စ လောကေ ပိယရူပံ သာတရူပံ၊ စက္ခုဝိညာဏံ လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဧတ္ထ နိဝိသမာနာ နိဝိသတိ။ (မဟာသတိပဋ္ဌာန် ပါဠိတော်)

ဧတ္ထ၊ ဤမြင်စိတ်၌။ သောတဏှာ၊ ထိုတဏှာသည်။ ဥပ္ပဇ္ဇမာနာ၊ ဖြစ်သည် ရှိသော်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဧတ္ထ၊ ဤမြင်စိတ်၌။ နိဝိသမာနာ၊ ကိန်းသည်ရှိသော်။ နိဝိသတိ၊ ကိန်း၏။ အဲ-ထိုအပြင် နိဒါနဝဂ္ဂသံယုတ် ပါဠိတော်၌လည်း....

(၁) ကမောစ ဘိက္ခဝေ လောကဿ သမုဒယော။ စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿ ပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏံ၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿု ပါယာသာ သမ္ဘဝန္တိ။

လို့ ဟောတော်မူထားပါတယ်။

အဲ – ဒါတွေဟာ ရာဂ စသော မီးများ တောက်လောင်နေတာ ပဋိစ္စ သမုပ္ပါဒ် မပြတ်လည်နေတာကို ဟောပြတော်မူထားတာချည်း ဖြစ်ပါတယ်။

ဟောဒီနေရာမှာ အကျဉ်း မှတ်ရန်ကတော့ (၁) မျက်စိနှင့် အဆင်း ပေါင်းဆုံတော့ မြင်စိတ်ဖြစ်၊ (မြင်စိတ်ကို ဝိပဿနာမရှုလျှင်)မြင်တာကိုတွေ့၊ မြင်တာတွေ့တော့ မြင်တာကို ခံစား၊ မြင်တာခံစားရတော့ မြင်တာကို လိုချင်၊ မြင်တာလိုချင်တော့ မြင်တာကို စွဲလမ်း၊ မြင်တာကို စွဲလမ်းတော့ အားထုတ်၊ အားထုတ်တော့ ဖြစ်ပေါ်၊ဖြစ်ပေါ်တော့ အိုမှု,သေမှု,စိုးရိမ်ပူဆွေးမှု,ငိုကြွေးမှု, ကိုယ်ဆင်းရဲမှု,စိတ်ဆင်းရဲမှု,ပြင်းထန်စွာ ပူပန်မှုတွေ ဖြစ်ပေါ် လာကြလေတော့ သတည်း။(ကြားစိတ် စသည်တို့၌လည်း နည်းမှီး၍ သိပါလေ။)

ကိုင်း .. ဟောဒီ နေရာမှာ မြင်စိတ်ကလေးကို ဝိပဿနာမရှုသည့်အတွက် ပဋိစ္စသမုပ္ပါဒ် လည်ပုံအကြောင်းကို ကဗျာလင်္ကာ စီကုံးပြီးတော့ ဟောပြော အုံးမယ်၊ ကဗျာကို လိုက်ဆိုကြ။

(၁) စက္ခု, ရူပ–နှစ်ဝဆုံရာ၊ မြင်စိတ်ခေါ်ငြား–မှတ်သား နာမ်လာ။
လာသောနာမ်အား–ရှုသွားမပါ၊သမုပ္ပါဒ်–မပြတ်လည်တော့တာ။

အဲ-ဒီနေရာမှာ "စက္ခု,ရူပ–နှစ်ဝဆုံရာ" ဆိုတာက မျက်စိနှင့် အဆင်း ပေါင်းဆုံတာကို ဆိုတယ်၊ အဲသလို မျက်စိနဲ့ အဆင်း ပေါင်းဆုံတော့ မြင်စိတ် ခေါ်တဲ့ နာမ်တရားဖြစ်လာတယ်တဲ့၊ ဒါကြောင့် "မြင်စိတ်ခေါ်ငြား–မှတ်သား နာမ်လာ"လို့ ဆိုလိုက်တယ်၊ အဲဒီ မြင်စိတ်ကို"အနိစ္စ-အနိစ္စ"လို့ရှင်း၊ "မြင်သိ-မြင်သိ"လို့ရှင်း ဝိပဿနာမရှုလျှင် ရှေ့ဆက်ပြီးတော့ ပဋိစ္စသမုပ္ပါဒ် လည်ကာ ရာဂစသောမီး လောင်တော့တာပဲတဲ့၊ ဒါကိုရည်ပြီးတော့"လာသောနာမ်အား ရှုသွားမပါ၊ သမုပ္ပါဒ်-မပြတ်လည်တော့တာ"လို့ ဆိုလိုက်ပါတယ်။

အဲသလို မြင်စိတ်က ဆက်ပြီးတော့ ပဋိစ္စသမုပ္ပါဒ် လည်တာကိုပင် ရာဂ ကည်းဟူသောသား မွေးဖွားတယ်လို့လဲဆိုပါတယ်။ဒါ့ကြောင့်မြတ်စွာဘုရားက-

(၁) စက္ခုရူပေန သံဝါသာ၊ ရာဂပုတ္တံ ဝိဇာယတိ။
မဟာနတ္တကရော သောဟိ၊ သံဝါသံ တေန ဝါရယေ။
လို့ ဟောတော်မူပါတယ်။

ကိုင်း စက္ခုဝိညာဏ်အတွက် ပြီးပါပြီ၊ယနေ့ည တရားအဆုံးသတ်ကြစို့။

အကြောင်း တိုက်ဆိုင်တဲ့အခါ ဖြစ်ပေါ်လာသော သဘောတရားများ ကို ကြိုးစား၍ ဝိပဿနာရှုပြီးလျှင် ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်တခွင်မှ လျှင်မြန်စွာ လွတ်မြောက်နိုင်ကြပါစေသတည်း။

**စက္ခုဝိညာဏ် ပြီး၏။**

---

## (၂) သောတဝိညာဏ် တည-တနာရီ

(က) နား,အသံ-ပေါင်းဆုံတော့ဟယ်-ကြားစိတ် ပေါ်လာတယ်။
(ခ) ပေါ်လာတဲ့ကြားစိတ်မှာ၊ သတိပြု၍ ရှုပေးပါ။
(ဂ) သောတဉ္စ ပဋိစ္စ သဒ္ဒေစ ဥပ္ပဇ္ဇတိ သောတဝိညာဏံ။

သောတဉ္စ၊ နားအကြည်ရုပ်ဟု ဆိုအပ်သော သောတ ပသာဒကိုရင်း။ သဒ္ဒေစ၊ အသံရုပ်ဟုဆိုအပ်သော သဒ္ဒါရုံတို့ကိုရင်း။အကျယ်ချဲ့ဟောပါလေ။

### ကြားစိတ်ကို ဝိပဿနာရှုပုံ

(၂) ကြားတဲ့အခါ ကြားတာကိုသိတဲ့ ကြားသိစိတ်ကလေးကိုသတိပြု ပြီး "အနိစ္စ-အနိစ္စ"လို့ ဖြစ်စေ၊ "ကြားသိ-ကြားသိ"လို့ ဖြစ်စေ ဝိပဿနာရှုရမယ်။

(၂) ကြားဆဲအခိုက်-ကြားစိတ်စိုက်ကာ၊
သတိပြုလျက်-မပျက်ရှုပါ။
ကြားစိတ်ဖြစ်မှု-အခုတွေ့ကာ၊
ကြားစိတ်ပျက်-တကွက် ဝိပဿနာပါ။

(၂) ကိဉ္စ လောကေ ပိယရူပံ သာတရူပံ၊ သောတဝိညာဏံ လောကေ ။ပ။ နိရုဇ္ဈတိ။

(၂) ကတမောစ ဘိက္ခဝေ ။ပ။ သောတဉ္စ ပဋိစ္စ သဒ္ဒေစ ဥပ္ပဇ္ဇတိ သောတဝိညာဏံ ။ပ။ နိရုဇ္ဈန္တိ။

(၂) သောတ,သဒ္ဒ-နှစ်ဝဆုံသော်၊
ကြားစိတ်ခေါ်ငြား-မှတ်သားနာမ်ပေါ်။
ပေါ်သောနာမ်အား-ရှုငြားမှန်သော်၊
သမုပ္ပါဒ်-ပြတ်လတ် မှန်သနော်။

## ပဋိစ္စသမုပ္ပါဒ် လည်ပုံ

(၂) ကိဥ္စ လောကေ ပိယရူပံ သာတရူပံ၊ သောတဝိညာဏံ လောကေ ॥ပ॥ နိဝိသတိ။

(၂) ကတမော စ ဘိက္ခဝေ ॥ပ॥ သောတဉ္စ ပဋိစ္စ သဒ္ဒေ စ ဥပ္ပဇ္ဇတိ သောတဝိညာဏံ ॥ပ॥ သမ္ဘဝန္တိ။

(၂) သောတ, သဒ္ဒ-နှစ်ဝဆုံရာ၊
ကြားစိတ်ခေါ် ငြား-မှတ်သားနာမ်လာ။
လာသောနာမ်အား-ရှုသွားမပါ၊
သမုပ္ပါဒ်-မပြတ်လည်တော့တာ။

(၂) သောတံ သဒ္ဒေန သံဝါသာ၊ ရာဂပုတ္တံ ဝိဇာယတိ။
မဟာနတ္ထကရော သောဟိ၊ သံဝါသံ တေန ဝါရယေ။
(အကျယ်ချဲ့ ဟောပါလေ။)

သောတဝိညာဏ် ပြီး၏။

---

## (၃) ဃာနဝိညာဏ် တည-တနာရီ

(က) နှာခေါင်း အနံ့ ပေါင်းဆုံတော့ဟယ်၊ နံ့စိတ် ပေါ်လာတယ်။

(ခ) ပေါ်လာတဲ့နာမ်စိတ်မှာ၊ သတိပြု၍ ရှုပေးပါ။

(ဂ) ဃာနဉ္စ ပဋိစ္စ ဂန္ဓေ စ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ။

ဃာနဥ္စ၊ နှာခေါင်း အကြည်ရုပ်ဟု ဆိုအပ်သော ဃာန ပသာဒ ကိုင်း။ ဂန္ဓေစ၊ အနံ့ရုပ်ဟုဆိုအပ်သော ဂန္ဓာရုံတို့ကိုင်း။

## နံ့စိတ်ကို ဝိပဿနာရှုပုံ

(၃) နံ့တဲ့အခါ နံ့တာကိုသိတဲ့ နံ့သိစိတ်ကလေးကို သတိပြုပြီး "အနိစ္စ-အနိစ္စ"လို့ ဖြစ်စေ၊ "နံ့သိ-နံ့သိ"လို့ ဖြစ်စေ ဝိပဿနာရှုရမယ်။

(၃) နံ့ဆဲအခိုက်-နံ့စိတ်စိုက်ကာ၊
သတိပြုလျက်-မပျက်ရှုပါ။
နံ့စိတ်ဖြစ်မှု-အခုတွေ့ကာ၊
နံ့စိတ်ပျက်-တကွက် ဝိပဿနာပါ။

(၃) ကိဥ္စ လောကေ ပိယရူပံ သာတရူပံ၊ ဃာနဝိညာဏံ လောကေ ॥ပ॥ နိရုဇ္ဈန္တိ။

(၃) ကတမော စ ဘိက္ခဝေ ॥ပ॥ ဃာနဉ္စ ပဋိစ္စ ဂန္ဓေ စ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ ॥ပ॥ နိရုဇ္ဈန္တိ။

(၃) ဃာန, ဂန္ဓ-နှစ်ဝဆုံသော်၊
နံစိတ်ခေါ်ငြား-မှတ်သားနာမ်ပေါ်။
ပေါ်သောနာမ်အား-ရှုငြားမှန်သော်၊
သမုပ္ပါဒ်-ပြတ်လစ်မှန်သနော်။

## ပဋိစ္စသမုပ္ပါဒ် လည်ပုံ

(၃) ကိစ္စ လောကေ ပိယရူပံ သာတရူပံ၊ ဃာနဝိညာဏံ လောကေ ။ပ။ နိဝိသတိ။

(၃) ကတမောစ ဘိက္ခဝေ ။ပ။ ဃာနဥ္စ ပဋိစ္စ ဂန္ဓေစ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ ။ပ။ သမ္ဘဝန္တိ။

(၃) ဃာန, ဂန္ဓ-နှစ်ဝဆုံရာ၊
နံစိတ်ခေါ်ငြား-မှတ်သားနာမ်လာ။
လာသောနာမ်အား-ရှုသွားမပါ၊
သမုပ္ပါဒ်-မပြတ်လည်တော့တာ။

(၃) ဃာနံ ဂန္ဓေန သံဝါသာ၊ ရာဂပုတ္တံ ဝိဇာယတိ။

ဃာနဝိညာဏ် ပြီး၏။

## (၄) ဇိဝှာဝိညာဏ် တည-တနာရီ

(က) လျှာ-အရသာ ပေါင်းဆုံတော့ဟယ်၊ စားစိတ် ပေါ်လာတယ်။
(ခ) ပေါ်လာတဲ့ စားစိတ်မှာ၊ သတိပြု၍ ရှုပေးပါ။
(ဂ) ဇိဝှဥ္စ ပဋိစ္စ ရသေစ ဥပ္ပဇ္ဇတိ ဇိဝှာဝိညာဏံ။

ဇိဝှဥ္စ၊ လျှာ အကြည်ရုပ်ဟု ဆိုအပ်သော ဇိဝှာပသာဒကိုရင်း။ ရသေစ၊ အရသာရုပ်ဟုဆိုအပ်သော ရသာရုံတို့ကိုရင်း။

## စားစိတ် ဝိပဿနာရှုပုံ

(၄) စားတဲ့အခါ စားတာကိုသိတဲ့ စားသိစိတ်ကလေးကို သတိပြုပြီး "အနိစ္စ-အနိစ္စ"လို့ဖြစ်စေ၊ "စားသိ-စားသိ"လို့ဖြစ်စေဝိပဿနာ ရှုရမယ်။

(၄) စားဆဲအခိုက်-စားစိတ်စိုက်ကာ၊
သတိပြုလျက်-မပျက်ရှုပါ။
စားစိတ်ဖြစ်မှု-အခုတွေ့ကာ၊
စားစိတ်ပျက်-တကွက် ဝိပဿနာပါ။

(၄) ကိဉ္စ လောကေ ပိယရူပံ သာတရူပံ၊ ဇိဝှါဝိညာဏံ လောကေ ။ပ။ နိရုဇ္ဈတိ။

(၄) ကတမော စ ဘိက္ခဝေ ။ပ။ ဇိဝှဉ္စ ပဋိစ္စ ရသေ စ ဥပ္ပဇ္ဇတိ ဇိဝှာဝိညာဏံ ။ပ။ နိရုဇ္ဈန္တိ။

(၄) ဇိဝှာ့ရသ-နှစ်ဝဆုံသော်၊
စားစိတ်ခေါ်ငြား-မှတ်သားနာမ်ပေါ်။
ပေါ်သောနာမ်အား-ရှုငြားမှန်သော်၊
သမုပ္ပါဒ်-ပြတ်လတ် မှန်သနော်။

## ပဋိစ္စသမုပ္ပါဒ် လည်ပုံ

(၄) ကိဉ္စ လောကေ ပိယရူပံ သာတရူပံ၊ ဇိဝှါဝိညာဏံ လောကေ ။ပ။ နိဝိသတိ။

(၄) ကတမော စ ဘိက္ခဝေ ။ပ။ ဇိဝှဉ္စ ပဋိစ္စ ရသေ စ ဥပ္ပဇ္ဇတိ ဇိဝှာဝိညာဏံ ။ပ။ သမ္ဘဝန္တိ။

(၄) ဇိဝှာ့ရသ-နှစ်ဝဆုံရာ၊
စားစိတ်ခေါ်ငြား-မှတ်သား နာမ်လာ။
လာသောနာမ်အား-ရှုသွားမပါ၊
သမုပ္ပါဒ်-မပြတ်လည်တော့တာ။

(၄) ဇိဝှာရသေန သံဝါသာ၊ ရာဂပုတ္တံ ဝိဇာယတိ။

ဇိဝှာဝိညာဏ် ပြီး၏။

---

## (၅) ကာယဝိညာဏ် တည-တနာရီ

(က) ကိုယ်-အတွေ့ ပေါင်းဆုံတော့ဟယ်၊ ထိစိတ် ပေါ်လာတယ်။

(ခ) ပေါ်လာတဲ့ ထိစိတ်မှာ၊ သတိပြု၍ ရှုပေးပါ။

(ဂ) ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေ စ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ။

ကာယဉ္စ၊ ကိုယ်အကြည် ရုပ် ဟု ဆိုအပ်သော ကာယ ပသာဒ ကိုရင်း။ ဖောဋ္ဌဗ္ဗေ စ၊ အတွေ့အထိ ရုပ်ဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံကိုကိုရင်း။

## ထိစိတ်ကို ဝိပဿနာရှုပုံ

(၁) ထိတဲ့အခါ ထိတာကိုသိတဲ့ ထိသိစိတ်ကလေးကိုသတိပြုပြီး "အနိစ္စ အနိစ္စ" လို့ ဖြစ်စေ၊ "ထိသိ-ထိသိ" လို့ ဖြစ်စေ၊ စိတ်နှင့် ဝိပဿနာရှုရမယ်။

(၅) ထိဆဲအခိုက်-ထိစိတ်စိုက်ကာ၊
သတိပြုလျက်-မပျက်ရှုပါ။
ထိစိတ်ဖြစ်မှု-အခုတွေ့ကာ၊
ထိစိတ်ပျက်-တကွက် ဝိပဿနာပါ။

(၅) ကိစ္စ လောကေ ပိယရူပံ သာတရူပံ၊ ကာယဝိညာဏံ လောကေ ။ပ။ နိရုဇ္ဈတိ။

(၅) ကတမောစ ဘိက္ခဝေ ။ပ။ ကာယဥ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ ။ပ။ နိရုဇ္ဈန္တိ။

(၅) ကာယ,ဖောဋ္ဌဗ်-နှစ်ရပ်ဆုံသော်၊
ထိစိတ်ခေါ်ငြား-မှတ်သားနာမ်ပေါ်။
ပေါ်သောနာမ်အား-ရှုငြားမှန်သော်၊
သမုဒ္ဒါဒ်-ပြတ်လတ် မှန်သနော်။

## ပဋိစ္စသမုပ္ပါဒ် လည်ပုံ

(၅) ကိစ္စ လောကေ ပိယရူပံ သာတရူပံ၊ ကာယဝိညာဏံ လောကေ ။ပ။ နိဝိသတိ။

(၅) ကတမောစ ဘိက္ခဝေ ။ပ။ ကာယဥ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ ။ပ။ သမ္ဘဝန္တိ။

(၅) ကာယ,ဖောဋ္ဌဗ်-နှစ်ရပ်ဆုံရာ၊
ထိစိတ်ခေါ်ငြား-မှတ်သား နာမ်လာ။
လာသောနာမ်အား-ရှုသွားမပါ၊
သမုဒ္ဒါဒ်-မပြတ် လည်တော့တာ။

(၅) ကာယော ဖောဋ္ဌဗ္ဗေန သံဝါသာ၊ ရာဂပုတ္တံ ဝိဇာယတိ။

အထူးမှတ်ချက်။ ။နှာသီးဝ၌ ထွက်လေ ဝင်လေ တိုးထိတာကို သိတဲ့ ထိသိစိတ်ကို ဝိပဿနာရှုခြင်းသည်၎င်း၊ စကြံလျှောက်တဲ့အခါ ခြေဖဝါးနှင့်မြေကြီးထိတာကိုသိတဲ့ ထိသိစိတ်ကိုဝိပဿနာ ရှုခြင်းသည်၎င်း ဤ ကာယ - ဖောဋ္ဌဗ္ဗ, ကာယဝိညာဏ် ရှုနည်း၌ ပါဝင်သည်ဟု မှတ်ရမည်။

ရှုပုံ။ ။နှာသီးဝ၌ထွက်လေတိုးထိသည့်အခါတိုးထိတာကိုသိတဲ့ ထိသိ စိတ်ကိုသတိပြုပြီး "အနိစ္စ" ဟု၎င်း၊ "သိခြင်း" ဟု၎င်းဝိပဿနာ ရှုရမယ်။ (အကြွင်း နည်းမှီး သိလေ။)

ကာယဝိညာဏ် ပြီး၏။

---

(၂) '၀၀၀' ဤကဲ့သို့ ဆက်လက်ပြထားသော သုည သုံးလုံးဖြင့် စိတ်၏ ဥပါဒ်ခဏ, ဌီခဏ, ဘင်ခဏကို အစဉ်အတိုင်းပြလိုက်သည်။

(၃) စိတ်တခုတခု၏အသက်သည် ရင်းဥပါဒ်-ဌီ-ဘင် ခဏငယ်သုံးချက်မျှသာ ရည်၏။

(၄) ရုပ်၏ အသက်ကား စိတ်၏အသက် ဆယ့်ခုနစ်ချက်နှင့် ညီမျှ၍ ခဏငယ်ပေါင်း ငါးဆယ့်တချက်ခန့်ကြာ၏၊ ထိုတွင် ရုပ်၏ဥပါဒ်ခဏနှင့် ဘင်ခဏသည် စိတ်၏ဥပါဒ်ခဏ, ဘင်ခဏနှင့် ကာလချင်း ညီမျှ၏။ ဌီခဏသာ ကြာရှည်၏၊ ထို့ကြောင့် ရုပ်၏ ဌီခဏသည် ခဏငယ်ပေါင်း လေးဆယ့်ကိုးချက်ခန့်ကြာ၏ဟု ဆို၏။

## ဝီထိပုံအတွက် မှတ်ချက်

တီ = ဂတီတဘဝင်-ဟု မှတ်။
န = ဘဝင်္ဂစလန ။
ဒ = ဘဝင်္ဂုပစ္ဆေဒ ။
ပ = ပဉ္စဒွါရာဝဇ္ဇန်း ။
စ = စက္ခုဝိညာဏ် (သ-ဿ-ဇိ-ကာ-သောတဝိညာဏ် စသည်မှတ်)
သံ = သမ္ပဋိစ္ဆိုင်း ။
ဏ = သန္တီရဏ ။
ဝု = ဝုဋ္ဌော ။
ဇ = ဇော ။
ရုံ = တဒါရုံ ။

## စက္ခုဝိညာဏဝီထိ

```
 တီ    န    ဒ    ပ    စ     သံ    ဏ    ဝု
၀[၀၀ ၀၀၀ ၀၀၀(၀၀၀ "၀၀၀"၀၀၀ ၀၀၀ ၀၀၀
၁'
 ဇ    ဇ    ဇ    ဇ    ဇ    ဇ    ဇ    ရုံ   ရုံ
၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀)၀]
                                          ၁'
```

ဤဝီထိပုံမှာ အစ၌ ၁' ဤကဲ့သို့ ပြထားတာကို ဥပါဒ်ရုပ် ၁-ခုမှတ်။ အဆုံး၌ (၁') ဤကဲ့သို့ ပြထားတာကို ဘင်ရုပ် ၁-ခုဟု မှတ်။ ဤအတွင်း ဌီ-ရုပ် ၄၉-ခုဟု မှတ်။ ( ) ဤအတွင်းသာ ဝီထိစိတ်ဟုမှတ်။ " " ဤအတွင်း စက္ခုဝိညာဏ်စိတ် ဖြစ်ပြီးချုပ်၏ဟု မှတ်လေ။

ဆိုရိုး။ ။အတီတဘဝင်၏ ဥပါဒ်ခဏမှစ၍ ရှေးရှုအတူ ဥပါဒ်လာကြသော ရူပါရုံနှင့်စက္ခုပြသာဒတို့မှာ အတီတဘဝင်တချက်အလွန်တွင် ရူပါရုံသည် စက္ခုပြသာဒ၌ ထင်လာသဖြင့် ဘဝင်စလန, ဘဝင်ုပစ္ဆေဒ,ပဉ္စဒွါရာဝဇ္ဇန်း,စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော,ဇော ခုနစ်ကြိမ်,တဒါရုံ နှစ်ကြိမ် ဖြစ်ပြီးလျှင် ရူပါရုံ-စက္ခုပြသာဒတို့သည် တဆယ့်ခုနစ်ချက် ရုပ်သက်စေ့ရကား ဒုတိယတဒါရုံ၏ ဘင်နှင့်ပြိုင်၍ ချုပ်ကြလေကုန်၏။ (သဒ္ဒါရုံ-သောတပသာဒ စသည် ပြောင်းဆို)။

စက္ခုဝိညာဏ်စိတ်ကား ဥပါဒ်, ဌီ, ဘင် ခဏတ္တယမျှ အသက်ရှည်၍ ချုပ်ပျောက်သွားလေသည်။ (သောတဝိညာဏ်စသည် ပြောင်းဆို။)

ဘဝင်စိတ်တို့သည် ကံ,ကမ္မနိမိတ်, ဂတိနိမိတ်သုံးပါးတွင် တပါးပါးကို အာရုံပြုကြကုန်၏။

ပဉ္စဒွါရာဝဇ္ဇန်းအစ တဒါရုံအဆုံးရှိသောဝီထိစိတ်တို့သည်ကား ထင်လာသောပစ္စုပ္ပန်ရူပါရုံကိုအာရုံပြုကုန်၏၊(ပစ္စုပ္ပန်သဒ္ဒါရုံစသည်ပြောင်းဆိုပါလေ။)

## ဝိပဿနာရှုပုံ

အတီတဘဝင်၏ ဥပါဒ်ခဏဖြစ်ခဲ့သော အဆင်းရုပ်, မျက်စိရုပ် တို့ကား ဒုတိယတဒါရုံ၏ဘင်မှာ စိတ္တက္ခဏ ဆယ့်ခုနစ်ချက် ရုပ်သက်စေ့၍ချုပ်ပျက်ရလေသောကြောင့် အဆင်းရုပ်လည်းအမြဲမရှိ-အနိစ္စ၊မျက်စိရုပ်လည်းအမြဲမရှိ-အနိစ္စ။

စက္ခုဝိညာဏ်ခေါ်တဲ့ မြင်စိတ်ကလေးကား ခဏတ္တယမျှ အသက်ရှည်၍ ချုပ်ပျက်ရလေသောကြောင့် မြင်စိတ်လည်း အမြဲမရှိ-အနိစ္စ။

(သောတဝိညာဏဝီထိ စသည်တို့ကိုလည်း နည်းမှီး၍ သိပါ။)

---

## မနောဒွါရဝီထိ

န ဒ (မ ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ) ဘင် ဘင်
၀၀၀ ၁၀၀(၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀ဂ)၀၀၀ ၀၀၀

ဤပုံ၌ မ=မနောဒွါရာဝဇ္ဇန်းဟုမှတ်။

ဆိုရိုး။ ။ဓမ္မာရုံခေါ်သော သဘောအာရုံတပါးပါးသည် ထင်ရှားစွာ မနောဒွါရ၌ထင်လာသည်ရှိသော်၊ဘဝင်စလန,ဘဝင်ုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း,ဇောခုနစ်ကြိမ်,တဒါရုံနှစ်ကြိမ်ဖြစ်ပြီးလျှင် ဘဝင်ကျ၏။(ဓမ္မာရုံအရ အတိတ်,အနာဂတ်စသည်ပါဖြစ်၍ အတီတဘဝင် မရအပ်ပြီ။) ပြီးပြီ။

## (၆) မနောဝိညာဏ် တည-တနာရီ

(က) မနောနှင့်သဘော ပေါင်းဆုံတော့ဟယ်၊ကြံစိတ်ပေါ်လာတယ်။

(ခ) ပေါ်လာတဲ့ကြံစိတ်မှာ၊ သတိပြု၍ ရှုပေးပါ။

(ဂ) မနဥ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ မနောဝိညာဏံ။

မနဥ္စ၊ နှလုံးအိမ်၌မှီတဲ့ ဘဝင်စိတ်ဟုဆိုအပ်သော မနောအကြည်ကိုင်း၊ ဓမ္မေစ၊ မနောက ကြံတွေးမှ ပေါ်လာတဲ့ သဘောတွေဟု ဆိုအပ်သော ဓမ္မာရုံတို့ကိုင်း။

အမှာ။ ။ဤ၌ ဓမ္မာရုံဆိုတာ မနောနှင့်သဘောကို ကြံမှု့တွေးမှ ပေါ်လာတဲ့ သဘောတွေဖြစ်တယ်။ကြံမှု့တွေးမှပေါ်လာတဲ့ သဘောတွေဖြစ်လို့ ဓမ္မာရုံကို "အလွတ်အာရုံ" လို့ ခေါ်တယ်။ နိဗ္ဗာန်နှင့် ပညတ်ကို ဝိပဿနာဘုံမထိုက်၍ ကြဉ်ပါ။

### ကြံစိတ်ကို ဝိပဿနာ ရှုပုံ

(၆) ကြံတဲ့့တွေးတဲ့အခါ ကြံတာ့တွေးတာကိုသိတဲ့ ကြံသိစိတ့်တွေး သိစိတ်ကိုသတိပြုပြီး "အနိစ္စ-အနိစ္စ" လို့ဖြစ်စေ၊ "ကြံသိ-ကြံသ်" လို့ဖြစ်စေ ဝိပဿနာရှုရမယ်။

(၆) ကြံဆဲအခိုက်-ကြံစိတ်စိုက်ကာ၊
သတိပြုလျက်-မပျက်ရှုပါ။
ကြံစိတ်ဖြစ်မှု-အခုတွေ့ကာ၊
ကြံစိတ်ပျက်-တကွက်ဝိပဿနာ။

(၆) ကိဥ္စ လောကေ ပိယရူပံ သာတရူပံ၊ မနောဝိညာဏံ လောကေ ။ပ။ နိရုဇ္ဈန္တိ။

(၆) ကတမောစ ဘိက္ခဝေ ။ပ။ မနဥ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ မနော ဝိညာဏံ ။ပ။ နိရုဇ္ဈန္တိ။

(၆) မန့ ဓမ္မ-နှစ်ဝ ဆုံသော်၊
ကြံစိတ်ခေါ်ငြား-မှတ်သားနာမ်ပေါ်။
ပေါ်သောနာမ်အား-ရှုငြားမှန်သော်၊
သမုဒယ-ပြတ်လတ် မှန်သနော်။

### ပဋိစ္စသမုပ္ပါဒ် လည်ပုံ

(၆) ကိဥ္စ လောကေ ပိယရူပံ သာတရူပံ၊ မနောဝိညာဏံ လောကေ ။ပ။ နိဝိသတိ။

(၆) ကတမောစ ဘိက္ခဝေ ။ပ။ မနဉ္စ ပဋိစ္စ ဓမ္မေစ ဉပ္ပဇ္ဇတိ မနော ဝိညာဏံ ။ပ။ သမ္ဘဝန္တိ။

(၆) မန, ဓမ္မ-နှစ်ဝဆုံရာ၊
ကြံစိတ်ခေါ်ငြား-မှတ်သား နာမ်လာ။
လာသောနာမ်အား-ရှုသွား:မပါ၊
သမုပ္ပါဒ်·မပြတ်လည်တော့တာ။

(၆) မနော ဓမ္မေန သံဝါသာ၊ ရာဂပုတ္တံ ဝိဇာယတိ။
မဟာနတ္ထကရော သောဟိ၊ သံဝါသံ တေန ဝါရယေ။

မနောဝိညာဏ် ပြီး၏။

---

အမှာ။ ။သောတဝိညာဏ်စသည်တို့၌လည်း စက္ခုဝိညာဏ်တွန်းကကဲ့သို့ အကျယ်ချဲ့၍ ဟောကြပါလေ။ ကျယ်အံ့စိုး၍ အတိုချုပ် မျှ ပြလိုက်သည်။

## နိဂုံးအုပ်ပြပုံ

| | | နာမည်ခေါ်ပုံ | တနည်းခေါ်ပုံ | တနည်းခေါ်ပုံ | |
|---|---|---|---|---|---|
| ဝိညာဏ် ၆-ပါး | ၁ | စက္ခုဝိညာဏ် | မြင်စိတ် | မြင်သိ | နာမ်တရား |
| | ၂ | သောတဝိညာဏ် | ကြားစိတ် | ကြားသိ | |
| | ၃ | ဃာနဝိညာဏ် | နံစိတ် | နံသိ | |
| | ၄ | ဇိဝှာဝိညာဏ် | စားစိတ် | စားသိ | |
| | ၅ | ကာယဝိညာဏ် | ထိစိတ် | ထိသိ | |
| | ၆ | မနောဝိညာဏ် | ကြံစိတ် | ကြံသိ | |

အဲဒီ နိဂုံးအုပ်ပြလိုက်တဲ့ ဝိညာဏ်ခြောက်ပါးကို ပေါ်လာဆဲအခိုက် သတိပြုလျက် မပျက်မကွက် ဝိပဿနာ ရှုနိုင်ကြပြီးလျှင် ဉာဏ်စဉ်ပေါက်ကာ မဂ်,ဖိုလ်သို့ ဆိုက်ရောက်နိုင်ကြပါစေသတည်း။

## ဝီထိပုံနှင့်ပြ၍ ဟောရန်

(၁) 'သုည'ဟူသည် ကင်းဆိတ်ခြင်း,ဘာမျှမရှိခြင်းအနက်ကိုပြသကဲ့သို့ ခဏဟူသည်လည်း အထင်အရှား ဘာမျှမရှိဟု ပြလို၍ 'ခဏ'အရ 'ဝ'ဉ်ကဲ့သို့ သုညဖြင့် ပြထားသည်။

(၂) ‘၀၀၀’ ဤကဲ့သို့ ဆက်လက် ပြထားသော သုည သုံးလုံးဖြင့် စိတ်၏ ဥပါဒ်ခဏ, ဌီခဏ, ဘင်ခဏကို အစဉ်အတိုင်းပြလိုက်သည်။

(၃) စိတ်တခုတခု၏အသက်သည် ရင်းဥပါဒ်-ဌီ-ဘင် ခဏငယ်သုံးချက်မျှသာ ရှည်၏။

(၄) ရုပ်၏ အသက်ကား စိတ်၏အသက် ဆယ့်ခုနစ်ချက်နှင့် ညီမျှ၍ ခဏငယ်ပေါင်း ငါးဆယ့်တချက်ခန့်ကြာ၏၊ ထိုတွင် ရုပ်၏ဥပါဒ်ခဏနှင့် ဘင်ခဏသည် စိတ်၏ဥပါဒ်ခဏ, ဘင်ခဏနှင့် ကာလချင်း ညီမျှ၏။ ဌီခဏသာ ကြာရှည်၏၊ ထို့ကြောင့် ရုပ်၏ဌီခဏသည် ခဏငယ်ပေါင်း လေးဆယ့်ကိုးချက်ခန့်ကြာ၏ဟု ဆို၏။

## ဝီထိပုံအတွက် မှတ်ချက်

တီ = အတီတဘဝင်-ဟု မှတ်။
န = ဘဝင်္ဂစလန ။
ဒ = ဘဝင်္ဂုပစ္ဆေဒ ။
ပ = ပဉ္စဒွါရာဝဇ္ဇန်း ။
စ = စက္ခုဝိညာဏ် (သ-ဃာ-ဇိ-ကာ-သော တဝိညာဏ် စသည်မှတ်)
သံ = သမ္ပဋိစ္ဆိုင်း ။
ဏ = သန္တီရဏ ။
ဝု = ဝုဋ္ဌော ။
ဇ = ဇော ။
ရုံ = တဒါရုံ ။

## စက္ခုဝိညာဏ ဝီထိ

```
  တီ    န    ဒ    ပ    စ    သံ    ဏ    ဝု
၀[၀၀ ၀၀၀ ၀၀၀(၀၀၀ “၀၀၀”၀၀၀ ၀၀၀ ၀၀၀
၁´
  ဇ    ဇ    ဇ    ဇ    ဇ    ဇ    ဇ    ရုံ    ရုံ
၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀)၀]
                                              ၁´
```

ဤဝီထိပုံမှာ အစ၌ ၁´ဤကဲ့သို့ ပြထားတာကို ဥပါဒ်ရုပ် ၁-ခုမှတ်။ အဆုံး၌(၁´)ဤကဲ့သို့ ပြထားတာကို ဘင်ရုပ် ၁-ခုဟု မှတ်။ဤအတွင်း ဌီ-ရုပ် ၄၉-ခုဟု မှတ်။( )ဤအတွင်းသာ ဝီထိစိတ်ဟုမှတ်။“ ”ဤအတွင်း စက္ခုဝိညာဏ်စိတ် ဖြစ်ပြီးချုပ်၏ဟု မှတ်လေ။

ဆိုရိုး။ ။အတီတဘဝင်၏ ဥပါဒ်ခဏမှစ၍ ရှေးရှုအတူ ဥပါဒ်လာကြသော ရူပါရုံနှင့်စက္ခုပသာဒတို့မှာ အတီတဘဝင်တချက်အလွန်တွင် ရူပါရုံသည် စက္ခုပသာဒ၌ ထင်လာသဖြင့် ဘဝင်စလန, ဘဝင်ုပစ္ဆေဒ,ပဉ္စဒွါရာဝဇ္ဇန်း,စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော,ဇော ခုနစ်ကြိမ်,တဒါရုံ နှစ်ကြိမ် ဖြစ်ပြီးလျှင် ရူပါရုံ-စက္ခုပသာဒတို့သည် တဆယ့်ခုနစ်ချက် ရုပ်သက်စေ့ရကား ဒုတိယတဒါရုံ၏ဘင်နှင့်ပြိုင်၍ ချုပ်ကြလေကုန်၏။ (သဒ္ဒါရုံ-သောတပသာဒ စသည် ပြောင်းဆို)။

စက္ခုဝိညာဏ်စိတ်ကား ဥပါဒ်, ဌီ, ဘင် ခဏတ္တယမျှ အသက်ရှည်၍ ချုပ်ပျောက်သွားလေသည်။ (သောတဝိညာဏ်စသည် ပြောင်းဆို။)

ဘဝင်စိတ်တို့သည် ကံ,ကမ္မနိမိတ်, ဂတိနိမိတ်သုံးပါးတွင် တပါးပါးကို အာရုံပြုကြကုန်၏။

ပဉ္စဒွါရာဝဇ္ဇန်းအစ တဒါရုံအဆုံးရှိသောဝီထိစိတ်တို့သည်ကား ထင်လာသောပစ္စုပ္ပန်ရူပါရုံကိုအာရုံပြုကုန်၏။(ပစ္စုပ္ပန်သဒ္ဒါရုံစသည်ပြောင်းဆိုပါလေ။)

## ဝိပဿနာရှုပုံ

အတီတဘဝင်၏ ဥပါဒ်ခဏဖြစ်ခဲ့သော အဆင်းရုပ်, မျက်စိရုပ် တို့ကား ဒုတိယတဒါရုံ၏ဘင်မှာ စိတ္တက္ခဏ ဆယ့်ခုနစ်ချက် ရုပ်သက်စေ့၍ချုပ်ပျက်ရလေသောကြောင့် အဆင်းရုပ်လည်းအမြဲမရှိ-အနိစ္စ၊မျက်စိရုပ်လည်းအမြဲမရှိ-အနိစ္စ။

စက္ခုဝိညာဏ်ခေါ်တဲ့ မြင်စိတ်ကလေးကား ခဏတ္တယမျှ အသက်ရှည်၍ ချုပ်ပျက်ရလေသောကြောင့် မြင်စိတ်လည်း အမြဲမရှိ-အနိစ္စ။

(သောတဝိညာဏဝီထိ စသည်တို့ကိုလည်း နည်းမှီး၍ သိပါ။)

---

## မနောဒွါရဝီထိ

| | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| န | ဒ | (မ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ရုံ | ရုံ) | ဘ | ဘင် |
| ၀၀၀ | ၁၀၀ | (၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀) | ၀၀၀ | ၀၀၀ |

ဤပုံ၌ မ=မနောဒွါရာဝဇ္ဇန်းဟုမှတ်။

ဆိုရိုး။ ။ဓမ္မာရုံခေါ်သော သဘောအာရုံတပါးပါးသည် ထင်ရှားစွာ မနောဒွါရ၌ထင်လာသည်ရှိသော်၊ဘဝင်စလန,ဘဝင်ုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း,ဇောခုနစ်ကြိမ်,တဒါရုံနှစ်ကြိမ်ဖြစ်ပြီးလျှင် ဘဝင်ကျ၏။(ဓမ္မာရုံအရ အတိတ်,အနာဂတ်စသည်ပါဖြစ်၍ အတီတဘဝင် မရအပ်ပြီ။) ပြီးပြီ။

## ရူဥသောတာပန်နယ်

စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။ (သံယုတ်)

(၁) မျက်စိနှင့် အဆင်းကိုစွဲ၍ မြင်စိတ် ပေါ်လာတယ်။ မျက် စိ နှင့် အဆင်းက ရုပ်၊ မြင်စိတ်က နာမ်-ဟု သတိပြုရမယ်။

(၂) ရုပ်နှင့်နာမ်မှတပါး ယောကျ်ား, မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါ, ငါ မရှိဘူးဆိုတာ ဉာဏ်မှာသိမြင်ရတယ်။

*ပေါ်လာဆဲမှာ၊ ရုပ်-နာမ်သာဟု၊ ဉာဏ်မှာထင်ထင်၊ တကယ်မြင်၊ ကင်းစင် ဒိဋ္ဌိကွာ။ (နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ပြီ။)

ရူပါယတနံ စက္ခုဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။ (ပဋ္ဌာန်း)

၁။ အဆင်းရုပ်ကအကြောင်း၊ မြင်စိတ်နာမ်ကအကျိုးဟုသတိပြုရမယ်။

၂။ အကြောင်းနှင့်အကျိုးမှတပါး ယောကျ်ား, မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါ ငါမရှိဘူးဆိုတာ ဉာဏ်မှာသိမြင်ရတယ်။

*ပေါ်လာဆဲမှာ၊ ကြောင်းကျိုးသာဟု၊ ဉာဏ်မှာထင်ထင်၊ တကယ်မြင်၊ ကင်းစင်ယုံမှားကွာ။ (ပစ္စယပရိဂ္ဂဟဉာဏ်နှင့် ကင်္ခါဝိတရဏဝိသုဒ္ဓိဖြစ်ပြီ။ အကြွင်း သိသာပြီ။)

ဤအထိဆိုက်ရောက်သော ယောဂီသည် စူဠသောတာပန်ဖြစ်ပြီ။

ဣမိနာ ပန ဉာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော စူဠသောတာပန္နော နာမ ဟောတိ။ (ဝိသုဒ္ဓိမဂ်)

နောက်ဆက်တွဲ ပြီးပါပြီ။

---

## တနည်း-ဝိပဿနာဒေသနာ ခြောက်ရက်သင်တန်းနှင့် ဆောင်ပုဒ်များ

### အာသိသ ကထာ

●

ဒုဝေ သစ္စာနိ အက္ခာသိ၊ သမ္ဗုဒ္ဓေါ ဝဒတံ ဝရော။
သမ္မုတိံ ပရမတ္ထဉ္စ၊ တတိယံ နုပလဗ္ဘတိ။
ဂဟေန သစ္စဝင္ဂေနှ၊ နိဗ္ဗာဂါ ဟောန္တု သာဓဝေါ။
(အင်္ဂုတ္တိုရ် အဋ္ဌကထာ)

ဝဒတံ-ဝဒန္တာနံ၊ သင်တန်းများကို ညွှန်ကြားပြသ ဟောကြားတော်မူတတ်သော ပုဂ္ဂိုလ်အပေါင်းတို့ထက်။ ဝရော၊ သုံးဘုံတိုက်လုံး အမြတ်ဆုံးဖြစ်တော်မူပေသော။ သမ္ဗုဒ္ဓေါ၊ ကိုယ်တိုင်သိမြင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ သမ္မုတိံ စ၊ လောကဥ္စ စိတ်ထင်ခေါ်မှု ပညတ်စုဖြစ်တဲ့ သမ္မုတိသစ္စာသမုတ်မှန်ကိုင်း။ ပရမတ္ထဉ္စ၊ စိတ်,စေတသိက်, ရုပ်,နိဗ္ဗာန်-ဟု ပရမတ်စုဖြစ်တဲ့ ပရမတ္ထသစ္စာ အဟုတ်မှန်,သဘောမှန်ကိုင်း။ ဒုဝေ၊ နှစ်ပါးကုန်သော။ သစ္စာနိ၊ အမှန်တရားတို့ကို။ အက္ခာသိ၊ ဟောကြားတော်မူခဲ့လေပြီ။ တတိယံ၊ သုံးခုမြောက်သောအချက်ကို။ န ဥပလဗ္ဘတိ၊ မရအပ်တော့ပေ။ တေန သစ္စဝဇ္ဇေန၊ ဤသို့ထုတ်ပြန် ဟုတ်မှန်စွာဆိုရတဲ့ သစ္စာ စကားကြောင့်။ သာခဝေါ၊ ပါရမီရှင်ပေါင်းသူတော်ကောင်းတို့သည်။ နိရောဂါ၊ ရောဂါမငြိဘေးမထိကြကုန်သည်။ ဟောန္တု၊ မုချမသွေ ဖြစ်ကြပါစေသတည်း။

---

## ခြောက်ရက်လုံး သုံးရမည့် ဆောင်ပုဒ်များ

၁။ ပညတ်အရာ၊ သမ္မုတိသာ၊ သစ္စာ မှတ်ကုန်ကြ။

၂။ ပရမတ်အရာ၊ ပရမတ်သာ၊ သစ္စာ မှတ်ကုန်ကြ။

၃။ ပညတ်-ပရမတ်၊ ထိုနှစ်ရပ်၊ ဆတ်ဆတ် မှတ်ကုန်ကြ။

### ပညတ်များ

၄။ အမည်-သဏ္ဌာန်များ၊ ပညတ်ထား၊ မှတ်သားကြပါလေ။

### ပရမတ်များ

၅။ ရုပ်,နာမ် နှစ်ရပ်၊ ပရမတ်၊ ဆတ်ဆတ်မှတ်လေပါ။

### ပညတ်ပျောက်-ပရမတ်ရောက်

*၆။ ပေါ်လာဆဲသာ၊ သတိပြုကာ၊ မှတ်ရှုရမှာ၊ ပညတ်ကွာကာ၊ တွေ့မြင်တာ၊ မှန်စွာ ပရမတ်။

၇။ ပရမတ်ဓာတ်သား၊ တွေ့သူအား၊ ဆိုက်ငြား ဉာဏ်စဉ်မြတ်။

၈။ ဉာဏ်စဉ်ဆိုက်ရောက်၊ ပကြာမြောက်၊ မဂ်ပေါက် ဖိုလ်ဝင်ကပ်။

* ပစ္စုပ္ပန္နဉ္စ ယံ ဓမ္မံ၊ တတ္ထ တတ္ထ ဝိပဿတိ။
အသံဟိရံ အသံကုပ္ပံ၊ တံ ဝိဒွါ အနုဗြူဟယေ။
(ဘဒ္ဒေကရတ္တသုတ်)

## ခြောက်ရက်စဉ်အတိုင်းသုံးရန် ဆောင်ပုဒ်များ

အမှာ။ ။အစဉ်ကိုကား အတွေ့အကြုံများရာကို ရှေ့ထား၍ စဉ်လိုက်ခြင်း ဖြစ်သတည်း။

*၁။ ကိုယ်ရုပ်, အတွေ့ရုပ်, ထိသိနာမ်။ (တရက်)

၂။ မနောနာမ်-သဘောရုပ်,နာမ်-ကြံသိနာမ်။ (တရက်)

၃။ နားအကြည်ရုပ်-အသံရုပ်, ကြားသိနာမ်။ (တရက်)

၄။ မျက်စိအကြည်ရုပ်-အဆင်းရုပ်,မြင်သိနာမ်။ (တရက်)

၅။ လျှာအကြည်ရုပ်-အရသာရုပ်,စားသိနာမ်။ (တရက်)

၆။ နှာခေါင်းအကြည်ရုပ်-အနံ့ရုပ်, နံသိနာမ်။ (တရက်)

ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ။

(အကြောင်းပုဒ်များ သိသာပြီ။)

---

## ခြောက်ရက်စဉ်အတိုင်းသုံးရန် ဆောင်ပုဒ်များ

၁။ ထိဆဲ အခိုက်မှာ၊ သတိပြုကာ၊ မှတ်ရှုလေရာ၊ ပညတ်ကွာ၍၊ ရုပ်,နာမ်သာဟု၊ဉာဏ်မှာထင်ထင်၊ တကယ်မြင်၊ ကင်းစင်ဒိဋ္ဌိကွာ။ (နာမရူပ ပရိစ္ဆေဒဉာဏ်)

*၂။ ထိဆဲအခိုက်မှာ၊ သတိပြုကာ၊ မှတ်ရှုလေရာ၊ ပညတ်ကွာ၍၊ ကြောင်းကျိုးသာဟု၊ ဉာဏ်မှာထင်ထင်၊ တကယ်မြင်၊ ကင်းစင် ယုံမှားကွာ။ (ပစ္စယပရိဂ္ဂဟဉာဏ်)

ဤကား....တရက်အတွက်တည်း)

၁။ ကြံဆဲအခိုက်မှာ....( )

၂။ ကြံဆဲအခိုက်မှာ (ပ) ယုံမှားကွာ။ (တရက်)
ကြားဆဲ, မြင်ဆဲ, စားဆဲ, နံဆဲတို့၌လည်း တရက်စီယူပါလေ။

(သိသာပြီ)

*ဣမိနာ ပန ဉာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော စူဠသောတာပန္နော နာမ ဟောတိ။ (ဝိသုဒ္ဓိမဂ်)

အကျဉ်းဆောင်ပုဒ်များ ပြီး၏။

## အကျယ်ချဲ့ ဟောပြီ
## ပထမ ည-တနာရီ
## (၁) ထိဆဲ ဝိပဿနာရှုပုံ တရားတော်

၁။ ပညတ်အရာ (ပ) ကြ။ (ပြဆိုခဲ့ပြီ။)
၂။ ပရမတ်အရာ (ပ) ကြ။ ( ။ )

အဲဒီလက်ာ နှစ်ပုဒ်အရ သမ္မုတိသစ္စာဆိုတာ သမုတ်မှန်တရား၊ပညတ်ကို ဆိုတယ်။ ပရမတ္ထသစ္စာဆိုတာ အဟုတ်မှန်တရား၊ ပရမတ်ကို ဆိုတယ်။

ထို့ကြောင့်....

၃။ ပညတ်, ပရမတ်၊ (ပ) ကုန်ကြ-လို့ ဆို

ဟောဒီမှာကြည့်၊ ဒါဘာလဲ-သမ္မုတိသစ္စာနယ်မှဖြေလျှင် ယပ်တောင်။ ယပ်တောင်ဆိုတာ သမုတ်ရှိ၊ အဟုတ်ရှိ မဟုတ်ဘူး။ ယပ်တောင်ဆိုတာ နာမ ပညတ်မှတ်။

၄။ အမည်-သဏ္ဍာန်များ (ပ) ပါ။

အမည်ပညတ်, သဏ္ဍာန်ပညတ် စသည်အားဖြင့် ပညတ် အမျိုးအစား များတယ်။

၅။ ရုပ်-နာမ်နှစ်ရပ် (ပ) ပါ။

ပရမတ်ကတော့ ရုပ်ပရမတ်,နာမ်ပရမတ်-လို့ နှစ်မျိုးသာရှိတယ်။ပညတ် ပျောက်၍ ပရမတ်ရောက်ပုံ လုပ်ငန်းနှင့်ပြတော့မည်။ နားထောင်ကြ။

၆။ ပေါလာဆဲသာ၊ သတိပြုကာ (ပ) မတ်။

ထို့ကြောင့် ပစ္စုပ္ပန္နဉ္စ ယံ ဓမ္မံ-စသည်ဖြင့် ဟောကြားတော်မူထားတယ်။

''ပေါလာဆဲသာ''အရ ရှင်းပြမယ်။ ဟောဒီမှာ လက်နဲ့ယပ်တောင်ကို ကိုင်ထားတယ်၊ ကြည့်ပါ။

လက်ဆိုတာ ခေါ်မှုပဲ၊ တကယ်မရှိ၊ အမည် ပညတ်မှတ်။

တနည်း....လက်ပုံသဏ္ဍာန်ဆိုတာလဲ တကယ်မရှိ၊ သဏ္ဍာန်ပညတ်မျှမှတ်။ ယပ်တောင်ဆိုတာကကော ခေါ်မှုပဲ၊ တကယ်မရှိ၊ အမည်ပညတ်မျှမှတ်။

တနည်း....ဟောဒီ ယပ်တောင်ရဲ့ ပြားပြားပုံသဏ္ဍာန်ဟာလဲ တကယ်မရှိ၊ သဏ္ဍာန်ပညတ်မျှပဲမှတ်။

ကြည့်နေဒ် -ဟောဒီမှာ ယပ်တောင်ကို ကိုင်ထားတယ်၊ ထိထားတယ်၊ အဲဒီ''ထိမှုသဘော''ဟာ လက်နဲ့ ယပ်တောင်ကို ထိလိုက်တဲ့အခါ ပေါ်လာတဲ့ ထိမှု ပရမတ်သဘောပဲ၊ အဲဒီ ထိမှုသဘောကို ရုပ်ဓာတ်, ရုပ်ပရမတ်-လို့ ခေါ် တယ်၊ အဲဒီ ထိမှုသဘောကတော့ တကယ်ရှိ၊ အဟုတ်ရှိလို့ မှတ်ထား။ ၎င်းထိမှု သဘောကိုသတိပြု၍ ပညာဖြင့်သိအောင်ရှုနေတာက ဝိပဿနာအလုပ်ဖြစ်တယ်။

အဲသလိုရှုတော့ လက်ဟူသောအမည်,ယပ်တောင်ဟူသောအမည်,လက်သဏ္ဍာန်, ယပ်တောင်သဏ္ဍာန်ပျောက်၍ ထိမှုဓာတ်သား ပရမတ်သဘောကို သာ တွေ့ရတော့တယ်။ထို့ကြောင့် "ပေါလာဆဲသာ၊(ပ) ပရမတ်" လို့ဆိုတယ်။

အဲသလို ပရမတ်တွေ့ရလျှင်....

၇။ ပရမတ်ဓာတ်သား (ပ) ဉာဏ်စဉ်မြတ်။

၈။ ဉာဏ်စဉ်ဆိုက်ရောက် (ပ) ဖိုလ်ဝင်ကပ်။

ဆိုတဲ့ အကျိုးတွေကို ရနိုင်တယ်။

အဲသလို ထိမှုသဘောကို ဝိပဿနာရှုပေးလျှင် ပညတ်ဟူသမျှပျောက်၍ ရုပ်,နာမ်,ပရမတ်သဘောကိုဉာဏ်ထဲမှာတွေ့ရပြီးတော့ နာမရူပ ပရိစ္ဆေဒဉာဏ်သို့ ဆိုက်ရောက်ကာ ဒိဋ္ဌိဝိသုဒ္ဓိစခန်း ပြီးမြောက်သွားပါတယ်။ ထို့ကြောင့် ...

၁။ ထိဆဲအခိုက်မှာ (ပ) ကင်းစင်ဒိဋ္ဌိကွာ။

လို့ဆိုတယ်။ [ပစ္စယပရိဂ္ဂဟဉာဏ်အတွက် ထိဆဲအခိုက်မှာ (ပ) ကင်းစင်ယုံမှားကွာ] ဟူသောလင်္ကာနှင့် ချဲ့ဟော။ (သိသာပါပြီ။)

ဤကား ခြောက်ရက်ဟောစဉ်အနက် "ထိမှုသဘော" ကို ဝိပဿနာရှုပုံ အတွက် တရက်ဟောစဉ် ဖြစ်သတည်း။

(၁) ထိမှု ဝိပဿနာ ပထမ-ည ပြီးပါပြီ။

---

ကြံမှုသဘော, ကြားမှုသဘော, မြင်မှုသဘော စသော ကြွင်းသော ရက်စဉ်များအတွက်ကား သိသာပြီဖြစ်သတည်း။

မှတ်ချက်။ ။၁၃၂၄-ခု၊ ကဆုန်လဆန်း ၂-ရက်၊ ညနေအချိန်တွင် တထိုင် တည်းဖြင့်ရေးသား၍ ပြီးစီးသတည်း။

ခြောက်ရက်စဉ်သင်တန်း ပြီးပြီ။

---

## ခြောက်ရက်သင်တန်းခေါ်
## ဝိပဿနာကမ္မဋ္ဌာန်း ဆောင်ပုဒ်များ

(မျက်စိ စသည်နှင့်ဆိုင်ရာ ဝိပဿနာ ခြောက်မျိုး)

## (က) မြင်မှု (၁)

၁။ မျက်စိအကြည်၊ အဆင်း၊ မြင်စိတ်။ ဤ ၃-ခု တို့သည် မြင်မှု၌ ဖြစ်ပေါ်ကြကုန်၏။ (ဤကား မြင်မှုတည်း။)

မှတ်ချက်။ ။မြင်စိတ်သည် မျက်စိ အကြည်နှင့် အဆင်း ပေါင်းဆုံ (ထိခိုက်)မှ ဖြစ်၏ဟုဆိုရာ၌ မျက်စိအကြည်နှင့်အဆင်း ပေါင်းဆုံ ထိခိုက်နိုင်ခြင်းသည် "အာလောက-မနသိကာရ" ရှိမှသာပေါင်းဆုံ

ထိခိုက်နိုင်ရကား အာလောက-မနသိကာရသည် မျက်စိအကြည်နှင့် အဆင်းပေါင်းဆုံထိခိုက်မှုဟူသောစကားထဲတွင် အဝိနာဘာဝနည်း, အဝုတ္တသိဒ္ဓိနည်းအားဖြင့် ပါဝင်သည်။ သို့ဖြစ်၍ ၎င်းအာလောက-မနသိကာရကို ထည့်မပြောသော်လည်း ကိစ္စပြီးနိုင်သည်။ထို့ကြောင့် မြတ်စွာဘုရားကလည်း ''စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ'' မျက်စိနှင့်အဆင်း ပေါင်းဆုံထိခိုက်လျှင် မြင်စိတ်ဖြစ်သည်ဟု အာလောက-မနသိကာရကို တိုက်ရိုက်မထည့်ပဲ အဝိနာဘာဝနည်းအားဖြင့် ဟောတော်မူထား၏။အဋ္ဌကထာကား ပါဠိတော်မှာ အဝိနာဘာဝနည်းအားဖြင့် အာလောက-မနသိကာရ ပါဝင်သည်ကို သိစေလို၍ ဘုရား၏အာဘော်အတိုင်း အာလောက-မနသိကာရကိုထည့်ဖွင့်ခြင်းဖြစ်သည်။ ပဋိပတ္တိက္ကမ၌ ၎င်းတို့ကိုပါထည့်ယူရမည်ဟု ဖွင့်ခြင်းမဟုတ်။ ဤကိုသတိပြု ကြပါလေ။ အကြွင်းတို့၌လည်း ဤအတိုင်းပင် ယူကြပါလေကုန်။

## (ခ) မြင်ဆဲ၌ ရုပ်,နာမ်ခွဲပုံ

၂။ မြင်ဆဲအခိုက်၌ မျက်စိ အကြည်က ရုပ်၊ မြင်ရတဲ့အဆင်းကလဲ ရုပ်၊ မြင်စိတ်က နာမ်၊ မြင်ဆဲအခိုက်မှာ ရုပ်,နာမ်သာ။

(ဤကား မြင်ဆဲ၌ ရုပ်,နာမ် ခွဲပုံတည်း။)

## (ဂ) မြင်ဆဲ၌ ရှုပုံ

၃။ မြင်ဆဲအခိုက်၌ မြင်ရတဲ့အဆင်းကို သတိပြု၍ သိ-သိ ဟုရှု။(စိတ်နှင့်တကွ ပညာဖြင့် သိနေပါလေ။) (ဤကား မြင်ဆဲ၌ ရှုပုံတည်း။)

## (ဃ) မြင်ခိုက်၌ ရုပ်, နာမ် ဖြစ်ပျက်ပုံ

၄။ မြင်ဆဲအခိုက်၌ မြင်ခိုက် ရုပ်,နာမ်တို့သည် ပျက်ကြကုန်၏။ (ဝီထိပုံနှင့်ပြ၍ ဟောလျှင် သာ၍ကောင်း၏။)

(ဤကား မြင်ခိုက်၌ ရုပ်,နာမ် ဖြစ်-ပျက်ပုံတည်း။)

## (င) အနိစ္စတွေ့ပုံ

၅။ မြင်-သိ, ပျက်။ ပျက်-အနိစ္စ။

(ဤကား အနိစ္စလက္ခဏာ တွေ့ရပုံတည်း။)

## (စ) မီးလောင်ပုံ ငြိမ်းပုံ

၆။ မီးသုံးပါး ထိန်ထိန်ပြောင်-မျက်စိပေါက်မှာလောင်။ မီးငြိမ်းအောင် ဘယ်လိုပြု-မြင်ဆဲ သိအောင်ရှု။

(ဤကား မီးလောင်ပုံ ငြိမ်းပုံတည်း။)

(၁), ဤတွင် မျက်စိနှင့်ဆိုင်ရာ ဝိပဿနာ ပြီး၏။

အမှာ။ ။ဤလွန်ခြေခြောက်ပါး စောင့်စည်းမှု, မစောင့်စည်းမှုနှင့်ပတ်သက်၍ ဓမ္မပဒအဋ္ဌကထာဝတ္ထု စာမျက်နှာ(၁၁၁)ကစ၍(၁၂၁)အထိ လာသော မဟာကာလ မထေရ်နှင့် စူဠကာလ မထေရ် ဝတ္ထုကို ဖြတ်ထိုးထုတ်၍ ဟောသင့်၏။ယင်းဝတ္ထုကို လိုရင်းထုတ်၍ ဟောပါလေ။ သုဘာသုပဿိ-စသော ဂါထာကို ရွတ်ဟောပါ။(ယင်း ဝတ္ထုကို ဤစာရေးသူ၏"ဓမ္မမာလာတရားစာ"တွင် ဆိုလတ့်။)

(ဤကား ခြောက်ရက်ဟောစဉ်အတွက် ဝတ္ထုသာဓကတည်း။)

## (က) ကြားမှု (၂)

၁။ နားအကြည်၊ အသံ၊ ကြားစိတ်။ ဤ သုံးခုတို့သည် ကြားမှု၌ ဖြစ်ပေါ်ကြကုန်၏။

## (ခ) ကြားဆဲ၌ ရုပ်,နာမ် ခွဲပုံ

၂။ ကြားဆဲအခိုက်၌ နားအကြည်က ရုပ်၊ ကြားရတဲ့အသံကလဲ ရုပ်၊ ကြားစိတ်က နာမ်၊ ကြားဆဲအခိုက်မှာ ရုပ်-နာမ်သာ။

## (ဂ) ကြားဆဲ၌ ရှုပုံ

၃။ ကြားဆဲအခိုက်၌ ကြားရတဲ့အသံကို သတိပြု၍ သိ-သိ-ဟု ရှု။

## (ဃ) ကြားခိုက်၌ ရုပ်-နာမ် ပျက်ပုံ

၄။ ကြားဆဲအခိုက်၌ ကြားခိုက် ရုပ်,နာမ်တို့သည် ပျက်ကြကုန်၏။

## (င) အနိစ္စတွေ့ပုံ

၅။ ကြား-သိ,ပျက်။ ပျက်-အနိစ္စ။

## (စ) မီးလောင်ပုံ ငြိမ်းပုံ

၆။ မီးသုံးပါး ထိန်ထိန်ပြောင်-နားအပေါက်မှာလောင်။
မီးငြိမ်းအောင် ဘယ်လိုပြု-ကြားဆဲ သိအောင်ရှု။

(၂) ဤတွင် နားနှင့်ဆိုင်ရာ ဝိပဿနာ ပြီး၏။

---

## (က) နံမှု (၃)

၁။ နှာခေါင်းအကြည်၊ အနံ့၊ နံစိတ်။ ဤသုံးခုတို့သည် နံမှု၌ဖြစ်ပေါ် ကြကုန်၏။

## (ခ) နံဆဲ၌ ရုပ်,နာမ် ခွဲပုံ

၂။ နံဆဲအခိုက်၌ နှာခေါင်းအကြည်က ရုပ်၊ နံတဲ့အနံ့ကလဲ ရုပ်၊ နံစိတ်က နာမ်၊ နံဆဲအခိုက်မှာ ရုပ်,နာမ်သာ။

(ဂ) နံ့ဆဲ၌ ရှုပုံ

၃။ နံ့ဆဲအခိုက်၌ နံ့တဲ့အနံ့ကို သတိပြု၍ သိ-သိ-ဟု ရှု။

(ဃ) နံ့ခိုက်၌ ရုပ်, နာမ်ပျက်ပုံ

၄။ နံ့ဆဲအခိုက်၌ နံ့ခိုက် ရုပ်, နာမ်တို့သည် ပျက်ကြကုန်၏။

(င) အနိစ္စတွေ့ပုံ

၅။ နံ့-သိ, ပျက်၊ ပျက်-အနိစ္စ။

(စ) မီးလောင်ပုံ ငြိမ်းပုံ

၆။ မီးသုံးပါး ထိန်ထိန်ပြောင်-နှာခေါင်းပေါက်မှာလောင်။
မီးငြိမ်းအောင် ဘယ်လိုပြု-နံ့ဆဲ သိအောင်ရှု။

(၃) ဤတွင် နှာခေါင်းနှင့်ဆိုင်ရာ ဝိပဿနာ ပြီး၏။

(က) စားမှု (၄)

၁။ လျှာ အကြည်၊ အရသာ၊ စားစိတ်။ ဤသုံးခုတို့သည် စားမှု၌ ဖြစ်ပေါ်ကြကုန်၏။

(ခ) စားဆဲ၌ ရုပ်-နာမ် ခွဲပုံ

၂။ စားဆဲအခိုက်၌ လျှာအကြည်က ရုပ်၊ စားရတဲ့အရသာကလဲ ရုပ်၊ စားစိတ်က နာမ်၊ စားဆဲအခိုက်မှာ-ရုပ်နာမ်သာ။

(ဂ) စားဆဲ၌ ရှုပုံ

၃။ စားဆဲအခိုက်၌ စားရတဲ့အရသာကို သတိပြု၍ သိ-သိ-ဟု ရှု။

(ဃ) စားခိုက်၌ ရုပ်, နာမ် ပျက်ပုံ

၄။ စားဆဲအခိုက်၌ စားခိုက်ရုပ်-နာမ်တို့သည် ပျက်ကြကုန်၏။

(င) အနိစ္စတွေ့ပုံ

၅။ စား-သိ, ပျက်၊ ပျက်-အနိစ္စ။

(စ) မီးလောင်ပုံ ငြိမ်းပုံ

၆။ မီးသုံးပါး ထိန်ထိန်ပြောင်-လျှာပေါက်မှာလောင်။
မီးငြိမ်းအောင် ဘယ်လိုပြု-စားဆဲ သိအောင်ရှု။

(၄) ဤတွင် လျှာနှင့်ဆိုင်ရာ ဝိပဿနာ ပြီး၏။

## (က) ထိမှု (၅)

၁။ ကိုယ်အကြည်၊ အတွေ့-အထိ၊ ထိစိတ်။ ဤသုံးခုတို့သည် ထိမှု၌ ဖြစ်ပေါ်ကြကုန်၏။

## (ခ) ထိဆဲ၌ ရုပ်,နာမ်ခွဲပုံ

၂။ ထိဆဲ အခိုက်၌ ကိုယ် အကြည်က ရုပ်၊ ထိရတဲ့ အတွေ့ကလဲ ရုပ်၊ ထိစိတ် နာမ်။ ထိဆဲအခိုက်မှာ၊ ရုပ်-နာမ်သာ။

## (ဂ) ထိဆဲ၌ ရှုပုံ

၃။ ထိဆဲအခိုက်၌ ထိရတဲ့အတွေ့ဓာတ်ကို သတိပြု၍ သိ-သိ-ဟု ရှု။ (စိတ်နှင့်တကွ ပညာသိအားဖြင့် သိနေပါလေ။)

**မှတ်ချက်။** ။ထိဆဲ၌ ဝိပဿနာရှုရပုံတွေ့ များပြားလှကုန်၏၊ ခြေဦးအုံ-နှာသီးဖျား၌ ထွက်လေတိုးမှု, ဝင်လေတိုးမှု စသည်တို့ကို ရှုရခြင်းသည်၎င်း၊ စင်္ကြံသွားတဲ့အခါ ခြေဖဝါးနှင့်ထိမှုတို့ကို ရှုရခြင်းသည်၎င်း၊ ဤထိဆဲ၌ ဝိပဿနာ ရှုရပုံတွေ့ချည်းပင်တည်း။

## (ဃ) ထိခိုက်၌ ရုပ်,နာမ်ပျက်ပုံ

၄။ ထိဆဲအခိုက်၌ ထိခိုက်ရုပ်-နာမ်တို့သည် ပျက်ကြကုန်၏။

## (င) အနိစ္စတွေ့ပုံ

၅။ ထိ-သိ, ပျက်၊ ပျက်-အနိစ္စ။

## (စ) မီးလောင်ပုံ ငြိမ်းပုံ

၆။ မီးသုံးပါး ထိန်ထိန်ပြောင်-ကိုယ်အပေါက်မှာလောင်။
မီးငြိမ်းအောင် ဘယ်လိုပြု-ထိဆဲ သိအောင်ရှု။

(၅) ဤတွင် ကိုယ်နှင့်ဆိုင်ရာ ဝိပဿနာ ပြီး၏။

---

## (က) ကြံမှု (၆)

၁။ ဘဝင်(စိတ်)၊သဘော၊ ကြံစိတ်။ဤသုံးခုတို့သည် ကြံမှု၌ ဖြစ်ပေါ်ကြကုန်၏။

**မှတ်ချက်။** ။ဘဝင်စိတ်ခေါ်တဲ့ နာမ်ဓာတ်သည် ဟဒယဝတ္ထုရုပ်ကို မှီ၏၊မျက်စိအကြည်, နားအကြည် စသည်တို့ကား ပသာဒဝတ္ထုရုပ်များသာ ဖြစ်ကြကုန်၏၊ သို့အတွက် ၎င်းပသာဒဝတ္ထုရုပ်များ၌ ပဉ္စဝိညာဏ်ခေါ်တဲ့ နာမ်ဓာတ်များ မှီကြကုန်၏။ သင်္ဂဟာကိုရှု။ ဤ၌ စိတ်နှစ်မျိုးကို

သိရှိထားသင့်၏၊ချုပါဦးမည်–ဟဒယဝတ္ထုရုပ်ကိုမှီသောဘဝင်စိတ်ကား ပင်ကိုအရှိစိတ်ဖြစ်၏။၎င်းဘဝင်စိတ်ရှိနေလျှင်သတ္တဝါမသေချေ၊၎င်းက နိယာမသဘောအားဖြင့် ရုပ်နှင့်နာမ်ကို ထိန်းသိမ်းထားသည်။ နိယာမ သဘောအားဖြင့် အစဉ်အမြဲရှိနေသော အရှိစိတ်ခေါ် ဘဝင်စိတ် ချုပ် သွားလျှင်ကား သတ္တဝါသေရတော့၏၊ အကြောင်းတိုက်ဆိုင်သော အခါမှ ဖြစ်ပေါ်လာသော စက္ခုဝိညာဏ်စိတ် (ပ) မနောဝိညာဏ်စိတ် တည်းဟူသော အသိစိတ်များကိုကား အဖြစ်စိတ်များဟု မှတ်သားထား ရပေမည်။ (သတိပြုပါ။)

## (ခ) ကြားဆဲ၌ ရုပ်,နာမ်ခွဲပုံ

၂။ ကြားဆဲအခိုက်၌ ဘဝင်ခေါ်တဲ့ မနောက နာမ်၊ ကြားရတဲ့ (ဓမ္မာရုံ) သဘောတွေကတော့ ရုပ်,နာမ်။ ကြားစိတ်က နာမ်၊ကြားဆဲအခိုက်မှာ ရုပ်,နာမ်သာ။

မှတ်ချက်။ ။ဓမ္မာရုံ–အရ ဝိပဿနာဘုံမထိုက်သော နိဗ္ဗာန်နှင့်ပညတ် ကို ကြဉ်ထားရသည်။

## (ဂ) ကြားဆဲ၌ ရှုပုံ

၃။ ကြားဆဲအခိုက်၌ ကြားရတဲ့သဘောအာရုံကို သတိပြု၍ သိ-သိ-ဟု ရှု။ (ကြားတာတွေကို သိနေရမည်ဟူလို။)

## (ဃ) ကြားခိုက်၌ ရုပ်,နာမ်ပျက်ပုံ

၄။ ကြားဆဲအခိုက်၌ ကြားခိုက် ရုပ်,နာမ်တို့သည် ပျက်ကြကုန်၏။

## (င) အနိစ္စ တွေ့ပုံ

၅။ ကြား-သိ,ပျက်၊ ပျက်-အနိစ္စ။
၆။ မီးသုံးပါး ထိန်ထိန်ပြောင်-စိတ်အပေါက်မှာလောင်။
မီးငြိမ်းအောင် ဘယ်လိုပြု–ကြားဆဲ သိအောင်ရှု။

(၆) ဤတွင် စိတ်နှင့်ဆိုင်ရာ ဝိပဿနာ ပြီး၏။

---

မှတ်ချက်။ ။ဤတွင် ရေနီမြို့ ဦးရိပ်သာ ဆရာတော် ရေး သားအပ် သော "ခြောက်ရက်သင်တန်း ဝိပဿနာ ကမ္မဋ္ဌာန်း ဆောင်ပုဒ်" ကျမ်းသည် ၁၃၂၅-ခု၊ ဝါဆိုလဆုတ် ၆-ရက်၊ကြာသပတေးနေ့ နံနက် ဂ-နာရီခွဲအချိန်တွင် (တရားသီးခြားရက်အတွင်း ၇ရက် တည်းနှင့်ပင်)ရေးသား၍ ပြီးစီးအောင်မြင်လေသတည်း။

ဝိပဿနာကမ္မဋ္ဌာန်းဆောင်ပုဒ် ပြီး၏။

## ခြောက်ဒွါရနိုင်-ဝိဇ္ဇာပိုင် ဆောင်ပုဒ်

၁။ မျက်လုံးတံခါး နိုင်အောင်စိုး၊ ပြဒါးဝိဇ္ဇာမျိုး။
၂။ နားပေါက်ကိုနိုင်လို့ထား၊ သံဝိဇ္ဇာမှတ်သား။
၃။ နှာခေါင်းတဲ့နံသိစေ၊ စ-မ ဝိဇ္ဇာပေ။
၄။ လျှာကရသာဖမ်း၊ ဆေးဝိဇ္ဇာ အစွမ်း။
၅။ ကိုယ်ကြီးဖြင့် မိအောင်ရှာ၊ အင်းဝိဇ္ဇာယူပါ။
၆။ စိတ်အာရုံဓမ္မာထိန်း၊ ဂါထာ ဝိဇ္ဇာကိန်း။
၇။ ဝိဇ္ဇာဓိုရ်ဖြစ်ချင်လျှင်၊ သင်တန်း မြန်မြန်ဝင်။
၈။ ဦးရိပ်သာ သင်ကြားပေး၊ နည်းမှန်ယူကြလေး။
၉။ တဝက်တွင်းကွဲ သာသနာ၊ ပေါ့လို့ မနေရာ။
၁၀။ အချိန်ဟာမစောင့်ဘူး၊ ကျင့်ကြ တို့လူထူး။

## ဆုတောင်း

၁။ ဗုဒ္ဓမြတ်စွာ၊ သာသနာ၊ ဆောင်ဝါနေသို့ ထွန်းစေသော်။
၂။ ကိုယ်စိတ်နှစ်ဖြာ၊လွန်ချမ်းသာ၊ဘယာဘေးပေါင်း လွင့်စေသော်။
၃။ အမျိုးဘာသာ၊ သာသနာ၊ ပညာတန်ခိုး တောက်စေသော်။
၄။ အောင်ဆုအမှန်၊ ပြည်နိဗ္ဗာန်၊ လျင်မြန်ခဏ ရစေသော်။

## ဓမ္မကထိကတိုင်းနှင့် ဆက်ဆံသော

## တရားတောင်း ရှစ်လုံးဘွဲ့ ကဗျာများ

၁။ ထွက်မြောက်ကြောင်းနှင့်-နည်းကောင်းရှာဖွေ၊
ချမ်းသာအစစ် ယူရစ်နိုင်စေ။
သစ္စာလေးချက်-ဟောမြွက်ခါပေ၊ တရားနှစ်-ဖွင့်လှစ် မှန်မသွေ။
၂။ သူတော်ထုံးတမ်း-ဆုံးခန်းတိုင်စွာ၊ အကျင့်မျိုးတို့-ဖွံ့ဖြိုးစိမ့်ငှာ။
ခါခါညွှန်းလို့-တိုက်တွန်းပေရှာ၊ဆရာဖျား-ဟောကြားမြတ်ဓမ္မာ။
၃။ ရှင့်လူအပေါင်း-ညှတ်ပျောင်း ကြည်သာ၊
ဆယ်ဖြာလက်ယှက်-ထိပ်ထက်တင်ကာ။
တရားရေအေး-တိုက်ကျွေးလှဲ့ပါ၊ ပဏာမ-ပြုကြလိုလားကာ။
၄။ ဆရာဘုရား-ကြွပြားချိန်လျော်၊
တပည့်ပေါင်းတို့-ရှင်ပျောင်းရည်ရော်။
လက်အုပ်မိုး၍-ရှိခိုးပူဇော်၊ တရားမိုး ရွာဖြိုးပါစေသော်။

"တပည့်များအားငဲ့သနား၍ တရားရေအေးအမြိုက်ဆေးကို တိုက်ကျွေး တော်မူပါ ကျေးဇူးတော်ရှင် ( - )ဆရာတော်သခင် အရှင်မြတ်ဘုရား"။

အမှာ ။တရားဟောပုဂ္ဂိုလ်ပလ္လင်ပေါ်ကြွလာခါနီးတွင် အမျိုးသမီး
အဖွဲ့က သံပြိုင်ရွတ်ဆို၍ တရားတောင်းပါလေ။

## တရားပွဲသိမ်း မေတ္တာပို့

ရောက်လာကြညောင်း-အပေါင်းသူတော်၊
ဘေးရန်ခပ်သိမ်း-ကင်းငြိမ်းစေသော်။
ချမ်းသာရွှင်လန်း-အေးချမ်း ပျော်ပျော်၊
မြတ်တရား ပွားများနိုင်စေသော်။ (သုံးခေါက်ဆို)
''ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့တော်မူကြပါစေ။

အမှာ။ ။တရားဟောပုဂ္ဂိုလ် ပလ္လင်အဆင်းတွင် အမျိုးသမီးအဖွဲ့က
သံပြိုင်ရွတ်ဆို၍ တရားပွဲသိမ်း မေတ္တာပို့ပါလေ။

**ဒေသနာစိန်ပန်းခိုင် တရားစာ ပြီးပါပြီ။**

---

## တရားတော် ခြောက်မျိုးအခန်း
## အောင်တော်မူ ဘုရားပင့်

ဇယစက္ကော ဇယန္တော ယော၊ ဇယိတဗ္ဗေ ဇယာသနေ။
ဇယာပေသိ ဇယေသိနံ၊ ဇိနော ဌာတု ဇယုတ္တရော။

ဇယစက္ကော၊ပါရမီဆယ်ချက်အောင်လက်နက်ပိုင်ရှင်အောင်ဘုရင်တဆူ ဖြစ်တော်မူသော။ယောဇိနော၊အကြင်အောင်တော်မူ ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ ဇယာသနေ၊ အောင်စခန်းဖြစ်သည့် အောင်နန်း ရကျွှ အောင်ပလ္လင် နေရာတော်၌။ ဇယိတဗ္ဗေ၊အောင်အပ်သောတရား မာရ်ငါးပါးတို့ကို။ဇယန္တော၊ အကြွင်းမဲ့ချေမှုန်းလျက် ဖျက်ဖြုန်းကာ ပယ်ရှင်းပြီး အောင်ခြင်းကြီး အောင် တော်မူခဲ့လေပြီ။ ဇယေသိနံ၊ အောင်စခန်းနှင့် အောင်ဘိသိက်ပန်းကို ဆင်မြန်း ရန် ရှာမှီးကြသူတို့အား။ ဇယာပေသိ၊ ကိုယ်တော်နှင့်ဘာတူ အောင်ပန်းယူ၍ အောင်စေတော်မူခဲ့လေပြီ။ ဇယုတ္တရော၊ အောင်သူတကာတို့၏ထိပ်တင် အောင် ဘုရင်တဆူ ဖြစ်တော်မူသော။ သော ဇိနော၊ ထိုအောင်တော်မူ ဘုရားရှင် ကိုယ် တော်မြတ်ကြီးသည်။ (မမ၊ အောင်ရာအောင်မူ အောင်ကို အစုစုကိုအောင်မှ ရည်ရော် တပည့်ကော်၏။ သီသကေ၊ ဦးခေါင်းရကနာ မြတ်ရာယားတင် ဦးထိပ် ပြင်၌)။ ဌာတု၊ အောင်ရာ အောင်မူ အောင်ဇေယျာ မေတ္တာပြု၍ ကြည့်ရှု ကိုယ်တိုင် ခိုင်ခိုင်မတ်မတ် ရပ်တန့် တည်နေတော်မူလှည့်ပါ၊ အောင်တော်မူ ရွှေဘုန်းတော်သခင် အရှင်မြတ်ကြီးဘုရား။

အဲ-ယခု ရွတ်ဆို ဟောပြောလိုက်တာကတော့ အောင်တော်မူ ဘုရားပင့် ဖြစ်ပါတယ်။ "ဇမ္ဗူဒီပါတောင်ကျွန်း – ဩဘာနိမိတ်ထွန်း"လို့ ဆိုတဲ့အတိုင်း အောင်နိမိတ်နှင့် အောင်အတိတ်ဆောင်ပြီးတော့ အောင်တော်မူ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ပင့်ပြီးသကာလ၊ ဟောဒီ ရောက်လာကြတဲ့ ပရိသတ်တွေ အောင်ကြပါစေလို့ အောင်ဘိသိက် မေတ္တာပို့လိုက်ပါတယ်။ ဒါကြောင့် ရောက်လာတဲ့ ပရိသတ်ကြီးကလဲ ဟောဒီ အောင်ဘိသိက်သက်ာကို နားထောင်ပြီးတော့ ပြီးဆုံးတဲ့အခါမှာ အောင်သာခုများ ခေါ်လိုက်ကြပေတော့။

အောင်ကြောင်းမင်္ဂလာ၊ အောင်ရာအတိတ်၊ အောင်နိမိတ်ဖြင့်၊ ဘိသိက် မေတ္တာ၊ ပို့လိုက်ပါသည် အရာရာမှာ အောင်ပါစေသော်....အောင်စေ သော်၊ အောင်ကြပါစေသော်။

(သာခု...သာခု...သာခု)

ကိုင်း လိုက်ဆိုကြ။

၁။ အောင်ရာအောင်မူ၊ ဇေယျတု၊ ယခု အောင်စေသော်။

၂။ အောင်ပါစေကြောင်း၊ဆုပန်တောင်း၊အပေါင်းအောင်စေသော်။

၃။ အောင်ရာအတိတ်၊ အောင်နိမိတ်၊ ဘိသိက် မေတ္တာတော်။ (ဆို)

---

## ၆-ဌာနသဘောရုပ် ကိုယ့်ဉာဏ်ကပ် တရားတော် ခြောက်မျိုး

ပစ္စုပ္ပန္နဥ္စ ယံ ဓမ္မံ၊ တတ္ထ တတ္ထ ဝိပဿတိ။
အသံဟီရံ အသံကုပ္ပံ၊ တံ ဝိဒ္ဓါ အနုဗြူဟယေ။

(ဥပရိပဏ္ဏာသ ဘဒ္ဒေကရတ္တသုတ် ပါဠိတော်)

သာဓဝေ၊ ပင္စိစ္စသမုပ္ပါဒ် စက်ပြတ်လိုကြောင်း အို-သူတော်ကောင်းတို့၊ ဝိဒ္ဓါ၊ ပင္စိစ္စသမုပ္ပါဒ် စက်ပြတ်လိုဘိ ပညာရှိပုဂ္ဂိုလ်သည်။ ပစ္စုပ္ပန္နံ၊ ၆-ဌာနမှ ဖြစ်ပေါ်လာဆဲဖြစ်သော။ ယံဓမ္မံ၊အကြင် ရုပ်,နာမ်,ပရမတ် ဖြစ် ပျက်သဘော ရုပ်ကို။ ဝိပဿတိ၊ ကိုယ့်ဉာဏ်ကပ်၍ မပြတ်မလပ် ဝိပဿနာ ရှုသည်ဖြစ်အံ့။ တံ ဓမ္မဥ္စ၊ထို ရုပ်,နာမ်,ပရမတ် ဖြစ်ပျက်သဘောရုပ်ကိုလည်း။အသံဟီရံ၊သူ့အလို အလျောက် မချုပ်ပျောက်မီ။ အသံကုပ္ပံ၊ သူ့အလိုအလျောက် မပျက်စီးသွားမီ။ တတ္ထတတ္ထ ထိုထို ၆-ဌာနမှ ဖြစ်ပေါ်လာဆဲအခိုက်၌သာလျှင်။အနုဗြူဟယေ၊ ကိုယ့်ဉာဏ်ကပ်ကာ ရှုမှတ် ပွားများရာသတည်း။ (သာခု-သာခု-သာခု)

၁။ သူ့သဘောတရားရုပ်၊ ကိုယ့်ဉာဏ်လွှတ်၊ မှတ်ကြ စက်လည်မြဲ။
(ဆို သုံးခေါက်)

၂။ သူ့သဘောတရားရုပ်၊ ကိုယ့်ဉာဏ်ကပ်၊ မှတ်ကြ စက်ပြတ်မြဲ။
(ဆို သုံးခေါက်)

## (၁) မျက်စိဒွါရအတွက်

ယခု မျက်စိဒွါရမှ ပေါ်လာတဲ့ ရုပ်, နာမ်, ပရမတ် သဘောတရားရုပ် များကို ခွဲခြား၍ ဟောကြားမယ်။

စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော။
(နိဒါနဝဂ္ဂသံယုတ် ပါဠိ)

စက္ခုဉ္စ ပဋိစ္စ၊ မျက်စိကိုလဲ စွဲမှီ၍။ ရူပေစ ပဋိစ္စ၊ အဆင်းတို့ကိုလဲ စွဲမှီ၍။ စက္ခုဝိညာဏံ၊ မြင်သိမှု စက္ခုဝိညာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၏။ တိဏ္ဏံ၊ မျက်စိ,အဆင်း,သိမြင်မှုဟူသော တရားသုံးပါးတို့၏။ သင်္ဂတိ၊ ပေါင်းဆုံခြင်း, တွေ့ခြင်းသဘောသည်။ ဖဿော၊ မြင်တွေ့မှု ဖဿ ပေတည်း။ ဝါ၊ တရားသုံးပါး တို့၏ ပေါင်းဆုံခြင်းကြောင့် မြင်တွေ့မှုဖဿ ဖြစ်ပေါ် လာတော့သတည်း။

မျက်စိ, အဆင်း, မြင်သိမှု၊ ဤသုံးခု ပေါင်းဆုံခြင်းကို မြင်သည်ဟုဆို။
မြင်ဘိုင်း-မြင်တိုင်း သိဖို့လို။ (ဆို သုံးခေါက်)

မျက်စိဆိုတာက စက္ခာယတန၊ အဆင်းဆိုတာက ရူပါယတန၊ မြင်သိမှု ဆိုတာက မနာယတန-တဲ့။ အဲဒီ အာယတန သုံးပါးလုံးပေါင်းဆုံမိပါမှ မြင်တွေ့ မှုလို့ခေါ်တဲ့ စက္ခုသမ္ဖဿ ဖြစ်တယ်၊ အဲဒါကိုပဲမြင်တယ်လို့ ခေါ်ပါတယ်။ ပျောက်နေတဲ့ပစ္စည်းတခုကို ရှာနေရင်း တွေ့လိုက်တဲ့အခါမှာ ဒီ-မြင်တွေ့မှု ဖဿ ဖြစ်ပုံဟာ အလွန် ထင်ရှားပါတယ်။ အဲဒါကို မြတ်စွာဘုရားက သဠာယတန ပစ္စယာ ဖဿော-လို့လဲ ဟောတော်မူထားပါတယ်။

သဠာယတန ပစ္စယာ၊ အာယတန ခြောက်ပါး ဟူသော အကြောင်း ကြောင့်။ ဖဿော၊ အာရုံကိုတွေ့မှု ဖဿသည်။ သမ္ဘဝတိ၊ ဖြစ်၏။

ဒီနေရာမှာ မြင်သိမှုက တခြား၊ မြင်တွေ့မှုက တခြား ခွဲပြထားတယ်။ သာမန်ပုဂ္ဂိုလ်တွေအနေကတော့ ခွဲခြားလို့မသိနိုင်ပါဘူး။ မြင်တာလဲ တွေ့တာ၊ တွေ့တာလဲ မြင်တာပဲလို့သာ ထင်ကြရပါတယ်။ ဒေသနာနည်းအားဖြင့်သာ တခြားစီခွဲပြီး ပြောနိုင်ပါတယ်။

မျက်စိနှင့်အဆင်းက ရုပ်တရား၊ မြင်သိမှုက စက္ခုဝိညာဏ်ခေါ်တဲ့ စိတ် နာမ်တရား ဖြစ်တယ်။ မြင်တွေ့မှုကတော့ ဖဿ ခေါ်တဲ့ စေတသိက် နာမ်တရား ဖြစ်တယ်။ အဲဒီ စိတ် နာမ်တရားနှင့် စေတသိက် နာမ်တရားဟာ တခြားစီပင် ဖြစ်သော်လဲ ခွဲခြားပြီးတော့မသိနိုင်ပါဘူး၊ မျက်စိနှင့်မြင်လိုက်တဲ့အခါ အဆင်း အာရုံတို့ ထင်ထင်ရှားရှား တွေ့လိုက်-မြင်လိုက်ရတာပဲ ဖြစ်ပါတယ်။

အဲဒါ အားလုံးပေါင်းလိုက်တော့ မြင်တယ်ဆိုတာဟာ ရုပ်တရား, နာမ် တရား နှစ်ပါးပဲဖြစ်တယ်။ အဲဒီ ရုပ်တရား, နာမ်တရား နှစ်ပါးဟာ ဖြစ်ပေါ်ပြီး နောက် ပျောက်ပျောက်သွားတဲ့ ဖြစ်ပြီးလျှင် ပျက်စီးသွားတဲ့ ဖြစ်-ပျက်သဘော တွေ ဖြစ်ပါတယ်။ ဒါ့ကြောင့် မြတ်စွာဘုရားက....

သင်္ခါရာ၊ရုပ်,နာမ်,ဓမ္မ သင်္ခါရတို့သည်။ဥပ္ပါဒဝယ ဓမ္မိနော၊ဖြစ်ပြီးလျှင် ပျက်စီးရခြင်းသဘော-ရှိပါပေကုန်၏။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်ပေါ်ပြီးနောက်။ နိရုဇ္ဈန္တိ၊ ချုပ်ပျောက်ရလေကုန်၏။ဝတ-ကောန္တေန၊စင်စစ်ကေန် အမှန်အားဖြင့်သာလျှင်။ သင်္ခါရာ၊ရုပ်,နာမ်,ဓမ္မ သင်္ခါရတို့သည်။အနိစ္စာ၊ဖြစ်ပေါ်ပြီးနောက်ချုပ်ပျောက် ရသောကြောင့် မမြဲသော အနိစ္စသဘော ဖြစ်ပါပေကုန်၏။

လို့ ဟောကြားတော်မူထားပါတယ်။

အဲဒီ မြင်ဆဲအခိုက်မှာ ရုပ်,နာမ်တရားတွေဟာ ဖြစ်ပေါ်လိုက်-ပျောက် သွားလိုက်နှင့် မျက်စိတမှိတ်အတွင်း,လျှပ်တပြက်အတွင်း အကြိမ်ပေါင်းများစွာ ဖြစ်ပျက်လျက် နေပါတယ်၊ ဒါ့ကြောင့် ရုပ်,နာမ်,ဓမ္မ သင်္ခါရ တရားတွေဟာ ဖြစ်ပျက်သဘောတွေချည်းပဲတဲ့။

ဒီ ရုပ်,နာမ်တရားတွေဟာ အနမတဂ္ဂ သံသရာ ဘဝကစ၍ ယခုအချိန် အထိပင် သူ့သဘောအတိုင်း ဖြစ်ပျက်နေတာပဲတဲ့၊အဲဒါဟာ ရုပ်,နာမ်တရားတွေ ရဲ့ သူ့နဂို သဘောပင် ဖြစ်ပါတယ်။ ဖြစ်ပျက်လျက်နေတာဟာ နဂိုရုပ်, နာမ် တို့ရဲ့သဘောပဲလို့ ဆိုလိုပါတယ်။ ဒါကိုဆောင်ပုဒ်မှာ"သူ့သဘောတရားရုပ်"ဖွဲ့ စပ်ဆိုထားပါတယ်။

## နဂိုနာမ်-ရုပ်ကို အပိုမလုပ်နဲ့တဲ့

တချို့က နဂိုနာမ်,ရုပ်ကို အပိုမလုပ်နှင့် အပိုလုပ်နေလျှင် ဒုက္ခတွေ့မယ်၊ နဂို ဖြစ်ပျက်အတိုင်းထားလို့ ဆိုကြတယ်။ အဲသလို နဂို နာမ်, ရုပ် အပေါ် ကိုယ်ဉာဏ်နှင့် အားထုတ်လုပ်မှု, ရှုမှတ်မှုမရှိပဲ သူ့နဂိုအတိုင်း ထားခဲ့ကြလို့နေခဲ့ ကြလို့လဲ၊ (ဝါ) ကိုယ်ဉာဏ်ကပ်မှု လွတ်ခဲ့ကြလို့လဲ သံသရာ စက်ထဲမှာ တဝဲ လည်လည်နှင့် လည်နေခဲ့ကြရတယ် မဟုတ်လား၊ အဲသလို သံသရာစက် ပဋိစ္စ သမုပ္ပါဒ်စက်ထဲမှာ တဝဲလည်လည်နှင့် လည်နေကြပြီးတော့ ရာဂမီး, ဒေါသမီး အစရှိတဲ့ မီးတဆယ့်တပါးလောင်နေကြရတယ် မဟုတ်လား။ ဒါကြောင့် ဘုရား ကိုယ်တော်မြတ်ကြီးက....

အာနန္ဒ၊အာနန္ဒာ ဧတသဓမ္မသာ၊ဤအကြောင်းအကျိုးဆက်သွယ်လျက် သူ့နဂို ဖြစ်ပျက်နေသော သဘောတရားကို။ ဝါ၊ ဤ ပဋိစ္စသမုပ္ပါဒ်တရားကို။ အနနုဗောဓာ၊ ကိုယ်ဉာဏ်ကပ်ကာ ကိုယ့်ဘာဝနာမယဉာဏ် အ သိ အားဖြင့်

လျော်စွာ မသိခြင်းကြောင့်။ အပ္ပဋိဝေဓာ၊ ကိုယ်ဉာဏ်ကပ်ကာ ကိုယ့်ဘာဝနာမယဉာဏ် အသိအားဖြင့် ထိုးထွင်း၍ မသိခြင်းကြောင့်။အယံပဇာ၊နဂိုနာမ်,ရုပ်အပေါ် ကိုယ့်ဉာဏ်နှင့် အားထုတ်မှု, ရှုမှုမလုပ်ကြပဲ သူ့နဂိုအတိုင်းသာ အသိမပါပဲနေခဲ့ကြသော ဤသတ္တဝါအပေါင်းသည်။(ဒီဃမဒ္ဒါနံ၊အနမတဂ္ဂသံသရာဘဝမှစ၍ ယခုအချိန်ထိရှည်လျားသော အစွန်ပတ်လုံး)။တန္တာကုလကဇာတာ၊ချည်ခင်ထွေးရှုပ်ကဲ့သို့ဖြစ်လျက်။ ကုလာဂုဏ္ဍိကဇာတာ၊ စာပေါင်းသိုက်ကဲ့သို့ဖြစ်လျက်။ မုဉ္စပဗ္ဗဇဘူတာ၊ ဖြူဆံမြက်, ပြိတ်မြက်တို့ကဲ့သို့ ဖြစ်လျက်။ ဝေံ၊ ဤသို့ရှည်လျားစွာ ကြောက်မက်ဖွယ် ကောင်းသော။ အပါယံ၊ ချမ်းသာခြင်းကင်းသော။ ဒုဂ္ဂတိံ၊ ဆင်းရဲ၏တည်ရာဖြစ်သော။ ဝိနိပါတံ၊ ဖရိုဖရဲကြွေ၍ကျရာဖြစ်သော။ ဝါ၊ပျက်စီး၍ကျရာဖြစ်သော။သံသာရံ၊ ရုပ်,နာမ်,ခန္ဓာမပြတ်ဖြစ်ရာသံသရာစက် ပဋိစ္စသမုပ္ပါဒ်စက်ထဲမှာ တဝဲလည်လည်နှင့် ကျင်လည်၍နေရခြင်းကို။ နာတိဝတ္တတိ၊ မလွန်မြောက်နိုင်ပဲ ရရှိခဲ့လေတော့သတည်း။

လို့ ဟောတော်မူထားပါတယ်။

အဲဒီသဘောကိုရည်ပြီးတော့ ဘုန်းကြီးက ''သူ့သဘောတရားရပ်၊ ကိုယ့်ဉာဏ်လွတ်၊ မှတ်ကြ စက်လည်မြဲ''လို့ ဆောင်ပုဒ်ကလေးကို စပ်ဆိုထားပါတယ်။

အမှန်စင်စစ်ကတော့ အဲသလို သူ့နဂိုဖြစ်ပျက်လျက်နေတဲ့ သဘောတရားတွေကို သူ့ ဖြစ်ပျက်သဘောအတိုင်း သူ့အလိုအလျောက် ပေါ်ကြီးကရအားဖြင့် ထင်သလို ကိုယ်ကလွတ်ပြီးထားရမှာမဟုတ်ဘူး၊ကိုယ့်ဉာဏ်နှင့်မကပ်ပဲ, မရှုမှတ်ပဲ သူ့ဖြစ်ပျက်သဘောအတိုင်း ထားခဲ့လျှင် သူ့သဘောအတိုင်း ဖြစ်ပျက်နေတဲ့ သူ့ဖြစ်ပျက်ပင်ဖြစ်တော့တယ်၊ကိုယ့်ဘာဝနာမယဉာဏ်ဖြင့် ကိုယ်သိတဲ့ကိုယ့်ဖြစ်ပျက်မဟုတ်တော့ဘူး၊ သို့အတွက် ကိုယ့်ဘာဝနာမယဉာဏ်ဖြင့် သိမြင်, တွေ့မြင်ရတဲ့ ကိုယ်တွေ့ ဖြစ်ပျက်ဖြစ်အောင်ဟာ ကိုယ့်ဘာဝနာမယဉာဏ်ဖြင့် ကပ်၍ မပြတ်တရစပ် ရှုမှတ်ပွား များရတယ်။ အဲသလို ကိုယ့်ဉာဏ်ကပ်၍ မပြတ်အောင်ရှုမှတ်ပွားများပါမှသာလျှင် ကိုယ်သိမြင်တဲ့ ကိုယ်တွေ့ ဖြစ်ပျက် သဘောတွေ ဖြစ်နိုင်တယ်။ ဒါကြောင့် မြတ်စွာဘုရားက....

တံခမ္ဗူ၊ ထို ရုပ်,နာမ်,ပရမတ် ဖြစ်ပျက်သဘောရပ်ကိုလည်း။အသံဟိရံ၊ သူ့နဂိုသဘောအလျောက် မချုပ်ပျောက် သွားရအောင်။ အသံကုပ္ပံ၊ သူ့နဂိုသဘောအလျောက် မပျက်စီးသွားရအောင်။ တတ္ထတတ္ထ၊ထိုထိုဖြစ်ပေါ်လာသောအခိုက်၌ သာလျှင်။ အနုပြူဟယေ၊ ကိုယ့်အသိ, ကိုယ့်အတွေ့ ဖြစ်အောင်ဟာကိုယ့်ဉာဏ်ကပ်ကာ ရှုမှတ်ပွားများရာသာကည်း။

လို့ ဟောတော်မူထားပါတယ်။

အဲသလို ကိုယ့်ဉာဏ်ကပ်ကာ ရှုမှတ်ပွားများရမယ်, အားထုတ်ရမယ်လို့ ဟောတော်မူသွားတဲ့ ပါဠိတော်တွေဟာ ပိဋကတ်တော်မှာ မြောက်မြားစွာပင် ရှိပါတယ်။

နဂို နာမ်,ရုပ်ကို အပိုမလုပ်နဲ့၊အပိုလုပ်လျှင် ဒုက္ခတွေ့မယ်၊ နဂို နာမ်,ရုပ် အတိုင်းထား ဆိုတဲ့ အယူတွေကို စွန့်ပစ်ပြီးလျှင် သူ့နဂို ဖြစ်ပျက်နေတဲ့ သဘော တရားတွေကို သူ့နဂိုအတိုင်း မချုပ်ပျောက် သွားရလေအောင်ဟာ ကိုယ့်ဉာဏ် ကပ်ကာ မပြတ်တရစပ် ရှုမှတ်ကြပါဆိုတာ အထူးတိုက်တွန်းလိုက်ပါတယ်။

အဲသလို ကိုယ့်ဉာဏ်ကပ်ကာ မပြတ်အောင် ရှုမှတ်ပွားများကြပါမှသာ လျှင်၊သံသရာ့စက် ပဋိစ္စသမုပ္ပါဒ်စက်ထဲက လွတ်မြောက်ကြပေလိမ့်မယ်။ရာဂမီး, ဒေါသမီး အစရှိတဲ့ မီးတဆယ့်တပါးလဲ ငြိမ်းနိုင်ကြပေလိမ့်မယ်။ ဒါကြောင့် ဘုရားကိုယ်တော်မြတ်ကြီးက....

ယော ဣမသ္မိံ ဓမ္မဝိနယေ၊ အပ္ပမတ္တော ဝိဟဿတိ။
ပဟာယ ဇာတိသံသာရံ၊ ဒုက္ခဿန္တံ ကရိဿတိ။
(သဂါထာဝဂ္ဂသံယုတ်ပါဠိ-မြဟ္မဝဂ်)

ဘိက္ခဝေ၊ သံသရာ့စက် ပြတ်လိုကြသော အို-သူတော်ကောင်းတို့။ ယော အကြင်သူသည်။ဣမသ္မိံ ဓမ္မဝိနယေ၊ဤသုတ်,အဘိဓမ္မာ,ဝိနည်း ဟူသော ငါဘုရား၏ အဆုံးအမတော်၌။ ဝါ၊ ငါဘုရား၏ သာသနာတော်၌။ အပ္ပမတ္တော ဝိဟဿတိ၊ နဂို နာမ်,ရုပ် အပေါ်မှာ ကိုယ့်ဉာဏ်ကပ်ကာ ရှုမှတ်ပွားများသော အားဖြင့် မမေ့မလျော့နေသည်ဖြစ်အံ့။သော၊ထိုသူသည်။ ပဟာယဇာတိသံသာ ရံ၊ ဇာတိဆိုတဲ့ သံသရာ့စက်ကို ပယ်စွန့်ပြီးလျှင်။ ဝါ၊ သံသရာစက် ပြတ်ပြီးလျှင်။ ဝါ၊ ပဋိစ္စသမုပ္ပါဒ် စက်ပြတ်ပြီးလျှင်။ ဒုက္ခဿန္တံ၊ ဒုက္ခ၏ ဆုံးခြင်းကို။ ဝါ၊ မီး တဆယ့်တပါးတို့၏ ငြိမ်းခြင်းကို။ ကရိဿတိ၊ ပြုနိုင်ပေလတ့်သတည်း။

လို့ ဟောတော်မူထားပါတယ်။

အဲဒီသဘောကို ရည်ပြီးတော့ ဘုန်းကြီးက "သူ့သဘောတရားရပ်၊ကိုယ့် ဉာဏ်ကပ်၊ မှတ်ကြ စက်ပြတ်မြဲ" လို့ ဆောင်ပုဒ်ကလေးကို စပ်ဆိုထားပါတယ်။

## မြင်ဆဲအခိုက် ကိုယ့်ဉာဏ်မကပ်လျှင်

၁။ မြင်ဆဲအခိုက်မှာ ဝိပဿနာမရှုလျှင် မြင်တာကဆက်ပြီး မီးလောင် သည်။ (ဆို သုံးခေါက်)

၂။ မီးအများ ထိန်ထိန်ပြောင်-မြင်ဆဲအခိုက်မှာလောင်၊
မီးငြိမ်းအောင် ဘယ်လိုပြု-မြင်တိုင်းသိအောင်ရှု။ (ဆို သုံးခေါက်)

မြင်ဆဲအခိုက်မှာ မျက်စိအကြည်ရုပ်, အဆင်းရုပ်,မြင်သိမှုနာမ်,မြင်တွေ့မှုနာမ် ဆိုတဲ့ ရုပ်တရား, နာမ်တရားတွေဟာ သူ့သဘာဝအတိုင်း ဖြစ်ပျက်လျက်နေကြတယ်။

အဲသလို သူ့နဂိုအတိုင်းဖြစ်ပျက်လျက်နေတဲ့ ရုပ်,နာမ် တရားတွေကို သူ့နဂိုအတိုင်း မချုပ်ပျောက်သွားအောင်ဟာ ကိုယ့်ဉာဏ်နှင့်ကပ်၍ ရှုမှတ်ပေးရတယ်။ ကိုယ့်ဉာဏ်မကပ်ပဲ မရှုမှတ်ပဲနေလျှင် မြင်တာအပေါ် ပညတ်ထင်ပြီးတော့ မြင်တာက မြင်တွေ့မှုက အကြောင်းဆက်ကာ မြင်တွေ့မှုမှာသာ မရပ်နားတော့ပဲ ပဋိစ္စသမုပ္ပါဒ် စက်မပြတ်တော့ပဲ တဏှာ, ဥပါဒါန် စသည် ဖြစ်လျက် ပဋိစ္စသမုပ္ပါဒ်စက် လည်သွားတော့တာပဲတဲ့။

အဲဒီသဘောကိုရည်ပြီးတော့ ဘုရားကိုယ်တော်မြတ်ကြီးက....

ကတမောစ ဘိက္ခဝေ လောကဿ သမုဒယော၊ စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ဇာတိပစ္စယာ ဇရာမရဏံ သောကပရိဒေဝ ဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ။

(နိဒါနဝဂ္ဂသံယုတ်ပါဠိ)

လို့ ဟောတော်မူလိုက်ပါတယ်။

မျက်စိ အကြည်ရယ်,အဆင်းရယ်,မြင်သိမှုရယ်၊ အဲဒီ သုံးမျိုးလုံး ပေါင်းဆုံမိတာကို မြင်တယ်လို့ ခေါ်တယ်၊ ဒီမြင်ဆဲအခိုက်မှာ မြင်တာကို ကိုယ့်ဉာဏ်မကပ်ပဲ, ဝိပဿနာမရှုပဲနေလျှင် မြင်ကာမျှ မြင်တွေ့မှုမျှသာ မရပ်နားတော့ပဲ မြင်တာက အကြောင်းဆက်ပြီးတော့ မြင်တာကို လိုချင်မှု, စွဲလမ်းမှုဆိုတဲ့ ကိလေသာတရားတွေ ဖြစ်လာတယ်။

လိုချင်စွဲလမ်းနေတော့ ရအောင်ပြုလုပ်တယ်၊ အဲဒါကတော့ ကမ္မဘဝပဲ၊ အဲဒီကိလေသာနှင့်ကံကြောင့် ဇာတိ-ခေါ်တဲ့ ဘဝသစ်ဖြစ်ရတယ်။ဘဝသစ်ဖြစ်လျှင်လဲ အိုမှု, သေမှုနှင့် စိုးရိမ်ပူဆွေးမှု, ငိုကြွေးမှု, ကိုယ်ဆင်းရဲမှု, စိတ်ဆင်းရဲမှု, ပြင်းစွာပူပန်မှုတွေလဲ ဖြစ်ပေါ်လာတော့တာပဲတဲ့။

အဲသလို အကြောင်းဆက်ဆက်ပြီးတော့ ပဋိစ္စသမုပ္ပါဒ်စက် လည်သွားလျှင် မြင်တာကနေပြီးတော့ မြင်တွေ့မှုရဲ့ဒဏ်ကိုခံရကာ ရာဂစသော မီးများလဲလောင်တော့တာပဲတဲ့။ အဲဒါကြောင့် ဘုန်းကြီးက "မြင်ဆဲအခိုက်မှာ ဝိပဿနာမရှုလျှင် မြင်တာကဆက်ပြီး မီးလောင်သည်။ မီးအများထိန်ထိန်ပြောင် မြင်ဆဲအခိုက်မှာလောင်၊မီးငြိမ်းအောင်ဘယ်လိုပြု-မြင်တိုင်းသိအောင်ရှု" လို့ သောင်ပုပ်နှစ်ခုကို စပ်ဆိုထားပါတယ်။

## မြင်တာက မီးလောင်ပုံ ဝတ္ထုများ

အဲဒီ မြင်တာကနေပြီးတော့ မြင်တွေ့တွေ့ကာ ရာဂမီး လောင်ပုံများကို ဟောကြားမယ်၊ သာသနာနှစ် လေးရာကျော်လောက်က သီဟိုဠ်ကျွန်းမှာ နန်းတက်တဲ့ သဒ္ဓါတိဿမင်းဆိုတာ ရှိခဲ့ပါတယ်။ အဲဒီမင်းဟာ တနေ့သောအခါမှာ နန်းတော်သူတွေနှင့်အတူ ကျောင်းသို့ လာရောက်တယ်။ အဲဒီအခါ ရဟန်းငယ် တပါးက "လောဟပါသာဒ" ခေါ်တဲ့ ကြေးပြာသာဒ်တံခါးမုခ်မှာ ရပ်နေရင်း နန်းတော်သူမိန်းမငယ်တယောက်ကို ကြည့်မိသတဲ့။ အဲဒီ မိန်းမငယ်ကလဲ ရပ်တန့်ပြီး အဲဒီရဟန်းငယ်ကိုပဲ ကြည့်သတဲ့။ အကြည့်ချင်းဆုံပြီးတော့ မျက်လုံးချင်း စကားပြောတော့တာပေါ့လေ။

အဲသလို ကြည့်နေကြရင်းက တဦးနှင့်တဦး မြင်တွေ့တွေ့ကြပြီးတော့ ရာဂမီး လောင်ကာ နှစ်ဦးလုံး သေကုန်ရှာကြသတဲ့။ အဲဒါဟာ မြင်တာက မီးလောင်ပုံပါပဲ။ ပြီးတော့-သာသနာနှစ် ခြောက်ရာကျော်လောက်က သီဟိုဠ်ကျွန်းမှာပဲ မဟာဒါဌိက မဟာနာဂဆိုတဲ့ မင်းရဲ့မိဖုရား ဒမိဠဒေဝီကို ကြည့်မိတဲ့အတွက် မြင်တွေ့တွေ့ပြီးတော့ စိတ္တဆိုတဲ့ ရဟန်းကြီးတပါးဟာ ရူးသွပ်သွားရှာသတဲ့။ဒီဝတ္ထုတွေကတော့ အင်္ဂုတ္တရအဋ္ဌကထာကေနိပါတ်ရူပါဒိဝဂ်မှာလာတယ်။

မဒုလက္ခဏဇာတ်မှာလဲ အလောင်းတော်ရသေ့ကြီးဟာ ဈာန်အဘိညာဉ်အစွမ်းဖြင့် ကောင်းကင်ခရီးကနန်းတော်သို့ ဆွမ်းဘုဉ်းပေးရန် ကြွလာတယ်ဆိုပဲ။ အဲဒီနေ့မှာ ဘုရင်ကနယ်ထွက်ပြီး သူပုန်ရန်ကို နှိမ်နင်းနေတဲ့အတွက် မိဖုရားကြီးက ဆွမ်းကပ်ဖို့ရန် အသင့်စောင့်နေသတဲ့။

အဲသလိုစောင့်နေတုန်း ရသေ့ကြီးက တန်ခိုးနဲ့ဆိုတော့ ဖြုတ်ကနဲရောက်လာတယ်။ မိဖုရားကြီးက ကပျာကရာ ထလိုက်တဲ့အခါ ခါးဝတ်က မတော်တဆ လျှောကျသွားသတဲ့၊ ရသေ့ကြီးကလဲ ကြည့်မိလိုက်တာကိုး၊ အဲသလိုကြည့်လိုက်မိတဲ့အတွက် မြင်တွေ့တွေ့ကာ ရသေ့ကြီးမှာ ရာဂကိလေသာတွေဟာ ငုပ်နေရာက နေပြီးတော့ ထကြွလာကုန်ပါရောတဲ့။

ဈာန်အဘိညာဉ်တွေလဲ လျှောကျ သွားတော့တာပေါ့၊ဒါနဲ့ ခြေလျင်ပဲ ကျောင်းသို့ ပြန်ရရှာသတဲ့၊ ကျောင်းရောက်တော့လဲ ခုနစ်ရက်လုံး လူးလှိမ့်ပြီး ရာဂမီး လောင်နေရှာသတဲ့။

ဘုရင်မင်းမြတ် ပြန်လာတဲ့အခါ အကြောင်းစုံသိရလို့ မိဖုရားကြီးအား တိတ်တဆိတ်မှာကြားလိုက်ပြီး ရသေ့ကြီးထံ ထည့်လိုက်ရသတဲ့၊မိဖုရားကြီးကလဲ ပါရမီ ဖြည့်ဘက်တွေ ဖြစ်သည့်အတိုင်း ရသေ့ကြီးအား သတိပေးလိုက်တော့မှ ရသေ့ကြီး သတိရပြီး ဟိမဝန္တာတောသို့ပြန်သွားကာ နောက်ထပ် လူတို့နေရာ မြို့ရွာဆီကို မလာတော့ပဲ တရားအားထုတ်ပြီး နေတော့တယ်တဲ့။

ပီးတော့ - လူတိုင်း အသိများတဲ့ ဥပကကြီးဆိုတာလဲ ဆွမ်းပို့လာတဲ့ မဆာဝါ(ဆာပါ)ကို ကြည့်မိလို့မြင်တွေ့ တွေ့ပြီး ရာဂမီးလောင်ကာ 'ဝါ-ဒကာမ ကိုမှ ငါမရရင်'ကျအောင်ဖြစ်သွားပြီး လူဘောင်ကျအောင်ရောက်သွားရှာတယ် မဟုတ်လား၊ အဲဒါတွေဟာ မြင်ဘာကနေပြီးတော့ ရာဂမီး လောင်တာချည်း ပါပဲတဲ့။

ဘုရားအလောင်းတော် သိဝိမင်းကြီးကျတော့ ''တနေ့ကျရင်-ဘုရင်ကြီး အား ငါရဲ့အလှဂုဏ်တွေ ပြလိုက်မယ်၊ ဒီတော့ ငါ့အကြောင်း သိရေ့ပေါ့''လို့ ကြံထားခဲ့တဲ့အတိုင်း ဘုရင်ကြီး မြို့ကိုလှည့်လည်လာတဲ့အခါ ဥမ္မာဒန္တီလို့ ခေါ်တဲ့ မဥမ္မာက သူ့ရဲ့အလှဂုဏ်တွေကို အစွမ်းကုန် ပြလိုက်ပါရောတဲ့။

အဲဒီ မဥမ္မာရဲ့အလှဂုဏ်တွေကို မြင်တွေ့လိုက်ရတာနဲ့ စိတ်တွေ ရူးနောက် နောက် ဖြစ်သွားရရှာသတဲ့။ ဥမ္မာရဲ့အဆင်းအာရုံကိုသာ မြင်တွေ့ပြီး ပါးစပ်က တပြစ်တောက်တောက်နဲ့ မြည်တမ်းနေတယ်တဲ့။ ဘယ်လောက်များ စိတ်ဖောက် ပြန်နေသလဲဆိုတာ သူ့ရဲ့မြည်တမ်းပုံ ဂါထာကလေးကို နားထောင်ကြည့်ပြီး အကဲခပ်ကြပေတော့။ သူ မြည်တမ်းပုံက....

သက္ကော စေ မေ ဝရံ ဒဇ္ဇာ။

ပတ္တမြားနကင်းနှင့် သိကြားမင်းကြီးကသာ ငါ့အား လိုရာဆုကိုတောင်း လို့ ဆုပေးခဲ့လို့ရှိရင်....တဲ့။

သောစ လဗ္ဘေထ မေ ဝရော။

ငါတောင်းတဲ့အတိုင်း အကယ်၍များ ရနိုင်မယ်ဆိုရင် ဟောဒီလိုတောင်း ယူလိုက်မှာပဲတဲ့။

နားထောင်ကြည့်ကြစမ်း၊ ဘယ်လောက်များ စိတ်ရူးပေါက်နေသလဲ ဆိုတာ ဒါရာဂမီး လောင်နေတာပဲ၊ကြည့်ကြည့် 'ကေရတ္တံ ဒွိရတ္တံဝါ၊တညနှစ်ည လောက်ကလေး။အဘိပါရကော ဘဝေယျံ၊ ဥမ္မာကလေးရဲ့ယောကျ်ား အဘိပါ ရကစစ်သူကြီး ဖြစ်ရပါစေသား'တဲ့၊ ဘယ်လောက်များ ရာဂရူးထနေသလဲဆို။

ပီးတော့ ''ဥမ္မာဒန္တျာ ရမိတွာန၊ ဥမ္မာကလေးနှင့် တည,နှစ်ညလောက် ပျော်ပါးရပြီးလျှင်။ တတော၊ ထိုသို့ ဥမ္မာကလေးနှင့် တည,နှစ်ညလောက် ပျော် ပါးရပြီးသည့်နောက်၌ကား။ သိဝိရာဇာ သိယာ၊ သိဝိမင်းကြီး ပြန်၍ ဖြစ်ရပါ စေသား''တဲ့။

အဲဒါကတော့ အလောင်းတော် သိဝိမင်းကြီး ရာဂမီး လောင်ခဲ့ရပုံ ပါပဲတဲ့။

## ဒေါသမီး လောင်ပုံ

အဲဒီမြင်တာကနေပြီးတော့ ဒေါသမီးလဲလောင်နိုင်သေးတယ်တဲ့၊ ဘယ်လိုလဲဆိုရင် စိတ်ဆိုးစရာအာရုံကို မြင်တွေ့လိုက်ရတဲ့အခါ ဖြုတ်ကနဲ ဒေါသဖြစ်ကာ ဒေါသမီး လောင်တော့တာပဲ၊ ကြောက်စရာကို မြင်တွေ့လိုက်ရတဲ့အခါမှာလဲ ကြောက်တဲ့ဒေါသ ဖြစ်သွားတာပဲတဲ့၊ အဲဒါတွေဟာ မြင်တာက နေပြီးတော့ အကုသိုလ်ဖြစ်ပုံတွေပဲတဲ့။

မြင်တာကနေပြီးတော့ ကုသိုလ်တရားတွေလဲ ဖြစ်နိုင်သေးတယ်တဲ့၊ ကြည်ညိုစရာအာရုံနှင့်တွေ့လျှင် ကြည်ညိုတဲ့သဒ္ဓါတရား ဖြစ်တယ်၊ ပေးလှူသင့်တဲ့အလှူခံ ပုဂ္ဂိုလ်နှင့် လှူဖွယ်ဝတ္ထုမျိုးကိုတွေ့လျှင် အလောဘဖြစ်တယ်၊ ဒါနကုသိုလ်ဖြစ်တယ်၊ အဲသလို ကုသိုလ်ဖြစ်ပုံတွေကိုလဲ သိရမယ်။

## ကြားတာက မီးလောင်ပုံ ဝတ္ထု

ကြားတာကလဲ ရာဂမီး လောင်နိုင်သေးတယ်တဲ့၊ ဒါကတော့ ကန်းမလင်ဝတ္ထုကိုထောက်ပြီးတော့ သိနိုင်ပါတယ်၊ သီဟိုဠ်ကျွန်းမှာ ဈာန်အဘိညာဉ်ရပြီး ဈာန်အဘိညာဉ်နှင့်မွေ့လျော်ပျော်ပါးလေ့ရှိတဲ့ကိုရင်တပါးရှိတယ်၊ ဈာန်ပျံလွန်းအားကြီးတဲ့အတွက် သူ့ဆရာ မထေရ်ကြီးက "ကိုရင်ကလေး ဈာန်ကစား-ကန်းမနှင့် ညားလိမ့်မယ်"လို့တောင် ဆုံးမခဲ့ရဘူးသတဲ့။

တနေ့သောအခါ ထိုကိုရင်ဟာ ဈာန်အဘိညာဉ်အစွမ်းဖြင့်ကောင်းကင်မှာ ပျံသွားနေတုန်း ရေကန်တခုမှ ကြာပန်းခူးနေတဲ့ အမျိုးသမီးတဦးရဲ့သီချင်းဆိုသံကို နားထောင်လိုက်မိတဲ့အတွက် ကြားတွေ့, တွေ့ပြီးတော့ ရာဂမီး လောင်ကာ ဈာန်ကျိုးရရှာသတဲ့။

ဈာန်ကျိုးကျပြီးလျှင် ထိုအမျိုးသမီးနှင့်ပင်ရကာ ယက္ကန်း လုပ်ငန်းကို လုပ်ကိုင် စားသောက်နေသတဲ့။ တနေ့သောအခါမှာ တယောက်နှင့်တယောက် စကားများ ရန်ဖြစ်ပြီး ယောကျ်ားဖြစ်သူက စိတ်ဆိုးမာန်ဆိုးနှင့် ယက်ဖောက်တံဖြင့် ပစ်လိုက်လေရာ မယားဖြစ်သူရဲ့မျက်စိကို ဖောက်သွားသဖြင့် မျက်စိ တဘက် ကန်းသွားရှာတယ်။ ဒါကြောင့် ထိုကိုရင်လူထွက်ကို ကန်းမလင်-လို့ ခေါ်တယ်။ အဲဒါကတော့ ကြားတာကနေပြီး ရာဂမီး လောင်ပုံပါပဲတဲ့။

---

### မြင်ဆဲအခိုက် ကိုယ့်ဉာဏ်ကပ်လျှင်

၁။ မြင်ဆဲအခိုက်မှာ၊ ဝိပဿနာရှုလျှင်၊ မြင်တာမှာပြတ်ပြီးမီးငြိမ်းသည်။
(ဆို သုံးခေါက်)

၂။ မြင်ဆဲအခိုက်-မြင်တာစိုက်ကာ၊ သတိပြုလျက်-မပျက်ရှုပါ၊ မြင်တာ အစ-ယခုသိကာ၊ မြင်တာပျက်-တကွက်ဝိပဿနာပါ။
(ဆို သုံးခေါက်)

အဲ - မြင်ဆဲအခိုက်မှာ မျက်စိ အကြည်ရုပ်, အဆင်းရုပ်, မြင်သိ နာမ်, မြင်တွေ့နာမ်ဆိုတဲ့ ရုပ်,နာမ်,ပရမတ် တရားတွေဟာ သ္ဘနဂို, သ္ဘသဘာ၀အတိုင်း ဖြစ်ပျက်လျက် နေကြတယ်။ မျက်စိတမှိတ်,လျှပ်တပြက်အတွင်း အကြိမ်များစွာပင် ဖြစ်ပျက်နေကြတယ်။

အဲသလို သ္ဘနဂို, သ္ဘသဘာ၀အတိုင်း ဖြစ်ပျက်လျက်နေတဲ့ ရုပ်, နာမ်, ပရမတ် သဘောတရားတွေကို သ္ဘနဂို, သ္ဘသဘာ၀အတိုင်း မချုပ် ပျောက်မီ ကိုယ့်ဉာဏ်နှင့်အသိကပ်ပေးရတယ်၊ ဝိပဿနာ ရှုပေးရတယ်။

ဘယ်လို ကိုယ့်ဉာဏ်နှင့် အသိကပ်ရပါသလဲ၊ ဝိပဿနာရှုရပါသလဲဆိုရင် မျက်စိအကြည်ရယ်,အဆင်းရယ်, မြင်သိမှုရယ်၊ ဒီသုံးမျိုးလုံး ပေါင်းဆုံလိုက်တာကို''မြင်တယ်''လို့ဆိုတော့ မြင်လိုက်ဆဲအခိုက်မှာ မျက်စိရုပ်,အဆင်းရုပ်ချည်းလဲ မဟုတ်ဘူး။ မြင်သိနာမ်, မြင်တွေ့ နာမ်ချည်းလဲ မဟုတ်ဘူး၊ ရုပ်ရော-နာမ်ရော တွဲလျက် နေတယ်။ အဲဒီ ရုပ်ရော-နာမ်ရော တွဲလျက်နေတာကိုပင် ''မြင်တယ်'' လို့ ဆိုတယ်။မြင်ဆဲအခိုက်မှာ ရုပ်ရော-နာမ်ရော အစုံပါတယ်လို့ ဆိုလိုပါတယ်။

အဲဒီ မြင်ဆဲအခိုက်မှာ မြင်တာကို ''မြင်တယ်-မြင်တယ်'' လို့ပဲ ဖြစ်စေ၊ သို့မဟုတ် ''သိ-သိ''လို့ပဲ ဖြစ်စေ၊ ကိုယ့်ဉာဏ်နှင့် အသိကပ်ပေးရမယ်၊ဝိပဿနာ ရှုပေးရမယ်။

အဲသလို မြင်ဆဲမှာ မြင်တာကိုရှုတဲ့အခါ မြင်သိမှုနှင့်တကွ တွဲဖက် ရုပ်, နာမ်တို့ကိုပါ သိရပါတယ်။ဒီနေရာမှာ မြင်,သိမှုဆိုတာကလဲ စက္ခုဝိညာဏ်စိတ်တခုတည်းကိုပြောတာမဟုတ်ဘူး။ စက္ခုဒွါရဝီထိလို့ခေါ်တဲ့ မြင်သိမှု စိတ်အစဉ်တခုလုံးကိုသာ ပြောတာ ဖြစ်ပါတယ်။ တစိတ်ချင်းခွဲပြီး ရှုလို့ မဖြစ်နိုင်ပါဘူး။ တဝီထိလုံး, စိတ်အစဉ်တခုလုံးကိုသာ ရှုလို့ဖြစ်နိုင်တယ်၊ယောဂီအနေမှာ တဝီထိလုံးဟာလဲ တစိတ်တည်းအနေအားဖြင့်သာ ထင်ရပါတယ်။

အဲသလို မြင်တာကို မြင်တိုင်း-မြင်တိုင်း ကိုယ့်ဉာဏ်နှင့်အသိကပ်ပေးလျှင် ဝိပဿနာရှုပေးလျှင် မြင်တာက ရှေ့ကိုအကြောင်းမဆက်နိုင်တော့ပဲ ကိုယ့်ဉာဏ်ကပ်ဘိုင်း မြင်တာမှာသာ ပြတ်လျက်,ပြတ်လျက်နေတယ်၊မြင်တာကနေပြီးတော့ တဏှာကို မဆက်တော့ဘူး၊ တဏှာ ချုပ်လျက် ချုပ်လျက် နေတယ်၊အဲဒါကိုပင် ပဋိစ္စသမုပ္ပါဒ် စက်ပြတ်တယ်, မီးငြိမ်းတယ်လို့ ဆိုပါတယ်၊ ဒီသဘောကို ရည်ပြီးတော့ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက....

''ကတမော စ ဘိက္ခဝေ လောကဿ အတ္ထင်္ဂမော၊ စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဿော၀ တဏှာယ အသေသဝိရာဂနိရောဓာ ဥပါဒါနနိရောဓော၊ ဥပါဒါနနိရောဓာ ဘ၀နိရောဓော၊ ဘ၀နိရောဓာ

ဇာတိနိရောဓော၊ ဇာတိနိရောဓာ ဇရာမရဏံ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ”။ (နိဒါနဝဂ္ဂ-ယုတ် ပါဠိ)

လို့ ဟောတော်မူပါတယ်။

မျက်စိအကြည်ရယ်, အဆင်းရယ်, မြင်သိမှုရယ်၊ အဲဒီသုံးမျိုး ပေါင်းဆုံမိတာကို မြင်တယ်လို့ ခေါ်တယ်၊ ဒီမြင်ဆဲမှာ မြင်တာကို မြင်တိုင်း-မြင်တိုင်း ကိုယ့်ဉာဏ်နှင့် အသိကပ်ပေးလျှင်, ဝိပဿနာရှုပေးလျှင် မြင်တာက နေပြီးတော့ တဏှာကို မဆက်တော့ပဲ မြင်တာကို ကိုယ့်ဉာဏ်နှင့် အသိကပ်တိုင်း တဏှာပြတ်လျက်-ပြတ်လျက်နေတယ်။အဲဒါကိုပင် ပဋိစ္စသမုပ္ပါဒ်ပြတ်တယ်, မီးငြိမ်းတယ်လို့ ဆိုပါတယ်။ဒါ့ကြောင့် ဘုန်းကြီးက “မြင်ဆဲအခိုက်မှာဝိပဿနာရှုလျှင်၊ မြင်တာမှာပြတ်ပြီး မီးငြိမ်းသည်” “မီးအများထိန်ထိန်ပြောင်၊မြင်ဆဲအခိုက်မှာလောင်၊ မီးငြိမ်းအောင် ဘယ်လိုပြု-မြင်တိုင်းသိအောင်ရှု”၊ “မြင်ဆဲအခိုက်-မြင်တာစိုက်ကာ၊သတိပြုလျက်-မပျက်ရှုပါ၊ မြင်တာအစု-ယခုသိကာ၊မြင်တာပျက်-တက္ကက် ဝိပဿနာပါ”လို့ ဆောင်ပုဒ်များကို စပ်ဆိုထားပါတယ်။

မျက်စိဒွာနအတွက် ပြီးပြီ။

---

## နားဒွာန စသည်အတွက်

အဲ-ယခု ဟောကြား လိုက်တာကတော့ မျက်စိဒွာန မျက်စိပေါက်က ပဋိစ္စသမုပ္ပါဒ် စက်လည်ပုံနှင့် မီးလောင်ပုံများ, မျက်စိဒွာန မျက်စိပေါက်က ပဋိစ္စသမုပ္ပါဒ် စက်ပြတ်ပုံနှင့် မီးငြိမ်းပုံများပဲဖြစ်ပါတယ်။ အဲဒါကိုဝိပဿနာရှုပုံနှင့်တကွ သာဓက ဥဒ္ဓုများကိုပါ ထုတ်ဆောင်ပြီးတော့ အကျယ်တဝင့် ဟောပြောထားတာ ဖြစ်ပါတယ်။ ယခု နားဒွာန,နှာခေါင်းဒွာန စသည်တို့အတွက်ကို အမြွက်မျှ ဟောပြဦးမယ်။

အဲဒီ နားဒွာန, နှာခေါင်းဒွာန စ သည် တို့ အ တွက် မှာ တော့ တခုတခု အတွက် ပါဠိတော်နှင့်ဆောင်ပုဒ်များမျှသာ ထူးပါတော့တယ်။အကြွင်းကိုတော့ မျက်စိဒွာနအတွက်က ဟောခဲ့တဲ့အတိုင်း သိနိုင်လောက်ပါပြီ။ သို့အတွက် ဟောဒီ ပါဠိတော်များနှင့် ဆောင်ပုဒ်များကိုသာ မှတ်သားထားကြပေတော့။

## (၂) နားဒွာန အတွက်

၁။ သောတဥ္စ ပဋိစ္စ သဒ္ဒေစ ဥပ္ပဇ္ဇတိ သောတဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော။

၂။ နား,အသံ,ကြားသိမှု၊ ဤသုံးခုပေါင်းဆုံခြင်းကို ကြားသည်ဟုဆို၊ ကြားတိုင်း-ကြားတိုင်း သိဖို့လို။ (ဆို သုံးခေါက်)

၃။ ကြားဆဲအခိုက်မှာ-ဝိပဿနာ မရှုလျှင်၊
ကြားတာကဆက်ပြီး မီးလောင်သည်။ (ဆို သုံးခေါက်)

၄။ မီးအမျှားထိန်ထိန်ပြောင်-ကြားဆဲအခိုက်မှာလောင်၊
မီးငြိမ်းအောင်ဘယ်လိုပြု-ကြားတိုင်းသိအောင်ရှု။(ဆို၃-ခေါက်)

၅။ ကြားဆဲအခိုက်မှာ-ဝိပဿနာရှုလျှင်၊
ကြားတာမှာပြတ်ပြီး-မီးငြိမ်းသည်။ (ဆို သုံးခေါက်)

၆။ ကြားဆဲအခိုက်-ကြားတာစိုက်ကာ၊သတိပြုလျက်-မပျက်ရှုပါ၊
ကြားတာအစ-ယခုသိကာ၊ကြားတာပျက်-တကွက် ဝိပဿနာပါ။
(ဆို သုံးခေါက်)

## (၃) နှာခေါင်းဒွါရ အတွက်

၁။ ဃာနဥ္စ ပဋိစ္စ ဂန္ဓေစ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော။

၂။ နှာခေါင်း, အနံ့, နံသိမှု၊ ဤသုံးခု ပေါင်းဆုံခြင်းကို နံသည်ဟုဆို၊ နံတိုင်း-နံတိုင်း သိဖို့လို။

၃။ နံဆဲအခိုက်မှာ-ဝိပဿနာမရှုလျှင်၊
နံတာကဆက်ပြီး-မီးလောင်သည်။

၄။ မီးအမျှား ထိန်ထိန်ပြောင်-နံဆဲအခိုက်မှာလောင်၊
မီးငြိမ်းအောင်ဘယ်လိုပြု-နံတိုင်းသိအောင်ရှု။

၅။ နံဆဲအခိုက်မှာ ဝိပဿနာရှုလျှင်၊ နံတာမှာပြတ်ပြီး မီးငြိမ်းသည်။

၆။ နံဆဲအခိုက်-နံတာစိုက်ကာ၊ သတိပြုလျက်-မပျက်ရှုပါ၊
နံတာအစ-ယခုသိကာ၊ နံတာပျက်-တကွက် ဝိပဿနာပါ။

## (၄) လျှာဒွါရ အတွက်

၁။ ဇိဝှဉ္စ ပဋိစ္စ ရသေစ ဥပ္ပဇ္ဇတိ ဇိဝှာဝိညာဏံ၊တိဏ္ဏံ သင်္ဂတိ ဖဿော။

၂။ လျှာ, အရသာ,စားသိမှု၊ ဤသုံးခု ပေါင်း ဆုံခြင်းကို စားသည်။ (အရသာ တွေ့သည်)ဟု ဆို၊ စားတိုင်း-စားတိုင်း သိဖို့လို။

၃။ စားဆဲအခိုက်မှာ ဝိပဿနာမရှုလျှင်၊
စားတာက ဆက်ပြီး မီးလောင်သည်။

၄။ မီးအမျှား ထိန်ထိန်ပြောင်-စားဆဲအခိုက်မှာလောင်၊
မီးငြိမ်းအောင် ဘယ်လိုပြု-စားတိုင်း သိအောင်ရှု။

၅။ စားဆဲအခိုက်မှာ-ဝိပဿနာရှုလျှင်၊
စားတာမှာပြတ်ပြီး မီးငြိမ်းသည်။

၆။ စားဆဲအခိုက်-စားတာစိုက်ပါ၊ သတိပြုလျက်-မပျက်ရှုပါ၊
စားတာအစု-ယခုသိပါ၊ စားတာပျက်-တကွက် ဝိပဿနာပါ။

## (၅) ကိုယ်ဌာန အတွက်

၁။ ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ၊တိဏ္ဏံ သင်္ဂတိ ဖဿော။

၂။ ကိုယ်အကြည်, တွေ့ထိစရာ, ထိသိမှု၊ ဤသုံးခု ပေါင်းဆုံခြင်းကို ထိသည်ဟုဆို၊ ထိတိုင်း-ထိတိုင်း သိဖို့လို။

၃။ ထိဆဲအခိုက်မှာ-ဝိပဿနာ မရှုလျှင်၊
ထိတာကဆက်ပြီး မီးလောင်သည်။

၄။ မီးအများ ထိန်ထိန်ပြောင်-ထိဆဲအခိုက်မှာလောင်၊
မီးငြိမ်းအောင် ဘယ်လိုပြု-ထိတိုင်းသိအောင်ရှု။

၅။ ထိဆဲအခိုက်မှာ-ဝိပဿနာရှုလျှင်၊ ထိတာမှာပြတ်ပြီး မီးငြိမ်းသည်။

၆။ ထိဆဲအခိုက်-ထိတာစိုက်ကာ၊ သတိပြုလျက်-မပျက်ရှုပါ၊
ထိတာအစု-ယခုသိကာ၊ထိတာပျက်-တကွက် ဝိပဿနာပါ။

## (၆) စိတ်ဌာန အတွက်

၁။ မနဉ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ မနောဝိညာဏံ၊တိဏ္ဏံ သင်္ဂတိ ဖဿော။

၂။ စိတ်နှလုံး, စိတ်ကူးအာရုံ, ကြံသိမှု၊ ဤသုံးခု ပေါင်းဆုံခြင်းကို ကြံသည်ဟုဆို၊ ကြံတိုင်း-ကြံတိုင်း သိဖို့လို။

၃။ ကြံဆဲအခိုက်မှာ ဝိပဿနာမရှုလျှင်၊
ကြံတာကဆက်ပြီး မီးလောင်သည်။

၄။ မီးအများ ထိန်ထိန်ပြောင်-ကြံဆဲအခိုက်မှာလောင်၊
မီးငြိမ်းအောင် ဘယ်လိုပြု-ကြံတိုင်း သိအောင်ရှု။

၅။ ကြံဆဲအခိုက်မှာ-ဝိပဿနာရှုလျှင်၊ကြံတာမှာပြတ်ပြီးမီးငြိမ်းသည်။

၆။ ကြံဆဲအခိုက်-ကြံတာစိုက်ကာ၊ သတိပြုလျက်-မပျက်ရှုပါ၊
ကြံတာအစု-ယခုသိကာ၊ ကြံတာပျက်-တကွက် ဝိပဿနာပါ။

မှတ်ချက်။ ။ဤဩဝါဒကို-အရရုပ်ရော-နာမ်ရောကောက်သည်၊
ဝိပဿနာဘုံမထိုက်သော နိဗ္ဗာန်နှင့်ပညတ်ကိုကား
နုတ်ထားရသည်။

ကိုင်း....တရားအဆုံးသတ်ကြစို့။ (ပစ္စုပ္ပန္နဥ္စ ယံ ဓမ္မံ-စသော မူလဂါထာ ပါဠိ-အနက်ကို ပြန်ကောက်ပါလေ။)

ယခု ဟောပြောခဲ့သော ခြောက်ဌာနသဘောရပ်၊ ကိုယ့်ဉာဏ်ကပ်တရားတော် ခြောက်မျိုးကို ရှိသေစွာ နာကြား မှတ်သားကြရသဖြင့် ခြောက်ဌာနက ပဋိစ္စသမုပ္ပါဒ် စက်ပြတ်အောင်, မီးငြိမ်အောင်ဟော ခြောက်ဌာန သဘောတရားတွေကို ဖြစ်ပေါ်ဆဲအခိုက်မှာ ကိုယ့်ဉာဏ်ကပ်ကာ ဝိပဿနာ ရှုနိုင်ကြပြီးလျှင် ဝိပဿနာဘာဏ်စဉ်နှင့်တကွ မဂ်,ဖိုလ်ဉာဏ်ပေါက်ရောက်၍ နိဗ္ဗာန်ကိုမျက်မှောက် ပြုနိုင်ကြပါစေသတည်း။

(သာဓု....သာဓု....သာဓု)

ဤတွင် တရားခြောက်မျိုးအခန်း ပြီး၏။

## နိပုဏ ဓမ္မဒေသနာ အခန်း

## တရားချီး အာသီသ ကထာ

အာဟညိံ အမတဒုန္ဒုဘိံ။ (မဟာဝါ ပါဠိတော်)

အဟံ၊ အနန္တဇိန နာမထင်ရှား ငါးဘုရားသည်။အမတဒုန္ဒုဘိံ၊အမြိုက် နိဗ္ဗာန်တည်းဟူသော စည်တော်ကြီးကို။ အာဟညိံ၊ မြည်သံဟိုးအောင် ရိုက်တီး ပေအံ့။

အဲသလို ဓမ္မစကြာတရားဟောရန် အမိန့်တော်သံကို ထုတ်ပြန်တော်မူ လိုက်တဲ့ သုံးလောက မကိုဋ်သရဖူ သဗ္ဗညု မြတ်စွာဘုရား ကိုယ်တော် မြတ် ကြီး အား ဟောဒီ ဦးထိပ်မှာထားပြီးလျှင်။အဟံပိ၊မဟာန္တယ်ခေါ် ဦးရိပ်သာ ဆရာ တော် တွင်လတ် ငါ ဓမ္မကထိက အရှင်မြတ်သည်လည်း။ ဓမ္မဘေရိံ၊(နိပုဏဓမ္မ ဒေသနာ) ခေါ်တဲ့ တရား စည်တော်ကြီးကို။ အာဟညိံ၊ မြည်သံဟိုးအောင် ရိုက်တီးလိုက်ပါတော့အံ့။

သာဓဝေါ၊ ဟောဒီ ဓမ္မသဘင်သို့ ကြည်ရွှင်စွာ ရောက်လာကြသောင်း တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့သည်။ ဓမ္မဘေရိံ၊ နိပုဏဓမ္မ ဒေသနာခေါ်တဲ့ တရားစည်တော်ကြီးကို။သုဏန္တု၊မြည်သံကြားအောင် စည်သံ နားထောင်နိုင်ကြပါစေသတည်း။

၁။ ဝိပဿနာတရား၊ မပြတ်ထား၊ ကြိုးစား နာစေသော်။

၂။ ရုပ်,နာမ်အသိထား၊ ယောဂီများ၊ တရားရှာစေသော်။

၃။ ရုပ်နာမ်အသိကပ်၊ နိဗ္ဗာန်မြတ်၊ မလပ်ရောက်စေသော်။ (ဆို)

## (၁) ဝိပဿနာအလုပ်ပေး တရားတော်

ပစ္စုပ္ပန္နဉ္စ ယံ ဓမ္မံ၊ တတ္ထ တတ္ထ ဝိပဿတိ။
အသံဟီရံ အသံကုပ္ပံ၊ တံဝိဒ္ဓါ အနုဗြူဟယေ။

(ဥပရိပဏ္ဏာသ ဘဒ္ဒေကရတ္တသုတ်)

နိဗ္ဗာန်လိုသော ပညာရှိ ယောဂီပုဂ္ဂိုလ်သည် အကြောင်းတိုက်ဆိုင်၍ဖြစ်ပေါ်လာတဲ့ ရုပ်, နာမ်, ပရမတ်သဘောကို ဝိပဿနာရှုခဲ့ပါမူ ထို ရုပ်, နာမ်, ပရမတ်သဘောကိုလည်း မချုပ်ပျောက်သေးမီ, မပျက်စီးသေးမီ ထိုထို မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ် တည်းဟူသော ခြောက်ဌာနမှာ အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာဆဲခဏ၌သာ သိအောင်ပွားများရာသတည်း။

အဲ-ဤ ဥပရိပဏ္ဏာသပါဠိတော်လာ ''ဘဒ္ဒေကရတ္တသုတ်''ဟာ ဝိပဿနာအလုပ်အတွက် အလွန်ဘရာ အချက်ကျတဲ့သုတ် ဖြစ်ပါတယ်။ ဗုဒ္ဓရှင်တော်မြတ်ကြီးကိုယ်တော်တိုင် ဝိပဿနာအလုပ်ကို ညွှန်ကြားတော်မူထားတာဖြစ်ပါတယ်။ ဤသုတ်အတိုင်းသာ ဝိပဿနာအလုပ်ကို အားထုတ်ကြရပါတယ်။ ဤ ''ဘဒ္ဒေကရတ္တသုက်''အရ ဆောင်ပုဒ်များကို ရေးသားထားပါတယ်။

၁။ ပေါ်လတ်-ပေါ်လတ်၊ အသိကပ်၊ နိဗ္ဗာန် ရမည်မှတ်။

၂။ နိဗ္ဗာန်လိုသော်၊ ပေါ်လာဆဲ၊ အမြဲရှုလေအပ်။

၃။ ပေါ်ဆဲ ရုပ်-နာမ်၊ ရှုသည်မှန်၊ နိဗ္ဗာန် ရမည်မှတ်။ (ဆို)

''ပေါ်လတ်-ပေါ်လတ် အသိကပ်'' ဆိုတဲ့အတိုင်း မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ် တည်းဟူသော ခြောက်ဌာနက အကြောင်းအားလျော်စွာဖြစ်ပေါ်လာတဲ့ ရုပ်, နာမ်, ပရမတ်သဘောကို မချုပ်ပျောက်သေးမီ အတောအတွင်း အသိကပ်ပေးရမယ်။ သိအောင် အသိကပ်ပေးတာဟာ ဝိပဿနာရှုတာပါပဲတဲ့။

### ဆောင်ပုဒ်များ ။

၁။ မျက်စိဌာနမှာ၊ အဆင်းနှင့် မြင်စိတ် ပေါ်လာတယ်၊ မြင်တိုင်း-မြင်တိုင်း သိရမယ်။

၂။ နားဌာနမှာ၊ အသံနှင့် ကြားစိတ် ပေါ်လာတယ်၊ ကြားတိုင်း-ကြားတိုင်း သိရမယ်။

၃။ နှာခေါင်းဌာနမှာ၊ အနံ့နှင့် နံစိတ် ပေါ်လာတယ်၊နံတိုင်း-နံတိုင်း သိရမယ်။

၄။ လျှာဌာနမှာ၊ အရသာနှင့် လျက်စိတ် ပေါ်လာတယ်၊လျက်တိုင်း-လျက်တိုင်း သိရမယ်။

၅။ ကိုယ်ဌာနမှာ၊ အတွေ့နှင့်ထိစိတ် ပေါ်လာတယ်၊ ထိဘိုင်း-ထိတိုင်း သိရမယ်။

၆။ စိတ်ဌာနမှာ၊ သဘောနှင့်ကြံစိတ်ပေါ်လာတယ်၊ကြံတိုင်း-ကြံတိုင်း သိရမယ်။ (ဆို)

ဤဆောင်ပုဒ်များဟာ ...

၁။ စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ သောတဉ္စ ပဋိစ္စ သဒ္ဒေစ ဥပ္ပဇ္ဇတိ သောတဝိညာဏံ၊ ဃာနဉ္စ ပဋိစ္စ ဂန္ဓေစ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ၊ ဇိဝှဉ္စ ပဋိစ္စ ရသေစ ဥပ္ပဇ္ဇတိ ဇိဝှာဝိညာဏံ၊ ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ၊ မနဉ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ မနောဝိညာဏံ။

ဟူသော သံယုတ်ပါဠိတော်။

၂။ စက္ခု ပရိညေယျံ ရူပါ ပရိညေယျာ၊ စက္ခုဝိညာဏံ ပရိညေယျံ ။ပ။ မနောဝိညာဏံ ပရိညေယျံ။

ဟူသော''သံယုတ်ပါဠိတော်''များနှင့် ညီညွတ်ပါတယ်။

မျက်စိဌာနမှာ အဆင်းနှင့်မြင်စိတ်ပေါ်လာတာကိုပဲ မြင်တယ်လို့ ဆိုပါတယ်။

နားဌာနမှာ အသံနှင့်ကြားစိတ် ပေါ်လာတာကိုပဲ ကြားတယ်လို့ ဆိုပါတယ်။

နှာခေါင်းဌာနမှာ အနံ့နှင့် နံစိတ် ပေါ်လာတာကိုပဲ နံတယ်လို့ ဆိုပါတယ်။

လျှာဌာနမှာ အရသာနှင့် လျက်စိတ် ပေါ်လာတာကိုပဲ လျက်တယ်, စားတယ်လို့ ဆိုပါတယ်။

ကိုယ်ဌာနမှာ အတွေ့နှင့် ထိစိတ် ပေါ်လာတာကိုပဲ ထိတယ်လို့ ဆိုပါတယ်။

စိတ်ဌာနမှာ သဘောနှင့် ကြံစိတ်ပေါ်လာတာကိုပဲ ကြံတယ်လို့ ဆိုပါတယ်။

မြင်တိုင်း-မြင်တိုင်း မြင်တာကို အသိကပ်။
ကြားတိုင်း-ကြားတိုင်း ကြားတာကို အသိကပ်။
နံတိုင်း-နံတိုင်း နံတာကို အသိကပ်။
လျက်တိုင်း-လျက်တိုင်း လျက်တာ, စားတာကို အသိကပ်။
ထိတိုင်း-ထိတိုင်း ထိတာကို အသိကပ်။
ကြံတိုင်း-ကြံတိုင်း ကြံတာကို အသိကပ်ရမယ်။

မြင်တိုင်း-မြင်တိုင်း မြင်တာကို အသိကပ်လျှင် (ဝါ) ဝိပဿနာရှုလျှင် မြင်တာဟာ အသိကပ်တိုင်း-အသိကပ်တိုင်း တခါအသိကပ် တခါပြတ်၊ တခါ အသိကပ် တခါပြတ်လျက် သွားတာကို ဘာဝနာမယဉာဏ်မျက်စိဖြင့် တွေ့မြင် ရပါတယ်။

ကြားတာ, နံတာ, လျက်တာ, ထိတာ, ကြံတာတွေဟာလဲ နည်းတူပင် အသိကပ်တိုင်း-အသိကပ်တိုင်း ပြတ်လျက်-ပြတ်လျက် သွားတာချည်းပါပဲ။

အဲသလို အသိကပ်တိုင်း - အသိကပ်တိုင်း ပြတ်လျက်-ပြတ်လျက် သွား တာကိုပင် ဝိပဿနာရှုတဲ့ ယောဂီပုဂ္ဂိုလ်များမှာ မျက်စိဌာန, မျက်စိတံခါးက မြင်တာ ချုပ်သွားတယ်လို့ ဆိုပါတယ်။ နားဌာန, နားတံခါးကကြားတာ ချုပ် သွားတယ်၊ နှာခေါင်းဌာန, နှာခေါင်းတံခါးက နံတာ ချုပ်သွားတယ်၊ လျှာ ဌာန,လျှာတံခါးက လျက်တာ ချုပ်သွားတယ်၊ကိုယ်ဌာန,ကိုယ်တံခါးကထိတာ ချုပ်သွားတယ်၊ စိတ်ဌာန, စိတ်တံခါးကကြံတာ ချုပ်သွားတယ်လို့ ဆိုပါတယ်။

မြင်တာ၊ကြားတာ၊နံတာ၊လျက်တာ၊ထိတာ၊ကြံတာ ချုပ်သွားလျှင်....

"ဖဿနိရောဓာ ဝေဒနာနိရောဓော၊ဝေဒနာနိရောဓာ တဏှာနိရောဓော၊ တဏှာနိရောဓာ ဥပါဒါနနိရောဓော၊ဥပါဒါနနိရောဓာ ဘဝနိရောဓော၊ ဘဝနိရောဓာ ဇာတိနိရောဓော၊ ဇာတိနိရောဓာ ဇရာမရဏံ၊ သောက ပရိဒေဝ ဒုက္ခဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ"။

လို့ ဟောတော်မူထားတဲ့အတိုင်း မြင်တာ,ကြားတာ,နံတာစသည်တွေက အကြောင်းမဆက်တော့ပဲ သမုဒယသစ္စာတဏှာပါ ချုပ်ပျောက်သွားတယ်။

အဲဒါ ဝိပဿနာရှုတဲ့ ယောဂီပုဂ္ဂိုလ်များမှာ ဝိပဿနာရှုနေဆဲ အခိုက် အတန့်၌ သမုဒယ သစ္စာ တဏှာကို တဒင်္ဂပဟာန်အခိုက်အတန့်အားဖြင့်ပယ်သတ် လိုက်တာပါပဲတဲ့။

အဲသလို သမုဒယသစ္စာ တဏှာကို တဒင်္ဂပဟာန် အခိုက်အတန့်အားဖြင့် ပယ်သတ်လိုက်တဲ့အတွက် ဝိပဿနာရှုတဲ့ ယောဂီ ပုဂ္ဂိုလ်များမှာ မျက်စိဌာန, မျက်စိတံခါး၊ နားဌာန, နားတံခါး စသည်တို့က တဒင်္ဂ အခိုက်အတန့်အားဖြင့် ဝိပဿနာရှုဆဲတွင် မီးတွေငြိမ်းတယ်တဲ့။

အဲဒါကိုပင် မျက်စိဌာန,နားဌာန စသည်တို့က ပဋိစ္စသမုပ္ပါဒ်စက်ရဟတ် ပြတ်တယ်လို့လဲ ခေါ်ပါတယ်။

မြင်တာ,ကြားတာ,နံတာ,လျက်တာ,ထိတာ,ကြံတာကို အသိမကပ်လျှင် (ဝါ) ဝိပဿနာ မရှုလျှင်တော့....

"ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏံ၊ သောက ပရိဒေဝ ဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ"။

လို ဟောထားတော်မူတဲ့အတိုင်း မြင်တာ,ကြားတာ,နံတာစသည်တွေက အကြောင်းဆက်သွားပြီး ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ ဆိုတဲ့ အတိုင်း သမုဒယသစ္စာ တဏှာအထိ ဖြစ်သွားတယ်။

အဲဒါ ဝိပဿနာမရှုပဲလွှတ်ထားတဲ့အတွက် မျက်စိဌာန,နားဌာနစသည် တို့က အကြောင်းမီးနှင့်တကွ အကျိုးမီးတွေပါ လောင်တာတဲ့။

ရာဂ,ဒေါသ-မောဟတဖြာ၊ ဖြစ်,အို,သေရေး-ပူဆွေးငိုကာ။
ကိုယ်,စိတ်ဒုက္ခ-ပူရပြင်းစွာ၊ဆယ့်တသီး-ဤမီးလောင်တော့တာ။ (ဆို)

အဲသလို မျက်စိဌာန, နားဌာန စသည်တို့က မီးတွေ လောင်တာကိုပင် မျက်စိဌာန, နားဌာန စသည်တို့က ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်လည်တယ်လို့ လဲ ခေါ်ပါတယ်။

အဲ-ဒါ့ကြောင့် မြင်တာ, ကြားတာ စသည်ကို အသိမကပ်လျှင် (ဝါ) ဝိပဿနာမရှုပဲနေလျှင် ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်လည်တယ်, မီးလောင်တယ်၊ အသိကပ်လျှင် (ဝါ) ဝိပဿနာရှုလျှင် ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် ပြတ်တယ်၊ မီးငြိမ်းတယ်လို့ မှတ်ရမယ်။

သို့ဖြစ်၍ မျက်စိဌာန, နားဌာန စသည်တို့က ပဋိစ္စသမုပ္ပါဒ်စက်ရဟတ် ပြတ်အောင် မီးငြိမ်းအောင်ဟာ မြင်တာ, ကြားတာ စသည်တွေကို အသိကပ် ရမယ်၊ (ဝါ) ဝိပဿနာရှုရမယ်။

၁။ ခြောက်ဌာနမှာ ပေါ်လာတာကို၊ ဝိပဿနာမရှုက၊
သမုဒယရောက်ပြီး မီးလောင်တယ်။

၂။ ခြောက်ဌာနမှာ ပေါ်လာတာကို ဝိပဿနာရှုက၊
သမုဒယပျောက်ပြီး မီးငြိမ်းတယ်။

၃။ မီးအများ ထိန်ထိန်ပြောင်၊ ခြောက်ဌာနမှာလောင်၊
မီးငြိမ်းအောင် ဘယ်လိုပြု-ပေါ်တိုင်းသိအောင်ရှု။ (ဆို)

ယခုလို တရား သီးခြား ယူကြတဲ့ ယောဂီများကိုတော့ ခြောက်ဌာန, ခြောက်တံခါးတို့တွင် ငါးဌာန, ငါးတံခါးကိုပိတ်ပြီး ကိုယ်ဌာန, ကိုယ်တံခါး တခုကိုသာဖွင့်၍ ကိုယ်ဌာန,ကိုယ်တံခါးကဖြစ်ပေါ်လာတဲ့ ရုပ်,နာမ်သဘောကို မူလပဓာနထား၍ အသိကပ်ရန် ဝိပဿနာရှုရန် ညွှန်ကြားပါတယ်။

ဘယ်လိုလဲဆိုရင် ယောဂီတို့၏ ကိုယ်ဌာန,ကိုယ်တခါ်းဖြစ်တဲ့ တကိုယ်လုံးတို့တွင် နှာသီးဖျား တည်းဟူသော ကိုယ်ဌာနအရပ်၌ စိတ်ကို စိုက်ထားရမယ်၊ အဲဒါ "သမာဓိံ ဘိက္ခဝေ ဘာဝေထ-သမာဓိကို ပွားများကြ,ထူထောင်ကြ" လို့ ဟောတော်မူတဲ့အတိုင်း သမာဓိထူထောင်တာ ဖြစ်ပါတယ်။

အဲသလို သမာဓိ ထူထောင်လို့ နှာသီးဖျား၌ စိတ်ကလေး တည်နေလျှင် "သမာဟိတော ယထာဘူတံ ပဇာနာတိ - သမာဓိတည်လျှင် ဖြစ်ပေါ်လာတဲ့ ရုပ်,နာမ်,ပရမတ်သဘောကို အမှန်အတိုင်း သိမြင်နိုင်တယ်"လို့ ဟောတော်မူတဲ့ အတိုင်း ဖြစ်ပေါ်လာတဲ့ ရုပ်, နာမ်,ပရမတ်သဘောကို အမှန်အတိုင်း သိမြင်ရပါတယ်။

ဘယ်လိုသိမြင်ရသလဲဆိုရင် နှာသီးဖျားတည်းဟူသော ကိုယ်ဌာန ကာယပသာဒ၌ ထွက်လေ,ဝင်လေတည်းဟူသော ဖောဋ္ဌဗ္ဗာရုံအတွေ့ရုပ်များထွက်တိုင်း ဝင်တိုင်း ထိ-ထိသွားတာ, တိုး-တိုးသွားတာကို သိမြင်ရပါတယ်။

အဲသလို နှာသီးဖျားမှာ ထွက်လေ ထိခတ်လိုက်တဲ့အခိုက်, တိုးလိုက်တဲ့ အခိုက် စိတ်နဲ့'သိ'ဟု သိအောင် အသိကပ်ရမယ်။နှာသီးဖျားမှာ ဝင်လေထိခတ်လိုက်တဲ့အခိုက်,တိုးလိုက်တဲ့အခိုက်မှာလဲ စိတ်နဲ့'သိ'ဟုသိအောင်အသိကပ်ရမယ်၊ အဲဒါ "ကာယဖောဋ္ဌဗ္ဗသဘော" ကို ဝိပဿနာရှုတာပါပဲတဲ့။

ကိုယ်ဌာန တနေရာရာက မခံသာမှု ဝေဒနာ သဘောတွေ ပေါ်လာပြန်လျှင်လဲ အဲဒီ-ဝေဒနာအပေါ် အသိကပ်ရမယ်၊ နေရာမပြောင်းပဲ,မလှုပ်ရှားပဲနှင့် သူ့အလိုအလျောက် ဝေဒနာတွေ ပျောက်သွားအောင်,ချုပ်သွားအောင် အသိကပ်ထားနိုင်ရမယ်၊ ဤနေရာမှာ အောင့်အည်းသည်းခံနိုင်မှ ဖြစ်တယ်၊ဝေဒနာ ပျောက်သွားလျှင်,ချုပ်သွားလျှင် မူရင်းဖြစ်တဲ့ နှာသီးဖျားသို့ပြန်ပြီး ထွက်လေ, ဝင်လေ ထိတာ-တိုးတာကိုပင် အသိကပ်ရမယ်။

ကိုယ်ဌာနတနေရာရာက ပူမှု,အေးမှုစသော ဓာတ်သဘောတွေ ပေါ်လာပြန်လျှင်လဲ ဓာတုမနသိကာရအနေအားဖြင့် ပူမှု,အေးမှုစသည်တို့အပေါ် အသိကပ်ရတာပဲ၊ ဝိပဿနာရှုရတာပဲတဲ့။

စင်္ကြံသွားတဲ့အခါမှာတော့ ညာဘက်ခြေဖဝါးနှင့် ကြမ်းပြင်ထိလိုက်တဲ့ အခိုက်'သိ'ဟု သိအောင်အသိကပ်၊ ဗယ်ဘက်ခြေဖဝါးနှင့် ကြမ်းပြင်ထိလိုက်တဲ့ အခိုက်မှာလဲ 'သိ'ဟု သိအောင် အသိကပ်ရမယ်။

အဲသလို ကိုယ်ဌာနက ပေါ်လာတိုင်း အသိကပ်လျှင် အသိကပ်တိုင်း-ကပ်တိုင်း သမုဒယသစ္စာ တဏှာဟာ ပြတ်လျက်-ပြတ်လျက် သွားတယ်။ အဲဒီ အခိုက်မှာ မီးတွေလဲ ငြိမ်းလျက်-ငြိမ်းလျက်နေပါတယ်။သို့အတွက်ကိုယ်ဌာနက ပေါ်လာတိုင်း အသိကပ်နိုင်ကြရန် အထူးပင်တိုက်တွန်းလိုက်ပါတယ်။

၁။ ကိုယ်ဌာနမှာ ပေါ်လာတာကိုဝိပဿနာမရှုက သမုဒယရောက်ပြီး မီးလောင်တယ်။

၂။ ကိုယ်ဌာနမှာ ပေါ်လာတာကို ဝိပဿနာရှုက မီးငြိမ်းတယ်။

၃။ မီးအများ ထိန်ထိန်ပြောင်၊ ကိုယ်ဌာနမှာလောင်၊ မီးငြိမ်းအောင် ဘယ်လိုပြု-ထိတိုင်း သိအောင်ရှု။ (ဆို)

ကိုင်း....ဝိပဿနာအလုပ်ပေးတရား အဆုံးသတ်ကြစို့။

ပစ္စုပ္ပန္နဉ္စ ယံ ဓမ္မံ၊ တတ္ထ တတ္ထ ဝိပဿတိ။
အသံဟီရံ အသံကုပ္ပံ၊ တံ ဝိဒွါ အနုဗြူဟယေ။
(ဘာသာပြန်ကို နောက်ကအတိုင်း ပြန်ကောက်ပါလေ။)

ယခုဟောပြောခဲ့တဲ့ ဝိပဿနာအလုပ်ပေးတရားတော်ကိုမှတ်သားကြပြီး ဝိပဿနာအလုပ်ကို ကြိုးစားအားထုတ်နိုင်ကြပါစေသတည်း။

(သာဓု....သာဓု... သာဓု)

ဝိပဿနာ အလုပ်ပေး တရားတော် ပြီး၏။

---

## (၂) ဝိပဿနာဉာဏ်စဉ် တရားတော်

ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဉာဏမုတ္တမံ။
ကောယံ ဇီဝိတံ သေယျော၊ ပဿတော ဉာဏမုတ္တမံ။
(ဓမ္မပဒ နယဋ္ဌါဟ ရစနာဂါထာ)

သာဓဝေါ၊အို ယောဂီအပေါင်း သူတော်ကောင်းတို့။ယော စ၊အကြင်သူသည်ကား။ ဉတ္တမံ၊မြတ်သော။ ဉာဏံ၊ဝိပဿနာဉာဏ်ကို။ အပဿံ-အပဿန္တော၊ မမြင်ပဲလျက်။ ဝဿသတံ၊ အနှစ်တရာမျှ ကာလပတ်လုံး။ ဇီဝေ၊ စားကာ,အိပ်ကာ, ရယ်မောကာနှင့် မေ့လျော့စွာ အသက်ရှည်ငြားအံ့။ (တဿဇီဝတော၊ထို မေ့လျော့စွာနေသောသူ၏ အသက်တရာရှည်ရခြင်းထက်။) ဉတ္တမံ၊ မြတ်သော။ ဉာဏံ၊ ဝိပဿနာဉာဏ်ကို။ ပဿတော၊ မြင်သောသူ၏။ ကောဟံ၊ တရက်မျှ။ ဇီဝိတံ၊ အသက်ရှည်ရခြင်းသည်။ သေယျော၊ သာလွန်မြင့်မြတ် ချီးမွမ်းအပ်လေတော့သတည်း။

၁။ ဉာဏ်စဉ်တရား၊ စွဲမှတ်သား၊ ကြိုးစားနာယူပါ။

၂။ ကိုယ့်ဉာဏ်အဆင့်၊ ကိုယ်တိုင်ချင့်၊ အသင့်ဆုံးဖြတ်ပါ။ (ဆို)

ဤ၌ ဝိပဿနာဉာဏ်စဉ်လို့ ဆိုသော်လဲ ဝိပဿနာဉာဏ်၏ အခြေခံဉာဏ်နှစ်ပါးနှင့် ဝိပဿနာဉာဏ် ဆယ်ပါး၊ ထို့အပြင် ဂေါ်တြဘူဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ် တို့ကိုပါ ဉာဏ်စဉ် ဆယ့်ခြောက်ပါးလုံး စုံလင်စွာ

ဟောပြောမှာ ဖြစ်ပါတယ်။ ရှိသေစွာနာကြား၍ မှတ်သားကြပြီး ကိုယ့်ဉာဏ်အဆင့်ကို ကိုယ်တိုင်ချင့်၍ အသင့်ဆုံးဖြစ်နိုင်ကြရမယ်။

အခြေခံ ဉာဏ်နှစ်ပါးဆိုတာက နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်ကို ဆိုတယ်။ ဟောဒီဆောင်ပုဒ်ကို လိုက်ဆို။

(၁) မှတ်ရှုဆဲမှာ၊ ရုပ်,နာမ် နှစ်ဖြာ၊ ဉာဏ်မှာထင်ထင် သိမြင်တာ၊ နာမ ပရိစ္ဆေဒဉာဏ်။ (ဆို)

ဒါက နာမရူပပရိစ္ဆေဒဉာဏ်ကိုပြဆိုလိုက်တာပါပဲ၊(နာမ-နာမ်သဘော၊ ရူပ-ရုပ်သဘောကို၊ ပရိစ္ဆေဒ-ပိုင်းခြား၍၊ ဉာဏ-သိမြင်သောဉာဏ်)လို့ ဆိုလိုပါတယ်။

ဝိပဿနာရှုနေတဲ့အခါမှာ(ဝါ)အသိကပ်နေတဲ့အခါမှာ အသိကပ်စရာ အာရုံသဘောနှင့် သိမှုသဘောကို ကွဲကွဲပြားပြားပိုင်းခြားပြီးသိမြင်ရတာ,တွေ့ရတာဟာ နာမရူပ ပရိစ္ဆေဒဉာဏ်ပါပဲတဲ့။

(၂) မှတ်ရှုဆဲမှာ၊ ကြောင်းကျိုးနှစ်ဖြာ၊ဉာဏ်မှာထင်ထင် သိမြင်တာ၊ မှတ်ပါ ပစ္စယပရိဂ္ဂဟဉာဏ်။ (ဆို)

ဒါကတော့ ပစ္စယပရိဂ္ဂဟဉာဏ်ကို ပြဆိုလိုက်တာတဲ့။

နာမရူပံ ပရိဂ္ဂဟေတွာ တဿ ပစ္စယံ ပရိယေသန္တော အဝိဇ္ဇာဒိ ပဋိစ္စသမုပ္ပါဒံ ဒိသွာ ပစ္စယ ပစ္စယုပ္ပန္နဓမ္မ မတ္တမေဝေတံ။

လို့ ဆိုတဲ့ သုတ်မဟာဝါ အဋ္ဌကထာ အတိုင်း အကြောင်း ရုပ်, နာမ် သဘောမျှနှင့် အကျိုး ရုပ်,နာမ် သဘောမျှသာ ဖြစ်နေတာပဲလို့ အကြောင်းနှင့် အကျိုး သိမြင်ရတာက ပစ္စယပရိဂ္ဂဟဉာဏ်တဲ့။

ဒီ အခြေခံ ဉာဏ်နှစ်ပါးကိုရလျှင် ''အညော၊ ရုပ်,နာမ်သဘောမှတပါးသော။ သတ္တော ဝါ၊ ခွေး,နွားစသော သတ္တဝါသည်၎င်း။ပုဂ္ဂလော ဝါ၊မိန်းမ, ယောကျ်ား, နတ်, ဗြဟ္မာ စသော ပုဂ္ဂိုလ်သည်၎င်း။ နတ္ထိတိ၊ မရှိတော့ဘူးလို့။ ဝိတိဏ္ဏကင်္ခေါ၊ လွန်မြောက်သော ယုံမှားခြင်း ရှိတယ်-လို့ သုတ်မဟာဝါ အဋ္ဌကထာ၌ ဆိုထားပါတယ်။

အဲဒီသဘောကို ရည်ပြီးတော့ ဘုရား ကိုယ်တော်မြတ်ကြီးကလဲ-သဗ္ဗံ၊ အလုံးစုံသော။ ရူပံ၊ တိုးထိမှုသဘောကို။ (သဗ္ဗံ၊ အလုံးစုံသော။ ဝိညာဏံ၊ သိမှုသဘောကို။နေတံမမ၊ ဤတိုးထိမှုသဘော,သိမှုသဘောသည် ငါမဟုတ်၊ ပုဂ္ဂိုလ်သတ္တဝါမဟုတ်)။န မေသော အတ္တာ၊ ဤတိုးထိမှုသဘော, သိမှုသဘောသည် ငါ့ကိုယ်မဟုတ်,အတ္တကောင်မဟုတ်။ဣတိ ဝေ၊ ဤသို့။ တေ၊ဤတိုးထိမှုသဘော, သိမှုသဘောကို။ ယထာဘူတံ၊ တိုးထိမှုနှင့် သိမှုမျှသာဟု ဟုတ်မှန်သည့်အတိုင်း။

သမ္မပ္ပညာယ၊ ကောင်းစွာရှုအပ်သော ကောင်းစွာ အသိကပ်အပ်သော ဝိပဿနာပညာဖြင့်။ ဒဋ္ဌံ၊ သိမြင်အပ်တယ်–လို့ အနုတ္တလက္ခဏသုတ် ပါဠိတော်၌ ဟောတော်မူထားပါတယ်။

ထို့အပြင် ဒီ အခြေခံ ဉာဏ်နှစ်ပါးကို ဝိသုဒ္ဓိမဂ်၌ ဓမ္မဋ္ဌိတိဉာဏ်, ယထာဘူတဉာဏ်, သမ္မဒဿနဉာဏ်လို့လဲ မိန့်ဆိုထားပါတယ်။ ဒီအခြေခံ ဉာဏ်နှစ်ဆင့်ဖြစ်သော ဝိပဿနာ ကာမာဝစရကုသိုလ်ဖြင့် သက္ကာယဒိဋ္ဌိနှင့်ဝိစိကိစ္ဆာ ကိလေသာနှစ်ပါးကို တဒင်္ဂပဟာန်အနေအားဖြင့် အခိုက်အတန့်သာ ပယ်တယ်လို့ သိရပါတယ်။ အဘယ့်ကြောင့်နည်း ကာမာဝစရ ကုသိုလ်သည် ကိလေသာများကို တဒင်္ဂ(အခိုက်အတန့်)အားဖြင့် ပယ်နိုင်တယ်၊ မဟဂ္ဂုတ် ကုသိုလ်သည် နီဝရဏကိလေသာများကို ဝိက္ခမ္ဘန(ချွန်ဖြင့်ပယ်ခွာထားသောအားဖြင့်)ပယ်နိုင်တယ်။ မဂ်ကုသိုလ်သည် သမုစ္ဆေဒ (အပြတ်သတ်သောအားဖြင့်) ပယ် နိုင် တယ် လို့ ဆိုသောကြောင့် ဖြစ်ပါတယ်။

ဒီဉာဏ်နှစ်ဆင့်မှာ ကာမာဝစရ ကုသိုလ်အရာဖြစ်သောကြောင့် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကိလေသာများကို တဒင်္ဂ(အခိုက်အတန့်)သာပယ်တယ်လို့ အဋ္ဌကထာဆရာဆိုရာ၌ ဒီ တဒင်္ဂပဟာန်အရကို ဝိပဿနာရှုမှတ်ဆဲအခိုက်အတန့်မျှသာ ပယ်တယ်လို့ မယူရဘူး၊ အမှန်ကတော့ ဝိက္ခမ္ဘန ပဟာန်ကဲ့သို့ ကြာရှည်စွာ ပယ်ခွာထားတာကို ယူရမယ်၊ သို့အတွက် ကြာရှည်စွာ ဝိက္ခမ္ဘနပဟာန်ကဲ့သို့ပယ်ခွာတာကိုလဲ ကာမာဝစရကုသိုလ်ပယ်ဖြစ်လျှင် တဒင်္ဂပဟာန်ပယ်လို့သာမှတ်ယူရမယ်တဲ့။

တဒင်္ဂ ပဟာန်ပယ် ဖြစ်သော်လဲ ဝိက္ခမ္ဘန ပဟာန်ပယ်ကဲ့သို့ပင် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို ကြာရှည်စွာ ပယ်ခွာနိုင်တယ်၊ ဒီ ဉာဏ်နှစ်ဆင့်သို့ ရောက်ပြီးလျှင် ဝိပဿနာကိုမရှုပဲ ပကတိ နေမြဲ နေသော်လဲ နောက်တဖန် ဒိဘဝမှာ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ပြန်၍မပေါ်နိုင်တော့ဘူးတဲ့။ သမုစ္ဆေဒပဟာန်ပယ် မဟုတ်တဲ့အတွက် လုံးဝတော့ စိတ်မချရသေးဘူး၊ အယောနိသော မနသိကာရဖြစ်လာလျှင် ပြန်၍ ဖြစ်ပေါ်လာတတ်သေးတယ်တဲ့။

ဒီ ယထာဘူတဉာဏ်ကိုရရှိထားတဲ့ယောဂီပုဂ္ဂိုလ်ဟာ သာသနာတော်မှာ ထောက်တည်ရာကို ရနိုင်တဲ့, ဂတိမြဲနိုင်တဲ့ စူဠသောတာပန်ဖြစ်တယ်လို့ ဝိသုဒ္ဓိမဂ်၌ ဆုံးဖြတ်ထားပါတယ်။

အဲဒါကြောင့်....

ဣမိနာ ပန ဉာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော စူဠသောတာပန္နော နာမ ဟောတိ။

လို့ မိန့်ဆိုထားပါတယ်။

ဝိပဿနာဉာဏ်ဆယ်ပါး ဆိုတာကတော့....

(၁) သမ္မသနဉာဏ်၊
(၂) ဥဒယဗ္ဗယဉာဏ်၊
(၃) ဘင်္ဂဉာဏ်၊
(၄) ဘယဉာဏ်၊
(၅) အာဒီနဝဉာဏ်၊
(၆) နိဗ္ဗိဒါဉာဏ်၊
(၇) မုဉ္စိတုကမျတာဉာဏ်၊
(၈) ပဋိသင်္ခါဉာဏ်၊
(၉) သင်္ခါရုပေက္ခာဉာဏ်၊
(၁၀) အနုလောမဉာဏ်။

တို့ပင် ဖြစ်ပါတယ်။

အဲဒီ ဝိပဿနာဉာဏ်ဆယ်ပါးကို ယခု ဆောင်ပုဒ်များနှင့်တကွ အကျဉ်းချုပ် ဟောပြောသွားမယ်၊ ဟောဒီ ဆောင်ပုဒ်ကို လိုက်ဆို။

၃။ မှတ်ရှုဆဲမှာ၊ ရုပ်နာမ်နှစ်ဖြာ၊ပေါ်လာပြီးနောက်၊ပျောက်ပျောက်သွားတာ၊ တွေ့ရာမြဲမှို၊ မမြဲဆင်းရဲ၊ ငါလဲမဟုတ်၊ ဟုတ်မှန်ကျနု၊ သဘောကျကာ၊ သုံးသပ်တာ၊ မှတ်ပါ သမ္မသနဉာဏ်။ (ဆို)

ဒီနေရာမှာ ''သမ်မသနဉာဏ်''လို့ ဖတ်ရမယ်။ ကောင်းစွာ သုံးသပ်တဲ့ ဉာဏ်လို့ ဆိုလိုပါတယ်။ ဘယ်လိုလဲဆိုရင် ဥပမာ-ထွက်လေတိုးထိမှု၊ ဝင်လေတိုးထိမှုကို မပြတ်တရစပ်အသိကပ်နေတဲ့ယောဂီပုဂ္ဂိုလ်ဟာ အသိကပ်လိုက်ဘိုင်း-အသိကပ်လိုက်တိုင်း တိုးထိမှုနှင့် သိမှု ဒီနှစ်ခုဟာ ဖြစ်ပေါ် လာလိုက်-ပျောက်သွားလိုက်၊ ဖြစ်ပေါ်လာလိုက် - ပျောက်သွားလိုက်နှင့်နေတာကို အလုပ်ခွင်၌ တွေ့မြင်ရတဲ့အခါ ဖြစ်ပေါ်လာလိုက်-ပျောက်သွားလိုက်နှင့်နေတာဟာ မမြဲတဲ့ အနိစ္စသဘောပဲ၊ ပေါ်မှု၊ပျောက်မှု၊ဖြစ်မှု၊ပျက်မှုတွေဟာ ဆင်းရဲဘဲဒုက္ခသဘောပဲ၊ ဖြစ်မှု၊ပျက်မှုသဘောတွေဟာ ငါလဲမဟုတ်၊ အတ္တလဲမဟုတ်တဲ့ အနတ္တသဘောပဲလို့ ဆင်ခြင် သုံးသပ်မိတတ်တယ်၊ အဲသလို ဆင်ခြင် သုံးသပ်တာကို သမ္မသနဉာဏ်လို့ ခေါ်တယ်။

၄။ မဆင်ခြင် မသုံးသပ်တော့ပဲ၊ မှတ်ရှုမြဲသာ၊ မှတ်ရှုနေရာ၊ပေါ်လာပြီးနောက်၊ ပျောက် ပျောက် သွား တာ၊ သိမြင် တာ - မှတ် ပါ ဥဒယဗ္ဗယဉာဏ်၊ (ဆို)

ဥဒယဗ္ဗယဉာဏ်ဆိုတာ ဥဒယ-ရုပ်,နာမ်, ပရမတ်သဘောတို့၏ ဖြစ်ပေါ်လာမှု၊ ဝယ-ချုပ်ပျောက်မှု, ပျက်မှုကို၊ ဉာဏ-သိမြင်ရသော ဝိပဿနာဉာဏ်လို့ ဆိုလိုတယ်။ ဝိပဿနာရှုလျှင် (ဝါ) အသိကပ်လျှင် ဖြစ်ပေါ်ပြီးနောက် ပျောက်ပျောက်သွားတာကိုဝိပဿနာဘာဝနာဉာဏ်ဖြင့်အမှန်သိမြင်ရပါတယ်။ အဲဒါဟာ ဥဒယဗ္ဗယဉာဏ်ပါပဲတဲ့။ ဒါ့ကြောင့် ဘုရားကိုယ်တော်မြတ်ကြီးက "ဥပ္ပါဒဝယ ဓမ္မိနော၊ ရုပ်,နာမ်,ဓမ္မ သင်္ခါရတရားတွေဟာ ဖြစ်ပေါ်ပြီးနောက် ပျောက်ပျောက်သွားခြင်းသဘော ရှိကြတယ်။ ဖြစ်ပြီးလျှင် ပျက်စီးခြင်းသဘော ရှိကြတယ်လို့ ဟောတော်မူထားပါတယ်။ ဟောဒီ ဥဒယဗ္ဗယ ဉာဏ် အတွက် ရှစ်လုံးဘွဲ့ ကဗျာနှစ်ပုဒ်ကို လိုက်ဆိုကြ။

၁။ နှာသီးဖျားပေ-ထွက်လေထိရာ၊ သတိပြုလျက်-မပျက်ရှုပါ။
ထိတာအစု-ယခုသိကာ၊ထိသိပျက်-ပေါ်ထွက်ဥဒယဗ္ဗယပါ။(ဆို)

၂။ နှာသီးဖျားပေ-ဝင်လေထိရာ၊ သတိပြုလျက်-မပျက်ရှုပါ။
ထိတာအစု-ယခုသိကာ၊ထိသိပျက်-ပေါ်ထွက်ဥဒယဗ္ဗယပါ။(ဆို)

၃။ မှတ်ရှုတိုင်းမှာ-မှတ်တာတွေဟာ၊ လျှင်စွာမြန်မြန်၊ သဏ္ဍာန်မထင်၊
အပျက်မြင်ကာ၊ သိနေတာ၊ မှတ်ပါ ဘင်္ဂဉာဏ်။ (ဆို)

အဲဒါကတော့ ဘင်္ဂဉာဏ်အတွက် ဆောင်ပုဒ်ပါပဲ၊ အပျက်ကိုသာ သိမြင်ရတဲ့ဉာဏ်လို့ ဆိုပါတယ်။ ဒီဉာဏ်အဆင့်သို့ရောက်တဲ့ယောဂီမှာ ဥဒယဗ္ဗယဉာဏ်က အလွန်ရင့်သန်လာတဲ့အတွက် ဖြစ်ပျက်သင်္ခါရအာရုံကလဲ အလျှင်အမြန် ဖြစ်ပျက်လျက် ထင်လာတယ်။ ယောဂီ၏ လက်တွေ့မှာ အမြန်ပြေးရထားကြီးကို စီးနင်းလိုက်ပါတဲ့သူဟာ ပြတင်းပေါက်ကနေပြီး ခပ်လှမ်းလှမ်း ကြည့်လိုက်တဲ့အခါ မီးရထားကြီးက အလွန်လျှင်မြန်တဲ့အတွက် မြင်ရတဲ့သစ်ပင် စသည်တွေမှာ တခုနှင့်တခု မကွဲပြားတော့ပဲ တရိပ်ရိပ်မျှသာမြင်ရတော့သကဲ့သို့ပင် ဥဒယဗ္ဗယဉာဏ်ရင့်သန်သလောက် သင်္ခါရ ဖြစ်-ပျက်မှုကလဲ လျှင်မြန်နေတဲ့အတွက် ယောဂီ၏ ဝိပဿနာဘာဝနာဉာဏ်ဖြင့် သင်္ခါရတို့၏ အစအစဖြစ်ပေါ်မှုကို တခြားစီခွဲပြီး မမြင်ရတော့ပဲ တရိပ်ရိပ်နှင့် ကုန်ဆုံး ပျောက်ပျောက်သွားတာချည်းသာ မြင်ရတော့တယ်တဲ့။

ဒါ့ကြောင့်....သင်္ခါရ လဟုံဥပဋ္ဌဟန္တိ၊ ဖြစ်ပျက်သင်္ခါရတို့သည် လျှင်မြန်စွာ ထင်လာကြတယ်။ နိမိတ္တံဝါ န သမ္ပာပုဏာတိ၊ ထိုဘင်္ဂဉာဏ် အခိုက်မှာ သင်္ခါရတွေဟာ အထည်ကိုယ်ဖြင့် သဏ္ဍာန်ထင်မှုသို့ မရောက်တော့ဘူးလို့ ဝိသုဒ္ဓိမဂ်၌ ဆိုထားပါတယ်။ ဟောဒီ ရှစ်လုံးဘွဲ့ဆောင်ပုဒ်ကို လိုက်ဆို။

ရုပ်,နာမ်ဖြစ်ပျက်-မပျက်ရှုရာ၊ ရှုတိုင်း-ရှုတိုင်း မဆိုင်းမှန်စွာ။
ပျက်ပျက်သွားမှု-ရှေးရှုထင်ရာ၊ ဉာဏ်ဘင်္ဂ-ရောက်ထ အမှန်ပါ။ (ဆို)

၆။ မှတ်ရှုတိုင်းမှာ၊ အပျက်တွေသာ၊ တွေ့နေတာကြောင့်၊ ကြောက်စရာဟု၊ သိမြင်မှု၊ မှတ်ပြု ဘယဉာဏ်။ (ဆို)

၇။ မှတ်ရှုတိုင်းမှာ၊အပျက်တွေသာ၊တွေ့နေတာကြောင့်၊ ကြောက်စရာထင်ပြီး၊ အပြစ်ချည်းဟု၊ သိမြင်မှု၊ မှတ်ပြု အာဒီနဝဉာဏ်။ (ဆို)

၈။ မှတ်ရှုတိုင်းမှာ၊ အပျက်တွေသာ၊ တွေ့နေတာကြောင့်၊ ကြောက်စရာပဲ၊ အပြစ်ပဲဟု၊ ဉာဏ်ထဲထင်ကာ၊ ငြီးငွေ့တာ၊ မှတ်ပါ နိဗ္ဗိဒါဉာဏ်။ (ဆို)

အဲဒါက ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ် သုံးပါးအတွက် ဆောင်ပုဒ် သုံးပုဒ် ဖြစ်တယ်။သင်္ခါရတွေအပေါ် ကြောက်မှု,အပြစ်မြင်မှု,ငြီးငွေ့မှုများဖြစ်ပေါ်လာတတ်တာကို ဆိုပါတယ်။ဒီဉာဏ်သုံးပါးဟာ သဘောအတူတူပါပဲတဲ့။ ဒါ့ကြောင့်....

ယာစ ဘယတုပဋ္ဌာနေ ပညာ၊ ယဉ္စ အာဒီနဝေ ဉာဏံ။
ယာစ နိဗ္ဗိဒါ၊ ဣမေ ဓမ္မာ ဧကတ္ထာ။

လို့ ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ ဟောတော်မူထားပါတယ်။

ယောဂီဟာ ဘင်ဉာဏ်ရင့်သန်လာတဲ့အခါ တရိပ်ရိပ်ကုန်ဆုံးပျောက်ပျက်သွားတာတွေကို တွေ့မြင်နေရတဲ့အတွက် နေစရာ,မှီခိုစရာ မတွေ့တော့ပဲ ဉာဏ်ထဲမှာ ကြောက်မှုသဘော ဖြစ်နေတာက ဘယဉာဏ်၊ ကုန်ဆုံး ပျောက်ပျက်နေတာအပေါ် အပြစ်မြင်မှုသဘောဖြစ်တာက အာဒီနဝဉာဏ်၊ ကုန်ဆုံး ပျောက်ပျက်နေတဲ့ သင်္ခါရတွေနှင့်နေရတာကို မရွှင်မပြုံးပဲ ပျင်းမုန်း ငြီးငွေ့မှုသဘော ဖြစ်ပြီး ဘာမျှသာယာနှစ်သက်မှုမရှိတော့ပဲ ဖြစ်နေတဲ့သဘောက နိဗ္ဗိဒါဉာဏ်လို့ ခွဲခြားပြီး မှတ်ထားရမယ်။

ဤသဘောကိုရည်ပြီးတော့ ဘုရားကိုယ်တော်မြတ်ကြီးက....

ဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော ရူပသ္မိံပိ ။ပ။
ဝိညာဏသ္မိံပိ နိဗ္ဗိန္ဒတိ၊ နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ။

လို့ အနတ္တလက္ခဏသုတ်၌ ဟောတော်မူထားပါတယ်။

၉။ ရှုနေဆဲမှာ၊ အပျက်နှင့်ဆင်းရဲကိုသာ၊ တွေ့ရပါ၍၊ နှစ်ဖြာရုပ်,နာမ်မှ၊ လွတ်ချင်လှ၊ မှတ်ကြ မုဉ္စိတုကမျတာဉာဏ်။ (ဆို)

၁၀။ လွတ်မြောက်ဖို့ပင်၊ဆင်ခြင်လတ်၍၊ လွတ်မြောက်နိုင်မှု၊ ကြောင့်ကြပြုကာ၊ မှတ်ရှုတာ၊ မှတ်ပါ ပဋိသင်္ခါဉာဏ်။ (ဆို)

၁၁။ မှတ်ရှုတဲ့အခိုက်၊ ကြောင့်ကြမစိုက်ရပဲ၊ အလိုက်သင့် အညီအမျှ၊ သင်္ခါရ၊ ရှုရ သင်္ခါရုပေက္ခာဉာဏ်။ (ဆို)

ဒီဆောင်ပုဒ်များကတော့ မုဋ္ဌိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်, သင်္ခါရုပေက္ခာဉာဏ်သုံးပါးအတွက်ပြဆိုထားတာပဲ။ ဒီဉာဏ်သုံးပါးလဲသဘောအတူတူပဲဘဲ့။ ဒါကြောင့်....

ယာစ မုဋ္ဌိတုကမျတာ၊ ယာစ ပဋိသင်္ခါနုပဿနာ၊ ယာစ သင်္ခါရုပေက္ခာ၊
ဣမေ ဓမ္မာ ဧကတ္ထာ။
လို့ ဟောတော်မူပါတယ်။

ဤ၌ သင်္ခါရနယ်မှ လွတ်ချင်တာက မုဋ္ဌိတုကမျတာဉာဏ်၊ လွတ်ဖို့ ရန်အတွက် သင်္ခါရတို့ကိုပင် ထပ်ပြီးရှုရပြန်တာက ပဋိသင်္ခါဉာဏ်၊ ပီးတော့ လက်ရှိရှုနေရတဲ့ သင်္ခါရ အခြေအနေတို့နှင့် မပတ်သက်တော့သလို သင်္ခါရ အပေါ်ကြာရှည်စွာ တည်ငြိမ်ပြီးသိနေတာက သင်္ခါရုပေက္ခာဉာဏ်-တဲ့။ ဟောဒီ သင်္ခါရုပေက္ခာဉာဏ်၏ ဂုဏ်ခြောက်ပါးပြ ရှစ်လုံးဘွဲ့ ဆောင်ပုဒ်နှစ်ခုကို လိုက်ဆိုကြ။

၁။ ကြောက်နှစ်သက်ခြင်း-ကင်းရှင်းလေတယ်၊
ချမ်းသာဆင်းရဲ-ရှုမြဲတူတယ်။
ကြောင့်ကြမပြု-မှတ်ရှုလွယ်တယ်၊
သင်္ခါရု-ညီမျှ ဂုဏ်သုံးသွယ်။ (ဆို)

၂။ ကြာရှည်စွာလဲ-တည်မြဲလေတယ်၊
ကြာလေသာ၍-သိမ်မွေ့ပေတယ်။
အာရုံတခြား-ပြန့်သွားကင်းတယ်၊
သင်္ခါရု-ထူးမှု ဂုဏ်သုံးသွယ်။ (ဆို)

၁၂။ ထူးခြားစွာဖြစ်ဘိ၊ သိမြင်မှုတို့မှာ၊ နောက်ဆုံးအသိဟာ မှတ်ပါ
အနုလောမဉာဏ်။ (ဆို)

ဒီဆောင်ပုဒ်က အနုလောမဉာဏ်အတွက် ပြဆိုထားတဲ့ ဆောင်ပုဒ်ဖြစ်တယ်၊ အောက်အောက် ဝိပဿနာဉာဏ်များနှင့်အထက်အထက် မဂ်ဉာဏ်,ဖိုလ်ဉာဏ်၊ ထိုဉာဏ်၌ပါဝင်တဲ့ ဗောဓိပက္ခိယ တရားများနှင့် အလျော်ဖြစ်သောဉာဏ်လို့ ဆိုလိုပါတယ်။

ဒီ အနုလောမဉာဏ်ဟာ သောတာပတ္တိမဂ်ဝီထိမှာပါဝင်တဲ့ အနုလုံဇောလို့ခေါ်တဲ့ အနုလောမဉာဏ်တမျိုး၊ သောတာပတ္တိမဂ်ဝီထိမှာ မပါဝင်တဲ့ အနုလောမခန္တီလို့ခေါ်တဲ့ အနုလောမဉာဏ်က တမျိုးလို့ မှတ်ထားရမယ်။

ယခု ချပေးလိုက်တဲ့ ဆောင်ပုဒ်အတိုင်း ဝိသုဒ္ဓိမဂ်၌လာတဲ့ အနုလုံဇောဖြစ်တဲ့ အနုလောမဉာဏ်က သောတာပတ္တိမဂ်ဝီထိမှာပါဝင်တဲ့ အနုလောမဉာဏ်ဖြစ်တယ်။

သမဏာဓမ္မံ ကရောန္တာ ဝိပဿနံ ဝဍ္ဎေတွာ ယာဝ အနုလောမဉာဏံ အာဟစ္စ တိဋ္ဌန္တိ မဂ္ဂဖလတ္တံ ဝါယာမံ န ကရောန္တိ။

လို့ ပဏ္ဏာသ အဋ္ဌကထာမှာလာတဲ့ အနုလောမဉာဏ်ကတော့ သောတာပတ္တိမဂ်ဝီထိ၌ မပါဝင်တဲ့ အနုလောမဉာဏ် ဖြစ်တယ်။ ဝိပဿနာဉာဏ်ဆယ်ပါးထဲက အနုလောမဉာဏ် ဆိုတာ ဒါကိုပဲ ဆိုပါတယ်။ ဒီ အနုလောမဉာဏ်ကို သောတာပတ္တိမဂ်၏ ဤမှာဘက်မှဖြစ်တဲ့ အနုလောမခန္တိ-လို့ ခေါ်ပါတယ်။

ဒါကြောင့်....

ဓမ္မံ သုဏန္တော သောတာပတ္တိမဂ္ဂဿ ဩရတော အနုလောမ ခန္တိံ နိဗ္ဗတ္တေတိ။

လို့ ဓမ္မပဒ အဋ္ဌကထာ၌ မိန့်ဆိုထားပါတယ်။

သောတာပတ္တိမဂ်ဝီထိမှာပါဝင်တဲ့ အနုလုံဇောဖြစ်တဲ့ အနုလောမဉာဏ်ကိုကား သိခါပတ္တ ဝိပဿနာဟူ၍ရင်း၊ဝုဋ္ဌာနဂါမိနီ ဝိပဿနာဟူ၍ရင်း ခေါ်ဆိုပါသေးတယ်။ ဒါကြောင့် ...

သိခါပတ္တာ ဝိပဿနာတိဝါ ဝုဋ္ဌာနဂါမိနီတိဝါ သင်္ခါရုပေက္ခာဒိ ဉာဏတ္တယသောဝ ဧတံ နာမံ။

လို့ ဝိသုဒ္ဓိမဂ်၌ မိန့်ဆိုထားပါတယ်။

ယခု ချပေးလိုက်တဲ့ ဆောင်ပုဒ်အရ အနုလောမဉာဏ်ကတော့ ဒီ အနုလုံဇောဖြစ်တဲ့ သိခါပတ္တ - ဝုဋ္ဌာနဂါမိနီ ဝိပဿနာပင် ဖြစ်ပါတယ်။ ဒီနေရာမှာ အထူးသတိပြုပြီး မှတ်ထားကြပါ။

ဒီအထိ ဝိပဿနာဉာဏ် ဆယ်ပါး ပြီးဆုံးသွားပါပြီ။ ဒီ က နောက် ကို ဂေါတြဘူဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်နှင့် ပစ္စဝေက္ခဏာဉာဏ်အတွက် ဆက်လက်ပြီး ဟောပြဦးမယ်။ ဟောဒီဆောင်ပုဒ်ကို လိုက်ဆို။

၁၃။ နောက်ဆုံးအသိမျှား၊ပြတ်သွားသည်နှင့်တပြိုင်နက်သာ၊ ချုပ်ငြိမ်းရာမှာ၊ ကျရောက်တာ၊ မှတ်ပါ ဂေါတြဘူဉာဏ်။ (ဆို)

ဒီ ဂေါတြဘူစိတ်ဟာ နိဗ္ဗာန်ကို အာရုံပြုပေမဲ့ ကိလေသာကို အပြတ်အသတ် မသတ်နိုင်သေးဘဲအတွက် ကာမဇော, ကာမကုသိုလ်ပင် ဖြစ်တယ်လို့ မှတ်ရမယ်၊ ကာမကုသိုလ်ပင်ဖြစ်တဲ့အတွက် ဂေါတြဘူစိတ်ဟာ လောကီစိတ်ပင် ဖြစ်တယ်၊ ပုထုဇဉ်နယ်မှ အရိယာနယ်သို့ကူးတဲ့ နယ်ကူးစိတ်လို့ မှတ်ထားရမယ်၊ ဒီ-ဂေါတြဘူစိတ်က သင်္ခါရကင်းရာ(အာရုံရှေ့,အသိရှေ့ကုန်ပျောက်ရာ)နိဗ္ဗာန်အာရုံထဲသို့ ကျရောက်သွားစေလိုက်တာပါပဲတဲ့၊ ဒါကြောင့် တံ သင်္ခါရာရမ္မဏံ မုဉ္စိတွာ၊ ထိုသင်္ခါရအာရုံကို လွှတ်လိုက်ပြီးလျှင်။ ဂေါတြဘူစိတ္တေန၊ ဂေါတြဘူစိတ်ဖြင့်။ ဝိသင်္ခါရေ၊ သင်္ခါရကင်းရာ (အာရုံရှေ့, အသိရှေ့ ကုန်ပျောက်ရာ)

ဖြစ်သော။ ပရတီရဘူတေ နိဗ္ဗာနေ-ပုထုဇဉ်နယ်မှ တနယ်တခြား အရိယာနယ်သို့ ကူးသွားရာ ထိုမှာဘက်ကမ်းဖြစ်တဲ့ နိဗ္ဗာန်အာရုံထဲ၌။ ပတတိ၊ ကျရောက် သွား စေလိုက်တယ်လို့ (ဝိသုဒ္ဓိမဂ်၌ မိန့်ဆိုပါတယ်။

၁၄-၁၅။ ကိလေသတ်ကာ၊ အသိကပ်ရာ အာရုံရော၊ အသိစိတ်ရောပါ၊ ချုပ်ငြိမ်းရာမှာ၊ တည်နေတာ၊ မှတ်ပါ မဂ်,ဖိုလ်ဉာဏ်။ (ဆို)

အမှာ။ ။ဤ၌ ဖလသမာပတ် ဝင်စားတာ မဟုတ်သောကြောင့် တခဏ လေးမျှသာ တည်နေ လိုက် တာ ကို တည်နေ တာ ဟု မှတ်ယူ ရမယ်။

ဒီဆောင်ပုဒ်က မဂ်ဉာဏ်, ဖိုလ်ဉာဏ်နှစ်ခုအတွက် ပြလိုက်တဲ့ ဆောင်ပုဒ် ဖြစ်တယ်၊ မဂ်ဉာဏ်,ဖိုလ်ဉာဏ်ဆိုတာ လောကုတ္တရာစိတ် ဖြစ်တယ်၊ လောကီစိတ်က လောကုတ္တရာစိတ်သို့ ပြောင်းသွားတာပါပဲတဲ့။

"အပ္ပမာဏာရမ္မဏာ ဓမ္မာ"လို့(ဓမ္မသင်္ဂဏီမာတိကာပါဠိတော်၌)ဟော တော်မူတဲ့အတိုင်း မဂ်စိတ်, ဖိုလ်စိတ်ဆိုတာ သင်္ခါရအပေါ် အာရုံမပြုတော့ပဲ သင်္ခါရကင်းရာ (အာရုံရော,အသိရော ချုပ်ရာ)နိဗ္ဗာန်ကိုသာ အာရုံပြုတဲ့အတွက် မဂ်ဇော, ဖိုလ်ဇောကျခိုက်မှာ အာရုံရော, အသိရော ပြတ်ကျလိုက်ကာ ဘာမျှ မသိလိုက်ပဲ ဖြစ်သွားတတ်တယ်တဲ့။

"မဂ္ဂုပ္ပါဒ ဧကစိတ္တက္ခဏိကာ" လို့ မိန့် ဆို တဲ့ အ တိုင်း မဂ်ဇောဟာ တကြိမ်သာကျတယ်၊ဖိုလ်ဇောကတော့"ဒွေတီဏိ ဖလစိတ္တာနိ"လို့ဆိုတဲ့အတိုင်း နှစ်ကြိမ်,သုံးကြိမ် ကျနိုင်တယ်၊ဖလသမာပတ်ဝင်စားတဲ့အခါမှာတော့ မဂ်ဇော မကျတော့ဘူး၊ ဖိုလ်ဇောချည်းသာ အကြိမ်များစွာ ကျ နေ တော့ တာ ပဲ တဲ့၊ ဒါကြောင့် "သမာပတ္တိဝီထိယံ ဘဝင်္ဂသောတော ဝိယ ဝီထိနိယမော နတ္ထီတိ ကတွာ ဗဟူနိပိ လဗ္ဘန္တိ"လို့ မိန့်ဆိုထားပါတယ်။

၁၆။ ချုပ်ငြိမ်းရာတွင်၊ သက်ဝင်ပြီးနောက်၊ ငြိမ်းရာရောက်ပုံ၊ ချုပ်ငြိမ်း ပုံမှန်၊ တဖန်ပြန်သိ၊ ဆင်ခြင်မိ၊ မှတ်ဘိ ပစ္စဝေက္ခဏာဉာဏ်။ (ဆို)

ဒီဆောင်ပုဒ်ကတော့ ပစ္စဝေက္ခဏာဉာဏ်အတွက် ဖြစ်တယ်၊ ပြန်ပြီး ဆင် ခြင်တဲ့ဉာဏ်ကို ပစ္စဝေက္ခဏာဉာဏ်လို့ ခေါ်တယ်။

မဂ်,ဖိုလ်,နိဗ္ဗာန်ကိုရပြီးတဲ့အရိယာပုဂ္ဂိုလ်ဟာ မိမိရပြီးတဲ့မဂ်,ဖိုလ်,နိဗ္ဗာန် ကို ပြန်၍ဆင်ခြင်မိတတ်တယ်၊ သတိရတတ်တယ်၊ ပယ်ပြီးတဲ့ကိလေသာနှင့်မပယ်ရ သေးတဲ့ ကိလေသာများကိုတော့ ဆင်ခြင်မိတတ်တာလဲရှိတယ်, မဆင်ခြင်မိတတ် တာလဲရှိတယ်လို့ အဋ္ဌကထာ၌ ဆိုပါတယ်၊ ပဏ္ဏာသ အဋ္ဌကထာမှာတော့ အချို့ ပယ်အပ်ပြီးတဲ့ ကိလေသာကိုသာ ဆင်ခြင်မိတတ်တယ်၊ တချို့ မပယ်အပ်သေးတဲ့ ကိလေသာကိုသာ ဆင်ခြင်မိတတ်တယ်၊ တချို့ မဂ်ကိုသာ ဆင်ခြင်မိတတ်တယ်၊

နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ၊ ဝိရာဂါ ဝိမုစ္စတိ၊ ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံ ဟောတိ၊ ခီဏာ ဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ ကရဏီယံ။

လို့ ဟောတော်မူပါတယ်၊ ဟောဒီ ရှစ်လုံးဘွဲ့ကို ဆို။

အထက်မဂ်များ-တက်ကြွားလိုသော်၊ မရသေးကြွား-တရားကိုနော်။
ရစေသားဟု-မှတ်ရှုပြန်သော်၊ အထက်မဂ်-တက်ပုံမှန်သနော်။ (ဆို)

ကိုင်း....ဉာဏ်စဉ်တရား အဆုံးသတ်ကြစို့။

ယောစ ဝဿသတံ ဇီဝေ ။ပ။ ဉာဏမုတ္တမံ။
(မူလဂါထာ ပြန်ကောက်ပါ။)

ယခု ဟောပြောခဲ့တဲ့ ဉာဏ်စဉ်တရားကို မှတ်သားကြပြီးလျှင် ကိုယ့်ဉာဏ် အဆင့်ကို ကိုယ်တိုင်ချင့်၍ ဆုံးဖြတ်နိုင်ကြပါစေသတည်း။

(သာဓု....သာဓု....သာဓု)

**ဝိပဿနာ ဉာဏ်စဉ်တရားတော် ပြီး၏။**

---

## (၃) အရိယာစစ်တမ်း တရားတော်

၁။ အရိယာစစ်တမ်း၊ ဤအခန်း၊ ကြီးပမ်းနာယူပါ။
၂။ အရိယာစစ်-မစစ်၊ ကိုယ့်အဖြစ်၊ ကိုယ်ပင် စိစစ်ပါ။ (ဆို)

အရိယာဘုံသို့ကူး-မကူး,အပ္ပနာဇော မှန်,မမှန် သိနိုင်ရန်အတွက် ပဋ္ဌာရုံနှင့် သခ်တဓမ္မာရုံချုပ်ပုံ,အသိစိတ်ချုပ်ပုံ,အပ္ပနာဇောကျနေခိုက် နိဗ္ဗာန်အာရုံမှတပါး အခြားဘာကိုမှ အာရုံမပြုပုံ, အပ္ပနာဇောကျနေဆဲမှာ အိပ်ပျော်နေတာ မဟုတ်ပေမဲ့ ဘာကိုမှမသိနိုင်ပုံတို့ကို ဆရာလုပ်သူက ဖလသမာပတ်ဝင်စားစေပြီး ရှေးဦးစွာ စိစစ်ကြည့်ရမယ်၊ အဲသလို ဖလသမာပတ်နှင့် စိစစ်ပြီးတဲ့နောက်မှာလဲ သုတ်မဟာဝါမှာ ဟောတော်မူထားတဲ့ ဓမ္မာဒါသခေါ် တရားကြေးမုံ မှန်လေးခုကို ကြည့်ပြီး စိစစ်ရဦးမယ်။

ထို့နောက် အရိယာပုဂ္ဂိုလ်များ ပယ်ရမဲ့ ကိလေသာများကို ပယ်,မပယ် အားဖြင့်လဲ ထပ်ပြီး စိစစ်ရဦးမယ်၊ အဲသလို စစ်ဆေးလို့ အကုန်ပြည့်စုံပါမှသာ အရိယာအစစ်လို့ ဆုံးဖြတ်ရမယ်။

ကိုင်း....ဖလသမာပတ်နှင့် ရှေးဦးစွာ စိစစ်ကြည့်ရပုံကို ဟောတော့မယ်၊ အာရုံနှင့်အသိစိတ် ချုပ်ပြီး အိပ်ပျော်သွားသကဲ့သို့ဖြစ်တဲ့ ယောဂီကိုတွေ့ရလျှင် ထိုယောဂီကို အစီဋ္ဌာန်ခိုင်းရမယ်။

''တပည့်တော်သည် ဆယ့်ငါးမိနစ်ကြာအောင် နိဗ္ဗာန်တရားတော်မြတ်ကိုသာ သိနေ, ရောက်နေ ရပါလို၏၊ အခြား ဘာကိုမှ မသိရလိုပါ၊ ဆယ့်ငါးမိနစ်စေ့မှ ထရပါလို၏''။

အဲသလို သုံးကြိမ်ဓိဋ္ဌာန်စေပြီး ရှုနေကျအတိုင်း အရှုခိုင်းရမယ်၊ မကြာမီ ပင်အာရုံရော,အသိရော ချုပ်သွားပြီးလျှင် ဘာကိုမှမသိတော့ပဲ မေ့နေသကဲ့သို့ ဖြစ်သွားလိမ့်မယ်။ ဒီအခါ ခေါ်ကြည့်၊ ဘာမှမသိပဲနေလိမ့်မယ်။ ဆယ့်ငါးမိနစ်စေ့လျှင် သိလာလိမ့်မယ်။

တမျိုးပြောင်းပြီ အဓိဋ္ဌာန်ခိုင်းရဦးမယ်....

''တပည့်တော်သည် ဆယ့်ငါးမိနစ်ကြာအောင် နိဗ္ဗာန်တရားတော်မြတ်ကိုသာ သိနေ, ရောက်နေရပါလို၏၊ အခြား ဘာကိုမှ မသိရလိုပါ၊ ဆယ့်ငါးမိနစ်စေ့မှ ထရပါလို၏၊ ဆရာခေါ်လျှင် သိပါရစေ''။

ဒီအတိုင်း သုံးကြိမ်ဆိုစေပြီး ရှုနေကျအတိုင်း အရှုခိုင်းရမယ်၊ ရှုရင်းပင် အာရုံရော, အသိရော ချုပ်သွားပြီးလျှင် ဘာကိုမှ မသိတော့ပဲ မေ့နေသကဲ့သို့ ဖြစ်သွားလိမ့်မယ်၊ ဒီအခါ ဆရာလုပ်သူက ခေါ်ကြည့်ရမယ်၊ သူ့ဓိဋ္ဌာန်ချက်အတိုင်း ဆယ့်ငါးမိနစ်မစေ့ခင် သိလာပြီး ထူးလိမ့်မယ်။

အဲဒီအတိုင်း ဆရာလုပ်သူက ဖလသမာပတ်နှင့်စိစစ်လို့ မှန်ကန်စွာ သိရရုံမျှနှင့်လဲ အရိယာအစစ်လို့ မဆုံးဖြတ်ရသေးဘူး၊ ဓမ္မာဒါသခေါ်တဲ့တရားကြေးမုံမှန်လေးချပ်နှင့် တိုက်ဆိုင်ကြည့်ရှုပြီး စစ်ဆေးရသေးတယ်၊ ထို့အပြင် ပယ်အပ်တဲ့ ကိလေသာများ ပယ်,မပယ်ကိုလဲ စစ်ဆေးရသေးတယ်တဲ့။

## သောတာပန်အတွက် စစ်ချက်

ဘုရား, တရား-သုံးပါး သံဃာ၊ ယုံကြည်သမှု-မြဲပြုလေပြန်။
ငါးပါးသီလ-မြဲထအမှန်၊ ဤလေးပါး-ပြည့်ငြား သောတာပန်။ (ဆို)

သောတာပန်မှန်လျှင် ဘုရား၌ ယုံကြည်မှု မြဲတယ်၊ တရား၌ ယုံကြည်မှုမြဲတယ်၊ သံဃာ၌ ယုံကြည်မှုမြဲတယ်၊ ငါးပါးသီလလဲ မြဲတယ်တဲ့။ ဒီ တရားကြေးမုံခေါ်တဲ့ မှန်လေးချပ်နှင့် တိုက်ဆိုင်ကြည့်လိုက်လျှင် သောတာပန် အရိယာအစစ်မှာ ညီညွတ်တာကို တွေ့ရလိမ့်မယ်လို့ ဆိုလိုပါတယ်၊ ဒါ့ကြောင့်....

ကတမောစ သော အာနန္ဒ ဓမ္မာဒါသော ဓမ္မပရိယာယော၊ ယေနာနန္ဒ အရိယသာဝကော ဗုဒ္ဓေ အဝေစ္စပသာဒေန သမန္နာဂတော ဟောတိ။

အစရှိသည်ဖြင့် (သုတ်မဟာဝါ မဟာပရိနိဗ္ဗာနသုတ်၌) ဟောတော်မူထားပါတယ်။

ဋ္ဌခတ်– ၆၅ (ဒုတိယအကြိမ်)

ဒိ, ဝိ, သီ,ဣ-ပရှိမှန်စွာ၊ မစ္ဆရိလည်း-ထိုနည်းယူပါ။
သောတာပန်များ-ပယ်ငြားမှန်စွာ၊တရားငါး-မှတ်သားကြလေပါ၊(ဆို)

သောတာပန် ပုဂ္ဂိုလ်များမှာ ..

(၁) သက္ကာယဒိဋ္ဌိ=ရုပ်, နာမ်,ပရမတ်၌ ငါ, ပုဂ္ဂိုလ်, သတ္တဝါ,မိန်းမ, ယောကျ်ား စသည်အားဖြင့် အသင်မှားမှုကိုပယ်တယ်။
(၂) ဝိစိကိစ္ဆာ=ယုံမှားမှုကိုလဲ ပယ်တယ်တဲ့။
(၃) သီလဗ္ဗတ ပရာမာသ=သီလ,အကျင့် မှားယွင်းမှုလဲ မရှိဘူး။
(၄) ဣဿာ=မနာလိုမှုလဲ မရှိဘူး။
(၅) မစ္ဆရိယ=ဝန်တိုမှုလဲ မရှိဘူးတဲ့။

အဲဒီသက္ကာယဒိဋ္ဌိ၊ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ၊ ဣဿာ၊ မစ္ဆရိယဆိုတဲ့ အကုသိုလ်တရားငါးပါးကို သောတာပတ္တိမဂ်က ပယ်သတ်တယ်လို့(ဝိသုဒ္ဓိမဂ်နှင့် မူလပဏ္ဏာသ အဋ္ဌကထာတို့၌)မိန့်ဆိုထားတယ်။

ဟောဒီနေရာမှာ ဣဿာနှင့် မစ္ဆရိယကို သောတာပန် ပယ်တယ်လို့ ဆိုသော်လဲ အမှန်ကတော့ အပါယဂမနီယဖြစ်တဲ့ ဒေါသကိုသာ သောတာပတ္တိမဂ်က ပယ်သတ်နိုင်တဲ့အတွက် အဲဒီ ဒေါသမှုဒွေး၌ယှဉ်တဲ့ ဣဿာ-မစ္ဆရိယတို့မှာလဲ အပါယဂမနီယလောက်သာ ပယ်သတ်နိုင်တယ်၊ဒေါသကိုပယ်သကဲ့သို့ပင် မှတ်၊ အပြတ်အသတ်တော့ မပယ်သတ်သေးဘူးလို့ မှတ်ယူသင့်ပါတယ်၊ သတိပြုကြရမယ်။

## သကဒါဂါမ်အတွက် စစ်ချက်

လောဘခေါ်ငြား-တရားရာဂါ၊ ဒေါသ, မောဟ-ဓမ္မမှန်စွာ။
နည်းလှပါးလှ-ဖြစ်ကြသူမှာ၊ ခေါ်ဆိုကြ-သကဒါဂါမ်ပါ။ (ဆို)

သကဒါဂါမ်ပုဂ္ဂိုလ်များမှာတော့ ရာဂ,ဒေါသ,မောဟဆိုတဲ့ကိလေသာ တရားတို့ကို အကြွင်းမဲ့ မပယ်သတ်သေးပေမဲ့ နည်းပါးသွားအောင်တော့ ပယ်သတ်ပစ်ပြီလို့ (ဝိသုဒ္ဓိမဂ်၌) မိန့်ဆိုထားပါတယ်။

## အနာဂါမ်အတွက် စစ်ချက်

ကာမခေါ်ငြား-တရားရာဂ၊ ဒေါသတသီး-အပြီးမှတ်ရန်။
လုံးဝကင်း၍-ရှင်းလင်းသူမှန်၊ ခေါ်ဆိုမှု-မှတ်ပြု အနာဂါမ်။ (ဆို)

အဲဒီ အနာဂါမ် ပုဂ္ဂိုလ်များကတော့ ကာမရာဂနှင့် ဒေါသကိလေသာ တရားများကို အကြွင်းမဲ့ပယ်သတ်ပစ်လေပြီ၊ကာမရာဂနှင့်ဒေါသ မရှိတော့ဘူး၊ အနာဂါမ်လူဝတ်ကြောင်များမှာ သားမယားနှင့်မနေတော့ဘူးတဲ့၊ ဒါ့ကြောင့် ''အနာဂါမ်ကူးခါမှ-နှစ်ကိုယ်ပူး ကွာတော့တယ်'' လို့ ဆိုပါတယ်။

ဒိ-အနာဂါမ်များဟာ ကာမဘုံ၌ ပဋိသန္ဓေအားဖြင့် မလာတော့ပဲ မယူတော့ပဲ သုဒ္ဓါဝါသဘုံမှာသာ ဖြစ်ကြတော့တယ်တဲ့။

## ရဟန္တာအတွက် စစ်ချက်

ကိလေသာများ-တရားဖြာဖြာ၊ လုံးစုံကင်းလို့-ရှင်းလင်းလေရာ။
ထိုသောသူအား-ခေါ်ငြားမှန်စွာ၊ ရဟန္တ-ခေါ်ကြ ရသည်သာ။(ဆို)

ဒီဆောင်ပုဒ်၌ "ရဟန္တ"ကို ရဟန္တာ-လို့ ဆိုလိုပါတယ်၊ ကာရန်ငဲ့ပြီး ရဟန္တ-လို့ သုံးနှုန်းထားတယ်၊ အဲဒီ ရဟန္တာ ပုဂ္ဂိုလ်များကတော့ ရူပတဏှာ, အရူပတဏှာနှင့် မာန, ဥဒ္ဓစ္စ, အဝိဇ္ဇာဆိုတဲ့ ကိလေသာတရားတို့ကိုပါ ပယ်သတ်ပစ်ကြတယ်၊ ကိလေသာအားလုံးကုန် ပယ်သတ်ပစ်ပြီလို့ ဆိုလိုပါတယ်၊ရဟန္တာ ဖြစ်လျှင် ကိလေသာအားလုံး မရှိတော့ဘူးတဲ့။

ရဟန္တာပုဂ္ဂိုလ်များမှာ ကိလေသာအားလုံးတို့ကိုသာ ပယ်သတ်ပစ်သည် မဟုတ်သေး၊ ရဟန္တာဖြစ်လျှင် အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တို့ ချုပ်သွားတဲ့အတွက် "အဝိဇ္ဇာယတွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော"လို့ ဟောတော်မူတဲ့အတိုင်းပုညာဘိသင်္ခါရစသောသင်္ခါရနှင့်ကမ္မဘဝဆိုတဲ့ ကံအားလုံးတို့ကိုလဲ ပယ်သတ်ပစ်တာပဲတဲ့၊ အဲသလို ကိလေသာနှင့်ကံဆိုတဲ့ အကြောင်း တရားများ မရှိတော့တဲ့အတွက် သင်္ခါရနိရောဓာ ဝိညာဏနိရောဓော"လို့ ဟောတော်မူတဲ့ အတိုင်း ရဟန္တာအဖြစ်က စုတေတဲ့အခါ, ပရိနိဗ္ဗာန်ပြုတဲ့အခါ အကျိုးခန္ဓာသစ် မပေါ်လာတော့ပဲ ခန္ဓာဇာတ်သိမ်းပြီးလျှင် ထာဝရငြိမ်းအေးတဲ့အနုပါဒိသေသ နိဗ္ဗာန်သို့ ပရိနိဗ္ဗာနဓာတ်အနေ ဆိုက်ရောက်ရတော့တယ်တဲ့၊ ဒါ့ကြောင့်....

ခိဏာသဝဿ အရဟတော အနုပါဒိသေသ နိဗ္ဗာနဓာတု ဓော်သေန ဂတိတိ အတ္ထော။

လို့ (ပရိဝါ အဋ္ဌကထာ၌) မိန့်ဆိုထားပါတယ်။

## ပရိနိဗ္ဗာန် ဝင်စံရသော ရဟန္တာပုဂ္ဂိုလ်

ပရိနိဗ္ဗာန်ဝင်စံသောရဟန္တာပုဂ္ဂိုလ်မှာ စုတိစိတ် ဘင်ခဏ၏အခြားမဲ့တွင် ပုဂ္ဂိုလ်အဖြစ် မြဲနေတယ်လို့ယူလျှင် သဿတဒိဋ္ဌိ ဖြစ်သွားတယ်၊ သို့မဟုတ်ပဲ စုတိစိတ် ဘင်ခဏ၏ အခြားမဲ့တွင် ဘာမျှမရှိ၊ပြတ်သွားတယ်လို့ယူလျှင်လဲ ဥစ္ဆေဒ ဒိဋ္ဌိ ဖြစ်သွားတယ်၊ သို့အတွက် ထိုကဲ့သို့ မယူရဘူးတဲ့၊ ဒါ့ကြောင့်"ပရိနိဗ္ဗုတော ပုဂ္ဂလော သဿတောတိ နဟေဝံ ဝတ္တဗ္ဗေ၊ ပရိနိဗ္ဗုတော ပုဂ္ဂလော ဥစ္ဆိန္နောတိ နဟေဝံ ဝတ္တဗ္ဗေ"လို့ (ကထာဝတ္ထုပါဠိတော်)၌ ဟောတော်မူထားပါတယ်။

အဘယ်သို့ယူမှ သမ္မာအယူ ဖြစ်မလဲဆိုလျှင် ရဟန္တာပုဂ္ဂိုလ် များမှာ ပရိနိဗ္ဗာန်မစံသေးမီ၊ ရုပ်, နာမ်-ခန္ဓာ သင်္ခါရတွေဟာ မပြတ်စပ်၍လဲ ဖြစ်နေကြတယ်, ချုပ်လဲချုပ်ကြတယ်၊ပရိနိဗ္ဗာန်ဝင်စံသွားလျှင်တော့ ရုပ်,နာမ်,ခန္ဓာသင်္ခါရတွေဟာ စုတိစိတ်''ဘင်''ခဏ၏ အခြားမဲ့တွင် မဖြစ်တော့ဘူး၊ ချုပ်ငြိမ်းသွားတော့တာပဲ၊အငြိမ်းဓာတ်သို့ ဆိုက်ရောက်သွားတော့တာပဲလို့ယူလျှင် သမ္မာအယူဖြစ်တယ်။ ဒိဋ္ဌိအစွန်းနှစ်ပါးမှ လွတ်နိုင်တယ်တဲ့။ ဒါ့ကြောင့်....

သစေ ဟိဿ ဇေ ဘဝေယျ သင်္ခါရာ ဥပ္ပဇ္ဇန္တိစေဝ နိရုဇ္ဈန္တိစ၊ သင်္ခါရ ပဝတ္တကမေဝ အပဝတ္တံ ဟောတီတိ၊ ဒိဋ္ဌိဂတံနာမ န ဘဝေယျ၊ သာသနာဝ စာရိကံ ဉာဏံ ဘဝေယျ၊ယသ္မာ ပနဿ သတ္တော ဥစ္ဆိဇ္ဇတိ ဝိနဿတီတိ အဟောသိ၊ တသ္မာ ဒိဋ္ဌိဂတံနာမ ဇာတံ။

လို့ ခန္ဓဝဂ္ဂသံယုတ် အဋ္ဌကထာ၌ မိန့်ဆိုပါတယ်။

## ဝေဒယိတသုခ မရှိခြင်းသည်ပင် နိဗ္ဗာနသုခ ဖြစ်ပုံ

ဝေဒယိတသုခ-ခံစားအပ်တဲ့ချမ်းသာ မရှိတာကိုပင်၊ နိဗ္ဗာနသုခ-နိဗ္ဗာန်ချမ်းသာ-လို့ အရှင်ဥဒါယီအား မိန့်ကြားထားတာ ရှိပါတယ်။ သို့အတွက် ဝေဒယိတသုခမှ တပါးဖြစ်တဲ့ သန္တိသုခသဘောကို နိဗ္ဗာန်ချမ်းသာလို့ မှတ်ယူရမယ်။ ဒါ့ကြောင့်....

အာဝုသော၊ ငါ့ရှင် ဥဒါယီ။ ဧတ္ထ၊ ဤနိဗ္ဗာန်၌။ ယံ ဝေဒယိတံ၊ အကြင် ခံစားအပ်သော ချမ်းသာဖြစ်တဲ့ ဝေဒယိတသုခသည်။ နတ္ထိ၊ မရှိ။ ဧတံ ဧဝ ခေါ၊ ဤ ခံစားအပ်သော ချမ်းသာဖြစ်တဲ့ ဝေဒယိတသုခ မရှိခြင်းသည် သာလျှင်။ ဧတ္ထ၊ ဤနိဗ္ဗာန်၌။ သုခံ၊ ချမ်းသာပဲ၊ (ဝါ)သန္တိသုခပဲလို့(နဝင်္ဂုတ္တရ ပါဠိတော်၌) ဟောတော်မူထားပါတယ်။

သန္တိသုခ-ငြိမ်းအေးတဲ့ ချမ်းသာ၊ (ဝါ) အငြိမ်းစားဓာတ်-လို့ ဆိုလိုပါတယ်။

ကိုင်း....အရိယာစစ်တမ်းတရားတော် အဆုံးသတ်ကြစို့။
ဟောဒီဆောင်ပုဒ်ကို ထပ်ဆို။
အရိယာစစ်,မစစ်၊ ကိုယ့်အဖြစ်၊ ကိုယ်ပင် စိစစ်ပါ။ (ဆို)

အဲ-ယခု ဟောပြောခဲ့သော အရိယာစစ်တမ်း တရားတော်ကို မှတ်သားကြပြီးလျှင် တရားတော်နှင့် တိုက်ဆိုင်၍ ကိုယ့်ကိုယ်ကို အရိယာစစ်,မစစ် ကိုယ့်အဖြစ်ကိုယ်ပင် စိစစ်ဆုံးဖြတ်နိုင်ကြပါစေသတည်း။

(သာဓု....သာဓု....သာဓု)

အရိယာစစ်တမ်း တရားတော် ပြီး၏။

## (၄) သေခါနီးမှာ အားကိုးစရာ တရားတော်

အတ္တာ ဟိ အတ္တနော နာထော၊ ကော ဟိ နာထော ပရော သိယာ။
အတ္တနာ ဟိ သုဒန္တေန၊ နာထံ လဘတိ ဒုလ္လဘံ။

(ဓမ္မပဒ ပါဠိတော်)

''ကိုယ်အားကိုယ်ကိုး''ဟူသော ဆောင်ပုဒ်နှင့်အညီ ကိုယ့်ကိုယ်သည်သာ ကိုယ်အားကိုးစရာ ဖြစ်ပေသည်။ သူတပါးသည်ကား အားကိုးစရာမဖြစ်နိုင်ချေ။ သမထ,ဝိပဿနာဖြင့် ကောင်းစွာထုံထားသော မိမိကိုယ်သည်ကား ရနိုင်ခဲသော ''သေခါနီးမှာ အားကိုးစရာ''ကို ရနိုင်လေတော့သတည်း။

သေခါနီးမှာ၊ အားကိုးစရာတရားဟာ၊ သမ္မာသတိတည်း။ (ဆို)

အဲဒီဆောင်ပုဒ်အရ ''သမ္မာသတိ'' ဆိုတာ သေခါနီးမှာ အားကိုးစရာ ဖြစ်ပါတယ်။ဤ၌''စတ္တာရော သတိပဋ္ဌာနာတိ သမ္မာသတိ ကောဝ ပဝုစ္စတိ'' လို့ မိန့်ဆိုတော်မူတဲ့အတိုင်း သတိပဋ္ဌာန်တရား လေးပါးကို ''သမ္မာသတိ''ယူရပါတယ်။ သတိပဋ္ဌာန်တရား လေးပါးဆိုတာကသဲ သမထ, ဝိပဿနာ တရားပင် ဖြစ်ပါတယ်။

အဲဒီ သမထ,ဝိပဿနာတရားဟာ သေခါနီးမှာ အားကိုးစရာ တရားပါပဲတဲ့။ ဒါကြောင့်- အတ္တနာ ဟိ သုဒန္တေန၊ နာထံ လဘတိ ဒုလ္လဘံ။

သမထ,ဝိပဿနာဖြင့် ကောင်းစွာထုံထားသောမိမိကိုယ်သည်ကား ရနိုင်ခဲသော ''သေခါနီးမှာ အားကိုးစရာကို ရနိုင်လေတော့သည်''လို့ ဟောတော်မူထားပါတယ်။

သမထ, ဝိပဿနာတရားကို အထုံများများရအောင် ကြိုးစားအားထုတ်ထားပါလျှင် သေခါနီးတွင် ထိုတရားများကို နှလုံးသွင်းနိုင်ပါလိမ့်မယ်။သို့ဖြင့်၍ သမထ, ဝိပဿနာတရားဖြစ်တဲ့ ''သမ္မာသတိ'' ကို သေခါနီးမှာ အားကိုးစရာ တရားလို့ ဆိုရပါတယ်။

သမထ, ဝိပဿနာတရားကို ဘယ်လိုအားထုတ်ရမလဲဆိုရင်- ''သမာဓိံ ဘိက္ခဝေ ဘာဝေထ၊ သမာဟိတော ယထာဘူတံ ပဇာနာတိ''လို့ဟောတော်မူတဲ့အတိုင်း။ပထမ အသိကပ်စရာအာရုံကို စိတ်စိုက်ထားရမယ်၊ အဲဒါကို သမထလို့ ခေါ်တယ်၊ ထို့နောက် ဖြစ်ပေါ်လာတဲ့သဘောကိုသိအောင် အသိကပ်လို့ အမှန်အတိုင်း ဖြစ်ပျက်သဘောကို သိရတာကိုတော့ ဝိပဿနာလို့ ခေါ်ပါတယ်။

အဲဒီ သမထ, ဝိပဿနာတရားကို အားထုတ်ပုံမှာ....

ယောဂီသည် ပထမ တင်ပလ္လင်ခွေထိုင်ပါ။ အမျိုးသမီးများ ကတော့ ကျုံ့ကျုံ့ထိုင်ရတယ်။ (သို့မဟုတ်) အကြာဆုံးထိုင်နိုင်တဲ့ ထိုင်ခြင်းမျိုးဖြင့်လဲ သဘောကျသလို ထိုင်နိုင်ပါတယ်။ထိုင်ပြီး လက်ကို လက်ဖဝါးချင်းပေါ်၍ရှေ့မှာ

ထား၊ မျက်စိကိုမှိတ်ပါ၊ နှာသီးဖျားကိုစိတ်နဲ့စိုက်၍ နှာသီးဖျားမှာ စိတ်ထား၍ နှာသီးဖျားကို ထွက်လေတိုးထိလိုက်တဲ့အခိုက် "တိုးထိတာ" ကို သိအောင် "သိ" ဟု စိတ်နဲ့ အသိကပ်ရမယ်။ ဝင်လေတိုးထိလိုက်တဲ့အခိုက်မှာလဲ "တိုးထိတာ" ကို သိအောင် "သိ" ဟု စိတ်နဲ့အသိကပ်ရမယ်။ ဆိုလိုရင်းမှာ နှာသီးဖျားကိုထွက်လေ ဝင်လေ တိုးထိတိုင်း တိုးထိတာကို အသိကပ်ရမယ်လို့ ဆိုလိုပါတယ်။ အဲဒါ-

ကာယဋ္ဌ ပဇာနာတိ ဖောဋ္ဌဗ္ဗေစ ပဇာနာတိ။

ဟူသော မဟာသတိပဋ္ဌာန် ပါဠိတော်။

ကာယော ပရိညေယျော၊ ဖောဋ္ဌဗ္ဗာ ပရိညေယျာ။

ဟူသော သံယုတ်ပါဠိတော်များအတိုင်း "ကာယဖောဋ္ဌဗ္ဗသဘော" ကို ဝိပဿနာ ရှုတာပါပဲတဲ့။

ထိုအပြင် ဤကိုယ်ဌာန တနေရာရာက မခံသာမှု ဝေဒနာ သဘောတွေ ပေါ်လာပြန်လျှင်လဲ အဲဒီဝေဒနာအပေါ် အသိကပ်ရမယ်၊ နေရာ မပြောင်း မရွေ့ပဲ၊ မလှုပ်ရှားပဲနှင့် သူ့အလိုအလျောက် ဝေဒနာတွေပျောက်သွားအောင်၊ ချုပ်သွားအောင် 'သိ-သိ-သိ' ဟု အကြိမ်များစွာ စိတ်နဲ့အသိကပ်ထားနိုင်ရမယ်။ ဤနေရာမျိုးမှာ အောင့်အည်းသည်းခံနိုင်မှုဖြစ်ဘယ်။ ဇွဲကောင်းရတယ်၊ ဝေဒနာတွေပျောက်သွားလျှင်, ချုပ်သွားလျှင် မူရင်းဖြစ်တဲ့ နှာသီးဖျားသို့ပြန်ပြီး ထွက်လေ-ဝင်လေ "တိုးထိတာ" ကိုပင် အသိကပ်ရပြန်တယ်။

အဲသလို ကိုယ်ဌာနကပေါ်လာတဲ့အာရုံကို အသိကပ်လျှင် အသိကပ်တိုင်း အသိကပ်တိုင်း အာရုံနှင့်သိမှုတွေကို တခုပြီးတခု ဘာဝနာမယဉာဏ်ဖြင့်တွေ့မြင်နိုင်ပါတယ်။ ဥပမာ-ထွက်လေ, ဝင်လေ တိုးထိတိုင်း 'တိုးထိတာ' ကို အသိကပ်လျှင် "တိုးထိမှုနှင့် သိမှု" ကို တခါအသိကပ်, တခါတွေ့၊ တခါအသိကပ်, တခါတွေ့ အားဖြင့် တွေ့မြင်နိုင်ပါတယ်။ အဲဒါဟာ....

သဗ္ဗံရူပံ (သဗ္ဗံ ဝိညာဏံ) နေတံမမ, နေသောဟမသ္မိ, န မေ သော အတ္တာတိ၊ ဝေမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

ဟူသော အနတ္တလက္ခဏသုတ် ပါဠိတော်အတိုင်း တွေ့မြင်ရတဲ့ "အာရုံနှင့် သိမှု" များဟာ ငါ့ဥစ္စာ မဟုတ်, ငါလဲမဟုတ်, ငါ့ကိုယ်လဲ မဟုတ် (ရုပ်, နာမ်, ဖြစ်-ပျက် သဘောမျှသာပဲ)ဟု အမှန်အတိုင်း ဘာဝနာမယဉာဏ်ဖြင့် သိမြင်ရတာကဲ့။

အဲ-ဒီအတိုင်း ရှေ့ကိုဆက်လက်ပြီး ထပ်ကာ ထပ်ကာ အသိကပ်သွားပါလျှင် (ဝါ) ဝိပဿနာ ရှုသွားပါလျှင် ပါရမီအားလျော်စွာ ဝိပဿနာဉာဏ် အဆင့်ဆင့်ပေါ်လာပြီး မဂ်, ဖိုလ်တိုင်အောင် ဆိုက်ရောက်သွားနိုင်ပါတယ်။

ဝိပဿနာဘာဝနာကို မပွားလျှင်တော့ (ဝါ) ဝိပဿနာ မရှုလျှင်တော့ ရုပ်,နာမ်,ခန္ဓာအပေါ်တွင် ငါ, ငါ့ဥစ္စာ, ငါ့ကိုယ်, ပုဂ္ဂိုလ်, သတ္တဝါ, မိန်းမ, ယောကျ်ားစသည်အားဖြင့် အမြင်မှားပြီး သက္ကာယဒိဋ္ဌိဖြစ်ကာ တသံသရာလုံး လွဲမှားတော့တာပဲတဲ့၊ ဝိပဿနာရှုမှသာလျှင် အမြင်မှန်သို့ ရောက်နိုင်တယ်တဲ့။

၁။ ဝိပဿနာမပွား၊ ပုဂ္ဂိုလ်မျှား၊ လွဲမှား မြဲတော့သည်။

၂။ ဝိပဿနာပွားပြန်၊ အမြင်မှန်၊ ကေန် ရတော့သည်။ (ဆို)

အဲဒါကြောင့် ဝိပဿနာ ဘာဝနာတရားကို ကြိုးစား အားထုတ် ကြပါ ဆိုတာ အထူးပင်တိုက်တွန်းလိုက်ပါတယ်။

အဲသလို သမထ,ဝိပဿနာတရားရမှလဲ သေခါနီးမှာအားကိုးစရာဖြစ်နိုင် တယ်၊တချို့ တရားအားထုတ်ထားတဲ့ပုဂ္ဂိုလ်များဟာ သေခါနီး ရောဂါဝေဒနာ နှိပ်စက်နေတဲ့အခါမှာ သူတို့အနားကို မည်သူမျှမကပ်စေရပဲ တရားကိုသာနှလုံး သွင်းလျက် သေလွန်သွားကြတယ်တဲ့၊ သူတို့ဟာ သေခါနီးမှာ အားကိုးစရာ ရသွားကြတာပဲလို့ မှတ်ထားကြရမယ်။

ကိုင်း....သေခါနီးမှာ အားကိုးစရာတရား အဆုံးသတ်ကြဦးစို့။

(မူလဂါထာကို ပြန်ကောက်ပါ။)

ယခု ဟောကြားခဲ့သော ''သေခါနီးမှာ အားကိုးစရာ တရားတော်'' ကို မှတ်သားကြပြီးလျှင် ထိုတရားတော်အတိုင်း လိုက်နာ အားထုတ် နိုင်ကြသဖြင့် ''သေခါနီးမှာ အားကိုးစရာ''ရနိုင်ကြပါစေသတည်း။

(သာဓု....သာဓု....သာဓု)

သေခါနီးမှာ အားကိုးစရာ တရားတော် ပြီး၏။

---

## (၅) သံသရာခရီးမှာ အားကိုးစရာ တရားတော်

အတ္တာ ဟိ အတ္တနော နာထော၊ ကော ဟိ နာထော ပရော သိယာ။
အတ္တနာ ဟိ သုဒန္တေန၊ နာထံ လဘတိ ဒုလ္လဘံ။

(ဓမ္မပဒ ပါဠိတော်)၊

''ကိုယ့်အားကိုယ်ကိုး''ဟူသော ဆောင်ပုဒ်နှင့်အညီ ကိုယ့်ကိုယ်သည်သာ ကိုယ်အားကိုးစရာ ဖြစ်ပေသည်၊ သူတပါးသည်ကား အားကိုးစရာ မဖြစ်နိုင်ချေ၊ ဒါန, သီလ တည်းဟူသော ကုသိုလ်တရားတို့ဖြင့် ကောင်း စွာ ထုံ ထား သော မိမိကိုယ်သည်ကား ရနိုင်ခဲသော ''သံသရာခရီးမှာ အားကိုးစရာ''ကို ရနိုင်လေ တော့သတည်း။

သံသရာခရီးမှာ၊ အားကိုးစရာ၊ တရားဟာ-ဒါန,သီလတည်း။ (ဆို)

အဲဒီ ဆောင်ပုဒ် လင်္ကာအတိုင်း ဒါနနှင့် သီလဆိုတာ သံသရာခရီးမှာ အားကိုးစရာ ဖြစ်ပါတယ်၊ ဒါ့ကြောင့် ရှေးပညာရှိ ကဝိအမေ်ာတို့က....

ထီးနှင့်ဖိနပ်မပါလျှင် နွေအခါကျမှ သိလိမ့်မယ်၊ ဒါနနှင့်သီလမပါလျှင်
သံသရာကျမှ သိလိမ့်မယ် ...

လို့ မိန့်ဆိုတော်မူထားကြတယ် မဟုတ်လား။

ဒါနဆိုတာမိမိပိုင်ဝတ္ထုပစ္စည်းတခုခုကိုပေးကမ်းလိုက်တာ,လှူဒါန်းလိုက်တာပါပဲတဲ့၊သီလဆိုတာကတော့ ကိုယ်နှင့်နှုတ်ကိုစောင့်ထိန်းထားတာဖြစ်တယ်။ ကိုယ်နှင့်နှုတ်က မကောင်းတာကို မပြုလုပ်,မပြောဆိုမိအောင် စောင့်ထိန်းထားတာပါပဲတဲ့။

သံသရာတခွင်မှာ လူ,နတ်တို့၏ စည်းစိမ်ချမ်းသာကို မြိန်မြိန်ကြီး ခံစားချင်သို့ လူ,နတ်တို့၏ စည်းစိမ်ချမ်းသာကို လိုချင်ပြီးပြုလုပ်တဲ့ဒါန,သီလကုသိုလ်များဟာ 'ဝဋ္ဋနိဿိတ' ကုသိုလ်ဖြစ်တယ်၊ ဝဋ်ဒုက္ခဍ္ဍမှီတဲ့ကုသိုလ်လို့ ဆိုလိုပါတယ်။

"မသိတာက အဝိဇ္ဇာ မသိလို့လိုချင်ပြီး ကုသိုလ်ပြုတာက သမုဒယသစ္စာ၊ ရလာတာက ဒုက္ခသစ္စာ" လို့ ဆိုတဲ့အတိုင်း အဝိဇ္ဇာနှင့် သမုဒယသစ္စာ တဏှာ အကြောင်းခံတဲ့ ကုသိုလ်ဖြစ်လေတော့ ရုပ်, နာမ်, ခန္ဓာအစဉ် တည်းဟူသော ဝဋ်ဒုက္ခထဲမှာ တဝဲလည်လည်နှင့်သာ လည်နေရတော့တာပဲတဲ့။

ရုပ်,နာမ်,ခန္ဓာရှိနေလို့သာ ဒုက္ခအမျိုးမျိုး.တို့နှင့်တွေ့နေရတာ၊ရုပ်,နာမ်,ခန္ဓာဟာ ဒုက္ခသစ္စာ,ဒုက္ခတရားတွေပဲလို့ ဆင်ခြင်စဉ်းစားပြီး၊ ထို ရုပ်,နာမ်,ခန္ဓာ တည်းဟူသော ဒုက္ခတရားတို့၏ ချုပ်ငြိမ်းရာနိဗ္ဗာန်ကို လိုချင်လို့ပြုတဲ့ ဒါန,သီလ ကုသိုလ်များကိုတော့ "ဝိဝဋ္ဋနိဿိတ" ကုသိုလ်ခေါ်တယ်၊ ဝဋ်ဒုက္ခကင်းရာဍ္ဍမှီတဲ့ ကုသိုလ်လို့ ဆိုလိုပါတယ်။

"သိတာက ပညာ၊ သိပြီး ဒုက္ခငြိမ်းအောင် ကုသိုလ်ပြုတာက မဂ္ဂသစ္စာ၊ ရတာက နိရောဓသစ္စာ" လို့ဆိုတဲ့အတိုင်း ရုပ်,နာမ်,ခန္ဓာတည်းဟူသောဒုက္ခတရားတွေကိုဒုက္ခမှန်းသိပြီး၊ထိုရုပ်,နာမ်,ခန္ဓာတည်းဟူသောဒုက္ခတွေကိုမလိုချင်တော့ပဲ ထိုဒုက္ခတွေချုပ်ငြိမ်းရာနိဗ္ဗာန်ကိုသာလိုချင်ပြီး ဒါန,သီလ ကုသိုလ်များကိုပြုလုပ်ကြတော့သဖြင့် သမုဒယသစ္စာ တဏှာ အကြောင်း မခံတော့ဘူး၊ဤ၌ နိဗ္ဗာန်ကို လိုချင်တာကတော့ တဏှာမဟုတ်ဘူးတဲ့၊ ကုသလစ္ဆန္ဒ ဖြစ်တယ်လို့ မှတ်ရမယ်။ (ဆရာများကလဲ ဤအတိုင်း ဆိုကြတယ်။)

ဒုက္ခတွေငြိမ်းရာ နိဗ္ဗာန်ကိုလိုချင်ပြီးပြုလုပ်တဲ့ ဒါန,သီလစသော ကုသိုလ်များဟာ လောကီမဂ္ဂသစ္စာဖြစ်တဲ့ မဂ္ဂင်ကုသိုလ်,ပါရမီကုသိုလ် ဖြစ်ပါတယ်။

အဲသလို ပါရမီကုသိုလ်,မဂ္ဂင်ကုသိုလ်ဖြစ်တဲ့အတွက် နိဗ္ဗာန်ကိုရောက်စေနိုင်သော လမ်းခရီးသဖွယ်ဖြစ်တယ်၊ မဂ္ဂပစ္စည်းအားဖြင့် ကျေးဇူးပြုတယ်၊ လောကီ မဂ္ဂသစ္စာဖြစ်တဲ့ပါရမီကုသိုလ်,မဂ္ဂင်ကုသိုလ်ကြောင့် နိဗ္ဗာန်တိုင်အောင်ဆိုက်ရောက်နိုင်ပါတယ်တဲ့။

လောကီမဂ္ဂင်ကုသိုလ် ရှိကြောင်းကိုလဲ "သမ္မာသမ္ဗုဒ္ဓေန ဟိ သုတ္တန္တဘာဇနီယသ္မိံဥ္စေဝ လောကိယ လောကုတ္တရာနိ မဂ္ဂင်္ဂါနိ ကထိတာနိ" ဟူသော သမ္မောဟ ဝိဘင်္ဂအဋ္ဌကထာဖြင့် သိနိုင်ပါတယ်။

အဲ·ယခုဟောကြား ရေးသားအပ်သောစကားရပ်များကို သိရှိနားလည်ကြရသဖြင့် သံသရာ အရှည်-အတိုဟာ ကိုယ့်အလိုအတိုင်းသာဖြစ်တယ်လို့ မှတ်ကြရမယ်။ ကိုယ်က သံသရာဒုက္ခတွေကို မသိလို့လိုချင်လျှင် သံသရာရှည်တာပါပဲ၊ ကိုယ်က သံသရာ့ဒုက္ခတွေကိုသိလို့ မလိုချင်တော့လျှင် သံသရာတိုတာပါပဲတဲ့။

"ဒါနံ ပါထေယျ မုတ္တမံ"လို့ ဟောတော်မူတဲ့အတိုင်း ဒါနဟာ သံသရာခရီးသည်တို့၏ ရိက္ခာထုပ်ဖြစ်သဖြင့် သံသရာခရီးသည်ဖြစ်တဲ့အခါမှာ ဒါနမပါလျှင် မျက်နှာငယ်ကလေးနှင့် ဆင်းဆင်းရဲရဲ နေရတတ်တယ်တဲ့။ ဒါနပါမှသာလျှင် တင့်တယ် ထယ်ဝါနိုင်တယ်၊ ပစ္စည်းဥစ္စာ ပေါများနိုင်တယ်။

"သီလတော သုခိတာ"လို့ ဟောတော်မူတဲ့အတိုင်း သီလလုံခြုံမှသာလျှင် ဘဝသံသရာမှာ အနာရောဂါကင်းရှင်း၍ ချမ်းသာနိုင်တယ်။ သီလမလုံခြုံလျှင် သံသရာတခွင်မှာ အနာရောဂါနှိပ်စက်၍ အိပ်ရာထဲတွင် လဲလျက်သာနေရတတ်တယ်တဲ့။ ဒါ့ကြောင့် ဒါနနှင့်သီလကို သံသရာခရီးမှာ အားကိုးစရာတရားလို့ဆိုရပါတယ်။

၁။ ဒါနမပါ ဖြစ်လေရာ-မွဲကာနေရလေတော့သည်။

၂။ သီလမပါ ဖြစ်လေရာ-လဲကာနေရလေတော့သည်။

၃။ ဒါနပါကာ ဖြစ်လေရာ-ဥစ္စာပစ္စည်း ပေါများသည်။

၄။ သီလပါကာဖြစ်လေရာ-ရောဂါကင်းလျက် ချမ်းသာသည်။ (ဆို)

အရဟတ္တမဂ်ဖြင့် ကံ-ကိလေသာများကို ပယ်သတ်ပစ်မှသာလျှင် ခန္ဓာဇာတ် သိမ်းနိုင်တယ်။ သို့မှမဟုတ်လျှင် ခန္ဓာဇာတ်မသိမ်းသေးဘူး။ ခန္ဓာဇာတ်မသိမ်းသေး၍ ဘဝသစ် ဖြစ်ရဦးမှာဆိုရင်လဲ ဖြစ်ရတဲ့ ဘဝသစ်မှာ မွဲမွဲတေတေမနေရတာနှင့် အနာရောဂါကင်းတာဟာ အကောင်းဆုံးပါပဲ။ သို့ဖြစ်၍ မမွဲသောဘဝသစ်ဖြစ်အောင်,အနာရောဂါကင်းသော ဘဝသစ်ဖြစ်အောင်သံသရာခရီးမှာ အားကိုးစရာဖြစ်တဲ့ ဒါနနှင့်သီလကို ဆည်းပူးကြရမယ်တဲ့။

ဠခတ် – ၆၆ (ဒုတိယအကြိမ်)

ဒါနအကျိုးပြ လင်္ကာ

ထွေထွေပြားပြော့င်၊ ဒါနဆောင်သော်၊ ပြောင်တလက်လက်၊ အရောင်ထွက်သို၊ ခေါင်ထက်ခေါင်နင်း၊ ဖြစ်ကြခြင်းနှင့်၊ ယင်းသည့်ဒါန၊ မပါကြသည့်၊ ဒုက္ခသည်စု၊ တွေ့တိုင်းရှု၍၊ လှူမှုအားကိုး၊ ဒါနမျိုးကို၊ ကြိုးစားကြရမည်သာတည်း။

ကိုင်း....သံသရာခရီးမှာ အားကိုးစရာတရား အဆုံးသတ်ကြဦးစို့။ (မူလဂါထာ ပြန်ကောက်ပါ။)

ယခုဟောပြောခဲ့သော သံသရာခရီးမှာ"အားကိုးစရာ တရားတော်"ကို မှတ်သားကြပြီးလျှင် ထိုတရားတော်အတိုင်း လိုက်နာဆည်းပူး အားထုတ်နိုင်ကြသဖြင့် "သံသရာခရီးမှာ အားကိုးစရာ"ရနိုင်ကြပါစေသတည်း။

(သာဓု... သာဓု....သာဓု)

သံသရာခရီးမှာ အားကိုးစရာတရားတော် ပြီးပြီ။

---

## (၆) သံသရာ့နယ်ချဲ့ တော်လှန်ရေး တရားတော်

အာရမ္ဘထ နိက္ကမထ၊ ယုဉ္ဇထ ဗုဒ္ဓသာသနေ။
ဓုနာထ မစ္စုနော သေနံ၊ နဠာဂါရံဝ ကုဉ္ဇရော။
(သဂါထာဝဂ္ဂ သံယုတ်ပါဠိတော်-မြဟ္မဝဂ်)

သံသရာ နယ်ချဲ့ဘေးကို မျှော်တွေးရှုညောင်း အို-သူတော်ကောင်းတို့၊ ဆင်ပြောင်ကြီးသည် ကျူထရံယွတ်ယို အိမ်ဆွေးအိုကို ဖျက်ဆီးသကဲ့သို့ သင်တို့သည် သံသရာနယ်ချဲ့ တော်လှန်ရေးခေါင်းဆောင်ကြီးဖြစ်တော်မူသော မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး၏ သာသနာ့ နိုင်ငံတော်၌ သံသရာ့ နယ်ချဲ့ဖြစ်သော သေမင်း၏ စစ်သည်ခေါ်ညောင်း တဏှာစစ်သား နယ်ချဲ့အပေါင်းကိုတော်လှန်တိုက်ဖျက်ကြ, ဇွဲကောင်းကောင်းနှင့် ကြိုးစားကြ, ပျင်းပျင်းရိရိ-ပေါ့ဘိ ပေါ့ဆ မလုပ်ကြနှင့်၊ နယ်ချဲ့အပေါင်းကို အနိုင်ရအောင် ရှေ့သို့တမျိုးဘိုးပြီး ကြိုးစားတိုက်ခိုက်လိုက်ကြ။

အဲဒါ သံသရာ့နယ်ချဲ့ တော်လှန်ရေးခေါင်းဆောင်ကြီးဖြစ်တော်မူသော မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက သံသရာ့ နယ်ချဲ့သမားတွေကို တော်လှန်တိုက်ခိုက်ကြရန် အမိန့်ပေးလိုက်တာပါပဲတဲ့။

ဘာကိုတော်လှန်ရမှာလဲ.... "ဘုရားကိုတော်လှန်ရင် ကိုယ်ပင် ရှုံးရမယ်၊ တရားကိုတော်လှန်ရင် ကိုယ်ပင် ရှုံးရမယ်၊ သံဃာကိုတော်လှန်ရင် ကိုယ်ပင်ရှုံးရမယ်၊ အမေ-အဖေကို တော်လှန်ရင် ကိုယ်ပင် ရှုံးရမယ်၊ ဆရာကို တော်လှန်ရင်

ကိုယ်ပင်ရှုံးရမယ်။ အဲဒါ ဘာ့ကြောင့်ပါလဲ ကျေးဇူးရှင်များ ဖြစ်သောကြောင့်ကွဲ။ အဲဒါ ကိုယ့်တော်လှန်ရေးက ကိုယ့်မှာပြန်ပြီး အကျိုးပေးတာတဲ့။

အဲဒီ အနန္တဂိုဏ်းဝင် ကျေးဇူးရှင်များကို တော်လှန် ရမှာ မဟုတ်ဘူး၊ သံသရာ့နယ်ချဲ့သမားတွေကိုသာ တော်လှန်ရမှာတဲ့။ ဒါ့ကြောင့် သံသရာနယ်ချဲ့ တော်လှန်ရေးလို့ နာမည်ပေးလိုက်ပါတယ်။

ဟောဒီနေရာမှာ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးကို သံသရာ့နယ်ချဲ့ တော်လှန်ရေး ခေါင်းဆောင်ကြီးလို့ သုံးနှုန်းလိုက်တာကတော့ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး ကိုယ်တော်တိုင် ခေါင်းဆောင်၍ သံသရာ့ နယ်ချဲ့သမားတွေကို တော်လှန်တိုက်ခိုက်ခဲ့သောကြောင့် ဖြစ်ပါတယ်။

မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးဟာ သံသရာ နယ် ချဲ့ သ မား တွေ ကို ကိုယ်တော်တိုင် တော်လှန်တိုက်ခိုက်လို့ အောင်ပွဲရတော်မူစဉ်က သို့ကလိုတောင် ကြုံးဝါးတော်မူခဲ့ပါသေးတယ်။

ဂဟကာရက ဒိဋ္ဌောသိ၊ ပုန ဂေဟံ န ကာဟသိ။

သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။ ဥဒါန်းပါဠိတော်

ဟဲ့-တဏှာယောကျ်ား သံသရာ့ နယ်ချဲ့သမား။ ယခုတော့ နင့်ကို ငါဘုရား တော်လှန်တိုက်ခိုက်လို့ အနိုင်ရပေပြီ။နင်ရဲ့ အသင်းအပင်းဖြစ်ကြတဲ့နယ်ချဲ့ ကိလေသာ အခြင်,ဒိုင်း, မြားတို့ကိုလဲ ငါဘုရား တော်လှန် ချိုးဖဲ့အပ်ကုန်ပြီ။ အဝိဇ္ဇာခေါင်အုပ်ကြီးကိုလဲ ငါဘုရား ခွာပစ်လိုက်ပြီ။ သင် နယ်ချဲ့သမားသည် နောက်ဘပ်တဖန် ခန္ဓာအိမ် သံသရာနယ်ကို မချဲ့ထွင်ရတော့ဘူးလို့ ကြုံးဝါးတော်မူခဲ့ပါသေးတယ်။

ဒါ့ကြောင့် ဘုရားကိုယ်တော်မြတ်ကြီးကို သံသရာ့နယ်ချဲ့ တော်လှန်ရေး ခေါင်းဆောင်ကြီးလို့ ခေါ်ဝေါ်သုံးစွဲလိုက်ခြင်း ဖြစ်ပါတယ်။

## သံသရာ့နယ်ချဲ့သမားတွေ

သံသရာ့နယ်ချဲ့သမားတွေကတော့ နောက်လိုက် အသင်းအပင်းတွေနှင့် တကွ (၁)တဏှာ၊ (၂)မာန၊ (၃)ဒိဋ္ဌိ။ အဲသလို တဏှာ,မာန,ဒိဋ္ဌိ-လို့ ခေါ်တဲ့ ခေါင်းဆောင်ကြီးသုံးဦးရှိတယ်၊ အဲဒီ ခေါင်းဆောင်ကြီးသုံးဦးကို သံသရာ့နယ်ကို ချဲ့ထွင်တတ်တဲ့အတွက် ''ပပဉ္စ-သံသရာ့ နယ်ချဲ့သမား'' ဟု အမည်ပေးထားပါတယ်။

အဲဒီ တဏှာ, မာန, ဒိဋ္ဌိ-ဆိုတဲ့ သံသရာ့နယ်ချဲ့သမားတွေကို တော်လှန်တိုက်ခိုက်ရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ''သေနံ၊စစ်သည်ခေါ်ဆောင်း တဏှာ, မာန,ဒိဋ္ဌိဆိုဘဲ့ သံသရာ့နယ်ချဲ့အပေါင်းကို။မုနာထ၊အနိုင်ရအောင်လှုံ့လဆောင်ကာ တော်လှန်တိုက်ခိုက်လိုက်ကြပါကုန်လော့''လို့ ဟောတော်မူထားပါတယ်။

## သံသရာ့နယ်ချဲ့ကို တော်လှန်တိုက်ခိုက်ရန် လက်နက်

လောက နယ်ချဲ့သမားတွေကို တော်လှန် တိုက်ခိုက်တဲ့အခါ လက်နက်ကောင်းတွေ အရေးတကြီးလိုအပ်သလို သံသရာ့နယ်ချဲ့သမားတွေကို တော်လှန်တိုက်ခိုက်တဲ့အခါမှာလဲ လက်နက်ကောင်းကို အရေးတကြီးပင် လိုအပ်ပါတယ်။

အဲသလို သံသရာ့နယ်ချဲ့သမားတွေကို တော်လှန် တိုက်ခိုက်တဲ့အခါမှာ ယခုလောက၌ သုံးစွဲနေကြတဲ့ စတင်းဂန်း, ဘရင်းဂန်း-စတဲ့ လက်နက်တွေဟာ ဘယ်လောက်ပင်ကောင်းပေမဲ့ အသုံးမဝင်ဘူး၊ အသုံးဝင်တဲ့ လက်နက်ကတော့ "ဝိပဿနာလက်နက်"သာ ဖြစ်ပါတယ်၊ ဟောဒီ ဝိပဿနာလက်နက် ရှစ်လုံးဘွဲ့ ဆောင်ပုဒ်ကဗျာကို လိုက်ဆို။

နယ်ချဲ့သတ်ကြောင်း-လက်နက်ကောင်းခေါ်၊
ဝိပဿနာတရား-မှတ်သားကြနော်။
ဝိပဿနာလက်နက်-တိုက်ဖျက်ပါသော်၊
နယ်ချဲ့များ-သေပြေး မှန်သနော်။ (ဆို)

အဲဒီ-ဝိပဿနာလက်နက်နှင့် သံသရာ့ နယ်ချဲ့သမားတွေဖြစ်တဲ့ တဏှာ, မာန, ဒိဋ္ဌိ-တို့ကို တော်လှန် တိုက်ဖျက်ရမယ်တဲ့၊ ဒါကြောင့် "သက္ကာယဒိဋ္ဌိပဟာနာယ၊သတောဘိက္ခုပရိဗ္ဗဇေ-သံသရာ့နယ်ချဲ့ဘေးကိုမျှော်တွေးရှုညောင်းသူတော်ကောင်းဖြစ်သော သံသရာ့နယ်ချဲ့ တော်လှန်ရေးသမားသည်၊ သံသရာ့နယ်ချဲ့သမား သက္ကာယဒိဋ္ဌိတရားကို(ဝါ) သက္ကာယဒိဋ္ဌိစသော သံသရာ့နယ်ချဲ့များကို ပယ်ရှားသုတ်သင်နိုင်ခြင်းငှာ သတိပဋ္ဌာန် ဝိပဿနာလက်နက်ကို ကိုင်စွဲလျက်လွန်ကြိုးစားကာတော်လှန်တိုက်ခိုက်ရာသတည်း"လို့(သံယုတ်ပါဠိတော်၌) ဟောတော်မူထားပါတယ်။

### ဝိပဿနာရှုပုံ ဆောင်ပုဒ်များ

ဟောဒီ ဝိပဿနာရှုပုံ ဆောင်ပုဒ်များကို လိုက်ဆို။

(က) ဝိပဿနာဆိုတာ၊ ဘာကိုသာ၊ မှန်စွာ ရှုသနည်း။
(ခ) စွဲလမ်းနိုင်ရာ၊ ငါးခန္ဓာ၊ မှန်စွာ ရှုသတည်း။
(ဂ) ရှုပုံနည်းများ၊ အကောင်းစား၊ မှတ်သား ဤနည်းတည်း။ (ဆို)

(၁) ထွက်လေတိုးမူ၊ သတိပြု၊ အသိကပ်၍ရှု။
ထွက်လေတိုးရာ၊ ငါမပါ၊ နှစ်ဖြာ ရုပ်-နာမ်စု။ (ဆို)

(၂) ဝင်လေတိုးမူ၊ သတိပြု၊ အသိကပ်၍ရှု။
ဝင်လေတိုးရာ၊ ငါမပါ၊ နှစ်ဖြာ ရုပ်-နာမ်စု။ (ဆို)

(၃) နာကျင်ခိုက်မှု၊ သတိပြု၊ အသိကပ်၍ရှု။
နာကျင်ခိုက်မှာ၊ ငါမပါ၊ နှစ်ဖြာ ရုပ်-နာမ်စု။ (ဆို)

(၄) ညာခြေချမှု၊ သတိပြု၊ အသိကပ်၍ရှု။
ညာခြေချရာ၊ ငါမပါ၊ နှစ်ဖြာ ရုပ်-နာမ်စု။ (ဆို)

(၅) ဗယ်ခြေချမှု၊ သတိပြု၊ အသိကပ်၍ရှု။
ဗယ်ခြေချရာ၊ ငါမပါ၊ နှစ်ဖြာ ရုပ်-နာမ်စု။ (ဆို)

(၆) မြင်ဆဲခိုက်မှု၊ သတိပြု၊ အသိကပ်၍ရှု။
မြင်ဆဲခိုက်မှာ၊ ငါမပါ၊ နှစ်ဖြာ ရုပ်-နာမ်စု။ (ဆို)

(၇) ကြားဆဲခိုက်မှု၊ သတိပြု၊ အသိကပ်၍ရှု။
ကြားဆဲခိုက်မှာ၊ ငါမပါ၊ နှစ်ဖြာ ရုပ်-နာမ်စု။ (ဆို)

(၈) ကြံဆဲခိုက်မှု၊ သတိမှု၊ အသိကပ်၍ရှု။
ကြံဆဲခိုက်မှာ၊ ငါမပါ၊ နှစ်ဖြာ ရုပ်-နာမ်စု။ (ဆို)

အဲဒါတွေဟာ ဝိပဿနာလက်နက်ဖြင့် သံသရာ့နယ်ချဲ့ဖြစ်တဲ့ တဏှာ၊ မာန၊ ဒိဋ္ဌိတို့ကို တော်လှန်တိုက်ခိုက်ပုံတွေပါပဲ။ အဲသလို ဝိပဿနာလက်နက်နှင့် တော်လှန်တိုက်ခိုက်ပါမှသာ သံသရာ့နယ်ချဲ့သမားများဖြစ်တဲ့ တဏှာ၊ မာန၊ ဒိဋ္ဌိတို့ကို အောင်မြင်နိုင်မယ်တဲ့။

ကိုင်း....သံသရာ့နယ်ချဲ့သမားတွေကိုတော်လှန်တိုက်ခိုက်ရာမှာရှေးဦးစွာ အောင်မြင်တော်မူသွားတဲ့ သံသရာ့နယ်ချဲ့ တော်လှန်ရေး ခေါင်းဆောင်ကြီးဖြစ်တော်မူသော အောင်တော်မူမြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးထံမှ အောင်ဆုကို တောင်းကြစို့။

## အောင်ဆုတောင်း ဂါထာ

ဇယစက္ကော ဇယန္တော ယော၊ ဇယိတဗ္ဗေ ဇယာသနေ။
ဇယာပေသိ ဇယေသိန်၊ ဇယံ ဒေတု ဇယုတ္တရော။

(ရှေးပညာရှင်များရေး)

ဇယစက္ကော၊ အောင်အပ်သော ဓမ္မစကြာ ရတနာ ရှိတော်မူသော။ ယောဇိနော၊ အကြင် အောင်တော်မူ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသည်။ ဇယိတဗ္ဗေ၊ သံသရာ့နယ်ချဲ့သမားတွေကို တော်လှန်တိုက်ခိုက်၍အောင်မြင်တော်မူရာဖြစ်သော။ ဇယာသနေ၊ အောင်တော်မူနေရာမဟာဗောဓိပလ္လင်၌။ ဇယန္တော၊ သံသရာ့နယ်ချဲ့တွေကို အောင်မြင်တော်မူသည်ဖြစ်၍။ ဇယေသိန်၊ သံသရာ့နယ်ချဲ့

တွေကို တော်လှန်တိုက်ခိုက်ရန် အမှန်အောင်နိုင်တဲ့နည်းကို ရှာမှီးကြုကုန်သော သံသရာ့နယ်ချဲ့တော်လှန်ရေးစစ်သည်အပေါင်းတို့အား။ဇယာပေသိ၊အောင်စေတော်မူလေပြီ။ ဇယုတ္တရော၊အောင်သူတကာတို့ထက် မြတ်တော်မူသော။ သောဇိနော၊ ထိုအောင်တော်မူ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသည်။ (အမှာကံ၊ သံသရာ့နယ်ချဲ့တော်လှန်း စစ်သည်များဖြစ်ကြသော အကျွန်ုပ်တို့အား)။ ဇယံ၊ အောင်ရာအောင်မှု အောင်ကြောင်းဆုကို။ ဒေတု၊ မနှေးလျင်စွာ ပေးတော်မူပါ အောင်တော်မူ အရှင်မြတ်ကြီးဘုရား။

သံသရာ့နယ်ချဲ့ တော်လှန်ရေးတရား အဆုံးသတ်ကြစို့။

ယခု ဟောပြောခဲ့သော သံသရာ့နယ်ချဲ့ တော်လှန်ရေး တရားတော်ကို မှတ်သားကြပြီးလျှင် သံသရာ့နယ်ချဲ့သမားတွေဖြစ်ကြတဲ့ တဏှာ, မာန, ဒိဋ္ဌိတို့ကို ဝိပဿနာလက်နက် ကိုင်စွဲကာ တော်လှန်တိုက်ခိုက်၍ အောင်မြင် နိုင်ကြပါစေ၊ အောင်ပွဲကို ဆင်နွှဲနိုင်ကြပါစေသတည်း။

(သာဓု....သာဓု....သာဓု)

သံသရာ့နယ်ချဲ့ တော်လှန်ရေး တရားတော် ပြီးပြီ။

---

## (၇) ဤကိုယ်ကြည့်လျှင် သဘောမြင်က နိဗ္ဗာန်ရ တရားတော်

ကာယမိမံ သမ္ဘာထ၊ ပရိဇာနာထ ပုနပ္ပုနံ။
ကာယေ သဘာဝံ ဝိဒိတွာန၊ ဒုက္ခဿန္တံ ကရိဿထ။

ယောဂီအပေါင်း သူတော်ကောင်းတို့ - သင်တို့သည် ဤ ခန္ဓာကိုယ်ကို စိတ်နဲ့ကြည့်နေကြပါ၊ အဖန်ဖန်အထပ်ထပ် အသိကပ်ပေးကြပါ၊ ဤသို့ ခန္ဓာကိုယ်ကိုစိတ်နဲ့ကြည့်နေလျှင် အဖန်ဖန်အထပ်ထပ် အသိကပ်ပေးလျှင်ခန္ဓာကိုယ်က ပေါ်လာတဲ့သဘောကို သိမြင်လာကြပေလိမ့်မည်။ ခန္ဓာကိုယ်က ပေါ်လာတဲ့ သဘောကို အမှန်အတိုင်း သိမြင်လာကြပါလျှင် ဖြစ်-ပျက်ဒုက္ခ၏ ကုန်ဆုံးရာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြပေလိမ့်သတည်း။

အဲဒါ အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးက သူကိုယ်တော်တိုင် အားထုတ်ခဲ့လို့ ကိုယ်တွေ့ ,လက်တွေ့ သိမြင်ရတာကို ပရိယတ် သဘောတရားအနေအားဖြင့် ညွှန်ကြားထားတာ ဖြစ်ပါတယ်၊ ဆောင်ပုဒ်ကို လိုက်ဆိုကြ-

''ဤကိုယ်ကြည့်လျှင်၊ သဘောမြင်က၊ နိဗ္ဗာန်ရမည်၊ ဟောကြားသည်၊ ယောဂီ မှတ်ဖို့တည်း''။

ဤနေရာ၌ သဘောတရားနှင့်လက်တွေ့ ဆိုတာကို ရှင်းပြပါဦးမယ်။ သဘောတရားဆိုတာဟာ ပညာရှင်တဦးဦးက ညွှန်ကြားထားတဲ့အလုပ်လမ်းစဉ်ကို ဆိုပါတယ်၊ ပညာရှင်တဦးဦး၏အဆိုပါပဲ၊ အဲဒါကို သာသနာသုံးအားဖြင့် ပရိယတ်လို့ ခေါ်ပါတယ်၊လက်တွေ့ဆိုတာကတော့ ထိုပညာရှင်တဦးဦး၏အဆို၊ အလုပ်လမ်းစဉ်အတိုင်း၊ အယူအဆအတိုင်း လက်တွေ့ အားထုတ်တာ၊ စမ်းသပ်ပြုလုပ်တာပင် ဖြစ်ပါတယ်၊ အဲဒါကိုတော့ သံသရာ့နယ်က ပဋိပတ် - လို့ ခေါ်ပါတယ်။

အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက ကိုယ်တွေ့ လက်တွေ့ သိမြင်ခဲ့တဲ့အတိုင်း ညွှန်ကြားထားတဲ့အဆိုကို ယခုသိကြရပြီ မဟုတ်လား၊ အဲဒီအဆိုကို အလုပ်လမ်းစဉ်ကို လက်တွေ့ဖြစ်အောင်ဟာ စမ်းသပ် အားထုတ်ကြည့်ဖို့ပဲ လိုပါတယ်။

ဘယ်လိုအားထုတ်ရမလဲဆိုရင် အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး၏ အဆိုက....

ကာယမိမံ သမ္မဿထ။

"သာဝဝေါ၊အို-ယောဂီအပေါင်း သူတော်ကောင်းတို့။ တုမှေ၊ သင်တို့သည်။ ဣမံ ကာယံ၊ ဤ ခန္ဓာကိုယ်ကို။ သမ္မဿထ၊ စိတ်နဲ့ကြည့်ကြ"လို့ ဆိုထားတယ် မဟုတ်လား။

အဲ-ဒါကြောင့် ခန္ဓာကိုယ်ကို စိတ်နဲ့စိုက်ထားဖို့ ကြည့်နေဖို့ပဲ လိုပါတယ်၊ ဘယ်နေရာကို စိတ်နဲ့စိုက်ထားရမလဲ၊ စိတ်နဲ့စိုက်ထားစရာ နေရာတွေ အများအပြားပင် ရှိပါတယ်၊ သို့ရာတွင် အထင်ရှားဆုံး၊ စိတ်အတည်လွယ်ဆုံး ဖြစ်တဲ့ နှာသီးဖျားအရပ်မှာ စိုက်ထားပါ၊ စိတ်နဲ့ ကြည့်နေပါ၊ အဲဒါ ဤခန္ဓာကိုယ်ကို စိတ်နဲ့စိုက်ကြည့်နေတာပါပဲတဲ့။

အဲသလို ကြည့်နေတဲ့အခါမှာ ထွက်သက်၊ ဝင်သက်ခေါ်တဲ့ ထွက်လေ၊ ဝင်လေ ရှူရှိုက်တိုင်း နှာသီးဖျားတွင် တိုးထိ-တိုးထိသွားပါတယ်၊ထွက်လေထွက်လျှင်လဲ နှာသီးဖျားမှာ တိုးထိသွားပါတယ်၊ ဝင်လေ ဝင်လျှင်လဲ နှာသီးဖျားမှာပဲ တိုးထိသွားတယ်၊ နှာသီးဖျားအရပ်က တိုးထိမှုသဘောပေါ်လာပါတယ်။

အဲဒီ တိုးထိမှုသဘောကို တိုးထိတိုင်း သိအောင် အသိကပ်ပေးရမယ်၊ ထွက်လေ တိုးထိတဲ့အခိုက်မှာလဲ 'သိ'လို့ သိအောင် အသိကပ်၊ ဝင်လေတိုးထိတဲ့ အခိုက်မှာလဲ 'သိ'လို့ သိအောင် အသိကပ်ရမယ်၊ အဖန်ဖန် အထပ်ထပ် အသိကပ်ပေးရမယ်၊ အဲဒါကိုပင်....

ပဂ္ဂဇာနာထ ပုနပ္ပုနံ။

"အဖန်ဖန် အထပ်ထပ် အသိကပ်ပေးကြ" လို့ အရှင် သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက ညွှန်ကြားလိုက်ပါတယ်။

စင်္ကြံသွားတဲ့အခါမှာတော့ ခြေဖဝါးကိုစိတ်နဲ့စိုက်ထားရမယ်၊ ညာဘက် ခြေဖဝါးနှင့်ကြမ်းပြင် ထိဆဲအခိုက်မှာလဲ 'သိ'လို့ သိအောင်အသိကပ်၊ ဗယ်ဘက် ခြေဖဝါးနှင့် ကြမ်းပြင်ထိဆဲအခိုက်မှာလဲ 'သိ'လို့ သိအောင် အသိကပ်၊ အဲသလို အဖန်ဖန်အထပ်ထပ် အသိကပ်ပေးရမယ်။

သာမန် ထိုင်နေတဲ့အခါမှာလဲ တင်ပါးနှင့်ကြမ်းပြင် ထိတာကိုပင် စိတ်နဲ့ စိုက်၍ အဖန်ဖန်အထပ်ထပ် အသိကပ်ပေးနေရမယ်။

တနေရာရာက မခံသာမှုသဘောတွေ ပေါ်လာပြန်လျှင်လဲ အထင်ရှားဆုံးဖြစ်တဲ့ မခံသာမှုအပေါ် အဖန်ဖန်အထပ်ထပ် အသိကပ်နေရမယ်၊ သူ့အလို အလျောက် မခံသာမှုများ ချုပ်ပျောက် သွားသည်တိုင်အောင် အသိ ကပ်ပေးပါ၊ မခံသာမှုများ ချုပ်ပျောက်သွားလျှင် နှာသီးဖျားကိုပင် ပြန်စိုက်ပါ။

တနေရာရာက ပူမှု အေးမှုစသော သဘောတွေ ပေါ်လာ ပြန်လျှင်လဲ အထင်ရှားဆုံးအပေါ် စိတ်နဲ့စိုက်၍ အဖန်ဖန်ထပ်ထပ် အသိကပ်နေရမှာပါပဲတဲ့။ ဒါတွေပျောက်သွားလျှင်တော့ မူလနှာသီးဖျားကိုပင် ပြန်၍စိုက်ရမယ်။

အဲသလို စိတ်နဲ့စိုက်၍ အသိကပ်ပေးနေပါလျှင်....

ကာယေ သဘာဝံ ဝိဒိတွာန။

ခန္ဓာကိုယ်ကပေါ်လာတဲ့သဘောကို အမှန်အတိုင်း သိမြင်လာကြပေလိမ့် မယ်သို့ ကိုယ်တော်မြတ်ကြီးက သူ့ကိုယ်တွေ့ လက်တွေ့အတိုင်း မိန့်ဆိုလိုက်ပြန် တယ်။

ဘယ်လိုသဘောမှန်ကို သိမြင်လာကြသလဲဆိုရင် အသိကပ်တိုင်း-အသိ ကပ်တိုင်း အသိကပ်တာတွေဟာ တခါအသိကပ် တခါပျက်, တခါအသိကပ် တခါပျက်လျက်နေတာကို (ဝါ)ဖြစ်ပျက်သဘောတွေကို ဉာဏ်ထဲမှာသိမြင်လာ ကြတယ်တဲ့။

အဲသလို သဘောမှန်အတိုင်း သိမြင်ရတာကိုပင် ဘုရားကိုယ်တော်မြတ် ကြီးက....

"ဥပ္ပါဒဝယဓမ္မိနော၊ ရုပ်,နာမ်,ဓမ္မ သင်္ခါရတွေဟာ ဖြစ်ပြီးလျှင်ပျက်စီး ခြင်းသဘော ရှိတာချည်းပဲ၊ ပေါ်လာပြီးလျှင် ပျောက်သွားတာချည်းပဲ" လို့ ဟောတော်မူထားပါတယ်။

အဲသလို သဘောမှန်အတိုင်း သိမြင် လာကြလို့ရှိရင် ဖြစ်-ပျက်၏ ဒုက္ခ ကုန်ဆုံးရာနိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြလိမ့်မယ်တဲ့။ ဒါကြောင့်....

ကာယေ သဘာဝံ ဝိဒိတွာန။

ခန္ဓာကိုယ်ကပေါ်လာတဲ့သဘောကို အမှန်အတိုင်း သိမြင်ရခြင်းကြောင့် ဒုက္ခသန္တိ ကရိယာထ၊ ဖြစ်-ပျက်ဒုက္ခ၏ ကုန်ဆုံးရာနိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်ကြ ပေလတဲ့-လို့ ဟောတော်မူလိုက်ပါတယ်။

အသိကပ်တာနှင့် ပျက်တာတွေဟာ တခုပြီးတခု လည့်ပြနေပါတယ်၊ အဲဒါကို ဉာဏ်ထဲမှာ သိမြင်ရဖန် များလာတော့ ဉာဏ်က ဒီအသိကပ်ရတာနှင့် ပျက်တာတွေကို (ဝါ) ဖြစ်ပျက်သဘောတွေကို စွန့်လွှတ်ချင်လာတယ်၊ မခင်မင် မနှစ်သက်တော့ဘူး။

အဲဒီသဘောကိုပင် ဘုရားကိုယ်တော်မြတ်ကြီးက....

ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော ရူပသ္မိမ္ပိ နိဗ္ဗိန္ဒတိ ။ပ။
ဝိညာဏသ္မိမ္ပိ နိဗ္ဗိန္ဒတိ၊ နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ။

လို့ ဟောတော်မူပါတယ်။

အဲသလို မခင်မင် မနှစ်သက်တော့ပဲ မုန်းအားကြီးလာတဲ့အခါ အသိကပ်ရတာနှင့် ပျက်တာတွေအပေါ် မဆိုင်တော့သလိုဖြစ်နေတယ်။ ဒီတော့ အသိကပ်ရတာနှင့် ပျက်တာတွေဟာလဲ (ဝါ) ဖြစ်ပျက်သဘောတွေဟာလဲ မလာတော့ဘူး လွတ်သွားတယ်၊ ကုန်ဆုံးသွားတယ်။

အဲသလို ဖြစ်ပျက်သဘောတွေ မဖြစ်တော့ပဲ ကုန် ဆုံး သွား တာ ကိုပင် "ဒုက္ခသန္တံ ကရိဿသ" လို့ ဆိုပါတယ်။ အဲဒီ ဖြစ်ပျက်ကုန်ဆုံးရာနိဗ္ဗာန်ကြီးဟာ အလွန်တရာ ချမ်းသာတယ်တဲ့။

ဒါ့ကြောင့် ဘုရားကိုယ်တော်မြတ်ကြီးက....

တေသံ ဝူပသမော သုခေါ။ တေသံ၊ ထိုရုပ်, နာမ်, ဓမ္မ သင်္ခါရခေါ်တဲ့ ဖြစ်ပျက်သဘောတို့၏။ ဝူပသမော၊ ငြိမ်းအေးရာ, ချုပ်ငြိမ်းရာ နိဗ္ဗာန်သည်။ သုခေါ၊ အလွန်တရာ ချမ်းသာလှလေတော့သတည်း-တဲ့။

ကိုင်း . အဆုံးသတ်ကြစို့။

ဤခန္ဓာကိုယ်ကို စိတ်နဲ့စိုက်၍ကြည့်ကြပြီးလျှင် သဘောမှန်ကိုသိမြင်ကာ နိဗ္ဗာန်ကို ရနိုင်ကြပါစေသတည်း။

(သာဓု....သာဓု....သာဓု)

**ခန္ဓာကိုယ်ကြည့်လျှင် သဘောမြင်က နိဗ္ဗာန်ရ**
**တရားတော် ပြီး၏။**

## (ဂ) ခြောက်ဌာနမှာ ဖြစ်ပေါ်လာ ခန္ဓာငါးရပ် အသိကပ် တရားတော်

ပဉ္စုပ္ပန္နဉ္စ ယံ ဓမ္မံ၊ တတ္ထ တတ္ထ ဝိပဿတိ။
အသံဟိရံ အသံကုပ္ပံ၊ တံ ဝိဒ္ဓါ အနုဗြူဟယေ။

နိဗ္ဗာန်လိုသောပညာရှိယောဂီပုဂ္ဂိုလ်သည် ခြောက်ဌာနမှာဖြစ်ပေါ်လာတဲ့ ခန္ဓာငါးရပ် ပရမတ်သဘောကို ဝိပဿနာရှုလျှင် ထိုခန္ဓာငါးရပ် ပရမတ်သဘောကိုလည်း မချုပ်ပျောက်, မပျက်စီးသေးမီ ထိုထို ခြောက်ဌာနမှာ ဖြစ်ပေါ်လာဆဲအခိုက်၌သာ သိအောင်ပွားများရာသတည်း။

ခန္ဓာငါးပါးကို ရှေးဦးစွာ ဟောပြမယ်၊ မှတ်ထားကြ။

၁။ ရူပက္ခန္ဓာ-ဖောက်ပြန်မှု ရုပ်အစု၊
၂။ ဝေဒနာက္ခန္ဓာ-ခံစားမှု နာမ်အစု၊
၃။ သညာက္ခန္ဓာ-မှတ်သားမှု နာမ်အစု၊
၄။ သင်္ခါရက္ခန္ဓာ-ပြုပြင်မှု နာမ်အစု၊
၅။ ဝိညာဏက္ခန္ဓာ-သိမှု နာမ်အစု။ (ဆို)

(၁) ရူပက္ခန္ဓာ၊ ရုပ်ဟုသာ၊ မှန်စွာ မှတ်လေကြ။
(၂) ကျန်လေးပါးမှာ၊ နာမ်ဟုသာ၊ မှန်စွာ မှတ်လေကြ။ (ဆို)
(၁) တကိုယ်လုံးမှာ၊ ရုပ်ယူပါ၊ ရုပ်ဟာ မသိတတ်။
(၂) သိတတ်တာကား၊ နာမ်တရား၊ အများမှတ်လေအပ်။ (ဆို)

ရူပက္ခန္ဓာတပါးကို ရုပ်တရားလို့ မှတ်ရမယ်၊ ကျန် ခန္ဓာလေးပါးကတော့ နာမ်တရားဖြစ်တယ်၊ ဒီ ရုပ်,နာမ်နှစ်ပါးတို့တွင် တကိုယ်လုံးကို ရုပ်-လို့မှတ်ရမယ်၊ ရုပ်က ဘာကိုမှ မသိဘူး၊ သိတဲ့သဘောကိုတော့ နာမ်-လို့ မှတ်ထားပါ။

(က) မြင်ဆဲအခိုက်မှာ၊ ၅ းခန္ဓာ၊ မှန်စွာ ဖြစ်တော့သည်။ (ဆို)

မျက်စိဌာနခေါ်တဲ့ မျက်စိက မြင်ဆဲအခိုက်မှာ ခန္ဓာငါးပါး ဖြစ်ပေါ်လာတယ်၊

(၁) မျက်စိက မြင်ဆဲအခိုက်၌ မြင်ရတဲ့အဆင်းနှင့် မျက်စိက ရူပက္ခန္ဓာ၊ မြင်လို့ကောင်းတာ, မကောင်းတာက ဝေဒနာက္ခန္ဓာ၊ မြင်တာကို မှတ်တာက သညာက္ခန္ဓာ၊ မြင်အောင် ပြုပြင် အားထုတ် တာက သင်္ခါရက္ခန္ဓာ၊ မြင်တာကို သိတာက ဝိညာဏက္ခန္ဓာ။ (ဆို)

အဲသလို မြင်ဆဲအခိုက်မှာ ခန္ဓာငါးပါး ဖြစ်ပေါ် လာတယ်။ ကြားဆဲအခိုက်, နံဆဲအခိုက် စသည်တို့မှာလဲ ထိုနည်းတူပင် ခန္ဓာငါးပါး ဖြစ်ပေါ်လာတယ်။ ဆောင်ပုဒ်များကို လိုက်ဆိုကြ။

(ခ) ကြားဆဲအခိုက်မှာ၊ ငါးခန္ဓာ၊ မှန်စွာ ဖြစ်တော့သည်။ (ဆို)

(၂) နားက ကြားဆဲအခိုက်၌ ကြားရတဲ့ အသံနှင့် နားက ရူပက္ခန္ဓာ၊ ကြားလို့ကောင်းတာ, မကောင်းတာက ဝေဒနာက္ခန္ဓာ၊ ကြားတာကိုမှတ်တာက သညာက္ခန္ဓာ၊ ကြားအောင် ပြုပြင်အားထုတ်တာက သင်္ခါရက္ခန္ဓာ၊ ကြားတာကို သိတာက ဝိညာဏက္ခန္ဓာ။ (ဆို)

(ဂ) နံဆဲအခိုက်မှာ၊ ငါးခန္ဓာ၊ မှန်စွာ ဖြစ်တော့သည်။ (ဆို)

(၃) နှာခေါင်းက နံဆဲအခိုက်၌ နံရတဲ့အနံ့နှင့် နှာခေါင်းက ရူပက္ခန္ဓာ၊ နံလို့ ကောင်းတာ, မကောင်းတာက ဝေဒနာက္ခန္ဓာ၊ နံတာကို မှတ်တာက သညာက္ခန္ဓာ၊ နံအောင်ပြုပြင်အားထုတ်တာက သင်္ခါရက္ခန္ဓာ၊နံတာကိုသိတာက ဝိညာဏက္ခန္ဓာ။ (ဆို

(ဃ) လျက်ဆဲအခိုက်မှာ၊ ငါးခန္ဓာ၊ မှန်စွာ ဖြစ်တော့သည်။ (ဆို)

(၄) လျှာကလျက်ဆဲအခိုက်၌ လျက်ရတဲ့အရသာနှင့်လျှာက ရူပက္ခန္ဓာ၊ လျက်လို့ကောင်းတာ, မကောင်းတာက ဝေဒနာက္ခန္ဓာ၊ လျက်တာကိုမှတ်တာက သညာက္ခန္ဓာ၊ လျက်အောင်ပြုပြင်အားထုတ်တာက သင်္ခါရက္ခန္ဓာ၊ လျက်တာကို သိတာက ဝိညာဏက္ခန္ဓာ။ (ဆို)

(င) ထိဆဲအခိုက်မှာ၊ ငါးခန္ဓာ၊ မှန်စွာ ဖြစ်တော့သည်။ (ဆို)

(၅) ကိုယ်က ထိဆဲအခိုက်၌ ထိရတဲ့အတွေ့နှင့်ကိုယ်က ရူပက္ခန္ဓာ၊ထိလို့ ကောင်းတာ,မကောင်းတာက ဝေဒနာက္ခန္ဓာ ထိတာကိုမှတ်တာက သညာက္ခန္ဓာ၊ ထိအောင်ပြုပြင်တာက သင်္ခါရက္ခန္ဓာ၊ ထိတာကိုသိတာက ဝိညာဏက္ခန္ဓာ။ (ဆို)

(စ) ကြံဆဲအခိုက်မှာ၊ ငါးခန္ဓာ၊ မှန်စွာ ဖြစ်တော့သည်။ (ဆို)

(၆) စိတ်က ကြံဆဲအခိုက်၌ ကြံရတဲ့ သဘောနှင့်စိတ်က ရူပက္ခန္ဓာနှင့် နာမက္ခန္ဓာများ၊ကြံလို့ကောင်းတာ,မကောင်းတာက ဝေဒနာက္ခန္ဓာ၊ ကြံတာကို မှတ်တာက သညာက္ခန္ဓာ၊ ကြံအောင် ပြုပြင်အားထုတ်တာက သင်္ခါရက္ခန္ဓာ၊ ကြံတာကိုသိတာက ဝိညာဏက္ခန္ဓာ။ (ဆို)

အဲဒီဆောင်ပုဒ်များကို မှတ်ထားကြပါ။

ကိုယ်ဌာနဖြစ်တဲ့ ကိုယ်က ထိဆဲအခိုက်မှာဖြစ်ပေါ်လာတဲ့ခန္ဓာငါးပါးကို အသိကပ်ပုံ, ဝိပဿနာရှုပုံ ချဲ့ပြောမယ်၊ မှတ်ထားကြပါ။

ဥပမာ....ထိုင်နေတဲ့အခါ ဆိုကြပါစို့၊ ထိုင်နေတဲ့အခါမှာ ကိုယ်ဌာနလို့ ခေါ်တဲ့ တင်ပါးနှင့်ကြမ်းပြင် ထိနေတယ်၊အဲဒီ ထိနေဆဲအခိုက်မှာ ခန္ဓာငါးပါး ပါဝင်နေတယ်, ခန္ဓာငါးပါး ဖြစ်ပေါ်နေတယ်။ လိုက်ဆိုကြ။

ထိဆဲအခိုက်မှာ၊ ငါးခန္ဓာ၊ မှန်စွာ ဖြစ်တော့သည်။ (ဆို)

ဘယ်လိုလဲဆိုရင် ထိရတဲ့ကြမ်းပြင်နှင့်တင်ပါးက ရူပက္ခန္ဓာဖြစ်တယ်။အဲဒီ တင်ပါးတည်းဟူသော ကိုယ်ကာယကိုလဲ အသိကပ်ရတယ်၊ ဝိပဿနာရှုရတယ်၊ ကြမ်းပြင် တည်းဟူသော အတွေ့ ဖောဋ္ဌဗ္ဗကိုလဲ အသိကပ်ရတယ်၊ ဝိပဿနာ ရှုရတယ်။

ကြမ်းပြင်နှင့်တင်ပါးထိနေတဲ့အခါ ထိလို့ကောင်းတာ, မကောင်းတာက ဝေဒနာက္ခန္ဓာဖြစ်တယ်။အဲဒီ ထိလို့ကောင်းတာကိုလဲ အသိကပ်၊ ထိလို့မကောင်း တာကိုလဲ အသိကပ်ရတယ်။

ကြမ်းပြင်နှင့် တင်ပါး ထိနေတာလို့ မှတ်တာကတော့ သညာက္ခန္ဓာ ဖြစ်တယ်၊ အဲဒီ မှတ်တာကိုလဲ အသိကပ်ရတယ်။

ကြမ်းပြင်နှင့်တင်ပါး ထိအောင်ပြုလုပ်ပေးတာက သင်္ခါရက္ခန္ဓာဖြစ်တယ်။ အဲဒီ ပြုလုပ်တာကိုလဲ အသိကပ်ရတာပဲတဲ့။

ကြမ်းပြင်နှင့် တင်ပါး ထိနေတာကို သိတာကတော့ ဝိညာဏက္ခန္ဓာ ဖြစ်တယ်။ အဲဒီ သိတာကိုလဲ အသိကပ်ရတယ်၊ ဝိပဿနာရှုရတယ်။

ဒါ့ကြောင့် ဘုရားကိုယ်တော်မြတ်ကြီးက....

ကာယော ပရိညေယျော၊ ဖောဋ္ဌဗ္ဗာ ပရိညေယျာ၊
ကာယဝိညာဏံ ပရိညေယျံ။

လို့ သံယုတ်မှာ ဟောတော်မူထားပါတယ်။

ဤ၌ - ''ကာယဝိညာဏံ'' အရ ဝိညာဏက္ခန္ဓာကို ယူရတယ်။ အဲဒီ ဝိညာဏက္ခန္ဓာထဲမှာ သဘောတူအားဖြင့် ကျန်နာမ်ခန္ဓာ သုံးပါးကိုပါ ထည့်သွင်း ယူနိုင်တယ်။ သို့အတွက် ''ဝိညာဏံ ပရိညေယျံ''ထဲမှာ နာမ်ခန္ဓာ လေးပါးလုံး ပါဝင်ပါတယ်။

ယောဂီတို့၏အလုပ်ခွင်မှာကား ခန္ဓာငါးပါးလုံးကို ခွဲခြား၍ အသိကပ် နေရတာ, ရှုနေရတာမဟုတ်ဘူး၊ ကြမ်းပြင်နှင့်တင်ပါး ထိနေတဲ့အခါ ထိနေတဲ့ ကာယဖောဋ္ဌဗ္ဗသဘောကိုပင် အသိကပ်ရမယ်၊ ဝိပဿနာရှုရမယ်။ ဘယ်လိုလဲဆို ရင် ကြမ်းပြင်နှင့်တင်ပါး ထိနေတာကိုစိတ်နဲ့စိုက်၍ ထိတာကို'ထိတယ် ထိတယ်' ဟူ၍ဖြစ်စေ၊ ''သိ-သိ''ဟူ၍ဖြစ်စေ စိတ်နဲ့ဉာဏ်နဲ့ အသိကပ်နေရမယ်၊ ဝိပဿနာ ရှုနေရမယ်။

အဲသလို ကာယဖောဋ္ဌဗ္ဗသဘောကိုရှုလျှင် ထိဆဲအခိုက်မှာ ဖြစ်ပေါ်လာ တဲ့ ခန္ဓာငါးပါးလုံးကိုပင် ရှုသည်မည်ပါတယ်တဲ့။

ဤသဘောကို ရည်ပြီးတော့....

ဧဝံ တဒနုဿယေန သဗ္ဗေ သင်္ခါရာ အနိစ္စတော သုဒိဋ္ဌာ ဟောန္တိ။ လို့ ပဋိသမ္ဘိဒါမဂ်မှာ ဟောတော်မူပါတယ်။

မျက်စိကမြင်တဲ့အခါမှာလဲ မြင်တာကိုစိတ်နဲ့စိုက်၍ 'မြင်တယ်-မြင်တယ်' ဟူ၍ဖြစ်စေ၊ ''သိ-သိ''ဟူ၍ဖြစ်စေ စိတ်နဲ့ဉာဏ်နဲ့သိအောင် အသိကပ်ရမယ်တဲ့။ ကြားတာ, နံတာ စသည်တို့ကိုလဲ ထိုနည်းတူပင် သိအောင် အသိကပ်ရမယ်၊ ဝိပဿနာရှုရမယ်တဲ့။ ကိုင်း....တော်ကြဦးစို့။

(မူလဂါထာကို ပြန်ကောက်ပါ။)

ယခုဟောခဲ့တဲ့အတိုင်း ခြောက်ဌာနမှာပေါ်လာတဲ့ ခန္ဓာငါးရပ်ပရမတ် သဘောကို အသိကပ်ကာ ဝိပဿနာရှုနိုင်ကြသဖြင့် ဝိပဿနာဉာဏ်စဉ်ပေါက်၍ နိဗ္ဗာန်တိုင်အောင် ဆိုက်ရောက်နိုင်ကြပါစေသတည်း။

(သာဓု....သာဓု သာဓု)

ခန္ဓာငါးရပ် အသိကပ် တရားတော် ပြီး၏။

---

## (၆) သတိပဋ္ဌာန်လေးပါး တရားတော်

ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ၊

၁။ သတ္တာနံ ဝိသုဒ္ဓိယာ၊
၂။ သောကပရိဒေဝါနံ သမတိက္ကမာယ၊
၃။ ဒုက္ခ ဒေါမနဿာနံ အတ္ထင်္ဂမာယ၊
၄။ ဉာယဿ အဓိဂမာယ၊
၅။ နိဗ္ဗာနဿ သစ္ဆိကိရိယာယ၊
ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ။

(မဟာသတိပဋ္ဌာနသုတ် ပါဠိတော်)

သံသရာဘေးကို ရှုလေ့ရှိညောင်း အို.. ယောဂီ သူတော် ကောင်း တို့။ ဤသတိပဋ္ဌာန်လေးပါး ကျင့်စဉ်လမ်းသည် ...

၁။ သတ္တဝါတွေ ကိလေသာ အညစ်အကြေးစင်ဖို့ရန်၊
၂။ စိုးရိမ်ပူဆွေး ငိုကြွေးခြင်းတို့ကို လွန်မြောက်ဖို့ရန်၊
၃။ ကိုယ်ဆင်းရဲ-စိတ်ဆင်းရဲတွေ ချုပ်ငြိမ်းဖို့ရန်၊
၄။ အရိယာမဂ်ကို ရဖို့ရန်၊
၅။ နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့ရန် တကြောင်းတည်းသောလမ်း ဖြစ်ပေသတည်း။

(၁) ကိလေစင်ကြောင်း-နည်းကောင်းအမှန်၊
*ဟောဒီမှာကြည့်-သတိပဋ္ဌာန်။
ဝန်ခံချက်နှင့်-မိန့်မြွက်သည်မှန်၊ကျင့်ကြံသုံး-လမ်းဆုံးပြည်နိဗ္ဗာန်။

(၂) စိုးရိမ်ပူဆွေး ငိုကြွေးလွတ်ရန်၊ *
(၃) ကိုယ့်စိတ်ဆင်းရဲ-ချုပ်မြဲအမှန်၊ *
(၄) အရိယာမဂ်-လှမ်းတက်ဖို့ရန်၊ *
(၅) နိဗ္ဗာန်မျက်မှောက်-ဆိုက်ရောက်ဖို့ရန်၊
*ဟောဒီမှာကြည့်-သတိပဋ္ဌာန်။
ဝန်ခံချက်နှင့်-မိန့်မြွက်သည်မှန်၊
ကျင့်ကြံသုံး-လမ်းဆုံး ပြည်နိဗ္ဗာန်။ (ဆို)

၁။ ကာယာနုပဿနာ သတိပဋ္ဌာန်-ရုပ်သက်သက်ကိုရှုရန် သတိထားတာ အမှန်။

၂။ ဝေဒနာနုပဿနာ သတိပဋ္ဌာန်-ဝေဒနာကိုရှုရန်, သတိထားတာ အမှန်။

၃။ စိတ္တာနုပဿနာသတိပဋ္ဌာန်-စိတ်ကိုရှုရန်, သတိထားတာအမှန်။

၄။ ဓမ္မာနုပဿနာ သတိပဋ္ဌာန်-ရုပ်, နာမ်တရားတို့ကိုရှုရန်, သတိထားတာ အမှန်။ (ဆို)

ကာယာနုပဿနာသတိပဋ္ဌာန်ဆိုတာ ရုပ်သက်သက်ကိုရှုတဲ့ကမ္မဋ္ဌာန်းဖြစ်ပါတယ်၊ဝေဒနာနုပဿနာသတိပဋ္ဌာန်ဆိုတာ ဝေဒနာတွေကိုရှုတာဖြစ်ပါတယ်၊ စိတ္တာနုပဿနာသတိပဋ္ဌာန်ကတော့ စိတ်သက်သက်ကို ရှုတာဖြစ်တယ်။

နောက်ဆုံး ဓမ္မာနုပဿနာသတိပဋ္ဌာန် ဆိုတာကတော့ ဆိုခဲ့တဲ့ ကာယ, ဝေဒနာ, စိတ္တတို့မှ ကျန်တဲ့ ရုပ်, နာမ် အားလုံးကို ရှုရတဲ့ ကမ္မဋ္ဌာန်း ဖြစ်တယ်၊

ဒါ့ကြောင့်....

ကထံ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊ ဣဓဘိက္ခဝေ ဌပေတွာ ကာယံ၊ ဌပေတွာ ဝေဒနံ၊ ဌပေတွာ စိတ္တံ တဒဝသေသော ဓမ္မေ အနိစ္စတော အနုပဿတိ။

လို့ ပဋ္ဌသမ္ဘိဒါမဂ် ပါဠိတော်မှာ ဟောတော်မူထားပါတယ်။

## ကာယာနုပဿနာ သတိပဋ္ဌာန်ရှုပုံ

ကာယာနုပဿနာ သတိပဋ္ဌာန်ရှုပုံကို ဟောမယ်၊ မှတ်ထားကြ။ ယောဂီသည် ထိုင်နေတဲ့အခါ ထိုင်နေတဲ့ကိုယ်ကြီးကိုစိတ်နဲ့စိုက်၍ ထိုင်ဆဲအခိုက် ရုပ်အမူအရာသဘောကို ဉာဏ်နဲ့ကြည့်ပြီး "ထိုင်တယ်-ထိုင်တယ်"ဟူ၍ဖြစ်စေ၊ "သိ-သိ" ဟူ၍ဖြစ်စေ အဖန်ဖန် အထပ်ထပ် သိအောင် အသိကပ်နေရမယ်။

သွားနေတဲ့အခါမှာလဲ သွားဆဲအခိုက် ရုပ်အမူအရာသဘောကို ဉာဏ်နဲ့ ကြည့်ပြီး ညာခြေဘက်က သွားလိုက်လျှင် "သွားတယ်"ဟူ၍ဖြစ်စေ၊ "သိ"ဟူ၍ ဖြစ်စေ သိအောင် အသိကပ်။ ဗယ်ခြေဘက်က သွားလိုက်လျှင်လဲ ထိုနည်းတူ အသိကပ်ရမယ်။

အိပ်ဆဲအခိုက်၊ ရပ်ဆဲအခိုက်မှာလဲ ထိုနည်းတူ ဉာဏ်နဲ့ကြည့်ပြီး ထိအောင် အသိကပ်နေရမှာပဲတဲ့။ ဒီသဘောကိုရည်ပြီးတော့ ဘုရားကိုယ်တော်မြတ်ကြီးက-

> ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ၊ ဌိတော ဝါ ဌိတောမှီတိ ပဇာနာတိ၊ နိသိန္နော ဝါ နိသိန္နောမှီတိ ပဇာနာတိ၊ သယာနော ဝါ သယာနောမှီတိ ပဇာနာတိ။

လို့ ဟောတော်မူပါတယ်။

အဲဒါ ဣရိယာပထ ပဗ္ဗအနေ ရှုပုံပါပဲတဲ့။ အခြားရှုနည်းတွေလဲ အများပင် ရှိပါသေးတယ်။ သို့ရာတွင် ဤမျှဖြင့်ပင် တော်လောက်ပါပြီ။

## ဝေဒနာနုပဿနာ သတိပဋ္ဌာန်ရှုပုံ

ယောဂီသည် ထိုင်နေတဲ့အခါ စသည်တို့၌ကိုယ်တနေရာရာက ခံသာတဲ့ ချမ်းသာတဲ့ သုခဝေဒနာသဘောတွေလဲ ပေါ်လာတတ်တယ်၊မခံသာတဲ့ ဆင်းရဲတဲ့ ဒုက္ခဝေဒနာသဘောတွေလဲပေါ်လာတတ်တယ်၊ခံသာတဲ့ သဘောအပေါ်ပဲ ဖြစ်စေ၊ မခံသာတဲ့သဘောအပေါ်ပဲ ဖြစ်စေ၊ အဲဒီ ခံစားခြင်းဝေဒနာသဘော အပေါ်ကိုစိတ်နဲ့စိုက်၍ ဝေဒနာတို့၏ဖြစ်ပျက် အနိစ္စသဘောကိုဉာဏ်နဲ့ကြည့်ပြီး "သိ-သိ-သိ"ဟု သိအောင် အသိကပ်နေရမယ်။ အဲဒီသဘောကို ရည်ပြီးတော့ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက ...

> ဣဓေကစ္စော သုခံ ဝေဒနံ အနိစ္စတော အနုပဿတိ။
> ဣဓေကစ္စော ဒုက္ခံ ဝေဒနံ အနိစ္စတော အနုပဿတိ။ (ပဋိသမ္ဘိဒါမဂ်)
> ဟူ၍ရှင်း။

ဘုရားကိုယ်တော်မြတ်ကြီးလဲ ...

> သမုဒယဝယဓမ္မာ နုပဿီ ဝါ ဝေဒနာသု ဝိဟရတိ။
> (မဟာသတိပဋ္ဌာန်သုတ်)

ဟူ၍ရှင်း ဟောတော်မူပါတယ်။

## စိတ္တာနုပဿနာ သတိပဋ္ဌာန်ရှုပုံ

မျက်စိနှင့်အဆင်း ဤနှစ်ခု ဆုံမိတဲ့အခါ မျက်စိက မြင်ရတယ်၊ အဲဒီအခါ မြင်တာကိုသိတဲ့ မြင်သိစိတ်ကလေးဖြစ်ပေါ်လာတယ်၊ ဒီ မြင်သိစိတ်ကလေးဟာ စက္ခုဝိညာဏ်, ဝိညာဏက္ခန္ဓာဖြစ်ပါတယ်။ဒီမြင်တာ ကိုသိတဲ့ အသိစိတ်ကလေးကို နောက်က ဝိပဿနာအသိဉာဏ်နဲ့ကြည့်၍ "သိတယ်-သိတယ်"ဟု စိတ်နဲ့သိအောင် အသိကပ်နေရမယ်, ဝိပဿနာ ရှုရမယ်၊ အဲသလိုရှုလျှင် ဒီ အသိစိတ်ကလေးဟာ တခုပြီးတခု ဖြစ်ပေါ်ပြီးနောက် ပျောက်ပျောက်သွားတာကို ဉာဏ်ထဲမှာသိမြင်ရပါလိမ့်မယ်။

နားကကြားတဲ့အခါမှာ ကြားတာကိုသိတဲ့ အသိစိတ်၊ နှာခေါင်းကနံတဲ့ အခါမှာ နံတာကိုသိတဲ့အသိစိတ် စသည်ကိုလဲ ထိုနည်းတူပင် နောက်ကဝိပဿနာ အသိဉာဏ်နဲ့ကြည့်ပြီး "သိတယ်-သိတယ်"ဟု စိတ်နဲ့ အ သိ ကပ် နေ ရ မှာပဲတဲ့။ အဲသလို အသိကပ်နေလျှင် အသိစိတ်ကလေးတွေ တခုပြီးတခု ဖြစ်ပျက်နေတာကို ဉာဏ်ထဲမှာ သိမြင်ရပါတယ်။

အဲဒါ ဝိညာဏက္ခန္ဓာ ခေါ်တဲ့စိတ်ကို အနိစ္စမြင်တာ, အပျက်မြင်တာပါ ပဲတဲ့၊ အဲသလို စိတ်ကိုရှုရဘာကို ရည်ပြီးတော့....

စက္ခုဝိညာဏံ၊ သောတဝိညာဏံ၊ ဃာနဝိညာဏံ၊ ဇိဝှာဝိညာဏံ၊ ကာယ ဝိညာဏံ၊မနောဝိညာဏံ အနိစ္စတော အနုပဿတိ။ (ပဋိသမ္ဘိဒါမဂ်)

ဟု စိတ္တာနုပဿနာရှုနည်းကို ဟောတော်မူပါတယ်။

## ဓမ္မာနုပဿနာ သတိပဋ္ဌာန်ရှုပုံ

ယောဂီသည် တင်ပလ္လင်ခွေထိုင်ပြီး လက်ကိုလက်ဝါးချင်းပက်လက်ထပ် ၍ ရှေ့တင်ပလ္လင်ခွေပေါ်တွင် ထား၊ မျက်စိ မှိတ်၊ နှာသီးဖျားကို စိတ်နဲ့စိုက်၊ ထွက်လေ,ဝင်လေဖြစ်တိုင်း နှာသီးဖျားကို တိုးထိသွားလိမ့်မယ်၊ နှာသီးဖျားက တိုးထိမှုသဘောတွေ ပေါ်လိမ့်မယ်၊ အဲဒီတိုးထိမှုသဘောတွေကို ထွက်လေတိုးထိ ဆဲအခိုက် ဝိပဿနာဘာဝနာအသိဉာဏ်နဲ့'သိ'ဟုသိအောင်အသိကပ်ပေး၊ဝင်လေ တိုးထိဆဲအခိုက်မှာလဲ နည်းတူပင် "သိ"ဟု သိအောင် အသိကပ်ပေး၊ အဖန်ဖန် အထပ်ထပ် အသိကပ်ပေးနေရမယ်၊အဲဒါ 'ကာယဖောဋ္ဌဗ္ဗသဘော'ကို ဝိပဿနာ ရှုနေတာပါပဲ။

စင်္ကြံ သွားတဲ့အခါမှာတော့ ခြေဖဝါးဆီကို စိတ်နဲ့စိုက်၊ သွားတဲ့အခါ ခြေဖဝါးနှင့်ကြမ်းနှင့် ထိလိမ့်မယ်၊ညာခြေဖဝါးနှင့်ကြမ်းပြင် ထိဆဲအခိုက် 'သိ' ဟု စိတ်နဲ့သိအောင် အသိကပ်ပေး၊ဘယ်ဘက်ခြေဖဝါးနှင့်ကြမ်းထိဆဲအခိုက်မှာလဲ နည်းတူပင် အသိကပ်ပေးရမယ်၊ အဲဒါလဲ "ကာယဖောဋ္ဌဗ္ဗသဘော"ကို ရှုတာ ပါပဲတဲ့။

ဒီသဘောကိုရည်ပြီးတော့ ဘုရားကိုယ်တော်မြတ်ကြီးက ဓမ္မာနုပဿနာ အခန်း-အာယတနပဗ္ဗ-မှာ "ကာယဉ္စ ပဇာနာတိ၊ဖော႒ဗ္ဗေစ ပဇာနာတိ"။
(မဟာသတိပဋ္ဌာနသုတ်)

ဟု ဟောတော်မူပါတယ်။

မျက်စိက မြင်ဆဲအခိုက်, နားကကြားဆဲအခိုက် စသည်တို့၌လဲ မြင်တာ, ကြားတာ,နံတာ စသည်တို့ကို သိအောင် အသိကပ်နေရမှာချည်းပဲ၊ ဒါလဲ ဓမ္မာ နုပဿနာရှုပုံပဲတဲ့။ ဒါကြောင့် ဓမ္မာနုပဿနာအခန်း အာယတနပဗ္ဗ၌....

စက္ခုဉ္စ ပဇာနာတိ၊ ရူပေစ ပဇာနာတိ။ သောတဉ္စ ပဇာနာတိ၊ သဒ္ဒေစ ပဇာနာတိ ။ပ။ မနဉ္စ ပဇာနာတိ၊ ဓမ္မေစ ပဇာနာတိ။

ဟု ဟောတော်မူထားပါတယ်။

ကိုင်း....တော်ကြဦးစို့။

ယခုဟောခဲ့တဲ့အတိုင်း သတိပဋ္ဌာန်လေးပါးလုံး အပြည့်အစုံ အားထုတ် နိုင်ကြပြီးလျှင် ဝိပဿနာဉာဏ်စဉ်ပေါက်၍ နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်ကြပါစေ သတည်း။ (သာဓု....သာဓု....သာဓု)

**သတိပဋ္ဌာန်လေးပါး တရားတော် ပြီး၏။**

---

## (၁၀) ပဋိစ္စသမုပ္ပါဒ် တရားတော်

ဝဋ္ဋကာမော အဟံ အဇ္ဇ၊ ပစ္စယာကာရဝဏ္ဏနံ။
ပတိဋ္ဌံ နာဓိဂစ္ဆာမိ၊ အဇ္ဈောဂါဠှော၀ သာဂရံ။
(သမ္မော-ပဋိစ္စသမုပ္ပါဒ ဝိဘင် အဋ္ဌကထာ)

သမုဒ္ဒရာပင်လယ်တွင်းသို့ သက်ဆင်းမိသောသူကဲ့သို့ ယနေ့ပဋိစ္စသမုပ္ပါဒ် အဖွင့်ကို ဖွင့်ဆိုလိုသော ငါသည်လည်း ထောက်တည်ရာကိုမရတော့ပါတကား။

အဲ-ဒါဟာ ပဋိစ္စသမုပ္ပါဒ်ကို ဖွင့်ပြ, ဟောပြဖို့ ခက်ခဲတဲ့အကြောင်းကို အဋ္ဌကထာဆရာ ကိုယ်တော်တိုင် ညည်းညူသွားတာ ဖြစ်ပါတယ်၊ ဘုရား ကိုယ် တော်မြတ်ကြီးကလဲ....

"ဂမ္ဘီရော ဒုဒ္ဒသော ဒုရနုဗောဓော-ငါသိထားတဲ့တရားဟာ အင်မတန် နက်နဲတယ်၊ မြင်နိုင်ခဲတယ်၊ သိနိုင်ခဲတယ်"လို့ ဟော တော် မူ ထား ပါ တယ်၊ ပီးတော့- "နိပုဏော-ငါသိထားတဲ့တရားဟာ အင်မတန် သိမ်မွေ့တယ်" လို့လဲ ဟောတော်မူထားပါတယ်။

အဲဒါဟာလဲ ဒီ-ပဋိစ္စသမုပ္ပါဒ်တရားနှင့် မဂ်,ဖိုလ်,နိဗ္ဗာန်တရားကိုရည်ပြီး တော့ ဟောတာပါပဲ၊ အဲဒါကြောင့် ဒီ-ပဋိစ္စသမုပ္ပါဒ်တရားကို လေးလေး စားစား မှတ်သားကြပါ။

ပဋိစ္စသမုပ္ပါဒ်ဆိုတာ အကြောင်းကြောင့် အကျိုးဖြစ်ပုံကို ဆိုပါတယ်၊ ဆိုလိုရင်းကတော့ အကြောင်းတရားနှင့် အကျိုးတရား နှစ်ပါးပါပဲ၊ အဲဒါကို ပါဠိတော်ရင်းနှင့်မှတည်ပြီး ပြောတော့တယ်။

(က) အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊သင်္ခါရပစ္စယာ ဝိညာဏံ၊ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပ ပစ္စယာ သဠာယတနံ၊ သဠာယတန ပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ဝေဒနာပစ္စယာ တဏှာ၊တဏှာ ပစ္စယာ ဥပါဒါနံ၊ဥပါဒါနပစ္စယာ ဘဝေါ၊ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ မရဏံ, သောက ပရိဒေဝ ဒုက္ခ ဒေါမနဿု ပါယာသာ သမ္ဘဝန္တိ။

(ခ) အာသဝသမုဒယာ အဝိဇ္ဇာသမုဒယော။

(၁) အဝိဇ္ဇာကြောင့် အားထုတ်မှု သင်္ခါရဖြစ်တယ်။
(၂) သင်္ခါရကြောင့် ဘဝသစ် ဝိညာဏ်ဖြစ်တယ်။
(၃) ဝိညာဏ်ကြောင့် နာမ်,ရုပ် ဖြစ်တယ်။
(၄) နာမ်,ရုပ်ကြောင့် အာယတနခြောက်ပါး ဖြစ်တယ်။
(၅) အာယတနခြောက်ပါးကြောင့် အာရုံကိုတွေ့ထိမှု ဖဿ ဖြစ်တယ်။
(၆) ဖဿကြောင့် ခံစားမှုဝေဒနာ ဖြစ်တယ်။
(၇) ဝေဒနာကြောင့် နှစ်သက်မှုတဏှာ ဖြစ်တယ်။
(၈) တဏှာကြောင့် စွဲလမ်းမှုဥပါဒါန် ဖြစ်တယ်။
(၉) ဥပါဒါန်ကြောင့် ကမ္မဘဝ, ဥပပတ္တိဘဝ ဖြစ်တယ်။
(၁၀) ကမ္မဘဝကြောင့် ဘဝအသစ်ဖြစ်မှုဇာတိ ဖြစ်တယ်။
(၁၁) ဇာတိကြောင့် အိုမှု, သေမှု ဖြစ်တယ်၊ စိုးရိမ် ပူဆွေးမှု, ငိုကြွေးမှု, ကိုယ်ဆင်းရဲမှု, စိတ်ဆင်းရဲမှု, ပြင်းစွာပူပန်မှု ဖြစ်ကြတယ်။
(၁၂) အာသဝေါတရားဖြစ်ခြင်းကြောင့် စိုးရိမ်ပူဆွေးမှုစသည်နှင့်တကွ အဝိဇ္ဇာလည်း ဖြစ်တော့တယ်။ (ဆို)

အဲဒါ–ပဋိစ္စသမုပ္ပါဒ် စက်လည်ပုံ ဖြစ်ပါတယ်၊ အနည်း ငယ်မျှ ချဲ့ပြောပါဦးမယ်၊ "အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်" ဆိုရာ၌ အဝိဇ္ဇာဆိုတာ ဒုက္ခသစ္စာ စသည်တို့ကို မသိတာဖြစ်တယ်၊ တရားကိုယ်မှာ အကုသိုလ်စိတ် ဆယ့်နှစ်ပါး၌ ယှဉ်တဲ့ မောဟ ကို ကောက်ပါတယ်။

ပါဠိတော်မှာ အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်တယ်လို့သာ အကျဉ်းချုပ် ဟောထားတယ်။ ဒါပေမဲ့ အဝိဇ္ဇာနှင့် သင်္ခါရ ဆက်စပ်မိအောင်ဟာ တဏှာနဲ့ ဥပါဒါန်က ဆက်သွယ်ပေးပါတယ်။ အဝိဇ္ဇာက ရုပ်,နာမ်,ခန္ဓာဖြစ်ရတာကိုဆင်းရဲတွေပဲလို့ မသိတော့ ဒိဋ္ဌုပါဒါန်ခေါ်တဲ့ ဒိဋ္ဌိက ရုပ်, နာမ်, ခန္ဓာ ဖြစ်ရတာဟာ ကောင်းတယ်လို့ အထင်မှားတယ်။ ဒီတော့ တဏှာက ရုပ်,နာမ်,ခန္ဓာကို လိုချင်တယ်။ လိုချင်တာက အားကြီးလာတော့ ကာမုပါဒါန်ခေါ်တဲ့ ဥပါဒါန်က စွဲလမ်းလာတယ်။ ဒီတော့ ရုပ်,နာမ်,ခန္ဓာကိုရအောင် ပြုလုပ်အားထုတ်တော့တာပဲတဲ့။ အဲဒါကိုပဲ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်လို့ ဆိုပါတယ်။ ဒါ့ကြောင့် ရှေးပညာရှိ ပုဂ္ဂိုလ်များက....

ဖုံးလွှမ်းသင်မှား၊ တပ်ဆော်ငြား၊ လေးပါး ခန္ဓာဖြစ်-လို့ ဆိုကြတယ်။

သင်္ခါရဆိုတာကတော့ လောကီကုသိုလ်(၁၇)၊အကုသိုလ်(၁၂)ယှဉ်တဲ့ စေတနာ က် (၂၉)ပါးကို ဆိုတယ်။ လောကီကုသိုလ်ထဲက မဟာကုသိုလ် (၈)၊ ရူပကုသိုလ်(၅)ခု၌ယှဉ်တဲ့ စေတနာကံကို ပုညာဘိသင်္ခါရလို့ ခေါ်ပါတယ်။ ပုည-ကောင်းမှုဖြစ်သော။ အဘိသင်္ခါရ-ပြုပြင်အားထုတ်မှုဖြစ်တဲ့အားထုတ်မှုလို့ဆိုလိုပါတယ်။

မဟာကုသိုလ်ရှစ်ပါးဟာ ကာမာဝစရကုသိုလ်ပင်ဖြစ်ပါတယ်။ကောင်းမှုကို ပြုလုပ်တိုင်း, ပြောဆိုတိုင်း, ကြံစည်တိုင်း ဒီ ကာမာဝစရကုသိုလ် ရှစ်ပါး တပါးပါး ဖြစ်ပါတယ်။ရူပကုသိုလ်ငါးပါးကတော့ ရူပါဝစရဈာန် ကုသိုလ်တွေပဲဖြစ်တယ်။ ဒီနေရာမှာ ဈာန်ဆိုတာ သမထကမ္မဋ္ဌာန်းအာရုံကို စူးစူးစိုက်စိုက် ကပ်ပြီးရှုနေတဲ့သဘောပါပဲ။ အာရုံထဲမှာ စိက်ကလေးကဝင်ပြီး တည်နေသလို အာရုံနဲ့စိတ်ဟာ တပေါင်းတည်းဖြစ်နေသလို တည်ငြိမ်နေတဲ့သဘောဟာ'ဈာန်' ပါပဲတဲ့။ ဈာန်ရနိုင်တဲ့ ကမ္မဋ္ဌာန်းဖြစ်ပြီး သမာဓိကလဲ အားပြည့်လာရင် ရူပါဝစရဈာန်ကို ရပါတယ်။ ဒီ ရူပါဝစရဈာန်က သုတ္တန် နည်း အရ လေးပါး၊ အဘိဓမ္မာနည်းအရ ငါးပါး ရှိပါတယ်။

အကုသိုလ်ဆယ့်နှစ်ခု၌ယှဉ်တဲ့ စေတနာကံကိုတော့ အပုညာဘိသင်္ခါရ-လို့ ခေါ်တယ်။ အပုည-မကောင်းမှုဖြစ်သော။ အဘိသင်္ခါရ-ပြုပြင် အားထုတ်မှု။ မကောင်းမှုဖြစ်တဲ့ အားထုတ်မှုလို့ ဆိုလိုပါတယ်။မကောင်းမှုကို ပြုလုပ်,ပြောဆို, ကြံစည်လျှင် ဒီ အပုညာဘိ သင်္ခါရ ဖြစ်ပါတယ်။

အရူပကုသိုလ် လေး၌ ယှဉ်တဲ့ စေတနာကံကြောင့် အာနေဥ္ဇာဘိသင်္ခါရ ဖြစ်တယ်တဲ့။ မတုန်မလှုပ်တဲ့ ဈာန်တရားတွေလို့ ဆိုလိုတယ်။ အဲဒါဟာ အရူပဈာန်ကုသိုလ်တွေပါပဲတဲ့။

အဲဒီနေရာမှာ အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်တယ်လို့ဆိုရာ၊ ကုသိုလ်ရော၊ အကုသိုလ်ရော အဝိဇ္ဇာကြောင့် ဖြစ်နေသဖြင့် တချို့က ဒါန, သီလ အစရှိတဲ့ ကုသိုလ်အလုပ်တွေကိုလဲမလုပ်ပဲ ပယ်ရမယ်လို့ အလွဲအမှားကိုယူဆပြီး ပြောတတ်ကြတယ်၊ အမှန်က ကုသိုလ်အလုပ်တွေကိုမလုပ်ပဲ ပယ်ထားရင် အကုသိုလ်တွေ ချည်းပဲ ဖြစ်နေတော့တာပဲ။ ကုသိုလ်အလုပ်တွေကို မလုပ်ပဲနေတာဟာ အဝိဇ္ဇာ နည်းလို့ မဟုတ်ဘူး၊ သာပြီးအဝိဇ္ဇာအားကြီးလို့ ဖြစ်တယ်တဲ့။

ဒါ့ကြောင့် ကုသိုလ်အလုပ်တွေကို အကုသိုလ်ကို တပင်မပယ်ကောင်းဘူး လို့ မှတ်ထားရမယ်။ အဝိဇ္ဇာရှိနေသေးရင် ပြုလုပ်, ပြောဆို, ကြံ စည် သမျှ တွေဟာ ကုသိုလ်ရင်လဲ ဖြစ်မယ်, အကုသိုလ်ရင်လဲ ဖြစ်မယ်-တဲ့။ ဒါ့ကြောင့် ဘုရားကိုယ်တော်မြတ်ကြီးက 'အဝိဇ္ဇာပစ္စယာ သင်္ခါရာ'လို့ ဟောတော်မူထားပါတယ်။ ရဟန္တာပုဂ္ဂိုလ်များမှာတော့ အဝိဇ္ဇာမရှိတော့တဲ့အတွက် ကုသိုလ်အမှုမျိုးတွေကို ပြုလုပ်သော်လဲ အကျိုးပေးတတ်တဲ့ကုသိုလ်မဖြစ်တော့ပဲ ကြိယာမျှသာဖြစ်တော့တယ်တဲ့။ အဲဒါကိုရည်ပြီးတော့ ရဟန္တာများမှာ ကု သိုလ် မ ရှိ ဘူး လို့ ဆိုတယ်၊ ကုသိုလ်အမှုမျိုးတွေကို မလုပ်တော့ဘူးလို့ မဆိုပါဘူး။ ကုသိုလ်အမှုမျိုးတွေကို ပြုလုပ်ကြပါတယ်။

**အမှာ။** ။ကုသိုလ်လုပ်ရင် ဤပဋိစ္စသမုပ္ပါဒ်လာ အဝိဇ္ဇာနှင့် တဏှာ အကြောင်းခံတဲ့ ကုသိုလ်မျိုး မဖြစ်စေပဲ၊ ရုပ်, နာမ်, ခန္ဓာ, ဒုက္ခတွေ ချုပ် ငြိမ်း အောင် ပြု လုပ် တဲ့ လောကီ မဂ္ဂသစ္စာ, လောကီမဂ္ဂင်ကုသိုလ်, ပါရမီကုသိုလ်များ သာဖြစ်စေရမည်။ သက်ပြုပါလေ။ ၎င်းနည်းများကို တနေရာ၌ပြဆိုထားပြီ။

သင်္ခါရကြောင့်-ဝိညာဏ်ဖြစ်တယ်ဆိုရာ၌ ဝိညာဏ်ဆိုတာဘဝသစ်ဖြစ်တဲ့ ပဋိသန္ဓေ, ပဝတ္တိအခါ၌ ထိုက်သင့်သလိုဖြစ်တဲ့ လောကီဝိပါက် ဝိညာဏ်စိတ် ၃၂-ပါးကို ဆိုတယ်။ 'ဝဋ်'တရားများ လည်ပုံကိုပြတဲ့အရာဖြစ်၍ လောကုတ္တရာ ဝိပါက် ဝိညာဏ်ကို မယူရဘူး။

အဲဒီ လောကီဝိပါက် ဝိညာဏ်များထဲက ကာမာဝစရကုသိုလ်ကြောင့် အဟိတ် ကုသလဝိပါက် ဝိညာဏ်ရှစ်၊ ကာမာဝစရဝိပါက် ဝိညာဏ်ရှစ်ပါး ပေါင်း ဆယ့်ခြောက်ပါးသော ဝိညာဏ်ဖြစ်တယ်။

ရူပါဝစရ ဈာန်ကုသိုလ်ကြောင့် ရူပဝိပါက် ဝိညာဏ် ငါးပါးဖြစ်တယ်။ အကုသိုလ်ကြောင့် အကုသလဝိပါက် ဝိညာဏ် ခုနစ်ပါးဖြစ်တယ်။ အရူပဈာန် ကုသိုလ်ကြောင့် အရူပဝိပါက် ဝိညာဏ်လေးပါး ဖြစ်တယ်တဲ့။

"ဝိညာဏ်ကြောင့် နာမ်, ရုပ် ဖြစ်တယ်"ဆိုရာ၌ နာမ်,ရုပ်ကို ဖြစ်စေတဲ့ ဝိညာဏ်ကတော့ နောက်က ကောက်ခဲ့တဲ့ ဝိပါက်ဝိညာဏ် တမျိုးထဲမဟုတ်ဘူး၊

ရှေးရှေးဘဝကပြုလုပ်ခဲ့တဲ့ ကံဝိညာဏ်နှင့် ယခုပဋိသန္ဓေဘဝမှာဖြစ်တဲ့ ဝိညာဏ် အဲဒီနှစ်မျိုး ဖြစ်ပါတယ်။ ဒီနေရာမှာ ကံဝိညာဏ်ဆိုတာ စေတနာကံနှင့်ယှဉ်တဲ့ စိတ်ကို ဆိုပါတယ်။ အဲဒီ ကံဝိညာဏ်, ဝိပါက်ဝိညာဏ်က နာမ်, ရုပ်ကို ဖြစ်စေ ပါတယ်တဲ့။

နာမ်,ရုပ် နှစ်ပါးတို့တွင် နာမ်–အရ ဒီနေရာမှာ စေတသိက်နာမ်ကိုသာ ကောက်ရပါတယ်။ ဘာကြောင့်လဲဆိုတော့ ပဋိစ္စသမုပ္ပါဒ် အင်္ဂါဆယ့်နှစ်ပါးမှာ သုံးခုမြောက်အင်္ဂါ၌ စိတ်ဝိညာဏ်နာမ်ကို ဟောတော်မူ၍၊ ယခု လေးခုမြောက် အင်္ဂါ၌ စေတသိက်နာမ်ကို ဟောတော်မူခြင်းကြောင့် ဖြစ်ပါတယ်။ ဒီနာမ်ကလဲ ဝိပါက်ဝိညာဏ်နှင့်ယှဉ်တဲ့ စေတသိက်နာမ်သာဖြစ်တယ်လို့ မှတ်ယူရမယ်။

ရုပ်အရမှာ ဒီနေရာတွင် ကမ္မဇ္ဇာရုပ်ခေါ်တဲ့ ကမ္မဇရုပ်ကိုကောက်ရတယ်။

အမှာ။ ။အဋ္ဌကထာကြီးများ၌ကား စိတ်အားလုံးနှင့်ယှဉ်တဲ့ စေတသိက် အားလုံးနှင့် စတုဇရုပ်အားလုံးကို ကောက်ပြထားသည်။

ဝိညာဏ်နှစ်မျိုးက နာမ်, ရုပ်ကို ဖြစ်စေပုံမှာ၊ ကေဝေါကာရ ရုပ်ခန္ဓာ တပါးတည်းသာရှိတဲ့ အသညသတ်ဘုံဘဝမှာ ရှေးရှေးဘဝက အားထုတ်ပြုလုပ် ခဲ့တဲ့ ကံဝိညာဏ်က ရုပ်သက်သက်ကို ဖြစ်စေပါတယ်။ အသညသတ်ဘုံမှာ နာမ် မရှိ၊ ရုပ်သက်သက်သာရှိတယ်၊ ဇီဝိတနဝက ကလာပ်ခေါ်တဲ့ ရုပ်ကိုးမျိုးသာ ရှိတယ်လို့ ဆိုပါတယ်။

စတုဝေါကာရ နာမ်ခန္ဓာလေးပါးသာရှိတဲ့ အရူပဘုံဘဝမှာတော့ ဝိပါက် ဝိညာဏ်က နာမ်သက်သက်ကို ဖြစ်စေပါတယ်၊ အဲဒီ အရူပ လေးဘုံမှာတော့ ရုပ်မရှိ၊ နာမ်သက်သက်သာရှိတယ်။

ပဉ္စဝေါကာရ ရုပ်, နာမ်, ခန္ဓာငါးပါးလုံးရှိတဲ့ ကာမဘုံဘဝနှင့် ရူပဘုံ ဘဝမှာတို့ ဝိပါက်ဝိညာဏ်က ရုပ်, နာမ်နှစ်ပါးလုံးကို ဖြစ်စေပါတယ်၊ကာမဘုံ ဆိုတာက အပါယ်လေးဘုံ,လူ့ဘုံ,နတ်ဘုံခြောက်ထပ်ကိုဆိုတယ်၊ရူပဘုံဆိုတာက အသညသတ်ဘုံကြဉ်တဲ့ ရူပဆယ့်ငါးဘုံကိုဆိုပါတယ်၊ အဲဒီ ကာမဘုံ,ရူပဘုံသား တွေဖြစ်တဲ့ တိရစ္ဆာန်တွေ,လူတွေ,နတ်တွေ,ဗြဟ္မာတွေမှာတော့ ရုပ်,နာမ်နှစ်ပါး လုံး ရှိကြတယ်တဲ့။

အဲဒီသဘောကို ရည်ပြီးတော့ "နာမဉ္စ ရူပဉ္စ နာမရူပဉ္စ နာမရူပံ" လို့ ကေသိသ်ဝိဂြိုဟ် ပြုထားပါတယ်၊ အဲဒီ ဝိညာဏ်, နာမ်, ရုပ်တွေဟာ ဒုက္ခသစ္စာ ချည်းဖြစ်တယ်တဲ့။

"နာမ်,ရုပ်ကြောင့် အာယတနခြောက်ပါးဖြစ်တယ်ဆိုတာ မျက်စိ,နား, နှာခေါင်း,လျှာ,ကိုယ်,စိတ်တို့ကိုဆိုပါတယ်၊စိတ်အရ ဒီနေရာမှာလောကီဝိပါက် စိတ် သုံးဆယ့်နှစ်ပါးကို ယူရတယ်။

ဒီ အာယတနခြောက်ပါးဟာ ကာမဘုံမှာသာစုံလင်အောင်ရှိနိုင်တယ်၊ ရူပဘုံမှာ ဃာန၊ ဇိဝှာ၊ ကာယာယတနတို့ မရှိဘူး၊ အသညသတ်ဘုံမှာတော့ ဘာ အာယတနမှ မရှိဘူး၊ အရူပလေးဘုံမှာကား ခြောက်ခုမြောက်ဖြစ်တဲ့မနာယတန တပါးသာ ရှိတယ်၊ဒါကြောင့်"သဠာယတနဠ ဆဠာယတနဠ သဠာယတနံ"လို့ ကေသိသ်ပြုသွားပြန်ပါတယ်။

ရူပ ဗြဟ္မာများမှာ ပသာဒရုပ် အကြည်ဓာတ်သာ မရှိဘူးလို့ ဆိုတယ်၊ နှာခေါင်းပုံသဏ္ဍာန်၊ လျှာပုံသဏ္ဍာန်၊ ကိုယ်ပုံသဏ္ဍာန်တို့ကား လှပစွာရှိကြပါ တယ်၊ အသညသတ်ဗြဟ္မာတို့မှာလဲ ပုံသဏ္ဍာန်တော့ ရှိတာပါပဲတဲ့။

ဘုရားဖူးရန်၊ တရားနာရန်အတွက် မျက်စိအကြည်နှင့် နားအကြည်များ ရူပ ဗြဟ္မာတို့မှာ ရှိကြတယ်၊ ရူပ ဗြဟ္မာများမှာ ကာမဂုဏ်ကို စက်ဆုပ်ကြတဲ့ အတွက် နမ်းချင်တဲ့စိတ်ဖြစ်တဲ့ နှာခေါင်းအကြည်၊ စားချင်တဲ့စိတ်ဖြစ်တဲ့ လျှာ အကြည်၊ ထိချင်တဲ့စိတ်ဖြစ်တဲ့ ကိုယ်အကြည်များတော့ မရှိဘူးတဲ့၊ ပီ.တော့- မေထုန်အမှုကိုပြုလိုတဲ့ ဘာဝရုပ်လဲ မရှိဘူး၊ ဒါပေမဲ့ ပုံသဏ္ဍာန်ကတော့ ဗြဟ္မာ များဟာ ယောကျ်ားပုံဏ္ဍာန်ဖြစ်တယ်၊ ယောကျ်ားလိုပဲတဲ့။

"အာယတန ခြောက်ပါးကြောင့် ဖဿ ဖြစ်တယ်" ဆိုရာ၌ ဖဿ-အရ လောကီဝိပါက် သုံးဆယ့်နှစ်ပါး၌ယှဉ်တဲ့ ဖဿစေတသိက်ကို ကောက်ရတယ်၊ အဲဒီ ဖဿကလဲ ခြောက်မျိုးပင် ရှိတယ်၊ မျက်စိကြောင့် အဆင်းကို တွေ့တာက မြင်တွေ့ဖဿ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ကြောင့် အသံ၊အနံ့၊အရသာ၊အတွေ့ သဘောတွေ့ကိုတွေ့တာက ကြားတွေ့ဖဿ၊ နံတွေ့ဖဿ၊ လျက်တွေ့ဖဿ၊ကြံတွေ့ ဖဿတဲ့၊ အဲဒါဟာ ဖဿခြောက်မျိုးပါပဲ။

"ဖဿကြောင့် ဝေဒနာဖြစ်တယ်"ဆိုရာ၌ ဝေဒနာအရကိုလဲ လောကီ ဝိပါက်စိတ် သုံးဆယ့်နှစ်ပါး၌ယှဉ်တဲ့ ဝေဒနာစေတသိက်ကိုကောက်ရတယ်။

အမှာ။ ။ယခု တရားကိုယ် ကောက်ခဲ့ပုံများမှာ သုတ္တန္တ ဘာဇနီယ နည်းအရ ဖြစ်သည်၊အဘိဓမ္မဘာဇနီယနည်း အလိုအားဖြင့် ကား ဘယ်တရားမဆို ရနိုင်သမျှအားလုံးကို ကောက်နိုင် သည်၊ ဖဿ၊ ဝေဒနာအရဆိုလျှင် စိတ်အားလုံးနှင့်ယှဉ်တဲ့ ဖဿ၊ ဝေဒနာကို ကောက်သည်၊ ဤနေရာ၌ကား ဤသို့ မကောက်ရပေ၊ဝိပါက်စိတ်နှင့် ယှဉ်တာကိုသာ ကောက်ခဲ့ သည်။

ဖဿကလဲခြောက်မျိုးရှိတော့ ဝေဒနာကလဲ ခြောက်မျိုးပင်ရှိပြန်တယ်၊ မြင်တာကိုခံစားတာက မြင်ခံစားဝေဒနာ၊ကြားတာ၊နံတာ၊လျက်တာ၊ထိတာ၊ ကြံတာကို ခံစားတာက ကြားခံစားဝေဒနာ၊နံခံစားဝေဒနာ၊ထိခံစားဝေဒနာ၊ ကြံခံစားဝေဒနာတဲ့၊ အဲဒါ ဝေဒနာခြောက်မျိုး ဖြစ်တယ်။

အဲဒီနေရာကနေပြီးတော့ မျက်စိက ပဋိစ္စသမုပ္ပါဒ်တမျိုး၊နား,နှာ,လျှာ, ကိုယ်,စိတ်တို့ကလဲ ပဋိစ္စသမုပ္ပါဒ်တမျိုးစီ၊ အဲသလို ပဋိစ္စသမုပ္ပါဒ် ခြောက်မျိုး ခွဲသွားနိုင်ပါတယ်။

ဝေဒနာကြောင့် တဏှာဖြစ်တယ်ဆိုရာ၌ တဏှာအရ လောဘမူစိတ်၌ ယှဉ်တဲ့လောဘစေတသိက်ကိုကောက်ရတယ်၊အဲဒီတဏှာကလဲ အာရုံခြောက်ပါး ကို တပ်မက်လာတဲ့အတွက် တဏှာခြောက်မျိုး ရှိပြန်တယ်၊ တဏှာဟာ အကျယ် အားဖြင့်တော့ တရာ့ရှစ်ပါးရှိတယ်။

၁။ ကာမ,ဘဝ ါ၊ ဝိဘဝ ါ၊ တဏှာသုံးမျိုးတည်။

၂။ အာရုံခြောက်ပါး၊ မြှောက်တုံငြား၊ အပါးသယ်ရှစ်မည်။

၃။ ကာလသုံးတန်၊ ယင်းကိုမှန်၊ မြှောက်ရန် မလွဲပြီ။

၄။ သန္တာန် နှစ်-ဝ၊ မြှောက်တုံက၊ တရာ့ရှစ်ပါးမည်။

အဲဒီနေရာမှာ ကာမတဏှာဆိုတာ ကာမဂုဏ်အာရုံ၌ တပ်မက်တာကို ဆိုတယ်၊ ဘဝတဏှာဆိုတာ ဘဝဟာ ထာဝရမြဲတယ် ယူဆပြီး တပ်မက်တဲ့ သဿတဒိဋ္ဌိနှင့်တကွဖြစ်တဲ့ တဏှာကို ဆိုတယ်၊ ဝိဘဝတဏှာ ဆိုတာကတော့ သေရင်မြေကြီး ဆိုသလို သေသွားရင်ပြတ်တာပဲ၊ နောင် အကြောင်း ဆက်လက် ခြင်းမရှိဘူးလို့ယူပြီး တပ်မက်တဲ့ ဥစ္ဆေဒဒိဋ္ဌိနှင့်တကွဖြစ်တဲ့ တဏှာကို ဆိုပါတယ်။

"တဏှာကြောင့် ဥပါဒါန်ဖြစ်တယ်"ဆိုရာ၌ ဥပါဒါန်ဟာလေးမျိုးရှိပါ တယ်၊ ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်,သီလဗ္ဗတုပါဒါန်,အတ္တဝါဒုပါဒါန်-တဲ့။

အဲဒီ လေးမျိုးထဲက ကာမုပါဒါန်အရ လောဘကိုပဲ ကောက်ရတယ်၊ ကျန်သုံးမျိုးအရကိုတော့ ဒိဋ္ဌိစေတသိက်ချည်း ကောက်တယ် ဒီနေရာမှာ တဏှာ အရကလဲ လောဘ၊ ကာမုပါဒါန်အရကလဲ လောဘပင်ဖြစ်နေတော့ ဒီတဏှာ အရ လောဘနှင့် ကာမုပါဒါန်အရ လောဘဟာ ဘယ်လိုထူးပါသလဲလို့မေးစရာ ရှိတယ်။

အဖြေမှာ- တဏှာအရ လောဘက လောဘကလေး ဖြစ်တယ်၊ အဲဒီ လောဘကလေးကို တဏှာလို့ ခေါ်တယ်၊လောဘကလေးကရင့်ကျက်လာတော့ တစ္ဆေကြီးတော့ သရဲ,ကလေးကြီးတော့ လူကြီးဆိုတာလို လောဘကြီး ဖြစ်လာ တယ်၊ အဲဒီ လောဘကြီးကိုတော့ ဥပါဒါန် (ကာမုပါဒါန်)လို့ ခေါ်ပါတယ်၊ တချို့ဆရာတို့ကတော့ မရောက်လာသေးတဲ့အာရုံကို တောင့်တနေတာကတဏှာ၊ ရောက်ပြီးအာရုံအပေါ် မြဲမြံစွာစွဲလမ်းနေတာက ဥပါဒါန်လို့ ဆိုကြသေးတယ်၊ အဲဒီ သဠာယတန, ဖဿ, ဝေဒနာတို့ဟာ ဒုက္ခသစ္စာတွေ ဖြစ်ပါတယ်၊ တဏှာ ကတော့ သမုဒယသစ္စာဖြစ်တယ်။

"ဥပါဒါန်ကြောင့် ဘဝဖြစ်တယ်"ဆိုရာ၌ ဘဝဟာ ကမ္မဘာ၊ ဥပပတ္တိဘဝလို့ နှစ်မျိုးရှိပါတယ်၊ကမ္မဘဝဆိုတာ လောကီကုသိုလ်ဆယ့်ခုနစ်၊အကုသိုလ်ဆယ့်နှစ်၌ယှဉ်တဲ့ စေတနာ(ကံ) နှစ်ဆယ့်ကိုးပါးကို ဆိုပါတယ်။

ဥပပတ္တိဘဝဆိုတာကတော့ အဲဒီစေတနာ(ကံ)ကြောင့် ပဋိသန္ဓေ၊ပဝတ္တိအခါဖြစ်တဲ့ ဝိပါက်နာမက္ခန္ဓာခေါ်တဲ့ ကမ္မဇရုပ်ကို ဆိုပါတယ်။

အဲဒီ ဥပပတ္တိဘဝက ကာမဘဝ၊ ရူပဘဝ၊ အရူပဘဝ၊ သညီဘဝ၊ အသညီဘဝ၊ နေဝသညီ နာသညီဘဝ၊ ဧကဝေါကာရဘဝ၊ စတုဝေါကာရဘဝ၊ ပဉ္စဝေါကာရဘဝ-လို့ ကိုးပါးရှိတယ်။

ဒီနေရာမှာ ဥပါဒါန်ကြောင့် ဘဝဖြစ်တယ်ဆိုတာ အမှန်ကတော့ ကမ္မဘဝကိုသာ ဆိုလိုရင်းဖြစ်တယ်၊ ဒါပေမဲ့ ဒီကမ္မဘဝကြောင့်ဖြစ်တဲ့ ဥပပတ္တိဘဝကိုလဲ အကြောင်းဖြစ်တဲ့ ကမ္မဘဝအပေါ် တင်စားပြီး ဥပစာသုံး အား ဖြင့် ဥပါဒါန်ကြောင့် ဘဝဖြစ်တယ်ဆိုတဲ့အထဲ ထည့်သွင်းရေတွက်ထားပါတယ်။

ဒီနေရာမှာ ကမ္မဘဝနှင့်သင်္ခါရအထူးကို သိရမယ်၊ဘယ်လိုလဲဆိုရင် ယခုဘဝအတွက် အကျိုးပေးရန် ရှေးအတိတ်ဘဝက အားထုတ်ခဲ့တဲ့ စေတနာ(ကံ)ကို သင်္ခါရလို့ခေါ်တယ်၊ နောင်ဘဝအတွက်အကျိုးပေးရန် ယခုပစ္စုပ္ပန်ဘဝမှာ အားထုတ်တဲ့စေတနာကံကို ကမ္မဘဝ-လို့ ခေါ်တယ်။

"ဘဝကြောင့် ဇာတိဖြစ်တယ်"ဆိုရာ၌ ဇာတိဟာ ကုသိုလ်ကံ၊အကုသိုလ်ကံကြောင့်ဖြစ်တဲ့အတွက် ဘဝအရကိုလဲ ကမ္မဘဝကိုသာ အဋ္ဌကထာ၌ ကောက်ထားတယ်။(မူလဋီကာ၌ကား ဥပပတ္တိဘဝကိုပါ ထည့်ကောက်တယ်)။

ဇာတိအရ လောကီဝိပါက် စိတ်စေတသိက်နှင့် ကမ္မဇရုပ်တို့၏ ဖြစ်ခြင်း(ဥပါဒ်)ကို ကောက်ရတယ်၊ ဥပပတ္တိဘဝ၏ဖြစ်စကို ဇာတိလို့ ဆိုလိုပါတယ်။

ဇာတိကြောင့် အိုမှု၊ သေမှုဖြစ်တယ်၊ စိုးရိမ်ပူဆွေးမှု စသည်တို့လဲဖြစ်ကြတယ်ဆိုရာ၌ အိုမှုဇရာဆိုတာ လောကီဝိပါက် စိတ် စေတသိက်နှင့် ကမ္မဇရုပ်တို့၏ ရင့်ခြင်း (ဌီ) ခဏကို ဆိုတယ်၊ သေမှုမရဏ ဆိုတာကတော့ ၎င်းစေတသိက်နှင့် ကမ္မဇရုပ်တို့၏ ပျက်ခြင်း(ဘင်)ခဏကို ဆိုပါတယ်။

စိုးရိမ်ပူဆွေးမှုသောကအရ ဒေါသမူဒွေး၌ယှဉ်တဲ့ ဒေါမနဿဝေဒနာကို ကောက်ရတယ်၊ ငိုကြွေးမှုပရိဒေဝအရ စိတ်ကြောင့်ဖြစ်တဲ့ ဖောက်ပြန်မှုအသံရုပ်ကို ကောက်ရတယ်။

ကိုယ်ဆင်းရဲမှုဒုက္ခအရ ဒုက္ခသဟဂုတ် ကာယဝိညာဏ် စိတ် ၌ ယှဉ် တဲ့ ဝေဒနာကိုကောက်၊ စိတ်ဆင်းရဲမှု ဒေါမနဿအရ ဒေါသမူဒွေး၌ယှဉ်တဲ့ဝေဒနာကိုပင်ကောက်၊ပြင်းပြစွာပူပန်မှု၊ဥပါယာသအရ ဒေါသမူဒွေး၌ယှဉ်တဲ့ဒေါသကို ကောက်ရပါတယ်။

၁။ အိုးတွင်းဆီကျက်၊ သောကတွက်၊ လျှံတက် ပရိဒေ။

၂။ ကုန်ခန်းအောင်သာ၊ ကျက်မှုမှာ၊ ဥပါယာသပေ။

(ဂန္ထာရုံဆရာတော်)

အာသဝေါတရား ဖြစ်ခြင်းကြောင့် အဝိဇ္ဇာဖြစ်တယ် ဆိုတာကတော့၊ အဝိဇ္ဇာဟာ အာသဝေါတရားကြောင့်ဖြစ်တယ်လို့ ပဋိစ္စသမုပ္ပါဒ် စက်လည်ပြလိုက်တာပါပဲ။

အာသဝေါတရားကြောင့် အဝိဇ္ဇာဘယ်လိုဖြစ်ပါသလဲဆိုရင်'ကာမတော ဇာယတီ သောကော'လို့ ဟောတော်မူတဲ့အတိုင်း သောက စသည် များဟာ ကာမာသဝကြောင့် ဖြစ်တယ်၊အဲဒီ သောကစသည်တို့ဖြစ်ရင်လဲ ယှဉ်ဘက်ဖြစ်တဲ့ အဝိဇ္ဇာလဲ ဖြစ်တော့တာပဲတဲ့။

အဲသလို သောက စသည်တို့နှင့်တကွ အဝိဇ္ဇာဟာ အာသဝေါတရား ကြောင့်ဖြစ်တဲ့အတွက် 'အာသဝသမုဒယာ အဝိဇ္ဇာသမုဒယော-အာသဝေါ တရားဖြစ်ခြင်းကြောင့် အဝိဇ္ဇာဖြစ်တယ်'လို့ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် မပြတ် အောင် လှည့်ဘီးစက်ပမာ လည်ပြလိုက်တာပါပဲတဲ့။

အဲဒီ-အဆက်မပြတ် စက်ရဟတ်ပမာ ချာချာလည်နေတဲ့ ပဋိစ္စသမုပ္ပါဒ် ဝဋ်တရားဟာ ဘယ်တရားကစ၍ဖြစ်ပြီး၊ ဘယ်အခါကစ၍ဖြစ်တယ်လို့ အစမရှိ, အစမထင်ဘူးတဲ့။ ဒါ့ကြောင့်....

"အနာဒိကံ၊အစမထင်သော။ဝဋ္ဋံ၊စက်ရဟတ်ပမာ ချာချာလည်နေသော ဝဋ်တရားကို။ ပဋိစ္စသမုပ္ပါဒေါတိ၊ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ဟူ၍။ မဟာမုနိ၊ မုနိထွတ်တင် ဘုရားရှင်သည်။ ပဋ္ဌပေသိ၊ ဟောကြားတော်မူခဲ့လေသတည်း"တဲ့။

အဲ-စက်ရဟတ်ပမာ ချာချာလည်နေတဲ့ ဝဋ်တရားဟာ ဘယ်တရားက စဖြစ်တယ်လို့ အစမရှိပေမဲ့ ဒီပဋိစ္စသမုပ္ပါဒ်ဆိုတဲ့ ဝဋ္ဋကထာကို ဟောကြားရာမှာ အဝိဇ္ဇာကိုအဦးထားပြီးတော့ ဟောတော်မူပါတယ်၊ဒါပေမဲ့ အဝိဇ္ဇာဆိုတဲ့တရား ဟာ အစဖြစ်လို့တော့ မဟုတ်ဘူးတဲ့။

ဘုရားကိုယ်တော်မြတ်ကြီးဟာ ဝဋ္ဋကထာကို ဟောကြားတော်မူတဲ့အခါ တချို့နေရာ အဝိဇ္ဇာကို အဦးထားပြီး ဟောပါတယ်၊ တချို့နေရာကျတော့ ဘဝ တဏှာဆိုတဲ့ တဏှာကို အဦးထားပြီး ဟောပါတယ်။ ဒါ့ကြောင့် ဘယ်တရားက စဖြစ်တယ်လို့ အစမရှိကြောင်း ဆိုထားပါတယ်။

ဆိုလိုရင်းကတော့ အဝိဇ္ဇာနှင့်တဏှာဟာ ဝဋ်၏မူလအကြောင်း, ဝဋ်၏ ရေသောက်မြစ်လို့ဆိုလိုပါတယ်၊သို့အတွက် ဝဋ်ကိုဟောရာမှာ ဒီတရားနှစ်ပါးကို အဦးထားပြီး ဟောတော်မူပါတယ်။

နှုတ် – ၆၉၊ (ဒုတိယအကြိမ်)

ဒီအဝိဇ္ဇာနှင့်တဏှာကို အဦးထားပြီးဟောတော်မူရတာကလဲ အဝိဇ္ဇာနှင့် တဏှာဆိုတဲ့ ကိလေသာနှစ်ပါးဟာ ဝဋ်ဒုက္ခကိုဖြစ်စေတဲ့ကံအတွက် လိုရင်းချက် အကြောင်းထူးများ ဖြစ်လို့ပါပဲတဲ့၊ ဘယ်လိုလဲဆိုရင် အဝိဇ္ဇာဟာ ဒုဂ္ဂတိဘုံသို့ ရောက်စေတဲ့ ကံအတွက် လိုရင်းချက် အကြောင်းထူး ဖြစ်ပါတယ်၊ အဝိဇ္ဇာက မသိတဲ့အတွက် အကုသိုလ်ကံကိုပြုလုပ်ပြီး ဒုဂ္ဂတိဘုံသို့ ရောက်ကြရပါတယ်။

တဏှာကတော့ သုဂတိဘုံသို့ရောက်စေတဲ့ ကံအတွက် လိုရင်း ချက် အကြောင်းထူး ဖြစ်တယ်၊ တဏှာက လူအဖြစ်, နတ်အဖြစ်ကို လိုချင်တဲ့အတွက် ကုသိုလ်ကို ပြုလုပ်ကြသဖြင့် သုဂတိဘုံသို့ ရောက်ကြရပါတယ်၊ အဲသလို ဝဋ်ကို ဖြစ်စေတဲ့ကံအတွက် လိုရင်းချက် အကြောင်းထူးဖြစ်လို့ ဒီ အဝိဇ္ဇာနှင့် တဏှာကို အဦးထားပြီး ဟောတော်မူခြင်း ဖြစ်ပါတယ်တဲ့။

ကိုင်း....တော်ကြဦးစို့။

"ဝေမေတာယ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ"လို့ဆိုဘဲ့ နိဂုံးချုပ်စကားအတိုင်း၊ ယခုပြောပြခဲ့တဲ့ ချမ်းသာမဖက် ဆင်းရဲအစု,ဆင်းရဲတုံး သက်သက်ဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ်စက် ဝဋ်တရားကို သံဝေဂထားပြီးလျှင် ပဋိစ္စ သမုပ္ပါဒ် စက်ပြတ်ရေးသို့ ရှေးရှုချီဘက်နိုင်ကြပါစေသတည်း။

(သာခု....သာခု....သာခု)

ပဋိစ္စသမုပ္ပါဒ်တရား ပြီးပြီ။

---

## (၁၁) ပဋိစ္စသမုပ္ပါဒ်စက် လည်ရခြင်းနှင့် ပြတ်ရခြင်းအကြောင်း တရားတော်

က။ အနေကဇာတိသံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။

ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။

(ဥဒါန်းပါဠိတော်)

"ငါဘုရားဟာ ကြိမ်ဖန်များစွာ ဘဝတွေ ဖြစ်ရကာ ဆင်းရဲလှသော ကြောင့် တဏှာကိုရှာဖွေသက်ခဲ့ပေမဲ့ အနိုင်မရ,အသေမသတ်နိုင်ခဲ့လို့ဘဝများစွာ (ပဋိစ္စသမုပ္ပါဒ် စက်လည်ကာ)သံသရာခရီးသည်အဖြစ် ကျင်လည် ခဲ့ရပေတယ်" လို့ ရွတ်ဆို ကျူးရင့်တော်မူပါတယ်။

အဲဒါဟာ တဏှာမသေသေးလို့ ပဋိစ္စသမုပ္ပါဒ်စက်လည်ပုံကို ပြလိုက်တာ ပါပဲ၊ ပဋိစ္စသမုပ္ပါဒ် စက်လည်တာဟာ တဏှာမသေသေးလို့တဲ့၊မှတ်ထားကြပါ။

တဏှာမသေခြား၊ ဝဋ်တရား၊ လည်ကာ လည်မည်သာ။ (ဆို)

ဘုရားကိုယ်တော်မြတ်ကြီးက တဏှာမသေသောကြောင့် ပဋိစ္စသမုပ္ပါဒ် စက်လည်တာလို့ တဏှာကိုခေါင်းတပ်ပြီး ဟောထားပါတယ်၊အမှန်အားဖြင့်လဲ တဏှာမသေသေးရင် ကျန်တဲ့ အဝိဇ္ဇာစသော ကိလေသာများနှင့် ကံများလဲ မသေပါဘူး၊ တဏှာသေရင်တော့ အားလုံးကုန် သေကြတာပဲ၊ ဒါ့ကြောင့် တဏှာကို ခေါင်းတပ်ပြီး ဟောထားတာဖြစ်တယ်။

"တဏှာမသေရင် ပဋိစ္စသမုပ္ပါဒ် စက်လည်တယ်" အဲဒါကို သေသေ ချာချာ မှတ်ထားပါ။

ခ။ ဂဟကာရက ဒိဋ္ဌောသိ၊ ပုန ဂေဟံ န ကာဟသိ။
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။
ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ။ (ဥဒါန်းပါဠိတော်)

ဟဲ့-တဏှာလက်သမား(ယခုတော့)နင့်ကိုငါးဘုရား တွေ့မြင်ရပြီ၊အသေ သတ်နိုင်ပြီ၊ နင့်ရဲ့ အသင်းအပင်းဖြစ်တဲ့ ကိလေသာ အခြင်,ဒိုင်း,မြားတွေကိုလဲ ငါဘုရားချိုးဖျက်ပစ်လိုက်ပြီ၊အဝိဇ္ဇာဆိုတဲ့ခေါင်အုပ်ကြီးကိုလဲ ငါဘုရားချေမှုန်း ပစ်လိုက်ပြီ၊နင်ဟာ နောက်ထပ်တဖန်'ပဋိစ္စသမုပ္ပါဒ်ဝဋ္ဋဒုက္ခ'ဖြစ်တဲ့ခန္ဓာအိမ်ကြီး ကို မဆောက်လုပ်ရတော့ဘူး၊(ပဋိစ္စသမုပ္ပါဒ်စက်မလည်ရတော့ဘူး၊)ငါဘုရားရဲ့ စိတ်ဟာ နင်မနှောင့်ယှက်နိုင်တဲ့ (နိဗ္ဗာန်)နေရာမှာ ရောက်နေပြီ၊ ငါဘုရားဟာ နင်လွတ်မြောက်တဲ့ (အရဟတ္တ မဂ်,ဉာဏ်) နယ်မြေကို လက်ကိုင်ရရှိနေပြီ-လို့ ရွတ်ဆိုကျူးရင့်တော်မူပါတယ်။

အဲဒါကတော့ တဏှာသေသွားလို့ ပဋိစ္စသမုပ္ပါဒ်စက်ပြတ်တာကိုပြလိုက် တာပဲ၊ ပဋိစ္စသမုပ္ပါဒ်စက်ပြတ်တာကတော့ တဏှာသေသွားလို့ ပြတ်တာတဲ့။

တဏှာသေသွား၊ ဝဋ်တရား၊ လည်ကား မလည်ပါ။ (ဆို)
တဏှာသေက၊ ဝဋ်ဒုက္ခ၊ ပြတ်ရလေသည်သာ။ (ဆို)

တဏှာသေလို့ရှိရင် ကျန်တဲ့ အဝိဇ္ဇာစသော ကိလေသာများနှင့် ကံများ ဟာလဲ သေတော့တာပဲတဲ့။ ဒါ့ကြောင့် ပဋိစ္စသမုပ္ပါဒ် စက်ပြတ်တဲ့နေရာမှာလဲ တဏှာကိုပဲ ခေါင်းတပ်ပြီး ဟောထားပါတယ်။

"တဏှာသေရင်ပဋိစ္စသမုပ္ပါဒ်စက်ပြတ်တယ်"အဲဒါကို သေသေချာချာ မှတ်ထားပါ။

အဲ-ဒီ ပဋိစ္စသမုပ္ပါဒ် စက်လည်ရပုံနှင့် ပြတ်ရပုံနှစ်မျိုးကို ဟောပြထားတဲ့ ဒေသနာနှစ်ရပ်ဟာ ဤသာသနာတော်မှာ ဘုရားကိုယ်တော်မြတ်ကြီး အဦးဆုံး ရွတ်ဆိုကျူးရင့်တော်မူတဲ့ ဥဒါန်းဂါထာတော်များဖြစ်ပါတယ်၊ အချိန်ကတော့ မဟာသက္ကရာဇ် ၁၀၃-ခု၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့အချိန် ဖြစ်ပါတယ်။

အဲဒီ-ဥဒါန်း ဂါထာတော်နှစ်ရပ်ထဲက ‘အနေကဇာတိသံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။ ဒုက္ခာဇာတိပုနပ္ပုနံ’ ဟူသောစကားက ဒုက္ခသဘောကိုဖော်ထုတ်လိုက်တဲ့ ‘ဒုက္ခသစ္စာ’ ဖြစ်ပါတယ်၊ ‘ဂဟကာရံနှင့် ဂဟကာရက’ ဟူသော စကားက တော့ တဏှာသဘောကိုပြောပြတဲ့ ‘သမုဒယသစ္စာ’ဖြစ်ပါတယ်၊ မဂ္ဂသစ္စာဖြစ်တဲ့ မဂ္ဂင်ရှစ်ပါးကို သုတ္တန္တ ဘာဇနီယနည်းအားဖြင့် လောကီ၊ လောကုတ္တရာ နှစ်မျိုး ဟောထားသောကြောင့် မဂ္ဂသစ္စာကို လောကီ၊ လောကုတ္တရာနှစ်မျိုးခွဲ၍ ပြသင့်တယ်၊ သို့အတွက် “ဂဝေသန္တော” ဟူသော စကားက ပါရမီကုသိုလ် တွေကို ဖြည့်ဆည်းပူးတဲ့ ‘လောကီမဂ္ဂသစ္စာ’ဖြစ်တယ်လို့ မှတ်ရမယ်၊ ‘ဒိဋ္ဌောသိ၊ပုနဂေဟံ နကာဟသိ။ သဗ္ဗာ တေ ဖာသုကာဘဂ္ဂါ ဂဟကူဋံ ဝိသင်္ခတံ’ ဟူသော စကား ကတော့ တဏှာအသင်းအပင်းတို့ကို ပယ်သတ်လိုက်တဲ့‘လောကုတ္တရာ မဂ္ဂသစ္စာ’ ဖြစ်ပါတယ်၊ ‘ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ’ ဟူသော စကားက တဏှာ၏ လွတ်မြောက်ရာ နိဗ္ဗာန်ကိုပြတဲ့ ‘နိရောဓသစ္စာ’ ဖြစ်ပါတယ်။

အဲသလို ကဆုန်လပြည့်နေ့တုန်းက အရိပ်ပြခဲ့တဲ့ “သစ္စာလေးပါးတရား” ကို ဝါဆိုလပြည့်နေ့ကျတော့ ‘ဓမ္မစကြာ’ဟူသောအမည်နှင့် အကောင်အထည် ဖော်တော်မူလိုက်ပါတယ်၊ အဲဒါကို သတိပြုမိကြပါစေ။

ကိုင်း....ပဋိစ္စသမုပ္ပါဒ် စက်လည်ပုံနှင့် စက်ပြတ်ပုံကို အကောင်အထည် ဖော်လိုက်ကြဦးစို့။

## ပဋိစ္စသမုပ္ပါဒ် အင်္ဂါဆယ့်နှစ်ပါး

အဝိဇ္ဇာ သင်္ခါရာ ဝိညာဏံ နာမရူပံ သဠာယတနံ ဖဿော ဝေဒနာ
တဏှာ ဥပါဒါနံ ဘဝေါ ဇာတိ ဇရာ မရဏန္တိ ဒွါဒသင်္ဂါနိ။
(သင်္ဂဟ အဋ္ဌကထာ)

အင်္ဂါဆယ့်နှစ်ပါးမှာ ၁-အဝိဇ္ဇာ၊ ၂-သင်္ခါရ၊ ၃-ဝိညာဏ်၊ ၄-နာမ်-ရုပ်၊ ၅-သဠာယတန၊ ၆-ဖဿ၊ ၇-ဝေဒနာ၊ ၈-တဏှာ၊ ၉-ဥပါဒါန်၊ ၁၀-ဘဝ၊ ၁၁-ဇာတိ၊ ၁၂-ဇရာ-မရဏ-ဖြစ်ပါတယ်။

ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းတွင် မပါလျှင် မပြီးတဲ့ အစိတ်အပိုင်း ဖြစ်တယ်၊ လှည်းဘီးစက်ဝိုင်း၏ အစိတ်အစိတ် ဒေါက်ဆံများကဲ့သို့ မှတ်ရမယ်။

သောက-စတဲ့ ငါးမျိုးကတော့ ဇာတိရဲ့ အကျိုးဆက်များသာဖြစ်တဲ့ အတွက် အင်္ဂါအသီးအခြား မယူရဘူး၊ပဋိစ္စသမုပ္ပါဒ်အင်္ဂါထဲမှာ မသွင်းဘူး။

## အခြင်းအရာ နှစ်ဆယ်

၁။ အဝိဇ္ဇာ သင်္ခါရဂ္ဂဟဏေန ပနေတ္ထ တဏှုပါဒါနဘဝါပိ ဂဟိတာ ဘဝန္တိ။

၂။ ပုရိမ ကမ္မ ဘဝသ္မိံ မောဟော အဝိဇ္ဇာ၊ အာယူဟနာ သင်္ခါရာ၊ နိကန္တိ တဏှာ၊ ဥပဂမနံ ဥပါဒါနံ၊ စေတနာ ဘဝေါ၊ ဣတိ ဣမေ ပဉ္စဓမ္မာ ပုရိမကမ္မဘဝသ္မိံ ဣဓ ပဋိသန္ဓိယာ ပစ္စယာ။

ဒီ-ပါဠိအတိုင်း အဝိဇ္ဇာ,သင်္ခါရအရ ကိလေသာဝဋ်ချင်း,ကမ္မဝဋ်ချင်း တူတဲ့ တဏှာ,ဥပါဒါန်,ကမ္မဘဝတို့ကိုပါ ယူရသဖြင့် အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်,ကမ္မဘဝ အားဖြင့် ငါးပါးဖြစ်လာတယ်။ အဲဒီ ငါးပါးကိုရှေးအတိတ် အကြောင်းငါးပါးလို့ မှတ်ခဲ့ပါ။

“ဝိညာဏ်,နာမ်-ရုပ်,သဠာယတန,ဖဿ,ဝေဒနာ” ဒီ-ငါးပါးကိုတော့ ယခု ပစ္စုပ္ပန်အကျိုးငါးပါးလို့ မှတ်ထား၊ အဲဒါကတော့ အင်္ဂါထဲမှာ တိုက်ရိုက် ရှိပါတယ်။

၁။ တထာ တဏှုပါဒါန ဘဝဂ္ဂဟဏေနစ အဝိဇ္ဇာသင်္ခါရာ။

၂။ ဣဓ ပရိပက္ကတ္တာ အာယတနာနံ မောဟော အဝိဇ္ဇာ၊ အာယူဟနာ သင်္ခါရာ၊နိကန္တိ တဏှာ၊ဥပဂမနံ ဥပါဒါနံ၊စေတနာ ဘဝေါ၊ဣတိ ဣမေ ပဉ္စဓမ္မာ ဣဓ ကမ္မဘဝသ္မိံ အာယတိံ ပဋိသန္ဓိယာ ပစ္စယာ။

အဲဒီ ပါဠိအတိုင်း တဏှာ,ဥပါဒါန်,ကမ္မဘဝအရ ကိလေသာဝဋ်ချင်း, ကမ္မဝဋ်ချင်းတူတဲ့ အဝိဇ္ဇာ, သင်္ခါရတို့ကိုပါ ယူရသဖြင့် အဝိဇ္ဇာ,သင်္ခါရ,တဏှာ, ဥပါဒါန်,ကမ္မဘဝအားဖြင့် ငါးပါးပင် ဖြစ်ပြန်တယ်။ ဒီငါးပါးကိုတော့ ယခု ပစ္စုပ္ပန်အကြောင်းငါးပါးလို့ မှတ်ရမယ်။

ဇာတိဇရာ မရဏဂ္ဂဟဏေနစ ဝိညာဏာဒိ ဖလပဉ္စကမေဝ ဂဟိတံ။

ဒီ ပါဠိအတိုင်း အင်္ဂါထဲမှာတိုက်ရိုက်ပါတဲ့ ဇာတိ,ဇရာ,မရဏအရ ဇာတိ ဆိုတာ တရားကိုယ်သီးခြားမရှိ၊ ဝိညာဏ်,နာမ်-ရုပ်,သဠာယတန,ဖဿ,ဝေဒနာ တို့၏ ဖြစ်ခြင်း(ဥပါဒ်)သာ ဖြစ်တဲ့အတွက်ကြောင့်ရယ်၊ဇရာ,မရဏ ဆိုတာကလဲ ရယ်ဝိညာဏ် စသည်တို့၏ ဌီနှင့်ဘင်သာ ဖြစ်တဲ့အတွက်ကြောင့်ရယ်၊ “ဝိညာဏ်, နာမ်-ရုပ်,သဠာယတန,ဖဿ,ဝေဒနာ”ဒီ-ငါးပါးကိုပင်ယူရတယ်၊ အဲဒီငါးပါး ကို နောင်အနာဂတ် အကျိုးငါးပါးလို့ မှတ်ရမယ်။

အားလုံး ပေါင်းလိုက်တော့ အတိတ်အကြောင်းက ငါးပါး၊ ပစ္စုပ္ပန် အကျိုးက ငါးပါး၊ ပစ္စုပ္ပန် အကြောင်းက ငါးပါး၊ အနာဂတ် အကျိုးက ငါးပါး၊ အဲဒါ အခြင်းအရာ နှစ်ဆယ် ဖြစ်ပါတယ်။

အဲဒီ အခြင်းအရာ နှစ်ဆယ်ထဲက အတိတ်အကြောင်း ငါးပါးမှာရော၊ ပစ္စုပ္ပန်အကြောင်း ငါးပါးမှာရော သင်္ခါရနှင့် ကမ္မဘဝ ပါလျက် နေပြန်ရာ၊ ၎င်းတို့၏အထူးမှာ...,

(၁) ကုသိုလ်, အကုသိုလ်ကို ပြုလုပ်ရာ ရှေးအဖို့ဖြစ်တဲ့ ပုဗ္ဗစေတနာကို သင်္ခါရ၊ မုဉ္စစေတနာကို ကမ္မဘဝ-လို့ ကောက်ရတယ်။

(၂) တနည်း - ဇောခုနစ်ကြိမ်ထဲက ရှေ့ဇော ခြောက်ကြိမ်နှင့် ယှဉ်တဲ့ စေတနာကို သင်္ခါရ၊ သတ္တမဇောနှင့်ယှဉ်တဲ့စေတနာကို ကမ္မဘဝ ကောက်ရတယ်။

(၃) တနည်း-စေတနာနှင့်ယှဉ်တဲ့စိတ်,စေတသိက်ကို သင်္ခါရ၊စေတနာကို ကမ္မဘဝ-လို့ ကောက်ရတယ်၊ အဲဒါဟာ အထူးပါပဲတဲ့။ ဤနည်းများကတော့ နောက်ကပြခဲ့တဲ့နည်းမှတပါး တသီးတခြား ပြဆိုလိုက်တဲ့နည်းများ ဖြစ်ပါတယ်။

## ဝဋ်သုံးပါး

အခြင်းအရာ နှစ်ဆယ်ထဲက အဝိဇ္ဇာ,တဏှာ,ဥပါဒါန်တို့ကို ကိလေသာ တရား ဖြစ်တဲ့အတွက် ကိလေသာဝဋ်လို့မှတ်၊ သင်္ခါရနှင့် ကမ္မဘဝကိုတော့ ကံတရားဖြစ်တဲ့အတွက် ကမ္မဝဋ်လို့ မှတ်ရမယ်။

ဝိညာဏ်, နာမ်-ရုပ်,သဠာယတန,ဖဿ,ဝေဒနာတို့နှင့် ဥပပတ္တိဘဝမှာ အတူတူ ဖြစ်ပါတယ်။ ဇာတိ, ဇရာ, မရဏတို့လဲ အတူတူပါပဲ၊ သို့အတွက် ၎င်းအားလုံးကို အကျိုးတရားဖြစ်၍ ဝိပါကဝဋ်လို့ မှတ်ရမယ်။

## ဝဋ်၏ အမြစ်နှစ်ပါး

အဝိဇ္ဇာနှင့် တဏှာကိုတော့ ဝဋ်၏အမြစ်လို့ မှတ်ရမယ်၊ အဲဒီ အဝိဇ္ဇာနှင့် တဏှာဟာ ဝဋ်ရှိရေသောက်မြစ်ကြီးများ ဖြစ်ပါတယ်၊ လိုရင်းချုပ် အကြောင်း ထူးများလဲ ဖြစ်ပါတယ်။

## အကြောင်းနှင့် အကျိုး

ကိလေသာဝဋ်နှင့် ကမ္မဝဋ်ဖြစ်တဲ့ အဝိဇ္ဇာ,သင်္ခါရ,တဏှာ,ဥပါဒါန်,ကမ္မဘဝတို့က အကြောင်းတရား ဖြစ်တယ်၊ ဝိပါကဝဋ်ဖြစ်တဲ့ ဝိညာဏ်, နာမ်-ရုပ်, သဠာယတန, ဖဿ, ဝေဒနာတို့က အကျိုးတရားဖြစ်တယ်၊ အကြောင်းတရားက အတိတ်အကြောင်း, ပစ္စုပ္ပန်အကြောင်းလို့ နှစ်မျိုးဖြစ်တယ်၊ အကျိုးတရားက ပစ္စုပ္ပန်အကျိုး, အနာဂတ်အကျိုးလို့ နှစ်မျိုးဖြစ်တယ်။

ဒါ့ကြောင့် - အတိတ်အကြောင်းက တလွှာ, ပစ္စုပ္ပန်အကျိုးက တလွှာ, ပစ္စုပ္ပန်အကြောင်းက တလွှာ,အနာဂတ်အကျိုးက တလွှာ-လို့ အလွှာလေးလွှာ ဖြစ်ပါတယ်။

အစပ်ကတော့ အတိတ်အကြောင်းနှင့် ပစ္စုပ္ပန်အကျိုး ဒီနှစ်ခုအကြားမှာ တစပ်၊ ပစ္စုပ္ပန်အကျိုးနှင့် ပစ္စုပ္ပန်အကြောင်း ဒီနှစ်ခုအကြားမှာ တစပ်၊ ပစ္စုပ္ပန်အကြောင်းနှင့် အနာဂတ်အကျိုး ဒီနှစ်ခုအကြားမှာ တစပ်၊အဲဒီအတိုင်း အစပ်သုံးစပ် ရှိပါတယ်၊ ပဋိစ္စသမုပ္ပါဒ်စက် ဖြတ်တဲ့အခါ အလယ်စပ်ကနေ ဖြတ်ကာ တဏှာကို သတ်ရပါတယ်၊ တဏှာသေရင် ပဋိစ္စသမုပ္ပါဒ် စက်ပြတ်ပါတယ်။

အဲဒီ အစပ်သုံးစပ်နှင့် အလှ္ဒာလေးလှ္ဒာအတိုင်း ပဋိစ္စသမုပ္ပါဒ်စက် လည်နေပုံကတော့ 'ရှေးဘဝက အဝိဇ္ဇာ,သင်္ခါရ,တဏှာ,ဥပါဒါန်,ကမ္မဘဝတို့ကြောင့် ယခုဘဝမှာ ဝိညာဏ်,ရုပ်-နာမ်,သဠာယတန,ဖဿ,ဝေဒနာဖြစ်ရတယ်၊ယခုဘဝ အဝိဇ္ဇာ,သင်္ခါရ,တဏှာ,ဥပါဒါန်,ကမ္မဘဝတို့ကြောင့် နောင်ဘဝမှာ ဝိညာဏ်, နာမ်-ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ဖြစ်ရတယ်'လို့ အဲသလို ပဋိစ္စသမုပ္ပါဒ် စက်လည်နေပုံကို ပြဆိုပါတယ်။

## ပဋိစ္စသမုပ္ပါဒ် စက်လည်ရခြင်းအကြောင်း

ပဋိစ္စသမုပ္ပါဒ်စက် ဘာ့ကြောင့် လည်ရတာလဲ၊ တဏှာမသေခြင်းကြောင့် လည်ရပါတယ်၊ တဏှာမသေရင်လဲ တဏှာနှင့်တွဲဘက်ဖြစ်တဲ့ အဝိဇ္ဇာ,ဥပါဒါန် ဆိုတဲ့ ကိလေသာလဲ မသေဘူး၊ ကိလေသာ မသေရင် သင်္ခါရနှင့် ကမ္မဘဝဆိုတဲ့ ကံကလဲ မသေဘူး၊ တဏှာသေရင်တော့ အားလုံးသေကြတယ်၊ ကိလေသာမှုန်သမျှနှင့် ကံမှုန်သမျှ ဘာမှမကျန်တော့ဘူး၊ 'ခွက်သွန်-ဖာမှောက်' အကုန်ပြောင် အောင် သေကြတယ်။

တဏှာ မသေသေးရင်တော့ အဝိဇ္ဇာ, ဥပါဒါန် ဆိုတဲ့ ကိလေသာနှင့် သင်္ခါရ, ကမ္မဘဝဆိုတဲ့ ကံများဟာလဲ မသေကြဘူး၊ သို့အတွက် ပဋိစ္စသမုပ္ပါဒ် စက်လည်ရခြင်းအကြောင်းထဲက တဏှာဟာ အဓိကလိုရင်းချက်ကြီးဖြစ်ပါတယ်၊ အဲဒီ တဏှာဟာ သမုဒယသစ္စာပါပဲ။

ဒီ-သမုဒယသစ္စာဖြစ်တဲ့ တဏှာပချုပ်သေး, မသေသေးရင် ''ဝေဒနာပစ္စယာ တဏှာ၊တဏှာပစ္စယာ ဥပါဒါနံ၊ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ''လို့ ဆိုတဲ့အတိုင်း ဝေဒနာနှင့် တဏှာ အကြားဖြစ်တဲ့ အလယ်အစပ်က ပဋိစ္စသမုပ္ပါဒ်မဖြစ်တဲ့အတွက် အဲဒီ-သမုဒယသစ္စာ တဏှာကြောင့် 'ဇာတိ,ဇရာ, မရဏ'အရဖြစ်တဲ့ ဝိညာဏ်, နာမ်-ရုပ်, သဠာယတန,ဖဿ,ဝေဒနာ-ဆိုတဲ့ ဒုက္ခသစ္စာ အကျိုးတရားများ ဖြစ်ပေါ်လာရတယ်တဲ့။

ဒီနေရာမှာ မှတ်လို့လွယ်အောင် ဝိညာဏ်,နာမ်-ရုပ်,သဠာယတန,ဖဿ, ဝေဒနာတို့အစား ''ရုပ်, နာမ်, ခန္ဓာ, ဒုက္ခသစ္စာ''ဆိုတဲ့ စကားကို သုံးရဲ့ရမယ်၊ မှတ်ထားကြပါ။ ဒါ့ကြောင့် သမုဒယသစ္စာ တဏှာကြောင့် ရုပ်, နာမ်, ခန္ဓာ, ဒုက္ခသစ္စာတွေ ဖြစ်တယ်-လို့ ဆိုလိုပါတယ်။

ပဋိစ္စသမုပ္ပါဒ် စက်လည်နေပုံကတော့....''သမုဒယသစ္စာတဏှာအသီးက ရုပ်,နာမ်,ခန္ဓာ ဒုက္ခသစ္စာအပင်ဖြစ်၊ရုပ်,နာမ်,ခန္ဓာ သစ္စာအပင်ကသမုဒယသစ္စာ တဏှာအသီးသီး၊ သမုဒယသစ္စာတဏှာအသီးက ရုပ်,နာမ်,ခန္ဓာ ဒုက္ခသစ္စာအပင် ဖြစ်''၊ အဲဒီအတိုင်း အဆက်မပြတ် စက်ရဟတ်ပမာ ချာချာလည် နေတော့တာ ပဲတဲ့။

အဲသလို ပဋိစ္စသမုပ္ပါဒ်စက် လည်နေရတာကတော့ သမုဒယသစ္စာဖြစ်တဲ့ တဏှာမသေသေးလို့လည်နေရတာတဲ့။ဒါကြောင့် ဘုရားကိုယ်တော်မြတ်ကြီးက-

အနေကဇာတိသံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။

ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။

လို့ ရွတ်ဆိုကျူးရင့်တော်မူထားပါတယ်။

ဂဟကာရက၊ ဟဲ့-တဏှာလက်သမား။ အဟံ၊ ငါဘုရားသည်။ ပုနပ္ပုနံ၊ ကြိမ်ဖန်များစွာ။ ဇာတိ၊ ဘဝတွေ ထပ်ကာထပ်ကာ ဖြစ်နေရခြင်းသည်။ဒုက္ခာ၊ အဖုံဖုံညှဉ်းဆဲသဖြင့် ဆင်းရဲလှသော ကြောင့်။ ဂဟကာရံ၊ အသင် တဏှာ လက်သမားကို။ ဂဝေသန္တော၊ ပါရမီကုသိုလ်တွေကို ဖြည့်ကျင့်ကာ စုံစမ်းရှာဖွေ လို့ လာခဲ့ပေမဲ့။ အနိဗ္ဗိသံ၊ သင့်ကိုအပြတ် ပယ်သတ်နိုင်တဲ့ အရဟတ္တ မဂ်ဉာဏ် ကို မရခဲ့ဘူးသေးလို့။ အနေကဇာတိသံသာရံ၊ ဘဝများစွာ ကာလကြာအောင်။ သန္ဓာဝိဿံ၊ ခန္ဓာအိမ်တွေ အကြိမ်ကြိမ်ဆောက်ကာ ပဋိစ္စသမုပ္ပါဒ် စက်လည်ခဲ့ရ ရှာတော့သတည်း။

ကမ္ဘာကျော် လယ်တီ ဆရာတော်ဘုရားကြီးကလဲ....

''သို့ကလောက် ရှုံစရာကို၊ လွန်တဏှာ မက်စွဲလို့၊ စက်ဝဲမှာ တပေပေ၊ မွှန်းနစ်ကြပလေ''လို့ စပ်ဆိုတော်မူထားတယ် မဟုတ်လား။

ပဋိစ္စသမုပ္ပါဒ် စက်ပြတ်ရခြင်းအကြောင်း၌ ပဋိစ္စသမုပ္ပါဒ်စက် ဘာလို့ ပြတ်ရတာလဲ၊ တဏှာသေလို့ ပြတ်ရပါတယ်တဲ့။ တဏှာသေရင် ကိလေသာနှင့် ကံမှန်သမျှ ဘာမျှမကျန်အောင် သေတော့တာပဲတဲ့။

သို့အတွက် ပဋိစ္စသမုပ္ပါဒ် စက်ပြတ်ရခြင်း အကြောင်းမှာလဲ တဏှာပဲ လိုရင်းဖြစ်ပါတယ်တဲ့။ အဲဒီသမုဒယသစ္စာ တဏှာချုပ်ရင်, သမုဒယသစ္စာတဏှာ သေရင်''ဝေဒနာနိရောဓာ တဏှာနိရောဓော၊ တဏှာနိရောဓာ ဥပါဒါန နိရောဓော၊ ဥပါဒါနနိရောဓာ ဘဝနိရောဓော၊ ဘဝနိရောဓာ ဇာတိနိရောဓော''လို့ ဆိုတဲ့အတိုင်း ဝေဒနာနှင့် တဏှာအကြားဖြစ်တဲ့ အလယ်စပ်ကနေပြီး တဏှာကို သတ်လို့ တဏှာသေတဲ့အတွက် ရုပ်,နာမ်,ခန္ဓာ,ဒုက္ခသစ္စာတွေလဲ မဖြစ်တော့ဘူး၊ ချုပ်တော့တာပဲ, သေတော့တာပဲ, ပြတ်တော့တာပဲတဲ့။ အဲဒါကိုရည်ပြီးတော့-

''နတ္ထိ ဒါနိ ပုနဗ္ဘဝေါ၊ ယခုငါဘုရားမှာ တဖန်ဘဝသစ်မရှိတော့ဘူး၊ ဘဝပြတ်ပြီ''လို့ ဟောတော်မူလိုက်ပါတယ်။

ရုပ်,နာမ်,ခန္ဓာ,ဒုက္ခသစ္စာတွေ မဖြစ်တော့တာဟာ တဏှာသေလို့မဟုတ်လား။ အဲဒီတဏှာကို ဘယ်ကနေပြီး သတ်ရမလဲ။ ပဋိစ္စသမုပ္ပါဒ် စက်ကြီးမှာ ဝေဒနာနှင့်တဏှာအကြားဖြစ်တဲ့ အလယ်စပ်ကနေပြီး သတ်ရမယ်။

ကဲ-တဏှာကို ဘယ်ကနေပြီး သတ်မလဲ။ အလယ်စပ်ကနေပြီး သတ်မယ် မှတ်ထားကြနော်။

အလယ်စပ်ကနေ၊ တဏှာပေ၊ သတ်လေ မလွဲပါ။ (ဆို)

ဒီ ပဋိစ္စသမုပ္ပါဒ်စက်ကြီးမှာ အစပ်သုံးစပ်ရှိတဲ့အနက် ဝေဒနာနှင့်တဏှာရဲ့အကြားဟာ အလယ်အစပ်ဖြစ်တယ်။ အဲဒီ အလယ်အစပ်ကနေပြီး တဏှာကို သတ်ရမယ်။

ဒီအလယ်အစပ်ဆိုတာ ယခုဖြစ်ဆဲ ရုပ်,နာမ်,ခန္ဓာ,ဒုက္ခသစ္စာ အကျိုးနှင့် ယခုဖြစ်ဆဲသမုဒယသစ္စာတဏှာအကြောင်းရဲ့အကြားဖြစ်တဲ့အစပ်ကိုဆိုပါတယ်။ ဒီအစပ်ကနေပြီးတော့ အကြောင်း သမုဒယသစ္စာတဏှာကို သတ်ရမယ်။

ဘာနှင့်သတ်မလဲ၊ သတိပဋ္ဌာန် သမထ, ဝိပဿနာနှင့် သတ်မယ်၊ သတိပဋ္ဌာန် သမထ,ဝိပဿနာနှင့် သတ်ရမယ်တဲ့။ ဘယ်လိုသတ်ရမလဲ၊အကျိုးဘက်ကဖြစ်တဲ့ ရုပ်,နာမ်,ခန္ဓာအပေါ် အသိကပ်ပြီး ဝိပဿနာရှုပြီး သတ်ရမယ်။ အကျိုး ရုပ်, နာမ်, ခန္ဓာကို ဝိပဿနာရှုလို့ အကျိုး ရုပ်,နာမ်,ခန္ဓာ ဒုက္ခချုပ်သွားလျှင် အကြောင်းတဏှာ သမုဒယလဲ ချုပ်ပြီး သေတော့တာပဲတဲ့။ ဒါ့ကြောင့် ...

''ဝေဒနာနိရောဓာ တဏှာနိရောဓော''လို့ ဟောတော်မူလိုက်ပါတယ်။

အဲသလို အလယ်အစပ်ကနေပြီး တဏှာကိုသတ်လို့ တဏှာသေသွားရင် နောက်ဆပ် ရုပ်, နာမ်, ခန္ဓာ အသစ်မဖြစ်တော့ဘူး။ ဘဝပြတ်သွားတယ်တဲ့။ အဲဒါကိုပဲ ပဋိစ္စသမုပ္ပါဒ်စက် ပြတ်တယ်လို့ ဆိုပါတယ်။

အဲသလို ပဋိစ္စသမုပ္ပါဒ် စက်ပြတ်ရတာကတော့ တဏှာသေလို့ပြတ်ရတာတဲ့။ ဒါ့ကြောင့် ဘုရားကိုယ်တော်မြတ်ကြီးက....

''ဂဟကာရက ဒိဋ္ဌောသိ၊ ပုန ဂေဟံ နကာဟသိ''လို့ ရွတ်ဆိုကျူးရင့်တော်မူပါတယ်။

ဂဟကာရက၊ ဟဲ့-တဏှာလက်သမား။ (ဣဒါနိ၊ ယခုတော့)တွံ၊သင့်ကို။ မယာ၊ ငါဘုရားသည်။ ဒိဋ္ဌော၊ တွေ့မြင်ရသည်။ (ဝါ) အသေသတ်နိုင်သည်။ အသိ၊ဖြစ်ပြီ။ တွံ၊ သင် တဏှာလက်သမားသည်။ ပုန၊ နောက်ထပ်တဖန်။ဂေဟံ၊ ပဋိစ္စသမုပ္ပါဒ်ဝဋ္ဋဒုက္ခဖြစ်တဲ့ ခန္ဓာအိမ်ကြီးကို။ နကာဟသိ၊မဆောက်လုပ်ရတော့ဘူး၊(ဝါ)ပဋိစ္စသမုပ္ပါဒ် စက်မလည်ရတော့ဘူး၊ ပဋိစ္စသမုပ္ပါဒ် စက်ပြတ်ပြီ-တဲ့။ အဲသလို ရွတ်ဆိုကျူးရင့်လိုက်ပါတယ်။

ဓမ္မ- ၇၀၊ (ဒုတိယအကြိမ်)

ဒါ့ကြောင့် ပဋိစ္စသမုပ္ပါဒ် စက်ပြတ်အောင်ဟာ တဏှာကို သတိပဋ္ဌာန်, သမထ, ဝိပဿနာအလုပ်နှင့်သတ်ကြရမယ်၊ သတိပဋ္ဌာန်, သမထ, ဝိပဿနာအလုပ် ဟာ တဏှာသတ်တဲ့ အလုပ်ပါပဲတဲ့။

ယဒိဒံ-ယေဣမေ စတ္တာရော သတိပဋ္ဌာနာ၊အကြွင်လေးပါးသော သတိပဋ္ဌာန်, သမထ, ဝိပဿနာတရားတို့သည်။ သန္တိ၊ ထင်ရှားမသေ့ ရှိပါပေကုန်၏။ အယံ၊ ဤ သတိပဋ္ဌာန်, သမထ, ဝိပဿနာလုပ်ငန်းသည်။ သတ္တာနံ ဝိသုဒ္ဓိယာ၊ သတ္တဝါတွေမှာ တဏှာစသော ကိုလေသာ အညစ်အကြေး ကင်းဝေးစင်ဖို့ရာ။ ဧကာယနော မဂ္ဂေါ၊ တကြောင်းတည်းသော လမ်းပေတည်း-တဲ့။

တဏှာသတ်ကြောင်း-နည်းကောင်းမှန်စွာ၊ဟောဒီမှာကြည့်-ဝိပဿနာ။
ဝန်ခံချက်နှင့်-မိန့်မြွက်သည်သာ၊ ကျင့်ကြံသွား-သေငြားတဏှာပါ။
ကျင့်ကြံသုံး-လမ်းဆုံး နိဗ္ဗာန်မှာ။ (ဆို)

ကိုင်း... တော်ကြဦးစို့။

သတိပဋ္ဌာန်, သမထ, ဝိပဿနာအလုပ်နှင့် တဏှာပယ်သတ်ကာ ရဟတ် စက်ပမာ ချာချာလည်နေတဲ့ ပဋိစ္စသမုပ္ပါဒ်စက်ကြီးကို ရပ်နိုင်,ဖြတ်နိုင်ကြပါစေ သတည်း။ (သာဓု....သာဓု .. သာဓု)

ဤတွင် စက်လည်ပုံ-ဖြတ်ပုံ တရား ပြီးပြီ။

---

## (၁၂) ပဋိစ္စသမုပ္ပါဒ် စက်ပြတ်ရေးသို့ ရှေ ရှုချီတက်ရန် တရားတော်

အတီတေ ဟေတဝေါ ပဉ္စ၊ ဣဒါနိ ဖလပဉ္စကံ။
ဣဒါနိ ဟေတဝေါ ပဉ္စ၊ အာယတိံ ဖလပဉ္စကံ။

(သမ္မော-ပဋိစ္စသမုပ္ပါဒ ဝိဘင် အဋ္ဌကထာ)

ရှေးဘဝ၌ အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ကမ္မဘဝ-လို့ ဆိုတဲ့ အကြောင်းတရားငါးပါး၊ ယခုဘဝ၌ ဝိညာဏ်, နာမ်-ရုပ်, သဠာယတန,ဖဿ, ဝေဒနာလို့ဆိုတဲ့ အကျိုးတရားငါးပါး၊ ယခုဘဝ၌ တဏှာ,ဥပါဒါန်,ကမ္မဘဝ, အဝိဇ္ဇာ, သင်္ခါရ-လို့ဆိုတဲ့ အကြောင်းတရားငါးပါး၊ နောင်ဘဝ၌ ဝိညာဏ်, နာမ်-ရုပ်,သဠာယတန,ဖဿ,ဝေဒနာလို့ဆိုတဲ့ အကျိုးတရားငါးပါး၊ ဤသို့လျှင် ပဋိစ္စသမုပ္ပါဒ်အင်္ဂါအပြား အပါးနှစ်ဆယ် ဖြစ်လေသတည်း။

အဲဒီ-ပဋိစ္စသမုပ္ပါဒ် အင်္ဂါအပြားနှစ်ဆယ်ထဲက အဝိဇ္ဇာ, သင်္ခါရ,တဏှာ, ဥပါဒါန်,ကမ္မဘဝ-လို့ဆိုတဲ့ ရှေးဘဝအကြောင်းငါးပါးနှင့်ဝိညာဏ်,နာမ် ရုပ်, သဠာယတန,ဖဿ,ဝေဒနာလို့ဆိုတဲ့ ယခုဘဝအကျိုးငါးပါးရဲ့အကြားမှာတစပ်၊ ဝိညာဏ်,နာမ်,ရုပ်,သဠာယတန,ဖဿ,ဝေဒနာလို့ဆိုတဲ့ယခုဘဝအကျိုးငါးပါး နှင့် တဏှာ, ဥပါဒါန်, ကမ္မဘဝ, အဝိဇ္ဇာ, သင်္ခါရလို့ဆိုတဲ့ ယခုဘဝ အကြောင်း ငါးပါးရဲ့အကြားမှာတစပ်၊ တဏှာ,ဥပါဒါန်,ကမ္မဘဝ,အဝိဇ္ဇာ,သင်္ခါရလို့ဆိုတဲ့ ယခုဘဝအကြောင်းငါးပါးနှင့် ဝိညာဏ်,နာမ်-ရုပ်,သဠာယတန,ဖဿ,ဝေဒနာ လို့ဆိုတဲ့ နောင်ဘဝ အကျိုးငါးပါးရဲ့အကြားမှာ တစပ်၊အဲဒီအတိုင်းအစပ်သုံးစပ် ရှိပါတယ်။

အဲ - ပဋိစ္စသမုပ္ပါဒ် စက်ပြတ်ရေးသို့ ရှေးရှု ချီတက်လိုကြရင် ဝိညာဏ်, နာမ်-ရုပ်,သဠာယတန,ဖဿ,ဝေဒနာဆိုတဲ့ ယခုဘဝအကျိုးငါးပါးနှင့်တဏှာ, ဥပါဒါန်, ကမ္မဘဝ, အဝိဇ္ဇာ,သင်္ခါရ-လို့ဆိုတဲ့ ယခုဘဝ အကြောင်း ငါးပါးရဲ့ အကြားဖြစ်တဲ့ အလယ်စပ်ကနေပြီး တဏှာကိုသတ်ရမယ်၊တဏှာသေရင် တဏှာ နှင့်ကိလေသာချင်းတူတဲ့ အဝိဇ္ဇာ,ဥပါဒါန်တို့လဲ သေတယ်၊ ကိလေသာသေရင် ကမ္မဘဝနှင့် သင်္ခါရဖြစ်တဲ့ ကံလဲ သေတယ်၊ အဲဒီ ကိလေသာနှင့် ကံသေရင် ပဋိစ္စသမုပ္ပါဒ်စက်ကြီး ပြတ်တော့တာပဲ။

အဲဒီနေရာမှာလွယ်ကူအောင်ဟာ ဝိညာဏ်,နာမ်-ရုပ်,သဠာယတန,ဖဿ, ဝေဒနာဆိုတဲ့အကျိုးတရားငါးပါးကို 'ခန္ဓာဒုက္ခသစ္စာ'လို့ မှတ်ထားပါ၊တဏှာ, ဥပါဒါန်, ကမ္မဘဝ,အဝိဇ္ဇာ, သင်္ခါရဆိုတဲ့ အကြောင်းတရား ငါးပါးကိုတော့ အဓိကလိုရင်းချက်ဖြစ်တဲ့ တဏှာကို ခေါင်းတပ်ပြီး ''တဏှာ သမုဒယသစ္စာ''လို့ မှတ်ထားပါ။

အဲဒီ-သမုဒယသစ္စာ တဏှာမသေရင် ကျန်တဲ့ အဝိဇ္ဇာ,ဥပါဒါန်နှင့် ကမ္မဘဝ,သင်္ခါရဆိုတဲ့ အကြောင်းတရားများဟာလဲ မသေဘူးတဲ့၊ တဏှာသေရင် အကုန်လုံးသေကြတယ်၊သို့အတွက် ပဋိစ္စသမုပ္ပါဒ်စက်ပြတ်ရေးမှာသမုဒယသစ္စာ တဏှာဟာ အရေးကြီးတဲ့အချက်ပါပဲတဲ့။ ဒါ့ကြောင့် ဒီ-သမုဒယသစ္စာတဏှာကို ယခုဘဝ ရုပ်, နာမ်, ခန္ဓာ, ဒုက္ခသစ္စာဆိုတဲ့ အကျိုးတရားနှင့် ယခုဘဝ သမုဒယ သစ္စာ တဏှာဆိုတဲ့ အကြောင်းတရားရဲ့ အကြားဖြစ်တဲ့ အလယ်အစပ်ကနေပြီး သတ်ရပါတယ်။

တဏှာကို ဘယ်ကနေပြီး သတ်မလဲ၊ အလယ်အစပ်ကနေပြီးသတ်ရမယ်၊ အလယ်အစပ်ဆိုတာ ဒီဘဝ'ခန္ဓာ,ဒုက္ခသစ္စာ'အကျိုးနှင့် ဒီဘဝ'တဏှာသမုဒယ သစ္စာ'အကြောင်းရဲ့ အကြားပါပဲ၊ အဲဒီ အကြားအစပ်ဖြစ်တဲ့ အလယ်အစပ်က နေပြီး သတ်ရမယ်။

အလယ်အစပ်ကနေ၊ တဏှာပေ၊ သတ်လေ မလွဲပါ။ (ဆို)

အဲဒီ - အလယ်အစပ်ကနေပြီး တဏှာကို ဘာနှင့်သတ်မလဲ၊ ဝိပဿနာ အလုပ်နှင့်သတ်ရမယ်၊ဘယ်လိုသတ်မလဲဆိုရင် ရုပ်,နာမ်,ခန္ဓာ,ဒုက္ခသစ္စာအပေါ် ဉာဏ်နှင့်သိအောင် အသိကပ်၊ဝိပဿနာရှုပြီး သတ်ရမယ်၊အဲသလိုရုပ်,နာမ်,ခန္ဓာ, ဒုက္ခသစ္စာအပေါ် ဝိပဿနာရှုပြီးသတ်လို့ အကျိုးရုပ်,နာမ်,ခန္ဓာ,ဒုက္ခသစ္စာချုပ် ရင်၊ အကြောင်း သမုဒယတဏှာလဲ ချုပ်တော့တာပဲ, သေ တော့ တာ ပဲ တဲ့၊ အဲတာလို "ဝေဒနာ နိရောဓာ တဏှာနိရောဓော" လို့ ဆိုပါတယ်။

အဲသလို - တဏှာသေရင် ကျန်တဲ့ ကိလေသာနှင့် ကံပါ အကုန်သေပြီး၊ "နတ္ထိ ဒါနိ ပုနဗ္ဘဝေါ" ဆိုတဲ့အတိုင်း နောက်ထပ် ဘဝသစ် မဖြစ်တော့ဘူး၊ ပဋိစ္စသမုပ္ပါဒ် စက်ပြတ်တော့တာပဲတဲ့။ဒါ့ကြောင့် ဘုရားကိုယ်တော်မြတ်ကြီးက "ဂဟကာရက ဒိဋ္ဌောသိ၊ပုန ဂေဟံ နကာဟသိ၊ ဟဲ့-တဏှာလက်သမား၊ ယခု နင့်ကို ငါဘုရား တွေ့မြင်အပ်ပြီ၊ အသေသတ်အပ်ပြီ၊ ဒီဘဝကနောက် ရုပ်,နာမ်, ခန္ဓာ, ဒုက္ခာသစ္စာဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ်စက်ကြီးကို နင် မဆောက်ရတော့ဘူး၊ ပဋိစ္စသမုပ္ပါဒ် စက်ပြတ်သွားပြီ" လို့ ရွတ်ဆိုကျူးရင့်တော်မူလိုက်ပါတယ်။

အဲဒါကြောင့် ပဋိစ္စသမုပ္ပါဒ် စက်ပြတ်အောင်ဟာ ဝိပဿနာအလုပ်နှင့် တဏှာကို သတ်ရမယ်တဲ့။

ယဒိဒံ-ယေဣမေစတ္တာရော သတိပဋ္ဌာနာ၊အကြြင် လေးပါးသော သတိ ပဋ္ဌာန် ဝိပဿနာတရားတို့သည်။ သန္တိ၊ရှိကုန်၏။ အယံ၊ဤသတိပဋ္ဌာန် ဝိပဿနာ အလုပ်သည်။ သတ္တာနံ ဝိသုဒ္ဓိယာ၊ သတ္တဝါတွေ တဏှာစင်ဖို့ရာ။ ကောယနော မဂ္ဂေါ၊ တကြောင်းတည်းသော လမ်းပေတည်း။

တဏှာသတ်ကြောင်း-နည်းကောင်းမှန်စွာ၊ဟောဒီမှာကြည့်-ဝိပဿနာ။
ငန်ချက်နှင့်-မိန့်မြွက်သည်သာ၊ ကျင့်ကြံသွား-သေငြားတဏှာပါ။(ဆို)

အဲ-ဝိပဿနာအလုပ်ကို ဘယ်လိုအားထုတ်ရမလဲ....

ပစ္စုပ္ပန္နဉ္စ ယံ ဓမ္မံ၊ တတ္ထ တတ္ထ ဝိပဿတိ။
အသံဟီရံ အသံကုပ္ပံ၊ တံ ဝိဒ္ဓါ အနုဗြူဟယေ။
(ဥပရိပဏ္ဏာသ-ဘဒ္ဒေကရတ္တသုတ် ပါဠိတော်)

အဲဒီ ဘဒ္ဒေကရတ္တသုတ်အတိုင်း မျက်စိ, နား, နှာ,လျှာ,ကိုယ်,စိတ်ဆိုတဲ့ ခြောက်ဌာနက ပေါ်လာတဲ့ ရုပ်, နာမ်, ပရမတ်သဘောကို ပေါ်လာဆဲအခိုက် မချုပ်ပျောက် - မပျက်စီးသေးမီ သိအောင် အသိကပ်ကာ ဝိပဿနာရှုရမယ်၊ ဝိပဿနာကို အားထုတ်ရမယ်တဲ့။

အဲဒီနေရာမှာ ခြောက်ဌာနကပေါ်လာတဲ့ ရုပ်,နာမ်,ပရမတ် သဘောကို ဝိပဿနာရှုပုံကတော့ အစကဟောခဲ့တဲ့ ဝိပဿနာအလုပ်ပေးစာရားတော်အတိုင်း သိသာပါပြီ။

ဟောဒီနေရာမှာ ကိုယ်ဌာန, ကိုယ်တံခါးက ဝိပဿနာရှုပုံကို အနည်းငယ်မျှ ပြောပြမယ်၊ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက....

ကာယမိမံ သမ္ဗာဓ၊ ပရိဇာနာထ ပုနပ္ပုနံ။'' ဒီ ရုပ် ကိုယ် ကြီး ကို စိတ်နှင့်ကြည့်နေကြ၊ အဖန်ဖန်အထပ်ထပ်သိအောင်အသိကပ်နေကြ, ရှုနေကြတဲ့။

ဒါကြောင့် ထိုင်ဆဲအခိုက်မှာ ထိုင်နေတဲ့ရုပ်ကိုယ် ကြီး၊ အိပ်ဆဲအခိုက်မှာ အိပ်နေတဲ့ရုပ်ကိုယ်ကြီး၊ ရပ်ဆဲအခိုက်မှာ ရပ်နေတဲ့ ရုပ်ကိုယ်ကြီးကို စိတ်နှင့်ကြည့်ပြီး,ဉာဏ်နှင့်စိုက်ပြီး သိအောင် 'သိ-သိ-သိ'လို့ပဲ ဖြစ်စေ၊ သို့မဟုတ် 'ထိုင်တယ်-ထိုင်တယ်' အိပ်တယ်-အိပ်တယ်, ရပ်တယ်-ရပ်တယ်' လို့ပဲ ဖြစ်စေ ရှုနေရမယ်၊ အဖန်ဖန်အထပ်ထပ်ရှုနေရမယ်၊ဒီနေရာမှာ ထိုင်နေရင် ထိုင်နေတဲ့ရုပ်ကိုယ်ကြီးကို စိတ်နှင့်ကြည့်ပြီး 'ထိုင်တယ်-ထိုင်တယ်'လို့ ရှုရတာကို ဆိုပါတယ်၊ အိပ်နေရင်လဲ နည်းတူ 'အိပ်တယ်-အိပ်တယ်'၊ ရပ်နေရင်လဲ နည်းတူ ''ရပ်တယ် ရပ်တယ်'' လို့ ရှုရတာကို ဆိုပါတယ်တဲ့။

သွားဆဲ အခိုက်မှာတော့ ညာခြေထောက်က လှမ်းပြီး သွားလိုက်ရင် ''သွားတယ်'' လို့ပဲ ဖြစ်စေ၊ သို့မဟုတ် ''သိ''လို့ပဲဖြစ်စေ သိအောင် ရှုရမယ်၊ ဗယ်ခြေထောက်က လှမ်းပြီးသွားလိုက်ရင်လဲ နည်းတူ ''သွားတယ်''လို့ပဲဖြစ်စေ၊ ''သိ''လို့ပဲဖြစ်စေ ရှုရမယ်၊ အဖန်ဖန် အထပ်ထပ် ရှုနေရမယ်တဲ့။

ဒါကြောင့် ဘုရားကိုယ်တော်မြတ်ကြီးကလဲ... ''နိသိန္နောဝါ နိသိန္နောမှီတိ ပဇာနာတိ'' ''ထိုင်နေရင် ထိုင်တယ်-ထိုင်တယ်''လို့ သိရမယ်, ရှုရမယ်။ 'သယာနောဝါ သယာနောမှီတိ ပဇာနာတိ' အိပ်နေရင်လဲ'အိပ်တယ်-အိပ်တယ်' လို့ သိရမယ်, ရှုရမယ်၊ 'ဌိတောဝါ ဌိတောမှီတိ ပဇာနာတိ' ရပ်နေရင် 'ရပ်တယ်-ရပ်တယ်' လို့ သိရမယ်, ရှုရမယ်။ ''ဂစ္ဆန္တောဝါ ဂစ္ဆာမီတိ ပဇာနာတိ'' သွားလိုက်ရင် 'သွားတယ်'လို့ သိရမယ်, ရှုရမယ်-လို့ ဟောတော်မူထားပါတယ်။

ထိုင်,အိပ်,ရပ်,သွား၊ ဤကိုယ်အား၊ ရှုငြား အမှန်သာ။ (ဆို)

အဲဒီအတိုင်း ဒီ-ရုပ်ကိုယ်ကြီးကို သိအောင် အသိကပ်နေလို့,ရှုနေလို့ရှိရင် အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက.... ''ကာယေ သဘာဝံ ဝိဒိတွာန'' ဒီ ရုပ်ကိုယ်ကြီးက ဖြစ်ပေါ်လာတဲ့သဘောကို ဝိပဿနာဉာဏ်နှင့် အမှန်အတိုင်း သိမြင်ကြလိမ့်မယ်တဲ့။

ဘယ်လိုသဘောတွေကို သိမြင်သလဲဆိုရင်....

(၁) ကာမာနန္ဒ ဓာတုယော။ ပထဝီဓာတု၊ အာပေါဓာတု၊ တေဇော ဓာတု၊ ဝါယောဓာတု၊ အာကာသဓာတု၊ ဝိညာဏဓာတု။
(ပဏ္ဍာသပါဠိတော်)

(၂) တဿေဝံ ဝဝတ္ထာပယတော ဓာတုယော ပါကဋာ ဟောန္တိ။
(ဝိသုဒ္ဓိမဂ်)

အဲဒီ ပါဠိများအတိုင်း ဒီ-ရုပ်ကိုယ်ကြီးက ဖြစ်ပေါ်လာတဲ့ ရုပ်ဓာတ်လေးပါးရဲ့သဘောတွေ၊ဝေဒနာနာမ်ဓာတ်ရဲ့သဘောတွေကိုသိမြင်ရပါတယ်တဲ့၊ ဒီနေရာမှာ ဒီ-ရုပ်ကိုယ်ကြီးကို ရုပ်ဓာတ်လေးပါး သဘောတွေပေါ်ပုံ၊ ဝေဒနာ နာမ်ဓာတ်သဘောတွေပေါ်ပုံကိုသိလိုရင်(ဘုန်းကြီးရေးခဲ့တဲ့'ခေတ်မှီ-ကမ္မဋ္ဌာန်း ဘာသာ ဋီကာကျမ်း'တွင် ကြည့်ကြပါလေတော့။)

အဲသလို ဒီ-ရုပ်ကိုယ်ကြီးက ရုပ်ဓာတ်လေးပါး သဘောတွေ, ဝေဒနာ နာမ်ဓာတ်သဘောတွေ ပေါ်လာရင်....''တာ ပုနပ္ပုနံ အာဝဇ္ဇိတဗ္ဗာ မနသိကာတဗ္ဗာ''လို့ဆိုတဲ့ (ဝိသုဒ္ဓိမဂ်)အတိုင်း အဲဒီသဘောတွေကို အဖန်ဖန် အထပ်ထပ် အသိကပ်ထားရမယ်; ရှုနေရမယ်တဲ့။

''ကာယေ သဘာဝံ ဝိဒိတွာန၊ဒုက္ခဿန္တံ ကရိဿထ''ဒီ-ရုပ်ကိုယ်ကြီးက ဖြစ်ပေါ်လာတဲ့ ရုပ်ဓာတ်, နာမ်ဓာတ်တို့ရဲ့သဘောကို ဝိပဿနာဉာဏ်နှင့် အမှန်အတိုင်းသိမြင်ရရင် ဒုက္ခရဲ့ဆုံးရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြရလိမ့်မယ်-တဲ့။

အဲသလို ဒီ-ရုပ်ကိုယ်ကြီးကဖြစ်ပေါ်လာတဲ့ ရုပ်ဓာတ်လေးပါးရဲ့သဘော၊ ဝေဒနာ နာမ်ဓာတ်ရဲ့ သဘောတွေကို အဖန်ဖန် အထပ်ထပ် အသိကပ်နေဆဲမှာ ဖြစ်ပေါ်နေတဲ့ ဓာတ်သဘောတွေပျောက်သွားပြီး ဟင်းလင်းကြီးဖြစ်ကာ သတိမရတော့ပဲ စိတ်ထဲတွင် အာရုံတခုခုနှင့်တွေ့ပြီး ငြိမ်သက်နေပါလိမ့်မယ်၊ အဲဒါကတော့ နိဗ္ဗာန်အာရုံထဲ ရောက်တာမဟုတ်သေးဘူး၊ အမှန်ကတော့-''ယတော ယတော သမ္မသတိ၊ ခန္ဓာနံ ဥဒယဗ္ဗယံ၊ လဗ္ဘတိ ပီတိပါမောဇ္ဇံ၊ အမတံတံ ဝိဇာနတံ''လို့ ဟောတော်မူထားတဲ့အတိုင်း နိဗ္ဗာန်အာရုံထဲ ကျရောက်သွားတာနှင့်တူတဲ့ ပီတိဇော ကျသွားတာတဲ့၊ အထူးကတော့- ပီတိဇောမှာ သခ်ာတမွှာရုံ မချုပ်တဲ့အတွက်စိတ်ထဲတွင်အာရုံတခုခုနှင့်တွေ့ပြီးနေတယ်၊အပ္ပနာဇောခေါ်တဲ့ မဂ်,ဖိုလ်ဇောဖြင့် နိဗ္ဗာန်အာရုံထဲ ကျရောက်သွားတာကတော့ သခ်ာတမွှာရုံပါ ချုပ်သွားပြီး အသိစိတ်ကလေးလဲ မရှိတော့ဘူးတဲ့။

အဲဒီ ပီတိကိုခွာပြီး ဒီ-ရုပ်ကိုယ်ကြီးကဖြစ်ပေါ်တဲ့ ရုပ်ဓာတ်, နာမ်ဓာတ် သဘောတွေကို အသိကပ်နေပြန်ရင်၊ အဲသလို အသိကပ်နေဆဲမှာပင် ဖြစ်ပေါ်နေတဲ့ ဓာတ်သဘောတွေနှင့်အသိစိတ်ကလေးပါပျောက်သွားပြီး ဟင်းလင်းကြီး ဖြစ်ကာ ဘာကိုမျှမသိတော့ပဲ ဖြစ်သွားတတ်တယ်တဲ့။

အဲဒါကတော့ ဒုက္ခ၏ကုန်ဆုံးရာ, ဒုက္ခချုပ်ငြိမ်းရာ, ဒုက္ခ ချုပ်ပျောက်ရာ နိဗ္ဗာန်အာရုံထဲသို့ မဂ်ဇော-ဖိုလ်ဇောကျပြီး ဝင်ရောက်သွားလိုက်တာပါပဲတဲ့။ အဲဒီသဘောကိုပင် အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးက "ကာယေ သဘာဝံ ဝိဒိတွာန" ဒီ-ကိုယ်ရုပ်ကြီးက ဖြစ်ပေါ်လာတဲ့ သဘောတွေကို အမှန်အတိုင်း သိနေရပြီးတော့ "ဒုက္ခဿန္တံ ကရိဿထ"ဖြစ်ပေါ်လာတဲ့ သဘောတွေနှင့်အသိ စိတ်ဆိုတဲ့ ဒုက္ခတရားရဲ့ ချုပ်ပျောက် ကုန်ဆုံးရာ နိဗ္ဗာန်အာရုံထဲ ကျရောက်သွား ကြပေလိမ့်မယ်-လို့ ဟောကြားတော်မူလိုက်ပါတယ်။

အဲဒီနေရာမှာ မဂ်ဇော-ဖိုလ်ဇောကျပုံနှင့် ဇော-ရှင်းနည်းများကိုအကျယ် သိလိုရင် ဘုန်းကြီးရေးခဲ့တဲ့ "ခေတ်မှီ-ကမ္မဋ္ဌာန်း ဘာသာဋီကာကျမ်း" တွင် ကြည့်ကြပါလေ။

အဲဒီအတိုင်း လေးမဂ်, လေးဖိုလ်အထိ ရောက်သွားရင် သမုဒယသစ္စာ တဏှာသေပြီတဲ့၊ တဏှာသေရင် ကျန်တဲ့ ကိလေသာများနှင့်ကံများလဲ သေတော့ တာပဲတဲ့၊ အဲသလို တဏှာသေရင်လဲ ဒီ-ပဋိစ္စသမုပ္ပါဒ် စက်ကြီးဟာ ပြတ်တော့ တာပါပဲတဲ့။

ဒါကြောင့်....ဂဟကာရကံ၊ဟဲ့-တဏှာယောကျ်ား လက်သမား။ ဣဒါနိ၊ ယခု။ တွံ၊ သင့်ကို။ မယာ၊ငါဘုရားသည်။ ဒိဋ္ဌော၊ အရဟတ္တမဂ်ဉာဏ်ဖြင့် ဘာမျှ မကျန်အောင် ပယ်သတ်ပစ်လိုက်သည်။အသိ၊ဖြစ်ပြီ။ တွံ၊သင်-တဏှာယောကျ်ား လက်သမားသည်။ ပုန၊နောက်ထပ်တဖန်။ ဂေဟံ၊ ခန္ဓာအိမ်ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ် စက်ကြီးကို။ န ကာဟသိ၊ မဆောက်ရတော့ပေဘူး-တဲ့။

အဲသလို ပဋိစ္စသမုပ္ပါဒ် စက်ကြီးပြတ်သွားအောင်ဟာ ဝိပဿနာအလုပ် နှင့် တဏှာကို အပြတ်သတ်ပစ်ကြပါလို့ နိဂုံးချုပ် တိုက်တွန်းလိုက်ပါတယ်။

ကိုင်း....တော်ကြဦးစို့။

ပဋိစ္စသမုပ္ပါဒ် စက်ပြတ်ရေးသို့ ရှေးရှုချီတက်ကာ ဝိပဿနာ အလုပ်နှင့် တဏှာကိုအပြတ်သတ်ပစ်ပြီးလှည်းဘီးစက်ပမာချာချာလည်နေတဲ့ပဋိစ္စသမုပ္ပါဒ် စက်ကြီးကို ဖြတ်နိုင်ကြပါစေသတည်း။

(သာဓု....သာဓု . သာဓု)

ဤတွင် နိပုဏ ဓမ္မဒေသနာအခန်း ပြီး၏။

## ရှေးပိုင်းဟော သုတ္တန္တဒေသနာ အခန်း တရားချီး အာသီသကို ပြဆိုချက်

●

သာသနဿစ လောကဿ၊ ဝုဍ္ဎိ ဘဝတု သဗ္ဗဒါ။

သာသနမ္ပိစ လောကဉ္စ၊ ဒေဝေါ ရက္ခန္တု သဗ္ဗဒါ။

သာသနဿစ၊ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီးကိုငှင်း။လောကဿစ၊ ကမ္ဘာသူ-ကမ္ဘာသား သတ္တဝါအများ၏ငှင်း။သဗ္ဗဒါ၊အခါခပ်သိမ်း။ဝုဍ္ဎိ၊တနေ့ တခြား ကြီးပွားတိုးတက်ခြင်းသည်။ ဘဝတု၊ စင်စစ်မသွေ ဖြစ်ပါစေသတည်း၊

(သာဓုခေါ်)

သာသနမ္ပိစ၊ ဗုဒ္ဓမြတ်စွာ သာသနာတော် မြတ်ကြီးကိုငှင်း။ လောကဉ္စ၊ ကမ္ဘာသူ-ကမ္ဘာသား သတ္တဝါအများကိုငှင်း။ သဗ္ဗဒါ၊အခါခပ်သိမ်း။ ဒေဝေါ၊ နတ်ကောင်း နတ်မြတ် အပေါင်းတို့သည်။ ရက္ခန္တု၊ ရင်သားပမာ ကရုဏာဖြင့် ကောင်းစွာမသွေ စောင့်ရှောက် ကြပါစေသတည်း....၊ စောင့်ရှောက် ကြပါစေသား....။ (သာဓုခေါ်)

---

## (၁) သာမန်ကုသိုလ်နှင့် ပါရမီကုသိုလ် တရားတော်

ယခုဟောမည့် တရားတော်က ''သာမန်ကုသိုလ်နှင့်,ပါရမီကုသိုလ်တရားတော်''ဖြစ်ပါတယ်၊ သာမန်ကုသိုလ်,ပါရမီကုသိုလ်လို့ ဆိုလိုက်သဖြင့် ကုသိုလ်ဆိုရုံနှင့် မပြီးသေးဘူးလို့ သတိဖြစ်သင့်ကြပေတယ်။

''ကုသလံ ဘာဝေထ ဘိက္ခဝေ၊အကုသလံ ပဇဟထ''လို့(သုတ္တန်ပါဠိတော်) ဗုဒ္ဓရှင်တော်မြတ် ဟောကြားတော်မူထားတယ်။

ဘိက္ခဝေ၊သံသရာဝဋ်ဒုက္ခမှလွတ်လိုကြညောင်း အို-သူတော်ကောင်းတို့။ ကုသလံ၊ ကုသိုလ်တရားကို၊ ဘာဝေထ၊ ပွားများကြကုန်လော့။ အကုသလံ၊ အကုသိုလ်ကို။ ပဇဟထ၊ ပယ်စွန့်ကြကုန်လော့။

အဲသလို'ကုသိုလ်ကိုပွားများကြ၊အကုသိုလ်ကိုပယ်စွန့်ကြ'လို့ ဟောကြားဆုံးမတော်မူခဲ့ပါတယ်၊ ဘာကြောင့် ကုသိုလ်ကိုပွားများကြ, အကုသိုလ်ကို ပယ်စွန့်ကြရပါသလဲ ။

''ကုသလာ အနဝဇ္ဇ သုခဝိပါက လက္ခဏာ''လို့ဆိုတဲ့ အဋ္ဌကထာနှင့်အညီ ကုသိုလ်ဆိုတာ အပြစ်မရှိ, ချမ်းသာသော အကျိုးကို ပေးခြင်းသဘော ရှိသော ကြောင့် ကုသိုလ်ကို ပွားများကြရပါတယ် ၊''အကုသလာသာဝဇ္ဇ ဒုက္ခဝိပါက

လက္ခဏာ'' လို့ဆိုဟဲ့ အဋ္ဌကထာနှင့်အညီ၊ အကုသိုလ်ဆိုတာ အပြစ်နှင့် တကွ မကောင်းသောအကျိုးကို ပေးခြင်းသဘောရှိသောကြောင့် အကုသိုလ်ကို ပယ်စွန့်ကြရပါတယ်။

အဲဒါကြောင့် ဗုဒ္ဓ ရှင်တော် မြတ်ကြီး ၏ ဆုံး မတော် မူ ချက် အ တိုင်း အကုသိုလ်တရားများကို ရှောင်ရှားပြီးလျှင် ကုသိုလ်တရားများကို ပွားများအောင် ကြိုးစားကြရန် အထူးသတိပေးလိုက်ရပါတယ်။

ဟောဒီနေရာမှာ ''ကုသိုလ်တရားများကို ပွားများကြ''လို့ ဆုံးမတော်မူခဲ့တဲ့ ဗုဒ္ဓရှင်တော်မြတ်ကြီး၏စကားး၌ ကုသိုလ်ဆိုတာ သာမန်ကုသိုလ်, ပါရမီကုသိုလ်လို့ နှစ်မျိုးနှစ်စား ရှိပါတယ်၊ ဒါကြောင့် ''သာမန်ကုသိုလ်နှင့် ပါရမီကုသိုလ်တရားတော်''လို့ နာမည်ပေးခဲ့ပါတယ်။

## က။ ဆောင်ပုဒ်များ

### ၁။ သာမန်ကုသိုလ်အတွက် ဆောင်ပုဒ်

(က) သာမန်ကုသိုလ်က၊ ဘဝစက် လည်ရတယ်။ (ဆို)
အဲဒါက သာမန်ကုသိုလ်အတွက် ဆောင်ပုဒ် ဖြစ်ပါတယ်။

### ၂။ ပါရမီကုသိုလ်အတွက် ဆောင်ပုဒ်

(ခ) ပါရမီကုသိုလ်က၊ ဘဝစက် ပြတ်ရတယ်။ (ဆို)
အဲဒါက ပါရမီကုသိုလ်အတွက် ဆောင်ပုဒ် ဖြစ်ပါတယ်။

### ၃။ ညွှန်ကြားချက် ဥပဒေသ ဆောင်ပုဒ်

(ဂ) အဲဒါကြောင့် ပါရမီကုသိုလ် ဖြစ်စေရမယ်။ (ဆို)

## ခ။ အကျယ်သိသာရန် ဆောင်ပုဒ်များ

၁။ မသိတာက အဝိဇ္ဇာ၊ မသိလို့လိုချင်ပြီး ကုသိုလ်ပြုတာက သမုဒယသစ္စာ၊ ရလာတာက ဒုက္ခသစ္စာ။
အဲဒါက သာမန်ကုသိုလ်အတွက် အကျယ်ဆောင်ပုဒ် ဖြစ်ပါတယ်။

၂။ သိတာကပညာ၊ သိပြီးဒုက္ခငြိမ်းအောင်ကုသိုလ်ပြုတာက မဂ္ဂသစ္စာ (လောကီမဂ္ဂင်၊) ရလာတာက နိရောဓသစ္စာ။
အဲဒါက ပါရမီကုသိုလ်အတွက် အကျယ်ဆောင်ပုဒ် ဖြစ်ပါတယ်။

## ဂ။ အဓိပ္ပါယ် ဆောင်ပုဒ်များ

၁။ ဒုက္ခခန္ဓာတုံးကြီးကို ဒုက္ခခန္ဓာတုံးကြီးမှန်းမသိပဲ တဏှာဖြင့် ထိုဒုက္ခခန္ဓာတုံးကြီးကို လိုချင်ပြီးကုသိုလ်ပြုလျှင် သာမန်ကုသိုလ် သမုဒယသစ္စာ ဖြစ်တယ်၊ ဒုက္ခခန္ဓာတုံးကြီးကိုပဲ ရစေနိုင်တယ်။ (ဆို)

၂။ ဒုက္ခခန္ဓာတုံးကြီးကို ဒုက္ခခန္ဓာတုံးကြီးမှန်းသိအောင် ပညာဖြင့်ဆင်ခြင်သုံးသပ်၍ ထိုဒုက္ခခန္ဓာတုံးကြီးချုပ်ငြိမ်းရာနိဗ္ဗာန်ကိုရည်သန်ပြီ

ကုသိုလ်ပြုလျှင် ပါရမီကုသိုလ်, လောကီမဂ္ဂသစ္စာဖြစ်တယ်၊နိဗ္ဗာန်ကို
ရစေနိုင်တယ်။ (ဆို)

ဤကား ဆောင်ပုဒ်များတည်း။

"သာမန်ကုသိုလ်က ဘဝစက်လည်ရတယ်"ဆိုတာ သာမန်ကုသိုလ် ဖြစ်လျှင် ဘဝစက်လည်တယ်, ခန္ဓာ့လမ်းစဉ် လည်တယ်၊ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် လည်တယ်လို့ ဆိုလိုပါတယ်၊သာမန်ကုသိုလ်ဆိုတာ အသိမပါတဲ့ ရိုးရာကုသိုလ်, မိရိုးဖလာ ကုသိုလ်ကို ဆိုတယ်၊ ဘာမျှမသိပဲ သူများလှူလို့သာ လှူရတယ် ဆိုတဲ့ ကုသိုလ်မျိုးတွေပေါ့၊ အဲသလို ကုသိုလ်မျိုးတွေက ဝိဇ္ဇာဉာဏ်ဆိုတဲ့ အသိပညာ မပါတဲ့အတွက် ကုသိုလ်ပြုလုပ်တဲ့အခါ လူ့စည်းစိမ်, နတ်စည်းစိမ်ဆိုတဲ့ ဘဝသမ္ပတ္တိ – ဘောဂသမ္ပတ္တိတွေကို လိုချင်တဲ့တဏှာ ပါနေတယ်။ အဲဒီ တဏှာက သမုဒယသစ္စာဖြစ်တယ်၊သမုဒယသစ္စာကြောင့်လူ့စည်းစိမ်,နတ်စည်းစိမ်တည်းဟူသော ရုပ်-နာမ်,ခန္ဓာ,ဒုက္ခသစ္စာတွေကို ရပါတယ်၊တဖန် ဒုက္ခသစ္စာအပင်တွေက သီးပြန်လျှင် သမုဒယ အသီးတွေကိုပဲ သီးပြန်တယ်၊ သမုဒယအသီးတွေကြောင့် ရုပ်-နာမ်,ခန္ဓာ,ဒုက္ခသစ္စာအပင်တွေပဲ ဖြစ်ရပြန်တယ်၊အဲဒါ ဘဝစက်လည်တာပဲ။ ဒါ့ကြောင့် ဟောဒီဆောင်ပုဒ်ကို ဆိုကြ။

မသိတာက အဝိဇ္ဇာ၊ မသိသို့လိုချင်ပြီး ကုသိုလ်ပြုတာက သမုဒယသစ္စာ၊
ရလာတာက ဒုက္ခသစ္စာ။ (ဆို)

အဝိဇ္ဇာက ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိဆိုတဲ့ သူ့စည်းစိမ်, နတ်စည်းစိမ် တည်းဟူသော ရုပ်–နာမ်နှစ်ပါး,ခန္ဓာငါးပါးတို့ကို ဒုက္ခသစ္စာ, ဒုက္ခအစုတွေပဲလို့ မသိတော့ တဏှာက လိုချင်တယ်၊ အဲသလို လူ့စည်းစိမ်,နတ်စည်းစိမ် တည်းဟူသော ဒုက္ခသစ္စာ, ဒုက္ခအစုတွေကို လိုချင်တော့ သခါရခေါ်တဲ့ ကုသိုလ်တွေကို ပြုတယ်၊ အဲဒါ ဒုက္ခသစ္စာကိုမသိပဲ ဒုက္ခအစုတွေကို လိုချင်ပြီးပြုတဲ့ ကုသိုလ် ဖြစ်လို့ သမုဒယသစ္စာ ဟုခေါ်တယ်၊ ရလာတော့ လိုချင်တဲ့အတိုင်းပဲ ဒုက္ခသစ္စာ, ဒုက္ခအစုတွေကို ရလာတယ်၊ ရုပ်-နာမ်, ခန္ဓာတွေကို ရလာတယ်၊ လူ့စည်းစိမ်, နတ်စည်းစိမ်တွေကို လာရတယ်၊ အဲဒါ ဒုက္ခသစ္စာတွေပဲလို့ မှတ်ထားကြ။

မသိပဲကုသိုလ်ပြုတာက သမုဒယသစ္စာ ဖြစ်ဘယ်ဆိုတာ သဘောကျကြရဲ့လား, ရှင်းကြရဲ့လား၊ မသိတော့ ဒုက္ခကို လိုချင်၊ ဒုက္ခကို လိုချင်ပြီး ကုသိုလ်ပြုတော့ တဏှာဖြစ်တယ်၊ အဲဒီတဏှာဟာ သမုဒယသစ္စာပဲ မှတ်ထားကြ၊ ရလာတော့ လိုချင်တဲ့ ဒုက္ခကိုပဲရတယ်၊ အဲဒီ ရလာတဲ့ဒုက္ခကလဲ မသိပဲ ကုသိုလ်ပြုပြန်တော့ သမုဒယသစ္စာပဲ ဖြစ်ပြန်တယ်၊ သမုဒယဖြစ်လျှင်လဲ ဒုက္ခကိုပဲပြန်ရတယ်၊ အဲဒါ ဘဝစက်လည်နေတာ,ခန္ဓာ့လမ်းစဉ်လည်နေတာ, ပဋိစ္စသမုပ္ပါဒ် လည်နေတာ ဖြစ်တယ်။

ဓါ့ကြောင့် ဗုဒ္ဓရှင်တော်မြတ်ကြီးက....

အနေကဇာတိ သံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။

ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။

လို့ (ဥဒါန်းပါဠိတော်)၌ ဟောကြားတော်မူခဲ့ပါတယ်။

အဲဒါ သမုဒယကြောင့် ဒုက္ခတွေ အကြိမ်ကြိမ်ဖြစ်ခဲ့ပုံကို ဟောယားတာ ဖြစ်တယ်၊ နားထောင်ကြ။

ဂဟာကာရက၊ ခန္ဓာအိမ်ကို ကြိမ်ဖန်များစွာ ဆောက်လုပ်လာတဲ့ ဟဲ့-တဏှာယောကျ်ား လက်သမား။

အဝိဇ္ဇာနှင့်တဏှာဟာ နှစ်မျိုးလုံး ခေါင်းဆောင်ကြီးတွေ ဖြစ်သော်လဲ အဝိဇ္ဇာက စေခိုင်းသူ၊ တဏှာက လုပ်သူဖြစ်၍ တဏှာက တစ်တရားခံဖြစ်တယ်၊ သို့အတွက် ဤနေရာမှာ တဏှာကို ကြုံးဝါးတော်မူလိုက်ခြင်း ဖြစ်ပါတယ်။

ဂဟကာရက၊ ခန္ဓာအိမ်ကို ကြိမ်ဖန်များစွာ ဆောက်လုပ်လာတဲ့ ဟဲ့-တဏှာယောကျ်ားလက်သမား။အဟံ၊ငါဘုရားသည်။ယသ္မာ၊အကြင်ကြောင့်။ ပုနပ္ပုနံ၊ ဘဝအတန်တန် အဖန်ဖန်အထပ်ထပ်။ ဇာတိ၊ ပဋိသန္ဓေ တည်နေရခြင်းသည်။ ဒုက္ခာ၊အဖုံဖုံညှဥ်းဆဲလှသဖြင့် ဆင်းရဲလှချေတော့၏၊တသ္မာ၊ထို့ကြောင့်။ ဂဟကာရံ၊ ခန္ဓာအိမ်ကို အကြိမ်ကြိမ် တည်ဆောက်လာတဲ့ တဏှာယောကျ်ား လက်သမားကို။ဂဝေသန္တော၊ ပါရမီကုသိုလ်တွေကိုပင် ဖြည့်ဆည်းပူးကာ စုံစမ်း ရှာဖွေလို့ လာခဲ့စေကာမူ၊(ဝါ)ပါရမီကုသိုလ်တွေကိုပင် ဖြည့်ဆည်းပူးကာစုံစမ်း ရှာဖွေလို့ လာခဲ့သော်လည်း။ (သာမန် ကုသိုလ်အနေကတော့ ပြောစရာမရှိတော့ ဘူးလို့ဆိုလိုတယ်။) အနိဗ္ဗိသံ-အဝိန္ဒန္တော၊ သင့်ကိုအပြတ် ပယ်သတ်နိုင်တဲ့ ဝိဇ္ဇာ ဉာဏ်အသိ ဥာတ်ကို တပ်အပ်ဆင်ထင် မရခဲ့သေးသည်ဖြစ်၍။ အနေကဇာတိ သံသာရံ၊ သချ်ာလေးရပ် တသိန်းကပ် ကာလပတ်လုံး။ သန္ဓာဝိဿံ-ဆံသရိံ၊ ခန္ဓာအိမ်တွေ အကြိမ်ကြိမ်ဖြစ်ပြီးလျှင် အောင်...ကျင်လည်၍ လာခဲ့ရလေတော့ သတည်း။

(သာခုခေါ်)

''ပါရမီကုသိုလ်က ဘဝစက် ပြတ်ရတယ်'' လို့ (ဆောင်ပုဒ်)၌ ဆိုခဲ့တယ် မဟုတ်လား၊ပါရမီကုသိုလ်က ဘဝစက်ပြတ်ရတယ်ဆိုတာ ပါရမီကုသိုလ်ဖြစ်လျှင် ဘဝစက်ပြတ်တယ်, ခန္ဓာ့လမ်းစဉ်ပြတ်တယ်, ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် ပြတ်တယ် လို့ ဆိုလိုပါတယ်၊ပါရမီကုသိုလ်ဆိုတာဟာ ဘုရားအလောင်းတော်များပြုလုပ်တဲ့ ကုသိုလ်မျိုးကို ဆိုပါတယ်၊ နိဗ္ဗာန်သို့ရောက်နိုင်တဲ့ကုသိုလ်များလို့ ဆိုလိုပါတယ်၊ ဒါ့ကြောင့်....''ပါရံ ဂစ္ဆတိတိ ပါရမီ''လို့ ပါဠိဂှိုဟ်ဆိုရတယ်။

ယာ ဓမ္မဇာတိ၊ အကြင် ဒါန,သီလစသော ဝိဝဋ္ဋနိဿိတ ကုသိုလ်တရား သဘောသည်။ ပါရံ၊ ထိုမှာဘက်ကမ်း နိဗ္ဗာန်နန်းသို့။ ဂစ္ဆတိ၊ ရောက်တတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သာဓမ္မဇာတိ၊ ထို ဒါန,သီလစသော ဝိဝဋ္ဋနိဿိတ ကုသိုလ် တရားသဘောသည်။ ပါရမီ၊ ပါရမီ-မည်၏။

တနည်း"ပါရတော မောစေတီတိ ပါရမီ"လို့လဲ လုပ်နိုင်ပါသေးတယ်။

ယာ ဓမ္မဇာတိ၊ အကြင် ဒါန,သီလစသော ဝိဝဋ္ဋနိဿိတ ကုသိုလ်တရား သဘောသည်။ ပါရတော၊ ဤမှာဘက်ကမ်း သံသရာနယ်တဝှမ်းမှ။ မောစေတိ၊ လွတ်စေတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သာဓမ္မဇာတိ၊ ထို ဒါန,သီလစသော ဝိဝဋ္ဋနိဿိတကုသိုလ်တရား သဘောသည်။ ပါရမီ၊ ပါရမီ-မည်၏။

ဒါ့ကြောင့်-ဘုရားအလောင်းတော်များ ဖြည့်ဆည်းပူးတဲ့ကုသိုလ်တရား တွေကို "ပါရမီဆယ်ပါး"လို့ ဆိုထားတယ် မဟုတ်လား၊ စရိယာ ပိဋကတ် ပဠိတော်မှာ ဘုရားအလောင်းတော်များ ဖြည့်ကျင့် ဆည်းပူးတော်မူသွားတဲ့ "ပါရမီကုသိုလ်"တွေလို့ ဟောကြားတော်မူထားပါတယ်။

ဘုရား, ပစ္စေကဗုဒ္ဓါ, သာဝကအပေါင်း အလောင်းတော် ဟူသမျှတို့မှာ ဒီ-ပါရမီကုသိုလ်တွေကို ပြုလုပ်ကြလို့ ဤမှာဘက်ကမ်း သံသရာ နယ်တဝှမ်းမှ လွတ်မြောက်၍ ထိုမှာဘက်ကမ်း နိဗ္ဗာန်နန်းသို့ စံမြန်းတော်မူသွားကြရလေပြီ။

ပါရမီကုသိုလ် ဖြစ်အောင် ဘယ်လိုလုပ်မလဲ၊ ရုပ်-နာမ် နှစ်ပါး, ခန္ဓာ ငါးပါး တည်းဟူသော လူ,နတ်တို့၏စည်းစိမ်ချမ်းသာဆိုတာ အိုခြင်း, နာခြင်း, သေခြင်းစသော ဆင်းရဲဒုက္ခအပေါင်းတို့၏ တည်ရာပါလား, ဆင်းရဲဟုံး ဆင်းရဲ ခဲကြီးတွေပါလား-ဟု ဝိဇ္ဇာဉာဏ် အသိဓာတ်ဖြင့် တပ်အပ် ထင်မြင်အောင် ရှု, ဆင်ခြင်ပြီးလျှင် ထိုလူ,နတ်တို့၏စည်းစိမ်ချမ်းသာတည်းဟူသော နာမ် ရုပ်,ခန္ဓာ, ဒုက္ခသစ္စာ၊ ဒုက္ခတုံး ဒုက္ခခဲကြီးတွေမှ ကျွတ်လွတ်ရည်သန်၍ ဒါန,သီလ,ဘာဝနာ စသော ကုသိုလ်တရားများကို ပြုလုပ် အားထုတ်လျှင် ပါရမီကုသိုလ် ဖြစ်တယ်၊ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်သောကြောင့်လဲ ဝိဝဋ္ဋနိဿိတကုသိုလ်မြစ် တယ်၊ထို့အပြင် ဝိဇ္ဇာဉာဏ်အသိဓာတ်ဖြင့် ဒုက္ခတရားတွေကို တပ်အပ်ထင်မြင်၍ ထိုဒုက္ခတရားတွေမှ ကျွတ်လွတ်ရန်ရည်သန်ပြီးတော့ ကုသိုလ်တရားများကို အား ထုတ်တာဖြစ်၍ လောကီမဂ္ဂသစ္စာလဲဖြစ်တယ်၊ဟောဒီဆောင်ပုဒ်ကို လိုက်ဆိုကြ။

သိတာက ပညာ၊ သိပြီး ဒုက္ခငြိမ်းအောင် ကုသိုလ်ပြုတာက မဂ္ဂသစ္စာ၊
ရလာတာက နိရောဓသစ္စာ။　　(ဆို)

သိတာက ပညာကို ဆိုတယ်၊အဲဒီပညာဆိုတာဟာ ဝိဇ္ဇာဉာဏ်ပါပဲ၊ ဝိဇ္ဇာ ဉာဏ် အသိဓာတ်ဖြင့် ခန္ဓာအပေါ်ကို ဆင်ခြင်သုံးသပ်ပါလျှင် ခန္ဓာငါးပါး, ရုပ်-နာမ်နှစ်ပါးဖြစ်တဲ့ ဘဝသမ္ပတ္တိတွေ၊ လူ,နတ်တို့၏စည်းစိမ်တွေဟာ ဒုက္ခတုံး

ကြီးတွေပါလားဟု ထင်မြင်လာတယ်၊ ထိုအခါ ရန်သူကို ရန်သူမှန်း တပ်အပ် သိတော့ ထိုရန်သူမှလွတ်ချင်လာသလို၊ထိုခန္ဓာငါးပါး,ရုပ်-နာမ်နှစ်ပါးတည်းဟူသော ဒုက္ခတုံးကြီးတွေမှ လွတ်ချင်လာတယ်။

အဲသလို ဒုက္ခတုံးကြီးတွေမှ လွတ်ချင်လာတော့ ထို ဒုက္ခချုပ်ငြိမ်းရာ, ထိုဒုက္ခမရှိရာ, ထိုဒုက္ခတုံးကြီးတွေမှ လွတ်မြောက်ရာနိဗ္ဗာန်ကိုလိုချင်တဲ့ စိတ်ဆန္ဒဖြစ်လာတယ်။ နိဗ္ဗာန်ကိုလိုချင်တာ ဆန္ဒလို့မှတ်ထားကြ။ ဆရာများလဲ ဒီအတိုင်း မိန့်ဆိုကြတယ်။

အဲသလို နိဗ္ဗာန်ကို လိုချင်တောင့်တပြီးတော့ ဒါန,သီလစသော ကုသိုလ်များကိုပြုလုပ်တာက မဂ္ဂသစ္စာတဲ့၊လောကီမဂ္ဂသစ္စာလို့ မှတ်ရမယ်၊ လောကုတ်တော့ မယုတ်သေးဘူး။ အဲဒီ မဂ္ဂသစ္စာဆိုတာနဲ့ ပါရမီကုသိုလ်ဆိုတာ အတူတူပါပဲ။

ဒါကြောင့်''သိတာက ပညာ၊ သိပြီး ဒုက္ခငြိမ်းအောင် ကုသိုလ်ပြုတာက မဂ္ဂသစ္စာ''လို့ ဆိုတယ်မဟုတ်လား၊တိုတိုပြောတော့ အသိပညာရှေ့သွားပြီး ဒုက္ခငြိမ်းအောင် ပြုလျှင်ကုသိုလ် ပါရမီကုသိုလ်ချည်း ဖြစ်တယ်။ လောကီ မဂ္ဂသစ္စာချည်းဖြစ်တယ်လို့ မှတ်ထားကြ။

မဂ္ဂသစ္စာဆိုတာ သမ္မာဒိဋ္ဌိ,သမ္မာသင်္ကပ္ပစသော မဂ္ဂင်ရှစ်ပါးပဲ ဖြစ်တယ်၊ မဂ္ဂင်ရှစ်ပါးကို အကျဉ်းချုံးလိုက်ပြန်တော့ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝခေါ်တဲ့ မဂ္ဂင် သုံးပါးကို သီလသိက္ခာထဲ သွင်းတယ်၊ သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိခေါ်တဲ့ မဂ္ဂင်သုံးပါးကို သမာဓိသိက္ခာထဲ သွင်းတယ်။ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ နှစ်ပါးကိုတော့ ပညာသိက္ခာထဲ သွင်းတယ်။ အဲသလို မူလပဏ္ဏာသပါဠိတော်မှာ သွင်းပြထားပါတယ်။

အဲသလို သီလ,သမာဓိ,ပညာဆိုတဲ့ သိက္ခာသုံးပါးပဲဖြစ်ပါတယ်။သိက္ခာသုံးပါးကို အကျဉ်းချုံးလိုက်ပြန်တော့ သမထ, ဝိပဿနာ နှစ်ပါးပဲ ဖြစ်တယ်။ သမထ, ဝိပဿနာနှစ်ပါးကို အကျဉ်းချုံးပြန်လျှင်လဲ ဝိဇ္ဇာဉာဏ် အသိဓာတ်ခေါ်တဲ့ ပညာပဲဖြစ်တယ်။ အဲဒီပညာဟာလဲ မဂ္ဂသစ္စာပဲ၊ ပါရမီကုသိုလ်ပဲ ဖြစ်ပြန်တယ်။ ဒါကြောင့် ''အသိကစပြီး အသိမှာပင် ဆုံးတဲ့အလုပ်ဟာ ဘဝစက်ပြတ်တဲ့အလုပ်''လို့ မှတ်ထားကြ။

အဲသလို ပါရမီကုသိုလ်, မဂ္ဂသစ္စာဖြစ်တဲ့အတွက် နိရောဓသစ္စာခေါ်တဲ့ နိဗ္ဗာန်တိုင်အောင် ရောက်နိုင်တယ်။ သမုဒယသစ္စာဆိုတာက ဒုက္ခသစ္စာများသာ ဖြစ်နိုင်တယ်။ မဂ္ဂသစ္စာကမှသာလျှင် နိရောဓသစ္စာတိုင်အောင် ဖြစ်နိုင်တယ်။ ဒါကြောင့် ''သိပြီး ကုသိုလ်ပြုတာက မဂ္ဂသစ္စာ၊ ရလာတာက နိရောဓသစ္စာ''လို့ ဆိုခဲ့တယ် မဟုတ်လား။

ယခုလို ပါရမီကုသိုလ်ကျော့ လောကီမဂ္ဂသစ္စာတွေကို ပွားများအားထုတ်တော့ နိရောဓသစ္စာခေါ်တဲ့ နိဗ္ဗာန်တိုင်အောင် ရောက်တယ် ဆိုတာက ယခုလောလောဆယ်အားဖြင့်တော့မျက်မှောက်အားဖြင့်ရောက်တာကိုဆိုတာမဟုတ်ဘူး၊အနုမာနအားဖြင့်ဘော့ မှန်းဆပြီးရောက်နိုင်ပါတယ်။နိဗ္ဗာန်သို့မျက်မှောက်အားဖြင့် ရောက်တာကတော့ ပါရမီရင့်သန်လာ၍ အချိန်ရောက်လာတဲ့အခါ လောကုတ္တရာမဂ်သို့ ကူးပြောက်သွားလိမ့်မယ်၊ အဲဒီအခါ နိဗ္ဗာန်သို့ မျက်မှောက်အားဖြင့် ရောက်ပါလိမ့်မယ်။

အဲသလို နိဗ္ဗာန်တိုင်အောင် ရောက်နိုင်တဲ့အတွက် ''ပါရမီကုသိုလ်က ဘဝစက် ပြတ်ရတယ်'' လို့ ဆိုပါတယ်။ ပါရမီကုသိုလ်တွေရင့်သန်လာ၍ တမဂ်တဖိုလ်ရလျှင်ပဲ ခန္ဓာ့လမ်းစဉ်ဟာ (ဝါ)ဘဝစက်ကြီးဟာ ခုနစ်ဘဝမျှသာလည်ရတော့တယ်၊ ခုနစ်ဘဝကလွန်လျှင် ဘဝစက် ပြတ်ရတော့တာပဲ၊နှစ်မဂ်,နှစ်ဖိုလ် ရလျှင်တော့ ဤကာမဘဝသို့ တကြိမ်သာ လာတော့တယ်။ သုံးမဂ်, သုံးဖိုလ်ရ၍ အနာဂါမ် ဖြစ်သွားလျှင်တော့ ကာမဘဝသို့ မလာတော့ဘူး။ ရူပဘဝ၌သာ ဖြစ်ရတော့တယ်။ ရဟန္တာဖြစ်သွားလျှင်ကား အဲဒီဘဝဟာ နောက်ဆုံးပါပဲ။ အဲဒီဘဝကနောက် ခန္ဓာဇာတ်သိမ်းသွားပြီ,ဘဝစက် ပြတ်သွားပြီလို့မှတ်ရမယ်၊ ဘဝမဖြစ်တော့ပဲ အငြိမ်းဓာတ်ရသွားတယ်လို့ဆိုလိုပါတယ်။ ကိုင်း-ဆောင်ပုဒ်ကို ပြန်ဆိုကြ။

''ပါရမီကုသိုလ်က ဘဝစက် ပြတ်ရတယ်။　　(ဆို)

ဒါ့ကြောင့် ဗုဒ္ဓရှင်တော်မြတ်ကြီးကလဲ....

ဂဟကာရက ဒိဋ္ဌောသိ၊ ပုန ဂေဟံ န ကာဟသိ။

သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။

လို့ ဥဒါန်းပါဠိတော်၌ ဟောကြားတော်မူခဲ့ပါတယ်။

ဂဟကာရက၊ ခန္ဓာအိမ်ကို ကြိမ်ဖန်များစွာ ဆောက် လုပ် လာ တဲ့ ဟဲ့-တဏှာယောက်ျား လက်သမား။ဣဒါနိ၊ယခုအခါ၌။ မယာ၊ငါဘုရားသည်။ တွံ၊သင့်ကို။ ဒိဋ္ဌော၊ လက်ပူးလက်ကြပ် တွေ့မြင်အပ်သည်။ အသိ၊ ဖြစ်ပြီ။ တေ၊ သင်-တဏှာယောက်ျား လက်သမား၏။သဗ္ဗာ၊ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော။ ဖာသုကာ၊ ကိလေသာတည်းဟူသော အခြင်,ဒိုင်း,မြားတို့ကို။ ဘဂ္ဂါ၊ အရဟတ္တမဂ်ဖြင့် ချိုးဖျက်အပ်ကုန်ပြီ။ ဂဟကူဋံ၊ သင် ဆောက်လုပ်ပြီး ခန္ဓာအိမ်ကြီး၏ အဝိဇ္ဇာ တည်းဟူသော ခေါင်အုပ်ကြီးကိုလည်း။ ဝိသင်္ခတံ၊ အရဟတ္တမဂ်ဖြ ခွဲဖျက်အပ်လေပြီ။ တွံ၊ သင်တဏှာယောက်ျား လက်သမားသည်။ ပုန၊တဖန်။ ဂေဟံ၊ ခန္ဓာအိမ်ကို။ န ကာဟသိ၊ ဆောက်လုပ်ရလိမ့်မည်မဟုတ်ဟောချေ။

(သာဓုခေါ်)

အဲဒါကြောင့် ဤမှာဘက်ကမ်း သံသရာနယ်တဝှမ်း တည်း ဟူသော ရုပ်-နာမ်, ခန္ဓာ, ဒုက္ခသစ္စာ, 'ဒုက္ခတရား အပေါင်းတို့၏ ချုပ် ငြိမ်း ရာ ဖြစ် တဲ့ ထိုမှာဘက်ကမ်း နိဗ္ဗာန်နန်းသို့ ရောက်နိုင်တဲ့ ဒါန, သီလစသော ပါရမီကုသိုလ် တရားများကို ကြိုးစားအားထုတ်ကြရမယ်၊ ဆောင်ပုဒ်ကို ပြန်ဆိုကြ။

''အဲဒါကြောင့် ပါရမီကုသိုလ်ဖြစ်စေရမယ်''။ (ဆို)

ထို့ကြောင့် ဗုဒ္ဓရှင်တော်မြတ်ကြီးကလဲ....

သီဝံ ပတ္တေထ ဘိက္ခဝေ သီဝံ ပတ္တေတ္ဗာန ဒါနာဒိ ပုညာနိ ကရောထ။

လို့ ပကိဏ္ဏကဒေသနာဖြင့် ဟောကြား တိုက်တွန်းတော်မူထားပါတယ်။

ဘိက္ခဝေ၊ သံသရာ့ဝဋ်၌ ဒုက္ခဇာတ် ဘဝစက် ပြတ် ရေး ကို မျှော်တွေး ရှုညောင်း အို-သူတော်ကောင်းတို့။ တုမှေ၊ သင်တို့သည်။ သီဝံ၊ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာမှန် နိဗ္ဗာန်ကို။ ပတ္တေထ၊တောင့်တကြကုန်လော့။ သီဝံ၊ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာနိဗ္ဗာန်ကို။ ပတ္တေတ္ဗာန၊တောင့်တကြကုန်ပြီးလျှင်။ ဒါနာဒီနိ၊အလှူ ပေးခြင်း,သီလသီတင်းဆောက်တည်ခြင်း,ကမ္မဋ္ဌာန်းဘာဝနာစီးဖြန်းခြင်း အစရှိ ကုန်သော။ ပုညာနိ၊ ပါရမီကုသိုလ်, ဝိဝဋ္ဋနိဿိတကုသိုလ်, လောကီ မဂ္ဂသစ္စာ မဂ္ဂင်ရှစ်ပါးတို့ကို။ ကရောထ၊ ဆည်းပူးအားထုတ် ပြုလုပ်ကြပါကုန်လော့။

(သာဓုခေါ်)

ကိုင်း....တရားအဆုံးသတ်ကြစို့။

''သာမန်ကုသိုလ်, ပါရမီကုသိုလ် တရားတော်''များကို နာကြားကြရ သဖြင့် ရုပ်,နာမ်,ခန္ဓာ,ဒုက္ခသစ္စာ,ဒုက္ခတရားတွေကို ထပ်ကာထပ်ကာ ဖြစ်စေနိုင် တဲ့ သမုဒယသစ္စာ သာမန်ကုသိုလ်များ ရှောင်ရှားကြပြီးလျှင် ရုပ်,နာမ်,ခန္ဓာ, ဒုက္ခသစ္စာ, ဒုက္ခတရားတွေ ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်နိုင်တဲ့ ဒါန, သီလ, ဘာဝနာစသော ပါရမီကုသိုလ်တရားများကို (ဝါ) မဂ္ဂသစ္စာခေါ်တဲ့ မဂ္ဂင် ရှစ်ပါး ပါရမီကုသိုလ်များကို ကြိုးစားအားထုတ်နိုင်ကြပါစေသတည်း။

(သာဓုခေါ်)

**သာမန်ကုသိုလ်နှင့် ပါရမီကုသိုလ် တရားတော် ပြီး၏။**

အမှာ။ ။အမှတ် ၂-၃-၄-အရ တရားတော်များမှာ 'ဓမ္မမာလာ'ရှေ့ပိုင်း ဟောစဉ်တွင် ပါပြီးဖြစ်၍ ထည့်သွင်း မရေးလိုက်တော့ပေ။

## (၅) ကံကပြုပြင်-အကျိုးထင် တရားတော်

ကလျာဏကာရီ ကလျာဏံ၊ ပါပကာရီစ ပါပကံ။
ယာဒိသံ ဝပ္ပတေ ဗီဇံ၊ တာဒိသံ ဟရတေ ဖလံ။

(ပဥ္စကနိပါတ် ဝေနသာခဇာတ်)

ဘောန္တော သပ္ပုရိသာ၊ ကောင်းကျိုးလိုညောင်း အို-တရားနာပရိသတ် အပေါင်း သူတော်ကောင်းတို့။ ယာဒိသံ၊ အကြင်သို့ သဘောရှိသော။ ဗီဇံ၊ မျိုးစေ့ကို။ ဝပ္ပတေ၊ စိုက်ပျိုး၏။ တာဒိသံ၊ ထိုသို့စိုက်ပျိုးတဲ့ မျိုးစေ့နှင့်တူသော။ ဖလံ၊ အသီးကို။ ဟရတေ ယထာ၊ ဆောင်ဘိသကဲ့သို့။ တထာ၊ ထို့နှင့်မခြား အလားတူစွာ။ကလျာဏကာရီ၊ကောင်းသောအမှုကိုပြုလုပ်လေ့ရှိသောသူသည်။ ကလျာဏံ၊ ကောင်းကျိုးကို။ လဘတေ၊ ရ၏။ ပါပကာရီစ၊ မကောင်းသော အမှုကိုပြုလုပ်လေ့ရှိသောသူသည်လည်း။ ပါပကံ၊ မကောင်းကျိုးကို။ လဘတေ၊ ရ၏။လဘတေ၊အကြောင်းကံအားလျော်စွာ အကျိုးပေါ်လာရသဖြင့် အော်.... "ကံကပြုပြင်-အကျိုးထင်" ဖြစ်ရလေတော့သတည်း။ (သာဓုခေါ်)

အဲ-ယခု ရွတ်ဆိုဟောပြောလိုက်တဲ့ တရားတော်က "ကံကပြုပြင်-အကျိုးထင် တရားတော်" ဖြစ်တယ်၊ ဒီတရားတော်အရ ကံဆိုတာ ဘာလဲ၊ ကံဆိုတာ အကြောင်းတရားကို ဆိုတယ်၊ ကျမ်းဂန်များ၌ "စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ"လို့ လာတဲ့အတိုင်း အမှုကိစ္စကို ပြီးစီးအောင်လုပ်တဲ့ စေတနာကို'ကံ'လို့ ဆိုပါတယ်။

"ဗူးပင်စိုက်တော့-ဗူးသီး သီးတယ်" "အချဉ်မျိုးစိုက်တော့-အချဉ်သီး သီးတယ်" ဆိုတာလို အကြောင်းကံကို ပြုလုပ်လျှင် ထို အကြောင်းကံနှင့် တူတဲ့ အကျိုးများ ပေါ်လာရတယ်တဲ့။ အဲဒါကိုပင် "ကံကပြုပြင်-အကျိုးထင်" လို့ ဆိုပါတယ်။

အဲဒီအကြောင်းကံကို ကိုယ်နှင့်လဲ ပြုလုပ်လို့ဖြစ်တယ်၊ နှုတ်နှင့်လဲ ပြောဆိုလို့ ဖြစ်တယ်၊ စိတ်နှင့်လဲ ကြံစည်လို့ ဖြစ်တယ်။ ဒါ့ကြောင့် မကောင်းတဲ့ ကိုယ်, နှုတ်, စိတ်တွေဖြစ်နေလျှင် မကောင်းကံတွေ ဖြစ်တော့တာပဲ၊ ကောင်းတဲ့ ကိုယ်, နှုတ်, စိတ်တွေဖြစ်နေလျှင် ကောင်းကံတွေ ဖြစ်တော့တာပဲတဲ့။

ကောင်းတဲ့ ကာယကံ, ဝစီကံ, မနောကံတွေကို ကုသိုလ်ကံလို့ ခေါ်တယ်။ မကောင်းတဲ့ကာယကံ, ဝစီကံ, မနောကံတွေကိုတော့ အကုသိုလ်ကံလို့ခေါ်တယ်။ ကုသိုလ်ကံဆိုတာ "ကုသလာ အနဝဇ္ဇ သုခဝိပါက လက္ခဏာ"လို့ဆိုတဲ့အတိုင်း

အပြစ်မရှိ ကောင်းသောအကျိုးကို ပေးတယ်။ အကုသိုလ်ကံဆိုတာက "အကုသလာ သာဝဇ္ဇ ဒုက္ခ ဝိပါက လက္ခဏာ" လို့ ဆိုတဲ့အတိုင်း အပြစ်နှင့်တကွ မကောင်းသောအကျိုးကိုပေးတယ်တဲ့။ဒါ့ကြောင့် ဗုဒ္ဓရှင်တော်မြတ်ကြီးက....

"ကုသလံ ဘာဝေထ၊ ကုသိုလ်တရားကိုပွားကြ။အကုသလံ ပဇဟထ၊ အကုသိုလ်တရားကို ပယ်ရှားကြ" ဟု ဟောတော်မူထားပါတယ်။

သို့ဖြစ်၍ မကောင်းတဲ့ အကုသိုလ်ကံများကို ရှောင်ရှား၍ ကောင်းတဲ့ ကုသိုလ်ကံများကိုသာ ဆည်းပူးအားထုတ် ပြုလုပ်ကြပါလို့ တိုက်တွန်းလိုက်ရပါတယ်၊ ဟောဒီ ဆောင်ပုဒ်ကဗျာကို ဆိုကြ။

ချဉ်မျိုးစိုက်မိုး-ချဉ်သီးကောန်၊ သီးပါဌြားသို့-မှတ်သားအမှန်။ (ဆို)

ကောင်းမှုကိုပျိုး-ကောင်းကျိုးရရန်၊ မကောင်းပျိုး-ရရှိး မကောင်းမှန်။ (ဆို)

## သင်္ဘောသူကြီး ကတော် ဝတ္ထု

ဗုဒ္ဓ ရှင်တော်မြတ်ကြီး သာဝတ္ထိပြည်မှန် ဇေတဝန် ကျောင်း တော် ၌ ကိန်းအောင်းမွေ့လျော် သီတင်းသုံးတော်မူသောအခါ ဗုဒ္ဓရှင်တော်မြတ်ကြီးကို ဖူးမြော်ရန် ရဟန်းတော်တစုတို့သည် ပင်လယ်ခရီးဖြင့် ရွက်သင်္ဘောစီး၍ လာခဲ့ကြတယ်။

သမုဒ္ဒရာပင်လယ်ထဲရောက်တဲ့အခါ ရွက်သင်္ဘောဟာ မလှုပ်မယှက် တန့်ရပ်ပြီးနေပါရောတဲ့။ သင်္ဘောသားတွေကလဲ တစုံတခုနှင့်ငြိတွယ်ပြီး ရပ်တန့်နေတာလားလို့ ကြည့်ကြလေရာ၊ ဘာနှင့်မျှငြိတွယ်ခြင်းမရှိ၊ ပကတိအလိုလို ရပ်တန့်နေသည်ကိုတွေ့ကြရတော့ သင်္ဘောပေါ်မှာလူယုတ်မာပါတယ်ဆိုပြီးလူယုတ်မာ မဲချကြတယ်၊ အဲဒီအခါ သင်္ဘောသူကြီးကတော်မှာ မဲကျပါရောတဲ့။ ဒီတော့ သင်္ဘောသူကြီးကိုငဲ့ပြီး မဲမသေချာဘူးဆို၍ ထပ်ချကြတယ်၊ သုံးကြိမ်တိုင်တိုင် သင်္ဘောသူကြီးကတော်ချည်းပင်ပြန်၍ မဲကျနေတယ်တဲ့။

အဲဒီတော့ သင်္ဘောသားတွေက "ဘယ်နှယ်လုပ်ရမလဲ" ဆိုတဲ့အနေနှင့် သင်္ဘောသူကြီးကို ကြည့်ကြတယ်၊ သင်္ဘောသူကြီးက သူတယောက်အကျက်နှင့်တော့ အများကို သေကြေပျက်စီးစေလို့ မသင့်ဘူး၊ သို့အတွက် သင်္ဘောထုံးစံအတိုင်း စီရင်ကြပေတော့လို့ ခွင့်ပြုလိုက်ရတယ်။

ဒီတော့ သင်္ဘောသားတွေကလဲ သင်္ဘောသူကြီး ပြောကြားတဲ့အတိုင်း သင်္ဘောသူကြီးကတော်ကို လည်ပင်းမှာ အိုးဆွဲပြီး ပင်လယ်ထဲ ပစ်ချလိုက်ကြတယ်တဲ့။ အဲသလို ပစ်ချလိုက်သည်နှင့်တပြိုင်နက်သင်္ဘောဟာ ပစ်လိုက်တဲ့မြားလို တဟုန်တည်း ပြေးပြီးသွားတယ်တဲ့။

သဘော်သပေါ်မှာ ပါလာကြတဲ့ ရဟန်းတော်များက ဗုဒ္ဓရှင်တော်မြတ်ကြီးထံရောက်တဲ့အခါ ဒီအကြောင်းကိုလျှောက်ကြတယ်။ ထိုအခါ ဗုဒ္ဓရှင်တော်မြတ်က သဘော်သူကြီးကတော်၏ ရှေးမကောင်းမှုကံများကို ဟောဖော် ထုတ်ပြတော်မူတယ်။

''ချစ်သားတို့....အဲဒီသဘော်သူကြီးကတော်ဟာ တခုသောဘဝတုန်းက အိမ်ရှင်မတဦးဖြစ်ခဲ့တယ်။ သူ့ကိုအင်မတန်ခင်မင်တဲ့ ခွေးတကောင်လဲ သူ့အိမ်မှာရှိတယ်။ ဒီခွေးဟာ သူ့နောက်က အမြဲလိုက်နေတာကို မြင်ရတော့ အရပ်ထဲက လူတွေက ပြောင်လှောင်ပြောဆိုကြတယ်၊အိမ်ရှင်မကလဲ ရှက်တာနဲ့ခွေးကိုမလိုက်အောင် ခဲနှင့်ပစ်တယ်, တုတ်နှင့်ရိုက်တယ်၊ ခွေးကတော့ မမုန်းနိုင်ရှာဘူး လိုက်မြဲလိုက်တာပဲတဲ့။

တနေ့သ၌တော့ ဒီအိမ်ရှင်မဟာ ခွေးကို အသာတကြည်ဖမ်းယူပြီး လည်ပ င်းမှာ သဲအိုးဆွဲ၍ ရေထဲသို့ပစ်ချလိုက်တယ်တဲ့။ ခွေးမှာ ရေနစ်ပြီး သေသွားရှာတ ပဲ၊ အဲဒီ အကုသိုလ်ကံကြောင့် အိမ်ရှင်မမှာ ငရဲ၌နှစ်ပေါင်းများစွာ ခံရပြီးနောက် ယခုလဲ လည်ပင်းမှာ သဲအိုးဆွဲ၍ ရေထဲပစ်ချခြင်းခံရဘယ်။ယခုလိုရေထဲပစ်ချခံရတာ ဘဝပေါင်းတရာရှိပြီ ချစ်သားတို့'' လို့ ဟောဖော် ထုတ်ပြတော်မူတယ်။ အဲဒါကြောင့်....

ကလျာဏကာရိ ကလျာဏံ၊ ပါပကာရိစ ပါပကံ။

ယာဒိသံ ဝပ္ပတေ ဗီဇံ၊ တာဒိသံ ဟရတေ ဖလံ။

(အနက်ကို ရှေးကရေးခဲ့ပြီ။)

ကိုင်း....တရားအဆုံးသတ်ကြစို့၊ ''ကံကပြုပြင်-အကျိုးဆင်''တရားတော်ဆိုတဲ့အတိုင်း မကောင်းကျိုးများကိုခံစားရတဲ့ မကောင်းမှု အကုသိုလ်ကံများကို ရှောင်ရှားကြပြီးလျှင် ကောင်းမှုကုသိုလ်တရားများကိုသာ ကြိုးစားအားထုတ်ပြုလုပ်နိုင်ကြပါစေသတည်း။

(သာဓုခေါ်)

ကံကပြုပြင်-အကျိုးဆင် တရားတော် ပြီး၏။

---

## (၆) ခု-ချမ်းသာရေးနှင့် နောင်-ချမ်းသာရေး တရားတော်

ဒကာ-ဒကာမတွေဟာ, တရားနာပရိသတ်တွေဟာ အခုလဲချမ်းသာလိုကြတာပဲ, နောင်လဲ ချမ်းသာ လိုကြတာပဲ။ သို့အတွက် ခု-ချမ်းသာရေးနှင့်နောင်-ချမ်းသာရေးတရားကို ညွှန်ကြား ဟောကြားရလိမ့်မယ်၊ တရားနာမည်ကို ''ခု-ချမ်းသာရေးနှင့် နောင်-ချမ်းသာရေး တရားတော်''လို့ မှတ်ထားကြ။

လိုက်ဆိုကြ....

လုံ့လဇွဲနှင့်-စွဲမြဲလုပ်ကွယ်၊
စုဆောင်းရေးလဲ-မနှေးရတယ်။ (ဆို)

ချွေးတာရေးလဲ-အလေးပြုကွယ်၊
မိတ်ဆွေကောင်း-ပေါင်းသင်းကြရမယ်။ (ဆို)

တို့-လုပ်သား-ခုကား ချမ်းသာမယ်။ (ဆို)

(၁) အလုပ်လုပ်ရေး၊

(၂) စုဆောင်းရေး၊

(၃) ချွေတာရေး၊

(၄) မိတ်ဆွေကောင်းနှင့် ပေါင်းသင်းဆက်ဆံရေး။

အဲဒီလေးပါးကို ဗုဒ္ဓရှင်တော်မြတ်ကြီးက ''သမ္ပဒါတရား လေးပါး'' လို့ ဟောကြားတော်မူထားပါတယ်။ ယခု ပစ္စုပ္ပန်လောကအတွက် ချမ်းသာရေး လမ်းစဉ်ကို ''ဗျဂ္ဃပဇ္ဇ''အမည်ရှိတဲ့ ဒကာတယောက်က လျှောက်သားတဲ့ အတွက် ဗုဒ္ဓရှင်တော်မြတ် ညွှန်ကြားတော်မူခဲ့ခြင်း ဖြစ်တယ်။

ဒီ လမ်းစဉ် လေးချက်အတိုင်း လိုက်နာ ကျင့်သုံးပါလျှင် ယခု ပစ္စုပ္ပန် လောကမှာ အမှန်ချမ်းသာရမယ်၊ ဥစ္စာစည်းစိမ် ဂုဏ်သိန်ပြည့်စုံမယ်။လက်တွေ့ ကျင့်သုံးကြည့်ကြပါ။

၁။ အလုပ်လုပ်ရေးကို ''ဥဋ္ဌာန သမ္ပဒါ''လို့ ညွှန်ကြားထားပါတယ်။ အလုပ်ကို လုံ့လ, ဝီရိယနှင့် ထထကြွကြွ လုပ်ကိုင်ရမယ်လို့ ဆိုလိုတယ်၊ သို့ဖြစ်၍ ဆိုင်ရာအလုပ်ကို ပထမနားလည်ပြီးလျှင် ဒုတိယ ဇွဲသန်သန် လုပ်ကိုင်ကြရမယ်။

၂။ စုဆောင်းရေးကို'အာရက္ခ သမ္ပဒါ'လို့ ညွှန်ကြားထားတယ်၊အလုပ် ကိုလုပ်လို့ရလာတဲ့ ပစ္စည်းဥစ္စာ, ရွှေ, ငွေများကိုလဲ ရသမျှ သုံးဖြုန်း မပစ်ရဘူး၊ မပျောက်ပျက်ရအောင် စောင့်ရှောက်သိမ်းဆည်းထားရမယ်, စုဆောင်းထားရ မယ်, ရွှေ-ငွေများကို စုဆောင်းထားရမယ်လို့ ဆိုလိုတယ်။

၃။ ချွေတာရေးကို''သမဇီဝိတာ သမ္ပဒါ''လို့ ညွှန်ကြားထားပါတယ်။ အရနှင့်အကုန်(အဝင်နှင့်အထွက်)မျှတအောင် စားသောက်နေထိုင်တတ်ရမယ် လို့ ဆိုလိုတယ်။ ဘယ်အခါမဆို အကုန်ထက် အရက ပိုလျှံ၍နေလျှင် သာ၍ပင် စိတ်ချမ်းသာနိုင်ပါတယ်။ သို့ဖြစ်၍ ချိန်ခွင်ဖြင့် ချိန်စက်၍ကြည့်သူကဲ့သို့ အကုန် နှင့်အရကို အမြဲချိန်စက်ကြည့်၍(စာရင်းလုပ်၍)အရဘက်က(ဝါ)အဝင်ဘက်က အမြဲတမ်းပိုလျှံစေရမယ်။

ဥပမာ-တလလျှင် ၇၅-ကျပ်လောက်ဝင်ငွေရှိသူက ၁၅ဝ-ကျပ်လောက် ဝင်ငွေရှိသူကို တုရှိမစားသင့်၊ မဝတ်သင့်ချေ။ အကယ်၍ စားသောက်၊ ဝတ်ဆင်ခဲ့ပါလျှင် ကိုယ့်အဆင့်အတန်းကို အလွဲသုံးစား ပြုလုပ်သူဖြစ်၍ သူများထံမှ ကြွေးမြီကို မျက်နှာငယ်ငယ်နှင့် ချေးရတော့မယ်။ အဲဒါကြောင့် အကုန်နှင့်အရ မျှတအောင် စားသောက် နေထိုင်တတ်ကြရမယ်။

၄။ မိတ်ဆွေကောင်းနှင့် ပေါင်းသင်း ဆက်ဆံရေး ကို "ကလျာဏ မိတ္တတာ သမ္ပဒါ"လို့ ညွှန်ကြားတော်မူခဲ့တယ်။ မိတ်ဆွေကောင်းနှင့်အတူသွား၊ အတူလာ၊ အတူစား၍ အတူစကားပြောလေ့ရှိသူမှာ ထိုမိတ်ဆွေကောင်း၏အထံမှ ကောင်းသောအကျင့်အကြံ၊ အပြောအဆို၊ အနေအထိုင်များနှင့် အကူအညီများကိုပါရသဖြင့် တိုးတက်ကြီးပွားသူတယောက် ဖြစ်လာနိုင်တယ်။ သို့အတွက် မိတ်ဆွေကောင်းနှင့် ပေါင်းသင်း ဆက်ဆံထားကြရမယ်။

## ဗုဒ္ဓညွှန်ကြားချက်ကို ခံယူခြင်း

(၁) ကျွန်ုပ်တို့သည် အလုပ်ကို ကြိုးစားလုပ်ကိုင်ကြပါမည်။ (ဆို)
(၂) ကျွန်ုပ်တို့သည် ရွှေ၊ ငွေကို စုဆောင်းထားကြပါမည်။
(၃) ကျွန်ုပ်တို့သည် အရာရာမှာ ချွေတာသုံးစွဲကြပါမည်။
(၄) ကျွန်ုပ်တို့သည် မိတ်ဆွေကောင်းနှင့် ပေါင်းသင်း ဆက်ဆံကြပါမည်။ (ဆို)

## ခု-ချမ်းသာရေး ကြွေးကြော်သံ

၁။ အလုပ်လုပ်ရေး .... တို့-အရေး။ (ဆို)
၂။ ငွေစုဆောင်းရေး .... တို့-အရေး။
၃။ ချွေတာသုံးရေး .... တို့-အရေး။
၄။ မိတ်ဆွေကောင်းနှင့်ပေါင်းသင်းဆက်ဆံရေး....တို့-အရေး။ (ဆို)

အခု ချမ်းသာရေးလမ်းစဉ် လေးချက်ကို လက်တွေ့ ကျင့်သုံး နိုင်ကြပြီးလျှင် ချမ်းသာသုခကို အမှန်ရနိုင်ကြပါစေသတည်း။

---

နောင် ချမ်းသာရေးလမ်းစဉ်လေးချက်ကို ဆက်လက်၍ မှတ်ထားကြဦး၊ ဟောဒီ ဘောင်ပုဒ်ကဗျာကို ဆိုကြ။

ယုံကြည်ခြင်းများ - ရှိငြားမှန်စွာ၊ (ဆို)
စောင့်ထိန်းမှုလဲ - အမြဲမကွာ။
စွန့်ကြဲပေးကမ်း - လှူဒါန်းဖြာဖြာ၊
အသိဓာတ် - မလပ်စေရပါ။ (ဆို)
တို့-လုပ်သား - နောင်ကား ချမ်းသာမှာ။ (ဆို)

(၁) ယုံကြည်ရေး၊
(၂) စောင့်ထိန်းရေး၊
(၃) စွန့်ကြဲရေး၊
(၄) သိရှိရေး။

အဲဒီလေးပါးကို ဗုဒ္ဓရှင်တော်မြတ်ကြီးက နောင်တမလွန်လောကအတွက် ချမ်းသာရေးလမ်းစဉ်လို့ ညွှန်ကြားတော်မူခဲ့တယ်။ 'ဗျဂ္ဃပဇ္ဇ' အပည်ရှိကဲ့ ဒကာက လျှောက်လို့ပင် ဟောကြား ညွှန်ပြတော်မူခြင်း ဖြစ်ပါတယ်။

ဒီလမ်းစဉ်လေးချက်အတိုင်း လိုက်နာ ကျင့်သုံးပါလျှင် နောင်တမလွန် လောကမှာ အမှန် ချမ်းသာရမယ်၊ နကုလပိတာနှင့် နကုလမာတာ တို့ကိုလဲ ဒီအတိုင်း ဟောကြားတော်မူတယ် သို့အတွက် ဒီ-နောင်ချမ်းသာရေး လမ်းစဉ် လေးချက်နှင့်ပြည့်စုံအောင်လဲ ကျင့်သုံးကြရမယ်။

၁။ ယုံကြည်ရေးကို 'သဒ္ဓါ' လို့မှတ်ရမယ်၊ ဘုရား, တရား, သံဃာတည်းဟူသော ရတနာသုံးပါးနှင့် ကံ-ကံ၏ အကျိုးကို ယုံကြည် ရမယ်လို့ ဆိုလိုတယ်၊ အဲသလို ယုံကြည်လျှင်လဲ "သမ္မာဒိဋ္ဌိ" အယူရှိသူ ဖြစ်ပြီ၊

၂။ စောင့်ထိန်းရေးကို 'သီလ' လို့ မှတ်ရမယ်၊ သီလဆိုတာ ကိုယ်နှင့်နှုတ်ကို လုံခြုံအောင်စောင့်စည်းတာ၊ ကိုယ်နှင့်နှုတ်က မကောင်းတာ မဖြစ်ရအောင် စောင့်ထိန်းတာ ဖြစ်တယ်။

ဒုစရိုက်အမှုများကို ရှောင်ရှားလျှင်လဲ သီလ လုံခြုံပါတယ်၊ သို့ဖြစ်၍...

(၁) သူတပါးအသက်ကို ညှဉ်းဆဲ, သတ်ဖြတ်ခြင်း၊
(၂) သူတပါးဥစ္စာကို ခိုးယူ, တိုက်ခိုက်ခြင်း၊
(၃) သူတပါး သား, မယားကို ဖောက်ပြန် မှားယွင်းခြင်း၊

ဆိုတဲ့ ကာယကံ ဒုစရိုက်သုံးပါးကိုလဲ ရှောင်ကြဉ်ရမယ်။

(၁) လိမ်၍ပြောဆိုခြင်း၊
(၂) ချောပစ် ကုန်းတိုက်ခြင်း၊
(၃) ကြမ်းကြမ်းတမ်းတမ်း ပြောဆိုခြင်း၊
(၄) သိမ်ဖျင်းသော စကားကို ပြောဆိုခြင်း။

ဆိုတဲ့ ဝစီကံ ဒုစရိုက်လေးပါးကိုလဲ ရှောင်ကြဉ်ကြရမယ်။

(၁) သူတပါးစည်းစိမ်ကို မတရားယူလိုခြင်း၊
(၂) သူတပါး ပျက်စီး သေကြေစေရန် ကြံစည်ခြင်း၊
(၃) အယူမှားခြင်း, ကံ-ကံ၏အကျိုး မရှိဟုယူခြင်း။

ဆိုတဲ့ ပနော ဒုစရိုက်သုံးပါးကိုလဲ ရှောင်ကြဉ်ကြရမယ်။

အဲဒီ-ဒုစရိုက်အမှုများကို ရှောင်ရှားလျှင်လဲ သီလနှင့် ပြည့်စုံပြီလို့ မှတ်ထားကြ။

၃။ စွန့်ကြဲရေးကို "စာဂ"လို့ မှတ်ရမယ်၊ အဲဒါကတော့ ဒါနရေးနှင့် ပတ်သက်တာတွေပါပဲ၊ ဖြစ်လေရာဘဝတို့၌ ဒါနပါမှ ချမ်းသာကြွယ်ဝနိုင်တယ်၊ ဟောဒီ ဆောင်ပုဒ်များကို ဆိုကြ။

၁။ ဒါနမပါ၊ ဖြစ်လေရာ၊ မွဲကာနေရတယ်။ (ဆို)

၂။ ဒါနပါကာ၊ ဖြစ်လေရာ၊ ချမ်းသာကြွယ်ဝတယ်။

သို့ဖြစ်၍ ဒါနကိုလဲ လေးစားကြရမယ်၊တတ်စွမ်းနိုင်သမျှစွန့်ကြဲပေးကမ်း လှူဒါန်းကြရမယ်။

၄။ သိရှိရေး "အသိစိတ်ကို ပညာ"လို့ မှတ်ရမယ်၊ အရာရာကိုသိတာ ပညာပါပဲ၊ ပညာဆိုသော စကားထဲမှာ ခဏိကသမာဓိပါ ပါဝင်နေတဲ့အတွက် ပညာအရ သမာဓိပါ ပါတယ်လို့ မှတ်ထားကြ၊ သိရှိတဲ့နေရာမှာ တည်ငြိမ်မှု မပါ ပဲနှင့်မဖြစ်နိုင်ဘူးဆိုတာ သတိပြုရမယ်၊ဝိသုဒ္ဓိမဂ်ကလဲ ခဏိကသမာဓိကို ထုတ်ပြထားတယ်။

ထို့အပြင် သိရှိရေး, သိရှိမှုအရ ခန္ဓာအပေါ်မှာဉာဏ်နှင့်စိုက်၍ ဆင်ခြင် သုံးသပ်တဲ့အခါ ဖြစ်မှု-ပျက်မှု သိမြင်တာကိုလဲ ယူနိုင်တယ်၊ ဖြစ်-ပျက်မှုတွေဟာ ဒုက္ခအစုတွေပဲလို့ သိမြင်တာကိုလဲ ယူနိုင်တယ်၊ အဲဒီပညာက ဝိပဿနာဘာဝနာ အရာဖြစ်တဲ့ လောကီ မဂ္ဂသစ္စာ-လောကီ မဂ္ဂင်ရှစ်ပါးထဲမှာ ပါဝင်တဲ့ ပညာကို ဆိုလိုတယ်။

ဝိပဿနာဉာဏ်စဉ်ဆုံး၍ မဂ်ဖိုလ်ပေါ်လာတဲ့ အခါ၌ကား ပညာဟာ လောကုတ္တရာ မဂ္ဂသစ္စာ - လောကုတ္တရာ၌ ပါဝင်တဲ့ ပညာ ဖြစ်သွားတယ်၊ အဲသလို လောကုတ္တရာပညာ ဖြစ်သွားလျှင်တော့ နောင်တမလွန်လောက၌သာ မဟုတ် နိဗ္ဗာန်တိုင်အောင်ပင် ချမ်းသာသွားနိုင်ပါတယ်။

## ဗုဒ္ဓညွှန်ကြားချက်ကို ခံယူခြင်း

(၁) ကျွန်ုပ်တို့သည် သဒ္ဓါတရားနှင့် ပြည့်စုံစေကြပါမည်။ (ဆို)

(၂) ကျွန်ုပ်တို့သည် ကိုယ်,နှုတ်နှစ်ပါးကို စောင့်ထိန်းကြပါမည်။

(၃) ကျွန်ုပ်တို့သည် စွန့်ကြဲ, ပေးကမ်းကြပါမည်။

(၄) ကျွန်ုပ်တို့သည် အရာရာမှာ အသိစိတ်ထားကြပါမည်။ (ဆို)

## နောင်-ချမ်းသာရေး ကြွေးကြော်သံများ

(၁) ယုံကြည်ဖို့အရေး .... တို့-အရေး၊ (ဆို)

(၂) စောင့်ထိန်းဖို့အရေး .... တို့-အရေး၊

(၃) စွန့်ကြဲဖို့အရေး .... တို့-အရေး၊

(၄) အသိစိတ်ထားရေး .... တို့-အရေး၊ (ဆို)

ကိုင်း....တရားအဆုံးသတ်ကြစို့။

"ခု-ချမ်းသာရေးနှင့် နောင်-ချမ်းသာရေး တရားတော်"များကို နာခံမှတ်သားကြရသဖြင့် ခုရော-နောင်ပါ ချမ်းသာအောင် လိုက်နာကျင့်သုံးနိုင်ကြပါစေသတည်း။

ခု-ချမ်းသာရေးနှင့် နောင်-ချမ်းသာရေး
တရားတော် ပြီးပြီ။

## ရှေ့ပိုင်း ခြောက်ပုဒ် နိဂုံး

ဤသို့လျှင် သုတ္တန္တဒေသနာအမှတ် ၁-မှ၊အမှတ် ၆-အထိဖြစ်သော ရှေ့ပိုင်းဟောစဉ် တရားတော်ခြောက်မျိုးကို ညောင်လွန် အရှင်သောဘိတာစာရ(ခေါ်) အရှင်ဦးရိပ်သာဆရာတော်သည် အသက်(၄၃)နှစ်၊ ရဟန်းသိက္ခာဝါ(၂၃)ဝါမြောက်၊ ၁၃၂၇-ခုနှစ် ဝါတွင်း၌ ဟောလဲဟော၊ ရေးသား၍လည်း ပြီးစီးလေသတည်း။

၁၃၂၈-ခုနှစ် ဝါတွင်း။

ဤတွင် ရှေ့ပိုင်းဟော သုတ္တန္တဒေသနာအခန်း ပြီးပြီ။

## နောက်ပိုင်းဟော ဝိပဿနာ ဒေသနာအခန်း
## တရားချီး အာသီသ ဂါထာ

●

ဗုဒ္ဓသုဗုဒ္ဓတာ လောကေ၊ ဓမ္မဿ စ သုဓမ္မတာ။
သံဃဿ သုပ္ပဋိပတ္တိ၊ သော သာသန သမ္ပဒါ။

လောကေ၊ သတ္တဝါတို့၏တည်နေရာ ဤကမ္ဘာလောက၌။ ဗုဒ္ဓသုဗုဒ္ဓတာစ၊ ဗုဒ္ဓ၏ ကောင်းသော ဗုဒ္ဓဖြစ်ခြင်းသည်၎င်း။ ဓမ္မဿ သုဓမ္မတာစ၊ တရားတော်၏ ကောင်းသောတရား ဖြစ်ခြင်းသည်၎င်း။ သံဃဿ သုပ္ပဋိပတ္တိစ၊ သံဃာတော်၏ ကောင်းမွန်စွာကျင့်ခြင်းသည်၎င်း။ သော၊ ဤသို့ ရတနာသုံးဖြာနှင့် ကောင်းစွာ ပြည့်စုံခြင်းသည်ကား။ သာသန သမ္ပဒါ၊ တခေတ်တခါ ပေါ်ထွန်းလာသည့် သာသနာတော်ကြီး၏ ပြည့်စုံခြင်း ပါပေတည်း။ တော သာသနံ၊ ပြည့်စုံလှစွာ ပေါ်ထွန်းလာသည့် ဤ သာသနာတော်ကြီးကို။ အနုဂ္ဂဟန္တု၊ စုမ်းသား ရှိသလောက် ချီးမြှောက်နိုင်ကြပါစေသတည်း။ (သာဓုခေါ်)

အဲ-ဗုဒ္ဓရှင်တော်မြတ်ကြီး၏ ဘုရားစစ်, ဘုရားမှန်ဖြစ်ခြင်း၊ တရားတော်မြတ်၏ နိဗ္ဗာန်သို့တိုင်အောင် ပို့ဆောင်နိုင်ခြင်း၊ သံဃာတော်မြတ်များ၏ ကောင်းကောင်းမွန်မွန် ကျင့်ခြင်းသည် ဗုဒ္ဓသာသနာတော်ကြီး၏ ပြည့်စုံခြင်း ပါပဲတဲ့၊ အဲဒီ ပြည့်စုံလှစွာ ဗုဒ္ဓသာသနာတော်ကြီးကို စွမ်းအားရှိသလောက် ချီးမြှောက်နိုင်ကြပါစေဟု အာသီသပြုလိုက်ခြင်းဖြစ်ပါတယ်။

ဟောဒီ အာသီသ ဆောင်ပုဒ်ကို ဆိုကြ။

၁။ ဗုဒ္ဓမြတ်စွာ၊ သာသနာ၊ ရောင်ဝါနေသို့-ထွန်းစေသော်။

၂။ သာသနာ ကြည်ညိုသူ၊ များဗိုလ်လူ၊ ကြည်ဖြူ ချီးမြှောက် နိုင်စေသော်။ (ဆို)

## (၁) ရှုဆင်ခြင်လျှင် ရုပ်-နာမ်မြင် တရားတော်

ကမ္မဿ ကာရကော နတ္ထိ၊ ဝိပါကဿ စ ဝေဒကော။
သုဒ္ဓဓမ္မာ ပဝတ္တန္တိ၊ ဧဝေတံ သမ္မဒဿနံ။

(ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာ)

ဘောန္တော၊ အို...ယောဂီအပေါင်း သူတော်ကောင်းတို့။ ဧတံ၊ ဤသို့ ဝိပဿနာရှုဆင်ခြင်သည်ရှိသော်။ ကမ္မဿ၊ ကောင်းကံ,မကောင်းကံကို။ ကာရကော၊ပြုလုပ်တတ်တဲ့ ပုဂ္ဂိုလ်သတ္တဝါသည်။ နတ္ထိ၊မရှိ။ဝိပါကဿ၊ကောင်းကျိုး, မကောင်းကျိုးကို။ဝေဒကော၊ခံစားတတ်တဲ့ပုဂ္ဂိုလ်သတ္တဝါသည်လည်း။ နတ္ထိ၊ မရှိ။ သုဒ္ဓဓမ္မာ-သုဒ္ဓဓမ္မာစ၊ ပုဂ္ဂိုလ်,သတ္တဝါ ပညတ်မဖက် ရုပ်-နာမ်,ပရမတ် သက်သက်တို့သည်သာလျှင်။ ပဝတ္တန္တိ၊ ဖြစ်ပေါ်လျက် နေကြလေကုန်၏။ ဧတံ၊ ဤသို့ ပုဂ္ဂိုလ်, သတ္တဝါ, ပညတ်မဖက် ရုပ်-နာမ်, ပရမတ်သက်သက်ကို သိခြင်း သည်ကား။ သမ္မဒဿနံ၊ မဖောက်မပြန် ဟုတ်မှန်သော သိမြင်ခြင်း ပေတည်း။ သမ္မဒဿနံ၊ရုပ်-နာမ်,ပရမတ်သက်သက်ကိုသာသိမြင်ရသဖြင့် အော် ''ရှုဆင်ခြင် လျှင်-ရုပ်-နာမ်မြင် တရားတော်'' ခေါ်ရလေတော့သတည်း။ (သာဓုခေါ်)

အဲဒါက ''ရှုဆင်ခြင်လျှင်-ရုပ်-နာမ်မြင် တရားတော်''ဖြစ်တယ်။

''ရုပ်-နာမ်ကိုရှု၊ ရုပ်-နာမ်စု၊ မြင်မှု မလွဲပါ။ (ဆို)

အဲဒီဆောင်ပုဒ်အတိုင်းပဲ ရုပ်-နာမ်ကို ဝိပဿနာရှုလျှင် ရုပ်-နာမ်ကိုပင် တွေ့မြင်ရတယ်။ ဥပမာ-နှာသီးဖျားကို ဉာဏ်နဲ့စိုက်၍ ထွက်လေတိုးမှု,ဝင်လေ တိုးမှုကို သတိပြု၍ ''သိ-သိ''ဟု အသိကပ်နေပါလျှင် (ဝါ) ဝိပဿနာ ရှုနေပါ လျှင် သမာဓိတည်လာသည်ရှိသော် အသိကပ်တိုင်း, ရှုတိုင်း တိုးမှုသဘောနှင့် သိမှုသဘောကိုသာ ဘာဝနာမယဉာဏ်ဖြင့် သိမြင်နေရတယ်။ ဟောဒီနေရာမှာ တိုးမှုသဘောက ရုပ်, သိမှုသဘောက နာမ်-လို့ မှတ်ထားပါ။

အဲဒါ ရုပ်-နာမ်ကိုမြင်တာ, ရုပ်-နာမ်ကိုတွေ့တာပါပဲ။ ဒါကို တရားတွေ့တယ်, အမြင်မှန်ရတယ်လို့ ခေါ်တယ်၊ အဲဒီအခါ ယောဂီ၏ဉာဏ်မှာ ယခုသိမြင်နေတဲ့ တိုးမှုနှင့်သိမှုဟာ ငါ့ဥစ္စာမဟုတ်, ငါလဲ မဟုတ်, ငါ့ကိုယ်လဲမဟုတ်, ပုဂ္ဂိုလ်, သတ္တဝါလဲ မဟုတ်, မိန်းမ, ယောကျ်ားလဲ မဟုတ်ဘူး၊ တိုးမှုနှင့် သိမှုမျှသာပဲ၊ ရုပ်-နာမ်သက်သက်မျှသာပဲလို့သိမြင်နေရတယ်။ဒါ့ကြောင့် အနတ္တလက္ခဏသုတ်ပါဠိတော်မှာ ...

သဗ္ဗံ ရူပံ (နာမံ) နေတံ မမ နေသောဟမသ္မိ န မေသော အတ္တာတိ ဝေမေတံ ယထာဘူတံ သမ္မပညာယ ဒဋ္ဌဗ္ဗံ။

လို့ ဟောတော်မူတယ်။

သဗ္ဗံ၊ အလုံးစုံသော။ ရူပံ၊ ရုပ်သည် (နာမံ၊ နာမ်သည်)။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤရုပ်-နာမ်သည်။ မမ၊ ငါ၏ဥစ္စာသည်။ န၊ မဟုတ်။ ဧသော၊ ဤရုပ်-နာမ်သည်။ အဟံ၊ ငါသည်။ န အသ္မိ၊ မဖြစ်။ ဧသော၊ ဤရုပ်-နာမ်သည်။မေ၊ ငါ၏။ အတ္တာ ကိုယ်သည်။ န၊ မဟုတ်။ ဣတိဧဝံ၊ ဤသို့။ ဧတံ၊ ဤရုပ်-နာမ်ကို။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ သမ္မပညာယ၊ မဖောက်မပြန် မှန်ကန်သောပညာဖြင့်။ ဒဋ္ဌဗ္ဗံ၊ သိမြင်အပ်၏။

ထို့အပြင် မဟာသတိပဋ္ဌာနသုတ် အဋ္ဌကထာ၌လည်း....

ကာယောဝ အတ္ထိ န သတ္တော န ပုဂ္ဂလော န ဣတ္ထီ န ပုရိသော။

အစရှိသည်ဖြင့် မိန့်ဆိုထားပါတယ်။

ကြာကြာရှုနေလို့ ဝေဒနာပေါ်လာတဲ့အခါမှာလဲ သည်းခံ၍ ဝေဒနာချုပ်သွားအောင် ရှုရတယ်။အဲသလို ဝေဒနာကိုရှုလျှင်လဲ ဝေဒနာသဘောမျှကိုသာ သိမြင်ရတယ်၊ ဤအထိ သိမြင်လျှင် နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်ပြီ ဟု မှတ်ရမယ်။

ဟောဒီဆောင်ပုဒ်လင်္ကာကို လိုက်ဆိုကြ။

မှတ်ရှုဆဲမှာ၊ ရုပ်-နာမ်သာဟု၊ ဉာဏ်မှာထင်ထင်၊ တကယ်မြင်၊ ကင်းစင်ဒိဋ္ဌိကွာ။ (ဆို)

**အမှာ။** ။ကံမှသ ကာရကော-စသော (မူလဂါထာကိုပြန်ကောက်။)

ကိုင်း....အဆုံးသတ်ကြစို့။ "ရှုဆင်ခြင်လျှင်-ရုပ်-နာမ်မြင် တရားတော်" ဆိုတဲ့အတိုင်း ဝိပဿနာရှု ဆင်ခြင်နိုင်ကြပြီးလျှင် ပုဂ္ဂိုလ်, သတ္တဝါ, ပညတ်မဖက် ရုပ်-နာမ်, ပရမတ်သက်သက်ကိုသာ လျင်မြန်စွာ သိမြင်နိုင်ကြပါစေ သတည်း။

(သာဓုခေါ်)

ဋီခတ်—၇၃၊ (ဒုတိယအကြိမ်)

## (၂) ရှုဆင်ခြင်သော်-ကြောင်းကျိုးပေါ် တရားတော်

ကမ္မဿ ကာရကော နတ္ထိ၊ ဝိပါကဿစ ဝေဒကော။

သုဒ္ဓဓမ္မာ ပဝတ္တန္တိ၊ ဧဝေတံ သမ္မဒဿနံ။

ဘောဇန္တော၊ အို-ယောဂီအပေါင်း သူတော်ကောင်းတို့။ ဝေံ၊ ဤသို့ ဝိပဿနာရှု ဆင်ခြင်သည်ရှိသော်။ ကမ္မဿ၊ ကောင်းကံ,ဆိုးကံကို။ ကာရကော၊ ပြုလုပ်တတ်တဲ့ ပုဂ္ဂိုလ်, သတ္တဝါသည်။ နတ္ထိ၊ မရှိ။ ဝိပါကဿ၊ ကောင်းကျိုး, ဆိုးကျိုးကို။ ဝေဒကောစ၊ ခံစားတတ်တဲ့ ပုဂ္ဂိုလ်,သတ္တဝါသည်လည်း။နတ္ထိ၊မရှိ။ သုဒ္ဓဓမ္မာ-သုဒ္ဓဓမ္မာဝ၊ ပုဂ္ဂိုလ်, သတ္တဝါ, ပညတ်မဖက် အကြောင်းအကျိုးသက် သက်မျှဖြစ်တဲ့ ရုပ်-နာမ်တို့သည်သာလျှင်။ ပဝတ္တန္တိ၊ အကြောင်းအားလျော်စွာ ဖြစ်ပေါ်ရှိလာကြလေကုန်၏။တေ၊ဤသို့ အကြောင်းအကျိုးမျှဖြစ်တဲ့ ရုပ်-နာမ် တို့ကို သိမြင်ခြင်းသည်ကား။ သမ္မဒဿနံ၊ မဖောက်မပြန် ဟုတ်မှန်သော သိမြင် ခြင်းပေတည်း။ သမ္မဒဿနံ၊အကြောင်းအကျိုးမျှဖြစ်တဲ့ ရုပ်-နာမ်တို့ကို သိမြင်ရ သဖြင့် အော်...''ရှုဆင်ခြင်သော်-ကြောင်းကျိုးပေါ် တရားတော်''ခေါ်ရလေ တော့သတည်း။ (သာဓုခေါ်)

အဲဒါက 'ရှုဆင်ခြင်သော် ကြောင်းကျိုးပေါ် တရားတော်'ဖြစ်တယ်၊ရှုဆင် ခြင်သော်-ကြောင်းကျိုးပေါ် ဆိုတဲ့အတိုင်း ရှေ့သို့ဆက်လက်၍ ဝိပဿနာရှုပြန် လျှင်အကြောင်းနှင့်အကျိုးမျှသာဖြစ်တဲ့ရုပ်-နာမ်တို့ကိုသိမြင်ရပြန်တယ်၊ဘယ်လို သိမြင်ရပြန်သလဲဆိုရင် ဒီဘဝကရုပ်နှင့်နာမ်ဟာအကြောင်းကြောင့်ဖြစ်လာသလို ရှေးဘဝက ရုပ်နှင့်နာမ်ဟာလဲ အကြောင်းကြောင့်သာ ဖြစ်တာပဲ၊ နောက်ဘဝ မှာလဲ ရုပ်နှင့်နာမ်ဟာ အကြောင်းကြောင့် ဖြစ်မှာချည်းပဲလို့ သိမြင်ရတယ်။

တချို့ယောဂီများမှာ ဝိပဿနာရှုလို့ အတော်အတန် သိမြင်လာတဲ့အခါ ယခု ဝိပဿနာရှုနေတာ အကြောင်းပဲ၊ရုပ်-နာမ်ကိုသိမြင်ရတာကတော့ အကျိုး ပဲ၊ ဖြစ်ပေါ်နေတဲ့ရုပ်ခတ်,နာမ်ခတ်တွေက အကြောင်းပဲ၊ ဝိပဿနာရှုနေတာ က အကျိုးပဲ စသည်ဖြင့်လဲ အကြောင်းနှင့် အကျိုးဖြစ်ပုံတွေကို သိမြင်ကြတယ်။

အဲဒီအခါ ယောဂီ၏ဉာဏ်မှာ ငါ,ငါ့ဥစ္စာ,ပုဂ္ဂိုလ်,သတ္တဝါဟူ၍မရှိတော့ ပါလား၊ မည်သူက မည်သူ့ကို ဖန်ဆင်းပေးတာပဲ မဟုတ်ပါလား၊ အကြောင်း ကြောင့် ဖြစ်ပေါ်လာကြတဲ့ အကျိုးတရားတွေမျှသာပဲ၊ အကြောင်း အကျိုး ရုပ်-နာမ်တွေပဲလို့ ဆုံးဖြတ်နိုင်ပြီးလျှင် ယုံမှားခြင်းများကို လွန်မြောက်သွား ဘယ်တဲ့။ ဒါ့ကြောင့် (သုတ်မဟာဝါ အဋ္ဌကထာ)၌....

သော ဇဝံ နာမရူပံ ပရိဂ္ဂဟေတွာ တဿ ပစ္စယံ ပရိယေသန္တော
အဝိဇ္ဇာဒိ ပဋိစ္စသမုပ္ပါဒံ ဒိသွာ ပစ္စယပစ္စယုပ္ပန္န ဓမ္မမတ္တမေဝေတံ
အညော သတ္တော ဝါ ပုဂ္ဂလော ဝါ နတ္ထီတိ ဝိတိဏ္ဏကင်္ခေါ၊
လို့ မိန့်ဆိုပါတယ်။

သော၊ထိုယောဂီပုဂ္ဂိုလ်သည်။ ဇဝံ၊ဤသို့။ နာမရူပံ၊နာမ်-ရုပ်နှစ်ပါးကို။ ပရိဂ္ဂဟေတွာ၊ သိမ်းဆည်း၍။ တဿ၊ ထိုရုပ်-နာမ်နှစ်ပါး၏။ ပစ္စယံ၊ ဖြစ်ပေါ်ပုံ အကြောင်းကို။ ပရိယေသန္တော၊ ရှာမှီးသည်ရှိသော်။ အဝိဇ္ဇာဒိ ပဋိစ္စသမုပ္ပါဒံ၊ အဝိဇ္ဇာအစရှိသော ပဋိစ္စသမုပ္ပါဒ်ကို။(ဝါ)မသိတာကစသော ခန္ဓာ့လမ်းစဉ်ကို။ ဒိသွာ၊ဘာဝနာမယဉာဏ်ဖြင့် မြင်သည်ရှိသော်။ (ဝါ)မြင်သောကြောင့်။ ဇတံ၊ ဤရုပ်-နာမ်နှစ်ပါးသည်ကား။ ပစ္စယပစ္စယုပ္ပန္န ဓမ္မမတ္တံ့မေဝ၊အကြောင်းအကျိုး ဖြစ်တဲ့သဘောတရားမျှသည်သာလျှင်။ ဟောတိ၊ဖြစ်၏။ အညော၊ အကြောင်း အကျိုး ရုပ်-နာမ်မှတပါးသော။ သတ္တော ဝါ၊သတ္တဝါသည်၎င်း။ ပုဂ္ဂလော ဝါ၊ ပုဂ္ဂိုလ်သည်၎င်း။နတ္ထိ၊မရှိ။ဣတိ၊ဤသို့။ ဝိတိဏ္ဏကင်္ခေါ၊လွန်မြောက်သောယုံမှား ခြင်းရှိသည်။ (ဝါ) ယုံမှားခြင်းကို လွန်မြောက်သည်။ ဟောတိ၊ ဖြစ်၏။

ဤအထိ ဆိုက်ရောက်သွားလျှင် ပစ္စယ ပရိဂ္ဂဟဉာဏ်နှင့် ကင်္ခါဝိတရဏ ဝိသုဒ္ဓိဖြစ်ပြီလို့ မှတ်ရမယ်။

ဟောဒီ ဆောင်ပုဒ်လင်္ကာကို လိုက်ဆိုကြ။

"မှတ်ရှုဆဲမှာ၊ ကြောင်းကျိုးသာဟု၊ ဉာဏ်မှာထင်ထင်၊ တကယ်မြင်၊
ကင်းစင် ယုံမှားကွာ"။ (ဆို)

(မူလဂါထာ ပြန်ကောက်ပါ။)

ကိုင်း .. အဆုံးသတ်ကြစို့။

"ရှုဆင်ခြင်သော် - ကြောင်း ကျိုး ပေါ်" ဆိုတဲ့ အဘိုင်း ဝိပဿနာ ရှုဆင်ခြင်နိုင်ကြပြီးလျှင် အကြောင်းအကျိုး ရုပ်-နာမ်မျှကိုသာ လျှင်မြန်စွာ သိမြင်နိုင်ကြပါစေသတည်း။ (သာဓုခေါ်)

## (၃) ရှုဆင်ခြင်လျှင်-အနိစ္စမြင် တရားတော်

ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။

(ဓမ္မပဒ ပါဠိတော်)

ဘာဝန္တော၊ ယောဂီအပေါင်း သူတော်ကောင်းတို့။ ယော စ၊ အကြင် အမှတ်မရှိ တစုံတယောက်သောသူသည်ကား။ ဥဒယဗ္ဗယံ၊ရုပ်-နာမ်ပရမတ်တို့၏ ဖြစ်တတ်ပျက်တတ်သောသဘောကို။ ဝါ၊ရုပ်-နာမ်ပရမတ်တို့၏ အနိစ္စသဘော ကို။ အပဿံ-အပဿန္တော၊ ဝိပဿနာဉာဏ်ဖြင့် အမှန်မမြင်ပဲလျက်။ ဝဿသတံ၊

အသက်တရားမျှ ကာလပတ်လုံး။ ဇီဝေ၊ စားကာ, အိပ်ကာ, ပျော်ရွှင်ကာဖြင့် မေ့လျော့စွာ အသက်ရှည်ပြေးအံ့။ (တဿ ဇီဝတော၊ ထိုမေ့လျော့စွာ နေသော သူ၏ အသက်တရား ရှည်ရခြင်းထက်။ ဓဝံ၊ ဤသို့ ဝိပဿနာ ရှုဆင်ခြင်သဖြင့်။) ဉဒယဗ္ဗယံ၊ရုပ်-နာမ်,ပရမတ်တို့၏ဖြစ်တတ်,ပျက်တတ်သောသဘောကို။ဝါ၊ရုပ်-နာမ်,ပရမတ်တို့၏ အနိစ္စသဘောကို။ ပဿတော၊ ဝိပဿနာဉာဏ်ဖြင့် အမှန်မြင်ရသောသူ၏။ ဧကာဟံ၊တနေ့တရက် တမနက်မျှ။ဇီဝိတံ၊အသက်ရှည်ရခြင်းသည်။ သေယျော၊ သာလွန်မြင့်မြတ် ချီးမွမ်းအပ်လေတော့သတည်း။ (သာဓုခေါ်)

အဲဒါက "ရှုဆင်ခြင်လျှင်-အနိစ္စမြင်-တရားတော်"ဖြစ်တယ်၊'ပေါ်လတ်ပေါ်လတ်-အသိကပ်'ဆိုတဲ့အတိုင်း ပေါ်လာတဲ့ရုပ်အာရုံ,နာမ်အာရုံအပေါ်ကို အသိကပ်ပြီး ဝိပဿနာရှုနေပြန်ပါလျှင် ထိုနာမ်-ရုပ်,ပရမတ်တို့၏ ဖြစ်ပေါ်လာပြီးနောက် ပျောက်,ပျောက်သွားတာကို ဘာဝနာမယဉာဏ်ဖြင့် သိမြင်ရလိမ့်မယ်၊အဲဒါဖြစ်-ပျက်ကိုမြင်တာ,အနိစ္စကိုမြင်တာဖြစ်တယ်။ဒါ့ကြောင့်'ရှုဆင်ခြင်လျှင်-အနိစ္စမြင်'လို့ ဆိုတာပေါ့၊ ကျမ်းဂန်များမှာလဲ....

"ခယဋ္ဌေန၊ ဖြစ်ပေါ်လာပြီးနောက် ကုန်ပျောက်တတ်သော အနက် သဘောကြောင့်။ အနိစ္စံ၊ အနိစ္စ-မည်၏"လို့ ဆိုထားတယ်မဟုတ်လား။

ဉပမာ-နှာသီးဖျား၌ ထွက်လေတိုးမှု, ဝင်လေတိုးမှုကို သတိပြုပြီး ရှုတဲ့အခါ တိုးမှုနှင့် သိမှုကလေးဟာ ရှုတိုင်း-ရှုတိုင်း ပျောက်,ပျောက် သွားတာကို သိမြင်ရတယ်၊ အဲဒါ ဖြစ်-ပျက်ပဲ, အနိစ္စမြင်တာပဲတဲ့၊ အနိစ္စကိုမြင်လျှင် ဒုက္ခနှင့် အနတ္တကိုလဲ မြင်ပြီးပင် ဖြစ်ပါတယ်။ ဒါ့ကြောင့် (အင်္ဂုတ္တရအဋ္ဌကထာ နဝက နိပါတ်အဖွင့်)၌....

ဧတေသု ဟိ တီသု လက္ခဏေသု ဧကေကသ္မိံ ဒိဋ္ဌေ ဣတရဒွယံ ဒိဋ္ဌမေဝ ဟောတိ။

လို့ မိန့်ဆိုထားပါတယ်။

အဲသလို အနိစ္စကိုမြင်ပြီး ရုပ်-နာမ်,ပရမတ်တို့၏ ဖြစ်-ပျက်ကိုသိမြင်နေရသော ယောဂီပုဂ္ဂိုလ်မှာ ဉဒယဗ္ဗယဉာဏ် အနုစားသို့ဆိုက်ရောက်ပြီလို့မှတ်ရမယ်၊ ဟောဒီ ဆောင်ပုဒ်ကဗျာကို လိုက်ဆိုကြ။

နှာသီးဖျ၌-တိုးမှုပေါ်လာ၊ (ဆို)
သတိပြုလျက်-မပျက်ရှုပါ၊
တိုးမှုရုပ်ခေတ်-မလပ်တွေ့ရာ။
တိုးမှုပျက်-ပေါ်ထွက်'ဉဒ-ဗ္ဗယပါ'။ (ဆို)

အဲဒီ-ဆောင်ပုဒ်ကဗျာမှာ 'ဉဒ-ဗ္ဗယ'ဆိုတာ 'ဉဒယဗ္ဗယ'လို့ ဆိုလိုတယ်၊ မှတ်ထားကြ။

ကိုင်း....တရားအဆုံးသတ်ကြစို့။

(မူလဂါထာကို ပြန်ကောက်ပါ။)

"ရှုဆင်ခြင်လျှင် - အနိစ္စမြင် တရားတော်" ဆိုတဲ့ အတိုင်း ဝိပဿနာ ရှုဆင်ခြင်နိုင်ကြသဖြင့် အနိစ္စကို မြင်နိုင်ကြပါစေသတည်း။ (သာဓုခေါ်)

## (၄) ရှုဆင်ခြင်ရာ-သုညကာသ တရားတော်

သုညတော လောကံ အဝေက္ခဿု၊ မောဃရာဇ သဒါ သတော။

အတ္တာနုဒိဋ္ဌိံ ဥဟစ္စ၊ ဧဝံ မစ္စုတ္တရော သိယာ။

(သုတ္တနိပါတ် ပါဠိတော်)

မောဃရာဇ၊ အို-မောဃရာဇ ရဟန်း။ (တံ-သင်သည်။) အတ္တာနုဒိဋ္ဌိံ၊ ကိုယ်ဟုမှတ်ယင်စွဲလမ်းသော သက္ကာယဒိဋ္ဌိကို။ ဥဟစ္စ၊ ပယ်စွန့်နုတ်ပစ်နိုင်အောင်။ သဒါ၊ အခါခပ်သိမ်း ။သတော၊သတိပြုလျက်။ လောကံ၊ဥပါဒါနက္ခန္ဓာ တည်းဟူသော လောကကို။ ဝါ၊ ရုပ်ဓာတ်,နာမ်ဓာတ်, ပရမတ်ကို။ သုညတော၊ အတ္တသုညတအားဖြင့် မရှိလုံးလုံး ပျောက်သုဉ်း သွားအောင်။ ဝါ၊ သုညကာသ၍ အာကာသဓာတ် ပေါက်သွားအောင်။အဝေက္ခဿု၊ ရှုဆင်ခြင်ပါလေလော့။ဧဝံ၊ ဤသို့ သုညကာသ၍ အာကာသဓာတ် ပေါက်သွားအောင် ရှုဆင်ခြင်သည်ရှိသော်။ မစ္စုတ္တရော၊ သေမင်းကိုလွန်မြောက်နိုင်သည်။သိယာ၊ဖြစ်ရာ၏။ သိယာ၊သေမင်းကို လွန်မြောက်နိုင်သဖြင့် အော်...."ရှုဆင်ခြင်ရာ-သုညကာသတရားတော်"ခေါ်ရလေတော့သတည်း။ (သာဓုခေါ်)

အဲ'ရှုဆင်ခြင်ရာ-သုညကာသ'ဆိုတဲ့စကား၌ သုညကာသတယ်ဆိုတာအစိုင်အခဲပျောက်၍ အာကာသဓာတ် ပေါက်သွားတာကို ဆိုတယ်။ ဒါကြောင့် ဟောဒီနေရာမှာ အာကာသဓာတ်နှင့်တကွ ဓာတ် ခြောက် ပါး ကို ထုတ် ပြဦး မယ်၊ မှတ်ထားကြ။

ဆယိမာနုဿ-ဓာတုယော၊ ပထဝီဓာတု, အာပေါဓာတု, တေဇောဓာတု, ဝါယောဓာတု, အာကာသဓာတု,ဝိညာဏဓာတု။

လို့ (ပဏ္ဏာသပါဠိတော်)၌ ဓာတ်ခြောက်ပါးကို ဟောတော်မူထားပါတယ်။

အဲဒီ ဓာတ်ခြောက်ပါးထဲက ရုပ်ဓာတ် လေးပါးနှင့် နာမ်ဓာတ်များကို သာ ဝိပဿနာရှုရတယ်၊ အာကာသဓာတ်ဆိုတာကတော့ ရုပ်ဓာတ်, နာမ်ဓာတ်များကို ဝိပဿနာရှုလို့ သုညကာသွားတဲ့အခါ အလိုအလျောက်ပေါ်ပေါက်လာကဲ့ဓာတ်ဖြစ်တယ်။

အဲသလို ရုပ်ခေတ်, နာမ်ခေတ်များကို ဝိပဿနာရှုလို့ ဃန ပြိုကွဲ ကျေပျောက်သွားတဲ့အခါ၊ ဝါ-ဃန ကွာသွားတဲ့အခါမှာ ပရမတ် သဘောတွေဟာ တခုချင်း,တခုချင်း သိမ်မွေ့သေးငယ်သွားကာ ဉာဏ်ထဲတွင် မထင်မမြင်ရတော့ပဲ အကုန်လုံး ပျောက်သုဉ်းသွားပြီး အာကာသခေတ် ပေါက်သွား တော့တယ်။ အာကာသခေတ်ပေါက်သွားလျှင် ကိုယ်ကောင်ကြီးလဲပျောက်သွားပြီး ဟာလာဟင်းလင်းပြင်ကြီးကဲ့သို့ ထင်ရတော့တယ်တဲ့။

အဲသလို အာကာသခေတ်ပေါက်၍ ကိုယ်ပျောက်သွားတဲ့အခါမှာ ပီတိဇောများကျသွားတတ်တယ်၊ပီတိဇောဆိုတာ ဒီ-ဉဒယဗ္ဗယဉာဏ်၏ အလယ်ပိုင်းလောက်တွင် ပေါ်ပေါက်တတ်တဲ့ ဝိပဿနုပက္ကိလေသ ဆယ်ပါးထဲပါဝင်တဲ့ပီတိပင်ဖြစ်တယ်၊ ဒီ ပီတိကလဲ ငါးမျိုးတောင်ရှိတယ်၊အဲဒီ ပီတိဇော၏တန်ခိုးကြောင့် မေ့လစ်ပြီး ပဉ္စာရုံများ ချုပ်ငြိမ်း၍ စိတ်ထဲမှာ သခ်တမွေ့ရုံတခုခုကို အာရုံပြုလျက် (လက်အုပ်ချီ၍ရင်း,ရွတ်ဆို၍ရင်း,ဘာမျှမလုပ်မူ၍ရင်း)နေသည်ကို ပီတိဇောကျနေတယ်လို့ ဆိုတယ်၊ ဒီ-ပီတိဇောကလဲ အလွန်တန်ခိုးကြီးတယ်၊ အပ္ပနာဇောကျပြီး နိဗ္ဗာန်သို့ဝင်ရောက်နေတာနဲ့တောင် တူတယ်တဲ့။ ဒါ့ကြောင့်....

ယတော ယတော သမ္မသတိ၊ ခန္ဓာနံ ဉဒယဗ္ဗယံ။

လဗ္ဘတိ ပီတိပါမောဇ္ဇံ၊ အမတံ တံ ဝိဇာနတံ။

လို့ ဟောတော်မူထားပါတယ်။

သာဓဝေ၊အို ...ယောဂီအပေါင်း သူတော်ကောင်းတို့။ယတော-ယတော၊ အကြင်အကြင်အခါ၌။ ခန္ဓာနံ၊ရုပ်,နာမ်,ခန္ဓာတို့၏။ ဉဒယဗ္ဗယံ၊ ဖြစ်ခြင်း-ပျက်ခြင်းသဘောကို။သမ္မသတိ၊မပြတ်မလပ် ဆင်ခြင်သုံးသပ်၏။တတော၊ထိုအခါ၌။ (ခန္ဓာနံ၊ရုပ်-နာမ်,ခန္ဓာတို့လဲ။ဉဒယဗ္ဗယံ၊ဖြစ်ခြင်း,ပျက်ခြင်းသဘောမျှသာဖြစ်၍ ဘာမျှမရှိပဲ ဟင်းလင်းဟာလာကြီးကဲ့သို့နေတာကို။ဝါ၊ဖြစ်,ပျက်ကိုရှုဖန်များ၍ ဖြစ်ခြင်း,ပျက်ခြင်း သဘောမျှသာထင်ကာ ဃနကွာ၍ အာကာသခေတ်ပေါက်သွားတာကို)ဝိဇာနတံ-ဝိဇာနန္တာနံ၊ဝိပဿနာဉာဏ်ဖြင့် အမှန်သိမြင်ရကုန်သော ယောဂီပုဂ္ဂိုလ်တို့အား။ အမတံ၊ နိဗ္ဗာန်သို့ဝင်ရောက်နေတာနှင့်တူသော။ ယံပီတိပါမောဇ္ဇံ၊အကြင်နှစ်သက်ရှင်လန်း ဝမ်းမြောက်ခြင်းကြောင့်ဖြစ်သော ပီတိဇောသည်။အတ္ထိ၊ရှိ၏။တံပီတိပါမောဇ္ဇံ၊ထိုနှစ်သက်ရွှင်လန်းဝမ်းမြောက်ခြင်းကြောင့် ဖြစ်သောပီတိဇောကို။လဗ္ဘတိ၊မုချပုံသေရနိုင်လေတော့သတည်း။ (သာဓုခေါ်)

ကိုင်း....အဆုံးသတ်ကြစို့။

"ရှုဆင်ခြင်ရာ-ဃနကွာ တရားတော်"ဆိုတဲ့အတိုင်း ဝိပဿနာ ရှုဆင်ခြင်သဖြင့် ဃနကွာပြီးလျှင် အာကာသခေတ် ပေါက်နိုင်ကြပါစေသတည်း။

(သာဓုခေါ်)

## (၅) ရှုဆင်ခြင်လျက်-ဉာဏ်စဉ်တက် တရားတော်

ယောစ ဝဿသတံ ဇီဝေ၊ အပဿံ ဉာဏမုတ္တမံ။
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဉာဏမုတ္တမံ။
(နယဂ္ဂါဟ ရစနာ ဂါထာ)

ဘောဒ္ဓေ့ာ၊အို-ယောဂီအပေါင်း သူတော်ကောင်းတို့။ ယောစ၊ အကြင် အမှတ်မရှိတစုံတယောက်သောသူသည်ကား။ဥတ္တမံ၊မြတ်သော။ဉာဏံ၊ဘင်္ဂဉာဏ် အစ အနုလောမဉာဏ် အဆုံးရှိသော ရှစ်ပါးသော ပဋိပဒါဉာဏ်ကို။ အပဿံ-အပဿန္တော၊ ဝိပဿနာ ဘာဝနာဉာဏ်ဖြင့် အမှန် မမြင်ပဲလျက်။ ဝဿသတံ၊ အသက်တရာမျှ ကာလပတ်လုံး။ ဇီဝေ၊ စားကာ, အိပ်ကာ, ရယ်မောကာနှင့် မေ့လျော့စွာအသက်ရှည်ငြားအံ့။(တဿဇီဝတော၊ထိုမေ့လျော့စွာနေသောသူ၏ အသက်တရာ ရှည်ရခြင်းထက်။ ဝေ၊ ဤသို့ ဝိပဿနာ ရှုဆင်ခြင်သဖြင့်။)ဥတ္တမံ၊ မြတ်သော။ဉာဏံ၊ ဘင်္ဂဉာဏ်အစ အနုလောမဉာဏ် အဆုံးရှိသော ရှစ်ပါးသော ပဋိပဒါဉာဏ်ကို။ပဿတော၊ဝိပဿနာဘာဝနာဉာဏ်ဖြင့်အမှန်သိမြင်သောသူ၏။ ဧကာဟံ၊ တနေ့တရက် တမနက်မျှ။ဇီဝိတံ၊အသက်ရှည်ရခြင်း သည်။သေယျော၊ သာလွန်မြင့်မြတ် ချီးမွမ်းအပ်လေတော့သတည်း။ (သာဓုခေါ်)

အဲဒါက "ရှုဆင်ခြင်လျက်-ဉာဏ်စဉ်တက် တရားတော်" တဲ့၊ ဝိပဿနာ ရှုဆင်ခြင်တဲ့အတွက် ရုပ်-နာမ်, ပရမတ်တို့၏ ဖြစ်-ပျက်သဘောတွေကိုသိမြင်ရပြီး တဲ့နောက် ဉာဏ်စဉ်အထက်သို့ရောက်ပြန်သဖြင့် ဟောဒီ ဘင်္ဂဉာဏ်, ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်, မုစ္စိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်, သင်္ခါရုပေက္ခာ ဉာဏ်, အနုလောမဉာဏ်ဆိုတဲ့ ပဋိပဒါဉာဏ် ရှစ်ပါးကိုလဲ အစဉ်အတိုင်းအားဖြင့် သိမြင်ရပြန်တယ်-တဲ့။

အဲဒီ ရှစ်ပါးထဲက ဘင်္ဂဉာဏ်သို့ ရောက်တဲ့အခါမှာ ဖြစ်-ပျက် သင်္ခါရက အလွန်လျင်မြန်တဲ့အတွက် ဝိပဿနာ ဘာဝနာ ဉာဏ်မျက်စိထဲမှာ သင်္ခါရအာရုံ တို့၏ အစအစဖြစ်ပေါ်ပုံကို တခြားစီခွဲ၍ မမြင်ရတော့ပဲ တရိပ်ရိပ်နှင့် ကုန်ဆုံး ပျောက်ပျက် သွားတာချည်းကိုသာ တွေ့မြင်ရတော့တယ်တဲ့၊ အဲဒီ သဘောကို ရည်ပြီးတော့ (ဓမ္မပဒပါဠိတော်)၌ ...

ယထာ ပုပ္ဖုဠကံ ပဿေ၊ ယထာ ပဿေ မရီစိကံ။
ဧဝံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ န ပဿတိ။
လို့ ဟောတော်မူတယ်။

ပုပ္ဖုဠကံ၊ ရေပွက်ကလေးတွေကို။ ပဿေ ယထာ၊ မိုးရွာတဲ့အခါ မြင်ရ သကဲ့သို့ငင်း။မရီစိကံ၊တံလှပ်ကို။ပဿေယထာ၊သဲသောင်ပြင်ထဲမှာနေပူတဲ့အခါ မြင်ရသကဲ့သို့ ငင်း။ ဧဝံတထာ၊သို့အတူ၊ လောကံ၊ရုပ်-နာမ်, ဓမ္မ သင်္ခါရလောက

ကို။ အဲ ေကန္တ၊ဝိပဿနာဉာဏ်ဖြင့် အမှန်အတိုင်းမြင်ရသော ယောဂီပုဂ္ဂိုလ်ကို။ မစ္စုရာဇာ၊ သေမင်းသည်။ န ပဿတိ၊ မမြင်ရတော့ချေ။

အဲဒီ ဘင်္ဂဉာဏ် ရင့်သန်လာတဲ့အခါ တရိပ်ရိပ်ကုန်ဆုံး ပျောက်နေတာတွေကိုမြင်ရတော့ နေစရာမရှိ၊ မှီစရာမရှိတော့ပဲ ဉာဏ်ထဲမှာ ကြောက်မှုသဘောတွေဖြစ်လာတာက ဘယဉာဏ်တဲ့၊တရိပ်ရိပ်ကုန်ဆုံးပျောက်ပျက်နေတဲ့သင်္ခါရတွေအပေါ် အပြစ်မြင်တာက အာဒီနဝဉာဏ်တဲ့ ကုန်ဆုံးပျောက်ပျက်နေတဲ့ သင်္ခါရတွေနှင့်အတူနေရတာ၊မှတ်ရှုနေရတာကိုပင် မရှင်မပြုံး ပျင်းမုန်း ငြီးငွေ့ပြီးနေတာက နိဗ္ဗိဒါဉာဏ်တဲ့၊ အဲဒီသဘောကို ရည်ပြီးတော့ (အနတ္တလက္ခဏသုတ် ပါဠိတော်)၌....

ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော ရူပသ္မိံပိ ဝိညာဏသ္မိံပိ နိဗ္ဗိန္ဒတိ၊ နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ – လို့ဟောတော်မူတယ်။

အဲဒီ တရိပ်ရိပ်ကုန်ဆုံးပျောက်ပျက်နေတဲ့ သင်္ခါရနယ်ကလွတ်ချင်တာက မုစ္စိတုကမျတာဉာဏ်တဲ့၊ အဲသလိုလွတ်ချင်တော့ လွတ်ဖို့ရန် သင်္ခါရတို့ကိုပင် ပြန်ရှုတာက ပဋိသင်္ခါနုပဿနာဉာဏ်တဲ့၊ အဲဒီနောက်မှာတော့ လက်ရှိသင်္ခါရအခြေအနေတို့နှင့် မပတ်သက်တော့သလိုဖြစ်ပြီး အလွန်သိမ်မွေ့တဲ့ သင်္ခါရ သဘောမျှကလေးအပေါ် တည်ငြိမ်ပြီးသိနေတာက သင်္ခါရုပေက္ခာဉာဏ်တဲ့။ ဆိုကြ...

၁။ ကြောက်နှစ်သက်ခြင်း-ကင်းရှင်းလေတယ်၊
ချမ်းသာဆင်းရဲ-ရှုမြဲတူတယ်။
ကြောင့်ကြမပူ-မှတ်ရှုလွယ်ဘယ်၊ သင်္ခါရ-ညီမျှ ဂုဏ်သုံးသွယ်။(ဆို)

၂။ ကြာရှည်စွာလဲ-တည်မြဲလေတယ် ကြာလေသာ၍-သိမ်မွေ့ပေတယ်။
အာရုံတခြား-ပြန့်သွားကင်းတယ်၊ သင်္ခါရ-ထူးမှု ဂုဏ်သုံးသွယ်။(ဆို)

အနုလောမဉာဏ်အရ''သောဘာပတ္တိ မဂ္ဂဿ ဩရတော အနုလောမိကခန္တိံ နိဗ္ဗတ္တေတိ''လို့ ဆိုတဲ့(ဓမ္မပဒအဋ္ဌကထာ)နှင့်အညီ သောတာပတ္တိမဂ် ဝီထိ၌ မပါဝင်သေးတဲ့''အနုလောမိကခန္တိ''လို့ခေါ်တဲ့ အနုလောမဉာဏ်ကို ယူရမယ်၊ ဝိသုဒ္ဓိမဂ်၌လာတဲ့ အနုလုံဇောကတော့ သောတာပတ္တိမဂ် ဝီထိ၌ ပါဝင်တဲ့ အနုလောမဉာဏ် ဖြစ်တယ်၊ အဲဒါကို မှတ်ထားကြ၊ ခွဲခြားပြီးသိဖို့လိုတယ်။

ကိုင်း....တရား အဆုံးသတ်ကြစို့။

(မူလဂါထာကိုပြန်ကောက်။)

''ဂူဆင်ခြင်လျက်-ဉာဏ်စဉ်တက် တရားတော်''ဆိုတဲ့အတိုင်း ဝိပဿနာ ရှုခြင်ဆင်နိုင်ကြပြီးလျှင် ပဋိပဒါဉာဏ်ဂျစ်ပါးသို့ အဆင့်ဆင့် တက်ရောက်နိုင်ကြပါစေသတည်း။ (သာဓုခေါ်)

## (၆) ရှုဆင်ခြင်လျှင်-နိဗ္ဗာန်မြင် တရားတော်

ယောစ ဝဿသတံ ဇီဝေ၊ အပဿံ အမတံ ပဒံ။
ကောဟံ ဇီဝိတံ သေယျော၊ပဿတော အမတံ ပဒံ။ (ဓမ္မပဒပါဠိတော်)၊

ဘောဂန္တော၊ ဒုက္ခဇာတ်သိမ်းတဲ့ အငြိမ်းခတ် နိဗ္ဗာန်ကြီးကို လိုချင်ကြ ညောင်း အို-ယောဂီအပေါင်းတို့။ ယောစ၊ အကြင်အမှတ်မရှိ တစုံတယောက် သော သူသည်ကား။ အမတံ ပဒံ၊ သေခြင်းကင်းလတ် နိဗ္ဗာန်မြတ်ကို။ အပဿံ- အပဿန္တော၊မဂ်ဖိုလ်ဉာဏ်ဖြင့် အမှန်မမြင်ပဲလျက်။ ဝဿသတံ၊ အသက်တရာမျှ ကာလပတ်လုံး။ ဇီဝေ၊စားကာ,အိပ်ကာ,ရယ်မောကာဖြင့် မေ့လျော့စွာ အသက် ရှည်ငြားအံ့။ (တဿ ဇီဝတော၊ ထိုမေ့လျော့စွာ နေသောသူ၏ အသက်တရာ ရှည်ရခြင်းထက်။ ဝေ၊ ဤသို့ ဝိပဿနာ ရှုဆင်ခြင်သဖြင့်)။အမတံ ပဒံ၊သေခြင်း ကင်းလတ် နိဗ္ဗာန်မြတ်ကို။ ပဿတော၊ မဂ်ဖိုလ်ဉာဏ်ဖြင့် အမှန်မြင်ရသောသူ၏။ ကောဟံ၊ တနေ့တရက် တမနက်မျှ။ ဇီဝိတံ၊အသက်ရှည်ရခြင်းသည်။သေယျော၊ သာလွန်မြင့်မြတ် ချီးမွမ်းအပ်လေတော့သတည်း။ (သာဓုခေါ်)

အဲဒါက "ရှုဆင်ခြင်လျှင်-နိဗ္ဗာန်မြင် တရားတော်"တဲ့။ အဲဒါကြောင့် မဂ်ဉာဏ်,ဖိုလ်ဉာဏ်ဖြင့်နိဗ္ဗာန်ကိုမြင်ရအောင်ဟာ ဝိပဿနာရှုကြပါလို့တိုက်တွန်း လိုက်ပါတယ်။

အဲသလို ဝိပဿနာ ရှုဆင်ခြင်၍ သင်္ခါရုပေက္ခာဉာဏ်သို့ ရောက်တဲ့အခါ ထိုင်လျက်'သောတာပန်တည်ပါရစေ'လို့သုံးကြိမ်အဓိဋ္ဌာန်ပြုပြီးရှုနေကျအတိုင်း ရှုနေဘဲ့ ယောဂီပုဂ္ဂိုလ်မှာ ဉာဏ်အား ရင့်သန်လာတဲ့အခါ (ဝါ)ဉာဏ်အားပြည့် လာတဲ့အခါ တည်ငြိမ်စွာသိပြီးနေရတဲ့ သင်္ခါရ အစုအဝေးသဘောကလေးဟာ တဖြည်းဖြည်း ဝိပဿနာဉာဏ်မျက်စိဖြင့် ကြည့်ရင်း-ကြည့်ရင်း ကျဉ်းကျဉ်းသွား သကဲ့သို့ထင်ရပြီး နောက်ဆုံးတွင် "လှစ်ကနဲ" ပျောက်သွားလိုက်တော့တာပဲတဲ့၊ ဝိပဿနာအသိကလေးလဲ ပြတ်စဲသွားတော့တာပဲတဲ့၊ တချို့ အသိကလေးမပြတ် စဲပဲ ဖြစ်နေတယ်၊ အသိကလေးကို ထပ်၍ရှုပေးရမယ်၊ကြာလျှင် အသိကလေးလဲ ပြတ်သွားတော့တာပဲတဲ့၊ အဲဒါဟာ အပ္ပနာဇောကျသွားတာပဲတဲ့၊မှတ်ထားကြ။

အဲသလို အပ္ပနာဇော ကျသွားတဲ့အခါမှာ ပဉ္စာရုံလဲချုပ်,သင်္ခတဓမ္မာရုံလဲ ချုပ်သွားပြီး အသင်္ခတဓမ္မာရုံခေါ်တဲ့ နိဗ္ဗာန်အာရုံမှတပါး ဘာကိုမျှ မတွေ့ရ, မသိရတော့ဘူးတဲ့၊ဒါကို'သင်္ခါရသုညတ'လို့ခေါ်ပါတယ်၊အဲဒါကိုရည်ပြီးတော့ (ဝိသုဒ္ဓိမဂ် အဋ္ဌကထာ)၌....

တံ သင်္ခါရာရမ္မဏံ မုဉ္စိတ္ဝာ ဝေါဒါနဉာဏံ စိတ္တေန ဝိသင်္ခါရေ ပရတိရဘူတေ နိဗ္ဗာနေ ပတာတိ။

လို့ ဆိုထားပါတယ်။

ဒုတိယအကြိမ်]

ထိုအပြင် (ပဋိသမ္ဘိဒါမဂ် ပါဠိတော်)၌လဲ သို့ကလို ဟောကြားတော်မူထားပါတယ်။

ပဝတ္တံ၊ဖြစ်ပျက်သခ်ာတနယ်ကို။အဘိဘုယျိတွာ၊လွှန်မြောက်၍။အပဝတ္တံ၊ သင်္ခါရအာရုံရော, အသိရော မဖြစ်တော့တဲ့ အသင်္ခတနယ်ခေါ် နိဗ္ဗာန်အာရုံထဲသို့။ ပက္ခန္ဒတိ၊ အပ္ပနာဇောကျကာ ပြေးဝင်သွားပါတော့သတည်း။

(သာဓုခေါ်)

အဲ-ဟောဒီနေရာမှာ အစဆုံး မဂ်ဖိုလ်ပေါ်တဲ့ အပ္ပနာဇော ကတော့ ဖိုလ်ဝင်စားတာ မဟုတ်တဲ့အတွက် တခဏမျက်လေးသာ ကျတယ်တဲ့၊ ဖိုလ်ဝင်စားတဲ့ အခါမှာတော့ မဂ်ဇော မကျတော့ပဲ ဖိုလ်ဇောတွေ ထပ်ခါ-ထပ်ခါ အကြိမ်များစွာ ကျနေတော့တာပဲတဲ့။ ဒါ့ကြောင့် (သင်္ဂဟ အဋ္ဌကထာ)၌....

သဗ္ဗတ္ထာပိ သမာပတ္တိ ဝီထိယံ ဘဝင်္ဂသောတောဝိယ ဝီထိနိယမော နတ္ထီတိ ကတ္ဝာ ဗဟူနိပိ လဗ္ဘန္တိ။

လို့ မိန့်ဆိုထားတယ်။ လိုက်ဆိုကြ....

ရုပ်-နာမ် နှစ်ပါး-ရှုငြားလေပြန်၊
ရှုသို့ကောင်းလျက်-မပျက်အမှန်။
ချုပ်ငြိမ်းရာဘက်-သက်လျက်ဝင်ပြန်၊
မှတ်သားကြ-ဖလ သမာမှန်။

ကိုင်း....တရားအဆုံးသတ်ကြစို့။

(မူလဂါထာကို ပြန်ကောက်။)

"ရှုဆင်ခြင်လျှင်-နိဗ္ဗာန်မြင်တရားတော်"လို့ဆိုတဲ့ အတိုင်း ဝိပဿနာကို ရှုဆင်ခြင်နိုင်ကြပြီးလျှင် ဝိပဿနာ ဉာဏ်စဉ်ပေါက်၍ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြပြီးလျှင် နိဗ္ဗာန်ကို မြင်နိုင်ကြပါစေသတည်း။

(သာဓုခေါ်)

## နောက်ပိုင်း တရားခြောက်ပုဒ် နိဂုံး

ဤသို့လျှင် ဝိပဿနာဒေသနာ အမှတ် ၁-မှ၊ အမှတ် ၆-အထိဖြစ်သော နောက်ပိုင်းဟောစဉ် တရားတော် ခြောက်မျိုးကို ညောင်လွန့် အရှင်သောဘိတာစာရ (ခေါ်) အရှင် ဦးရိပ်သာဆရာတော်သည် အသက် (၄၃)နှစ်၊ ရဟန်းသိက္ခာဝါ(၂၃)ဝါမြောက်၊ ၁၃၂၈-ခုနှစ် ဝါတွင်း၌ ဟောလဲဟော၊ ရေးသားရှိလည်း ပြီးစီးလေသတည်း။

၁၃၂၈-ခုနှစ် ဝါတွင်း။

ဤတွင် နောက်ပိုင်းဟော ဝိပဿနာဒေသနာအခန်း ပြီး၏။

## မဟာနိဂုံးကို ပြဆိုခြင်း

ဤသို့လျှင် ဤ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရလက်ထက် တောင်ငူခရိုင်၊ ရေနီမြို့၊ မြို့၏အနောက်မြောက် ခပ်ယွန်းယွန်း၊ တောတောင်ခြေ အရပ်ဝယ် ကျောင်းသင်္ခမ်းရိပ်သာ အဖြာဖြာတို့ဖြင့် တင့်တယ် ခန့် ညား စွာ တည်ထောင်ထားအပ်သော ''မဟာဓမ္မဒီပိကာရာမ'' အမည်ရှိသော ဦးရိပ်သာ ကျောင်းတိုက်ကြီး၏အာဒိမာပိတ အာရာမိဿရ အာရာမာဓိပတိ ပဓာနနာယက ဖြစ်သော မူလဓမ္မာစရိယနှင့် ကမ္မဋ္ဌာနာစရိယ၊ ဓမ္မကထိက ဂန္ထကာရက အရှင် ဦးရိပ်သာဆရာတော်(ဉာဏ်လွန်အရှင်သောဘိတာစာရ)သည် အသက်(၄၅) နှစ်၊ ဝါတော်(၂၅)ဝါရသောအချိန်၌ ထိုဦးရိပ်သာကျောင်းတိုက်ကြီးအတွင်း ရှိ အလယ် အုတ်ကျောင်းပေါ်တွင် ကောင်းမွန်စွာ ရေးသား စီရင်အပ်သော ''နိပုဏ ဓမ္မ ပဒေသာ''အမည်ရှိသော ဤ''ဉာဏ်လွန် တရားအဘိဓာန်ချုပ်'' ကျမ်းစာသည် သာသနာတော်နှစ် ၂၅၁၂-ခု၊ကောဇာသက္ကရာဇ် ၁၃၃၀-ပြည့် နှစ်၊ ဝဿန္တဥတု သီတင်းကျွတ်လဆန်း ၄-ရက်။(၂၅-၉-၁၉၆၈)ဗုဒ္ဓဟူးနေ့ နံနက်စံတော်ချိန်(၁၀)နာရီအချိန်တွင် အလုံးစုံရေးသား၍ ပြီးစီး အောင်မြင် လေသတည်း။

တွောဝတာစ ဣမသ္မိံ မရမ္မရဋ္ဌေ ရေနိ နဂရေ မဟာဓမ္မဒီပိကာရာမ နာမဿ ဦးရိပ်သာ မဟာဝိဟာရဿ အဓိပတိဘူတေန အာရာမိဿရေ န ဉာဏ်လွန် ဘဒ္ဒန္တ သောဘိတာစာရ နာမေန ဘဒ္ဒန္တ ဦးရိပ်သာ စရိယေန ရစိတော ''နိပုဏ ဓမ္မပဒေသာ''တိ နာမော အယံ ဂန္ထော။

၁။ ယာဝ ဗုဒ္ဓေါတိ နာမမ္ပိ၊ တာဝ လောကမှိ တိဋ္ဌတိ။
ဌာ.တွ-တ္ထံ သာဓူနံယေဝ၊ ဟိတေသိနံ ပဘာတု-ဝ။

၂။ မယာ ပုညံ သမာစိတံ၊ တေန ပုညေန သော အဟံ။
ဂမ္ဘီရ ဉာဏ သမ္ပန္နော၊ သမ္ပန္နော ဣစ္ဆိတေနစ။

၃။ သုခပ္ပဋိပဒါ-ခိပ္ပ၊ ဘိညာယေဝ ဋ္ဌမေဝစ။
သစ္စိကရေယျံ နိဗ္ဗာနံ၊ ဒုတိယေ ပန ဇာယိတော။
အပ္ပမတ္တော ဝ ကေန္တံ၊ သစ္ဆိကရေယျံ မစ္စုတန္တိ။

စ-အာသီသကို ပြဆိုဦးအံ့။ တွောဝတာ-ဤမျှ အကြောင်းအရာရှိသော စကားအစဉ်ဖြင့်။ ဣမသ္မိံ မရမ္မရဋ္ဌေ-ဤပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာ နိုင်ငံတော်၌။ ရေနိနဂရေ-ပဲခူးတိုင်း ရေတာရှည်မြို့နယ် ရေနီမြို့၌။ မဟာဓမ္မ

ဒီပိကာရာမ နာမဿ မဟာခမ္မဒီပိကာရာမအမည်ရှိသော။(မဟာခမ္မဒီပိကာရာမ ဟူသောအမည်သည် သာသနာ့လောကတွင် မိမိ၏ မွေးဖွားသာရာ ဖြစ်သော "ညောင်လွန့်တောရ-မဟာခမ္မဒီပိကာရာမ ကျောင်းတိုက်ကြီး"၏အမည်ကိုယူ၍ မှည့်ခေါ်ထားခြင်း ဖြစ်၏။) ဦးရိပ်သာ မဟာဝိဟာရဿ - ဦးရိပ်သာ ကျောင်းတိုက်ကြီး၏။ အဓိပတိဘူတေန - အကြီးအမှူး ဖြစ်ထသော။ အာရာမိဿရေန- အာဒိမာပိတ,အာရာမိဿရလည်းဖြစ်ထသော။ညောင်လွန့် ဘဒ္ဒန္တ သောဘိတာစာရ နာမေန-ညောင်လွန့် အရှင်သောဘိတာစာရ အမည်ရှိထသော။ ဘဒ္ဒန္တ ဦးရိပ်သာ·စရိယေန-အရှင် ဦးရိပ်သာဆရာတော်သည်။ ရစိတော-ရေးသားစီရင်အပ်သော။ နိပုဏ ဓမ္မပဒေသာတိ နာမော-နိပုဏ ဓမ္မပဒေသာ အမည်ရှိသော။ အယံ ဂန္ထော-ဤ"ညောင်လွန့် တရားအဘိဓာန်ချုပ်ကျမ်း"သည်....

၁။ ဝ်လောကမှိ-လောက၌။ ယာဝ-အကြင်မျှလောက် ကာလပတ်လုံး။ ဗုဒ္ဓေါတိ နာမမ္ပိ-ဘုရား, ဘုရားဟူသော အမည်သည်လည်း။ တိဋ္ဌတိ - တည်ရှိသေး၏။ တာဝ-ထိုမျှလောက်ကာလပတ်လုံး။ ဟိတေ•သီနံ-မိမိအကျိုးစီးပွား, သူတပါး အကျိုးစီးပွား, သာသနာတော် အကျိုးစီးပွားကို ရှာမှီးလေ့ရှိကြကုန်သော။ သာဓူနံယေဝ - သူတော်ကောင်းတို့၏သာလျှင်။ အတ္ထံ-အတ္ထာယ၊ အကျိုးငှာ။ ဌတွာဝေ-တည်၍သာလျှင်။ (ပဘာတု ဝေမှ၊ ဝေ သဒ္ဒါကိုရွှေ့ပေးလိုက်သည်။) ပဘာတု-ထွန်းလင်းတောက်ပ ပါစေသတည်း။

၂။ မယာ-အကျွန်ုပ် (ညောင်လွန့် သောဘိတာစာရ)သည်။ ယံပုညံ - အကြင် ကျမ်းစာရေးသားမှု ဓမ္မဒါန မြတ်ကုသိုလ်ကို။ သမာစိတံ-ကောင်းစွာ ဆည်းပူးအပ်၏။ တေန ပုညေန-ထိုကျမ်းစာရေးသားမှု မြတ်ကုသိုလ်ကြောင့်။ သောအဟံ-ထို အကျွန်ုပ် (ညောင်လွန့် သောဘိတာစာရ) သည်။ ဂမ္ဘီရ ဉာဏ သမ္ပန္နောစ-နက်နဲ, လျင်မြန်၊ထက်သန်, ရှင်လန်းသော ဉာဏ်ပညာတို့နှင့် ပြည့်စုံသည်ရင်း။ ဣစ္ဆိတေန-အလိုရှိအပ်သော ဆုမြတ်အပေါင်းနှင့်။သမ္ပန္နောစ-ပြည့်စုံသည်ရင်း။ (ဘဝေယံ့-ဖြစ်ရပါလို၏။ ဘဝေယံ့-ထည့်ပါ၄်။)

၃။ (သော အဟံ-ထို အကျွန်ုပ် (ညောင်လွန့် သောဘိတာစာရ)သည်။ လိုက်ပါ။)ဣဓေဝစ - ယခု ပစ္စုပ္ပန်ဘဝ ဤကိုယ်၌ပင်လျှင်။ (စ-သဒ္ဒါအနက်မရှိ ပဒပူရဏမျှသာ) သုခပ္ပဋိပဒါ ခိပ္ပါဘိညောယေဝ - သုခပ္ပဋိပဒါ, ခိပ္ပါဘိညာ ရှိသည်ဖြစ်၍သာလျှင်၊ ဝါ-ဝိပဿနာရှုရာမှာ ချမ်းသာသောအကျင့်, လျှင်မြန်သော အသိဉာဏ် ရှိသည်ဖြစ်၍သာလျှင်။ နိဗ္ဗာနံ-နိဗ္ဗာန်ကို။ သစ္ဆိကရေယံ့- မဂ်ဉာဏ်,ဖိုလ်ဉာဏ်ဖြင့် မျက်မှောက်ပြုရပါလို၏။(သစ္ဆိကရေယံ့၌ ဆန္ဒာနုရက္ခဏကြောင့် နိဂ္ဂဟိတ်ကျေသည်။)ဒုတိယေပန-ယခုဘဝမှတဖန် ဒုတိယဘဝဖြစ်ပြန်

ရာ၌ကား။ တုဿိတေ – အလောင်းတော်များ စံမြန်းရာဖြစ်သော တုသိတာ နတ်နန်းဗိမာန်၌။ အပ္ပမတ္တော ၁၀-စည်းစိမ်ယစ်ပြီး အမေ့ကြီး မေ့လျော့နေခြင်း မရှိမှု၍သာလျှင်။ ကေနွှံ-စင်စစ်ကေန် အမှန်မလွဲ။ အစ္စုတံ-သေခြင်းကင်းလတ် နိဗ္ဗာန်မြတ်ကို။ သစ္ဆိကရေယျံ-မင်္ဂဖိုလ်ဉာဏ် အဆင့်ဆင့်ဖြင့် မြင့်သထက်မြင့်စွာ မျက်မှောက် ပြုရပါလို၏။ ဣတိ-အယံ၊ ဤသည်ကား အာသီသကို ပြဆိုရာ စကားရပ် အပြီးသတ်သတည်း။

၁၃၃၀-ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း(၄)ရက်၊ ဗုဒ္ဓဟူးနေ့၊
ဤကျမ်းစာ မွေးနေ့။
နိဗ္ဗာနပစ္စယော ဟောတု

ညောင်လွန် တရားအဘိဓာန်ချုပ် ပြီးပါပြီ။

## ညောင်လွန့်

# တရားအဘိဓာန်ချုပ်


ပင်မဖြန့်ချိရေးဌာနများ

"ဆဋ္ဌသံဂါယနာမှ ပိဋကတ်တော်များ ကိုယ်စားလှယ်"

ပညာရောင်ခြည်စာပေဌာန

ကိုတင်အောင်-မခင်နု

ကိုးထပ်ကြီးဘုရား၊ စမ်းချောင်းစာတိုက်

ရန်ကုန်မြို့။

* ရန်ကုန်မြို့၊ ရွှေတိဂုံဘုရားစျေး၊
ပိဋကတ်စာအုပ်ဆိုင်များ။

* မန္တလေးမြို့၊ ဈေးချိုတော် (စီ) ရုံ၊
ပိဋကတ်စာအုပ်ဆိုင်များတွင်လည်း
လက်လီ-လက်ကား ရရှိနိုင်ပါသည်။



- ကျွန်ုပ်တို့ စာပေဌာနတွင် ပိဋကတ်ကျမ်း, ဗေဒင်ကျမ်း, လက္ခဏာကျမ်း, ဆေးကျမ်း, ဓာတ်ကျမ်း, သချာကျမ်းစသော ကျမ်းဂန်မျိုးစုံကို ဈေးနှုန်းမှန်ကန်စွာဝယ်ယူရရှိနိုင်ပါသည်။
- နယ်မှ မှာယူလိုသူတို့ထံသို့လည်း V.P.L ဖြင့် ကောင်းစွာ တင်ပို့ပေးပါသည်။

"ပညာရောင်ခြည်"